
www.burmeseclassic.com

# မြဝတီ

မဂ္ဂဇင်း

အမှတ်-၂၁၅ ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလ




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥတ္တိ၊ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဗ္ဘိက္ခန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာပတိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး သာတစည်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည် ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

9 NOV 2013


ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၁၅)၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စက်တော်ရာအစ စန္ဒကူးနံ့သာကျောင်းတော်ရာက | မင်းဂုဏ် | ၅ |
| ၂။ | ဆဋ္ဌမပုဂံမျှော် ခေါ် အောင်ဗောဓိဆုတောင်းပြည့် ရွှေစေတီမှ စေတီပေါင်း ၁၁၁၈ သာသနာ့နယ်မြေ | မရည်မွန်(ကျုံပျော်) | ၁၇ |
| ၃။ | ထိန်အင်းဘုရားကြီး (သို့) အေလာတိတ္တ ဆုတောင်းပြည့်ဘုရားကြီး | မြမဥ္ဇူဝေ(ကျုံမငေး) | ၂၁ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသန တရားတော် | မမွှေးခါန | ၂၄ |
| ၅။ | ကြည်ညိုဖွယ် အလုံးစုံ မြတ်ဘုရားတည် ရွှေတိဂုံ | သုတေသီဆရာငြိမ်း | ၃၀ |
| ၆။ | ရွှေတိဂုံစေတီတော်မှ ဝိဇ္ဇာတန်ဆောင်း | ညွန့်မောင်ဦး | ၃၉ |
| ၇။ | သမထနှင့် ဝိပဿနာ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D) | ၄၇ |
| ၈။ | အလိုတော်ပေါက်ဘုရား | မင်းဆက်ပိုင် | ၅၃ |
| ၉။ | နိဗ္ဗာန် | ဦးကျော်နိုင် (B.A,H.G.P) | ၅၈ |
| ၁၀။ | ကြာပွင့်ထက်မှ ခြေလှမ်းများ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရေး-သု) | ၆၂ |
| ၁၁။ | ဘိုးတော်အောင်မင်းခေါင်၏ နှစ်(၆၀)ပြည့် ထွက်ပွဲအထိမ်းအမှတ်ပွဲများ | ကိုသက်(ဇီးကုန်း) | ၇၁ |
| ၁၂။ | ထူးမှုထူး | အရှင်ဆန္ဒာဓိက | ၇၆ |
| ၁၃။ | ကုန်းဘောင်ခေတ် ပန်းပု အနုပညာလက်ရာများ စုဝေးရာ ရွှေနန်းတော် ကျောင်းမယာ | တက္ကသိုလ်မျိုး | ၈၄ |
| ၁၄။ | ဝေဠုဝန်နီကာယ ဂိုဏ်းတည်ဆရာတော်ဘုရားကြီး၊ သုဓမ္မာ ဂိုဏ်းတည်ဆရာတော်ဘုရားကြီးများ | ဓာတ်ပုံမောင်မောင်အေး | ၉၉ |
| ၁၅။ | ချစ်စရာခရီးစဉ် (၃) | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၁၀၂ |
| ၁၆။ | နွေကဗျာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ | ကိုကြီးဇော(သာပေါင်း) | ၁၀၉ |
| ၁၇။ | ဘကြီးစံခ၏ဂမ္ဘီရကုထုံးဆန်း | ဆန်းဝင်း(အောင်မြေ) | ၁၁၇ |
| ၁၈။ | လပြည့်ည၏လွမ်းပုံပြင် | နေဝန်းနီ | ၁၂၀ |
| ၁၉။ | အစရှာမရသော သူညများ | မောင်သာမန်(ဇီးကုန်း) | ၁၂၆ |
| ၂၀။ | မိကျောင်းတစ်ကောင်အတွက် ဆိုးရွားသော အချိန်ဖြစ်နေပြီ | Mariner လှဦး | ၁၃၀ |
| ၂၁။ | မြင်းမိုရ်တစ်ခု၏ တမ်းချင်း | မြောင်းမြမြင့်လှိုင် | ၁၄၀ |
| ၂၂။ | မိဘဟူသည် | သစ္စာဦး(ဧယျာမြေ) | ၁၄၆ |
| ၂၃။ | အသက် | နေမင်းချို | ၁၅၁ |


BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၂၄။ တစ်သက်နှစ်ဘဝ
တစ်ပွဲစား ဘရာကျော် ............ မိုးဟိန်းကျော်(လပွတ္တာ) ၁၅၄
၂၅။ တစ်ခါတုန်းက တပည့်မလေး ............ မောင်မောင်မိုးအောင် ၁၆၆
၂၆။ ခွင့်လွှတ်ပါနော် .................... သန္တာမြတ်သောင်း ၁၇၂
၂၇။ နှလုံးသားထဲက အထုံးအဆက် ........ ကောင်းစံဟိန်း(ဖန်နေဝန်း) ၁၇၆
၂၈။ မဟာဗန္ဓုလမ်း၊ အနော်ရထာလမ်းနှင့်
ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးများအကြောင်း .... ဝဏ္ဏလင်းထက် ၁၈၂
၂၉။ အချစ်ဆိပ် ........................ စံကေတု ၁၈၆
၃၀။ သံသရာချောက် .................... ပီပီရိ(အင်းစိန်) ၁၉၈
၃၁။ မြိုင်သာယာမှ အရှေ့နှင့်အနောက် ............ ဘိုဘို(ရွှေကံကူ) ၂၀၄
၃၂။ အချစ်ဆုံးများ၏ရာဇဝင် .................. ချစ်မင်းသူ ၂၁၄
၃၃။ လည်ပြန်အလွမ်းနှင့် ဂုဏ်ပြုလက်ဆောင် ........ အံ့ပွား(စလေ) ၂၁၉
၃၄။ နတ်မြေ .......................... ညီလေးငယ်(လယ်တော်) ၂၂၃
၃၅။ ဝရဲလက်မခံ သေရွာပြန် .......... စောမှိုင်းဝေ(ကြာအင်းဆိပ်ကြီး) ၂၂၈
၃၆။ အောင်မိုးဆန်းသင်္ဘောပေါ်မှ
ဖြစ်ရပ်ဆန်း .............. ကိုဆောင်းဦး(အလိန်လည်ကျေးရွာ) ၂၃၁
၃၇။ ကံပွင့်ကံကောင်းလိုကြလျှင် .................. မင်းကိုကို ၂၃၈
၃၈။ ပစ္စုပ္ပန်ဒီမိုကရေစီ ........................ သတိုးနွယ် ၂၄၀
၃၉။ မိုနာလီဇာ၏ နောက်ဆုံးပဟေဠိ ................ လျှမ်းထက် ၂၄၃
၄၀။ ကျွစွာမင်းကြီး ရွတ်ဖတ်သရဇ္ဈာယ်သော
ဂါထာမန္တန် ................ ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်) ၂၄၆
၄၁။ အတောင်ကင်းလျက် တေးသီငှက် ............ ခိုင်ဇော်(ဒဿန) ၂၄၇
၄၂။ နပိုလီယံနှင့် သူ၏ဗေဒင်ဆရာ ............ တော်မြင့်(ငှက်ဖျား) ၂၅၂
၄၃။ ရတနာက ပေးနိုင်သော သိဒ္ဓိစွမ်းအားများ . အောင်ဘုန်းမြင့်(ကချင်မြေ) ၂၅၄
၄၄။ သုတစုံဖြာ ဤကမ္ဘာ .................... ပိုးရွှေလမင်း ၂၅၈
၄၅။ လက်တွေ့အသုံးချ ဆေးမြီးတိုများ .......... သုတေသီဆရာငြိမ်း ၂၆၅
၄၆။ အသက်ရှည်ရာ အနာမဲ့ရေးအတွက်
သိထားသင့်သော ဗီတာမင်များအကြောင်း .......... သမုဒယ ၂၆၇
၄၇။ အိမ်ရှေ့တမာ အိမ်နောက်ခံတက် .......... နင်းသီရိကျက်သရေ ၂၆၉
၄၈။ နှလုံးနက်ပြာနှင့် သူငယ်နာရောဂါအဖြာဖြာ
ကုသနည်း ........................ ဦးမင်းဇင်(ရွှေနဝင်း) ၂၇၀
၄၉။ သက်ရှည်ကျန်းမာ နည်းလမ်းဖြာ ........ ဆန်းဝင်း(အောင်မြေ) ၂၇၂







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၀။ | ရောဂါအစ အစာမကြေခြင်းက ......... သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၄ |
| ၅၁။ | သက်ရှည်ကျန်းမာရေး လမ်းလျှောက်ပေး ....... နေကျူးလိုင်ဝမ်း | ၂၇၈ |
| ၅၂။ | အမျိုးသားများနှင့် ဂေါက် (ဒူလာ) ရောဂါ .......... ရိုရိုငွေ | ၂၈၂ |
| ၅၃။ | ကိုယ့်အနံ့၏ ကံစမ်းမည်း ..................... တိုးခ | ၂၈၅ |
| ၅၄။ | သောက်တလွဲ ကျောက်ခဲ ............... ကိုရွှေတောသား | ၂၉၀ |
| ၅၅။ | ကလေးရဲ့ အဖြေစကားကြောင့် ............. ဟန်သီဇင် | ၂၉၄ |
| ၅၆။ | ဘိသိက်ဆရာ ပုရောဟိတ်ထွန်းဆိုင် ...... မင်းတိုင်ပင်(မြရောင်မြေ) | ၂၉၆ |
| ၅၇။ | မြန်နန်းရှင် ကယ်ပေလို့ ............... မောင်မောင်မိုးအောင် | ၂၉၈ |
| ၅၈။ | ဂုဏ်တော်အစွမ်း အံ့မခန်း ............ အောင်လံထူဆရာဟိန်း | ၃၀၀ |
| ၅၉။ | ကာတွန်းကဏ္ဍ ..................... ကလောင်စုံ | ၃၀၂ |
| ၆၀။ | ပြုံးရယ်ရယ်ဟား ဟာသများ ............... ကလောင်စုံ | ၃၀၆ |
| ၆၁။ | လူဝင်စားဆရာတော် အရှင်ကောသလ္လနှင့် မဟာသရဏဂုံ ပုတီးစိပ်အဓိဋ္ဌာန် ......... ရွှေချိုအောင်(ပေါ်လီ) | ၃၁၀ |
| ၆၂။ | မြန်မာ့ရိုးရာ လူတို့သတိထားရမည့် နိမိတ်များ ................. ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်) | ၃၁၄ |
| ၆၃။ | အဖေကြီး သံသိပ္ပ (ငါးဆူတောင်) ချီးမြှင့်သော ပုတီးစိပ်အဓိဋ္ဌာန်နှင့် မေတ္တာပို့ ............. ဂမ္ဘီရဆရာလုမျိုး | ၃၁၅ |
| ၆၄။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ....... ဆရာဦးခန့်ကျော် | ၃၁၉ |
| ၆၅။ | မဟာရန်ကုန်မှာ မဟာဖြစ်ချင်သူတွေအတွက် မဟာကျင့်စဉ်တော်ကြီး ....... နတ်မျက်စိဆရာအောင်စိုး(မော်လမြိုင်) | ၃၂၄ |
| ၆၆။ | မေတ္တာအစွမ်းထက်သော မိဘနှစ်ပါး လက်စွပ် ............. အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၆ |
| ၆၇။ | နာမည်သိလျှင် ဗေဒင်ဟောပါ .......... မိုးအောင်(ချောင်းဆုံ) | ၃၂၉ |
| ၆၈။ | မိမိတို့အိမ်၏ ဥပစာခြံအတွင်းမှာ ဒီသစ်ပင်တွေရှောင်ပါ .................. ဆရာဝေယံဦး | ၃၃၂ |
| ၆၉။ | မဟာမြတ်မုနိ ရေတော်ဆရာတော်၏ ကြေးပုတီး၊ စျေးဦးအမြန်ဆုံးပေါက်၍ စျေးဦးပေါက်ကောင်းဖို့ . ဆရာဦးခန့်ကျော် | ၃၃၄ |
| ၇၀။ | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ .......... ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၇၁။ | ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် ဒီဇင်ဘာလ ဟောကိန်းများ ............. ဆရာဦးခန့်ကျော် | ၃၄၀ |



**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ဉာဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်
စိုးမြင့်လေး၊ စကျူ၊ ရဲရင့်နိုင်၊

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အဆေးဆွဲ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**ရောင်းဈေး**
၂၂၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်သည် စကုမြို့မှ မြောက်ဘက် ခြောက်မိုင်အကွာရှိသော လယ်ကိုင်းမြို့ငယ်၏ အရှေ့ဘက် လေးမိုင်အကွာ၌ တည်ရှိသည်။

ခရီးလမ်းပန်း အတန်ငယ်လှမ်းသည့်အပြင် နွေအခါတွင် ဖုန်ထူကာ မိုးကာလတွင် ဗွက်ထသဖြင့် သွားလာရာတွင် အခက်အခဲရှိသည်ဟု ဆိုသည်။ ထို့ပြင် ကျောင်းတော်ရာစေတီတော်သို့ တကူးတက သွားရောက်ပြီးမှ ရွှေစက်တော်သို့ ဆက်သွားရသဖြင့်ခရီးထောက်သည်ဟုဆိုကာ ဘုရားဖူးပို့ဆောင်ရေး အဖွဲ့အတော်များများပင် ကျောင်းတော်ရာစေတီတော်သို့ ပို့ဆောင်ခြင်း မပြုကြကြောင်း သိရသည်။

သို့ရာတွင် ဘုရားဖူးပို့ဆောင်ရေး အဖွဲ့နှင့် စာရေးသူတို့ ကြိုတင်ညှိနှိုင်းထားချက်အရ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနံ့သာ ကျောင်းတော်နေရာ၌ တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ကြီးဖြစ်သဖြင့် စာရေးသူတို့အဖွဲ့ ရောက်ဖြစ်အောင် သွားခဲ့ကြသည်။

ရှင်ပင်စက္ကိုန်းတဲ စေတီတော်မြတ်အား မြတ်နိုးသဒ္ဓါကြည်ညိုစွာဖြင့် ဖူးမြော်ခဲ့ပြီးနောက် စာရေးသူ၏ စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းလျက်ရှိသည်။

သို့ဖြစ်၍ ခရီးလမ်းပန်းကြမ်းတမ်းသည်ဟုဆိုသော ကျောင်းတော်ရာသို့ ခရီးဆက်ရန် ဆန္ဒစောမိနေသည်။

ထိုခရီးကို အမှန်တကယ် သွားရောက်ခဲ့သည့်တွင်မူ လမ်းဘေးဝဲယာရှိ လယ်ကွင်းပြင်များ၊ အရိပ်ရနှစ်ရှည် သစ်ပင်တန်းများ၏ မျက်စိပသာဒမြင်ကွင်းများကို စိတ်ချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရသည်။ ရှင်ပင်စက္ကိုန်းတဲ စေတီတော်မှ မိုင် ၂၀ မျှ ဝေးကွာသည့်ခရီးဖြစ်သော်လည်း မူလက ကြားသိထားသကဲ့သို့ ကြမ်းတမ်းသည့်ခရီး မဟုတ်ဘဲ မှန်လုံလေအိတ်ကားကြီးကို အငြိမ့်သားစီးရင်း ကျောင်းတော်ရာစေတီတော် ဝင်ပေါက်ရှေ့သို့ စာရေးသူတို့အဖွဲ့ ချောမောစွာပင် သက်သောင့်သက်သာ ရောက်ရှိခဲ့ကြသည်။

ဝင်ပေါက်မုခ်ဦးရှေ့တွင် အမှတ်မထင် တွေ့လိုက်ရသည်က ဝင်ပေါက်

# စက်တော်ရာအစ စန္ဒကူးနံ့သာကျောင်းတော်ရာက

မင်းဂုဏ်




www.burmeseclassic.com

www.burmeseclassic.com



ရောဝတီတံတား (မကွေး)အား ဖြတ်ကူးစဉ်မြင်ကွင်း

ဝဲယာ တစ်ဖက်တစ်ချက်စီမှ လျှောက်လှမ်းလာကြသည့် အသက်ဆယ်နှစ်ဝန်းကျင် ကျောင်းသားအရွယ် ကလေးငယ်တစ်ဦးနှင့် အသက် (၇၀)ကျော် အရွယ် အဘိုးအိုတစ်ဦး။ ဝဲဘက်မှထွက်လာသည့်ကလေးငယ်သည် မြွေအရေခွံ အိတ်ဟု အများခေါ်တွင်နေသည့် ပီနံအိတ်ကြီးတစ်လုံး၏ ထိပ်ဝကို စုစည်းဆုပ်ကိုင်လျက် ဝဲဘက်ပခုံးပေါ်တွင် ထမ်းကာ အားယူလျှောက်လှမ်းလာနေခြင်း ဖြစ်ပြီး လက်ယာဘက်မှထွက်သည့် အဘိုးအိုမှာမူ ဟောင်းနွမ်းနေပြီ ဖြစ်သော လွယ်အိတ်တစ်လုံးကို ဝဲဘက်ပခုံးတွင်လွယ်ကာ လက်ဝဲလက်ဖြင့် တောင်ဝှေးကို အားပြုရင်း ချည့်နဲ့ညိုးနွမ်းစွာ ခေါင်းငိုက်စိုက်လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသည်။

တစ်ဦးက အရွယ်မရောက်သေးသူ၊ တစ်ဦးက အရွယ်လွန်နေသူ၊ ထိုသူနှစ်ဦးစလုံးပင် မိမိတို့ဘဝ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားရင်း အတွေးကိုယ်စီဖြင့်လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း ယင်းတို့၏ မျက်နှာပေါ်တွင် ထင်ဟပ်လျက်ရှိသည်ကို သတိထားမိလိုက်သည်။



ရွှေတိုင်းသာမော
ဧရာဝတီမြစ်ရေယဉ်ကြော

ထိုမြင်ကွင်းကို . . သတိထားမိလိုက်ရာမှ သတ္တဝါ ဟူသမျှတို့သည် အတိတ်ကံအတိုင်း ပစ္စုပ္ပန်တွင် ကျင်လည်ကျက်စားကြရပြီး အိုနာသေဘေးပြေးမလွတ်သည်မှာ ဓမ္မတာပင်ဖြစ်ကြောင်း ခန္ဓာဒုက္ခရရှိခြင်းအပေါ် နှလုံးသွင်းဆင်ခြင်ရင်း သံဝေဂပွားမိခဲ့သည်။

အမှတ်မထင် မြင်လိုက်ရသည့် ထိုမြင်ကွင်း၏နောက်တွင်မှ စေတီတော်ဝင်ပေါက် မုခ်ဦးကြီးဆီသို့ အာရုံကျရောက်ဖြစ်ခဲ့သည်။ ဝင်ပေါက်ရှေ့ တစ်ဖက်တစ်ချက်တွင် တုတ်ခိုင်ကြီးမားလှသည့် မြန်မာ့မူဟန် ခြသေ့ရုပ်တုကြီး



စန္ဒကူးနံ့သာ ကျောင်းတော်ရာ ရောက်လုနီး လမ်းဘေးမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုတို့က အစောင့်အရှောက်သဖွယ် အားမာန်အပြည့်ဖြင့် ရပ်တည်လျက်ရှိသည်။

စေတီတော်ဝင်ပေါက် မုခ်ဦးကြီးမှာ ဘုံခုနစ်ဆင့်ရှိသည့် သွပ်ပန်းယွန်းလက်ရာ စုလစ်မွမ်းချွန်များနှင့်တကွ ရွှေထီးတော် အထွတ်တင်ထားသည့် ပြာသာဒ်ကြီးဖြစ်သည်။

မြင့်မားလှသည်ဟု မဆိုသာသော မဟာရံတံတိုင်းကိုမူ မန္တလေး နန်းတော်မြို့ရိုးပုံစံ တည်ဆောက်ထားသည်ကို တွေ့ရသည်။

ဝင်ပေါက်မုခ်ဦးအောက်ရှိ မဟာရံတံတိုင်း မျက်နှာစာ လက်ယာဘက်တွင် သာသနာ့မြေများ အသုံးပြုပုံ ကျောက်စာတော်ကို တွေ့ရပြီး အခြားတစ်ဖက်တွင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်ဟူသော ကမ္ပည်းစာတန်းကို တွေ့ရသည်။

မဟာရံတံတိုင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဘုရားဖူးဧည့်သည်များ တည်းခိုနားနေနိုင်ရန် ဆောက်လုပ်ပေးထားသည့် ဇရပ်တန်းများကို တွေ့ရပြီး ထိုမှဆက်၍ ဝင်ရောက်ခဲ့သည်တွင် စုလစ်မွမ်းချွန် ဘုံခုနစ်ဆင့် ရွှေထီးတော် အထွတ်တင်သည့် ပြာသာဒ်မုခ်ဦးကြီးနှင့် မဟာရံတံတိုင်း နောက်တစ်ခုကို ထပ်မံတွေ့ရှိရသည်။ ထိုပြာသာဒ်မုခ်ဦးကြီးကိုမူ ရွှေရောင်ခြယ်သထားသဖြင့် တစ်မျိုးတစ်ဖုံခမ်းနားထည်ဝါ၍နေသည်။




ဒုတိယ မဟာရံတံတိုင်း ဝင်ပေါက်မုခ်ဦး

ထိုမုခ်ဦးဝင်ပေါက်ကိုလည်း နန်းမြို့ဝင်ပေါက်ပုံစံ တည်ဆောက်ထားပြီး အောက်ခံအုတ်ရိုး အုတ်တိုက်တို့ကိုမူ ပြာလဲ့လဲ့ရေဆေးဖြင့် ယဉ်ယဉ်လေးခြယ်မှုန်းထားသည်။ မဟာရံတံတိုင်းအုတ်ရိုးကိုမူ နန်းမြို့ရိုးပုံစံမဟုတ်ဘဲ ထိပ်တစ်ဖက်ချွန် ဆလင်ဒါပုံသာ တည်ဆောက်ထားသည်။



ကျောင်းတော်ရာ စေတီတော်မြတ်ကြီး ကမ္ပည်းစာတန်းနှင့် ခြင်္သေ့ရုပ်တုကြီး



သာသနာ့မြေ အသုံးပြုပုံ ကျောက်စာတော်

www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့ရိုးပုံ မဟာရံတံတိုင်း

ကျယ်ဝန်းလှသည့် စေတီတော် ပရိဝုဏ်အတွင်းရှိ စေတီတော်ရင်ပြင် တော်ပေါ်၌ပင် စေတီတော်များ၊ ရုပ်ပွား တော်များနှင့် လက်ရာမြောက်စွာ တန်ဆာဆင် ခြယ်မှုန်းတည်ဆောက်ထား သည့် တန်ဆောင်း၊ ဇရပ်၊ ပြာသာဒ် အဆောင်ဆောင်တို့ဖြင့် ဖွံ့ဖြိုးစည်ပင် လျက်ရှိသည်ကို ချမ်းမြေ့ကြည်နူးဖွယ် ဖူးတွေ့ရသည်။

စာရေးသူတို့ ရောက်ရှိသည့်နေ့ မှာ တပေါင်းလပြည့်နေ့ ဖြစ်၍ တန်ဆောင်း ဇရပ်အချို့တို့တွင် ကုသိုလ်ရှင် များ စုဝေးကာ သံဃာတော်အရှင်မြတ် များအား လှူဒါန်းမှုအစုစုတို့ဖြင့် ပူဇော် သက္ကာယ ပြုကြပြီးနောက် တရားဓမ္မ များ နာကြားကာ ကုသိုလ်တရားပွားစီး နေကြသည်ကိုလည်း မြင်တွေ့ရပြီး သာဓုခေါ်ဆိုခွင့် ရခဲ့သည်။

အရံစေတီ ၁၀၈ ဆူဝိုင်းရံလျက် အလျှံပြောင်ပြောင် ရွှေတောင်ကြီးအား ရွှေတောင်ငယ်လေးများ ခြံရံထားသကဲ့ သို့ ရွှေရောင်ပြိုးပြက်လင်းလက်လျက် ရှိသော ကျောင်းတော်ရာစေတီတော် ကြီးမှာ အထက်ဆုံးအဆင့်ကို ငွေသား ဖြင့်ပြုလုပ်ထားသည့် ထီးတော်သုံးဆင့်၊ ဖောင်းရစ် ၁၃ ရစ်နှင့် ပစ္စယာသုံးဆင့်



စန္ဒကူးနံ့သာ ပျိုးခင်း

တို့ဖြင့် ကြည်ညိုဖွယ်ရာ ပန်းတင့်လျက် ရှိသည်။

ပစ္စယာအဆင့်ဆင့်သို့ တက် သည့် နတ်လမ်းလှေကားဝဲယာလက်ရန်း များတွင် မကာန်းရုပ်တု၊ နဂါးရုပ်တု၊ ဘီလူးရုပ်တုများ ထားရှိသည်ကို တွေ့ရ ပြီး ပထမပစ္စယာလှေကားဝရှိ မကာန်း ရုပ်တု၏ မေးအောက်တွင် မနုသီဟ ရုပ်တု ထားရှိပုံမှာ အမရပူရရှိ ကျောက် တော်ကြီးဘုရားတွင် ထားရှိပုံနှင့် ဆင် ဆင်တူနေသည်ကို သတိထားမိခဲ့သည်။

ထီးတော်သုံးဆင့် တင်လှူထား သည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးတို့ကို အာရုံပြုကြောင်း၊ အရံ




ဘုရားဖူးများ တည်းခိုရန် ဇရပ်များ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ရာဘုရား လမ်းညွှန်မြေပုံ

စေတီ ၁၀၈ ဆူ တည်ထားသည်မှာ စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၌ . . အဆောင်ပေါင်း ၁၀၈ ဆောင်ရှိခဲ့သည်ကို အာရုံပြုကြောင်း၊ ဖောင်းရစ် ၁၃ ရစ်ထားခြင်းမှာ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုတော်မူသည့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကို အာရုံပြုကာ (၁+၄+၈=၁၃) ဂဏန်းသုံးလုံးပေါင်း ရလဒ် ၁၃ ကို ယူထားခြင်းဖြစ်ကြောင်း စေတီတော်မြတ်၏ သမိုင်းကောက်နုတ်ချက်များတွင် ဖတ်ရှုမှတ်သားရသည်။

ရင်ပြင်တော်ပေါ်ရှိ ကြော်ငြာသင်ပုန်း တစ်ခုတွင် စေတီတော်ပရိဝုဏ်အတွင်း ဖူးမြော်ကြည်ညိုရန် သမိုင်းဝင်ဌာနများကို ဖော်ပြထားသည်။

ယင်းတို့မှာ . . .

(၁) ဘုရားရှင် သီတင်းသုံးတော်မူခဲ့သည့် ပလ္လင်တော်နေရာတွင် တည်ထားသော ကျောင်းတော်ရာစေတီတော်မြတ်ကြီး။

(၂) စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၏ ရာဟုထောင့်တိုင်နေရာတွင် တည်ထားသည့် ရာဟုထောင့်တိုင်စေတီ။

(၃) စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၏ တနင်္ဂနွေထောင့်တိုင်နေရာတွင် တည်ထားသည့် တနင်္ဂနွေထောင့်တိုင်စေတီ။

(၄) စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၏ အင်္ဂါထောင့်တိုင်နေရာတွင် တည်ထားသည့် အင်္ဂါထောင့်တိုင်စေတီ။

(၅) စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၏ စနေထောင့်တိုင်နေရာတွင် တည်ထားသည့် စနေထောင့်တိုင်စေတီ။

(၆) အဓိဋ္ဌာန်တန်ခိုးကြီးမားတော်မူသော မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ မူလကျောင်းတော်ရာ အဓိဋ္ဌာန်ဂူစေတီနှင့် ဓာတ်တော်စေတီ။

(၇) ဘုရားရှင် ဗျာဒိတ်တော်ရ မဏိစည်သူမင်းမြတ် ကျေးဇူးသိသောအားဖြင့် တည်ထားခဲ့သည့် သိကြားမင်းဂူ။



နတ်လမ်းလှေကား လက်ရန်းပေါ်ရှိ ရုပ်တုများ



လက်ရန်းလှေကား မကန်းရုပ်တုမေးအောက်ရှိ မနုသီဟရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



နတ်လမ်းလှေကားဝတွင် ဖူးတွေ့ရသည့် ရုပ်တော်မူ ရုပ်ပွားတော်တစ်ဆူ

(၈) မဏိစည်သူမင်း၏ ဖောင်တော် ဆိုက်ရာ ဖောင်တော်ဦးစေတီ။

(၉) မဟာဗောဓိပင် သတ္တဋ္ဌာန ဘုရားနှင့် စန္ဒကူးနံ့သာပင် တောအုပ်များ။

(၁၀) ဘုရားဖူးညည့်သည်များ တည်းခိုရန် ဘုရားဖူးဇရပ်တန်းများ။

(၁၁) ဝါတွင်းကာလ၌ ဝါထပ်ရက်ငင်ကိုသိ၍ ဘုရားဖူးရောက်လာကြသော အသက်သတ်လွတ်စား ဘုရားဖူးငါးများ၏ ပုံတူရုပ်တုများနေရာနှင့် ဝါတွင်းကာလတွင် ဘုရားဖူးငါးများ ရောက်ရှိလျက် အစာကျွေးသော မုံးချောင်းကမ်းပါး ငါးကျွေးဆိပ်နေရာတို့ ဖြစ်သည်။

မဟာသက္ကရာဇ် ၁၂၄ ခုနှစ် (ခရစ်တော်မပေါ်မီ ဘီစီ ၆၁၀)တွင် သက်တော် ၅၆ နှစ်ခန့် ဝါတော် ၂၀ ရှိပြီဖြစ်သော ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ပင့်လျှောက်ချက်အရ ယခု စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ကြီးတည်ရှိရာစန္ဒကူးနံ့သာကျောင်းတော်ကြီးသို့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာ၊ အရှင်ကုဏ္ဍဓာန၊ အရှင်သစ္စဗန္ဓစသောရဟန္တာငါးရာခြံရံလျက် ကြွရောက် သီတင်းသုံးတော်မူခဲ့သည်။

ထိုကျောင်းတော်ကြီးတွင် ဘုရားရှင် ခုနစ်ရက် သီတင်းသုံးတော်မူကာ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သဖြင့် နေ့စဉ် ပရိသတ်ပေါင်း ၈၄၀၀၀ တို့ ကျွတ်တမ်းဝင်ခဲ့ကြသည်။ ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွမြန်းတော်မူသည်တွင် မဟာပုဏ္ဏရဟန္တာအား စန္ဒကူးနံ့သာ ကျောင်းတော်ကြီး၌ သာသနာပြုရင်း သီတင်းသုံးရန် ထားတော်မူခဲ့သည်။

စန္ဒကူးနံ့သာ ကျောင်းတော်မှ မြတ်စွာဘုရား ပြန်လည်ကြွမြန်းတော်မူစဉ် နမ္မဒါနဂါးမင်း တောင်းပန်သဖြင့် နမ္မဒါမြစ်ကမ်းဘေး(မန်းချောင်းဘေး)၌ ခြေတော်ရာတစ်ဆူ ချထားပေးတော်မူခဲ့ပြီး သစ္စဗန္ဓရဟန္တာ တောင်းပန်သဖြင့် သစ္စဗန္ဓတောင်ပေါ်တွင် ခြေတော်ရာတစ်ဆူကို ချထားပေးတော်မူခဲ့သည်။ ယနေ့ ထင်ရှားကျော်ကြားလျက်ရှိသော မန်းရွှေစက်တော် ဟူသည်မှာ ထိုစဉ်က



ရှင်ပြင်တော်ပေါ်ရှိ ကျော်ငြာသင်ပုန်း


www.burmeseclassic.com

စခဲ့ခြင်းဖြစ်၍ "စက်တော်ရာအစ စန္ဒကူး နံ့သာ ကျောင်းတော်ရာက" ဟု ဥဒါန်း တွင်ခြင်း ဖြစ်သည်။

[စကားချပ် - မန်းရွှေစက်တော် ဘုရားဖူးခရီးသွားဆောင်းပါးကို ၂၀၁၃ ခုနှစ် ဩဂုတ်လထုတ် လပြည့်ဝန်းမဂ္ဂဇင်း အမှတ်စဉ် - ၂၁၁ နှင့် စက်တင်ဘာလ ထုတ် လပြည့်ဝန်းမဂ္ဂဇင်း အမှတ်စဉ် - ၂၁၂ တို့တွင် 'ကြည်ညိုဖူးမြော် မန်းရွှေ စက်တော်' ခေါင်းစဉ်ဖြင့် ရေးသားဖော် ပြခဲ့ပြီး ဖြစ်ပါသည်။]

မဟာပုဏ္ဏရဟန္တာ အရှင်မြတ် သည် ဘုရားရှင် မိန့်မှာတော်မူသည့် အတိုင်း သာသနာအကျိုး သယ်ပိုးတော် မူရင်း စန္ဒကူးနံ့သာ ကျောင်းတော်ကြီး တွင် ဆက်လက်သီတင်းသုံးတော်မူခဲ့ သည်။

ဤသို့ဖြင့် အရှင်မြတ် ပရိနိဗ္ဗာန် စံအပ်သောအခါတွင် ဤနေရာဌာနၶ အခိုက်အတန့်အားဖြင့် သာသနာတော် ကွယ်ပဦးမည်ကို မြင်တော်မူခဲ့ပြီး သာ သနာတော် ခေတ္တကွယ်ခဲ့သော် အဖိုး ထိုက်တန်လှစွာသော စန္ဒကူးနံ့သာသစ် များဖြင့်တည်ဆောက်ထားသည့် ဘုရား ရှင်ကိုယ်တော်မြတ် သီတင်းသုံးတော် မူခဲ့ရာ (ဗုဒ္ဓဝလဥ္ဇနဌာန) ပရိဘောဂ စေတီထိုက်သော ဤကျောင်းတော်ကြီး ကို ကိလေသာထူပြောသည့် သတ္တဝါ



ရွှေရောင်ဝင်းဝါ တင့်တယ်စွာ စံပယ်တော်မူလျက်ရှိသော စေတီတော်မြတ်

များက မသိမိုက်မဲစွာ ဖျက်ဆီးယူငင် သုံးစွဲကြလေလျှင်ထိုသတ္တဝါများအပါယ် ငရဲသို့ လားကြမည်ကိုလည်း ဆင်ခြင် တော်မူမိလေသည်။



တပေါင်းလပြည့်နေ့ အာရုံခံတန်ဆောင်းတစ်ခုအတွင်းမြင်ကွင်း

သို့ဖြစ်၍ ထိုကဲ့သို့သော ဖြစ်ရပ် ဆိုးများ မဖြစ်ပေါ်စေခြင်းငှာ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် မဟာပုဏ္ဏမထေရ် မြွက်သည်၊

"ငါ ပရိနိဗ္ဗာန် စံဝင်ပြီးသော အခါ . . .

* ဤစန္ဒကူးနံ့သာ ကျောင်းတော် ကြီးသည် တစ်မဟုတ်ချင်း ကွယ်ပပါစေ သတည်း။

* ဤကျောင်းတော်ကြီး ကွယ်ပ သွားသော်လည်း ဘုရားရှင်ကိုယ်တော် တိုင် သီတင်းသုံးတော်မူခဲ့သော နေရာ ၌ မပျက်စီးနိုင်သော သေလာမယ ကျောက်စေတီ ပေါ်ပါစေသတည်း။

* ကျောင်းတော်ကြီး ကွယ်ပသွား သော်လည်း. . ကျောင်းတော်ကြီး၏ အကျယ်အဝန်း မှတ်တိုင်လေးချက် ပေါ် ပေါက်တည်နေပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

* ဤနေရာဌာနသည် ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူရာ စန္ဒကူးနံ့သာ ကျောင်းတော်ရာနေရာဟု သာသနာတော်တည်သမျှ ကာလပတ်လုံး လူအများ ယုံကြည်ဆည်းကပ် ကိုးကွယ်ကြပါစေသတည်း"

ဟူသော အမိဋ္ဌာန်လေးရပ်ကို ပြုခဲ့ပြီး ထိုအမိဋ္ဌာန်လေးရပ်ကို ကြေးပုရပိုက်၌ရေးသွင်းကာ ကျောက်ဂူပြုလုပ်ထည့်သွင်းတော်မူခဲ့သည်။

ထို့နောက်တွင်မှ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ အမိဋ္ဌာန်လေးချက်အရ . . .

* စန္ဒကူးနံ့သာ ကျောင်းတော်ကြီး ကွယ်ပျောက်ခဲ့ခြင်း။

* ဘုရားရှင် တရားဟောရာနေရာတွင် "ဝါဂွမ်းဖတ်ခြင်း" ပမာဏရှိသော သေလာမယ ကျောက်စေတီငယ် ပေါ်ပေါက်ခဲ့ခြင်း။

* မူလကျောင်းတော်ကြီး၏ ထောင့်တိုင်နေရာများ၌ အကျယ်အဝန်းပြ ကျောက်တိုင်လေးတိုင်အလိုအလျောက် ပေါ်လာခြင်း။

* ယခုအခါ မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ အမိဋ္ဌာန်များအတိုင်း ပေါ်ပေါက်တည်ရှိနေသော နေရာဌာနအသီးသီးတို့တွင်မဏ္ဍိစည်သူ(အလောင်းစည်သူ)မင်းမှစကာ မင်းအဆက်ဆက်တို့ တည်ထားပူဇော်ခဲ့သော စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်နှင့် တကွ စေတီဘုရား ရုပ်ပွားတော်များဖြင့် ထွန်းကားစည်ပင်ကာ ယုံကြည်ဆည်းကပ် ကိုးကွယ်သူများဖြင့် စည်ကားနေခြင်းတို့မှာ ထူးခြားချက်များပင် ဖြစ်ပေသည်။

ဤတွင် အမိဋ္ဌာန်တန်ခိုး ထက်မြက်တော်မူသည့် မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ ဘဝဇာတ်ကြောင်းနှင့် စန္ဒကူးနံ့သာကျောင်းတော်ကြီး တည်ဆောက်ဖြစ်ခဲ့ပုံတို့ကို ရေးသားဖော်ပြရသည်ရှိသော် . . .

ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ၉၁ ကမ္ဘာမြောက် ကာလ၌ ပုဏ္ဏားအမျိုးသားတစ်ယောက်သည် အိမ်ရာထူထောင်ခြင်း၏ အပြစ်ကို မြင်သဖြင့် ရသေ့ဝတ်ပြီး ဟိမဝန္တာတောရှိ တစ်ခုသော ကျောင်းသင်္ခမ်း၌ နေလေသည်။

ထိုကျောင်းနှင့် မနီးမဝေးရှိ လိုဏ်ဂူအတွင်း၌ အရှင်ပစ္စေကဗုဒ္ဓါ တစ်ဆူသည် ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ဟိမဝန္တာ တစ်တောလုံး၌ ထွန်းလင်းတောက်ပသော အရောင်အဝါတို့ ပေါ်ထွန်းလာခဲ့သည်။

BURMESE CLASSIC .com

ထိုအခြင်းအရာကို ရသေ့ပုဏ္ဏားမြင်သဖြင့် စူးစမ်းရှာဖွေခဲ့ရာ ပရိနိဗ္ဗာန်စံလွန်တော်မူလျက် ရှိသော အရှင်ပစ္စေကဗုဒ္ဓါ၏ ဥတုဇရုပ်ကလာပ်တော်ကို ဖူးတွေ့လိုက်ရသည်။ ထိုအခါ ရသေ့ပုဏ္ဏားသည် ထိုရုပ်အလောင်းတော်ကို စန္ဒကူးနံ့သာ ထင်းတို့ဖြင့် ကောင်းစွာ သင်္ဂြိုဟ်ပေးခဲ့သည်။

ထိုစဉ် ကောင်းကင်တွင် နတ်သားတစ်ပါး ကိုယ်ထင်ပြလျက် အရှင်ပစ္စေကဗုဒ္ဓါ၏ ရုပ်အလောင်းတော်ကို ဤကဲ့သို့ အမြတ်တနိုး ကောင်းမွန်စွာ သင်္ဂြိုဟ်ရသော ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတွင် အပါယ်လေးပါး တံခါးပိတ်ပြီးလျှင် ပုဏ္ဏဟူသော အမည်ဖြင့်သာ လူ့ပြည် နတ်ပြည် ကျင်လည်ရလတ္တံ့ဟု ကောင်းချီးစကား ပြောကြားပြီးနောက် ကွယ်ပျောက်ခဲ့လေသည်။

ထိုနတ်သား ဆိုစကားအတိုင်းပင် ရသေ့ပုဏ္ဏားသည် ၉၁ ကမ္ဘာပတ်လုံး ပုဏ္ဏဟူသော အမည်ဖြင့် လူ့ပြည်နတ်ရပ် အထပ်ထပ်ကျင်လည်ခဲ့ပြီး ကျန်ဘဒ္ဒကမ္ဘာတွင် ပစ္စန္တရစ်အရပ်ဖြစ်သော သုနာပရန္တတိုင်း ဝါဏိဇဂါမရွာ၌ ကုန်သည် သူကြွယ်၏ သားအဖြစ် မွေးဖွားလာကာ မဟာပုဏ္ဏဟု အမည်ရလေသည်။ ထိုသူကြွယ်တွင် နောက်ထပ်သားတစ်ယောက် ထွန်းကားပြန်သဖြင့် စူဠပုဏ္ဏဟု အမည်ပေးခဲ့သည်။

ထိုညီနောင်တို့ အရွယ်ရောက်သည်တွင် မိဘမျိုးရိုး အစဉ်အလာအတိုင်း ကုန်သည်အလုပ်ကိုပင် လုပ်ကိုင်လျက် ဒေသအသီးသီးသို့ လှည့်လည်ကာ ကူးသန်းရောင်းဝယ်ကြလေသည်။ နောင်တော်က ကုန်ရောင်းထွက်လျှင် ညီတော်က အိမ်၌နေကာ စီမံခန့်ခွဲရပြီး ညီတော် ကုန်ရောင်းထွက်ပါက နောင်တော်က အိမ်၌နေကာ စီမံခန့်ခွဲရသည်။

တစ်နေ့သောအခါ မဟာပုဏ္ဏသည် ညီတော်ကို အိမ်၌ထားခဲ့ပြီး လှည်းငါးရာဖြင့် ကုန်သွယ်ထွက်ခဲ့ရာ




သာသနာတော် ဖွံ့ဖြိုးစည်ပင်မှုကို ထင်ဟပ်လျက်ရှိသည့် ရင်ပြင်တော်ပေါ်ရှိ သာသနိက အဆောက်အအုံများ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် သီတင်းသုံးခဲ့သည့် ပလကွင်တော်နေရာတွင် တည်ထားသော ကျောင်းတော်ရာစေတီ



စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ ရာဟုထောင့်တိုင် နေရာတွင် တည်ထားသည့် ရာဟုထောင့်တိုင်စေတီ

ပါကော်ဒွဂါမရွာမှ ယူဇနာ ၃၀၀ ကွာဝေးသော မဇ္ဈိမဒေသ ကောသလတိုင်း သာဝတ္ထိသို့ ရောက်ခဲ့လေသည်။

ထိုအချိန်သည်ကား သာဝတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတော်တွင် ဗုဒ္ဓမြတ်စွာ ဘုရားရှင် သီတင်းသုံးနေတော်မူသော ကာလပင်ဖြစ်သည်။ သာဝတ္ထိမြို့သူမြို့သားတို့သည် ပန်းနံ့သာ စသော အလှူပစ္စည်းတို့ကို ယူဆောင်လျက် ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ သဒ္ဓါတရားထက်သန်စွာ သွားနေကြသည်ကို မဟာပုဏ္ဏ အထူးအဆန်းသဖွယ် မြင်တွေ့နေရသည်။

သို့ဖြစ်၍ မဟာပုဏ္ဏလည်း ထိုသူတို့အား အဘယ်သို့သောအကြောင်းကြောင့် အဘယ်အရပ်သို့ သွားနေကြသည်ကို မေးမြန်းခဲ့သည်။

ဤတွင် သာဝတ္ထိပြည်၌ ကြွမြန်းခဲ့လှသည့် ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါး ထင်ရှား ပေါ်ထွန်းနေပြီဖြစ်၍ ဘုရားရှင် မှူးမတ် သာဝက သံဃာတော်တို့အား ဖူးမြော်လျှုဒါန်း ပူဇော်ရန်နှင့် ဘုရားရှင် ဟောကြားတော်မူသည့်တရားဒေသနာတော်တို့ကို နာကြားအံ့သောငှာ ဇေတဝန်ကျောင်းတော်သို့ သွားနေကြခြင်းဖြစ်သည်ကို မဟာပုဏ္ဏ သိခွင့်ရခဲ့သည်။

ထိုကဲ့သို့ သိလိုက်သည်နှင့် မဟာပုဏ္ဏသည် ရှေးက ဖြည့်ဆည်းခဲ့ဖူးသည့် ပါရမီဓာတ်ခံ ရင့်သန်စုဝေး အကျိုးပေးလာသည်ဖြစ်၍ ထက်သန်သောသဒ္ဓါစိတ်တို့ဖြင့် သာဝတ္ထိပြည်သူတို့နှင့်အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်ဖြစ်ခဲ့ပေသည်။

မဟာပုဏ္ဏသည် ဓမ္မသဘင်ခန်းမသို့ ရောက်ရှိပြီးနောက် ရှင်တော်ဘုရား ဟောကြားတော်မူသည့် အမြိုက်ရတနာ ဒေသနာတော်တို့ကို နာယူရင်း သာသနာတော်၌ သက်ဝင်ယုံကြည်စိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့သဖြင့် တရားသဘင် ပြီးဆုံး၍ တရားနာပရိသတ်များ ပြန်ကြလေသောအခါ ဘုရားရှင် ကိုယ်တော်မြတ်အနားသို့ ချဉ်းကပ်ကာ . . .

"ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား၊ ခရီးမြေတာလွန်ဝေးကွာသည့် သုနာပရန္တတိုင်းသား တပည့်တော်အား သနားသောအားဖြင့် နက်ဖြန်နံနက်တွင် တပည့်သံဃာ ငါးရာနှင့်တကွ တပည့်တော်၏ လှည်းဝိုင်းသို့ ဆွမ်းအလှူခံ ကြွတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် မဟာပုဏ္ဏ၏ ရဟန္တာဖြစ်ရမည့် အရဟတ္တဖလ မူလဥပနိဿယနှင့်တကွ နောင်တွင် သုနာပရန္တတိုင်း၌ နေလပမာ သာသနာ ထွန်းလင်းဖြာ၍ သတ္တဝါများ အကျွတ်တရား ရကြမည်ကို မြင်တော်မူသဖြင့် ဆိတ်ဆိတ်နေကာ သည်းခံတော်မူခဲ့သည်။

မဟာပုဏ္ဏသည် ဘုရားရှင်ကိုယ်တော်မြတ် လက်ခံတော်မူသည်ကို သိရသဖြင့် ဝမ်းမြောက်စွာပင် လှည်းဝိုင်းသို့ ပြန်ခဲ့ပြီး ကောင်းမြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ချက်ပြုတ်စီစဉ်စေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ အင်္ဂါထောင့်တိုင် နေရာတွင် တည်ထားသည့် အင်္ဂါထောင့်တိုင်စေတီ



စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ စနေထောင့်တိုင် နေရာတွင် တည်ထားသည့် စနေထောင့်တိုင်စေတီ

BURMESE CLASSIC .com

နောက်တစ်နေ့ နံနက်မိုးသောက်သည်တွင် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်မြတ်တို့အား မြတ်နိုးသဒ္ဒါကြည်လင်စွာဖြင့် ဆွမ်းကပ်လှူဒါန်းခြင်း အမှုပြုခဲ့လေသည်။

ဆွမ်းဆက်ကပ် လှူဒါန်းပြီးနောက် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရား ပြန်လည်ကြွမြန်းတော်မူပြီးနောက် မဟာပုဏ္ဏသည် ဘဏ္ဍာစိုးအား ခေါ်ယူကာ . . .

"အချင်း. . ဘဏ္ဍာစိုး၊ ဤလှည်းငါးရာနှင့်တကွ ကုန်ပစ္စည်း ဘဏ္ဍာများကို ယူဆောင်၍ ပြန်သွားပြီး ငါ့ညီတော်အား ပေးအပ်လေ၊ ငါကား ရဟန်းပြုတော့အံ့" ဟု မှာကြားပေးအပ်ပြီးလျှင် မြတ်စွာဘုရားရှင်ထံတော်ပါးသို့ သွားကာ ရဟန်းပြုလေသည်။

မဟာပုဏ္ဏ ရဟန်းတော်မြတ်သည် သာဝတ္ထိ၌ ရဟန်းတရားကို အားထုတ်သော်လည်းကမ္မဋ္ဌာန်းတရားမထင်နိုင်သဖြင့် ညချမ်းအချိန်အခါတွင်ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ်ပြီး ကမ္မဋ္ဌာန်းတရား အကျဉ်းကို ဟောကြားတော်မူပါရန် ရှိသေစွာ လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် အာရုံခြောက်ပါး၌ တပ်မက်နှစ်သက်ခြင်း၊ အလိုရှိခြင်းကို ပယ်သဖြင့် ထိုတပ်မက်နှစ်သက်ခြင်း၊ အလိုရှိခြင်းတည်းဟူသော နန္ဒီရာဂသည် ချုပ်၏။ နန္ဒီရာဂချုပ်ခြင်းကြောင့် ဒုက္ခသည် ချုပ်ရလေ၏ ဟူသော ပုဏ္ဏောဝါဒသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။

မဟာပုဏ္ဏ ရဟန်းတော်မြတ်သည် ဘုရားရှင်ဟောကြားချီးမြှင့်တော်မူသည့် ဒေသနာတော်ကို နာကြားပြီးနောက် မိမိနေရပ်ဒေသဖြစ်သော သုနာပရန္တတိုင်း ဝါဏိဇဂါမရွာ၌ ပြန်၍ သီတင်းသုံးခွင့်နှင့် ထိုအရပ်၌ ကမ္မဋ္ဌာန်းတရား အားထုတ်ခွင့်ပြုတော်မူပါရန် ဘုရားရှင်အား လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် မဟာပုဏ္ဏ ရဟန်းတော်အား အကြောသခုနစ်ဌာနတို့နှင့် ပတ်သက်၍ စိစစ်မေးမြန်းတော်မူရာ မဟာပုဏ္ဏရဟန်းတော်သည် ဘုရားရှင် မေးတော်မူသမျှတို့ကို သည်းခံခြင်းဟု ဆိုအပ်သော ခန္တိဂုဏ်ကို တည်စေ၍ ရဲဝံ့စွာ ဖြေကြားလျှောက်ထားခဲ့သဖြင့် နေရပ်သို့ ပြန်ခွင့်ပြုတော်မူခဲ့လေသည်။


သို့ဖြစ်၍ မဟာပုဏ္ဏရဟန်းတော်သည် သုနာပရန္တတိုင်းသို့ ပြန်လည်ကြွရောက်ခဲ့ပြီး ရှေးဦးစွာ အဇ္ဈုဟတ္တတောင်၌ သီတင်းသုံးတော်မူလေသည်။ (တြိပါလစေတီယ ရွှေစက်တော်သမိုင်းကြီးတွင်မူ အပ္ပဟတ္ထတောင်ဟု ခေါ်ပြထားသည်။)



www.burmeseclassic.com

www.burmeseclassic.com





အဝိဋ္ဌာန်တန်ခိုး ကြီးမားတော်မူသော မဟာပုဏ္ဏရဟန္တာ အရှင်မြတ်၏
မူလကျောင်းတော်ရာ အဝိဋ္ဌာန်ဂူစေတီနှင့် ခတ်တော်စေတီ

ထိုတောင်သည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နှင့်စကုမြို့အကြားရှိ ရွှေမြင်တင်စေတီ တည်ထားရာ ရေပုတ်ကျေးရွာအနီးတွင် ရှိသည်ဟု ဆိုသည်။

ထိုနေရာတွင် သပ္ပာယ မမျှတသဖြင့် မင်းဘူးမြို့ အနောက်မြောက် မိုင်ခန့်အကွာရှိ ယခုအောက်ကျောင်း ဘုရားတည်ထားရာ သမုဒ္ဒဂီရိမည်သော အောက်ကျောင်းအရပ်သို့ ကြွတော်မူခဲ့သည်။ ထိုကျောင်းအရပ်သည် သံဆူးကဲ့သို့ ထက်သော သံလိုက်ကျောက်များကြောင့် သွားလာရန် ခက်ခဲသည့်အပြင် ကမ်းနားနှင့်နီးသဖြင့်ထိုကျောက်ဆောင်တို့ကို ရေလှိုင်းတို့က ရိုက်ခတ်သံများ ပြင်းထန်စွာဖြစ်ပေါ်သဖြင့် ကမ္မဋ္ဌာန်း အားထုတ်ရာတွင် အနှောင့်အယှက်ဖြစ်ပေါ်၍ နေပြန်သည်။

ဤသို့ဖြင့် မဟာပုဏ္ဏရဟန်းတော်သည် ထိုနေရာမှတစ်ဖန် မာတုလာဂီရိအရပ်သို့ ပြောင်းရွှေ့တော်မူခဲ့ပြန်သည်။ မာတုလာဂီရိအရပ်သည် မင်းဘူးမြို့မှ ၁၀ မိုင်ဝေးသော စကုမြို့အဝင် ယခု ထီးဘုရားကြီး တည်ထားရာနေရာ ဖြစ်သည်ဟု ဆိုသည်။

မာတုလာဂီရိအရပ်သည်ကား လူနေရပ်ရွာနှင့် ဝေးကာ လူသံသူသံ ကင်းဆိတ်လျက် တောရိပ်တောင်ရိပ်တို့ဖြင့် ဆိတ်ငြိမ်အေးချမ်းသော်လည်း ကျေးငှက်တိရစ္ဆာန်များ လွန်စွာ ပေါသဖြင့် နေ့ရောညပါ ကျေးငှက်တိရစ္ဆာန်သံတို့ဖြင့် ဆူညံလျက် ရှိပြန်သည်။

သို့ဖြစ်၍ ယခုတစ်ခေါက်တွင်မူ မကုလာရာမဝိဟာရ အရပ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။

ထိုအရပ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့ပြီးနောက် မဟာပုဏ္ဏရဟန်းတော်သည် နံနက်အရုဏ်တက်သောအခါ ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းခံကြွတော်မူလေသည်။

မဟာပုဏ္ဏရဟန်းတော် ဆွမ်းခံကြွသည်ကို ညီတော် စူဠပုဏ္ဏသူကြွယ်မြင်တွေ့သွားသဖြင့် မိမိ နေအိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းကပ် လှူဒါန်းပြီးလျှင် အခြားနေရာသို့ မပြောင်းရွှေ့ဘဲ ဤအရပ်၌သာ သီတင်းသုံးတော်မူပါရန် လျှောက်ထားတောင်းပန်လေသည်။

ထိုမကုလာရာမ အရပ်သည်ကား ဆိတ်ငြိမ်အေးချမ်းသဖြင့်ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရန် သင့်လျော်သည့်အပြင် ဝါဏိဇ္ဇဂါမရွာနှင့်လည်း မနီးမဝေးဖြစ်၍ သွားလာမှုလည်း လွယ်ကူသည်။

မဟာပုဏ္ဏ ရဟန်းတော်သည် ထိုအရပ်၌ပင် ဝါကပ်တော်မူကာ ကမ္မဋ္ဌာန်းတရားတို့ကို မလျှော့သော ဇွဲ လုံ့လဝီရိယတို့ဖြင့် ကြိုးစားအားထုတ်တော်မူခဲ့ရာ မဂ်ပေါက်ဖိုလ်ဝင် ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ တနင်္ဂနွေထောင့်တိုင်
နေရာတွင် တည်ထားသည့် တနင်္ဂနွေထောင့်တိုင်စေတီ



မဏိစည်သူမင်း ဖောင်တော်ဆိုက်ရာ ဖောင်တော်ဦးစေတီ

ညီဖြစ်သူ စူဠပုဏ္ဏ သူကြွယ်သည်လည်း ထိုဝါတွင်း၌ပင် သမုဒ္ဒရာခရီးဖြင့် ကုန်ရောင်းသွားမည်ဖြစ်၍ ခရီးမထွက်ခွာမီ နောင်တော်ရဟန္တာအရှင်မြတ်အား နေအိမ်သို့ပင့်ကာ ဆွမ်းဆက်ကပ်လှူဒါန်းပြီးလျှင် . . .

"နောင်တော် အရှင်မြတ်ဘုရား တပည့်တော်တို့ ကုန်သည်အဖွဲ့သည် သမုဒ္ဒရာခရီးဖြင့် ကုန်ရောင်းသွားကြပါမည်၊ သမုဒ္ဒရာ ဟူသည်ကား ဘေးအန္တရာယ်များပြားလှသဖြင့်အကြောင်းတစ်စုံတစ်ရာ ကြုံကြိုက်ပါက တပည့်တော်တို့၏ မှီခိုအားထားကိုးကွယ်ရာ ဖြစ်တော်မူပါဘုရား" ဟုလျှောက်ထားလေသည်။

ထို့နောက် ထိုကုန်သည်အဖွဲ့သည် ဘုပ္ပာဒက ကျောင်းတော်ရာဆိပ်ကမ်းမှ ထွက်ခွာခဲ့ကြပြီး များစွာသောဆိပ်ကမ်းတို့ကို သွားရောက်ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။

ဤသို့ဖြင့် ထိုကုန်သည်အဖွဲ့သည် မာလာယုကျွန်းသို့ ဆိုက်ကပ်ရောက်ရှိခဲ့ကြပြီး ကျွန်းပေါ်သို့ တက်ရောက်လေ့လာကြရာ ထူးခြားသော စန္ဒကူးနံ့သာသစ်များ ပေါက်ရောက်လျက်ရှိသည်ကို တွေ့လိုက်ကြသည်။ ဤတွင် ကုန်သည်တစ်ဦးသည် စန္ဒကူးပင်တစ်ပင်အား ပုဆိန်တစ်လက်ဖြင့် ခုတ်ထစ်ကာ အခေါက်ကို ခွာကြည့်ရာ ရဲရဲနီနေပြီး မွှေးကြိုင်လှသောအနံ့ ထွက်လာသဖြင့် လက်လေးသစ်မျှ ပမာဏသည်ပင် အဖိုးတစ်သိန်း ထိုက်တန်သည့် စန္ဒကူးနံ့သာသစ်များ ဖြစ်နေသည်ကို သိလိုက်ကြသည်။

ထိုအခါ စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်အဖွဲ့တို့သည် မရှိမဖြစ်လိုအပ်သည့် စားနပ်ရိက္ခာမျှကိုသာ သဘော်ပေါ်တွင် ချန်လှပ်ကာ ကျန်ကုန်ပစ္စည်းများကို ကျွန်းပေါ်၌ စွန့်ပစ်ထားခဲ့ပြီး စန္ဒကူးနံ့သာသစ်များကို အလိုရှိသမျှ ခုတ်၍ သဘော်ပေါ်တင်ဆောင်ကာ ထွက်ခွာခဲ့ကြလေသည်။

ထိုစန္ဒကူးနံ့သာသစ်များသည်ကား မာလာယုကျွန်းဦးရှိ နတ်ဘီလူးတို့ သိမ်းဆည်းစောင့်ရှောက်သည့်အဖိုးတန်သစ်များဖြစ်ရာ ယခုကဲ့သို့ လူသားများ လာရောက်ခုတ်ယူကြသည်ကို သိလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ထိုသူများအား ချက်ချင်းပင် သတ်ဖြတ်လိုစိတ် ပေါ်ပေါက်ခဲ့ကြသည်။

သို့ရာတွင် ထိုသို့သတ်ဖြတ်လိုက်ပါက ကျွန်းပေါ်၌ ညစ်ပတ်နံစော်ကာ မသန့်မရှင်းဖြစ်မည်ကို စိုးရိမ်သဖြင့် ကျွန်းမှထွက်ခွာပြီး ရေလယ်ရောက်မှပင် လှေသဘော်ကို နှစ်၍ သတ်အံ့ဟု ကြံစည်ကြလေသည်။

(ဆက်ရန်)

❒ မင်းဂုဏ်

**ကျမ်းကိုး**

၁။ တြိပါဒစေတီယ ရွှေစက်တော် သမိုင်းကြီး၊ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ၊ ဆရာဦးတင်ရှိန်၊

၂။ မန်းစက်တော်သမိုင်း၊ ၁၃၀၂ ခုနှစ် နတ်တော်လ၊ ယင်းခဲမောင်မောင်။


၃။ စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်၏ သမိုင်းကောက်နုတ်ချက်များ (မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ) အရှင်ဓမ္မစာရ (သာသနဓဇဓမ္မာစရိယ) ၁၃၂၆ ခုနှစ်။

၄။ ရွှေစက်တော်သမိုင်းစုံ၊ ရွှေစက်တော် လမ်းညွှန်၊ ဒွေးမြင့်သိမ်း (ဒဿနိက) ၂၀၀၉ ခုနှစ်၊ မတ်လ။



www.burmeseclassic.com

www.burmeseclassic.com



ဆင္ဒမပုဂံမျှော်မှ ဉာဏ်တော်အမြင့် ကွဲပြားသော စေတီတော်များ

## အောင်စေ ပိုင်စေ နိုင်စေ ပြီးစေသည့်

## ဆင္ဒမပုဂံမျှော် ခေါ် အောင်ဇောဗိဆုတောင်းပြည့် ရွှေစေတီမှ

# စေတီပေါင်း ၁၁၁၀ သာသနာ့နယ်မြေ

**မရည်မွန် (ကျုံပျော်)**

ကျွန်မတို့. . မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းကားပြန့်ပွားရာ နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပရိယတ္တိသာသနာတော်၊ပဋိပတ္တိသာသနာတော်၊ ပရိဝေဓ သာသနာတော် သုံးရပ်တို့မှာ နေလို လပမာ ထွန်းလင်းတောက်ပလျက် ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်ကို အစဉ်ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သံဃာတော် အရှင်သူမြတ်တို့သည် ပရိယတ္တိစာသင်တိုက်များ၊ ပဋိပတ္တိ တရားစခန်းများ၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့သည့် တရားဒေသနာတော်တို့ကို ပြန်လည်ဟောဖော် ညွှန်ပြနေကြပြီဖြစ်သော တရားဟော ဓမ္မကထိကများ မြန်မာနိုင်ငံ အရပ်ရပ် ဒေသအသီးသီးတို့၌ ရှိနေကြပြီဖြစ်လေသည်။



အောင်ဇောဗိ ဆုတောင်းပြည့် ရွှေစေတီသာသနာ့နယ်မြေမှ စေတီတော်များ

ထို့အပြင် သံဃာတော်အရှင်သူမြတ်များနှင့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များတို့သည် တပည့်ဒါယကာ၊ ဒါယိကာမများတို့နှင့် ပေါင်းစုကာ မြတ်ဗုဒ္ဓအားရည်မှန်း၍ ပူဇနိယအဖြစ် ဗုဒ္ဓရုပ်ပွားတော်များ သွန်းထုပူဇော်ကြခြင်း၊ စေတီတော်၊ ပုထိုးတော်များကို တည်ထားပူဇော်ကြခြင်းများ မြောက်မြားစွာရှိပါ

ကျွန်မတို့ စီးလာသော တောင်းအိပ်၍ ကားဖြူကလေးမှာ အမှတ်လေး လမ်းမကြီးအတိုင်း တရိပ်ရိပ်မောင်းနှင်ခဲ့ရာ မှော်ဘီ မြောင်းတကာမြို့များကို ကျော်ဖြတ်ခဲ့ပြီးနောက် တိုက်ကြီးမြို့ အဝင် လူသန့်အင်းကျေးရွာ ပုဂံလမ်းဟုဆိုင်းဘုတ်တပ်ထားသည့် မြေနီလမ်းကလေးအတိုင်း အနည်းငယ်ဝင်ရောက်

သည်။ ထိုအထဲတွင် ဗုဒ္ဓမြတ်စွာ သာသနာတော် အရှည်တည်တံ့ရန် ရည်ရွယ်မှန်း၍ စေတီတော်ပေါင်း ၁၁၁၀ ဆူကို ဒါယကာတစ်ဦးတည်းမှ တည်ထားပူဇော်နေသည့် အကြောင်းကို စာရေးဆရာ ချစ်မင်းသူမှ ပြောသောကြောင့် ကျွန်မ ကြားသိရပါသည် သို့ပါသောကြောင့် ကျွန်မသည် အလွန်စိတ်ဝင်စားစွာဖြင့် ထိုစေတီတော်ပေါင်း ၁၁၁၀ ကို သွားရောက်ဖူးမြော်နိုင်ရန် ပြောကြားမိပါသည်။

သို့ကြောင့် ဆရာချစ်မင်းသူ၏ ဦးဆောင်ခေါ်ယူမှုဖြင့် အမျိုးသားစာပေဆုရ ကဗျာဆရာကြီး ဦးတက်လူ၊ ဆရာ ဦးကြည်တင့်နိုင်၊ ရုပ်ရှင်ဗီဒီယိုဒါရိုက်တာ ဦးညီမော်လင်း၊ ကျွန်မ အပါအဝင် ငါးဦးတို့မှာ ၁၀. ၆. ၂၀၁၂ ရက်နေ့တွင် စေတီတော်ပေါင်း ၁၁၁၀ ဆူအား သွားရောက်ဖူးမြော်ဖြစ်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

တန်ခူးလဆုတ် ၂ ရက် တနင်္ဂနွေနေ့ နံနက် ၅နာရီခွဲတွင် မီးရှူးသန့်စင် မွေးဖွားခဲ့ပါသည်။

ငယ်မည်မှာ မောင်အောင်မင်း ဖြစ်သည်။ အဘဦးအောင်မင်းသည် ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ ဝင်ရောက်ကာ မြို့မဂိုဏ်းဆရာတော်ကြီး ဦးသြဘာသ (မင်းကျောင်းကြီးကျောင်းတိုက်) ၌ ပရိယတ္တိစာပေအရပ်ရပ်တို့ကို ဝိနယဓမ္မ အောင်မြင်သည်အထိ သင်ယူခဲ့ပါသည်။



ကမ္ဘာ့နိုင်ငံအသီးသီးမှ စေတီပုံစံများကို အတုယူ၍ တည်ထားပြီးကြောင်း ဖူးမြော်ရစဉ်

မိသောအခါ ဆဋ္ဌမပုဂံမျှော် (ခေါ်) အောင်ဗောဓိ ဆုတောင်းပြည့် ရွှေစေတီသာသနာ့နယ်မြေဝင်းအတွင်းသို့ ရောက်ရှိလာသောအခါ၌ ပုံသဏ္ဌာန်ချင်း မတူညီကြသော စေတီတော်ပေါင်း မြောက်မြားစွာအား ဖူးမြော်တွေ့ရှိရပါသည်။

ကျွန်မတို့အုပ်စု စေတီတော်များကို ဖူးမြော်ကြည်ညိုကြပြီးနောက် ဆရာချစ်မင်းသူမှ စေတီတော်များ၏ တစ်ဦးတည်းသော ဘုရားဒါယကာကြီးနှင့် တွေ့ဆုံနိုင်ရန် ခေါ်ဆောင်သွားပါသည်။ ထို့နောက် အသက်ငါးဆယ်ကျော်ခန့်ရှိ ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆက်ပေးသောအခါမှ ဆဋ္ဌမပုဂံမျှော် (ခေါ်) အောင်ဗောဓိရွှေစေတီနှင့် အောင်စေ ပိုင်စေ နိုင်စေ ပြီးစေသည့် စေတီတော်ပေါင်း ၁၁၁၀ ဆူ၏ တစ်ဦးတည်းသော ဒါယကာဦးအောင်မင်း ဖြစ်မှန်း သိရပါတော့သည်။

ဘုရားဒါယကာကြီး ဦးအောင်မင်းသည် ဖျတ်ဖျတ်လတ်လတ်ရှိလှ လက်ခံတွေ့ဆုံ၍ စကားပြော ရည်မွန်ချိုသာလှပါသည်။ အဘဦးအောင်မင်း၏ ပြောစကားများသည် ဘုရားတရား ဒေသနာတော်များနှင့်တကွ ဗဟုသုတရဖွယ်ရာ စကားများသာလျှင် ဖြစ်ပါသည်။

ကျွန်မသည် ဆဋ္ဌမပုဂံမျှော်ခေါ် အောင်ဗောဓိရွှေစေတီနှင့် အောင်စေ ပိုင်စေ နိုင်စေ ပြီးစေသည့် စေတီတော်



အောင်ဗောဓိဆုတောင်းပြည့်နယ်မြေရှိ ဗုဒ္ဓဂယာမှ ပင့်လာသည့် ဗောဓိညောင်ပင်နှင့် လင်လွန်းပင်များ

ပေါင်း ၁၁၁၀ ဆူ၏ တစ်ဦးတည်းသော ဘုရားဒါယကာကြီး အဘဦးအောင်မင်းအား ထိုစေတီတို့ တည်ထားပူဇော်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ စေတီတော်များ တစ်ဆူနှင့်တစ်ဆူ ပုံသဏ္ဌာန်မတူကြသည့်အပြင် ဉာဏ်တော် အနိမ့်အမြင့်ကွာခြားသည်တို့ကိုလည်းကောင်း၊ မေးမြန်းကြည့်သောအခါတွင် အဘဦးအောင်မင်းမှ အောက်ပါအတိုင်း ရှင်းလင်းပြောပြပါသည်။

အဘဦးအောင်မင်းအား တိုက်ကြီးမြို့နယ် ၂-ရပ်ကွက် စိန်ကလေးကျေးရွာ၌ အဖဦးကျော်သောင်း (မြန်မာတိုင်းရင်းဆေးဆရာကြီး) နှင့် အမိဒေါ်ကြည်တို့မှ ၁၃၁၆ ခုနှစ်နှောင်း

ထိုသို့ဖြင့် ရဟန်းဆယ်ဝါပြည့်ပြီးသောအချိန်အခါတွင် ဆရာတော်ကြီးမှ ကျောင်းထိုင်ဆရာတော်အဖြစ် နေထိုင်သီတင်းသုံးရန် ခွင့်ပြုတော်မူခဲ့သည်။ ထို့နောက် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်၍ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ တရားဒေသနာတော်တို့ကို ဟောကြားခဲ့ရာတွင် ထင်ရှားကျော်ကြားခဲ့သည်။

ထိုသို့ဖြင့် အဘဦးအောင်မင်းသည် သံဃာတော် အရှင်သူမြတ်ဘဝဖြင့် အနယ်နယ် အရပ်ရပ်သို့ တရားဓမ္မများကို လှည့်လည်ဟောကြားနေခဲ့စဉ်မှာပင် ယခုလက်ရှိ ထိုနေရာ၌ ဆဋ္ဌမပုဂံမျှော် ခေါ် အောင်ဗောဓိရွှေစေတီတော်နှင့် အောင်စေ ပိုင်စေ နိုင်စေ



www.burmeseclassic.com



အောင်ဗောဓိ ဆုတောင်းပြည့် ရွှေစေတီသာသနာ့နယ်မြေမှ
သွင်းထုပူဇော်ထားသည့် မြတ်စွာဘုရားဆင်းတုတော်များ

မဟာအတုလ ဟူသော ပန်းလေးပွင့် စေတီတော်တို့ကို တည်ထားပူဇော်ရန် စတင်အကောင်အထည် ဖော်ခဲ့ပါသည်။

အဘ ဦးအောင်မင်းသည် "ငါ့နောက်လှည့်ကြည့် ဘုရားရှိသည်" ဟို ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ သာသနာတော်၏ ဝတ္တရားများကို ရှေးအစဉ်အလာမပျက်အောင် ဆောင်ရွက်စီမံကာ မလျှော့သော ဇွဲ လုံ့လတို့ဖြင့် မြတ်စွာဘုရား သာသနာတော်အတွက် ဆဋ္ဌမပုဂံမျှော်ဟု တွင်စေသည့် ေစတီတော်ပေါင်း ၁၁၁၀ တို့ကို ခအောင်စေ ပိုင်စေ နိုင်စေ ပြီးစေ ဟူသော နိမိတ် ပြီးစေ စေတီတော်ပေါင်း ၁၁၁၀ ဆူအား တည်ထားပူဇော်ရန် မနောစိတ်၌ ဖြစ်ပေါ်လာသည်နှင့်အညီ ၁၃၄၂ ခုနှစ် တပို့တွဲလဆန်း ၂ ရက် သောကြာနေ့တွင် (၁) ဒီပါအေးမြဆရာတော်ကြီး (၂) မလှိုင်ရွှေပေါ်ကျွန်းဆရာတော် (၃) အနီးစခန်းဆရာတော် (၄) ချော့ခေါ် ဆရာတော် (၅) မေတ္တာအေးဆရာတော် (၆) နန္ဒဝန်တောရ ဆရာတော် (၇) သထုံတောရဆရာတော် (၈) တွံတေး မာန်အောင်ဆရာတော် (၉) ရန်ကုန်မြို့ ချောင်းဝဆရာတော်ကြီး ကိုးပါးတို့နှင့် ဆဋ္ဌမပုဂံမျှော် သာသနာ့နယ်မြေအဖြစ် အောင်ပန္နက်ရိုက်ခဲ့ပါသည်။

ထိုသို့ဖြင့် အဘဦးအောင်မင်းသည် သံဃာတော် အရှင်သူမြတ်ဘဝဖြင့် ရဟန်း ၁၆ ဝါအရတွင် လူဝတ်ကြောင်သို့ ရောက်ခဲ့ပါသည်။ အဘဦးအောင်မင်းသည် လူဝတ်ကြောင်ဘဝရောက်ရှိသောအခါတွင် မူလရည်ရွယ်ရင်းဖြစ်သော ဆဋ္ဌမပုဂံမျှော် သာသနာ့မြေမြတ်မဟာ၌ စေတီတော်ပေါင်း ၁၁၁၀ တည်ထားပူဇော်နိုင်ရန် (၁) မင်းကျောင်းကြီးဆရာတော် (၂) မစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီး (၃) မြို့ဦးရွာ စိတ္တသုခကျောင်းဆရာတော်ကြီး (၄) လူသန့်အင်းရွာ လူသန့်အင်း



ဘုရားဒကာ ဦးအောင်မင်းနှင့် စာရေးသူတို့အဖွဲ့

ကျောင်းတိုက် ဆရာတော်ကြီး (၅) မီးသွေးကုန်းကျေးရွာ မီးသွေးကုန်းကျောင်းတိုက် ဆရာတော်ကြီးများ ဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင်သုဓမ္မဂိုဏ်းဝင် အရှင်သူမြတ်ငါးပါးတို့ ဩဝါဒကို ခံယူခဲ့ပါသည်။

ထို့နောက် အဘဦးအောင်မင်းသည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကြကုန်သည့် မဟာဗုဒ္ဓမည်သော ကကုသန်ဂုံ၊ မဟာဓမ္မမည်သော ကောဏာဂုံ၊ မဟာသံဃမည်သော ကဿပဂုံ၊ မဟာအတုလမည်သော ဂေါတမဂုံ ဘုရားလေးဆူတို့၏ သဗ္ဗညုတ ရွှေဉာဏ်တော်တို့ကို ရည်ရွယ်မှန်းကာ (၁) မဟာဗုဒ္ဓ (၂) မဟာဓမ္မ (၃) မဟာသံဃ (၄) ဆောင်ကာ တည်လျက်ရှိပြီးဖြစ်ရာ ယခုအခါ၌ စေတီတော်ပေါင်း ၉၇၀ ပြီးမြောက်ပြီးဖြစ်သည်။

တည်ထားပြီးမြောက်ပြီး ဖြစ်သော စေတီတော်များ၏ ဉာဏ်တော်အမြင့် ၈၅ ပေ တစ်ဆူ၊ ၁၇ တောင် စေတီ ငါးဆူ၊ ၁၁ တောင်စေတီများနှင့် ကိုးတောင်ပြည့်စေတီတော်များ ဖြစ်ကြပါသည်။ ထို့အပြင် ဗောဓိညောင်ပင်နှင့် ဗောဓိကိုးမျိုး အပါအဝင်ဖြစ်သည့် လင်းလွန်းပင်များကို စိုက်ပျိုးထားရှိပြီးဖြစ်သည်။ စေတီတော်များ၏ ပုံသဏ္ဌာန်များမှာ တစ်ဆူနှင့်တစ်ဆူ ပုံသဏ္ဌာန်ချင်းမတူခြင်းမှာ အန္တရကပ် ၆၄ ကပ်ကို ကျော်လွှန်ရန် အင်တာနက်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိသော စေတီတော်များ၏ ပုံသဏ္ဌာန်များအတိုင်း တည်ဆောက်ထားသည်ဟု ဆိုပါသည်။

ဆဋ္ဌမပုဂံမျှော် ခေါ် အောင်ဇောဓိ ဆုတောင်းပြည့်ရွှေစေတီတော် သာသနာ့နယ်မြေမှာ သုံးဧကမျှကျယ်ဝန်း၍ စေတီတော်ပေါင်း ၁၁၁၀ ပြည့်ရန် ၁၄၀ ဆူသာ ကျန်ရှိပါတော့သည်။

တည်ထားပြီးစီးပြီဖြစ်သော စေတီတော် ၁၀၈ ဆူအား ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့နံနက် ၅နာရီခွဲတွင် ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာကျင်းပခဲ့ပြီးနောက် ဒုတိယကြိမ် ထပ်မံ၍ ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာ ကျင်းပပြုလုပ်ပြီးဖြစ်သည်။

ထိုတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မှော်ဘီမြို့ စိတ္တသုခကျောင်းတိုက် လယ်တီ မဟာသရဏဂုံ တောရ ပေါ်တော်မူ ဆရာတော်ဘုရားကြီးမှ အဘဦးအောင်မင်းအား ဩဝါဒကထာ မိန့်ကြားခဲ့သည်မှာ . . .

(၁) ဒကာအောင်မင်း၊ မရည်ရွယ်ကောင်းတဲ့ ရည်ရွယ်ချက်တွေကို မင်း ရည်ရွယ်ခဲ့တာကိုး။

(၂) ရည်ရွယ်သော်လည်း ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာတွေကို မင်းရည်ရွယ်ခဲ့တယ်။

(၃) ရည်လည်းရည်ရွယ်၊ မဖြစ်လည်း မဖြစ်နိုင်တဲ့အရာတွေဟာ ခုတော့ဖြစ်သွားခဲ့ပြီ။ ဒါကြောင့် ဘုရားဒကာဦးအောင်မင်း၊ သိုက်သုံးတန်နှင့်ညီသည့် မဟာယောက်ျား၊ လူထဲမှာတော့ ပြိုင်ဘက်ရှား၊ ၁၁၁၀ သော ဘုရား၊ မင်းကိုယ်တိုင် ဒါယကာပြုလုပ်၍သွား. . .

ဟု လယ်တီ မဟာသရဏဂုံ တောရ ပေါ်တော်မူဆရာတော်ကြီးမှ မိန့်ဆိုကြောင်းကို အဘဦးအောင်မင်းမှ ပြောပြပါသည်။

ထို့အပြင် အဘဦးအောင်မင်းမှ ထပ်မံ၍ ပြောကြားသည်မှာ ဆဋ္ဌမပုဂံမျှော် သာသနာ့မြေမြတ်မဟာ၌ စေတီတော်ပေါင်း ၁၁၁၀ ဆူ တည်ထားပူဇော်ရာတွင် မည်သူတစ်ဦးတစ်ယောက်ဆီကမျှ အလှူငွေကောက်ခံမှုမရှိဘဲ တစ်ယောက်တည်း တည်ထားပူဇော်နိုင်ခဲ့ခြင်းမှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့်ဖြစ်သည်။ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်ရာ အစစ်အမှန်သည် ရတနာသုံးပါးသာလျှင် ဖြစ်သည်။ ထို့ကြောင့် ရတနာသုံးပါးကို ယုံကြည်ခြင်း၊ သန္နိဋ္ဌာန်ချခြင်း၊ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချခြင်းတည်းဟူသော ဝီရိယ သုံးပါးကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

ယခုအခါ၌ အဘဦးအောင်မင်းသည် အိပ်မက်အရ၊ မျက်မြင်အရ၊ အာရုံအရ ထိုဆဋ္ဌမပုဂံမျှော် သာသနာ့နယ်မြေအတွင်း၌ ဂေါတမမြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်အစစ်ဖြင့် ဌာပနာ၍ ၃၆ တောင် အမြင့်ဆောင်သော စေတီတော်၊ ဒုတိယ ၃၇ တောင်အမြင့်ဆောင်သော စေတီတော်၊ တတိယ ဉာဏ်တော်အမြင့် ၂၄ တောင် စောမြတ်စွာ စေတီတော်၊ စတုတ္ထ အရောင်တော်ကိုးပါးဖြင့် ကမ္ဘာ့ငြိမ်းချမ်းအေး ခေါ် ဇမ္ဗူရစ်မင်းမြတ်ဘုရားတို့ကို တည်ကြမည့် ဘုရားဒါယကာများကို စောင့်ရှောက်ရင်းနှင့် ဆဋ္ဌမပုဂံမျှော် စေတီတော်ပေါင်း ၁၁၁၀ မှ တည်ထားပူဇော်ရန် ကျန်ရှိနေသော စေတီတော် ၁၄၀ ဆူကို ဆက်လက်ပူဇော်တည်ထားလျက် ရှိနေပါသည်။

မှတ်ချက် - အဘဦးမောင်မင်း မှ ဝန်ခံပြောကြားချက်။

(၁) မြတ်ဗုဒ္ဓ၏လမ်းစဉ်၊ မြတ်ဗုဒ္ဓ၏ မိန့်မြွက်သည့်အတိုင်း လမ်းကြောင်းမှန်ပေါ် ရောက်အောင်သွားမည်ဆိုလျှင် သောတာပန်ဖြစ်ရန် မျက်တောင်တစ်မှိတ်ပဲ အချိန်လိုပါတယ်။

(၂) ဘုရားလမ်းစဉ်မလိုက်ဘဲ ကိုယ့်လမ်းစဉ်နှင့်ကိုယ် သွားမည်ဆိုလျှင်တော့ ထိုသူသည် ကမ္ဘာပျက်သွားသည့်တိုင် သောတာပန်မဖြစ်နိုင်။

(၃) ကမ္ဘာမှာ ထေရဝါဒဆိုတဲ့စကားဟာ ကျွန်တော်တို့ မြန်မာစကားအစစ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သာသနာတော်တွင်းသား အားလုံးအတွက် ဤစကားဖြင့် သတိပေးပြောကြားလိုက်ပါတယ်။

(၄) ကြိုးကြာငှက်သည် နောက်သောရေအိုင်မှ တည်သောရေ အလုံးစုံတို့အထဲတွင် ကြည်သောရေကို ရွေးသောက်တတ်၏။ ဗုဒ္ဓသာသနာတော်အတွင်းမှာလည်း ကြိုးကြာငှက်နှင့်တူသော သောတာပန်သည် အလုံးစုံသော မိစ္ဆာဒိဋ္ဌိအပေါင်းတို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်ရှားပြီး အရိယာတို့ ရအပ်သော မဂ်ကိစ္စအလုံးစုံကို လွတ်လပ်အေးချမ်းစွာ ခံယူအောင်မြင်နိုင်ကြပါတယ်-

ဟူ၍ ဖြစ်ပါသည်။

သို့ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် လူသန့်အင်းကျေးရွာ ပုဂံလမ်းရှိ ဆဋ္ဌမပုဂံမျှော် ခေါ် အောင်ဇောဓိ ဆုတောင်းပြည့် ရွှေစေတီတော်ကြီးနှင့် အောင်စေ ပိုင်စေ နိုင်စေ ပြီးစေသည့် စေတီတော်ပေါင်း ၁၁၁၀ ဆူတို့အား သွားရောက်ဖူးမြော် ကြည်ညိုနိုင်ကြစေရန် ရည်သန်လျက် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါတော့သည်။


ဆဋ္ဌမပုဂံမျှော် ခေါ် အောင်ဇောဓိဆုတောင်းပြည့် ရွှေစေတီတော် ၁၁၁၀ ဆူတို့၏ တစ်ဦးတည်းသော ဘုရားဒါယကာကြီး အဘဦးအောင်မင်းအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**❒ မရည်မွန်(ကျုံပျော်)**



www.burmeseclassic.com

www.burmeseclassic.com



စေတီရံများနှင့် လောကတိက္ကာစေတီတော်

# ထိန်အင်းဘုရားကြီး သို့မဟုတ် အေလာတိက္ကာ ဆုတောင်းပြည့်ဘုရားကြီး

မြမဥ္ဇူဝေ (ကျုံမငေး)

သွားပါများ ခရီးရောက်ဆိုသလို ကျွန်မ၏ ခရီးစဉ်သည် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အေလာမြို့သို့ ဘုရားဖူးရောက်ခဲ့ရပါသည်။ ရောက်နေသည့် အရပ်ဒေသမှာ ထိန်အင်းရွာဟု သိရပါသည်။

ထိန်အင်းရွာတွင် . . ထူးခြားသပ္ပာယ်သော စေတီကြီးတစ်ဆူသို့ ရောက်ခဲ့ပါသည်။ အင်းရေပြင်ကို အကြောင်းပြု၍ ထိန်အင်းရွာအဖြစ် တည်ရှိခဲ့သော ရွာသည် ရှေးရွာကြီးဖြစ်သည်ဟု သိရပါသည်။ ထို့အပြင် အလှူရှင်၊ ကုသိုလ်ရှင်များ၏ စေတနာအားဖြင့် ထိန်အင်းရွာဦးတွင် ထိန်အင်းဘုရားကြီးဟု ခေါ်နေကြသော စေတီဘုရားကြီးတစ်ဆူ ပေါ်ပေါက်ခဲ့ပါသည်။

စေတီတော်ကြီးကို ထိန်အင်းရွာအား အကြောင်းပြု၍ ထိန်အင်းဘုရားကြီးဟု ခေါ်သော်လည်း ဘွဲ့အမည်နာမမှာ "အေလာတိက္ကာ ဆုတောင်းပြည့်" ဟု ကမ္ပည်းတင်ခဲ့ပါသည်။ ဘွဲ့မည်နာမနှင့် ပတ်သက်သဘောကို ကြည့်သော် အေလာမှာ မြို့အမည်၊ တိက္ကာမှာ သန့်ရှင်းစင်ကြယ် မွန်မြတ်သည်ဆိုသောသဘောဖြစ်ပါသည်။ ထို့အပြင် စေတီတော်ကြီးသို့ လာရောက်ဖူးမြော်၍ ကောင်းမြတ်သော ဆုတောင်းမိသူများသည် မိမိတို့ တောင်းသောဆုနှင့် ပြည့်စုံစေသောကြောင့် ဆုတောင်းပြည့်စေတီဟုလည်း တန်ခိုးကြွယ်ခဲ့ပါသည်။

ဆုတောင်းပြည့်ဝသော ဤစေတီတော်ကြီးသည် . . .

(၁) ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားများ အားထားရာဆုတောင်းပြည့် စေတီတော်ကြီးဖြစ်ခြင်း။

(၂) ထိန်အင်းကြီးထဲမှ အင်းရေများသည် အခါမလပ်ကြည်လင်နေသကဲ့သို့ ဘုရားဖူးလာ ပြည်သူ ပြည်သားများ၏ စိတ်နှလုံးကို ထပ်တူထပ်မျှ ကြည်လင်သောအေးမြမှုကို ခံစားရခြင်း။


(၃) လက်ရေတစ်ပြင်တည်း အဆင့်အတန်း ဂုဏ်ဒြပ်မခွဲခြား ညီညွတ်မှုများနှင့် ဘဝခရီးကို လျှောက်လှမ်းလိုစိတ်များ ဖြစ်ပေါ်လာစေခြင်း။

(၄) ထိန်အင်း ခေါ် အေလာတိက္ကာ ဆုတောင်းပြည့်ဘုရားကြီး၏ ဂုဏ်ရှိန်ကြောင့် မိမိတို့ဘဝများလည်း မြင့်မားတိုးတက် အောင်မြင်မှုများကို ခံစားရခြင်း။

(၅) အေလာတိက္ကာစေတီတော်ကြီး၏ ဂုဏ်ရှိန်တော်ကြောင့် တိုင်းနိုင်ငံတစ်ဝန်း၌ အေးချမ်း သာယာသော နိမိတ်များနှင့် ပြည့်စုံခြင်း။

ဟူသော ငါးသွယ်သော အောင်ခြင်းမင်္ဂလာ အကျိုးများကို ခံစားနိုင်ကြမှာ ဖြစ်ပါသည်။

လယ်ဝေးမြို့နယ် အေလာမြို့ ထိန်အင်းရွာ၏ ဂုဏ်ကျက်သရေကိုသာမက မြန်မာပြည်၏ ဂုဏ်ကျက်သရေကိုပါ တိုးစေသော အေလာတိက္ကာ ဆုတောင်းပြည့် စေတီတော်ကြီးကဲ့သို့ စေတီဘုရားများ များစွာရှိနေသောကြောင့် မြန်မာ့မြေသည် အေးချမ်းသာ




လိုဏ်စေတီအတွင်းမှ ကြေးဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည့် ဆုတောင်းပြည့်ထီးစေတီတော်

ယာနေသည်ဟု ဆိုရမှာဖြစ်ပါသည်။

စေတီတော်ကြီးသည် ရန်ကုန်မြို့မှ မဟာဝိဇယစေတီတော်ကြီးကဲ့သို့ လိုဏ်စေတီ ဖြစ်ပါသည်။ အတွင်းပိုင်းသို့ မျက်နှာစာမုခ်အဝင်ပေါက် လေးခုမှ ဝင်ရောက်ပြီး စေတီလိုဏ်အတွင်းစံပယ်နေသော ရုပ်ပွားတော်များကိုလည်း ဖူးတွေ့နိုင်ပါသည်။ အတွင်းပတ်လမ်းများနှင့် ကျယ်ဝန်းလှသော လိုဏ်ဂူတွင် အလွန်ကြီးသော တိုင်လုံးကြီး (၅၂)တိုင်က ကြံ့ခိုင်မှုကို တာဝန်ယူထမ်းပိုးထားသယောင် တွေ့မြင်ခဲ့ရပါသည်။


စေတီတည် ဖိနပ်တော်အခြေအကျယ်အဝန်းမှာ (၂၀၀)ပေပတ်လည်ကျယ်ဝန်းပြီး စေတီရင်ပြင် အကျယ်သည် အရှေ့မှအနောက်သို့ ပေ (၉၀၀) နှင့် တောင်မှမြောက်သည် ပေ (၇၆၀) ရှိပါသည်။ ဆန်းသစ်သော ကနုတ်ပန်းဆိုင်း လက်ရာများဖြင့် တံခွန်တိုင်ကြီးသည်(၄၅)ပေအမြင့်ရှိပါသည်။ ပရိဝုဏ်မြေမှာလည်း ကျယ်ဝန်းစွာ ရှိနေ၍ လိုအပ်သော သာသနိကအဆောက်အအုံများ တည်ဆောက်နိုင်သော မြေမြွတ်ပင် ဖြစ်ပါသည်။

စေတီတော်ကြီးကို သက္ကရာဇ် ၂၀၀၆ ခုနှစ် မေလတွင် တည်ဆောက်ခြင်း စတင်ခဲ့ပြီး သက္ကရာဇ် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် စေတီတော်ကြီး ပြီးဆုံးပြီး ရွှေထီးတော်ကို တင်လှူခဲ့ကြပါသည်။ အချိန်ကာလ နှစ်နှစ်တာအတွင်း ပြီးစီးခဲ့သော စေတီတော်ကြီးမှာ အချိုးအစားကျနပြီး သပ်ရပ်လှပါသည်။ အေးချမ်းတိတ်ဆိတ်သော အရပ်ဖြစ်၍လည်း ဘုရားဖူးများအတွက် စိတ်ကြည်လင် ချမ်းမြေ့ကြမှာဖြစ်ပါသည်။

ယခုအခါ မြန်မာပြည် တစ်နံတစ်လျား၌ ရှေးဟောင်းအမွေအနှစ်



စေတီလိုဏ်အတွင်းမှ ကျောက်ဆင်းတုရုပ်ပွားတော်



စေတီတော်ရင်ပြင်တော်မှ ထူးခြားသောတံခွန်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကန်ရေပြင်တစ်ဖက်မှ ဖူးတွေ့ရသော လောကတိတ္တုစေတီတော်



လောကတိတ္တုစေတီတော်သို့အဝင်

စေတီဘုရားများစွာကို မူလပုံပျက်မပျက် ပြန်လည်မွမ်းမံနေခြင်း၊ တိမ်မြုပ်နေသော သမိုင်းထင်ရှား ရှေးဘုရားများကို တူးဖော်ခြင်း၊ အသစ်တည်ထား စေတီဘုရားများနှင့်အတူ ဘာသာ၊ သာသနာသည် နေပမာ လပမာ ထွန်းလင်းဖြာနေပြီဖြစ်သောကြောင့် သာသနာတော်သည်လည်း အဓွန့်ရှည်စွာ ခိုင်မြဲတည်တံ့နေမှာ ဖြစ်ပါသည်။

ကျွန်မ အနေနှင့်လည်း မိမိရောက်ရှိနေသော မြို့ရွာဒေသများမှ စေတီဘုရားများကို ဖူးမြော်ခဲ့ရုံသာမက စာပေအားဖြင့်ပါ ပူဇော်ရခြင်းဖြစ်ပါသည်။

အချိန်ကာလ အခြေအနေအရ အချို့ဒေသများတွင် စေတီဘုရားများ၏ သမိုင်းကြောင်းကို အတိအကျစုံစမ်း၍ မရနိုင်သဖြင့် သိခဲ့ရသမျှကိုသာ ကိုယ်တွေ့အဖြစ် ဖော်ပြနိုင်ခဲ့ပါသည်။

ယခု ကျွန်မ ဖူးမြော်ခဲ့ရသော လယ်ဝေးမြို့နယ် အေလာမြို့ ထိန်အင်းရွာမှ ထိန်အင်းဘုရားကြီး ခေါ် အေလာတိတ္တု ဆုတောင်းပြည့်ဘုရားကြီးနှင့် သက်ဆိုင်သော ဖော်ပြခဲ့ပြီးသည့် အထောက်အထားများကို နေ့ဘက်လုံခြုံရေးဝန်ထမ်း ဦးမြအောင်မှတစ်ဆင့် သိရှိမှတ်သားခဲ့ရသည်များကို ရေးသား ပူဇော်လိုက်ခြင်း ဖြစ်ပါသည်။

❒ မြမဥ္ဇူဝေ(ကျွန်မငေး)

**ကျေးဇူးစကား**

ထိန်အင်းဘုရား (သို့) အေလာတိတ္တု ဆုတောင်းပြည့် စေတီတော်ကြီး နေ့လုံခြုံရေးဝန်ထမ်း ဦးမြအောင်အား ကျေးဇူးအထူးတင်ပါသည်။

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။


**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်း**
**ပိုမိုတိုးတက်**
**အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ**
**ထည့်သွင်းနိုင်ပါသည်။**


အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။


အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။


**အက် ဘူယ် မှူ**
အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဗဓိဿာတော်ဂါထာကျောင်း မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားခဲ့ပေတော်မူသော

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသနတရားတော်

(ယခင်လမှအဆက်)

ခင်ဗျားတို့ ခင်ရာမင်ရာနားကနေပြီး ဘုရားပွင့်တယ် (မှန်ပါ)။ အင်း. . . ဟင် ဘုရားတောင် ပွင့်ဖို့နေရာက အတော်များများပွင့်ရမယ်။ ဒီဘက်က သားကလေးကျပြန်လည်း ခင်တော့ အဲဒီနား ဘုရားသွားရဦးမယ်။ ဟ. . . ဒါလည်း နင် သွားမမျိုနဲ့ (မှန်ပါ)။ ဒီဘက်သမီးကလေးကျပြန်တော့ ခင်ဗျားတို့က ဘယ်လိုစိတ်ကူးပြန်လဲ (ခင်ပါတယ် ဘုရား)။ ခင်တော့ မျိုမိမှာပဲ ဆိုတဲ့ အဓိပ္ပာယ် မရဘူးလား (ရပါတယ် ဘုရား)။

အဲဒီနား ဘုရားသွားရသေးတယ်။ ဒါလည်း မမျိုနဲ့ မျိုရင် အဆိပ်ပဲ၊ သဘောကျပလား (ကျပါပြီ)။ ဒါကလေးက ကျွန်မကလေး အင်မတန်လိမ္မာရေးခြား ရှိပြန်တယ်ဆိုတော့ ခင်ဗျားတို့က ဘယ်စိတ်ကူးရသလဲ (ခင်ပါတယ် ဘုရား)။ အင်း . . သွားမမျိုနဲ့ဦး၊ ဒါလည်း အဆိပ်ပဲ (မှန်ပါ)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဒီကနေပြီးသကာလ မြေးကလေးဆိုတာကော ခင်ဗျားတို့က ဘယ်လို စိတ်ကူးပြန်သလဲ (ခင်ပါတယ် ဘုရား)။ ခင်မယ် မင်မယ်ပဲ စိတ်ကူးနေတယ် မဟုတ်လား (မှန်လှပါ)။ အင်း. . . ဒါ မျိုတဲ့ သိပ်တဲ့သဘော မပါဘူးလား (ပါပါတယ် ဘုရား)။

အဲဒီနေရာ ဘုရားက လိုက်ပွင့်ရတယ်။ ဟော့. . . ဒါလည်း မမျိုနဲ့၊ ဒါ အဆိပ်နဲ့ရောထားတဲ့ အရက်တွေကွ (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)။



www.burmeseclassic.com

www.burmeseclassic.com

ဘာတုံး (အဆိပ်နဲ့ ရောထားတဲ့ အရက်ပါ)။ အဲဒီတော့ အရက်ဆိုတာက မူးစေ ယစ်စေတယ်၊ သဘောကျပလား (မှန်ပါ့)။ အဆိပ်ဆိုတာက သေစေတယ် (မှန်ပါ့)။ ဒီအာရုံတွေထဲမှာ ခင်ဗျားတို့ ပျော်နေလို့ရှိရင် ဒါ မူးနေတာပဲ၊ သဘောကျပလား (ကျပါပြီ)။ နောက်ကျတော့ ခင်ဗျားတို့ ဒီအာရုံကြောင့် ဒီဘက်က အိုနာသေတွေ တွေ့ရတာက အဆိပ်သင့်ပြီး သေတာ (မှန်ပါ့)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအာရုံတွေသည် မူးလည်း မူးစေပါသည်ဆိုတာ ပေါ်ကြပလား (မှန်ပါ့)။ သေလည်း သေစေတယ် (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့၊ သားတို့၊ သမီးတို့ ခန္ဓာတွေဟာ ဘာတုံး ဒကာ၊ ဒကာမတို့ (အဆိပ်တွေပါ ဘုရား)။ အဆိပ်တွေ၊ အဆိပ်နဲ့ရောထားတဲ့ အရက်နှစ်ခု ထည့်လိုက်ပါ (မှန်ပါ့)။ ဘာနဲ့လဲ (အဆိပ်နဲ့ရောထားတဲ့ အရက်ပါဘုရား)။

ဒကာ၊ ဒကာမတို့ မူးလည်းမူးစေတယ်၊ သဘောကျပလား သေကော (သေစေပါတယ် ဘုရား)။ မူးလည်း မူးစေတယ်ဆိုတာက ဒီအာရုံတွေသာ ဝင်လာလို့ရှိရင်၊ ဒီခင်စရာ ခင်စရာတွေသာ ဝင်လာလို့ရှိရင် ဒကာ၊ ဒကာမတို့ သူတော်ကောင်းအလုပ်ဆိုတဲ့ ဝိပဿနာအလုပ်ကြီး၊ သစ္စာတွေမြင်တဲ့ အလုပ်ကြီး လုပ်ဖြစ်ပါသေးရဲ့လား (မလုပ်ဖြစ်ပါ ဘုရား)။ ဘာဖြစ်လို့တုံး (မူးနေလို့ပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ မူးတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေက မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။ ခန္ဓာက မရဘူးလား (ရပါတယ်)။ ခန္ဓာရတဲ့အခါကျတော့ အို နာ သေ အညွန့်တွေက မပေါက်ဘဲ နေပါ့မလား (မနေပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဒီအရာတွေ မျိုမိ သိပ်မိတာက လည်း မူးလို့ မျိုတယ်၊ နောက် အဆိပ်ဖြစ်ပြီးသကာလ အိုပွဲ၊ နာပွဲ သေပွဲ ခင်းရတယ် (မှန်ပါ့)။ သဘောပါပလား (ပါပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီဟာတွေ သည် သောက်ကောင်းတဲ့အလုပ်လား၊ မသောက်ကောင်းတဲ့ အလုပ်လား (မသောက်ကောင်းတဲ့ အလုပ်ပါ ဘုရား)။

ဩော်. . . ဒါတွေ ဟောရတော့မယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်ကလည်း ဒါတွေ ကြိုက်တာ လွန်လို့ (မှန်ပါ့)။ ဘုရားကလည်း မူးမှာစိုးရိမ်၊ သေမှာကော (စိုးရိမ်ပါတယ် ဘုရား)။

ဘုရားစိုးရိမ်တာလည်း သဘောကျပလား (ကျပါပြီ)။ မူးမှာကော (စိုးရိမ်ရပါတယ်)။ သေမှာကော (စိုးရိမ်ရပါတယ် ဘုရား)။

ဩော်. . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဖြင့် ... ရော မေတ္တာရော ဒကာသစ်တို့၊ ကိုမြရွှေတို့ တန်း ... ပြီ (မှန်လှပါ ဘုရား)။

ခင်ဗျားတို့ကလည်း တွေ့လို့ရှိရင်တော့ဖြင့် သောက်ပော့၊ သားတည်းဟူသော အာရုံနဲ့တွေ့ရင်လည်း ခင်မဟာ၊ သမီးတည်းဟူသော အာရုံနဲ့တွေ့ရင်ကော ခင်မဟာ၊ ဆွေမျိုးတည်းဟူသော အာရုံနဲ့တွေ့ရင်ကော ခင်မဟာ။

ခင်ဗျားတို့ကလည်း မျိုမယ် သိပ်မယ်ချည်း စိတ်ကူးနေတာပဲ (မှန်ပါ့)။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားကနေပြီးသကာလ ဟာ. . . အဆိပ်နဲ့ရောထားတဲ့ အရက်တွေပါဟာ၊ အဆိပ်နဲ့ရောထားတဲ့ အရက်တွေပါဟာလို့ ဒီဟာ အမျိုးမျိုး ပြောရတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဘုရားက တားမြစ်သမား၊ ခင်ဗျားတို့က အတင်းမျိုသမား (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဘုရားက (တားမြစ်သမားပါ)။ ခင်ဗျားတို့က (အတင်းမျိုသမားပါ)။

အဲဒီတော့ စဉ်းစားလိုက်ပါတဲ့၊ မမျိုတဲ့ပုဂ္ဂိုလ်တွေဖြင့် ဒကာ၊ ဒကာမတို့ အဝိဇ္ဇာ တဏှာနဲ့လည်းဝေးလို့ အိုပွဲ၊ နာပွဲ၊ သေပွဲတွေက လွတ်သွားတယ် (မှန်ပါ့)။ တားလို့ရတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တာပဲ (မှန်ပါ့ ဘုရား)။

တားလို့ မရတဲ့ပုဂ္ဂိုလ်မှာ အရှုံးပွဲရယ်၊ သေပွဲရယ် သွားတွေ့တယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

မသေခင် ရှုံးတယ်၊ နောက်ကျတော့ သေတော့ကို အရှုံးသေ သေတယ် (မှန်လှပါ)။ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် မျိုတဲ့ပုဂ္ဂိုလ်၊ သိပ်တဲ့ပုဂ္ဂိုလ် သားခင်၊ သမီးခင်၊ ဆွေခင်၊ မျိုးခင်၊ ကိုယ့်ခန္ဓာခင်တဲ့ ပုဂ္ဂိုလ်များဟာ ဒကာ၊ ဒကာမတို့ အဆိပ်နဲ့ရောထားတဲ့အရက် သောက်နေကြတာပါကလား (မှန်ပါ့)။

တော်တော်ကြာလို့ရှိရင် အဆိပ်နဲ့ရောထားတဲ့အရက်သည် ဒကာ၊ ဒကာမတို့ မူးရုံပဲလား၊ သေမှုပါသေးလား (သေမှုပါပါတယ် ဘုရား)။

ဒါဖြင့် မူးပြီးသကာလ သေခြင်းဆိုးသေတဲ့အလုပ် (မှန်ပါ့)။ ခင်လို့ရှိရင် မူးပြီ (မှန်ပါ့)။ မူးလို့ရှိရင် နောက်ဆုံးပိတ် ဘာဖြစ်ရမလဲ (သေပါတယ် ဘုရား)။

သေခြင်းဆိုး သေရမယ် ဒကာ၊ ဒကာမတို့ရဲ့ (မှန်ပါ့)။ မသေရပေဘူးလား (သေရပါတယ်)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်တာသည် မူးတာပဲ (မှန်ပါ့ ဘုရား)။

မူးလို့ရှိရင်ဖြင့် ဒီခန္ဓာတွေ မရပေဘူးလား (ရပါတယ်)။ တဏှာမူး၊ ဥပါဒါန်မူးကိုးဗျ၊ ကံရှုံးမှု သဘောကျပလား (မှန်လှပါ ဘုရား)။ တဏှာလည်း အမူးပဲ၊ ဥပါဒါန်ကလည်း (အမူးပါပဲ)။ ကံက အရှုံး (မှန်ပါ့)။ ကံက အရှုံးကံတဲ့ ဒကာ၊ ဒကာမတို့ ဘယ့်နှယ်ကြောင့် အရှုံးကံလဲဆိုတော့ ဒုက္ခသစ္စာလုပ်တဲ့ကံကိုး (မှန်ပါ့)။

ဘာလုပ်တဲ့ကံပါလိမ့် (ဒုက္ခသစ္စာလုပ်တဲ့ ကံ)။ ဒုက္ခသစ္စာ လုပ်တဲ့ကံဆိုတော့ ဒကာ၊ ဒကာမတို့ အင်း. . . တဏှာ





www.burmeseclassic.com

www.burmeseclassic.com

လည်း အရှူး၊ ဥပါဒါန်ကလည်း အရှူး၊ ကံကလည်း (အရှူးပါ ဘုရား)။

သူက လုပ်စေတာက ခန္ဓာငါးပါးက ဘာသစ္စာ (ဒုက္ခသစ္စာပါ)။ ဒီခန္ဓာငါးပါးကြီးကလည်း ဘာတွေများ အညွန့်အညှောက်တွေ ပေါက်လာပါလိမ့် (အို နာ သေတွေပါ ဘုရား)။ အို နာ သေ အညွန့်တွေ ပေါက်လာတာ၊ ဒကာ၊ ဒကာမတို့ ဒါ အသောက်လွဲလို့ ဖြစ်ရတာ၊ လက်သည်တွေ့ပြီ (မှန်ပါ့ ဘုရား)။ ဘာပါလိမ့် (အသောက်လွဲလို့ပါ ဘုရား)။

အသောက်လွဲလို့ တွေ့ရတယ်ဆိုတာ သေချာကြပလား (သေချာပါပြီ)။ အို. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒီနေရာကမှ ဘုရားမပွင့်လို့ရှိရင် ကိုယ်ကျိုးတော့ လှလှကြီးနည်းပြီ (မှန်ပါ့ ဘုရား)။

ယခုလို နေရတုန်းမှာ ရှူးရမယ်၊ ယခုလို နေရတုန်းမှာ (ရှူးရပါမယ်)။ သားနဲ့ရှူး၊ သမီးနဲ့ရှူး၊ ပစ္စည်းနဲ့ရှူး မလာပေဘူးလား (လာပါတယ် ဘုရား)။ အင်း . . . သေတော့ကော အကောင်းသေလား၊ အရှူးသေလား (အရှူးသေပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဩော်. . . ရှင်တုန်းလည်း သူ့ကြည့်ရတာ စိတ်ပျက်လိုက်တာ၊ ရှူးနေရှာတယ်၊ သေတော့ အရှူးပျောက်သွားသလား၊ အရှူးသေပဲ သေရရှာသလား (အရှူးသေပဲ သေရပါတယ် ဘုရား)။

ဒါဖြင့် အနေမှာဆိုး၍ အသေမှာလည်း ဆိုးပါတယ် (မှန်ပါ့)။ ဘယ့်နှယ် ဆိုးကြမလဲ (အနေမှာလည်းဆိုး၍ အသေမှာလည်း ဆိုးပါတယ် ဘုရား)။

အနေမှာတော့ ရှူးလို့ ဆိုးတယ်၊ အသေမှာတော့ ရောဂါမပျောက်ဘဲနဲ့ သေတဲ့အတွက် (ဆိုးပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အနေဆိုး၊ အသေဆိုးနဲ့ ခင်ဗျားတို့ ကြုံတော့မယ် (မှန်ပါ့ဘုရား)။ အခု ဘုရားဟောတာ နားမထောင်ရင် (မှန်ပါ့)။

ဘုရားဟောတာ နားမထောင်ရင် ဘယ့်နှယ်ဖြစ်မယ် (အနေဆိုး အသေဆိုး ဖြစ်ပါမယ် ဘုရား)။ အနေဆိုး၊ အသေဆိုးနဲ့ ခင်ဗျားတို့အားလုံး သွားရတော့မယ် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ဘုရားဟောတာ နားမထောင်ရင် (အနေဆိုး အသေဆိုးနဲ့ သွားရပါမယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ထောင်သင့်၊ မထောင်သင့်လည်း အကဲခတ်ပါဦး (ထောင်သင့်ပါတယ် ဘုရား)။ ဒီနေရာတွင် ထောင်ရမှာလား၊ တွေ့တဲ့နေရာ ထောင်ရမှာလား (တွေ့တဲ့နေရာ ထောင်ရမှာပါ ဘုရား)။

ဟောဒီအာရုံနဲ့ တွေ့တိုင်း တွေ့တိုင်း ဒီအရက်တွေ၊ အဆိပ်နဲ့ ရောထားတဲ့အရက်တွေ မသောက်မိအောင် စိတ်ကူးရမယ် (မှန်ပါ့ ဘုရား)။

ဒါ. . . အင်မတန် နက်လာပြီနော် တရားဟာ (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတွေ ဒီဥစ္စာ အရင်လမ်းခင်းတုန်းကတော့ လွယ်သလိုလိုနဲ့ အခုအခါကျတော့ ရှုရမည့်၊ ပွားရမည့် အလုပ်ထဲ ရောက်လာပါပြီ (မှန်ပါ့ ဘုရား)။

ဘယ်အထဲ ရောက်လာသလဲ (ရှုရ ပွားရမည့်အလုပ်ထဲ ရောက်လာပါပြီ)။ အဲဒီတော့ ဒကာ၊ ဒကာမတွေ ဘုန်းကြီးက အလုပ်ပေးရမည့်ဆရာ၊ ဒီနားက ရပ်ပြီးသကာလ ဘုရားကလည်း မရှိတော့ ဘုရားဟောတဲ့ ဒေသနာတွေကြည့်ပြီး ဒကာ၊ ဒကာမတွေ ဒါတွေသောက်လို့ရှိရင်ဖြင့်၊ တို့ ဒကာ၊ ဒကာမတွေမှာ အဆိပ်နဲ့ရောထားတဲ့အရက်တွေ သောက်မိလို့ရှိရင်ဖြင့် ရှင်တော့ ရှူးမနေပေဘူးလား (နေပါတယ် ဘုရား)။

ရှင်ဘုန်းကံတရား (မှန်ပါ့)။ သေတော့ သေခြင်းဆိုး (မှန်ပါ့ ဘုရား)။ မဆိုးရွားဘူးလား (ဆိုးရွားပါတယ်)။ ရှင်တော့ (အရှူးပါ)။ သေတော့ (သေခြင်းဆိုးပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အရှူးသေ သေရလေခြင်းဆိုတဲ့ ဥစ္စာသည် ဒကာ၊ ဒကာမတို့ ရှင်တုန်းမှာလည်း လူပုံအလယ်မှာ အရှက်ကွဲပါတယ် (မှန်ပါ့)။

ရှင်တုန်းမှာလည်း (လူပုံအလယ်မှာ အရှက်ကွဲပါတယ်)။ သေတဲ့အခါ ကျက်သရေမင်္ဂလာများ ရှိသေးသလား (မရှိပါ ဘုရား)။

ကျက်သရေမင်္ဂလာ တုံးပြီးတော့ သေရပါတယ်ဆိုတော့ ဘယ်ကောင်းတာပါသေးတုံး (ဘယ်ဟာမှ မကောင်းပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအနားရပ်ပြီး ဆရာဘုန်းကြီးက၊ ဆရာသမားတွေက၊ ဘုရားက ကိုင်း. . . ဒါတွေ မသောက်ဖြစ်အောင် ပြောရတော့မယ် (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ်လိုဖြစ်အောင် ပြောရတော့မယ် (မသောက်ဖြစ်အောင် ပြောရတော့မယ်)။ မသောက်ဖြစ်အောင်၊ မခင်ဖြစ်အောင် ဒကာ၊ ဒကာမတွေ ဒါ ပြောရတော့မယ်နော် (မှန်ပါ့)။

မသောက်၊ မခင်၊ မမျိုတော့ဘူးဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေက ဘယ့်နှယ်နေမလဲ (ချုပ်သွားပါတယ် ဘုရား)။ ချုပ်သွားတယ်၊ မချုပ်ဘူးလား (ချုပ်ပါတယ် ဘုရား)။

သူတို့ ချုပ်နေတာက ခန္ဓာလာသေးလား (မလာပါ ဘုရား)။ အင်း. . . ခန္ဓာမလာတော့ ဒုက္ခသစ္စာက ငြိမ်းတယ်၊ သူတို့ချုပ်တော့ သမုဒယသစ္စာက ငြိမ်းတယ်၊ ခန္ဓာမလာတော့ (ဒုက္ခသစ္စာ ငြိမ်းပါတယ် ဘုရား)။

သူတို့ချုပ်တော့ (သမုဒယသစ္စာက ငြိမ်းပါတယ်)။ ခန္ဓာ မလာတော့ (ဒုက္ခသစ္စာ ငြိမ်းပါတယ် ဘုရား)။

အို. . . ဒုက္ခသစ္စာငြိမ်းပေါ့၊ ဒီအညွန့်အညှောက်တွေ ပေါက်ဖို့လိုသေးသလား (မလိုပါ ဘုရား)။

ဩော်. . . ဒါဖြင့် နိဗ္ဗာန်ရောက်တရားဆိုတာ ဒါပါပဲကလား၊ မသောက်စေဖို့အရေးဟာ နိဗ္ဗာန်ရောက်ဖို့အရေး (မှန်လှပါ ဘုရား)။ မမျိုဖို့အရေးဟာ (နိဗ္ဗာန်ရောက်ဖို့အရေး)။



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ရောက်ဖို့ အရေးဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီ)။ ဒါဖြင့် ဘုရား ဘယ်နားကပွင့်ပါလိမ့် (ခင်ရာမင်ရာနားကပါ ဘုရား)။ ခင်ရာမင်ရာနားက ပွင့်နေတယ်၊ ကိုမြွေစောင့်နေတယ်နော် (မှန်ပါ့)။ စောင့်နေတယ်၊ စောင့်နေတယ် ဒကာ၊ ဒကာမတို့၊ ဘုန်းကြီးများကလည်း ဒါတွေကို ရှုပါ၊ ဒါတွေ ကိုရှုပါဆိုတာ အမြဲပြောနေတယ် (မှန်ပါ့ ဘုရား)။ မပြောရ ပေဘူးလား (ပြောရပါတယ် ဘုရား)။

ဒါတွေကို ရှုပါ၊ ဒါတွေကို ရှုပါဆိုတော့ ခင်ဗျားတို့က ဒီစက္ခုဆိုတာ ကိုယ့်မျက်လုံးကလေးကလည်း "စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ" ဟော. . . ပါဠိတော်လာပြီ (မှန်ပါ့)။

စက္ခုဆိုတဲ့ မျက်လုံးကလေးကိုလည်းတဲ့ ခင်ဗျားတို့က ပိယသာတ ဖြစ်ပါတယ်။ ခင်မင်တယ်ဆိုတဲ့ဥစ္စာ မျိုတာပဲနော် (မှန်ပါ့)။

ဒါကြောင့် "စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထနိဝိသမာနာ နိဝိသတိ" ခင်ဗျားတို့မှာ နေ့တိုင်းမျိုနေတာပဲ (မှန်ပါ့)။

"သောတံ လောကေ ပိယရူပံ သာတရူပံ" ဒီသောတ ကလေးဆိုတဲ့ နားကလေးကိုလည်း ပိယ သာတနဲ့ မျိုနေတာပဲ (မှန်ပါ့ ဘုရား)။ "ဃာနလောကေ ပိယရူပံ သာတရူပံ" ဃာန တည်းဟူသော လောကတရားကြီးကို ခင်ဗျားတို့က မျိုနေပါပြီ။ မမျိုဘူးလား (မျိုပါတယ် ဘုရား)။

ဇိဝှာလောကေ ဆိုတာကတော့ လျှာရုပ်ကလေးကို လည်း အင်မတန် မသာယာကြဘူးလား (သာယာပါတယ် ဘုရား)။ သူလည်း မျိုနေတာပဲ (မှန်ပါ့)။ "ကာယောလောကေ ပိယရူပံ သာတရူပံ" ကာယတည်းဟူသော လောကတရားကို ခင်ဗျားတို့က မျိုနေပါပြီ၊ မမျိုဘူးလား (မျိုပါတယ် ဘုရား)။

"မနောလောကေ ပိယရူပံ သာတရူပံ" တဲ့၊ မနောကို လည်း ခင်ဗျားတို့က ချစ်ခင်နှစ်သက်တာ မျိုနေတာပဲ (မှန်ပါ့ ဘုရား)။ ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထနိဝိ သမာနာ နိဝိသတိတဲ့။ ဒီတဏှာသာ လာလို့ရှိရင် ဒီတဏှာလာ ဥပါဒါန်၊ ကံ ခန္ဓာငါးပါးလာမယ် (မှန်ပါ့ ဘုရား)။ ခန္ဓာငါးပါး လာပြီးရင် ဇာတိ၊ ဇရာ၊ မရဏက ဘယ့်နှယ်နေသလဲ (လာပါတယ် ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါး ကြောက်ရလောက်တဲ့၊ အဆိပ်နဲ့ရောထားတဲ့အရက် ကြောက်ရမှာလား (အဆိပ်နဲ့ရောထားတဲ့အရက် ကြောက်ရမှာပါ ဘုရား)။

ဒါ မမျိုမိဖို့ အရေးကြီးတယ် (မှန်ပါ့ ဘုရား)။ ပေါ်ကြလား (ပေါ်ပါပြီ)။ ကိုင်း. . . ဒါဖြင့် ဒါ မမျိုမိအောင်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားပွင့်ပြီးသကာလ နေတော့ ဩော်. . . ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက တစ်သံသရာလုံးကလာတော့ ဒကာသစ်ရေ ရောက်ရာ မျိုတော့တာပဲ (မှန်ပါ့ ဘုရား)။ အင်မတန် ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။

အဲဒါကြောင့် ဘုရားက ဒီနားကနေပြီး ဟော့. . . ပုထုဇဉ်မိုက် ဒီဥစ္စာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား သဘောကျပလား (ကျပါပြီ)။ ရောဂတရားတွေ၊ ဘယတော ဆိုတဲ့ ဘေးတရားကွ (မှန်ပါ့)။ ဒီငါးခုနဲ့ မင်း ရှုစမ်းကွာတဲ့။

ဒါ အနိစ္စတရားလည်း ဟုတ်ပါသတဲ့။ ဒုက္ခတရားကော (ဟုတ်ပါတယ်)။ အနတ္တတရားကော (ဟုတ်ပါတယ်)။ ပြီးတော့ ရောဂတရားကော (ဟုတ်ပါတယ်)၊ ဘေးသဘောကော (ဟုတ်ပါတယ် ဘုရား)။

ကဲ. . . ဒါဖြင့် အနိစ္စတော ဒုက္ခတော အနတ္တတော ရောဂတော ဘယတော ဆိုတဲ့ ဒီတောငါးခုနဲ့ တစ်ခုခုပိုင်အောင် ရှုစမ်း (မှန်ပါ့ ဘုရား)။

မင်းတို့ မမျိုမိတော့ဘူး (မှန်ပါ့)။ ဒီလိုဆိုတော့ ရှုတ ဆိုကတည်းက ဒကာ၊ ဒကာမတွေက စဉ်းစားလိုက် ဘာပေါ့၊ ရှုတယ်ဆိုကတည်းက ဒီမှာ ဝိပဿနာ ဝင်လာပြီ၊ မဝင်သေးဘူးလား (ဝင်ပါတယ် ဘုရား)။

အင်း. . . ဟင် မမျိုဘူးဆိုတဲ့ သဘောသည်ကားပေါ့ ဆိုရင် မမျိုတော့ဘူးဆိုတော့ ဒါတွေဟာ မသောက်ကောင်းတာတွေ ဟုတ်လား၊ မမျိုကောင်းတာတွေဆိုတော့ ဝိပဿနာ ရှုနေတာ မသောက်ကောင်းဘူး မမျိုကောင်းဘူး ပြောနေတာ (မှန်လှပါ ဘုရား)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

ကြပ်ကြပ်နားထောင်ပါ ဒကာ၊ ဒကာမတွေ။ ဒီအရေးဟာ နေ့တိုင်းထက် ကြီးတယ်လို့မှတ်ပါ (မှန်ပါ့ ဘုရား)။

ဝိပဿနာဆိုတာ မသောက်ကောင်း မမျိုကောင်းတာကို ရှုနေတာ (မှန်ပါ့)။ ဝိပဿနာဆိုတာ ဘာပါလိမ့် (မသောက်ကောင်း မမျိုကောင်းတာကို ရှုနေတာပါ ဘုရား)။

မသောက်ကောင်း၊ မမျိုကောင်းတာကို အမှန်အကန် သိဖို့ ရှုနေတာ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဝိပဿနာရှုဆိုတာ ဘာပါလိမ့် (မသောက်ကောင်း၊ မမျိုကောင်းတာကို ရှုနေတာပါ ဘုရား)။

မသောက်ကောင်း၊ မမျိုကောင်းတဲ့ တရားလို့ဆိုတော့ တဏှာနဲ့မခင်ကောင်း၊ မခင်ကောင်းတဲ့တရား (မှန်ပါ့)။ ဒါတွေ ရှုရမှာလား၊ မရှုရတော့ဘူးလား (ရှုရမှာပါ ဘုရား)။

အဲ. . . ရှုတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါကို မသောက်ပါနဲ့၊ မမျိုပါနဲ့ ဟုတ်လား၊ မသိပ်ပါနဲ့ ဆိုတာတွေ ဝိပဿနာရှုပါကွာတဲ့၊ ဒါတွေဟာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ရောဂတရား၊ ဘယတရားတွေ (မှန်ပါ့)။ သဘောကျပလား (မှန်ပါ့)။

ဘယတော ဘေးသင့်မှာတွေကွာတဲ့။ မင်းတို့ ဒီဥစ္စာ ဘေးတွေကြည့်ပေးစမ်းပါဆိုတော့ ဘယဉာဏ်တွေ ပြောနေတာ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာပြောနေ



www.burmeseclassic.com

www.burmeseclassic.com

တာပါလိမ့် (ဘယညာဏ်တွေပေါ်အောင် ပြောနေတာပါ ဘုရား)။ အဲဒီတော့ ဘယညာဏ်၊ ဒါတွေဟာ ကြောက်စရာ ဆိုတော့ ကြောက်စရာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကြောက်တာက မဂ္ဂ သွားဖြစ်တယ် (မှန်ပါ့ ဘုရား)။ ကြောက်စရာက (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ ဘုရား)။ ကြောက်တာက (မဂ်ပါ ဘုရား)။ ဟော. . . သေတာက သမုဒယ (မှန်ပါ့ ဘုရား)။ ဟုတ်လား။ ဒီဘက်က ဒါတွေပေါ်တာက နိရောဓ (မှန်ပါ့)။ ဟော . . . ရှင်းမသွားဘူးလား (မှန်ပါ့)။

ဒါ. . . အင်မတန် ရှင်းပါတယ် ဒကာ၊ ဒကာမတို့တဲ့၊ သစ္စာလေးပါး သွားကိုက်တာပဲ (မှန်ပါ့)။ ဒါဖြင့် ကြောက်စရာတွေက ဒုက္ခသစ္စာ (မှန်ပါ့)။ ကြောက်စရာမှန်း သိတာက (မဂ္ဂသစ္စာပါ)။ သေတာက (သမုဒယသစ္စာပါ)။ ဒီဘက်က ခန္ဓာတွေ ပေါ်တာက (နိရောဓသစ္စာပါ ဘုရား)။

ဩော်. . . ဒါကြောင့် ဘုရားဟောပေတာပဲ၊ တစ်ခါတည်း နိဗ္ဗာန်ရောက်အောင်လို့ ဟောပေတာပဲဆိုတာ ဒကာ၊ ဒကာမတို့ သေသေချာချာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။ သေသေချာချာ ပေါ်လာပါပြီတဲ့၊ အင်မတန် အဖိုးတန်လာပါပြီ။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီဥစ္စာကို ရှုရတော့မယ်ဆိုတော့ မဖြစ်သေးဘူးတဲ့၊ မင်းတို့သည်ကားလို့ဆိုရင်ဖြင့် ခုနက ပြောတဲ့ သူတော်ကောင်း ဆည်းကပ်ဦးမှ ရလိမ့်မယ်။ ဒီတရားမှန်း သိလာလိမ့်မယ် (မှန်ပါ့)။

သူတော်ကောင်းဆည်းကပ်လို့ ဒီတရားတွေ ရှုရမယ်ဆိုတာ သိတာနော် (မှန်လှပါ)။ နို့မို့ရင် သိပ့်မလား (မသိပါ)။ ခင်ဗျားတို့လိုတော့ မျိုနေမှာပဲ (မှန်ပါ့)။ ဒါတွေအကုန် မမျိုဘူးလား (မျိုပါတယ်)။ ကိုယ့်ခန္ဓာဖြစ်လည်း ခင်တာပဲ၊ သားသမီးခန္ဓာဖြစ်ကော (ခင်တာပါပဲ ဘုရား)။

ခင်တာပဲတဲ့၊ သူတော်ဆည်းကပ်၊ အခု မြတ်တရားတော် နာတဲ့အတွက်တဲ့ ခင်ဗျားတို့သည်ကားလို့ဆိုရင် ဩော် ဒါတွေ အဆိပ်တွေပါလားလို့ သိတယ် (မှန်ပါ့ဘုရား)။ နို့မို့ရင် သိပ့်မလား (မသိပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့အလုပ်က လွန်စွာအားထုတ်ရမယ်တဲ့။ ဘယ်လိုအားထုတ်ရမတုံးဆိုတော့ ဒါတွေ အဆိပ်တွေ၊ ဒါတွေ အနိစ္စတရားတွေ၊ ဒါတွေ ဒုက္ခတရားတွေ၊ ဒါတွေ အနတ္တတရား၊ ဒါတွေဟာ ရောဂတရား၊ ဒါတွေဟာ ဘယတောဆိုတဲ့ ဘေးသင့်တဲ့တရား၊ ဒါကို ခင်ဗျားတို့ အလုပ်လုပ်ရမယ် (မှန်ပါ့)။ မလုပ်ရင် တော်ပ့်မလား (မတော်ပါ ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ လုပ်ခြင်း၏ ကျေးဇူးဆိုတော့၊ ဒါတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရောဂ၊ ဘယလို့ ရှုမယ်ဆိုတော့ သူတို့က အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သူတို့ ရောဂလို့ ဘယလို့ မြင်တဲ့ မဂ္ဂ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ မဂ္ဂဖြစ်တော့ ဒီဘက်က ခုနပြောတဲ့ ခင်တတ်၊ မင်တတ်၊ မျိုတတ် သိပ်တတ်တဲ့ သမုဒယတွေက ဘယ့်နှယ်ဖြစ်သွားသလဲ (သေသွားပါတယ် ဘုရား)။

ဒါဖြင့် သမုဒယသေတော့ ဒီဘက်က ဒုက္ခတွေ (ချုပ်သွားပါတယ် ဘုရား)။ ချုပ်သွားတော့ကို သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်တယ် (မှန်ပါ့)။ သမုဒယသစ္စာ ချုပ်ခြင်းကြောင့် နိရောဓသစ္စာ မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။ ဩော် ဒါဖြင့် ဒီအလုပ်ဟာ အလုပ်မှန်ပဲ (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ဘယ်လို ဆုံးဖြတ်ချက် ချရမလဲ (အလုပ်မှန်ပါ ဘုရား)။

အလုပ်မှန်ပဲတဲ့၊ အဲဒီတော့ တပည့်တော်တို့ဘုရား ဘယ်လိုလုပ်ရမှာတုံးလို့ မေးလို့ရှိရင်ဖြင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာလာတဲ့ ဂါထာကလေးကို ဒကာ၊ ဒကာမတွေ ဒီနေ့ သွင်းပေးပါ့မယ်။ အင်မတန် အဖိုးတန်သွားမယ်နော် (မှန်ပါ့ ဘုရား)။

ပရိပက္ကာ ကမေနေ၀ံ၊
ပရိဘာဝိတ ဘာဝနာ၊
ပရိစ္စဇန္တိ သင်္ခါရေ၊
ပက္ခန္တတိ အသင်္ခတေ။

အင်မတန်ကောင်းတဲ့ အဓိပ္ပာယ်၊ မပြောသေးလို့ ဒကာ၊ ဒကာမတွေ ဒါ ပါဠိအတိုင်း ဖြစ်နေသေးလို့၊ ပါဠိအတိုင်း ဖြစ်နေသေးလို့ မသိလို့။

ပရိပက္ကာ ကမေနေ၀ံတဲ့၊ ဟောဒီ ဝိပဿနာမဂ်သာ ကွာတဲ့၊ ဒါတွေကို ဖြစ်ပျက်-အနိစ္စ၊ ဖြစ်ပျက်-ဒုက္ခ၊ ဖြစ်ပျက် - အနတ္တ၊ ဖြစ်ပျက်-ရောဂ၊ ဖြစ်ပျက်-ဘယ ဖြစ်ပျက်သာ မြင်အောင် ကြည့်နေစမ်းပါတဲ့။ ဟောဒီမဂ်နဲ့ ခင်ဗျားတို့ခန္ဓာထဲက ဝေဒနာဖြင့်ဝေဒနာ၊ စိတ်ဖြင့်စိတ်ပေ့ါဗျာ (မှန်ပါ့ဘုရား)။

အဲဒါ ဦးခင်မောင်တို့က အမြဲတမ်းကြည့်ပြီးတော့ ဒီဟာကလေးဟာ ဒကာ၊ ဒကာမတွေ ရင့်လာမလား၊ မရင့်လာဘူးလား (ရင့်လာပါတယ် ဘုရား)။ ဖြစ်ပျက် ရှုပါများရင် ဘာဖြစ်လာမယ် ထင်သတုံး (ရင့်လာပါတယ် ဘုရား)။

အဲဒီတော့ ဧ၀ံ - ဤသို့၊ ပရိပက္ကာ - ရင့်ကျက်သည်အားလျော်စွာ ဆိုတော့ ဦးခင်မောင် မဂ်ရင့်ကျက်ဖို့ အရေးကြီးတယ် (မှန်ပါ့)။ ဝိပဿနာမဂ် ရင့်ကျက်ဖို့ အရေးကြီးတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ လောကုတ္တရာမဂ်ကတော့ ဝိပဿနာမဂ် ရင့်ကျက်ပြီးလာရင်,သူ့ဟာသူ ဖြစ်လာတာပါပဲ (မှန်ပါ့)။ လောကုတ္တရာမဂ်က ခင်ဗျား ဘာမှ ကူညီစရာ မလိုဘူး၊ ဝိပဿနာမဂ်ရင့်ရင် သူ့ဟာသူဖြစ်လာတာပဲ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဧ၀ံ - ဤသို့၊ ပရိပက္ကာ - ရင့်ကျက်သည်အားလျော်စွာ (မှန်ပါ့)။ ဒီဝိပဿနာမဂ်ဟာ ဘယ်လိုဖြစ်ဖို့ အရေးကြီးပါလိမ့် (ရင့်ကျက်ဖို့ အရေးကြီးပါတယ် ဘုရား)။ ရင့်ဖို့ အရေးကြီးတယ်နော် ဒကာ၊ ဒကာမတို့ (မှန်ပါ့ ဘုရား)။ ဘာအရေးကြီးပါလိမ့် (ရင့်ဖို့အရေးကြီးပါတယ် ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

ဩော် . . . ရင့်ဖို့ အရေးကြီးတယ် ဦးခင်မောင် (မှန်ပါ့)။ ဒါဖြင့် ဒါတွေဟာ ဒီခန္ဓာတွေကို ရတဲ့အခါကျလို့ရှိရင် မျက်လုံးရှုရှု၊ နားရှုရှု၊ သတိပဋ္ဌာန်ထဲက ခင်ဗျားတို့ ကြိုက်ရာ ရှုလိုက်လို့ရှိရင်ဖြင့် ဒီမဂ်ဟာ ဘာဖြစ်လာမယ် ထင်ကြသလဲ (ရင့်ကျက်လာမှာပါ ဘုရား)။ ဩော် . . . ရင့်လာမယ်နော် (မှန်ပါ့)။ ဦးခင်မောင် ရှုဖန်များရင် (ရင့်လာပါမယ် ဘုရား)။ အဲဒါကြောင့် အိမ်ကျတော့ ခန္ဓာစိုက်ကြည့်ပါတဲ့၊ ဝေဒနာကြိုက်တဲ့လူက ဝေဒနာ၊ စိတ်ကြိုက်တဲ့လူက စိတ်၊ ကြိုက်တာရှု (မှန်ပါ့)။ ကြိုက်တာရှုလိုက်လို့ရှိရင်ဖြင့် ခန္ဓာထဲမှာ ဖျပ်ဖျပ်နဲ့ ဟိုက ရွရွနဲ့ ဒီက ရွရွနဲ့ ဟိုစိတ်ကလေးပေါ်လာ၊ ဒီစိတ်ကလေးပေါ်လာနဲ့ မလာပေဘူးလား (လာပါတယ် ဘုရား)။အဲဒါကလေးတွေက ဘာပါလိမ့်မတုံး၊ ဘာပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့် ဒါကလေးတွေဟာ အနိစ္စတရားကလေးတွေ၊ ဒုက္ခတရားကလေးတွေ၊ အနတ္တတရားကလေးတွေ၊ ရောဂ တရားကလေးတွေ ဟုတ်လား၊ ဘယတရားကလေးတွေ၊ စာလိုတော့ များနေတယ်၊ စင်စစ်တော့ ဖြစ်ပျက်ကလေးတွေသာ တစ်လုံးတည်း နှလုံးသွင်းလိုက်တော့ (မှန်ပါ့)။ စာကတော့ ဒီနေရာ ဘုရားက ငါးချက်ဟောတယ် (မှန်ပါ့)။ ဖြစ်ပျက်ထဲ ဝင်တာပဲလို့မှတ် (မှန်ပါ့)။ သဘောကျပလား (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်တစ်လုံးတည်း ရှိတဲ့အတိုင်း ဒီဟာဝင်လာတာ (မှန်လှပါ)။ ဒီ့ပြင် ဘာဝင်လာသေးသတုံး (မဝင်လာပါ)။ ဖြစ်ပျက်တာ အနိစ္စ၊ ဖြစ်ပျက်တာ ဒုက္ခ၊ ဖြစ်ပျက်တာ အနတ္တ (မှန်ပါ့)။ ဖြစ်ပျက်တာ ရောဂ၊ ဖြစ်ပျက်တာ ဘယပဲ (မှန်ပါ့)။ ဒါ ကိုယ့်ခန္ဓာ ဘေးသင့်နေတာတွေကိုး (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ဒီဖြစ်ပျက်ပဲ ရှုပါလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တော့ သူရင့်လာပါလိမ့်မယ် (မှန်ပါ့)။ ဦးခင်မောင် ဘယ်သူရင့်လာမလဲ (ဉာဏ်ရင့်လာပါမယ်)။ ဉာဏ်ရင့်လာမယ်၊ ဝိပဿနာမဂ် ရင့်လာမယ် (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတွေ ဘာရင့်လာမယ် (ဝိပဿနာမဂ် ရင့်လာပါမယ် ဘုရား)။ ဝိပဿနာမဂ် ရင့်လာမယ်နော်၊ အဲဒီတော့ ဩော်၊ တပည့်တော်တို့ဘုရား ဝိပဿနာမဂ်ဆိုတော့ လောကုတ္တရာ မဟုတ်သေးဘူး၊ ဝိပဿနာမဂ်ပဲ ရှိပါသေးတယ်။ ဒါနဲ့များ သေသွားမယ်ဆိုရင်လည်း ဘာမှမပူနဲ့၊ ရှုရင်း သေသွားရင် မပူနဲ့ (မှန်ပါ့)။

ရှုရင်း သေသွားလို့ရှိရင်ဖြင့် နတ်ပြည်ရောက်ပါလိမ့်မယ် (မှန်ပါ့)။ နတ်ပြည်ရောက်တဲ့အခါကျတော့ နတ်သမီးရင်ခွင်ထဲမှာ သွားပြီး ထိုင်ရက်နဲ့ဖြစ်တယ် (မှန်ပါ့)။ ဒီဝမ်းထဲတော့ မရောက်တော့ဘူး (မှန်ပါ့)။ ကိုယ်ပေါ်မှာ ကလေးပွေ့သလိုပေါ့ဗျာ (မှန်ပါ့ ဘုရား)။

**(ဆက်ရန်)**

❒ ဓမ္မဒါန


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။


**ဟောခန်း** - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၇၅၀၁၀

**ဟောခန်းဖွင့်ချိန်** - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့၏ မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာပေါ်တွင် အလှဆုံးတိုင်းပြည်၊ ကမ္ဘာပေါ်တွင် နေချင်စရာအကောင်းဆုံး တိုင်းပြည်ဟူ၍ ညွှန်းပြခဲ့ကြပါသည်။ အကြောင်းရင်းကို ဆန်းစစ်လိုက်မည်ဆိုပါက စာရေးသူတို့ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများနှင့် ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ခြင်း။ စိုက်ပျိုးရန် မြေဆီမြေနှစ် မြေသြဇာများ ကောင်းမွန်ခြင်း၊ သင့်တင့်မျှတသော ရာသီဥတု ရှိခြင်း၊ ဘာသာတရားနှင့် အညီ ကျင့်ကြံနေထိုင်တတ်ကြခြင်းတို့ ကြောင့်ဟုဆိုပါက ငြင်းဆန်ဖွယ်ရာမရှိပါ။

သို့ရာတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်ခြင်း၊ ဘုရားကျောင်းကန်စေတီဇရပ်များ ပေါကြွယ်ဝခြင်း၊ သာသနာ၏အဆုံးအမအပေါ်၌ မွေ့လျော်ကြခြင်း၊ ထို့ထက် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကြကုန်သော ကကုသန္ဓမြတ်စွာဘုရား၊ ကောဏာဂမနမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားရှင်နှင့် ဂေါတမ မြတ်စွာဘုရားရှင်တို့၏ ဝတ္ထုပစ္စည်းများနှင့် ဆံတော်ဓာတ်တော်တို့ ကိန်းဝပ်ရာ ဖြစ်သော လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံကြောင့်ဟုဆိုရလျှင် ပို၍ ဆီလျော်အံဝင်မည်ဟု ထင်ပါသည်။

**ရွှေတိဂုံစေတီတော်၏သမိုင်းအကျဉ်း**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ (ဘီစီ ၆၀၀ခန့်)တွင် ဂေါတမဗုဒ္ဓဘုရားရှင်ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟ ၇-ဌာနတွင် လှည့်လည်စံမြန်းတော်မူစဉ် ဥက္ကလာပတိုင်းမှ တဖုဿနှင့်ဘလ္လိက အမည်ရှိ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား ကြည်ညိုစွာဖြင့် ပျားမုန့်ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြကုန်၏။

ထို့နောက် ဘုရားရှင်ထံမှဘုရားရှင်ကိုယ်တိုင် ပေးသနားတော်မူသော ဆံတော်မြတ်ရှစ်ဆူကိုပင့်ဆောင်လျက် ဥက္ကလာပတိုင်းသို့ ပြန်လည်ရောက်ရှိခဲ့ရာ ဥက္ကလာပမင်းကြီး အမှူးပြုပြီး တိုင်းသူပြည်သားများက ကြိုဆိုပူဇော်ခဲ့ကြသည်။

ဥက္ကလာပမင်းကြီး အမှူးပြုသော ဥက္ကလာပတိုင်းသားများသည် ရှေးယခင်ပွင့်တော်မူပြီးသော ကကုသန္ဓဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂမန ဘုရားရှင်၏ ရေစစ်တော်၊ ကဿပ ဘုရားရှင်၏ ရေသနုပ်တော် သင်္ကန်းနှင့် ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်ဆူကို သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာ၍ ဉာဏ်တော်အမြင့် ၆၆ ပေ၊ (၄၄ တောင်၊ ၂၀မီတာ)ရှိသော ရွှေတိဂုံစေတီတော်ကို တည်ထားပူဇော်ခဲ့သည်။ ပွင့်တော်မူပြီးသော ဗုဒ္ဓဘုရားလေးဆူတို့၏ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာစေတီ ဖြစ်သောကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဟု ဘွဲ့မည်ရသည်။

ခရစ်တော် မပေါ်မီ ၆ ရာစု (ဘီစီ ၆၀၀)ခန့်မှ ခရစ်နှစ် ၁၄ ရာစုအထိ ရွှေတိဂုံစေတီတော်ကို ဥက္ကလာပမင်း ၃၂ ဆက်တို့ကလည်းကောင်း၊ ခရစ်နှစ် ၁၃၇၂ ခုနှစ်မှစတင်၍ ဗညားဦးမင်း၊ ဗညားရန်မင်း၊ ဗညားကျန်းတောမင်း အစရှိသော ရှေးမင်းအဆက်ဆက်တို့ကလည်းကောင်း ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

ခရစ်နှစ် ၁၄၅၃ ခုနှစ်၊ ဘုရင်မကြီးရှင်စောပု လက်ထက်တွင် စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၃၀၂ ပေအထိ တိုးချဲ့တည်ဆောက်ပြီး ၁၇၇၄ ခုနှစ်၊ ဆင်ဖြူရှင်မင်း လက်ထက်တွင်




www.burmeseclassic.com

www.burmeseclassic.com



ဦးနိုက်ပုဇော် ရောင်ခြည်တော်

ထပ်မံကွန်မြူး ရောင်ခြည်ဦး





လက်ရှိ ဉာဏ်တော်အမြင့် ၃၂၆ ပေ၊ ၉၉. ၃၆ မီတာ တိုင်အောင် မြင့်တင်ပြုပြင်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး တည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ သိင်္ဂုတ္တရကုန်းတော်တွင် တည်ရှိ၏။ ကုန်းတော်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၉၀ပေ မြင့်၏။ ဉာဏ်တော်အမြင့်မှာ ၃၂၆ ပေ(၁၀၀ မီတာခန့်) ရှိ၏။ ဝတ္တကမြေအကျယ်အဝန်းမှာ ၁၁၄ ဧက(၆ ဟက်တာ) ဖြစ်ကြောင်း မှတ်သားရပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ လက်ရာကား ကြည်ညိုဖွယ် မဆုံးနိုင် လောက်အောင်တင့်မောသပ္ပာယ်လှတော့သည်။ စေတီတော်၏အင်္ဂါရပ်များ ဖြစ်ကြသောပစ္စယာများ၊ ကြည်းဝန်း၊ ခေါင်းလောင်း၊ ရင်စည်း၊သပိတ်မှောက်၊ဖောင်းရစ်များ၊ ကြာမှောက်၊ ရွှဲလုံးများ၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော် အစရှိသဖြင့် ပြည့်စုံလှပေ၏။

### ရွှေတိဂုံ၏စိန်ဖူးတော်

စိန်ဖူးတော်ကို ရောင်လျှံဟုလည်း ခေါ်ကြသည်။ စိန်ဖူးတော်သည် ငှက်မြတ်နား၏အထက် ပိန္နဲတိုင်ထိပ်ဖျားတွင် တင့်တယ်စွာ စံပယ်လျက် ရှိသည်။

စိန်ဖူးတော်ဟု ဆိုသည့်အတိုင်း စိန်ရွှေကျောက်များကို အင်္ဂုံအဖူးပြု၍ အတင့်အတယ်ဖြစ်အောင် စီမြုပ်ထားသော ပန်းထိမ် လက်ရာဖြစ်ခြင်း၊ စိန်ဖူးတော်မှ စိန် ရောင်, ရွှေရောင်, ပတ္တမြားရောင်, နီလာရောင်တို့သည် နေ့အခါ နေမင်းနှင့် အပြိုင် လင်းလျက်ရှိသည်။

ထို ကျောက်မျက်ရောင်စုံတို့၏ ရောင်ပြန်တို့ကို စေတီတော်ကြီးအား ခပ်လှမ်းလှမ်းမှဖူးရသောအခါ မြင်တွေ့နိုင်လေသည်။ ညအခါ ဆီမီးပူဇော်ထားသောအချိန်ဖြစ်ပါမူကား ရင်ပြင်တော်ရှိ အချို့ထောင့်များမှ နေ၍ မော်ကြည့်လျှင် ရဲရဲဝင်းဝင်း ပတ္တမြားအသွေးတို့ကို ဖူးရတတ်လေသည်။

စိန်ဖူးတော်၏လုံးရပ်မှာ အချင်း ၁၀လက်မခွဲ ရှိသည်။ စိန်ဖူးတော်သည် ကြုတ်ကဲ့သို့ အလုံးကြီး ပုံသဏ္ဌာန် ဖြစ်သည်။ အတွင်း၌အခေါင်းရှိသည်။ စိန်ဖူးဆီသို့ တက်သော ပိန္နဲတိုင်ကို ရွှေပြားကွပ်ထားလေသည်။

စိန်ဖူးတော်၏ ခါးလယ်တွင် စိန်တန်းသုံးတန်းရစ်၍ထားသည်။ စိန်ဖူးတစ်ခုလုံး၏ မျက်နှာပြင်အနှံ့အစပ်တွင် စိန်များ၊ ကျောက်ကောင်းကျောက်မြတ်များ၊ ကျောက်မျက်စီဒေါင်းရုပ်၊ လိပ်ပြာရုပ်၊ စေတီပုံ၊ ပန်းပွင့်ပုံ၊ သရဖူပုံတို့ကို အကွက်ကျကျ နေရာမလပ်အောင်ဖော်၍ထားလေသည်။ ဗုဒ္ဓရုပ်ပွားတော်ပုံ စီခြယ်၍ ထားသော အရုပ်များလည်း ရှိသည်။

စိန်လုံးရေအားဖြင့် ရတီ ၂၀၀၀ ကျော်ရှိ စိန် ၄၃၅၁ လုံး၊ အခြားကျောက်မျက် ၉၃ လုံးပါရှိသည်။ စိန်ဖူး၏ အထက်ဆုံးတွင်ကား ၇၆ ကာရက် (၈၃ ရတီ၊ ၁၂ ဘီဇွာ)ရှိသော စိန်ကြီး တစ်လုံးကို မြှုပ်၍ ထားလေသည်။ ဖိုခုံ လောက်ဆိုင် စိန်တုံးကြီးကို စိန်တန်း သုံးတန်းက မိုး၍ ကုပ်ထားသည်။

စိန်ဖူးတော်၏ အမြင့်မှာ ၂၂ လက်မ (၅၆ စင်တီမီ တာ)၊ အချင်းမှာ ၁၀. ၅ လက်မ(၂၇ စင်တီမီတာ) ရှိလေသည်။

၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့က စိန်ဖူးတော် တင်ပွဲနှင့် ပတ်သက်၍ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com

"ဧက်ခွေးအင်္ဂါ ခမ္မာနှစ်၊ မြန်မာ သက္ကရာဇ် ခေတ်ကောဇာ၊ တပေါင်း ပုဏ္ဏနေ့ဗုဒ္ဓါမှာ၊ ပရမေဥက္ကဋ္ဌာစိန်ရွှေများ" အစချီ ရှစ်ဆယ်ပေါ်တေးထပ်ကိုရေးစပ် ပူဇော်ခဲ့လေသည်။

**ရွှေတိဂုံ၏ငှက်မြတ်နားတော်**

ရွှေတိဂုံစေတီတော်၌ ဖူန်းလေး ဘုံ၏ ထိပ်ဆုံးဘုံမှ သုံးပေနှင့်နှစ်လက်မ မြင့်သောနေရာတွင် ငှက်မြတ်နားတော် ရှိသည်။

ငှက်မြတ်များ နားရာ ဖြစ်သော ကြောင့် "ငှက်မြတ်နား" ဟု ခေါ်တွင် ကြောင်း အဆိုရှိသည်။

ငှက်မြတ်နား၏အရင်းသည် ပိန္နဲ တိုင်ကိုစွပ်လျက် ဆုံလည်နှင့်ဘော တပ် ၍ထားသည်။ ဘောစေ့ (၁၈)လုံးခံ၍ ထားသဖြင့် လေတိုက်သောအခါ အရပ် မျက်နှာဆီသို့ လည်ပတ်လေသည်။ ငှက်မြတ်နား၏ အရှည်မှာ ပိန္နဲတိုင်မှ နေ၍ အစွန်းသို့ လေးပေနှင့် နှစ်လက်မ (၁၃၀ စင်တီမီတာ) ရှည်သည်။ ဖြက်မှာ အကျယ်ဆုံးနေရာတွင် ၂ ပေနှင့် ၆ လက်မ(၇၆ စင်တီမီတာ)ရှိ၏။ အလေး ချိန်အားဖြင့် ၉၂၄ ပေါင်(၄၁၉ ကီလို ဂရမ်)ရှိလေသည်။

တစ်နည်းအားဖြင့် ၃၃ ပိဿာ ခန့် ရှိ၏။ ထိုအလေးချိန်နှင့် ညီမျှစေရန် အစ်ဖက်မှ ၁၅ပိဿာခန့်ရှိ သံမဏိ ချောင်းဖြင့် ပြန်ထိန်းချိန်သီး ပြုလုပ် ချိတ် ထိန်းပေးထားသည်။

ငှက်မြတ်နားသည် စေတီ၏ အထွတ်တွင် စိန်ဖူးတော်နှင့်အတူ အဖိုး တန်ကျောက်မျက်ရတနာ အလွန်များ ပြားသော အစိတ်အပိုင်းကြီးဖြစ်သည်။ ...ပေါ်တွင် ရွှေပန်းရွှေခက်များ၊ ကျောက်ပန်းကျောက်ခက်များ၊ စိန် ...နှင့် ကျောက်စီ ရုပ်ပွားများဖြင့် ... ပြီး၏။

အဖိုးတန်နဝရတ်ကျောက်မျက် ...တွင် ပတ္တမြားလုံး၊ နီလာလုံး၊ ...များကို စိန်ကျောက်အမျိုးမျိုး ဖြင့် စီခြယ်မွမ်းမံထားလေသည်။ ဝင်း အိနေသော ရွှေစင်ရွှေသားပေါ်တွင် ကျောက်ကောင်းကျောက်မျက်ရောင်စုံ တို့ကို စီ၍မြှုပ်၍ ကွင်း၍ကွပ်၍ အရုပ် နှင့် အသီးအပွင့်များ ဖော်ထားသည်မှာ ထူးခြားဆန်းကြယ်သောမြန်မာ့အနုပညာ ပန်းထိမ်လက်ရာကိုဖော်ပြလျက်ရှိသည်။

စေတီတော်ကို ငြမ်းဆင်နေစဉ် တက်ရောက်၍ အနီးကပ်ဖူးမြင်ရသော ငှက်မြတ်နားတော်ကြီးသည် နေရောင် ခြည်အောက်တွင် ရောင်စုံတင့်တယ်စွာ ဖြင့် ပန်ရလှပေ၏။ ဆံတော်ရှင်စေတီ အတွက် အဖိုးမဖြတ်နိုင်သော ရတနာ ပန်းဆိုင်းကြီးကို ကြည်ညိုလွန်းသော သဒ္ဓါဟုန် အထုအထည်ဖြင့် ကပ်လှူ ပူဇော်ထားသည့် သဘောမှာ ထင်ရှား ပေါ်လွင်လှပေသည်။

ငှက်မြတ်နားတော်တွင် ကပ်လှူ ထားသော ရတနာပစ္စည်းတို့မှာ ရှေးမင်း အဆက်ဆက်တို့မှ. . တင်လှူခဲ့သည့် ကျောက်သံပတ္တမြား စသည့် အလှူဒါန များပါဝင်လေသည်။ ရတနာအစုစု၏ တန်ဖိုးမှာ အလွန်ကြီးမားလှသည်။

စိန်လုံးရေအားဖြင့် ၁၀၉၈လုံး၊ ရတီ ၂၄၀ကျော်နှင့် အခြားကျောက် မျက်လုံးရေ ၁၃၃၈ လုံး ပါဝင်သည်။

လက်ရှိ ငှက်မြတ်နားတော်ကြီး မှာ ၁၉၃၀ ပြည့်နှစ်တွင် ပြုတ်ကျသော ငှက်မြတ်နားကို ၁၉၃၁ ခုနှစ်တွင် ပြန်လည် ပြုပြင်၍ တင်လှူထားသော ငှက်မြတ်နားဖြစ်သည်။ ငှက်မြတ်နားနှင့် စိန်ဖူးတော်ကိုပြုလုပ်ပေးခဲ့သူမှာ ရန်ကုန် မြို့မှ ပန်းထိမ်ပညာရှင်ကြီး ဦးဘရင် ဖြစ်ကြောင်း မှတ်သားရပါသည်။

**ရွှေတိဂုံ၏ထီးတော်**

ရွှေတိဂုံစေတီတော်၏ ထီးတော် ကြီးမှာ ဘုံခုနစ်ဆင့်ရှိသည်။ အောက်ဆုံး ဘုံမှာ အကြီးဆုံးဖြစ်၍ အထက်သို့ စေတီပုံအတိုင်း အချိုးအစားညီညွတ်စွာ ဘုံအဆင့်ဆင့် သေးငယ်၍ သွားသည်။ ထီးတော်၏အမြင့်သည် ၁၆ ပေနှင့် ၃လက်မ ရှိသည်။ အောက်ဆုံးဘုံ၏ အချင်းမှာ ၁၄ ပေနှင့် ၁၁.၅ လက်မ ရှိသည်။ အထက်ဆုံးဘုံ၏ အချင်းမှာ ၃ပေနှင့် ၆(၁/၄) လက်မ ရှိသည်။ ထီးတော်ဘုံများကို ခွေထားသောသံ ပြားများမှာ ဖြက် ၁(၃/၄)လက်မ နှင့် အထူ လက်မဝက် ရှိ၏။ သံစိမ်းဖြင့်ပြု လုပ်ထားသည်။ ယင်းသံခွေများအပေါ် ၌ ကြေးပြားနှင့်ရွှေပြားများအုပ်၍ထား သည်။ ယင်းခွေများအပေါ်၌ ရှေးပန်း တည်းလက်ရာ၊ ပန်းထိမ်လက်ရာများကို ဖော်၍ထားသည်။

စေတီတော်ကြီး၏အထွတ်တွင် ထီးတော်၏အထက်ပိုင်း၌ ဆတ်သွားဖူး၊ ဆတ်သွားဖူး၏အထက်၌ ဖူန်းလေးဘုံ၊ ဖူန်းလေးဘုံ၏အထက်၌ ပိန္နဲတိုင်အစွန်း ပေါ်ထွက်၍ ငှက်မြတ်နားရှိသည်။ ငှက် မြတ်နားအထက်တွင် ရွှေဆည်းလည်း များချိတ်ဆွဲထားသော အဆင့်ရှိသည်။ ယင်း၏အထက်တွင်မှ စိန်ဖူးတော်ဖြစ် သည်။

စေတီများတွင် စေတီတစ်ဆူလုံး ၏ဝန်ကို ခံနိုင်စေရန် အချိုးအစားကျ တည်လုပ်ရသကဲ့သို့ ထီးတော်ကိုလည်း ဤသဘောအတိုင်း တည်လုပ်ထား၏။ ဤနည်းအားဖြင့် ထီးတော်ဘုံအဆင့် များသည် အထက်မှအောက်သို့ ဝန်ချိန် ကို အဆင့်ဆင့် လွှဲပြောင်းပေးထားလေ သည်။ ထီးတော်၏ဝန်ချိန်သည် ငှက် ပျောဖူးထိပ်ရှိ ပိန္နဲတိုင်ရင်းသို့ရောက် သည်။ သို့သော် ထိုနေရာတွင် ဝန်ပိ မနေဘဲ ငှက်ပျောဖူးပေါ်သို့ မျှ၍ဆင်း သည်။ ငှက်ပျောဖူး အထက်ပိုင်းတွင် ကြေးခွေကြီးလေးခွေ ပတ်၍ ထားပေး သည်။ ထိုခွေများပေါ်သို့ ထီးတော်မှ ဒေါက်များကို ထောက်ထားသည်။

**ရွှေတိဂုံပရိဝုဏ်မှ ထူးခြားထင်ရှား နေရာများ**

**(၁) ပတ္တမြားမျက်ရှင်ရုပ်ပွားတော်**

ရွှေတိဂုံစေတီတော်၏ အထက် ပစ္စယာ၌တည်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီးစေတီတော်



နေလဘုရား

ခရစ်နှစ် ၁၇၉၂ ခုနှစ်၌ ပထမ ဘိုးဘိုးအောင်တည်ခဲ့သည့် ရုပ်ပွားတော်ဖြစ်ကြောင်း မှတ်သားရပါသည်။ နဖူးတော်နှင့် မျက်လုံးတော်တို့တွင် ပတ္တမြားမျက်ရှင်ကိန်းဝပ်သဖြင့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်ဟု လူသိများကြ၏။ အဆိုပါ ရုပ်ပွားတော်ရှေ့၌ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် လိုရာဆန္ဒများ ပြည့်ဝကြသည်ဟု မှတ်သားရပါသည်။

**(၂) ကကုသန္ဓ မြတ်စွာဘုရား**

ကကုသန္ဓ ရုပ်ပွားတော်သည် ရွှေတိဂုံစေတီတော်ရင်ပြင်၏အရှေ့ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်စံပယ်လျက် ရှိပါသည်။

ကောဇာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် စဥ့်ကူးမင်းက ပဥ္စလောဟာ (ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ)စသည့် သတ္တုစပ်ဖြင့် သွန်းလောင်း ပူဇော်ခဲ့သည်ဟု ဆို၏။

ရုပ်ပွားတော်၏လက်ယာဘက် လက်တော်မှာ ပက်လက်အနေအထားရှိသည့်အတွက် လက်ပက်လက်ဘုရားဟူ၍လည်း ထင်ရှားလေသည်။

**(၃) ကောဏာဂမန မြတ်စွာဘုရား**

ကောဏာဂမန ရုပ်ပွားတော်အား ရွှေတိဂုံရင်ပြင်တော်တောင်ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ဂန္ဓကုဋိတိုက်၌ ပူဇော်ခံထားရှိသည်။ ကောဇာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် စဥ့်ကူးမင်းကပင် ပဥ္စလောဟာ(ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ) စသည့်သတ္တုစပ်ဖြင့် သွန်းလောင်းပူဇော်ခဲ့ပေ၏။

**(၄) ကဿပမြတ်စွာဘုရား**

ကဿပမြတ်စွာဘုရားရုပ်ပွားတော်မြတ်အား ရွှေတိဂုံရင်ပြင်တော် အနောက်ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ဂန္ဓကုဋိတိုက်တွင် ပူဇော်ခံထားရှိသည်။ အဆိုပါ ရုပ်ပွားတော်အား ကျောက်သားဖြင့် ထုဆစ်ထားခြင်း ဖြစ်ပေသည်။

**(၅) ဂေါတမမြတ်စွာဘုရား**

ဂေါတမမြတ်စွာဘုရားရုပ်ပွားပွားတော်အား ရွှေတိဂုံရင်ပြင်တော်မြောက်ဘက် အာရုံခံမုခ်ဦး အတွင်းရှိ ဂန္ဓကုဋိတိုက်တွင် ပူဇော်ခံထားရှိသည်။ ကောဇာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် စဥ့်ကူးမင်းကပင် ပဥ္စလောဟာ (ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ)စသည့်သတ္တုစပ်ဖြင့် သွန်းလောင်းပူဇော်ခဲ့ခြင်း ဖြစ်သည်။

**(၆) ပုံတူရွှေစေတီ**

၁၉၉၉ ခုနှစ်က ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေထီးတော်သစ် တင်လှူပူဇော်ခြင်း အထိမ်းအမှတ်အဖြစ် စေတီတော်မြတ်ကြီးနှင့် ပုံစံတူ အချိုးကိုက် ရွှေသားပုံတူစေတီကို သွန်းလုပ်ပူဇော်ခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော်မှာ ၄၅ လက်မ(၁၁၄. ၃ စင်တီမီတာ)ဖြစ်ပြီး ရွှေအလေးချိန်မှာ ၂၆. ၆၈ ပိဿာ(၃၆ ကီလိုဂရမ်)ဖြစ်လေသည်။

**(၇) ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်**

ဖားကန့်မြို့နယ်မှ ထွက်သော အထည်ကျောက်အမျိုးအစား ကျောက်စိမ်းတို့ဖြင့် ထုလုပ်ထားသော ရုပ်ပွားဆင်းတုဖြစ်၏။ ဉာဏ်တော်အမြင့်မှာ





www.burmeseclassic.com

www.burmeseclassic.com

၃၉ လက်မ(၉၉ စင်တီမီတာ)ဖြစ်ပြီး အလေးချိန်မှာ ၄၃၈ ပိဿာ(၃၂၄ ကီလိုဂရမ်)ရှိလေသည်။

## (၈) နေလဗုဒ္ဓရုပ်ပွားတော်

ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိတိုက်ထဲတွင် နေမင်းအထိမ်းအမှတ်အဖြစ် ဒေါင်းရုပ်နှင့် လမင်းအထိမ်းအမှတ် ယုန်ရုပ်များဖြင့် တန်ဆာဆင်ထားသောကြောင့် နေလဘုရားဟူ၍ ထင်ရှား၏။ အဆိုပါ နေလဗုဒ္ဓရုပ်ပွားတော်၌ အဓိဋ္ဌာန်ဝင်ကြသူများမှာ ဆုတောင်းပြည့်သည်ဟု ဆိုကြသည်။ နေ့စဉ် ပူဇော်ကြသူမစဲသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်လေသည်။

## (၉) ထီးတော်စေတီ

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ၁၈၇၁ ခုနှစ်က မင်းတုန်းမင်းတရားကြီး လှူခဲ့သောထီးတော်ကြီးမှာ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ဟောင်းနွမ်းဆွေးမြည့်ပျက်စီးလာသောကြောင့် ၁၉၉၉ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော်မှဦးဆောင်၍ တိုင်းရင်းသားလုပ်သားပြည်သူများ၏ ပေါင်းစုလှူဒါန်းမှုတို့ဖြင့် ရွှေထီးတော်သစ်ကို တင်လှူပူဇော်ခဲ့ပါသည်။

စေတီတော်မြတ်ကြီးတွင် မင်းတုန်းမင်းကြီးတင်လှူပူဇော်ခဲ့သော မူလထီးတော်ကြီးကို အများပြည်သူတို့ အနီးကပ် ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ၁၉၉၉ ခုနှစ်တွင် ထီးတော်ဟောင်းကို ထည့်သွင်းလျက် ထီးတော်စေတီအဖြစ် တည်ထားပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

## (၁၀) နောင်တော်ကြီးစေတီတော်

နောင်တော်ကြီး စေတီတော်သည် ရွှေတိဂုံရင်ပြင်တော်၏ အရှေ့မြောက်အရပ်၌ တည်ရှိပြီး ဉာဏ်တော်အားဖြင့် အမြင့်ပေ ၁၅၀၊ ၄၆ မီတာရှိပါသည်။ ဂေါတမဗုဒ္ဓဘုရားရှင်ထံမှရရှိသော ဆံတော်မြတ်ကို နောင်တော်ကြီးတဖုဿက ပင့်ဆောင်၍ တည်ထားပူဇော်ထားခြင်းကြောင့် နောင်တော်ကြီးစေတီဟု ခေါ်ဝေါ်ကြောင်းသိရပါသည်။

အလောင်းမင်းတရားကြီး၏ သားတော် ဒီပဲယင်းမင်း(ကန်တွင်း စည်းခုံ ဒါယကာနောင်တော်ကြီး) ခရစ်နှစ် (၁၇၆၀-၆၃)လက်ထက်တွင်လည်းကောင်း၊ ရွှေဘိုမင်း(ခေါ်)သာယာဝတီမင်း၏နောင်တော်ဖြစ်သော ရတနာပူရစတုတ္ထမြို့တည် စစ်ကိုင်းမင်း၊ ခရစ်နှစ် (၁၈၁၉-၃၈)လက်ထက်တွင်လည်းကောင်း ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ထီးတော်မှစ၍ ပြိုကျပျက်စီးခဲ့သဖြင့် မော်လမြိုင်မြို့၊ ကတိုးရွာ၊ မှိုင်းလုံးကြီး သစ်တောအုပ်မင်း ဦးမွန်ထော်၊ ဒေါ်ဖွား(ထီးတော်ရုံတန်ဆောင်းအမ)တို့က ထီးတော်၊ ငှက်မြတ်နားတော်တင်လှူခြင်း၊ အုတ်အင်္ဂတေမွမ်းမံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် စေတီတော်အဖွဲ့က ထီးတော်အသစ်တင်လှူခဲ့သည်။

ခရစ်နှစ် ၂၀၀၀ပြည့်နှစ်တွင် နိုင်ငံတော်မှ ဘက်စုံပြုပြင်မွမ်းမံပြီး ကိုယ်လုံးတော်ပြည့်အောင် ကြေးပြားကပ်လှူပူဇော်ခဲ့ပါသည်။

## (၁၁) စဉ့်ကူးမင်း ခေါင်းလောင်း

ကောဇာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် စဉ့်ကူးမင်းက ပဉ္စလောဟာ(ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ)တို့ဖြင့် သွန်းလုပ်လှူဒါန်းခဲ့သော ခေါင်းလောင်းတော်ဖြစ်သည်။ ခေါင်းလောင်းတော်၏ဘွဲ့မည်မှာ မဟာဃဏ္ဍာဟူ၍ဖြစ်၏။အလေးချိန်အားဖြင့် ၁၅၅၅၅ ပိဿာ၊ ၂၄ တန်၊ ၂၄၀၀၀ ကီလိုဂရမ်ရှိ၏။ အမြင့် ၇ပေ၊ ၈လက်မ (၂. ၁၃ မီတာ)ရှိပြီး အချင်းမှာ ၆ပေ (၂. ၀၅ မီတာ) ဖြစ်လေသည်။

## (၁၂) ဓမ္မစေတီကျောက်စာ

ခရစ်နှစ် ၁၄၃၅ ခုနှစ်တွင် ဓမ္မစေတီမင်းရေးထိုးခဲ့သော ရွှေတိဂုံစေတီတော်သမိုင်းကျောက်စာဖြစ်သည်။ မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာဖြင့်ရေးထိုးထားသည်။ မူလက ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်စောင်းတန်း၊ မြောက်ဘက် အလယ်ပစ္စယာ၌ တည်ရှိသည်။ ခရစ်နှစ် ၁၉၈၄ ခုနှစ်တွင် ရင်ပြင်တော်တနင်္ဂနွေထောင့်(လက်ရှိနေရာ)သို့ ပြောင်းရွှေ့ပြီး ကျောက်စာတိုက်ဆောက်လုပ်ခဲ့သည်။ ဖတ်၍ရသမျှတို့အား မွန်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာစကားတို့ဖြင့် ပြန်လည်ရေးသားထားသည်။

## (၁၃) ဗောဓိညောင်များ

ရွှေတိဂုံစေတီတော် ရင်ပြင်၌ ဗောဓိညောင်ပင်ပေါင်း ၅၀ ရှိပါသည်။ ဗုဒ္ဓဘုရားရှင်၏ကိုယ်စားပြု ပရိဘောဂစေတီအဖြစ် ပူဇော်ကြကုန်၏။

ရွှေတိဂုံစေတီတော် ညောင်ရေသွန်းပွဲတော်ကို ရင်ပြင်တော်၌ အင်္ဂါထောင့်အရပ်ရှိ ဗောဓိညောင်၌ ကျင်းပ၏။ ထိုဗောဓိညောင်ကို မယ်ဒက် ဆရာတော်ဘုရားကြီးသည် ၁၉၂၆ ခုနှစ်တွင် စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။ ပူပြင်းခြောက်သွေ့လှသည့် နွေရာသီကာလ၊ ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းပွဲ တော်ကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပပြီး မဟာဗောဓိညောင်ပင်များ ညှိုးလျော်ခြင်းမရှိအောင် ညောင်ရေသွန်းလောင်းကြလေသည်။

## (၁၄) မဟာဗုဒ္ဓဝင်ပြခန်း

မဟာဗုဒ္ဓဝင်ပြခန်းကို ရွှေတိဂုံစေတီတော်၏အနောက်မြောက်အရပ် အောက်ပစ္စယံ၌ ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပြီး အများပြည်သူတို့ ကြည်ညိုနိုင်ကြစေရန် ဖွင့်လှစ်ပြသခဲ့သည်။

ပြခန်းမအတွင်းဘက်၌ ဂေါတမဘုရားအလောင်းတော် မဖြစ်မီ ပါရမီတော်ဖြန့်ကြက်ပုံပြကွက်များ၊ ဘုရားအလောင်းတော် ပဋိသန္ဓေ ယူသည်မှ ဘုရားဖြစ်ပြီးနောက် ဝေနေယျသတ္တဝါများအား ချေချွတ်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူသည်မှ ယနေ့ကာလအထိ ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားမျက်ရှင်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကကုသန်မြတ်စွာဘုရား



ကောဏာဂုံမြတ်စွာဘုရား



ကဿပမြတ်စွာဘုရား



ဂေါတမမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



စဉ့်ကူမင်းခေါင်းလောင်းတော်

သာသနာတော်အား ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို ပန်းချီ၊ ပန်းပု၊ ရုပ်လုံးရုပ်ကြွများတွင် ရောင်စုံလျှပ်စစ်မီး၊ အသံတို့ဖြင့် ပေါင်းစပ်ပြသထားသည်။

(၁၅) ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်

ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်သည် ရွှေတိဂုံစေတီရင်ပြင်၏ အနောက်မြောက်အရပ်တွင်တည်ရှိသော သုံးထပ်အဆောက်အအုံ ဖြစ်သည်။

အပေါ်ဆုံးအထပ်တွင် ခေတ်အဆက်ဆက်မှ စေတီတော်မြတ်ကြီးသို့ လှူဒါန်းထားသော သာသနိကပစ္စည်းများ၊ အနုပညာလက်ရာများကိုလေ့လာကြည်ညိုနိုင်ရန် ပြတိုက် ဖွင့်လှစ်ထားသည်။

အလယ်ထပ်တွင်မူ ရွှေတိဂုံစေတီတော်ဆိုင်ရာ ဗုဒ္ဓသာသနာတော်ဆိုင်ရာ စာအုပ်များကို ဖတ်ရှုနိုင်ရန် ပိဋကတ်တိုက် ဖွင့်လှစ်ပြသထားသည်။ အောက်ဆုံးထပ်တွင် စေတီတော်ဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရန် မော်ကွန်းတိုက်ဖွင့်လှစ်ထားသည်။

## ကြည်ညိုအံ့ဖွယ်အလုံးစုံ မြတ်ဘုရားတည် ရွှေတိဂုံ

ကမ္ဘာ့အလယ်၌ မြန်မာနိုင်ငံဟူ၍ ထင်ရှားရခြင်း အကြောင်းရင်းများအနက် ကြည်ညိုအံ့ဖွယ်ရာ ကောင်းလှသည့် ရွှေတိဂုံဘုရားသည်လည်းအချက်အချာနေရာကျပါ၏။

စေတနာရှင်၊ ကုသိုလ်ရှင်များမှာလည်း ရွှေတိဂုံကို ကြည်ညို၍ မဆုံးဘာသာရေးအသင်းအဖွဲ့များ၊ သန့်ရှင်းရေးအဖွဲ့များကလည်း အခါမလပ်စေတီတော်ဂေါပကရုံးအဖွဲ့နှင့် ပူးပေါင်းကာကုသိုလ်ယူကြလျက် ရှိ၏။

ကဆုန်လပြည့်နေ့ ရောက်လျှင်ညောင်ရေသွန်းလောင်းပွဲ၊ တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် မသိုးသင်္ကန်းလှူဒါန်းပွဲ၊ တပေါင်းလပြည့်နေ့ ရောက်လျှင် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဝှဲချီးကျင်းပကြကုန်၏။

ဗုဒ္ဓဘာသာဝင်များကလည်း ရဟန်းခံရှင်ပြုပွဲများ ကျင်းပသည့်အခါ ရွှေတိဂုံရင်ပြင်တော်၌ ရှင်လောင်းလှည့်ကြသည်မှာ ကြည်နူးစဖွယ် ကောင်းလှပေသည်။

မြန်မာပြည်၏ရန်ကုန်မြို့၌ ကိန်းဝပ်စံပယ်နေသော ရွှေတိဂုံစေတီတော်ကြီးသို့ လာရောက်နိုင်သည့် လမ်းလေးသွယ်ကိုဖော်ပြရလျှင် ရွှေတိဂုံဘုရားလမ်း၊ ကန်တော်မင်္ဂလာလမ်း၊ အာဇာနည်လမ်း တောင်ဘက်မုခ်ဘက်မှလည်းကောင်း၊ အာဇာနည်လမ်း, ကြားတောရလမ်းရှိ အရှေ့ဘက်မုခ်၊ အာဇာနည်လမ်းမှ မြောက်ဘက်မုခ်၊ ဦးဝိစာရလမ်းရှိ အနောက်ဘက်မုခ် စသည်စသည့် မုခ်များမှ ခြေကျင်တက်၍သော်လည်းကောင်း၊ စက်လှေကား အသုံးပြု၍လည်းကောင်း တက်နိုင်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

❒ **သုတေသီဆရာငြိမ်း**

**ကျမ်းကိုး**

- မြတ်ဘုရား ရွှေတိဂုံ (မောင်ဆုရှင်)
- ရွှေတိဂုံစေတီတော် (ရောင်စုံလက်ကမ်းစာစောင်)






www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်မှ ဝိဇ္ဇာတန်ဆောင်း

ညွန့်မောင်ဦး



ရသေ့တောင် ကဿာသယ ရသေ့ကြီးဦးသာအေးနှင့် စစ်ကွင်းမြို့ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့အကျိုးဆောင် ဦးစန္ဒောဘာသနှင့် တပည့် ဒါယကာ၊ ဒါယိကာမတို့ ကောင်းမှု၊ နတ်လူသာခု ခေါ်စေသော်"ဟူ၍ တန်ဆောင်းအဝင်ဝ အပေါ်ဘက်မှာ ကမ္ပည်းထိုးထားပါသည်။

ဒီဆောင်းပါးမှာ အဓိက ဖြစ်သော စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသနှင့် ကဿာသယ ရသေ့ကြီးဦးသာအေးတို့အကြောင်းကို ဆောင်းပါးအလယ်မှာ ဖော်ပြပါမည်။

လွန်ခဲ့သောနှစ်ပေါင်း (၅၀)လောက်က ဝိဇ္ဇာတန်ဆောင်းမှာ ဒဂုံဝတ်အဖွဲ့ ရှိပါသည်။ ဝတ်အဖွဲ့ခေါင်းဆောင်မှာတောင်ဘက်စောင်းတန်း ဈေးအဖွဲ့မှ ဦးကျော်ညွန့် ဖြစ်သည်။ ဦးကျော်ညွန့် ကွယ်လွန်ပြီးနောက် ဦးစိုးသိန်းက ဝိဇ္ဇာတန်ဆောင်းကို စောင့်ရှောက်သည်။

ဝိဇ္ဇာတန်ဆောင်းမှာ ရွှေတိဂုံစေတီတော်ကြီး ရင်ပြင်တော်ပေါ်ရှိ ဝတ်များ၊ တန်ဆောင်းများထဲတွင် ရှေးဟောင်းသမိုင်းဝင် တန်ဆောင်းတစ်ခု ဖြစ်ပါသည်။ တန်ဆောင်းတည်ရှိရာ နေရာမှာ ရင်ပြင်တော် သောကြာထောင့် မြောက်ဘက်ခြမ်း လူသွားလမ်းဘေးမှာ ရှိပါသည်။

ဝိဇ္ဇာတန်ဆောင်းအမည်နှင့် လိုက်ဖက်အောင် တန်ဆောင်းရှေ့ အဝင်ဝမှာ ဝိဇ္ဇာရုပ်တုကြီး နှစ်ရုပ် ဘယ်ညာမှာ ပြုလုပ်ထားသည်။ အဓိပ္ပာယ်မှာ ရှေးအခါက ဝိဇ္ဇာဓိုရ်များ နေးရာ တန်ဆောင်းဟု ဆိုကြသည်။

ဝိဇ္ဇာတန်ဆောင်းကို ယခု ဘက်စုံပြုပြင်ရေးအဖွဲ့မှ အသစ်မွမ်းမံ ပြုပြင်သောအခါ အလှူရှင်မှာ "ကျိုက်ထီးရိုး



ဝိဇ္ဇာတန်ဆောင်း အဝင်မုခ်ဦး


www.burmeseclassic.com



ဝိဇ္ဇာတန်ဆောင်းအတွင်းမှ အလယ်တွင်ရှိသည့် ဗုဒ္ဓဆင်းတုတော်နှင့်
လက်ယာဘက်ရှိ ဗုဒ္ဓဆင်းတုတော်၊ လက်ဝဲဘက်ရှိ ဗုဒ္ဓဆင်းတုတော်

www.burmeseclassic.com


www.burmeseclassic.com





<u>ဝိဇ္ဇာတန်ဆောင်းမြင်ကွင်းနှင့် အောက်ဘက်အဝင်မုခ်ဦးရှိ လမ်းညွှန်ဝိဇ္ဇာဖော်ကျီရုပ်တု</u>





ဦးစိုးသိန်းလည်း ရဟန်းဝတ်နှင့် ပျံလွန်သွားပါသည်။ ဦးစိုးသိန်းမှာ ယခု ကုန်းတော်ပတ်လမ်းမှာရှိသော "ဝါဆိုချောင်း" ကို တည်ထောင်သူလည်း ဖြစ်သည်။

ဦးကျော်ညွှန့်နှင့် ဦးစိုးသိန်းတို့ မရှိကြသောအခါ တောင်ဘက်စောင်းတန်း ဈေးအဖွဲ့မှာ "တောင်ဘက်စောင်းတန်း ဗုဒ္ဓဝေယျာဝစ္စအဖွဲ့" အမည်နှင့် ရွှေတိဂုံစေတီတော်ကြီးမှာ တခြားအသင်းများနည်းတူ ဘုရားကြီး၏ ဝေယျာဝစ္စကို ယခုချိန်ထိ ပါဝင်ဆောင်ရွက်နေပါသည်။ တောင်ဘက်စောင်းတန်းဈေးရှိ ဈေးဆိုင်ပေါင်း (၂၅၀)မှာ အသင်းသား၊ အသင်းသူများ ဖြစ်ကြပါသည်။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှလည်း ဘာသာရေး အသင်းတစ်သင်းအဖြစ် အသိအမှတ်ပြုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာတန်ဆောင်းအတွင်း လက်ယာဘက်ရှိ ရုပ်ပွားတော်သုံးဆူနှင့် လက်ဝဲဘက်ရှိ ရုပ်ပွားတော်သုံးဆူ





www.burmeseclassic.com

www.burmeseclassic.com





ဝိဇ္ဇာတန်ဆောင်းအတွင်းရှိ ဝိဇ္ဇာဝိုမ်များနှင့် ထွက်ရပ်ပေါက် ဘိုးတော်များ





ဝိဇ္ဇာတန်ဆောင်းအကြောင်း ဆက်ရေးရလျှင် ရွှေတိဂုံ
တော်ကြီးတစ်ဝိုက်နှင့် ရင်ပြင်တော်ပေါ်ရှိ ဝတ်များ၊
ဆောင်းများ၊ ဂူဘုရားများ၊ နတ်ရုပ်၊ ဗြဟ္မာရုပ်များ၊ ဘိုး
ရုပ်များ၊ ယက္ခရုပ်များ၊ နဂါးရုပ်များ၊ ဂဠုန်ရုပ်များ၊ ဝိဇ္ဇာ
ရုပ်များမှာ သူ့အကြောင်းနှင့်သူ ထူးခြားမှု ရှိကြပါ

အဘယ်ကြောင့်ဆိုသော် ရွှေတိဂုံစေတီတော်ကြီးမှာ နောက်ဆုံးပွင့်တော်မူသော ဂေါတမဘုရားရှင်၏ ဆံတော်မြတ် ရှစ်ဆူနှင့် ပွင့်တော်မူပြီးကြသော ကကုသန်၊ ကောဏဂုံ ကဿပဘုရားရှင်တို့၏ တောင်ဝှေးတော်၊ ရေသနုပ်တော်နှင့် ရေစစ်တော်တို့ကို စုပေါင်း၍ ဌာပနာထားသော စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်သည့်အပြင် ဂေါတမဘုရား ပွင့်တော်မူစ



www.burmeseclassic.com

www.burmeseclassic.com

အစောဆုံး အဦးဆုံး တည်ထားသော စေတီတော်မြတ်ကြီး ဖြစ်၍ အနီးအနားမှာရှိကြသော စေတီတော်များ၊ ရုပ်ပွား တော်များ၊ ဂူဘုရားများ၊ ဝတ်များ၊ တန်ဆောင်းများ၊ သိကြား မင်းရုပ်တု၊ ဘိုးဘိုးကြီးရုပ်တု၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ ယက္ခရုပ် များ ထူးခြားမှုရှိကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထူးခြားမှုရှိကြ၍လည်း သုတေသီများနှင့် စာပေပညာ ရှင်များက မိမိတို့ လေ့လာသိရှိသမျှ စေတီတော်မြတ်ကြီး သမိုင်းကြောင်းနှင့် ရုပ်ပွားတော်များအကြောင်း၊ ဂူဘုရားများ အကြောင်း၊ ဝတ်များ တန်ဆောင်းများအကြောင်း တို့ကို ရေးသားတင်ပြနေကြပါသည်။

ဝိဇ္ဇာတန်ဆောင်းမှာ ရွှေတိဂုံစေတီတော်ရှိ နောင် တော်ကြီးစေတီ၏ အနောက်ဘက်မုခ်ဝမှာ တည်ထားသော တန်ဆောင်းဖြစ်သည်။ နောင်တော်ကြီးစေတီတော်၏ တောင် ဘက်မုခ်ဝမှာ ရှင်အဇ္ဇဂေါဏတန်ဆောင်း ရှိသည်။ အရှေ့ ဘက်မုခ်ဝမှာ ရှင်အရဟံတန်ဆောင်းရှိပြီး မြောက်ဘက်မုခ်ဝ မှာ ရှင်မထီးတန်ဆောင်း ရှိပါသည်။ ထိုဖော်ပြသော တန် ဆောင်းများ အတွင်းမှာ တန်ခိုးကြီးသမိုင်းဝင် ရုပ်ပွားတော် မြတ်များ ကိန်းဝပ်တော်မူပါသည်။

ကျွန်တော် ယခုတင်ပြမည်ဖြစ်သော ဝိဇ္ဇာတန်ဆောင်း မှာ တန်ဆောင်းအနေအထား ကျဉ်းသော်လည်း တန်ဆောင်း ၏ ထူးခြားချက်မှာ တန်ဆောင်း၏အပြင်ဘက် မျက်နှာစာ ထိပ်ပိုင်းမှာ အင်းပုံတော်နှင့် ဝေသာဒါကူ၊ ကုဝေဒါသာ ဂါထာ ကို ဖော်ပြထားပါသည်။

တစ်ဖန် တန်ဆောင်းအတွင်းဘက် လက်ယာဘက်မှာ ရုပ်ပွားတော် ထိုင်တော်မူ သုံးဆူ၊ လက်ဝဲဘက်မှာ သုံးဆူနှင့် ရှေ့တည့်တည့်မှာ သုံးဆူ ပေါင်း ရုပ်ပွားတော် ကိုးဆူရှိသည်။ ထိုရုပ်ပွားတော် ကိုးဆူအနက် အရှေ့ဘက် အလယ်တည့် တည့်မှ ရုပ်ပွားတော်ကြီးမှာ နဖူးသင်းကျစ်တော်တွင် ဆံတော် ရှင်ငါးဆူ၊ ဝမ်းဗိုက်တော်တွင် ဓာတ်ရှင်တော်တစ်ဆူ ကိန်းဝပ် လျက်ရှိပါသည်။

ထိုရုပ်ပွားတော်ကြီးကို ဝိဇ္ဇာများဖြစ်ကြသော ပထမံ ဘိုးဘိုးအောင်၊ သိဒ္ဓိပေါက် ပုဂ္ဂိုလ်များ ဖြစ်ကြသော ဣန္ဒြာ သယ ဘိုးဘိုးဦးဣန္ဒြာသဖ၊ စစ်ကွင်းဆရာတော် ဦးစန္ဒော ဘာသ စသော ဝိဇ္ဇာမိုရ်များ စီစဉ်၍ တည်ထားကြသည့် ရုပ်ပွားတော်ကြီးဖြစ်သည်ဟု မှတ်သားဖူးပါသည်။

ဝိဇ္ဇာမိုရ်ကြီးများ စုဝေးရာ နေရာဖြစ်၍ ဝိဇ္ဇာတန် ဆောင်းဟု အမည်တွင်နေခြင်းဖြစ်သည်။ ရုပ်ပွားတော်မြတ် ကြီး၏ ဘွဲ့တော်ကိုလည်း "မနောမယ နဝင်းသိဒ္ဓိအောင်" ဟူ၍ ပေးထားခဲ့ကြပါသည်။ ဝိဇ္ဇာမိုရ်များ တည်ခဲ့သော ရုပ် ပွားတော်ကြီးဖြစ်၍လည်း ဝိဇ္ဇာတန်ဆောင်းတွင်းရှိ ထိုရုပ်ပွား တော်ကြီးရှေ့မှာ အဓိဋ္ဌာန်ပုတီး စိပ်သူများ၊ ပွဲလာတင်သူများ နှင့် စည်ကားနေပါသည်။

ဝိဇ္ဇာတန်ဆောင်းနှင့် ပတ်သက်၍ ကျွန်တော့်အတွေ့ အကြုံကို ပြောရလျှင် ကျွန်တော်လူငယ်ဘဝက ဆရာတော် ဦးစန္ဒောဘာသကို မြင်ဖူး သိဖူးပါသည်။ ဆရာတော်၏ တပည့် နှစ်ပါးနှင့်လည်း သိပါသည်။ ဆရာတော် ဦးစန္ဒောဘာသမှာ အင်းပညာတော်သည်ဟု လူတွေ ပြောကြသည်။ ထိုအချိန်က ကျွန်တော့်မှာ လူငယ်ဖြစ်၍ အင်းပညာကို စိတ်မဝင်စားပါ။ သူငယ်ချင်းတစ်ယောက် ခေါ်သွား၍ ဆရာတော်နားကို ရောက်ဖူးသည်။

ဆရာတော်မှာ စစ်ကွင်းမြို့မှာ ကျောင်းရှိသော်လည်း ဝိဇ္ဇာတန်ဆောင်းမှာပင် အနေများပါသည်။ ဆရာတော်မှာ အသားညိုညို ဝဝဖြစ်သည်။ ထိုအချိန်က ကုန်းတော်ပေါ်မှာ ညအိပ်ခွင့်ရှိ၍ ကျွန်တော့်သူငယ်ချင်းမှာ မကြာခဏ ဆရာ တော်ကို သွားနှိပ်ပေးပါသည်။ ထိုအချိန်က ဆရာတော့်အနား ကို တခြားသူများ ဝင်ထွက်နေသည်ကိုလည်း တွေ့ရပါသည်။ ဆရာတော်၏တပည့် ဦးပဥ္စင်းနှစ်ပါးနှင့်တော့ ကျွန်တော် ခင်ပါသည်။ ဦးပဥ္စင်း နှစ်ပါးအနက် တစ်ပါးမှာ လူဝတ်လဲပြီး စမ်းချောင်းဘက်မှာ အိမ်ထောင်ကျနေပါသည်။

ထိုဦးပဥ္စင်း လူထွက်မှာ ဆရာတော်၏ တပည့်ရင်း ဖြစ်၍ အင်းပညာတတ်သည်ဟု သိရပါသည်။

ကြုံကြိုက်၍ပြောရလျှင် ရွှေတိဂုံစေတီတော်မှ အံ့ဖွယ် ထူးဆန်းစာအုပ်ကို ရေးသားသော ဆရာဟာဝိုင်ရီစိုးဝင်းမှာ ဘုရားပေါ်မှာ ပုတီးလာစိပ်တိုင်း ကျွန်တော့်ဆီ ဝင်သည်။ ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်မှာ သူသိလိုသော ဘုရားများ အကြောင်း ကျွန်တော့်ကို မေးသည်။

ကျွန်တော်ကလည်း သိသမျှပြောပြသည်။ သူ့စာအုပ် ထွက်လာသောအခါ ကျေးဇူးတင်ထိုက်သောသူများကို ဖော် ပြရာ ကျွန်တော့်နာမည် ပါသည်ကို တွေ့ရသည်။ စာအုပ်က လည်း ရောင်းကောင်းသော စာရင်းဝင်(၁၀)အုပ်ထဲမှာ ပါသွား သည်။ ကျွန်တော် ဝမ်းသာပါသည်။

နောက်တစ်ဦးကိုလည်း ကူညီပေးဖူးပါသည်။ ထိုဆရာ ကျွန်တော့်ကို ကျေးဇူးပြန်ဆပ်သည်က ကျွန်တော်ရေးသော စာအုပ်ထဲမှ စာပိုဒ်ကို ပြန်ထောက်ပြသည့်အနေဖြင့် သူ့ စာအုပ်မှာ ဖော်ပြထားပါသည်။

ဆက်ပြီးရေးရလျှင် ဆရာဟာဝိုင်ရီစိုးဝင်း ဝိဇ္ဇာတန် ဆောင်းနှင့် အင်းအကြောင်း မေးသောအခါ ကျွန်တော် ဆရာ တော်ကြီး၏ တပည့်ဆီကို လိပ်စာပေးပြီး မေးခိုင်းသည်။ ယခု သိမ်တော်ကြီးဘုရားကျောင်းမှာ သီတင်းသုံးနေသော ဆရာ တော် ဦးဇာဂရထံကိုလည်း ညွှန်ပေးပါသည်။

ဆရာတော် ဦးဇာဂရမှာ စစ်ကွင်းဆရာတော် ဦးစန္ဒော ဘာသ၏ တပည့်ဖြစ်ပြီး ဝိပဿနာတရားကိုသာ အားထုတ် နေပါသည်။ ဆရာတော် ဦးဇာဂရမှာ လူဝတ်မလဲဘဲ ဆရာ တော် ဦးစန္ဒောဘာသနှင့် အတူနေပါသည်။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒောဘာသ စစ်ကွင်းမြို့ကို ခေတ္တပြန်ကြွပြီး စစ်ကွင်းကျောင်းမှာ ပျံလွန်တော်မူသွားသောအခါ တပည့်ရင်းဖြစ်သူ လူပျံတော်က ကိုယ်တိုင်သွားရောက်ပြီး ဂူသွင်းသဂြိုဟ်ပေးပါသည်။ ဦးစန္ဒောဘာသ ပျံလွန်တော်မူပြီးနောက် တပည့်ဖြစ်သူ ဦးဇာဂရမှာ ကုန်းတော်ပေါ်ရှိ ဝိဇ္ဇာတန်ဆောင်းမှာပင် သီတင်းသုံးနေပါသည်။

ဒီလိုနှင့် နှစ်တွေကြာပြီး စနစ်တွေပြောင်းလာသောအခါ ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်ရှိ ဝတ်များ၊ တန်ဆောင်းများအတွင်းမှာ ညမအိပ်ရ အမိန့်ထွက်လာပါသည်။ ထိုအမိန့်ကြောင့် လူပုဂ္ဂိုလ်များ ညမအိပ်ကြသော်လည်း ဆရာတော်ဦးဇာဂရမှာ ရဟန်းတော်ဖြစ်၍ ရင်ပြင်တော်မှ မဆင်းဘဲ နေမြဲနေရာမှာပင် သီတင်းသုံးနေပါသည်။

ထိုအခါ တာဝန်ရှိ ဂေါပကတစ်ဦးက ထိုဘုန်းကြီးခေါင်းကြောမာသည်။ ကုန်းတော်ပေါ်က မဆင်းလျှင် သူနေသော အခန်းကို ချိပ်ပိတ်လိုက်ဟု အမိန့်ပေး၍ ဝန်ထမ်းများက ဆရာတော် ဦးဇာဂရအခန်းကို ချိပ်ပိတ်ထားလိုက်ပါသည်။ ဆရာတော်ဦးဇာဂရမှာ တစ်နေ့နှင့်တစ်ည ချိပ်ပိတ်ခံနေရစဉ်မှာလည်း မိမိတရားကိုသာ ရှုမှတ်နေပါသည်။

ထိုသတင်းကို စမ်းချောင်းမှာနေသော လူပြန်တော်ကြားရသောအခါ ကုန်းတော်ပေါ်ကို တက်လာပြီး ဘုရားဝတ်ပြုသည်။ ဝတ်ပြုပြီးသောအခါ ပျံလွန်တော်မူသွားပြီဖြစ်သော ဆရာတော် ဦးစန္ဒောဘာသကို တိုင်တည်ပေးလိုက်ရာ ဆရာတော်ဦးဇာဂရကို သက်ဆိုင်ရာက တံခါးဖွင့်ပေးလိုက်ပါသည်။ ဆရာတော်ဦးဇာဂရမှာ အပြင်ဘက်ရောက်လာသော်လည်း သီတင်းသုံးစရာ ကျောင်းမရှိပါ။ ထိုအချိန်မှာ ဦးဇာဂရနှင့်အတူ သီတင်းသုံးခဲ့ဖူးသော လူပြန်တော်က အကြံပေးပါသည်။ ထိုပုဂ္ဂိုလ် အကြံပေးသည့် ထိုအချိန်က အတွင်းရေးမှူး(၁)ဖြစ်သူမှာ ကုန်းတော်ပေါ်မှာ ဘက်စုံပြုပြင်နေသော တန်ဆောင်းများကို လာရောက်စစ်ဆေး ကြည့်ရှုနေချိန်ဖြစ်သည်။ လူပြန်တော်က အတွင်းရေးမှူး(၁) ရောက်နေမှန်းသိ၍ ဦးဇာဂရကို အကြံပေးပါသည်။

"ကိုယ်တော်ဘုရား၊ ယခု ကုန်းတော်ပေါ်မှာ အတွင်းရေးမှူး(၁) ရောက်နေတယ်၊ ကိုယ်တော် နေစရာတောင်းကြည့်မလား"

"တောင်းကြည့်လို့ အဆင်ပြေပါ့မလား"

"တောင်းကြည့်ပါ၊ အဆင်ပြေနိုင်ပါတယ်၊ တခြားလူတွေ တောင်းကြည့်တာ ရကြတယ်လို့ ပြောတာပဲ"

"ဒါဖြင့် ဘယ်နားမှာရှိလဲ၊ သွားတောင်းမယ်"

"ဟိုတောင်ဘက်စောင်းတန်း မုခ်ဦးမှာ လိုက်ကြည့်နေတယ် သွားကြရအောင်"

"သူမပြန်ခင်တွေ့ရအောင် သွားမယ်၊ ဒကာကြီးလဲ လိုက်ခဲ့"

"လိုက်ခဲ့ပါ့မယ်၊ သူ သဘောပေါက်ပြီး နားလည်အောင် သေသေချာချာ ပြောပြနော်"

"စိတ်ချ၊ နေစရာကျောင်း မရှိကြောင်းဘဲ ပြောပါ့မယ်"

ဆရာတော် ဦးဇာဂရတို့ စောင်းတန်းထဲ ဆင်းလာသောအခါ အတွင်းရေးမှူး(၁)က စောင်းတန်းထဲမှာရှိသော တိုင်ကြီးများကို ကြည့်နေသည်။ သူ့နောက်မှာ လိုက်နေကြသော လူများကလည်း အယောက်(၂၀)လောက် ရှိသည်။ ထိုအချိန်မှာ ဆရာတော် ဦးဇာဂရက အတွင်းရေးမှူး(၁) အနားသို့ရှိနေသော လူများအနီးမှာ သွားရပ်သည်။ အတွင်းရေးမှူး (၁)က ဦးဇာဂရကို မြင်သွားသောအခါ လှမ်းပြီး မေးပါသည်။ ရဟန်းသံဃာတော်များကို လေးစားပြီး ချိုချိုသာသာပင် မေးလျှောက်ပါသည်။

"အရှင်ဘုရား၊ ဘာကိစ္စများ ရှိပါလဲ ဘုရား"

"ဘုန်းကြီးမှာ နေစရာကျောင်း မရှိလို့ ဗိုလ်ချုပ်ကို လာပြောတာပါ"

"အရင်က အရှင်ဘုရား ဘယ်ကျောင်းမှာ သီတင်းသုံးပါလဲ ဘုရား"

"ဝိဇ္ဇာတန်ဆောင်းမှာ သီတင်းသုံးပါတယ်၊ ယခု နေခွင့် မရှိတော့လို့ နေစရာ မရှိဘူး ဖြစ်နေတယ်"

"သြော်. . . ကျောင်းမရှိဘူးကိုး၊ ဒါနဲ့ အရှင်ဘုရား ဘယ်နှဝါရပြီလဲ ဘုရား"

"ဝါ (၄၀)ရှိပြီ။ ဆရာတော်ရှိစဉ်ကပဲ ဝိဇ္ဇာတန်ဆောင်းမှာ နေတာပါ"

ဆရာတော် ဦးဇာဂရ အဖြေကို ကြားရပြီးနောက် အတွင်းရေးမှူး(၁)က သူ့ကိုယ်ရေးအရာရှိကို ခေါ်လိုက်သည်။ ဘေးနားကလူများကလည်း ဝိုင်းအုံပြီး ကြည့်နေကြပါသည်။ ကိုယ်ရေးအရာရှိက ဖိုင်တွဲများကိုင်ပြီး အတွင်းရေးမှူးရှေ့မှာ ရပ်နေပါသည်။

"ဟေ့ သိမ်တော်ကြီးကျောင်းမှာ ဘုန်းကြီးမရှိဘူး ဟုတ်လား၊ မင်းစာရင်းကြည့်စမ်း"

"ဟုတ်ကဲ့၊ မရှိဘူး ဗိုလ်ချုပ်၊ ယခင်က တရုတ်ဘုန်းကြီး ရှိတာ ပျံလွန်တော်မူသွားပြီ"

"ဟုတ်တယ်၊ ငါလဲ မှတ်မိနေတယ်၊ သိမ်တော်ကြီး ကျောင်း ဒီဆရာတော်ကို ပေးလိုက်၊ ဆရာတော် သိမ်တော်ကြီးကျောင်းမှာ သီတင်းသုံးပါဘုရား"

"ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်"

ဒီလိုနှင့် ဆရာတော် ဦးဇာဂရ သိမ်တော်ကြီးကျောင်း ရောက်သွားပါသည်။ ယခုအခါ ဆရာတော် ဦးဇာဂရမှာ သက်တော်(၈၀)ကျော်ပြီး တစ်ပါးတည်း သီတင်းသုံး၍ အချိန်တိုင်း ကျောင်းတံခါးပိတ်၍ တရားထိုင်နေပါသည်။

ဆွမ်းကွမ်း ကိစ္စများနှင့် ပတ်သက်၍ မြို့ထဲ တရုတ်တန်းမှ ဒကာ၊ ဒကာမများက ချိုင့်ကြီးချိုင့်ငယ်များနှင့် လာပို့



www.burmeseclassic.com

www.burmeseclassic.com

ပေးနေကြသည်မှာ စားမကုန်နိုင်ပါ။ ယခင် ဆရာတော် ဦးဇာဂရ ကုန်းတော်ပေါ်မှာ နေစဉ်က ခင်မင်နေကြသော ဘုရားကြီးဝန်ထမ်းများက ဆွမ်းစားချိန်ရောက်လျှင် ဆရာတော်ကို ဆွမ်းသွားကပ်ပေးကြပြီး ပိုလျှံသည့်ဆွမ်းများကို စားပြီး သန့်ရှင်းရေးများ ပြုလုပ်ပေးနေကြပါသည်။

ထို့အပြင် ဆရာတော်ဦးဇာဂရမှာ ရွှေတိဂုံကုန်းတော် တစ်ဝိုက်မှာ ရှိကြသော ကျောင်းပေါင်း (၁၂)ကျောင်းတွင် သက်တော်ကြီး ဝါတော်ကြီး ဆရာတော်ကြီးတစ်ပါး ဖြစ်နေ၍ တခြားကျောင်းများမှ သံဃာတော်များကလည်း လာရောက်စောင့်ရှောက်ပေးကြသည်။ အထူးသဖြင့် ဆရာတော်ကျောင်းမှာ မကြာခဏ အလှူအတန်းများ ရှိပါသည်။ အလှူအတန်းရှိတိုင်း တခြားကျောင်းမှ သံဃာများနှင့်အတူ လူပြန်တော်ဆရာကြီးလည်း လာပါသည်။ ကျွန်တော်တို့စောင်းတန်းမှ လူများကိုလည်း ဖိတ်၍ ကျွန်တော်လည်း သွားပါသည်။

ကျွန်တော်က လူပြန်တော်ဆရာကြီးနှင့် ခင်မင်၍ ဆရာကြီးနှင့်တွေ့တိုင်း ဆရာတော် ဦးစန္ဒောဘာသအကြောင်းကို မေးပါသည်။ ဆရာကြီးကလည်း ပြောပြပါသည်။ သို့သော် ယခုနောက်ပိုင်းမှာ အသက်ကြီးလာ၍ စကားများများ မပြောတော့ပါ။ စကားများများ မပြောသော်လည်း မကြာခဏ ဆရာတော်ဦးဇာဂရ ကျောင်းကိုလာပြီး ရဟန္တာသိမ်တော်ကြီး ရုပ်ပွားတော်ရှေ့မှာ တရားလာထိုင်နေတတ်ပါသည်။

ကျွန်တော့်ကို ဆရာကြီး ပြောသည်က . . .

"မောင်ရင်က ဆရာတော်နှင့် ကိုယ်တိုင်ကြုံဖူး တွေ့ဖူးသားနဲ့ စာရေးဆရာတွေကို ဘာကြောင့် ကိုယ့်ဆီကို လွှတ်တာလဲ"

"ကျွန်တော်က ဆရာတော်အကြောင်းတွေ၊ အင်းအကြောင်းတွေမှ မသိဘဲ ဆရာကြီးရဲ့"

"ဟုတ်မှာပေါ့၊ အဲဒီအချိန် မောင်ရင်က ငယ်သေးတာပဲ၊ အင်းအကြောင်း၊ ဆရာတော်အကြောင်း ဘယ်သိမှာလဲ"

"ကျွန်တော် မှတ်မိနေတာက ဆရာတော် ဦးစန္ဒောဘာသဟာ ဝဝကြီး၊ အသားညိုညို၊ ကျွန်တော့်သူငယ်ချင်း ညဘက်သွားနှိပ်ပေးတာ လိုက်သွားရင်း ရောက်ဖူးတာပါ"

"မုန့်တို့ ငှက်ပျောသီးတို့ ပေးတယ် ကျွေးတယ် မဟုတ်လား"

"ကျွေးပါတယ်၊ လေးငါးခါလောက် စားခဲ့ဖူးပါတယ်၊ ဒါပေမယ့် အင်းပညာဆိုတာ နားမလည်ခဲ့ဘူး၊ သင်ရကောင်းမှန်းလဲ မသိခဲ့ဘူး"

"ပညာရပ်တစ်ခုဟာ လွယ်လွယ်နဲ့ ဘယ်ရမလဲ၊ ကိုယ်တောင် ဆရာတော်နဲ့ ဆယ်နှစ်ကျော်ကျော် နေခဲ့တာ၊ အင်းပညာကို နည်းနည်းပဲ သဘောပေါက်တယ်၊ ဒါပေမယ့် အခုအသက် ရှစ်ဆယ်ကျော်လာချိန်မှာ ခေါင်းထဲမထားတော့ပါဘူး"

"ဒါနဲ့ ဆရာတော်ကြီးရဲ့ တခြားတပည့်တွေထဲမှာ အင်းပညာတတ်သူ ရှိလား"

"ဆရာတော်ဆီ ဝင်ထွက်နေသူတွေ များပါတယ်၊ တစ်ယောက်ယောက် တတ်မှာပေါ့၊ ဘာလဲ၊ မောင်ရင် လွှတ်ဦးမလို့လား"

"မလွှတ်ပါဘူး၊ ကျွန်တော်လဲ အသက်ကြီးလာလို့ စာတောင်မရေးချင်တော့ဘူး၊ အေးဆေးပဲ နေချင်တယ်"

"မောင်ရင် မှတ်ထားပါ၊ အင်းပညာဆိုတာ အဆင့်မြင့်ပညာရပ်တစ်ခုပဲ၊ အင်းပညာ လိုက်စားတော့မယ်ဆိုရင် ကံငါးပါးလုံ့ရတယ်၊ ကိုယ်ကျင့်တရားကောင်းပြီး ဘာသာရေးလိုက်စားသူဖြစ်မှ ဆရာသမားတွေက သင်ပေးတာ၊ အဲဒီလိုလူမျိုးတွေ တတ်သွားပြီဆိုရင် လူတွေ အကျိုးရှိသလို ဆရာလဲ အကျိုးရှိတယ်"

အင်းပညာကို ကျွန်တော် စိတ်မဝင်စား၍ သင်ယူခြင်းမရှိခဲ့သော်လည်း လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်က ကျွန်တော် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်မှာ အင်းပြားလေး နှစ်ပြားရခဲ့ဖူးပါသည်။ အင်းပြားလေး နှစ်ခုမှာ အလျား ၂ လက်မခွဲ၊ အနံ ၁ လက်မခွဲလောက် ရှိသည်။ အင်းပြားလေး နှစ်ပြားမှာ တစ်ပြားက ရွှေရောင်၊ တစ်ပြားက ငွေရောင် ဖြစ်ပါသည်။ အင်းပြားနှစ်ပြားလုံး မျက်နှာပြင်နှစ်ဖက်မှာ ထိုင်းဘာသာစာတန်းများပါ၍ အင်းပုံတစ်ခုစီပါသည်။ အင်းပြားနှစ်ပြားလုံး သေသပ်၍ နှစ်သက်စရာကောင်းသည်။

ထိုအင်းပြားများကို ထိုင်းအမျိုးသား ကမ္ဘာလှည့်ခရီးသည်တစ်ယောက်က ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်မှာ ဖွင့်ထားသော Tourist Counter မှ ဝင်ခွင့်လက်မှတ်ရောင်းသော အမျိုးသမီးအား ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်မှာ နံနက်တိုင်း ကုန်းတော်ပေါ်တက်ပြီး ဘုရားဝတ်ပြုနေကျဖြစ်ပြီး ဝန်ထမ်းများနှင့်လည်း ခင်မင်နေသူဖြစ်၍ ထိုအမျိုးသမီးက ကျွန်တော့်အား ပေးပါသည်။


ကျွန်တော်လည်း ထိုအင်းပြား နှစ်ပြားရသောအခါ ပထမ ဝမ်းသာမိသည်။ ထို့နောက် သေသေချာချာ ပြန်စဉ်းစားမိသည်မှာ အင်းဆိုသည် အတိုက်အခိုက်အင်း ရှိတတ်သည်။ ထိုအင်းပြားလေး နှစ်ပြားမှာ ကောင်းသောအင်း မဖြစ်နိုင်။ မကောင်း၍သာ ပိုင်ရှင်က ပေးခဲ့ခြင်းဖြစ်မည်ဟု တွေးမိပြီး နောက်တစ်နေ့ ကျွန်တော် မဂ္ဂဇင်းတိုက်ကိုသွားပြီး အယ်ဒီတာကို ပေးလိုက်ပါသည်။ အယ်ဒီတာကလည်း နားလည်သူကို ပြကြည့်မည်ဟု ပြောပြီး စားပွဲအံဆွဲထဲ ထည့်ထားလိုက်ပါသည်။

□ ညွှန့်မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com




ဒီကနေ့ခေတ်မှာ ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်နေကြတဲ့ အလုပ်တစ်ခုဟာ meditation လို့ လူသိများတဲ့ ကမ္မဋ္ဌာန်းအားထုတ်ခြင်း အလုပ်ပဲ ဖြစ်ပါတယ်။ လူအများ စိတ်ဝင်စားကြတဲ့အတွက် နိုင်ငံတကာမှာ meditation center လို့ခေါ်တဲ့ ကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေ များစွာပေါ်ပေါက်လျက်ရှိတယ်။ လူတွေဟာ ဘာသာမရွေး ကမ္မဋ္ဌာန်းဌာနတွေ သွားရောက်ပြီး ကမ္မဋ္ဌာန်းအားထုတ်ကြတယ်။

သို့သော် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရာ၌မူ ရည်ရွယ်ချက် အမျိုးမျိုးရှိကြတယ်။ တချို့က စိတ်ဖိစီးမှုဒဏ် လျော့ချပြီး စိတ်ငြိမ်းချမ်းမှုရရန် ရည်ရွယ်ချက် ထားကြတယ်။ တချို့က သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရန်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ရည်သန်ကြတာဖြစ်တယ်။

## ကမ္မဋ္ဌာန်း နှစ်မျိုး

ကမ္မဋ္ဌာန်းဆိုတာ ဘာဝနာလုပ်ငန်းရဲ့ ဦးတည်ရာ အာရုံ သို့မဟုတ် ဘာဝနာလုပ်ငန်းရဲ့လုပ်ငန်းစဉ်လို့ အဓိပ္ပာယ် ရတယ်။ ကမ္မဋ္ဌာန်းဟာ သမထနဲ့ ဝိပဿနာလို့ နှစ်မျိုးရှိတယ်။ ကမ္မဋ္ဌာန်းအားထုတ်သူတိုင်း ဒီနှစ်မျိုးကို ကွဲကွဲပြားပြား သိထားဖို့လိုတယ်။ သို့မှသာ မိမိတို့ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဟာ သမထလား၊ ဝိပဿနာလား ဆိုတာ ခွဲခြားသိနိုင်မှာ ဖြစ်တယ်။

## သမထ ဆိုတာ

သမထဆိုတာ ဘာလဲလို့ မေးရင် သမထဆိုတာ ကာမစ္ဆန္ဒ စတဲ့ ဆန့်ကျင်ဘက်တရားများကို ငြိမ်သက်ပျောက်ကင်းစေနိုင်တဲ့ တရားလို့ အဓိပ္ပာယ်ရတယ်။ စိတ်လှုပ်ရှားမှု၊ စိတ်ဖိစီးမှုကို ငြိမ်သက်ပျောက်ကင်းစေနိုင်တဲ့ သမာဓိတရားဟာ သမထပဲ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

လူတွေရဲ့စိတ်ဟာ အာရုံနဲ့တွေ့ရင် လှုပ်ရှားယောက်ယက်ခတ်မှုတွေ ဖြစ်တယ်။ စဉ်းစားကြည့်ပေါ့။ အာရုံနဲ့တွေ့လို့ လောဘဖြစ်ရင်လည်း စိတ်လှုပ်ရှားတာပဲ၊ ယောက်ယက်ခတ်တာပဲ။ ဒေါသဖြစ်ရင်လည်း ယောက်ယက်ခတ်တာပဲ၊ မောဟဖြစ်ရင်လည်း တွေဝေပြီး ယောက်ယက်ခတ်တာပဲ၊ ဒီလို စိတ်ယောက်ယက်ခတ်မှုမျိုးတွေကို ငြိမ်သက်ပျောက်ကင်းစေနိုင်တဲ့ ကမ္မဋ္ဌာန်းအကျင့်ကို သမထလို့ ခေါ်တယ်။

ဒါ့အပြင် အဆိုပါ သမထအကျင့်ဖြင့် ရရှိလာတဲ့ သမာဓိစွမ်းအားဟာလည်း ယောက်ယက်ခတ်တဲ့ စိတ်အခြေအနေများကို ပျောက်ကင်းစေနိုင်သည့်အတွက် တကယ့်သမထဖြစ်တယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းကျင့်စဉ်နဲ့ သမာဓိနှစ်မျိုးလုံးကိုပင် သမထလို့ ခေါ်ရမှာဖြစ်တယ်။ စာပေကျမ်းဂန်များမှာ "ပစ္စနီကဓမ္မေ သမေ-တီတိ သမထော" လို့ ဖွင့်ဆိုကြတယ်။ ဆန့်ကျင်ဘက် တရားများကို ငြိမ်သက်ပျောက်ကင်းစေနိုင်တဲ့ တရားကို သမထလို့ ဆိုလိုတာ ဖြစ်တယ်။

## ဝိပဿနာ ဆိုတာ

ဝိပဿနာ ဆိုတာ ဘာလဲမေးရင် ဝိပဿနာဆိုတာ ထူးခြားတဲ့ ဉာဏ်အမြင်လို့ အဓိပ္ပာယ်ရတယ်။ ဝိ - အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်၊ ပဿနာ - ရှုမြင်တတ်သောဉာဏ်ကို ဝိပဿနာဟု ခေါ်ဆိုခြင်းဖြစ်၏။ တစ်နည်းအားဖြင့် ဝိပဿနာဆိုတာ ထူးခြားစွာ သိမြင်တတ်သောဉာဏ်ကိုခေါ်တာ ဖြစ်တယ်။ ဘယ်လို ထူးခြားစွာ မြင်တတ်သလဲဆိုရင် သာမန်အားဖြင့် လူတွေက ဘဝကို ချမ်းသာတယ်၊ ကိုယ်ပိုင်တယ်လို့ မြင်ကြတယ်။ အဲဒီအမြင်တွေနဲ့မတူဘဲ ဘဝဆိုတာ မမြဲဘူး၊ ဆင်းရဲတယ်၊ ကိုယ်မပိုင်ဘူးလို့ မြင်တယ်။ အဲဒီလိုမြင်တဲ့ အသိဉာဏ်မျိုးကို ဝိပဿနာလို့ ခေါ်တယ်။ စာပေကျမ်းဂန်များမှာ "အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ" လို့ ဖွင့်ဆိုကြတယ်။ အနိစ္စ စသည်နှင့်ဆက်စပ်ပြီး အမျိုးမျိုးသော အခြင်းအရာတွေနဲ့ ဓမ္မတို့ကို ရှုမြင်တတ်သောဉာဏ်သည် ဝိပဿနာမည်၏ဟု ဆိုလိုတယ်။

## ကျင့်ရမယ့် တရား

ဒီသမထနဲ့ ဝိပဿနာ နှစ်မျိုးလုံးဟာ ဖြစ်ပွားစေရမယ့် 'ဘာဝေတဗ္ဗ'တရား၊ ကျင့်ရမယ့်တရား ဖြစ်တယ်။ မငြိမ်မသက်ယောက်ယက်ခတ်နေတဲ့စိတ်ကလေး ငြိမ်သက်သွားအောင် သမထကို ကျင့်ရမယ်၊ စိတ်ကလေး မငြိမ်သက်ရင်ဖြစ်စေ ထူးခြားတဲ့အမြင် မရှိရင်ဖြစ်စေ နိဗ္ဗာန်ကို မရောက်နိုင်ဘူး။ နိဗ္ဗာန်ကိုရောက်နိုင်အောင် စိတ်ကလေးငြိမ်သက်ပြီး ထူးခြားတဲ့ဉာဏ်အမြင် ရရှိရန် ဝိပဿနာကျင့်စဉ်ကိုလည်း ကျင့်ရမှာဖြစ်တယ်။ သို့သော် သမထနဲ့ ဝိပဿနာ ကျင့်စဉ်နှစ်ခုဟာ စိတ်ရဲ့ဦးတည်ရာ အာရုံချင်း မတူကြဘူး။

## သမထအာရုံ

သမထရဲ့ အာရုံက အများအားဖြင့် ပညတ်ဖြစ်တယ်။ ပညတ်ဆိုတာ လူအများစုက သတ်မှတ်ပြီး အရှိအနေနဲ့လက်ခံထားတဲ့အရာသာ ဖြစ်တယ်။ အမှန်တကယ် ရှိတဲ့အရာမဟုတ်ဘူး။ ဥပမာ လူတွေက ဒါ အဖြူလို့ သတ်မှတ်လျှင် အဖြူပဲ၊ အနီလို့ သတ်မှတ်လျှင် အနီ၊ အဝါလို့ သတ်မှတ်လျှင် အဝါဖြစ်တယ်။ ဒါတွေဟာ အထင်အမြင် အယူအဆမျှသာ ဖြစ်တယ်။

ဒီလို အထင်အမြင်မျှသာဖြစ်တဲ့ ပညတ်အာရုံပေါ်မှာ စိတ်ကိုစုစည်းပြီး တည်ငြိမ်အောင်လုပ်တာဖြစ်တယ်။ သမထကျင့်စဉ်ဟာ အများအားဖြင့် ပညတ်အာရုံတွေမှာ အခြေပြုတာဖြစ်သော်လည်း ဗုဒ္ဓါနုဿတိတို့လို၊ စတုဓာတုဝဝတ္ထာန် (ဓာတ်ကြီးလေးပါး ခွဲခြားခြင်း)တို့လို သဘာဝအာရုံ၊ ပရမတ်အာရုံတွေပေါ်မှာလည်း အခြေပြုတာမျိုးလည်း ရှိသေးတယ်။

သမထကျင့်စဉ်နဲ့ ရရှိလာတဲ့ သမာဓိဟာ ဥပစာရသမာဓိ (ဈာန်ရခါနီး အဆင့်) နဲ့ အပ္ပနာသမာဓိ (ဈာန်ရပြီးအဆင့်) လို့ နှစ်မျိုးရှိတယ်။ အပ္ပနာသမာဓိတိုင်အောင် ရစေနိုင်တဲ့ ပညတ်အာရုံပေါင်း ၂၈ မျိုး ရှိတယ်။

## ကသိုဏ်းပညတ်

သမထကျင့်စဉ်ကို ကျင့်မယ်ဆိုရင် ပညတ်အာရုံတစ်ခုခုမှာ အခြေပြုရတယ်။ မြေ ရေ လေ မီး ဆိုတဲ့ ဓာတ်ကြီး လေးပါးနဲ့စပ်တဲ့ ပညတ်ပေါ်မှာ အခြေပြုလို့ရတယ်။ ညို ရွှေ နီ ဖြူ ဆိုတဲ့ အရောင်ပညတ်မှာလည်း အခြေပြုလို့ရတယ်။ အာကာသလို့ခေါ်တဲ့ လဟာပြင် (sapce) ပေါ်မှာလည်း အခြေပြုလို့ရတယ်။ ဒီအာရုံတွေကိုလည်း ကသိုဏ်းလို့ခေါ်တယ်။ အဲဒီကသိုဏ်းအာရုံတွေမှာ အခြေပြုပြီး သမထကျင့်စဉ်ကို ကျင့်လို့ရတယ်။

## အာနာပါနနဲ့ ပညတ်

သို့မဟုတ် သမထကျင့်တဲ့အခါ ထွက်လေ၊ ဝင်လေဆိုတဲ့ အာနာပါနပညတ်ကို အာရုံပြုလို့ရတယ်။ လူတိုင်းလူတိုင်းဟာ ၂၄ နာရီ စဉ်ဆက်မပြတ် အသက်ရှုနေကြတယ်။ ဒီလို ရှုထုတ်၊ ရှုသွင်းနေတဲ့လေကိုပဲ အခြေပြုပြီး သမာဓိဖြစ်ပွားအောင် ကြိုးစားရတယ်။

## ဘုရားဂုဏ်တော်

ဘုရားဂုဏ်တော်ကိုပွားပြီး သမထကျင့်စဉ်ကို ကျင့်လို့မရဘူးလား မေးရင် ရပါတယ်လို့ ဖြေရမှာပါ။ သို့သော် ဘုရားဂုဏ်တော်မှာ အခြေပြုပြီးရတဲ့ သမာဓိက ဈာန်အထိ၊ အပ္ပနာသမာဓိအထိ မရောက်ဘူး။ ဘာကြောင့် မရောက်သလဲဆိုရင် ဘုရားဂုဏ်တော်က အလွန် လေးနက်တယ်။ ပရမတ္ထအာရုံ ဖြစ်တယ်။ ဒါကြောင့် ဘုရားဂုဏ်တော်ကို





www.burmeseclassic.com

www.burmeseclassic.com

အခြေပြုတဲ့ သမာဓိဟာ ဈာန်အဆင့်ထိ မရောက်ဘူးလို့ ပြောတာ။

ဘုရားဂုဏ်တော်ကို သမထကျင့်စဉ်အရ ကျင့်မယ်ဆိုရင် ဂုဏ်တော်ရဲ့ အနက်အဓိပ္ပာယ်ကို နားလည်ရမယ်။ ဥပမာ 'အရဟံ'ဆိုရင် 'ကိလေသာခပ်သိမ်းကို ဖယ်ရှားပြီးသော မြတ်စွာဘုရား'လို့ အာရုံပြုရမယ်။ ပိုပြီး အဓိပ္ပာယ်ထင်ရှားအောင် နှိုင်းယှဉ်ပြီး စဉ်းစားရတယ်။

ဩော်. . . ငါ့မှာ လောဘဆိုတာ ရှိတယ်။ ဒေါသဆိုတာလည်း ရှိတယ်။ မောဟဆိုတာလည်း ရှိတယ်။ မာနဆိုတာလည်း ရှိတယ်။ မြတ်စွာဘုရားမှာ လောဘဆိုတာလည်း မရှိဘူး။ ဒေါသဆိုတာလည်း မရှိဘူး။ မောဟဆိုတာလည်း မရှိဘူး။ မာနဆိုတာလည်း မရှိဘူး။ ကိလေသာမှန်သမျှ လုံးဝကင်းစင်နေပါ ကလားလို့ ဒီလိုယှဉ်ကြည့်ပြီး နှလုံးသွင်းရင် အရဟံရဲ့ အဓိပ္ပာယ်ဟာ ပိုပြီး ပေါ်လွင်ထင်ရှားလာနိုင်တယ်။ မိမိရဲ့စိတ်အစဉ်ဟာ ဘုရားဂုဏ်တော်ထဲ နစ်ဝင်နေရမယ်။ ဒါမှသာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်မယ်။

အဲဒီလိုမဟုတ်ဘဲ ဂုဏ်တော်ကိုရွတ်ပြီး ပုတီးလုံးချနေလို့ ပုတီးအပေါ် စိတ်ရောက်နေပြီး ဘုရားဂုဏ်တော်အပေါ် စိတ်မရောက်ဘူးဆိုရင် ဗုဒ္ဓါနုဿတိလို့ ပြောလို့ရမှာမဟုတ်ဘူး။ ဘုရားရဲ့ တကယ့်ဂုဏ်အရည်အသွေးတွေပေါ် အာရုံရောက်မှ ဝမ်းမြောက်မှု ပါမောဇ္ဇ၊ ကျေနပ်နှစ်သိမ့်မှု ပီတိဆိုတာ ဖြစ်လာနိုင်တယ်။

## သမထကျင့်နည်း

သမထကျင့်စဉ်ကို စနစ်တကျ ကျင့်ချင်တယ်ဆိုရင် တသိဏ်းကို အာရုံပြုမှာလား၊ ထွက်လေ၊ ဝင်လေကို အာရုံပြုမှာလား၊ တစ်ခုခုကို ရွေးရတယ်။ သမထပဲဖြစ်ဖြစ်၊ ဝိပဿနာပဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းအားထုတ်တော့မယ်ဆိုရင် ပထမဆုံး ကိုယ်ကျင့်တရား ဖြူစင်အောင် သီလဆောက်တည်သင့်တယ်။ ကိုယ်ကျင့်သီလ မရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်ကို ကမ္မဋ္ဌာန်းအာရုံထဲ ထားဖို့ ကြိုးစားတာနဲ့ တစ်ပြိုင်နက် အတိတ်၏ အာရုံပုံရိပ်တွေ စိတ်ထဲ တိုးဝင်လာတတ်တယ်။ အဲဒီအာရုံပုံရိပ် အနှောင့်အယှက်တွေ မဝင်လာရအောင် ကိုယ်ကျင့်သီလကို ဆောက်တည်ပြီး၊ ကိုယ်ကျင့်သီလကို ဆင်ခြင်ပြီး ဝမ်းမြောက်မှု၊ စိတ်ကြည်နူးမှုကို ဖြစ်စေရမယ်။

သီလံ အဓိပ္ပဋိသာရာယ တဲ့၊ သီလဆိုတာ စိတ်နှလုံး ရွှင်ကြည်မှုကို ဖြစ်စေရန်အတွက် ဖြစ်တယ်။ စိတ်နှလုံး ရွှင်ကြည်မှ ပါမောဇ္ဇဆိုတဲ့ ဝမ်းမြောက်မှုဖြစ်နိုင်တယ်။ ဝမ်းမြောက်မှုဖြစ်မှ နှစ်သက်ကြည်နူးမှု ပီတိဖြစ်နိုင်တယ်။ ပီတိဖြစ်မှ ကိုယ်စိတ်ငြိမ်းချမ်းမှု ပဿဒ္ဓိဖြစ်နိုင်တယ်။ ပဿဒ္ဓိဖြစ်မှ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု သုခ ဖြစ်နိုင်တယ်။ သုခဖြစ်မှ စိတ်တည်ငြိမ်မှု သမာဓိ ဖြစ်နိုင်တယ်။ သမာဓိဖြစ်မှ ယထာဘူတဉာဏ ခေါ် အမှန်အတိုင်းသိတဲ့ဉာဏ် ဖြစ်နိုင်တယ်။

ဒါကြောင့် ကိုယ်ကျင့်သီလကို ရှေးဦးစွာ စင်ကြယ်အောင် ဆောက်တည်ရခြင်း ဖြစ်တယ်။

လူဝတ်ကြောင်ဖြစ်လျှင် ငါးပါးသီလကို ထပ်မံဆောက်တည်ရမယ်။ ပြီးရင် ကိုယ့်သီလကို ဆင်ခြင်လိုက်၊ အခုအချိန်မှစပြီး ဘယ်သတ္တဝါကိုမှ ငါ မသတ်ဘူး၊ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ ဒီသီလနဲ့ ငါပြည့်စုံနေတယ်လို့ စဉ်းစားလိုက်၊ စိတ်ကြည်နူးမှု ရလာနိုင်တယ်။

သူတစ်ပါးဉစ္စာကို ငါ မခိုးဘူး၊ ငါ့မှာ ဒီသီလလည်း စင်ကြယ်တယ်၊ သူတစ်ပါး သားမယားအပေါ် မပြစ်မှားဘူး၊ လိမ်လည်လှည့်ဖြား မုသားစကားကိုလည်း ငါမပြောဘူး၊ မှန်တာကိုသာ ပြောတယ်၊ သေရည် သေရက် ဘိယာကအစ ငါ မသောက်ဘူး၊ ရှောင်တယ်၊ ဒီလို ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ကိုယ့်သီလ ကိုယ်တွေးလိုက်ရင် စိတ်ထဲ ကြည်နူးမှုတွေ ဖြစ်လာနိုင်တယ်။

အဲဒီလို ကြည်နူးတဲ့စိတ်ကလေးကို သမထအာရုံပေါ် တင်ပေးလိုက်ရင် သမာဓိ မြန်မြန်ရလာနိုင်တယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်ကျင့်သီလ မစင်ကြယ်ဘဲ ကမ္မဋ္ဌာန်းအားထုတ်ဖို့ ကြိုးစားရင် ကိုယ်ကျင့်သီလ ပျက်ပြားမှုကို အခြေခံပြီး ပေါ်လာတတ်တဲ့ အတိတ်က ပုံရိပ်ကြီးတွေ တိုးဝင်လာလို့ စိတ်တွေဟာ ဂနာမငြိမ် ဖြစ်တတ်တယ်။ စိတ်ဂနာမငြိမ်ခြင်းဆိုတဲ့ ဥဒ္ဓစ္စတရား လွှမ်းမိုးထားလို့ရှိရင် သမာဓိတရား ဘယ်လိုမှ မရနိုင်ဘူး။

ဒါကြောင့် မြတ်စွာဘုရားက 'သီလံ အဝိပ္ပဋိသာရာယ' ကိုယ်ကျင့်သီလဟာ စိတ်နှလုံးကြည်သာဖို့အတွက် လုပ်ရတယ်တဲ့။ စိတ်နှလုံးကြည်သာဖို့ဆိုတာ သိပ်အရေးကြီးတယ်ပေါ့။ မြတ်စွာဘုရားက သမထကျင့်စဉ်ဖြစ်ဖြစ်၊ ဝိပဿနာကျင့်စဉ်ဖြစ်ဖြစ် ကျင့်တော့မယ်ဆိုရင် ကိုယ်ကျင့်တရားပေါ်မှာ ရပ်တည်နိုင်အောင် ကြိုးစားပါတဲ့။

ရဟန်းတော်တွေဆိုရင် ၂၂၇ ခုသော သိက္ခာပုဒ်တွေကို ပြန်ပြီးသန့်ရှင်းအောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီး မှားမှားယွင်းယွင်း ကျူးလွန်ဖောက်ဖျက်မိတဲ့ သိက္ခာပုဒ်တွေ မရှိစေရဘဲ ကိုယ်ကျင့်သီလ ဖြူစင်အောင် ကြိုးစားရမယ်။ ပြီးမှ ကိုယ်ကျင့်သီလကို အာရုံပြုပြီး စိတ်ကြည်နူးမှု ဖြစ်တော့မှ အဲဒီကြည်နူးမှုကို အခြေခံပြီး သမထအာရုံတစ်ခုကို သယ်သွားရမယ်တဲ့။

အဲဒါကြောင့် ရှေးဦးစွာ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ဘဲနဲ့ ချက်ချင်း ကောက်ကာငင်ကာ ကမ္မဋ္ဌာန်းထိုင်လိုက်မယ်ဆိုရင် အောင်မြင်မှုဆိုတာ မလွယ်ဘူးပေါ့။ ဒီ့ပြင်ဟာ မပြောနဲ့၊ ထမင်းချက်ႇ တောင် ပြင်ရတယ်မဟုတ်လား။ သစ်ပင်တစ်ပင်ရဲ့ မျိုးစေ့လေးချရင်တောင် စိုက်ပျိုးမယ့်နေရာကို ပြင်ရတယ် [illegible]ရတယ်၊ မြေသန့်ရှင်းမှု လုပ်ရတယ်။ ရှေးဦးစွာလုပ်ရမယ့် [illegible]လုပ်တွေ လုပ်ကို လုပ်ရတယ်။

www.burmeseclassic.com

အခုလည်းပဲ တရားအားထုတ်တော့မယ်ဆိုရင် ကိုယ်လက်သန့်စင်တာကမှအစ ကိုယ်ကျင့်တရား သန့်ရှင်းတာအထိ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းရေးတွေ အားလုံးလုပ်ပြီးတဲ့နောက် ကိုယ်ကျင့်တရားပေါ်မှာ အာရုံပြုပြီး စိတ်ကလေးက ကြည်နူးလာတဲ့အခါမှ အလုပ်ကို စတင်ရမယ်။ အဲဒီအချိန်မှာ ကြားထဲက အနှောင့်အယှက်တွေ ပေါ်လာလို့ရှိရင် ခံနိုင်ရည်ရှိအောင် ဘာလုပ်ရတုံးဆိုရင် ကိုယ့်ကိုယ်ကိုယ် ဘုရားကို စွန့်လှူထားပါတဲ့။ ဒါက အဋ္ဌကထာဆရာတွေရဲ့ အကြံပေးတဲ့ စကားတစ်ခု။

အန္တရာယ်တစ်ခု ကြုံလာတဲ့အခါ လူက ကြောက်တတ်တယ်။ ကြောက်လာတဲ့အခါ ကိုယ်လုပ်တဲ့လုပ်ငန်းတစ်ခုဟာ မအောင်မမြင် ဖြစ်လာတယ်။ မစွန့်စားရဲဘူး။ အဲဒီလို မဖြစ်အောင် ကိုယ့်ခန္ဓာကိုယ်ကြီးကို ဘုရားလှူလိုက်တယ်။ လှူထားသည့်အတွက်ကြောင့် တစ်စုံတစ်ခု အန္တရာယ်ရှိလည်း ငါ့ခန္ဓာ ဘုရားလှူထားတာပဲလို့ တွေးလို့ရတယ်။ ဒါဆို ရဲတင်းတဲ့စိတ်တွေ ကိုယ့်သန္တာန်မှာ ရတယ်။ စိတ်ဆိုတာ ဒီလိုတွေးရင် တစ်မျိုးဖြစ်တယ်။ ဟိုလိုတွေးရင် တစ်မျိုးဖြစ်တယ်။ မှန်ကန်တဲ့အတွေးတွေ တွေးပြီးတော့ စိတ်အားတွေ ပြန်ဖြည့်ပေးရတယ်လို့ ဒီလို ပြောတာနော်။

နောက်ပြီး ကမ္မဋ္ဌာန်းထိုင်ဖို့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုက ဘာတုံးဆိုရင် တစ်ခါတစ်ရံ နှုတ်မစောင့်စည်းဘဲနဲ့ သူတော်ကောင်းတွေကို ပြစ်မှားမိတာမျိုး၊ စွပ်စွဲမိတာမျိုး ဖြစ်တတ်သေးတယ်။ အဲဒီလိုမျိုးဖြစ်ခဲ့ရင် အကြီးက အနှောင့်အယှက် ဖြစ်တတ်တယ်တဲ့။ အကယ်၍များ သူတော်ကောင်းတွေကို စွပ်စွဲမိရင် ဝန်ချပါတယ်၊ ကန်တော့ပါတယ်ပေါ့။ စိတ်ထဲက ဒီလိုကန်တော့ဝန်ချခြင်းအားဖြင့် ကိုယ့်စိတ်ထဲမှာ တင်းကျပ်နေတာတွေ ဘာမှ မရှိတော့ဘူး။

စဉ်းစားလိုက်ရင် လုပ်သင့်တာတွေ ငါလုပ်ထားပြီးပြီဆိုရင် စိတ်ထဲမှာ ဘက်စုံက ဘယ်ဟာပဲတွေးတွေး ကြည်နူးမှုတွေရတယ်။ သံသယဖြစ်စရာ၊ ကြောက်စရာ၊ စိတ်တင်းကျပ်စရာတွေ မဖြစ်ဘူး။ အဲဒီလို စိတ်ရဲ့တင်းကျပ်မှုတွေကို ဖြေလျော့နိုင်စေရန်အတွက် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရမယ်တဲ့။

အဲဒီတော့ အာနာပါနဆိုတဲ့ ထွက်လေ၊ ဝင်လေနဲ့ ပတ်သက်ပြီး လူတိုင်း လူတိုင်းမှာ ၂၄ နာရီ နှာခေါင်းကနေ အသက်ရှူနေတာ ဖြစ်တယ်။ ထွက်လေ၊ ဝင်လေဟာ ရှားပါးပစ္စည်း မဟုတ်ဘူး။ လူတိုင်း ကိုယ်ပိုင်အနေနဲ့ ရှိနေကြတယ်။ အဲဒီကိုယ်ပိုင်ရှိနေတဲ့ အာရုံကလေးမှာ အခြေပြုပြီးတော့ သမထကျင့်စဉ်တစ်ခုကို ကျင့်ကြည့်လို့ရတယ်။

အဲဒီ အာနာပါနဆိုတဲ့ ကျင့်စဉ်တစ်ခုဟာ သမထနည်းအရ ပေါက်ပေါက်ရောက်ရောက် ဖြစ်သွားလို့ရှိရင် ပထမဈာန်ကိုလည်း ရနိုင်တယ်။ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကိုလည်း ရစေနိုင်တယ်။ ဆိုလိုတာ ဈာန်အားလုံးကို ရနိုင်တယ် ပြောတာ။

ဂေါတမ မြတ်စွာဘုရားအလောင်း တောထွက်ပြီး တရားကျင့်စဉ် ခြောက်နှစ်ပတ်လုံး မမှန်ကန်တဲ့ လမ်းစဉ်လိုက်ပြီး ခန္ဓာကိုယ်ကို ပင်ပန်းခံပြီး ကျင့်ခဲ့တာ။ အဲဒီကျင့်နေတဲ့ အကျင့်တွေက မှားနေလို့ ဘာအကျိုးမှ မဖြစ်ထွန်းဘူး။ နောက်ဆုံး မှန်ကန်တဲ့လမ်းကိုရွေးပြီး ကျင့်တော့မှ အောင်မြင်လာတယ်။ ဘာကမ္မဋ္ဌာန်း အားထုတ်သလဲဆိုရင် အာနာပါန ကမ္မဋ္ဌာန်း အားထုတ်တယ်။

ဘုရားဖြစ်ဖို့ ကျင့်တဲ့အကျင့်ဟာ 'ထွက်လေ၊ ဝင်လေ' ပဲ။ ရဟန္တာဖြစ်ဖို့ အကျင့်ဟာလည်း ထွက်လေ၊ ဝင်လေပဲ။ ဈာန်တရား မဂ်တရား ရချင်လည်း ထွက်လေ၊ ဝင်လေပဲ။ ထွက်လေ၊ ဝင်လေရဲ့ တန်ဖိုးဟာ ဘယ်လောက်ကြီးသလဲဆိုရင် လူတွေမှာ အသက်ရှင်ဖို့အတွက် နေ့စဉ် ဒီလေကို ရှူလိုက်၊ ထုတ်လိုက်၊ ရှူလိုက်၊ ထုတ်လိုက် လုပ်နေကြတာ မဟုတ်လား။ အဲဒီ လေကို အသုံးမချဘူးဆိုရင် အလဟဿ ကုန်မသွားပေဘူးလား။

လောက လူတွေထဲမှာ ဗာလဆိုတဲ့လူတွေ ရှိတယ်။ အသက်ရှူရုံတင် ရှူတတ်တယ်တဲ့။ အသက်ရှူတဲ့ လေပေါ်မှာ အသုံးချပြီး ဘာပညာမှ မရသူကို ဗာလလို့ ခေါ်တယ်တဲ့။ ဗာလရဲ့ အဓိပ္ပာယ်တစ်ခု ဖွင့်ထားတာ။ လူတွေတင်မကဘူး။ အသက်ရှူတဲ့ တိရစ္ဆာန်တွေမှန်သမျှ ဒီလိုပဲ နှာခေါင်းက ရှူလိုက်၊ ထုတ်လိုက်၊ ရှူလိုက်၊ ထုတ်လိုက်နဲ့ ဒီလေလေးက အသက်ရှင်ဖို့ပဲ အသုံးကျတယ်။ ဘာအတွက်မှ အသုံးမကျဘူး။

အေး. . . သူတော်ကောင်းတွေကတော့ ကိုယ့်သန္တာန်မှာ ၂၄ နာရီ စဉ်ဆက်မပြတ်ဖြစ်ပြီး အသက်ရှင်နေဖို့ အသုံးဝင်နေတဲ့ ဒီလေလေးကို ကမ္မဋ္ဌာန်းအာရုံ တစ်ခုအဖြစ် အသုံးချလိုက်မယ်ဆိုရင် ကိုယ့်ပါရမီကလည်း ရှိမယ်၊ ကြိုးလည်း ကြိုးစားမယ်၊ စိတ်ဆန္ဒတွေကလည်း လုံလောက်တယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဈာန်တွေ၊ မဂ်ဖိုလ်တွေရပြီး နိဗ္ဗာန်ထိအောင် ရသွားနိုင်ပါတယ်။

ဂေါတမမြတ်စွာဘုရား အလောင်းတော်ဟာ ဒီထွက်လေ ဝင်လေလေးပေါ်မှာ အခြေပြုပြီး ဈာန်ရသွားတယ်။ ထိုဈာန်တရားတွေကို ဝိပဿနာအာရုံအဖြစ် ပြောင်းလဲပြီး ရှုမှတ်လိုက်တဲ့အခါ ဝိပဿနာကျင့်စဉ်တစ်ခု အောင်မြင်ပေါက်မြောက်သွားပြီး မဂ်လေးပါး အဆင့်ဆင့်ကူးပြီး နောက်ဆုံး ဘုရားအဖြစ် ရောက်သွားတယ်။ ဒီကျင့်စဉ်ပဲ ဒီအာရုံနဲ့ သွားတာ။

အေး. . . ဒါကြောင့် သမထကျင့်စဉ်တစ်ခုကို ကျင့်တော့မယ်ဆိုရင် ထွက်လေ၊ ဝင်လေကို ဘယ်ပေါ်အသုံးချသလဲ။ ခန္ဓာကိုယ်ရဲ့ ဣရိယာပုထ်တစ်ခုကို ရွေးရတယ်။ ဣရိယာပုထ် ရွေးမယ်ဆိုရင် ဘာရွေးမလဲ။ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com

နေမယ်ဆိုရင် လှုပ်ရှားနေသည့်အတွက်ကြောင့် စိတ်က လမ်းကို ကြည့်ရတာတစ်မျိုး၊ ထွက်လေ၊ဝင်လေကို ရှုရတာတစ်မျိုးမို့ ဒီလိုဆိုရင် စိတ်ဟာ အလုပ်များတယ်။ အလုပ်တွေ မပိုဘူးလား။ မကြည့်ရင်လည်း ခလုတ်တိုက်ဦးမယ်။ အဲဒီနည်းက မသင့်တော်ဘူး။ လမ်းလျှောက်ပြီးလည်း အားမထုတ်နဲ့။

မတ်တတ်ရပ်ပြီး အားထုတ်မယ်ဆိုရင် ခန္ဓာကိုယ်ကြီးလဲမသွားအောင် ထိန်းထားရဦးမယ်။ အလုပ်တစ်ခု ပိုတယ်။ အိပ်ပြီး အားထုတ်မယ်ဆိုရင်လည်း လုံ့လဝီရိယက လျော့ပြီး မကြာခင် အိပ်ပျော်သွားမှာ။ အဲဒါကတော့ ဇိမ်ခံ လွန်းအားကြီးတယ်။ လဲလျောင်းနေတဲ့ ဣရိယာပုတ်လည်း မကောင်းဘူး။ လမ်းလျှောက်နေတဲ့ ဣရိယာပုတ်လည်း မကောင်းဘူး။ ရပ်နေရင်လည်း မကောင်းဘူး။ အကောင်းဆုံးက မတ်မတ်ကလေး ထိုင်နေတဲ့ ဣရိယာပုတ်က ငြိမ်သက်တယ်တဲ့။

အဲဒါကြောင့် အာနာပါနကမ္မဋ္ဌာန်း အားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းကို မြတ်စွာဘုရားက 'ပလ္လင်္ကံ အာဘုဇိတွာ' တင်ပျဉ်ခွေထိုင်ပါတဲ့။ 'ဥဇုံကာယံ ပဏိဓာယ' ခါးအထက် ခန္ဓာကိုယ်ကို ဆန့်ဆန့်ထား၊ တင်ပျဉ်ခွေထိုင်လိုက်တဲ့အခါကျတော့ လူက လှုပ်ရှားမှုနည်းပြီးတော့ ငြိမ်သက်မှုပိုလာတယ်။ အိပ်နေတာလိုလည်း ဇိမ်ခံလွန်းနေတာ မဟုတ်ဘူး။ လမ်းလျှောက်တာတို့၊ မတ်တတ်ရပ်တာတို့လိုလည်း ထိန်းစရာ မလိုဘူး။

ဒါကြောင့် အမျိုးသားတွေဆို တင်ပျဉ်ခွေထိုင်၊ အမျိုးသမီးတွေဆို ထက်ဝက်တင်ပျဉ်ခွေထိုင်ပြီး ခါးအထက်ကိုယ်ကို ဆန့်ဆန့်လေးထားတဲ့။ ဘာကြောင့် ဆန့်ဆန့်ကလေး ထားခိုင်းသလဲဆိုရင် ကျောမှာ အရိုးအဆစ်ကလေးတွေ ၁၈ ခုလောက်ရှိတယ်။ အဲဒီအရိုးလေးတွေကို မတ်မတ်ကလေးထားရမယ်။ ဒီလိုမထားဘဲ ခါးလေးကုန်းထိုင်မယ်ဆိုရင် အရိုးအဆစ်တွေ တစ်ခုနဲ့တစ်ခု ဖိနေသည့်အတွက်ကြောင့် ကြာလာတဲ့အခါ ခါးကိုက်တဲ့ရောဂါ၊ ခါးညောင်းတဲ့ရောဂါ၊ ခါးအောင့်တဲ့ရောဂါတွေ ဖြစ်လာနိုင်တယ်။

အဲဒါကြောင့် ခန္ဓာကိုယ်ရော၊ ခေါင်းရော မတ်မတ်ကလေးထားလို့ ပြောတာ။ စာပေက တရားထိုင်နည်းတွေ သေချာသင်ပေးတယ်။ ပလ္လင်္ကံ အာဘုဇိတွာ - တင်ပျဉ်ခွေထိုင်နည်း၊ ဥဇုံ ကာယံ ပဏိဓာယ - ခါးအထက် ခန္ဓာကိုယ်ကို မတ်မတ်ကလေး ထားတဲ့။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ - အာရုံဘက်ကို စိတ်ကိုလွှတ်လိုက်၊ အာရုံကို စိတ်ကိုဦးတည် ဘယ်ကိုဦးတည်ပြီး သတိထားရမလဲဆိုရင် နှာခေါင်းကထွက်နေတဲ့ လေကလေးထိတဲ့နေရာကို သတိထားရတယ်။ နှာခေါင်းရှည်တဲ့လူကတော့ နှာခေါင်းဖျားမှာ ထိတယ်။ နှုတ်ခမ်းရှည်တဲ့သူကတော့ နှုတ်ခမ်းထိပ်ဖျားလေးမှာ လေကလေးလာထိတယ်။

ဆိုလိုတာက ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကိုယ့်နှာခေါင်းမှာ အသက်ရှုသွင်းလိုက်တဲ့အခါ လေထိတဲ့နေရာ၊ ရှိုက်ထုတ်လိုက်တဲ့အခါ လေထိတဲ့နေရာ၊ အဲဒီ ထိတဲ့နေရာကလေးမှာ စိတ်ကို ထားပါလို့ ပြောတာ။

သမထကျင့်စဉ်အရ အာနာပါန ကျင့်တော့မယ်ဆိုရင် လေကို မှန်မှန်လေးနဲ့ ဖြည်းဖြည်းရှူ။ အေး. . . တချို့ကျတော့ သမာဓိမရနိုင်လို့ သမာဓိရအောင်ဆိုပြီး ပြင်းပြင်းထန်ထန် ရှူတဲ့နည်းလည်း ရှိတယ်။ အဲဒီနည်းက စာလာပေလာတော့ မဟုတ်ဘူး။ ကြိုက်တဲ့သူက လုပ်နေကြတာ။ ရှူးရှဲ ရှူးရှဲ လုပ်တဲ့နည်းက ကြာလို့ရှိရင် မောပြီးသွားတတ်တယ်။ ခန္ဓာကိုယ်ကို ပင်ကိုရှုနေကျ အနေအထားလေးနဲ့ မှန်မှန်လေး ရှူလိုက်ပါတဲ့။ စိတ်တွေ ဘာတွေ ဖြေလျှော့ထားလိုက်။ Tension လုပ်မထားနဲ့။

အာရုံလေးပေါ်မှာ စိတ်ကလေးကို လွှတ်ထားပြီး ငြိမ်နေအောင် စိတ်နဲ့ခန္ဓာကိုယ်မှာ တင်းကျပ်နေတာမရှိစေဘဲနဲ့ အားလုံး အကြောတွေ ဖြေလျှော့ထားပြီး နှာသီးဝမှာ လေကလေးထိတဲ့နေရာမှာ စိတ်ကိုငြိမ်သွားအောင် ထားပါတဲ့။ လေကလေးကို အာရုံပြုရင်းကနေ စိတ်ကလေးငြိမ်လာတယ်။ ထွက်လေ၊ ဝင်လေလေး ရှုမှတ်နေတာကို ဘာနိမိတ်ခေါ်သလဲဆိုရင် ပရိကမ္မနိမိတ် (sign of preliminary) တဲ့။ ပရိကမ္မနိမိတ်ဆိုတာ ဘာတုံးဆိုရင် ပြင်ဆင်ပေးနေတဲ့ အာရုံနိမိတ်လို့ ပြောတာ။

အဲဒီအာရုံနိမိတ် အတော်လေးကြာလာတဲ့အခါ၊ စိတ်ထဲမှာ တော်တော်ထင်ထင်ရှားရှားကြီး ဖြစ်လာတဲ့အခါကျလို့ရှိရင်၊ စိတ်က မှတ်ယူနိုင်တဲ့ အနေအထားရောက်ရင် ဥဂ္ဂဟနိမိတ်လို့ ခေါ်တယ်။ နောက်ဆုံးကျတော့ ဒီထွက်လေ၊ ဝင်လေလေးဟာ ပုံသဏ္ဌာန်လေး ပြောင်းလာတယ်။ ကိုယ့်စိတ်ထဲမှာ ဖြစ်လာတယ်။ သူက ပြောင်းတာမဟုတ်ဘူး။ ကိုယ့်စိတ်က ပြောင်းတာ။ လေလေးကို ရှုနေရင်း ဒီထွက်လေ၊ ဝင်လေလေးဟာ ဘာဖြစ်လာသလဲဆိုရင် မီးခိုးတန်းကလေး ထွက်လာသလို မြင်လာတယ်။

တချို့ကျတော့ ပုလဲလုံးကလေးတွေ ထွက်လာသလို မြင်ရတယ်။ တချို့ကျတော့ ဒီနှာခေါင်းဝ နှာသီးဖျားမှာ ဘောလုံးကလေးက လည်နေသလို မြင်တာမျိုးလည်း ရှိတယ်။ အမျိုးစုံပေါ့။

မီးခိုးတန်းကြီးလိုလည်း မြင်လာတယ်။ အာရုံ အလင်းတန်းကြီးနှစ်ခု ထွက်နေတယ်လို့လည်း မြင်လာတယ်။ ဒါလူတစ်ယောက်နဲ့တစ်ယောက် အမှတ်သညာချင်း မတူသည့်အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့ အာရုံနိမိတ်က တစ်ယောက်နဲ့တစ်ယောက် မတူဘူးတဲ့။

အဲဒီအာရုံနိမိတ်ပေါ်လာရင် ပေါ်လာတဲ့ နိမိတ်ပေါ်မှာ ဆက်ပြီး အလုပ်လုပ်ရမယ်တဲ့။ ဒါကို နိမိတ်ရတယ် ခေါ်တယ်။ အဲဒီနိမိတ်ပေါ်မှာ ရှုမှတ်ပွားများပြီး သမာဓိစွမ်းအား



www.burmeseclassic.com

www.burmeseclassic.com

တွေ မြင့်မြင့်ပေးလိုက်တဲ့ အခါမှာ ကိုယ့်ရဲ့သန္တာန်မှာ နီဝရဏ ဆိုတဲ့ တရားတွေ ငြိမ်းလာတယ်။

ဘာတွေငြိမ်းလဲဆိုရင် အာရုံခံစားချင်တဲ့ ဆန္ဒတွေ ငြိမ်းလာတယ်။ ကာမစ္ဆန္ဒလို့ဆိုတဲ့ ပျော်စရာ ရွှင်စရာတွေပေါ်မှာ ပျော်ရွှင်ချင်တဲ့ လောဘ နည်းလာတယ်။ အာရုံတစ်ခုပေါ်မှာ မုန်းတီးတဲ့၊ ဆန့်ကျင်တဲ့ သဘောထားတွေ ပျောက်သွားတယ်။ စိတ်မငြိမ်မသက်ဖြစ်ပြီးတော့ စိတ်ထဲမှာ ပူပန်နေတာတွေ ပျောက်သွားတယ်။ အာရုံနဲ့ဆက်ပြီးတော့ စိတ်ဟာ စွမ်းဆောင်နိုင်စွမ်းမရှိအောင် စွမ်းရည်သတ္တိတွေ ကျသွားတယ်။ ဒါတွေ မရှိတော့ဘူး။

သူရှုမှတ်နေတဲ့ အာရုံပေါ်မှာလည်းပဲ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ အတွေးလေးတွေ၊ သံသယတွေ မရှိတော့ဘူး။ အဲဒါ မရှိတာကို နီဝရဏတရားငါးပါး ကင်းသွားတယ်လို့ ပြောတာ။ ဘယ်သူက ကင်းအောင်လုပ်တာလဲဆိုရင် သမာဓိစွမ်းအားက ဖယ်ရှားပစ်လိုက်တာ။ စိတ် စိတ်ချင်းဖယ်ရှားနေတာ။ စိတ်ထဲမှာ ခုနကပြောတဲ့ အညစ်အကြေးတွေ မလာတော့ဘူး။ နီဝရဏတရားငါးပါး လုံးဝပျောက်ကင်းသွားတယ်။ ခုနက နိမိတ်အလင်းတန်း သို့မဟုတ် မီးခိုးတန်းလေးနှစ်ခုပေါ်တယ်။ နောက် ဘာတွေဆက်ဖြစ်နေလဲဆိုရင် ဒီအာရုံနိမိတ်ပေါ်မှာ စိတ်ကူးနေတာတွေ ပေါ်လာတယ်။

စိတ်ကူးတယ်ဆိုတာ စိတ်က အာရုံပေါ် ကူးနေတာကို ခေါ်တာ။ ဆိုလိုတာက စိတ်နဲ့အာရုံ မပြတ်ထိနေတာ။ ပေါင်းကူးပေးနေတဲ့ သဘောကို စိတ်ကူးတယ်လို့ ခေါ်တယ်။ အဲဒါကို စာပေလိုပြောရင် ဝိတက်လို့ ခေါ်တယ်။ မိမိရဲ့စိတ်ကလေးကို အာရုံပေါ် တွန်းပို့နေတာ။ အဲဒီသဘောလေးဟာ ထင်ထင်ရှားရှား ပေါ်လာတယ်။ သူ့ရဲ့ စွမ်းဆောင်ချက်တွေက ကောင်းလာတယ်။

ပေါ်လာတဲ့ နိမိတ်ကလေးပေါ်မှာ ကိုယ့်ရဲ့စိတ်က စဉ်ဆက်မပြတ် စိတ်ကူးနေတဲ့ ဒီဝိတက်သဘောတွေ ပေါ်လာတယ်။ နောက်တစ်ခုက အဲဒီအာရုံနှင့် စိတ်ကလေးကို ချည်နှောင်ထားသလို အာရုံပေါ်မှာ စိတ်ကလေးက ရစ်ဝဲပြီးနေစဲ့ ဝိစာရဆိုတဲ့သဘော ပေါ်လာတယ်။ ကြံစည်တယ်လို့ မြန်မာလို ပြောကြတယ်။

ကြံစည်တယ်ဆိုတာ ဒီအာရုံအနီးကလေးမှာ ရစ်ဝဲနေတယ်။ စိတ်ကလေးက အာရုံနဲ့ ကွာမသွားဘူး။ အမြဲတမ်းတွဲနေတာဖြစ်တယ်။ ဒါ ဝိစာရရဲ့ စွမ်းရည်သတ္တိ။ နောက်ဘာဖြစ်လာသလဲဆိုရင် အဲဒီအာရုံကလေးပေါ်မှာ၊ ခုနက မီးခိုးတန်း အလင်းတန်းကလေးပေါ်မှာ စိတ်ကလေးက နှစ်ခြိုက်နေတယ်ပေါ့။ ဒါကို ပီတိလို့ခေါ်တယ်။ ကျေနပ်နေတယ်။

နှစ်ခြိုက်နေတဲ့အခါ ဘာတွေ ဖြစ်လာသလဲဆိုရင် ကိုယ်ရောစိတ်ရော ပေါ့ပေါ့ပါးပါးဖြစ်နေတယ်။ ခန္ဓာကိုယ်မှာ ညောင်းတာ ညာတာ ကိုက်တာ ခဲတာတွေ မရှိဘူး၊ ပျောက်သွားတယ်။ စိတ်ထဲမှာလည်း ပူပန်တာ တစ်ခုမှမရှိဘူး။ စိတ်ကလေး ချမ်းမြေ့လာတယ်။ ဒါကို သုခလို့ ခေါ်တယ်။ အဲဒီလိုဖြစ်နေအောင် ဘယ်သူက စွမ်းဆောင်ပေးသလဲဆိုရင် နောက်ပိုင်းက သမာဓိဆိုတဲ့ စွမ်းအားက အာရုံပေါ် စိတ်တွေစုသွားအောင် ထိန်းထားတယ်။

အားလုံး ပေါင်းလိုက်တဲ့အခါကျတော့ စိတ်ကူးနေတာက ဝိတက်၊ ကြံစည်နေတာက ဝိစာရ၊ နှစ်ခြိုက်နေတာက ပီတိ၊ ကိုယ်ရော စိတ်ရော ငြိမ်းချမ်းသွားတာက သုခတဲ့။ တည်ငြိမ်နေတာက ဧကဂ္ဂတာ လို့ဆိုပြီး အဲဒီတရားတွေကို ဈာန်အင်္ဂါငါးပါးလို့ ခေါ်တယ်။

ဒီအင်္ဂါငါးပါးသည် တညီတည်း စွမ်းရည်သတ္တိပြည့်ပြည့်နဲ့၊ ဒီအာရုံလေးပေါ်မှာ ဟန်ချက်ညီညီနဲ့ ဒီအာရုံပေါ်မှာ အလုပ်လုပ်နေပြီဆိုရင် ဒါ ပထမဈာန်ရတယ်လို့ ခေါ်တယ်။ အာရုံတစ်ခုပေါ် စူးစိုက်ပြီးတော့ ရှိနေတယ်။

ပထမဈာန်ရတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်လာသတုံးဆိုရင် ဝိဝိစ္စေဝ ကာမေဟိ - ကာမအာရုံတွေမှ ကင်းကွာလွတ်လပ်သွားတယ်။ မျက်စိကကြည့်ပြီး ပျော်စရာအာရုံ၊ နားက နားထောင်ပြီး ပျော်စရာအာရုံ၊ နှာခေါင်းက အနံ့ရလို့ ပျော်စရာအာရုံ၊ လျှာကလျက်ပြီး ပျော်စရာအာရုံ၊ ခန္ဓာကိုယ်က ထိတွေ့ပြီး ပျော်စရာအာရုံဆိုတဲ့ ဒီကာမအာရုံတွေက လွတ်မြောက်တယ်။ ဒီပေါ်မှာ လုံးဝ စိတ်မရောက်တော့ဘူး။ မျက်စိက ကြည့်ပြီး၊ နားကကြားပြီး ပျော်တဲ့အပျော်မျိုး မရှိတော့ဘူး။ အဲဒီ ကာမအာရုံတွေက လုံးဝ ကင်းဆိတ်သွားတယ်။

ဒီကာမဆိုတဲ့ ပျော်စရာအာရုံတွေပေါ်မှာ ပျော်ချင်နေတဲ့လောဘ ကင်းဆိတ်သွားမှ ဈာန်ဆိုတာ ရနိုင်တယ်။ ဒါ မကင်းသေးရင် မရသေးဘူးတဲ့။ ဥပမာ ဘာနဲ့တူသလဲဆိုရင် ဟိုဘက်ကမ်းရောက်ချင်တဲ့သူဟာ ဒီဘက်ကမ်းကို စွန့်ကိုစွန့်ရတယ်။ ဒီဘက်ကမ်းကို မစွန့်ခွာဘဲ ဟိုဘက်ကမ်းရောက်တယ်ဆိုတာ မရှိဘူး။ ဒါကြောင့်မို့ စာပေမှာ ဝိဝိစ္စေဝ ကာမေဟိ - ကာမတွေကို လုံးဝ စွန့်လွှတ်ပြီးသား ဖြစ်ရမယ်တဲ့။

ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟိ- ကျန်တဲ့အကုသိုလ်တရားတွေလည်း မဖြစ်တော့ဘူး။

အဲဒီအချိန်မှာ ငြိမ်သွားပြီလို့ ဆိုလိုတာ။ ဘာတွေမဖြစ်သလဲဆိုရင် ဒေါသတွေ မဖြစ်ဘူး။ မာန်မာနတွေ မဖြစ်ဘူး။ ဣဿာတွေ မဖြစ်ဘူး။ မစ္ဆရိယတွေ မဖြစ်ဘူး။ စိတ်ရဲ့ အညစ်အကြေးတွေ တစ်ခုမှ မဖြစ်တော့ဘူး။

(ဆက်ရန်)

❒ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.d)




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အင်းလေး ဘုန်းတော်ကြီးကျောင်းတွင် ဖူးတွေ့ရသော ဆုတောင်းပြည့်ဘုရား



အလိုတော်ပေါက်ဘုရား ဘုန်းကြီးကျောင်းဘုရားခန်း

"စိတ်တော်၌လည်း၊ နှစ်ခြိုက်
ဝမ်းမြောက်၊ အလိုတော်ပေါက်ပာ၊
နောက်နောင်လူပုံ၊ တွင်ကြကုန်အံ့"

နရပတိစည်သူ

တောင်ကြီးခရီးစဉ် တစ်ခုအနေနဲ့ အောင်သိဒ္ဓိဘုရားဖူးအဖွဲ့နဲ့အတူ အင်းလေးကန်ကို သုံးကြိမ်မြောက် ရောက်ရပြန်ပါပြီ။

တကယ်တော့ ကျွန်တော်တို့ အနေနဲ့ ရန်ကုန်ကနေ တောင်ကြီး၊ အင်းလေး စသဖြင့် ခရီးစဉ်အတိုင်း ခရီးနှင်ရသလို ဇာတိအစဖြစ်တဲ့ မွေးကတည်းကနေ သေမင်းဆီကို ခရီးနှင်နေရတာ မဟုတ်ပါလား။ ရခဲလှတဲ့ဘဝ၊ ဖြစ်ခဲလှတဲ့ဘဝလေးမှာ ကျွန်တော်တို့ တစ်တွေ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်လူမှုအဖွဲ့အစည်းအတွက် ဘာတွေများ အကျိုးရှိအောင် လုပ်ခဲ့သလဲဆိုတာကို စဉ်းစားသင့်ဖို့ ကောင်းပါတယ်။

ဒီနေရာမှာ လယ်တီဆရာတော်ဘုရားကြီးရဲ့ အကြောင်းလေးတစ်ခုကို သတိရမိလိုက်ပါတယ်။ ဆရာတော်ဘုရားကြီးဟာ စာသင်သား သံဃာတော် အပါး (၁၀၀)လောက်အတွက် သောက်ရေ သုံးရေတွေကို အဲဒီသံဃာတော်တွေ မသိအောင် ညဘက်မှာ ဖြည့်ထားပါတယ်။ သာမန်လူတွေဆိုရင် ကိုယ်လုပ်တာနည်းနည်း၊ ပြချင်တာကများများပါ။ ဆရာတော်ကြီးက သူရေဖြည့်ထားမှန်း ဘယ်သူမှ မသိစေခဲ့ပါဘူး။ အဲဒါ နေ့စဉ်လုပ်တာပါ။ တစ်ခါတလေမှ လုပ်တာ မဟုတ်ပါဘူး။ အဲဒါကို သံဃာတော်တွေက သိတော့ တောင်းပန်ကြတယ်။ အဲဒီအခါမှာ ဆရာတော်က ခုလိုပြန်ပြောပါတယ်။

"တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ ဘဝအဆက်ဆက်က သားကျွန်၊ မယားကျွန်၊ တဏှာကျွန် ခံခဲ့ရတာပါ၊ အခုဘဝမှာ သာသနာ့ကျွန်၊ သံဃာ့ကျွန် ခံပါရစေ၊ ပြီးတော့ အခုဘဝ ခန္ဓာကိုယ်ကြီးကို တပည့်တော် အငှားနွားလို သဘောထားပါတယ်၊ ငှားထားတဲ့ နွားမို့လို့ တန်အောင်ခိုင်းရပါမယ်၊ တန်အောင် မခိုင်းရင် ငှားခတွေ ရှုံးပါတယ်၊ အဲဒီ ဥပမာအတိုင်း တပည့်တော်တို့ လူသားတွေက ဒီခန္ဓာကိုယ်ကြီးကို သေမင်းဆီက ခဏငှားထားကြတာပါ၊ သေမင်းပြန်မခေါ်ခင် ကုသိုလ်ရအောင် ခိုင်းရပါတယ်"

အဲဒီလိုပဲ ကျွန်တော်တို့လည်း အသက်ရှင်နေသရွေ့ ဒီခန္ဓာကြီးကိုခိုင်းနေရတာပါ။ သားအတွက်လား၊ သမီးအတွက်လား၊ မယားအတွက်လား၊ ဘယ်သူ့အတွက်လဲဆိုတာ သေသေချာချာ စဉ်းစားဖို့လိုပါတယ်။

လောလောဆယ် ကျွန်တော့်အနေနဲ့ကတော့ သမီးအတွက်၊ မယားအတွက် ဖြစ်နေသလိုပါပဲ။ သမီးတွေက နှစ်စဉ်ဘုရားဖူးထွက်ဖို့ ပူဆာပါတယ်၊ ဒီတော့ကာ အောင်သိဒ္ဓိအဖွဲ့နဲ့ အင်းလေးကို ရောက်ခဲ့ရတာ ဖြစ်ပါတယ်။

အင်းလေးကန်ဟာ ညောင်ရွှေမြို့နယ်အတွင်းမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ မှာ တည်ရှိတာပါ။ အင်းလေးရေပြင်ကို ညို့မှိုင်းတဲ့ တောင်တန်းများက ကာရံထားသလိုဖြစ်နေတာကြောင့်လှပလွန်းတဲ့နေရာလည်း ဖြစ်ပါတယ်။

အင်းလေးရောက်ရင် မဖြစ်မနေ သွားရတာက ဖောင်တော်ဦးဘုရားပါ။ အလောင်းစည်သူမင်း ဇမ္ဗူဒိပ်ကျွန်းအနှံ့ ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်တဲ့ အခါမှာ သိကြားမင်းဆက်သတဲ့သစ်ကွန်





www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်လိုဏ်တွင် စံပယ်တော်မူသည့်ဘုရား



အရှေ့ဘက်လိုဏ်တွင် စံပယ်တော်မူသည့် ဘုရား

နဲ့သာ အသားကို ရုပ်ပွားတော်ငါးဆူ ထုလုပ်စေပြီး ဖောင်တော်ဦးမှာ တင်လှူပူဇော်လာတာကြောင့် ဖောင်တော်ဦး ဘုရားလို့ အမည်တွင်တာဖြစ်ပါတယ်။ အဲဒီဖောင်တော်ဦးဘုရားကို စော်ဘွားကြီး ဆီဆိုင်ဖက ပင့်ဆောင်လာပြီး အင်းလေးကန် အတွင်းက နန်းဟူးရွာမှာ တည်ထားခဲ့လို့ ယနေ့တိုင် ဖူးမြော်နေရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ ဖောင်တော်ဦးဘုရားကို အားပါးတရ ဖူးမြော်ပြီး အလိုတော်ပေါက်ဘုရားဆီသို့ သွားကြပါတယ်။

"ရေပြင်ကျယ် လှိုင်းဂယက်ဖွေးဖွေးမှာ စင်ရော်ငယ် အစာကျွေးမယ်လို့ သမီးကဆိုပြန် လေရူးကထန်"

စက်လှေပေါ်မှာ စောစောက ကျွန်တော်ပြောသလို သမီးအတွက်၊ မယားအတွက် ဆိုတာလေးကို သတိရမိပြန်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဖြတ်သန်းနေရတဲ့ဘဝလေးမှာ အတ္တနဲ့ပရ မျှအောင် အဝ.တ်နိုင်ဆုံး ကြိုးစားနေပါတယ်။ အတ္တများလွန်းရင် အစွန်းရောက်သွားတတ်ပါတယ်။ သာမန် ဘဝတွေမှာ သိပ်မသိသာလှပေမယ့် အာဏာပိုင်တွေအနေနဲ့ အတ္တများလွန်းရင် အာဏာရှင်ဖြစ်သွားတတ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း နှစ်ပေါင်း (၅၀) အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့တာဟာ အတ္တများလွန်းလို့ ဖြစ်ပါတယ်။

ဒီနေရာမှာ အုပ်ချုပ်သူ လူကြီးမင်းများရဲ့ နိုင်ငံရေး အဆိုအမိန့်ထူးများကို နည်းနည်းရေးပြချင်ပါတယ်။

"မားမားချင်း တုတ်တုတ်ချင်းပဲ"

"ဆူရင် ပူရင် ဒီတစ်ခါ မိုးပေါ်ထောင်မပစ်ဘူး၊ တည့်တည့်ပစ်မယ်"

"တရုတ်ဟာ ကျေးဇူးရှိတယ်"

"တရုတ်ကို ကြောက်နေရပါတယ်"

"ထမင်းတစ်နပ် လျှော့စားပြီး အကြွေးဆပ်ပါ"

"ရွှေလက်နဲ့ခေါ်တာ မလာရင် ဘူးလက်နဲ့ခေါ်မှ မလာနဲ့"

အဲဒါတွေဟာ နိုင်ငံရေးဂန္ထဝင် အဆိုအမိန့်ထူးတွေပါ။ ဘုရားရေ အံ့ဩလိုက်တာလို့ ပြောမယ်ဆိုလည်း ပြောလို့ရပါတယ်။ ဂျာနယ်တစ်စောင်ရဲ့ ကာတွန်းလေးတစ်ကွက်မှာ . . .

"ရှင်နော် ရေငုံနှုတ်ပိတ်လို့လဲ နေလို့မရ၊ ပြောမှဖြစ်မယ်ဆိုရင်လဲ သားစဉ်မြေးဆက် မျက်နှာမဖော်ရဲအောင် ကြောင်တောင်တောင် စကားတော့ မပြောမိစေနဲ့နော်" ဆိုပြီး လူကြီးမင်းများကို သတိပေးခဲ့တာ ရှိပါတယ်။


စကားဆိုတာကလည်း မပြောတတ်ရင် ဂုဏ်သိက္ခာ ထိပါးတတ်ပါတယ်။ ဒီနေရာမှာ နိုင်ငံရေးစာစုလေး တစ်ခုကို သတိရမိလိုက်ပါတယ်။

အမေရိကန်သမ္မတ လင်ကွန်းဟာ ဘယ်သောအခါကမှ သူ့ကိုယ်သူ မြင့်မြင့်မားမား မထင်မှတ်ထားပါဘူး။ သူ့အနေနဲ့ သာမန်ရိုးစင်းတဲ့ အလုပ်များကို ကိုယ်တိုင်လုပ်တတ်ပါတယ်။ တစ်နေ့မှာ သံတမန်တစ်ဦးကို အိမ်ဖြူတော် အတွင်း ဝင်ခွင့်ပြုလိုက်ပါတယ်။ အဲဒီ သံတမန် အိမ်ဖြူတော်ကို ရောက်လာချိန်မှာ သမ္မတလင်ကွန်း သူ့ဖိနပ်ကို သူကိုယ်တိုင် တိုက်နေတာတွေ့တော့ အံ့အားသင့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလိုတော်ပေါက်ဘုရား

"ဘယ်လိုလဲ သမ္မတကြီး၊ ခင်ဗျား ဖိနပ်တွေကို ခင်ဗျားကိုယ်တိုင် တိုက်နေတာလား"

"ဟုတ်တယ်လေ၊ ဒါထက် ခင်ဗျားက ဘယ်သူ့ဖိနပ်တွေကို တိုက်ပေးသလဲ"

သမ္မတလင်ကွန်းက သံတမန်ကို တန်ပြန်စကားလုံးနဲ့ ပညာပေးလိုက်တာပါ။ မှန်ပါတယ်။ အဖွဲ့အစည်းတွေမှာ ဒါမှမဟုတ် နိုင်ငံတော်အတွက် လုပ်ဆောင်ရာမှာ ဂုဏ်သိက္ခာမှတစ်ပါး အခြားဘယ်အရာကိုမှ အကျိုးမခံစားတာ ကောင်းပါတယ်။ ဂုဏ်သိက္ခာကိုလည်း ကိုယ်နဲ့ထိုက်တယ်ဆိုမှ ယူတာကောင်းပါတယ်။ ဥပမာ ပေးရရင် ပန်းလှလှပန်မယ်ဆိုရင်တော့ ဆံကေသာကို ကြော့နေ ကော့နေအောင် ဆီလူး ဆံထုံးထုံးပြီး ပန်မှ သင့်တော်မှာပါ။ အဲဒီလို မဟုတ်ဘဲ ဆံပင်တွေ ပွရောင်းရောင်း နီကြောင်ကြောင်နဲ့ပန်းတွေဝေနေအောင် ပန်ထားရင်တော့ အရှုးလို့ ပြောကြမှာပါ။

ဂုဏ်သိက္ခာတွေနဲ့ ပတ်သက်ပြီး အတွေးတွေ များသွားပါတယ်။ ဟော ကျွန်တော်တို့အဖွဲ့ အလိုတော်ပေါက်ဘုရားကို ရောက်ပါပြီ။ စက်လှေကို ဘုရားကမ်းနား အသာကပ်ပြီး ဘုရားကုန်းပေါ် တက်ကြပါတယ်။ ထမင်းစားချိန် ရောက်နေတာမို့ ဘုရားပေါ်မှာ ထမင်းစားဖို့ အဖွဲ့ကို အော်ပြောရပါတယ်။ အောင်သိဒ္ဓိဆရာတော်နဲ့ သံဃာအဖွဲ့ပါလာလို့ နေ့လယ်ဆွမ်းအတွက် ဘုရားကုန်းပေါ်က ဘုန်းတော်ကြီးကျောင်းမှာ ပြင်ဆင်ရပါတယ်။



အင်းလေးအလှ

"အင်းလေးဂုဏ်ရောင် ကျက်သရေဆောင် ဘုန်းရောင်တောက်ပွား အလိုတော်ပေါက်ဘုရား"

အလိုတော်ပေါက်ဘုရားဟာ အင်းလေးဒေသမှာ ထင်ရှားတဲ့ ဘုရားတစ်ဆူပါ။ အိန္ဒိယနိုင်ငံ သီရိဓမ္မာသောကမင်းကြီးရဲ့ စေတီပေါင်း ၈၄၀၀၀ ထဲမှာ အပါအဝင်ဖြစ်တယ်လို့ဆိုပါတယ်။ အဲဒီသမိုင်း ပုရပိုက်မှာ "အင်းဘုရား" လို့ ရေးထားတာပါ။

အနော်ရထာမင်း အင်းလေးကို ကြွချီလာတဲ့အခါ အလိုတော်ပေါက်ဘုရား ပြိုပျက်နေပြီး ဖိနပ်တော်သာ ကျန်တော့တာမို့ ဓာတ်တော်ရှစ်ဆူ ဌာပနာပြီး ပြန်တည်ခဲ့ပါတယ်။ အဲဒီနောက်မှာ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ စောမွန်နစ်မင်း စတဲ့မင်းအဆက်ဆက်တို့ ပြုပြင်လာခဲ့တာ ယနေ့မှာဆိုရင်တော့ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့နေရပါပြီ။

ကျွန်တော်တို့ ရောက်နေချိန်မှာ ဘုရားကုန်းတော်ပေါ်မှာ ဘုရားဖူးများနဲ့ စည်ကားနေပါတယ်။ အနယ်နယ်အရပ်ရပ်က ဖြစ်ပါတယ်။ နိုင်ငံခြားဧည့်သည်များကိုလည်းတွေ့ရပါတယ်။စားသောက်ဆိုင်တွေမှာလည်း နိုင်ငံခြားဧည့်သည်များ ရှမ်းထမင်းချဉ်ကို နှစ်သက်စွာစားနေတာ တွေ့ရပါတယ်။

အဲဒီလို နိုင်ငံခြားသားများဖြစ်တဲ့ အခြားဘာသာဝင်များ ကျွန်တော်တို့ ဘုရားပရိဝုဏ်မှာ လှေ့လာကြည့်ရှုနေတာ တွေ့ရတော့ ဝမ်းသာမိပါတယ်။ ဘာသာအသီးသီးမှာ ရှိနေကြတဲ့သူတွေဟာ သူ့နည်းသူ့ဟန်နဲ့ သူ့ဘာသာကို သက်ဝင်ယုံကြည်ပြီး သာသနာပြုနေကြတာပါ။ ဒီနေရာမှာ ပြောချင်တာက ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေကလည်း ကိုယ့်ဘာသာအကြောင်း သိရှိ





www.burmeseclassic.com

www.burmeseclassic.com


လည်ပြီး နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်နေဖို့ လိုပါတယ်။ ဘာသာရေးခေါင်းဆောင်များကလည်း ကိုယ့်ဘာသာဝင်တွေကို နက်ရှိုင်းတဲ့ သဒ္ဓါတရားနဲ့ စစ်မှန်တဲ့ သက်ဝင်ယုံကြည်မှုရှိဖို့ပဲ ဟောပြောသင့်ပါတယ်။

ဘာသာတရားတစ်ခုက အခြားဘာသာတရားကို ဝေဖန်ထောက်ပြပြီး ညည်းနိုးလှုံ့ဆော်မယ်ဆိုရင် အသိဉာဏ်နည်းတဲ့ ဘာသာဝင်တွေဟာ မကောင်းတဲ့ ပဋိပက္ခလမ်းကို ရွေးချယ်သွားမှာပါ။

ဒီနေရာမှာ ကျွန်တော်တို့အားလုံး သတိထားသင့်ပါတယ်။ ဘာသာရေးမှာလည်း ကိုယ့်ဘာသာမှ ကိုယ့်ဘာ


အင်းလေးရိုးရာ ပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရ


အလိုတော်ပေါက်ဘုရားတွင် အမှတ်တရ


အလိုတော်ပေါက်ဘုရား ကုန်းပေါ်ရှိ ဘုန်းကြီးကျောင်းတွင် စာရေးသူတို့ မိသားစု အမှတ်တရ

သာဆိုတဲ့ အတ္တမကြီးဖို့ အရေးကြီးပါတယ်။ အတ္တကြီးလွန်းရင် အစွန်းရောက်သွားတတ်တယ်လို့ စောစောက ကျွန်တော် ပြောပြီးသွားပါပြီ။ ကျွန်တော်တို့အားလုံး အမျိုးချစ်တတ်ဖို့ လိုတယ်ဆိုတာ မှန်ပါတယ်။ အမျိုးကိုချစ်တတ်ဖို့ ယဉ်ကျေးမှုသမိုင်းကြောင်းများနဲ့ ပြောဆိုစည်းရုံးသင့်ပါတယ်။ အမျိုးကို ချစ်တတ်ဖို့ ဘာသာတရားနဲ့ ဗည်းရုံးတာ၊ ဘာသာတရားကို ကြည်ညိုဖို့ အမျိုးကို စည်းရုံးတာဟာ အကျိုးထက် အဆိုးကပိုများသွားနိုင်ပါတယ်။ သတိပြုရမှာပါ။

နေ့လယ် ၁ နာရီလောက်မှာ ကျွန်တော်တို့အဖွဲ့ ညောင်ရွှေကို ပြန်ကြပါတယ်။ အင်းလေးတစ်ခွင်က လှလွန်းလို့ ပြန်တောင်မပြန်ချင်ပါဘူး။ တကယ့်ကို လွမ်းစရာပါ။

အပြန်ခရီးမှာ စင်ရော်ငှက်ကလေးတွေကလည်း နောက်နှစ်လည်းပြန်လာဦးနော်ဆိုပြီး နှုတ်ဆက်စကားနဲ့ လိုက်ပါပို့ဆောင်နေသလိုပါပဲ။

အဲဒါကြောင့် စောစောကကဗျာလေးတစ်ပုဒ်နဲ့ ကျွန်တော် လက်စသတ်လိုက်ချင်ပါတယ်။

"ရေပြင်ကျယ် လှိုင်းဂယက်ဖွေးဖွေးမှာ စင်ရော်ငယ် အစာကျွေးမယ်လို့ သမီးကဆိုပြန် လေရှူးကထန်"


❒ မင်းဆက်ပိုင်





www.burmeseclassic.com

www.burmeseclassic.com



# နိဗ္ဗာန်

ဦးကျော်နိုင် ( B.A, H.G.P )

နိဗ္ဗာန်သည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။ ဘုရားရှိခိုး၊ ဘုရားဝတ်တက်ရာ၌ "မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရ,ရပါလို၏"ဟူ၍ ဆုတောင်းကြ၏။

ကုသိုလ် ဒါန စသည် ပြုရာ၌လည်း "ဣဒံ မေပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု" ဤကုသိုလ် ကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေသတည်းဟု တောင်းဆုဆိုကြ၏။

နိဗ္ဗာန်ကို ဆုတောင်းနေကြသော်လည်း နိဗ္ဗာန်၏အဓိပ္ပါယ်ကိုကား ခပ်ဝါးဝါးသာ သိကြသည်ကို တွေ့ရ၏။

နိဗ္ဗာန်ကို ရွှေမြို့တော်ကြီးအဖြစ်၊ ရွှေပြည်ကြီး ရွှေနန်းဗိမာန်ကြီးအဖြစ် ဘုံဗိမာန်ကြီးအဖြစ် စသည်ဖြင့် ထင်မြင်ယူဆကြ၏။ သို့သော် နိဗ္ဗာန်သည် ထိုသူတော်ကောင်းတို့ ထင်မြင်သည့်အတိုင်း မဟုတ်ပေ။ ယင်းသို့ဆိုသော် နိဗ္ဗာန်ဆိုသည်မှာ ဘယ်သို့သော အရာပါနည်း။

## နိဗ္ဗာန်သည် ရှိကော ရှိသလော

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အမှန်တကယ်ရှိသော တရားဖြစ်ပါသည်။ စိတ်၊ စေတသိက်၊ ရုပ် ပရမတ်တရားတို့ကဲ့သို့ နိဗ္ဗာန်သည်လည်း ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားဖြစ်ပါသည်။ စိတ်၊ စေတသိက်၊ ရုပ် တရားတို့သည် သင်္ခတပရမတ် တရားများဖြစ်၍နိဗ္ဗာန်သည် အသင်္ခတပရမတ် တရား ဖြစ်ပါသည်။

သင်္ခတဆိုသည်မှာ အကြောင်းတရားတို့ ပေါင်းစုံပြုပြင် ထားအပ်သောတရားဖြစ်၍ အသင်္ခတ ဆိုသည်မှာ မည်သည့်အကြောင်းကမျှ မပြုပြင်အပ်သောတရား ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်သည်မည်သည့်အကြောင်းကြောင့်မျှ ဖြစ်လာ၊ ရှိလာသော တရားမဟုတ်ဘဲ အမြဲတမ်းရှိနေသော နိစ္စဓူဝ သဿတတရားဖြစ်လေသည်။ ထိုနိဗ္ဗာန်သည် ငြိမ်းခြင်း လက္ခဏာရှိပါသည်။ အငြိမ်းဓာတ် ဖြစ်ပါသည်။

## ပရမတ်တို့၏ ဝစနတ္ထ

ပရမတ်တရားများကို ဝိဂြိုဟ်ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖော်ကြရာတွင် (၃)မျိုးပြု[illegible]ပ်ကြပါသည်။ ၎င်းတို့မှာ-





www.burmeseclassic.com

www.burmeseclassic.com

ကတ္တုသာဓန “တတ်” ဟုအနက်ပေးပါသည်။ ကရဏသာဓန “ကြောင်း”ဟု အနက်ပေးသည်။ ဘာဝသာဓန “ခြင်း” ဟု အနက်ပေးပါသည်။ ဥပမာ- စိတ်ကို ဝစနတ္ထပြုရာတွင် အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။ (ကတ္တု သာဓန)။ အာရုံကိုသိကြောင်း ဖြစ်သောကြောင့် စိတ်မည်၏ (ကရဏ သာဓန)။ အာရုံကို သိခြင်းမျှသည် စိတ်မည်၏ (ဘာဝသာဓန)။ ထိုသို့ (၃)မျိုးပြခြားသော်လည်း ရှေ့သာဓန (၂)ပါးသည် တင်စား၍ ဖော်ပြချက်သာ ဖြစ်ပါသည်။ ဥပစာ စကားသာလျှင် ဖြစ်ပါသည်။ နောက်ဆုံးဘာဝသာဓန (ခြင်း)သာလျှင် အမှန်မုချဖြစ်ပါသည်။

ကျေးဇူးရှင် တောင်မြို့ ဆရာတော်ဘုရားကြီးက မှတ်လွယ်အောင် ယခုကဲ့သို့ ဆောင်ပုဒ်ရေးသားခဲ့ပါသည်။ (ဆောင်) ပရမတ်စု၊ ဝိဂြိုဟ်ပြုသော်၊ ကတ္တုကရဏတ်၊ ဘာဝသာဓ်ဟု၊ သုံးရပ်ခြားပိုင်း၊ အများနှိုင်းလည်း၊ ကရိုဏ်းကတ္တု၊ ဤ(၂)ခုမှာ၊ ဥပစာတဲ့ ဘောသာမှချ သရုပ်ရဟု၊ ထုတ်ပြမှီရာ၊ ညီတညာသည်၊ ငှီကာငှီကာ့ စောင်စောင်တည်း။

**နိဗ္ဗာန်၏ဝစနတ္ထ**

ပရမတ်တရားစုကို ထိုသို့ (၃)မျိုး ပြုကြသည်ဆိုသော်လည်း ယေဘုယျ ဖော်ပြချက်မျှသာ ဖြစ်ပါသည်။ နိဗ္ဗာန်ကို ဝစနတ္ထပြုရာ၌မူ အဓိကရဏသာဓန(ရာ)၊ ကရဏသာဓန (ကြောင်း)၊ ဘာဝသာဓန(ခြင်း)ဟု (၃)မျိုး ဝစနတ္ထ ပြုကြပါသည်။

ငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာန်မည်၏။ ငြိမ်းကြောင်းဖြစ်သော ကြောင့် နိဗ္ဗာန်မည်၏။ ငြိမ်းချမ်းမှုသည် နိဗ္ဗာန်မည်၏ဟူ၍ (၃)မျိုးပြုကြပါသည်။

ဤ၌ ဘာငြိမ်းတာလဲဟုဆိုသော် အကြောင်းတရား သစ္စာဘက်ကပြောလျှင် ကိလေသာများ ငြိမ်းတာဖြစ်၍ အကျိုးသစ္စာဘက်ကပြောလျှင် ဒုက္ခငြိမ်းတာဖြစ်ပါသည်။

ဤဝစနတ္ထ(၃)မျိုးတွင် ရှေးဆရာစဉ်ဆက် ဆရာတော်များက အဓိကရဏသာဓန(ရာ)၊ကရဏသာဓန(ကြောင်း)သည် မုချဝစနတ္ထဟုဆိုကြ၍ ဘာဝသာဓန(ခြင်း)သည် ပရိယာယ်ဥပစာဟု ဆိုကြပါသည်။ နောက်ပိုင်း ဆရာတော်အချို့ကမူ (အချို့ဆို၍ နိမ့်ကျ၍ ဆိုသည်မဟုတ်)ဘာဝသာဓနကမုချစကားဖြစ်၍ ရှေ့သာဓန(၂)ခုသည် ဥပစာတင်စားချက်သာ ဖြစ်သည်ဟု ဆိုပါသည်။

**တတိယသစ္စာ**

အရိယသစ္စ ဒေသနာသည် ဘုရားရှင်၏ သာမုက္ကံသိကဒေသနာဖြစ်ပါသည်။

သာမုက္ကံသိကဒေသနာ ဆိုသည်မှာ “အတ္တနာယေဝ ဥဒ္ဓရိတွာ ဂဟိ တာ သယမ္ဘုဉာဏေနဒိဋ္ဌာ” ဟူသော ဖွင့်ဆိုချက်နှင့် အညီဘုရားရှင်ကိုယ်တော်တိုင် သယမ္ဘုဉာဏ်ဖြင့်ထုတ်ဖော်ယူအပ်မြင်အပ်သောတရား ဖြစ်ပါသည်။

ၚင်းမှာ ပထမဦးဆုံး ဘုရားရှင် ဟောကြားတော်မူသော တရားအနေဖြင့်ဆိုရမူ ဓမ္မစကြာတရားတော်ပင် ဖြစ်ပါသည်။ ဓမ္မစကြာဒေသနာသည် ပထမဦးဆုံးတရားဖြစ်၍ ဟောတော်မူအပ်သော နှစ်၊ လ၊ ရက်နှင့်တကွ ဟောတော်မူသည့်အချိန်ကိုပါ တိတိကျကျ ရှိသော ဒေသနာတော် ဖြစ်ပါသည်။

ထိုဒေသနာအရ နိဗ္ဗာန်သည် တတိယမြောက် အရိယာသစ္စာ ဖြစ်ပါသည်။

ၚင်းမှာ ဒုက္ခနိရောဓ အရိယသစ္စာပင် ဖြစ်ပါသည်။ ဒုက္ခနိရောဓ ဆိုသည်မှာ ဒုက္ခ ချုပ်ငြိမ်းရာ၊ ချုပ်ငြိမ်းကြောင်း သို့မဟုတ် ဒုက္ခချုပ်ငြိမ်းခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် တတိယသစ္စာ၌ဖော်ပြသည့် ဒုက္ခနိရောဓအရ နိဗ္ဗာန် ဆိုသည်မှာဒုက္ခချုပ်ငြိမ်းရာ၊ချုပ်ငြိမ်းကြောင်း သို့မဟုတ် ဒုက္ခချုပ်ငြိမ်းခြင်းပင် ဖြစ်ပါသည်။

**ဒုတိယသစ္စာဖြင့် ဟောတော်မူခြင်း**

ဒုက္ခ၏ ဖြစ်ကြောင်းသစ္စာမှာ ဒုတိယအရိယသစ္စာဖြစ်ပါသည်။ ဒုတိယသစ္စာမှာ ဒုက္ခသမုဒယသစ္စာ ဖြစ်ပါသည်။ ဒုက္ခသမုဒယဆိုသည်မှာ ဒုက္ခဖြစ်ကြောင်းဟူ၍ အဓိပ္ပါယ်ရပါသည်။ ၚင်းသည် တဏှာပင် ဖြစ်ပါသည်။ တဏှာသည် ဘဝသစ်ကို ဖြစ်စေတတ်၍ နှစ်သက်ခြင်း၊ တပ်စွဲခြင်း၊ သဘောရှိသော ဖြစ်ရာဘဝ၊ ဖြစ်ရာအာရုံ၌ ပျော်မွေ့တတ်ပါသည်။

ထိုအကြောင်း တဏှာဘက်မှ ပြောလျှင် ဒုက္ခဖြစ်ကြောင်း ဖြစ်သည့် တဏှာချုပ်ရာချုပ်ကြောင်း သို့မဟုတ် ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါသည်။ ဒုက္ခဖြစ်ကြောင်း တဏှာချုပ်လျှင်ဒုက္ခလည်း ချုပ်ငြိမ်းမည် ဖြစ်ပါသည်။

ထို့ကြောင့် သစ္စာ (၂)ပါးလုံးက နေပြောလျှင် ဒုက္ခနှင့် ဒုက္ခသမုဒယ နှစ်ပါးလုံး ချုပ်ငြိမ်းရာသည် နိဗ္ဗာန်ဖြစ်ပါသည်။

**ဒုက္ခဆိုတာဘာလဲ**

ဒုက္ခနှင့် ပတ်သက်၍ ဘုရားရှင်သည် ပထမဆုံး အရိယသစ္စာဖြင့် ဒုက္ခသစ္စာဟူ၍ ဟောတော်မူပါသည်။ ဒုက္ခဆိုသည်မှာ ယခုလက်ရှိ ဓမ္မစကြာ ပါဠိတော်အရ ဘဝသစ်ဖြစ်ရခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ ရောဂါဖြစ်ခြင်း၊ သေဆုံးရခြင်း၊ မနှစ်သက်သော အရာဝတ္ထု ပုဂ္ဂိုလ်များနှင့် ဆက်ဆံရခြင်း၊ နှစ်သက်သော ပုဂ္ဂိုလ် အရာဝတ္ထုနှင့် ကွေကွင်းရခြင်း၊ လိုတာမရခြင်းဟူ၍ ဒုက္ခ (၇) မျိုးကို ဟောတော်မူပါသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာတော်များ လက်ထက်၌ကား ဇာသွားတစ်မျိုးရှိဟန် ရှိပါသည်။ ဝိသုဒ္ဓိမဂ်အရဆိုလျှင် ဘဝသစ်ဖြစ်ခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ မနှစ်သက်သော အရာဝတ္ထု ပုဂ္ဂိုလ်တို့နှင့်





www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံရခြင်း၊ နှစ်သက်အပ်သော ပုဂ္ဂိုလ် အရာဝတ္ထုတို့နှင့် ကွေကွင်းရခြင်း၊ လိုတာမရခြင်းဟူ၍ ဒုက္ခ(၁၁)မျိုးရှိလေသည်။ ၎င်းဒုက္ခများကို အကျဉ်းချုပ်လိုက်လျှင် ပြင်းစွာစွဲလမ်းရာ ဖြစ်သည့် ခန္ဓာငါးပါး ဖြစ်ပါသည်။

ထိုခန္ဓာငါးပါးရရှိပါက မည်သည့်ဘဝ၌ဖြစ်စေ ဒုက္ခမျိုးစုံကို တွေ့ရမည် ဖြစ်ပါသည်။ လူ့ခန္ဓာရလျှင် လူ့ဘဝဒုက္ခ၊ တိရစ္ဆာန်ခန္ဓာရလျှင် တိရစ္ဆာန်ဒုက္ခ၊ နတ်ခန္ဓာရလျှင် နတ်ဘဝဒုက္ခ စသည်ကို တွေ့ရမည်သာ ဖြစ်ပါသည်။

ယင်းခန္ဓာများ ချုပ်ငြိမ်းသွားမှသာ အဆိုပါ ဒုက္ခများမှ ချုပ်ငြိမ်းမည် ဖြစ်ပါသည်။ ထို့ကြောင့် ဒုက္ခနိရောဓ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသည့် ရုပ်နာမ် ခန္ဓာချုပ်ငြိမ်းသွားရာပင် ဖြစ်ပါသည်။

**ဗုဒ္ဓကို ဝေနယိက စွပ်စွဲခံရ**

ခန္ဓာချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရန် ဟောကြားတော်မူသော မြတ်ဗုဒ္ဓအား ထိုခေတ် ပဏ္ဍိတ်များ ဖြစ်ကြသည့် သာမဏေဗြဟ္မဏတို့က လည်းကောင်း၊ နိဂဏ္ဌ နာဋပုတ္တ၏ တပည့်သာဝကတို့ကလည်းကောင်း၊ ဝေနယိက ဟူ၍ စွပ်စွဲခဲ့ကြ၏။ ဝေနယိက ဆိုသည်မှာ ရှိနေသော သတ္တဝါကို သတ်ပစ်သူဟူ၍ အဓိပ္ပါယ်ရသည်။ ဝေနယျ သတ္တဝါကို နိဗ္ဗာန်သို့ပို့ဆောင် တာကို သတ်ပြစ်သည်ဟု ထင်မြင်၍ ထိုသို့ စွပ်စွဲကြခြင်း ဖြစ်ပါသည်။

အံချို့သော ဗုဒ္ဓဘာသာဝင်များကလည်း "နိဗ္ဗာန်ဆိုတာ အသေကြီး သေသွားတာပါလား၊ မိဘ ဆွေမျိုး၊ ဇနီးမယား၊ သမီးသားတို့နှင့် ပြန်မတွေ့ရတော့ပါလား" စသည်ဖြင့် တွေးထင်တတ်ကြလေသည်။ ခရစ်ယာန်ဘုန်းကြီး တစ်ပါးကမူ "ရောဂါဝေဒနာဖြစ်၍ ဆရာဝန်ထံ သွားပြရာ၊ ဆရာဝန်က ရောဂါပြတ်သွားအောင် လူကိုပါ သတ်လိုက်သကဲ့သို့ ဒုက္ခဖြစ်၍ ဘုရားရှင်ထံ ဆည်းကပ်ရာ၊ ဒုက္ခငြိမ်းသွားအောင် သတ္တဝါကိုပါ ရှင်းပစ်တာပဲ" ဟု ဗုဒ္ဓကို စွပ်စွဲလေသည်။

အမှန်အားဖြင့် ဘုရားရှင်သည် ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟူ၍ လက်ခံတော်မမူခဲ့ပေ။ ရုပ်နှင့် နာမ်(၂)ပါးသာရှိ၍ ရုပ်နာမ်မှအပ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပေ။ ထိုရုပ်နာမ်ကို ခန္ဓာအစုအဖွဲ့ပါက ခန္ဓာငါးပါးပင် ဖြစ်ပါသည်။ ထိုခန္ဓာငါးပါးကို ပဋိစ္စသမုပ္ပာဒ်နိဂုံး၌ ဘုရားရှင်က "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော(နိရောဓော)ဟောတိ" ဟူ၍ ဟောတော်မူခဲ့သည်။

အဆိုပါ အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဤဒုက္ခအစုကြီးသာ ချုပ်သွား၏ဟူ၍ ဟောတော်မူခဲ့သည်။ ဤပဋိစ္စသမုပ္ပာဒ် နိဂုံးကို ကောက်ချက်ချ၍ဗုဒ္ဓတပည့်သာဝကဖြစ်သည့် ဝဇိရာထေရီမက. .

"ဒုက္ခမေဝ ဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊ နာညတြဒုက္ခ သမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ" ဟူ၍ ဟောကြားခဲ့ပါသည်။

ဒုက္ခသာလျှင် ဖြစ်လာတည်ရှိကင်းပျောက်သွား၏။ ဒုက္ခမှတစ်ပါး အခြားတစ်စုံတစ်ရာမျှ ဖြစ်လာခြင်းမရှိ ဒုက္ခမှ တစ်ပါး အခြားတစ်စုံတစ်ရာမျှ ချုပ်ငြိမ်းသွားခြင်းမရှိဟူ၍ ဖြစ်ပါသည်။

***စတုတ္ထအရိယာသစ္စာ***

စတုတ္ထအရိယာသစ္စာမှာ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါအရိယသစ္စာ ဖြစ်ပါသည်။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော အကျင့်ပင်ဖြစ်ပါသည်။ ၎င်းကို မဂ္ဂသစ္စာနိဗ္ဗာန်သို့ ရောက်စေသောလမ်းကြောင်းဟူလည်း ခေါ်ဆိုပါသည်။ မဂ္ဂ-လမ်းကြောင်းဟူသော စကားရပ်နှင့် ပဋိပဒါ-ကျင့်စဉ်ဟူသော စကားရပ်(၂)ခုသည် သဘောချင်းအားဖြင့် အတူတူပင် ဖြစ်ပါသည်။ (၂)ခုပေါင်း၍ ပြောရလျှင် နိဗ္ဗာန်သို့ ရောက်စေသည့် အကျင့်လမ်းစဉ်ပင် ဖြစ်ပါသည်။

၎င်းမှာ မဂ္ဂင်(၈)ပါးပင် ဖြစ်ပါသည်။ မဂ်နှင့် မဂ္ဂင်ဆိုသည်မှာလည်း အတူတူပင် ဖြစ်ပါသည်။ အပေါင်းအစိတ်မျှသာ ထူးပါသည်။ သမ္မာဒိဋ္ဌိစသည် တစ်ခုစီပြောလျှင် မဂ္ဂင်ခေါ်၍ ပေါင်းလျှင် မဂ် ဖြစ်ပါသည်။

ထိုမဂ်ကို ဖြစ်ပွားစေရပါမည်။ ဆိုလိုသည်မှာ- ထိုမဂ်ဖြင့် ဒုက္ခသစ္စာတရားဖြစ်သည့် ရုပ်ခန္ဓာကို ပိုင်းခြားသိမြင်အောင် ဖြစ်ပွားစေရမည်ဖြစ်ပါသည်။ ဒုက္ခသစ္စာတရားဖြစ်သည့် ရုပ်နှင့် နာမ်ကို ပိုင်းခြားသိမြင်ရပါမည်။ ထိုရုပ်နာမ်အသီးသီးတို့၏ သဘာဝလက္ခဏာကို ပိုင်းခြားသိမြင်ရမည်။ ထို့ပြင် ရုပ်နာမ်ခန္ဓာတရားတို့၏ သာမညလက္ခဏာဖြစ်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကိုလည်း ပိုင်းခြားသိမြင်ရမည် ဖြစ်ပါသည်။ ဒုက္ခသစ္စာသည် အရှုခံတရားဖြစ်၍ မဂ္ဂသစ္စာသည် ရှုမြင်တတ်သည့် ရှုစိတ် ရှုဉာဏ်တရားဖြစ်ပါသည်။ နိဗ္ဗာန်သည် မျက်မှောက်ပြုရမည့် တရားဖြစ်၍ သမုဒယတဏှာသည် ပယ်ရမည့်တရားဖြစ်ပါသည်။

**နိဗ္ဗာန်ဝစနတ္ထ ဘယ်ဟာသင့်**

နိဗ္ဗာန်ကို ဝစနတ္ထပြုကြရာတွင် (၃)မျိုးပြုကြကြောင်း ဖော်ပြခဲ့ပါသည်။ ထို(၃)မျိုးတွင် ဘယ်ဝစနတ္ထသည် မှန်ကန်သင့်မြတ်သည်ကိုလည်း စိစစ်သင့်ပါသည်။ ယင်းသို့ စိစစ်နိုင်ရန် သစ္စာယမိုက်ကို လေ့လာရမည်ဖြစ်ပါသည်။ သစ္စယမိုက်၌ ယခုကဲ့သို့ အမေးအဖြေပြု၍ ဟောကြားခဲ့ပါသည်။

"နိရောဓော နိရောဓ သစ္စန္တိ၊ နိရောဓသစ္စံ ထပေတွာ အဝသေသော နိရောဓော နနိရောဓသစ္စံ၊ နိရောဓ သစ္စံ နိရောဓောစေဝ နိရောဓ သစ္စံစ"

နိရောဓသည် နိရောဓ သစ္စာမည်ကပါသလောဟုမေး၊

နိရောဓသစ္စာကို ဖယ်ထား၍ ကျန်နိရောဓသည် နိရောဓသာ မည်၍ နိရောဓသစ္စာမမည်။



www.burmeseclassic.com

www.burmeseclassic.com

နိရောဓသစ္စာကား နိရောဓလည်းမည်၏၊ နိရောဓသစ္စာလည်း မည်၏ ဟူ၍ ဖြစ်ပါသည်။

ဤတွင် သစ္စာယမိုက်နှင့် အဖွင့် အဋ္ဌကထာဋီကာတို့အရ နိရောဓသည် (၈)မျိုးရှိပါသည်။

၎င်းတို့မှာ. .

(၁) တဒင်္ဂနိရောဓ- မဟာကုသိုလ်စိတ်တို့ ဖြစ်နေခိုက် အကုသိုလ်တရားတို့ မဖြစ်ဘဲ ချုပ်ငြိမ်း၍နေခြင်း၊

(၂) ဝိက္ခမ္ဘန နိရောဓ- ဈာနိရပုဂ္ဂိုလ်များ၌ ဈာန်မှ မလျှော့မကျမခြင်း၊ နီဝရဏတရားတို့ မဖြစ်ဘဲ ခွာရှဲ၍ ချုပ်ငြိမ်းနေခြင်း။

(၃) သမုစ္ဆေဒနိရောဓ- မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များ၌ မဂ်စိတ်ဖြစ်ခိုက် မဂ်၏ အစွမ်းသတ္တိကြောင့် သက်ဆိုင်ရာ အနုသယကိလေသာတို့ နောက်တစ်ဖန် မဖြစ်ဘဲ ကင်းပြတ်ချုပ်ငြိမ်းခြင်း။

(၄) ပဋိပဿဒ္ဓိနိရောဓ- ဖလဋ္ဌာန်ပုဂ္ဂိုလ်များ၌ ဖိုလ်စိတ်၏ အရှိန်အဝါအာနုဘော်ကြောင့် ကိလေသာ၏ အငိုအငွေ့များ ထပ်မံချုပ်ငြိမ်းသွားခြင်း။

(၅) ဥပ္ပါဒက္ခဏဘင်္ဂ နိရောဓ- ရဟန္တာတို့၏ စုတိစိတ်တော်မှ တစ်ပါးသော အလုံးစုံသော စိတ်တို့၏ ဘင်ခဏ၌ နောက်နောက်စိတ်တို့ဖြစ် ပေါ်လာရန် အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျှင် ချုပ်ငြိမ်းခြင်း။

(၆) အနုပ္ပါဒက္ခဏဘင်္ဂနိရောဓ- ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ စုတိစိတ်ဘင်ခဏ၌ နောက်နောက်သော စိတ်များဖြစ်ပေါ်လာစေရန်အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုဘဲ မိမိအကြောင်းကုန်၍ ချုပ်ငြိမ်းခြင်း။

(၇) နိရောဓသမာပတ္တိ(ဝါ) သညာဝေဒယိတ နိရောဓ- နိရောဓသမာပတ် ဝင်စားခိုက်၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ မဖြစ်ဘဲ ချုပ်ငြိမ်းခြင်း။

(၈) သစ္စနိရောဓ- သစ္စာထိုက်သော နိရောဓဖြစ်သည့် သစ္စနိရောဓသည် သင်္ခတတရားတို့နှင့် မရောယှက် သက်သက် အသီးအခြား ဖြစ်သော ပရမတ်လေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဖြစ်ပါသည်။ သစ္စာယမိုက်ထောက်၍ ဝေဖန်သုံးသပ်လျှင် ချုပ်ငြိမ်းရာ၊ ချုပ်ငြိမ်းကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်မည်၏ ဟူသော ဝစနတ္ထသာသင့်၍ ချုပ်ငြိမ်းခြင်းမျှသည် နိဗ္ဗာန်မည်၏ဟူသော ဝစနတ္ထသည် မသင့်မြတ်ဟူ၍ သုံးသပ်ရမည် ဖြစ်ပါသည်။

ချုပ်ငြိမ်းခြင်းမျှသည် ပရိနိဗ္ဗာန်သဘောမျှသာဖြစ်၍ အသင်္ခတ ဓာတ်နိဗ္ဗာန် မြတ်မဟုတ်ပါ။ နိဗ္ဗာန်သည် ချုပ်ငြိမ်းရာ၊ ချုပ်ငြိမ်းကြောင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည် အကြောင်းတရား ဖြစ်၍ ပရိနိဗ္ဗာန်သည် အကျိုးတရား သာဖြစ်သည်။

ဤနိဗ္ဗာန်၊ အရိနိဗ္ဗာန်နှင့် ပတ်သက်၍ ကျေးဇူးရှင်မဟာဂန္ဓာရုံ ဆရာတော်ကြီး ရေးသားသည့် ကိုယ်ကျင့်အဘိဓမ္မာဒသမအကြိမ် ရိုက်ရာ၌လည်း ရှင်းလင်းရေးသားထားပါကြောင်းတင်ပြအပ်ပါသည်။

❒ ဦးကျော်နိုင် **(B.A, H.G.P)**




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ့စ်. (မြန်မာပြည်)

- ➢ ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➢ ဘဝရေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- ➢ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။


အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ : ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး ☎ : ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓဖွားမြင်ရာ နေရာတွင်တည်ထားသော မာယာဒေဝီကျောင်းတော်

# ကြာမွှင့်ထက်မှ ခြေလှမ်းများ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)



ဘုရားရှင်များသည် လူ့လောကသို့ လူသားအဖြစ်သာ ရောက်ရှိလာကြ၏။ ထို့နောက် လူသားတို့ဖြတ်ကျော်လျှောက်လှမ်းရသော ခရီးကြမ်းများကို တစ်ဆင့်ချင်း နင်းသွားရသည်။ နောက်ဆုံးတွင်တော့ အခက်အခဲအားလုံး၏ ပန်းတိုင်ဖြစ်သော ဘုရားအဖြစ်သို့ ရောက်ကြလေ၏။ နှောင်းလူတို့က ထိုဘုရားရှင်တို့အား ကိုးကွယ်လာကြသောအခါ သူတို့၏ လူ့ဘဝမှ ရုန်းကန်လှုပ်ရှားရသော အနေအထားများ၊ ဘုရားဖြစ်ပြီးနောက် စံပယ်နေပုံများ၊ လူ့ဘဝမှ ပြန်လည်ထွက်ခွာ ပရိနိဗ္ဗာန်ပြုသွားပုံများကို အစကောက်ကာ ရေးဆွဲ၊ ထုလုပ်ကြတော့သည်။

ဗုဒ္ဓဘာသာတွင်လည်း တောထွက်ခန်း၊ ဒုက္ကရစရိယာကျင့်ကြံတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ တရားဦးဓမ္မစကြာဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခန်း စသဖြင့် ဗုဒ္ဓကျင်လည်ဖြစ်ပျက်ခဲ့ရာ ဘဝဇာတ်စဉ်များကို စံပြုလျက် ဆင်းတု၊ ရုပ်တုများ ထုလုပ်ကြလေ၏။ ထိုအခါ ပန်းချီ၊ ပန်းပု အနုပညာသမားများက ဟုတ်နိုးရာရာနေထိုင်ပုံများကို ကြံဆပြုလုပ်လာကြသည်။ အများအားဖြင့် တင်ပျဉ်ခွေထိုင်နေတော်မူပုံသည်သာ သင့်တင့်ပြီး အချိုးကျသဖြင့် ထုလုပ်ကြ၏။ ထို့ပြင် ခြေထောက်ချပြီးထိုင်နေတော်မူပုံ၊ လျှောက်လှမ်းကြွချီနေပုံ၊ ခြေစုံရပ်နေပုံ၊ လဲလျောင်း အိပ်စက်နေပုံနှင့် တစ်စောင်းလဲနေပုံများလည်း ရှိပါသေးသည်။


သို့သော် ဒူးထောင်ပေါင်ကား၊ ပြေးလွှားခုန်ပေါက် တွဲလွဲတန်းလန်း၊ ခြေလက်ကားရားစသဖြင့် ကိုးရိုးကားရား နေထိုင်ပုံများတော့ မရှိပါ။ ထိုသို့ ရေးဆွဲထုလုပ်လျှင် အကြည်





www.burmeseclassic.com

www.burmeseclassic.com



မယ်တော်မာယာ သားဖွားခန်းရုပ်တု



ညီပျက်စေနိုင်သလို၊ ဘုရားရှင်ကိုယ်တိုင်လည်း ထိုကဲ့သို့ ပျက်သည့်အလုပ်များကို မလုပ်ခဲ့သောကြောင့် ဖြစ်၏။

သို့ဖြင့် ဆင်းတုများ ထုလုပ်ဖန်များပြီး အသားကျလာသောအခါ နေထိုင်ပြုမူပုံများကိုလည်း စနစ်တကျ စီမံတတ်လာတော့သည်။ ထိုအခါ ဗုဒ္ဓကို သက်ဝင်အလေးထားကြသူများက ကြည်ညိုသဒ္ဓါစိတ် ထက်သန်စွာဖြင့် ရုပ်ပွားတော်တို့တွင် အမြတ်ဆုံးဖြစ်မည့် ကောင်းနိုးရာရာ ဖြည့်ဆည်းမှုများကို ကြံဆကာ ဖန်တီးပြုလုပ်ကြ၏။

ထို့ကြောင့်လည်း ဘုရားရှင်၏ လက်ဟန်-မုဒြာ(ဟတ္ထ) (Mudra, Hasta)၊ ရုပ်ပုံကိုယ်ဟန်ခြေထားဟန်-ဌာနက(ဘင်္ဂ) (Stanaka, Bhanga)၊ ထိုင်ပုံဟန်ပန်-အာသန(Asana)၊ ပလ္လင်-ပီဌအာသန (Pitha)များ၊ လဲလျောင်းပုံဟန်ပန်-သယန (Sayana)၊ ဝတ်စားတန်ဆာ-ဘူသန(Bhusana)၊ ဆင်ယင်




မာယာဒေဝီကျောင်းတော်မှ ဖွားမြင်စ ဘုရားလောင်း၏ ပထမဆုံးခြေတော်ရာ

ထုံးဖွဲ့မှု-မောလိ(ကေသဗန္ဓ) (Moli,Kesaban-dha)၊ ဝတ်ရုံသင်္ကန်း-ဒိုတီ(စီဝရ) (Dhoti, Civara)၊ ရောင်ပြန်တံကဲ သီရစက္က(ပဘာဝလီ)(Siracakra, Prabhavali)၊ လက်စွဲလက်ကိုင် အဆောင်အယောင် - အာဝုဓပရိဘောဂ(ပရိက္ခရာ) (Avudha paribhoga, Parishkara)၊ စီးနင်းသောယာဉ်-ဝါဟန(ယာန)(Vahana, Yana)၊ အသုံးပြုသောပစ္စည်း (Materials) နှင့် အတိုင်းအထွာ (Measurement)၊ အလေးချိန်များ (Weight) များလည်း မှန်ကန်လာလေ၏။

ထိုသို့ စနစ်တကျဖြစ်လာသော ရုပ်တု၊ ဆင်းတုတို့ကို ပဋိမာသိပ္ပပညာ (Iconography)အရ လေ့လာဆန်းစစ်သောအခါ ဘုရားရှင်၏လက်ဟန်များ၊ ထိုင်ပုံဟန်ပန်များနှင့် ပလ္လင်များသည်ပင် အရေးအပါဆုံးဖြစ်နေလေသည်။ ထို့ပြင် ဗုဒ္ဓ၏ ဖြစ်စဉ်များကိုလည်း ဗုဒ္ဓဝင် ခုနစ်ခန်း၊ ရှစ်ခန်း၊ ကိုးခန်း၊ ဆယ်ခန်း စသဖြင့် ဖော်ပြထုလုပ်ကြ၏။

ယင်းတို့မှာ ဖွားတော်မူခန်း (Nativity)၊ ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ နာဠာဂီရိဆင်မိုက်ကြီးကို ချွတ်ချွေတော်မူခန်း၊ ပရိနိဗ္ဗာန်ပြုတော်မူခန်း (Mahaparinivana)၊ တာဝတိံသာမှ သက်ဆင်းတော်မူခန်း၊ သာဝတ္ထိပြည် သရက်ဖြူပင်ကုန်းတွင် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူခန်းနှင့် ပါလိလေယျတော၌ သီတင်းသုံးနေတော်မူခန်း စသည်တို့ ပါဝင်နေကြသည်။





www.burmeseclassic.com

www.burmeseclassic.com


### ဗုဒ္ဓဝင်ခန်းများ ထုလုပ်ပူဇော်ခြင်းဓလေ့ ----------

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဝင်ခန်းများကို မြေ၊ ကြေးတို့ဖြင့်ပုံသွင်း၍လည်းကောင်း၊ ကျောက်ကိုထုဆစ်၍လည်းကောင်း၊ သစ်သားကို ထွင်းထု၍လည်းကောင်း၊ ဂူ-ကျောင်း-တန်ဆောင်းတို့၏ နံရံ၌ ဆေးဖြင့်ခြယ်ရေး၍လည်းကောင်း ကြည်ညိုကြလေ့ရှိကြ၏။ ယင်းဓလေ့ ဖြစ်ပေါ်လာရခြင်းကား သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်အရ ဖြစ်လေသည်။ ထိုသုတ်တွင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုအံ့ဆဲဆဲတွင် ညီတော်အာနန္ဒာအား သဒ္ဓါကြည်ညိုခြင်းနှင့် စပ်လျဉ်း၍ ဟောတော်မူခဲ့၏။


သဒ္ဓါစိတ်ရှိသော အမျိုးကောင်းသားတို့သည် တရားသံဝေဂရစေသောငှာ ဘုရားရှင်ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာနှင့် ပရိနိဗ္ဗာန်ပြုရာအရပ်များသို့ သွားရောက်ဖူးမြော်သင့်၏။ ထိုသို့ သွားနေစဉ် လမ်းခရီးတွင် ဘဝပြောင်းခဲ့သော်မှ ကောင်းရာသုဂတိသို့ ရောက်နိုင်၏ဟု ဟောကြားခဲ့သည်။ ယင်းကို အကြောင်းပြု၍ ထိုဖြစ်စဉ်လေးရပ်ပါသော 'လေးခန်းတွဲ ဗုဒ္ဓဝင်များကို ထုလုပ်ပူဇော်ခဲ့ကြ၏။

(သုံးလူ့ထွတ်ထား မြတ်စွာဘုရားအား မတုအပ်၊ မတူအပ်ဟု အယူအဆ ရှိစဉ်ကာလများတွင်ပင် ဖွားမြင်ခြင်း-စက်တော်ရာအစုံနှင့်ကြာပွင့်၊ ဘုရားအဖြစ်သို့ရောက်ရှိခြင်း-ဗောဓိပင်၊ တရားဦးဟောကြားခြင်း-ဓမ္မစကြာတံဆိပ်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း-မြေပုံမို့မို့၊ စေတီထူပါ စသည့် သင်္ကေတများဖြင့် အထိမ်းအမှတ်ပြုကာ ထုလုပ်ကိုးကွယ်ခဲ့ကြသည်။)

ထိုဗုဒ္ဓဝင်လေးခန်းမှ ချဲ့ထွင်တတ်ကြသော လူတို့၏ ဓလေ့အတိုင်း နာဠာဂီရိဆင်မိုက်ကြီးကို ချွတ်ခန်း၊ တာဝတိံသာမှ သက်ဆင်းတော်မူခန်း၊ သာဝတ္ထိပြည်တွင် တန်ခိုးပြာဋိ



ဗုဒ္ဓဖွားမြင်ရာမြေ နီပေါသို့အဝင်
(တိုက်ခေါင်မိုးများပေါ်တွင် မျောက်များ လွတ်လပ်စွာ သွားလာနေကြပုံ)



ဗုဒ္ဓဖွားမြင်ရာမြေဖြစ်ကြောင်း စိုက်ထူသက်သေပြသည့် အသောကကျောက်တိုင်

ဟာ ပြတော်မူခန်း၊ ပါလိလေယျတော၌ သီတင်းသုံးနေတော်မူခန်းတို့ကိုလည်း ထည့်သွင်းဖြည့်စွက်လာခဲ့လေ၏။

ထိုသို့ ဗုဒ္ဓဝင်ပြကွက် ရှစ်ခန်းလုံးကို ကျောက်ပြားတစ်ချပ်တည်းတွင် ပထမဦးဆုံး ပေါင်းစပ်ထုလုပ်ခဲ့သည့် လက်ရာကို အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၊ မိဂဒါဝုန်တောဘေးမှ ဆာရ်နတ်ပြတိုက် (Sarnath Museum) တွင် တွေ့မြင်နိုင်ပါသည်။ ယင်းဗုဒ္ဓဝင်ကျောက်ချပ်ကို ဂုပ္တခေတ် (Gupta Period)တွင် ထုလုပ်ခဲ့သည်ဟု ယူဆကြ၏။

မြန်မာပြည်တွင် တွေ့မြင်ရသော အဋ္ဌဂူကျောက်ချပ်ငယ်များမှာ အိန္ဒိယနိုင်ငံ၊ ဗီဟာ-ဘင်္ဂါနယ်၊ ပါလမင်း (Pala King)များလက်ထက်တွင် ထုလုပ်ခဲ့ကြသော ကျောက်ချပ်ကြီးများကို အသေးချုံးကာ ထုလုပ်ထားခြင်း ဖြစ်လေသည်။

### *မြတ်စွာဘုရားအား ဖွားမြင်တော်မူခန်း (Nativity)*

ထိုဗုဒ္ဓဝင်ခန်းများတွင်မှ ဖွားတော်မူခန်းကို အထူးအလေးပေး ဖော်ပြချင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း-၂၆၀၀ကျော်က အိန္ဒိယပြည်မြောက်ပိုင်း၊ ဟိမဝန္တာတောင်ခြေတွင် သကျအနွယ် (SaKya clan)(သာကီဝင်)မင်းများ အုပ်ချုပ်သော ကပိလဝတ်၊ ဒေဝဒဟာနှင့် ကောလိယပြည်တို့ ရှိခဲ့ကြ၏။ ထိုမဇ္ဈိမဒေသ၊ သက္ကလတိုင်း၊ ကပိလဝတ် (Kapilavatthu) ပြည်မှ သုဒ္ဓေါဒနမင်းကြီး (King suddhodana)သည် ဒေဝဒဟပြည်မှ မဟာမာယာ

www.burmeseclassic.com

ဒေဝီ (Maha Maya Devi) မင်းသမီးကို ရွေးလက်ဆက်ကာ နန်းစံလေသည်။

မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် သန္ဓေယူသည်။ ထိုအခါ နှာမောင်းတွင် ကြာပန်းကို ဆွဲထားသော အစွယ်ခြောက်ချောင်းရှိသည့် ဆင်ဖြူတော်သည် မိဖုရားကြီး၏နံတောင်းမှ ဝင်သွားသည်ဟု အိပ်မက်မက်လေသည်။ ထိုအိပ်မက်ကြောင့် ပုဏ္ဏားဟူးရား ၆၄ ဦးက ထူးခြားသော သားတော် ဖွားမြင်မည်။ ကမ္ဘာကိုလွှမ်းမိုးသော စကြာရာဇ်-စကြာဝတေးမင်း(သို့မဟုတ်) လောကကို စွန့်လွှတ်သွားမည့် ဘုရားရှင်ဖြစ်မည်ဟု ဟောခဲ့ကြသည်။

မဟာမာယာဒေဝီသည် ကိုယ်ဝန် အရင့်အမာနှင့် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်ရှိ ဆွေမျိုးများထံသို့ အလည်သွားခဲ့၏။ မဟာသက္ကရာဇ် ၆၈ခု(ဘီစီ ၆၂၃)၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ကပိလဝတ်ပြည် နှင့် ဒေဝဒဟပြည် အကြားရှိ လုမ္ဗိနီအင်ကြင်းတော (The Lumbini Park) (ယခု နီပေါနိုင်ငံအတွင်း)၌ သားတော်ကို လက်ယာနံတောင်းမှ ဖွားမြင်၏။ ဖွားမြင်ပြီး ကိုယ်လက်သန့်စင်ရန် ကောင်းကင်ယံမှ ရေပူရေအေး စမ်းနှစ်သွယ် စီးကျလာခဲ့သည်။

ဖွားမြင်ပြီး ခုနစ်ရက် ကြာသောအခါ မယ်တော်မာယာ အသက်ဆုံးရသည်။ မာယာဒေဝီ၏ ညီမတော် ပဇာပတိဂေါတမီ (Maha Pajapati Gotami) သည် မိထွေးတော်ဖြစ်လာလေ၏။ ဤသည်တို့ကား ဗုဒ္ဓဘာသာဝင်များ သိထားသည့် ဗုဒ္ဓဘုရားရှင်၏ ဖြစ်တော်စဉ်များပင် ဖြစ်သည်။



နီပေါဗုဒ္ဓဘာသာကျောင်းမှ
မယ်တော်မာယာ ဖွားတော်မူခန်းရုပ်တု



လုမ္ဗိနီအင်ကြင်းတောနှင့် မြတ်စွာဘုရား
ဖွားမြင်ပုံပါသည့် မီးပုံးလေးများ



***လုမ္ဗိနီမှ မာယာဒေဝီကျောင်းတော် --------***

နီပေါနိုင်ငံ၊ လုမ္ဗိနီဒေသတွင် ယခုအခါ မြန်မာဘုန်းတော်ကြီးကျောင်း ရှိနေသည်။ ထိုကျောင်းဝင်း မုခ်ဝထိပ်တွင် ဖွားတော်မူစ သိဒ္ဓတ္ထမင်းသားငယ်၏ ကြွေးကြော်နေဟန်ကို ထုလုပ်ထား၏။ ထိုကျောင်းမှ လုမ္ဗိနီဥယျာဉ်တော်သို့သွားရန် ငြိမ်းချမ်းရေးလမ်းမကို ဖြတ်ရသည်။ ငြိမ်းချမ်းရေးလမ်းမ၏ တစ်ဖက်စွန်းရှိ ငြိမ်းချမ်းရေး ကန်တော်ကိုဖြတ်ပြီး လမ်းလျှောက်ဝင်သွားလျှင် မာယာဒေဝီကျောင်းဆောင် (Maya-devi Temple) ဝင်းကြီးသို့ ရောက်လေသည်။ ပန်းခြံဥယျာဉ်ကြီးအလယ်တွင် အုတ်တိုက်နီနီကြီးနှင့်တူသော လေးထောင့်ကျောင်းကြီး ရှိ၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသားအား မယ်တော်မာယာမှ ဖွားမြင်ရာနေရာ (Birth place of Lord Buddha)တွင်တည်ထားသော "မာယာဒေဝီ ကျောင်းတော်ကြီး"ပင်။

ယင်းအုတ်တိုက်ကြီးဘေးတွင် ဖွားမြင်ပြီးပြီးချင်း အလောင်းတော်မတ်မတ်ထရပ်ကာ ခြေလှမ်းခုနစ်လှမ်း လှမ်းပြီး ကြွေးကြော်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး တည်ထားခဲ့သော အုတ်စေတီ ခုနစ်ဆူရှိ၏။ ယခုမူ

www.burmeseclassic.com



လုမ္ဗိနီ မြန်မာဘုန်းကြီးကျောင်းမုခ်ဦး



မာယာဒေဝီ ကျောင်းတော်ဘေးမှ
ဗုဒ္ဓ၏ပထမခြေလှမ်းရာ စေတီငယ်များ

သုံးဆူသာ အုတ်ခုံဝိုင်းဝိုင်းလေးများအဖြစ် ကျန်ရှိတော့သည်။ ထိုစေတီငုတ်လေးများနှင့်မနီးမဝေးတွင် ယခုမှ ထပ်စိုက်သည့် အရွက်ဖားဖားကြီးများနှင့် မျိုးဆက်သစ် အင်ကြင်းပင်ပျို နှစ်ပင်ရှိ၏။ မယ်တော်မာယာ သားတော်အား ဖွားမြင်နိုင်ရန် ညွတ်ကိုင်းကျလာပေးသော အင်ကြင်းကိုင်းများကို မြင်ယောင်မိသည်။

### *မှတ်တမ်းမှတ်ရာ ဖြစ်စေခဲ့သော အသောကကျောက်စာတိုင်-----*

မယ်တော်မာယာ ကျောင်းတော်ကြီး၏ ခေါင်းရင်းဘက်တွင် ၁၇ ပေခန့်ရှိသော အသောက ကျောက်စာတိုင် အကျိုးနှင့် ယင်း၏ အပိုင်းအစလေးများကို ခြံခတ်ထိန်းသိမ်းထားရာ လေးထောင့်သံတိုင်ကာဝင်းလေး ရှိသည်။ မူလကျောက်စာတိုင်မှာ ပေ ၇၀ ခန့် ရှိမည်ဖြစ်ပြီး၊ ထိပ်တွင် မြင်းရုပ်ရှိမည်ဟု ခန့်မှန်းကြ၏။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၂၁၈ နှစ်အကြာတွင် နန်းစံခဲ့သော အသောကမင်းကြီး(ဘီစီ ၂၆၈-၂၃၂) သည် ဤမြေသို့ နန်းသက် ၂၀ နှစ်အလွန်တွင် ရောက်ရှိကာ ဗုဒ္ဓမွေးဖွားတော်မူရာ နေရာအဖြစ် မော်ကွန်းတင်ကျောက်စာတိုင် စိုက်ထူခဲ့၏။ ယင်းအပေါ်တွင် ပရာခရစ်ဘာသာစကား၊ ဗြဟ္မီ အက္ခရာအရေးအသားဖြင့် "ဤနေရာ၌ ဗုဒ္ဓဘုရားရှင်ကို ဖွားမြင်တော်မူသည်။ အသောကမင်းကြီးသည် မင်းဖြစ်ပြီး အနှစ် ၂၀အကြာတွင် ဤနေရာသို့ရောက်ရှိပြီး စေတီတည်ခဲ့၊ရတနာ ရွှေငွေ လှူဒါန်းခဲ့၊ လုမ္ဗိနီရွာလေးအား အခွန်ဘဏ္ဍာမှ လွတ်စေခဲ့သည်။ ကောက်ပဲသီးနှံအခွန်ကိုလည်း ရှစ်ပုံတစ်ပုံသာ သတ်မှတ်ခဲ့သည်"ဟု စာကြောင်း ငါးကြောင်းဖြင့် ရေးထိုးထား၏။

### *မာယာဒေဝီကျောင်းတော်မှ မယ်တော်မာယာ သားဖွားခန်းရုပ်တု -------*

မာယာဒေဝီကျောင်းတော်ကြီးကို ဂျပန်နိုင်ငံမှ စံနစ်တကျ ပြုပြင်ထိန်းသိမ်းပေးပြီး နီပေါအစိုးရက စောင့်ရှောက်ထား၏။ ဂျပန်တို့က အလောင်းတော်မွေးဖွားရာတွင် အသောကမင်းကြီး တည်ခဲ့သော ကျောင်းတော် အုတ်ပန္နက်များကို ရှေးဟန်မပျက် ပြုပြင်မွမ်းမံပေးထား၏။ ဘုရားဖူးများ လှည့်ပတ်ကြည့်ရှုနိုင်အောင် သစ်သားလျှောက်လမ်းကိုလည်း ပတ်ပတ်လည်တွင် ပြုလုပ်ပေးထားသည်။

အတွင်းဘက် အလယ်ကောင်တွင် အုတ်နံရံမြင့်မြင့် တစ်ခုထိုးထွက်နေသည်။ ဘုရားဖူးများ ရွှေဆိုင်းချ ကပ်လှူထားမှုကြောင့် ရွှေရောင်ဟိုတစ်ကွက်သည်တစ်ကွက် ရှိနေ၏။ ထိုနေရာသို့ လျှောက်လမ်းမှ ဝင်သွားနိုင်၏။ နံရံအထက်တွင် မယ်တော်မာယာ အင်ကြင်းကိုင်းကိုအားပြုကာ သားတော်လေးအား ဖွားမြင်နေပုံ၊ ဘေးမှဖေးကူနေပုံ ထုလုပ်ထားသည့် ကျောက်ရုပ်တု ရှိသည်။ မူရင်းအရုပ်များ၏ ဖောင်းကြွနေသော အပိုင်းကို ဖယ်ထုတ်ဖျက်ဆီးထားခြင်း ခံရသဖြင့် နောက်ခံအရိပ်ပိုင်းလောက်သာ ကျန်သော်လည်း ပီပီပြင်ပြင် ပေါ်လွင်နေ၏။ သားဖွားခန်းရုပ်တုမှာ ဆရာတော်ကြီး ဦးစန္ဒြာမုနိမှ ပြန်လည်ပြုလုပ်ထားခြင်းဟု သိရသည်။

ထိုရုပ်တုကို အနီးအပါးရှိလူများက နတ်သမီးရုပ် အမှတ်ဖြင့် ဆိတ်သွေး၊ ကြက်သွေးများ သုတ်လိမ်းပြီး ပူဇော်ပသနေခဲ့ကြဖူး၏။ အိန္ဒိယကျောက်စာဌာနက အသောက ကျောက်စာတိုင်ကို တွေ့မြင်ရပြီးနောက် မယ်တော်မာယာ





www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရား၏ မယ်တော် မဟာမာယာဒေဝီ

ားဖွားခန်းရုပ်တုဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ င်းပုံမျိုးကိုပင် အသားဖြည့်ကာ အပြည့်အဝ ထုလုပ်ထားသော ကျောက်သားရုပ်တုကို ဦးသန့်ဓာတ်ပုံရှိသော နီပေါ ဘာသာကျောင်းတွင် မြင်ခဲ့ရ၏။)

ယင်း၏ အောက်ခြေအနိမ့်ပိုင်းတွင်ကား ဖွားမြင်စ ရားလောင်း၏ ခြေတော်ရာဆိုသော ကျောက်သားပေါ်မှ (Marker Stone: The Exact Birth Place of Buddha) မှန်သေတ္တာငယ်ဖြင့်ထည့်ကာ ပြသထား၏။ ယင်းကို ည်း အပေါ်မှစီးပြီး ဖူးနိုင်လေသည်။

**ရေချိုး စမ်းနှစ်သွယ်တို့ ဆုံစည်းရာ ရေကန် ----**


အုတ်တိုက်ကြီး၏ တောင်ဘက်တွင်ကား ညောင်ပင် လေးထောင့်အုတ်ရေကန်ကြီးတစ်ခု ရှိသည်။ ဘုရား ောင်းအား မွေးဖွားတော်မူပြီးစတွင် ကောင်းကင်ယံမှ ရေပူ ရေအေး စမ်းနှစ်သွယ်ကျဆင်းလာကာ ပေါင်းဆုံပြီးနောက် ယ်တော်နှင့် သားတော်ကို နွေးထွေးစွာ ရေမိုးသန့်စင်စေကာ ေသပ္ပာယ်ပေးခဲ့၏။ ထိုရေများကြောင့် ဤနေရာတွင် ရေ န်ငယ်တစ်ခု ဖြစ်သွားခဲ့သည်။ နောက်ပိုင်းကာလများတွင် ေကြီးသာ ဖြစ်သွားတော့ရာ ယင်းနေရာ၌ အမှတ်တရ န်တူးထားခြင်း ဖြစ်၏။

တချို့ကလည်း မယ်တော်မာယာသည် မီးရှူးသန့်စင် ခြင်း မပြုမီ ဤကန်တွင် ချိုးရေတော်သုံးခဲ့ပြီး နောက်မှ သိဒ္ဓတ္ထမင်းသားငယ်အား ပထမဆုံးရေသန့်စင်တော်မူခဲ့သည် ဟုလည်း ဆိုကြသည်။

ရေကန်ဘေးညောင်ပင်ကြီးမှ တစ်ဆင့်သွယ်တန်းထားသော ရောင်စုံအလံလေးများသည် လေတွင် ဖြတ်ဖြတ်လူး နေ၏။ ငယ်စဉ်ဘဝကပင် ကြိမ်ဖန်များစွာ ကြားဖူးခဲ့သော ဘုရားရှင်ဖွားမြင်ခန်းကို စိတ်မှန်းဖြင့်မြင်ယောင်ကြည့်မိသည်။ *(သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ နန်းပါကို။* လယ်တီဆရာတော် (၁၂၀၈-၁၂၈၅) ရေးသားပူဇော်သော ခုနစ်နေ့ဘုရားရှိခိုးကိုလည်း ကြားယောင်လာ၏။ ကောင်းကင်တစ်ခုလုံးတွင် အလင်းရောင်များဖြင့် ဖြန့်ကြက်လင်းထိန်နေလိမ့်မည်။

သိကြားနတ်ဒေဝတာများက ဖွားမြင်စ ဘုရားလောင်းငယ်လေးအား ပန်းမိုးများကြဲချကာ ကြိုဆိုနေမည်။ မာယာဒေဝီသည် ညွတ်ကျနေသော အင်ကြင်းကိုင်းကို လှမ်းကိုင်လိုက်သည့် ခဏတွင်ပင် ကမ္ဗလေလေးများလှုပ်လာသဖြင့် ရံရွေတော်များက တင်းတိမ်များကာရံပေးကြ၏။ ဘုရားမယ်တော်

www.burmeseclassic.com



မယ်တော်မာယာဒေဝီ အိပ်မက်ခန်းများ



*မယ်တော်မာယာဖွားတော်မူခန်း အနုလက်ရာများ -----*

တို့၏ ဖြစ်မြဲတံထွာ ဓမ္မတာအတိုင်း မာယာဒေဝီသည် အင်ကြင်းကိုင်းကိုကိုင်လျက် မတ်ရပ်အနေအထားဖြင့်ပင် သားတော်မြတ်ကို ဖွားသန့်စင်ခဲ့၏။ မင်းသားငယ်သည် အမိဝမ်းမှ ကျွတ်သည်နှင့် တဖျပ်ဖျပ်ပွင့်လာသော ပဒုမ္မာကြာပွင့်များကို နင်းကာ အရပ်လေးမျက်နှာလုံးသို့ ခြေခုနစ်လှမ်းစီ လှမ်းကြွကာ ဤဘဝသည် နောက်ဆုံးမွေးဖွားခြင်းဖြစ်ကြောင်း ကြွေးကြော်လိုက်လေ၏။

မယ်တော်မာယာသည် အလောင်းတော်ကို ဖွားမြင်ပြီးနောက် ကပိလဝတ်နန်းတော်သို့ ပြန်ကြွသွားပါသည်။ ထိုမှ ခုနစ်ရက်မြောက်နေ့တွင်မူ မာယာဒေဝီသည် အာယုဒါယ သက်တမ်းပြည့်သွားကာ ခန္ဓာပျက်ကြွေ သေဆုံးသွားရလေသည်။

အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် ကပြသော ဗုဒ္ဓဝင်ဖွားတော်မူခန်းတွင်မူ မယ်တော်မာယာသည် သားတော်ကို ဖွားမြင်ပြီးလျှင်ပြီးချင်း လုမ္ဗိနီဥယျာဉ်တော်မှာပင် နတ်ရွာစံခဲ့သဖြင့် ဒေဝဒဟနှင့် ကပိလဝတ်မှ လူများက မာယာဒေဝီ၏အလောင်းကို လုကြလေသည်။ ယင်းဇာတ်ဝင်ခန်းကား စာပေကျမ်းဂန်များနှင့် မကိုက်ညီဟုသိရ၏။

ဗုဒ္ဓစာပေကျမ်းဂန်များအရမူ ကပိလဝတ်နန်းတော်သို့ ရောက်ပြီးမှ ဆုံးပါးသွားရခြင်းဖြစ်ရာ အလောင်းလုရန် မလိုတော့ပေ။ သဘင်ပညာရှင်များက ဆိုကောင်း ငိုကောင်းအောင် ဇာတ်ကွက်ဆင်ကာ ချဲ့ထွင်မှုသာဖြစ်လေသည်ဟု ဆရာတော်ကြီးများက မိန့်ဆိုခဲ့ကြ၏။

ဖွားတော်မူခန်းကို သရုပ်ဖော်ကြရာတွင် မယ်တော်မာယာဒေဝီသည် အင်ကြင်းပင်(Sala tree-Shorca robusta) ရင်းတွင် အကိုင်းတစ်ကိုင်းကို ကိုင်လျက် ရပ်နေတော်မူပုံမှာ အဓိက မပါမဖြစ်ပေ။ ထိုရပ်နေပုံမျိုးကို သစ်ပင်စောင့်နတ် ရက္ခစိုးတို့လည်း ရပ်လေ့ရှိ၏။ ယင်းပုံမျိုးကို အိန္ဒိယနိုင်ငံတွင် ၁ ရာစုဘီစီမှ ဘရာဟုသ်(Bharhut)စေတီ၊ အေဒီ ၁ ရာစု ဆန်ချီ(Sanchi)စေတီနှင့် အေဒီ ၂ ရာစု မထုရာ(Mathura) အရပ်တို့တွင် မြင်နိုင်ပါသည်။

ဂန္ဓာရ(Gandhara)လက်ရာများကမူ ပိုမိုပြီး သဘာဝကျသည်။ ဟိုနိုလူလူအကယ်ဒမီ(Honolulu Academy)ရှိ ရုပ်ကြွ(Relief)တွင် မာယာဒေဝီသည် အလယ်တွင်ရပ်နေ၏။ သူမ၏လက်ယာလက်ကို မြှောက်ကာ အင်ကြင်းကိုင်းကိုဆွဲထားပြီး လက်ဝဲဘက်ခြေကမူ သစ်ပင်ကို ထိထားသည်။ ညီမတော် ပဇာပတီနှင့် ရံရွေတော်တစ်ဦးက သူမ၏ လက်ယာဘက်တွင် ရှိနေ၏။ မယ်တော်မာယာသည် လက်ဝဲလက်ကို သူမ၏ဝမ်းဗိုက်ကို ဖိထားသော ညီမတော်၏ ပခုံးပေါ်တွင် တင်ထားသည်။ ဖွားမြင်စကလေးငယ်ကမူ သူမ၏ ညာဘက် တင်ပါးဆုံဘေးမှ လက်များကို ဆန့်တန်းကာ ရပ်နေ၏။ နတ်ဗြဟ္မာများလည်း ဘေးမှာအသင့်။

ဂန္ဓာရလက်ရာများတွင် ခေါင်းထက်၌ ရောင်ခြည်တော်စက်ဝန်း(Halo)ရှိနေသော ကိုယ်လုံးတီးကလေးငယ်ပုံလည်း အောက်ဘက်တွင်ပါတတ်သည်။ သူသည် စိုးရိမ်တော်မမူကြလင့် ဟူသော အဘယမုဒြာဟန် (Abhaya Mudra)

www.burmeseclassic.com



ပုဂံအာနန္ဒာဘုရား- မာယာဒေဝီမှ
သိဒ္ဓတ္ထမင်းသားငယ်အား ဖွားမြင်တော်မူပုံ

ခြစ်ကာ သူ၏ပထမဆုံးသော ခြေလှမ်း ခုနစ်လှမ်းကို နေ၏။ ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါပြတိုက်(Peshawar m) ရှိ ရုပ်ကြွတွင်ကား လက်ဝဲဘက်တွင် လောကပါလ pala)နတ်လေးပါးပင် ပါလိုက်သေးသည်။ သို့သော် တွင် ပဇာပတိဂေါတမီက မာယာဒေဝီ၏ ဝမ်းဗိုက်ကို ပေ။ ပဇာပတိ၏နောက်တွင် ရဲရွေတော်နှစ်ဦး ပါရှိကာ က ရေတကောင်းကို ပိုက်ထားပြီး တစ်ဦးကမူ အံ့ဩ လန့်ဟန်ဖြင့် ငေးကြည့်နေလေ၏။

ဆွပ်တောင်ကြား (Swat Valley)မှ ရုပ်ကြွများမှာမူ လက်မထက် ပိုမမြင့်အောင် သေးငယ်သော်လည်း ဟန်ပန်ရှိသည်။ ရောင်ခြည်တော်စက်ဝန်းနှင့် ကလေး သည် ပထမဆုံးသော ခြေလှမ်းကို လှမ်းနေခိုက်တွင် ယာဘက်တွင် နတ်၊ ပြဟ္မာနှစ်ဦး၊ လက်ဝဲဘက်တွင် ကျွန်းနှစ်ဦး ရှိနေ၏။

အနည်းငယ်ပိုကြီးသော ရုပ်ကြွတစ်ခုတွင်ကားကလေး အား ချိုးရေတော်သုံးခန်း(Bath of Babe)ပင် ပါရှိသည် ပြဟ္မာများက သူ၏ခေါင်းထက်မှနေပြီး အိုးဖြင့် ရေ ပေးနေကာ မိန်းမနှစ်ဦးက ဒူးထောက်ခစားနေကြ၏။

အမရဝတီရုပ်ကြွ(Amaravati Relief) များကလည်း လှသည်။ ဖွားတော်မူခန်းကို သားတော်မပါဘဲ တွေး ကြည့်ရန်သာ ထုလုပ်ထားကြ၏။ မယ်တော်မာယာသည် လက်ျာလက်က တင်ပါးပေါ်တွင်ထောက်ကာ လက်ဝဲလက်ကို မြှောက်ထားသည်။ အထိန်းတော်လေးဦးက အနီးရှည်ကြီးကိုဖြန့်ကာ သားတော်အား အသင့်ထွေးပွေ့ရန် စောင့်ဆိုင်းနေကြ၏။ သားတော်ငယ်အတွက် ခုံတစ်လုံးကိုလည်း ပြင်ဆင်ထား၏။ လက်ယာဘက်မှ ပဇာပတိ မင်းသမီးသည်ကား စောင့်ကြည့်နေရုံသက်သက်မျှသာ။

***ပုဂံမှ မြန်မာ့လက်ရာ ဖွားတော်မူခန်းများ ---------***

ပုဂံ၊ အာနန္ဒာဘုရားမှ ရုပ်ကြွရှစ်ဆယ်တွင်ကား ဖွားတော်မူခန်းကို ပုံ(၁၂)ပုံဖြင့် ဇာတ်ကြောင်းပြောပြနေလေသည်။

နံပါတ်-၈ပုံတွင် မာယာဒေဝီသည် သုဒ္ဓောဒနမင်းကြီးအား သူမ၏ အိပ်မက်ထူးကို ပြောပြနေ၏။

နံပါတ်-၉ပုံတွင် ပုဏ္ဏားတော်များက မာယာဒေဝီကို စောင့်ရှောက်နေကြသည်။

နံပါတ်-၁၀ပုံတွင်ကား မာယာက ချစ်လင်မင်းကြီးထံ မိဘများရှိရာ ဒေဝဒဟသို့သွားရန် တောင်းလျှောက်နေ၏။

နံပါတ်-၁၁ပုံမှာမူ မာယာဒေဝီသည် ဝေါယာဉ်တော်ဖြင့် ခရီးနှင်နေလေသည်။

နံပါတ်-၁၂ပုံကား လုမ္ဗိနီဥယျာဉ်တော်အတွင်း မယ်တော်မာယာ သားဖွားနေပုံ ဖြစ်သည်။

နံပါတ်-၁၃ပုံ၌မူ မဟာဗြဟ္မာကြီးလေးဦးက သားတော်ငယ်အား ရွှေပိုက်ကွန်ဖြင့် ခံယူနေကြ၏။

နံပါတ်-၁၄ပုံမှာ လောကပါလ နတ်ကြီးလေးပါးကလည်း သားတော်အား ကျားသစ်ရေနက်ဖြင့် ပိုက်ထွေးနေ၏။

နံပါတ်-၁၅ပုံတွင် လူနှစ်ဦးက ညှပ်သက်သောအဝတ်ဖြင့် ဘုရားလောင်းမင်းသားကို ပွေ့ထွေးနေကြသည်။

နံပါတ်-၁၆သည်ကား နတ်ဗြဟ္မာတို့အလယ်မှ အရှေ့ဘက်သို့ မျက်နှာမူထားသော သားတော်လေးပုံကြီးဖြစ်၏။

နံပါတ်-၁၇ပုံတွင် သားတော်လေးသည် နတ်ဗြဟ္မာတို့ ရံလျက် သူ၏ ခြေလှမ်းခုနစ်လှမ်းကို စတင်နေသည်။

နံပါတ်-၁၈ပုံမှာမူ "ငါ့၌ပြိုင်ဘက်မရှိ"ဟု သားတော်လေးက ခြင်္သေ့ဟောက်သံဖြင့် ကြုံးဝါးနေလေ၏။

နံပါတ်-၁၉ပုံမှ သားတော်လေးသည် ခမ္မစက္ကရမုဒြာဖြင့် ထိုင်လျက်ရှိပြီး အားလုံး၏ အပူဇော်ကို ခံယူနေသည်။

ထိုပုဂံဒေသမှ ဗုဒ္ဓဝင်ပုံများသည် အမရဝတီလက်ရာများထက် ဂန္ဓာရအနုလက်ရာများနှင့် ပိုနီးစပ်လေသည်။

ထိုပုံများသည် ချဲ့ထားသလိုရှိပြီး ဇာတ်ကွက်လည်း စိပ်လှ၏။ မာယာဒေဝီကလည်း ညာဘက်လက်ဖြင့်သာ အင်ကြင်းကိုင်းကို ဆုပ်ကိုင်ထားသည်။ ထို့ပြင် သူမ၏လက်ဝဲဘက်ခြေထောက်သည် အမြဲကွေးမနေပေ။ ဖွားမြင်စ သားတော်လေးသည် တင်ပါးပေါ်တွင် အားပြုကာ ခြေတော်ကို တင်ဖျဉ်





www.burmeseclassic.com

www.burmeseclassic.com

ချိတ်လျက်ထိုင်နေတတ်သည်။ နတ်သားများက အိုးကိုပိုက်ကာ လေတွင်ပျံဝဲလျက် လာနေ၏။ အဆင့်ဆင့်သော လူ၊ နတ်၊ ဗြဟ္မာအလွှာများက မင်းသားငယ်ကို မြှောက်ချီထားကြသည်။ ထို့နောက်တစ်ဖန် မင်းသားငယ်ကို အောက်ခြေတွင် တွေ့ရပြန်ပြီး သူ၏ ပထမဦးဆုံးသော ခြေလှမ်းများကို စတင်နေ၏။

ထိုမြင်ကွင်းအားလုံးနီးပါးကို မြင်းကပါ ဂူပြောက်ကြီးဘုရားတွင် ရုပ်တု၊ ရုပ်လုံးများအဖြစ် မြင်ရပြန်သည်။ ပုဂံ၏ရှေးအကျဆုံးသော ဖွားတော်မူခန်းကို ကျောက်ဂူဥမင်မှ ပျက်စီးနေသော ရုပ်ကြွများတွင်လည်း တွေ့နိုင်ပါသေးသည်။ ယင်းတွင် မယ်တော်မာယာက ပဇာပတိအပေါ်တွင် မှီထားပုံကို ရှည်သွယ်ပြီး နူးညံ့ပြောင်းနွဲ့သောဟန်ဖြင့် မြင်ရ၏။ မယ်တော်၏ တင်ပါးပြင်ပေါ်တွင် သေးငယ်သော သားတော်ရုပ်လေးသည် တင်ပျဉ်ခွေလျက် ထိုင်နေသည်။ ယင်း၏အောက်ဘက်တွင်ကား နန်းဝတ်နန်းစားအပြည့် ဆင်ယင်ထားသော မင်းသားငယ်သည် သူ၏ပထမဆုံးသော ခြေလှမ်းများကိုလှမ်းနေလေ၏။ ထို့ပြင် လောကထိပ်ပန်ဂူဘုရားတွင်လည်း ပုဂံပန်းချီဆရာများ၏ လက်ရာဖြင့် ထိုပျော်ရွှင်ဖွယ် မြင်ကွင်းများကို မြင်နိုင်ပြန်သည်။ ပုဂံတွင် တွေ့ရသော သစ်ကိုင်းဘေးတွင် ရပ်နေကြသော မိန်းမသားနှစ်ဦးဖြစ်သည့် မယ်တော်မာယာနှင့် ပဇာပတိရုပ်တို့ ကြေးသွန်းရုပ်သည်လည်း ဖွားတော်မူခန်းမှ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ဟန်ရှိလေသည်။

***ပျူခေတ်မှ ဖွားတော်မူခန်းပုံတော်များ --------***

ရှေးအကျဆုံးသော မြန်မာ့ကျောက်ဆစ်လက်ရာများမှ ဖွားတော်မူခန်းပုံကို သရေခေတ္တရာမြို့ဟောင်းရှိ ရွှေညောင်ပင်ကုန်းတွင် တွေ့ရ၏။ ခပ်ခွက်ခွက် ခုံမြင့်ပလ္လင်ပေါ်တွင် ရုပ်လျက်ရှိသော ပျော့ပျောင်းမှုမရှိသည့် ခပ်တောင့်တောင့် ရုပ်တုသုံးခုတွဲသည် နှစ်လိုဖွယ်တော့ ကောင်းလှသည်။ လက်ဝဲဘက်ရှိ ကြာပွင့်ထက်တွင်ရပ်ကာ အဝတ်တန်ဆာအပြည့်နှင့် သရဖူဆောင်းပြီး ဦးခေါင်းပတ်လည်တွင် ရောင်ခြည်တော် စက်ဝန်းပါသော သားတော်ငယ်ပုံသည် အတော်ရှည်သွယ်၏။ အလယ်တွင် မယ်တော်မာယာရှိပြီး ခြေအစုံသည် ပလ္လင်ပေါ်တွင် အပြည့်အဝရပ်နေ၏။ သူမသည် လက်ဝဲလက်ဖြင့် ယာဘက်အစွန်းတွင် ခပ်တောင့်တောင့် ရပ်နေသော ပဇာပတိအပေါ်တွင် ထောက်ကာ လုံးဝအားပြုနေလေသည်။ သားတော်လေးကို မွေးထုတ်လိုက်သောနေရာတွင် မယ်တော်မာယာ၏ ဝမ်းဗိုက်သည် ချိုင့်ခွက်လျက်ရှိနေ၏။

***ပဲခူးမှ ဖွားတော်မူခန်းအနုလက်ရာများ -------***

ရှေးခေတ် ပဲခူးလက်ရာ နှစ်ဖက်လှကျောက်ချပ်မျက်နှာစာ၏အောက်ဘက်တစ်ခြမ်းတွင်လည်း ဖွားတော်မူခန်းကို အဓိကမြင်ကွင်းအဖြစ် တွေ့ရသည်။ ပုံ၏လက်ယာဘက်တွင် အထက်မှ သစ်ကိုင်းကို ဆွဲကိုင်ထားသော မယ်တော် မာယာသည် သုံးဆစ်ချိုးရုပ်ဟန် (Tribhanga pose) ဖြင့်ရပ်ကာ ညီမတော်ကိုမှီလျက် ရှိ၏။

အလယ်ဝဲဘက် မှီအုံးထက်တွင် အဝတ်မဲ့သော သားတော်လေး ရှိနေသည်။ လက်ဝဲဘက် အစွန်းဆုံးတွင်ကား အဆင့်သုံးဆင့်ဖြင့် ပျံသန်းရင်း ရေသွန်းနေသည့် နတ်သားများ၊ တင်ပျဉ်ခွေထိုင်ကာ လက်ဆန့်တန်းလျက် ချီးမြှောက်နေသော နတ်သားများ၊ အောက်ဆုံးတွင် မှီအုံးကိုကိုင်လျက်ထိုင်နေသည့် နတ်သားများရှိနေကြ၏။ မှီအုံးများအတွင်း တွင်လည်း သန္ဓေယူခြင်း၏ သင်္ကေတ (Symbol of the Concep-tion) ဖြစ်သော ဆင်ရုပ်ကို ထွင်းထုထားသေးသည်။

အရှေ့ရွှေနံ့သာကျောင်း၏ တောင်ဘက်ကျောက်တုံးတွင်လည်း ဖွားတော်မူခန်းကို အသေးစိတ် နောက်ခံဖြင့် ထွင်းထုထားခဲ့သည်။ ဘုရားရှင်၏ ဝရဒမုဒြာ (Varada mudra) ဟန်တော်၏ အောက်နားမှ သစ်ကိုင်းခုံးခုံးအောက်တွင် မာယာဒေဝီနှင့် ပဇာပတိဂေါတမီတို့ ရှိနေကြသည်။

မည်သို့ပင်ဖြစ်စေ မြတ်စွာဘုရား ဖွားမြင်ခြင်းသည် ပျော်ရွှင်ကြည်နူးစရာ ဖြစ်ရပ်တစ်ခုပင်။ ထိုသို့ ကြာပွင့်များကို နင်းလျှောက်လျက် ပွင့်ထွန်းရောက်ရှိလာသော ဗုဒ္ဓသည် အာရှတိုက်ကို အလင်းရောင်ပေးခဲ့သည်။ ယခုအခါမှာမူ ကမ္ဘာတစ်ဝှမ်းကိုပင် ထိန်လင်းကြည်မြသော မေတ္တာအလင်းရောင်များ ဖြန့်ကြက်ပေးဝေနေချေပြီတကား။

❒ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)


<u>**စာကိုး**</u>

၁။ မောင်မောင်လေး၊ ဦး(လုမ္ဗိနီအင်ဂျင်နီယာ)။ သံဝေဇနီယ လေးဌာန၊ ဗုဒ္ဓဂယာ ခရီးသွားလမ်းညွှန်။

၂။ လယ်တွင်းသားစောချစ်၊ ဗုဒ္ဓဂယာဘုရားဖူး၊ ပထမအကြိမ်၊ ပန်းမြိုင်လယ်စာပေ၊ ရန်ကုန်၊ ၂၀၀၈ခုနှစ်။

၃။ ဟိန်းလတ်(မြန်မာပြန်)၊ ဗုဒ္ဓ၏ခြေဖဝါးတော်အောက်မှ ထက်ကြွပ်မကွာ၊ ငွေသော်တာ စာအုပ်တိုက်။

၄။ အုံ၊ မောင်(မဟာဝိဇ္ဇာ-ဘုံဘေ)။ မြတ်ဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာ။ သာသနာရေးဝန်ကြီးဌာန၊ ၂၀၀၃။

(5) Luce -G.H - Old Burma Early Bagan.

(6) Than Tun, Dr - Buddhist Art and Architecture. May, 2002, Yangon.

(7) Than Tun , Dr - Myanma Terracottas - pottery in Myanma & votive tablets of Myanma.

(8) Ye Naing - A Garland of Lectures on Myanmar Buddhist Art and Architecture, Dagon University.




www.burmeseclassic.com

www.burmeseclassic.com

## ပုပ္ပားတောင်ကလပ်တွင် သာသနာပြုခဲ့ကြသူများနှင့်

# ဘိုးတော်အောင်မင်းခေါင်၏ နှစ်(၆၀)ပြည့် ထွက်ပွဲ အထိမ်းအမှတ်ပွဲများ

ကိုသက် (ဒီးကုန်း)

မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်သည် သဘာဝမီးငြိမ်းတောင်တစ်ခုဖြစ်ပြီး တောင်မကြီးမှာ ပေပေါင်း ၄၉၈၁ ပေ မြင့်မား၍ တောင်ကလပ်မှာ ၂၁၁၇ ပေမြင့်မားသည်။ တောင်ကလပ်မှာ သာသနိကစေတီပုထိုးများ ထွန်းကားခြင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ထွက်ကြွသွားများအားထုတ်ပေါက်မြောက်ရာ နေရာထူးဖြစ်ခြင်း၊ ပုဂ္ဂိုလ်ထူး ဘိုးတော် အောင်မင်းခေါင် ထွက်ရပ်မြန်းတော်မူရာ ဒေသ ဖြစ်ခြင်းတို့ကြောင့် ထူးသိများ ထင်ရှားသည်။



အဘထွက်ပွဲသို့ ရောက်လာကြကုန်သော ဘုရားဖူးပရိသတ်များ



...ပုဒ္ဓ... ...သမီးများဖူးခဲ့သည်

...ခမ်းမိုတာတ်နန်း
...ပြည်ဘုရားမှ
...ကျတာတ်နန်း
...ဦးဘိုကြည်

ကျောက်ပန်းတောင်းမြို့မှ မော်တော်ကားဖြင့် ပုပ္ပားသို့ သွားရောက်သောအခါ သံတိုရွာ၊ ချော်တောရွာ၊ ငွေကုန်းရွာ၊ လက်ပံအိုက်ရွာ၊ ဆည်ပေါက်ရွာ၊ ညောင်ပင်ဆိတ်ရွာ၊ ပုပ္ပားလွင်ရွာ၊ ဂျမ်းတီးရွာ၊ ချိုင်းရွာ၊ ကျောက်တံခါးရွာ၊ ငါးရံ့ကုန်းရွာ၊ ပုပ္ပားရွာ၊ တောင်ကလပ် အဆင့်ဆင့် ကျော်ဖြတ်ပြီး ရောက်ရှိလာသည်။

သဘာဝ တောတောင်အလှတို့အလယ်တွင် ပုပ္ပားတောင်ကလပ်၏ အလှမှာ ပေါ်လွင်ထင်ရှားနေ၏။ တောတို့အလယ်တွင် လှပစွာ ကျောက်သား၊ ကျောက်တုံးများဖြင့် ကျောက်ကလပ်တောင်ထိပ်တွင် စေတီ ပုထိုးများစွာ တည်ထား၏။ ပုပ္ပား၏အလှသည်လည်းကောင်း၊ ပုပ္ပားနှင့်ယှဉ်တွဲသော စေတီပုထိုးများ၏ ကြည်ညိုသပ္ပာယ်မှုသည်လည်းကောင်း စံကားဝါမြေ၏ အလှတရားများပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားတောင်ကလပ်တွင် သာသနာပြုခဲ့ကြသူများမှာ . . .


(၁) ဆရာတော် ဦးကောသလ္လ (ဝါ) ဦးကုမာရ
(၂) ဦးပဥ္စင်း ဦးဂျော်နီ
(၃) ဦးပရမဝဏ္ဏသိဒ္ဓိ (ခ) ဦးပြည့်စုံ
(၄) ဦးမေဓာဝီ
(၅) ဦးပညာသာမိ
(၆) ဦးခေမာစာရ (အောင်သိဒ္ဓိကုန်း)

တို့ ဖြစ်ကြသည်။

၁၂၈၃ ခုနှစ်တွင် ဆရာတော် ဦးကောသလ္လသည် တန့်ကြည်တောင်တွင် တရားအားထုတ်ပြီးနောက် ပုဂံသို့ ကြွလာခဲ့သည်။ ပုဂံမှတစ်ဆင့် ပုပ္ပား ရွှေ




ဂြိုဟ်ခွင်ဘုရားရှိ ပွဲမျှားပူဇော်သောနေရာတွင် အဘပုံတော်အား ဓာတ်ပုံမှတ်တမ်းတင်ရာ 'ဝ'အက္ခရာပေါင်း မြောက်မြားစွာ ပေါ်နေသည်ကို ထူးခြားစွာ တွေ့ရစဉ်



နှန်းဆောင်တစ်ခုမှ (၁၈)ဖီးပွဲများ

သည်။ အဘ ရောက်လာပြီး မကြာမီ အတိတ်တဘောင်များလည်း ပေါ်ထွန်းလာခဲ့သည်။ ဘိုးတော်အောင်မင်းခေါင်သည် သတ္တဝါများ ချမ်းသာရေး မြန်မာပြည်သူများ လွတ်လပ်ရေးတို့အတွက်လည်းကောင်း၊ နယ်ချဲ့အင်္ဂလိပ်တို့ အန္တရာယ်မှ ကင်းဝေးရေးတို့အတွက်လည်းကောင်း၊ ဝိဇ္ဇာအတတ်တို့ဖြင့် ဓာတ်ဆင်၊ ဓာတ်ကူး၊ ဓာတ်ပြောင်း ယတြာအသီးသီးကို ဆောင်ရွက်ပေးတော်မူခဲ့သည်။

ဘိုးတော် အောင်မင်းခေါင်သည် ပုပ္ပားတောင်ကလပ်တွင် အကျင့်စခန်းအသီးသီးတို့ကို ပွားများအားထုတ်ပေါက်



အောင်မြေဓာတ်နန်းဆောင် တစ်ဆောင်

ဂူချောင်တွင် ကိုးဆောင်တိုက် ဇရပ်နှစ်လုံး၊ သစ်သားကမ္မဋ္ဌာန်းကျောင်း ငါးကျောင်း၊ အခြားအဆောင် ၁၈ လုံးနှင့် အတူ မြေသားလမ်းများ ဖောက်လုပ်ပြီးနောက် ၁၂၉၂ ခုနှစ်တွင် ထွက်ရပ်စခန်း သိဒ္ဓိလမ်းဖြင့် အသေထွက်တော်မူခဲ့သည်။ ၁၂၉၃ ခုနှစ်တွင် ဆရာတော် ဦးပေါက်ဆိန် ခေါ် ဦးဝိဇ္ဇာစရမှ ဆက်လက်ပြုပြင် မွမ်းမံခဲ့သည်။

၁၃၀၂ ခုနှစ်တွင် မြစ်ကြီးနားဟိုပင်မှ ဘိုးတော် အောင်မင်းခေါင် ကြွတော်မူလာပြီး ပုပ္ပားတောင်ကလပ်တွင် ဓာတ်ပန္နက်များ ချထားပေးတော်မူခဲ့



www.burmeseclassic.com

www.burmeseclassic.com

…ပြီးနောက် ၁၃၁၄ ခု တော်သ…လဆုတ် ၂ ရက်နေ့ ညနေ ၄ နာရီ… သိဒ္ဓိစခန်းဖြင့် အသေထွက်တော်…ည်။


(အချို့စာများတွင်မူ နံနက် ၁၀ …အချိန် ထွက်ရပ်မြန်းကြောင်း ရေး…သည်ကို ဖတ်ရသည်။)

ပုပ္ပားတောင်ကလပ်သည် အဘ…ခေါင်ကြောင့် ထင်ရှားလူသိများ… နေရာအဖြစ် နှစ် (၆၀)တိုင်တိုင် ရပ်…လာနိုင်ခဲ့သည်။ ပုပ္ပားနှင့် အဘ…င်မင်းခေါင်သည် ခွဲခြား၍မရနိုင်… စံကားဝါမြေသည် သမိုင်းအစဉ်…ရှိသော အကြောင်းအချက်များ…င့်လည်း အမှားမခံနိုင်သော နယ်…စ်ခု ဖြစ်ခဲ့သည်။

စံကားဝါနယ်မြေအတွင်း ဝက်…သုံးခြင်း၊ သယ်ယူခြင်းများ လုံးဝ…ရှင်းရသည်။ ဒေသအခေါ် အားဖြင့်…သားအား "ပိုးကောင်ကြီး" ဟု ခေါ်…သည်။ ပိုးကောင်ကြီးကို မွေးမြူခြင်း…ည်း မရှိကြချေ။ ထိုဒေသတွင် ပန်းပဲ…ငန်း သဘင်လုပ်ငန်းများလည်း လုပ်…င်၍မရသော နယ်မြေတစ်ခုဖြစ်ပါ…ည်။

ဒေသဆိုင်ရာ နတ်မင်းများနှင့်…င့်အရှောက်များ မနှစ်သက်သ… အစဉ်အလာကို ယုံကြည်မှုမရှိဘဲ…ောက်သူ အချို့တို့မှာ ယခုနှစ်တွင်…တ်များဆုံးရှုံးရသည်အထိ ဖြစ်ပွား…ည်။ သတိထား ဆင်ခြင်ရမည့် သင်…ယူစရာ ဖြစ်ရပ်တစ်ခု ဖြစ်သဖြင့်…စ် အဘထွက်ပွဲလာသူ အတော်…များ ထွေလာဂျီယာဉ်တိုက်မှုနှင့်…ဆုံးမှု ဖြစ်စဉ်ကို ကြားရသူတိုင်း…ကောင်းဖြစ်ကြရသည်။

အဘ ဘိုးတော်အောင်မင်းခေါင်… နှစ် (၆၀)ပြည့် ထွက်ပွဲ ပူဇော်ပွဲကို (…၉. ၂၀၁၂)နေ့မှ (၂. ၁၀. ၂၀၁၂)…အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ…ည်။ ယခုနှစ်၏ ထူးခြားချက်မှာ…တောင်တွင် ပထမဆုံးအကြိမ်



တောင်ကလပ်သို့ အတက်လမ်းတစ်လျှောက် ဈေးတန်းနှင့် ဈေးဆိုင်ခန်းများ တွေ့ရစဉ်



အဘရုပ်တုအား ပင့်ဆောင်လာသော အဖွဲ့တစ်ဖွဲ့မှ ဓာတ်နန်းတစ်ခုသို့ ဝင်လာစဉ်



ပုပ္ပားတောင်ကလပ်ပွဲ ဈေးတန်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



အောင်စေတီအနီးမှ ၁၀၈ ဖီး ပွဲများ



ပုပ္ပားတောင်ကလပ်အတက် ဆင်နှစ်ကောင်စောင်းတန်း

အဖြစ် ဗုဒ္ဓပူဇနိယပွဲတော်ကို စတင်ကျင်းပပူဇော်နိုင်ခြင်း ဖြစ်သည်။ အဘ ထွက်ပွဲနေ့ တော်သလင်းလဆုတ် ၂ ရက်နေ့မှာ အစည်ကားဆုံးနေ့ဖြစ်သည်။ လူအများ တိုးမပေါက်အောင် စည်ကားသောနေ့လည်း ဖြစ်ပါသည်။ တောင်ကလပ်သို့ တက်ရောက်သော စော တန်းကြီး သုံးသွယ်ရှိရာ (၁) ဆင်နှစ်တောင်စောင်းတန်း ခေါ် ရွှေစောင်းတန်း (၂) နဂါး နှစ်ကောင် စောင်းတန်း ခေါ် ငွေစောင်းတန်း (၃) ဂဠုန် နှစ်ကောင်စောင်းတန်း ခေါ် ပတ္တမြားစောင်းတန်း တို့ဖြစ်သည်။

ပုပ္ပားတောင်ကလပ်တွင် နန်းဆောင်ကြီးခြောက်ခုရှိလေသည်။ အဘ ဘိုးမင်းခေါင်ကို ရည်မှန်းပူဇော်ရာ နန်းဆောင်များဖြစ်သည်။ ယင်းတို့မှာ . .

(၁) ဆုထူးပန်ဆုတောင်းပြည့် ကမ္ဘာ့မဏ္ဍိုင်စကြာမင်း အောင်မြေဓာတ်နန်း

(၂) ဘိုးတော်အောင်မင်းခေါင် ခန္ဓာဝန်ချရာ အောင်စေတီ

(၃) ဆုတောင်းပြည့် အောင်မြေဓာတ်နန်း

(၄) တောင်ထိပ်-၁ ကံထူးအောင် အောင်မြေဓာတ်နန်း

(၅) အေးချမ်းအောင်မြေဓာတ်နန်း

(၆) တောင်ထိပ်-၂ ထီးသုံးဆင့် အောင်မြေဓာတ်နန်း

တို့ဖြစ်ကြသည်။

တောင်ထိပ်သို့ စတက်မည်ဆို ပါက မည်သူမဆို ဆုထူးပန် ဆုတောင်းပြည့် အောင်မြေနန်းသို့ ဝင်ရောက် အောင်မြေနင်းရကြောင်း သိရသည်။

အဆိုပါ အမှတ် (၁) အောင်မြေဓာတ်နန်းသို့ဝင်ရောက်ရခြင်းအကြောင်းမှာ ထိုနန်းဆောင်အတွင်းသစ္စာအဓိဋ္ဌာန် အောင်မြေဌာန ရှိနေခြင်း၊ ယင်းနန်းဆောင်နှင့် တစ်ဆက်တည်းတွင် တစ်ဦးလျှင် ရှစ်ကျပ်နှုန်း လှူဒါန်းစုဆောင်း၍ တည်ထားခဲ့သော ဉာဏ်တော်အမြင့် ၁၉ ပေရှိသော အဘ၏ တည်ကြည်ခဲ့ညားလှသော မတ်ရပ်တော် ကြေးရုပ်တုတော်ကြီးမှာ သစ္စာအဓိဋ္ဌာန်ကြရန် အတွက် ဖြစ်လေသည်။

အဘထွက်ပွဲနေ့ ၂. ၁၀. ၂၀၁၃ နေ့တွင် အဘ၏ ကြေးရုပ်တုရှေ့၌ ထီးတော်မိုးငှက်ပျော (၁၀၈)ဖီးပွဲများအား နံ့သာကိုးပါးဖြင့် ထုံလွှမ်းပြီး ပန်းပေါင်းစုံ ၉၀၀၀ ဝန်းရံပတ်လျက် ပူဇော်ထားကြသည့် မြင်ကွင်းမှာ သဒ္ဓါကြည်နူးစိတ်ကို ယိုဖိတ်ပွားစေခဲ့ပါသည်။


စာရေးသူနှင့် ဆရာဦးခင်မောင်မြင့်၊ ဆရာရဲဇော်(ဝေဒနက္ခတ္တသုတေသီ) တို့ သုံးဦးသည် တောင်ကလပ်ရှိ ဆုထူးပန် ဆုတောင်းပြည့် အောင်မြေဓာတ်နန်းအဆောင်ရှိ တာဝန်ခံ ဦးဘိုကြည်အခန်း၌ ခေတ္တတည်းခိုစဉ်အတွင်း အဘနှင့်ပတ်သက်၍ သိလိုသမျှကိုလည်း မေးမြန်းခွင့် ရခဲ့ပါသည်။ ထွက်ပွဲနေ့တွင် အလွန်အလုပ်များသည့်ကြားမှပင် ကြိုးစား၍ အဘနှင့်ပတ်သက်၍ မှတ်တမ်းအချို့ကိုလည်း ရယူခဲ့ရပါသည်။

အဘ သိဒ္ဓိစခန်းထွက်သောနေ့ ထွက်သောအချိန်သို့ ဆိုက်ရောက်သောအခါ တောင်ကလပ်ရှိ နန်းဆောင်ခြောက်ခုတို့နှင့် မင်္ဂလာစည်တော်ကြီး အဆောင်များမှ အောင်စည် အောင်မောင်း(၂၇)ချက်တိတိကို အဟိန်းဂါထာကြီးအား ရွတ်ဆို၍ တီးခတ်ကြပါသည်။

အဘထွက်ပွဲနေ့တွင် ထူးခြားချက်တစ်ရပ်မှာ နံနက်ပိုင်းမှ စတင်၍


www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားတောင်သို့အဝင် လူစည်ကားရာနေရာ

အိုးစည်သံများကို အဆက်မပြတ်ကြားနေရခြင်း ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်တွင် အဘကို ပူဇော်ကြမည့်တပည့်များသည် အဘကိုယ်ပွား ရုပ်တုတော်ပုံအသီးသီးကိုပုပ္ပားတောင်ကလပ်သို့ ပင့်ဆောင်လာကြပြီး နန်းဆောင်တစ်ခုခုတွင် ရင်ငွေ့တော်လှုံခြင်း (ဝါ) အဘဓာတ်ခံယူခြင်းကို ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ အဖွဲ့အသီးသီးတို့သည် မိမိတို့ခေါင်းဆောင် ဆရာများဦးစီးပြီး ရှမ်းအိုးစည်ဖြင့် ဝတ်စုံတူညီဝတ်ကာ ရတနာမိုးများ သွန်းဖြိုးကြချလျက် ပုပ္ပားတောင်ကလပ်သို့ဝင်ရောက်လာကြပါသည်။

အဘအပေါ် ယုံကြည်သဒ္ဓါစိတ်အပြည့်ရှိသော တပည့်များသည် ဓာတ်ပန္နက်ချရာ နန်းဆောင်အသီးသီးတွင် အောင်မြေနင်းခြင်း၊ အဟိန်းဂါထာကြီးကို ပြိုင်တူရွတ်ဆိုခြင်းများ ပြုလုပ်ကြပါသည်။ ယင်းနောက် သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပြီး အောင်မြေနန်းအသီးသီးမှ ပြန်လည်ထွက်ခွာကြပါသည်။ သူတို့အဖွဲ့သားများမှာ မြို့ရွာဒေသအသီးသီးမှ ပုံစံအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ အသွင်အမျိုးမျိုးကို ဆောင်လာကြသော်လည်း အဖွဲ့အသီးသီးတွင် ရှမ်းအိုးစည်အဖွဲ့များကိုယ်စီပါလာကြသဖြင့် စံကားဝါမြေတွင် တီးခတ်သော ရှမ်းအိုးသည်သံမှာ ညမှောင်သည်အထိ ရပ်စဲသွားခြင်းမရှိတော့ချေ။

မဟာဗိဒ္ဓိဦးသျှောင် ဘိုးတော်အောင်မင်းခေါင်၏ တဘောင်များကို နိဂုံးချုပ် ဆက်လက်တင်ပြလိုက်ရပါသည်။

“ကြာညိုပွင့်ကင်း သာတိအင်း
ဆင်း၍ ဟသ်ာ ချိုးလတ္တံ့။
ဟသ်ာငှက်မျိုး တောင်ပံကျိုး၍
မုဆိုး လေးနှင့် ခွင်းလတ္တံ့။
အံ့ဖွယ်တစ်မျိုး ထိုမုဆိုး ယီးရိုး
ပြန်၍ရိုက်လတ္တံ့။
ငင်းထီးရိုး တိမ်ညွှန့်ထိုး မိုးကြိုး
ပစ်၍ လဲလတ္တံ့။
မိုးကြိုးဓာတ်ဆောင် ဇောင်မင်း
ခေါင် လူ့ဘောင်ရွှေပြည် ဝင်လတ္တံ့။
ရှစ်သောင်းလေးထောင် နှစ်ပြန်
ဆောင် မင်းခေါင်ဝိဇ္ဇာ ထွက်လတ္တံ့။
ငြိမ်းချမ်းသာသာ ထိုအခါ . .
ရတနာမိုးကြီး ရွာလတ္တံ့။

ဘိုးတော်သည် ယနေ့တိုင်ပင် အသက်ရှင်လျက် ရွှေပြည်တော်ဝင်ပြီး သာသနာတော်တိုင်ဖွင့်၍ စေတီများ တည်လျက် သတ္တဝါများအား ကယ်တင်ပြီး ငြိမ်းချမ်းရေးကို ဖန်တီးလတ္တံ့။

(ရွှေပြည်ဝင် ဘိုးတော်အောင်မင်းခေါင် ဖြစ်ပါသည်။)

အဘအား အိမ်တွင် ပူဇော်လိုသူများသည် အဘပုံတော်အား မြင့်မြတ်သော နေရာတွင်ထားပြီး သစ်သီးဆွမ်း၊ ရေနွေးကြမ်း၊ အမွှေးတိုင်၊ အလင်းတိုင်၊ စီးကရက်၊ ဆေးပြင်းလိပ်များဖြင့် လှူဒါန်းနိုင်သည်။ အရေးကြုံပါက ကိုးရက်တိတိ ကိုးပါးသီလခံယူ သက်သတ်လွတ် စားသုံးပြီး နေ့စဉ် “အရဟံသိဒ္ဓိ” ပုတီးစိပ်အား တစ်နေ့ တစ်ပတ်စိပ် အဓိဋ္ဌာန်ဝင်ပါ။

၎င်းနောက် အဘထံတွင် တရားတော်နှင့် မဆန့်ကျင်သော ဆုတောင်းကို တောင်းယူခြင်းဖြင့် အဓိဋ္ဌာန်ခေ့လျှင် ဣစ္ဆာသယ လိုတိုင်းရ၍ ဆုတိုင်းပြီးမြောက်စေပါသည်။

❒ ကိုသက်(ဗိုးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

### (ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

ကောင်းလိုက်တာ ကောင်းလိုက်တာ ဆိုပေမယ့် ပေါ့ ရွှတ်ရွှတ်ပဲရှိသေးတော့ ရှေ့ဆက်ဝါးရင်တော့ ကောင်းဦးမှာပဲ ဆိုပြီးတော့ ဆက်ဝါး၊ ဝါးလေ သွားရည်က ထွက်လာလေ၊ ပိုကောင်းတယ် ထင်လေ။ အဲဒီလိုနဲ့ ဝါးရင်း ဝါးရင်း နောက်ဆုံး သွားကျိုးသွားရော။

ဒါက မြတ်စွာဘုရားပေးထားတဲ့ ဥပမာနော်။ ကာမဂုဏ်အာရုံဆိုတာကလည်း နိမ့်ကျတဲ့အာရုံဆိုတော့ ပေးထားတဲ့ ဥပမာကလည်း နိမ့်ကျတာနဲ့ ပေးရတာပေါ့။ နိမ့်တယ်ဆိုတာထက် ဒီလိုဥပမာ ပေးလိုက်တော့မှလည်း ထင်ရှားသွားတာနော်။ သံဝေဂလည်း ပိုဖြစ်တာပေါ့။ တကယ်လည်း ဟုတ်တာပါပဲ။

ကာမဂုဏ်အာရုံတွေအပေါ်မှာ တပ်မက်တဲ့ တဏှာကို သွားရည်လို့ ခေါ်ပါတယ်။ ခံစားနေကြတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ အာရုံငါးပါးက အမဲရိုးတွေပါပဲ။

အဲဒီအမဲရိုးက သွေးချည်းသက်သက် ဘာမှအရသာ မရှိဘူး။ သွားရည်နဲ့ပေါင်းမှ အရသာရှိတာ။ ကာမတဏှာသာ မရှိဘူးဆိုရင် အာရုံတွေ ဘယ်လောက်ပဲ ခံစား ခံစား အရသာ မထွက်ပါဘူး။ သာယာမှု မဖြစ်ပါဘူး။

ရဟန္တာအရှင်မြတ်တွေလည်း ဒီဆွမ်းကို စားတာပါပဲ။ ပုထုဇဉ်ပုဂ္ဂိုလ်တွေလည်း ဒီဆွမ်းကို စားတာပါပဲ။ ဒါပေမယ့် ပုထုဇဉ်ပုဂ္ဂိုလ်ကတော့ ဆွမ်းစားရင်းနဲ့ သတိဉာဏ်မပါဘူးဆိုရင် ဒီဆွမ်းကို သာယာတဲ့စိတ် ဖြစ်တယ်။ ကောင်းမှကောင်း၊ ကောင်းမှကောင်း ဆိုပြီးတော့ ဆွမ်းကို အရသာတွေ့တယ်။ ကာမတဏှာဆိုတဲ့ သွားရည်က ရှိနေတာကိုး။

ရဟန္တာအရှင်မြတ်ကြီးတွေကျတော့ ဒီဆွမ်းကို သာယာတဲ့စိတ် လုံးဝမဖြစ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကာမတဏှာဆိုတဲ့ သွားရည်မရှိတော့လို့။ ဒါ ဘုရားဟောတဲ့ ဥပမာနဲ့ ပြောတာပါနော်။

ကာမတဏှာသာ မရှိတော့ဘူးဆိုရင် ဘယ်ကာမဂုဏ်အာရုံတွေ ဘယ်လောက်ပဲခံစား ခံစား အရသာမထွက်တော့ပါဘူး။ သာယာတဲ့စိတ် မဖြစ်တော့ပါဘူး။ ဘွမ်းဘောဇဉ်လို့ခေါ်တဲ့ ထမင်း၊ ဟင်း၊ မုန့်၊ သစ်သီးတွေဟာလည်း သာယာတဲ့စိတ်နဲ့ ခံစားရင် ကာမဂုဏ်တွေပဲလေ။

ဒါကြောင့် အိမ်မှာရှိတဲ့ဟာတွေ မှန်သမျှ သက်ရှိသက်မဲ့ အကုန်လုံးကို အမဲရိုးတွေလို့သာ မှတ်ထားပေတော့။ ဒါက ကာမဂုဏ်တွေရဲ့ အပြစ်။ ဒီလောက်ဆိုရင်ကို နာဖို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေပါပြီ။ အမဲရိုးနဲ့နှိုင်း၊ ခွေးနဲ့နှိုင်းတာမှ မနာဘူးဆိုရင်လည်း ဘယ်တော့မှ တရားရမှာ မဟုတ်တော့ပါဘူး။

အဋ္ဌိကင်္ကလူပမာ ကာမာအပ္ပဿဒါ ဗဟုဒုက္ခာ ဗဟုပါယာသာ။

ကာမဂုဏ်ဟာ ခွေးဝတ်မလွတ်နိုင်တဲ့ အမဲရိုးနဲ့တူတယ်လို့ပြောပြီး ဘာဆက်ပြောထားသလဲ ဆိုတော့ "သာယာမှုကနည်းပါတယ်၊ ဆင်းရဲခြင်း၊ ပင်ပန်းခြင်းက များတယ်"တဲ့။

ကာမဂုဏ်ချမ်းသာဆိုတာ သာယာမှုက နည်းနည်း၊ ဆင်းရဲပင်ပန်းမှုက များများပါ။ သာယာမှုနဲ့ လုံးဝမတန်လောက်အောင်ကို ဆင်းရဲပင်ပန်းမှုက များပါတယ်။ ရှေ့မှာလည်း ပြောခဲ့ပြီးသားပါ။

ကာမဂုဏ်ချမ်းသာရဲ့ သာယာမှုနည်းပြီး ဆင်းရဲပင်ပန်းမှုများပုံကို ထမင်းစားတာတို့၊ ဘာတို့နဲ့ တခြားတရားတော်တွေမှာ ဦးဇင်းတို့ ဟောခဲ့၊ ရှင်းခဲ့ပြီးသား ဒီနေရာမှာ အကျယ်ချဲ့ပြီး ထပ်ပြောမနေတော့ပါဘူး။ အမေရိကားရောက်တုန်း အမေရိကားက ဥပမာလေးနဲ့ပဲ ပြောပါမယ်နော်။

ဦးဇင်းတို့ ဟိုတစ်နေ့က အင်ပါယာစတိတ် အဆောက်အအုံ (Empire State Building) ပေါ် တက်ကြည့်ကြတယ်။ အင်ပါယာစတိတ်က နယူးယောက်မှာတော့ အမြင့်ဆုံးပေါ့နော်။ အထပ်ပေါင်း (၁၀၂)ထပ်ရှိတယ်။ အမြင့်ပေက ၁၄၇၂ ပေရှိတယ်။ [၁၂၅၂ ပေလို့လည်း မှတ်ကွဲရှိတယ်။]

အမေရိကားမှာ အမြင့်ဆုံး အဆောက်အအုံကတော့ ချီကာဂိုမှာရှိတဲ့ ဆီးယားစ်တာဝါ (Sears Tower) ပေါ့။ အထပ်ပေါင်း (၁၁၃) ထပ်ရှိတယ်။ အမြင့်ပေ (၁၇၂၉)ပေရှိတယ်။ [အထပ် ၁၁၀ နဲ့ အမြင့်ပေ ၁၄၅၀ လို့လည်း မှတ်ကွဲရှိတယ်။]

အဲဒါ အင်ပါယာစတိတ်ရဲ့ အပေါ်ဆုံးထပ်ပေါ်ကို တက်ပြီး နယူးယောက်မြို့ ပတ်ဝန်းကျင်ရှုခင်း ကြည့်ဖို့အရေး တန်းစီလိုက်ရတာ ၅ နာရီ ၆ နာရီလောက် ကြာတယ်။ နိုင်ငံတွင်းခရီးသည်နဲ့ ကမ္ဘာလှည့်ခရီးသည်က အရမ်းများတာကိုး။

ကိုယ့်အလှည့်ရောက်လို့ ဓာတ်လှေကားနဲ့ တက်သွားတော့လည်း ခဏလေးပါပဲ။ အပေါ်ဆုံးထပ်ရောက်လို့ ပတ်ဝန်းကျင်ရှုခင်း မြင်ကွင်းကျယ်ကို အပေါ်စီးကနေ ကြည့်ရတဲ့ အရသာကလည်း ခဏလေးပါပဲ။

တကယ် အပေါ်ရောက်လို့ ရှုခင်းကြည့်ရတာ ဘယ်လောက်ကောင်းကောင်း အကြာကြီး မကြည့်ချင်ပါဘူး။ ထင်သလောက်လည်း ကြည့်လို့ သိပ်မကောင်းပါဘူး။ တစ်ပတ်လှည့်ကြည့်ပြီးတာနဲ့ ချက်ချင်း ပြန်ဆင်းချင်တော့တာပါပဲ။ အပေါ်မရောက်ခင်သာ ထူးမယ်ထင်တာ၊ တကယ် အပေါ်ရောက်သွားတော့လည်း ဘာမှ မထူးပါဘူးနော်။ တက်ဖူးတယ်၊ ကြည့်ဖူးတယ်လို့ ပြောနိုင်ရုံလေးပါပဲ။

ပြင်သစ်ရောက်တုန်းက အီဖဲလ်မျှော်စင်ပေါ် တက်ပြီး ပါရီမြို့ရှုခင်း (ပဲရစ်မြို့ရှုခင်း) ကြည့်ရတာကတော့ သိပ်ကိုလှပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲလှလှ ခဏကြာတော့လည်း ငြီးငွေ့သွားပြီး အောက်ပြန်ဆင်းချင်တာပါပဲ။

အင်ပါယာစတိတ်ပေါ် တက်ဖို့ တန်းစီရတာ (တန်းစီပြီး အဆင်းရဲ အပင်ပန်းခံရတာ)က ငါးနာရီ ခြောက်နာရီလောက်ကြာပါတယ်။ အပေါ်ဆုံးရောက်သွားပြီး ပတ်ဝန်းကျင်ရှုခင်း ကြည့်ရတာ (ကြည့်ပြီး သာယာရတာ) က ၁၀ မိနစ်၊ ၁၅ မိနစ်ပဲ ကြာပါတယ်။ ဒါတောင် တန်အောင်ဆိုပြီး တမင်ကြာကြာနေနေလို့ ၁၀ မိနစ်၊ ၁၅ မိနစ် ကြာတာပါ။ တကယ်ကြည့်ရင် ၅ မိနစ်လောက်နဲ့ ပြီးနေပါပြီ။ တကယ်ကြည့်လိုက်တော့လည်း ဘာမှထူးတာ မဟုတ်ပါဘူး။

ကာမဂုဏ်ချမ်းသာ ခံစားရတယ်ဆိုတာကလည်း အင်ပါယာစတိတ်ပေါ် တက်ကြည့်ရတာနဲ့ အတူတူပါပဲ။ သာယာမှုက နည်းနည်း၊ ဆင်းရဲပင်ပန်းမှုက များများပါ။

ကာမဂုဏ်ချမ်းသာ ခံစားရတဲ့အချိန်က အင်ပါယာစတိတ်ပေါ် ရောက်သွားလို့ ပတ်ဝန်းကျင်ရှုခင်း ကြည့်ရတဲ့အချိန်လောက်ပဲ ရှိပါတယ်။ ကာမဂုဏ်ချမ်းသာ ခံစားဖို့အတွက် ရှာဖွေရတဲ့အချိန်၊ ရုန်းကန်လှုပ်ရှား ပြေးလွှားသွားလာနေရတဲ့အချိန်၊ ကာမဂုဏ်ချမ်းသာနဲ့ ပတ်သက်ဆက်စပ်သမျှ ဆင်းရဲဒုက္ခအဝဝကို ခံစားနေရတဲ့အချိန်က အင်ပါယာစတိတ်ပေါ် တက်ဖို့ တန်းစီနေရတဲ့ အချိန်လောက်ကြီး ရှိပါတယ်။

ကာမဂုဏ်ချမ်းသာ မှန်သမျှ သာယာရတဲ့အချိန်က နည်းနည်း၊ ဆင်းရဲပင်ပန်းရတဲ့အချိန်က များများပါ။ ဆင်းရဲပင်ပန်းရတဲ့ အချိန်နဲ့ လုံးဝ မတန်လောက်အောင်ကို သာယာရတဲ့အချိန်က သိပ်ကို နည်းပါးလွန်းပါတယ်။

ဒီလောက်ဆိုရင် အကျယ်ချဲ့ပြီး သဘောပေါက်လောက်ပါပြီနော်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဘယ်ကာမဂုဏ်ကိုပဲ ဉာဏ်နဲ့ ချိန်ကြည့် ချိန်ကြည့် "သာယာမှုက နည်းနည်း၊ ဆင်းရဲပင်ပန်းမှုက များများ" ဆိုတဲ့ အဖြေပဲ ထွက်လာပါလိမ့်မယ်။

ဒီသဘောကို ကိုယ်က နားလည်ထားတယ်ဆိုရင် ကာမဂုဏ်ချမ်းသာကို လုံးဝစွန့်နိုင်ရင် စွန့်၊ လုံးဝ မစွန့်နိုင်ရင် မလွှဲမရှောင်သာလွန်းတာပဲ ခံစား၊ အပိုတွေကို လျှော့၊ သူ့အချိန်နဲ့သူ စိတ်ကို ဖြတ်၊ တရားအရသာ ခံစားချိန်များအောင် သီးခြားအချိန်ပေးပြီးရော၊ အလုပ်လုပ်ရင်းနဲ့ရော တရားကို မပြတ်မလပ်အားထုတ်၊ သို့မဟုတ် ကြိုးကြား ကြိုးကြား အားထုတ်၊ ကုသိုလ်ကောင်းမှု များများပြု၊ အသက်မွေးဝမ်းကျောင်းအလုပ်ကိုလည်း ကုသိုလ်စိတ်သွင်းပြီး ကုသိုလ်ရအောင်လုပ်၊ ပါရမီဖြစ်အောင်လုပ်၊ ဒါပဲ ရှိတာပါပဲ။

အဲဒီလို တရားလမ်းကြောင်းနဲ့အညီ နေတတ် ထိုင်တတ် လုပ်တတ် ကိုင်တတ် သွားမယ်ဆိုရင်တော့ ကာမဂုဏ်အတွက် ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်နေရတယ်လို မခံစားရ



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ကုသိုလ်အလုပ်လုပ်နေတယ်၊ တရားအလုပ် အားထုတ်နေတယ်၊ ပါရမီဖြည့်နေတယ်လို့ပဲ ခံစားရပါလိမ့်မယ်။ တရားမသိသူ၊ တရားမရှိသူထက် စာရင်တော့ အပူသက်သာသွားတာပေါ့။ ပူတာကတော့ ပူတာပါပဲ နော်။

## ပိုအကောင်းတွေ့ရင် နဂိုအဟောင်းစွန့်ပါ

ကာမဂုဏ်အာရုံတွေ၊ ကာမဂုဏ်ခံစားမှုတွေကို မစွန့်နိုင်ရင်လည်း မစွန့်ကြပါနဲ့။ မစွန့်နိုင်းတော့ပါဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်မယ်။ ချမ်းသာက လောကမှာ ခုနစ်မျိုးရှိပါတယ်။ လူ့ကာမဂုဏ်ချမ်းသာ၊ နတ်ကာမဂုဏ်ချမ်းသာ၊ ဗြဟ္မာတို့ရဲ့ ဈာန်ချမ်းသာ၊ ဝိပဿနာချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။

ချမ်းသာ ခုနစ်မျိုးထဲမှာ အောက်အောက်ချမ်းသာထက် အထက်အထက် ချမ်းသာတွေက ပိုပြီးတော့ အဆင့်မြင့်ပါတယ်။ လူ့ကာမဂုဏ်ချမ်းသာကတော့ အောက်ဆုံး ချမ်းသာပါပဲ။ အဲဒီတော့ ကိုယ်က အောက်ဆုံးချမ်းသာနဲ့ပဲ မွေ့လျော်နေမလား။ ကိုယ့်ဟာကိုယ် စဉ်းစားပေါ့။

တစ်ခါတုန်းက ဖိုးဖန်နဲ့ ဖိုးညာဏ်ဆိုပြီးတော့ သူငယ်ချင်းနှစ်ယောက် ခရီးထွက်ကြတယ်။ ခရီးထွက်တော့ ရွာပျက်ကြီးတစ်ခု တွေ့ပါတယ်။ အဲဒီရွာပျက်ကြီးမှာ ဂုန်လျှော်ချည်မျှင်တွေ တွေ့တယ်။ တွေ့တော့ ကဲ ချည်ငင်ပြီးတော့ အထည်ရက်ရင်တော့ ပိုက်ဆံရမှာပဲဆိုပြီးတော့ အဲဒီဂုန်လျှော်ချည်မျှင်တွေကို သပ်သပ်ရပ်ရပ် အားရပါးရ အထုပ်ကြီးတစ်ထုပ်စီထုပ်၊ သယ်ပြီးတော့ ဆက်လက်ခရီးထွက်ခဲ့ကြတယ်။

ရှေ့ဆက်တော့ ရွာပျက်ကြီးတစ်ခု တွေ့ပြန်တယ်။ ရွာထဲမှာ ရက်ပြီးသား ချည်ထည်တွေ တွေ့တယ်။ အဲဒီအခါကျတော့ ဖိုးညာဏ်က ချည်မျှင်ထက် ချည်ထည်တွေက ပိုပြီးတန်ဖိုးရှိတယ်ဆိုပြီးတော့ သူသယ်လာတဲ့ ချည်မျှင်တွေကိုစွန့်ပြီးတော့ ချည်ထည်တွေကို သယ်တယ်။ ဖိုးဖန်ကတော့ ငါအလေးခံပြီးတော့ သယ်လာတာ မစွန့်နိုင်ဘူးဆိုပြီးတော့ ဂုန်လျှော်ချည်မျှင်တွေကိုပဲ သယ်လာခဲ့ပါတယ်။

ဆက်သွားတော့ ဂုန်လျှော်ချည်နဲ့ ရက်ထားတဲ့အထည်တွေ တွေ့ပြန်တယ်။ ဖိုးညာဏ်က အဟောင်းတွေစွန့်ပြီးတော့ အထည်တွေ ထည့်လာတယ်။ ဖိုးဖန်ကတော့ အလေးခံသယ်လာတာ မစွန့်နိုင်ဘူးဆိုပြီးတော့ ဂုန်လျှော်ချည်မျှင်တွေကိုပဲ သယ်လာပါတယ်။

ရှေ့ဆက်သွားတော့ ဂုန်လျှော်ပြီးတော့ ဝါချည်တွေတွေ့။ ဖိုးညာဏ်ကတော့ အသစ် အသစ်တွေ ထပ်ထည့်တယ်။ ဖိုးဖန်ကတော့ မထည့်ပါဘူး။ သူက မစွန့်နိုင်ဘူးဆိုပြီးတော့ ဂုန်လျှော်ချည်ကိုပဲ ထည့်တယ်။ ပြီးတော့ ရက်ပြီးသား ဝါဂွမ်းတွေတွေ့တယ်။ ဝါဂွမ်းနဲ့ ရက်ထားတဲ့ အထည်တွေ တွေ့တယ်။ ရှေ့ဆက်သွားတော့ သံတွေ တွေ့တယ်၊ ကြေးတွေ တွေ့တယ်၊ ခဲပုပ်တွေ တွေ့တယ်၊ ရွှေဖြူတွေ တွေ့တယ်၊ ငွေတွေ့တယ်။ ရှေ့ဆက်သွားတော့ ရွှေတွေ့တယ်။ နောက်ဆုံးတွေ့တာကတော့ ရွှေတွေပါပဲ။

ပိုကောင်း ပိုကောင်းတာတွေ တွေ့တိုင်း ဖိုးညာဏ်က အဟောင်း အဟောင်းတွေကို စွန့်ပြီးတော့ အသစ်အသစ်တွေကိုပဲ သယ်လာတယ်။ ဖိုးဖန်ကတော့ ပထမဆုံး သယ်ခဲ့တဲ့ အထုပ်ကြီးကိုပဲ "မပစ်နိုင်ဘူး" ဆိုပြီးတော့ သယ်လာတယ်။

ကိုယ့်ရွာကိုယ်လည်း ပြန်ရောက်ရော ဖိုးညာဏ်ကတော့ ရွှေတွေရောင်းစားပြီး ချမ်းသာသွားပါတယ်။ ဖိုးဖန်ကတော့ သယ်လာတဲ့ ဂုန်လျှော်တွေနဲ့ပဲ ဆင်းရဲဒုက္ခကြီးမားစွာနဲ့ နဂိုအတိုင်းပဲ အသက်မွေးရပါတယ်။

ဒီတော့ ကာမဂုဏ်ချမ်းသာဆိုတာ ချမ်းသာအားလုံးထဲမှာ အဆင့်အနိမ့်ဆုံး ချမ်းသာပါ။ ဒီ့ထက် အဆင့်မြင့်တဲ့ ချမ်းသာတွေကို လိုချင်တယ်ဆိုရင်တော့ ငါ အလေးခံသယ်လာရတဲ့ ချမ်းသာဆိုပြီးတော့ မစွန့်ဘဲ နေကြမှာလား။ ဩော် ငါတို့ ကာမဂုဏ်ချမ်းသာတွေ နဖူးကချွေး ခြေမကျအောင် ပင်ပင်ပန်းပန်း ရှာထားရတာ၊ မစွန့်နိုင်ဘူးဆိုရင်တော့ မောင်တို့သဘော၊ မယ်တို့သဘောပါပဲ။

တရားကတော့ 'ကာမဂုဏ်နဲ့ ပျော်သူတွေရဲ့ကြားမှာ ကာမဂုဏ်နဲ့ မပျော်ပါနဲ့' တဲ့၊ ဆိုလိုက်ပါ။

**ပျော်သူကြားမှာ မပျော်မှသာ၊ ပျော်ရာကောင်းနိုင်သည်။**

'ပျော်ရာကောင်းနိုင်သည်' ဆိုတာ အကောင်းဆုံး ပျော်ရာကို ရောက်နိုင်တယ်လို့ ပြောတာပါ။ အကောင်းဆုံး ပျော်ရာဆိုတာ နိဗ္ဗာန်ပါပဲ။ ပျော်သူတွေရဲ့ကြားမှာ မပျော်ဘူးဆိုရင် ပျော်စရာအကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမှာပါပဲ။

ချမ်းသာ ခုနစ်မျိုးနဲ့ တွဲမှတ်လို့လွယ်အောင် ခုနတုန်းက ပစ္စည်းတွေကို ခုနစ်မျိုးပဲ မှတ်လိုက်ပေါ့။ ချည်မျှင်ရယ်၊ ဝါဂွမ်းရယ်၊ အဝတ်အထည်ရယ်၊ သံရယ်၊ ကြေးရယ်၊ ငွေရယ်၊ ရွှေရယ် ခုနစ်မျိုး။

ရှေ့ရှေ့ပစ္စည်းထက် နောက်နောက်ပစ္စည်းက ပိုပြီးတော့ တန်ဖိုးကြီးတယ်။ ပိုပြီးတော့ ကောင်းကျိုးချမ်းသာ ဖြစ်စေတယ်။ ပစ္စည်းတစ်မျိုးပဲ သယ်ခွင့်ရှိတယ်ဆိုရင် နောက်တွေ့တဲ့ပစ္စည်းကိုသယ်ပြီး ရှေ့တွေ့တဲ့ပစ္စည်းကို စွန့်ခဲ့ရမယ်။ ဒါမှ ကိုယ့်ဘဝ ပိုချမ်းသာမယ်။

တရားတွေ လေ့လာ၊ တရားတွေ အားထုတ်လာလို့ တရားတွေ သိလာပြီ၊ တရားတွေ ရှိလာပြီ ဆိုတဲ့အခါ ကာမဂုဏ်ချမ်းသာထက် တရားချမ်းသာက ပိုကောင်းပါလားဆိုတာ သဘောပေါက်လာပါတယ်။

တရားအရသာကို ကောင်းကောင်းကြီး ခံစားလာပြီ ဆိုတာနဲ့ တစ်ပြိုင်နက် ကာမဂုဏ်အရသာကို လုံးဝ အထင်

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

ကြီးတော့ပါဘူး။ ကာမဂုဏ်ကို အရသာရှိတယ်လို့တောင် ထင်တော့ပါဘူး။ ဟိုတုန်းက အဟုတ်ထင်ပြီး သာယာခဲ့သမျှ ဘာမှ မဟုတ်ပါလား' လို့ နားလည်လာပြီး ကာမဂုဏ် ခံစား ချင်တဲ့စိတ် လုံးဝကင်းပျောက်သွားပါတယ်။ ဒါမှမဟုတ် လျော့ ပါးသွားပါတယ်။ ခံစားချင်စိတ် လျော့ပါးသွားလေ၊ အခက် အခဲမရှိ အလွယ်တကူ စွန့်လွှတ်နိုင်သွားလေပါပဲ။

အခု ဒီနေ့ တရားပွဲကို ဦးဆောင်ကျင်းပတဲ့ ဒကာမ ကြီး ဒေါ်တင်မာထွန်း (ဒေါက်တာတင်မာထွန်း)ကိုပဲ ကြည့် ပေါ့။ ရှစ်ပါးသီလကို နေ့စဉ်ရက်ဆက် တစ်ရက်မှ မပျက် အောင် စောင့်ထိန်းလာခဲ့တာ အခုဆို သုံးနှစ်တောင်ရှိသွားပြီ။

ရှစ်ပါးသီလ စောင့်ထိန်းတယ်ဆိုတော့ ကာမဂုဏ်ချမ်း သာမှန်သမျှ အကုန်စွန့်လွှတ်ရတာပေါ့။ ခင်ပွန်းသည် (ဒကာ ကြီး ဦးဝင်းသန်းအေး) နဲ့လည်း လင်မယားလို အတူမနေဖြစ် တော့ဘူး။ တီဗွီလည်း လုံးဝမကြည့်ဖြစ်တော့ဘူး။ သီချင်း လည်း လုံးဝနားမထောင်ဖြစ်တော့ဘူး။ လောကီသာယာမှု မှန်သမျှ အကုန်စွန့်လွှတ်ထားလိုက်တော့တာပဲ။

ဒကာမကြီး ဒေါ်တင်မာထွန်းက အခုမှ အသက်(၄၅) ပဲ ရှိသေးတာဆိုတော့ လောကသဘောအရဆိုရင် ကာမဂုဏ် ချမ်းသာ ခံစားလို့ကောင်းတုန်းအရွယ်ပါပဲ။ အရွယ်ကောင်း တုန်း အသက်(၄၂)ကစပြီးတော့ အပြဟ္မစရိယ (မမြတ်သော အကျင့်) ကို လုံးဝရှောင်ကြဉ်ပြီးတော့ ဗြဟ္မစရိယ (မြတ်သော အကျင့်) ကို ကျင့်နေတာ လောကီနယ်ပယ်ထဲမှာ တကယ် တော့ မလွယ်လှပါဘူး။

မလွယ်တဲ့အလုပ်ကို အလွယ်တကူလုပ်နိုင်တာ ဘာ ကြောင့်လဲဆိုရင် တရားအရသာကို သေချာခံစားရလို့ပါ။ သာမန် တရားအရသာ တွေ့တာမျိုးမဟုတ်ဘဲ တကယ့်ကို လေးလေးနက်နက် တရားအရသာ တွေ့သွားလို့ ကာမဂုဏ် အရသာကို လုံးဝမခံစားချင်တော့ဘဲ အခုလို ကာမဂုဏ်ကိစ္စ နဲ့ကင်းကင်းရှင်းရှင်း နေဖြစ်သွားပြီး တရားအလုပ်ကိုပဲ ဇောက် ချလုပ်ဖြစ်သွားတာပါ။

အသက် (၄၂)မှာ တရားစခန်း ခုနစ်ရက်ဝင်ပြီး ဝိပဿ နာအလုပ် အားထုတ်၊ တရားစခန်းက ထွက်လာတော့လည်း အိမ်မှာ ဆက်အားထုတ်၊ တရားစာအုပ်တွေလည်း လေ့လာ၊ ပြီးတော့ သုံးလလောက် အဆက်မပြတ် တရားအားထုတ်၊ တရားစာအုပ်လေ့လာ လုပ်လိုက်တဲ့အခါ တရားအရသာကို ထူးထူးခြားခြား ခံစားလာရတယ်။

တရားအရသာကို လေးလေးနက်နက် ခံစားလာရတဲ့ အခါ ကာမဂုဏ်အရသာ ခံစားချင်တဲ့စိတ် လုံးဝ မရှိတော့ ဘူး သာယာစရာလို့လည်း လုံးဝမထင်တော့ဘူး။

"တရားတွေ တကယ်လုပ်လာတဲ့အခါ တပည့်တော်မ ရဲ့ စိတ်ထဲ လုံးဝမရှိတော့ဘူး၊ အဲဒီအလုပ်ကို လုံးဝမလုပ် ချင်တော့ဘူး" လို့ ဒကာမကြီး ဒေါ်တင်မာထွန်းက လျှောက် ပါတယ်။ ကာမရာဂစိတ်ဆိုတာ အနာဂါမ်အရိယာဖြစ်မှ လုံးဝ အမြစ်ပြတ်သွားတာပါ။ ဒါပေမယ့် ပုထုဇဉ်ဘဝနဲ့လည်း တရား အရသာကို တကယ်သိသွားရင်၊ တရားအလုပ်ကို တကယ် အချိန်ပြည့် လုပ်ဖြစ်သွားရင် အနာဂါမ်နီးပါး ကာမရာဂစိတ် ကင်းပျောက်သွားတာပါပဲ။ တရားအာရုံ အလေးအနက် လွှမ်းမိုးနေတဲ့ အချိန်မှာပေါ့နော်။

တရားလုပ်ချင်တဲ့စိတ် တစ်ခုတည်း ဖြစ်သွားတဲ့အချိန် မှာ ကာမဂုဏ်နဲ့ပတ်သက်ပြီး 'ဒါတွေဟာ ဘာမှမဟုတ်ပါ လား' လို့ အမြင်ရှင်းသွားပါတယ်။ ဟိုတုန်းက ဟုတ်တယ် ထင်ခဲ့တဲ့ အရာမှန်သမျှ 'ဘာမှမဟုတ်ပါလား' လို့ ခံစားလာ ရပါတယ်။ ဘယ်လို ဘာမှမဟုတ်တာလဲ ဆိုတာကို စကားလုံး နဲ့ ရှင်းပြလို့ မရပါဘူး။ ကိုယ်တိုင်ခံစားရမှပဲ သိနိုင်တာပါ။

ကာမဂုဏ်ချမ်းသာတွေအပေါ် 'ဘာမှမဟုတ်ပါလား ဆိုတဲ့ ခံစားချက်ဖြစ်ဖို့ဆိုတာ တရားအသိဉာဏ် ရင့်သန်မှ ရတာပါ။ ဉာဏ်ကြီးသူတွေသာ ခံစားသိနဲ့ သိတယ်လို့ ပြော ရမှာပေါ့။

တရားအရသာ တကယ်သိ၊ တကယ်ရှိလာရင် ကာမ ဂုဏ်အရသာတွေဟာ ဘာမှမဟုတ်ပါလား ဆိုတဲ့အသိက အလိုလိုဖြစ်လာပါတယ်။ တမင်လုပ်ယူစရာ မလိုပါဘူး။ တမင် လုပ်ယူလို့ရတဲ့အရာမျိုးလည်း မဟုတ်ပါဘူး။

ကာမဂုဏ်ချမ်းသာတွေ ကာမဂုဏ်အလုပ်တွေကို 'ဘာမှမဟုတ်ပါလား' လို့ တကယ်သိသွားတဲ့ ဒကာမကြီး ဒေါ်တင်မာထွန်းကတော့ အဲဒါတွေ အကုန်လုံးစွန့်လွှတ်ပြီး တော့ တရားအလုပ်၊ သာသနာပြုအလုပ်တွေကိုပဲ ဇောက်ချ လုပ်နေပါတယ်။ ကိုယ်တိုင်လည်း တရားအားထုတ်တယ်။ သူများတွေ တရားအားထုတ်နိုင်အောင်လည်း ဆောင်ရွက် ပေးတယ်။

အိမ်တစ်လုံး သီးခြားဝယ်ပြီးတော့ တရားရိပ်သာလေး အဖြစ်နဲ့ လုပ်ထားတယ်။ မြန်မာပြည်က ဆရာတော်တွေ ပင့် ပြီးတော့ ဒီတရားရိပ်သာလေးမှာပဲ တရားပွဲတွေ ကျင်းပပေး တယ်။ တရားစခန်း[illegible] ဖွင့်ပေးတယ်။ တရားစာအုပ်တွေ၊ တရားတိပ်ခွေတွေ လှူ[illegible]ယ်။ ကိုယ်နဲ့ နီးစပ်သူတွေကိုလည်း တရားစကား ပြော[illegible]ာ်။

တရားအလုပ်ပဲ လုပ်နေလို့ မိသားစုတာဝန် လစ်ဟင်း သလားဆိုတော့ မလစ်ဟင်းပါဘူး။ ညနေတိုင်း ကိုယ်ပိုင် ဆေးခန်း ထိုင်တယ်။ လူနာတွေကို မေတ္တာစေတနာ အပြည့် အဝနဲ့ ကုသပေးတယ်။ အိမ်မှာလည်း ခင်ပွန်းသည်အတွက်၊ သားသမီး သုံးယောက်အတွက် ဝေယျာဝစ္စတွေ ကျေပွန် အောင် လုပ်တယ်။ အလုပ်လုပ်ရင်း တရားမှတ်၊ တရားမှတ် ရင်း အလုပ်လုပ်နေတာပေါ့။

တရားတကယ်ရှိတဲ့သူဆိုတာ အဲဒီလို ဖြစ်ရမှာပေါ့။ ကိုယ့်တရားလည်း လုပ်ရမယ်။ မိသားစုတာဝန်လည်း ကျေ



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ကိုယ်က အိမ်ထောင်သည် လူဝတ်ကြောင်ဆိုတော့ အိမ်ထောင့်တာဝန်ကျေအောင် လုပ်ရင်းနဲ့ပဲ တရားအလုပ် လုပ်သွားရမှာပဲ။ အချို့က တရားသမားဆိုပြီး အိမ်ထောင့်တာဝန်၊ မိသားစုတာဝန် မကျေတော့ဘဲ ဘာသိဘာသာ အချောင်ခိုချင်ကြတယ်လေ။

ဒကာမကြီး ဒေါ်တင်မာထွန်းကတော့ အမျိုးသမီးဖြစ်ပေမယ့် မိသားစုတာဝန် ကျေပွန်အောင်ထမ်းဆောင်ရင်း တရားအလုပ်၊ သာသနာပြုအလုပ်တွေကို စွမ်းစွမ်းတမံလုပ်နေတာ အင်မတန် ချီးကျူးစရာ ကောင်းပါတယ်။ ဒီလို ဘာသာရေးအလုပ် လုပ်နေတဲ့သူမျိုး အမေရိကားမှာ ရှိလိမ့်မယ်လို့ မြန်မာပြည်က လူတွေ ထင်မှာတောင် မဟုတ်ပါဘူး။

ဆရာတော်တွေရဲ့ ဝေယျာဝစ္စလည်းလုပ်၊ အိမ်မှုကိစ္စလည်းလုပ်၊ ဆေးခန်းလည်းထိုင်၊ တရားစာအုပ်တွေလည်း လေ့လာ၊ တရားဘာဝနာလည်း ရှုပွား၊ တရားပွဲတွေလည်း စီစဉ်၊ တရားစခန်းတွေလည်း ကျင်းပ၊ တစ်နေ့ကို လေးနာရီပဲအိပ်ပြီး နာရီ ၂၀ လုံးလုံး လောကတာဝန်၊ ဓမ္မတာဝန် ကျေပွန်အောင် ထမ်းနေတာ ရှားမှရှားပါပဲ။ ဒီနေ့တရားနဲ့ဆိုရင် ထူးမှထူးပါပဲ။

ဒကာမကြီး ဒေါ်တင်မာထွန်းရဲ့ အိမ်နာမည်က ထူးထူးဆိုတော့ ဒီနေ့တရားနဲ့တော့ ကွက်တိပဲနော်။ ထူးမှထူးတဲ့ ထူးထူးပေါ့။ ပန်းချီဆွဲနေကျ မဟုတ်ဘဲနဲ့ ဘုရားကို ပူဇော်ချင်စိတ် ထိန်းမရလို့ ဘုရားပုံတော် ဆီဆေးပန်းချီကားတွေ ဆွဲထားတာဟာလည်း လက်ရာမြောက်တဲ့အတွက် ထူးမှထူးပါပဲ။ အပြဗ္ဗစရိယ သိက္ခာပုဒ်ကို နေ့တိုင်း စောင့်ထိန်းချင်တဲ့ (မပြတ်သောအကျင့်ကို လုံးဝ ရှောင်ကြဉ်ချင်တဲ့) ဇနီးသည်ရဲ့ ကုသိုလ်ဆန္ဒကို နားလည်လိုက်လျောပေးတဲ့ ဒကာကြီး ဦးဝင်းသန်းအေးကလည်း ထူးမှထူးပါပဲ။

အိမ်ထောင်သက် ငါးနှစ်ပဲ ရှိသေးတဲ့အချိန်မှာ ရှောင်ချင်စိတ်ဖြစ်တဲ့ ဒကာမကြီးကိုလည်း ချီးကျူးသင့်သလို ဒကာမကြီးရဲ့ ဆန္ဒကိုဖြည့်ပြီး လိုက်ရှောင်ပေးတဲ့ ဒကာကြီးကိုလည်း ချီးကျူးသင့်ပါတယ်။ နှစ်ယောက်လုံး ချီးကျူးစရာပါပဲ။

ဒကာကြီး ဦးဝင်းသန်းအေးကသာ ခွင့်မပြုရင်လည်း ဒကာမကြီး ဒေါ်တင်မာထွန်း ရှောင်ချင်လို ရမှာမဟုတ်ပါဘူး။ ဒကာကြီး ဦးဝင်းသန်းအေးက တကယ့် ဖြည့်ဖက် ကျေးဇူးရှင်ပဲနော်။ တခြားလူသာဆို ကိုယ့်ကို ခွင့်ပြုတယ်ပဲထားဦးတော့၊ အခုလောက်ဆို နောက်တစ်ယောက် ယူပြီးလောက်ပြီ။

အခု ဒကာကြီး ဦးဝင်းသန်းအေးက အပိုရှာဖို့ စိတ်မကူးသေးပါဘူး။ လက်နှစ်ဖက်ဖြန့်၊ လက်ဘေးကားပြပြီး 'ဘာတတ်နိုင်မှာလဲ' လို့ ပြုံးပြုံးကြီးပြောရုံနဲ့ပဲ ကျေနပ်နေတာပဲနော်။ ပြောလိုရင်းကတော့ . . . တန်ဖိုးကြီးတဲ့ ပစ္စည်းအသစ်ကိုတွေ့ရင် တန်ဖိုးနည်းတဲ့ ပစ္စည်းအဟောင်းကို စွန့်ခဲ့ရသလိုပဲ ကာမဂုဏ်ချမ်းသာထက် ပိုကောင်းတဲ့ တရားချမ်းသာကို တကယ်ခံစားရပြီဆိုရင်၊ မခံစားရသေးတာတောင်မှ ရှိမှန်းသိနေပြီ၊ တွေ့နေပြီဆိုရင် ကာမဂုဏ်ချမ်းသာကို စွန့်လွှတ်ခဲ့ပါ။

အဆင့်မြင့်တဲ့ တရားအရသာကို တွေ့နေပြီဆိုရင် အဆင့်နိမ့်တဲ့ ကာမဂုဏ်အရသာကို စွန့်လွှတ်ပါ။ လုံးဝစွန့်နိုင်ရင် လုံးဝစွန့်ပါ။ လုံးဝ မစွန့်နိုင်သေးရင် သိပ်မလိုအပ်တာတွေ၊ သိပ်မထူးတာတွေ၊ အပိုတွေကို စွန့်ပါ။ လျှော့နိုင်သမျှ လျှော့ပါ။ တရားချမ်းသာ များများတွေ့လေ၊ ကာမဂုဏ်ချမ်းသာ များများစွန့်နိုင်လေ၊ တရားအရသာ ခံစားရလေ၊ ကာမဂုဏ် အရသာ မတပ်မက်လေ၊ တရားပိုရှိလာလေ ကာမဂုဏ်နဲ့ ပိုဝေးလာလေပါပဲ။

တရားအရသာက ကာမဂုဏ်အရသာထက်ပိုကောင်းမှန်း သိသိကြီးနဲ့ ကာမဂုဏ်အရသာကို မစွန့်နိုင်ဘူးဆိုရင်တော့ အဆင့်မြင့်တဲ့ တရားအရသာကြီးနဲ့ ချမ်းချမ်းသာသာ နေနိုင်ခွင့် ဆုံးရှုံးပြီး အဆင့်နိမ့်တဲ့ ကာမဂုဏ် အရသာလေးနဲ့ပဲ ဆင်းဆင်းရဲရဲ နေသွားရပါလိမ့်မယ်။

ပိုအကောင်းတွေ့ရင်တော့ နဂိုအဟောင်း စွန့်ကိုစွန့်ရပါမယ်။ ပုံပြင်ထဲက ဖိုးဖန်နဲ့ ဖိုးညာဏ်ရဲ့ ပိုအကောင်းတွေ့တဲ့အခါ နဂိုအဟောင်း မစွန့်လို့ ဆင်းရဲရပုံနဲ့ နဂိုအဟောင်းစွန့်လို့ ချမ်းသာရပုံကို မမေ့လိုက်ပါနဲ့။

## နယ်စည်းသတ်မှ တကယ်ကြီးမြတ်မယ်

'ကာမဂုဏ်နဲ့ ပျော်သူတွေရဲ့ကြားမှာ ကာမဂုဏ်နဲ့ မပျော်ပါနဲ့' ဆိုတဲ့ အဆုံးအမကို လူဝတ်ကြောင်ပုဂ္ဂိုလ်တွေအနေနဲ့ အပြည့်အဝ လိုက်နာဖို့တော့ မလွယ်ဘူးပေါ့။ 'ကာမဂုဏ် လုံးဝမခံစားပါနဲ့' လို့ ပြောလို့မှ မဖြစ်နိုင်တာနော်။

ကာမဂုဏ်ချမ်းသာနဲ့ လုံးဝကင်းလို့မဖြစ်နိုင်တဲ့ လူဝတ်ကြောင်တွေကို ကာမဂုဏ်နဲ့ 'လုံးဝမပျော်ပါနဲ့' လို့ မပြောလိုပါဘူး။ ဒါပေမယ့် 'အကန့်အသတ်လေးနဲ့ ပျော်ပါ' လို့တော့ ပြောချင်ပါတယ်။

အမိကကျတဲ့ ကာမဂုဏ်တွေလောက်ပဲ မလွှဲမရှောင်သာ ခံစားပြီးတော့ အမိကမကျတဲ့ ကာမဂုဏ်တွေ၊ အရေးမပါတဲ့ ကာမဂုဏ်တွေ၊ မလွှမ်းလောက်တဲ့ ကာမဂုဏ်တွေ၊ သာမန် ကာမဂုဏ်တွေကို စွန့်လွှတ်ပေါ့။ သို့မဟုတ် လျှော့လိုက်ပေါ့။

ဘဝအတွေ့အကြုံ အထိုက်အလျောက် စုံပြီးသားလူတွေအနေနဲ့ မခံစားဖူးတဲ့ ချမ်းသာ၊ မသာယာဖူးတဲ့ အရသာဆိုတာ မရှိသလောက် ဖြစ်မှာပါ။ လူ့ကာမဂုဏ်တွေဆိုတာ ဒီလောက်ကြီး များများစားစား ရှိတာမှ မဟုတ်တာ။

"ဒါလည်း ခံစားဖူးပြီးသား၊ တော်ပြီ'၊ 'ဒါလည်း ခံစားဖူးပြီးသား၊ တော်ပြီ' နဲ့ ခံစားဖူးပြီးသား ကာမဂုဏ်အမျိုးအစားတွေကို လျှော့နိုင်သမျှ လျှော့ချသွားမယ်ဆိုရင် 'ကာမဂုဏ်နဲ့

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

ချော်သူတွေရဲ့ကြားမှာ ကာမဂုဏ်နဲ့ မပျော်ပါနဲ့' ဆိုတဲ့ အဆုံးအမကို အတိုင်းအတာ တော်တော်များများအထိ လိုက်နာကျင့်သုံးပြီးသား ဖြစ်သွားပါလိမ့်မယ်။ ပါရမီရင့်သူ တချို့အတွက်ဆိုရင် လုံးဝနီးပါး သို့မဟုတ် အပြည့်အဝ လိုက်နာကျင့်သုံးပြီးသား ဖြစ်သွားပါလိမ့်မယ်။

လူဝတ်ကြောင် ပုဂ္ဂိုလ်တွေအနေနဲ့ ကာမဂုဏ်အပျော်တွေကို အကန့်အသတ် ထားနိုင်ရမယ်ဆိုတာနဲ့ ပတ်သက်လို့ အမေရိကားကိုရောက်မှ ဦးဇင်းတွေ့ရတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ဥပမာလေး ပေးခဲ့ချင်ပါတယ်။

ဥပမာလေးနဲ့ကပ်ပြီးမှတ်ထားရင် မှတ်လို့လည်း လွယ်၊ ကျင့်လို့လည်း လွယ်တာပေါ့။

ဦးဇင်းတို့ ဘောလ်တီမိုးမှာနေတဲ့ ရက်တွေ ညနေဘက်လမ်းလျှောက်ထွက်တဲ့အခါ လမ်းဘေးဝဲယာမှာ ခြံကျယ်ကြီးတွေ ရှိတာပေါ့။ ဦးဇင်းတို့ နေတဲ့နေရာက ဆိတ်ငြိမ်ရပ်ကွက်တောကြီးချက်မည်းထဲမှာပါ။ တောကြီးထဲမှာ နယ်နိမိတ်သတ်မှတ်ပြီးတော့ ခြံတွေလုပ်ထားကြတာ။

တောဆိုတာ ကျေးလက်ကိုပြောတဲ့ တောမဟုတ်ဘူးနော်၊ တောအုပ်ကို ပြောတဲ့တော၊ တကယ့်တော၊ သစ်ပင်အမြင့်ကြီးတွေ အုပ်ဆိုင်းညို့မှိုင်းနေတဲ့ တကယ့်တော။ တောကြီးမျက်မည်းထဲမှာ သွားပြီး အိမ်ဆောက်နေကြတဲ့သဘောပဲ။ တောထဲပေမယ့် လမ်းတွေကတော့ အရမ်းကောင်းပါတယ်။

အဲဒါ ညနေဘက် တောလမ်း တောင်လမ်းအတိုင်း လမ်းလျှောက်ထွက်ကြပြီဆိုရင် ခြံကျယ်ကြီးတွေရှေ့ ဖြတ်ရတာပေါ့။ ခြံတွေဆိုပေမယ့် ဝင်းလုံးဝခတ်မထားပါဘူး။ အုတ်တံတိုင်းခတ်ထားတာတို့၊ သံပန်းတွေနဲ့ ခြံစည်းရိုးကာထားတာတို့ လုံးဝမရှိပါဘူး။ ခြံစည်းရိုးမကာဘဲ ဒီအတိုင်း ဟင်းလင်းပြင်ပဲ ထားတာပါ။

ခြံစည်းရိုး လုံးဝမခတ်တော့ သစ်ပင်တွေ၊ မြက်ခင်းပြင်တွေက တစ်မျှော်တစ်ခေါ်ကြီးနဲ့ မြင်ကွင်းကျယ်ကြီး ဖြစ်နေတာပေါ့။ လွတ်လပ်မှုနဲ့ အရသာကို အပြည့်အဝခံစားရတယ်။ သူခိုး ခိုးမှာလည်း လုံးဝမကြောက်ရပါဘူး။

ခြံတွေရှေ့ဖြတ်ပြီး လမ်းလျှောက်ရပေမယ့် တောထဲတောင်ထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေရသလိုပဲ၊ ဦးဇင်းလမ်းလျှောက်တိုင်းတော့ ခမည်းတော်ကြီး ပါတာပေါ့၊ တစ်ခါတစ်ရံ ဒကာကြီး ဦးမင်းသိန်းသောင်းနဲ့ ဒကာမကြီး ဒေါ်ခင်နွယ်ဝင်းတို့လည်း ပါပါတယ်။ (အီးဒင်-တန်မှာဆိုရင်တော့ နေ့တိုင်း လေးယောက်လုံး အတူလျှောက်ကြတာပါ။)

တချို့ခြံတွေရှေ့ရောက်ရင် ခွေးအကြီးကြီးတွေ တွေ့ရတယ်။ တချို့ခွေးတွေက တော်တော့်ကိုကြီးတယ်။ အမြင့်ကြီးတွေ။ ခွေးကလည်း အကောင်အရမ်းကြီး၊ ဟောင်ကလည်း အရမ်းဟောင်၊ ခြံစည်းရိုး လုံးဝခတ်မထားတော့ ခွေးနဲ့ ကိုယ်နဲ့ကြားမှာလည်း ဘာအတားအဆီးမှ မရှိဆိုတော့ ကြောက်တာပေါ့။

သူတို့ကလည်း တကယ်ထွက်ကိုက်တော့မယ့်ပုံနဲ့ ပြေးပြေးပြီး ဟောင်နေကြတာလေ။ သူ့ခြံထဲ မြက်ခင်းပြင်ပေါ်ကနေ ကိုယ်သွားရာလမ်းတစ်လျှောက် ပြေးပြေးလိုက်ပြီး ဟောင်နေတာ။ သူနဲ့ကိုယ်ကြား ခြံနယ်နိမိတ် မြက်ခင်းအစွန်းလေးပဲရှိတယ်။ ခွေးနဲ့ လူနဲ့ကြား တစ်ပေ နှစ်ပေလောက်ပဲခြားတယ်။

ထွက်ကိုက်တော့မယ်ထင်လို့ ကိုယ်ကရှောင်ပြီး ခပ်သုတ်သုတ်လျှောက်ပေမယ့် ခွေးက လမ်းပေါ် လုံးဝထွက်မလာဘူး။ မြက်ခင်းစပ်ကနေပဲ လမ်းပေါ် လှမ်းဟောင်နေတယ်။

"ဒီခွေး သဘောကောင်းလှချေလား၊ လန့်အောင်ခြောက်တဲ့သဘောနဲ့ ဟောင်ရုံပဲ ဟောင်တာပါလား"၊ "ဒီခွေး သတ္တိမရှိဘူး၊ ဟောင်ရုံပဲ ဟောင်တယ်၊ မကိုက်ဘူး" လို့ အောက်မေ့တယ်။ ဘယ်ဟုတ်ပါ့မလဲ၊ ခြံပတ်ပတ်လည် မြက်ခင်းအစပ်မှာ မြှုပ်ထားတဲ့ မြေအောက်ဓာတ်အားလိုင်းက လွှတ်တဲ့ လျှပ်စစ်ဓာတ်နဲ့ ခွေးရဲ့ လည်ပတ်မှာ တပ်ထားတဲ့ ဝါယာကြိုးနဲ့ ရှော့ဖြစ်ပြီး ခွေးဓာတ်လိုက်သွားလို့ မြက်ခင်းအပြင်ဘက် ထွက်မလာတာကိုး။

ဒီအမေရိကားမှာက နေရာအတော်များများ အိမ်ခြံစည်းရိုးတွေကို ဝင်းခတ်လေ့ မရှိပါဘူး။ လမ်းဘက်ဆိုရင် မြက်ခင်းနဲ့ပဲ ဆုံးထားတယ်။ တစ်ခြံနဲ့ တစ်ခြံကြားဆိုရင် မြက်ခင်းနဲ့ သို့မဟုတ် ပန်းပင်တန်းနဲ့ ဆုံးထားတယ်။

စည်းရိုးတွေ လုံးဝခတ်မထားတော့ ရှုပ်မနေဘဲ ရှင်းနေတာပေါ့။ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကြည့်ရ မြင်ရတဲ့ ရှုခင်းက မြင်ကွင်းကျယ်ဖြစ်နေတယ်။ အပိတ်အပင် အဆီးအတား မရှိတဲ့အတွက် သဘာဝနဲ့ တစ်သားတည်း ဖြစ်နေတာပေါ့။

ခြံစည်းရိုးခတ်မထားတဲ့အတွက် ကိုယ့်အိမ်ကခွေး ခြံအပြင်မထွက်အောင် ခြံပတ်ပတ်လည်မှာ ဗို့အား သိပ်မပြင်းတဲ့ ဓာတ်ကြိုးလိုင်းတွေ မြေထဲမြှုပ်ထားတယ်။ ခွေးရဲ့ လည်ပတ်မှာလည်း ခွေးရဲ့အသားနဲ့ ထိထားတဲ့ ပစ္စည်းလေးတစ်ခုမှာ ဝါယာကြိုးစ ...ထားတယ်။

အဲဒီခွေး အဲဒီဓာတ်ကြိုးလိုင်းနေရာ ရောက်တာနဲ့ ဓာတ်လိုက်သွားတယ်။ တစ်ကိုယ်လုံး ကျဉ်ခနဲ ဖြစ်သွားတယ်။ ဓာတ်ကြိုးလိုင်းပေါ်ဖြတ်မှ မဟုတ်ဘူး၊ ဓာတ်ကြိုးလိုင်းနဲ့ လေးငါးပေလောက်အကွာ ရောက်ကတည်းက ဓာတ်လိုက်တာ။ အဲဒီတော့ အဲဒီခွေး ခြံအပြင်ထွက်လို့ မရတော့ဘူးပေါ့။

လမ်းပေါ်ကလူ သူဘယ်လိုပဲကြည့်မရ မရ ထွက်ကိုက်လို့ မရတော့ဘူး။ လမ်းပေါ်ကလူ သူ့ကို စနောက် ပြောင်ပြနေလည်း ထွက်ကိုက်လို့ မရတော့ဘူး။ အထဲကနေ ဟောင်ရုံပဲ ဟောင်နေရတော့တယ်။ ကြားမှာ ဘာအကာအရံမှမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပေါင်ရှုံပေါင်နေရတာ အသည်းတော့ယားစရာကြီးပဲ နော်။ ဦးဇင်းတောင် တစ်ခါက်တော့ အရမ်းပေါင်နေတဲ့ ခွေးကြီးကို လမ်းပေါ်ကနေ မျက်နှာအမူအရာ၊ လက်အမူအရာနဲ့ စနောက်ပြီး ပြောင်ပြလိုက်သေးတယ်။ ဝင့်လိုက်မှာကြောက်လို့ နောက်တော့ မစတော့ပါဘူး။ တော့တာပဲလုပ်ပြပြီး မေတ္တာပို့လိုက်ပါတယ်။ ဦးဇင်းကတော့ ပေါင်တဲ့ခွေးတိုင်းကို တာတော့လုပ်ပြလိုက်တာပဲ။

လည်ပတ်မှာ ဝါယာကြိုးတပ်မထားတဲ့ခွေးကတော့ ခာတ်မလိုက်ပါဘူး။ လူတွေ ဖြတ်သန်းသွားလာလည်း ခာတ်မလိုက်ပါဘူး။

ခာတ်လိုက်တတ်တဲ့ လည်ပတ်လေး တပ်ထားလို့ စည်းအပြင် မထွက်ဖြစ်တော့တဲ့၊ မြင်မြင်သမျှ ထွက်မကိုက်ဖြစ်တော့တဲ့ ခွေးတွေကို နမူနာထားပြီး ပြောချင်တာက တရားနာမရိသတ်များလည်း 'သတိဆိုတဲ့ လည်ပတ်လေး' တပ်ထားပါလို့။

အောင်မယ်. . . ပြုံးစိပြုံးစိ ဖြစ်ကုန်ကြပြီ။ ရယ်တဲ့သူက ရယ်ကုန်ကြပြီ။ ပြုံးဖို့ ရယ်ဖို့ ပြောတာ မဟုတ်ပါဘူး။ တကယ့်ကို လေးလေးနက်နက် နှလုံးသွင်းပြီး ကျင့်သုံးဖို့ပြောတာပါ။ သတိလည်ပတ် တပ်ထားပါ ပြောလိုက်လို့ တို့ကို ခွေးနဲ့နှိုင်းတယ်ဆိုပြီး မနာလိုက်ပါနဲ့။

ကာမဂုဏ်ကို အမဲရိုးနဲ့နှိုင်းပြီး မြတ်စွာဘုရား ဟောထားမှတော့ ကာမဂုဏ်ခံစားသူတွေဟာ အမဲရိုးကိုက်တဲ့သူတွေပဲပေါ့။ အမဲရိုးကိုက်တဲ့ခွေးနဲ့ တူသူတွေပဲပေါ့။ ခွေးလို့ ပြောတာ မဟုတ်ပါဘူး။ ခွေးနဲ့တူတယ်လို့ ဥပမာပေးတာပါ။ ဒါမှလည်း သံဝေဂဉာဏ် ဖြစ်တော့မှာပေါ့နော်။

ကာမဂုဏ်ချမ်းသာကို မစွန့်နိုင်ကြသေးလို့၊ စွန့်ဖို့ အခြေအနေ မပေးသေးလို့ ကာမဂုဏ်ချမ်းသာ ခံစားနေကြတဲ့သူတွေ အနေနဲ့ စိတ်လည်ပင်းမှာ သတိဆိုတဲ့ လည်ပတ်လေး တပ်ထားရပါမယ်။ ကာမဂုဏ်မြက်ခင်းပြင်ထဲမှာလည်း 'ဉာဏ်ဆိုတဲ့ ခာတ်ကြိုးလိုင်းလေး' တည့်မြှုပ်ထားရပါမယ်။ လည်ပတ်က သတိနဲ့၊ ခာတ်ကြိုးက ဉာဏ်နဲ့ ထိတွေ့မိလို့ ခာတ်လိုက်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် စည်းလွတ် ဘောင်လွတ် ကာမဂုဏ်ခံစားမှုတွေ၊ လိုင်းကျော် နယ်ကျော် ကာမဂုဏ်ခံစားမှုတွေ လုံးဝကင်းရှင်းသွားပါလိမ့်မယ်။

ဘယ်ကာမဂုဏ်ကတော့ဖြင့် လုံးဝ မခံစားသင့်ဘူး၊ လုံးဝ စွန့်လွှတ်ရမယ်၊ လုံးဝ စွန့်လွှတ်နိုင်တယ်၊ ဘယ်ကာမဂုဏ်ကတော့ဖြင့် သူ့အချိန်နဲ့သူ ခံစားသင့်တယ်။ လုံးဝ စွန့်လွှတ်လို့ မဖြစ်သေးဘူး၊ လုံးဝ မစွန့်လွှတ်နိုင်သေးဘူးလို့ သိတဲ့ အသိဉာဏ်ဟာ ကာမဂုဏ်မြက်ခင်းပြင်ထဲမှာ ထည့်သွင်းမြှုပ်နှံထားရမယ့် ခာတ်ကြိုးလိုင်းပါပဲ။

အခြေအနေ အချိန်အခါ အားလျော်စွာ ခံစားသင့်တဲ့ ကာမဂုဏ်၊ မခံစားသင့်တဲ့ ကာမဂုဏ်ဆိုတာကို ဉာဏ်နဲ့ ပိုင်းခြားနားလည်ရပါမယ်။ ကိုယ့်အသက်အရွယ်၊ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်ဘဝအဆင့်အတန်း၊ ကိုယ့်ကျန်းမာရေး၊ ကိုယ့်တရားအသိဉာဏ်၊ ကိုယ့်တရားအလုပ် စတဲ့ ကိုယ့်ဘဝအနေအထားနဲ့ လိုက်လျောညီထွေစွာ ကာမဂုဏ်အမျိုးအစားတွေကို 'ဒါ ခံစားသင့်တယ်၊ ဒါ မခံစားသင့်ဘူး၊ ဒီအချိန် ခံစားသင့်တယ်၊ ဒီအချိန် မခံစားသင့်ဘူး၊ ဒီလောက် ခံစားသင့်တယ်၊ ဒီလောက် မခံစားသင့်ဘူး' လို့ ခွဲခြားနားလည်နိုင်တဲ့ အသိဉာဏ်မျိုး သူတော်ကောင်းတိုင်းမှာ ရှိကို ရှိရပါမယ်။

ဥပမာ - ရိပ်သာမှာ တရားစခန်းဝင်နေတဲ့အချိန် ကိုယ့်ကိုလာတွေ့တဲ့ သားသမီးကို ပွေ့ချီပြီး ဖက်ရမ်းနမ်းရှုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ့်အိမ်မှာ ကိုယ့်သားသမီး ကိုယ်နမ်းတာ ကာမဂုဏ်ခံစားတာ မဟုတ်ပေမယ့် ရိပ်သာမှာ ယောဂီအဖြစ် တရားအားထုတ်နေတုန်း ကိုယ့်သားသမီး ကိုယ်နမ်းတာကျတော့ ကာမဂုဏ်ခံစားတယ်လို့ပဲ ခေါ်ပါတယ်။ ကိလေသာလို့ နှလုံးသွင်းပြီး (ကာမစ္ဆန္ဒနီဝရဏလို့ နှလုံးသွင်းပြီး) ရှုမှတ်ရပါမယ်။ ပယ်သတ်ရပါမယ်။ ရှောင်ကြဉ်ရပါမယ်။ ဒါ ဉာဏ်ဆိုတဲ့ ခာတ်ကြိုးလိုင်းပါပဲ။

ကာမဂုဏ်ချမ်းသာရဲ့ အပြစ်ကို မြင်တဲ့အသိဉာဏ်ဟာလည်း ကိုယ့်ကို ကိလေသာ အစွန်းမထွက်အောင်၊ ကိလေသာ နယ်မကျော်အောင် တားဆီးပေးမယ့် ခာတ်ကြိုးလိုင်းပါပဲ။ ကာမဂုဏ်ချမ်းသာဆိုတာ သာယာမှုက နည်းနည်း၊ ဆင်းရဲပင်ပန်းမှုက များများပါ။ သာယာရမှုနဲ့ လုံးဝမတန်လောက်အောင်ကို ဆင်းရဲပင်ပန်းပါတယ်။ သာယာမှုကသဲမှုန်လောက်၊ ဆင်းရဲပင်ပန်းမှုက ဧရာမကျောက်တောင်ကြီးလောက် ရှိပါတယ်။

မဖြစ်စလောက် သာယာမှုလေးကိုပဲ အကြီးအကျယ်အပြင်းစားချမ်းသာအဖြစ် ခံစားလို့မဝနိုင်အောင် စွဲလမ်းနေမယ်ဆိုရင်လည်း အဲဒီစွဲလမ်းမှုကပဲ အပါယ်လေးပါးကို ဆွဲချဦးမှာပါ။ ကိုယ်တပ်မက်တဲ့ ကာမဂုဏ်ချမ်းသာကို မတော်မတရားတဲ့နည်း၊ မမှန်ကန်တဲ့နည်းတွေနဲ့ ရှာဖွေမယ်၊ ကာမဂုဏ်ချမ်းသာကို အလွန်အကျွံ ခံစားမယ်၊ ကာမဂုဏ် ဖောက်ပြန်မယ် ဆိုရင်လည်း အပါယ်ငရဲကို ဆင်းရဦးမှာပါပဲ။

အဲဒီလိုအားဖြင့် ကာမဂုဏ်ချမ်းသာရဲ့ အကုသိုလ်နဲ့မကင်းနိုင်ပုံ၊ အကုသိုလ်ကင်းတောင်မှ သာယာမှု မဖြစ်စလောက်လေးအတွက် အဓိပ္ပာယ် မရှိတဲ့ အလုပ်တွေကို အဆင်းရဲ အပင်ပန်းခံပြီး လုပ်နေရပုံတွေကို သိမြင်တဲ့ ဉာဏ်ခာတ်ကြိုးလိုင်းလေးလည်း ကာမဂုဏ်မြက်ခင်းပြင်ထဲမှာ ထည့်မြှုပ်ထားပါ။

ဉာဏ်ခာတ်ကြိုးလိုင်း မြှုပ်ထားရုံနဲ့လည်း မပြီးသေးဘူး။ ကိုယ့်စိတ်လည်ပင်းမှာလည်း သတိလည်ပတ် တပ်ထားဦးမှ၊ ဒါမှ စည်းမကျော်မှာ၊ နယ်မကျော်မှာလေ။ ဉာဏ်သာရှိပြီး သတိမရှိရင်လည်း မခံစားသင့်တဲ့ ကာမဂုဏ်တွေကို ရှောင်





www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဖြစ်မှာ မဟုတ်ပါဘူး။ ခံစားသင့်တာ၊ မခံစားသင့်တာ ခွဲးစားမနေဘဲ ကြုံရင်ကြုံသလို ခံစားဖြစ်နေမှာပါပဲ။ သိပ်မဆုံးတဲ့ ကာမဂုဏ်တွေနဲ့လည်း အချိန်တွေ အလကားကုန်နေမှာပါပဲ။

ကာမဂုဏ်ချမ်းသာနဲ့ ပတ်သက်လို့ ကိုယ်သိထားတဲ့ အသိဉာဏ်က သတိရှိမှ အသုံးကျတာပါ။ ဘယ်လောက်ပဲ သိထားထား သတိမရှိရင်၊ သတိဝင်မလာရင် အဲဒီအသိက ဘာမှသုံးလို့ မရပါဘူး။ ကိုယ်သိထားတဲ့ အသိတွေ အသုံးဝင်ဖို့အတွက် သတိ အမြဲရှိနေရပါမယ်။

သတိအမြဲရှိလာလေ၊ အသိတွေကလည်း ပိုမိုခိုင်မာလာလေ၊ ပိုလေးနက်လာလေ ဖြစ်လာပါလိမ့်မယ်။ အသိရှိလို့ သတိရှိ၊ သတိမြဲလို့ အသိမြဲလာပြီဆိုရင် အပိုကာမဂုဏ်တွေကို စွန့်လွှတ်နိုင်သွားပါလိမ့်မယ်။ အသိအား၊ သတိအား အရမ်းကောင်းသွားပြီး အထွတ်အထိပ် ရောက်သွားပြီဆိုရင်တော့ အပိုကာမဂုဏ်တွေတင် မဟုတ်တော့ပါဘူး။ အလိုကာမဂုဏ်တွေ၊ လူအများစုအနေနဲ့ မရှိမဖြစ် လိုအပ်တယ်လို့ သတ်မှတ်ထားတဲ့ ကာမဂုဏ်တွေကိုပါ လုံးဝစွန့်လွှတ်နိုင်သွားပါလိမ့်မယ်။

သတိရှိတဲ့သူက ဘယ်ကာမဂုဏ်ပဲတွေ့တွေ့၊ သူသိထားတဲ့ အသိဉာဏ်နဲ့ အရင်သုံးသပ်ပါတယ်။ သတိသာ အမြဲရှိနေမယ်ဆိုရင် ကာမဂုဏ်အာရုံတစ်ခု တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် သတိက ဉာဏ်ကို ချက်ချင်းလှမ်းခေါ် လိုက်ပါတယ်။ သတိလည်ပတ်နဲ့ ဉာဏ်ဓာတ်ကြိုးနဲ့ ဓာတ်လိုက်တာပေါ့နော်။

"ဒီကာမဂုဏ်က မင်းခံစားရမယ့် ကာမဂုဏ် မဟုတ်ဘူး"

"မင်းဂုဏ်သိက္ခာနဲ့ ဒီကာမဂုဏ် ခံစားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒီကာမဂုဏ်က မင်းကျန်းမာရေးနဲ့ တည့်မှ မတည့်တာ မခံစားနဲ့လေ"

"မင်း ဒီလောကီတရားတွေ သိနေတာပဲ၊ ဒါတွေလွှာတော့ပေါ့"

"မင်းပဲ ဒီလောကီတရားစကားတွေ ပြောနေပြီးတော့ ဒီလိုလုပ်လို့ သင့်တော်ပါ့မလား"

အဲဒီလို စသည်အားဖြင့် ဘယ်ကာမဂုဏ်အာရုံနဲ့ပဲ တွေ့တွေ့ သတိဝင်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ဉာဏ်ရဲ့ အကူအညီကိုရပြီး မခံစားသင့်တဲ့ ကာမဂုဏ်တွေကို လုံးဝ ရှောင်ကြဉ်နိုင်သွားပါတယ်။ တွေ့ရှာရာ အာရုံတွေအပေါ်မှာ ကိလေသာ မဖြစ်တော့ပါဘူး။

သံဝေဂဉာဏ် သိပ်ရင့်သန်နေတယ် ဆိုရင်တော့ ကိလေသာ အရမ်းကိုပါးနေတဲ့အတွက် ဘယ်ကာမဂုဏ်အာရုံမှ ခံစားချင်စရာလို့ မထင်တော့ပါဘူး။ ကိုယ့်ဉာဏ်ဓာတ်ကြိုးက ဝိပဿနာဉာဏ်၊ ကိုယ့်သတိလည်ပတ်က ဝိပဿနာ သတိအဆင့်အထိ ရှိနေပြီဆိုရင်တော့ တွေ့သမျှ ကာမဂုဏ်အာရုံကို ရုပ်နာမ်ဖြစ်ပျက်အနေနဲ့ပဲ မြင်တော့တဲ့အတွက် ခံစားစရာလို့လည်း မထင်၊ ကိလေသာလည်း လုံးဝမဖြစ်တော့ဘဲ ဘယ်အာရုံနဲ့ဆုံဆုံ စိတ်အေးချမ်းနေတော့မှာပါပဲ။

ဒါကြောင့် 'ကာမဂုဏ်နဲ့ ပျော်သူတွေရဲ့ကြားမှာ ကာမဂုဏ်နဲ့ မပျော်ပါနဲ့' ဆိုတဲ့ အဆုံးအမကို အချိန်တော်တော်များများ လိုက်နာနိုင်ဖို့၊ အဆင့်မြင့်မြင့် လိုက်နာနိုင်ဖို့၊ အပြည့်အဝနီးပါး လိုက်နာနိုင်ဖို့၊ အပြည့်အဝ လိုက်နာနိုင်ဖို့အတွက် ကိုယ့်စိတ်မှာ သတိလည်ပတ်လေး မြဲမြဲတပ်ထားပါ။ ကိုယ့်စိတ်နဲ့ ကြုံဆုံလာသမျှ အာရုံတိုင်းမှာလည်း ဉာဏ်ဓာတ်ကြိုးလိုင်းလေး ချထားပါလို့။

မြင့်သူတွေရဲ့ကြားမှာ နိမ့်မယ်ဆိုရင်၊ နိမ့်သူတွေကြားမှာ မြင့်မယ်ဆိုရင်၊ မနေသူတွေရဲ့ကြားမှာ နေမယ်ဆိုရင်၊ ပျော်သူတွေရဲ့ကြားမှာ မပျော်ဘူးဆိုရင် စိတ်ဓာတ်ထူး၊ လုပ်ရပ်ထူးတဲ့ ပုဂ္ဂိုလ်တွေ၊ အတွေးအကြံထူး၊ အပြောအဆိုထူး၊ အပြုအမူထူးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

စိတ်ဓာတ်နဲ့ လုပ်ရပ်ထူးမှတော့ ဘဝအဆင့်အထိ ထူးပါပြီ။ အတွေးအကြံ၊ အပြောအဆိုနဲ့ အပြုအမူထူးမှတော့ ဘဝအခြေအနေ ထူးပါပြီ။ အကြောင်းတရား ထူးမှတော့ အကျိုးတရား ထူးပါပြီ။ ကိုယ်ရည်ကိုယ်သွေး ထူးမှတော့ လူထူးပါပြီ။ 'ထူးမှထူး' ဆိုတဲ့အတိုင်း ထူးမှတော့ ထူးပြီပေါ့။

မြင့်သူတွေကြားမှာ နိမ့်ခြင်း၊ နိမ့်သူတွေကြားမှာ မြင့်ခြင်း၊ မနေသူတွေကြားမှာ နေခြင်း၊ ပျော်သူတွေကြားမှာ မပျော်ခြင်း ဆိုတဲ့ ထူးတဲ့အရည်အသွေး လေးမျိုး ထူးထူးကဲကဲ အထွတ်အထိပ်ရောက် ပြည့်စုံပြီဆိုရင်တော့ ထူးမှထူး၊ သိပ်ထူး၊ အရမ်းထူး၊ အလွန်တရာထူး၊ အင်မတန်ထူး၊ အချိုး အကျယ်ထူး၊ ရက်ရက်စက်စက်ထူး၊ ရှယ်ထူး ဆိုတဲ့ 'ထူးမှထူး' ပုဂ္ဂိုလ်တွေ ဖြစ်ကြပါလိမ့်မယ်။

တရားနာ ပရိသတ်များအားလုံး အရမ်းထူး၊ သိပ်ထူး၊ ရှယ်ထူးတဲ့ ထူးမှထူး ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'ထူးမှထူး' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။ အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာ ဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်ငှ ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

www.burmeseclassic.com


ကုန်းဘောင်ခေတ် ပန်းပု အနုပညာလက်ရာများ စုဝေးရာ

# ရွှေနန်းတော် ကျောင်းမဟာ


တက္ကသိုလ်ဓမ္မာ




ရွှေကျောင်းတော်ကြီးအား အဝေးမှ မြင်တွေ့ရပုံ



ရွှေကျောင်းတော်ကြီးအား ဘေးတိုက်တွေ့ရပုံ



ရွှေကျောင်းတော်ကြီးအား အရှေ့ဘက်မှ တက်ရောက်ရန်တွေ့ရပုံ



ရွှေကျောင်းတော်ကြီးအား အနီးကပ်တွေ့ရပုံ

မန္တလေးမြို့သို့ မမျှော်လင့်ဘဲ ခရီးထွက်ရန်ကိစ္စ ပေါ်လာသည်။ ရန်ကုန်၌ အလုပ်ကိစ္စများရှိနေ၍ မန္တလေး၌ ကြာကြာမနေနိုင်ပေ။ မနက်ရောက်ပြီးနောက် ညနေအပြန် ဘတ်စ်ကားနှင့် ပြန်ရန်ဖြစ်သည်။ မနက်ရောက်ရောက်ချင်း စာရေးသူအနေနှင့် ပြုလုပ်နေကျ မဟာမြတ်မုနိဘုရားကြီးအားဝင်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းကပ်လှူသော ကောင်းမှုကို ပြုလုပ်ပြီးမှ မိမိလုပ်စရာကိစ္စများကို လုပ်ဆောင်လေသည်။ မနက်ပိုင်းစောစောပင် လုပ်စရာကိစ္စများ ပြီးစီးလေသည်။

အလုပ်ကိစ္စများ ပြီးမြောက်ပြီးနောက် စာရေးသူအား လပြည့်ဝန်း အယ်ဒီတာချုပ် ဆရာညဏ်ပွင့်က မန္တလေးမြို့ရှိ ရွှေကျောင်းတော်နှင့် အတုမရှိကျောင်းတော်အကြောင်း ဆောင်းပါးရေးပေးရန် လွှန်ခဲ့သော လေးလကျော် ငါးလခန့်က တိုက်တွန်းဖူးသည်ကို အမှတ်ရမိသည်။ ထိုစဉ်က စာရေးသူထံ၌ လွန်ခဲ့သော ခြောက်နှစ်ကျော်က ရိုက်ကူးထားသည့် ရွှေကျောင်းနှင့်အတုမရှိကျောင်း ဓာတ်ပုံများရှိသော်လည်း ထိုစဉ်က ဖလင်အသုံးပြုရသော ကင်မရာဖြင့် ရိုက်ကူးခဲ့ရသော ဓာတ်ပုံများဖြစ်၍ ပြည့်ပြည့်စုံစုံ မရိုက်နိုင်ဘဲ နေရာတချို့ကိုသာ မှတ်တမ်းပြု ရိုက်နိုင်ခဲ့သည်။

ခြောက်နှစ်ဟူသော အချိန်ကာလသည် ယခုခေတ်အခါ၌ အပြောင်းအလဲများစွာ ဖြစ်နိုင်သောကာလဖြစ်၍ ထိုစဉ်အခြေအနေနှင့် ယခုအခြေအနေ များစွာကွာခြားနိုင်လေသည်။ စာရေးသူသည် ဓာတ်ပုံမှတ်တမ်းများကို ကိုယ်တိုင်ရိုက်ယူပြီး ခေတ်နှင့်တစ်ပြေးညီ ဖော်ပြ၍ ဆောင်းပါးရေးတတ်သူ ဖြစ်သည်။

ဆရာညဏ်ပွင့် တောင်းဆို၍ ရွှေကျောင်းတော်၊ အတုမရှိ ကျောင်းတော်နှင့်ပတ်သက်၍ ရေးသားရန် အချက်အလက်များ၊ သမိုင်းကြောင်းများ အပြည့်အစုံ ရှိရုံသာမက ထိုကျောင်းတော်များသို့လည်း အကြိမ်ပေါင်းများစွာ ရောက်ဖူး၍ ဆောင်းပါးရေးရန် အခက်အခဲမရှိလှပေ။

www.burmeseclassic.com


သို့သော်လည်း ဓာတ်ပုံမှတ်တမ်းများကို ဖော်ပြရာ၌ လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလက ပုံများကို မသုံးချင်တော့ပေ။ up to date ဖြစ်ရန် လောလောလတ်လတ် ရိုက်သောပုံများကိုသာ သုံးလိုသည်။ ထို့ကြောင့် သားငယ်ဝေမျိုးသက်၏ မိတ်ဆွေသူငယ်ချင်း မန္တလေးသူထံ အကူအညီတောင်း၍ ရွှေကျောင်းနှင့် အတုမရှိကျောင်း ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်၍ ပို့ပေးရန် အကူအညီတောင်းခဲ့ရသည်။

သားငယ်သူငယ်ချင်းကလည်း အလျင်အမြန် ဓာတ်ပုံများကို စာရေးသူလိုချင်သည့် ပုံစံအတိုင်း ရိုက်ယူပြီးပို့ပေးခဲ့သည်။ ရွှေကျောင်း၊ အတုမရှိကျောင်းအပြင် လောကမာရဇိန် ကုသိုလ်တော်ဘုရား စေတီတော်များ၏ ပုံများပင်ပါဝင်လေသည်။ ရွှေကျောင်းနှင့် အတုမရှိကျောင်းတော်ပုံများက စာရေးသူ ညွှန်ကြားထားသော ပုံများထက် စုံလင်လှသည်။


ခြောက်နှစ်ကာလသည် ယခုခေတ်ကာလအရအလျင်အမြန် တိုးတက်ပြောင်းလဲနေသော ကာလပင်ဖြစ်သည်။ ရွှေကျောင်းတော်ကြီး၏ ပြင်ပသဏ္ဌာန် မပြောင်းလဲသလို ကျောင်းတော်ရှိ သစ်သားပန်းပုလက်ရာများလည်း မပြောင်းလဲခဲ့ပေ။ ကျောင်းတော်အတွင်း အပြင်အဆင်များကား ပြောင်းလဲခဲ့ပေသည်။ လွန်ခဲ့သော ခြောက်နှစ်ကာလ အနေအထားကို စာရေးသူအနေနှင့် သေချာဂန မမှတ်မိသော်လည်း ဓာတ်ပုံအရ တွေ့မြင်နေရသော အနေအထားများနှင့်အား မတူညီတော့ဟု စာရေးသူ မှတ်ထင်မိခဲ့သည်။ အတုမရှိကျောင်းတော်ကြီးက သာ၍ပင် ပြောင်းလဲနေပေတော့သည်။ စာရေးသူ ယခင်ရောက်ရှိစဉ်က ကျောင်းတော်ကြီး ပြန်လည်တည်ဆောက်ထားခြင်း မရှိဟု ထင်မိသည်။ ယခု ဓာတ်ပုံများ၌ မြင်တွေ့ရသော အခြေအနေနှင့်ကား လုံးဝ ကွာခြားနေပေသည်။ ထို့ကြောင့် မန္တလေးမှ ဓာတ်ပုံရိုက်ယူ၍ ပို့ပေးလိုက်သော ဗီစီဒီအခွေကို ဓာတ်ပုံများကူးပြီးနောက် စာရေးသူ ဆောင်းပါးရေးသားရန် ကြံရွယ်မှု အစီအစဉ်သည် လက်တွေ့၌ မဖြစ်နိုင်တော့ပေ။ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုမှသော်လည်းကောင်း၊ ရိုက်ကူးပေးပို့လိုက်သော ပုံများနှင့် တိုက်ဆိုင်ကြည့်ရှုပြီးမှသော်လည်း လိုအပ်သောပုံများကို ထပ်မံ ဓာတ်ပုံမှတ်တမ်း ရိုက်ယူရန်သော်လည်းကောင်း တွေးမိသောကြောင့် ရွှေကျောင်းနှင့် အတုမရှိကျောင်းတော်တို့အကြောင်း ဆောင်းပါးရေးသားမှု အစီအစဉ်ကို အကောင်အထည် မဖော်နိုင်ဘဲ ရပ်ဆိုင်းထားခဲ့သည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မန္တလေးသို့ သွားရောက်ရမည့် အလုပ်ကိစ္စ ပေါ်လာသောအခါ စာရေးသူသည် ဤအလုပ်ကိစ္စလည်းလုပ်ရင်း ရွှေကျောင်းတော်နှင့် အတုမရှိကျောင်းတော်တို့ကိုလည်း မျက်မှောက်အခြေအနေအတိုင်း သွားရောက်လေ့လာရန် အကြံဖြင့် မန္တလေးခရီးကို ထွက်ခဲ့ခြင်းဖြစ်ပေသည်။


*



ရွှေကျောင်းတော်အတက် သရက်ကင်းအုတ်လှေကားကြီး




ရွှေကျောင်းတော်ဘေးပတ်လည်၌ ကာရံထားသော သစ်သားပေါ်၌ ထုလုပ်ထားသော အနုစိတ်ပန်းပုလက်ရာများ




ပန်းခက် ပန်းနွယ် ရုပ်စုံများ ထုလုပ်ထားသော ရွှေကျောင်းတော်ရှေ့မျက်နှာဘေး မြင်ကွင်း

www.burmeseclassic.com



ရွှေနန်းတော်ကျောင်း တံခါးရွက်နှင့် ဘောင်တို့၌ ထွင်းထုထားသော လက်ရာ



လူရုပ်၊ ဇော်ဂျီရုပ်၊ နတ်ရုပ်များ ထွင်းထုထားသည့် တံခါးရွက်

မန္တလေးမြို့တွင်း၌ လုပ်စရာ အလုပ်ကိစ္စများကို လုပ်ဆောင်ပြီးနောက် မိတ်ဆွေကုန်သည်က မနက်စာကို မန္တလေးရှိ တရုတ်ဆိုင်၌ ဧည့်ခံကျွေးမွေးလေသည်။ မနက်စာ စားပြီးနောက် စာရေးသူသွားလိုသည့် ရွှေကျောင်းသို့ သူ၏ကိုယ်ပိုင် SURF ကားဖြင့် ပို့ဆောင်ပေးလေသည်။ မန္တလေးမြို့သည် မော်တော်ဆိုင်ကယ်မြို့တော်ဟု ခေါ်ဆိုလျှင် မှားမည်မဟုတ်ပေ။ တောင်၊ မြောက်၊ အရှေ့၊ အနောက် သွားလာနေသော မော်တော်ဆိုင်ကယ်များကို ကြည့်ရင်း စာရေးသူ မော်တော်ကား မောင်းနေကြသူများကို ချီးကျူးမိသည်။

မန္တလေးမြို့တော်သည် ကားအသစ်များ မှာယူတင်သွင်းခွင့် ပြုပြီးနောက် မော်ဒယ်မြင့် ကားပေါင်းစုံကိုလည်း အများအပြား တွေ့နေရသည်။ လွန်ခဲ့သော ဆယ်နှစ်ကာလက မန္တလေးမြို့တော်တွင် ဆန်နီပစ်ကပ် ကားများကိုသာ အများဆုံးတွေ့နေရသလို ဂျစ်ကားများလည်း တွေ့နေရသည်။ ယခုအခါ ထိုကားများကို မတွေ့ရတော့ပေ။ ထိုကားများနေရာ၌ PARJERO, SURF ကားများနှင့် မော်ဒယ်မြင့်ကားမျိုးစုံက အစားထိုးဝင်ရောက်လာခဲ့ပေသည်။

မန္တလေးမြို့၏ ထူးခြားချက်မှာ ရန်ကုန်လောက် ကားမကျပ်ခြင်းပင်ဖြစ်သည်။ မြို့တွင်းဈေးချိုပတ်လည်၊ တရုတ်တန်း၊ ဘူတာကြီး၊ ဘုရားကြီးအနီးတို့၌ ကားအနည်းငယ်ကျပ်တတ်သည်ကို သတိထားမိသည်။ ရန်ကုန်မြို့ ဘုရင့်နောင်တံတားနေရာ၊ ရွှေဂုံတိုင်တံတားနေရာ၊ မြို့တွင်းအနော်ရထာလမ်းတို့ကို မိနစ် ၃၀၊ ၄၅ မိနစ်လောက် ကြာအောင် မော်တော်ယာဉ်ကို ရပ်နားစောင့်ဆိုင်းရခြင်းတော့ မရှိဟုထင်သည်။ စာရေးသူတို့ ရွှေကျောင်းတော်သို့ ပထမ ဝင်ရောက်သည်။ ရွှေကျောင်းတော်အဝင် ဂိတ်ဝ၌ ဗီနိုင်းပိုစတာဖြင့် လူကြီး ၂၀၀ ကျပ်၊ ကလေး ၁၀၀ ကျပ် ဝင်ကြေးသတ်မှတ်ပေးဆောင်ရန် နှိုးဆော်ရေးသားထားသည်ကို တွေ့ရသည်။ စာရေးသူ လွန်ခဲ့သော ခြောက်နှစ်ကျော် ခုနစ်နှစ်ကာလက နောက်ဆုံးရောက်ရှိစဉ်က ဝင်ကြေးပေး၍ ဝင်ရခြင်း ရှိ၊ မရှိကိုတော့ မမှတ်မိတော့ပေ။

ထို့ထက် ထူးခြားမှုက ကျောင်းတော်အတွင်း ဝင်ရောက်မည့် အမျိုးသမီးအပေါင်းတို့၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကန့်သတ်တားမြစ်ချက် ဖြစ်သည်။ ထိုကန့်သတ်ချက်ကိုကား စာရေးသူ အထူးပင်နှစ်သက်လေသည်။ ဘုရားကျောင်းကန်ကို လာရောက်သော မြန်မာအမျိုးသမီးအပေါင်းသည် မြန်မာ့ယဉ်ကျေးမှုကို အထူးထိန်းသိမ်းရန် လိုအပ်လှပေသည်။ နိုင်ငံခြား တိုင်းတစ်ပါး၏ ယဉ်ကျေးမှုကို အတုယူ၍ စကတ်တိုတို ဂါဝန်တိုတို မလုံမလဲဝတ်၍ ဘုရားကျောင်းကန်သို့ လာရောက်ခြင်းသည် ဂါရဝတရား ကင်းမဲ့ရာ အလွန်ရောက်သည်ကို အမျိုးကောင်းသမီးတို့ မတွေးမိလေရော့သလားဟု ထင်မိသည်။




www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကျောင်းကြီးရှိ လက်ရာမြောက်လှသော သစ်သားတံကဲ ပြာသာဒ်



ဘော်ရုပ်များ ခြံရံ၍ ထုလုပ်ထားသော ပန်းပုလက်ရာများ

ရွှေကျောင်းတော်နေရာ ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်ပွဲ ...ရှိရာနေရာ မဟုတ်ပေ။ သမိုင်းဝင်နေရာ မြန်မာ့ယဉ် ...မှုလက်ရာများ ထွန်းကားရာနေရာတစ်ခု ဖြစ်ရုံသာမက ...နေရာသို့လည်း မြန်မာ့ယဉ်ကျေးမှု လက်ရာများကို ...သောလို၍ လာရောက်ကြသော နိုင်ငံအသီးသီးမှ ပညာ ...များ သုတေသီများ၊ ယဉ်ကျေးမှု အလေးထားသူများ ...ည့် နိုင်ငံခြား ခရီးသွားဧည့်သည်များ လာရောက်ရာ ...ဖြစ်ပေသည်။

ထိုနေရာသို့ ရောက်ရှိလာသော နိုင်ငံခြားသားဧည့် ...များ အနေနှင့် မြန်မာလက်မှုပညာ ယဉ်ကျေးမှု ထွန်း ...ရာ ရွှေကျောင်းတော်အတွင်း၌ မပေါ့တပေါ် မလုံမလဲ ...ဆင်ထားသော မြန်မာအမျိုးသမီးငယ်များကို တွေ့မြင်



ရွှေကျောင်းတော် ကမ္ဗည်းဆိုင်းဘုတ်



ရွှေကျောင်းတော် အဝင် ဝင်ကြေးကောက်ရာဝင်ပေါက်

ခဲ့သော ယနေ့ခေတ် မြန်မာလူမျိုးတို့အပေါ် အထင်သေးနိုင်သောကြောင့် ယခုကဲ့သို့ တားမြစ်ချက် ထုတ်ပြန်ထားခြင်း ဖြစ်ပေမည်ဟု တွေးတောရင်း ရွှေကျောင်းတော်အတွင်းသို့ ဝင်ကြေးငွေ ၂၀၀ ကျပ်ပေးဆောင်၍ ဝင်ရောက်ခဲ့လေသည်။

ရွှေကျောင်းတော်ကြီးကား ပန်းခက် ပန်းနွယ်၊ ပန်းပုလက်ရာတို့ဖြင့် သစ်စေးရောင် မည်းမှောင်လျက် ယခင်ကာလများနှင့်မခြား မားမားမတ်မတ် ပေါ်လွင်ထင်ရှားစွာ တွေ့ရလေသည်။ ရွှေကျောင်းတော်ကြီးသို့ တက်ရောက်ရန် သရက်ကင်း အုတ်လှေကား ငါးစင်းကို ကျောင်းတော်ကြီး၏ ဘေးပတ်လည်၌ တည်ထားသည်။

စာရေးသူသည် ကျောင်းတော်ကြီးပေါ်သို့ မတက်ရောက်သေးဘဲ ကျောင်းအောက်ခြေသို့ ဝင်ရောက်လေ့လာမိသည်။ ရွှေကျောင်းတော်ကြီးသည် အရှေ့အနောက် တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက် တိုင် ၁၀ လုံးတန်းဖြင့် တည်ဆောက်ထားရာ တိုင်လုံး စုစုပေါင်း ၁၅၀ ရှိကြောင်း တွေ့ရသည်။ ထိုတိုင်လုံး ၁၅၀ အနက် ၅၄ တိုင်မှာ နယားရုပ်ထောက်တိုင်များ ဖြစ်သည်။ တိုင်းများ၏အခြေ၌ အုတ်ဖိနပ်ခံ၍ တည်ထားသည်ကို တွေ့ရသည်။

စာရေးသူသည် ရွှေကျောင်းတော်ပေါ်သို့ မတက်ရောက်မီ ရွှေကျောင်းတော် ဘေးပတ်လည်တစ်လျှောက် လေ့လာမိသည်။ ရွှေကျောင်းတော်ကြီးသည် အမိုးသုံးဆင့် လယ်ပေါ်နှစ်ထပ် အမြင့်ပါသော ဇေတဝန်ဆောင် ဖြစ်သည်။ ရှေးရိုးအစဉ်အလာ ဘုန်းကြီးကျောင်းများနှင့် တည်ဆောက်ပုံ




www.burmeseclassic.com

www.burmeseclassic.com



ခြေကျော်တံခါးရွက်နှင့် လူရုပ်တုပန်းပု




ကုန်းဘောင်ခေတ် လက်ရာမြောက်လှသော သစ်ထွင်းပန်းပု

မတူဘဲ ခနုဆောင်ကို နေကျော်တည်ဆောက်ထားပြီး ကျောင်းဦးပြာသာဒ်နှင့်၊ ဘောဂဆောင်မပါသော ကျောင်းကြီးဖြစ်သည်။

ရွှေကျောင်းတော်ကြီး တစ်ခုလုံးတွင် မြန်မာမှု သစ်သားပန်းပု အခြေခံ ခြူးပန်း ခြူးနွယ် အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင်အရှေ့ပိုင်း ကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ် လက်ရာမြောက်စွာ အနုစိတ် ထုလုပ်တပ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

များလှစွာသော သစ်ထွင်းပန်းပုလက်ရာများအနက် စာရှုသူတို့ လေ့လာကြည့်ရှုနိုင်ရန် ဝေဿန္တရာဇာတ်၊ ဝိဓူရဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ တေမိယဇာတ်နှင့် မဟာပဒုမဇာတ် သစ်ထွင်းပန်းပုပုံများကို ဖော်ပြပေးလိုက်ပေသည်။

ထိုသစ်ထွင်းပန်းပုလက်ရာသည် အလွန်ပင် လက်ရာပြောင်မြောက်လှပေသည်။ လက်ရာအနုစိတ်ရုံသာမက ဇာတ်ကွက် ဇာတ်လမ်း၌ ပါဝင်သော ဇာတ်ကောင်များ၏ လှုပ်ရှားမှုမှာ ပေါ်လွင်လှသည်။ နတ်ရုပ်၊ သိကြားရုပ်များ၊ ပန်းနွယ်၊ ပန်းခက်များမှာ မြင်ရသူများအနေနှင့် မချီးကျူးဘဲ မနေနိုင်အောင်ပင် ဖြစ်သည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်စားမှု အရှိဆုံး ဖြစ်ရုံသာမက ဓာတ်ပုံမှတ်တမ်း



ရွှေရောင်ဝင်းနေသော အတွင်းတံခါးရွက် ပန်းပုရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျောင်းအောက်ခြေ သစ်သားတိုင်ကြီးများအား
အုတ်ဖိနှပ်ခံလျက် တွေ့ရပုံ



အရှင်နှစ်ပါးပုံ

ကိုလည်း အံများဆုံး အသေးစိတ် ရိုက်ကူးကြရာ ပန်းပုလက်ရာများ ဖြစ်သည်။

ရွှေကျောင်းတော်ကြီး အတွင်း၌ ကုန်းဘောင်ခေတ်၏ အနုပညာ လက်ရာများအဖြစ် သစ်သားဘုရားကျောင်းဆောင်များ၊ ကျမ်းစာအုပ်ထည့်ရာ ဗီရိုများကိုလည်း တွေ့ရသည်။ တချို့ကိုကား ရွှေပိန်းချထားပြီး တချို့ကိုကား သစ်သားသဘာဝအရောင်အတိုင်း တွေ့ရသည်။

ရွှေနန်းတော်ကျောင်းကြီးအတွင်း၌ ရွှေပိန်းချထားသော ကျွန်းသစ်လုံးတိုင်များမှာ ခံ့ညားလှသည်။ ပန်းပုရုပ်တွင်း တံခါးများ၊ နံရံများမှာလည်း ရွှေပိန်းချထားမှုကြောင့် ကျောင်းတော်ကြီးအတွင်းပိုင်း တစ်ခုလုံးသည် မျက်စိကျိန်းလောက်အောင်ပင် ရွှေရောင်တောက်ပနေသည်ကို တွေ့ရသည်၊ ရွှေနန်းတော်ကျောင်းကြီး တစ်ခုလုံးသည် ရှေးယခင်



ရွှေနန်းတော်ဆောင်ကြီး၌ နှစ်ပေါင်း (၂၀)
နေထိုင်တော်မူခဲ့သော မင်းတုန်းမင်းကြီး




သီပေါမင်းနှင့် စုဘုရားကြီး၊ စုဘုရားလတ်

ကာလက အတွင်းအပြင် တစ်ခုလုံး ရွှေပိန်းချထားပြီး ရွှေရောင်တဝင်းဝင်းတောက်ပလျက် ရှိသောကြောင့် ရတနာပုံနေပြည်တော်တစ်ခွင်၌ "ရွှေကျောင်း"ဟု ခေါ်ခဲ့ကြသည်။


ယခုအခါ၌ကား ရွှေနန်းတော်ကျောင်းပြင်ပ၌ ရွှေရောင်ကင်းမဲ့နေသော်လည်း အတွင်း၌ကား ရွှေပိန်းရောင်တို့ဖြင့် ဝင်းဝါတောက်ပလျက် ရှိနေတုန်းပင် ဖြစ်ပေသည်။ အထူးသဖြင့် ရွှေနန်းတော်ကျောင်း၏ အတွင်းပိုင်း မာရဘင်၏ အရှေ့ဘက်ရှိ ပလ္လင်ပေါ်တွင် မင်းတုန်းမင်းကြီး ကိုးကွယ်ခဲ့သော မဟာဗောဓိ လက်ယာတောင်ကိုင်းသားအား ပြာချသရိုးကိုင် ထုလုပ်ထားသော မံဆင်းတုရုပ်ပွားကြီး သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက် ဘုရားဆောင်ကြီးကား ရွှေရောင်ဝင်းလျက် ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

အဝင်မုခ်ဝ၌ သစ်ထွင်းပန်းပုလက်ရာများကား အနုစိတ်လှသည်။ ရွှေရောင်ဖြင့် ပန်းပုရုပ်များမှာ လက်ရာပေါ်လွင်ရုံသာမက အလွန်ပင် မြင်ရသူအပေါင်းအနေဖြင့် တအံ့

www.burmeseclassic.com



အတွင်းတံခါးရွက်နှင့် အတွင်းနံရံ ပန်းပုလက်ရာများနှင့် ရွှေပိန်းချထားသော လက်ရာ



အတွင်းရှိ ရွှေပိန်းချထားသော ပန်းပုလက်ရာ

တညြ ဖြစ်ခဲ့ရသည်။ ဘုရားခန်းအဝင်၌ ထုလုပ်ထားသော လောကနတ်ရုပ် နှစ်ရုပ်မှာလည်း လက်ရာမြောက်လှသည်။

ရွှေနန်းတော်ကျောင်းကြီး၏ အတွင်းပိုင်းထက် ပြင်ပရှိ ပန်းပုလက်ရာတို့ကား ပို၍အနုစိတ်လှသည်ကို တွေ့ရသည်။ ရွှေနန်းတော်ကျောင်းကြီးအား အဝေးမှကြည့်သော် မြန်မာမှု သစ်သားပန်းပုကို အခြေခံ၍ ခြူးပန်း ခြူးနွယ် အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အနုစိတ်တည်ဆောက်ထားသည်ကို တွေ့ရသည်။ ကျောင်းတော်ကြီး၏ ဝရန်တာပတ်လည်၌ ကာရံထားသော သစ်သားပြားကြီးပေါ်၌ လက်ရာအနုစိတ် ထုလုပ်ထားသော ပန်းထွင်းလက်ရာမှာ အသေးအလွန်စိတ်လှသည်။ ကျောင်းကြီးတစ်ပတ်လုံး ထွင်းထုထားသည်မှာ လက်ရာအလွန်မြောက်လှသည်။

ကျောက်တော်ကြီး၏ တံခါးရွက်များ၌ ဇော်ဂျီတောင်ဝှေးနှင့် ဇော်က ကနေပုံ၊ ဝန်ကြီးရုပ်များ၊ လက်အုပ်ချီနေသည့်ရုပ်တု၊ ကနေဟန်ရုပ်တုများကို တံခါးရွက်ရှိ သစ်သားကွက်တစ်ခုချင်း၌ ထုလုပ်ထားသည်မှာ အသက်ဝင်လှသည်။ တံခါးအဝင်အထွက် တံခါးပေါက်၌လည်း ပန်းနွယ်၊ ပန်းခက်များကို အနုအလှ ထုလုပ်ထားပြီး ပန်းနွယ်၊ ပန်းခက်များကြား၌လည်း လူရုပ်ပုံများကို သဘာဝကျ ထည့်သွင်းထုလုပ်ထားသည်မှာ ထိုခေတ် ပန်းပုပညာရှင်များအား မချီးကျူးဘဲမနေနိုင်အောင်ပင် ဖြစ်သည်။ ရှေးအခါက တံခါးရွက်များ၏ အတွင်းအပြင်၌ ရွှေပိန်းချထားမည်ဟု တွေးမိသော်လည်း ယခုအခါ၌ အတွင်းတံခါးရွက်များ၌သာ ရွှေပိန်း ရွှေအစစ်ချထားပြီး အပြင်ဘက် တံခါးရွက်များမှာ ရွှေရောင်ကင်းလျက် မူလသစ်သားသဘာဝ အရောင်အတိုင်းသာ တွေ့နေရသည်။

ရွှေနန်းတော်ကျောင်းကြီး၏ ပန်းပုပညာရပ်များနှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ရမည့် လက်ရာမှာ ရွှေနန်းတော်ကျောင်းကြီး၏ ဘုံအဆင့်ဆင့် ရှေ့နောက် လက်ဝဲ လက်ယာရှိ ပန်းတောင် ပန်းဆွဲများ၏ လက်ရာပင် ဖြစ်သည်။ ရွှေနန်းတော်ကျောင်းတော်ကြီးအား အဝေးမှ ကြည့်ကြည့် အနီးကပ်၍ပဲကြည့်ကြည့် မြန်မာမှု သစ်သားပန်းပု အခြေခံ ခြူးပန်းခြူးနွယ် အပြောက်အမွမ်း ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်များ၏ ပန်းပုလက်ရာတို့သည် မြင်ရသူအပေါင်း၏ စိတ်ကိုပါ တက်ကြွစေသည်။ မြန်မာတို့၏ ပန်းပုအနုပညာ လက်ရာအပေါ် ဂုဏ်ယူဝင့်ကြွားလိုသော စိတ်တို့သည် တားမရအောင်ပင် ဖြစ်ပေါ်စေလေသည်။

ထွင်းထုထားသော ပန်းပုလက်ရာတို့သည် ထုထည်ကြီးမားသော သစ်သားများပေါ်၌ ထွင်းထုထား၍ နှစ်ပေါင်းရာကျော် (လက်ရှိနှစ်အထိ နှစ် ၁၃၀)တိုင်အောင် မပျက်စီးဘဲ မူလလက်ရာအတိုင်း တည်ရှိနေခြင်းမှာလည်း ဝမ်းသာဂုဏ်ယူစရာပင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် မြန်မာ့သမိုင်း၌ ကြီးကျယ်ခမ်းနားလှသော ဘုရင့်နောင်မင်းတရားကြီး၏ ၁၅၆၈ ခုနှစ်က တည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီ နန်းတော်ကြီးသည်လည်းကောင်း၊ ၁၉၃၉ ခုနှစ်၌ သာယာဝတီမင်း တည်ဆောက်ခဲ့သော အမရပူရနန်းတော်နှင့် မြို့တော်တို့သည်လည်းကောင်း သဘာဝ သဘာအရ ပျက်စီးခဲ့ရသည်။

အထူးသဖြင့် သစ်သားသစ်လုံးကို အခြေပြု၍ တည်ဆောက်ခဲ့သဖြင့် သဘာဝဘေး၊ မီးဘေးတို့ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ရွှေနန်းတော်ကျောင်းကြီးကား ထိုသဘာဝဘေးဒဏ် အန္တရာယ်များကြောင့်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ် ဂျပန်တို့၏ ပုံးဒဏ်တို့ကြောင့်လည်းကောင်း မပျက်စီးဘဲ အကောင်းပကတိ ကျန်ရှိခဲ့ရုံသာမက မြန်မာနိုင်ငံ အုပ်ချုပ်သူတို့ အနေနှင့်လည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့၍ ယနေ့တိုင် အပျက်အစီးနည်းပြီး ရှေးမူမပျက် တွေ့မြင်နေရခြင်းပင် ဖြစ်သည်။

ရွှေနန်းတော်ကျောင်းကြီး တစ်ခုလုံး၏ အနုပညာလက်ရာများကို အသေးစိတ် ဖော်ပြရန်ကား မလွယ်လှပေ။ ထို့ကြောင့် စာရေးသူသည် ရွှေနန်းတော်ကျောင်းကြီးအတွင်း ပြင်ပလက်ရာ မြောက်မြားစွာအနက် စာရှုသူတို့ လေ့လာနိုင်ရန် ပန်းပုလက်ရာတချို့ကို ဓာတ်ပုံရိုက်ကူး၍ ဖော်ပြပေးလိုက်ရပေသည်။ တချို့သော လက်ရာများ ကျန်ရှိကောင်းကျန်ရှိနိုင်သည်ကိုလည်း စာရေးသူ ဝန်ခံပါသည်။ ကျမ်းတစ်စောင် စာတစ်အုပ်မျှ ရေးသားမှ ပြီးပြည့်စုံမည့်အကြောင်းအရာကို ဆောင်းပါးငယ်တစ်ပုဒ်ဖြင့် တတ်နိုင်သလောက် ပြီးပြည့်စုံစေရန် ကြိုးပမ်းတင်ပြရခြင်းဖြစ်၍ စာရေးသူအနေနှင့် စာရှုသူတို့အား ကျေနပ်ပါရန် မေတ္တာရပ်ခံအပ်ပေသည်။

*

"ရွှေနန်းတော် ကျောင်းတော်ကြီး"ဟု လူသိများသော ကျောင်းတော်ကြီးကို ရှေးအခါက "ရွှေကျောင်း" ဟုလည်း ခေါ်သည်။ ရွှေကျောင်းကြီးဟုလည်း ခေါ်သည်။ ထိုကျောင်းကြီးသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ မဟာအတုလ ဝိဇယရာမတိုက် မဟာရံတံတိုင်း နှစ်ခုကြား အရှေ့တောင်ထောင့်တွင် တည်ရှိသည်။

ရွှေနန်းတော်ကျောင်းကြီး၏ မူလကျောင်းဒကာကို အများက ကုန်းဘောင်ခေတ် နောက်ဆုံးဘုရင် သီပေါမင်းဟု အသိအမှတ်ပြု၍ ပြောကြသည်။ ရေးကြသည်။ ထိုပြောဆိုရေးသားချက်များသည် ရွှေနန်းတော်ကျောင်းကြီး ဖြစ်ပေါ်လာပုံကို အသေအချာ မသိသောကြောင့် သီပေါမင်းဆောက်လုပ်လှူဒါန်းသော ကျောင်းကြီးသာဖြစ်သည်ဟု မှတ်ယူရေးသား ပြောဆိုကြခြင်း ဖြစ်သည်။

အမှန်တကယ်၌ သီပေါမင်း တည်ဆောက်သော ကျောင်းကြီးဖြစ်သည်ဆိုသော အချက်မှာ မှန်သော်လည်း



နယားရုပ်ထောက်တိုင်ပေါင်း (၅၄)တိုင်အနက် တိုင်တစ်တိုင်အား တွေ့ရစဉ်



မင်းတုန်းမင်း ကိုးကွယ်ခဲ့သော မံဆင်းတုရုပ်ပွားတော်





www.burmeseclassic.com

www.burmeseclassic.com

ထိုကျောင်းကြီး တည်ဆောက်ရာ၌ အသုံးပြုခဲ့သော ကုန်ကြမ်းသစ်သား သစ်လုံး အများစုသည် မင်းတုန်းမင်းကြီး နှစ်ပေါင်း ၂၀ ကြာ စံမြန်းနေထိုင်တော်မူခဲ့သော နန်းဆောင်နှင့် စနုဆောင်ကို ဖျက်သိမ်းပြီး (၃၁. ၁၀. ၁၈၈၃) ရက်နေ့တွင် တည်ဆောက်ပြီးစီးခြင်းဖြစ်ရာ သီပေါမင်းတစ်ပါးတည်း၏ ကောင်းမှုဟု သတ်မှတ်ခေါ်ဆိုပါက ပြီးပြည့်စုံမည် မဟုတ်ပေ။

ဤနေရာ၌ စာရေးသူသည် ရွှေနန်းတော်ကျောင်းကြီး တည်ဆောက်လှူဒါန်းခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စားစရာ အကြောင်းအကျိုး ဆက်စပ်နေမှုများကို အလေးထား၍ ရေးသားရသော် ကုန်းဘောင်ခေတ်သမိုင်းကြောင်းကို တင်ပြရန် လိုအပ်လာပေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ မင်းတုန်းမင်းကြီး အုပ်စိုးစဉ်အချိန်သည် ဗုဒ္ဓသာသနာတော် အထွန်းကားဆုံး အချိန်ဟု ခေါ်ဆိုက မှားမည်မဟုတ်ပေ။ မင်းတုန်းမင်းကြီး ထေရဝါဒ ဗုဒ္ဓသာသနာ၏ အရေးကြီးဆုံးသော သာသနာပြုလုပ်ငန်းကြီးဖြစ်သည့် ပဉ္စမသင်္ဂါယနာ တင်ပွဲကြီးကို ၁၈၇၁ ခုနှစ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုသာသနာပြုမင်းကြီးသည် ၁၈၅၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် မန္တလေး ရတနာပုံမြို့သစ်ကို တည်၍ အမရပူရ မြို့တော်မှ မန္တလေးသို့ ပြောင်းရွှေ့စိုးစံသည်။ ထိုသို့ ပြောင်းရွှေ့စိုးစံချိန်မှစ၍ မင်းတုန်းမင်းကြီးသည် ရွှေနန်းတော်ဆောင်၌ မန္တလေးနန်းတော်သစ်ကို သိမ်းပိုက်ပြီးချိန်မှစ၍ နတ်ရွာစံ ကံကုန်သည်အထိ စိုးစံရာနန်းတော်ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် ၁၈၅၈ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့၌ မန္တလေးနန်းတော်သို့ ပြောင်းရွှေ့စိုးစံခဲ့ပြီး ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် နတ်ရွာစံခဲ့ရာ နှစ်ပေါင်း နှစ်ဆယ်ကြာ နောက်ဆုံးထွက်သက်ကုန်သည်အထိ နေထိုင်ရာ နန်းဆောင်ကြီးဖြစ်သည်။

ထိုနန်းတော်ဆောင်ကြီးသည် ထုံးစံအရဆိုလျှင် နောက်ထီးနန်းဆက်ခံသည့် ဘုရင်က ဆက်လက်နေထိုင် စိုးစံရမည်ဖြစ်သည်။ ခမည်းတော် နှစ်နှစ်ဆယ်ကြာ နေထိုင်တော်မူခဲ့သော နန်းဆောင်သည် သားတော် သီပေါမင်း အတွက် အမြတ်တနိုး အလေးထားရမည့် နန်းဆောင် မဟုတ်ပါသလော။ သို့သော်လည်း သီပေါမင်းသည် ခမည်းတော် မင်းတုန်းမင်းကြီး နတ်ရွာစံ ခေါင်းချတော်မူရာ နန်းဆောင်၌ ဆက်လက်နေထိုင်ရန် မဆိုထားဘိ။ ထိုနန်းဆောင်ကိုပင် ဝံ့ဝံ့ရဲရဲမကြည့်ရဲ၍လော၊ ခမည်းတော်မင်းကြီး၏ ဝိညာဉ်တော်ကိုပင် ရင်မဆိုင်ရဲ၍လော မသိ၊ ခမည်းတော်၏ နန်းဆောင်၌ မနေထိုင်ဘဲ တောင်စမုတ်ဆောင်၌ နေထိုင်ခဲ့သည်။

ရွှေနန်းဆောင်၌ မနေထိုင့်ရုံသာမက ရွှေနန်းဆောင်ကိုလည်း ၁၂၊ ၁၀၊ ၁၈၇၈ ရက်နေ့တွင် ဖြုတ်သိမ်းခဲ့သည်။ ရွှေနန်းဆောင်နှင့်အတူ စနုဆောင်လည်း ပါဝင်လေသည်။



လှုပုံထွင်းထုထားသော သစ်သားပန်းပုရုပ်တု




အဝင်လှေကားအနီး၌ တွေ့ရသော ကမ္ဘည်းကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com




ရွှေနန်းကျောင်းတော်ရှိ သစ်သားတိုင်များနှင့် ပန်းပုရုပ်စုံများနှင့် တံခါးရွက်များကို တွေ့ရပုံ

ဤနေရာ၌ စာရေးသူ အထူးတင်ပြလိုသည်မှာ မင်းတုန်းမင်းကြီးသည် ၁. ၁၀. ၁၈၇၈ ရက်နေ့ [ရွှေနန်းတော်ကျောင်းရှိ "ရွှေနန်းတော်ကျောင်း (ရွှေကျောင်း) နောက်ခံသမိုင်းအကျဉ်း" "A BRIEF BACKGROUND HISTORY OF SHWE NANDAW KYAUNG" အင်္ဂလိပ် - မြန်မာ နှစ်ဘာသာဖြင့် ရေးထားသော သမိုင်း၌ မင်းတုန်းမင်း နတ်ရွာစံသောနေ့ကို မြန်မာဘာသာ၌ ၂. ၁၀. ၁၈၇၈ ဟု ဖော်ပြီး အင်္ဂလိပ်ဘာသာ၌ ၁. ၁၀. ၁၈၇၈ ဟု ဖော်ပြထား၍ သမိုင်းသုတေသန ဦးစီးမှုထုတ်သော မြန်မာရက်စွဲစဉ်သမိုင်း စာအုပ်၌ ၁. ၁၀. ၁၈၇၈ ဟုဖော်ပြထားရာ ရက်စွဲစဉ်၌ပါသော ရက်ကိုသာ အတည်ယူခဲ့ပါသည်။] တွင် နတ်ရွာစံ ကံကုန်ခဲ့သည်။ သီပေါမင်းသည် ၂. ၁၀. ၁၈၇၈ ရက်နေ့တွင် ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။

စာရေးသူအနေနှင့် ရွှေနန်းတော်အဆောင် ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ အထူးတင်ပြလိုသည်မှာ မင်းတုန်းမင်းကြီး နတ်ရွာစံသောရက်မှာ ၁. ၁၀. ၇၈ ရက်နေ့ဖြစ်ပြီး ရွှေနန်းဆောင် ဖျက်သိမ်းသောရက်မှာ ၁၂. ၁၀. ၁၈၇၈ ရက်နေ့ ဖြစ်သောကြောင့် မင်းတရားကြီး နတ်ရွာစံပြီး ဆယ့်တစ်ရက်အကြာ၌ ဖျက်သိမ်းခဲ့ခြင်းဖြစ်ရာ လွန်စွာပင် ထူးဆန်းနေသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။



ကျောင်းဝင်းအတွင်းရှိ ရွှေရောင်ဝင်းပြောင်နေသည့် တိုင်လုံးများနှင့် အတွင်းပိုင်းကို တွေ့ရပုံ



ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်လှသော မြင်ကွင်း

ခမည်းတော်ဘုရား နှစ်ပေါင်းနှစ်ဆယ်တိုင်အောင် စံမြန်းနေထိုင်တော်မူခဲ့သော နန်းတော်ဆောင်ကို အဘယ်ကြောင့် သီပေါမင်း အမြန်ဖျက်သိမ်းခဲ့ရသလောဟု မေးခွန်းသည် နန်းတွင်း နန်းပြင်၌ ရှိကြကုန်သော မင်းညီမင်းသား မင်းမိဖုရား၊ မှူးမတ်ဗိုလ်ပါ၊ နန်းတွင်းသူ နန်းတွင်းသားများနှင့် ပြည်သူတစ်ရပ်လုံး အနေနှင့် အလိုလို သိနေကြပေမည်။ မင်းပြစ်မင်းဒဏ်ကိုကြောက်၍သာ နှုတ်မှ ဖွင့်အန်ထွက်ဆို ပြောရဲကြမည်မဟုတ်၍ အသံကျယ်ကျယ် ဝေဖန်သံတို့ကတော့ ထွက်ပေါ်မလာခဲ့ပေ။

စာရေးသူသည် မင်းတုန်းမင်းကြီးလက်ထက် နိုင်ငံရေး အခြေအနေနှင့် သီပေါမင်း ထီးနန်းရရှိခဲ့ပုံ၊ စာရှုသူတို့အနေနှင့် သိထားပါက သီပေါမင်း ရွှေနန်းဆောင်ကို အဘယ်ကြောင့် အမြန်ဆုံးဖျက်သိမ်း၍ "ဘုန်းကြီးကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းကို လေ့လာအကဲခတ် သိရှိနိုင်မည်ဖြစ်၍ သီပေါမင်း ထီးနန်းရပုံလေးကို အကျဉ်းမျှ တင်ပြရပေမည်။ သီပေါမင်း ထီးနန်းရရှိပုံကို သိမှလည်း ရွှေနန်းတော်ကျောင်းကြီး (ရွှေကျောင်းကြီး) တည်ဆောက်လှူဒါန်းခဲ့ပုံကိုလည်း သဘောပေါက်ကြမည် ဖြစ်ပေသည်။ သီပေါမင်း ထီးနန်းရရှိခဲ့ပုံကား . . .

*

မင်းတုန်းမင်းတရားကြီးသည် ပင်ကိုအားဖြင့် ဘာသာတရား ကိုင်းရှိုင်းသောသူတစ်ဦးဖြစ်သည်။ နောင်တော် ပုဂံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိန်းချထားသော ဘုရားစင်များ



သဘာဝသစ်သားရောင်များဖြင့် ပြုလုပ်ထားသော ဘုရားကျောင်းဆောင်

မင်းလက်ထက်၌လည်းကောင်း၊ ခမည်းတော် သာယာဝတီမင်းလက်ထက်၌လည်းကောင်း သီရိဓမ္မရာဇာ ဟူသော ဘွဲ့တော်၊ သီရိမဟာသီဟသူရဓမ္မရာဇာ ဟူသော ဘွဲ့တော်များ မင်းတုန်းမင်းသားအား ချီးမြှင့်မြှောက်စားခဲ့သည်။

မင်းသားကြီးများ၏ အဆောင်အရွက်တို့နှင့်တကွ ချီးမြှောက်ခြင်းခံရစဉ် အမရပူရလွှတ်တော်တွင် တရားစီရင်ဆုံးဖြတ်ရာ၌ ဦးဆောင်ခဲ့ရသည်။ နောင်တော်ပုဂံမင်းသည် ၁၈၅၂ ခုနှစ်၌ အင်္ဂလိပ် မြန်မာ ဒုတိယစစ်ကို ဆင်နွှဲတိုက်ခိုက်ရာ စစ်ရေးအရ ရှုံးနိမ့်နေစဉ် ပုဂံမင်း၏ နောက်လိုက်နောက်ပါတို့၏ အန္တရာယ်ကြောင့် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလတွင် မင်းတုန်းမင်းသားသည် ညီတော်ကနောင်မင်းသားနှင့်



စာတိုက်ဟုခေါ်သော ကျမ်းစာအုပ်များထည့်ရာ ဗီရို

အတူ ရတနာသိင်္ဃမြို့သို့ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ ကျွန်များအပါအဝင် အင်အား (၂၀၀) ဖြင့် ထွက်ခွာ၍ ပုဂံမင်းကို ပုန်ကန်ခြားနားလေသည်။

၁၈၅၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အမရပူရထီးနန်း သိမ်းယူခဲ့သည်။ ၁၈၅၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့၌ ပုဂံမင်းထံမှ ထီးနန်းကို လွှဲပြောင်းယူခဲ့သည်။ နောင်တော် ပုဂံမင်းကို ကောင်းစွာပြုစု စောင့်ရှောက်ထား၍ ပုဂံမင်း (နန်းကျဘုရင်)သည် ၁၈၇၈ ခုနှစ် မင်းတုန်းဘုရင်နတ်ရွာစံပြီးနောက် နှစ်နှစ်အကြာ ၁၈၈၀ ပြည့်နှစ် မတ်လ ၁၄ ရက်နေ့ ရောက်မှ နတ်ရွာစံ ကံကုန်ခဲ့သည်။ နောင်တော်ပုဂံမင်းကို သဘောထားကြီးစွာ စောင့်ရှောက်ထားရှိမှုကို ကြည့်၍ မင်းတုန်းမင်း၏ သဘောထားကြီးမှုကို သိသာနိုင်သည်။

ထို့အပြင် မင်းတုန်းမင်းကြီးသည် နောင်တော် ပုဂံကို ပုန်ကန်ခြားနားစဉ်က ဦးဆောင်ပါဝင်ကာ သက်စွန့်ဆံဖျားကြိုးပမ်းခဲ့သည့် ညီတော်ကနောင်မင်းသား၏ ကျေးဇူးကို သိတတ်သောအားဖြင့် မင်းအဖြစ်သို့ ရောက်လေသောအခါ သားတော်ကြီးများကို အိမ်ရှေ့မင်းအရာ၌ မခန့်ထားဘဲ ကနောင်မင်းသားအား ၁၈၅၃ ခု ဇူလိုင်လ ၁၈ ရက်နေ့၌ အိမ်ရှေ့အရာအပ်နှင်းပြီး တိုင်းရေးပြည်ရွာ ကိစ္စများကို ကြီးကြပ်ဆောင်ရွက်စေခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော် ကျောင်းပေါ်မှ မြင်တွေ့ရသော ရှခင်း



[illegible]တော်ကျောင်းအနီးရှိ ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးအား တွေ့ရပုံ

ထိုသို့ ကနောင်မင်းသားအား အိမ်ရှေ့အရာ ခန့်အပ်[illegible]လည်း မင်းတုန်းမင်းကြီးသည် ညီတော်၏ကျေးဇူး[illegible] ထီးနန်းရရှိခဲ့ပါတကားဟူသော ကျေးဇူးသိတတ်သော [illegible]တ်ကြောင့် ဖြစ်ပေရာ မင်းတုန်းမင်းသည် ကိုယ်ကျင့် [illegible] ကောင်းမွန်မှု၊ ဘာသာရေး ကိုင်းရှိုင်းမှု၊ နူးညံ့သိမ်မွေ့ [illegible]ဇူးတရားသိတတ်မှု စသည့် ကောင်းမြတ်သော ကိုယ် [illegible]ရားနှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်ပေသည်။

မင်းတုန်းမင်းကြီး၏ အိမ်နိမ့်စံဘဝကပင် သားတော် [illegible] မွေးဖွားထားရာ မင်းအဖြစ်သို့ရောက်သောအခါ [illegible]တော်ကြီးများသည် နန်းတွင်းအစဉ်အလာအရ [illegible]အရာကို မျှော်မှန်းခဲ့ကြသည်။ အထူးသဖြင့် မင်းတုန်း [illegible] သားတော်ကြီးများအနက် မြင်ကွန်း၊ မြင်းခုံတိုင်၊ [illegible]ရမ်း၊ ညောင်အုပ်၊ သုံးဆယ်၊ မက္ခရာ စသည့်သားတော် [illegible]သည် ထုံးတမ်းစဉ်လာအရ အိမ်ရှေ့အရာကို မျှော် [illegible]ကြသည်။

[illegible]င်းတုန်းမင်းသည် သားတော်ကြီးများကို အိမ်ရှေ့ [illegible] အပ်နှင်းဘဲ မိမိထီးနန်းရရှိရန် ကြိုးပမ်းဆောင်ရွက်ပေး [illegible] ညီတော်ကနောင်မင်းသားကို အိမ်ရှေ့မင်းအဖြစ် [illegible]ခဲ့ရာ သားတော်ကြီးတချို့ မကျေနပ်ကြသော်လည်း [illegible]တော်ဆန္ဒကို မလွန်ဆန်ရဲ၍ လက်ခံခဲ့ကြရသည်။ [illegible]အရာအပ်နှင်းပြီး ကနောင်မင်းသားအနေနှင့် တိုင်းပြည်အုပ်ချုပ်ရေးကို ကြိုးပမ်းဆောင်ရွက်နေစဉ် ၁၈၆၆ ခု ဩဂုတ်လ ၂ ရက်နေ့၌ မင်းတုန်းမင်း၏ သားတော်နှစ်ပါး ဖြစ်သည့် မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါး၏ ပုန်ကန်မှု ကြောင့် အိမ်ရှေ့စံ ကနောင်မင်းသား ကျဆုံးခဲ့ရသည်။ မင်းတုန်းမင်းကြီးပင် အသက်ဘေးမှ ကံကောင်း၍လွတ်ခဲ့ရ သည်။

မြင်ကွန်း၊ မြင်းခုံတိုင် ပုန်ကန်မှုအား နှိမ်နင်းပြီးနောက် မင်းတုန်းမင်းသည် အိမ်ရှေ့အရာအား မည်သည့်သားတော် ကိုမှ မပေးဘဲ ထားရှိခဲ့ရသည်။ သားတော်တစ်ပါးပါးကို အိမ် ရှေ့အရာ အပ်နှင်းပါက ကျန်သားတော်များက လုပ်ကြံမှု ပေါ်ပေါက်မည်ကို စိုးရိမ်သောကြောင့် အိမ်ရှေ့မင်းအဖြစ် ထပ်မံခန့်အပ်ခြင်းမပြုခဲ့ဟု စာရေးသူ ထင်မိသည်။ ထိုကဲ့သို့ အိမ်ရှေ့မင်းအရာနှင့် ထိုက်တန်သော သားတော်ကြီးပေါင်း များစွာရှိသည့်အနက် ပုန်ကန်ခြားနားမှု ဖြစ်မည်ကိုစိုး၍ အိမ်ရှေ့မင်းအဖြစ် မခန့်ထားခဲ့ခြင်းသည် နောင်မြန်မာ့သမိုင်း ၌ အမည်းစက်စွန်းစေမည့်ဖြစ်ရပ် ပေါ်ပေါက်စေခြင်းပင် ဖြစ်ပေသည်ဟု မှတ်ချက်ချမိသည်။

မင်းတုန်းမင်းကြီးသည် မည်သည့်သားတော်ကြီးကိုမှ အိမ်ရှေ့အရာ၌ ခန့်ထားခြင်းမရှိဘဲ တစ်ကိုယ်တော် တိုင်းပြည် ကို အုပ်ချုပ်နေစဉ် သက်တော် (၆၄)နှစ်အရွယ် နတ်ရွာစံခါ နီးကာလ၌ မကျန်းမမာ ဖြစ်တော်မူစဉ် ရတနာပုံထီးနန်းကို သိမ်းပိုက်ရန် ဆင်ဖြူမရှင် မိဖုရားနှင့် အမတ်အချို့ ကြံစည်



တိုင်လုံးအခြေ၌ ထွင်းထုထားသော
ဝေဿန္တရာဇာတ်တော် ပန်းပုလက်ရာ



ဝိဓူရဇာတ်တော် ပန်းပုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com


ခဲ့ကြသည်။ ထိုမှူးမတ်တို့၏ အကြံကား မိမိတို့သြဇာညောင်းမည့် မင်းသားကို အိမ်ရှေ့အရာအပ်နှင်းပြီး မင်းတုန်းမင်းနတ်ရွာစံခဲ့သော ထီးနန်းလွဲအပ်ကာ တိုင်းပြည်ကိုအုပ်ချုပ်ရန် အကြံပင်ဖြစ်သည်။

ဆင်ဖြူမရှင် မိဖုရားကလည်း သမီးတော်သုံးပါးတို့ ကောင်းစားရေးအတွက် မင်းသားငယ်တစ်ပါးကို နန်းတင်ရန် ဖြစ်ပေရာ အကြံတူကြသည့် မှူးမတ်တစ်စုနှင့် မိဖုရားတို့ ပူးပေါင်းပြီး သီပေါမင်းသားအား နန်းတင်ရန် ကြံစည်ခဲ့ကြလေတော့သည်။ ထိုအကြံအစည်သည် မြန်မာ့သမိုင်း၌ အမည်းစက်ထင်ကျန်စေမည့် ကြိုးပမ်းမှုဖြစ်သည်ကို ထိုအကြံကို ကြံစည်သူတို့ သိကြမည်၊ တွေးမိကြမည် မဟုတ်ပေ။

ထိုသို့ ကြံစည်အားထုတ်မှုကြောင့်လည်း သီပေါမင်းသား ထီးနန်းရရှိခဲ့ပြီး "ရွှေနန်းတော်ကျောင်း" (ဝါ) ရွှေကျောင်းကြီး ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

*

မှူးမတ်တချို့နှင့် မိဖုရားကြီးသည် မင်းတုန်းမင်း အသည်းအသန် မကျန်းမမာ ဖြစ်တော်မူနေသည်ကို အခွင့်ကောင်းယူ၍ မိမိတို့အကြံအစည် အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့သည်။ မင်းတုန်းမင်းကြီး၏ သားတော်၊ သမီးတော်တို့အား ဥပါယ်တံမျဉ်ဖြင့် နန်းတွင်းသို့ ခေါ်ယူပြီး ဖမ်းဆီးအကျဉ်းချခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကို ပြုလေတော့သည်။




နေမိယဇာတ်တော် ပန်းပုလက်ရာ



မဟာပဒုမ္မဇာတ်တော် ပန်းပုလက်ရာ



သုဝဏ္ဏသာမဇာတ်တော် ပန်းပုလက်ရာ



နေမိဇာတ်တော် သစ်ထွင်းပန်းပု

ရတနာပုံနန်းတွင်း၌ မင်းညီမင်းသားတို့အား လုပ်ကြံသတ်ဖြတ်မှုသတင်းကြောင့် အဖမ်းအဆီး မခံရသေးသော မင်းညီမင်းသားတို့သည် ဘေးဒဏ်မှ လွတ်ကင်းရာသို့ ထွက်ပြေးခိုလှုံကြလေသည်။ မင်းညီမင်းသား၊ မင်းသမီးငယ်လေးများကိုကား မယ်တော်၊ မိဖုရားတို့က ဘုန်းကြီးကျောင်းများသို့ ပို့၍ ဆရာတော်များထံ အပ်နှံသူတို့က အပ်နှံကြလေသည်။


ဤနည်းဖြင့် နန်းတွင်းလူသတ်မှုများ ဖြစ်ပေါ်နေချိန် ၁၈၇၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်နေ့တွင် သီပေါမင်းအား အိမ်ရှေ့ဥပရာဇာ အပ်နှင်းအမိန့် ထုတ်ပြန်လေသည်။ ထိုအမိန့်သည် မင်းတုန်းမင်းကြီး၏ ဆန္ဒအရ ထုတ်ပြန်သော အမိန့်မဟုတ်ဟု အများစုက သဘောပေါက်ကြသည်။ မင်းတုန်းမင်းကြီးသည် အသည်းအသန် ရောဂါဝေဒနာ ခံစားနေရစဉ်၌ ထိုသို့သောအမိန့်ကို ထုတ်ပြန်နိုင်စရာ မရှိဟုလည်း အများက ယုံကြည်ကြသည်။ သားတော်၊ သမီးတော်များ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသော သတင်းကိုလည်း မင်းတုန်းမင်းကြီး မသိနိုင်ပေ။ အိမ်ရှေ့အရာ ခန့်အပ်သော အခမ်းအနားကိုလည်း ထုံးစံနှင့်အညီ မပြုလုပ်ခဲ့ကြပေ။

ထိုကဲ့သို့ နိုင်ငံတော်အာဏာ ရရှိရေးအတွက် အမှောင်နည်း အကြမ်းဖက်နည်းကိုသုံး၍ ကြိုးပမ်းကြသူတို့သာ သူတို့လုပ်ဆောင်မှုကို သူတို့သိကြပေမည်။ သီပေါမင်းသားအား အိမ်ရှေ့ခန့်အပ်ကြောင်းအမိန့် ထုတ်ပြန်ပြီး ၁၁ ရက်အကြာ ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ မင်းတုန်းမင်း




www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကျောင်း၏ဓာတ်ပုံ ပုံဆွဲသမိုင်းမှတ်တမ်းအကျဉ်း



မင်းတုန်းမင်း၊ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ပုံနှင့် ရွှေနန်းတော်ကြီး၏ ဓာတ်ပုံမှတ်တမ်း

နတ်ရွာစံလေသည်။

၁၈၇၈ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့၌ သီပေါမင်းသား ထီးနန်းအရိုက်အရာကို ဆက်ခံလေသည်။ သီပေါမင်း ထီးနန်းအရိုက်အရာကို လက်ခံရရှိပြီးသော်လည်း မင်းညီမင်းသား မင်းသွေးတို့ကို လုပ်ကြံသတ်ဖြတ်မှုက မပြီးဆုံးသေး။ ဆက်၍ လုပ်ကြံသတ်ဖြတ်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။ ၁၈၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရနောင် မြို့စား ဦးဆောင်သောအဖွဲ့သည် မင်းတုန်းမင်း၏ သားတော်၊ သမီးတော်၊ မြေးတော် စုစုပေါင်း ၁၉ ယောက်တို့ကို ဖျောက်ဖျက်စီရင်ခဲ့သည်။

ထိုကဲ့သို့ မင်းညီမင်းသားများစွာကို လုပ်ကြံသတ်ဖြတ်ပြီးမှ ထီးနန်းတက်ခဲ့ရသော သီပေါမင်းအနေနှင့်လည်း စိတ်ဓာတ်ရေးအရ အမှန်တကယ်ပင် ချောက်ချား၍နေပေမည်။ လုပ်ကြံသတ်ဖြတ်မှု၌ ကိုယ်တိုင်ပါဝင် ကြံစည်ခဲ့ခြင်း မရှိသော်လည်း ထိုသို့သတ်ဖြတ်မှုအပေါ်၌ကား နှစ်သက်မည်မဟုတ်ပေ။ နဂိုဓာတ်ခံမှာ သီပေါမင်းသည် ရှင်သာမဏေဝတ်ဖြင့် စာချကြီး၊ လတ်၊ ငယ် စာပြန်ပွဲများ၌ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သူ ဖြစ်သည်။

ဘုရား တရား ကြည်ညိုလေးစားသူ ဖြစ်သည်။ စိတ်ဓာတ်ပျော့သူဖြစ်ရာ ယခုကဲ့သို့ သွေးထွက်သံယို သတ်ဖြတ်မှုများဖြင့် အာဏာရလာသောအခါ သီပေါမင်းသည် စိတ်ဓာတ်ရေးအရ ချောက်ချားလျက် ခမည်းတော်မင်းကြီးနှင့် သတ်ဖြတ်ခံရသော ညီတော်၊ နောင်တော်၊ အစ်မတော်၊ ညီမတော်၊ တူ တူမတော်များအတွက် စိတ်သောကဝေဒနာ ခံစားနေမည်။

အထူးသဖြင့် နတ်ရွာစံ ခမည်းတော် မင်းတုန်းမင်းကြီးအား ကြောက်ရွံ့နေပေတော့မည်။

၂၀၀၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ထုတ် စံတော်ချိန် သတင်းစာ၌ ဆရာဆူငှက် ရေးသားသော "ရွှေနန်းတော်ကျောင်းနှင့် ပတ်သက်လို့"ဟူသော ဆောင်းပါး၌လည်း . . .

"အစွဲကင်းကင်း ရိုးရိုးရှင်းရှင်းပြောရရင် သီပေါမင်းဟာ ခမည်းတော် မင်းတုန်းမင်းရဲ့ အရိုက်အရာကို ကန့်ကွက်သူမရှိ ပယောဂကင်းကင်း ထိုက်တန်စွာ ရယူထားခြင်း မဟုတ်ဘဲ ညီတော် နောင်တော်များရဲ့ အသက်သွေးတွေ စတေးပြီး မှ ရယူခဲ့ရလို့ ဖခမည်းတော် မင်းတုန်းမင်းကို မျက်နှာပူ စိုးထိတ် ကြောက်ရွံ့နေမှာ အမှန်ပါပဲ။

ဒါကြောင့် ခမည်းတော် မင်းတုန်းမင်းကြီး အနှစ် ၂၀ ကျော် စံနေတော်မူခဲ့တဲ့ ရွှေနန်းတော်အဆောင်ကြီးမှာ ခမည်းတော်ရဲ့ ဝိညာဉ်တော်ဟာ ရှိနေဦးမယ်လို့လည်း ယုံကြည်နေပါလိမ့်မယ်။ ဒီတော့ အထင်ကရ ရှိနေတဲ့ ရွှေနန်းတော်အဆောင်ကြီးကိုမြင်တိုင်း သီပေါမင်းမှာ လိပ်ပြာမလုံ စိတ်မသန့် ဖြစ်နေမှာပါပဲ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ မြတ်စွာဘုရားသာသနာတော်ကို လှူဒါန်းခြင်းကိစ္စဟာ ဘယ်သူမှ ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ဖွယ်အလုပ် မဟုတ်ပါဘူး။ လူသာမုခေါ် နတ်သာမုခေါ် အမွန်အမြတ်ကိစ္စကို လက်ခံထားကြပြီးသားပါ။ ဒီအခါ မြို့တည် နန်းတည်ကတည်းက အကောင်းဆုံး ပိသုကာ၊ အကောင်းဆုံး ပန်းပုလက်ရာ၊ အကောင်းဆုံး မှန်စီ ရွှေချ လက်ရာတွေနဲ့ တည်ဆောက်ခဲ့တဲ့ "ရွှေနန်းတော်" အဆောင်ကြီးကို ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းလိုက်ခြင်းဟာ သီပေါမင်းအတွက် အကောင်းဆုံး စိတ်သက်သာရာရ လူနတ်သာမုခေါ်တဲ့ လုပ်ရပ်ပါ" ဟု ဖော်ပြထားချက်ကို လေ့လာကြည့်ခြင်းအားဖြင့် ရွှေနန်းတော်ကျောင်းကြီး (ဝါ) ရွှေကျောင်းကြီးအဖြစ် မင်း တုန်းမင်း နှစ် ၂၀ နေထိုင်လာခဲ့သော ရွှေနန်းတော်အဆောင် ကြီးကိုဖျက်၍ ဘုန်းကြီးကျောင်း (ရွှေနန်းတော်ကျောင်း) အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိသာထင်ရှားစွာ တွေ့ရသည်။

သာမန်အားဖြင့် ခမည်းတော်မင်းကြီးအား ရည်စူး၍ ခမည်းတော်နေထိုင်ရာ ရွှေနန်းတော်အဆောင်ကြီးအား ဖျက်၍ ဘုန်းကြီးကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သည်ဆိုလျှင် လူနတ်ပြဟ္မာအပေါင်း သာမုခေါ်စရာပင် ဖြစ်ပေမည်။ ယခု သီပေါမင်း ရွှေနန်းဆောင်ကြီးကို ဖျက်သိမ်းမှုသည် မင်းတုန်းမင်းတရားကြီး နတ်ရွာစံလွန်ပြီးနောက် ၁၁ ရက်





www.burmeseclassic.com

www.burmeseclassic.com

အကြာ၌ ဖျက်သိမ်းခဲ့ခြင်းဖြစ်ရာ တွေးစရာ၊ သံသယဖြစ်စရာများ များစွာဖြစ်ပေါ်ခဲ့ရလေသည်။

မင်းတုန်းမင်းကြီးသည် ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ နတ်ရွာစံသည် သီပေါမင်းသားသည် အောက်တိုဘာ ၁ ရက်နေ့၌ နတ်ရွာစံသည်။ သီပေါမင်းသားသည် အောက်တိုဘာ ၂ ရက်နေ့၌ ထီးနန်းသိမ်းပိုက်သည်။ အောက်တိုဘာ ၁၂ ရက်နေ့၌ ရွှေနန်းတော်အဆောင်နှင့် စနုဆောင်တို့ကို ဖျက်သိမ်းသည်။ ယခု ရွှေနန်းတော်ကျောင်း တည်ရှိရာ မဟာအတုလဝိယောရာမတိုက် မဟာရံတံတိုင်းနှစ်ခုကြား အရှေ့တောင်ထောင့်၌ ဘုန်းကြီးကျောင်းအဖြစ် ပြောင်း၍ တည်ဆောက်ခဲ့သည်။ ၃၁. ၁၀. ၁၈၈၃ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ ငါးနှစ်ကြာပြီး ကုန်ကျငွေ ဒင်္ဂါး ၁၂၀,၀၀၀ ကျပ်ခန့် ကုန်ကျခဲ့သည်။

ရွှေနန်းတော်အဆောင်ကို ခမည်းတော် နတ်ရွာစံပြီးနောက် ၁၀ ရက်ခန့်၌ အပြီးဖျက်သိမ်းခြင်းသည် သီပေါမင်းအနေနှင့် ရွှေနန်းတော်အဆောင်ကို ကြောက်ရွံ့၍လော။ မင်းညီမင်းသားများအား လုပ်ကြံသတ်ဖြတ်ကြသည့် မှူးမတ်လက်သုံးတော်များနှင့် မိဖုရားကြီးတို့သည် မင်းတုန်းမင်းမကျန်းမာစဉ် ဤရွှေနန်းတော်အဆောင်အတွင်း၌ မည်ကဲ့သို့သော ပြစ်မှုများကို ကျူးလွန်ကြံစည်ခဲ့သောကြောင့် ရွှေနန်းတော်အဆောင်ကြီးအား လက်စသိမ်း ဖျောက်ဖျက်ပစ်ကြလေသလော ဟူသော သံသယအတွေးများပင် ဝင်မိသည်။

ထို့ကြောင့် ရွှေနန်းတော်အဆောင်ကြီးအား အမြန်ဆုံးဖျက်၍ ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းခဲ့လေခြင်းလောဟု အတွေးကလည်း စာရေးသူ စိတ်အာရုံ၌ ပေါ်ခဲ့သည်။

ထို့ထက်ပို၍ သံသယဖြစ်စေသော အကြောင်းတစ်ရပ်ကိုလည်း ရွှေနန်းတော်ကျောင်းကြီးပြီး၍ ရေစက်ချအလှူကျင်းပပုံကို ကြားသိရသောအခါ စာရေးသူ၏ သံသယစိတ်တို့သည် ပို၍ပင်ပြင်းထန်လာခဲ့သည်။

ထုံးစံအရသော် ရွှေနန်းတော်ကျောင်းကြီး တည်ဆောက်မှုပြီးစီးသောအခါ ကြီးကျယ်ခမ်းနားလှသော ရွှေနန်းတော်ကျောင်းကြီးအတွင်း၌ မင်း၊ မိဖုရား၊ အစုံအလင်၊ မှူးမတ်အပေါင်း ခညောင်းလျက် ရေစက်သွန်းချ အမှုအတန်းဝေရမည်ဖြစ်သော်လည်း အမှန်တကယ် ရေစက်ချအလှူကျင်းပပုံမှာ ထူးဆန်းနေပေသည်။ သီပေါမင်းနှင့် မိဖုရားတို့က ရွှေနန်းတော်ဘုန်းကြီး ကျောင်းရေစက်ချပွဲကို နန်းတော်တောင်စမုတ်၌ ကျင်းပခဲ့သလို သီပေါမင်း၏ ယောက္ခမတော် ဆင်ဖြူမရှင် (သီပေါနန်းရရေးအတွက် ဦးဆောင်ကြိုးပမ်းသူ) တစ်ဖြိုင်တည်း တစ်ချိန်တည်း နန်းတော်မြောက်စမုတ်၌လည်း ရေစက်ချ အလှူပြုလုပ်ခဲ့သည်။

ဘုန်းကြီးကျောင်းရေစက်ချပွဲကို လက်အောက်မင်းမှုထမ်းတချို့နှင့် နောက်တစ်နေ့မှာ ကျင်းပခဲ့လေသည်။ သီပေါမင်း၊ မိဖုရား၊ မယ်တော် ဆင်ဖြူမရှင်တို့သည် မင်းတုန်းမင်းနှစ်နှစ်ဆယ်စံပယ်ရာ ရွှေနန်းတော်အဆောင်ကိုဖျက်၍ ဘုန်းကြီးကျောင်းအဖြစ် ပြောင်းရွှေ့တည်ဆောက်ထားသည့် "ရွှေနန်းတော်ကျောင်း" အတွင်း၌ ရေစက်ချပွဲ မပြုလုပ်ခြင်းသည် တွေးစရာ အတွေးများစွာကို ဖြစ်ပေါ်စေခဲ့သည်။

ရွှေနန်းတော်အဆောင်၌ မကောင်းမှု အကုသိုလ်အလုပ်များ ပြုလုပ်ခဲ့၍ မင်းတုန်းမင်းကြီး၏ ဝိညာဉ်အပေါ် ကြောက်ရွံ့၍ မနေရဲသောကြောင့် ဖျက်သိမ်းပြီး ဘုန်းကြီးကျောင်းအဖြစ် ပြောင်းလဲခဲ့ပြီးဖြစ်သော ရွှေနန်းတော်ကျောင်း၌ပင် ရေစက်မချရဲခြင်းသည် မိမိတို့လုပ်ဆောင်ခဲ့သော အကုသိုလ်ကံ မည်မျှကြီးမားကြောင်းကို တွေးကြည့်ရုံနှင့် သိသာနိုင်ပေသည်။

*

စာရေးသူသည် ရွှေနန်းတော်ကျောင်း သို့မဟုတ် ရွှေကျောင်းတော်၏ လေသာဝရန်တာ၌ ရပ်လျက် ကျောင်းတော်ကြီး၏ ခံ့ညားထည်ဝါလှသော သစ်ထွင်းပန်းပုလက်ရာများကို ကြည့်၍လည်းကောင်း၊ ကျောင်းတော်ကြီးဘေး ပတ်ဝန်းကျင်ရှိ သစ်ပင် ပန်းမာန်တို့ကို ကြည့်၍လည်းကောင်း၊ ကျောင်းတော်ကြီးနှင့် မလှမ်းမကမ်း၌ရှိသော ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်းကြီးအား ငေးမောကြည့်၍လည်းကောင်း ရွှေနန်းတော်ကျောင်းကြီးက ပြန်ပြောင်းဖော်ညွှန်းနေသော ကုန်းဘောင်မင်းဆက် နေဝင်ချိန်ကာလ သမိုင်းဖြစ်စဉ် ဖြစ်ရပ်များကို တွေးတော၍ သတိသံဝေဂ ရနေမိသည်။ စာရေးသူရသော သတိသံဝေဂကား . . .

"အာဏာရရှိရေး ကြိုးပမ်းခဲ့သူတို့၏ မကောင်းမှုကုသိုလ်ကံသည် နောင်တမလွန်ဘဝသို့ မကူးမီ ခံစားကြရပါတကား" ဟူ၍ပင်ဖြစ်ပြီး သီပေါမင်း ဆင်ဖြူမရှင် မိဖုရားကြီးတို့၏ ပုံရိပ်အား ရွှေနန်းတော်ကျောင်းကြီး၌ မြင်ယောင်နေမိပေသည်။

❐ တက္ကသိုလ်မျိုး

**ကျမ်းကိုးစာရင်း**

၁။ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) နောက်ခံသမိုင်းအကျဉ်း။
၂။ ရတနာပုံ နိဒါန်း၊ ၁၉၇၆ ဒဂုန်နတ်ရှင်။
၃။ မြန်မာ့ရက်စွဲစဉ်သမိုင်း ပထမတွဲ၊ ၂၀၀၉၊ သမိုင်းသုတေသီဦးစီးဌာန။
၄။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ ဦးမောင်မောင်တင်။
၅။ ရွှေနန်းတော်ကျောင်းနှင့် ပတ်သက်လို့၊ ဆူးငှက် စံတော်ချိန်သတင်းစာ (၂၀. ၈. ၂၀၁၃)
၆။ ကိုယ်တိုင် သုံးကြိမ်မြောက် သွားရောက်လေ့လာခြင်း။

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန် နိကာယ သမုဋ္ဌာပက မဟာနာယကာဓိပတိ
ပထမ ဝေဠုဝန်ဆရာတော်ဘုရားကြီးအိပ်ပုံတော်
(၁၂၂၇ ခုနှစ် – ၁၃၁၅ ခုနှစ်)

# ဝေဠုဝန်နိကာယဂိုဏ်းတည်ဆရာတော် ဘုရားကြီး

**ဓာတ်ပုံမောင်မောင်အေး**

ဝေဠုဝန်နိကာယဂိုဏ်းတည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍဝံသ သည် ၁၂၂၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁)ရက်၊ ကြာသပတေးနေ့တွင် ရှော ဘိုးတိုင်း၊ မြန်အောင်မြို့နယ် တံတား ကွင်းရွာနေ ခမည်းတော်ဦးရွှေကံ၊ မယ် တော်ဒေါ်ပိုင်တို့မှ မွေးဖွားသန့်စင်ခဲ့ပါ သည်။

၁၂၃၉ခုနှစ်၊ (၁၂)နှစ်သားတွင် တံတားကွင်းအရှေ့ ထူရွာ၊ ဣန္ဒသာရ တောရကျောင်းကြီးဆရာတော်ဦးတေဇ ကို ဥပဇ္ဈာယ်ပြုကာ မိဘများက သာ မဏေဘောင်အတွင်း သွတ်သွင်းခဲ့ပါ သည်။ ဆရာတော်ကြီးက သဒ္ဒါသင်္ဂြိုဟ် အဘိဓာန်၊ လင်္ကာ၊ ဆန်း စသော အခြေ ခံကျမ်းများ သင်ကြားပေးတော်မူပါ သည်။ ၁၂၄၇ ခု၊ သက်တော် (၂၀)တွင် ထို ဆရာတော်ဘုရားကြီးကို ပင် ဥပဇ္ဈာယ်ပြုတော်မူ၍ ကညင်ငူကျောင်း ခဏ္ဍာသိမ်တွင် မိဘများ၏ ပစ္စယနုဂ္ဂဟ ဖြင့် ရှင်ပဏ္ဍဝံသဘွဲ့အမည်မြတ်ကို ခံယူ တော်မူ၍ မြင့်မြတ်သော ရဟန်းဘဝ ရောက်ရှိတော်မူခဲ့ပါသည်။

ရဟန်းဘဝရောက်သောအခါ နေမင်းလမင်းများပမာ ထွန်းလင်း တောက်ပတော်မူကြသော ဗိုးလုံးဆရာ တော်ဘုရားကြီး၊ အုတ်ဖို ဆရာတော် ဘုရားကြီး၊ ရွှေကျင်ဆရာတော်ဘုရား ကြီး၊ သင်္ဂဇာဆရာတော်ဘုရားကြီးတို့ ၏ တပည့် မြန်အောင်မြို့ ဂူကိုးလုံးဆရာ တော်ဦးနန္ဒိယဆရာတော်ထံတွင် ဘ ညင်ငူကျောင်းဆရာတော်ဦးသြဘာသ၏ ချီးမြှောက်ထောက်ပံ့မှုဖြင့် သင်ရိုးပဋိ ကတ်နှင့် အဋ္ဌကထာများကို ပြီးဆုံး အောင် သင်ကြားဆည်းပူးလေ့လာ တော်မူခဲ့ပါသည်။

ထို့နောက် မန္တလေးမြို့ရှိ ဆူးခါး ဆရာတော်၊ မြို့ပြင်ကြီးဆရာတော်တို့ ထံတွင် နိကာယ်ငါးဖြာ ဓမ္မခန္ဓာများစွာ တို့ကို နှံ့နှံ့စပ်စပ် အထူးလေ့လာသင် ကြားခဲ့ပါသည်။ နေတ္တိနှင့် မူလဋီကာကို တစ်ဖက်ကမ်းခပ်တတ်ကျွမ်းတော်မူပါ သည်။ ပြည်မြို့ ပထမပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီးဦးနာရဒထံတော် ၌ အဘိဓမ္မာကျမ်းဂန်များ လေ့လာသင် ယူတော်မူခဲ့ပါသည်။

၁၂၅၇ ခု၊ ရဟန်းသိက္ခာ(၁၁)ဝါ နှင့် သုံးဆယ်မြို့မောင်းထောင်ထူပါရုံ ကိုက်တွင် ရဟန်းသာမဏေများအား ပေသင်ကြားပို့ချပေးတော်မူပါသည်။ ၁၂၅၉ တွင် ရန်ကုန်မြို့၊ ဗဟန်းသီလရှင် ဒေါ်နီ၏ အာရာမ်တွင် သုံးဆယ်မြို့မှ ကုန်သည်ကြီး ဦးပြုံးက ဝါးကျောင်းတစ် ဆောင်ဆောက်လုပ်လှူဒါန်းပါသည်။ ဝါးကျောင်းတွင် စာချစာသင်သီတင်းသုံး တော်မူသည်။

ထိုအကြောင်းပြု၍ ဝေဠုဝန် ဆရာတော်ဟု ထင်ရှားလာပါသည်။





www.burmeseclassic.com

www.burmeseclassic.com

၁၂၆၈ ခုမှ ၁၂၇၈ ခုအတွင်း မြန်အောင် ပုသိမ်၊ ရန်ကုန်၊ အင်းလျားနှင့် ကြည့်မြင်တိုင်၊ စမ်းချောင်းတို့တွင် ဝေဠုဝန်ကျောင်းများ တည်ထောင်၍ စာသင်သားများစွာကို ကိုယ်တိုင်ကိုယ်ကျ သင်ကြားပို့ချတော်မူပါသည်။

၁၂၈၁ ခုတွင် ဂိုဏ်းလုံးဆိုင်ရာ စာပြန်ပွဲကြီးကို မြန်အောင်မြို့နယ် ဘဲကြီးကုန်းအရှေ့ကျောင်းတိုက်၌ နယ်ပေါင်းစုံမှ သံဃာများ စည်းဝေးတိုင်ပင်ကြပြီး ကျိုက်ထိုမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော်ဦးဝိသုဒ္ဓအား ဦးစီးဥက္ကဋ္ဌ ပဓာန နာယကတင်မြှောက်တော်မူကြပါသည်။

ထို ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ၁၃၀၂ ခုနှစ်တွင် ဝေဠုဝန်ဂိုဏ်းတည်ဆရာတော်ကြီးအား ဒုတိယဂိုဏ်းချုပ်တင်မြှောက်ခဲ့ကြပါသည်။

၁၃၀၅ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်တွင် ဂိုဏ်းတည်ဆရာတော်ဘုရားကြီးဦးပဏ္ဍဝံသ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

❖



မြန်မာမင်းလက်ထက် ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ သာသနာပြု သာသနာပိုင် (သုဓမ္မာ) တောင်ခွင်ဆရာတော်ဘုရားကြီး၏ပုံတော်

(၁၂၀၆ ခုနှစ် – ၁၂၉၉ ခုနှစ်)

# သုဓမ္မာဂိုဏ်းတည် ဆရာတော်ဘုရားကြီးများ

ပုဂံခေတ်၏ အစအလယ်ပိုင်းများတွင် သာသနာရောင်ဝါ ထိန်လင်းပါသော်လည်း ပုဂံခေတ်ကုန်ခါနီးမှစ၍ သာသနာတော် မှေးမှိန်လာပြီး ရဟန်းတု ရဟန်းယောင်များပေါ်များ လာပါသည်။ အရည်းကြီး အဆက်အနွယ်များသည် သာသနာတော်ကို ညှိုးမှိန်အောင် လောကီပညာရပ်များကို အထူးလိုက်စားကြသည်။ ဒေါက်ချာဆောင်းခြင်း၊ တရပတ်ကိုင်ဆောင်ခြင်း၊ စစ်ပညာ၊ ကိုယ်ခံသိုင်းပညာများ သင်ကြားခြင်း ပြုလုပ်ခဲ့ကြပါသည်။ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် မိုးပြနရပတိမင်း၏ ဆရာတော် ရှင်တိသာသနဓဇ ဩဝါဒကြောင်း အမေ့ဝါဒီများ အခိုက်အတန့် ပျောက်ကွယ်ခဲ့ပါသည်။

နောက်ပိုင်းတွင် လေသာကျောင်းဆရာတော်မှ ဦးထုပ်ဒေါက်ချာ တရပတ်ဆောင်ကိုင်ရမည် မိန့်၍ ခင်ကြီးများ၏ အဓမ္မဝါဒများ ပြန်လည်ခေါင်းဆောင်လာပြန်သည်။ ဆရာတော်များ၏ ဩဝါဒများသည် မည်မျှထိ အရေးကြီးကြောင်း သာသနာ့သင်ခန်းစာယူသင့်ပေသည်။ သက္ကရာဇ် ၉၉၇ ခုနှစ်တွင် သာလွန်မင်းသည် ဟံသာဝတီ၌ ရာဇဘိသေက နှစ်ကြိမ်မြောက် ခံယူသောအခါ မြန်မာရဟန်းတော်များ စာပေကျမ်းဂန်တတ်ကျွမ်းမှုအားနည်းကြောင်း မွန်ရဟန်းရှင်လူများ ပြောသံကြား၍ လောကဓမ္မ တတ်ကျွမ်းသော ဆရာတော်သုံးပါးနှင့် မွန်ဆရာတော်များ သုဓမ္မာဇရပ်တွင် နှီးနှောဟောပြောစေပြီး မွန်ဆရာတော်များကို ကျေနပ်စေပါသည်။

သက္ကရာဇ် ၇၀၂ ခုနှစ် ပင်းယခေတ် ဥဇနာမင်းလက်ထက်မှစ၍ ကွဲပြားလာသော အရညဝါသီတောကျောင်းဂိုဏ်းနှင့် ဂါမဝါသီပွဲကျောင်းဂိုဏ်း (၂)ဂိုဏ်း အနက် အရညဝါသီတောကျောင်းဂိုဏ်းတွင် ရွာတွင်းသို့ ဝင်ထွက်သွားလာရာ၌ သင်္ကန်းရုံသင့်တင်သင့်နှင့် ပတ်သက်၍ သဘောထား





www.burmeseclassic.com

www.burmeseclassic.com

ထပ်မံကွဲပြားပြီး အရှုံဂိုဏ်း အတင်ဂိုဏ်းဟု ထပ်မံ ကွဲသွားကြပြန်ပါသည်။

အရှုံဂိုဏ်း အတင်ဂိုဏ်း အဓိတရုဏ်းကို မင်းအဆက်ဆက် သုဓမ္မာဇရပ်၌ ဆရာတော်များ ဖြေရှင်းခဲ့ကြပါသည်။ သာလွန်မင်းလက်ထက်မှစ၍ သာသနာရေးကိစ္စများ ဆောင်ရွက်သော အဆောက်အအုံကို တာဝတိံသာနတ်ပြည်မှ သိကြားမင်းဦးမာဃ၏ သုဓမ္မာဇရပ်အား တင်စားသည့်အနေဖြင့် သုဓမ္မာဇရပ်ဟု အမည်တပ်ခဲ့ကြပါသည်။ မင်းတုန်းမင်းလက်ထက် မတိုင်မီအထိ သုဓမ္မာဂိုဏ်းဟူ၍ မပေါ်ပေါက်သေးပါ။

သာသနာစိတ်ထက်သန်ပြင်းပြသော မင်းတုန်းမင်းလက်ထက်တွင် ရတနာပုံမြို့တည် နန်းတည်ရာ၌ သုဓမ္မာဇရပ်များကိုပါ တည်ဆောက်စေခဲ့ပါသည်။ သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကားစေရေးအတွက် သာသနာပိုင်ဆရာတော် သာသနာပြုဆရာတော်များကို ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူနိုင်စေရန် တင်မြှောက်တော်မူခဲ့ပါသည်။ သာသနာရေးကိစ္စအဝဝကို တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ဥပုသ်သီတင်းနေ့တိုင်း သာသနာပြုဆရာတော် (၈)ပါးသည် သုဓမ္မာဇရပ်သို့ ကြွရောက်ပြီး ညှိနှိုင်းဆောင်ရွက်ကြပါသည်။

သုဓမ္မာဇရပ်တွင် ဆုံးဖြတ်ရသည်ကို အစွဲပြု၍ သုဓမ္မာဆရာတော်များဟု ပညတ်တွင်ခေါ်ခဲ့ကြပါသည်။ သုဓမ္မာဆရာတော်များ စီရင်မှုအောက်တွင်ရှိသော တစ်နိုင်ငံလုံးမှ သံဃာများသည် သုဓမ္မာဂိုဏ်းဝင်များ ဖြစ်လာကြပြီး သုဓမ္မာဂိုဏ်းလည်း ထင်ထင်ရှားရှား ပေါ်ထွက်လာပါသည်။

မင်းတုန်းမင်းလက်ထက်တွင် သုဓမ္မာဆရာတော် (၈)ပါးသာရှိသော်လည်း သီပေါမင်းလက်ထက်တွင် ပေါင်းတော်ကူ၊ ကြေးသည်တုန်း၊ မောက်ကျိုး၊ မြို့သား၊ ရွှေပြည်၊ မိုးကောင်း၊ တောင်သမန်၊ အကောက်ဝန်၊ ဘေးမဲ့၊ ဒီပဲယင်း၊ သင်္ဂဇာနှင့် လက်ာရာမ ဆရာတော်ဟူ၍ သုဓမ္မာဆရာတော် (၁၂)ပါး ဖြစ်လာပါသည်။

သီပေါမင်းပါတော်မူပြီးနောက်တွင် သုဓမ္မာဆရာတော်များ အာဏာစက်အကူအညီမရ၍ ညှိုးမှိန်လာခဲ့ပါသည်။ ၁၂၆၅ ခုတွင် အင်္ဂလိပ်အစိုးရဒုတိယဘုရင်ခံချုပ် အိချ်ဘန်းမှ တောင်ခွင်ဆရာတော်အား ဝိသုဒ္ဓသီလ စာရသီရိပဝရဓရ ဓမ္မသေနာပတိ မဟာသံဃရာဇသာသနာပိုင်ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ၁၂၉၉ ခုနှစ်တွင် တောင်ခွင်သာသနာပိုင် ပျံလွန်တော်မူ၍ သုဓမ္မာသာသနာပိုင်ကိစ္စလည်း ချုပ်နားသွားပါတော့သည်။

❒ **စာတိပုံမောင်မောင်အေး**


**အဆင့်မြင့်လက္ခဏာပညာနှင့် နက္ခတ်ဗေဒင်ပညာရှင်**

**ဆရာမင်းသုန္ဒြ** (မန်းတက္ကသိုလ်)

B.Sc (Geology) H.G.P (သတ္တုတွင်း ဝန်ထမ်းဟောင်း)

ရာဇယုဂ်၊ မနယုဂ်ရ ရင်သွေးငယ် အမည်ပေးခြင်း၊ ခွဲစိတ် မွေးဖွားချိန် ရှာဖွေစစ်ဆေးပေးခြင်း၊ လက်ထပ်မည့် ဇာတာနှစ်စောင်အား စစ်ဆေးပေးခြင်းနှင့် ထန်ဗူးဇာတာ အမျိုးမျိုးဖွဲ့ပေးခြင်း၊ ဟောစာတမ်းရေးသားခြင်း၊ ငယ်ရွယ်သူတို့အတွက် လက်တွဲဖော်တို့၏အရည်အသွေး၊ စာရိတ္တများ ဖော်ပြပေးပါသည်။ ကံမြင့်ယတြာအစီအရင်နှင့် ပစ္စုပ္ပန် ယခုဘဝ၌ မည်မျှအထိ အိမ်၊ ခြံ၊ မြေ၊ ကား၊ ဆိုင်ခန်း အခြေချပစ္စည်းများ ပိုင်ဆိုင်ခွင့်ရမလဲ၊ ပြည်တွင်းမှာ ကြီးပွားခွင့် ရှိ,မရှိနှင့် ပြည်ပမှာ စီးပွားရှာရန် သင့်, မသင့်နှင့် ငယ်ရွယ်သူ စာသင်ကျောင်းသား/ကျောင်းသူများ မိမိဘယ်အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ကိုက်ညီ, မကိုက်ညီများကို လမ်းညွှန်အကြံပြုပေးနေပါသည်။ သင်တန်းပို့ချသည်။

ဂျပန်နိုင်ငံ Tokyo မြို့ Takadanobaba ရပ်မှာ (၅)နှစ်နှင့် ပြည်တွင်းဟောပြောသက် (၁၀)နှစ် ရှိခဲ့ပါသည်။ ကြိုတင်ဖုန်းဆက်ပါ၊ ရုံးခန်းဖွင့်ချိန် နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ၊ လပြည့်/လကွယ် နားသည်။

(ဃ) လိပ်စာ — အခန်း (၂)၊ မဟာဝိဇယဘုရား မြောက်ဘက်မုခ် (တံတားထိပ်)၊ ရန်ကုန်

ဖုန်း → အိမ် - ၀၁- ၂၉၆၁၈၄၊ ဟောခန်း → ၀၉-၇၃၂၃၄၆၂၄

(www.bornchildmyanmar.bravec host.com (Pag.7)

www.burmeseclassic.com



(ယခင်လမှအဆက်)

နံနက်ဈေးတာစော အိပ်ရာမှ နိုးကြ၏။ ခါတိုင်းထက်တော့ နောက်ကျပြီးမှ နိုးလေသည်။ မုန့်ပဲသရေစာ လက်ဖက်ရည် စသည်များဖြင့် ကျွန်ုပ်အား ဧည့်ခံထား၏။

ကျွန်ုပ်သည်ကား ဆေးလိပ် အသောက်နည်းပြီး တစ်ခါတစ်ရံ လုံးလုံး မသောက်ဖြစ်ပါ။ ဘာဆေးလိပ်ဘူး ဘာဆေးလိပ်တွေ့တွေ့ သွားရည်မကျ။ သူ့ဒုက္ခနဲ့သူ ဆိုရလျှင် ကွမ်းယာသာ အကြိုက်ဆုံး။ 'ယာကွမ်း'ထက် ကိုယ့်ဟာကိုယ် ကွမ်းအစ်ဖြင့် လိုသလို စားသုံးခြင်းကို သဘောကျ၏။

ဒီအတွက် ကိုစံနိုင်က ကွမ်းယာပစ္စည်းပစ္စယ ထွေ... ဝယ်နေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်၊ မုန့်များ သုံးဆောင်ပြီးနောက် 'ကွမ်း' ကို စောင့်နေရာမှ လမ်းမဘက်သို့ မျှော်ကြည့်နေမိ၏။

ကားတစ်စီး ထိုးရပ်၏။ ကိုမောင် မောင်နှင့် ကိုဘုန်းကြွယ်တို့ ဖြစ်၏။ ကိုမောင်မောင်က နှုတ်ဆက်လိုက်၏။

"ဆရာ ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်နော်"

ကြားလိုက်ရတဲ့ စကားကို ဖြေဖို့ စဉ်းစား၏။ တိုတိုနဲ့ ဆိုရင် ကောင်းမည်။ အတွန့်အတက်နဲ့ဖြေရင် ဇာတ်လမ်းတွေ ရှည်မှာ သေချာ၏။

ဒါနဲ့. . .

"ပျော်ပါတယ်ကွယ်၊ ခုမှ နိုးရုံပဲ ရှိသေးတယ်၊ အိပ်ရာနိုးတာ မကြာသေးပါဘူး"

"မနေ့က တစ်မနက်လုံး ဆရာ အတော်ပင်ပန်းသွားတာပဲ" ဟု ကိုဘုန်းကြွယ်က ထောက်လိုက်၏။

ကျွန်ုပ် ကျိတ်ပြီး ဝမ်းထဲက ပြုံးမိ၏။ ဘာမှဆက်မပြော၊ အသာကလေး နေလိုက်၏။

"ဆရာ့မှာ ဘာအစီအစဉ် ရှိသေးသလဲ"

ကိုမောင်မောင်က မေး၏။

"အေးကွာ မောင်စံနိုင်တို့အတွက် ကိစ္စဝိစ္စလေး တိုင်ပင်မယ်ဆိုလား"

"ဒါဆို ဖြစ်ပါတယ်၊ သူတို့က လူရင်းတွေပဲ၊ နေ့လယ်လောက်ဆို ရပါတယ်၊ သူတို့ကို တောင်းပန်ရတော့မှာပဲ၊ အခု ကြားပေါက်ကိစ္စ တစ်ခု ပေါ်လာလို့ " ဟု ကိုမောင်မောင်က စကားစလိုက်ပြီး ကိုဘုန်းကြွယ်ဘက်သို့ မျက်နှာအရိပ်အကဲ ပြလိုက်၏။ သဘောကတော့ ကိုဘုန်းကြွယ်ကို ဆက်ပြောဖို့ တာဝန်ပေးလိုက်တာ ဖြစ်၏။

"ဆရာရယ် ဒီလိုပါ၊ အခု ကျွန်တော်တို့သွားရမှာက ပြည်အဝင် (နမယ်) ဘက်သွားရမှာ၊ ကျွန်တော့်မိတ်ဆွေကိစ္စကတော့ ဟိုကျမှသူပြောမှာပါ၊ ကျွန်တော်မနေ့က ဒီကအပြန် ကျွန်တော်နဲ့ တွေ့လို့ အကျိုးအကြောင်း ပြောပြတော့ ဆရာနဲ့ တွေ့လိုကြောင်း တောင်းပန်တယ်၊ ဒါနဲ့ ကျွန်တော်လဲ အရဲစွန့်ပြီး ဆရာ့ကို အားကိုးတကြီးနဲ့ လာပြောရတာ၊ မအောင်မြင်မှာစိုးလို့ ကိုမောင်မောင်ကိုပါ ခေါ်လာရတာ"

ကျွန်ုပ်သည် ကိုဘုန်းကြွယ်၏ စကားသံကို ပြီးဆုံးအောင် နားထောင်လိုက်ပြီး ကိုစံနိုင်ပြန်လာမှ ညှိနှိုင်းလုပ်ရန် ဆန္ဒရှိ၏။

"အေးကွာ၊ကိုစံနိုင်ကို စောင့်ဦးကွာ၊ သူက အိမ်ရှင်၊ ဒါထက် နမယ်ဆိုတာ 'လေးကျွန်းဆီမီးတောင်တော်'နဲ့ မဝေးဘူးနော် ဟုတ်လား"

"ဟုတ်တာပေါ့ ဆရာ၊ ကပ်နေတာပါပဲ"

နှစ်ယောက်စလုံးက ပြောကြ၏။

"ဒါဆို သွားဖြစ်မယ် ဆိုရင် ဆရာ့ကို အဲဒီတောင် ချင်လိုက်ပို့၊ လုပ်စရာရှိလို့"

"ဖြစ်ပါတယ်" ဟု ကိုဘုန်းကြွယ်က ဝန်ခံ၏။

မကြာမီ ကိုစံနိုင် ရောက်လာသဖြင့် ညှိနှိုင်းပြောဆိုကြပြီးနောက် ကျွန်ုပ်သည် ကိုမောင်မောင်၊ ကိုဘုန်းကြွယ်တို့နှင့် လိုက်သွားရ၏။

သူတို့ ကတိအတိုင်း ကျွန်ုပ်အား လေးကျွန်းဆီမီးတောင်တော်သို့ လိုက်ပို့၏။ ဤတောင်တော်ကား တခြားမဟုတ်။ ဤနေရာတွင် ကျွန်ုပ်၏ ဖခင် ဆရာ ရှင်ရသေ့ (ဦးဇနဝ)၏ နှစ်ရှည်မူတင် ကျင့်သွားသောနေရာ ဖြစ်၏။ ဤဆရာတော် ရှင်ရသေ့၏ ပညာရပ်များကို ကျွန်ုပ်၏ဖခင်က ရခဲ့၏။ ထိုမှတစ်ဆင့် ကျွန်ုပ်ကား အစအန နည်းနည်းသာ ရလိုက်၏။

၁၉၆၀ ပြည့်နှစ်လောက်က ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရ၏။ ထို ရှင်ရသေ့မှာ သက်သတ်လွတ် ဓူတင်မှ ကျော်ပြီး မီးလွတ်၊ မီးလွတ်မှ တစ်ဆင့် ရေသက်သက် ဓူတင်ကျင့်နေရာမှ အကျင့်လွန်ပြီး ဘဝကူးပြောင်းသွား၏။

ကျွန်ုပ် မှတ်မိသလောက်မှာ ထိုရှင်ရသေ့သည် ပျံလွန်တော်မမူခင်က ဖြစ်၏။ ယခုလက်ရှိ ဆယ်ထပ်ကြီးဘုရား (ပြည်လုံးချမ်းသာဘုရားရှင်) ၏လက်ရှိ မျက်လုံးတော် တစ်စုံကို အသစ်တင်တော်မူရာ အခန်းကဏ္ဍတွင် ပါဝင်ခဲ့၏။

ပါဝင်မှုပုံမှာ. . .

ပြည်မြို့ လက်ရှိ မာန်အောင်ဆရာတော်ဘုရားကြီး အရှင်ဝိဇ္ဇာဗလက အသစ်တင်တော်မူမည့် လက်ယာဘက် မျက်လုံးတော်ကို လည်းကောင်း၊ ရှင်ရသေ့က လက်ဝဲဘက် မျက်လုံးတော်ကို လည်းကောင်း အထူး အာရုံပြုလျက် တင်တော်မူခဲ့ရလေသည်။

အဲဒီအချိန်တွင် ကျွန်ုပ်က ငယ်သေး၍ သေသေချာချာ မမှတ်မိခဲ့ပေ။ ရှင်ရသေ့သည် နက္ခတ်၊ ဇာတာ၊ ဆေးအတတ်က စပြီး သူ့ခေတ်နှင့် သူ့အခါ အတော်ထက်မြက်ခဲ့၏။ ကျွန်ုပ်အား ပညာတော့ မပေး၊ တွေ့လျှင် ရှင်ရသေ့က ကျွန်ုပ်အား ခေါင်းကိုကိုင်၍ မန်းမှုတ်ပေး၏။ ဒါကိုတော့ မှတ်မိ၏။

ဤအဖြစ်အပျက် အသေးစိတ်ကို ကိုမောင်မောင်နှင့် ကိုဘုန်းကြွယ်တို့အား ပြန်လည်ပြောပြလေရာ သူတို့ကလည်း စိတ်ဝင်စားကြ၏။

ကျွန်ုပ်သည် လေးကျွန်းဆီမီးကုန်းတောင်ပေါ်သို့ ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဦးချလျက် ဆရာရသေ့ ဓူတင်ကျင့်သော ဂူ၊ လိုဏ်ဂူများရှိရာ သွားပြီး ထိုဂူများကို ဆရာသခင်ရှိသည့်အလား ဝတ်ပြုလိုက်၏။ တချို့ဂူများပင်လျှင် မရှိတော့ချေ။

ကျွန်ုပ် စိတ်မကောင်းခြင်းများစွာ ဖြစ်လာရ၏။ လွန်ခဲ့တဲ့ အနှစ် (၅၀)ကျော်ကျော်က ဤနေရာတွင် ရောက်လျှင် ကျွန်ုပ်၏အဖေရယ်၊ အမေရယ်၊ ကျွန်ုပ်ရယ် ဆုံစည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com

သောနေရာ၊ ဆုံစည်းပြီး ဆရာရသေ့ကို ဦးခိုက်သောနေရာ။ ယခုကား ကျွန်ုပ်တစ်ဦးတည်းသာ ဖြစ်၍ လူသား သဘာဝ အထူးတုန်လှုပ်ခဲ့ပါ၏။ အားလုံးပြီးစီး၍ ဝတ်ပြု ပြန်ထွက်ကြ၏။

"ကိုမောင်မောင်. . အစီအစဉ်ထဲမှာတော့ မပါဘူးဗျာ၊ ဆရာ့ကို ကူညီပါဦး၊ သိပ်တော့ မဝေးတော့ပါဘူးဗျာ၊ ရွှေတောင် မရောက်ပါဘူး၊ 'ဘယ်လက်'ရွာဘက် သွားချင်တယ်ဗျာ"

"မဝေးပါဘူး. . လိုက်ပို့ပါ့မယ်"

ပြိုင်တူပင် သဘောတူကြ၏။

ဘယ်လက်ရွာ အနောက်ထိပ်တွင် တစ်ချိန်တုန်းက ကျွန်ုပ်ရဲ့ဖခင်၏ဆရာ ဆရာတော် ရှင်ရေဝတကျောင်း တောရကျောင်းတစ်ကျောင်း ရှိခဲ့၏။ ယခုတော့ မရှိတော့ပါ။ ရောက်သွား၍ ကြည့်သောအခါ ပတ်ဝန်းကျင်မှာ ထူးခြားပြောင်းလဲနေ၍ မှတ်မိရုံ ရေးတေးတေးသာ ရှိ၏။

ကျွန်ုပ်သည် ရွာထဲသို့ မဝင်တော့ဘဲ ကားလမ်းပေါ်ကပင် ရွာဘက်ဦးတိုက်လျက် အရိုအသေပြုခဲ့၏။ အဖေ့ဆရာများသည် ကျွန်ုပ်၏ ကျေးဇူးရှင်များပင် ဖြစ်၏။

ကျွန်ုပ် ဤကဲ့သို့ အခြေအနေတွင် ရပ်တည်နေရခြင်းသည်လည်း ထိုထိုသော အဖေ၏ ဆရာများ၊ အဖေအမေတို့ကြောင့် ဖြစ်၏။ ဘယ်သူက ငြင်းလို့ မရပါပေ။ ဤဆရာတော် အရှင်ရေဝတအကြောင်းကိုလည်း ပါလာသူ နှစ်ဦးအား အသေးစိတ်ရှင်းပြရာ သူတို့လည်း အတော်အံ့သြနေကြ၏။

ကျွန်ုပ် ကိစ္စအားလုံး ပြီးသွားပြီ။

ဒါကြောင့် ကိုဘုန်းကြွယ် ခေါ်ရာနောက်သို့ ကားဖြင့် လိုက်ပါသွားလေ၏။ ကားပေါ်မှာ ထိုင်လိုက်နေစဉ် ကတည်းက ကျွန်ုပ်သည် ထုံးစံအတိုင်း လိုအပ်သောလက်နက် ကိရိယာ တန်ဆာပလာ၊ အဝေးကြည့်မှန်ပြောင်း၊ ရေဒါ စသည်တို့ကို အဆင်သင့် စီစဉ်ပြီး ဖြစ်၏။

ထို့ပြင် ကားကလေးသည် အိမ်ရှေ့ထိုးရပ်လိုက်ကတည်းက အိမ်၏အနေအထား၊ ပတ်ဝန်းကျင် စသည့် မြင်နိုင်သမျှတို့ကို စိတ်ကို စေစားပြီး သတိဖြင့် အကဲခတ်လိုက်သည်။ ကားပေါ်မှ ဆင်းလိုက်၏။ အတော် ကြည့်ရှု၍ကောင်းသော အိမ်ကြီး ဖြစ်၏။ အဆင့်အတန်းမီမီ ဖြစ်၏။ အလုပ်ကြီး အကိုင်ကြီးတစ်ခုကြောင့် အဆင်ပြေခဲ့သော ပုဂ္ဂိုလ် မိသားစု ဖြစ်ရမည်ဟု ခန့်မှန်းထား၏။


သားသားနားနား အိမ်ရှင်ဇနီးမောင်နှံဟု ထင်ရသူ နှစ်ဦးက လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပြီး ကျွန်ုပ်တို့အဖွဲ့အား အမွှန်အမြတ်နေရာတွင် ဧည့်ခံကြ၏။

ကျွန်ုပ်၏ 'မသိစိတ်' တို့သည် ကြည်ကြည်လင်လင် မရှိလှ။ တစ်ခုခုတော့ ဖြစ်နိုင်၏။ အာရုံ နောက်ကျိနေသလို ခံစားရ၏။

"ကျွန်တော်က ကိုထွန်းမြင့်ပါ၊ ဒီက ကျွန်တော့်ဇနီး ဒေါ်ခင်ခင်မျိုး ဖြစ်ပါတယ်" ဟု အိမ်ရှင်က မိတ်ဆက်လာ၏။

စနေနေ့ ဘောမအခါကြီး ဖြစ်လျက် စနေ နဝင်းစီး နေတာ တစ်ချက်နှင့် တနင်္လာအခိုက် ဖြစ်နေ၏။ စနေ၏ သဘောအရ ထင်ပေါ်ကျော်ကြားမှုကို ဖော်ညွှန်းသကဲ့သို့ ကြာ၏ သဘောအရ ငွေကြေးတို့သည် မသန့်ခြင်း၊ အင်္ဂါ၏ သဘောအရ နံတော်ကိန်းအရ အားမကိုးရ၊ ကိုထွန်းမြင့်ဟု ခေါ်ကတည်းက အပြင် အာယုကပ် ဇောက်ထိုးဖြစ်လျက် ဒေါ်ခင်ခင်မျိုးကား အခိုက်မှာ ရှိ၏။

တစ်ဖန် ကိုထွန်းမြင့် စနေတိုင်ကို ဒေါ်ခင်ခင်မျိုးက ရိုက်ချိုးထား၏။ သာစည်ကြီး ဇောက်ထိုးဖြစ်နေ၏။ ဒေါ်ခင်ခင်မျိုးကိုလည်း ကိုထွန်းမြင့်က အတွင်းအာယုကပ် ဇောက်ထိုးဖြင့် သူတို့လင်မယား ဘဝကို သရုပ်ဖော်ထား၏။




အထက်ပါ သူတို့လင်မယား ဇာတ်လမ်းကို ကြည့်ပါက ဇာတ်လမ်းကြီးကတော့ စင်းစင်းလေး ဖြစ်နေပါ၏။ ဟောရမည့် ဆိုးကွက်တွေ များမြောင်လှချေ၏။ သတိထားကြည့်ရမှာက တန်းကပ်မှာရှိတဲ့ ဗုဒ္ဓဟူးနဲ့ နိစ်ပြကြီး (၆-၂) တို့ ဖြစ်လေ၏။

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်ကို ယုံကြည်အားကိုးလို့ ခွေးနွေးတာကိုပဲ ကျေးဇူးတင် ဝမ်းမြောက်လှပါတယ်ဗျာ၊ သိသလောက် နယ်ပယ်က အဓိပ္ပာယ်ရှိရှိ စကားများနဲ့ပဲ ပြောသွားပါ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ မွေးသက္ကရာဇ်များ၊ နာမည်များ၊ နေ့နံများကို ပြောရာ ကျွန်ုပ်သည် စာမျက်နှာ နှစ်မျက်နှာတွင် တစ်ဦးစီ အတွက် ရေးသားမှတ်နေ၏။ စိတ်ထဲတွင် မှတ်သာမှတ် နေရ၏။

ဘာကြောင့်ဆိုသော် အထက်ပါ သူတို့ မမြင်သော သူတို့၏ သတင်းအချက်အလက်များက ဤဟောပြောသော ဒိုင်းတွင် နေရာယူပြီး ဖြစ်ပေသည်။ ဘယ်အချက်က စပြီး ဟောရမလဲ ဆိုပြီးစဉ်းစားနေ၏။ ဘယ်အချက်က ဖြစ်ဖြစ် သူတို့အတွက်တော့ အခြေအနေက မကောင်းလှချေ။

"ကိုထွန်းမြင့်၊ ကျွန်တော် မသွယ်မဝိုက်ဘဲ ဖြစ်နိုင် တာတွေကစပြီး တစ်လုံးချင်း ပြောမယ်ဗျာ၊ ဒီလိုဗျာ၊ ကိုထွန်း မြင့်မှာ ဟန်ပဲရှိတော့တယ်၊ ငွေကြေးခန ပိုင်ဆိုင်မှုတွေဟာလဲ မဖြူတဲ့သဘောပြုပြီး ခုမြင်နေရတဲ့ အဆောက်အအုံတွေဟာ လက်ရှိလုပ်ငန်းက မဟုတ်ဘူး။ ယခင် လုပ်ငန်းတစ်ခုက အကျိုးအမြတ်နဲ့ အခြေတည်ထားတာ၊ ယခုဆိုရင် တည်မြဲမယ် ထင်နေတဲ့ ယူဆထားတဲ့ အတွင်းပစ္စည်းများဟာလဲ ပွဲနေပြီ၊ လျော့လာပြီ၊ လူ. . လူယုံကြောင့် အများကြီး ပျောက်ပျက် တုန်ပြီဗျာ"

"ဟုတ်ပါတယ်ဆရာ လူယုံကြောင့် ဒုက္ခဖြစ်တာပါပဲ၊ ဒီလုပ်ငန်း မတိုင်ခင်က ဒီမြင်နေရတာတွေကို အခြေစိုက် ထားတာပဲ၊ ဟို အလုပ်တုန်းက တော်တော်အောင်မြင်တယ်"

"ဟုတ်ပါတယ်၊ ဆရာပြောတာ တစ်ခုက မဖြူသော ငွေကြေးခန ဆိုတာက ဘာလဲ ဆရာ"

ကိုထွန်းမြင့်၏ အသံ ဖြစ်၏။

"ဒီလိုဗျာ ပထမလုပ်ငန်းက ဖြူစင်သမျှာအာစိဝကျပြီး အဆိုးရိပ် တက်လာခဲ့တယ်၊ ဒုတိယ လုပ်ငန်းကျတော့ ခင်ဗျား တို့ ဘာလုပ်သလဲတော့ မသိဘူးဗျာ၊ လုပ်ငန်းက တစ်မျိုးကြီး ဖြစ်နေတယ်ဗျာ၊ အဲဒီ မဖြူတဲ့ လုပ်ငန်းကရတဲ့ ငွေတွေအတွက် ဒုက္ခတွေ ဖြစ်နေတယ်၊ အရင်ရထားတဲ့ ငွေကြေး၊ ပစ္စည်းနေ ထိုင် ငြိမ်းခြောက်မောင်းထုတ်နေတယ်လို့ ဆိုချင်တာပါဗျာ"

ကိုထွန်းမြင့်နှင့် ဇနီးမောင်နှံအပါအဝင် ကျွန်ုပ်နှင့် ပါလာသူနှစ်ဦးပင် သဘောပေါက်နေ၏။

သို့သော် ကျွန်ုပ်အနေနှင့် ဒုတိယ လက်ရှိလုပ်ငန်းက ဘာမှန်းမသိ၊ မဖြူတာကိုတော့ သိ၏။

ဒီတော့ ကိုဘုန်းကြွယ်က ဝင်၍ထောက်၏။

"ဆရာ. . ဒီလိုပါ ဆရာ၊ ပထမလုပ်ငန်းကတော့ အဆောက်အအုံဆောက်တဲ့ လုပ်ငန်းကန်ထရိုက်ကို ကျောက် တို့ သဲတို့ ပေးသွင်းတဲ့ကန်ထရိုက် လုပ်ငန်းခဲ့ပေါ့ဗျာ၊ တစ်ပိုင် တစ်နိုင် လုပ်ခဲ့တာ၊ လုပ်ရင်းလုပ်ရင်းနဲ့ တစ်စတစ်စ အောင်မြင် လာတယ်။

အဲဒီကနေ လုပ်ငန်းတူတွေ ပါလာတော့ လုပ်ငန်း လွှဲမယ်ဆိုပြီး ငွေအင်အားရှိနေတုန်း ကန်ထရိုက်လုပ်ငန်း လုပ်လိုက်တာပါပဲ၊ အဲဒီလိုလုပ်ရင်းနဲ့ ဆရာပြောတဲ့ပုံစံဝင်လာ တာပါပဲ"

*(ဒုတိယ ကန်ထရိုက် လုပ်ငန်းကို ဖော်ပြခွင့် မပြုပါ ရစေနှင့်။ အကုသိုလ် မကင်းဘူးလို့ပဲ မှတ်ကြပါ။)*

ကိုထွန်းမြင့်တို့ ဇနီးမောင်နှံက ကိုဘုန်းကြွယ်၏ စကားများ မှန်ကန်ကြောင်း အမူအရာဖြင့် ဝန်ခံလေသည်။ သို့သော် ကျွန်ုပ်အတွက် ဝန်လေးမှုတစ်ခု ရှိနေရာ တွေးတော ရကျပ်နေ၏။

ကျွန်ုပ်ထံက သူတို့သည် တိုကိုတုတ်တုတ်နှင့် ယကြာ အစီအစဉ်ကို ငံ့လင့်စောင့်စားနေခြင်း ဖြစ်၏။ သူတို့ နားဝင် ဆုံအောင် ပြောရတော့မှာ ဖြစ်၏။

"ဒီမယ်ဗျာ. . ကိုထွန်းမြင့်တို့ ဘာဆိုလိုတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီးသားပါ၊ ကိုထွန်းမြင့်တို့ ရပ်တည် ချက်ပြန်ကောင်းရန် လိုအပ်နေပြီ မဟုတ်ပါလား၊ ကျွန်တော့် ဘက်က ဖြည့်စွက်ရမယ့်သူ ဖြစ်နေပါတယ်၊ ဘယ်လိုမှ သဘောမထားဘူးဆိုရင် ကျွန်တော် ရှင်းပြပါ့မယ်"

"ရှင်းပြပါ ဆရာ၊ ကျွန်တော်တို့ လက်ခံ နားလည် လွယ်တတ်ပါတယ်"

"ကျွန်တော်တို့ သင်ယူတတ်မြောက်ထားတဲ့ ပညာရပ် တွေရဲ့သဘောဟာ ရွှေခွက်မှာ ကျိန်းအောင်းမှ ပိုပြီးတင့်တယ် တယ်၊ သဘာဝကျတယ်၊ ထက်မြက်တယ်ပေါ့ဗျာ၊ အခု အခြေအနေအရ ကိုထွန်းမြင့်တို့ရဲ့ လက်ရှိလုပ်ငန်းအတွက် ကျွန်တော်တို့ သင်ယူထားတဲ့ ပညာနဲ့ ဖန်တီးလိုက်မယ်၊ ပြုပြင် လိုက်မယ်ဆိုရင် ကျွန်တော်တို့ ပညာရပ်ကို အထူး အားနာ စရာကောင်းတယ်ဗျာ၊ ပညာရှင်ကြီးတွေရဲ့ ဆန္ဒနဲ့ ညီညွတ်မှာ မဟုတ်ဘူး၊ မလျော်ကန်ဘူး၊ သဘောပေါက်တယ်နော်"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော်ပထမ မစဉ်းစားမိဘူး၊ ဆရာပြောမှ သဘောပေါက်လာပါတယ်"

ကိုဘုန်းကြွယ်က အကင်းပါးပါးနှင့် ဝင်၍ထောက် တာဖြစ်၏။

"ကျွန်တော် ဆက်ရှင်းဦးမယ်ဗျာ၊ ခင်ဗျားတို့ကျတော့ လုပ်မပေး၊ ဘယ်သူ့ကျတော့ လုပ်မပေးဆိုတာ မြင်မှာစိုးလို့ပဲ၊ ကျွန်တော့်အတွက်တောင် ကျွန်တော် မလုပ်ဘူး"

"ဗျာ. . ."

ကိုမောင်မောင်၏ အံ့သြသံ ဖြစ်၏။

"ကျွန်တော် မေးမယ်၊ ကျွန်တော် အခု လုပ်နေတဲ့ ဟောပြောနေတဲ့ လုပ်ငန်းဟာ အကောင်းလား၊ အဖြူလား၊ အမည်းလားပေါ့ဗျာ"

"ကုသိုလ်ရတဲ့ လုပ်ငန်း၊ သာသနာပြုတဲ့ လုပ်ငန်းပေါ့"

ဒေါ်ခင်ခင်မိုးက ငြိမ်နေရာက ဝင်ပြော၏။

"ဒီလောက်လဲ သာသနာပြုနိုင်တဲ့ အဆင့်အထိ မထွန်းပေါက်သေးပါဘူးဗျာ ဒေါ်ခင်ခင်မိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်အတွက် ကိုယ်ဘာလို့မလုပ်တာလဲ၊ ကျွန်တော် နားမလည်ဘူး"

ဟု ကိုဘုန်းကြွယ် စိတ်ဝင်တစား မေးလိုက်၏။

"ဒီလိုလေဗျာ၊ ကျွန်တော်ရဲ့ ဟောပြောရေးလုပ်ငန်း အောင်မြင်ဖို့နဲ့ စီရင်ညွှန်ကြားတဲ့ ယတြာတွေ အောင်မြင်ဖို့ ကျန်းမာရေးကောင်းပြီး အန္တရာယ်ကင်းဖို့ အသက်ရှည်ဖို့ ကတော့ မလွဲမသွေ ဗုဒ္ဓယတြာအထိ လုပ်တာပေါ့ဗျာ၊ မလုပ်တာက ဘာလဲ သိလား"

"စိတ်ဝင်စားလာပြီ ဆရာ၊ ဆရာက တစ်မျိုးပဲနော်"

"ဆက်ပြောရရင်တော့ ကျွန်တော် မလုပ်တာက ဘာလဲဆိုတော့ ကျွန်တော့်ဆီ လူလာမှ လာဘ်ဝင်မယ်၊ အဓိက ဒီအဓိက ဖြစ်တဲ့ လူလာဖို့ လာဘ်ဝင်ဖို့ ကျွန်တော် ဓာတ်မဆင်ဘူး၊ လာချင်လာ မလာချင်နေ၊ ဘာကြောင့်လဲ ဆိုတော့ လာဘ်ဝင်ဖို့ လူဝင်အောင် ဓာတ်ဆင်၊ ဓာတ်ဆင်တော့ လူဝင်လာ၊ အဲဒီ လူတွေက ရှင်းရှင်းပြောရရင် ကျပ်ဆီ အပျော်တမ်းဗေဒင် လာမမေးဘူး။

သူတို့လာကြတာက ပြဿနာတစ်ခုခုရှိလို့ လာတာ၊ အဲဒီ ပါလာတဲ့ပြဿနာကို ပြေလည်ဖို့ အကူအညီ လာတောင်းကြတာ၊ ဒီတော့ ကျွန်တော်က လူဝင်အောင် ဓာတ်ဆင်ရင် လူတွေ ပြဿနာတွေ ပိုက်ပြီးတော့ လာပါစေလို့ စေတနာထားရာ ရောက်တယ်၊ ဒီစေတနာမျိုးနဲ့ ဝင်လာတဲ့ လာဘ်လာဘဟာ ကျွန်တော့်အတွက် မြိန်ရေရှက်ရေ စားသင့်သလား၊ မစားသင့်သလားဆိုတာ။

ပြီးတော့ ကျွန်တော် တစ်ယောက်တည်း စားတာ မဟုတ်ဘူး၊ ကျွန်တော့် မိသားစုလဲ စားတာ၊ ဒီတော့ မိသားစု တစ်ခုလုံး ခေါင်းစင်းခံပြီး အပါယ်သွားရမှာလား။ တစ်ဘဝ ကြည့်မလား၊ သံသရာ ကြည့်မလား၊ တဖြည်းဖြည်း တွေးမှ တရေးရေး ပေါ်လာတယ်နော်၊ ဟုတ်လား"

သူတို့အားလုံး ငြိမ်ပြီး မှင်တက်မိသလို စဉ်းစားပြီး တအံ့တသြ ဖြစ်နေကြ၏။ ကိုထွန်းမြင့်အတွက် ဘယ်လို ကူညီရမယ်ဆိုတာကို ပြောလိုက်ရင် သူတို့ သဘောပေါက်လွယ်မှာ ဖြစ်လေပြီ။

"ဒါကြောင့် ကိုထွန်းမြင့်ရယ်၊ ခင်ဗျားကို မေးပြီးအဖြေရမှ ကူညီသင့်တာ ကူညီမယ်ဗျာ၊ ဘယ့်နှယ်လဲ"

"မေးပါဆရာ. . မေးပါ"

"ဒီလုပ်ငန်းကြီးကို ခင်ဗျား မစွန့်ချင်ဘူးလားဗျာ၊ သံယောဇဉ် မဖြတ်ချင်ဘူးလားဗျာ"

"ဟာ. . . ကျွန်တော်လဲ အဲဒါကို နည်းနည်းစိတ်လည်နေတာ၊ တဖြည်းဖြည်း လုပ်ရင်းကိုင်ရင်းနဲ့ သဘောနည်းနည်းပေါက်နေသလားလို့ဗျာ"

"ဒါဆို လွယ်ပြီ၊ ခင်ဗျားကို အစီအရင်ပေးမယ်၊ စိတ်စေတနာက ဘယ်လိုထားရမလဲဆိုတော့ လက်ရှိလုပ်ငန်း အမြန်စွန့်လွှတ်ရပြီး လုပ်ငန်းအသစ်တစ်ခု မြန်မြန်လက်ဝယ်ရပါစေလို့ ရည်မှန်းရမယ်၊ ဒီရည်မှန်းချက်နဲ့ ယတြာစီရင်ရင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက သာဓု ခေါ်ပြီး ခင်ဗျားကို ကူညီလိမ့်မယ်၊ ယုံယုံကြည်ကြည် လုပ်ဖို့က အဓိက အချက်ပဲ၊ ဘယ်လိုလဲ ကိုထွန်းမြင့် မခင်ခင်မျိုးလဲ သဘောတူသလားဗျာ"

"ကျွန်မလဲ ကိုထွန်းမြင့် ပြောသလိုပါပဲ၊ ကျွန်မတို့ လင်မယားလဲ အဲဒီလို လုပ်ငန်းပြောင်းချင်တဲ့ ကိစ္စတွေကို ခဏခဏတော့ ပြောကြသေးတယ်၊ ဒါပေမယ့် ဆက်မစဉ်းစား၊ မကြိုးစားတော့ဘူး၊ ဆရာပြောမှ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မတို့ စိတ်လည်လာတယ်၊ အလုပ်သစ် တစ်ခုခု တိုက်ဆိုင်လာရင်တော့ အကောင်းဆုံးပဲ သဘောတူပါတယ်"

"ဒါဆိုဗျာ၊ ကျွန်တော်ပြောမယ့် အစီအစဉ်တွေကတော့ ကိုထွန်းမြင့်တို့လင်မယား ကိုယ်တိုင် စိတ်ရှည်ရှည် ရက်ရှည်ရှည် ဖွဲကောင်းကောင်းနဲ့ လုပ်ရမှာပဲနော်၊ ကဲ၊ ရေးမှတ်ဗျာ ကိုထွန်းမြင့်"

(၁) *နတ်လမ်းဖြစ်စေ၊ ဓမ္မာရုံဖြစ်စေ တို့အတွက် အခင်းအခိုး ပြုပြင်လုပ်ကိုင်ခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်း၊ အဆင်သင့် မတိုက်ဆိုင်သေးလျှင် ဓမ္မာရုံ၊ နတ်လမ်းတို့မှာ တံမြက်လှည်းခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ခြင်း။*

(၂) *ဘုန်းတော်ကြီးကျောင်း၊ ကမ္မဋ္ဌာန်း တိုက်ရိပ်သာများတွေမှာ အထောက်အကူပြုတဲ့ နာရီ၊ တိုင်ကပ်နာရီများ လှူခြင်း၊*

(၃) *မွေးနေ့မွေးရက်များတွင် ထန်းလျက်ပါသော ထန်းလျက်မုန့်၊ ထန်းလျက်များ ကပ်လှူခြင်း၊ ထန်းလျက်သက်သက် ကပ်လှူသောအခါ စက္ကူ (သို့မဟုတ်) ဖက်တစ်ခုခုကို ကန်တော့လုပ်၍ လှူခြင်း၊ ကန်တော့တစ်ခုတွင် အနည်းဆုံးတစ်ဆယ်ကျပ်သား၊ သို့မဟုတ် (၁၀)ခဲ ပါဝင်ရန် လိုခြင်း။*

(၄) *မိမိကလည်း အဓိဋ္ဌာန်တစ်ခုယူလျက် ရက်မပျက်စေဘဲ လုပ်ရမည်။*


(၅) *မေတ္တာပို့ အမျှဝေ၊ လိုရာဆု လုပ်ငန်းသစ်အတွက် ပိုင်ပိုင်နိုင်နိုင်တောင်းပါ၊ လက်ရှိလုပ်ငန်းကို မြန်မြန်စွန့်ရပါစေဟု အလေးအနက်ထား ဆုတောင်းပါလေ။*

**အစီရင်၏အဓိပ္ပာယ်**


နတ်လမ်း၊ ဓမ္မာရုံ၊ နာရီ၊ ထန်းလျက် ဟုဆိုရာတွင် (၇-၄) ဓာတ်တွဲဖြစ်ပြီး စနေသား၏ အပြင်မိတ်(၇-၈) တော်ရင်းဓာတ်ကို ပြုပြင်ပေးခြင်း ဖြစ်၏။ ခင်ကြီးဖျော် ဆရာတော်၏ မူရင်းသြဝါဒ ဖြစ်၏။ အမှန်က ရာဟု/ဗုဒ္ဓဟူး (၄-၈) နံလုပ်ရမှာ ဖြစ်သော်လည်း အပြင်မိတ်နဲ့ အချိုး



www.burmeseclassic.com




(ကိုထွန်းမြင့်၏
သောရိတိုင်)




(ဒေါ်ခင်ခင်မျိုး၏
စန္ဒြာတိုင်)

အောင် ကိုက်ညီစီရင်ခြင်း ဖြစ်၏။ အဆိုပါ ဇာတ်တွဲ (၇-၈)၊ (၇-၈) အရ အထက်ပါအတိုင်း ကာယကံရှင်များကို ကောင်းပြုပြင်ခဲ့လေသည်။

အထက်ပါအရ စနေပါ ကိုထွန်းမြင့်အတွက်လည်း ကောင်းသဘောဆောင်လျက်၊ ဒေါ်ခင်ခင်မျိုးဟူသော သမီး ၂လ်ာန်ဟူသော ငွေကြေး အကြံအစည်တို့ကို စည်ကြိုးဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီရင်ပေး လိုက်ခြင်း ဖြစ်၏။

ကန်တော့ (၂-၀)ဖြင့်စီရင်ခြင်းသည်လည်း ပျက်ပြယ် သော ၂လ်ာန်ငွေကြေးကို ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပေ သည်။

*(မှတ်ချက် . . . သုံးလလောက် ကြာမြင့်သောအခါ တွင်ရှိလုပ်ငန်း စွန့်လွှတ်ပြီး ယခင် လုပ်ငန်းဟောင်းကိုပင် ဆက်ရ၍ လုပ်ကိုင်နေပြီ ဖြစ်ကြောင်း ကျွန်ုပ်ထံသို့ ရောက်သတင်းပို့သွားခဲ့ပါသည်။)*

ကျွန်ုပ်သည် အထက်ပါအစီအရင်၏ အဓိပ္ပာယ်များ သဲသဲကွဲကွဲ လူပြိန်းနားလည်အောင် ရှင်းပြလိုက်ရသည်။ တို့လည်း သဘောပေါက်လျက် ညွှန်ကြားတဲ့အတိုင်း လုပ် ည်ဟု ဝန်ခံကြ၏။

အဖြူရောင် မဲ့နေသော ငွေကြေးနဲ့ပတ်သက်၍ ယ်လိုရာဆွဲ၍ ကိုထွန်းမြင့်ကို ဆွဲခေါ်ခဲ့ခြင်း မဟုတ်ပေ။ နုပ်အား အကယ်၍ "ခင်ဗျား ဈေးထဲက သားငါးတွေကို က လိုက်ရှာပြီး ဝယ်မစားဘူးလားဗျာ"လို့ မေးလျှင် ဖြေရကျပ်ပါသည်။ ဒီတော့ "စားသူရှိ၍ လုပ်သူရှိသည်"ဟု နိုင်မာမာ ဆောင်ပုဒ်တစ်ခု ထွက်လာမှာသေချာ၏။

ဒီဆောင်ပုဒ်နှင့် ကျွန်ုပ်တို့သည် ပတ်ချာလည်နေပေ သည်။ ကျွန်ုပ်တို့လည်း လူသားထဲက လူသားတစ်ဦး ဖြစ် သည်ကို မမေ့အပ်ပေ။

*ကျွန်ုပ်၏ဖခင် ဦးသာလှက ပြောဖူးလေ၏။*

*"ဟိုတုန်းက ကရင်ရွာ တစ်ရွာမှာ ကျောင်းထိုင်နေတဲ့ န်းကြီးကျောင်းကို ရောက်သွားတယ်တဲ့၊ ရောက်သွားတဲ့ ချိန်ကလည်း ဝါတွင်းသီလယူတဲ့ အချိန်ဖြစ်လို့ သူလဲ တစ်ခါတည်း သီလယူလိုက်တယ်၊ ပြီးတော့ သီလယူတဲ့ သူတွေ ရှင်းသွားတော့ ဘုန်းကြီးနဲ့ ဖခင်ဦးသာလှပဲ ကျန်တော့ တယ်၊ အဖေက ဘုန်းကြီးနဲ့ အလွန်ရင်းနှီးတယ်၊ အဖေက လဲ ကျွန်တော့်လိုလူမျိုး။ ကလိခြင်း၊ အကဲစမ်းခြင်းကို တအား ဝါသနာပါတယ်။ လူလဲရှင်းရော ဘုန်းကြီးကို လျှောက်တယ် တဲ့။*

*'ဘုန်းဘုန်း ဒကာ ဒကာမတွေကို သီလ ပေးပြီးပြီ၊ အဲ. . ပါဏာတိပါတာလဲ ပါသွားပြီနော် ဘုန်းဘုန်း၊ ဒကာ၊ ဒကာမတွေ. . .' ဆိုပြီး စကားဖြတ်လိုက်တယ်။*

*ဘုန်းကြီးကလည်း သူ့ကို အကဲစမ်းပြီ ဆိုတာ သိ လိုက်တယ်။*

*'ဟဲ့ မောင်သာလှရဲ့၊ ငါကလဲ ငါးကင်လေး မပါရင် ဆွမ်းစားလို့ မဝင်တာဘဲဟာကွယ်၊ ငါ့ကျောင်းထဲ အတွင်း လုံရင် တော်ပါပြီပေါ့ဟဲ့ မောင်သာလှရဲ့' ဟု ပြောပြီး ဆရာ တပည့်တွေ ရယ်မောကြသတဲ့"*

အဖေက ခဏခဏ ကျွန်ုပ်ကို ပြောဖူး၏။

ဒါကြောင့် လူနှင့်လူ့ပတ်ဝန်းကျင်မှာ ခက်လှပါသည်။ ကျွန်ုပ်တို့က ထည်ထည်ဝါဝါကြီးနဲ့ တဲ့တိုး ပြောလိုက်လျှင် လည်း မဖြစ်နိုင်ပေ။ သူထိုးတာ လက်ညှိုးက တစ်ချောင်း တည်းရယ်။ ကိုယ့်ဘက်ကိုတော့ များသုံးစင်းက ချိန်ထား သည်။

ပရိသတ် ဖြစ်နိုင်တဲ့ဘက်က စည်းရုံးပြီး ဆွဲခေါ်တာ ဟာ သဘာဝလည်း ကျ၏။ ကျွန်ုပ်တို့၏ ပညာရှင်ဆရာကြီး များလည်း သဘောကျ၏။ လူ သာစုခေါ်၊ နတ် သာစုခေါ် လည်း ဖြစ်မည်။

အဲသလို အဲသလို ကြိတ်ကွင်း နှိပ်ကွင်း အကျပ် အတည်းများတွေ့လာရတော့ ပေဒင်ဟောခြင်းဖြင့် ပရိသတ် များကို လက်ခံတွေ့ဆုံခြင်း လုပ်ငန်းရပ်အပေါ် တော်တော်ပဲ တော်တော်ဆိုတာ. . တော်တော် ကြောက်လာတာလား၊ လန့်လာတာလား၊ မလုပ်ချင်တော့တာလား ဖြစ်လာတယ်။ တကယ်တော့ ပြောသာပြောရတာ ဖြစ်ပြီး မသိစိတ်ကတော့ မညာတမ်းပြောရင် သံယောဇဉ်ရှိနေပါတယ်။

အဲ့ဒီတော့ ဒေါ်ခင်ခင်မျိုးနဲ့ စတွေ့စဉ်တုန်းက သူမ ပြောလိုက်တဲ့ "သာသနာပြုတဲ့ လုပ်ငန်း" ပေါ့လို့ အားပေး တဲ့စကားကို ပြန်ပြီး သတိရလာတယ်။ သာသနာပြုတယ် ဆိုတာက ကျယ်ဝန်းလှတယ်။ သာသနာ့ ဝန်ထမ်း ထိတ်ထိတ် ကြဲဆရာတော်ကြီးများ သာသနာပြုပုံက တစ်မျိုး။ ဘုရား တည်၊ ကျောင်းဆောက် လှူဒါန်းတာတို့၊ သာသနာဝေယျာ ဝစ္စတို့ လုံးပန်းတာကလည်း တစ်မျိုး ရှင်းလင်းကြပါတယ်။ ဘာမှ အရှုပ်အရှင်း မရှိကြဘူး။

ဒါပေမယ့် ကျွန်ုပ်နှင့် တွေ့ဖူးတဲ့ တချို့ကတော့ ဒီလို မဟုတ်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

"ဆရာရယ် ဒီလုပ်ငန်းများ အောင်မြင်သွားရင် ကျွန်မက သာသနာပြုမှာ စိတ်ချ၊ အောင်မြင်အောင် ကူညီမစနော်" လို့ ပြောလာတယ်။

"ဘယ်လောက်ရရင် ဘယ်လိုဘယ်လောက်၊ ဘယ်ကို ဘယ်လိုလှူမလဲ သာသနာပြုမှာလဲ" မေးတော့ အဖြေက မသေမချာထွက်လာပြန်တယ်။ အတိအကျ မဟုတ်ပြန်ဘူး။

ဒါဖြင့် . . . .

"ဒီလုပ်ငန်း မအောင်ရင် သာသနာ မပြုရတော့ဘူး ပေါ့နော်" လို့ ပြောတော့. . "ဒါကြောင့် ဆရာက အောင်မြင်အောင် ကူညီပါပြောတာပေါ့ ဆရာရယ်"ဆိုပြီး ကျွန်ုပ်ကို တွန်းလိုက်တယ်။ သဘောကတော့ သူ ပြုချင်တဲ့ သာသနာကို ကျွန်ုပ်က လုပ်မပေးနိုင်လျှင် ကျွန်ုပ် တရားခံဖြစ်သွားပြန်ပါတယ်။

ဒါတွေ တွေ့ရပေါင်းများလာတော့ ကိုယ့်ကိုယ်ကိုယ် ပြန်လည် ဆန်းစစ်ကြည့်မိတော့ သူတို့လိုပဲ သာသနာပြုချင်သလိုလို ဖြစ်လာပြန်တယ်။ တကယ်တော့လည်း သူတို့ကို ကိုယ်ချင်းစာပါတယ်။ သူတို့လိုပဲ ပြောစည်တီးလှူနိုင်ဖို့ မဖြစ်နိုင်သေးဘူး။

ဒီတော့ အားတင်းလိုက်ရပါတယ်။

"ကျွန်ုပ်နဲ့ ထိတွေ့တဲ့ ပတ်ဝန်း ကျင်ကို အလှုဆင်မယ်၊ ဘုရားမသိ တရားမသိကို သိအောင်တိုက်တွန်းမယ်၊ ပုတီးမစိပ်သူကို စိပ်ခိုင်းမယ်၊ ပုတီးစိပ်သူကို တရားထိုင်ခိုင်းမယ်၊ ကံကြမ္မာအကြောင်းပြုပြီး ဒုလ္လဘတို့၊ ယောဂီတို့၊ ခုနစ်ရက်စခန်း ကမ္မဋ္ဌာန်းတို့ ထိုင်ဖို့တိုက်တွန်းမယ်၊ မကောင်းတဲ့ လုပ်ငန်းတွေကို အသိဖြင့် ပယ်စွန့်စေပြီး အပြစ်ကင်းတဲ့ လုပ်ငန်းတွေ လုပ်ကြဖို့ အားပေးမယ် စတဲ့ဟာတွေကလဲ တကယ်တော့ အဖိုးမဖြတ်နိုင်တဲ့ ဘယ်သူမှ မသိလိုက်တဲ့ 'သာသနာပြုခြင်း' ဖြစ်ပါကလား"ဟု တွေးတော စဉ်းစားမိလာတယ်။

အဲဒီလို တွေးတော စဉ်းစားချက်တွေအပေါ် ညအိပ်ရာဝင်တိုင်း ပြန်ပြန် စဉ်းစားလိုက်တိုင်း ကျွန်ုပ် နှလုံးအိမ်ကို စိမ့်ဝင်လာတဲ့ 'ပီတိ' ဆိုတာ အံ့မခန်းဖြစ်လာပါတယ်။

ဘယ်လောက် အင်အားကြီးတဲ့ 'ပီတိ' ဆိုတာ ကျွန်ုပ် ဘယ်လိုမှ တိုင်းတာ၍ မရတာ အမှန် ဖြစ်ပါတယ်။

ဤနေ့အဖို့ ကိုထွန်းမြင့်နှင့် မခင်ခင်မျိုးတို့ အိမ်မှာ ဆုံစည်းမှုဟာ ပြီးဆုံးသွားပါ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် တည်းခိုရာ ကိုစံနိုင်တို့ ဇနီးမောင်နှံရှိရာ လမ်းရှည်လမ်းရှိ နေအိမ်ဆီသို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသွားပေ၏။

(ဆက်ရန်)

❐ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)




ဦး အရဟံ မေတ္တာ လာဘ်

**နက်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် **ကူညီ** ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | | |
|---|---|---|
| ဟောခန်းတည်နေရာ | ➻ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် | ➻ | အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် | ➻ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း | ➻ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် | ➻ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com

# ကိုကြီးဇော(အာဇေါင်း)

## နွေကမ္ဘာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ



(ယခင်လမှအဆက်)

"ကိုရင် စိန်ထွား"

လှေကားခြေရင်းတွင် တိုင်မှီလျက် ပြုံးကြည့်နေသော ကိုရင်စိန်ထွားကို တွေ့သွားသည်။

"မမြဆင့် အန္တရာယ်ကင်းပါရဲ့ နော်"

"ကင်းပါတယ် ကိုရင်စိန်ထွားရယ်၊ ဒီ ဒီမှာ သွေးတွေ ကိုရင်၊ ကိုရင့်မှာ ဒဏ်ရာကြီးနဲ့ပါလား"

"ဟုတ်တယ် မမြဆင့်၊ မမြဆင့်ကို ကယ်ချင်ဇောနဲ့ ပြေးအဝင် ပုလိပ်ကြီး ပစ်လိုက်တဲ့ဟာ ထိသွားတယ်"

"ဖြစ်မှဖြစ်ရလေ ကိုရင်စိန်ထွားရယ်"

မမြဆင့်အသံ ငိုသံပါလာလေသည်။

"ကိစ္စမရှိပါဘူး မမြဆင့်၊ ကျုပ် မသေနိုင်ပါဘူး၊ ရှပ်ထိ သွားတာပါ၊ ကျုပ်တို့ ဒိုကဗိုလ်မင်းတို့နဲ့ လိုက်သွားမယ်၊ မမြဆင့်လိုက်ခဲ့နော်၊ ဒီရွာမှာ ဆက်နေလို့ မဖြစ်တော့ဘူးလေ"

"ကောင်းပါပြီ ကိုရင်ရယ်၊ မြဆင့် လိုက်ခဲ့ပါ့မယ်"

(၂၁)

သရက်ချောင်းရွာ သူကြီးအိမ်မှ တိုက်ပွဲမှာ ထမင်းအိုး တစ်လုံးချက်ခန့်ပင် ကြာမြင့်ပေသည်။ သရက်ချောင်းရွာ၏ တစ်ဖက်ကမ်း ငါးသိုင်းချောင်းမြို့ ပုလိပ်ဝင်းရှေ့တွင်လည်း တိုက်ပွဲတစ်ပွဲ ရှိနေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

သရက်ချောင်းများဆီမှ သေနတ်သံများ ကြားရသည်မို့ ငါးသိုင်းချောင်းဂါတ်အတွင်းမှ ပုလိပ်များက ကူညီရန် ဂါတ်အတွင်းမှ အပြေးအလွှား ထွက်လာကြသည်။ သူတို့တစ်တွေ စိတ်ထဲမှာအေးချမ်းသောနယ်မြေမို့သေနတ်သံတွေ ကြားရသည်ကို အံ့ဩနေကြသည်။

သေနတ်များကို ကျောတွင်လွယ်ပိုးပြီး မီးတုတ်ကိုယ်စီနှင့် ရှေ့ဆုံးမှ ပြေးထွက်လာကြသော ပုလိပ်တပ်စိတ်တစ်စိတ်မှာ ဂါတ်စခန်းဝင်းရှေ့ တော်တော်လှမ်းလှမ်းအရောက်တွင် လမ်းဖြတ်ကြိုးတစ်ခုကို တိုက်မိကာ ကျွမ်းထိုးမှောက်ခုံပစ်ကျသွားပြီး ပြန်မထနိုင်မီ. .

"အား . . . အဘား"

"အီး . . . အင့်"

"ဟိုးဟိုး . . ."

အရေးတော်ပုံတပ်ဖွဲ့၏ လျှပ်တစ်ပြက်ချေမှုန်းခြင်းကို ခံလိုက်ရလေသည်။

ရှေ့ဆင့်နောက်ဆင့် ပြေးထွက်လာသော ပုလိပ်ငါးယောက်မှာလည်း သစ်ပင်ပေါ်မှ ကြိုးများဖြင့် လွှဲဆင်းလာသောအရေးတော်ပုံတပ်သားများကြောင့် ဖရိုဖရဲ ပြိုကွဲလျက် . . .

"အား . . ."

"အင့်. . . အဘား"

"ရန်သူ . . . ရန်သူ"

ပုလိပ်နှစ်ယောက်က လဲကျရာမှ ကုန်းထအော်ဟစ်ရင်း နောက်ကြောင်းပြန်ပြေးကြသည်။

"ဒေါင် . . . ဒေါင်. . . ဒေါင်"

စန္ဒရီပုလိပ်မှ သံချောင်းခေါက်သံကြောင့်တစ်မြို့လုံးလန့်ကုန်ကြသည်။

"ဒိုင်း. . . ဒိုင်း"

"ဒိုင်း"

ပုလိပ်များ၏ သေနတ်များကို သိမ်းပိုက်ရရှိပြီး ဂါတ်ဝင်းထဲသို့ ပစ်ကြသည်။

"ဖျိုင်းဗိုလ်တဲ့ဟေ့၊ သတ္တိရှိရင် ထွက်လာခဲ့"

"ဟေ့ မျိုးချစ်ရဲမက်တော်တွေကွာ ပစ်. . ."

ဂါတ်ဝင်းရှေ့တွင် ချေမှုန်းခံလိုက်ရသော ပုလိပ်များ၏ သေနတ် ဆယ်လက်မှာ အရေးတော်ပုံတပ်သားများအတွက် အားတက်စရာပင်။ ဂါတ်ဝင်းအတွင်းမှ ပုလိပ်များမှာ အပြင်သို့ထွက်လိုက်မလာရဲဘဲ အတွင်းမှသာ မှန်းသန်းရမ်းသန်း ပြန်ပစ်နေကြသည်။

"ဒိုင်း. . . ဒိုင်း"

"ဒိုင်း. . . ဒိုင်း"

ဖျိုင်းဗိုလ်နှင့်အဖွဲ့မှာ ဂါတ်ကိုဝင်စီးရန်မဟုတ်ဘဲ ဂါတ်ထဲမှ စစ်ကူပုလိပ်များ ထွက်တိုက်ပြီး ဝင်ကူမတိုက်နိုင်စေရန်သာ ရည်ရွယ်ပြီး ထွက်ပေါက်မှ ပိတ်ဆို့ဟန့်တားရုံသာ ဖြစ်လေသည်။

"ဗိုလ်မင်း သရက်ချောင်းတိုက်ပွဲက အောင်မြင်သွားပြီတဲ့၊ မီးတုတ်နဲ့ အချက်ပြပါတယ်"

မြစ်ကမ်းပါးတွင် အစောင့်ချထားခဲ့သော ရဲမက်တစ်ဦးမှ သတင်းလာပို့သည်။

"ဟုတ်ပြီ၊ ရဲမက်တွေကို အချက်ပေး ပြန်စု၊ ပြီးရင် ဂါတ်ဝင်းရှေ့ သေနတ် တစ်ကမ်းလောက်ကနေ စောင့်ပစ်ဖို့ ရဲမက်ငါးယောက် ကျန်ခဲ့၊ ကျန်တဲ့ရဲမက်တွေ ကျုပ်နဲ့လိုက်ခဲ့၊ သရက်ချောင်းကို သွားပူးပေါင်းမယ်"

"ဟုတ်ကဲ့ ဗိုလ်မင်း"

"ဒီမှာကျန်ပြီး စောင့်ပစ်မယ့် ရဲမက်ငါးယောက် လာစမ်းဟေ့"

"ကျွန်တော်တို့ပါ ဗိုလ်မင်း"

"တို့တစ်တွေ ဟိုဘက်ကမ်းကို ရောက်လောက်ပြီဆိုမှ မင်းတို့ ဆုတ်မယ်နော်"

"မှန်ပါ"

"ပြီးရင် ပြောထားတဲ့အတိုင်း အောက်ဘက်ကမ်းပါးအတိုင်း ပစ်ဆုတ်ဆုတ်လာခဲ့၊ ပုလိပ်တွေထွက်မလိုက်လဲ သေနတ်သံပေးသွား၊ ယင်းရှည်ရွာကို မရောက်ခင် ကမ်းပါးအောက်မှာ အကြိုတော်လှေ စောင့်နေလိမ့်မယ်"

"မှန်ပါ့ ဗိုလ်မင်း၊ အမိန့်အတိုင်း နာခံလျက်ပါ"

ဖျိုင်းဗိုလ်၏ အကြံအစည်မှာ ဒီမှာဘက်ကမ်းက ပုလိပ်များအား လမ်းလွှဲလိုက်စေပြီး နောက်ချန်ရဲမက်များကို ငါးသိုင်းချောင်းမြို့၏ တောင်ဘက်ကမ်းရိုးအတိုင်း သေနတ်သံပေး ဆုတ်ခွာခဲ့စေချင်ခြင်း ဖြစ်သည်။

နောက်ချန်ရဲမက် ငါးယောက်အမှန်တကယ် ဆုတ်ခွာသောအခါတွင်မှ ပုလိပ်များ ထွက်လိုက်မလာရဲပါ။ ဂါတ်စခန်းတစ်ခုလုံးတွင်မှ အင်အား (၃၀)ဦးသာရှိပြီး တပ်စိပ် နှစ်စိပ်စာ ဆုံးရှုံးသွားရသလို လက်နက်ပါ ဆုံးရှုံးနေပြီမို့ လာတိုက်သောရန်သူ ဖျိုင်းဗိုလ်ဆိုသူတို့၏ အင်အားကို မသိဘဲနှင့် မှောင်တောထဲမှာ ထွက်မလိုက်ရဲတော့ပါ။

အချိန်အတော်ကြာသည်အထိ မထူးခြားတော့မှ သရက်ချောင်းရွာဘက်အခြမ်းသို့ မြို့သူကြီးတို့ အင်အားနှင့် ပေါင်းပြီး ကူးရဲတော့သည်။ ငါးသိုင်းချောင်းတစ်မြို့လုံးလည်း မိုးစင်စင်လင်းသည်အထိ မည်သူမျှ မအိပ်ရတော့။

[ထိုစဉ်က ငါးသိုင်းချောင်းမြို့တွင်ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အသတ်ခံခဲ့ရသော ခရိုင်ဝန်နှင့် လက်ထောက်အရာရှိတို့မှာ အင်္ဂလိပ်လူမျိုး ခရစ်ယာန်ဘာသာဝင်များမို့ ငါးသိုင်းချောင်းမြို့ ခရစ်ယာန်သင်္ချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါသည်။

ယခုကာလတွင်တော့ ထိုအုတ်ဂူများမှာ အုတ်ရိုး အုတ်ပုံများအဖြစ်နှင့်သာ တွေ့ရနိုင်တော့သည်။ ငါးသိုင်းချောင်းသားမှန်သမျှ ထိုအဖြစ်အပျက်ကို သိသူများကြသည်။ ဤကဲ့သို့သော ဝင်ရောက်စီးနင်းမှုကြောင့် မြို့အဆင့် အုပ်ချုပ်ရေးဌာနများကို ရေကြည်သို့ပြောင်းရွှေ့သွားရလေသည်။ ငါးသိုင်းချောင်းမြို့ကို လုံခြုံရေးအရ သူတို့ စိတ်မချနိုင်တော့ပေ။]





www.burmeseclassic.com

www.burmeseclassic.com

(၂၂)

အရေးတော်ပုံဆင်နွှဲမည့် မျိုးချစ်တော်လှန်ရေး တပ်ဖွဲ့ကြီးတွင် သမားတော် တပ်မှူးကြီး ဇေယျဗလကျော်ထင်ပြီးလျှင် ရာထူးအရ အကြီးဆုံးမှာ ဗိုလ်မင်း ငထိန် ခေါ် ရွှေလှံဗိုလ်ပင်ဖြစ်သည်။ အရေးတော်ပုံ ပြီးသည့်နောက် တပ်ဖွဲ့ဝင်များသည် တပ်မှူးကြီး ဇေယျဗလကျော်ထင်ရှိရာ တောင်ညိုတွင် ပြန်စုကြသည်။ တပ်မှူးကြီးအား အသိပေး အမိန့်ခံယူခြင်းမပြုဘဲ ဤတိုက်ပွဲကို ဆင်နွှဲခဲ့မှုအတွက် ဗိုလ်မင်းငထိန်နှင့် ဗိုလ်မင်းငနှောင်းတို့က တောင်းပန်ကာ လျှောက်ထားကြသည်။

"အိမ်း. . . ဗိုလ်မင်းတို့က ကိုယ့်အပြစ်ကို ကိုယ်သိလို့ ခုလိုဝန်ခံတာကို ကျုပ်အနေနဲ့ကျေနပ်ပါပြီ၊ နေပြည်တော်မှာ ရှိနေစဉ်ကလို၊ သပြေတန်းခံမြို့မှာ ရှိနေစဉ်ကလို ကျစ်လျစ်တိကျတဲ့ တပ်ဖွဲ့စည်းမှုတွေ မရှိဘူးလေ၊ ဖြစ်ပေါ်ကြုံတွေ့လာရတဲ့ အရေးတော်ပုံပေါ်မူတည်ပြီး ကျုပ်အနေနဲ့ အပြစ်မဆိုသာပါဘူး။ ဗိုလ်မင်းတို့ဟာ သပြေတန်းခံမှူးကြီး တပ်မင်းကြီး ဗိုလ်ဦးကြွယ်ရဲ့ လက်ရုံးတပည့်တွေပဲ၊ လျော်ကန်သင့်မြတ်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်လုပ်ဆောင်ခဲ့တယ်လို့ ကျုပ် ယုံကြည်ပါတယ်၊ ဗိုလ်မင်းတို့တစ်တွေကို ကျုပ် ဂုဏ်ယူချီးမြှင့်ပါတယ်"

လုပ်ငန်းမှာ စမိနေပြီမို့ လက်နက်သဘော်ာ ရောက်မလာသေးသော်လည်း နယ်မြေစည်းရုံးရေးနှင့် ပြောက်ကျားစစ်ပွဲများကို ဆင်နွှဲသွားရန် ဆုံးဖြတ်ကြသည်။ ပွဲဦးထွက် ဆင်နွှဲခဲ့သော အောင်မြင်ခဲ့သော ငါးသိုင်းချောင်းတိုက်ပွဲကြောင့် အရေးတော်ပုံ တပ်သားများမှာ အားတက်ရွှင်လန်းနေကြပေရော့သည်။

ပထမပိုင်း စည်းရုံးရေးလည်းဖြစ်၊ ကျေးလက်ပြည်သူတို့၏ ထောက်ခံမှုရလိုခြင်းလည်းဖြစ်ရန် အခွန်တော်ငွေ ပမာဏ များများပေးသွင်းရသော ကျေးရွာများသို့ ဓားပြဝင်တိုက်သည်။ ရရှိလာသော ဘဏ္ဍာငွေများအား ရွာသူကြီးနှင့် တိတ်တဆိတ်စည်းရုံး လက်ဝါးရိုက်ပြီး ပြန်လည်ပေးအပ်ခဲ့ကာ ရွာလူထုအား တစ်ဖက်လှည့်နှင့် ပြန်ပေးခိုင်းသည်။ ရွာသူကြီးများ ထောက်ခံမှုရလာသော အခါ အကြောင်းကြားပြီး ဓားပြတိုက်သည်။ ရွာသူကြီးက ပေးလိုက်သော အထုပ်ကြီးမှာ ဘဏ္ဍာငွေထုပ်ကြီး မဟုတ်ဘဲ အသင့်ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများသာ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ ဤပုံဤနည်းဖြင့် အင်္ဂလိပ်အစိုးရအား ပေးသွင်းရမည့် အခွန်တော်ငွေများမှာ ဓားပြတိုက်ခံရ၍ မရှိတော့ကြောင်း အသနားခံတင်ပြရင်း ကျေးရွာလူထုအား ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုမှ သက်သာစေသည်။ ရွှေလှံဗိုလ်၊ ကျားဗိုလ်၊ ဗျိုင်းဗိုလ်၊ ဇော်ဂျီဗိုလ်၊ သံတိုင်ဗိုလ်၊ ရွှေဒေါင်းဗိုလ် စသည့် ဆန်းကြယ်သော အမည်နာမများကြောင့်လည်း လူသိများလာခဲ့ရသလို ကျေးလက်နေပြည်သူတို့၏ ယုံကြည်အားကိုးခြင်းကိုရရှိလာခဲ့သည်။

အင်္ဂလိပ်အစိုးရကလည်း မူလက သာမန်ဓားပြကြီးများဟုသာ သဘောထားခဲ့သည်။ နောက်ပိုင်း တဖြည်းဖြည်း သဘောပေါက်လာသည်။ သို့သော်လည်း မျိုးချစ်တော်လှန်ရေး အင်အားစုကြီးကို သေးသိမ်စေလိုသောသဘောဖြင့် ဓားပြကြီးများ၊ ဓားပြဗိုလ်ကြီးများဟု သမုတ်ခေါ်တွင်စေလျက် နာမ်နှိမ်ထားလေသည်။

ငါးသိုင်းချောင်းတိုက်ပွဲ အပြီး မျိုးချစ်တော်လှန်ရေး အင်အားစုများ တောင်ညိုဒေသတွင် အခြေစိုက်နေကြသည်ကို အင်္ဂလိပ်အစိုးရ မရိပ်မိစေရန် ခြေစလက်စ ဖျောက်သည့်အနေဖြင့် ဝေန်မြစ်ကမ်း (ရှမ်းမချောင်)ဘေးတွင် ဆိုက်ကပ်ထားသည့် အညာဆန်လှေကြီးအား အတန်အသင့် ဖျက်ဆီးကာ ဝေန်မြစ်ရိုးအတိုင်း မျှောချလိုက်သည်။ ၎င်းလှေကြီးမှာ မြစ်ရိုးအတိုင်း မျောပါသွားပြီး သာပေါင်းမြို့မှ ရေမိုင် ငါးမိုင်ခန့်၊ ကုန်းမိုင် လေးမိုင်ခန့် အဝေးရှိ ဆင်ခြေလျှောကမ်းခြေတွင် သွားတင်နေလေသည်။ ၎င်းတို့ဒေသတွင် မရှိဖူး၊ မမြင်ဖူးသော လှေကြီးတစ်စင်း ပျက်စီးပြီး သောင်တင်နေသည်ကို အံ့ဩ၍ ထိုနေရာရှိ လူနေစု အိမ်စုများကို လှေကြီးပျက်ရွာဟု အလွယ်တကူခေါ်ကြရာမှ လှေကြီးတက်ရွာဟု ပြောင်းလဲပြင်ဆင်ကင်ပွန်းတပ်ပါသော်လည်း ဒေသခံများအားလုံးက လှေပျက်ကြီးတင်ခဲ့သည်ကို သာစွဲပြီး လှေကြီးပျက်ဟု ယခုတိုင် ခေါ်ဝေါ်နေကြပေသေးသည်။ ယခုအခါ လှေကြီးပျက်ရွာတွင် ၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည့် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ပျော့ဖတ်နှင့်စက္ကူစက်ရုံကြီးရှိပြီး လွန်ခဲ့သောနှစ်ကမှ (၂၀၁၁ ကမှ) အဆင့်မြင့်စက္ကူနှင့် အိမ်သုံးပစ္စည်းစက်ရုံ (လှေကြီးတက်)ဟု ပြောင်းလဲဆိုင်းဘုတ်တပ်ထားပါသည်]

အင်္ဂလိပ် နယ်ချဲ့အစိုးရသည် တစ်နေ့တခြား နာမည်ကြီးလာသော မျိုးချစ်တော်လှန်ရေး အဖွဲ့ကြီးအား အထင်မသေးဝံ့တော့ဘဲ နှိမ်နင်းဖြိုခွဲရေး စီမံချက်များ ရေးဆွဲကာ စနစ်တကျဆောင်ရွက်လာရတော့သည်။သာပေါင်းအား မြို့အဆင့်သတ်မှတ်ကာ ၁၈၉၀ ပြည့်နှစ်တွင် မြို့ပိုင်ရုံးနှင့် ဂါတ်စခန်းတို့ကိုတည်ဆောက်လေတော့သည်။ထိစပ်နယ်မြေဖြစ်သော ဂွကိုလည်း မြို့အဆင့်သတ်မှတ်ကာ ပုလိပ်စခန်းများ ချထားစေသည်။

မျိုးချစ်တော်လှန်ရေး အင်အားစုများ တောင်ညိုဒေသတွင် အခြေပြုအင်အား စုဆောင်းနေသည်ကိုတော့ ကိုလိုနီအစိုးရ အာဏာပိုင်များ မရိပ်မိသေးချေ။ သို့သော်လည်း မျိုးချစ်တော်လှန်ရေးအဖွဲ့သည် ဓားပြ တကယ်မတိုက်ဘဲ လူထုထောက်ခံမှုကို ရယူနေသည်ကို သတင်းရသွားသော အာဏာပိုင်များသည် တန်ပြန်လှုပ်ရှားမှုအဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်းဒေသတစ်ဝိုက်နေ တိုင်းရင်းသား လူမျိုးစုတစ်စုအား ဘာသာရေးအရ စည်းရုံးပြီးဖြစ်နေရာ ဂုဏ်းတိုင်းရင်းသား ခေါင်းဆောင်များနှင့် ထောင်၊ အချုပ်ထဲမှ လူဆိုးလူမိုက်တချို့အား လက်သပ်မွေး လက်နက်တပ်ဆင်ကာ ကိုရင်နောင်းတို့၏ ဗိုလ်ဝင်ခံအမည်များကို အသုံးပြု၍ အမှန်တကယ် ဓားပြတိုက်ခိုင်းသည်။ အမှန်တကယ် လူသတ်ခိုင်းသည်။ မိန်းမပျိုများကို အဓမ္မကျင့်စေသည်။ တော်လှန်ရေးအတွက်ဟု ခေါင်းစဉ်တပ်ကာ ပြန်ပေးဆွဲခိုင်းသည်။

ကျေးလက်နေ ပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေသည်။ အရေးတော်ပုံ တပ်သားများအပေါ် အားပေးထောက်ခံမှုလျော့ပါးစေသည်။ ယုံကြည်ကိုးစားမှုကို ပျက်ပြားစေသည်။ အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်စေခြင်းပင် ဖြစ်တော့သည်။ နယ်ချဲ့ ကိုလိုနီအစိုးရ၏ သွေးခွဲ အုပ်ချုပ်မှုစနစ်ပြယုဂ်ပင် ဖြစ်တော့သည်။

[မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများအား ဘာသာရေး၊ လူမျိုးရေး ခွဲခြားထားသည့် ဥပမာတစ်ခုအနေဖြင့် ဆရာမောင်ကြည်သန့် ရေးသားထားသည့် 'ဝိသေသ မြန်မာ' စာအုပ်ထဲမှ အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။ "Donald Mackenzic Smeaton ၏ The Loyal Karens of Burma" စာအုပ် စာမျက်နှာ ၇၅ တွင်. . .

"ကရင်စစ်စစ်တို့၏ မျက်နှာပုံပန်းသည် ကော့ကေးဆပ်အနွယ်ဝင် ဥရောပ၊ အနောက်တောင်အာရှနှင့် မြောက်အာဖရိကဒေသမှ လူဖြူတို့နှင့်တူကြောင်း၊ တိမ်ကောသွားသော အစ္စရေးမျိုးနွယ်စု တစ်စုဖြစ်နိုင်ကြောင်း သွေးခွဲရေးသားထားပုံကို ရှုပါ။]

(၂၃)

တောင်ညိုတောင်ပေါ်တွင် အရေးတော်ပုံဦးစီးဗိုလ်မင်းမှာ စုဝေးရောက်ရှိနေကြပြီ။

"ကဲ. . . ဖြစ်ပျက်ခဲ့သမျှတွေ ကို အားလုံးသိအောင် လျှောက်တင်စမ်းပါဟဲ့ ငမန်းကြီး"

"မှန်ပါ့ တပ်မှူးကြီး၊ ကျွန်တော်မျိုးကြီးတို့တစ်တွေ ပြင်သစ်ကိုယ်စားလှယ်တွေနဲ့ အချိန်းအချက် ပြုလုပ်ပြီး လက်နက်များ ဝယ်ယူခွင့် ရရှိခဲ့ပါတယ် ဘုရား၊ လက်နက်တင်လာတဲ့ စက်လှေကြီးဟာ အပြန်ခရီးမှာ မုန်တိုင်းငယ်တစ်ခုနဲ့ ပက်ပင်းတိုးပါတယ်ဘုရား၊ စက်လှေပျက်ပြီး ကျွန်းနံ့သာလို့ခေါ်တဲ့ နတ်ကျွန်းရှေ့က ကျောက်ဆောင်နဲ့တိုက်ပြီး နစ်မြုပ်ခဲ့ပါတယ်၊ ကျွန်တော်မျိုးကြီးတစ်ယောက်ပဲ ရေစည်ပိုင်းကြီးတစ်ခုကို မှီတွယ်ပြီး ကျွန်းပေါ်ကို ရောက်နိုင်ခဲ့ပါတယ် ဘုရား၊ အဲဒီကျွန်းမှာ ကျွန်တော်မျိုးကြီး နှစ်ပတ်ခန့် တစ်ယောက်တည်း နေခဲ့ရပါတယ်၊ နောက်ပိုင်း လေမိုးငြိမ်သက်တော့မှ ကမ်းခြေက တံငါလှေတွေ ပင်လယ်ငါးလာများတော့မှ ပြန်လိုက်လာခဲ့ရပါတယ်ဘုရား"

"ဩော်. . . ဖြစ်မှဖြစ်ရလေ ငမန်းကြီးရယ်"

"ဆက်လျှောက်တင်စမ်း"

"ကျွန်းပေါ်မှာ အစားအစာ ရှားပါးတော်မူတ်ခဲ့ရလို့ ကျွန်တော်မျိုးကြီး နာမကျန်းဖြစ်နေတာနဲ့ အဲဒီရွာမှာပဲ တစ်ပတ်ခန့် သောင်တင်နေခဲ့ပါသေးတယ် ဘုရား"

"ဖြစ်မှဖြစ်ရပလေကွယ်"

တပ်မှူးကြီး၏အသံမှာ ယူကျုံးမရဖွာတည့်။

အားလုံးသော ဗိုလ်မင်းအပေါင်းတို့မှာ မျှော်လင့်ချက်မဲ့သလို ဖြစ်သွားကြသည်။ တပ်မှူးကြီးက . . .

"ကဲကဲ ဗိုလ်မင်းအပေါင်းတို့"

"ဘုရား"

"ကိုယ့်အခြေစိုက် တဲစခန်းတွေမှာပဲ ပြန်ပြီး အုပ်စည်းမပျက် နေထိုင်ကြပါ၊ စစ်ရေးလေ့ကျင့်မှုတွေကိုမလျော့မပါး ဆက်လက်လုပ်ဆောင်ပါ၊ အရေးပေါ်ရင် ဆက်သားလွှတ်လိုက်မယ်၊ ဘာမှစိတ်မကျကြနဲ့၊ လက်နက်ရဖို့ ထပ်မံကြိုးစားကြည့်ရဦးမှာပေါ့"

"မှန်ပါ့ တပ်မှူးကြီး"

"ငထိန်၊ သူရိန်နှင့် ငနှောင်းတို့က ကျုပ်နဲ့ လိုက်ခဲ့ကြဦး၊ မဖုရားထံ သံတော်ဦးတင်ရင်းနဲ့ ဗိုလ်မင်းစောရန်နောင်နဲ့လဲ ဆွေးနွေးတိုင်ပင်ကြရအောင် ငမန်းကြီးလဲ လိုက်ခဲ့"

သူဌေးစမ်းရွာရောက်ပြီး မင်းသမီးအား သံတော်ဦးတင်လိုက်သော အခါ . . .

"အို. . . ဘုရား ဘုရား ကိုယ် ကျိုးနည်းရပါပြီလား သမားတော်ကြီး ရယ်" ခွေလဲရရှာလေသည်။

"အလို . . . မဖုရား မဖုရား သတိထားတော်မူပါဦး"

နန်းခင်မွှေးက ဆီးပွေ့ရလေသည်။

"ဗိုလ်စောနောင် ကျုပ် ဆေးတောင်းထဲမှာ ရှူဆေးမှုန့်ထုပ်လေး ပြေးယူလိုက်ပါ"

"မှန်ပါ့"

ဗိုလ်မင်း စောရန်နောင်က ကပျာကယာခုန်ဆင်းပြီး သူတို့တဲအိမ်ကြီးဆီမှ ဆေးထုပ်အား ပြန်ယူသည်။

"ဒီမှာပါ သမားတော်ကြီး"

သမားတော်ကြီးထံ ကမ်းပေးလိုက်သည်။

သမားတော်ကြီးက နှာရှူဆေးမှုန့်ထုပ်လေးအား မင်းသမီး၏နှာဝတွင် တေ့ပေးလိုက်သည်။ အားလုံးသောလူများမှာ စိုးရိမ်မျက်နှာများဖြင့် ရှိလေ၏။ အတန်ငယ်ကြာတော့မှ . . .

"အင်း. . . ဟင်း ဟင်း"

မင်းသမီးနှုတ်မှ ညည်းသံလေး ပေါ်လာသည်။

"မဖုရား. . . မဖုရား သတိထားတော်မူပါဘုရား၊ မဖုရား သတိရလာပြီဘဘ"

နန်းခင်မွှေးက ဝမ်းသာစွာဖြင့်။

"မဖုရား. . . မဖုရား စိတ်ကို ထိန်းတော်မူပါ မဖုရားရယ်၊ ဒီကိစ္စ





www.burmeseclassic.com

www.burmeseclassic.com

...နည်းလမ်းနဲ့ အဆင်မပြေလဲ နောက် ...နည်းလမ်းရှာရမှာပေါ့ မဖုရားရယ်"

ဗိုလ်စောနောင်က နှစ်သိမ့်လေသည်။

"မဖုရားရဲ့ ရတနာတွေဟာ ...နည်းနီး ဆုံးရှုံးသွားခဲ့ရပြီပေါ့၊ ထပ်ပြီး ...ကောက်ပုံစရာ မဖုရားမှာ မရှိတော့တာ ...ကို စိတ်မကောင်းဘူးကွယ်"

"ဒီအတွက် မဖုရား ကြောင့်ကြ...တော်မမူပါနဲ့၊ ကျွန်တော်မျိုးကြီးတို့တစ်...တွေ စိတ်ဓာတ်မကျစတမ်း ဆက်ပြီး ...တိုက်ပွဲဝင်သွားမှာပါ"

"ဟုတ်တာတော့ ဟုတ်ပါတယ် ...သမားတော်ကြီးရယ်၊ လက်နက်ချင်းမမျှ...တော့ ဆုံးရှုံးမှု စွန့်လွှတ်မှုတွေ ပေးဆပ်...ရတာ များမှာပေါ့၊ တော်လှန်ရေးကာလ ...ကြာရှည်တာနဲ့အမျှ လက်နက်ခဲယမ်း ...တစ်ခုတည်းတင်မဟုတ်ဘဲ စားနပ်ရိက္ခာ ...ကိစ္စ သယ်ယူပြောင်းရွှေ့ရေးကိစ္စအစစ ...အရာရာ ငွေကြေးတွေ ပိုလိုလာမယ် ...လေ"

"ဒါတွေအတွက်လဲ မဖုရားက ...ကြောင့်ကြတော်မမူပါနဲ့၊ ကျွန်တော်မျိုး ...ကြီးတို့ ဖြန့်ခွဲစိုးမိုးထားတဲ့ တောင်ညို ...အသနဲ့ ဘူမိချောင်းရိုးတစ်လျှောက်မှာ ...သယ်ယူရွှေ့ပြောင်းရေးအတွက် ဆင် ...များ ဖမ်းယူလေ့ကျင့်ထားပါတယ်၊ အခု ...ကို ကျွန်တော်မျိုးတို့ရဲ့ စခန်းခွဲတွေမှာ ...ဆင် ၁၅ ကောင် ဖမ်းယူလေ့ကျင့်ပြီးပါ ...ပြီ ဘူမိချောင်းရိုးတစ်လျှောက်နဲ့ သာ ...ချောင်းမြို့ထဲအထိ တောက်လျှောက် ...ပေါက်တဲ့ ကညင်ချောင်း ချောင်းရိုးတစ် ...လျှောက်တွေမှာ သွားလာလှုပ်ရှားဖို့ ...တော်ကြီးနှစ်စင်းနဲ့ လှေမြန်တော် ...ငါးနှစ်ဆယ်ကိုလဲ စပ်ယူပိုင်ဆိုင်ထား ...ပြီ ဘုရား၊ မြေမြန်တော်ဆတ်သား ...များအတွက် မြင်းနှစ်ဆယ်နဲ့ လယ်မြေ ...များ ထွန်ယက်စိုက်ပျိုးနိုင်ဖို့ နွားအရှင်း ...ဆယ်လဲ ဝယ်ယူရရှိပြီးပါပြီ၊ တောင် ...တောင်ရဲ့ အနောက်ဘက်တောင်ခြေ ...မြေပြန့်ရိုင်းကို လယ်မြေအဖြစ် ...ခြင်းလဲဖော်ထုတ်ပြီးပါပြီ၊ ဒီလာမယ့် မိုးတွင်းမှာ ထွန်ယက်စိုက်ပျိုးနိုင်မှာပါ ဘုရား"

"အင်း အင်း. . . သမားတော်ကြီးတို့ ကြိုးစားစီမံထားတာတွေအတွက် မဖုရား ဝမ်းမြောက်ရပါတယ်"

မင်းသမီး ထိပ်တင်နွဲ့က လက်အောက်ငယ်သားများ စိတ်ဓာတ်မကျစေရန် ဟန်ဆောင်ပြောလိုက်ရပါသော်လည်း . . .

## (၂၄)

သမားတော်ကြီးမှာ မင်းသမီး ထိပ်တင်နွဲ့အား နှစ်သိမ့်သလိုလျှောက်တင်ခဲ့ရသော်လည်း လက်ရှိအခြေအနေ အတိုင်းဆိုလျှင် တော်လှန်ရေးအစီအစဉ်မှာ များစွာခက်ခဲ နှောင့်နှေးသွားစေရေမည်။

သဘော်တစ်စင်းစာ လက်နက်များသာ လက်ဝယ်ပိုင်ပိုင် ရနိုင်ခဲ့ပါလျှင် ဒီအရေးတော်ပုံ အဖွဲ့သားများမှာ များစွာအားတက်ရွှင်လန်းကြပေလိမ့်မည်။ အမျိုးချစ်စိတ် မည်မျှပြင်းထန်စေကာမူ ကြောက်ရွံ့မှုကင်းကင်းဖြင့် သတ္တိသွေးတွေ စွေးစွေးရဲစေကာမူ လှံ၊ ဓား၊ လေး၊ မြားလောက်ဖြင့် အလွန်ဆုံး မားစလက်ရိုင်ဖယ် နှစ်ဆယ်၊ ပုလိပ်ကိုင် တစ်ယောက်ထိုးရိုင်ဖယ် သုံးဆယ်မျှလောက်ဖြင့် နေမဝင်အင်ပါယာရှင်၏ ခေတ်မီစစ်တပ်များကို ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဆင်ဖို့ရန်မှာ တော်သင့်မှန်ကန်သော ဗျူဟာတစ်ရပ်မဟုတ်ကြောင်းကိုလည်း တပ်မှူးကြီး ဧယျပလကျော်ထင်က ကောင်းကောင်းကြီး သဘောပေါက်ပါသည်။

တကယ်တမ်း ဆန်းစစ်ကြည့်တော့ ယခုလို သူ့ကျွန်ဘဝသို့ မြန်မြန်ဆန်ဆန်ကြီး ကျရောက်ခဲ့ရသော အခြေအနေမှာ ဘဝရှင်မင်းတုန်းမင်းတြားကြီး၏ ငါးဆယ်ကျော်သော မိဖုရားများစွာတို့မှ မွေးဖွားခဲ့သော သားတော်၊ သမီးတော် များစွာတို့မှာ စရိုက်အမျိုးမျိုး စိတ်အထွေထွေ ရှိကြသလို အိမ်ရှေ့စံကနောင်ကိုယ်တော်ကြီးတွင်လည်း မိဖုရားအပါး ငါးဆယ်ကျော်နှင့် ပန်းတိမ်မင်းသားအပါအဝင် သားတော်၊ သမီးတော် များပြားလှပါသည်။ ဤသို့သော - နန်းတွင်းမိသားစုကြီး၏ အရေးကြီးဆုံးသော ထီးမွေနန်းလျာအဖြစ် သတ်မှတ်ခံထားရသူ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးမှာ လက်ရုံးရည် နှလုံးရည် ပြည့်စုံလှသည်။

ဤသို့သော မင်းတုန်းမင်းနှင့် ညီတော် ကနောင်ကိုယ်တော်ကြီးတို့ တက်ညီလက်ညီ ရှိနေကြချိန်တွင် ညီနောင်နှစ်ပါး၏မိသားစုများ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် မင်းတုန်းမင်းကြီး၏ သားတော်တစ်ပါးဖြစ်သည့် မြင်ကွန်းမင်းသားနှင့် ကနောင်ကိုယ်တော်ကြီး၏ သမီးတော်ကြီးတို့ကို စုလျားရစ်ပတ် လက်ထပ်ပေးခဲ့ပါသည်။

သို့ပေမဲ့လည်း အိမ်ရှေ့စံ ကနောင်ကိုယ်တော် ကြီး ရှိနေသမျှ ငါတို့ ဘုရင်မဖြစ်နိုင်တော့ပါလား ဟူသည့် အာဏာယစ်မူး ဘုရင်ရူး ရူးနေသော မြင်ကွန်းမင်းသားနှင့် ညီတော် မြင်းခုံတိုင်မင်းသားတို့သည် နန်းတွင်းအရေးတော်ပုံကြီးကို ဖန်တီး၍ ဖခင်ဘုရင်မင်းတုန်းမင်းနှင့် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးတို့အား လုပ်ကြံခဲ့ကြသည့် အရေးအခင်းတွင် မင်းတုန်းမင်းတြားကြီးက လွတ်မြောက်သွားခဲ့သော်လည်း အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး ခမျာမှာ သက်ခင်ပြတ်ခဲ့ရရှာလေသည်။

သို့ရပါလျှင် စိတ်နေစိတ်ထား မောက်မာခက်ထန်သော မြင်ကွန်းမင်းသားသည် ဦးရီးတော်အရင်းလည်းဖြစ်၊ ယောက္ခမတော်လည်းဖြစ်သောကနောင်ကိုယ်တော်ကြီးအား လုပ်ကြံရေး စီမံနေချိန်ကလည်း မလုံမလဲ စိတ်ဓာတ်ဖြင့် မိမိ၏ မိဖုရားဖြစ်သူ ကနောင်ကိုယ်တော်ကြီး၏ သမီးတော်ကြီးကို မောင်းထောင်းဆုံထဲတွင်ထည့်၍ ထုထောင်းသတ်ဖြတ်ပစ်ခဲ့သေးသည်။





www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ အာဏာယစ်မူး ဘုရင်ရူးခဲ့သော မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားနှစ်ယောက် လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသော ကနောင်မင်းသားကြီးသာ လွတ်မြောက်သက်ရှင် ရှိနေခဲ့ဦးမည်ဆိုလျှင် နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်သင်္ဘောတွေ ဧရာဝတီမြစ်ရိုးတစ်လျှောက်ကို ဒီလိုလွယ်လွယ်ကူကူ ဆန်တက်နိုင်ပါမည်လဲ။ ရတနာပုံ မင်းနေပြည်တော်ကြီးလည်း အဘယ်မှာ ကျဆုံးနိုင်ပါမည်လဲ။

အောက်မေ့မိသေးတော့သည်။ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးရှိစဉ်ကာလက ယခု သပြေတန်းခံတပ်၏ တပ်မှူးကြီး ဗိုလ်မင်း မင်းထင်ပုဏ္ဏကဘွဲ့ရ ဖြစ်လာမည့် တပ်မှူးဗိုလ်ဦးကြယ်နှင့် သူတို့နှစ်ယောက်သည် ကနောင်ကိုယ်တော်ကြီး၏ နောက်တော်ပါးတွင် ထက်ကြပ်မကွာ လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ဖူးသလို ကနောင်ကိုယ်တော်ကြီး၏ တီထွင်စမ်းသပ်မှုများအား အနီးကပ် ကူညီစောင့်ရှောက်ခဲ့ရဖူးပါသည်။

၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းအား အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရသည်။ ဒုတိယစစ် ရပ်စဲရာတွင် ကနောင်ကိုယ်တော်ကြီးသည် လုံးဝ အသိအမှတ်မပြု၊ စစ်ငြိမ်းစာချုပ်တွင် လက်မှတ်မထိုးခဲ့ပေ။

တစ်ဖက်သတ် ချုပ်ဆိုခံခဲ့ရသော စစ်ပြေငြိမ်းရေး စာချုပ်အတွက် ခံပြင်းခဲ့ရသော ကနောင်ကိုယ်တော်ကြီးသည် အင်အားကြီးမားပြီး လေ့ကျင့်သားပြည့်ဝသည့် အမြဲတမ်း ခေတ်မီတပ်မတော်ကြီး တည်ထောင်ရန် ကြံရွယ်ခဲ့လေသည်။ လက်နက်စက်ရုံများ တည်ထောင်ရန် ပြင်သစ်နှင့် အီတလီ နည်းပြများကို ငှားရမ်းခဲ့သည်။

၁၈၅၅ တွင် မြန်မာဘုရင်တပ်မတော်မှာ အတော်အသင့်ကောင်းမွန်စဖြစ်လာသည်။ နန်းတော်ဝင်းထဲရှိ လက်နက်တိုက်တွင် အမြောက်ကြီးငယ် အလက်ပေါင်း (၄၇၀)ရှိသည်။ အလက် (၂၀၀) မှာ သံဖြူဖြင့်ပြုလုပ်ထားသည်။ စိန်ပြောင်း အလက်(၄၀)၊ စိန်ပြောင်းသေး (၅၆၀)၊ ဘီးတင်အမြောက် (၅၃) လက်ရှိသည်။ နန်းတော်ညီလာခံ ခန်းမရှေ့တွင် အမြောက်ကြီး (၂၁)လက်ချထားပြီး အိမ်ရှေ့မင်း၏ အိမ်တော်ရှေ့တွင် မြေပြင်ပစ် အမြောက်ကြီး နှစ်လက်ကိုလည်း ချထားသည်။

ကနောင်ကိုယ်တော်ကြီး၏ တာဝန်ပေးချက်အရ ပန်းပဲဝန်၊ မြတောင်ဝန်မင်းကြီး စစ်ဆေးနေသည်ကို တွေ့ခဲ့ရသော အသစ်စက်စက်အမြောက်ကြီးခုနစ်လက်မှာ ရထားတင်အမြောက်ကြီးများဖြစ်ပြီး ဝက်အူများဖြင့် သေသပ်ကျနစွာ စုပ်ထားသည်မှာ ခေတ်မီလှပေသည်။

မြို့တော်၏ အစွန်အဖျားနေရာတွင် ယမ်းချက်လုပ်ရန် အာမေးနီးယန်းလူမျိုး ပညာရှင်တစ်ဦးကို ငှားရမ်းသင်ယူ၍ ယမ်းချက်လုပ်ကြသည်။

ဤသို့ မနားမနေ ကြိုးစားနေမှုများကြောင့် အမရပူရရောက် အင်္ဂလိပ်သံအဖွဲ့တွင် ပါဝင်သော ဗိုလ်မှူး ဝရမ့်အာလန်၏ အစီရင်ခံစာတွင် မြန်မာ့တပ်မတော်၌ စစ်သုံးသေနတ်အလက်ပေါင်း (၂၅၀၀၀)နှင့် (၃၀၀၀၀)အကြားတွင် ရှိမည်ဟု ပါရှိခဲ့ပါသည်။

ဗိုလ်မှူးဖယ်ယာ ဦးဆောင်သော ထိုသံအဖွဲ့အား မြန်မာဘုရင်က ကြိုဆိုသော အခမ်းအနားတွင် ခြေလျင်တပ်သား ၉၂၃၀ ယောက်၊ မြင်းစီးတပ်သား ၁၂၈၆ ယောက်၊ အင်းဝမှချီလာတပ် ၅၀၀ ယောက်၊ စစ်ကိုင်းမှချီလာတပ် ၅၀၀ ယောက်ရှိပြီး အားလုံးမှာ မားစကာတ်သေနတ်များကို ကိုယ်စီ ကိုင်ဆောင်ထားနိုင်ကြသည်။

သေနတ်ကိုင် တပ်သား ၁၈၀၀၀ ထက် မနည်းသော အင်အားရှိနိုင်ကြောင်း ခန့်မှန်းကြသည်။

မြန်မာဘုရင်က သူတို့တွင် သေနတ် မည်မျှ များပြားစွာရှိနေကြောင်း သိစေလိုဟန်တူသည်ဟု ဗိုလ်မှူးဖယ်ယာ၏ အစီရင်ခံစာတွင် ပါရှိခဲ့ပါသည်]

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်အပြီး နှစ်နှစ်အတွင်း ဤရွေ့ဤမျှ တိုးတက်လာခဲ့သည်မှာ အိမ်ရှေ့စံကနောင်ကိုယ်တော်ကြီး၏ နေ့မနား ညမနား ကြိုးပမ်းမှုကြောင့်ပင် ဖြစ်သည်။ အမရပူရတွင် အမြောက်တပ်သား ၅၀၀ ခန့်ရှိပြီး တစ်လလျှင် နှစ်ကြိမ် သုံးကြိမ် လေ့ကျင့်ရန် ကနောင်ကိုယ်တော်ကြီးက အမိန့်ပေးထားသည်။ ဧရာဝတီမြစ်ကြောင်းမှ ချီတက်လာမည့် အင်္ဂလိပ်ရေတပ်အား ထိရောက်စွာဟန့်တားနိုင်ရန် ရေမြှုပ်ဗုံးများကို တီထွင်စီရင်အောင်မြင်ခဲ့လေသည်။

ပြင်သစ်နှင့် အီတလီလူမျိုး အင်ဂျင်နီယာများဖြစ်သော ကွန်မိုတိုနှင့် မိုလီနာရီတို့၏ အကူအညီဖြင့် မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ သပြေတန်းခံတပ်တို့ကို ခေတ်မီစွာ စနစ်တကျအခိုင်အမာ တည်ထားသေးသည်။

၁၈၇၀ ပြည့်နှစ်တွင် နေပြည်တော် အမြောက်စက်ရုံမှ ခေတ်မီကောင်းမွန်သည့် ယမ်းတောင့်ထိုးကျည်မွေ့အမြောက် နှစ်လက်ကို ထုတ်လုပ်အောင်မြင်ခဲ့ပြီး ၎င်းအမြောက်များသည် (18-lb) အမြောက်ဆန်ဖြင့် ပစ်ခတ်နိုင်လေသည်။ ထိုနှစ်တွင်ပင် အမေရိကန်၌ စမ်းသပ်အောင်မြင်၍ အင်္ဂလန်တွင် ထုတ်လုပ်သည့် ကတ်လင်ခေါ် ဆုံလည်စက်သေနတ်မျိုးကို မြန်မာဘုရင် လက်နက်စက်ရုံက ၁၈၇၁ တွင် စမ်းသပ်နိုင်နေပြီဖြစ်သည်။ ၁၈၇၁ တွင်းမှာပင် နောက်ထိုးကျည်မွေ့အမြောက် တစ်လက်၊ ၁၈၇၂ ၌ ခြောက်တောင့်ထိုးဆုံလည်အမြောက်တို့ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။

ရတနာပုံရှိ အမြောက်စက်ရုံလေးရုံတို့၏ ၁၈၇၁ နှင့် ၁၈၇၂ အတွင်း တီထွင်ထုတ်လုပ်နိုင်မှု အခြေအနေမှာလည်း အင်္ဂလိပ်ပိုင် အောက်မြန်မာပြည် မဟာဝန်ရှင်တော်မင်းကြီးအား အထူး



www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ်စေခဲ့ကြောင်း အထောက်တော်များမှ စုံစမ်းသိရှိခဲ့ရသည်။

[မြန်မာပြည် ကော်မရှင်နာမင်းကြီး ဂျီဒီဘားဂျက်၏ ၁၈၇၉၊ နိုဝင်ဘာလ ၃၀ ရက် အစီရင်ခံစာတွင် တသီးပုဂ္ဂလ သတင်းပေးနှစ်ယောက်ထံမှ ရရှိသော သတင်းအရ မြန်မာဘုရင်သည် နိုင်ဖယ်သေနတ်များနှင့် ရေအောက်ပစ်ဒုံးလက်နက် (တော်ပီဒို)များ လုပ်ကိုင်နိုင်နေကြောင်း သိရှိခဲ့ပါသည်။]

အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး ဤသို့ ကြိုးစားအောင်မြင်နေသော ကာလမှာ ဂျပန်နိုင်ငံ မီဂျီ (မေဂျီ)ဘုရင် ခေတ်နှင့် ခေတ်ပြိုင်ပင်ဖြစ်လေသည်။ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး လုပ်ကြံခံရပြီး နောက်ပိုင်း စစ်လက်နက်ပစ္စည်း အသစ်တီထွင်ရန် မဆိုထားဘိ၊ ပုံမှန်ထုတ်လုပ်နေသော ပစ္စည်းများပင် ကျဆင်းလာခဲ့ရလေသည်။ ကနောင်ကိုယ်တော်ကြီး ကြိုးပမ်းတည်ဆောက်ခဲ့သော စက်ရုံအမျိုးမျိုး ငါးဆယ်ကျော်တို့မှာ မီးခိုးမထွက်တစ်ရက် ထွက်တစ်ရက်၊ ပျက်ချက်တွေကများ တဖြည်းဖြည်းနှင့် လုံးပါးပါးလာရသည်မို့ တိုင်းပြည်ကို အနာဂတ်စက်မှုနိုင်ငံတော် အနာဂတ် ခေတ်မီတပ်မတော် ဖြစ်စေချင်လှသည့် ကနောင်မင်းသားကြီးမှာ ဘဝခြားကပင် သောကတွေ ပွားနေလောက်ပြီ။

အင်္ဂလိပ်များ နေပြည်တော်ကို သိမ်းပိုက်အပြီး မြန်မာဘုရင် လက်နက်စက်ရုံများကို သိမ်းပိုက်စစ်ဆေးသော အခါ ၎င်းတို့ အကြောက်ကြီးကြောက်သည့် စနက်တံမတပ်ရသေးသော ရေမြှုပ်ဗုံး ခြောက်လုံးကို တွေ့ရှိယူငင်သိမ်းဆည်းသွားလေသည်။ စက်မှုကျွမ်းကျင်ပြီးသော အင်္ဂလိပ်လူမျိုး ပညာရှင်များက စနက်တံကို မည်သို့တပ်ဆင်ရမည်ကို စမ်းသပ်နားလည်သွားသလို ဤကဲ့သို့သော ရေမြှုပ်ဗုံးမျိုးကို တစ်ခုစီဖြုတ်ကြည့်ပြီး ပုံတူရေမြှုပ်ဗုံး ပို၍ကောင်းသော ခေတ်မီသော ရေမြှုပ်ဗုံးများကို စမ်းသပ်တီထွင် ထုတ်လုပ်နိုင်ကြပေရော့မည်။

ယခုခေတ်မှ မိမိတို့မှာ ခေတ်မီလက်နက်များ မရှိနိုင်တော့ဘဲ ဓား၊ လှံ၊ လေး၊ မြားဖြင့်သာ ဆက်လက်စခန်းသွားရတော့မည်ပင်။

မဖုရား ထိပ်တင်နှင့် သောကဖြစ်စွာ စိတ်ထိခိုက်မည်ဆိုက ဖြစ်ထိုက်လှပေသည်။

(၂၅)

၁၂၅၈ ခုနှစ် တပေါင်းလပြည့်နေ့ ငမန်းကြီးပြန်ရောက်ပြီး နောက်တစ်နေ့ အရုဏ်တက် . . .

"နန်းခင်မွှေးရေ ထ ထ၊ ရသေ့ကြီးကျောင်း အရုဏ်ဆွမ်းပို့ရအောင်"

"မှန်ပါ့ မဖုရား၊ အစ်ကိုတော်ကို သွားနှိုးလိုက်မယ်နော် မဖုရား"

"အေး အေး"

ဆွမ်းအုပ်များပြင်ဆင်ပြီး သုံးယောက်သား တောင်ညိုတောင်ခြေရင်းရှိ ရသေ့ကြီးဦးဒိပ၏ ကျောင်းသင်္ခမ်းဆီသို့ ထွက်လာလိုက်ကြသည်။ ကျောင်းသင်္ခမ်းရောက်တော့ ရသေ့ကြီးအား ဆွမ်းလှူဒါန်းပြီး . . .

"မဖုရား . . . တောင်ပေါ်က ကျောက်ပုံစေတီလေးမှာ ပန်းနဲ့ နံ့သာတိုင် ကပ်လှူရင်း ပုတီးစိပ်လိုက်ဦးမယ်၊ နန်းခင်မွှေးကို ခေါ်သွားမယ်၊ ဗိုလ်မင်းဒီကပဲ စောင့်နေပါ"

"မှန်ပါ့ မဖုရား"

တောင်ပေါ်ရောက်တော့ . . .

"ညီမတော် မဖုရား ဝတ်ပြုရင်း အဓိဋ္ဌာန်ပုတီး စိပ်လိုက်ဦးမယ်၊ ညီမတော် အိပ်ရေးမဝသေးရင် ဟိုပျဉ်းမပင်ခြေရင်းက မြက်ခင်းပေါ်မှာ တစ်ရေးအိပ်ရင်း စောင့်ပေါ့"

"မှန်ပါ့ မဖုရား"

မင်းသမီး ထိပ်တင်နှင့်မှာ ဘာသာတရားကိုင်းရှိုင်းသူမို့ လပြည့်နေ့ရောက်တိုင်း တောင်ပေါ်သို့တက်ပြီး ဗုဒ္ဓဝေယျာဝစ္စများကို ပြုမူနေကျဖြစ်သည်။ သူကိုးကွယ်သည့် မြဆင်းတုတော်လေးအား ဌာပနာထားသည့် ကျောက်ပုံစေတီလေးတွင် ကပ်လှူပူဇော်နိုင်ရန် နံ့သာတိုင်ကို ကိုယ်တိုင်ပြုလုပ်သည်။

သူတို့ မိန်းမသားသုံးယောက် သွေးလိမ်းသည့် သနပ်ခါးတုံးအဟောင်းများအား ခုတ်ထစ်ပိုင်းဖြတ်ခြေမွကာ ကျောက်ဆုံထဲတွင် ထုထောင်း၍ အမှုန့်ပြုလုပ်သည်။

ပြီးနောက် တောင်ညိုတစ်ဝိုက်တွင်ပေါများလှသော ဒန့်တုံပင်အခေါက်များအား အခြောက်လှန်း ထုထောင်းခြေမွ၍ နှစ်ခုကို သစ်စေးကော်ဖြင့် ရောနယ်ကာ ဝါးချောင်းကလေးဖြင့် သုတ်လိမ်းလိုက်သောအခါ နံ့သာတိုင်လေးများရလေပြီ။

နန်းခင်မွှေးနှင့် နန်းခင်ထွေးတို့ ညီအစ်မနှစ်ဦးကိုလည်း လုပ်ကိုင်နည်းကို သင်ကြားပြသပေးထားသဖြင့် ပူဇော်လိုသလောက် နံ့သာတိုင်များကို ရရှိလာပေသည်။ ဤတောင်ပေါ်သို့ လပြည့်နေ့ရောက်တိုင်း မဖုရား ဤသို့ပြုမူနေကျ။ နန်းခင်မွှေး အဖို့ မထူးဆန်းတော့။

ကျောက်ပုံစေတီလေးအား ဦးသုံးကြိမ် ချပြီး ပျဉ်းမပင်အောက်သို့ သွားပြီး လဲလျောင်းနေလေသည်။ အိပ်ရေးမဝသေးသည်မို့ ထုံးစံအတိုင်း အိပ်ပျော်သွားခဲ့သည်။ အိပ်ရာက နိုးတော့ နေပင်ထွက် စပြုနေပေပြီ။

"မဖုရား ဘာလို့ မနှိုးပါလိမ့်" ဟု မျက်လုံးပွတ်သပ်ရင်း ထထိုင်ကြည့်လိုက်တော့ . . .

"အလို . . . မဖုရား ဘယ်လိုဖြစ်တာပါလိမ့်"

ဘုရားရှေ့တွင် ခွေခွေလေးလဲနေသည်ကို တွေ့လိုက်ရသည်။

"မဖုရား မဖုရား . . . ဘယ်လိုဖြစ်တာပါလိမ့် မဖုရားရယ်"

နန်းခင်မွှေးက ပြေးပွေ့ခေါ်ကြည့်တော့မှ မျက်လုံးပွင့်လာပြီး . . .

"ညီမတော်တို့ မောင်နှမတွေ ရှမ်းပြည်ပြန်နေကြနော်၊ အရေးတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com

က အခြေလှမယ် မထင်ဘူး၊ မဖုရားလို အနွယ်တော်တစ်ယောက် ဒီမှာရှိနေတာ သိရင် ကုလားဖြူတွေက တောနင်းရှာကြလိမ့်မယ်၊ တို့ မိန်းမသားတွေကို ကာကွယ်ဖို့ ရဲမက်တွေမှာ ခက်ခဲပေလိမ့်မယ်၊ နောက်ဆံငင်စရာပေါ့"

"မဖုရား သတိထားတော်မူပါဦး၊ အခု မဖုရား ဘာဖြစ်လို့လဲ၊ ဘာဝေဒနာ ခံစားနေရလဲဟင် မဖုရား"

"ညီမတော် တစ်ချိန်ချိန်မှာ မရှောင်နိုင် မတိမ်းနိုင်နဲ့ အဖမ်းခံရနိုင်တယ်၊ လက်နက်ခဲယမ်းကလဲ ဝယ်စရာမရှိတော့ဘူးလေ၊ အဲဒါကြောင့် မဖုရားအတွက် နောက်ဆံမငင်ကြရအောင် အဆိပ်နဲ့ စီရင်လိုက်တာ"

"မဖုရား . . . မဖုရား"

ခေါ်နေရင်း ငြိမ်သက်သွားသည်မို့ နန်းခင်မွေးမှာ တောင်ခြေသို့ ဒရောသောပါးဆင်းလာကာ . . .

ရသေ့ကြီး ဦးဒီပ၏ ကျောင်းသင်္ခမ်းတွင် ကျန်ခဲ့သော အစ်ကိုတော်အား . . "အစ်ကိုတော် . . အစ်ကိုတော် အမယ်လေး ကိုယ်ကျိုးတော့နည်းပါပြီ၊ မဖုရားရယ် မဖုရားရယ်"

ပေ ၃၀၀ ကျော် အမြင့်ရှိသည့် တောင်ပေါ်မှ ပြေးဆင်းလာရသည်မို့ မောဟိုက်နေရှာသည်။

"မဖုရား ဘာဖြစ်သလဲ ညီမတော်၊ ဘာဖြစ်သလဲ ပြော ပြောလေ"

"မဖုရား တောင်ပေါ်မှာ လဲနေတယ်၊ အဆိပ်သောက်လိုက်တယ်"

"ဟာ"

ချစ်သူ၏ သတင်းကိုကြားလိုက်ရသော ဗိုလ်စောနောင်မှာ ကျောင်းသင်္ခမ်းပေါ်မှ လွှားခနဲခုန်ဆင်း၍တောင်ပေါ်သို့ ပြေးတက်လာခဲ့ပေတော့သည်။ တောင်ပေါ်ရောက်တော့ မင်းသမီးအား ပြေးပွေ့လိုက်သည်။

"မဖုရား . . . မဖုရား"

မျက်ခုံးမွေးလေးနှစ်ခု တွန့်ရှုံ့လျက် ဝေဒနာခံစားနေရသော မျက်နှာတော်လေးပင် အလှမပျက်။

"မဖုရားရယ်၊ အရေးတော်ကို တွေ့ပြီးရင် ကျွန်တော်တို့နှစ်ယောက် သာမန်အရပ်သားအသွင်နဲ့ တစ်နေရာရာမှာ ဇာတ်မြှုပ်နေထိုင်ကြမယ်ဆို . . အခုတော့ မဖုရားရယ်"

ကျောင်းသင်္ခမ်းတွင် ကျန်ခဲ့သည့် ညီမတော် နန်းခင်မွေးမှာ အစ်ကိုတော်နောက်သို့ ချက်ချင်းပြေးမလိုက်နိုင်ရှာ။ ရသေ့ကြီးက ကျောင်းသင်္ခမ်းရှိ အရေးပေါ် လူစုသည့် မောင်းကြီးကို ထုလိုက်တော့မှ တောင်ခြေနှင့်မလှမ်းမကမ်း စမ်းချောင်းနံဘေးတွင် နေထိုင်ကြသည့် အရေးတော်ပုံတပ်သားများ အပြေးအလွှား ရောက်ရှိလာကြသည်။

ရသေ့ကြီးက . . .

"မင်းတို့နှစ်ယောက်က သူ့ဌေးစမ်းကို ပြေးပြီး သမားတော်ကြီးကို သတင်းပို့၊ ကျန်တဲ့သူတွေ တောင်ပေါ်လိုက်သွားကြ"

(ဆက်ရန်)

❐ ကိုကြီးစော(သာပေါင်း)




မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နက္ခတ္တ လက္ခဏာနှင့် စွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

• • • • • • • • • • • • • • • •

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား၊ စီးပွားရေးအခက်တွေ့နေသလား၊
အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား၊ အိမ်ကအမျိုးသားက
ခြေလှမ်းများမှားနေသလား၊ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား၊
သားသမီးတွေ ပြောစကား နားမထောင်ဘူးလား၊ နိုင်ငံခြားခရီး
ကြာနေသလား၊ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား၊
အတိုက်အခံတွေ ပေါ်သလား၊ ဈေးရောင်းကောင်းချင်လား၊

ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➻ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် တောင်ဘက်မုခ်
လမ်းညွှန် ➻ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်းရောက်ပြီး
ဖုန်း ➻ ၀၉-၄၂၀၀၈၂၉၃၂ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယတြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)

www.burmeseclassic.com

ဂမ္ဘီရကုထုံးကဲ့သို့ စိတ်တည်ငြိမ်မှု တွေးခေါ်စဉ်းစား၍ သဘာဝကျကျ အတွေးအမြင်များဖြင့် ဆောင်ရွက် အကောင်ထည်ဖော်တတ်သော ဘကြီးစံခ ယနေ့ကြုံတွေ့ရသော အခြေအနေ အဖြစ်အပျက်တို့အား ခေါင်းအေးအေးထား၍စဉ်းစားသည်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အတွေးဆန့်သည်၊ သရုပ်ကိုဖော်သည်။ ညသန်းခေါင် ဥမင်လိုဏ်ခေါင်းတံခါးပိတ်ထားသည့်နှယ် အလင်းရောင်မရ။

သို့သော် ဘကြီးစံခ စိတ်ပျက်ရိုးထုံးစံမရှိ။ အဖြေတစ်ခုတော့ အသေအချာရှိနေရမည်ယုံကြည်သည်။ ပြဿနာအစကား နံနက်ပိုင်းက ကိုလှဝင်း ဘကြီးစံခထံရောက်ရှိပြီး တိုင်ကြားခြင်းက စသည်ဟု ဆိုရပေလိမ့်မည်။

နတ်တော်လ အလယ်တော အရပ်ကား ဆောင်းလေတဖြူးဖြူး မြူနှင်းကတသုန်သုန်ဟုဆိုရလောက်အောင် အေးလှချမ်းလှသော အခါသမယ ဘကြီးစံခဧည့်ခန်းဆောင်တွင် သမီးမခင်ရီချပေးသော ကောက်ညှင်းပေါင်းနှင့် အမဲခြောက်မီးဖုတ်ဆီစိမ်ထားသည်အား စားနေဆဲအညာစောင်ပါးကလေးခြုံလျက် ကိုသန်းမောင်၏သမက် မောင်လှဝင်း အိမ်ထဲသို့ ဝင်လာသည်။

"အာ, လှဝင်း၊ လာဟ ကောက်ညှင်းပေါင်းနဲ့ အမဲခြောက် စားဦးကွ"

"စားပါ ဘကြီးစံ၊ ကျွန်တော် ဘာမှစားချင်သောက်ချင်စိတ် မရှိတာကြာပါပြီဗျာ"

"ဟယ်, မင်းဟာက တစ်မျိုးပါလား၊ ဘာရောဂါများဖြစ်နေရပြန်ပြီလဲဟ၊ အင်းအလုပ်တွေက ပူနေပြီ၊ ရောဂါထူနေရင်တော့ မိသားစုပြဿနာစတော့မှာနော့ သတိထားကွ"

"ဘကြီးမသိလို့ပါ၊ ကျွန်တော်တို့ တိုက်ပွဲဖြစ်နေတာ ကြာလှပေါ့၊ နောက်ဆုံးတော့ ဘကြီးတိုင်ပင်ဖို့ အကြံရလို့ ထလာခဲ့တာပဲဘကြီးရယ်၊ ကျွန်တော့်ကို ကယ်ပါဦး ဘကြီးရယ်"

"ဟင်, မင်း ဘာဖြစ်မှန်းမသိဘဲနဲ့ ငါက ဘယ်လိုဘယ်ပုံစံနဲ့ ကယ်ရမှာတုံးဟ လှဝင်းရ"

"အဲဒါကြောင့်ပြဿနာက ကြီးကြီးလာတာပေါ့၊ နောက်ဆုံးတော့ ဂုဏ်ရှက်နဲ့ပဲ ဘကြီးဆီ ရောက်လာရတာပါ"

"အင်း. . . အေး၊ ကဲ. . . အစအဆုံးပြောစမ်းပါဦးဟ၊ လှဝင်းရယ် . . ဘာတွေဘယ်လို ကျိတ်ဖြစ်ရတယ်ဆိုတာ"

"အဖြစ်က ဒီလိုဘကြီးရေ. . . ဒီလို ဒီလို. . ."

✻



# ဆန်းဝင်း

# ဘကြီးစံခ၏ ဂမ္ဘီရကုထုံးဆန်း



www.burmeseclassic.com

www.burmeseclassic.com

မရင်လှနှင့် လှဝင်း အိမ်ထောင်ကျသည်မှာ ခုနစ်နှစ်အတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်လာကြပေပြီ။ မောင်လှဝင်းနှင့်မရင်လှတို့ကား ကျောင်းနေဘက်သူငယ်ချင်းလည်း ဖြစ်သည်။ မရင်လှကား ရုပ်ရှင်မင်းသမီးဝါဝါဝင်းရွှေနှင့် တူသည်ဟု ပြောဆိုချစ်ခင်စွဲလမ်းသူက လှဝင်း။ မိဘများအား ပူဆာသဖြင့် တောင်းရမ်းစေ့စပ်၍ ပေးစားသော အိမ်ထောင်ရေး။

လှဝင်းက လယ်၊ နွား၊ လှည်း၊ အိမ်ရှိသည်။ မရင်လှက လယ်မရှိ၊ နွားမရှိ၊ လက်လုပ်လက်စားကူလီအခစား မိဘများ၏ သဘောတူချက်အား မငြင်းပယ်။ မိဘစကားနားထောင်လျက် ချိုသည်၊ ခါးသည်မပြော။ သျှောင်နောက်ဆံထုံးပါ လင့်အိမ်သို့ လိုက်ပါလျက် မယားဝတ္တရားနှင့်အညီ လုပ်ကျွေးခဲ့သည်အား ပတ်ဝန်းကျင်အမြင်အသိ၊ သားသမီးလည်း မရှိ၊ မရကြသေး။

လင်နှင့်မယ လျှာနှင့်သွားဟု ဆိုရိုးရှိသော်လည်း မရင်လှတို့ လှဝင်းတို့ လင်မယား ရန်ဖြစ်သံမကြား။ ဟီးဟီး ဟားဟားလည်း မနေ၊ ပုံမှန်နေ့စဉ် လုပ်ငန်းဆောင်ရွက်နေရသည့်မှာ အိမ်လည်ဖို့ အချိန်မရှိ။ နေ့လယ် နေ့ခင်း အိပ်ရဖို့ဝေး၊ ခဏကျောညောင်း နို့ဖို့ အခွင့်မရ။ လယ်ကိစ္စ၊ နွားကိစ္စ စပါးကိစ္စ၊ ဆန်ကိစ္စ လှဝင်းနှင့်မပြီး။ မရင်လှလည်း မောင်တစ်ထမ်းမယ်တစ်ရွက် အားလုံး အလုပ်ကကိုယ်စီ။ တစ်နေ့ ပီပီပြင်ပြင် ပြောရလျှင် နတ်တော်လ မဆန်းမီ တန်ဆောင်မုန်းလကုန်ရက် တစ်ရက်၏ညစာ ထမင်းဝိုင်း။

"လှဝင်း"

"အင်, ဘာလဲ"

"နင် ခုညကစပြီး ဘုရားခန်းရှေ့မှာ ငါ အိပ်ရာခင်းပေးမယ်၊ အိမ်ထဲမှာ မအိပ်နဲ့တော့ ကြားလား"

"အင်, ဟ, ဘာဖြစ်တာလဲ. . . ရှိတာမှ လင်မယားနှစ်ယောက်တည်းရှိတာ၊ နင်ကတစ်နေရာ ငါကတစ်နေရာ ဟာ ဟ. . . ဘာလဲဟာ. . . နင့်ဟာက မဟုတ်သေးပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ငါပြောသလိုလုပ်၊ အတွန့်မတက်နဲ့လှဝင်း ဒါပဲ"

ထိုနေ့ညမှစ၍ ကိုလှဝင်း ညစဉ် မရင်လှခင်းပေးသောဘုရားခန်းရှေ့တွင်သာ အိပ်ရလေတော့သည်။ သို့သော် ကြာရှည်မအိပ်ချင်၊ သုံးရက်မြောက်ညဉ့် သန်းခေါင်ကျော်ခန့်တွင် မရင်လှရှိရာ ခြင်ထောင်အတွင်းသို့ ဝင်သွားလေတော့၏။ သို့သော်. . .

"ဝုန်း. . . ဒုန်း"

လှဝင်းကား ပုံပျက်ပန်းပျက် ခြင်ထောင်အပြင်သို့ ခွေခွေကလေးလဲကျသွားလေသည်။ ကိုလှဝင်းစိတ်ထဲဖျဉ်းခနဲ ဒေါသထွက်၍သွားလေသည်။ ချက်ချင်းကုန်းထပြီးနောက်. . .

"မရင်လှ. . . နင်ဘယ်လိုလုပ်လိုက်တာလဲဟာ၊ လွန်လွန်းအားမကြီးဘူးလား. . . လင်နဲ့မယား၊ ပြီးတော့ ငါ ဘာမှားလို့လဲ၊ အတူတူမအိပ်ရလောက်အောင် နာကြည်းချက်ကဘာလဲ. . . ကဲ"

ခြင်ထောင်လှန်၍ မရင်လှ လုံချည်ပြင်ဝတ်ပြီး. . .

"လှဝင်း ငါ နည်းနည်းသတိလွတ်သွားတယ်၊ တောင်းပန်ပါတယ် ဟယ်နော်၊ နောက် ငါ့ခွင့်ပြုချက်မရဘဲ ငါနဲ့ အတူတူ လာမအိပ်နဲ့ဟယ်နော်၊ လာလာ နင့်အိပ်ရာနင်ပြန်လာ လာပါ၊ အိပ်တော့ကြားလား၊ မနက်ကျ စပါးရိတ်ရဦးမှာ. . . အိပ် အိပ်"

လှဝင်း ဒေါသမပြေသော်လည်း ဒေါသထွက်၍ မဖြစ်တော့။ မရင်လှ အနေအထိုင် ကျစ်လျစ်သည်။ စကားပြောနည်းသည်။ အလုပ်ကို ဦးစားပေးသည်။ ယောကျ်ားအတွက် တာဝန်ကျေသည်။ ဘာကြောင့် လင်ခန်းမယားခန်းပြတ်သလို ဆက်ဆံရသနည်း လှဝင်းနားမလည်။အခြားပယောဂလည်းမမြင်။ အိမ်မှုရေးရာ၊ လင့်အပေါ် ဆက်ဆံမှု (အတူမအိပ်၊ အအိပ်မခံသည်မှအပ) ကြွင်းသည့်ကိစ္စ ဘာပြောစရာမှ မတွေ့။ ဘာကြောင့်လဲ၊ ဘယ်လိုအကြောင်းလဲ တွေး၍မပေါ်။ စဉ်းစားမရသည့်အဆုံး တိုင်ပင်သင့်သူ လိုလာပြီဟုထင်သဖြင့် ဘကြီးစံခထံသို့သွားရန် ဆုံးဖြတ်ချက်ချရလေတော့၏။

*

"အင်း. . . မင်းတို့လင်မယား အတွင်းရေးက ခပ်ခက်ခက်ပဲကွ၊ မင်းကလဲ အရက်မသောက် ဖဲမရိုက် အပျော်မကြိုက်၊ မရင်လှကလဲ အလုပ်နဲ့လက်မပြတ် အိမ်ရှင်မကောင်း၊ လင့်ဝတ္တရားကျေပွန်သူ၊ ဒီလိုမျိုး လင်ခန်းမယားခန်းပြတ်သလိုပုံစံနဲ့ အတူမအိပ်ကြဘူးဆိုတော့ စဉ်းစားစရာတော့ရှိပြီ၊ မနက်ကျ မရင်လှ ငါ့ဆီလွှတ်လိုက်စမ်းကွာ လှဝင်း"

"ဟုတ်ကဲ့ ဘကြီးစံ ဟုတ်ကဲ့"

"ကဲ. . မင်းပြန်၊ ပြဿနာ မဖြစ်အောင်နေနော်"

"ဟုတ်ကဲ့ပါ ဘကြီးစံ"

ထို့နောက်တွင်တော့ ဘကြီးစံခ စဉ်းစားခန်းဝင်ရင်း မရင်လှအလာကိုသာ စောင့်ရပေမည်။ မရင်လှထံတွင် အဖြေတစ်ခုရှိနေသည်မှာ ဧကန်ပင်ဖြစ်ပေမည်။ ထိုအဖြေကိုအခြေခံ၍ ဆက်စဉ်းစားမည်ဟုကြံ၏။

နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင် ဆီထမင်းချိုင့်နှင့်အတူ မရင်လှ ဘကြီးစံခရှေ့သို့ ရောက်ရှိ၍လာလေတော့၏။

"ဘကြီးစံ သမီးကိုခေါ်တယ်ဆို"

"အေးဟ. . . သမီးရ ညည်းတို့လင်မယားတွေ အဆင်ပြေကြရဲ့လားဟဲ့"

"ဘာဖြစ်စရာရှိမှာလဲ ဘကြီးရယ်၊ ပြဿနာရယ်လို့ မရှိပါဘူး၊ အဲ လှဝင်းများ ဘကြီးဆီ လာသွားတယ် မှတ်တယ်"

"ထားပါတော့သမီးရယ်၊ ပွင့်ပွင့်လင်းလင်း ဘကြီးဆွေးနွေးချင်လို့ သမီးကိုခေါ်တာ"





www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဒါဆို ဘကြီး သမီးကို အခိုင်တာမေးပါ၊ သမီး ဖြေပါ့မယ်"

"ဟုတ်ပြီ၊ သမီးတို့ လင်မယား တွေ ခွဲအိပ်ကြတယ်ဆို၊ သမီးကစ အတူ မအိပ်ဖို့ စတင်ပြောဆိုသလား"

"အင်း၊ အဲဒီကိစ္စ သမီး ဘကြီးကို ပြောပါ့မယ်၊ သမီးစိတ်ထဲမှာ အဲဒီလင် မယားကိစ္စကြီး ကန်တော့နော် ဘကြီး"

"အေးပါ၊ ပြောပါဟယ်၊ ကိစ္စမရှိ ပါဘူး. . . ပြော ပြော"

"စိတ်ကုန်သလို သဘောမကျ သလို အလိုမတူတော့သလိုကြီး ခံစားရ တယ်၊ ဒါနဲ့ သူ့ကိုတောင်းပန်ပြီး အိပ်ရာ ခွဲအိပ်ဖို့ အဆိုပြုတာပါပဲ ဘကြီးရယ်၊ ဘကြီးကို သမီးပြောစရာက အကုန်ပါပဲ၊ အွန်မအပေါ်မှာ ကိုလှဝင်း ဘာတာဝန် မှ မပျက်ကွက်ပါဘူး၊ လင်ကောင်းတစ် ယောက်အဖြစ်လဲ အသိအမှတ်ပြုပြီး ခေါင်းသင်းသွားမှာပါ ဘကြီးစံ"

"ကဲ ဟုတ်ပြီ၊ ဘကြီးရှင်းပါတယ် သမီးရယ်၊ ဒေါ်သတော့ ရှေ့မထားကြနဲ့၊ မှားကြစေနဲ့ ကြားလား၊ ကဲ ပြန်တော့ သမီး"

"ဟုတ်ကဲ့ ဘကြီးစံ"

ရှင်းပြီဟု မရင်လှအား ဘကြီးစံ ပြောလိုက်ရသော်လည်း တကယ်ကား ရှင်းသေး။ ရှင်းမည့်သူ နောက်တစ် ယောက်ထံ ဘကြီးစံခချဉ်းကပ်ရပေလိမ့် မည်။ ထိုသူကား အောင်ဘော်ဆန်စက် အနီး ငှက်ပျောခြံကြီးတွင်နေသော ပရ ဆေးဆရာကြီးဦးတင်ညွန့်ပင် ဖြစ်တော့ သည်။

⁂

"အာ, အစ်ကိုစံခ. . . ဘယ်က လှည့်လာလဲ လာလာ၊ မတောရေ . . . ဟောဒီမယ် နတ္ထမင်းကုန်းက နင့် ဘကြီးလာသဟ"

"အယ်, ဘကြီး မလာတာကြာ ပေါ့၊ ကဲ ဒီမှာ ခြံထွက်ငှက်ပျောသီးမှည့် အခြောက်လှန်းထားတာ၊ ရေနွေးနဲ့မြည်း ပါ၊ နောက်ဘက် သမီး အလုပ်ကလေး ရှိလို့"

"သမီး. . . နင့်အလုပ် နင်လုပ် ဟဲ့၊ တို့ စကားပြောစရာရှိလို့ လုပ် လုပ်"

"အစ်ကိုစံ. . . ဘာများ အရေး ကိစ္စထူးတာ ရှိလို့လဲ၊ အစ်ကိုလာရင် တစ်ခုခုတော့ ထူးခြားတတ်တယ်လေ"

"ဒီလိုကွာ. . . မောင်တင်ညွန့်၊ ငါပုံစံတစ်ခုပြောမယ်၊ မင်းက သဘာဝ ကိုဖော်ပေးကွာ"

"ဟုတ်ကဲ့ အစ်ကိုပြောပါ"

"လင်မယားနှစ်ယောက် စီးပွား ရေးလဲ ပြဿနာမရှိဘူး၊ လူမှုရေးလဲ ပြဿနာမရှိဘူး၊ လင်ငယ်လဲမနေဘူး၊ မယားငယ်လဲမနေဘူး၊ သောက်စား မူး ပျော်လဲ မရှိဘူး၊ ယောကျ်ားဘက်က တာဝန်ကျေတယ်၊ မိန်းမဘက်ကလဲ တာဝန်ကျေတယ်၊ အဲဒါပေမဲ့ မထင်မှတ် ဘဲနဲ့ အဲဒီမိန်းမ အိပ်ရာတစ်ခုထဲ အတူ အအိပ်မခံတော့ဘူး၊ ရှင်းရှင်းပြောကြစို့ လင်မယားကိစ္စ လက်မခံတော့ဘူး၊ခါးခါး သီးသီးဖြစ်သွားတယ်၊ ဒါပဲ၊ အဲဒါ မင်းက ဆေးပညာရှုထောင့်ကမြင်တဲ့ အမြင် တစ်ခုနဲ့ ငါ့ကိုရှင်းပေးစမ်းကွာ၊ ကဲ"

ဘကြီးစံခ စကားပြောဆုံးသော အခါ ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက် လိုက်လေသည်။ ဦးတင်ညွန့်က သောက် ဆဲရေနွေးခွက်အားချလိုက်ပြီး ခေါင်း တညိတ်ညိတ်နှင့်. . .

"အစ်ကိုစံပြောတာ ကျွန်တော် သိပြီ၊ ဆေးပညာရှုထောင့်ကကြည့်ရင် လူတစ်ရာတစ်ယောက်ဖြစ်ခဲတယ်၊ ဖြစ် တတ်တဲ့ သဘာဝလဲရှိတယ်၊ အစ်ကို့ အင်္ဂါလက္ခဏာအရ ဒါရှင်းအောင်ပြော ရရင် ကာမဂုဏ်ငုပ်ရောဂါလို့ပဲ ပြောရ တော့မှာပေါ့၊ အသက်က ခပ်ငယ်ငယ် တွေမဟုတ်လား"

"အေးပေါ့ကွ၊ သုံးဆယ်ကျော် တွေပဲ ရှိမယ်ပေါ့"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ လင် ယောကျ်ားနဲ့အတူတူမအိပ်တာကလွဲရင် ဘာပြဿနာမှ တခြားမရှာဘူး၊ ဒါပေမဲ့ လင်ယောကျ်ားဘက်က ကြည့်ရင်တော့ ပြဿနာကြီးပေါ့ အစ်ကို"

"ဟား အမှန်ပဲဟေ့"

"ဆေးဖော်ပေးလိုက်ပါ့မယ် အစ်ကို၊ စနစ်တကျစားပါစေ၊ နှစ်လ အတွင်း လုံးဝ ပျောက်ကင်းပါတယ်၊ ဟင်းဟင်း ကြံ့ကြံ့ဖန်ဖန် ငါ့အစ်ကိုနှယ်၊ ဒီပြဿနာမျိုးဖြေရှင်းရဖို့ ကြံ့ရတယ်လို့"

"အေးကွာ၊ လာပြီးတိုင်တော့ တောတော့ ရှင်းရလင်းရမယ့်တာဝန်က ရှိတော့ အဖြေရှာရတာပေါ့၊ ဪ လောကမှာ ဒီလိုမျိုးရောဂါရယ်လို့ ရှိ သေးသကိုးကွ မောင်တင်ညွန့်ရ အင်း"

"ရှိတာပေါ့ အစ်ကိုရယ်၊ ဒါ မခဲယဉ်းပါဘူး၊ ဆေး အစ်ကိုယူသွားပါ၊ ဆေးဖိုးမပေးပါနဲ့"

"အာ, မင်းကလဲ အလကား ဆရာလုပ်ဦးတော့မယ်၊ ယူ ဆေးဖိုး. . . ဘယ်အဲဒီလိုမလုပ်နဲ့၊ ငါပေးမှာ"

⁂

သို့နှင့် ဘကြီးစံခသည် ပရဆေး ဆရာကြီးဦးတင်ညွန့် ဖော်စပ်ပေးလိုက် သောဆေးအား မရင်လှအားစနစ်တကျ တိုက်လေတော့၏။ ပြောစကား နား ထောင်၍ ဆေးမှန်မှန်သောက်ကြောင်း သိရသောအခါ ဘကြီးစံခ ဝမ်းသာပီတိ ဖြစ်ရသည်။ ရောဂါအခြေအနေအား နှစ်လခန့်အကြာ ကိုလှဝင်းအားခေါ်၍ မေးရလေတော့သည်။

"ဟေ့ကောင်လေး လှဝင်း. . . မင်းတို့မိသားစု အဲ မရင်လှ ကျန်းမာ ရေးအခြေအနေ ပြောပါဦး"

"ဟုတ်ကဲ့. . . ဟဲ ဟဲ. . . ကျွန်တော်လဲ ဘကြီးလာသတင်းပို့မလို့ ပဲ၊ သုံးရက်ရှိပြီ အိပ်မက်တွေမကောင်း လို့ လန့်လန့်နေလို့ အိမ်ထဲပြန်အိပ်ပါ တဲ့ဆိုလို့ ဘကြီး. . . အဟဲ"

"အိုး. . . မွတ်ကရောလဟဲ့၊ ဟား ဟား ဟား"

**စာကြွင်း**

ဆေးနည်းအလိုရှိသူများ စာရေး သူအားဆက်သွယ်ပါရန်နှင့် ဒါနပြုပါ မည်ဖြစ်ကြောင်း။

❒ ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

အတိတ်မှ တွေ့ကြုံ ဖြစ်ပျက်ခဲ့ကြသော အကြောင်းအရာတိုင်းသည် မေ့ပျောက်နိုင်ကောင်းသောအရာများ မဟုတ်သလို အခါအခွင့်သင့်တိုင်း ပြန်လည် သတိရ ပေါ်ပေါက်တတ်ကြသည်။ ထိုသို့ ပြန်လည်သတိရ ပေါ်ပေါက်တတ်သည် ဆိုရာ၌ မမေ့မပျောက်နိုင်သော အကြောင်းအရာ ဖြစ်မှုကြောင့်လည်းကောင်း၊ တိုက်ဆိုင်မှု တစ်ခုခုကြောင့် လည်းကောင်း၊ တစ်စုံတစ်ယောက်၏ အမှတ်ရစေမည့် အကြောင်းကြောင့်လည်းကောင်း တစ်နည်းနည်းကြောင့် ဖြစ်နိုင်ပေ၏။



# လပြည့်ည၏ လွမ်းပုံပြင်

နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြမည့်အကြောင်းအရာသည်လည်း ထိုအမှတ်ရစေနိုင်သော အကြောင်းအရာများထဲမှတစ်ခုဖြစ်သည့် အစ်စုံတစ်ယောက်၏ အမှတ်ရစေမည့် အကြောင်းကြောင့် မနေ့ တစ်နေ့ကပင် တွေ့ကြုံခံစားခဲ့ရသလို ပြန်လည်သတိရသော အကြောင်းလေး ဖြစ်၏။

တစ်နေ့ ကျွန်တော့်ထံသို့ ကိုသန်းအောင်ဆိုသူ (ထိုစဉ်က တပ်ကြပ်) မျှော်လင့်ဘဲ ရောက်လာသည်။

ကိုသန်းအောင် ဆိုသည်မှာ ၁၉၆၈/၆၉ ခုနှစ်များဆီက ပဲခူးရိုးမ အစ်နေရာဖြစ်သော ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ ခုတင်ငါးဆင့် ရွှေတန်း စခန်း၌ တိုင်းပြည်တာဝန်များကို အတူတကွ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

"ဆရာ့စာတွေ ခဏခဏ ဖတ်ရတယ်၊ နေဝန်းနီ နေဝန်းနီနဲ့ တော်တော်များများပါပဲ၊ တချို့ဝတ္ထုတွေ ဆောင်းပါးတွေမှာ ကျွန်တော်တို့ တပ်အကြောင်းတွေ တပ်ရင်းမှူးကနေပြီး ရဲဘော်လေးအဆုံး နာမည်တွေပါ ပါလာတာ တွေ့ရတော့ နေဝန်းနီဆိုတာ ကျွန်တော်တို့တပ်တတော့ တပ်ကပဲ၊ ဒါပေမဲ့ ဘယ်သူပါလိမ့်လို့ တွေးနေတာ၊ နောက်တော့မှ ဗိုလ်ကြီးအုန်းဆွေက၊ ဟာ အဲဒါဆရာပဲလို့ ပြောပြလို့သိရတာ၊ ကောင်းတယ်ဆရာ၊ တချို့ ဟိုတုန်းက အကြောင်းလေးတွေကို ရေးထားတာလေးတွေဖတ်ရတော့ ဟိုလွန်ခဲ့တဲ့ တစ်ရံရောတစ်ခါက အကြောင်းတွေ သတိရပြီး အမှတ်တရ ခံစားရတယ်၊ လွမ်းရတာပေါ့ ဆရာရယ်"

ကိုသန်းအောင်က လူချင်းတွေ့သည်နှင့် အထက်ပါအတိုင်း ပြောပြ၏။

"အေးဗျာ . . . ကျွန်တော်လဲ ဒီအရွယ် ဘာအလုပ်မှလဲ မလုပ်နိုင်တော့ ဘုရားသွား ကျောင်းတက်အလုပ်နဲ့ အားအားရှိလို့ စာတိုပေစလေးတွေ ရေးနေတာပါ"

ကျွန်တော်က ပြန်ပြောတော့ ကိုသန်းအောင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . . "ဆရာ့ကို ပြောရဦးမယ်" ဟု ဆိုလိုက်သည်။

"ပြောလေ ကိုသန်းအောင်"

"တခြားတော့ မဟုတ်ဘူး၊ ကျွန်တော်တို့ နေခဲ့ကြတဲ့ ခုတင်ငါးဆင့်ရွာဦးက ရွာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ လွမ်းစေတီလေးရဲ့ ဇာတ်လမ်းကိုတော့ ဆရာမရေးသေးဘူး၊ ဆရာဘာလို့ မရေးတာလဲ၊ လပြည့်ညတိုင်းလိုလို ကြားတတ်တဲ့ စောင်းသံလေးနဲ့ ခုတင်ငါးဆင့်ရွာက အမျိုးသမီးလေး အကြောင်းလေ"

ကိုသန်းအောင် အစဖော်ပေးလိုက်မှ ကျွန်တော်သည်လည်း ကိုသန်းအောင် ပြောသော တစ်ရံရောအခါက အကြောင်းလေးဟု ပြော၍ရသည့် ခုတင်ငါးဆင့်ရွာဦးရှိ လွမ်းစေတီလေးနှင့်ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ကို သတိရလိုက်မိ၏။

ထိုအဖြစ်တွေက ကြာတော့ကြာခဲ့ပါပြီ။ လွန်ခဲ့သော ဆယ်စုနှစ် လေးခုကျော်ကျော်က ဖြစ်သည်။

ခုတင်ငါးဆင့်ရွာသည် အညာရွာပီပီ ရွာဝိုင်းဖြစ်၍ ရွာလယ်လမ်း နှစ်လမ်းနှင့် ရွာဖြတ်လမ်း နှစ်လမ်းရှိကာ ရွာနံဘေး၌ မြင့်မားသောတောင်ကြီးများ ပတ်လည်ဝိုင်းထားသည့်ရွာဖြစ်၏။ ရွာ၏အရှေ့ဘက်ထိပ်၌ တောင်ကမ်းပါးယံနှင့်ကပ်လျက် တောင်ကျချောင်းကြီးတစ်ချောင်း ရှိသည်။ ထိုချောင်းက ခုတင်ငါးဆင့်ရွာထိပ်မှ ဝါးရုံပင်လယ်ရွာအထွက် နတ်ပူးတောင်နှင့် ကပ်၍ တောင်အောက်သို့ ရေတံခွန်ကြီးများ ဖြစ်လျက် ထိုးကျနေသည်။

ထို ရေတံခွန်ကြီးများသည် အကျယ်အားဖြင့် အနည်းဆုံးပေ (၂၀) ခန့်လောက်ကျယ်ပြီး တစ်ခုနှင့်တစ်ခု (၆)ပေ (၇)ပေခန့်လောက်ကွာ ဝေးနိမ့်ဆင်းသွားကာ အထပ်(၅)ထပ် ရှိ၏။ ထိုအထပ်(၅)ထပ်ကိုစွဲ၍ ခုတင်ငါးဆင့်ဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်လေ၏။

ခုတင်ငါးဆင့်ထိပ်၌ သာယာနာပျော်ဖွယ်ရာကောင်းလှသည့် ဆည်းလည်းသံလေး တလွင်လွင်ဖြင့် ဉာဏ်တော် သိပ်မမြင့်လှသော လွမ်းစေတီလေး တစ်ဆူရှိသည်။ ထိုစေတီမှာ လပြည့်ည ရောက်တိုင်း စောင်းသံလေး ကြားရတတ်သည်ဟု ဆိုပါသည်။

ထိုလွမ်းစေတီလေးနှင့်ပတ်သက်၍ ခုတင်ငါးဆင့်ရွာမှ ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ဘကြီးနာဂက ကျွန်တော်တို့အား သူ၏ တစ်ဆင့်စကားပုံပြင်သဖွယ် နာခံမှတ်သားလာခဲ့ရသော ဇာတ်လမ်းလေးကို အောက်ပါအတိုင်း ပြောပြပါသည်။

ပုဂံပြည့်ရှင် နရသီဟပတေ့မင်းကြီး၏ မိဖုရားရှင်မောက်၌ သီဟသူဆိုသော သားတော်တစ်ပါးရှိသည်။ နရသီဟပတေ့မင်းကြီးသည် ထိုရှင်မောက်မှ မွေးသော သားတော်ကို အခြားမိဖုရားများမှ မွေးသော သားတော်ကျော်စွာ၊ သားတော်ဥဇနာတို့ကဲ့သို့ မြို့စားမင်းများအဖြစ် ခန့်ထား၊ မြို့ရွာများကို ပေးသနားခဲ့ရာ သားတော် သီဟသူသည် ပြည်မြို့ကို စားရလေသည်။

ပြည်စားသီဟသူထံ ခစားကြသူများတွင် အမတ်ကြီးနန္ဒယော် ဆိုသူ တစ်ဦးရှိပြီး ထိုနန္ဒယော်၌ လူမက နတ်တမျှ ချောမော လှပသော ခင်နှောင်းဆိုသည့် သမီးလေးတစ်ယောက် ရှိလေ၏။ ပြည်စားသည် ခင်နှောင်းကို မြင်သည်နှင့် ခင်နှောင်း၏အလှတွင် ယစ်မူးပြီး ပဒေသရာဇ်သက်ဦးဆံပိုင်တို့၏ ထုံးစံအတိုင်း တော်ကောက်ရန်ကြံလေတော့သည်။

သို့ကြောင့် ခင်နှောင်းတို့အိမ်ကို သဲဖြူခင်း ရာဇမတ်ကာ ငှက်ပျောပင်စိုက်၍ မင်္ဂလာအလံတော်များ စိုက်ထူလိုက်၏။ သို့သော် ခင်နှောင်းက မေတ္တာမပါသော ပဒေသရာဇ်စနစ်၏ အသက်မဲ့ချစ်ခြင်းကို လက်မခံလိုကြောင်း ဖခင် အမတ်ကြီး နန္ဒယော်နှင့် သူ့မိခင်တို့ကို ပြောဆို၍ ကန့်ကွက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမတ်ကြီးကမူ "စိုင်ကော်လို့ ချုံပေါ် ရောက်တာဖြစ်ကြောင်း၊ မငြင်းဆန်သင့်ကြောင်း မင်းတို့ မျက်စောင်းဆိုသည်ကလဲ အကြောင်းသုံးပါး မရှေးကြောင်း" ဖျောင်းဖျနားချကြလေ၏။

"ဖခင်ဘုရား. . . သမီးတော် ဘယ်လိုနည်းနှင့်မျှ သီဟသူမင်းသားရဲ့ မိဖုရားမဖြစ်လိုပါဘူး၊ ရက်စက်ယုတ်မာပြီး ကိုယ့်ခမည်းတော်ကိုတောင် သတ်၊ နန်းရပ်ထီးဖြူ လုယူဖို့ ကြိုးစားနေတယ်ဆိုတဲ့ နာမည်သတင်းဆိုးကြီးထွက်နေတဲ့ အဲဒီမင်းသားရဲ့မယား ဖြစ်ရတာထက် သေတာကမှ ကောင်းပါလိမ့်မယ်၊ သမီးတော် ဘယ်လိုမှ လက်မခံနိုင်ပါဘူး"ဟု နောက်ဆုံးတော့ အကြောက်အကန် ငြင်းဆိုလိုက်လေသည်။

ထိုအချိန်က ခင်နှောင်း၌ သီဟသူထံ စောင်းတစ်လက်ဖြင့် နားတော်ဆက်နေရသော စောင်းသမားလုလင် မောင်ဒီပနှင့် နှစ်ကိုယ်တူချစ်ခြင်းမေတ္တာ နှင်းထားကြပြီလည်း ဖြစ်လေသည်။

အမှန်တကယ်လည်း ထိုအချိန်က ပြည်စားသီဟသူသည် ဖခင်၏ဝက်လက်ခိုးမသား ဟုနောက်ပြောင်ကျီစယ်ခဲ့သည့်စကားအပေါ် အရှက်ကြီးရှက်ကာ နရသီဟပတေ့မင်းကြီးအား တော်လှန်ပုန်ကန်၍ ပုဂံထီးနန်းကို ကြံရွယ်နေသော အချိန်လည်း ဖြစ်ပေ၏။

"ခင်နှောင်းငယ် သမီးဘယ်သို့ဆိုလိုက်တာလဲ၊ ဒီစကား မင်းသားကြားမှဖြင့် ဒုက္ခလှလှကြီး တွေ့တော့မယ်"

ဟု ဖခင်က ဟန့်တားပြီး ခင်နှောင်း၌ မေတ္တာမျှသူ ရှိ၊မရှိမေးရာ ခင်နှောင်းကလည်း မှန်ရာကိုဝန်ခံ၍ စောင်းလုလင်လေးမောင်ဒီပနှင့် မေတ္တာမျှနေကြောင်း ပြောလေသည်။

အမတ်ကြီးနန္ဒယော်သည် သမီး၏ အဖြစ်ကိုသိလိုက်သည်နှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကော မည်သို့ ကြံရွယ်ရမှန်းမသိ ဖြစ်သွားတော့သည်။ သီဟသူ၏စိတ်ကိုလည်း သိထားသဖြင့် ပိုမို ကြောက်ရွံ့၍လည်း သွားသည်။ သီဟသူက ရက်စက်သည်။ ကြမ်းကြုတ်သည်။ ပြဿနာကို လွယ်လွယ်ဆုံးဖြတ်တတ်သည်။ သည်သို့ဆိုလျှင် သူတို့အားလုံး အသက်ရှင်ဖွယ်ရာ မရှိ။

ဒီတော့နန္ဒာယော်က ထိုပြဿနာကို အပြန်ပြန် အလှန်လှန် စဉ်းစားသည်။

နောက်ဆုံးတော့ သီဟသူ၏ အစီအစဉ်လည်း ပယ်လှန်ရာမရောက်၊ အားလုံးလည်း အေးအေးဆေးဆေးလည်းရှိရန် စောင်းလုလင်ဒီပကို အမတ်ကြီးတစ်ဦး၏ အခွင့်အာဏာ သုံးပြီး ဥပါယ်တံမျဉ်ပြု၍ ဆင့်ခေါ်လိုက်၏။ မောင်ဒီပ ရောက်လာသည်နှင့် . . .

"စောင်းလုလင်ငယ် မောင်နှင့် သမီးလေး ခင်နှောင်းတို့ နှစ်ကိုယ်တူကြည်ဖြူကြတယ် ကြားပါ့" ဟု မေးလေသည်။ ထိုအခါ မောင်ဒီပကလည်း မကွယ်မဝှက်. . .

"မှန်ကြောင်းပါ အမတ်မင်းဘုရား၊ မကွယ်ဝှက်ဝံ့ကြောင်းပါ" ဟု မှန်ရာကို ဖြေလေ၏။

"သည်သို့ဆိုလျှင် သမီးငယ်ကို ခေါ်၍ ဒေဝပဗ္ဗတတောင်ကို ယနေ့ပင် သွားရော့၊ လုံခြုံရာ နေရာပြု၍ ခိုလှုံကြပေရော့၊ နို့မဟုတ်ရင်ဖြင့် စောင်းလုလင်မြင်တဲ့အတိုင်း သမီးငယ်ကို အရှင့်သားတော်က တော်ကောက်မိဖုရားမြှောက်ဖို့ ငှက်ပျောပင်စိုက်၊ သဖြူခင်း ရာဇမတ်ကာ မင်္ဂလာအလံတော်များပါ စိုက်ထားပေပြီ။

မောင်တို့အကြောင်း သိခဲ့ရင် လွတ်လမ်းမမြင်ဘူး၊ ထွက်ပြေးမှ အေးရတော့မယ်၊ သင်တို့က ယနေ့သွား ငါတို့က သမီးငယ် မရှိတော့ကြောင်း၊ ကျွန်တော်မျိုးကြီးတို့လဲ တစ်စုံတစ်ရာ မသိရပါကြောင်း လျှောက်ထားတောင်းပန်မည်"ဟု နန္ဒယော်က ဆိုလေသည်။

စောင်းလုလင်လေး မောင်ဒီပလည်း အမတ်ကြီးနန္ဒယော်၏ အကြံပြုချက်အရ ညနေဆည်းဆာ၌ ခင်နှောင်းအား မြင်းပေါ်တင်ကာ စောင်းတစ်လက်၊ ဓားတစ်ချောင်းနှင့်အတူ အမတ်ကြီးနန္ဒယော် ခရီးလမ်းညွှန်လိုက်သည့် ဒေဝပဗ္ဗတတောင်သို့ ထွက်ခဲ့ကြ[ေ]တော့၏။

အမတ်ကြီး၏ ခရီးလမ်းညွှန်မှု အတိုင်း မောင်ဒီပနှင့်ခင်နှောင်းတို့လည်း တောအသွယ်သွယ် တောင်အထပ်ထပ် လျှိုမြောင်ချောက်ကမ်းပါးတို့ကို ကျော်ဖြတ်လာခဲ့ကြရာ လပြည့်ဝန်းကြီး ပြည့်ပြည့်ဝဝ ထွန်းလင်းတောက်ပသည့် နောက်တစ်နေ့လပြည့်ညဥ္ဍ ဒေဝပဗ္ဗတတောင်သို့ ရောက်ခဲ့လေသည်။

မောင်ဒီပသည် ထိုတောင်သို့ ရောက်သည်နှင့်တောင်ကြီးနှစ်ခုအကြားတွင် ကျောက်သားခုတင်ကြီးများသော အဆင့်ဆင့်ဖြစ်ပေါ်လျက်ရှိသော [ေ]တံခွန်များ တဝေါဝေါဖြာကျလျက်ရှိသည့် ခုတင်ငါးဆင့် တောင်ထိပ်ပေါ်၌ ခေတ္တနားပြီး ခင်နှောင်းကို . . .

"နှမငယ် ခင်နှောင်း ဒီနေရာမှာ ခဏနေခဲ့ဦးနော်၊ မောင်ကြီး ဒီနေရာ ပတ်ဝန်းကျင်မှာ ခေတ္တနေထိုင်ဖို့ နေရာရှာဦးမယ်၊ မကြာဘူး ခဏပါ"

ဟုပြော၍ စရည်းပင်ကြီး၌ မြင်းကို ချည်ပြီး ခင်နှောင်းကို ထားကာ နေရာကောင်းကောင်းလေးရရန် အရှာထွက်ခဲ့သည်။ ခင်နှောင်းကလည်း ခေါင်းလေးညိတ်ရင်း. . .

"မကြာစေနဲ့နော် မောင်ကြီး တောကြီးမျက်မည်းထဲမှာ ခင်နှောင်း တစ်ယောက်တည်း မနေရဲဘူး" ဟု မှာရင်း လက်ကလေးပြ ကျန်ခဲ့လေသည်။

ထိုညက လပြည့်ညပီပီ လမင်းကြီးက ငွေတာရာ ကြယ်အပေါင်းနှင့်လျက် ပြည့်ပြည့်ဝဝကြီး သာယာလျက်ရှိသဖြင့် ဒေဝပဗ္ဗတတောင်ကြော တစ်လျှောက် လင်းထိန်လျက်ရှိနေပေသည်။

မောင်ဒီပသည် သစ်ခက်တဲနှင့် မထိုးနိုင်မီ တစ်ညတာအတွက် တည်းနေထိုင်နိုင်မည့် နေရာကိုရှာရာ ညကြီးမင်းကြီးကလည်းဖြစ်၊ မရောက်ဖူးသော နေရာလည်း ဖြစ်သောကြောင့် ...





www.burmeseclassic.com

www.burmeseclassic.com

ယ်ကူကူ ရှာမတွေ့နိုင်ဘဲ တောင်ကြော တစ်ကြောလုံး ပတ်ပြီးသည်နှင့် ခင်နှောင်းရှိရာသို့ ခင်နှောင်းကိုလည်း စိတ်မချနိုင်၍ အမြန်ဆုံးပြန်ခဲ့လေ၏။

သူပြန်ရောက်ချိန်၌ ခင်နှောင်းကို လုံးဝမတွေ့ရတော့ပေ။ အစ၌ အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်နှင့် ဒေဝပဗ္ဗတတောင်ကြော ဘုမ္မိပဗ္ဗတ တောင်ကြောတစ်ဝိုက်တွင် ခင်နှောင်း သူ့နောက် လိုက်လာသဖြင့် မျက်စိလည်သွားသည်အထင်နှင့်. . .

"ခင်နှောင်းရေ ခင်နှောင်းရေ" ဟု တစာစာအော်ခေါ်ရင်း လိုက်လံရှာဖွေခဲ့လေသည်။

မတွေ့နိုင်သည့်အဆုံး ခင်နှောင်း တကောင် တစ်ကောင်ကောင်နှင့်ပဲ တိုးသွားပြီလား၊ ဒါမှမဟုတ် ရန်သူ တစ်ဦးဦးဖြင့်ပဲ တွေ့သွားပြီလားဟု တွေးရင်း စိုးရိမ်ပူပန်လာကာ ချစ်သူအတွက် သောက ပရိဒေဝမီးများ တောက်လောင်လာလေတော့၏။

သို့ကြောင့်ပင် တစ်ညတာလုံး ခင်နှောင်းကို တကြော်ကြော်ခေါ်ရင်း လိုက်ရှာခဲ့၏။ သို့သော် မိုးလင်းသွားသည့်တိုင် ခင်နှောင်း၏ အစအနကိုမျှ မတွေ့ရတော့ချေ။

ထိုအချိန်တွင်ပင် တုတ်ကောက်တောင်ဝှေးကြီးတစ်ချောင်းကို အားပြုထောက်ရင်း သူ့ထံသို့ လျှောက်လာနေသည့် အသက်(၇၀)ခန့် ရသေ့ကြီး တစ်ဦးကို မောင်ဒီပ မြင်လိုက်ရသဖြင့် မြေပေါ်တွင် ဒူးတုတ်ဝပ်တွားကာ ရှိခိုးလိုက်လေ၏။

ရသေ့ကြီးသည် မောင်ဒီပကို ကြင်နာစွာ ကြည့်ရင်း . . .

"ဒကာလေး ပူပန်သောက ဗျာပါဒတရားတွေ များနေပါရော့လား"ဟု ကရုဏာစကားကို ဆိုလိုက်သည်။

ထိုအခါ မောင်ဒီပက ဟုတ်မှန်ကြောင်း သူ့အဖြစ်များကို တစ်လုံးမကျန် လျှောက်ထားပြီး. . .

"တပည့်တော်ကို ကယ်တော်မူပါ ဆရာရသေ့ဘုရား" ဟု လျှောက်ထားလိုက်၏။

"အိမ်း ကိုယ်ဖြစ်ချင်သလို မဖြစ်ရဘဲ သူ့သဘာဝအတိုင်း သူ့သဘောအတိုင်း မိမိကိုယ်မိမိ အစိုးမရဘဲ ဖြစ်ချင်သလိုဖြစ်နေတဲ့ လောကကြီးပဲဒကာလေး၊ တရားနဲ့သာဖြေပေရော့၊ ဒကာလေးတို့ရဲ့ အတိတ်ကံ မကုန်ရင်တော့ ပြန်ဆုံကြမှာပါ၊ ဘုရား ဘုရား ဘုရား"

ရသေ့ကြီးက မောင်ဒီပကို ခပ်တိုတိုပင် တရားပြပြီး တစ်ဖက် တောင်ကြောပေါ်သို့ အလယ်ကျောက်ခုတင်ကြီးကို ဖြတ်လျှောက်သွား၏။ မောင်ဒီပလည်း ရသေ့ကြီး၏ နောက်ကျောပြင်ကို ငေးမောကြည့်ရင်း မျက်လုံးအိမ်မှ အတောမသတ်နိုင်သော မျက်ရည်များက ပါးပြင်ပေါ်သို့ အဆက်မပြတ် စီးကျလာကြလေ၏။

စင်စစ်တော့ ခင်နှောင်းမှာ သားရဲတိရစ္ဆာန်တို့ ရန်သူတို့နှင့် တွေ့သွား၍ မဟုတ်ဘဲ ဒေဝပဗ္ဗတတောင်မှ အသင့်စောင့်နေကြသည့် အမတ်ကြီးနန္ဒယော်၏ ရဲမက်တို့က ပြည်မြို့သို့ ပြန်လည်ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြခြင်း ဖြစ်၏။

အမတ်ကြီး၏ အစီအစဉ်အရ တိုက်ခိုက်ခေါ်ခဲ့ရန် ဖြစ်သော်လည်း ရဲမက်တို့သည် မောင်ဒီပကို မတွေ့သဖြင့် ခင်နှောင်းတစ်ယောက်တည်းကိုပင် တိုက်ခိုက်ရန်မလိုဘဲ ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်သည်။

ပြည်သို့ ပြန်ရောက်သည်နှင့် အမတ်ကြီးနန္ဒယော်သည် သီဟသူအား သမီးကို ဆက်သရန် စီစဉ်လေတော့၏။ အမတ်ကြီးအနေဖြင့် အမြန်ဆုံး သမီးတော်ကို ဆက်သပြီးမှ အေးမည်ဟုလည်း တွက်ဆထားလေသည်။

သို့သော် ထိုအချိန်၌ သီဟသူ ပြည်မြို့တွင်ရှိမနေဘဲ တရုတ်တို့ရန်ကို ကြောက်ရွံ့သဖြင့် ပုဂံထီးနန်းကိုစွန့်ခွာကာ အောက်ပြည်အောက်ရွာသို့ စုန်ပြေးလာသည့် ခမည်းတော်နရသီဟပတေ့မင်းတရားကြီးနှင့်အတူ ပုသိမ်သို့ လိုက်ပါသွားခိုက်ဖြစ်သဖြင့် အစီအစဉ်ကို ခေတ္တဆိုင်းငံ့ထားလိုက်ရလေ၏။

ထို့အတူ ခင်နှောင်းကိုလည်း စံအိမ်၌ပင် ချုပ်နှောင်ထားလိုက်၏။

ခင်နှောင်းကလည်း တစ်နေ့ မောင်ဒီပထံကို ပြန်သွားမည်ဟူသော စိတ်ဖြင့် လွတ်မြောက်ရေးကို အမျိုးမျိုး ကြံဆနေသည်။ အစောင့်အကြပ်အချို့ကို လက်ဝတ်ရတနာများပေး၍ လွတ်မြောက်ရေးကို ကြိုးစားသည်။

ခင်နှောင်း၏အဖြစ်ကို ကရုဏာသက် စိတ်မကောင်းဖြစ်နေသော မြင်းခံကြီး ဘိုးသက္ကက. . .

"သမီးငယ် မပူလင့် အဘိုးကူညီမည်" ဟုပြောပြီး အခွင့်ကောင်းကို စောင့်နေကြလေ၏။ ထိုအချိန် ပုသိမ်မှ သီဟသူမင်းသား ခမည်းတော်ကိုသတ် ထီးဖြူနန်းရယ်ကို လုယူရန် ကြံစည်မှုဖြင့် နောင်တော်၏ အချုပ်အနှောင်ခံလိုက်ရကြောင်း သတင်း ရောက်လာလေသည်။

ထိုသတင်းကြောင့် ပြည်၌ ကျန်ခဲ့ကြသည့် သီဟသူ၏ သစ္စာခံ ရဲမက်စစ်သည်တို့ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေ၏။ ပြည်တစ်မြို့လုံး ချောက်ချားလျက် ကြီးလန့်စာစားဖြစ်သွားကြသည်။ အုတ်အုတ်ကျက်ကျက်လည်း ဖြစ်သွားကြ၏။

မြင်းခံကြီး ဘိုးသက္ကသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အစောင့်ရဲမက်အားသတ်ပြီး ခင်နှောင်းကို ကယ်ထုတ်ကာ ခင်နှောင်း၏ လမ်းပြမှုနှင့် ဒေဝပဗ္ဗတတောင်သို့ ပြန်လည်လိုက်ပို့ခဲ့၏။

ဒေဝပဗ္ဗတတောင်၏ ၎င်းတို့ စခန်းချခဲ့ရာ ရေတံခွန်ကြီးများ တဝေါဝေါဖြာကျစီးဆင်းလျက်ရှိသော ခုတင်ငါးဆင့်နေရာသို့ ပြန်ရောက်သည့်အခါတော့ မောင်ဒီပကို လုံးဝမတွေ့ရတော့ဘဲ မောင်ဒီပအစား ဉာဏ်တော် ကိုးတောင်ခန့်မျှရှိ စေတီလေးတစ်ဆူနှင့် စေတီ၏ မနီးမဝေးအရပ်၌ မြေပုံလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကိုသာ ခင်နှောင်းတွေ့လိုက်ရလေတော့သည်။

ခင်နှောင်း အံ့အားတသင့် ငေးကြည့်နေမိစဉ်ပင် ရသေ့ကြီးတစ်ပါးသည် တုတ်ကောက်တောင်ဝှေးကြီးကို တဒေါက်ဒေါက်ထောက်လျက် ရေတံခွန်ကြီးများကို ကျော်ဖြတ်ကာရောက်ရှိလာသည်။ ထို့နောက် ခင်နှောင်းကို ကရုဏာသက်စွာ ကြည့်ပြီး. . .

"တရားနဲ့သာဖြေပါတော့ ဒကာမလေး၊ အဲဒီ ထုံးဖြူဖြူစေတီလေးဟာ ဒကာမလေးရဲ့ချစ်သူ မောင်ဒီပ ဒကာမလေးကို တမ်းတပြီး တည်သွားခဲ့တဲ့ လွမ်းစေတီလေးပါ၊ ဟိုမြေပုံလေးကတော့ မောင်ဒီပရဲ့ မြေပုံလေးပဲ၊ အင်း သတ္တဝါတစ်ခု ကံတစ်ခုပေပေါ့ ဒကာမလေးရယ်၊ အနိစ္စ ဒုက္ခ အနတ္တ" ဟု ကြင်နာစွာတရားပြရင်း မိန့်ကြားလိုက်လေ၏။

**မှတ်ချက်-** ဒေဝပဗ္ဗတတောင်ကို ယခု နတ်တောင် (နတ်ပူးတောင်)ဟု ခေါ်ပြီး ဘုမ္မိတောင်ကိုတော့ မြေနက်တောင်ဟု ခေါ်ပါသည်။

***(စာရေးသူ)***

ဘကြီးနာဂ ပြောပြခဲ့သော ခုတင်ငါးဆင့်ရွာ၏ ဝါးရုံပင်လယ်ဘက်မှ လာသောရွာအဝင် နတ်ပူးတောင်ထိပ်ရှိ လွမ်းစေတီလေးနှင့် ပတ်သက်သည့် ဇာတ်လမ်းလေး ဖြစ်ပါ၏။

ဇာတ်လမ်းက ခင်နှောင်း လူ့လောက၌ မရှိတော့ဟု တထစ်ချ ယူဆသွားသည့် စောင်းလုလင်လေး မောင်ဒီပ ခင်နှောင်းစိတ်ဖြင့် လွမ်းနာကျ၊ လွမ်းစေတီလေးတည် နောက် သေသွား။ ရသေ့ကြီးက မောင်ဒီပအလောင်းကို သဂြိုဟ်၊ မောင်ဒီပသေပြီး မကြာမတင်ပင် မြင်းခံကြီး ဘိုးသက္ကနှင့် ခင်နှောင်း ရောက်လာ၊ ရသေ့ကြီး ပြောပြသဖြင့် အကြောင်းစုံသိ၊ ခင်နှောင်းလည်း ယူကျုံးမရဖြစ်ကာ ရင်ဆို့ပြီး သေဆုံးသွားစသည်ဖြင့် ပြီးဆုံးသွားပြီ ဖြစ်သည်။

သို့သော် ဘကြီးနာဂ၏ စကားကရပ်မသွားသေး၊ ဇာတ်လမ်းကို အဆုံးမသတ်သေး၊ မပြီးဆုံးသေးသော နောက်ဆက်တွဲ ဇာတ်လမ်းလေးကို ဆက်ပြောသည်။

"ခု ဘကြီးပြောပြခဲ့တာတွေက လွမ်းစေတီရဲ့ ဇာတ်လမ်းလေးပဲ၊ အဲဒီ လွမ်းစေတီလေးဆီက လပြည့်ညတွေဆိုရင် တစ်ခါတစ်ခါ စောင်းတီးခတ်သံလေးလိုလို လွမ်းလွမ်းဆွေးဆွေးနဲ့ တေးဆိုနေသံလေးလိုလို ကြားကြရတတ်တယ်၊ တချို့ညတွေဆို ရွှေနန်းဝတ်နန်းစားနဲ့ မင်းသားလေးတစ်ပါးနဲ့ မင်းသမီးလေးတစ်ပါးကိုတောင် တွေ့ကြရဖူးတယ်လို့ ဘကြီးရဲ့ အဖေနဲ့ အမေတို့ ပြောခဲ့ကြတယ်"

"သနားစရာပဲနော် ဘကြီး"

"ဟုတ်ပါ့ကွယ်၊ အဲဒီဇာတ်လမ်းလေးက သက်ဦးဆံပိုင်စနစ်ရဲ့ ပြယုဂ်တစ်ခုပေါ့၊ သက်ဦးဆံပိုင်စနစ်အောက်မှာ အဲဒီဇာတ်လမ်းမျိုးတွေက ထပ်နေမှာပါလေ၊ အင်း အဲဒီလွမ်းစေတီဇာတ်လမ်းမှာ နောက်ဆက်တွဲ ဇာတ်လမ်းလေးလဲရှိသေးသကွယ့်၊

အဲဒီနောက်ဆက်တွဲ ဇာတ်လမ်းကတော့ ရွာလယ်မှာရှိတဲ့ ဆလိုင်းအောင်စိန်နဲ့ မိုင်းလှထွေးရဲ့ သမီးလေး အကြောင်းပဲ၊ ကလေးမလေး နာမည်က မိုင်းခင်မြင့်တဲ့"

"တို့ရွာမှာ ခု ဘကြီးပြောခဲ့တဲ့ လွမ်းစေတီဇာတ်လမ်းလေးက လူတိုင်းလိုလို သိကြတယ်၊ ကြားဖူးကြတယ်၊ ညညဆိုရင် လူကြီးတွေက သားသမီးလေးတွေကို ပုံပြင်လေးတစ်ပုဒ်လို့ ပြောပြလေ့ ရှိကြတယ်၊ ခု ဘကြီးပြောမယ့် နောက်ဆက်တွဲဇာတ်လမ်းက အဲဒီလို ပြောလေ့ပြောထရှိတဲ့ ညအိပ်ရာဝင်ပုံပြင်က စခဲ့တာပဲ။

ဆလိုင်းအောင်စိန်နဲ့ မိုင်းလှထွေးရဲ့ သမီးလေး မိုင်းခင်မြင့်က အဲဒီပုံပြင်လေးကို အမြဲတမ်းနားထောင် အမြဲတမ်းကြားနေရတော့ သူ့ကိုယ်သူ ခင်နှောင်းပါ၊ သူဟာ စောင်းလု… လေးမောင်ဒီပရဲ့ ချစ်သူပါလို့ပြောတ… တကယ်လဲ သူဟာ ခင်နှောင်းတဖြ… ခင်နှောင်းဝင်စားတာလို့ ထင်နေတ… သူ့ အဖေ အမေနဲ့ တချို့ကလဲ က… ပြောတာ ယုံကြတာပေါ့လေ။

ယုံဆို ယုံရမည့်အကြောင်း… လဲ ရှိတယ်ကွယ့်၊ အဲဒါက ဘာလဲ… တော့ ပြည်စားသီဟသူမင်းသားနဲ့ ပ… သက်တာတွေ၊ တရုတ်ပြေးမင်းကြီး န… သီဟပတော့နဲ့ ပတ်သက်တာတွေ စ… ရာဇဝင်ကို သူက တစ်လုံးမကျန် ပြ… ပြောတာ၊ ဟုတ်တာ မဟုတ်တာတော… မသိပါဘူး၊ နားထောင်လို့တော့ သိ… ကောင်းတာပဲ၊ နောက်ပြီး မောင်ဒီပနဲ့ ခင်နှောင်းအကြောင်းကလဲ တကယ်… သနားစရာပဲ၊ ခင်နှောင်းကို သီဟသူက… တော်ကောက်ဖို့လုပ်တော့ သူခံစား… ခဲ့ရတာလေးတွေဆို သိပ်ဝမ်းနည်းဖို့… ကောင်းတာပဲကွယ်။

အဲဒီ ကလေးမလေးဟာ လ… ပြည့်ညတွေဆို မောင်တော်ရေ ခင်နှောင်း လာပြီ၊ မောင်တော့်ဆီ ခင်နှောင်းလာပြီလို့ ဆွေးဆွေးမြည့်မြည့် ပြောရင်း လွမ်းစေတီလေးဆီကို လူကြီးတွေမသိအောင် တိတ်တိတ်ထွက်သွားတတ်တယ်၊ နောက်ပြီး လွမ်းစေတီခြေတော်ရင်းမှာထိုင်ပြီး တစ်ယောက်တည်း ရယ်လိုက် မောလိုက်နဲ့ စကားတွေ ပြောနေတတ်တယ်။

နောက်တော့ လူကြီးတွေကသိပြီး စိတ်မချလို့ လိုက်လိုက်သွားကြရတယ်၊ လိုက်သွားတယ်ဆိုပေမယ့် သူနဲ့ အတူတူတော့မဟုတ်ဘူး၊ သူ့နောက်က တိတ်တိတ်ချောင်းလိုက်ကြရတာ။

ဒီလိုနဲ့ တစ်ညတော့ သူဒီရွာမှာ မနေတော့ဘူး၊ မောင်တော်ကခေါ်နေပြီ မောင်တော့်နောက်ပဲ လိုက်တော့မယ်လို့ ပြောပြီး မောင်တော့်ကို သနားပါတယ်၊ မောင်တော်ခင်နှောင်းနဲ့ အကြာကြီးခွဲနေရတာ မောင်တော်ရေ ခင်နှောင်းလာပြီလို့ပြောပြီး မိုးရွာရွာ ...မ်း

www.burmeseclassic.com

စေတီလေးဆီ ပြေးသွားခဲ့တယ်။

လူကြီးတွေက မိုးကရွာ လျှပ်ရောင်တွေ တလက်လက်ထပြီး မိုးထစ်ချုန်းသံတွေကလဲ တဂျုန်းဂျုန်းနဲ့ ဆိုတော့ သမီးလေး မသွားနဲ့ မိုးတွေရွာနေတယ် မသွားနဲ့ မသွားပါနဲ့လို့ အော်တစ်တားဆီးရင်း ပြေးလိုက်သွားကြတာပေါ့၊ ဒါပေမဲ့ ကလေးမလေးကမီလို့မရဘူး၊ လွမ်းစေတီလေးဆီအတင်းပြေးသွားတယ်လေ။

အဲဒီမှာ စေတီလေးဆီလဲရောက်ရော မိုးရေမှာ ခြေချော်ပြီး ရေတွေတဝေါဝေါထိုးကျနေတဲ့ ကျောက်ခုတင်ကြီးပေါ် ကျသွားပြီး ရေနဲ့လိမ့်ပါသွားတော့တာပဲ၊ ရသေ့ကြီး ပြောစကားနဲ့ပြောရရင် သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ်၊ အဲဒီညကတော့ မိုးသံ လေသံတွေကြားမှာ ဘကြီးတို့ တစ်ရွာလုံး လွမ်းစေတီလေးဆီက စောင်းသံလိုလိုကြားခဲ့ကြရတယ်၊ အင်း. . အဲဒီညဟာ လပြည့်ညတွေထဲက လပြည့်ည တစ်ညပေါ့ကွယ်"

ဘကြီး နာဂက သူ့စကားကို ကြေကွဲကွဲလေး အဆုံးသတ်လိုက်တော့ နားထောင်နေကြသော ကျွန်တော်တို့အားလုံးစိတ်မကောင်းဖြစ်သွားကြသည်။ ထို့အတူ ကျွန်တော်သည် ဘကြီးနာဂ ပြောပြခဲ့သည့် မိုင်းခင်မြင့်နှင့် ပတ်သက်သော စကားအစ၌ မိုင်းခင်မြင့် ခင်နှောင်းတစ်ဖြစ်လဲ ဖြစ်သွားရသည်မှာ သူတို့ရွာ၌ ပြောလေ့ပြောထရှိသော ညအိပ်ရာဝင်ပုံပြင်က စခဲ့တာပဲဟူသည့် စကားအရ အတွေးတွေ တသီကြီး တွေးလိုက်မိသည်။

မိုင်းခင်မြင့် ပုံပြင်လေးကို အမြဲတမ်း နားထောင်ရင်း စိတ်ဝေဒနာသည်လေးများ ဖြစ်သွားရတာလားဟူသော အတွေးကိုလည်း ထပ်တလဲလဲ တွေးလိုက်မိ၏။

ဆေးပညာအရ ကျွန်တော် ဥာဏ်မမီသော်လည်း အကယ်၍သာ မိုင်းခင်မြင့်ကို စိတ်ကျန်းမာရေးဌာနတွင် အထူးကုပါရဂူကြီးများနှင့် ပြသစစ်ဆေးပြီး ဆေးကုသမှုခံယူခဲ့ပါက ဟုလည်း တွေးနေမိသည်။

ယခုတော့. . .

"မိုင်းခင်မြင့်လေး ကောင်းရာဘုံဘဝရောက်နိုင်ပါစေ" ဟုသာ။

❒ နေဝန်း

(၁၉၆၇ ခုနှစ်က ပေါက်ခေါင်းမြို့နယ် ခုတင်ငါးဆင့်ရွာရောက်ရှိခိုက် ရွာဦးရှိ လွမ်းစေတီလေးနှင့် ပတ်သက်၍ ဘကြီး ဦးညီပု ပြောပြခဲ့သည့် ဇာတ်လမ်းလေးကို ပြန်လည်ခံစား ရေးဖွဲ့ခြင်းဖြစ်သည်)


ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

**ဘုန်းချင်** တိုင်းရင်းဆေးကုခန်း

**အထူးကုသသောရောဂါများ**

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | ➸ | နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ |
| လိပ်စာ | ➸ | အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွှေမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ☎ | ➸ | ၀၉-၇၃၁၃၄၆၄၁၄ |
| လမ်းညွှန် | ➸ | ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၀၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။ |




www.burmeseclassic.com

www.burmeseclassic.com

# မောင်သာမှန်

ရေးသည်

## အစရှာမရသော သူညာများ


(၁)

ကိုသောင်းဖေသည် မိမိငှားရမ်းနေထိုင်သော အိမ်ကလေး၌ ရက်သတ္တတစ်ပတ်ကြာသည့်တိုင် အခန်းအောင်းလျက် စာမူများကို ရေးသားခဲ့သည်။ ပြီးနောက် စာမူများကို ဆိုင်ရာဆိုင်ရာ စာပေတိုက်များသို့ ပေးပို့နိုင်ရန် ကိုသောင်းဖေသည် လွယ်အိတ်လွယ်လျက် ထွက်လာခဲ့သည်။

ကိုသောင်းဖေ အိမ်မှ ထွက်လာစဉ်က နံနက် ၇ နာရီခန့်သာ ရှိပေသေးသည်။ နံနက်ခင်း၏ လေပြည်သည် လက်ကျန် ဆောင်းအငွေ့အရိပ်များကြောင့်လားမသိ၊ နှင်းများ ထူထပ်စွာကျဆင်းလျက်ရှိပြီး ချမ်းစိမ့်စိမ့်ရှိလှသည်။

သို့ကြောင့်ပင် ကိုသောင်းဖေသည် တိုက်ပုံအင်္ကျီ ဝတ်ထားလင့်ကစား လေအေးတစ်ချက် မွှေ့လိုက်သည်နှင့် အေးစိမ့်စိမ့်ဖြစ်လာသည်ကြောင့် လက်ကို ကျစ်လျစ်စွာပိုက်လျက် ခပ်ကုပ်ကုပ်ဖြစ်သွားရသည်။

အရှေ့ဘက်ဆီမှ နေထွက်လာပြီဖြစ်သော်လည်း အလင်းရောင်သည် ထူထပ်သောမြူနှင်းထုအား ရှုတ်ခြည်းထိုးဖောက်နိုင်စွမ်း မရှိသေးပေ။



လှသစ်အောင်၊ အခင်းလျှား

ထိုကာလအတွင်း ခပ်လှမ်းလှမ်း၌ရှိသော ရထားလမ်းနံဘေး ကုတ္တိုး ထက်ဆီမှ ဥဩငှက်တစ်ကောင်သည် နွေကြိုတေးကို လွှမ်းဖွယ်ဖွဲ့၍ သီဆိုနေသည့်နှယ်။ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သော ကိုသောင်းဖေသည် ထိုဥဩငှက်၏ တွန်ကျူးသံကြားလိုက်ရသည်နှင့် ဘယ်ကိုလွမ်းမိ တမ်းတမိမှန်းမသိ ဖြစ်ရတော့သည်။

"ဗျို့ ဆရာ. . . ဆရာသောင်း"

တစ်စုံတစ်ယောက်၏ ရင်းနှီးသောအသံကြောင့် လမ်းနံဘေး လက်ဖက်ရည်ဆိုင်သို့ လှည့်ကြည့်လိုက်သည်။

ဆိုင်ထဲမှ လက်ယပ်လှမ်းခေါ်နေသော ကိုသန်းတင်ကိုမြင်လိုက်သည်နှင့် ကိုသောင်းဖေသည် ကားမှတ်တိုင်သို့ ရွေ့လျားနေသောခြေလှမ်းတို့အား ကိုသန်းတင်ရှိရာ လက်ဖက်ရည်ဆိုင်ထဲသို့ ပြောင်းလဲ ဦးတည်လိုက်တော့သည်။

ဆိုင်ထဲသို့ ရောက်ရောက်ချင်း ကိုသန်းတင်မှ ခရီးဦးကြိုပြုလျက် ရွှင်လန်းစွာဖြင့် . . .

"ကြွပါဆရာ၊ ကျွန်တော်နဲ့တွေ့တိုင်း ဆရာကပဲ ဧည့်ဝတ်ပြုနေတာ၊ ကျွန်တော့်အနေနဲ့ ဆရာ့ကို ဧည့်ဝတ်ပြုရတယ် မရှိဘူး၊ ဒီနေ့တော့ ကျွန်တော် ဧည့်ဝတ်ပြုပါရစေ"

ကိုသောင်းဖေမှ အားနာစွာရယ်မောလျက်. . .

"အားနာစရာဗျာ၊ ကိုသန်းတင်က ဒါနမြောက်အောင် ဧည့်ဝတ်ပြုချင်တယ်ဆိုတော့လဲ ကျွန်တော့်အနေနဲ့ သူတစ်ပါးရဲ့ဒါနကို ကန့်ကွက်လို့ ဘယ်ဖြစ်မလဲ၊ လက်ခံရမှာပေါ့"ဟု ပြောလိုက်သည်တွင် ကိုသောင်းဖေရော ကိုသန်းတင်ပါ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်ကြသည်။

နံနက်၊ နေ့လယ် ဆိုသကဲ့သို့ ကိုသန်းတင်သည် လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိသော်လည်း ကိုသောင်းဖေမှာမူ နေ့စဉ်နေ့တိုင်း ထိုင်လေ့ မရှိပါချေ။

www.burmeseclassic.com

ဘဝတူ စာရေးဆရာများ သူ့ထံ လာရောက်သည့် အခါများတွင်သာ ဆိုင်ထိုင်လေ့ ရှိပေသည်။

ကိုသောင်းဖေမှ . . .

"ဒီနေ့မနက် မင်္ဂလာရှိသော မနက်လို့ ပြောရမလိုဖြစ်နေပြီ၊ ကိုသန်းတင် ကျွန်တော့်ကို ဒါနပြုတယ်ဆိုတော့ ကိုသန်းတင်တစ်ယောက် ထူးထူးခြားခြား ကြုံခဲ့ပြီနဲ့တူတယ်"

ကိုသန်းတင်မှ ကိုသောင်းဖေ၏ စကားအားထောက်ခံသည့်အနေအထားဖြင့် . . . .

"ဟုတ်လိုက်လေ ဆရာရယ်၊ မနေ့က ကျွန်တော် ကားတစ်စီးထွက်သွားလို့ငွေအနည်းအကျဉ်းရလိုက်တယ်၊ ဒါကြောင့် ဆရာ့ကို ဧည့်ဝတ်ပြုတာပါ ဆရာ၊ ကျွန်တော်တို့ ပွဲစားဘဝက ဝါးစပ်က ထွက်လာတဲ့ ဆွဲဆောင်မှု စကားရပ်တွေနဲ့ ဝမ်းစာရှာနေရတာပါ၊ အရောင်းအဝယ်ဆိုတာကလဲ ဝယ်လက်ကြိုက်မှ ဖြစ်တာဆိုတော့ ဝယ်လက်ကြိုက်လာအောင် အမျိုးမျိုးသောနည်းဥပါယ်ကိုသုံးပြီး ဆွယ်ရတာ၊ ဒါကလဲ ဆရာရယ် ရတဲ့အခါလဲရ မရတဲ့အခါလဲ ရှိပေါ့၊ မရတာက များပါတယ် ဆရာရယ်"

ကိုသောင်းဖေသည် ကိုသန်းတင်၏စကားကို တွေဝေစွာနားထောင်လိုက်ပြီး အားပေးစကား ပြောမိသည်။

"ကိုသန်းတင် ရခြင်း၊ မရခြင်းထက် ကိုယ်လိုရာပါလာအောင် ပြောရမှာ ကိုသန်းတင်တို့ရဲ့ လုပ်ငန်းသဘာဝပဲမဟုတ်လား၊ ဆက်ပြီး ကြိုးစားပါဗျာ၊ တစ်ချိန်ချိန်မှာ ကိုသန်းတင်တစ်ယောက် ကားပွဲစားလုပ်ငန်းနဲ့ အကျိုးပေးပါလိမ့်မယ်၊ ဖွဲ့တော့ မလျှော့နဲ့ပေါ့ဗျာ"

ကိုသန်းတင်မှ မှာယူထားခြင်းကြောင့် သူတို့နှစ်ဦးထိုင်ရာ စားပွဲသို့ လက်ဖက်ရည်ပေါ့ကျနှင့် ကိုသောင်းဖေ သောက်တတ်သော ချိုဆိမ့်တို့အား စားပွဲထိုးလူငယ်လေးမှ လာရောက်ချပေးသည်။ နောက်ထပ် ကိုသန်းတင်၏ မှာယူမှုကြောင့် ပူပူနွေးနွေး အီကြာကွေးများ လာရောက်ချပေးသည်။

"သုံးဆောင်ပါ ဆရာ၊ ကျွန်တော့် ဒါနမြောက်သွားအောင် မုန့်လဲ သုံးဆောင်ပါ ဆရာ"

ကိုသောင်းဖေမှာ အိမ်မှ စောစီးစွာ ထွက်လာသည့်တိုင် နံနက်စာ တစ်ခုမှ စားလာရခြင်းမရှိသည်ကြောင့် ကိုသန်းတင်ရှေ့၌ပင် ဟန်မဆောင်နိုင်တော့ပါ။ အီကြာကွေးတစ်ချောင်းကို ယူ၍ လက်ဖက်ရည်ချိုနှင့်နှစ်ကာ တို့ကာဖြင့် စားနေလိုက်သည်။

ဒါနရှင် ကိုသန်းတင်သည်ကား ပြောဖွယ်ရာမရှိပါချေ။ လာရောက် ချပေးသော အီကြာကွေးတင်မက စမူဆာများကိုပါ ပလုတ်ပလောင်းဖြင့် စားသောက်နေတော့သည်။

အမှန်စင်စစ် ကိုသောင်းဖေသည် အထက်အညာဒေသမှ လာသူဖြစ်သည်။ သူသည် ဝါသနာထက်သန်သော စာရေးသားမှုပေါ်တွင် ယုံကြည်မှုများစွာဖြင့် ရန်ကုန်သို့ဆင်းလျက် စာပေလောကထဲသို့ ဖွတ်တိုးဝင်ရောက်လျက်ရှိသည်။

ထိုကဲ့သို့ ဖွတ်တိုးဝင်ရောက်နေဆဲ ကိုသောင်းဖေမှာ စာမူခ ပေါ်တွင် စားဝတ်နေရေး သုံးပါးစလုံး မူတည်နေသည်ကြောင့် ဇတ်တစ်လှည့် ပြတ်တစ်လှည့် ဇတ်တုံပြတ်တုံဖြင့် စာပေဘဝလမ်းကိုစမ်းတဝါးဝါးလျှောက်လှမ်းနေရပေသည်။

သို့ဖြစ်လင့်ကစား တစ်လမ်းတည်းနေ ကိုသန်းတင်ကိုတော့ ကိုသောင်းဖေ ခင်မင်မိသည်။ ကိုသန်းတင်မှာလည်း ကိုသောင်းဖေအား စာရေးဆရာဖြစ်၍ထင့် အထင်ကြီးလေးစားသည်။

လုပ်ငန်းအသွင်အပြင် ကွဲပြားမှုရှိသော်လည်း ကိုသောင်းဖေရော ကိုသန်းတင်ပါ စိတ်ခံစားချက်ချင်း တူညီမှုရှိသည်။ ထို့ပြင် မရတစ်မော့ ရတစ်မော့လည်း ထူးမခြားနား။

တစ်ခုတော့ရှိသည်၊ ကိုသောင်းဖေမှာ လစဉ်စာမူခဖြင့် ဝင်ငွေရှိသော်လည်း စီးပွားဖြစ် လောက်အောင် မရ။ ဝါသနာကြောင့်သာ ဖြစ်၏။

ကိုသန်းတင်မှာမူ ထိုသို့ မဟုတ်၊ အကြိမ်တိုင်း မရသော်လည်း ရလာသည့်ရှိသော် သောင်းဂဏန်းကျော်၍ သိန်းဂဏန်းနီးနီး၊ တစ်ခါတစ်ရံ သိန်းဂဏန်းပင် ကျော်ချေမည်လား မပြောတတ်ပေ။

## (၂)

လက်ဖက်ရည်ဆိုင်အတွင်း ကိုသန်းတင်နှင့် ကိုသောင်းဖေတို့သည် နံနက်စာ လက်ဖက်ရည်နှင့် အီကြာကွေးကို စားသောက်နေခိုက် မကြာသေးမီကမှ ဆိပ်ကမ်းသို့ ရောက်ရှိလာသော သင်္ဘောချ ဂျပန်ကားခပ်လွင်လွင်တစ်စီးသည် လက်ဖက်ရည်ဆိုင်ရှေ့သို့ ထိုးရပ်လာသည်။

ခဏအတွင်းပင် ကားတံခါး ပွင့်လာပြီး ဝဝဖိုင့်ဖိုင့် လူတစ်ယောက် ထွက်လာသည်။ ထိုလူ၏သဏ္ဌာန်သည် ငွေကြေးချောင်လည်သည့်ပြင် ချမ်းသာပုံပေါက်သည်။ သူ၏ခါးတွင် ဟန်းဖုန်းအိတ်ကလေးကို ချိတ်ထားလေ၏။ သူသည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် လူအများစားသောက်နေသော လက်ဖက်ရည်ဆိုင်ထဲသို့ မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်ပြီး ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ကိုသန်းတင်သည် ကိုသောင်းဖေနှင့် စကားပြောနေလင့်ကစား ဝဝဖိုင့်ဖိုင့်နှင့် လူချမ်းသာပုံပေါက်နေသော ပုဂ္ဂိုလ်အား လှမ်းအကဲခတ်လိုက်ပြီး ကိုသောင်းဖေအား တိုးညင်းစွာဖြင့် . .

"ဆရာ သူပေါ့၊ ပြီးခဲ့တဲ့တစ်ပတ်က မန်ယူနဲ့ချယ်ဆီး ပွဲစဉ်မှာ အချိုကြီးရလိုက်တာ"

ကိုသောင်းဖေသည် အံ့သြစရာအကြောင်းမဟုတ်သည်ကို ပြောကြားလေသော ကိုသန်းတင်အား . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ထူးဆန်းတာမှ မဟုတ်တာဗျာ၊ သူ့ဝါသနာနဲ့သူ သူ့အားသန်ရာ သန်ရာပဲပေါ့၊ သူ့ကံကောင်းလို့ ရတာ ဖြစ်မှာပေါ့ ကိုသန်းတင်"

"ဟုတ်တော့ ဟုတ်ပါတယ်ဆရာ၊ ကံကောင်းတယ်ဆိုပေမယ့် အမြဲတမ်း ကံကောင်းနေမှာမဟုတ်လို့ ပြောချင်လို့ပါ ဆရာ၊ မန်ယူ ချယ်ဆီးမှာ ပုံးနှစ်ရာ လောက်ရပေမယ့် နောက်ပွဲစဉ်မှာ ပုံး သုံးရာနီးပါး ပါသွားတယ်ဆရာ၊ အခု ကံကောင်းလို့ ရလိုက်တဲ့ဂျပန်ကားကို ကံမကောင်းစွာနဲ့ ပြန်ရောင်းဖို့လုပ်နေရ တယ် ဆရာ"

ကိုသောင်းဖေက ကိုသန်းတင် အား . . .

"ဒါဆို ကိုသန်းတင်၊ ခင်ဗျား သွားပြီး ဆက်ကြည့်ပါလားဗျာ"

ကိုသန်းတင်မှ ရယ်မောလျက်-

"ဆရာ မသိလို့သာဘဲ အကြံ ပေးတာဆိုတော့ ကျွန်တော် နားလည် ပါတယ်၊ သူ့ကိစ္စကို ဘယ်သူမှ ကြားဝင် လို့ မရဘူးဆရာ၊ ဘာဖြစ်လို့လဲ သိလား၊ သူကိုယ်တိုင်က ကားပွဲစားဖြစ်နေလို့ပဲ ဆရာ"

"ဪ"

မိမိနားမလည်သည့် အကြောင်း အရာကိစ္စအား ဝင်၍အကြံပေးမိသော ကိုသောင်းဖေမှာ နောင်တများစွာရမိ ပေသည်။

ပြောပြောဆိုဆို ကိုသောင်းဖေ သည် လက်မှနာရီကို ကြည့်လိုက်စဉ် ကိုသန်းတင်မှ . . .

"စောပါသေးတယ် ဆရာရယ်၊ နှင်းတောင်မကွဲသေးဘူး၊ ရေနွေးလေး သောက်ပါဦး"

စားရင်းသောက်ရင်း သူတို့နှစ်ဦး အာလာပသလ္လာပ စကားများပြောနေ စဉ် ဟောင်းနွမ်းညစ်ထေးသောအကျီ အနားစုတ်ပြတ်နေသော ဘောင်းဘီတို တို့ကို ဆင်မြန်းထားလေသော အသက် ရှစ်နှစ် ကိုးနှစ်အရွယ် ကလေး တစ် ယောက်သည် ကိုသောင်းဖေတို့ဝိုင်းကို ကျော်၍ တောက်တောက်ပြောင်ပြောင် ဖြင့် ရှိလေသော လူချမ်းသာ ပွဲစားကြီး ၏ ဝိုင်းသို့သွား၍ လက်ပိုက်လျက် မတ်တတ်ရပ်နေပြီး . . .

"အဘရယ် သားဆာလို့ပါဗျာ၊ သားကို မုန့်တစ်ခု ကျွေးပါခင်ဗျာ"

အမှတ်တမဲ့မို့ ထိုပွဲစားကြီးမှာ ပေါက်စီကို ကိုက်လျက်မှ ကြောင်သွား ရပြီး နောက် ထူထဲသော မျက်ခုံးနှစ်ဖက် မှာကြုတ်သွားရကာ ပြေလျော့နေသော မျက်နှာသည်လည်း တင်းမာသွားရလေ သည်။

ထို့နောက် . . .

"ဟေ့ကောင် သွားစမ်းကွာ သွား စမ်း၊ မင်းကိုကျွေးဖို့ နေနေသာသာ ကိုယ့်ဟာကိုယ်တောင် အနိုင်နိုင်"

ဟု ညည်းညူပြောဆိုလိုက်ပြီး ပါးစပ်ထဲတွင် ပေါက်စီကို ငုံလျက်မှ ပလုတ်ပလောင်းသံဖြင့် ကောင်တာမှ ဆိုင်ပိုင်ရှင်အား . . .

"ဟေ့ ဒီကိစ္စ မင်းတို့ရှင်းကြဦး၊ မင်းတို့ဝန်ဆောင်မှုက အားလျော့လွန်း တယ်၊ စားသုံးသူကို စိတ်ချမ်းသာဖို့ အမိကထားပါကွ"

ဆိုင်ပိုင်ရှင်မှာလည်း ထိုသူ၏ ပြောစကားကြောင့် မျက်နှာကြီးနီလျက် မှ သူ့စားပွဲထိုးလေးအား လှမ်း၍ . . .

"ဟေ့ကောင်သာဂိ ဘာငေးနေ တာလဲ၊ မင်းပထွေး ဟိုဝိုင်းကိုလာပြီး နှောင့်ယှက်နေတာမတွေ့ဘူးလား၊ သွား အပြင်ကို မောင်းထုတ်လိုက်စမ်း၊ ဘယ် လိုကောင်လဲမသိဘူး၊ ငေးတီငေးမောနဲ့"

မိမိ၏ဆိုင်ရှင်မှ မမျှော်လင့်သော ဆူပူဟိန်းဟောက်မှုကြောင့် ရုတ်ခြည်း အံ့အားသင့်သွားရပြီး သူများကြောင့် ဆူပူခံရသည်ကို ရှက်စိတ်တို့ဖြင့် မွန်ထူ သွားသော စားပွဲထိုးလူငယ်လေးမှာ ဆိုင်ရှင်အား မည်သို့မျှ ချေပခြင်းမပြု တော့ဘဲ မုန့်တောင်းနေသော ကလေး အား ဖိ၍သာ မာန်၍ ဆဲ၍ ဆူပူ၍။

အလုပ်ရှင် မကြားစေရန် အသံ ကိုနှိမ့်၍ မုန့်တောင်းနေသော ကလေး အား . . . "ဟေ့ကောင် မင်းမကြားဘူး လား၊ မင်းကြောင့် မင်းရဲ့အမေ့လင်က ငါ့ကို ဆူနေပြီကွ၊ သွား ခုချက်ချင်း ဆိုင် ထဲက ထွက်သွား၊ နောက်တစ်ခါဆို ငါ သည်းခံတော့မှာမဟုတ်ဘူး၊ မင်းတို့တွေ ကြောင့် *ငါ့ အလုပ်ပြုတ်ခံရတယ်ဆိုရင်* မင်းတို့ မလွယ်ဘူးမှတ်"

ပေရေ ညစ်ပတ်နေသော ထို ကလေးသည် မျက်လုံးပေကလပ် ပေ ကလပ်ဖြင့် စားပွဲထိုးလူငယ်အား တစ် လှည့်၊ လက်ဖက်ရည်သောက်နေသော ပွဲစားကြီးအားတစ်လှည့် ကြည့်လျက်နှင့် ပင် ဆိုင်ထဲမှ တရွေ့ရွေ့ ထွက်ခွာသွား တော့သည်။

ကိုသောင်းဖေသည် စိတ်ပျက် စရာ၊ စိတ်ဆင်းရဲစရာ မြင်ကွင်းများကို မတွေ့လို မမြင်လိုသော်လည်း တွေ့နေ မြင်နေရသည်။ မိမိအနေဖြင့်ဆာလောင် နေသော ကလေးအား မုန့်တစ်ခုတလေ မှ မပေးကမ်း မစွန့်ကြဲရသည်ကိုလည်း မိမိကိုယ်မိမိ ခံပြင်းမိသည်။ သို့သာမက ထိုထိုသော ပေတေလေလွင့်နေသည့် ကလေးငယ်များသည် ဤလောကဌ် မည်ရွေ့မည်မျှ ရှိနေမည်ကိုလည်း မသိ တတ်နိုင်တော့ပေ။

လက်ဖက်ရည်ဆိုင်ကို ကျောခိုင်း ထွက်ခွာသွားသော ကလေးသည် လမ်း နံဘေး အမှိုက်ပုံထဲ၌ စားကြွင်းစားကျန် အမှိုက်များကို နှုတ်သီးဖြင့် ထိုး၍ နမ်း၍ ကိုက်၍ အစာရှာဖွေနေသော ခွေးလေ ခွေးလွင့်တစ်ကောင်အား မည်သို့ မျက် မုန်းကျိုးသွားသည် မသိ၊ လမ်းဘေးမှ ကျောက်ခဲတစ်လုံးကို ကောက်ယူ၍ ခွေးအား မာန်ပါပါဖြင့် ပစ်ပေါက်လိုက် သည်ကို ကိုသောင်းဖေတစ်ယောက်က မြင်ဖြစ်အောင် မြင်လိုက်မိပါသည်။

(၃)

ရေနွေးကြမ်းငုံ့နေသော ကိုသန်း တင်သည် စိတ်မချမ်းသာစွာဖြင့်ပင် . .

"ဪ . . . လူတွေ လူတွေ တော်တော်တော့ အခက်သားလားသူ





www.burmeseclassic.com

www.burmeseclassic.com

တွေဟာ လောဘ၊ ဒေါသ၊ မောဟ နောက် လိုက်နေကြပြီး လူလူချင်း ကိုယ်ချင်းစာနာစိတ် မရှိကြတော့ဘူး ထင်ပါရဲ့၊ လူနေမှုအဆင့်အတန်းအလွန်အမင်းနိမ့်ကျတဲ့လူတန်းစားကို ကြည့်ပြန်တော့လဲ ဆင်းရဲသထက် ဆင်းရဲနေကြပြီး အရင်းအမြစ် တစ်စုံတစ်ရာ မရှိကြလေတော့ မွေးလိုက်တဲ့ သားသမီးတွေ မှန်သမျှလဲ လမ်းဘေးရောက်နေရတယ်။

မိဘတွေကလဲ သူတို့ကိုယ်တိုင် ဘာတွေလုပ်မိလို့ ဘာတွေဖြစ်နေကြသလဲဆိုတာ မသိနိုင်တော့ဘူး ဖြစ်နေကြတယ်၊ ဒီ့ထက်ဆိုးနေတာက လောကကြီးမှာ လူလူချင်း စာနာစိတ် ကိုယ်ချင်းစာစိတ်တွေ ရှိကြသေးရဲ့လား၊ လောကပါလတရား ဆိုတာကလဲ တကယ်ပဲ ပျောက်ကွယ်နေပြီလားဆိုတာ ခန့်မှန်းရခက်လှပါသဗျာ”

ကိုသန်းတင်ပြောသမျှနှင့် မြင်သမျှအရာများကြောင့် ကိုသောင်းဖေတစ်ယောက် တဒင်္ဂစိတ်ညစ်ညူးသွားရသည်။ ကိုသန်းတင်ပြောသမျှ အနုလုံ ပဋိလုံ မဆန်းကျင်လိုပါပေ။ မြင်သည့်အတိုင်း မြင်နိုင်သည်ဟု ယေဘုယျ မှတ်ချက်ချနိုင်ပါလိမ့်မည်။

သို့သော် လူလူချင်း စာနာစိတ်များ ပျောက်ကွယ်ခဲ့ပြီး လောကပါလတရားများ ဆိတ်သုဉ်းခဲ့ပြီ ဆိုသည်ကိုမူ ဆန့်ကျင်ရမည်သာ။ ယခု တွေ့ကြုံခဲ့ရခြင်းများသည် အစဉ်အမြဲ ဖြစ်နိုင်စရာအကြောင်း မမြင်ပါပေ။

အမှန်အားဖြင့် ပွဲစားလူနပ်ကြီးသည် မိမိ၏လုပ်ငန်း အဆင်မပြေမှုများကြောင့် စိတ်အခန့်မသင့်ဖြစ်နေသည်မှာ ကိုသန်းတင်စကားအရ ရိပ်မိပါ၏။

မုန့်တောင်းစားသော ကလေးသည် မိမိတို့၏ စားပွဲကိုကျော်လွန်၍ ပွဲစားကြီးထံ သွားတောင်းရခြင်းသည်လည်း ရံဖန်ရံခါ တောင်းလေသမျှ ရခဲ့သည်မို့သာ ဖြစ်ပေလိမ့်မည်။

လောကတွင် အကောင်း နှင့် အဆိုးဟူသော ဆန့်ကျင်ဘက်အရာများ ဒွန်တွဲဖြစ်ပေါ် တတ်မြဲဖြစ်ရာ အကောင်းနှင့်သာ တွေ့ရမြဲဖြစ်သော ကလေးသည် အမြဲတမ်း အကောင်းနှင့်ချည်း တွေ့ရလိမ့်မည်ဟု ယူဆ၍သာ ပွဲစားကြီးထံသို့သွား၍ ရဲဝံ့စွာတောင်းခြင်းဖြစ်သည်။

အဆိုးနှင့် တစ်ကြိမ် တစ်ခါမျှ ကြုံဆုံရခြင်းမရှိပါလေသော ထိုကလေးသည် ထိုအဆိုးဒဏ်ကို မခံနိုင်သည့်အားလျော်စွာ စိတ်၏ ထွက်ပေါက်တစ်ရပ်အနေဖြင့် အမှိုက်ပုံမှ ခွေးလေခွေးလွင့်အား ခဲလုံးကောက်၍ပစ်ပေါက်ခဲ့ခြင်းသာ ဖြစ်သည်။

တကယ် ရိုးသား ကြိုးစား လုပ်ကိုင်နေသော စားပွဲထိုး လူငယ်သည်လည်း တစ်နေ့တာ ရောင်းရငွေဖြင့် တွက်ခြေကိုက်နိုင်စေရန် စိတ်တထင့်ထင့်ဖြစ်နေသော အလုပ်ရှင်၏ အဖွဲ့တွ စိတ်အခြေအနေကို မသိနိုင်၊ မခန့်မှန်းနိုင်။ နိစ္စဓူဝ တွက်ခြေကိုက်ဖို့အရေးသာ စဉ်းစားနေရသော ဆိုင်ရှင်မှာ အလွန်ကျပ်တည်းလှသည့် မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စကို စိတ်ပျက်စွာ စဉ်းစားနေခိုက် ရုတ်တရက်ထွက်ပေါ်လာသော ပွဲစားကြီး၏ခပ်အောအောအသံကြောင့် ကျွဲမြီးတိုသွားရသည်။

သို့ကြောင့်ပင် စားသုံးသူကို ဖိနှိပ်ပြောဆိုစရာအကြောင်းမမြင်သည်ကြောင့် မိမိ၏တပည့်ဖြစ်သူ စားပွဲထိုးလူငယ်အား စိတ်လွတ်ကိုယ်လွတ် ဖိဟောက်လိုက်ရခြင်း ဖြစ်ပေမည်။

ကိုသောင်းဖေသည် လျှပ်တစ်ပြက် မြင်မှု တွေ့မှု ကြားမှုများကို ဆင်ခြင်တုံတရားများဖြင့် မိမိစိတ်အထုံးများကို ဖြေလျှော့ပေးနိုင်ခဲ့ပေသည်။

ကိုသန်းတင်မှာမူကား စာနာသနားမှု ကင်းမဲ့လေသော လောက၏အကြောင်းတရားများကို စိတ်နာနာဖြင့်ပြောဆိုနေလေသည်။

ကိုသန်းတင်သည် ယခုအချိန်တွင် ကံကောင်းခြင်းရလဒ်ကို ရရှိထားသော်လည်း နောက်ရက်များတွင် ထိုသို့အဆင်ပြေပါဦးမည်လား၊ နေ့စဉ်နေ့တိုင်း ကံကောင်းပါစေဟု ကိုသောင်းဖေ ဆုတောင်းမိပါ၏။ ကိုသောင်းဖေသည် လူဆိုသည်မှာ ကမ္ဘာဦးအစကပင် အတ္တကြီးမားသော သတ္တဝါများဟု လက်ခံထားသည့်အပြင် မိမိသည်လည်း အတ္တကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ မိမိ၏ အတ္တကို မိမိဘဝအခြေအနေအရ ထိန်းထားနိုင်သော်လည်း ကိုသန်းတင် တစ်ယောက်မှာမူ ထိုသို့ ဟုတ်ချင်မှဟုတ်ပါလိမ့်မည်။

လောလောဆယ်အားဖြင့် ကိုသောင်းဖေတစ်ယောက် လက်ကုန်ခဲ့ပြီမို့ အိမ်လခပေးစရာ ရှိနေသည်။ ယခုမှပင် ကိုသောင်းဖေ သတိရလိုက်မိသည်။ စာမူများကို စာအုပ်တိုက်များသို့ သွားရောက်ပို့ပေးရဦးမည် မဟုတ်ပါလား။ သို့မှသာ စာမူခလေးများ စုဆောင်းရရှိပါက အိမ်လခကို ပေးရမည်ဖြစ်သည်။ စားရေးကို အဓိကမထားနိုင်သေး၊ နေရေးအတွက် လှုံ့လပြုနေရပေသည်။

“ကဲ. . ကိုသန်းတင် ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ၊ ရန်ကုန်ထဲကို ကျွန်တော် အချိန်မီသွားရဦးမှာမို့လို့ပါ၊ ဒီလိုဒါနပြုတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ”

ကိုသောင်းဖေသည် ကားမှတ်တိုင်ရှိရာသို့ သုတ်သုတ်လျှောက်လာခဲ့သည်။ ဒီကနေ့ အိမ်လခအဆင်ပြေပါက လာမည့်ရက်များစွာ၌ ဝမ်းစာပြည့်တင်းရေးအတွက် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားတွေးတော သက်ပြင်းချလျက်မှ ကိုသောင်းဖေတစ်ယောက် မိမိ၏အင်္ကျီအိတ်ကပ် ပြားချပ်ချပ်ကို ယောင်၍စမ်းမိပေတော့သည်။

❒ မောင်သာမန်(ဦးကျွန်း)





www.burmeseclassic.com

www.burmeseclassic.com

# မိကျောင်းတစ်ကောင် အတွက် ဆိုးရွားသောအချိန်ဖြစ်နေပြီ

MARINER လှဦး





(ယခင်လမှအဆက်)

ရှေးဟောင်း အီဂျစ်ရှင်တွေက တိရစ္ဆာန်များရဲ့ခြေထောက်များမှာ ရွှေလက်ကောက်တွေဆင်ယင်ပေးကြတယ်။ မိကျောင်းတစ်ကောင်ရဲ့ ဂုဏ်သိက္ခာအတွက် အကျယ်ချဲ့တည်ဆောက်ခဲ့တဲ့ အဆောက်အအုံများဟာ ရှေးဟောင်း ဒဏ္ဍာရီတွေ ရှိခဲ့ကြတယ်။ ဂရိလူမျိုး ဘူမိဗေဒသမား စထရာဗိုလ် မိကျောင်းများရဲ့ မြို့တော်ကို အလည်ရောက်တဲ့အခါ ယဇ်ပုရောဟိတ်တွေက မေးရိုးပါးစပ်ဖွင့်ကားပြီး နေပူစာ လှုံနေတဲ့ မိကျောင်းအတွက် အသားကင်နဲ့ကိတ်များကို ပျားရည်နဲ့ရောထားတဲ့ စပျစ်ဝိုင်ကရားနဲ့ တစ်လုံးအပြည့်သွန်းလောင်းချပေးတာကို တွေ့ခဲ့ရပါတယ်။

ကျွန်ုပ်တွေ့ခဲ့တာ ဘာမှမဟုတ်ပါ။ ဒါပေမဲ့ ရှေးဟောင်းကွဲအက်နေတဲ့ ကျောက်ပြားနဲ့ ခွေးသေတစ်ကောင်ကို မိကျောင်းများမြို့တော်ရဲ့ တက်တိုင်နစ်မှာ ရှေးဟောင်းပညာရှင်များကလည်း ထောင်ပေါင်းများစွာသော မိကျောင်းများရဲ့အုတ်ဂူကို မြေပေါ်မှာ တွေ့ရှိကြပါတယ်။ တစ်ကောင်ချင်းအလိုက် အလောင်းများကို မပုပ်မသိုးအောင် ဆေးစိမ်စီရင်ထားလိုက်တာ မိကျောင်းမိသားစု အထီးရော အမ အပါအဝင် မိကျောင်းငယ် ၆ ကောင်ပါဝင်ပါတယ်။ ဒီဂူများက တူးဖော်ထားပါတယ်။

ဖြစ်ကောင်း ဖြစ်နိုင်တာက ဘုရားဖူးခရီးသည်များက သူတို့အတွက် သဘာဝလွန် ဦးစားပေးကောင်းကျိုးချမ်းသာများ အောင်မြင် ပြည့်စုံကြဖို့အတွက်ပါ။ နိုင်းမြစ်မိကျောင်းက အီဂျစ်နိုင်ငံနဲ့ အာဖရိကနိုင်ငံတွေမှာ အမြောက်အမြား တာရှည်မရှိတော့ပါ။ တောင်အာဖရိကမှ နေတယ်လ်ဥယျာဉ်ဘုတ်အဖွဲ့မှ မရှိကြတော့ပါဘူး။

### ရက်စက်ကြမ်းကြုတ်သော စိတ်ထားများ

စိန့်လူစီယာမြစ်ဝမှာရှိတဲ့ တိုနီပိုလီရဲ့ သုတေသနရေကန်သို့ ကျွန်ုပ်ရောက်တဲ့အခါ မေရီလို့ အမည်ပေးထားတဲ့ မိကျောင်းမတစ်ကောင်က ဥတွေ ဥချထားခဲ့တယ်။ အခြားကန်တစ်ခုက

www.burmeseclassic.com



အာဖရိကာ တာနာကာရေအိုင်ကြီးနံဘေးမှာ နေစာလှူနေကြတဲ့ နိုင်းမိကျောင်းများ ဖြစ်ပါတယ်။ နေရောင်အောက်မှာ ရေစိမ်နေကြသည့် သူတို့ရဲ့ ကျောကုန်းတွေမှာ ပြိုးပြက်တောက်ပနေပါတယ်။ သွေးအေးသတ္တဝါ မိကျောင်းများဟာ ခန္ဓာကိုယ်အပူရှိန် တက်အောင်လုပ်ကြတာပါ။ ငါးဖမ်းခြင်းမှ ရံဖန်ရံခါမှာ တံငါများက ပိုက်နဲ့ဆွဲကြတာမှာ မိကျောင်းများ ပါလာတတ်ပါတယ်။ ရံဖန်ရံခါ ခြသေ့၊ ကျားသစ်၊ စိတ်ထား ခက်ထန်တဲ့ ကြံ့သတ္တဝါတွေရဲ့ အနေအထိုင်တွေက မိကျောင်းကြီးများကို ခြိမ်းခြောက်လို့နေကြပါတယ်။ ဥများနဲ့သားပေါက်များကို အမွေလုယက် ဖျက်ဆီးတတ်တဲ့ အထဲမှာ ဖွတ်ကြီးများ၊ မြွေပါများနဲ့ အခြားတိရစ္ဆာန်အကောင်ငယ်များ ပါဝင်ပါတယ်။ ၆ ပေခန့် အရပ်မြင့်တဲ့ ဗျိုင်းအောက်က ရေထဲ ရှုံ့ထဲလျှောက်သွားပြီး မိကျောင်း သားပေါက်ကလေးတစ်ကောင်ကို နှုတ်သီးနဲ့ကိုက်ချီထားပုံ ဖြစ်ပါတယ်။ ယူဂန်ဒါနိုင်ငံ တစ်နေရာမှာ ဖြစ်ပါတယ်။

---

ာင်ဒီလို့ခေါ်တဲ့ မိကျောင်းမတစ်ကောင် ာသူ့ဝမ်းဗိုက်ထဲမှ ဖူးရောင်ဖောင်းကြွ နေတဲ့ ဥများနဲ့အတူ သံဆူးဝင်းထဲမှာ ခြေလှမ်းမှန်မှန်နဲ့ လျှောက်သွားနေချိန် ာ ရောမကြီးမားတဲ့ အဖော်မိကျောင်း ကြီးက မကောင်းဆိုးဝါး မျက်လုံးများ၊ ဆိုးသွမ်းတဲ့အမျက်ဒေါသများ၊ စိတ်တို ဆတ်တဲ့ အမူအရာများနဲ့အတူ ၁၄ ေအရှည်ရှိပြီး အသက် ၈၀ ခန့်ရှိတဲ့ မိကျောင်းထီးကြီးက ၁၀ ပေ အရှည် ရှိတဲ့ မိကျောင်းတစ်ကောင်ကို ဘတ် ကော်ခို့ အရိပ်အယောင် ပြနေခဲ့တယ်။ ဆိုတ်ခံလိုက်ရပြီး ဒဏ်ရာတွေရနေ တဲ့ မိကျောင်းရဲ့ခြေထောက်တစ်ဖက်က ယ်ဆိုးဆွေးမြည့်နေတယ်။

ကင်ဒီမိကျောင်းမ ကိုယ်ဝန် ဆောင်ထားစဉ် ဆိုးသွမ်းတဲ့မိကျောင်း ကြီးဟာ သူ့ပိုင်နက်နယ်မြေ ဖြစ်ကြောင်း ဆိုင်အမာ လုပ်လိုက်ပုံပေါ်ပါတယ်။ ကျောင်းများရဲ့ဘဝမှာ ပိုင်နက်နယ်မြေ စောင့်ရှောက်မှုဆိုတာ သူတို့ရဲ့ထုံးစံ ဖြစ်ပါ တယ်။ တိုနီပိုလီက သားရိုင်းကောင်များ အတွက် သတိပေးနှိုးဆော်မှုက ဆိုး သွမ်းတဲ့ မိကျောင်းကြီး တစ်ကောင် အတွက် မြစ်တစ်စင်းမှာ နယ်ချဲ့လွှမ်းမိုး နိုင်ဖို့ဆိုတာ အရေးကြီးကြပါတယ်။ ကမ်းခြေမှာ ဘယ်အကောင် နေပူစာ လှုံသလဲဆိုတာကိုတောင် သူက ထိန်း ချုပ်ထားတယ်။ အထီးကောင်တွေ ဖြတ် သန်းသွားတာနဲ့ ဒီကောင်ကြီးက ရေထဲ မှခေါင်းထောင်ထလာပြီး လည်ချောင်း စလုတ်သံပေးတယ်။ သူ့ရဲ့လက်အောက် ခံဖြစ်ဖို့ အချက်ပြတယ်။ ဒီလိုမှ မဟုတ် ရင် ပိုင်နက်နယ်မြေကို စိုးမိုးထားတဲ့ မိကျောင်းကြီးက အမျက်ဒေါသ ပြင်းပြ စွာနဲ့ ရန်သူကို မျက်နှာချင်းဆိုင်ရန်ပြု ကြတာပါ။

မိကျောင်းဆိုးကြီးဟာ အချိန် များစွာမှာ ရိုးရှင်းစွာနဲ့ မထင်မှတ်ဘဲ သူ့ရဲ့ရေကန်ထဲမှာ ရှိနေတတ်ပါတယ်။ တစ်ခါတစ်ရံတော့ ရေမျက်နှာပြင်ပေါ် မှာ နှာရိုဝက်ခန့်ကြာအောင် ပေါ်နေ တတ်ကြတယ်။ သူ နေစာလှုံဖို့ကိုလည်း ပဲ ပါးစပ်ကြီးကို ဟောင်းလောင်းဖွင့်ပြီး နာရီများစွာ ခြေလှမ်းမှန်မှန်နဲ့ လျှောက် သွားနေတတ်ကြတယ်။ ဒါပေမဲ့ ပြောလို့ မရတာက လျှပ်စစ်ပြက်သကဲ့သို့ လျင် မြန်တဲ့ လုပ်ဆောင်မှုမျိုး သူကိုယ်တိုင် လုပ်ပြတတ်တယ်။

အကယ်၍ သူ့စိတ်တွေ ချောက် ချားတဲ့အခါ သူထွက်သွားပါလိမ့်မယ်။ တစ်ခါတစ်ရံ ရေအောက်မှအမြုပ်တစီစီ ဆူဝေတက်လာပြီး သူ့ရဲ့ပါးစပ်နဲ့ နှာ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းများမှ နှာမှုတ်သံနှင့် ကျယ်လောင်စွာ ဟောက်သံများ လုပ်တတ်ပါတယ်။ သို့မဟုတ် ကန်ထဲမှာ သူ့ရဲ့ခန္ဓာကိုယ်ကြီးကို ရုတ်တရက် ထိုးပစ်တင်လိုက်ပြီး သူ့ရဲ့ဦးခေါင်းကြီးကို နှစ်နှစ်မြှုပ်မြှုပ်ကြီး ရေပြင်ပေါ်မှာ ရိုက်ပုတ်ချလိုက်တယ်။

တစ်နေ့ ဥယျာဉ်တွင်း လှည့်လည်ရှာဖွေရေးဘုတ်အဖွဲ့မှ လူလေးဦး သမင်အသေတစ်ကောင်ကို ခြံစည်းရိုးအတွင်းမှ မ,ထုတ်နေတုန်း မိကျောင်းဆိုးကြီးက ရေကန်အတွင်းမှ ညံညံစီစီအသံပေးထွက်လာပြီး သားကောင်အသေကို သူ့ပါးစပ်ကြီးနဲ့ ကိုက်ဆွဲယူပြီး ရေထဲကို မြန်မြန်ပြန်ဆင်းသွားတယ်။ မိကျောင်းကြီးက အသေကောင်ကို အမြန်စားပစ်တယ်။

နောက်ထပ် နှစ်ရက်အကြာမှာ ဆာလောင်လာတော့ နှစ်ခါလောက်ကိုက်ဖြတ်ထားတဲ့အသားအတုံးအတစ်တွေထဲက ခြေထောက်တစ်ဖက်ကို ဖြတ်ပြီး သူ့ပါးစပ်ထဲထည့်တယ်။ ရေမျက်နှာပြင်ပေါ်ကို သမင်အသေကြီးအား လက်နဲ့ ပုတ်တင်လိုက်ပြီး ခြေဆံလက်ဆံတွေကို ကိုက်ဖြတ်ခြေမွ၍ မျိုချလိုက်တယ်။ မိကျောင်းများဟာ ဝါးမစားနိုင်ကြပါ။ မေးရိုးနဲ့ ချိုးဖဲ့ကိုက်ဖြတ်ပြီး ငမ်းငမ်းတက် မျိုချတတ်ကြတယ်။ ကျောက်တုံးကျောက်ခဲများကို မျိုထားရတာဟာ သူတို့ရဲ့ဝမ်းဗိုက်ထဲ အမြှုပ်ထကာ အပြင်းအထန်လှုပ်ရှားပြီး စားထားသမျှ ကြိတ်ခြေပေးနိုင်ဖို့ ဖြစ်ပါတယ်။

သူတို့ဝမ်းဗိုက်အတွင်းက လျှို့ဝှက်မှုက အင်အားပြင်းထန်တဲ့ အက်စစ်များကြောင့် အရိုးနဲ့ အရိုးနုတွေကိုတောင် အစာကြေစေဖို့ ကူညီပေးကြပါတယ်။ မိကျောင်းများဟာ တချို့အချိန်တွေမှာ အရေခွံမမာသ ပျော့ပျောင်းတဲ့ တိရစ္ဆာန်အရေခွံကို မစားမမျိုမီမှာ အခွံနွာသလို နွာပစ်ကြတယ်။

များစွာသော အထူးကျွမ်းကျင်တဲ့ လုပ်ရပ်တွေကို ကြီးမားတဲ့ မေးရိုးကြီးက လုပ်ပေးပါတယ်။ ရံဖန်ရံခါမှာတော့ မိကျောင်းတစ်ကောင်က ကိုက်ချီထားစဉ်မှာ မိတ်ဖက် မိကျောင်းတစ်ကောင်က ရေထဲမှ ကပြောင်းကပြန်နဲ့ လူးလှိမ့်ပြီး လိမ်ဖည်ကိုက်ဖြတ်ကာ ရတဲ့အသားတုံးကို လုံလောက်စွာ မျိုချလိုက်တယ်။ သူတို့လို သားရဲတိရစ္ဆာန်ကြီးတွေရဲ့ အပြုအမူတွေထဲမှာ မိကျောင်းများဟာ သူတို့ရဲ့မိဘများကို ချစ်ခင်ကြပါတယ်။

မေရီမိကျောင်းမက အောက်တိုဘာလအစောပိုင်းမှာ မိတ်လိုက်ခဲ့တယ်။ တစ်လကြာပြီးတဲ့နောက် သူမက ကျင်းတစ်ကျင်း တူးတယ်။ ပြီးတော့ ရေထဲဆင်းသွားတယ်။ ရက်ပေါင်း ၈၀ ကြာပြီး ကျွန်ုပ်ပြန်လာတဲ့အခါ မေရီဟာ ပိန်ကျသွားပြီး ထိတ်လန့်စွာနဲ့ တိမ်းရှောင်ပြေးတယ်။ မိကျောင်းဆိုးကြီးက သူ့ကန်ထဲကို ကျူးကျော်သူ မိကျောင်းငယ်ကို ဗိုလ်လုသတ်ဖြတ်ပြီး လောဘတကြီးနဲ့ ကိုက်ဖြတ်စားပစ်ခဲ့တယ်။ မေရီက သူမရဲ့အသိုက်ထိပ် မြေပြင်ပေါ်မှာ ဝပ်ချလိုက်ပြီး အနီးအနားကို ဘာကောင်ပဲချဉ်းကပ်လာပါစေ၊ တစ်ခါတည်း ဝါးမျိုပစ်ဖို့ ဟိန်းသံဟောက်သံပေးပြီး တဒင်္ဂမျှ စောင့်ကြပ်နေရာမှ ပူပြင်းလှတဲ့အချိန်မှာ အေးမြတဲ့နေရာသို့ ထွက်သွားပါတယ်။

## ဥမှပေါက်ချိန် စူးစူးရှရှအော်မြည်အချက်ပေးခြင်း

မေရီမှာ မိခင်တစ်ဦး အဖြစ်ပြဿနာတစ်ခုပေါ်ပေါက်လာပါတယ်။ ၉၅ ရက်ကြာပြီးတဲ့နောက် အင်္ဂါစုံတဲ့ မိကျောင်းငယ်များ ဥမှပေါက်ဖွားခဲ့ကြပါပြီ။ သာမန်အားဖြင့် သားပေါက်ကလေးများ ခေါ်သံက မြေကြီးတွင်းအောက်မှဖြစ်ကြပါတယ်။လက်ထောက်တစ်ယောက်က တိရစ္ဆာန်ကို လာရန်ခေါ်သံပေးတဲ့အခါ မေရီက ရေကန်ကိုဖြတ်သန်းလာတယ်။ ပြီးတော့ သူမက မြေမျက်နှာပြင်ကို လက်သည်း ခြေသည်းများနဲ့ ယက်ထုတ်တယ်။ များစွာသော ဥအပုပ်များကို ဖော်ထုတ်လိုက်တယ်။ သို့သော် တစ်ကောင်ကတော့ ဥထဲမှ ပွတ်သပ်ရိုက်ခတ်ပြီး အမြီးလေးကော့ ထွက်လာတယ်။

စိတ်ရှုပ်ထွေးနေတဲ့ မေရီဟာ သူမရဲ့အသိုက်မှ နောက်ပြန်လှည့်ထွက်သွားတယ်။ မိကျောင်းအသိုက်ထဲမှ အသင့်ပေါက်ဖွားတော့မယ့် ဥနှစ်လုံးကို တိုနီက လှိမ့်ပေးခဲ့တယ်။ တစ်ကောင်ထဲ ဥကပေါက်လာပြီး စူးစူးရှရှအော်သံထွက်လာတယ်။ မေရီက မိကျောင်းသားပေါက်ကလေးကို စားပစ်မလို ထိုးသုတ်လိုက်ပါတယ်။ သူ မစားပါဘူး။

မကြာမီမှာ ကျွန်ုပ်တို့မြင်ခဲ့တဲ့ သားပေါက်ကလေးဟာ သူမရဲ့မေးရိုးနံဘေးမှာ တွားသွားလို့နေပါတယ်။ သူမရဲ့သားပေါက်ကလေးများ စီစီညံညံအသံကလေးများနဲ့ လှုံ့ဆော်ဆွပေးနေတဲ့အခိုက် သားပေါက်များကလည်း ဥကဖောက်ထွက်ချိန်မှာ သူမရဲ့ လက်ခြေတွေနဲ့ တူးဆွပြီး အသိုက်ကို ဖွင့်ပေးလိုက်တယ်။ သူမက အသိုက်ကို ကလိုဏ်ဟောင်းလောင်းတူး၍ သားပေါက်ကလေးများကို တစ်ကြိမ်မှာ တစ်ကောင်စီ ဆွဲတင်ပေးပါတယ်။

သားပေါက်ကလေး ၆ ကောင်ကို သူမရဲ့ ပါးစပ်ထဲမှာ ကိုက်ချီပြီး ရေကန်ရဲ့တစ်နေရာကို ကူးသွားခဲ့တယ်။ ပြီးတော့ နေရာရွေးပြီး သားပေါက်ကလေးတွေကို ပြုစုပါတော့တယ်။ မိကျောင်းမကြီးက ဥများ ဥတဲ့တိုင်အောင် စောင့်ပေးပါတယ်။ ဒီလိုမှ အကာအကွယ်မဲ့တဲ့ဥများ မကျန်ရစ်ရအောင်ဖြစ်ပါတယ်။ မေရီက ငယ်ရွယ်တဲ့ မိခင်တစ်ဦးပါ။ သားပေါက်များတပိုးမွှားများ၊ ငါးများနဲ့ ဖားများကို စားသောက်ဖို့ လေ့လာနေကြတယ်။ မေရီက နှစ်လတိုင်အောင် ကလေးများကို စောင့်ရှောက်ပြီး သတ်ဖြတ်ပစ်ခြင်းမှလည်း ခုခံကာကွယ်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**…နေတ်ကျူးကျော်အမဲပစ်သူများက ခေါင်းဆိုယူဆောင်ခနဆဲ**

အာဖရိကမှာတော့ မိကျောင်း …ကောင်အတွက် သဘာဝကြီးက …ခဲ့တဲ့ဘဝတစ်ခု ဖြစ်နေပါတယ်။ …မဲ့ လူတွေလုပ်ကြတာက ပိုမိုဆိုးရွား …တယ်။ အာဖရိကန်အစိုးရမှ သား …ကောင်များကို သေနတ်ဖြင့် ပစ်ခတ်မှု …အား စနစ်တကျစီစဉ်ပြီး တရားမဝင် …ကျော်အမဲလိုက်မှုများ အပါအဝင် …သတ်ပိတ်ပင်ခဲ့ပါတယ်။

ကင်ညာ အရိုင်းနယ်မြေ တစ် …ကျက်လုံးမှာ နေပူစာလှုံနေကြတဲ့ …ကျောင်းများဟာ စုစုရုံးရုံးနဲ့ မြောက် …မှာ ကျန်ရစ်ကောင်း ကျန်ရစ်နေပါ …ယ်။ ကြောက်မက်ဖွယ်ရာ တာနာကာ …ကန်ကြီးမှာလည်း ရှိနေကြပါတယ်။ …တ်ပိုင်းနိုင်ရိုဘီကို လေယာဉ်နဲ့ နှစ် …ကြာ မိုင် ၁၀၀ ကျော် ပျံသန်းတဲ့ …ါ သဲကန္တာရတွင်းရှိ မီးတောင်များ …လည်း မှုတ်ထုတ်နေကြတယ်။ သား …တိရစ္ဆာန် ထိန်းသိမ်းရေး အကြံပေး …ရာရှိ အိုင်ယင်ပါကာနဲ့ ကျွန်ုပ်တို့ …ဆောင်ပြင်းပြတဲ့ ဒေသတွေပေါ်မှာ …နတဲ့အခါ လူသူဆိတ်ငြိမ်တဲ့ ကမ်း …တွေမှာ ရာချီရှိနေတဲ့ မိကျောင်း …များ နေစာလှုံနေကြပါတယ်။

၁၉၉၆ ခုနှစ်က တာနာကာ …ကန်ကြီးမှာ မိကျောင်းကောင်ရေ …၂၀၀၀ ခန့် ရှိမယ်လို့ ကျွန်ုပ်တို့က ခန့် …ခဲ့ပါတယ်။ ဒါပေမဲ့ ရေကန်ကြီးက …လွန်းပြီး ကျွန်းနယ်မြေတစ်ဝိုက်က …ည်း တန်ဖိုးမရှိ အသုံးမဝင်ပါ။ သူတို့ရဲ့ …ိုက်မှ အရေပြားက ချောမွတ်ပြီး …သားကဲ့သို့ ပြောင်လက်လှပကြတာ …ကြောင့် သူတို့ရဲ့အသက်နဲ့ ခန္ဓာကိုယ် …တ တန်ဖိုးနည်းစွာနဲ့ သေဆုံးကြ …ပါ။

အကယ်၍ ဘယ်နေရာမှာပဲ …န်ကြပါစေ၊ မိကျောင်းများရဲ့ဘဝ …တော့ သူတို့ရဲ့ အရေခွံတွေကြောင့် …ရာကအတိုင်း သေဆုံးပျောက်ကွယ်

ကြရဦးမှာပါ။ ကင်ညာနိုင်ငံမှာ ၁၉၅၀ ပြည့်နှစ် အစောပိုင်းကတည်းက ကာကွယ်မှုတွေ စတင်ခဲ့ပါတယ်။ မိကျောင်းတွေကလည်း တချို့မြစ်တွေထဲကို ပြန်လာကြဦးမှာပါ။

ကင်ညာနိုင်ငံမှ လူဦးရေက တစ်နှစ်ကို ၃. ၃ ရာခိုင်နှုန်း တိုးတက်နေပါတယ်။ မြစ်များကတော့ ငရဲကျသလို ဖြစ်လိမ့်မယ်။ ရေကာတာစီမံကိန်းများ လုပ်ကြဦးမှာပါ။ သွေးဆာနေတဲ့အရာများဟာ မြစ်ထဲက မိကျောင်းတွေပါပဲ။ အဲဒီမှာ နေကြတဲ့လူတွေအတွက် မကောင်းတဲ့အရာတွေဖြစ်ပါတယ်။

နှစ်စဉ်နှစ်တိုင်း ကင်ညာဒေသမှ လူများအတွက် အသေအပျောက်တွေရှိတယ်။ တာကာနာကန်ကြီးအတွင်းမှာ မိကျောင်းများကြောင့် လူတွေမှာအခက်တွေ့ပြီး ဒုက္ခတွေ ရောက်ကြပါတယ်။ အာဖရိကမြစ် မိကျောင်းတွေမှာ အထူးသဖြင့် ရန်စတိုက်ခိုက်တတ်ခြင်းတွေ ရှိကောင်းရှိမှာပါ။ ဘာကြောင့်ဆို သူတို့ဟာ ကမ်းနား ရေဆင်းသောက်ကြတဲ့ နို့တိုက်သတ္တဝါကြီးများကို သတ်ဖြတ်လေ့ရှိပါတယ်။

ကင်ညာသား ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာသူပညာရှင် ရစ်ချတ်လီကီး သတင်းပို့ခဲ့တာက အီသီယိုပီးယားမှာ အမျိုးသား ပထဝီဝင်အသင်းကြီးရဲ့ မရောက်မပေါက်နိုင်တဲ့ ဒေသများသို့ လေ့လာရေးခရီးထွက်ကြစဉ် အိုမိုမြစ်ကြီးထဲက မြစ်မိကျောင်းများရဲ့ ရန်စတိုက်ခိုက်မှုကို ခံလိုက်ရကြောင်းနှင့် မိကျောင်းများက လီကီးရဲ့ မော်တော်ဘုတ်ထဲအထိ ဝင်ကိုက်ကြတယ်။

မြောက်မြားစွာသော အိုမိုမြစ်အတွင်းမှ ကြောက်ရွံ့ ထိတ်လန့်စရာကောင်တွေ ယခုထွက်ခွာသွားကြပါပြီ။ အစောင့်အကြပ်ဖြစ်သူ အဒစ်အဘာဘာက ကျွန်ုပ်ကို ပြောပါတယ်။

မကြာမီနှစ်များက ကြီးမားသော ငွေပင်ငွေရင်းစိုက်၍ မရောက်မပေါက်

သေးသော ဒေသများသို့ သွားရောက်စွန့်စားရှာဖွေသည့် ပြင်သစ်သား ရှေးရှာဖွေရေးသမား ဒိုဖန်က အီသီယိုးပီးယားနိုင်ငံတစ်လျှောက် လုံးမှ မရေမတွက်နိုင်သော မိကျောင်းများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပါတယ်။

အိမ်နီးချင်းဆူဒန်နိုင်ငံမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမား ဖြစ်သူ အစင်မိုဂရာဘီကို ကျွန်ုပ်က မေးမြန်းခဲ့တယ်။ ၁၉၇၀ တိုင်အောင် ခါတွမ်ဒေသမှာ မိကျောင်းသုံးကောင် ရှိခဲ့သေးတယ်လို့ သူက ပြောပါတယ်။ နိုင်းမြစ်မှာ နေစာလှုံနေကြတဲ့ မိကျောင်းတွေကို စောင့်ကြည့်ရတာ သိပ်လှကြတယ် တစ်စုံတစ်ဦးက တစ်ကောင် ပစ်ခတ်ခဲ့တယ်။ အခြားတစ်ကောင်က ပိုက်ကွန်နဲ့ အဖမ်းခံရတယ်။ နောက်တစ်ကောင်ကတော့ ပျောက်ဆုံးနေပါတယ်။

ဆူဒန်နိုင်ငံမှာရှိတဲ့ နိုင်းမိကျောင်းဖြူတွေဟာ ထိုးဖောက် ဝင်ရောက်ဖို့ မလွယ်တဲ့ ပါပိုင်းရပ် ကျူပင်ရှည်များ ထူထပ်တဲ့ ညွန်အိုင် ညွန်တောကြီးတွေအတွင်း ပြန်လည် ဝင်ရောက်နေကြလို့ အာဏာနဲ့ အတည်ပြု ထိန်းချုပ်ခြင်းများ မတိုင်ခင် အမဲလိုက်ပြီး မိကျောင်းတွေကို ယူဆောင်နေကြတယ်။ အခုတော့ ဖွံ့ဖြိုးတိုးတက်လာမှုတွေကြောင့် မိကျောင်းတွေဟာ ထိပ်တိုက်ရင်ဆိုင် တွေ့ကြုံနေကြပါတယ်။ ဂျောင်လီတူးမြောင်း စတင်တူးဖော်ပြီး ဆူဒန်နိုင်ငံရဲ့ ဓရကာတာများ ရေဖောက်ချ ဖြန့်ဝေပေးပါတယ်။ ဆူဒန်တို့ မျှော်လင့်မှုများတွေမှာ အာရပ်ကမ္ဘာမှာ ပေါင်မုန့်ခြင်းတောင်းကြီးသဖွယ် စားနပ်ရိက္ခာများ ပေါများလာ စေမှာပါ။

ဒါပေမဲ့ တစ်ကြိမ်တစ်ဖန်မှာ လူတွေက မိကျောင်းတွေကို ဖျက်ဆီးကြဦးမှာမို့ ဘာကဘယ်လို ကယ်တင်နိုင်ပါတော့မှာလဲ။

❖

…ည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

**သားနားသောသားရေပစ္စည်းများ အတွက် ပြိုင်ဘက်မရှိပြင်သစ်**

အာဖရိကမှ အိမ်အပြန် ကွန့်ပ်ရဲ့ ကျော်ဖြတ်ခဲ့မှုက များစွာသော မိကျောင်းများ သူတို့ကိုယ်တိုင် လုပ်ဆောင်ချက်များကို လေ့လာမှုပြုပြီး ပြင်သစ်ရောက်တဲ့အထိပါပဲ။ ဟမ်းမက်ရှ် သားရေနယ်စက်ရုံသို့ လေ့လာဖို့ ကွန့်ပ် သွားရောက်လည်ပတ်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံက သားရေနယ်သူတွေ ဘယ်လိုလုပ်ကြသလဲ ဆိုတာကို စူးစမ်းဖို့ ဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး မိကျောင်းသားရေများ ထုတ်လုပ်တဲ့ ဟမ်းမက်ရှ်ကုမ္ပဏီ ဖြစ်ပါတယ်။

ဟမ်းမက်ရှ်ကုမ္ပဏီရဲ့အရောင်းလက် ဝင်းပြောင်လှပကြတာကို ငြင်းမရလောက်အောင်ကောင်းတဲ့ ဒေါ်လာ ၃၀၀၀တန် ပိုက်ဆံအိတ်များ၊ ဒေါ်လာ ၂၀၀၀ တန် စလင်းဘက်လွယ်အိတ်များက တင့်တယ်ပြေပြစ်စွာနဲ့ အတတ်ပညာရှင်များရဲ့ ထူးခြားသောလက်ရာများအဖြစ် ယိုစီးထွက်ပေါ်လာပါပြီ။

ဒါပေမဲ့ အနည်းငယ်သော အချက်အလက်များနဲ့ ယူနိုက်တက်စတိတ်အကောက်ခွန်များကို လွယ်ကူစွာဖြတ်ကျော်နိုင်တဲ့နေ့များရှိပါလိမ့်မယ်။ အမျိုးအစားတွေပေါ်မူတည်ပြီး ဖက်ဒရယ်ဥပဒေအရ မိကျောင်းများနဲ့ ဆိုင်ရာကုန်ပစ္စည်းများကို သွင်းကုန်ရောထုတ်ကုန်ကိုပါ တားမြစ်ထားပြီး အားပေးခြင်းလည်း မပြုတော့ပါ။

နယူးယောက်မြို့ကြီးနဲ့ ပြည်နယ်ကိုးခုမှာ ၁၉၇၀ ပြည့်နှစ်အစောပိုင်းကတည်းက အထင်ကရပိတ်ပင်မှုများရှိခဲ့တာကြောင့် ဒီနယ်မြေက မိကျောင်းထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုကို ခွင့်မပြုကြပါ။ မိကျောင်းထွက်ပစ္စည်းရဲ့ မည်သည့်ကုန်သွယ်မှုမဆို တားမြစ်ပိတ်ပင်ထားသည့် မက်မေဖွယ်ရာ လှပတဲ့ မိကျောင်းသားရေထုတ်စက်ရုံများရဲ့အသည်းနှလုံးဖြစ်ခဲ့ပါတယ်။



**လူဝစ္စ်ယားနား သားရေလိုက်မှုဆိုး**

ဂလန်ဟီဘတ်က အမေရိကန် မိကျောင်းခေါင်းတိုတစ်ကောင်ကို သေနတ်နဲ့ ပစ်နေပုံ။ ငါးတတပ်ထားတဲ့ ငါးမျှားချိတ်နဲ့ ဆွဲရေကန်အနီး ဖမ်းမိထားတာပါ။ ၁၉၇၆ ခုနှစ်က အစိုးရမှ မိကျောင်းခေါင်းတို ၄၅၀၀ ကို ရောင်းချဖို့ရန် ခွင့်ပြုခဲ့ပါတယ်။ သုံးကောင်ကို ထိန်းသိမ်းဖို့ ချန်ထားပါတယ်။

နောက်နောင်မှာ မိကျောင်းများကုန်ခန်းပျောက်ကွယ်မှုက ကွန့်ပ်တို့ရဲ့ ကိုယ်တိုင်ပတ်သက်ရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဥပဒေများကလဲ မိကျောင်းရေရာများအတွက် လှုံ့ဆော်ထားခဲ့ကြပါတယ်။ ယနေ့ဆိုရင် အမေရိကန် အယ်လီဂေတာ မိကျောင်းများရဲ့ဘဝ အန္တရာယ်တွေ လွတ်ကင်းပါပြီ။ အချက်အလက်အားဖြင့် လူဝစ်စီယားနားပြည်နယ်၊ ကဂျန်ဂန်ဘိုဒေသမှာ မိကျောင်းများရဲ့ပေါက်ဖွားမှုဟာ ပုစွန်တွေထက်တောင် ထူထပ်များပြားလို့နေပါပြီ။

ဘေးအန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များကာကွယ်သည့် ဖက်ဒရယ်ဥပဒေထံမှ ယခုစက်တင်ဘာလ ရောက်တိုင်း မိကျောင်းများအတွက် တိုတောင်းသောရာသီကို ကျင်းပပေးပါတယ်။ မိကျောင်းများရဲ့အရေခွံတွေကို အထူးလေလံတင်ရောင်းချဖို့ ဒေသတွင်းမှာ သားရေနယ်ပြီး ပြည်နယ်အသီးသီး

www.burmeseclassic.com



အစိုးရရဲ့ လေလံတင်ရောင်းချမှုများ တည်တံ့ခိုင်မြဲစေရန် မိကျောင်းအရေခွံများကို ဆာလ်ဖာကန်ဓာတ်များနဲ့ ကြိုတင်စီမံ အခြောက်လှန်းနေကြပုံ ဖြစ်ပါတယ်။

မှာ ရောင်းချမှုတရားဝင်ပြုလုပ်ကြပါတယ်။ ဘွတ်ဖိနပ် အမြောက်အများလည်း ပါပါတယ်။

အဲလစ်ဘင့်ရဲ့ ကော့ကေးရှပ် မိကျောင်းများ ထိန်းသိမ်းမွေးမြူရေးခြံစည်းရိုးအနောက်ဘက် ဘက်ကင်စတိန်းထံပါးသို့ ကျွန်ုပ်ရောက်ရှိခဲ့ပါတယ်။

ပျော်ပွဲစားစားပွဲ တစ်ခုအောက်မှာ မီးလုံးနှစ်လုံးထွန်းပြီး အဲလစ်ဘင်ကင်စတိန်းတစ်ယောက်တည်း ၉ ပေရှည်တဲ့ မိကျောင်းအရေခွံမှ နောက်ဆုံးကြွင်းကျန်နေတဲ့ အသွေးအသားများကို ခြစ်ထုတ်ပစ်နေပါတယ်။

အရေခွံများ သန့်ရှင်းသွားတဲ့အခါမှာ ဆားများများနဲ့ ရှေ့ပြန်နောက်ပြန်လူးပေးပါတယ်။ ပွတ်တိုက်ပေးတယ်။ လေလံတင် ရောင်းချတဲ့အခါ တာရှည်စွာ အထားခံအောင် လုပ်ပြီး လိပ်သိမ်းထားလိုက်တယ်။ အဲလစ်တင့်ရဲ့ ဇနီး ဘရင်ဒါပြောတာက . .

"ကျွန်မတို့ မိကျောင်းတွေကို နားစွင့်ထားကြပါတယ်၊ ဒီကောင်တွေကို သေချာ မပြောနိုင်ပါဘူး၊ လေယာဉ်ပြေးလမ်းတွေပေါ်မှာ တွားသွားနေတာတောင်မှ ဘာကြောင့် သူတို့ကို ရောင်းဝယ်ဖောက်ကားမှုရပ်စဲကြတာလဲ. . .

မိကျောင်းတစ်ကောင်ကြောင့် ကျွန်မတို့ရဲ့ ခွေးတစ်ကောင်စီ ပျောက်ဆုံးနေရပါတယ်။ ကလေးများလဲ ဘာယူက ရေကန်တိုင်း ရေမကူးရဲကြတော့ပါဘူး။ ၁၉၅၀ ပြည့်နှစ်ခန့်ကစလို့ မာ့ရှ်လင်းဒေသတွေမှာ မိကျောင်းခေါင်းတိုမျိုးတွေဟာ ပျောက်ကွယ်လုနီးနေပါပြီ၊ မနယ်ရသေးသည့် ဆိတ်ကလေး သားရေ၊ အပြာရောင် ဖိနပ်များထက် ပိုမိုပြီး မိကျောင်းသားရေတွေက ခေတ်ဆန်တဲ့ သဘောရှိပြီး လူကြိုက်များလို့ပါပဲ။

ကျွန်မတို့ရဲ့ ဖေဖေ အိမ်အတွင်းထဲမှာ မိကျောင်းသားရေတွေကို ကော်ဇောခင်းပြီး အလှဆင်ထားပါတယ်လို့ အိမ်နီးချင်းမေရီဖေးလီဘလင့်က ဒါဟာ အထက်တန်းစားပါပဲတဲ့၊ ကော့ကေးရှား မွေးမြူထိန်းသိမ်းရေးခြံ အတွင်းမှာတော့ ဘယ်သို့ဆိုစေ မိကျောင်းအမြီးများမှ အရည်ရွှမ်းတဲ့ အဖြူရောင်အသားတုံးထက် ပိုမိုတန်ဖိုးရှိပုံပေါ်တဲ့အရာ မရှိတော့ပါ။

မိကျောင်းတွေရဲ့အသွေးအသားများကို တရားဝင်ရောင်းချမှုမရှိပါဘူး။ ဒါပေမဲ့ ပစ္စည်းချင်းအလဲအထပ်သော်လည်း ကောင်း၊ ရင်းနှီးသူများ အတွက် လက်ဆောင်အဖြစ် အနည်းငယ်ပေးကြပါတယ်"


## မိကျောင်းခေါင်းတိုနဲ့ စပျစ်ဝိုင် ဘယ်လိုလိုက်ဖက်မလဲ

မိကျောင်းလိုက်မုဆိုးငယ် ဘရစ်ဝပ်က ဘင့်ထံသို့ သူမှာရှိခဲ့တဲ့ မိကျောင်းခေါင်းတိုအချို့မှအသားများကို တံစို့ ထိုး အသားကင်စားဖို့ ယူလာခဲ့ပါတယ်။ သူ့ရဲ့အရသာက ကြက်သားနဲ့ငါးရဲ့အရသာမျိုးနဲ့တူပါတယ်။ ဘရစ်က ဘယ်နည်းနဲ့မဆို မိကျောင်းခေါင်းတိုကို နှစ်သက်တယ်တဲ့။ မိကျောင်းခေါင်းတိုအသားနဲ့ အီတာလျံလေဝင်ခေါက်ဆွဲ စပါဂတ်တီ



www.burmeseclassic.com

www.burmeseclassic.com



ဖလော်ရီဒါနယ် ဝက်စ်ပမ်းဘီချ် အနီးမှ မျက်စိပသာဒ ဖြစ်စရာကောင်းတဲ့ အတ်နင့် ဖရန့်စင်းဖရောလစ်ချ်တို့ရဲ့ မိကျောင်းမွေးမြူရေးခြံကြီးပုံ ဖြစ်ပါတယ်။ အပတ်စဉ် သားငါးပေါင် ၃၀၀၀ ခန့်ကို ငမ်းငမ်းတက်စားသောက်နေကြတဲ့ မိကျောင်းခေါင်းတို အကောင်ငယ်များဟာ အစာတစ်ပေါင်ကျွေးတိုင်း အပြန်အလှန်အားဖြင့် ပေါင်ဝက်ခန့် အသားတိုးပြီး ကိုယ်အလေးချိန်တက်ပါတယ်။

ဖရန့်စင်းဖရောလစ်ချ်က ဒီနှစ်အတွက် မိကျောင်းသားရေ ၂၀၀ ခန့် သိမ်းဆည်းရောင်းချဖို့ မျှော်မှန်းထားပါတယ်။ ၁၉၇၀ ပြည့်နှစ်ကတော့ သားရေချပ် ၁၀၀၀ ရောင်းချခဲ့ပါတယ်။

နဲ့ရောကြော်ထားတာ စားနေကျမဟုတ်လို့ ခက်ပါတယ်။

များစွာသော ဘာယူဒေသမှ မိကျောင်းမုဆိုးများက ငါးမန်းမျှားချိတ်မှာ ငှက်အမည်းရောင်များကို ငါးစာတပ်ပြီး ရေပေါ်မှာ ဝါးလုံးတန်းနဲ့တွဲလောင်းချပြီး မျှားလေ့ရှိကြတယ်။ ချိတ်မှာ မိကျောင်းလာဟပ်ပြီဆိုရင် ဆွဲတင်ပြီး သေနတ်နဲ့ပစ်သတ်ကြတယ်။ လူဝစ်စီယားနားကမုဆိုးတွေထံမှာ ပြီးခဲ့တဲ့နှစ်များက မိကျောင်းသားရေ ၄၅၀၀ ကို တရားဝင်ရရှိကြပါတယ်။ လေလံတင်တဲ့ပွဲမှာ တစ်ပေတို့ ၁၈ ဒေါ်လာထက် ပိုမိုတဲ့ အရောင်းတန်ဖိုးရကြပါတယ်။

ဖလော်ရီဒါစီမံချက် ရေချိုငါးများကော်မရှင်ကို ဖလော်ရီဒါနဲ့ မိုင် ၁၀၀ ခန့်အတွင်းမှ မိကျောင်းခေါင်းတို ၈၀၀၀ခန့်ဘေးဒုက္ခရောက်ကုန်ကြောင်း တစ်နှစ်အတွင်း တိုင်ကြားမှုရှိခဲ့ပါတယ်။ အတိအကျအားဖြင့် ဖလော်ရီဒါအလယ်ပိုင်းမှ မိကျောင်းခေါင်းတိုတွေဟာ များသောအားဖြင့် အစဉ်အလာအတိုင်း များစွာသေးငယ်ပြီး အန္တရာယ်ရှိတယ်။

ဘယ်နေရာမဆို ပေါက်ပေါက်ဖောက်သလို အဝတ်လျှော်ခန်းမှနှင်းဆီဥယျာဉ်ခြံများအထိ ရောက်ကြတာဟာ လူတွေများသထက်များစွာကမိကျောင်းခေါင်းတိုများရဲ့အခြေချနေထိုင်ကြတဲ့ စားကျက်တွေအထိ ရွှေ့ပြောင်း နေရာယူလာမှုတွေကြောင့်ပါပဲ။ တချို့ဆိုရင် ယခုအခါ အမှတ်ထင်ထင် ရှိကြပုံက မိကျောင်းထွက် ပစ္စည်းများကို လာဘ်ကောင်းတဲ့အဆောင် ဖြစ်လုနီးနီးပါပဲ။

ဖလော်ရီဒါအဝန်း တစ်ပိုက်က အလိုက်စ်ရေကန်ကြီး တစ်လျှောက်က ကျောင်းသားများက ပုံမှန်အားဖြင့် ဒီကောင်တွေကို ပစ်ခတ်ဖမ်းဆီးပြီး စိမ့်မြေတွင်ပေါက်သည့် ပန်းရောင်မလွှပွင့်တွေနဲ့ရောပြီး ချက်ပြုတ်စားသောက်ကြတယ်။

ကန်သာယာမြို့တွင်းမှာ ရှိတဲ့ အငြိမ်းစား မီးလတ်ဖောလစ်က ငါးကော်မရှင်စီမံကိန်းမှ အရာရှိဖလွိုက်ပော်လတာကို မေးမြန်းခဲ့တယ်။

မျက်လုံး တစ်လုံးတည်းရှိပြီး ပေကလပ်ပေကလပ်နဲ့ နှစ်ပေါင်းများစွာကြာအောင် လုယက်ကိုက်စားဖို့ပုန်းလျှိုးကွယ်လျှိုးနဲ့ လှည့်လည်သွားလာနေတဲ့ မိကျောင်းခေါင်းတိုကို အဲလစ်ပြောခဲ့တာက အကယ်၍များ ကျုပ် ဒီကောင်ကို တစ်ခုခုအမှားများလုပ်မိရင် ဘာပြောကြမလဲ။ ဒီကမ်းခြေမှာ ဒီကောင်ကြီးက အချိန်များများလာပြီးလဲလျောင်းနေတယ်။ ကျွန်ုပ်က ဆင်းသွားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်ကြီးကို ရေစင်သွန်းလောင်းပေးဦးမလား။

ဖလ္လိုက်ဘတ်တော်လတာ အကြံပေးခဲ့တာက ဒါဟာ အကြံကောင်းတစ်ခုမဟုတ်ကြောင်း၊ လူတွေက သူတို့ကို တစ်ကောင်ချင်း နာမည်ပေးထားပြီး အိုးခွက်လင်ပန်းတွေတီးပြီး ခေါ်လိုက်တဲ့အခါ သူတို့အတွက် အန္တရာယ်ရမယ်ထင်လို့ အနေခက်စေပါတယ်။ လူတွေကြောင့် သူတို့မှာ သဘာဝအတိုင်းရှိပြီးသား ကြောက်ရွံ့ထိတ်လန့်စရာများက ပျောက်ဆုံးကုန်ကြပါပြီ။

### ယခုအမဲလိုက်ကြလို့ တိရစ္ဆာန်များအတွက် ပြဿနာများ

မိကျောင်းတိုက်ခိုက်မှုများက သိသာပြောပလောက်အောင် တိုးတက်များပြားလာပါတယ်။ ၁၉၇၃ ခုနှစ်က ရေကန်တစ်ခုမှာ ရေကူးရင်း မိကျောင်းစားခံရတဲ့ မိန်းမပျိုကလေးတစ်ယောက်ရှိခဲ့ပါတယ်။ အရိုင်းဘဝထိန်းသိမ်းရေးဇီဝပညာရှင်တစ်ယောက်လည်းပဲ ၁၉၇၅ ခုနှစ်တုန်းက အိုကလာဝါဟာ မြစ်အတွင်းမှာ ၁၂ ပေရှည်တဲ့ မိကျောင်းတစ်ကောင်ရဲ့ ဆုတ်ဖြတ် ကိုက်ဖြမှုကြောင့် အနာတရ ဖြစ်ခဲ့ပါတယ်။

ရေကူးသမား တစ်ယောက်ကိုလည်းပဲ ဖလော်ရီဒါမှာ နောက်ထပ်တူညီစွာပဲ ရေထဲဆွဲနှစ်ပြီး တိုက်ခိုက်သတ်ဖြတ်ကြတယ်။

တချို့မိကျောင်းကြီးတွေက ၈ ပေနဲ့အထက် ကြီးမားကြတယ်။ သူတို့လိုချင်တဲ့ ပြုမူဆက်ဆံမှုက ဒီအတိုင်းဝါပဲ။ တိရစ္ဆာန်များအတွက် ဘေးအန္တရာယ်ကျရောက်မှု အဆင့်အတန်းတလည်း ကျဆင်းသွားပြီး စည်းကမ်းဖောက်ဖျက်သူ မုဆိုးများကိုလည်း ပြစ်ဒဏ်ပေး အရေးယူမယ်လို့ ကြိုတင်သတိပေးထားပါတယ်။

ငါးလုပ်ငန်းကော်မရှင် စီမံကိန်းမှ စမ်းသပ်ပြုလုပ်ဖို့ အစီအစဉ်တစ်ခုကို စတင်ပြီး ပြဿနာရှာတတ်တဲ့မိကျောင်းတွေကို သုတ်သင်သတ်ဖြတ်၍ သားရေများကို လေလံတင် ရောင်းချနိုင်ဖို့ မိကျောင်းလိုက် မုဆိုးလက်ဟောင်းကြီးများကို စေလွှတ်ခဲ့ပါတယ်။ ပထမဆုံးလေလံတင်ရောင်းချနိုင်မှုက ၁ ပေလျှင် ၁၈. ၅ ဒေါ်လာနှုန်းနဲ့ မိကျောင်းခေါင်းတို့ ၅၉၂ ကောင် ရောင်းချခဲ့ရပါတယ်။ မုဆိုးများအတွက် တန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်း ရရှိကြပါတယ်။

မိကျောင်းများရဲ့ တန်ဖိုးနှုန်းထားများကို ချွေတာရေး၊ သက်သာချောင်ချိရေးနည်းလမ်းများနဲ့ အလုပ်ဝတ္တရားများခန့်အပ်၍ ကြည့်ရှုစစ်ဆေးကြပါတယ်။

အစိုးရမှလည်း မိကျောင်းခေါင်းတိုများကို မွေးမြူသလောက် ထိန်းသိမ်းထားကြရန် နှစ်သက်ကြတယ်။ မကြာမီက ခြံမွေးတိရစ္ဆာန်များကို ရောင်းချခွင့်ပြုဖို့ ဆုံးဖြတ်ကြပါတယ်။

အဲဒီ ဆုံးဖြတ်ချက်တွေကြောင့် အတ်ဖရိုးလစ်အတွက် အကျိုးဖြစ်ထွန်းစေပါတယ်။ များစွာသော ဖလော်ရီဒါသားများထဲမှ တစ်ဦးက ပြန်လည်ဖွင့်လှစ်လာတော့မယ့် ဈေးကွက်အတွက် မိကျောင်းများကို ချုပ်နှောင်ဖမ်းဆီးပြီး တိုးပွားဖြစ်ထွန်းအောင် မွေးမြူဖို့ လေ့လာထားခဲ့ပြီးဖြစ်ပါတယ်။ မိကျောင်းခေါင်းတို ကောင်ရေ ၂၀၀၀ ကျော်က အသံမြည်အောင် ရှုတ်တရက် လှည့်ပတ်ကြပြီး ခြေလက်တို့ဖြင့် ကန်ပေါင်တွေ၊ တိုင်ကီတွေပေါ်မှာ ခဲယဉ်းစွာတွယ်တက်နေကြတာဟာ ဝက်စ်ပန်းကမ်းခြေအနီး အတ်ဖရိုးလစ်ရဲ့ မွေးမြူရေးခြံကြီးအတွင်းမှာ ဖြစ်ပါတယ်။

အကောင်ငယ် တစ်ကောင်ကိုနေ့စဉ်နဲ့အခြားသောနေ့တွေမှာ အသားစိမ်း ပေါင်ချိန် ၂၀၀ ကျွေးမွေးရပါတယ်လို့ သူကပြောခဲ့ပါတယ်။ သူနဲ့ သူ့ရဲ့ဇနီးဖရန့်စင်တို့က ကြက်လည်ချောင်းရိုး၊ ငါးခေါင်း၊ အမဲအသည်းတုံးများကို ကြိတ်ခြေ၍ မိကျောင်းခေါင်းတို အကောင်ပေါက်ကလေး ၁၆၀၀ ခန့်ကို ထိန်းသိမ်းမွေးမြူထားကြပါတယ်၊ ကမူးရှုံးထိုးနဲ့ရုတ်တရက်ဝင်ရောက်လာတဲ့ မိကျောင်းပေါက်ကလေးများက အစုံအပုံလိုက်များပြားစွာ ရေထဲမှ ထိုးထွက်လာကြတယ်။

တစ်ကောင်ပေါ် တစ်ကောင်တွားတက်လာတဲ့ကောင်တွေရဲ့ မေးရိုးပါးစပ်တွေထဲကို ငါးပြားနဲ့ အသားတစ်တွေ ကော်ပြီးထည့်ကျွေးတယ်။

တစ်ခါတစ်ရံမှာ တစ်ကောင်ကတခြားတစ်ကောင်ရဲ့ ခြေထောက်ကိုကိုက်ပြီး အသားတုံးအမှတ်နဲ့ တွန့်လိမ်ဆွဲခါပစ်တတ်တယ်လို့ ဖရန့်စင်းကပြောခဲ့ပါတယ်။

အတ်ဖရိုးလစ်ချ် မွေးမြူရေးထိန်းသိမ်းထားတဲ့အကောင် ၁၅၀ ရှိတဲ့ရေကန်သို့ ကျွန်ုပ်တို့ ကားမောင်းပြီးသွားခဲ့ကြတယ်။ ကြီးမားတဲ့အကောင်ကြီးတွေက ၁၂ ပေထက်ပိုရှည်ကြတယ်။ ဒီကိုလာကြ၊ ဒီကိုလာကြလို့ သူက ကြွေးကြော် အော်ခေါ်တဲ့အခါ အုပ်စုခေါင်းဆောင်ဖြစ်တဲ့ ကြီးမားသော ခေါင်းကြီးများက ဦးတည်ရာပြောင်းပြီး သုတ်သုတ်ပျာပျာနဲ့ ကမ်းစပ်ဘက်ကို ဝေ့ကြည့်နေကြတယ်။ ဖရန့်စင်းရဲ့ လက်ထဲမှ အသားတုံးကို တွားတက်လာပြီးဖမ်းဆုပ်ကိုက်ဆွဲကြတာဟာ ယဉ်ပါးတဲ့ခွေးများအတိုင်းပါပဲ။

အခု ဒီအရေခွံတွေကို တစ်ဖန်တစ်လဲ ပြန်လည်ရရှိလာကြပါပြီ။

မွေးမြူရေး မိကျောင်းခြံ ၁၀၀ ရှိတာတောင် လိုအပ်တဲ့ တောင်းဆိုမှုတွေကို လုံလောက်အောင် ဖြည့်ဆည်းပေးဖို့ မဖြစ်နိုင်ပါဘူးလို့ အတ်ဖရိုးလစ်ချ်က ပြောကြားခဲ့ပါတယ်။

### မိကျောင်းရိုင်းများအတွက် အနာဂတ်မသေချာပါ

မိကျောင်းခေါင်းတို သားရေအသစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းထားရသူများကလည်း မဝေခွဲနိုင်ကြပါ။ များစွာသောအခွင့်အရေးပေး



www.burmeseclassic.com

www.burmeseclassic.com

ထားတာကို အလွန်အကျွံ မပြုကြဖူးပါ။ မိကျောင်းသားရေ ကုန်သွယ်မှုကို ဇိမ်ခံဝတ္ထုပစ္စည်းရဲ့ အချက်အလက်များအဖြစ် မိကျောင်းခေါင်းတို များပြားသောဦးရေ အတွက် နာကျင်ထိခိုက်ခြင်း ဖြစ်မည် မဟုတ်ပါ။ မိကျောင်းခေါင်းတိုများရဲ့ သဘာဝမျိုးရိုးများ ကုန်ခန်းပျောက်ပျက် ကုန်တာထက်စာရင် နိုင်ငံများစွာမှ မိကျောင်းမွေးမြူရေးခြံများကို အားပေး အားမြှောက် ပြုပေးနိုင်တာက ပိုမို ကောင်းမွန်ပါတယ်။

မှောင်ခိုဈေးကွက်များ တစ်ဖန် ထိန်းမရအောင် ပေါ်ပေါက်လာဦးမှာ ကြောင့် စိုးရိမ်ရမှု ကြီးမားပါတယ်။

ဇီဝဗေဒပညာရှင်များစွာ၏ ယုံကြည်မှုက မိကျောင်းခေါင်းတိုတွေ ဘယ်တော့မှ များများရှိတော့မှာမဟုတ် ကြောင်း၊ သဘာဝဝန်းကျင်ဆက်စပ်မှု များ၊ လူသားစားသည့် ဓလေ့များ၊ မိကျောင်းတွေရှိကြတာကြောင့် သူတို့ရဲ့ အခြေချ နေထိုင်မှုများနဲ့အတူ သဟဇာတဖြစ်အောင် ထိန်းကြဖို့ရှိပါတယ်။ ကျွန်ုပ်အနေနဲ့ ဒီကောင်တွေကို တေးဆို ငှက်ကလေးများ၊ ကြိုးကြာများလို ထိန်းသိမ်းမှုမျိုးကိုသာ မြင်ချင်ပါတယ်။ ဒီကောင်တွေကိုတော့ တန်ဖိုးပါးပါးလေး ထားတာကိုသာ မြင်တွေ့လိုပါတယ်လို့ အဲဗားဂလိဗ်ပန်းခြံ ဇီဝဗေဒပညာရှင် ဂျင်ကွစ်လန်က ပြောကြားခဲ့ပါတယ်။ ဘယ်လိုပင်ထိန်းသိမ်းကြပါစေမိကျောင်း များက ရှင်သန်နေကြဦးမှာပါပဲ။

ရေငန်မိကျောင်းများရဲ့ မျိုးဆက် အမေရိကန်မှ လန့်ကြောက်ရှောင်ရှားလို ကြတဲ့ မိကျောင်းတွေအဖို့ ခက်ခဲတဲ့ အချိန်တွေ မြောက်မြားစွာရှိပါလိမ့်မယ်။

ကာရီဘီယံဒေသတွေမှာတော့ ကလိုဏ်၊ ချိုင့်၊ အခေါင်းပေါက်တွေ အတွင်း အမေရိကန် မိကျောင်းတွေ ကျန်ရှိနေကြပါတယ်။ ဒါပေမဲ့ သေးငယ်တဲ့ ဖလော်ရီဒါ မိကျောင်းဦးရေကတော့ ဖျောက်ဖျက်ပစ်ဖို့ နီးကပ်နေပါတယ်။ များမကြာမီက နယ်မြေတိုးတက် ဖွံ့ဖြိုး လာမှု သော့ချက် အခရာဖြစ်လာကြ လို့ပါ။

ကီးလ်လာဂို အနီးမှ ရွာပါး မိကျောင်းကြီးများရှိတဲ့နေရာကို ကား မောင်းသွားခဲ့ကြတယ်။ အဲဒီမှာ အသိုက် ဆောက် တွင်းအောင်းနေတဲ့ မိကျောင်း မကြီး ၁၀ ကောင်ကျန်ရှိနေတာကို သိရှိ ခဲ့ကြပါတယ်။ များစွာသောမိကျောင်း များရဲ့ အနာဂတ်မှာလည်းပဲ စိတ်မော ဖွယ်များနဲ့ ကျန်ရှိနေကြပါတယ်။

ဘော့ဘတ်စတက် အိန္ဒိယမှ လူ တစ်ဦးရဲ့ပြောကြားခဲ့ပုံက ဘယ်နေရာ က မိကျောင်းကိုမဆို ကျွန်တော်က မေတ္တာထားပါလိမ့်မယ်။ ဒါပေမဲ့ ရှည် လျားတဲ့ ဂျုံခင်းတစ်ဝိုက်က ကျွဲတွေရဲ့ အနောက်မှာ သူတို့ကိုထားဖို့ကတော့ လက်တွေ့အမှန်မှာ ပိုပြီးတော့မဖြစ်နိုင် ပါဘူး။ သူတို့ရဲ့သဘာဝအဆင့်အတိုင်း မျိုးစိတ်တိုင်းအတွက် ဘေးမဲ့ခိုလှုံစရာနဲ့ အတူ ရှင်သန်လျက် လွဲပြောင်းပေးနိုင် ဖို့ကို ကျွန်ုပ်တို့ တောင်းဆိုပါတယ်။

(ပြီး)

❒ MARINER ဇော်ဦး

Ref: A Bad Time To Be a Crocodile By


# စီးပွားရေးလုပ်ငန်းရှင်များ
# မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်
# လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း။

(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ၊ ထချာဗေဒ၊ ဝါစတုသျှတ္တရ၊ တရုတ်ဗေဒ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

(ဘာသာ - ၇၆၇၇)

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျွမ်းကျင်သူ

ဟောခန်း(ရုံးခန်း)နှင့် မြန်မာ့ဒိုင်ရာဝင်စာ ☞ ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၅၁၉၈၂၄၀

နေအိမ် ☞ ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင် သိရှိထားနိုင်ရန် သာရေးနာရေးကိစ္စများကို ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီ မှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com



မြောင်းပြ
မြင့်လှိုင်

လမ်းတစ်ဖက်တစ်ချက်မှာ လမ်းမီးရောင် နီကြင်ကြင်တွေ ရှိနေပေမယ့် အမှောင်ထုဟာ ညဥ့်ထဲ အတော်ခရီးပေါက်နေပြီဆိုတာ သိသာနေတယ်။

ဆင့်ကာဆင့်ကာ တွန်ကျူးလိုက်ကြတဲ့ သန်းခေါင်ကြက်ဖတို့ တွန်ကျူးသံကြောင့်လည်း ညဥ့်ဟာ နက်သထက် နက်လို့ နေတယ်။

အိပ်မပျော်နိုင်သေးတဲ့ ကိုဘမောင်က ကြယ်မြင်လမြင် ဖြစ်နေတဲ့ သူ့အိမ်ခေါင်မိုးကိုကြည့်ရင်းက တောင်တောင်အီအီတွေ လျှောက်တွေးလို့နေမိတယ်။


www.burmeseclassic.com

www.burmeseclassic.com

အိမ်ခေါင်မိုးကလည်း အသစ်မမိုးနိုင်တာ ကြာပြီဆိုတော့ စုတ်ပြတ်သတ်နေလိုက်တာ။ ဘုရားစူးစေ့ အိမ်ခေါင်မိုးပါလို့ ကျိန်ပြောရမလို ဖြစ်နေတယ်။ ကတ်ထူအတိုအစတွေကြွပ်ကြွပ်အိတ် အပိုင်းအစတွေနဲ့ ဖာထေးထားလိုက်တာ မူလ ဓနိဖက်တွေတောင် သူတို့ရဲ့ဇာတိမှန်ကို မှတ်မိပုံမပေါက်တော့ဘူး။

"ဝုတ်. . ဝုတ်. . ဝုတ်. . "

အိမ်ရှေ့ဆီက ခွေးဟောင်သံကြောင့် ကိုဘမောင် အတွေးတွေက လက်ရှိ ပစ္စက္ခအချိန်ကို ပြန်ရောက်လာတယ်။ တိုးလျှိုးပေါက်မြင်နေရတဲ့ လမ်းဘက်ဆီ လှမ်းကြည့်တော့လည်း လူရိပ်လူယောင် ဘာမှ မတွေ့ရဘူး။

ကိုဘမောင် သတ္တိကောင်းလှတာမဟုတ်ပေမယ့် သူခိုး၊ ဓားပြရန်ကိုတော့ မှုကို မမှုတာ။ သူ့အနေနဲ့ မှုစရာလည်း မလိုဘူးလေ၊သူခိုး ခိုးချင်လောက်တဲ့ပစ္စည်းလည်း သူ့အိမ်မှာ ရှိမှ မရှိတာကိုး။

"အဟမ်း . . . အဟမ်း"

ကိုဘမောင် လိုရမည်ရ ချောင်းဟန့်လိုက်တာ အိမ်လေးက လျှောင်လျှပ်သလို သိမ့်ခနဲ ဖြစ်သွားတယ်။အမိုးကကောင်းလို့ ကြမ်းခင်းလေးများ တောင့်တောင့်တင်းတင်း ရှိမလား မှတ်တယ်၊ ကြမ်းခင်းကလည်း သာခွေယိုင်၊ အိမ်ကြွက်ကြီးကြီးတောင် ဖြတ်မပြေးရဲတဲ့အနေအထား။ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်ဆိုတာမျိုးကိုး။

အောက်က ခံထားတဲ့ ဒေါက်တိုင်တွေကိုက ပိုးထိုးခြကိုက်ကျိုးပဲ့နေပြီဆိုတော့လည်း လမ်းလျှောက်လိုက်တိုင်း အိမ်ကလေးက ယိမ်းထိုးနေတာ ဆန်းတော့ မဆန်းဘူးပေါ့လေ။

ဘေးအကာ ကြည့်တော့လည်း ဓာလာစုံ၊ ဒီဇိုင်းစုံ၊ ဘိလပ်မြေအိတ်ခွံ အတစ်မျိုး၊ ဂုန်နီအိတ်ခွံက တစ်သွယ်ဆိုတော့ ပထမ ကာထားတဲ့ ဝါးထရံတောင်မနည်း ဖြုရှာမှတွေ့နိုင်တော့မယ်။

ဒါလည်းမပြောနဲ့လေ၊ ဒီအိမ်ကို မပြုပြင်နိုင်တာဘဲ အငယ်ကောင် တစ်သက်ရှိပြီ။ အခုလာမယ့်နှစ်ဆိုပဲ အငယ်ကောင်ကို သူငယ်တန်း စအပ်ရတော့မယ်ဆိုတော့၊ အိမ်ပြင်ဖို့ အရေးထက် ပါးစပ်ငါးပေါက်အတွက် မနည်းကိုရုန်းနေရတာ။

ဒါတောင် တစ်ခါတစ်ခါ အလျဉ်မမီ ဖြစ်နေရတာဆိုတော့ အိမ်ပြင်ဖို့ကို ခေါင်းထဲမထည့်နိုင်ခဲ့ဘူး။ ကိုဘမောင်တို့နေတဲ့ ဒီကျူးကျော်တဲစုတွေဆိုတာလည်း သူ့ထက်ငါ အပြိုင်မွဲနေကြသူတွေဆိုတော့ ဘာအရေးစိုက်ဖို့ ရှိမလဲ။ ကြမ်းပြိုကျ မြေကြီး ဆင်းနေရုံပေါ့။ သန်းခေါင်ထက် နက်စရာ ညဥ့်လည်း မရှိနိုင်ပါဘူး။ ကိုဘမောင်တို့ ကျင်လည်နေတဲ့ပတ်ဝန်းကျင်ကိုက ကြုံရာကျပန်းဖြစ်သလို နေထိုင်စားသောက်ရသူတွေချည်းပဲလေ။ ဆိပ်ကမ်းမှာ ကူလီထမ်းတဲ့လူကြည့်မလား၊ အမှိုက်ပုံ ဟိုဖွဒီဖွ အသက်မွေးတဲ့လူ ကြည့်မလား၊ မိန်းမပေါ့တွေ မွေးပြီး စီးပွားရှာတဲ့လူနဲ့ ခိုးဆိုးနှိုက်တွေကလည်း ဒီကျူးကျော်တဲစုလေးမှာ များသားကလား။

တတ်နိုင်ဘူးလေ၊ အားလုံးက လက်သင့်ရာ စားတော်ခေါ်နေရတဲ့လူတွေချည်းပဲဆိုတော့၊ ဘဝအမှောင်တောမှာ မမောနိုင် မပန်းနိုင်ပြေးလွှားရုန်းကန်နေကြရတာပဲ။

တစ်ခါတလေတော့ ကိုဘမောင် စဉ်းစားမိပါတယ်။ အဆိုးလောကဓံဆိုတာ သူတို့လို ခနငွေကြေးချို့တဲ့သူတွေဆီမှာပဲ အိုင်ထွန်းဖွဲ့တည်နေရှာသလားလို့။ ငွေဆိုတဲ့အရာကလည်း လွယ်တဲ့လူတွေအတွက် လွယ်ပြီး ခက်တဲ့လူတွေအတွက်တော့ ရုန်းရင်းကန်ရင်းနဲ့ကို ငတ်ပြတ်နေကြတာ၊ ဆန်းတော့အဆန်းသား။ စဉ်းစားရင်း ကိုဘမောင်ရင်ထဲက လေပူကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး သူ့ဘေးမှာ ခွေခွေလေးအိပ်နေတဲ့ သားငယ်ရွှေသီးရဲ့ နဖူးကို အသာလက်တင်ကြည့်မိတယ်။

"အလိုလေး ကိုယ်တွေကလဲ ပူလိုက်တာ၊ ချစ်ချစ်တောက်လို့ပါလား"

နေ့လယ်က လမ်းထိပ်ဆေးဆိုင်က ငါးဆယ်တန် ဆေးတစ်ခွက်စပ်တိုက်ထားတာ ကိုယ်ပူကျပြီး ကောင်းသွားပြီမှတ်တာ၊ အခုကျတော့မှ ကိုယ်တွေက တရှိန်ရှိန် ပြန်ပူလာတယ်။

"အေးစိန်. . ဟဲ့ အေးစိန်. . . ထစမ်းပါဦးဟ၊ ဒီမှာ မ ်သားကိုယ်တွေ အတော်ပူနေတယ်၊ထစမ်းပါဟ"

ကိုဘမောင်အနေနဲ့ ဒ ်င ်ပ်ကောင်အပေါ် စိုးရိမ်စိတ်နဲ့မို့ ၁ ၅ သူ့မိန်းမ မအေးစိန်ကို အတင်းနှို ႔ိုက်ရပေမယ့် မအေးစိန်ခမျာ ၁ည်း ဟစ်နေကုန် ဟိုအိမ်အဝတ်ပြေးလျှော်ရ၊ ဒီအိမ်အဝတ်ပြေးလျှော်ရနဲ့ ဖယ်စက်သလို တစ်ချက်မှ နားရရှာတာ မဟုတ်ဘူး။

ပြီးတော့ သူ့မှာရင်ကျပ်ပန်းနာအခံလေးကလည်း ရှိနေတာဆိုတော့ တော်ရုံ ညရေးညတာ ကလေးတွေကိစ္စဆို မအေးစိန်ကို နှိုးမနေတော့ဘဲ သူကိုယ်တိုင်ပဲ ထထက်လုပ်ပေးနေကျပါ။ အခုဟာကတော့ သူလည်းဘာမှမလုပ်တတ် မကိုင်တတ်မို့သာ မအေးစိန်ကို နှိုးလိုက်မိတာ။

မအေးစိန်မျက်လုံးကို အားယူဖွင့်ရင်းက ရွှေသီးရဲ့နဖူးကို လှမ်းစမ်းလိုက်ပြီး. .

"ဟုတ်ပါရဲ့၊ နေ့လယ်က တော်ဝယ်ပေးတဲ့ ဆေးတစ်ခွက်တိုက်ပြီးကိုယ်ပူကျသွားလို့ကောင်းသွားမယ်မှတ်တာ၊ ဒီအချိန်ကြီးမှတော့ ဘယ်တတ်နိုင်မလဲ၊ မနက်လင်းမှ ဆေးခန်းပြေးရုံပေါ့"

"ဆေးခန်းပြေးတာ အကြောင်းမဟုတ်ဘူး၊ မင်းလက်ထဲ ပိုက်ဆံဘယ်လောက်ရှိလို့တုံး" လို့ ကိုဘမောင်မေးလိုက်တော့. . .

"ဟောတော့် ရှင်ကလဲ ပြော့ရော့မယ်၊ ကျွန်မမှာ ဘယ်လိုလုပ် ရှိမှာလဲ၊ မနေ့က အဝတ်လျှော်လို့ရတဲ့ တစ်ထောင်လောက်က ဟိုတစ်နေ့က ဆန်အကြွေးယူထားတဲ့ မတရုတ်မ ကုန်စုံ

www.burmeseclassic.com

ဆိုင်ကို ဆပ်လိုက်ရတယ်လေ၊ ကျွန်မက ရှင့်ဆီမှာများ ရှိမလားလို့ ပြောလိုက်တာ"

"ကျွတ်. . ခက်တော့ခက်ပြီ၊ ငါ့မှာလဲ စစ်စစ်ပေါက်ပေါက် ငွေလေး တစ်ရာကျော်လောက်ပဲ ရှိတော့တယ်၊ ဒီနေ့ ရေလှည်းအုံနာ ပေးဖို့တောင် မပေးနိုင်လို့ မနက်ဖြန်မှ နှစ်ရက်စာ ပေါင်းပေးပါရစေလို့ မနည်းတောင်းပန်ခဲ့ရတာ၊ အေးလေ, သိပ်လဲ စိတ်ပူမနေပါနဲ့၊ မနက်လင်းလို့မှ ကိုယ်ပူမကျဘူး ဆိုရင်တော့ ငွေရှာပြီး သွားပြရမှာပေါ့၊ ကိုယ်မွေးထားတဲ့ သားသမီး ကြဲဖန်ကုရမှာပဲ၊ ကျန်းမာရေးကိစ္စဆိုတော့ ရှိတာ၊ မရှိတာ အပထား ဥပေက္ခာသဘော ထားလို့ ရတာမှ မဟုတ်တာကွာ"

ကိုဘမောင်အနေနဲ့ ဇနီးသည် မအေးစိန် စိတ်ချမ်းသာအောင် မနက် ငွေရှာပေးမယ်လို့ အာမဘန္တေခံလိုက်ရပေမယ့် သူကိုယ်တိုင်တောင် မနက်လင်းမှာကို ခပ်ကြောက်ကြောက် ဖြစ်နေတယ်။ သူတို့လို လူမွဲတွေအဖို့ ငွေတွင်းက နက်ပါဘိသနဲ့။

ကိုယ့်ရှေ့နောက် ပတ်ဝန်းကျင် ကြည့်ပြန်တော့လည်း ယောင်ယမ်းလှမ်း ဆွဲလို့တောင် ကောက်ရိုးတစ်မျှင် ပါလာစရာအကြောင်းမှ မရှိဘဲကိုး။

ကိုဘမောင်စဉ်းစားရင်းက ခန္ဓာကိုယ် ကိုယ်တစောင်း အနေအထား ပြောင်းရင်း အိပ်ဖို့ကြိုးစားလိုက်တယ်။ မအေးစိန်ကတော့ အငယ်ကောင် ရွှေသီးရဲ့နဖူးပေါ် လက်တင်ရင်းက ပြန်အိပ်ပျော်နေလိုက်တာဟောက်သံများတောင် ထွက်လို့။

အကြီးမ နှစ်ကောင်လည်း တစ်ယောက် ဗိုက်ပေါ် တစ်ယောက် ခြေ တစ်ဖက်ဆီ အင်ပါယာချပြီး အိပ်နေလိုက်ကြတာ သိုးလို့၊ ကိုဘမောင် ခမျာမှာသာ။

အရှက်ဦး အလင်းရောင်ဖျော့ဖျော့က ကျူးကျော်တဲစုလေးတွေအပေါ် မဝံ့မရဲနဲ့ မေးတင်စပြုလာတယ်။

ကိုဘမောင် ခြေကို ခပ်ဖွဖွ ထိန်းလျှောက်ရင်း နောက်ဖေးစည်ပိုင်းပြတ်ထဲက ရေနဲ့ ကပျာကယာမျက်နှာကို ပက်ယစ်လိုက်တယ်။ ပြီးတော့ ဝတ်ထားတဲ့ ပုဆိုးအပေါ်စနဲ့ သုတ်ရင်းက လမ်းထိပ် ကားဂိတ်ကို ထွက်လာခဲ့တယ်။

မနေ့က ရေလှည်းအုံနာကြေး တစ်ရက်စာ မပေးရသေးဘူးဆိုတော့ ဒီနေ့ ရေလှည်းယူတွန်းလို့ရမယ်၊ မရဘူး မကျိန်းသေဘူးလို့ ကိုဘမောင် တွေးမိတယ်။ ကျိန်းသေတာက မိုးလင်းတာနဲ့ သားအငယ် ဆေးခန်းပြဖို့ငွေမရှိတာဘဲ။

အခု သူ ကားဂိတ်ထွက်လာတာလည်း သီရိမင်္ဂလာဈေးမှာ ကူလီသွားထမ်းဖို့ ညကတည်းက စဉ်းစားထားပြီးသားလေ။ တွေးနေလို့သာ သူလည်း အရဲစွန့်ပြီးထွက်လာခဲ့တာ။ ကိုဘမောင်ရဲ့ ပင်တိုင်အလုပ်က ရေလှည်းတွန်းရောင်းတဲ့အလုပ်၊ ဒီကြားထဲ အားရင် အားသလို သစ်ခွဲစက်မှာ အခစားနဲ့လည်း ဝင်လုပ်သေးတယ်။

ဝိုင်းဆရာတစ်ယောက် မဟုတ်ပေမယ့် ရှေ့ဆွဲအနေနဲ့တော့ တော်တော်လေး တီးမိခေါက်မိ ရှိတာကိုး။

ဟိုတုန်းကတော့ ဒီရပ်ကွက်လေးမှာ သောက်သုံးရေနဲ့ပတ်သက်ရင် ကိုဘမောင်တို့ ရေလှည်းသမားတွေကပဲ အားကိုးနေကြရတာပါ။

ဒီတုန်းကတော့ ကိုဘမောင်တို့ မိသားစု အမြဲတမ်းမဟုတ်တောင် ရံဖန်ရံခါတော့ နှုတ်ခမ်းလေး ဆီဝေ့ခဲ့ရသေးတယ်။ နောက်တော့ အဝီစိတွင်းရှိတဲ့ လူတွေက အမြင်ကျယ်လာပြီးပိုက်တွေနဲ့ အိမ်အရောက် ဝန်ဆောင်မှုပေးကြတာ ဆိုတော့ ကိုဘမောင်တို့ဆီက မှာဖြစ်ရင်တောင် သောက်ရေလောက်ပဲ မှာကြတော့တယ်လေ။

ဒါတောင် အခုခေတ်လို ရေသန့်ဘူးတွေ လှိုင်လှိုင်မပေါ်သေးလို့ပြီးတော့ သောက်ရေတစ်စည် သုံးရာရဖို့ သွားတွန်းရတဲ့ ခရီးကလည်း နီးနီးတော့ မဟုတ်ဘူး။ ဟိုး အနော်မာကန်အထိ သွားတွန်းရတာ။ နွေဘက်များဆိုရင် ပုချက်က ခေါင်းပေါ် ဖွဲ့မီးဖိုကြီး ရွက်ပြီး တွန်းနေရသလား မှတ်ရတယ်။

ဒီကြားထဲ အောက်က ကတ္တရာလမ်း အပူရှိန်ကလည်း တံလျှပ်တွေ တခြောင်းခြောင်း ထနေတတ်တာ ဆိုတော့ စဉ်းစားသာ ကြည့်တော့၊ ကိုဘမောင်အဖြစ်က အထက်မီး၊ အောက်မီးနဲ့ အနှပ်ခံရတဲ့ ဘိန်းမုန့်လိုကို ဖြစ်နေတော့တာ။

ကိုဘမောင်အနေနဲ့ ဒီလိုမှ မရှာလို့လည်း မဖြစ်ဘူးလေ။ မအေးစိန်ကျန်းမာရေးချူချာလာကတည်းက မိသားစု ငါးယောက်ရဲ့စားဝတ်နေရေးက သူ့ပခုံးပေါ် စီးစီးပိုးပိုးကြီး နေရာယူလာတာ နှစ်နှစ်နီးပါးလောက် ရှိနေပြီ။

ကိုဘမောင်ခမျာ လုပ်တော့လုပ်ရှာပါတယ်။ သမာအာဇီဝသာ ကျပစေ ဘာအလုပ်မှ မရွေးဘူး၊ အကုန်လုပ်တာပဲ။ ရွေးဖို့လည်း သူ့မှာပြဋ္ဌာန်းချက် မရှိဘူးလေ။

ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့နော်။ ကိုဘမောင်ကအလုပ်ကြမ်းသမား ဆိုတော့ ညနေအလုပ်သိမ်းလို့ အိမ်ပြန်ရင် ကိုကံလှအရက်ဆိုင်ရှေ့က နေ့တိုင်း ဖြတ်ပြန်နေရတော့ သူ့မှာ ကံတစ်ပါးတော့ မလုံရှာဘူး။ နည်းနည်းပါးပါး သောက်တတ်ပေမယ့် မိသားစုအပေါ်တော့ ဘယ်တော့မှ ဂျီမကျတတ်ဘူး။

ကိုဘမောင် သီရိမင်္ဂလာဈေးက ကူလီထမ်းပြီး ပြန်လာတော့ လက်ထဲမှာ ငွေလေးတစ်ထောင်ကျော်လောက်တော့ ရလာပါရဲ့။ ဒီငွေလေးကလည်း အငယ်ကောင် ဆေးဖိုးနဲ့ မိသားစု ငါးယောက် တစ်နေ့တာ ဝမ်းမီးငြိမ်းဖို့ မလုံလောက်နိုင်ဘူးဆိုတာကို ကိုဘမောင် သိတယ်။ ဒါတောင် အကြီးမနှစ်ယောက်က ချွတ်တားလေးတွေပဲ ရှိသေးလို့၊ ချွတ်တားလေးတွေဆိုပေမယ့် နိစ္စဓူဝ တကျွတ်ကျွတ်ဝါးနေတဲ့ သူ့စရိတ်ကလည်း သေးလှတာမဟုတ်ဘူး။ ခုနစ်နှစ်၊ ရှစ်နှစ် နို့နံ့မစင်သေးတဲ့ အရွယ်တွေ


www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ မိဘမှာ ရှိတာ၊ မရှိတာ နားမလည်နိုင်သေးတဲ့ အရွယ်လေးတွေကိုး။ ကိုဘမောင်ကိုယ်တိုင်ကလည်း သူသာ ထမင်းကြမ်းခဲကိုင်းပိရည်ဆမ်းပြီး မနက်အဆာခံကိစ္စ ပြီးတတ်ပေမယ့် သားသမီးတွေအတွက်တော့ ထမင်းကြမ်းခဲလေးနဲ့ ရောဖို့ မုန့်ဟင်းခါးလေး၊ လက်သုပ်စုံလေးတော့ ဖြစ်စေခဲ့တာချည်းပဲ။

ပြီးတော့ သူကိုယ်တိုင် ပညာမတတ်လို့ ဆင်းရဲတွင်းနက်ပြီး လူတောမတိုးနိုင်ခဲ့ပေမယ့် သူ့သားသမီးတွေကိုတော့ သူ့လို ပညာမတတ် ဆင်းရဲတွင်းနက်တဲ့ အဖြစ်မျိုး အရောက်မခံနိုင်ဘူး။ အဲယားကွန်းအခန်းမှာ ထိုင်ပြီး အေးအေးဆေးဆေး ငွေရှာနိုင်ဖို့ သူတို့လေးတွေ ပညာတတ်တွေ ဖြစ်မှဖြစ်မယ်။ သူတို့ ပညာတတ်ဖို့ ငါကျောင်းထားပေးနိုင်ရမယ်။ ပညာရေးဆုံးခန်းတိုင်သင်နိုင်ဖို့ ငါ ငွေရအောင်ကြိုးစားရှာမယ်လို့လည်း ကိုဘမောင်အမြဲတမ်းစဉ်းစားနေခဲ့တယ်။

အကြီးမ နှစ်ယောက်ကလည်း တော်ရှာပါတယ်။ မူလတန်းအရွယ်သာရှိသေးပေမယ့် နှစ်တိုင်းတော့ ဆုရခဲ့ကြတာချည်းပဲ။

"အေးစိန်၊ မင့်သား ဘယ်လိုနေသေးလဲဟ"

ကိုဘမောင် အိမ်ပြန်ရောက်တာနဲ့ ရလာတဲ့ပိုက်ဆံကို မအေးစိန်ကို လှမ်းပေးရင်းက သူ့သားအခြေ အနေကို မေးလိုက်တယ်။

"ညက အတိုင်းပါပဲတော်၊ ကိုယ်ပူက ခုထိမကျချင်ဘူး၊ ကျုပ်လဲ တော်ပြန်အလာကို စောင့်နေတာ"

"တဲ. . တဲ ဒါဆို ဆေးခန်းသွားမှာဖြင့် မြန်မြန်သွားတော့၊ အကြီးမနှစ်ယောက် ကျောင်းသွားကြပြီလား"

"သွားကြပြီလေ၊ မုန့်ဖိုး မပေးလိုက်လို့ ကဂျီကဂျောင်လုပ်နေကြသေးတယ်"

"တစ်ယောက်ယောက်ဆီက နေခကာလှည့်ပေးလိုက်ရောပေါ့၊ ငါပြန်လာရင် ပြန်ပေးလို့ရမယ့် ဥစ္စာ"

"အမယ်လေး ဆောက်ဖြစ်မှ ကျောင်းဒကာပါ ကိုဘမောင်ရယ်၊ တော့်ဆီက အခြေအနေ ဘာမှန်းမသိရသေးဘဲနဲ့ တော်ကြာ တစ်ပူပေါ် နှစ်ပူဆင့်နေပါဦးမယ်"

မအေးစိန် ပါးစပ်ကနေ ပေါက်ပေါက်ဖောက်ရင်း အိပ်ရာထဲမှိန်းနေတဲ့ အငယ်ကောင်ရွှေသီးကို ဈေးခြင်းနဲ့ ခါးထစ်ကောက်ခွင်ပြီး ထွက်သွားတယ်။

ကိုဘမောင် ဝတ်ထားတဲ့ ပုဆိုးအောက်စနဲ့ ခန္ဓာကိုယ်ကချွေးတွေသုတ်ရင်း အိမ်ရှေ့မြေကွက်လပ်မှာ ချထားတဲ့ ထန်းပလပ်ခုံပေါ်မှာ ဆေးလိပ်ထိုင်ဖွာနေလိုက်တယ်။

ပြီးတော့ မနေ့က သောက်ရေမှာထားတဲ့အိမ်တွေ အခုလောက်ဆို သူ့ကိုမျှော်နေလောက်ပြီလို့ တွေးလိုက်မိတယ်။

"မဖြစ်သေးပါဘူး၊ ရေလှည်းအုံနာဆီ အကျိုးအကြောင်း ပြောပြပြီး ရေလှည်းတွန်းဦးမှပါ"

ကိုဘမောင်တစ်ကိုယ်တည်း ရေရွတ်ရင်း စွပ်ကျယ်ကျောပြဲကို ပခုံးပေါ်တင်ပြီး ထွက်လာခဲ့တယ်။ မွန်းလွဲနေရဲ့ အပူရှိန်က ကတ္တရာလမ်းကိုတောင် ပျော်လုနီးပါး ဖြာကျနေသေးတယ်။

ကောင်းကင်ယံမှာ အိုဇုန်းလွှာတွေ ကျန်မှ ကျန်သေးရဲ့လားလို့ ကိုဘမောင် သူ့ဉာဏ် တစ်ထွာတစ်မိုက်လေးနဲ့ တွေးကြည့်မိသေးတယ်။

ဒီကြားထဲ ပြီးခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ပြတ်ဖို့တာစူနေတဲ့ ဖိနပ်ကလည်း လမ်းကျမှ ကောက်ကာငင်ကာ ပြတ်သွားတယ်။

ဒီအကြိမ်နဲ့ပါဆို ဒီဖိနပ်ပြတ်တာ သုံးကြိမ် ရှိနေပြီ။ ပထမအကြိမ်တွေတုန်းကတော့ သံလေးထိုးလိုက်၊ ကော်လေးဖိလိုက်နဲ့ မေ့းစီးလို့ ရသေးပေမယ့် အခုအကြိမ်ကတော့ သိပ်မျှော်လင့်ချက် မရှိနိုင်ဘူး။

ဈေးချိုချိုနဲ့ ဖိနပ်တစ်ရန်လောက် ဝယ်စီးဖို့သင့်ပြီဆိုတာသိပေမယ့် တစ်နေ့ တစ်နေ့ ပါးစပ်ငါးပေါက် ဝမ်းမီးငြိမ်းဖို့တောင်အနိုင်နိုင်ဆိုတော့ ခြေထောက်အောက်က ဖိနပ်ကိစ္စခေါင်းထဲကိုမထည့်နိုင်ခဲ့ဘူး။ ပင်ကိုက ခပ်စုတ်စုတ်ဖိနပ်ကို လွှင့်ပစ်ဖို့ မဖြစ်နိုင်သေးတာနဲ့ ကိုဘမောင် ဖိနပ်စုတ်ကို ခါးကြားထိုးရင်း ရေလှည်းအုံနာအိမ် ရောက်ခဲ့တယ်။

"ဦးလေးသောင်း. . . ဦးလေးသောင်း"

"ဟော့. . ဘမောင်၊ ဘာတုံးကွ၊ အော်ကြီးဟစ်ကျယ်နဲ့"

"ဟို. . . ဟို. . ကျွန်တော် ရေလှည်း နှစ်ခေါက်သုံးခေါက်လောက် ၂ ယူတွန်းချင်လို့ပါ"

"ဟ. . . မင်းမနေ့က ရေလှည်းတစ်ရက်စာပေးဖို့ ကျန်သေးတယ်လေ၊ အဲဒီတစ်ရက်စာ ပေးပြီးမှထပ်ယူတွန်းပေါ့ကွ"

"ဟုတ်ပါတယ် ဦးလေးရဲ့၊ ဒီနေ့ ရေမှာထားတဲ့ အိမ်လေးတွေသွားထည့်ပြီးတာနဲ့ နှစ်ရက်စာ ပေါင်းပေးခဲ့ပါ့မယ်ဗျာ"

"ဟုတ်မှလဲ လုပ်ပါ ဘမောင်ရယ်၊ လှည်းပြန်အပ်တော့မှ ဆင်ခြေဆင်လက်တွေနဲ့ ကြွေးထပ်တင်နေပါဦးမယ်ကွာ"

"စိတ်ချပါ ဦးလေးရာ၊ လှည်းပြန်အပ်တာနဲ့ နှစ်ရက်စာဆက်ဆက်ပေးခဲ့ပါမယ်၊ အိမ်က အငယ်ကောင် နေကောင်းတော့ မအေးစိန်လဲ အလုပ်မဆင်းနိုင်လို့ပါ"

"မင်းတို့ကတော့ ပြောလိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ယူသွား ယူသွား၊ လာအပ်ရင်သာ ပိုက်ဆံပါပလေ့စေ"

"မွဲလိုက်တဲ့ ဘဝများ၊ မဖြစ်စလောက် ငွေနဲ့တောင် အယုံအကြည်မဲ့ခံရတယ်. . တောက် "

ကိုဘမောင်ရဲ့ မကျေနပ်ချက်က အပြင်ကို အန်ထွက်မလာနိုင်တဲ့တောက်ခေါက်သံတစ်ချက်နဲ့ပဲ အဆုံးသတ်လိုက်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကိုဘမောင် နောက်ဆုံးတစ်ခေါက် ရေလှည်းထဲ ရေဖြည့်ပြီး မောမောနဲ့ ကန်ပေါင်ပေါ်က သစ်ပင်ရိပ်မှာ ဆေးလိပ်ထိုင်ဖွာနေတုန်း သူ့မိန်းမ မအေးစိန် ပျာယီးပျာယာနဲ့ အနော်မာကန်ကို လိုက်လာတယ်။ မျက်စိမျက်နှာတွေလည်း ပျက်လို့ပေါ့။

"ကိုဘမောင်ရေ လုပ်ပါဦးတော့ သားက ရိုးရိုးဖျားတာ မဟုတ်ဘူး၊ သွေးလွန်တုပ်ကွေးဖြစ်နေတာတဲ့၊သိပ်နောက်ကျလို့ မကောင်းဘူး၊ ဆေးရုံ အမြန်တင်ပါတဲ့တော်၊အီး. . ဟီး. . ဟီး. . "

မအေးစိန်စကားကို ကြားကြားချင်း ကိုဘမောင်ငယ်ထိပ်ကို မြွေပေါက်လိုက်သလို ရင်ထဲကိုပူဆင်းသွားတာပဲ။

အမေ လုပ်သူကလည်း ကျူကျူပါအောင် ငိုနေတာကလွဲရင် ဘာမှကြံစည်တတ်တာ မဟုတ်လေတော့ အဖေဖြစ်တဲ့ငါက စိတ်ပေါက်မှ လိပ်လောက်ပြေးလို့တော့ မဖြစ်တော့ဘူးလို့ ကိုဘမောင် တွေးမိတယ်။

ဒါနဲ့ မအေးစိန်ကို ကလေးနားပြန်နေစေပြီး ကိုဘမောင်ကတော့ ရေလှည်းကို အုံနာအိမ်သွားအပ်ပြီး ချက်ချင်း အိမ်ပြန်ခဲ့တယ်။

အိမ်ပြန်ရောက်ရောက်ချင်းပဲ မအေးစိန်ပေါင်ပေါ်မှာ မှိန်းနေတဲ့သားငယ်ရဲ့နဖူးကို အသာစမ်းကြည့်ပြီး ကိုဘမောင် အတော်လန့်သွားတယ်။

သူ့လက်ကပဲ အေးနေလို့လား မသိဘူး၊ သားငယ်ရဲ့ကိုယ်တွေက ပူလိုက်တာ ချစ်ချစ်တောက်လို့။ ဒါနဲ့ ကိုဘမောင်လည်း ဆေးရုံသွားဖို့ အားချင်း လုပ်ရတော့တယ်။

ကိုဘမောင်တို့ အိမ်နီးချင်းတွေဆိုတာလည်း လူတွေကသာ မွဲနေကြပေမယ့် မရိုင်းကြပါဘူး။

တတ်နိုင်တဲ့ ထောင့်က ကူညီကြလို့ ဆေးရုံကို ချောချောမောမော ရောက်သွားကြတယ်။ ခက်တာက ဆေးရုံဆိုတာ တင်ထားရုံနဲ့ ပြီးသွားတဲ့ ကိစ္စမဟုတ်ဘူးလေ။

လိုအပ်တဲ့ ဆေးလေး ဘာလေး ဝယ်ပေးဦးမှ၊ ကိုဘမောင်တို့လင်မယား နှစ်ယောက် ပေါင်းလို့မှ လက်ထဲမှာ ငွေတစ်ထောင် မပြည့်ချင်ဘူး။ ရှိတာလေးပေါင်နှံ့ရအောင်လည်း အိမ်မှာက အပေါင်ဆိုင် လက်ခံနိုင်လောက်တဲ့ ပစ္စည်းဆိုလို့ ဘာတစ်ခုမှ ရှိတာမဟုတ်ဘူး။ ဒီကြားထဲ မိသားစု စားဖို့သောက်ဖို့က ရှိသေးတယ်။

သူတို့လင်မယား တစ်လုတ်တစ်ဆုပ်နဲ့ ရောင့်ရဲနိုင်ပေမယ့် သမီးနှစ်ယောက်က ရှိသေးတယ်ဆိုတော့ ကိုဘမောင် သူ့သားနားမှာ ကြာကြာမနေနိုင်ခဲ့ဘူး၊ ငွေရှာဖို့ သွားရပြန်တယ်။

ကိုဘမောင် အလုပ်လုပ်မယ့် သစ်စက်ရောက်တော့ နေက အတော်စောင်းနေပြီ။

"ဟေ့ ဘမောင် အလုပ်ဆင်းဖို့ လာတာ နောက်ကျပါလားကွ"

"ဟုတ်တယ်. . အစ်ကိုကြီးရေ အိမ်ကသားအငယ်ကောင်နေမကောင်း ဖြစ်နေတာနဲ့ နောက်ကျသွားတယ်"

"သြော်၊ အေးအေး ဝိုင်းဆရာဆီမှာခွဲရမယ့် သစ်စာရင်းတွေရှိတယ်၊ မနက်လာယူကြမှာ၊ အဆင်ပြေအောင် ကြည့်ခွဲပြီး သူ့အပုံနဲ့သူစီထားလိုက်ကွာ"

ကိုဘမောင်ခွဲရမယ့် သစ်စာရင်းတွေကြည့်လိုက်တော့ ဘာမှများများစားစား ရှိတာမဟုတ်ဘူးဆိုတော့ သူ့လုပ်အားခရလည်း ခပ်ပါးပါးပဲ။ သူ့သားအတွက် လိုအပ်တဲ့ဆေးဖိုးနဲ့၊ ဆေးရုံက မဆင်းခင် မိသားစုဝါးခအတွက် လက်ထဲငွေလေးတော့ စိုစိုပိုပိုလေးရှိနေမှကို အဆင်ပြေမှာ။

"ကိုဘမောင် ငွေလေးနည်းနည်းပါးပါးရှာပြီး အမြန်ပြန်ခဲ့နော်၊ တော်ပြန်လာမှ လိုအပ်တာတွေဝယ်ရခြမ်းရမှာ" လို့ ညှိုးငယ်တဲ့ လေသံနဲ့ မှာလိုက်တဲ့ မအေးစိန်ရဲ့မျက်နှာကို သစ်ခွဲနေရင်းက မြင်ယောင်နေမိတယ်။

ပြီးတော့ အရွယ်နဲ့မမျှအောင် ဝေဒနာခံစားနေရှာတဲ့ သားငယ်ရွှေသီးရဲ့ မျက်နှာကို မြင်ယောင်မိပြန်တော့လည်း သောကအပူတွေက ကိုဘမောင်ရင်ထဲမှာ အငွေ့တထောင်းထောင်းနဲ့ လျှံတက်လာခဲ့တယ်။

ကိုဘမောင် သစ်ခွဲသားတွေ ခွဲလိုက်၊ ပုံလိုက် လုပ်နေရပေမယ့် သူ့စိတ်အစဉ်က လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်စုစာနီးပါးအချိန်က ဖတ်ဖူးခဲ့တဲ့ စာအုပ်တစ်အုပ်က စာသားတချို့ကို အမှတ်ရနေမိပြန်တယ်။ သူ့မှတ်ဉာဏ်နုံ့နဲ့မှုကြောင့် စာရေးဆရာ ဘယ်သူဘယ်ဝါဆိုတာကို မမှတ်မိတော့ပေမယ့် ဒီစာပိုဒ်လေးကိုတော့ မှတ်မှတ်ထင်ထင် ရှိနေခဲ့တယ်။

ရေငန်မှာနေတဲ့ ငါးတန်တွေဟာ သူတို့သားပေါက်မယ့် ရာသီချိန်ဆို ရေချိုမှာ လာပေါက်တတ်ကြတယ်တဲ့။ ဒီလို ရေငန်ကနေ ရေချိုကို လာတဲ့ ခရီးလမ်းတစ်လျှောက်မှာ ငါးတန်အထီးကြီး သုံးလေးကောင်က ရှေ့ကဦးဆောင်ပြီး အန္တရာယ် ရှိ၊ မရှိကို စနည်းနာရင်း အန္တရာယ် အငွေ့အသက် တစ်စုံတစ်ရာ တွေ့တာနဲ့ ရှေ့ဆက် မသွားသေးဘဲ ဘေးလွတ်ရာမှာ တစ်အောင့်တစ်နား ခိုနားနေကြပြန်တယ်။ ရေမုဆိုးတံငါနဲ့ တခြားအန္တရာယ် ရှင်းပြီဆိုရင် ငါးတန်အမတွေ အန္တရာယ်ကင်းကင်း အစာရေစာ ပေါပေါများများနဲ့ သားပေါက်နိုင်မယ့် နေရာအထိ ခရီးဆက်ကြရတယ်။ သူတို့စိတ်ကြိုက်နေရာရောက်လို့ ငါးတန် အမတွေ သားပေါက်ပြန်တော့လည်း သူတို့ခမျာ အေးအေးနေရရှာတာ မဟုတ်သေးဘူး။ငါးတန်သားပေါက်လေးတွေစားဖို့ အစာထွက်ရှာရတယ်။

ဒီလို ရှာတဲ့နေရာမှာ လူသူနီးတဲ့ နေရာတွေအထိ သူတို့ခမျာ စွန့်စွန့်စားစားရှာကြရတယ်။ ငါးတန်အမတွေကိုတော့ သားပေါက်လေးတွေနဲ့ ရင်အုပ်မကွာနေစေတယ်။ ငါးတန်အမတွေက နောက်သားပေါက်ရဦးမယ့် တာဝန်ရှိသေးတာကိုး။

သူတို့ရဲ့အစာကလည်း အပုပ်အစပ်တွေပါပဲ။ ငါးတန်အထီးတွေက

www.burmeseclassic.com

တွေ့ပြီဆိုတာနဲ့ သူတို့ကိုယ်တိုင် ...တ်သေးဘဲ သူတို့ကိုယ်နဲ့အစာကို ...တော့ သားသမီးတွေဆီ ပြန်ခဲ့ ... ငါးသားပေါက်လေးတွေက ...န်အထီးကြီးကိုယ်မှာ ကပ်နေတဲ့ ...တွေကို တွတ်တွတ်ပြီး စားကြ ...

တုန်သွားတာနဲ့ နောက်တစ် ... ထွက်ရှာကြပြန်တယ်။ ဒီလိုနည်း ...သားပေါက်လေးတွေ ရေငန်ကို ...လောက်တဲ့ ကြီးထွားမှု မရှိသေး ...ငါးတန်အထီးကြီးတွေကပဲ အစာ ...ရတယ်။

သားပေါက်တွေ အရွယ်ကြီးလာ ... အစာကလည်း ပိုလိုအပ်လာတာ ...တော့ ငါးတန်အထီးကြီးတွေ ခမျာ ...ဖို့ အချိန်ကို မရှိကြရှာဘူး။

ပြီးတော့ အတော်အတန် ကြီး ...ဖြစ်တဲ့ ငါးတန်သားပေါက်လေး ... ငါးတန်အထီးကြီးကိုယ်ပေါ်က ...တို့ တွတ်ကြရင်း ငါးတန်အထီး ...အရေပြားကိုတွတ်မိကြလို့ဒဏ်ရာ ...ရ ဖြစ်တာတွေလည်း ရှိတယ်။

ဒဏ်ရာရှိနေပေမယ့်လည်း ငါး ...အထီးကြီးတွေဟာ အစာရှာ မပျက် ... ဒါနဲ့ ငါးတန်အထီးကြီးကိုယ်က ...တို ရေပိုးရေမွှားတွေ တက်ကုန် ...တယ်။ ဒီရေပိုးရေမွှားတွေကို ငါး ...ပေါက်လေးတွေက အစာနဲ့ရော ...ကြရင်း ဒဏ်ရာဟာ ကြီးသထက် ...ပြီး အရိုးပေါ် အရေတွေ ပြုတ် ...ရာက နောက်ဆုံး ဒီဒဏ်ရာ ...သေပွဲဝင်ကြရှာတယ်။

ဒီလိုနည်းနဲ့ သေပွဲဝင်ကြရှာတဲ့ ...န်အထီးကြီးတွေ အရေအတွက် ...ရာဝတီ မြစ်ကြမ်းပြင်နဲ့ အပြည့် ...သောက်ရှိတယ်လို့ ကိုဘမောင် ...မှတ်သားဖူးတာကို သစ်ခွဲနေရင်း ...ပြန်အမှတ်ရနေမိတယ်။

အသိဉာဏ်နည်းတယ်လို့ သတ် ...တဲ့ အဟိတ်တိရစ္ဆာန် ဖခင်တွေ ... တိုယ့်ရင်ကဖြစ်တဲ့ သားသမီးတွေ ရှင်သန်ရပ်တည်နိုင်ဖို့ အသက်စတေးဖို့ ဝန်မလေးကြဘူးဆိုရင်. . .

ကိုဘမောင် ဆေးဝါး ပြည့်ပြည့်စုံစုံ မဝယ်ပေးနိုင်သေးလို့ ဝေဒနာကို အရွယ်နဲ့မမျှ ခံစားနေရရှာတဲ့ သားငယ်ရွှေသီးရဲ့ နွမ်းဖတ်ဖတ်မျက်နှာလေးကို တဖျပ်ဖျပ် မြင်နေမိတယ်။

ပြီးတော့ အင်ဂျင်အားနဲ့လည် ပတ်နေတဲ့ သစ်ခွဲလွှဝိုင်းကို ခပ်ရွှံ့ရွံ့ တစ်ချက်ကြည့်ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်တော့တယ်။

"ဝေါ. . ဝရော. . ဒုတ် အား"

ကိုဘမောင် အော်ဟစ်သံနဲ့ ညည်းသံက သစ်ခွဲစက်အသံကို ကျော်ပြီး ကျယ်ကျယ်လောင်လောင် ဟိန်းထွက်လာတယ်။

"ဟာ. . . ဟင် ကိုဘမောင် လွှခုတ်မိသွားပြီ၊ စက်ခဏ ရပ်လိုက်ပါဟေ့"

အချိန်က နေဝင်ချိန်ဆိုပေမယ့် ကိုဘမောင်လက်က သွေးတွေက သစ်ခွဲစက်ခုံပေါ်မှာ မြင်မကောင်းအောင် အိုင်ထွန်းနေတယ်။

"ဟေ့. . စံညွန့် ကိုဒေါင်ထဲက ကား အမြန်ထုတ်ဟေ့၊ ဘမောင်ကို ဆေးရုံအမြန်ပို့မှ ကောင်းမယ်"

သစ်ခွဲစက် ပိုင်ရှင် ဦးအောင်ဘော်ကိုယ်တိုင် သူ့ကားနဲ့ ဆေးရုံကို အမြန်ခေါ်သွားပြီး လိုအပ်တာတွေ လိုလေသေးမရှိ စီစဉ်ပေးရှာတယ်။

အလုပ်ကြိုးစားပြီး ငွေမရှိပေမယ့် ရိုးသားတဲ့ ကိုဘမောင်ကို နဂိုကတည်းကလည်း ခင်မင်ရင်းစွဲရှိနေတာကိုး။

ကိုဘမောင်ကတော့ သူ့လက်မနဲ့လက်ညှိုး အရင်းက တုံးတိပြတ်သွားတာကို ဝမ်းနည်းမနေသလိုသူကိုယ်တိုင်စဉ်းစားပြီးမှလုပ်လိုက်တဲ့ ဆုံးဖြတ်ချက်အတွက်လည်း ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူးလေ။

သူ ကခုလိုဖြစ်အောင် ဖန်တီးလိုက်တဲ့အတွက် သစ်စက်ပိုင်ရှင်ကြီး ဦးအောင်ဘော်ပေးတဲ့ ကရုဏာကြေးဆိုလည်းဟုတ်၊ ရိုင်းပင်းကြေးဆိုလည်း မှန်တဲ့ နှစ်လက်မလောက်ထူတဲ့ ငွေစက္ကူ တစ်ထပ်ဟာ သူ့သားလေးအသက်ကို ကယ်တင်ပေးတဲ့ ဆေးဖိုးလုံလောက်တဲ့ အပြင် သူ့လက်က ဒဏ်ရာပျောက်တဲ့ အထိလည်း အေးအေးလူလူ နေနိုင်စားနိုင်စေခဲ့တာကိုး။

တစ်ခါတလေတော့လည်း သူ့လုပ်ရပ်ကို မသိရှာဘဲ စိတ်ရင်းအမှန်နဲ့ ကူညီခဲ့တဲ့ ဦးအောင်ဘော်ကိုတော့ ကိုဘမောင် အားတုံ့အားနာတော့ ဖြစ်မိတာပေါ့လေ။

ရေမှာနေတဲ့ ငါးတန်အထီးကြီးတွေကတော့ သူတို့သားသမီးလေးတွေ အသက်ရှင်ကြီးထွားရပ်တည်နိုင်ဖို့ အပုပ်အစပ် အရိအခွဲတွေကို ကိုယ်နဲ့ လူးရှာကျွေးရင်း သူတို့ရဲ့အသက်နဲ့ အသွေးအသားကို ရေမှုဆိုးတွေလက်ထဲမှာဖြစ်ဖြစ်၊ မြစ်ကြမ်းပြင်မှာဖြစ်ဖြစ် စတေးခဲ့ကြတယ်။

ကုန်းပေါ်မှာနေတဲ့ ငါးတန်အထီးကြီး ကိုဘမောင်ကတော့ ဥမမည် စာမမြောက်တဲ့ အရွယ်သာရှိသေးတဲ့ သူ့သားလေးအတွက် အခုကတည်းက လက်ချောင်းကလေး နှစ်ချောင်းတော့ စပြီး ပေးဆပ်လိုက်ပြီ။ သူတို့လေးတွေ အပြောကျယ်တဲ့ ဘဝပင်လယ်ကြီးကို ကူးခတ်နိုင်ဖို့ လုံလောက်တဲ့ကြီးထွားမှု ရချိန်ထိဆို ဘာတွေထပ်ပြီး ပေးဆပ်ရဦးမယ် ဆိုတာကို ကိုဘမောင် အမြဲတမ်း ခေါင်းထဲထည့်ထားတတ်တယ်။

သူ့အနေနဲ့လည်း သူ့ရင်က ဖြစ်တဲ့သားသမီးတွေအတွက် ပေးဆပ်ဖို့ အသင့်လည်း ရှိနေတတ်တာကိုး။


**❒ မြောင်းမြမြင့်လှိုင်ရည်ညွန်း**

ဟိုတစ်ချိန်တစ်ခါက ကျွန်တော်တို့ သောက်ရေအမြဲတမ်းခေါ်ထည့်နေတဲ့ လှည်းဆရာ ကိုဘမောင်ရဲ့ ဖခင်မေတ္တာ ကြီးမားပုံကို သူ့ခွင့်ပြုချက်နဲ့ ရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာဦး

၊ဧေယျာမြဲ၊

"ကိုအောင် နေ့ခင်းလောက်ဆို ပြန်လာခဲ့တော့နော်၊ ဒီအတိုင်းပြန်ဖို့ အဆင်မပြေရင် ခွင့်နေ့တစ်ဝက်တင်ပြီး ပြန်ခဲ့"

"ဘာဖြစ်လို့တုံး၊ နေ့ခင်း ဘာလို့ ပြန်ရမှာတုံး"

"ဟာ. . . ပြောထားတာ ဘယ်လောက်ကြာပြီတုံး၊ မနက်ဖြန်ဆို အဖေဆုံးသွားတာ တစ်နှစ်ပြည့်ပြီလေ၊ အဲဒါ အမေက ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်မလို့တဲ့၊ သားသမီးတွေကိုလည်း အမေက စုံစုံလင်လင် ရှိစေချင်တယ်တဲ့လေ၊ ပဲခူးနဲ့ရန်ကုန် ဘယ်လောက်မှ ဝေးတာလဲမဟုတ်ဘဲနဲ့ အမေ့အိမ်မရောက်တာ ဘယ်လောက်ကြာပြီလဲ၊ အခုအဖေ့အတွက် ရည်မှန်းပြီး အလှူလဲရှိတယ်၊ စနေ တနင်္ဂနွေပိတ်ရက်နဲ့လဲ တိုက်ဆိုင်တယ်၊ နေ့ခင်း ကိုအောင်ပြန်လာတာနဲ့ သွားကြမယ်လေ၊ နှယ်ဦး အားလုံးအဆင်သင့်လုပ်ထားလိုက်မယ်၊ အမေက သူ့မြေးတွေ မတွေ့ရတာကြာလို့ လွမ်းနေရှာတာ"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ မင်းပြောပေမယ့် သိမ်ရတော့ဘူး၊ အလုပ်တွေမအားလိုက်တာကလည်း ယားလို့တောင် အကုတ်နိုင်တဲ့အထိပဲ၊ စနေ တနင်္ဂနွေ ပိတ်ရက်သာပြောတယ်၊ ဘယ်တုန်းကများ အေးအေးဆေးဆေး နားရလို့လဲ၊ ဟိုအလုပ်ပေါ် ဒီအလုပ်ပေါ်နဲ့. . ."

"အို ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ပြန်ဖြစ်အောင် ပြန်ကြရအောင်နော်၊ အမေ့ကိုလည်း တွေ့ချင်တယ်၊ နှယ်ဦးမှာ အိမ်ထောင်ကျပြီးကတည်းက ဒီနေ့အထိ ဒီလင် ဒီသား ဒီသမီးတွေအတွက် ထိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးနေတာနဲ့ပဲ အချိန်ကုန်ရော၊ ကိုယ့်အမေသတိရလို့ သွားတွေ့ချင်တာတောင် မတွေ့နိုင်ဘူး၊ နောက်ဆုံး မနေနိုင်ရင် အမေကပဲ ပြေးပြေးလာရရှာတာ"

"ဟ. . . အိမ်ထောင်သည်ကွ၊ လွတ်လွတ်လပ်လပ်နေချင်သွားချင်လာချင် ဘာလို့လင်ယူတုံး၊ အိမ်ထောင်သည်ဖြစ်မှတော့ အိမ်ထောင့်တာဝန်ထမ်းချင်လို့ရမလား၊ တခြားမိန်းမတွေဆို အိမ်ထောင့်တာဝန်ကတစ်ဖက်၊ ငွေရှာရတာတစ်ဖက်၊ အဲဒီလိုမလုပ်ရတာဘဲ ကျေးဇူးတင်"

"အောင်မယ် . . . နှယ်ဦးလည်း အရင်တုန်းက အလုပ်လုပ်တာပါပဲ၊ ကလေးတစ်ဖက်နဲ့ အခက်အခဲတွေလာတော့ ကိုအောင်ပဲအလုပ်ထွက်ဆို၊ နှယ်ဦးဖြင့် ကိုယ့်အလုပ်လေးကို နှမြောလိုက်တာ၊ အိမ်ထောင်တာဝန်ထမ်းရလို့ ပြောနေတာ မဟုတ်ပါဘူး၊ အခုလို အကြောင်းတိုက်ဆိုင်နေတဲ့အခါမျိုးတော့ သွားသင့်တယ်မဟုတ်လား ကိုအောင်ရဲ့၊ တစ်ည နှစ်ည အိပ်ရုံလေးကို"

"အေးပါကွာ ကဲ ကြည့်လုပ်တာပေါ့၊ ညွှန်ချုပ်က ငါ့အဖေမဟုတ်တော့ သေချာပေါက်မပြောနိုင်တာ အမှန်ပဲပေါ့၊ ကဲပေါ့ကွာ၊ မင်းသွားဖို့ ကံရှိရင် သွားရမှာပေါ့"

စကားအဆုံး စားပွဲပေါ်မှ အိတ်ကို ကောက်ဆွဲကာ ခင်ပွန်းဖြစ်သူ ကိုအောင်လွင် အိမ်ပေါ်မှ ခပ်သွက်သွက်လေး ဆင်းသွား၏။ ကျွန်မ တစ်ယောက်တည်း ကျန်ခဲ့တော့မှ စားပွဲပေါ်မှ ထမင်းပန်းကန်၊ ကော်ဖီပန်းကန်တို့ကို ဆေးကြောရန် စုသိမ်းရ၏။ ပန်းကန်ဆေးသည့် နေရာတွင်လည်း စာကြွင်းစားကျန်များနှင့် ပန်းကန်ခွက်ယောက်တို့က အထပ်လိုက်။ သားနှင့်သမီး ကျောင်းမသွားခင် စားသွားကြသော ထမင်းပန်းကန်၊ မုန့်ပန်းကန်များဖြစ်သည်။ အပြင်အစားအစာတွေ မစားစေချင်သည့်အတွက် အပင်ပန်းခံ ချက်ပြုတ်စီမံကာ ဗိုက်ပြည့်အောင် ကျွေးလွှတ်လိုက်ရခြင်း ဖြစ်ပါ၏။

အားလုံး ဆေးကြောပြီးသည့်နောက် နားရင်း သားအဖတွေစား၍ ကျန်နေသေးသော ထမင်းကြော်ကို ကော်ဖီနှင့် မျှောချလိုက်ရသည်။ စားလို့သာ စားလိုက်ရသော်လည်း ခံတွင်းကမတွေ့လှ။ ခံတွင်းတွေ့စေနိုင်မည့် စားသောက်ဖွယ်ရာတို့ကိုလည်း အချိန်ကုန်ခံ၍ ရေးကြီးခွင့်ကျယ် လုပ်မနေနိုင်။ ကိုယ့်အတွက်တော့ ဗိုက်ဝလျှင်ပြီးရော၊ ဖြစ်သလို စားလိုက်သည်က အကျင့်တစ်ခုလို ဖြစ်နေလေပြီ။

ကြာကြာထိုင်နားနေလို့လည်း မဖြစ်။ လုပ်ရမည့်အလုပ်တို့က တန်းစီနေသည်။ သားအဖသုံးယောက် ချွတ်ထားခဲ့သော အဝတ်ဟောင်းတို့က တောင်တစ်ထည် မြောက်တစ်ထည်။ ကလေးနှစ်ယောက်ဆော့ထားကြသည့် အရုပ်များကလည်း အိမ်ရှေ့ခန်းတွင် ခြေထောက်ချစရာမရှိသလောက်ပင်။ ဒီကြားထဲ ကိုအောင်လွင်ဖတ်ထားသော သတင်းစာနှင့် စာစောင်များက ကြမ်းပြင်ပေါ် ပြန့်ကျဲနေသည်။ ဖတ်ပြီး စားပွဲပေါ် စနစ်တကျပြန်ထားရန် ကြိမ်ဖန်များစွာ ပြောထားသော်လည်း ပြောသူသာ အမောအဖတ်တင်သည်။ အကျင့်ကတော့ လုံးဝမပျောက်။ နောက်ပိုင်းလေကုန်ခံပြီးပြောမနေဖြစ်တော့။ လုပ်စရာရှိသမျှတို့ကို တစ်ခုချင်းတန်းစီပြီး လုပ်ကိုင်လိုက်ရ၏။ ဒါကလည်း တစ်နေ့မဟုတ်၊ တစ်လမဟုတ်၊ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေရသော တာဝန်ဝတ္တရားများပင်။

ပြောရလျှင် လက်ရှိ အနေအထားတို့က ကျွန်မမျှော်လင့်တောင့်တခဲ့ဖူးသော ဘဝအနေအထားမျိုးမဟုတ်သည်မှာ အမှန်ပင်။ ငယ်စဉ်က ကျွန်မဖြစ်လိုသည့်ဆန္ဒမှာ ကိုယ့်ပညာအရည်အချင်းတို့ဖြင့် အဆင့်မြင့် ရာထူးရာခံတစ်ခုရသည်အထိ ကြိုးစားတက်လှမ်းကာ ဘဝကို အပူအပင်ကင်းမဲ့စွာဖြင့် လျှောက်လှမ်းလိုခြင်း ဖြစ်၏။

ထို့အတွက်လည်း ဘွဲ့ရပြီးသည်နှင့် ဌာနတစ်ခုတွင် အလုပ်ဝင်ခဲ့သည်။ ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ရိုးသားကြိုးစားစွာလုပ်ရင်း အချိန်တိုအတွင်းမှာ သင့်တင့်သော ရာထူးတစ်နေရာရခဲ့၏။ လုပ်ပိုင်ခွင့်လည်း အတော်အတန်ရလာသည်ဟု ဆိုရမည်ပင်။ ရန်ကုန်ရုံးချုပ်မှ ဌာနဆိုင်ရာ အရာရှိအရာခံများ လုပ်ငန်းနှင့်ပတ်သက်၍ ကျွန်မတို့ ပဲခူးရုံးသို့ လာရောက်ဆွေးနွေးကြတိုင်း ကျွန်မ ဒိုင်ခံ ဖြေရှင်းပေးရ၏။ အရာရှိပေါက်စ ကိုအောင်လွင်နှင့် ပဲခူးသူကျွန်မတို့ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ငြိတွယ်လာ၏။ ပွင့်ပွင့်လင်းလင်း လက်ထပ်ခွင့် တောင်းဆိုလာသည့်အခါမှာလည်း ကျွန်မငြင်းဆန်ခြင်း အလျှင်းမရှိသည့်အပြင် လက်ထပ်ပြီးသည်နှင့် မိဘနှစ်ပါးကို ကျောခိုင်းကာ ခင်ပွန်းဖြစ်သူနောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့၏။

ဌာနဆိုင်ရာလူကြီးများ ကူညီစောင့်ရှောက်မှုဖြင့် ကျွန်မလည်း ရန်ကုန်ရုံးချုပ်တွင် ပြောင်းရွှေ့အမှုထမ်းခွင့်ရသည်။ မထင်မှတ်ဘဲ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရသော်လည်း ကိုယ့်ရည်ရွယ်ချက်မပျောက်ဖို့အတွက်တော့ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားခဲ့၏။ ကိုအောင်လွင်က တစ်ဦးတည်းသောသား။ မိခင်မုဆိုးမကြီးကို လုပ်ကိုင်ကျွေးမွေးသူ။

www.burmeseclassic.com

ကံကောင်းသည်ဟု ဆိုရမည်လားတော့ မသိ။ ကိုအောင်လွင် မိခင်ကြီးက ချက်ရေး ပြုတ်ရေး အိမ်မှုကိစ္စအဝဝ စိတ်တိုင်းကျစီမံလုပ်ကိုင်နေရသည့်အတွက် ရုံးဝန်ထမ်းအလုပ်ကို ကျွန်မ နောက်ဆံတင်းစရာမလိုဘဲ လုပ်ခွင့်ရ၏။

သားဦးလေး မွေးပြီးသည့်နောက်လည်း ယောက္ခမကြီးက တာဝန်ယူကြည့်ရှုပေးခြင်းကြောင့် ခွင့်စေ့သည်နှင့် အလုပ်ပြန်ဝင်နိုင်သည်။

သို့သော်လည်း ကံတရားဆိုသည်က အစဉ်အမြဲ အကောင်းချည်းဖြစ်နေသည် မဟုတ်။ မည်သူမဆို ဘဝခရီးလမ်းကို အခက်အခဲမရှိ ဖြောင့်ဖြူးသာယာစွာ လျှောက်လှမ်းလိုကြသော်လည်း မျှော်လင့်သလို ဖြစ်လာမည်ဟု တပ်အပ်သေချာ မပြောနိုင်။

သမီးငယ်လေးမွေးပြီး သုံးလကျော်လောက်အရောက် ကိုအောင်လွင့် မိခင်ကြီး ကွယ်လွန်သွားသည့်အတွက် ကလေးနှစ်ယောက်တာဝန်၊ အိမ်တာဟီရကိစ္စအဝဝတို့က ကျွန်မတာဝန် ဖြစ်လာရတော့၏။ အိမ်အကူ ခေါ်ထားဖို့ဆိုသည်ကလည်း အဖက်ဖက်က အဆင်မပြေ။ ကျွန်မသာ ခွင့်တစ်လမှ နှစ်လ၊ နှစ်လမှသုံးလယူရင်း နောက်ဆုံး ယတိပြတ်ဆုံးဖြတ်ကာ အလုပ်မှထွက်လိုက်ရတော့၏။

နှစ်ယောက် ဝင်ငွေရှိစဉ်က ချောင်လည်သလို ရှိသော်လည်း ကိုအောင်လွင့်ဝင်ငွေ တစ်ခုတည်းနှင့် မိသားစုလေးယောက်စာစီမံရပြီဆိုသည့်အခါမှာတော့ အဆင်မပြေမှုလေးတွေ မကြာခဏ ကြုံတွေ့လာရ၏။ ကိုယ့်ဝင်ငွေနှင့်ကိုယ်ရှိစဉ်က အစုလိုက်အပုံလိုက် မဟုတ်သော်လည်း မကြာခဏဆိုသလို တတ်နိုင်သလောက်တော့ မိဘများကို ကန်တော့နိုင်သေး၏။ ယခုဆိုလျှင် မိဘများကို ထောက်ပံ့နိုင်ဖို့ဝေးလို့ ကိုယ့်မိသားစု အဆင်ပြေအောင် မနည်းလုံးပန်းနေရသည့် အဖြစ်ဟုတောင် ဆိုရပေမည်။

မထောက်ပံ့နိုင်ရုံသာမက ရန်ကုန်နှင့်ပဲခူး မဝေးလှသောခရီးဖြစ်ပါလျက် အဖေဆုံးလို့ တစ်ခေါက်ပြန်သည်ကလွဲပြီး အမေ့အိမ်မရောက်ဖြစ်တော့သည်မှာ အတော်ကြာနေလေပြီ။

ကျောင်းဆရာမ လုပ်နေသည့် အစ်မအပျိုကြီး မသွယ်သွယ်ဦးရှိနေ၍သာ တော်ပေတော့သည်။ ကျွန်မမှာတော့ ယောကျ်ားနှင့် သားသမီး နှစ်ယောက်တို့အတွက် လုပ်ကိုင်ဖြည့်ဆည်းပေးရင်းနှင့်ပင် အချိန်တွေ တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် ကုန်နေရသည့် အဖြစ်။

မိသားစု တာဝန်ဝတ္တရားများနှင့် မအားလပ်ရအောင် ရှိနေသည့်ကြားက မကြာခဏဆိုသလို မိဘရင်ခွင် ခိုလှုံခဲ့ရစဉ်က ဘဝလေးကို အောက်မေ့တမ်းတ အမှတ်ရမိသည်မှာ အမှန်ပင်။ ပြောရလျှင်တော့ မောင်နှမ လေးယောက်ရှိသည့်အနက် ကျွန်မက အားလုံးထက် အခွင့်ထူးခံလူတန်းစား။ အငယ်ဆုံးသမီးထွေးလေးလည်း ဖြစ်သည့် အတွက် အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ပေးကြသည်။ ကိုယ်ကိုယ်တိုင် မိဘနေရာ ရောက်လာရ၍လည်း သားသမီးများအပေါ် ထားရှိကြသည့် မိဘတို့၏ မေတ္တာစေတနာကို ကျွန်မပို၍ ပို၍ ခံစားနားလည်လာရ၏။ ခံစားနားလည်လာ၍လည်း မိဘကျေးဇူးကို ဆပ်လိုသောဆန္ဒ တစ်စထက်တစ်စ ပြင်းပြလာခြင်း ဖြစ်လေသည်။

သို့သော် ဆန္ဒသာရှိ၏။ လက်ရှိအခြေအနေအရ ဘယ်လိုနည်းနှင့်မှ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဦးမည်မဟုတ်သည်မှာအမှန်ပင်။

"အောင်မယ်လေးတော် ပစ္စည်းတွေတောင် အဆင်သင့်ဖြစ်နေပြီ၊ အမေ့အိမ် သိပ်မပြန်ချင်ရှာဘူး ထင်ပါရဲ့ ငါ့ညီမကတော့"

"ဟော မလှသန်း၊ လာ ကျွန်မ မနက်ကတည်းကမျှော်နေတာ၊ အမေ့အိမ်မပြန်ရတာ ကြာလှပြီလေအစ်မရဲ့၊ စိစဉ်လိုက် အကြောင်းအမျိုးမျိုးနဲ့ ... သွားလိုက်ဖြစ်နေတာ ဒီတစ်ခါ... မဖြစ်မနေ ပြန်မယ်ပြောထားရတာ... ကလေးတွေကျောင်းဆင်းလာရင် ... ကို ပြင်ဆင်ပေးထားပြီး ကိုအောင်... ပြန်ရောက်တာနဲ့သွားကြမှာ၊ အဆ... သင့်လုပ်ထားမှ"

"ကောင်းပါတယ်တော်၊ တော်... ပ၊ အစ်မလည်း ခပ်စောစောလေး ... ပေးမလို့ပါပဲ၊ ပိုက်ဆံက အားလုံး... အထိ စောင့်ယူရသေးတယ်လေ၊ ဒီ... နွယ်ဦးကလည်းလိုချင်၊ ကေသီကလည်း လိုချင်နေတာ၊ ဘုရားဖူးသွားမလို့တဲ့... မချောက၊ အစ်မ စဉ်းစားကြည့်တယ်... လိုကြတာချင်းအတူတူ နွယ်ဦးက အ... အတွက် လုပ်မယ့်အလှူမှာ ထည့်ဖို့... တော့ ဦးစားပေးသင့်တယ်ဆိုပြီး မနည်း... တောင်းတောင်းပန်ပန် ပြောလာရတယ်"

"ကျေးဇူးပါပဲအစ်မရယ်၊ အမေ့... အတွက်ရည်စူးပြီး လုပ်မယ့်အလှူမှာ ... ကျွန်မလည်း တတ်နိုင်သလောက်ထည့်... ချင်နေတာ၊ မလှသန်းသိတဲ့အတိုင်း ကို... ကိုအောင်လွင့်လစာက မနည်းလှပေမယ့်... မိသားစုစားစရိတ်၊ ကလေးတွေကျောင်း... စရိတ်၊ တခြားဟာဟီရ အသုံးစရိတ်နဲ့... ပိုဖို့ဝေးလို့ အလျဉ်မီအောင် မနည်းကြိုး... စား သုံးနေရတယ်၊ အခုလို လှူဖို့တန်း... အတွက် အသုံးစရိတ်ထဲက ယူသုံးဖို့... မလွယ်ဘူးလေ၊ တော်သေးတာပေါ့ မုန့်... ဖိုး ပဲဖိုးထဲကဖဲ့ပြီး တစ်နေ့တစ်ထောင် စုထားပေလို့"

ဝန်ထမ်းဘဝဆိုသည်က တစ်... ကိုယ်ရေတစ်ကာယဆိုလျှင် သိပ်ကိစ္စ... ရှိ၊ မိသားစုနှင့်ဖြစ်ပြီး လစာတစ်ခုသာ အားကိုးနေရလျှင်တော့ လောက်ငနိုင်... ရန် အတော်ခက်၏။ အစစအရာရာ ခြိ... ခြိချွေတာ၍သာ ကြွေးမြီကင်းကင်းနေ... နိုင်ခြင်း ဖြစ်သည်။

အိမ်ထောင်မကျခင် မိဘနှင့်နေ... စဉ်ကလည်း ချို့ချို့တဲ့တဲ့ဘဝမျိုးမဟုတ်... ခဲ့။ အများထက်မသာလျှင်တောင် တန်း... တူလောက်တော့ သုံးနိုင်စွဲနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ကျပြီး ကိုယ့်အလုပ် ...ကိုယ် ဝင်ငွေမှန်မှန်ရှိစဉ်ကလည်း ...နောက်ချင့်ချိန်၍ သုံးနေစရာမလို၊ ...ဆန္ဒရှိသလိုတော့ သုံးစွဲနိုင်ခဲ့၏။

ကလေး တစ်ယောက်က နှစ် ...ာက်ရပြီး အလုပ်ပါထွက်လိုက်ရ ...ည့်နောက် ယောကျ်ားနှင့်သားသမီး ...ယောက်အတွက်သာ အဓိကထားပြီး ...အတွက်တော့ အတတ်နိုင်ဆုံး ခြိုး ...တာ၍နေခဲ့၏။ အရေးပေါ်လိုအပ် ...လျှင် သုံးနိုင်ရန် အပိုသုံးမည့်အထဲ ... တစ်နေ့တစ်ထောင်နှုန်းဖြင့် စုကာ ...စ်ဖြင့် အလှည့်ကျယူဖို့ စီစဉ်ထား ...ည်။ ရပ်ကွက်ထဲမှ မိတ်ဆွေ ဆယ် ...ာက်စုခြင်းဖြစ်၍ ရမည့်ငွေက သုံး ...န်း ဖြစ်၏။ ကျွန်မကတော့ အဖေ့ ...တွက် အလှူလုပ်မည့် လ, ရောက်မှ ...န်စီစဉ်ထားခြင်း ဖြစ်သည်။

"ကိုယ့်မိသားစုလေးအတွက်က ...ကြီးသလိုမိဘတွေဆိုတာကလည်း ...ကျွာပြုထားလို့ မဖြစ်ဘူး၊ အသက် ...ဆင်ရှားရှိတုန်းမှာ တတ်နိုင်သလောက် ...ကြ၊ ပြုစုစောင့်ရှောက်ကြ၊ မောင် ...တစ်တွေ အဆင်ပြေတဲ့သူက ကျွေး ...ပြုစုနေတာနဲ့ ကိုယ့်တာဝန် မရှိဘူး ...ဆင်နဲ့၊ ကိုယ်ပြု ကိုယ့်ကုသိုလ်၊ ဒါ့ ...ပြင် မိဘတွေ ကွယ်လွန်သွားကြပြီ ...တော့လည်း သူတို့အတွက်ရည်စူးပြီး ...လှူအတန်းလေးတော့ တတ်နိုင် ...လောက်လုပ်ပေးကြ၊ ဒါမှ သားသမီး ...တာဝန် ကျေတန်သလောက်ကျေ ... ကျေးဇူးဆပ်ရာ ရောက်မှာ"

"အဲဒါပဲပေါ့ အစ်မရယ်၊ ငယ် ...န်းက ဒါတွေ နားမလည်ဘူး၊ ကိုယ် ...ယ်တိုင် မိဘနေရာရောက်မှ မိဘ ...တ္တာ မိဘကျေးဇူး ကောင်းကောင်း ... နားလည်မိတော့တယ်၊ ဒါပေမယ့် ...သည်ရှုံပါပဲ၊ အိမ်ထောင်သည်ဘဝ ...တော့ ကိုယ့်မိသားစုအရေး ရှေ့တန်း ...င်နေရတာနဲ့ ဆန္ဒရှိသလို ကိုယ့်မိဘ ...ကြည့်ပါဘူး၊ ဟော. . . ကလေး ... ကျောင်းကားတောင်ရောက်လာပြီ၊

ဟယ်. . . သမီးငယ်လေး ဘယ်လိုဖြစ်တာပါလိမ့် ဘုရား ဘုရား"

မလှသန်းနှင့် စကားစမြည်ပြော ဆိုနေစဉ်မှာပင် ကလေးတွေကျောင်း ကားပြန်ရောက်လာ၏။ ကားပေါ်မှ ဆင်းလာသော သမီးငယ်အဖြစ်ကြောင့် ကျွန်မထိုင်နေရာမှ အမြန်ထ၍ ကျောင်း ကားရှိရာ ခပ်သွက်သွက်လျှောက်ရင်း စိုးရိမ်ပူပန်စွာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပ့ါ နွယ်ဦးရေ၊ ကလေး ဘာဖြစ်လာတာလဲ မသိဘူးတော့"

ခါတိုင်းဆို ကျောင်းကားထိုးရပ် လိုက်ပြီဆိုသည်နှင့်တတိယတန်းကျောင်း သား မောင်ကောင်းထက်၊ ပထမတန်း ကျောင်းသူ မထက်ထက်အောင်တို့ မောင်နှမ ကားပေါ်မှ ခုန်ဆင်းချပြီး မိခင်ရှိရာ ကဆုန်ပေါက်၍ ပြေးလာနေ ကျဖြစ်၏။ ဤယနေ့တော့ မည်သို့ဖြစ် လာကြလေသည်မသိ။ မုန့်ဘူး၊ ရေဘူး တို့ထည့်ထားသော ခြင်းတောင်းနှစ်ခု စလုံးကို သားကြီးမောင်ကောင်းထက်က မနိုင်မနင်းသယ်မလာ၏။ သူ့နောက် တွင်တော့ သမီးငယ်ထက်ထက်အောင် ကို ဆရာမတစ်ယောက်က တွဲ၍ခေါ် လာလေသည်။ကလေးမျက်နှာကလည်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျမရှိ။

"သမီး သမီးလေး ဘာဖြစ်လာ တာလဲဟင်၊ ဆရာမ ကျွန်မသမီးလေး ဘာဖြစ်လို့လဲဟင်"

"ညီမလေး အန်လို့ မေမေ"

"ဟယ်"

"ဟုတ်တယ် ကျောင်းမှာထက် ထက်အောင် သုံးခါတောင် အန်တယ်၊ ဖျားလည်းဖျားတယ်၊ စောစောပိုင်းက တော့ အပူငွေ့နည်းနည်းရယ်၊ တဖြည်း ဖြည်းနဲ့ တရှိန်ရှိန်တက်လာလို့ ဆေးခန်း ပြပေးမလို့ စဉ်းစားကြသေးတယ်၊ ဒါပေ မယ့် မိဘတွေ အရင်အသိပေးပြီးမှ မိဘ တွေစိတ်တိုင်းကျ လုပ်တာကောင်းမယ် ထင်လို့ ကျွန်မပါ လိုက်လာတာပါ"

"သြော် ကျေးဇူးတင်လိုက်တာ ဆရာမရယ်၊ ထက်ထက် သမီး၊ မေမေ့

ဆီကို လာပါဦး၊ အခု ဘယ်လိုနေသေး လဲ သမီး၊ ဟယ် တော်တော်ပူနေပါလား မနက်တုန်းက အကောင်းကြီးဆရာမရဲ့၊ ဒါကြောင့်လဲ ကျောင်းတက်ခိုင်းတာပေါ့"

"ကလေးဆိုတာ မှန်းရခက်သား အစ်မကြီးရဲ့၊ နောက်ပြီး ဖျားရုံတင် မဟုတ်ဘူးနော်၊ သိပ်နားမလည်ပေမယ့် ဒီလက်တစ်ဖက်မှာ အစက်ကလေးတွေ့ လားလို့"

"ဟယ် ဟုတ်သားပဲ ဆရာမရဲ့၊ ဘာလေးတွေများပါလိမ့် ဘုရား ဘုရား"

"သွေးလွန်တုပ်ကွေးတို့ ဘာတို့ များလားဟယ်၊ နွယ်ဦး မပေါ့နဲ့နော်၊ ညီမ၊ ဆေးခန်းသွားပြလိုက်တာ ကောင်း လိမ့်ထင်တယ်"

"ဟုတ်တယ်အစ်မကြီး၊ ရိုးရိုးဖျား တာပဲဆိုပြီး အိမ်မှာရှိတဲ့ဆေးနဲ့ ကုနေမှာ စိုးလို့ ကျွန်မ ပြောဖို့လိုက်လာတာ၊ ဆေး ခန်းပဲ သွားလိုက်ပါ၊ ညနေပိုင်း စာသင် ချိန်တွေ ရှိနေသေးလို့ ကျွန်မ မလိုက် နိုင်တာတော့ ခွင့်လွှတ်ပါနော်"

"မဟုတ်တာဆရာမရယ်၊ မအား တဲ့ကြားက သမီးလေးကို အိမ်တိုင်ရာ ရောက် လိုက်ပို့ပေးတာကိုပဲ ကျေးဇူး တင်လှပါပြီ၊ သူတို့အဖေကို ဖုန်းဆက်ပြီး ပြန်ရောက်တာနဲ့ ဆေးခန်းသွားလိုက် ပါ့မယ်၊ ဆရာမ စိတ်ချလက်ချ သွား ပါရှင်"

ဆရာမလေး ပြန်သွားသည်နှင့် ကိုအောင်လွင့်ရုံးသို့ ဖုန်းဆက်လိုက်၏။ တော်တော်နှင့် အဆက်အသွယ် မရ၊ သုံးကြိမ် ကြိုးစားဆက်မှရတော့၏။

"ဟ. . . ဘာလဲကွ၊ ဒီမှာအလုပ် တွေ မပြတ်သေးဘူးလေ၊ မင်းအမေ အိမ်ပြန်ဖို့က အဲဒီလောက်တောင်အရေး ကြီးသလားကွ"

"ထင်ရာတွေ ပြောမနေနဲ့ ကို အောင်၊ အမေ့အိမ်ပြန်ဖို့ သတိပေးနေ တာမဟုတ်ဘူး၊ ရှင့်သမီး နေမကောင်း ဖြစ်နေလို့ အဲဒါ. . ."

"ဘာ. . . သမီး နေမကောင်း ဘူးဟုတ်လား၊ ဘာဖြစ်တာလဲသမီးက"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ပူနေတယ်၊ လက်မှာလည်း အစက်ကလေးတွေလိုပဲ၊ ဘာလဲတော့မသိသေးဘူး၊ ဆေးခန်းပြမှ သိရမှာ၊ အဲဒါကြောင့် ရှင့်ကိုလှမ်းခေါ်တာ"

"မင်း ဘယ်လိုမအေလဲ နွယ်ဦးရဲ့၊ ကလေးနေမကောင်းဖြစ်မယ့်အရိပ်အယောင်ပြရင် ကျောင်းမသွားခိုင်းဘဲနေပါလား၊ လေစိမ်းတိုက် ဘာတိုက်နဲ့ ပိုဆိုးတော့တာပေါ့၊ အခုသွားလိုက်လေ ဆေးခန်းကို၊ ငါ့ စောင့်မနေနဲ့၊ ထွက်ချင်တိုင်းထွက်လာလို့ မရဘူးကွ၊ ခဏနေ ဝန်ကြီးအစည်းအဝေးက တက်ရဦးမှာ၊ အချိန်ဆွဲမနေနဲ့ မင်းဘာသာသွားလိုက်"

ရုံးအလုပ်တွေ ဘယ်လောက်များ အရေးကြီးနေသည်တော့ မသိ၊ ကျွန်မ ဘာမှမပြောလိုက်နိုင်ခင် ဖုန်းချပစ်လိုက်၏။ အခြေအနေအရပ်ရပ်ကို သိနေပြီးဖြစ်သည့် မလှသန်းက. . .

"အမျိုးသား ပြန်မလာနိုင်ဘူးတဲ့လား၊ ကိစ္စမရှိဘူးလေ နွယ်ဦး၊ အစ်မ အဖော်လိုက်ပေးမယ်၊ အိမ်မှာလည်း အရေးတကြီးကိစ္စ ရှိတာမှမဟုတ်တာ အားမနာပါနဲ့၊ ဒီလိုပါပဲ ညီမလေးရယ်၊ ယောကျ်ားရှိတယ်ဆိုပေမယ့် သူတို့ပြောနေ မောသေးတယ်၊ အစ်မကတော့ တော်ရုံကိစ္စလောက်များ ကိုယ့်ဘာသာ လုပ်ပစ်လိုက်တာပဲ"

"ကျေးဇူးပါပဲ အစ်မရယ်၊ ဒါဆို ဒီလိုလုပ်ပါလား၊ သားကြီးက ရှိသေးတယ်၊ မလိုအပ်ဘဲ ဆေးခန်းကို ကလေးတွေခေါ်မသွားချင်ဘူး၊ အစ်မတူကိုထားခဲ့မယ်၊ ခဏစောင့်ပေးပါလား၊ ထမင်းဆာတယ်ဆိုလည်း ကျွေးပေးပါ၊ ကျွန်မပဲ သမီးကို ဆေးခန်းသွားပြလိုက်မယ်"

"လုပ်လေ လုပ်လေ နွယ်ဦး အဆင်ပြေမယ်ထင်သလိုလုပ်ပါ၊ အကြီးလေးအတွက် စိတ်ချ၊ အစ်မကြည့်လုပ်ပေးထားမယ်"

တော်သေးသည်။ နီးနီးနားနားတွင် ဆွေမျိုးသားချင်း မရှိသော်လည်း ခင်ရာဆွေမျိုးဆိုသည့် စကားအတိုင်း ဆွေမျိုးသဖွယ် ရင်းနှီးခင်မင်နေသော မိတ်ဆွေ အပေါင်းအသင်းများ ကူညီရိုင်းပင်းမှုကြောင့် စိတ်ဖြောင့်ဖြောင့်ထားကာ ကျွန်မ ဆေးခန်းသွားလိုက်၏။ မစည်ကားသင့်သည့်နေရာဖြစ်ပါလျက် ဆေးခန်းရှေ့တွင် လာရောက်ပြသသူများမှာ ထိုင်စရာတောင် မရှိတော့လောက်အောင် များလှ၏။ ကိုယ့်အလှည့် တော်တော်နှင့်မရောက်နိုင်။ တစ်နာရီနီးပါးစောင့်မှ အလှည့်ရောက်ပေတော့၏။

"ကလေးက သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ တွေ့နေရတယ်၊ ဆေးရုံ အမြန်ဆုံးတင်တာကောင်းလိမ့်မယ်"

အကြာကြီးစောင့်ပြီး ဆရာဝန်ကြီးကို အားကိုတကြီးဖြင့် ကလေးအခြေအနေမေးလိုက်ခါမှ ကြားလိုက်ရသည့်စကားကြောင့် စိတ်သက်သာရာမရရုံမက နေရာတွင် ပုံလဲကျမသွားအောင်မနည်းကြိုးစားထိန်းလိုက်ရသည်။

"အဲဒီလောက်တောင် စိုးရိမ်ရသလားဆရာကြီး၊ မနက်က ကျောင်းမသွားခင်အထိ ကျွန်မ သမီးလေးက အကောင်းကြီးရှိနေတာပါ၊ ကျောင်းရောက်မှ ဘယ်လိုဖြစ်သွားတယ်မသိဘူး၊ ချက်ချင်းကြီး ဒီပုံအခြေအနေ ဖြစ်သွားတာ"

"အဲဒီလို ပြောလို့ မရဘူးလေ၊ ကျောင်းရောက်မှ ရောဂါလက္ခဏာတွေ ပေါ်လာတယ်ဆိုပေမယ့် ဘယ်အချိန်ကတည်းက အစပျိုးနေသလဲမှမသိတာ၊ အခုအခြေအနေအရ ဆေးရုံသွားလိုက်တာအကောင်းဆုံးပါ၊ အရေးအကြောင်းဆို ဆရာဝန်တွေလည်း အချိန်ပြည့်ရှိတယ်၊ ဆေးဝါးပစ္စည်းလည်းအစုံရှိတယ်ဆိုတော့ လူနာအတွက်အဆင်ပြေဆုံးလို့ ပြောရမှာပဲလေ"

ကျွန်မ သက်ပြင်းတစ်ချက်ကို လေးတွဲ့စွာချလိုက်မိ၏။ ဆေးရုံတင်ဖို့အတွက် ငွေအား လူအား အတော်အတန် ပြည့်စုံမှဖြစ်မည်။ ကိုယ့်မှာက ကူဖော်လောင်ဖက်မရှိ။ ခင်ပွန်းဖြစ်သူကလည်း နေ့ရှိသရွေ့ သူ့အလုပ်နှင့်သာ အချိန်ကုန်နေရသူ။ အပြစ်ဆို၍တော့ မရ။ မိသားစု စားဝတ်နေရေးကို ဒီအလုပ်မှရသော ဝင်ငွေလေးတစ်ခုဖြင့်သာ ဖြေရှင်းနေရသည့်အတွက် အလုပ်တွင် အမှားတစ်စုံတစ်ရာ မဖြစ်ရလေအောင် အထူး သတိကြီးစွာထားကာ လုပ်ကိုင်နေရခြင်းဖြစ်၍ စဉ်းစားကြည့်လျှင် သူသည်လည်း သနားစရာပင်။

အိမ်အပြန် ကားစီးရင်း အခြေအနေအရပ်ရပ်ကို ခင်ပွန်းဖြစ်သူထံ ဖုန်းဖြင့် အကြောင်းကြားလိုက်၏။ ဖုန်း ပိတ်ထားသည်။ စောစောကပြောသလို အစည်းအဝေးလုပ်နေပုံရ၏။ ရုံးခန်းထဲမှ ရင်းနှီးနေပြီဖြစ်သည့် စာရေးမလေး တစ်ယောက်ကို အကြောင်းစုံပြောခဲ့ လိုက်သည်။ သူ့ဆရာ အစည်းအဝေး ခန်းမှ ထွက်လာလျှင် ပြောပြနိုင်ရန် ဖြစ်၏။

ခင်ပွန်းဖြစ်သူ ပြန်လာမည့် အချိန်ကိုလည်း စောင့်မနေတော့။ မိတ်ဆွေတချို့ အကူအညီဖြင့်ပင် သမီးလေး ကို ဆေးရုံတင်လိုက်ရ၏။ မလှသန်း ပြောသလို အရာအားလုံး ခင်ပွန်းဖြစ်သူ ကို အားကိုးနေ၍မဖြစ်။ တွေ့ကြုံခဲ့ရ ပေါင်းများနေပြီဖြစ်သည့် အိမ်ထောင် သည် ဘဝအမောတို့ကြောင့် ယခုဆို ကျွန်မလည်း အတော်ခံနိုင်ရည်ရှိနေပြီ ဖြစ်သည်။

အမေ တစ်ယောက်ကတော့ ကျွန်မတွေ့ကြုံရင်ဆိုင်နေရသည့် အခြေ အနေတို့ကို ဘာတစ်ခုမှ သိမည်မဟုတ်။ သမီး သမက်နှင့် မြေးများကို တမျှော် မျှော်ဖြစ်၍ နေပေရောမည်။ ထုံးစံ အတိုင်း ဒီတစ်ကြိမ်တွင်လည်း လာဖြစ် တော့မည်မဟုတ်ကြောင်း ဖုန်းဆက်၍ တောင်းပန်ရုံသာရှိတော့၏။

သားသမီးတို့ အပေါ်နားလည် ခွင့်လွှတ်ခြင်းကင်းသည့် မိဘဆိုသည်တ တော့ မရှိသလောက် ရှား၏ဟုဆိုရမည် ပင်. . .

❒ သစ္စာဦး(ဧယျာမြေ)



www.burmeseclassic.com

www.burmeseclassic.com




အိမ်ခြံဝင်းတွင် အုန်းပင်လေးပင် ရှိသည့်အနက် အိမ်ရှေ့တည့်တည့်က အပင်သည် သီးခိုင်ပြည့်၏။

ဧည့်ပရိသတ်စုံသဖြင့် ဒီအုန်းပင်၏ ပေနှစ်ဆယ်အမြင့်ကို မော့ကြည့်ကြချေ၏။ ဒီအုန်းပင်ရဲ့ ပိုင်ရှင်ကိုတော့ တို့တွေ ငံ့ကြည့်ရတယ်ဟုမျှား တစ်ယောက်က ပြောလိုက်မှာလား ကျွန်တော် တွေးမိသည်။ ခင်ဗျားတို့ကို အုန်းသီး ခူးပေးမယ်ဟုပြောသော် မဟုတ်တာဗျာ ပြုတ်ပျက်ကျနေပါဦးမယ်ဟု တားမြစ်ကြ၏။





www.burmeseclassic.com

www.burmeseclassic.com

"အထင်သေးလို့ဗျာ"

"မဟုတ်ပါဘူး ကိုစိုးရယ်"

"တကယ်ပါ၊ ခင်ဗျားတို့ကို ကျွန်တော် စေတနာရှိလို့ပါ၊ နေကပူတော့ အုန်းစိမ်းရည် သောက်ကြတာပေါ့"

ပြောပြောဆိုဆို အုန်းပင်ကို ကျွန်တော်တက်သည်။ နှစ်တန်းဘားကို Upin ကစားထားသောကြောင့် အရာဝတ္ထုတစ်ခုခုကို ဆုပ်ကိုင်ရာ၌ ကျွန်တော့်လက်က သန်မာသည်။ လူကောင်သေးသောကြောင့် ခန္ဓာကိုယ်ကလည်း ပေါ့ပါးသည်။

ပြီးတော့ အုန်းရစ်တို့မှာအထက်သို့သာလန်သောကြောင့် ခြေဖဝါးတို့က ဖိရပ်နိုင်သည်။ ပင်စည်မှာ ကိုင်းညွတ်မနေသဖြင့် မိမိခန္ဓာကိုယ်၏ အလေးချိန်ကို ခြေက ထောက်မထားနိုင်သည်။ လက်ကဆွဲထားနိုင်သည်။ ညွှတ်ကိုင်းနေသော ပင်စည်မျိုးကို ဖက်တွယ်ရသည်ထက်ပင် လွယ်သည်။ ညွှတ်ကိုင်းနေသော ပင်စည်မှာ အလိုက်သင့် တွယ်ကပ်နိုင်လျှင် ခဏာသာကပ်နိုင်သည်။ ခန္ဓာကိုယ်ကလည်း ဆင်းတတ်သည်။ ဖက်အားတစ်ခုသာရှိ၍ နင်းအားမရှိသောကြောင့်တစ်ကြောင်း မြေဆွဲအား၏ သက်ရောက်ခရိယာသည် ပို၍ကျယ်ပြန့်သောကြောင့်တစ်ကြောင်း ပင်ကိုင်းက ပင်ဖြောင့်ထက် တက်ရခက်သည်။ ယခု ပင်ဖြောင့်က ပင်ကိုင်းထက် တက်ရ လွယ်သည်။ အင်း . . . သတိနှင့် တက်မည်၊ အမောလုံအောင် စောင့်တက်မည်။ ယောက်ျားပဲဟု မိမိကိုယ်မိမိ အားပေးလိုက်သည်။

"ဘယ်ဆိုးလို့လဲ"

"မထင်မှတ်ဘူးနော်"

"အဟဲ . . . အားကိုးထိုက်တဲ့ ယောက်ျားပဲ"

"နင် . . . တော်တော်ကဲနော်၊ ကောင်မ"

အသံစုံက လေပင့်သည်နှယ် မြောက်သည့်နှယ်ပင်၊တင်သည့်သဘောထမ်းသောလားသို့ နားဝင်ဆိမ့်ဆိမ့်စိမ့်ချိုသွား၏။ ထို့ကြောင့် သတိလည်းထား၊ နား၍လည်းမနေ ဆက်၍ တက်ခဲ့ချေ၏။ အုန်းရစ်တို့ဆုံးသော် အုန်းလက်တို့ဆုံရာသို့ ရောက်ချေ၏။ အုန်းလက်ကို တစ်လက်ကျော်၍ ဆွဲရာတွင် လက်က မမီ။ အစဦးဆုံးလက်ကိုပင် အားပြုလိုက်ရသည်။ ထိုအလက်က နဂိုအနေမှ ဟာတတဖြစ်သွားသည်။

အပေါ်အုန်းလက်ကို မီအောင် ညာလက်ကို ဆန့်နိုင်သမျှ ဆန့်ထုတ်၍ ခါးကိုမတ်နိုင်သမျှ မတ်လိုက်၍ ဘယ်လက်ဖြင့် စွဲကိုင်ထားပြီးသော ထိုအောက်ခြေအုန်းလက်ကို အားပြုလျက် ဆွဲတက်လိုက်သည်။

"ဟိုက် . . . ပဲ့ကျပြီ"

"ဝုန်း"

"ဟော့ . . လူက လက်တစ်ဖက်နဲ့ တွဲလောင်းဆွဲထားပါလား၊ တစ်ကိုယ်လုံးကတော့ လေထဲမှာကြည့်စမ်း . . . ဆပ်ကပ်ကနေသလိုပဲ"

"အေးဟ လက်တစ်ဖက်ကလွှဲရင် အားလုံး ခြေလွတ်လွတ်ပဲ၊ အလွတ်သဘောပဲ. . ."

"ဟော . . . အစိုးဆက်တက်သွားပြီ၊ အံ့ဩစရာကောင်းလိုက်တာ"

"တော်တော်မြန်တဲ့ကောင်"

"ဘုရားမတာ"

"နတ်မတာပါ"

"မဟုတ်ဘူး သူ့ကိုသူကယ်တင်လိုက်တာ"

"အင်း အုန်းစိမ်းရည်မသောက်လိုက်ရဘဲ မုန့်ဟင်းခါး စားကြရတော့မလို့"

"သူငယ်ချင်းတို့ ငါက အလုပ်ထဲမှာ သံမရိုက်ထားတဲ့ သစ်ပြားစွန်းကို နင်းမိလို့ ကျွမ်းပြန်ကျဖူးတယ်၊ ရှေ့က တိုင်ခြေအုတ်ခုံနဲ့ ပြေးဆောင့်မိလို့ ခေါင်းကွဲသွားတာပေါ့"

"သူငယ်ချင်းတို့ ငါက အလုပ်ထဲမှာ မြက်တောကိုအဖြတ် မြက်ထဲက မြွေကို နင်းမိဖူးတယ်၊ မြွေက ငါ့ကို မပေါက်ခဲ့ပါဘူး"

"သူငယ်ချင်းတို့ တာမွေအဝိုင်းမှာ လမ်းကူးမှားလို့ ငါ ကားတိုက်ခံရတယ်လေ၊ မာဇဒါလေးပါ၊ ဒါပေမယ့်လဲ ရှေ့မီးလုံးအဖုံးသာ လည်ဆင်းသွားတယ်၊ ငါကတော့ ဆယ်ပေလောက် မြောက်တက်ပြီး ပြန်ကျလာရုံပဲဖြစ်ခဲ့တယ်၊ နောက်ကားကလဲ မကျိတ်ခဲ့ဘူး"

"သူငယ်ချင်းတို့ သေကံမရောက် သက်မပျောက်ဘဲ၊ ဒလဘက်ကို ထွက်ခွာနေပြီဖြစ်တဲ့ ညဆယ်နာရီ သင်္ဘောကို ငါးပေ ခြောက်ပေအကွာကနေ သောတံတားပေါ်မှာရှိတဲ့ငါ ခုန်တက်လိုက်တယ်၊ ကုန်းပတ်ကို နင်းမိရုံပဲ၊ အထက်ပိုင်းခန္ဓာက နောက်ကိုတောင် ပြန်လန်သွားပြီ၊ ဒါပေမယ့် မှတ်မှတ်ရရ မြတ်မာလာဖိနပ်တစ်ဖက်ပဲ ရေထဲကျသွားခဲ့တယ်၊ ငါ့ကိုကြည့်ပြီး ဆဲကြ အော်ကြနဲ့ သင်္ဘောတစ်စီးလုံးကို ဆူညံသွားတာပဲ"

"သူငယ်ချင်းတို့ ဒီထက်ထူးဆန်းတာတွေရှိသေးတယ်၊ မားအောက်က၊ ကျည်ဆန်အောက်က လွတ်ခဲ့ရတာတွေပါပဲ"

ကျွန်တော်က ပြောပြနေသော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို သူငယ်ချင်းများက ပုံပြင်လိုပဲ ထင်ပုံရလေ၏။

"မင်း . . . တကယ်လား"

"အင်းပေါ့ . . ."

"ဂါထာမန္တရားတွေရွတ်ပြီး ခရီးသွားခဲ့တာလား"

"အဟား . . . အဲဒါတွေ ဘာမှ မရဘူး၊ ရလဲ အားမကိုးဘူး"

"အသက်ဘေးကလွတ်ကယ်ဆိုတာ တိုက်ဆိုင်ရင်လဲ တစ်ကြိမ် နှစ်ကြိမ်ပေါ့ကွာ၊ မင်းက ဆယ်ခုလောက် ပြောချင်တာလား"

"မကဘူး"

"ယုံချင်စရာပဲ"

"ငါ မုသားမပြောဘူး"

"ထားပါတော့လေ"

"မထားခဲ့နဲ့ သူငယ်ချင်း၊ ဆောင်သွားရမှာ၊ ငါ သူတစ်ပါးဒုက္ခကို ကယ်



www.burmeseclassic.com

www.burmeseclassic.com

တင်မယ်ဆိုတဲ့စိတ်ကို အမြဲတမ်း ဆောင်သွားရမှာ"

"ဆိုပါဦး"

"အဲဒါ မေတ္တာစိတ်ပဲ"

"လက်တွေ့လဲ ကျင့်သုံးရမယ် ဆိုပါတော့"

"နည်းနည်းနားထောင်ဦး၊ ဖားကို မြွေမျိုတာနဲ့ ကြုံတယ်၊ ဥပေက္ခာမပြုနိုင်ခဲ့ဘူး၊ မြွေကို ခြောက်လှန့်တော့ ဖားလွတ်သွားတယ်၊ မြွေက တစ်နပ်စာ၊ ဖားမှာ အသက်တစ်ချောင်းလေ"

"မင်း . . . တော်တော်ဆိုးတဲ့ ကောင်ပဲ ငစိုး"

"ပြောချင်လဲပြောပေါ့ကွာ၊ အေး . . . တစ်ခုတော့ရှိတယ် အလုံးအရွယ် အရှည်အလျားချင်းအတူတူ၊ ငန်းတော်ကျားက မြွေပွေးကို မြိုနေတာလဲ ကြုံတယ်"

"မင်းရိုက်လိုက်ပြန်ရောလား"

"ဟင့်အင်း"

"မေတ္တာက ပုဂ္ဂိုလ် သတ္တဝါ ရွေးနေသလား မောင်စိုးရယ်"

"အဲဒါက . . . ဥပေက္ခာ"

တကယ်တမ်းတွင် သူငယ်ချင်းတွေက ကျွန်တော့်ကို ဥပေက္ခာပြု၍ ထွက်ခွာသွားကြသည်။ မထွက်ခွာသေးဘဲ အကဲခတ်ဆဲ ကျန်နေသေးသည့် ငယ်ပေါင်းအချို့ကိုကား စကားဆက်ပြောနေမိသေးသည်။

"ငါ ဟိုးငယ်ငယ်က ဈေးဝယ်ပြီး ပြန်လာတဲ့ အမေ့အနားကို ကပ်သွားလေ့ရှိတယ်၊ ငါက ပုစွန်ကြော်ကို သိပ်ကြိုက်တယ်လေ၊ ဒါပေမယ့် အမေ့ ဈေးခြင်းတောင်းထဲမှာ ပုစွန်အသေတွေနဲ့ရောပြီး အရှင်လေးတွေလည်း ပါလာတတ်တာ မဟုတ်လား၊ ငါက ရေဇလားထဲ ရေထည့်ပြီး ရေထဲကို ပုစွန်အရှင်လေးတွေ ရွေးပြီးထည့်တယ်၊ ရေများတဲ့ မိုးရေကန်ကြီးထဲ သွားသွားလွှတ်တယ်၊ အမေက နင့်အသက် တစ်ခါလွှတ် ငါ့အသက်ဆယ်ခါလွှတ်လို့ ပြောနေ၌ သားလို့ မှာတယ်၊ ဒါကတော့ မိခင်ရဲ့ သားအပေါ်ထားတဲ့ ကရုဏာလေ"

စကားကို ကျွန်တော် ရပ်နားဖို့ ဖြစ်လာခဲ့ချေပြီ။ ရှားရှားပါးပါး နားထောင်ပေးနေသည့် သူငယ်ချင်းသည် ဖျင်းရိငြီးငွေ့လာပုံရပါ၏။ ကျွန်တော်က ပြောလက်စကိုရပ်ပြီး သူ့ကို ကြည့်နေပါ၏။

"မင်း . . . ငါ့ကို ကြည့်နေတာလား၊ အိပ်မပျော်ပါဘူး၊ နည်းနည်းတော့ ငိုက်သွားတာပေါ့၊ ညက အိမ်မှာ အမွေကိစ္စတွေ ညှိနှိုင်းနေကြတာကွာ၊ နောက်ဆုံးကျန်တဲ့ အမေက ပြီးခဲ့တဲ့လမှာ သေတာလေ၊ ဘယ့်နှယ်ကွာ အစ်ကိုအကြီးက အချမ်းသာဆုံး၊ သူကပဲ လောဘအကြီးဆုံး၊ သူချမ်းသာတာကို ထပ်ချမ်းသာရမယ်လို့ အငယ်မကဆို အစ်ကိုကြီးကို ဓားပြတိုက်ပါစေလို့တောင် ဆုတောင်းတာကွ၊ ဟုတ်တယ်၊ သူက မိန်းမယူသွားတဲ့နေ့ကစလို့ တို့ကို ပစ်ထားခဲ့တာ၊ သူ ချမ်းသာတာကို တို့ ဝမ်းမသာနိုင်ဘူး"

ကျွန်တော့်ကို ရေပက်မဝင် ပြောနေခဲ့သည်။

လေရှည်လွန်းသော ကျွန်တော်သည် လေတိုနှင့်တွေ့ရသောအခါ နားဖျားမကျန်း ဖြစ်လာခဲ့သည်။ ဤသည်တွင် ကျွန်တော်ကစတင်၍ သွားပါရစေတော့ကွာဟု နှုတ်ဆက်ခဲ့ရသည်။

အပြန်တွင် မှုန်မွားသော လရောင်လေး ရှိနေခဲ့သည်။ တစ်စုံ တစ်ယောက်သည် ကျွန်တော့်အား စောင့်ဆိုင်းနေပုံရပါ၏။ အနားရောက်သည့်အခါ ထိုပုံရိပ်က အမေနှင့်တူလိုက်တာဟု ထင်လာသည်။

"သား . . ."

ပုံရိပ်က လှမ်းခေါ်သည်။ အမေကလွဲ၍ အခြားသူမဖြစ်နိုင်တော့။

"ဘယ်သွားမလို့လဲ သား"

အမေ မေးပါသည်။

"သူငယ်ချင်းတွေနောက်ကိုပါ အမေ"

ကျွန်တော် ဖြေပါသည်။

"အေးလေ . . . အချိန်တန်တော့လည်း အိမ်ပြန်ရတာပါပဲ"

"သူငယ်ချင်းတွေရဲ့ နောက်ကို လိုက်သွားမလို့ပါ အမေ"

"ဪ . . . သားရယ် ဒီလမ်းကပဲ သွားမှာမဟုတ်လား"

အမေပြောမှ သွားရာအရပ်ကို လှမ်းကြည့်မိသည်။ ခယောင်းတောလေး အစပ်မှာ အုတ်ဂူမှိုမှိုု မြေပုံပုံတွေ ရှိနေနှင့်သည်။

"ငါ့ သားက သူများအသက် တစ်ခါလွှတ်၊ ငါ့အသက်ဆယ်ခါလွှတ် လို့ မပြောတော့ဘူးလား၊ ပြောလို့လည်း ဆယ့်တစ်ခါမြောက်မှာတော့ ဘယ်လွှတ်နိုင်ပါ့မလဲ၊ သူငယ်ချင်းတွေဆီ မသွားပါနဲ့ဦးသား၊ အခုမှ ဆယ်ခါပဲ ရှိသေးတယ်လေ၊ လှည့်ပြန်ပါဦး ကလေးရယ်၊ အမေက သားကို စောင့်ရှောက်ပါတယ်"

အမေ ပြောသည်။ ခဏတွင် ပုံရိပ်က ပျောက်ကွယ်သွား၏။

အနောက်ကို ပြန်လှည့်သော် လင်းထိန်နေသော မီးရောင်များကို မြင်ရသည်။ စောစောက ဘာပြုလို့ သတိမပြုမိပါလိမ့်ဟု တွေးနေဆဲ . . .

"စိတ် ချရပါပြီ ဒေါ်ဖြူဖြူ၊ ဒီတစ်ခါ ခင်ဗျားယောက်ျားက အသည်းအသန်ဖြစ်လိုက်တာ" ဟု ဆရာဝန်၏ အသံကို ကြားလာရသည်။

အမေသေတာ ကြာခဲ့ပြီကိုလည်း သတိရသည်။ ရေခွက်ထဲမှ လျှောအကျ ရေချိုကန်ကြီးထဲရှိ ရေပြင်နှင့်ထိတွေ့စ ပုစွန်ကြော့ခပ်စိမ်းစိမ်းကြီးတစ်ကောင်လို ကျွန်တော့်ခန္ဓာကိုယ်ကို ကျွန်တော် ဆန့်ထုတ်ကြည့်သည်။ အညောင်းအညာတွေ ပြေသွားသည်။

❒ နေမင်းချို



www.burmeseclassic.com

www.burmeseclassic.com

(လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ခန့်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ မိကျောင်းအိုင် ဟုခေါ်သော ကျေးရွာအနီးရှိ မိကျောင်းသိုက်ဟုခေါ်သော ကျေးရွာငယ်လေးတစ်ရွာအနီး တောကြီးထဲတွင် ရိုးရိုး အမဲလိုက် မုဆိုးလူသားဘဝမှ တောပိုင် တစ်ပွဲစား ဘရာကျော်အဖြစ် အရှင်လတ်လတ် ဘဝပြောင်းသွားသူ တစ်ဦးအကြောင်းကို စာရေးသူဖခင်မှ ပြန်လည်ပြောကြားချက်အား ပုံဖော် ရေးဖွဲ့တင်ပြပါသည်။ စာရေးသူ)




မိကျောင်းအိုင်ကျေးရွာ ဆိုသည်က ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် ဒေသ ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သော နာမည်ကျော် လပွတ္တာ ဆားထွက်သည့် လပွတ္တာမြို့နယ်အတွင်းရှိ လပွတ္တာမြို့နှင့် ဝေးလံသော ပင်လယ်ဆိပ်ကမ်းဒေသအနီးမှ ရွာလေးတစ်ရွာဖြစ်သည်။ ထို မိကျောင်းအိုင်ကျေးရွာက အိမ်ခြေ ရှစ်ဆယ်ခန့်ရှိပြီး အနီးတစ်ဝိုက်ရှိ ချောင်း၊ မြောင်း၊ သစ်တောတို့ကိုမှီကာ ရေလုပ်ငန်း၊ သစ်လုပ်ငန်း၊ အမဲလိုက်ခြင်း လုပ်ငန်းများဖြင့် ဒေသခံများက အသက်မွေးဝမ်းကျောင်းကြသည်။

ထိုမိကျောင်းအိုင်ကျေးရွာအနီးရှိ တောကြီးကလည်း ဓနိ၊ ကနစို၊ မဓမ၊ သရော၊ ဗျူး၊ လမု၊ သမို့၊ လဘာ စသော ရေငန်ပိုင်းဒေသ၌ ပေါက်သည့် သစ်ပင်ကြီးငယ်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ထူထပ်စွာရှိသည်။ ထိုသစ်တောကြီးအတွင်း၌လည်း ချောင်းကြီး ချောင်းငယ် ချောင်းလက်တက်များကလည်း ထိုမှသည်မှ စီးဝင်ဖြတ်သန်းနေကြသည်။ တောနက်၍ ချောင်းမြောင်းထပါများသောကြောင့် တောနေ၊ရေနေ သဘာဝ တောကောင်များလည်း ပေါများသည်။ ချေ၊ စိုင်၊ ဆတ်၊ ဒရယ်၊ ယုန်၊ ဖွတ်၊ လိပ်၊ တောဝက်နှင့် ကြက်ငှက်များ၊ ရေနေ ငါး၊ ပုစွန်များအပြင် ရေကောင်ဟုခေါ်သော မိကျောင်းလည်း ပေါသည်။


သို့သော် မိကျောင်းအိုင်ဒေသမှ လူများက တောနှင့်နီးသော်လည်း သစ်တောထွက် သစ်၊ ဝါးခုတ်ခြင်း၊ သားငါး ပုစွန်ရှာခြင်းများလောက်သာ လုပ်ကိုင်စားကြပြီး မုဆိုးအလုပ် လုပ်ကိုင်သူ အလွန်ရှားပါးသည်။ တစ်ခါတစ်ရံလောက်သာ တောစပ်အနီးအပါးတို့၌ ဟင်းစား ကျွေးစားလောက်သာ အမဲလိုက်တတ်ကြသည်။ ထိုအလုပ်ကိုလည်း ထိုဒေသရှိ ကရင်အမျိုးသားတို့သာ လုပ်ကြသည်။ ထိုတောကြီးကမိကျောင်းအိုင်ရွာမနှင့် အနည်းငယ်လှမ်းသော ချုန်းစွယ်တစ်ခုတွင်ရှိသည့် မိကျောင်းသိုက်ဆိုသော ရွာစုလေးအနောက်ဘက်၌ ရှိသည်။ ထိုတောကွက်ရှိသော ကျွန်းကြီးကလည်း ကျယ်မှကျယ်၊ တောကလည်း နက်မှနက်သောကြောင့် တော်ရုံတန်ရုံလူများ တောကြီးထဲ အတွင်းပိုင်းထိ မဝင်ရဲကြ။



www.burmeseclassic.com

www.burmeseclassic.com

ငလယ်ဒေသ ဆိုသည်ကား တုန်းနေဘုရင် ကျားထက် ရေဘုရင် မိကျောင်း အန္တရာယ်က ပိုကြီးမားသည်။ ထိုတောနက်ကြီးအတွင်းရှိ ချောင်းကြို ချောင်းကြား၊ သရွတ်ခွံ့အိုင်တွေမှာလည်း မိကျောင်းက ပေါမှပေါ။ သစ်ခုတ်၊ ဝါးခုတ်၊ ငါး ပုစွန် ရှာသူများ အတော်ပင် သတိထားလျက် သွားလာ လုပ်ကိုင် ရှာဖွေကြရသည်။



မိုးဟိန်းကျော် (လပွတ္တာ)

www.burmeseclassic.com

အဆိုပါ မိကျောင်းကျေးရွာနှင့် မနီးမဝေးရှိ ချုန်းစွယ်တွင်ရှိသော မိကျောင်းသိုက်ဆိုသည့် ရွာစုလေးမှာ ကိုရာကျော်ဆိုသူ တလိုင်း ကရင်အမျိုးသားတစ်ဦးက သူ့သားမယား ညီကိုမောင်နှမတစ်စုနှင့် သီးသန့်နေကြသည်။ ကိုရာကျော်ကို ဘယ်အရပ်သားဟူ၍ တိတိပပ သိသူမရှိ။ တစ်ရပ်တစ်ကျေးမှ အမဲလိုက်ရင်း ရောက်လာသူဖြစ်သည်ဟုသာ သိထားကြသည်။

ထိုဒေသသို့ ရောက်ရှိလာပြီး ဒေသခံ တလိုင်းကရင် တိုင်းရင်းသူ နော်အဲမူနှင့် အိမ်ထောင်ကျကာ ထိုဒေသမှာပဲ အခြေချနေထိုင်သူဖြစ်သည်။ ကိုရာကျော်က အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် လူသုံးလူထည်သန်မာတောင့်တင်းပြီး အစဉ် မရယ်မပြုံးဘဲ တင်းမာသော မျက်နှာထားရှိသူဖြစ်သည်။ စကားပြောလည်း တိုသည်။ စကားလည်း များများမပြော။ ကိုရာကျော်က အရက်ကိုတော့ အလွန်ကြိုက်သည်။ သောက်လည်း သောက်နိုင်သည်။ ထူးခြားသည်က ကိုရာကျော်တစ်ယောက် အရက်ကို ဘယ်လောက်သောက်သောက် မူးပြီးလဲနေသည်ဟူ၍ မရှိခဲ့။ များများသောက်လေ ကိုရာကျော့်မျက်နှာကြီးက တင်းမာခက်ထန်လာလေလေနှင့် ကြောက်မက်ဖွယ်ရာ ရှိသည်။ မြင်တွေ့သူတိုင်း ကြောက်ရွံ့ကြသည်။ ကိုရာကျော်က အသောက်အစားကို ခင်တွယ်သော်လည်း လောင်းကစားကို ဝါသနာမပါ။

ကိုရာကျော်က အများနည်းတူ သစ်ခုတ်၊ ဝါးခုတ်ခြင်း၊ ငါး ပုစွန်ရှာခြင်း လုပ်ငန်းများကို စိတ်မဝင်စား။ သူဝါသနာပါသည်က ဒီမိကျောင်းသိုက် တောကြီးအတွင်းမှာ အမဲလိုက်ခြင်းလုပ်ငန်းကိုသာ ဝါသနာပါသည်။

အပေါင်းအဖော်မပါ တစ်ကိုယ်တော် စွန့်စားလှည့်လည်သွားလာလျက် တောနက်တွင်းမှာ အမဲလိုက်တတ်သည်။ လူတိုင်းနီးပါးလောက် ထိထိဝင်ဝင် မတိုးရဲသော ဒီတောနက်ကြီးအတွင်းမှာ ညအိပ်ညနေ သွားတတ်သလို တစ်ခါတစ်ရံ လေးငါးရက်ကြာအောင် နေတတ်သည်။ ကိုရာကျော်တစ်ယောက် အမဲလိုက်ထွက်(တောဝင်)ပြီး ပြန်လာပါက မည်သည့်အခါမှ အမဲမရဘဲ ပြန်လာသည်မရှိခဲ့။ တောတောင်များ တစ်နှင့်တစ်ပိုးပါလာသည်ချည်းပင်။

ကိုရာကျော် အမဲလိုက်ရာတွင် ကိုင်သော သူ့လက်စွဲတော် ကိုင်းဒူးလေးကြီးက သူ့စိတ်ကြိုက် တပ်ဆင်ထားသည်မို့ တော်ရုံ အားကောင်းသူပင် မတင်နိုင်။ မောင်းအား အလွန်ကောင်းသည်။ သူကိုင်သောလှံကလည်းအသွားချည်း တောင်ဆုပ်ခန့်ရှည်ပြီး အလေးချိန် တစ်ပိဿာခန့်ရှိသော လှံမကြီးကို အရှည် သုံးတောင်ခန့်နှင့် လုံးပတ် ကျပ်လုံးခန့်တုတ်သော အဆစ်ပိတ် ထီးရိုးဝါးကို လှံရိုးလုပ်ထားသည်။ တောင်ဆုပ်ခန့်ရှည်လျက် ထက်မြည့်နေအောင် သွေးထားသည့် ခါးချပ်ဓားမြှောင် တစ်လက်တို့က ကိုရာကျော်၏ တောဝင်အဆောင်လက်နက်များ ဖြစ်ကြသည်။ ကျောမှာ ဒူးလေးနှင့် မြားအိတ်၊ လက်မှာ လှံမ၊ ခါးမှာ တောလိုက်ဓားမြှောင်၊ ရိက္ခာအိတ်၊ ရေဘူးခြောက် စသည်တို့က ကိုရာကျော်၏ အမဲလိုက် တောဝင်သော အဆောင်အယောင်များ ဖြစ်ကြသည်။

ထူးခြားသည်က ကိုရာကျော် ကိုယ်အထက်ပိုင်းတွင်ကား ဘယ်သောအခါမှ အဝတ်မဝတ်ထားခြင်းဖြစ်သည်။ အမြဲတမ်း ကိုယ်အထက်ပိုင်း ဗလာနှင့်ဖြစ်သည်။ ခါးမှာက အညိုရောင်ပေါ်မှာ အနီးအကွက်ကျဲကြီးများရှိသော ပုဆိုးတစ်ထည်ကို အမြဲဝတ်ဆင်ထားသည်။ နီစပ်စပ်အသားအရေက မွဲခြောက်ခြောက် ရှိလှသည်။ ကုပ်ပေါ်ထိ ဖားလျားကျနေသော နီကြင်ကြင်ဆံပင်များက တင်းမာသော သူ့မျက်နှာသားနှင့် လိုက်ဖက်လှသည်။

ခုလည်း ဒီမိကျောင်းသိုက်ရွာစုလေးမှာစုပေါင်းနေကြသည့်အိမ်ထောင်စုများမှာ တစိမ်းမရှိ။ ကိုရာကျော်၏ ဆွေမျိုးသားချင်းများချည်းသာ ဖြစ်ကြသည်။

သူတို့အားလုံး တူညီသည်က ဘာဘုရား တရားမှ မရှိကြခြင်းပင်ဖြစ်သည်။ အားလုံးလိုလို တေတေပေပေ လူကြမ်း စိတ်ကြမ်းများ ဖြစ်ကြသည်။ ဘယ်သူမှ စာမတတ်ကြ။ သူတို့နေရာကို တော်ရုံအကြောင်းနှင့် ဘယ်သူမှ မလာဝံ့ကြသလို သူတို့ကလည်း စားရေရိက္ခာဝယ်ရန် ရမိသော သားကောင်များ ရောင်းရန်မှအပ မည်သူနှင့်မှ အရောတဝင်မနေ။ မိကျောင်းအိုင်ရွာမမှသူကြီးပင်လျှင် သူတို့ကို ဖိဖိနှိပ်နှိပ် မအုပ်ချုပ်ရဲ။ အလိုက်သင့်ပေါင်းရသည်။

သို့သော် လူကြမ်း စိတ်ကြမ်းများပေမဲ့ ကတိတည်ကြသည်။ သစ္စာရှိကြသည်။ ကျေးဇူးသိကြသည်။ ဒီအစုမှာ ကိုရာကျော့်စကားက အမိန့်ဖြစ်သည်။ တစ်ခွန်းပြောရုံနှင့် ပြီးသည်။ မည်သူကမှ စောဒကမတက် ဆင်ခြေမပေး မလွန်ဆန်ကြ။ ကိုရာကျော်နှင့် ဆက်ဆံလျှင်လည်း ကတိတည်မှုကြိုက်သည်။ သစ္စာရှိမှ လက်ခံသည်။

မိကျောင်းသိုက်နှင့် ကိုရာကျော်က ယှဉ်တွဲ၍ နာမည်ကျော်သည်။ သူနေရာ၌လည်း မည်သည့်သူစိမ်းမှ မနေရဲကြ။ ကိုရာကျော်တို့က ရရှိလာကြသော အမဲကောင်များကို အနီးအနားရှိ တဲစုလေးများနှင့် မိကျောင်းအိုင်ရွာမှာသာ ရောင်းကြသည်။ ဆန်းသည်က အလှူအတန်းနှင့် သာရေး နာရေးကိစ္စများအတွက် လာဝယ်လျှင် မရောင်းဘဲ အလကားပေးလိုက်သည်။

ကိုရာကျော့်ဇနီး နော်အဲမူက တလိုင်းကရင်အမျိုးသမီးပီပီ အနေအေးသည်။ စကားနည်းသည်။ အသားလတ်လတ်နှင့် တုတ်တုတ်ခိုင်ခိုင်ရှိသည်။ အလုပ်ကတော့ အလွန်လုပ်သည်။ နော်အဲမူတစ်ယောက် တစ်ခါမှ အအား

www.burmeseclassic.com

နေသည်မရှိ။ တလှုပ်လှုပ်နှင့် တစ်ခု မဟုတ်တစ်ခုတော့ လုပ်နေတတ်သည်။ အိမ်ထောင်သက်တမ်းကြာမြင့်ပြီ ဖြစ်သော်လည်း သူတို့မှာ သားသမီး မရသေး။ အနီးအနားရှိ တူ တူမလေးများကိုသာ အဖော်အလျော့်အဖြစ် ခေါ်ထားသည်။

သူတို့မှာ အိမ်မွေးတိရစ္ဆာန်များအဖြစ် ကြက်၊ ဘဲ၊ ဝက်နှင့် ဆိတ် အချို့လည်း မွေးထားသည်။ လပွတ္တာမြို့မှ ကုန်သည်များ ရောက်လာလျှင် အမဲခြောက်များနှင့် ဝက်၊ ဆိတ်၊ ကြက်၊ ဘဲတို့ကို ရောင်းချပြီး အိမ်အတွက် လိုအပ်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်တ်၊ ကြက်သွန် စသော စားသောက်ဖွယ်များနှင့် အတူ ကိုရာကျော် ကြိုက်တတ်သော အရက်ကိုလည်း မပြတ်အောင် ဝယ်ရသေးသည်။

ကိုရာကျော်ကတော့ အမဲလိုက်စရာမရှိလျှင် အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ ဆေးလိပ်တစ်တိုနှင့် အရက်သောက်နေတတ်သည်။ သူ့အလုပ်က ဒါပဲရှိသည်။ တစ်ခါတစ်ရံ တောဝင်လိုသောသူများနှင့် အဆင်ပြေပါကလည်း မိကျောင်းသိုက်တောတွင်းသို့ လမ်းပြအဖြစ် လိုက်ပေးတတ်သည်။

ဒီမိကျောင်းသိုက်တော အလုံး ကိုရာကျော် မတိုးဖူး၊ မရောက်ဖူးသည့်နေရာ မရှိသလောက်ဖြစ်သည်။ ကိုရာကျော် တောတက်လျှင်သော်လည်း ကောင်း၊ လမ်းပြလျှင်သော်လည်းကောင်း၊ အမဲမရဘဲ ပြန်လာရသည်ဟူ၍ မရှိ။ ကယ်မြေကျွမ်းကျင်သလို အတွေ့အကြုံလည်း ရင့်ကျက်သည်။ ဒီတောကြီးအတွင်းမှာ ဘယ်ချောင်းက ဘယ်နေရာ၊ ဘယ်အိုင်က ဘယ်နေရာ၊ ဘယ်ကုန်းမှာ ဘာရှိသည်။ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်ရာသီမှာ ဘယ်တောကောင်တွေ ရှိတတ်သည် စသည်ဖြင့် မိကျောင်းသိုက်တောကြီး တစ်ခွင်လုံးကို စေ့စေ့စပ်စပ် ကျွမ်းကျင် နှံ့စပ်သူဖြစ်သည်။

ဒါတင်မက ရွာထဲ တစ်ခါတစ်ရံ ဟင်းစားရှာကျွဲရှာအဖြစ် တောကောင်လေးများ အမဲကောင်လေးများ ရနိုင်သည့်နေရာ ညွှန်ပြပေးပါဟု အကူအညီ တောင်းခံလာလျှင် ကိုရာကျော် ညွှန်ပြပေးရာသို့သာသွား အတိအကျပင်။ သူပြောလိုက်သောနေရာ၊ သူပြောလိုက်သော တောကောင် မရ မရှိ။

ဒီတော့ ဒေသခံများ၊ တစ်ခါတစ်ရံ အခြားဒေသများမှ အမဲလိုက်လာကြသူများက ကိုရာကျော့်ထံသာ သွား၊ သူကြိုက်တတ်သော မီးတောက်ချက်အရက်ကလေးတစ်လုံးနှင့် ဘိန်းကလေး အနည်းငယ်ကို လက်ဆောင်ယူသွားပါက ကိုရာကျော် ညွှန်လိုက်သော နေရာတွင် ပြောလိုက်သောတောကောင်ကို မလွဲမသွေရရှိတတ်ကြသည်။ ဤသို့ဖြင့် ပြောတိုင်းမလွဲဖြစ်နေသော ကိုရာကျော်ကို ကြာတော့ တစ်ပွဲစားရာကျော်ဟုပင် သတ်မှတ်ခေါ်ဝေါ်လာကြတော့သည်။

အဲဒီလို မဟုတ်ဘဲ မိကျောင်းသိုက်တောကြီးထဲကို ကိုယ့်သဘောနှင့်ကိုယ် အတင့်ရဲပြီး ဝင်ရောက်သွားကြပါက ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံကြရပြီး အချို့ အသက်ပင်ဆုံးရှုံးကြရသည်။

တစ်နေ့ ကိုရာကျော်နေသော မိကျောင်းသိုက်အစုသို့ လူတစ်စုရောက်လာကြသည်။ သူကြီး ဦးဘမောင်နှင့် မျက်နှာစိမ်းသုံးဦး ပါလာသည်။

"ရာကျော် ရှိလားဟေ့"

ဟု ချောင်းစပ် ရေဆင်းတံတား၌ ဘောက်တူကပ်သည်နှင့် သူကြီးဦးဘမောင်က လှမ်းအော်မေးရင်း အိမ်ဆိပ်သို့ တက်လာကြသည်။

သူကြီး ဦးဘမောင်မှအပ လူစိမ်းသုံးယောက်မှာ သေနတ်ကိုယ်စီ တောလိုက်ဝတ်စုံကိုယ်စီ ကျောပိုးအိတ်ကိုယ်စီနှင့် ဖြစ်သည်။ လှေဆိပ်မှ လှမ်းအော်မေးရင်း တက်လာကြသူများကို ကိုရာကျော်က အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ အရက်ထိုင်သောက်နေရင်းက ဘာမှပြန်မဖြေဘဲ မမှိတ်မသုန်ကြည့်နေသည်။ သူကြီးဦးဆောင်သော မျက်နှာစိမ်းများက ကိုရာကျော် အရက်ထိုင်သောက်နေသော ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်ကြသည်။ သူကြီးက. . .

"ကဲ ရာကျော်ရေ့ ဟောဒါကတော့ အမဲပစ် တောလည်လာကြတဲ့ မြို့က ငါ့မိတ်ဆွေတွေပဲကွ၊ မိကျောင်းသိုက် တောကြီးထဲမှာ အမဲပစ်ချင်ကြလို့တဲ့ကွာ၊ အဲဒါ မင်းကို လမ်းပြငှားချင်လို့ လာခဲ့ကြတာပဲ"

ကိုရာကျော်က ဘာမှပြန်မပြောဘဲ အရက်ကိုသာ ဖြည်းဖြည်းသောက်ရင်း သူကြီးနှင့်ပါလာသူများကို စိန်းစိန်းကြည့်နေသည်။

"ဟုတ်တယ်ဗျ၊ ကျုပ်တို့က ရိုးမတစ်ခွင်မှာတော့ အမဲကြီးတွေ ပစ်ခဲ့ကြသူတွေပဲ၊ ချောင်း မြောင်း သစ်တောတွေထဲမှာတော့ တစ်ခါမှ မပစ်ဖူးကြသေးလို့ အတွေ့အကြုံသစ်ရချင်တာနဲ့ ဒီကို တောပစ် ထွက်လာခဲ့ကြတာပဲ၊ လမ်းပြအဖြစ်လိုက်ပေးရင် ထိုက်သင့်တဲ့ အခ ပေးပါ့မယ်"

"ဘယ်လောက်ပေးမှာလဲ"

"ဘယ်လောက်လိုချင်လဲ"

ကိုရာကျော်က လူစိမ်းကို ခပ်စိမ်းစိမ်း စိုက်ကြည့်ရင်း. . .

"တောင်းသလောက် ပေးနိုင်လား"

"ဟ တောင်းတိုင်းတော့ ဘယ်ပေးနိုင်မလဲဗျ"

"ကျုပ်ကလဲ ပေးတိုင်းလိုက်တာ မဟုတ်ဘူး"

"သူကြီး ခင်ဗျားလူက မာလှချေလား၊ လူကတော့ ဘာမှဟုတ်ပုံမရဘူး. . ဟင်း"

လူစိမ်းစကားကြောင့် ကိုရာကျော်မျက်နှာ တင်းသည်ထက် ပိုတင်းသွားကာ လူစိမ်းကို စူးစူးရဲရဲကြည့်လျက်

"ဟုတ် ဟုတ်တယ်၊ မာမာပဲ၊ ဒါမှမဟုတ်ရင် မလာနဲ့၊ ပြန်ကြ. . သူကြီး ခင်ဗျားလူတွေ ခေါ်သွားတော့"

www.burmeseclassic.com

"ဟာ ရာကျော်ကလဲ နည်းနည်း စိတ်ရှည်ပါကွာ၊ ဒါ ငါ့မိတ်ဆွေတွေပါကွ၊ မြို့ပိုင်မင်းရဲ့ လူတွေကွ၊ အဆင်ပြေ မပြေ မှာခဲ့ပါကွာ"

"ဘာကောင်ဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူးဗျ၊ ခင်ဗျားတို့ သွားတော့"

"ဟာ သူကြီး၊ ခင်ဗျား ညွှန်လို့ လာခဲ့တာ၊ ဒီကောင် ဘာကောင်မို့လဲ အကြောက တင်းလှချေလား၊ ကဲ သူကြီး ဒီလူနဲ့ အလုပ်မဖြစ်ဘူးဗျာ အချိန်ကုန်တယ်၊ တခြားသင့်တော်မယ့် တစ်ယောက်သာ ထည့်ပေး၊ ကျုပ်တို့က လက်သင်မုဆိုးပေါက်စလေးတွေမဟုတ်ဘူးဗျ၊ တောတောင်အမျိုးမျိုးမှာ လှည့်ပြီး အမဲကြီးတွေပစ်လာခဲ့ကြတာ၊ ဒီသစ်တောလောက်တော့ အပျင်းပြေပဲ၊ သွားမယ်"

လူစိမ်းက တင်းတင်းမာမာပြောပြီး ပြန်ဆင်းသွားကြသည်။ သူကြီးဦးဘမောင်က ရာကျော့်ကို မကျေမနပ်ကြည့်ရင်း ကပျာကယာလိုက်သွားသည်။

ရာကျော်က ထိုသူများကို တင်းမာသော မျက်နှာထားနှင့် စိန်းစိန်းစူးစူး ကြည့်ကာ ခွက်ထဲမှ လက်ကျန်အရက်ကို တစ်ရှိန်ထိုး မော့ချပစ်လိုက်သည်။

*

သူကြီး ဦးဘမောင် စီစဉ်ပေးသော အခြားလမ်းပြတစ်ဦးနှင့် မြို့မှလာသောမုဆိုးသုံးဦးတို့က မိကျောင်းသိုက်တောတွင်းသို့ ဝင်သွားကြသည်။ နှစ်ရက်သုံးရက်ကြာသော်လည်း တစ်ဦးတစ်ယောက်မှ ပြန်မလာကြသည့်အတွက် သူကြီးဦးဘမောင် စိတ်ပူကာ သတ္တိကောင်းသော ရွာသားများကို ခေါ်ယူကာ မိကျောင်းသိုက်တောအတွင်းသို့ ဝင်ရောက်ရှာဖွေရာ မိကျောင်းသိုက်တောအတွင်း တစ်နေရာ၌ လူတခြား လက်နက်တခြားဖြင့် ဘာဒဏ်ရာ ဒဏ်ချက်မှ ရှာမတွေ့ဘဲ မြို့သားမုဆိုးသုံးဦးတို့ သေဆုံးနေကြသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ကြရသည်။

လမ်းပြထည့်လိုက်သော ရွာခံလူကတော့ မသေမရှင်နှင့် မေ့မြောနေရာမှ လိုက်ရှာသူများက ပြုစုပေးသဖြင့် သတိရလာကာ အဖြစ်စုံကို ထိတ်လန့်စိုးရွံ့စွာ ကြောက်ကြောက်လန့်လန့်နှင့် ပြောပြသည်။

"ဒီ ဒီလိုဗျ၊ ကျုပ်တို့အားလုံး မိကျောင်းသိုက်တောအတွင်း ဝင်ပြီး တစ်နာရီခရီးလောက်ပဲ သွားမိရောသရွတ်တစ်ခုမှာ တော်တော်ကြီးတဲ့ ဝက်ကြီးတစ်ကောင်ကို တွေ့လို့ မြို့က မုဆိုးတွေက လိုက်ပစ်ကြတာ တောဝက်ကိုထိပြီး တောဝက်က တောထဲကို ဝင်ပြေးသွားတာ ဒဏ်ရာကြီးနဲ့မို့ မကြာခင်မိမှာပဲဆိုပြီး ကျုပ်တို့လဲ ဇောနဲ့လိုက်ကြရင်း တောတွင်းထဲ တော်တော်ကျွံဝင်သွားမိတာကို ရုတ်တရက် သတိမထားမိလိုက်ကြဘူး။

ဒီလိုနဲ့ လိုက်လိုက်ကြတာ နေကျချိန်လောက်ကျမှ သတိထားမိတော့ ခရီးကို အတော်ကျွံဝင်နေပြီ၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း လမ်းစလဲရှာမတွေ့ကြတော့ဘူး၊ ဝက်လဲ ပျောက်သွားတယ်၊ မကြာခင်မှာပဲ နေဝင်သွားတာနဲ့ ကျုပ်တို့လဲ နားနေလို့ရမယ့် ကုန်းကမူတစ်ခုမှာ နားနေကြဖို့ ပြင်ဆင်နေတုန်း ကြေးက်စရာအော်သံကြီးတွေနဲ့ တစ်တောလုံး တအုန်းအုန်းထ အော်မြည်လာတယ်၊ ရိုပ်ခနဲ ဖျတ်ခနဲနဲ့ ဘာကောင်တွေမှန်းလဲမသိ မမြင်ရဘဲ ကျုပ်တို့နားမှာ ပြေးလိုက် ပျောက်လိုက် ဖြစ်နေတယ်။

ဒါကို မုဆိုးတွေက စိတ်မထိန်းနိုင်ကြတော့ဘဲ သူတို့ သေနတ်တွေနဲ့ ထင်ရာမြင်ရာ စွတ်ပစ်တော့တာပဲ၊ တစ်တောလုံး သေနတ်သံရော တောချောက်သံတွေပါ ဟိန်းဟိန်းထနေတာပါပဲ၊ ဒီလိုနဲ့ ထိမိထိရာ ပစ်ကြရင်း ကျုပ်တို့ လူစုကွဲသွားကြတယ်၊ ကျုပ်လဲ ကြောက်လန့်တကြားပြေးရင်းက အကြောက်လွန်ပြီးသတိလစ်သွားတာပါပဲ၊ ဒီနောက်တော့ ဘာမှမသိတော့ဘူး၊ ခု ခင်ဗျားတို့ ရောက်လာမှပဲ သတိပြန်ရတာ၊ အား. . ကြောက် ကြောက်စရာကောင်းလိုက်တာဗျာ. . ဟီး ဟီး"

လမ်းပြလုပ်သူက တုန်တုန်ရီရီ ပြောပြီး ငိုသည်။ သူကြီးနှင့် ရွာသားများက မုဆိုးများ အလောင်းများကို သယ်ယူ ပြန်ခဲ့ကြသည်။ ရွာသို့ ရောက်ပြီးနောက်တစ်ညမှာပဲ လမ်းပြလုပ်သူ ဝမ်းတွေလျှော၍ သေဆုံးသွားသည်။ သူကြီးဦးဘမောင်က ရာကျော့်ကို မကျေမနပ်ဖြစ်သော်လည်း တစ်စုံတစ်ရာ သက်သေမပြနိုင်သည်မို့ ဘာမှမလုပ်နိုင်။

*

ဤသို့ဖြင့် မိကျောင်းသိုက်တောကြီးအတွင်းသို့ နောက်ထပ်မည်သူမှ ရာကျော် မပါဘဲ မဝင်ရဲကြတော့ပေ။ ထိုအဖြစ်အပျက်ကြောင့်လည်း တစ်ပွဲစား ရာကျော်အဖြစ် ပိုမိုနာမည်ကြီးလာသည်။ မိကျောင်းသိုက်တောကြီးအတွင်း အမဲသားကောင်များ ရရှိလိုလျှင် မုဆိုးတစ်ပွဲစားရာကျော်ထံမှသာ တောင်းကြသည်။ တစ်ပွဲစားရာကျော်အား ချဉ်းကပ်တောင်းလျှင် အမဲသားကောင် မရသူမရှိ။

အမဲသားကောင် ရရှိသူများထလည်း ကိုရာကျော် ကြိုက်နှစ်သက်သော မီးတောက်ချက်အရက်၊ ဘိန်းစသည်များဖြင့် လက်ဆောင်ပြန်ပေးကြသလို အချို့ကလည်း အဝတ်အထည် ဆန်၊ ဆီ၊ ဆား စသော စားသောက်ဖွယ်ရာများဖြင့် ကျေးဇူးတုံ့ပြန်သည်ကြောင့် ကြာတော့ ကိုရာကျော်မှာ အမဲလိုက်စရာ မလိုတော့အောင် အိမ်စားစရိတ်နှင့် အဝတ်အထည်များ လိုလေသေး မရှိအောင် ပြည့်စုံနေသည်။

မိကျောင်းအိုင် ဒေသတစ်ဝိုက်မှာလည်း မိကျောင်းသိုက်တောကြီးအတွင်း အမဲသားငါးလာရောက်ရှာဖွေသူများမှာ ကိုရာကျော်ကို ဆရာမတင်ဘဲ သွားသူမရှိ။ ကိုရာကျော်ကတော့ လက်ဆောင်ရထားသော မီးတောက်





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အရက်ကလေးသောက်လိုက် ဘိန်းလေးရှုလိုက်ဖြင့် အဆင်ပြေနေသည်။

သို့သော် အစကတည်းက မုဆိုးအလုပ်ကို ဝါသနာထုံသူဆိုတော့ ဒီလိုကြာကြာထိုင်ပြီး ငြိမ်ယစ်မနေချင်။ ကြာတော့ မုဆိုးဝါသနာပိုးက ထလာသည်။ ဒီတော့လည်း ကိုရာကျော်တစ်ယောက် မိကျောင်းသိုက်တောကြီး အတွင်းသို့ ဝင်ရန် ပြင်ဆင်ရပြန်သည်။

တောထဲ မဝင်ဖြစ်သည်မှာ အတော်ကြာပြီဖြစ်သည်မို့ ကိုရာကျော် တောဝင်ရန်တက်ကြွနေသည်။ နော်အဲမူ လိုအပ်သမျှပြင်ဆင်ပေးလိုက်သော စားရေရိက္ခာနှင့် သူ့လက်စွဲတော် လက်နက်အစုံကို ယူဆောင်ကာ ကိုရာကျော်တစ်ယောက် မိကျောင်းသိုက်တောကြီး အတွင်းသို့ အမဲလိုက်ထွက်ခဲ့ပါတော့သည်။

ဒီလိုနှင့် ကိုရာကျော် တစ်ယောက် မိကျောင်းသိုက်တောကြီးတွင်းသို့ တောဝင်သွားသည်မှာ ရက်အတန်ကြာနေပြီ ဖြစ်သည်။ ယခင်ကလည်း ကိုရာကျော် တောဝင်လျှင် အနည်းဆုံး ငါးရက် ခြောက်ရက်မျှ ကြာတတ်သည်။ ဒီလောက်ကြာလျှင် ပြန်လာစမြဲ ဖြစ်သော်လည်း ယခု ဆယ်ရက်ခန့်ကြာသည့်တိုင် ကိုရာကျော် ပြန်မရောက်သေး၊ လင်ပြန်အလာကို တမျှော်မျှော်ဖြစ်နေသော နော်အဲမူ တစ်ယောက်ကြာတော့ တစ်သက်လုံးက မပူဖူးသည့် စိတ်ပူပင်ကြောင့်ကြမှု ဖြစ်လာသည်။

အလွန်အနေအေးသော နော်အဲမူ လင်အတွက် စိတ်ပူလွန်းလာသဖြင့် မောင်နှင့် တူတော်သူများကို ခေါ်ယူကာ မိကျောင်းသိုက်တောကြီး အတွင်း ရောက်နေသော ကိုရာကျော် နောက်သို့ လိုက်စေသည်။

ထို့အတွက်ကြောင့် မောင်ဖြစ်သူနှင့် တူတော်သူ ခြောက်ယောက်တို့က စားရေရိက္ခာ လက်နက် အစုံအလင်တို့ကိုယူကာ မိကျောင်းသိုက်တောကြီး အတွင်းသို့ လိုက်သွားကြရသည်။

ဒီတောက သူတို့အဖို့တော့ မစိမ်း။ ထဲထဲဝင်ဝင် ကျွမ်းကျင်လှသည် မဟုတ်ကြသော်လည်း ကိုရာကျော်နှင့် မကြာခဏသွားလာခဲ့ဖူးကြသည်ကြောင့် သိသင့်သလောက် သိထားကြသည်။

တောတွင်းသို့ ဝင်ရောက်လာသည်နှင့် ကိုရာကျော်သွားလာနေထိုင်သွားသော နေရာခြေရာလက်ရာများကို အစအန ကောက်မိကြသော်လည်း ကိုရာကျော်ကိုမူမတွေ့ကြရသေး။ ရှာရင်း ဖွေရင်း တောတွင်းသို့ နက်မှန်းမသိ နက်အောင်ဝင်လာမိနေကြပြီ ဖြစ်သည်။

အူသံပေးသူပေး၊ တံပိုးမှုတ်သူမှုတ်ဖြင့် အဆက်အသွယ်ပြု အချက်ပေးကြပါသော်လည်း ကိုရာကျော့်အရိပ်အယောင်ကိုမျှ မတွေ့ကြရသေး။ တောကလည်း ကျယ်သလောက် နက်သည်။

ဤသို့နှင့် လေးငါးရက် ကြာသည့်တိုင်အောင် အနှံ့အပြားလှည့်ပတ်ရှာကြပါသော်လည်း ပါလာသော ရိက္ခာလည်း ပြတ်ပြီမို့ လက်လျှော့ကာ ပြန်ထွက်လာခဲ့ကြသည်။ သို့သော် တစ်ခုထူးခြားသည်က သူတို့အုပ်စု စခန်းချရပ်နားရာ နေရာတိုင်းလိုလိုမှာ ဘယ်သူထားသွားမှန်း မသိသော သားကောင်အသေတစ်ကောင်ကောင်တော့ အမြဲရှိနေခြင်း ဖြစ်သည်။ ပြန်ကြမည့်မနက်မှာလည်း ညကတည်းက ထားသွားဟန်ရှိသော သားကောင်အသေကောင်များကို အံ့သြစွာ တွေ့ကြရသည်။

ဒါတွေအားလုံး ကိုရာကျော် လက်ချက်မှန်း သိကြသော်လည်း ကိုရာကျော်ကို မတွေ့မမြင်ကြရသဖြင့် မစဉ်းစားတတ်အောင် ရှိနေကြရသည်။ လိုက်ရှာသူ တစ်စုလည်း သူတို့ရှာသောသူကို မတွေ့ရဘဲ မရှာသော ရလာသည့် သားကောင်များကို သယ်ပိုးကြကာ လာလမ်းအတိုင်း ပြန်ထွက်လာခဲ့ကြရတော့သည်။

ကိုရာကျော့်နောက်သို့ လိုက်လံရှာဖွေသူများ ပြန်ရောက်လာကြပါသော်လည်း လင်ဖြစ်သူ ကိုရာကျော် ပြန်ပါမလာသည့်အပြင် သတင်းအစအနပါမရရှိခဲ့သည်ကြောင့် နော်အဲမူ တစ်ယောက် စိတ်ပူပင် သောကကြီးစွာဖြစ်ရတော့သည်။

BURMESE CLASSIC .com

တောထဲ မဝင်ဖြစ်သည်မှာ အတော်ကြာပြီမို့ ဒီတစ်ခေါက် ကိုရာကျော်တစ်ယောက်တောဝင်လာရသည်မှာ ခပ်ဆိုင်းဆိုင်းဖြစ်နေသည်ဟု သူ့ကိုယ်သူ ထင်နေမိသည်။ ဒီတောဆိုသည်က သူ့ခြေရာချင်းထပ်မျှ မရောက်ဖူးသည့်နေရာ မရှိအောင် နှံ့နှံ့စပ်စပ် သွားလာထားသည်ချည်း ဖြစ်သည်။ သူ့အိမ်သူ့ရာလိုပင် သဘောထားသည်။ တစ်စစနှင့် မိကျောင်းသိုက်တောကြီး အတွင်းပိုင်းသို့ အတော်နက်အောင် ဝင်လာမိနေသည်။ ခုထိတော့ ဘာသားကောင်ကိုမှ မပစ်မခတ်ချင်သေး။ စိတ်ထဲမှာ တောကြီးအတွင်းပိုင်းသို့သာ တိုးရင်း ဝင်သွားနေချင်သေးသည်။

သုံးရက်ခရီးလောက် ဝင်လာမိသည်နှင့် သူတစ်ခါမှ မရောက်ဖူးသေးသော နေရာတစ်ခုကိုရောက်လာသည်။ အုပ်အုပ်မှိုင်းမှိုင်း သစ်ပင်ကြီးများ ထူထပ်စွာပေါက်နေပြီး ချွန်းစွယ်လေး တစ်ခုအကွေ့မှာ အနီးအပါးရှိ သစ်ပင်များထက် ပိုမိုကြီးမားသည့် သမ့်ပင်ကြီး တစ်ပင်ကို တွေ့ရသည်။

ခရီးကလည်းပန်း၊ မောလည်းမော၊ ဆာလည်းဆာပြီမို့ ကိုရာကျော်က ထို သမ့်ပင်ကြီးအောက်ရှိ ကုန်းကမူလေးပေါ်မှာ ထိုင်ရင်း နားလိုက်ကာ အသင့်ပါလာသော အရက်ပုလင်းကို ထုတ်၍ မော့သောက်လိုက်ရာ ပုလင်းထဲမှာ အရက်တစ်စက်မှမရှိတော့ လုံးဝကုန်နေပြီ ဖြစ်သည်။

ကိုရာကျော် ဒုက္ခဖြစ်တော့သည်။ သူ့အတွက် အသက်တမျှ အရေးပါသော မရှိမဖြစ် အရက်ကကုန်သွားပြီ ဖြစ်သည်။ ဒီတောထဲမှာ ဘယ်မှာမှလည်း ရှာရမည် မဟုတ်၊





www.burmeseclassic.com

www.burmeseclassic.com

ကိုရာကျော် စိတ်ပျက်ပျက်နှင့် သမ့်ပင်ကြီးခြေရင်းမှာ လှဲချလိုက်သည်။ ခရီးပန်းခြင်း စိတ်ပျက်ခြင်းများကြောင့် ခဏချင်းပင် ကိုရာကျော်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကိုရာကျော်အနီးသို့ သမ့်ပင်အကွယ်တစ်ဖက်မှ မမျှော်လင့်ဘဲ မိန်းမတစ်ယောက်ထွက်လာကာ အိပ်ပျော်နေသော ကိုရာကျော်ကို စူးစူးစိုက်စိုက်ကြည့်လျက် ပြုံးလိုက်သည်။ အသက်အားဖြင့် လေးဆယ်ခန့် အသားညိုညိုကိုယ်လုံးကိုယ်ဖန် တောင့်တောင့်နှင့် မိန်းမက အိပ်ပျော်နေသော ကိုရာကျော်အနီးမှာ ထိုင်ချလိုက်ရင်း. . .

"အစ်ကို အစ်ကို အစ်ကို" ဟု ကိုရာကျော့်ကိုယ်လုံးကို လှုပ်ရင်းနှိုးလိုက်သည်ကြောင့် ကိုရာကျော် အိပ်ချင်မူးတူးနှင့် နိုးလာကာ မထင်မှတ်ဘဲ သူ့ဘေးနားမှာရောက်နေသည့် မိန်းမကို အံ့သြစွာကြည့်ရင်း နေရာမှ ကမန်းကတန်း ထထိုင်လိုက်သည်။

"ဟင် မင်း မင်း မင်းဘယ်သူလဲ၊ ဘယ်က လာတာလဲ"

ဟု ပြူးတူးပြဲတဲ မေးသည်ကို မိန်းမက သဘောကျစွာရယ်လျက်. .

"ဟင်း ဟင်း ဟင်း အစ်ကိုကလဲ ကြောက်ရမယ့်သူက မကြောက်ရဘဲ မကြောက်ရမယ့်သူက ကြောက်နေပြန်ပါပြီ၊ ခစ် ခစ် ခစ်"

ဘယ်က ရောက်လာပါလိမ့်လဲ ဟု တွေးမရ ဖြစ်နေသည်။

"ကဲပါ အစ်ကိုကလဲ ညီမ ဘယ်ကလာလာ အရေးမကြီးပါဘူး၊ အရေးကြီးတာက အစ်ကို အခု အစ်ကို အလွန်ကြိုက်တဲ့ အရက်ကုန်နေပြီ မဟုတ်လား၊ ရော့ ဟောဒီမှာ အစ်ကိုကြိုက်တဲ့ ချက်အရက် မီးတောက် သောက်၊ အဝ သောက် ကုန်ရင် ထပ်ပေးဦးမယ် ရော့"

ဟု ထိုမိန်းမက အရက်များ အပြည့်ပါသော အရက်ပုလင်းတစ်လုံးကို ကမ်းပေးနေသည်။ ကိုရာကျော်လည်း သူ့အတွက် လောလောဆယ် အရေးအကြီးဆုံးဖြစ်သော သူ့အလွန်ကြိုက်သည့် ချက်အရက်မီးတောက်ကို ဘာမှ စဉ်းစားမနေဘဲ လှမ်းယူလိုက်ကာ တစ်ရှိန်ထိုး မနားတမ်းမော့သောက်လိုက်သည်။

"အား ခုမှပဲ အာသာပြေသွားတော့တယ်၊ ဒါနဲ့ မင်းက ဘယ်မှာနေတာလဲ၊ ဒီလောက်နက်တဲ့ တောကြီးထဲမှာ ဘယ်သူနဲ့ နေတာလဲ"

"ဪ ညီမက ဒီနားတစ်ဝိုက်ကပါပဲ၊ ဒီနေရာက ညီမ လာနေကျ နေရာပါ၊ ကဲပါ ဒါတွေ ပြောမနေပါနဲ့ မဝသေးရင် နောက်ထပ်ရှိသေးတယ်၊ သောက် အစ်ကို ဝအောင်သောက်၊ နောက်ပြီး အစ်ကို အမဲရလာရင်လဲ ညီမကို ပေးစားဦးနော်၊ ညီမလဲ မစားရတာကြာနေပြီ၊ ဒီသစ်ပင်အောက်ကိုပဲ အစ်ကို ပြန်လာခဲ့ပါ၊ ညီမ စောင့်နေပါမယ်"

ကိုရာကျော်က ဘာမှ ပြန်ပြောမနေတော့ဘဲ နောက်ထပ်အရက်တစ်ပုလင်းကိုယူကာ အမဲလိုက်ရန်အတွက် ထွက်သွားသည်။

ညနေစောင်းချိန်တွင် ရာကျော်က ရလာသော အမဲကောင်ကို ထမ်းရင်း ထိုသမ့်ပင်ကြီးအောက်သို့ ပြန်လာသည်။ သမ့်ပင်ကြီးအောက်မှာ ထိုမိန်းမက အသင့်စောင့်နေသည်။

"ဟော အစ်ကိုပြန်လာပြီ၊ ဟယ် အမဲကောင်လဲပါလာတယ် ဟား ဝမ်းသာလိုက်တာ၊ ခုမှပဲ အသားစားရတော့မယ်၊ ပေး ပေး ညီမကိုပေး"

ဆိုကာ အမျိုးသမီးက ကိုရာကျော့် ပခုံးပေါ်မှ အမဲကောင်ကို ဝမ်းသာအားရ လှမ်းယူကာ သစ်ပင်ခြေရင်းမှာချပြီး ကိုရာကျော့်ထံမှ အမဲလိုက်ဓားမြှောင်ဖြင့် ဖျက်နေသည်။ ကိုရာကျော်က မီးမွှေးရန် ပြင်ဆင်နေသည်။ အမျိုးသမီးက အမဲကောင်ထံမှ ဖျက်ပြီးသော အသားများကို ဒီအတိုင်း အစိမ်းလိုက်စားနေသည်ကို တွေ့မြင်ရသဖြင့် ကိုရာကျော်အံ့သြသွားသည်။

"ဟ ညီမ၊ ဒီမှာ မီးမွှေးနေတယ်လေ ပြီးမှ. . မီးကင်စားကြတာပေါ့"

"ဟာ အစ်ကိုကလဲ ဒီအတိုင်း အစိမ်းစားတာက ပိုအရသာရှိတယ် အစ်ကိုရဲ့၊ ရော့ အစ်ကိုလဲ စားကြည့်ပါလား၊ အသားစိမ်း စားရတာက ပိုအရသာရှိတာ အစ်ကိုသိသွားမယ်"

ကိုရာကျော်က အမျိုးသမီးလှမ်းပေးနေသော အမဲသား အစိမ်းတုံးကို စိုက်ကြည့်နေသည်။ ဆန်းတော့ဆန်းသည်။ သူ့ဘဝမှာ တစ်ခါမှ အသားစိမ်း မစားဖူးခဲ့။ နောက်ပြီး သူက အသားအလွန်ကြိုက်သူဖြစ်သည်။ သူ့အရက်သောက်လျှင် အမြည်းအဖြစ် အသားတစ်ခုခု မပါလျှင်မဖြစ်။ သို့သော် ခုက အသားစိမ်းဖြစ်သည်။

ကိုရာကျော် တွေးရင်း အသားစိမ်းကို စားချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်နှင့် အရင်ဆုံး အရက်ကို တစ်မော့သောက်လိုက်သည်။ အရက်ဝင်သွားသည်နှင့် အမြည်းစားချင်စိတ်က ထိန်းမရဖြစ်လာသည်မို့ အမျိုးသမီးလက်ထဲက အသားစိမ်းတုံးကို ဆတ်ခနဲယူကာ အားရပါးရ စားလိုက်သည်။ ချိုလိုက်တဲ့ အသား။ ဘယ်တုန်းကမှ မစားခဲ့ရဖူးသော ထူးခြားသည့် အရသာက ကိုရာကျော့်ကို အာသာမပြေသည်ကြောင့် နောက်ထပ် အသားစိမ်းများကို ဆွဲယူကာ မက်မက်မောမော စားလိုက်ပြန်သည်။

ဤသို့နှင့် ကိုရာကျော်ရော အမျိုးသမီးပါ နှစ်ယောက်သား အမဲကောင်တစ်ကောင်လုံးကို အစိမ်းအတိုင်း ကုန်အောင်စားနေကြသည်မှာ သွေးသံရဲရဲနှင့် ရှိနေကြသည်။

"ဒါနဲ့ ညီမ နာမည်ဘယ်လိုခေါ်လဲ"

"မနီ. . . မနီတဲ့"

"ညီမက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာတာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"အင်း အခုတော့ အစ်ကိုနဲ့ ညီမ က ဘဝတူဖြစ်သွားပြီဆိုတော့ ညီမဘဝ မှန်ကို ဖွင့်ပြောရတော့မှာပေါ့။ ညီမက ဆားကျင်းဆိုတဲ့ရွာကပါ၊ အဖေနဲ့ ဆား ထင်းခုတ်ရင်း ဒီတောကြီးထဲရောက်လာ ကြတာ၊ ဒီတောကြီးထဲမှာပဲ ဆားထင်း ခုတ်ရင်း အဖေရော ညီမပါ သစ်ပင်ပိပြီး သေခဲ့ကြရတယ်၊ အဖေကတော့ ဘယ် ရောက်သွားပြီလဲ မသိဘူး ညီမကတော့ ဒီသမဲ့ပင်ကြီးမှာပဲ နေခွင့်ရပြီး အစိမ်း သေဘဝမှ တစ္ဆေမအဖြစ် နေနေရပါ တယ်၊ အစားအစာလဲ အဆင်မပြေ တော့ တော်ပါတယ်။

အခု အစ်ကိုရောက်လာမှ ဝဝ စားရတာပါပဲ၊ အစ်ကိုက လူ့ဘဝကနေ အရှင်လတ်လတ်ဘဝပြောင်းပြီး တစ်ပွဲ စား တောပိုင်ဖြစ်နေပါပြီ၊ အစ်ကို လူ့ အသိုင်းအဝိုင်းထဲကို ပြန်သွားလို့ မရ တော့ပါဘူး၊ ဒီတော့ ဘဝတူတွေဖြစ် နေတဲ့ အစ်ကိုနဲ့ ညီမ ဒီမှာပဲ စိတ်တူ ကိုယ်တူ ပေါင်းသင်းနေထိုင်ကြရအောင် နော်"

အစိမ်းသေ တစ္ဆေမ မနီ၏ ပြော ပြချက်ကို ရာကျော်လည်းလက်ခံသည်။ သူကိုယ်တိုင်လည်း တောဝင်ပြီးကတည်း က လူ့အသိုင်းအဝိုင်းထဲကို ပြန်မသွား ချင်တော့။ ဒီတောကြီးထဲမှာပဲ နေရတာ ပျော်သည်။

အစိမ်းသေတစ္ဆေမ မနီ ပြော သည့်အတိုင်း ရာကျော်က မိကျောင်း သိုက်တောကြီးထဲမှာပဲ တစ္ဆေမ မနီနှင့် စိတ်တူ ကိုယ်တူ ပေါင်းသင်းနေထိုင် လိုက်တော့သည်။

သူ့ခန္ဓာကိုယ်ကလည်း တဖြည်း ဖြည်းနှင့် မူလလူပုံပျောက်ကာ အသား အရေများ ကြမ်းတမ်းလာပြီး အမွေး အမှင်များ ထွက်လာကာ နဂိုကမှ တင်း မာသော မျက်နှာက ပိုလို့ အရုပ်ဆိုး နေသည်။

ဘာသာတရားလည်း မရှိ။ အနေအထိုင် အစားအသောက် ကြမ်း တမ်းရုန့်ရင်းပြီး အသောက်အစားကြူး အသတ်အဖြတ် ရဲသော ရာကျော်ကို အကုသိုလ်အကျိုး ပေးချိန်ရောက်သဖြင့် အကျိုးပေးဆိုးကာ လူ့ဘဝ အရှင်လတ် လတ်မှ တောစိတ်ဝင်လျက် တစ်သက် မှာပင် နှစ်ဘဝပြောင်းပြီး လူမိစ္ဆာတော ပိုင် တစ်ပွဲစားအဖြစ် အကုသိုလ်က အကျိုးပေးတော့သည်။

ဘာသာတရား အဆုံးအမနှင့် ယဉ်ကျေးမှုကင်းမဲ့ပြီး ရုန့်ရင်းကြမ်းတမ်း သော ဘဝဆိုးကြောင့် ခုလို ရခဲလှသော လူ့ဘဝမှာ လူသားစင်စစ်ဖြစ်လာရသော် လည်း လူဖြစ်ရကျိုးမနပ်ဘဲ အရှင်လတ် လတ် ဘဝပြောင်းသွားသည့် ကိုရာ ကျော့်အဖြစ်ကား တရားမဲ့သူတို့အဖို့ သတိသံဝေဂရစရာ နာယူမှတ်သားဆင် ခြင်ဖွယ်ရာ ဖြစ်တော့သည်။

BURMESE CLASSIC

နော်အဲမူတစ်ယောက် ရက်လ ကြာရှည်စွာ လင်ဖြစ်သူ ကိုရာကျော်ကို ရှာဖွေစုံစမ်း မျှော်လင့်ပါသော်လည်း ယနေ့တိုင်ပေါ်မလာပြီမို့ စိတ်မကောင်း ကြီးစွာဖြင့်ပင် လင်ယောကျ်ားဝင်သွား သည့် မိကျောင်းသိုက်တောအစပ်မှာ မကြာခဏ သွားရောက်ကာ တစေ့ တစောင်း မျှော်မိသည်။

တစ်နေ့ နော်အဲမူ အိပ်ပျော်နေ စဉ် ထူးဆန်းသောအိပ်မက်ကို မြင်မက် သည်။ သူ့ယောကျ်ား ကိုရာကျော်က ရှည်လျားပြီး ဖားလျားကျနေသောဆံပင် များ တစ်ကိုယ်လုံးလည်း အမွေးအမှင် များ ထူထပ်စွာပေါက်လျက် လူ့ရုပ် မပေါ်သော ပုံစံဖြင့်. . .

"အဲမူ ငါတော့ ဘဝပြောင်းသွား ပြီ၊ နင် ငါ့ကို မျှော်မနေနဲ့တော့၊ အဆင် ပြေသလိုနေ၊ ငါ လူ့ဘဝကနေ တောပိုင် အဖြစ် ဘဝပြောင်းသွားပြီ၊ ငါတော့ ဒီမိကျောင်းသိုက် တောကြီးထဲမှာပဲ နေတော့မယ်၊ နင်တို့ အမဲသားငါး လိုချင် ကြရင် မီးတောက်ချက်အရက် တစ် ပုလင်း ဘိန်းပြောင်းတစ်စုံနဲ့ ကွမ်းတစ်ငုံ ဆေးပေါ့လိပ် အဲဒါတွေနဲ့ ငါ့ကို တင် မြှောက်ပြီး တောင်းရင် အမဲသားကောင် တွေရအောင် လုပ်ပေးမယ်၊ ဒီမိကျောင်း သိုက်တောကြီးထဲကို သစ်ခုတ် သားငါး ရှာ လာကြရင်လဲ ငါ့ကို တင်မြှောက် ပသပြီးမှ လာကြ၊ ဝင်ကြ၊ အဲဒါဆို အန္တရာယ်ကင်းမယ်၊ ငါ့ကို တောပိုင်ကြီး တစ်ပွဲစား ဘရာကျော်လို့ ခေါ်ကြ"

ဟု သေသေချာချာ မှာကြား ပြောဆိုပြီး ထွက်သွားသည်ကို ထင် ထင်ရှားရှား မြင်မက်ရသည်။

နောက်တစ်နေ့မှာပဲ နော်အဲမူ က သူမ ညက မြင်မက်ခဲ့ရသည့် အိပ် မက်ကို ပြောပြရာ အားလုံး တအံ့ဩ ဖြစ်ကြရသည်။ နော်အဲမူ ပြောပြချက် ကြောင့် မိကျောင်းအိုင်ဒေသတစ်ဝိုက် နှင့်အခြားသောဒေသများမှ လာရောက် ကြသည့် သစ်ခုတ် သားငါးရှာဖွေသူများ က မိကျောင်းသိုက်တောကြီးအတွင်း သို့ ဝင်ရောက်လိုကြပါလျှင် တောပိုင် ကြီး တစ်ပွဲစား ဘရာကျော်အတွက် မီး တောက် ချက်အရက်တစ်ပုလင်း ဘိန်း ပြောင်း တစ်စုံ ကွမ်းတစ်ယာ၊ ဘော့ဖြူ ဆေးပေါ့လိပ် တစ်လိပ်တို့ဖြင့် တင် မြှောက်ပသပြီးဝင်ရောက်ကြပါက လိုရာ ကိစ္စ ပြည့်ဝကြရသည် ဖြစ်သောကြောင့် ထိုမိကျောင်းသိုက်ဒေသ တစ်ပိုင်တွင် တစ်ပွဲစားတောပိုင်ကြီး ဘရာကျော် အဖြစ် နာမည်ကျော်ကြား ထင်ရှား လျက်ရှိသည်။

တကယ်တော့ ဒီဖြစ်ရပ်က လွန် ခဲ့သော နှစ်ပေါင်းရှစ်ဆယ်ကျော်ခန့်က ထိုဒေသတွင် ဖြစ်ခဲ့သော တကယ့်ဖြစ် ရပ်မှန်ဖြစ်သည်။ ဒီဖြစ်ရပ်ကို ကိုယ်တိုင် ကိုယ်ကျ တွေ့ကြုံခဲ့ရသည့် ယခုတိုင် သက်ရှိထင်ရှား ရှိနေသော လပွတ္တာ မြို့သား အသက်(၉၀)နီးပါးရှိ စာရေးသူ ဖခင်ဦးထွန်းစိန်ပင် ဖြစ်သည်။ ဖခင်ကြီး ဦးထွန်းစိန် ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်ကို ပြောပြသည့်အတိုင်း ပြန်လည်တင်ပြရပါလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၊ လပွတ္တာမြို့က ပင်လယ်ဆိပ်ကမ်း ဒေသမြို့တစ်မြို့ပီပီ အရောင်းအဝယ်ဖြင့် စည်ကားသောမြို့ဖြစ်သည်။

လပွတ္တာမြို့လယ်ရပ်ကွက် ဖြစ်သော အထက်ပိုင်းရပ်ကွက် ကမ်းနားလမ်းမကြီးဘေးရှိ မေတ္တာလမ်းထဲတွင် ဆန်ကုန်သည်ကြီး ဦးချစ်ဖို့၏ သားဖြစ်သူ မြရတနာသစ်စက်ပိုင်ရှင် ကိုထွန်းစိန်က သစ်စက်လုပ်ငန်း သစ်အရောင်းအဝယ်လုပ်ငန်းများဖြင့် တိုးတက်အောင်မြင်နေသော လူလတ်ပိုင်း စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအဖြစ် လူသိများသူဖြစ်သည်။

အချိန်ကာလက ၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်သည်။ ကိုထွန်းစိန်က သစ်စက်လုပ်ငန်း သစ်ခွဲခြင်းလုပ်ငန်းတစ်ခုသာ မဟုတ်ဘဲ တောနယ်ကျေးရွာများသို့ ကိုယ်တိုင်ထွက်ကာ သစ်များဝယ်ယူခြင်းလုပ်ငန်းကိုလည်း လုပ်သည်။ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာဒေသများကလည်း ပင်လယ်ပိုင်း ဒီရေတောဒေသများဖြစ်သည်နှင့်အညီ ရေငန်ပေါက်သစ်များ ဖြစ်ကြသော ကနစို၊ သမဲ့၊ လဘ၊ ဗျူး၊ သရော၊ သရက်စသော သစ်များက တောတိုင်းလိုလိုမှာ တိုးမပေါက်လောက်အောင် ထူထပ်ပေါများသည်။ နီးစပ်ရာဒေသခံများက ထိုတောများ၌ သစ်ခုတ်ခြင်းလုပ်ငန်းကို အများအားဖြင့် လုပ်ကိုင်ကြသည်။

ကိုထွန်းစိန်က ဒေသထွက် သစ်လုံးများကို ကိုယ်တိုင်ထွက်ဝယ်ခြင်း၊ ဒေသခံသစ်ခုတ်သမားတို့အား ငွေရမ်း၍ ရောင်းတမ်းဝင် သစ်များကို ခုတ်ကာဖောင်ဖွဲ့လျက် လပွတ္တာမြို့ရှိ ၎င်းပိုင်သစ်စက်သို့ သယ်ယူခြင်း စသောလုပ်ငန်းကို လုပ်ကိုင်ရာတွင် တချို့နေရာများ၌ သူကိုယ်တိုင် သစ်တောတွင်းသို့ လိုက်ပါသွားတတ်သည်။ လပွတ္တာမြို့နယ် အတော်များများရှိ ကျေးရွာများက သစ်ကုန်သည်လေး ကိုထွန်းစိန်ကို လူသိများကြသည်။

ကိုထွန်းစိန်က စွန့်စွန့်စားစား လုပ်ရသော အလုပ်၊ ခက်ခက်ခဲခဲ လုပ်ရသော အလုပ်ကို ဝါသနာကြီးသည်။ ဖွဲ့လည်းကောင်းသလို သတ္တိလည်းရှိသည်။ လူမှုဆက်ဆံရေးဖော်ရွေသလို အပေးအကမ်း၊ အကျွေးအမွေး၌လည်း နှမြောတွန့်တိုခြင်း မရှိ။ ရက်ရောသူမို့ သူ့ကိုဆက်ဆံဖူးသူတိုင်း ချစ်ခင်ယုံကြည်အားထားကြသည်။ အပေါင်းအသင်းလည်း ပေါသလို ဝင်ဆံ့သူဖြစ်သည်။ ကိုထွန်းစိန်က မကြွားဝါ မထည်ဝါ။ မည်သည့်ဒေသမှာ မည်သည့်လူမျိုးနှင့်မဆို အဆင်ပြေသူဖြစ်သည်။ လောင်းကစားနှင့် အသောက်အစားလည်း ကင်းသူဖြစ်သည်။

လပွတ္တာမြို့နယ် မိကျောင်းအိုင်ကျေးရွာရှိ ဦးထွန်းလှ ဒေါ်အေးရှိန်တို့သည် ဒေသထွက်သစ်များကို တစ်ဆင့်ဝယ်ပေးရသော ကိုထွန်းစိန်၏ နယ်ကိုယ်စားလှယ်ဖြစ်သည်။ ဦးထွန်းလှက မိကျောင်းသိုက် သစ်တောကြီးအတွင်းမှ သစ်များကို လူငှားများဖြင့် ခုတ်ပြီး လိုအပ်သော အရေအတွက်ပြည့်မီပါက ဖောင်ဖွဲ့လျက် လပွတ္တာမြို့ရှိ ကိုထွန်းစိန်ပိုင် မြရတနာသစ်စက်သို့ ပို့ပေးရခြင်း လုပ်ငန်းများကို လုပ်ဆောင်ပေးရသည်။ ကိုထွန်းစိန် အလွန်အားကိုးယုံကြည်စိတ်ချရသော နယ်ကိုယ်စားလှယ်ဖြစ်သည်။ ဦးထွန်းလှတို့ လင်မယားနှစ်ယောက်စလုံးကလည်း ကိုထွန်းစိန်ကို လုပ်ငန်းရှင်သဘောထက် တူသားပမာ ခင်မင်စွာဖြင့် ချစ်ခင်ကြသည်။

ကိုထွန်းစိန်က မိကျောင်းအိုင်ကျေးရွာရှိ သူ့ကိုယ်စားလှယ် ဦးထွန်းလှတို့ထံသို့ မကြာခဏ လုပ်ငန်းကိစ္စဖြင့် သွားရောက်တတ်သည်။

ယခုလည်း ကိုထွန်းစိန်က တောတက်ရန် လာရောက်မည်ဟု လူကြုံဖြင့် မှာလိုက်သောကြောင့် ဦးထွန်းလှတို့ လင်မယားက လိုအပ်သော လုပ်ငန်းကိစ္စများကို အဆင်ပြေအောင် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြသည်။

ကိုထွန်းစိန်က တောထမင်း တောဟင်းကို နှစ်နှစ်သက်သက်စားတတ်သည်။ ထူးထူးဆန်းဆန်း တောကောင်သားများကိုလည်း ကြိုက်တတ်သည်။ နောက်တစ်နေ့နေ့လယ်လောက်မှာ မိကျောင်းအိုင်ကျေးရွာရှိ ဦးထွန်းလှတို့နေအိမ် လှေဆိပ်သို့ စက်လှေတစ်စင်း ဆိုက်ကပ်လာသည်။

"ဟော မောင်ထွန်းစိန်တောင် ရောက်လာပြီ၊ မအေးရှိန်ရေ့ နင့်တူ ရောက်လာပြီ ဟဲ့၊ ဟေ့ မင်းတို့ဆရာ သမား ပါလာတာတွေကို ဝိုင်းသယ်ကြ ပါကွယ်၊ ကဲ လာ တက် ငါ့တူ"

ဟု ဦးထွန်းလှက ဝမ်းသာအားရ ဆီးကြိုသည်။ ကိုထွန်းစိန်ကတောတတ် လာလျှင် တည်းခိုအိမ်နှင့် လုပ်သားများအတွက် မုန့်ပဲသရေစာ၊ အဝတ်အထည်၊ ကစားစရာလေးများ စသည်ဖြင့် စုံစီနဖာ ဝယ်ခြမ်းသယ်ဆောင်လာတတ်သည်။ ကိုထွန်းစိန် တောတက်လာ၍ ယောကျ်ား၊ မိန်းမ၊ ကလေး လူကြီးမကျန် ဝိုင်းဝိုင်းလည်နေသည်။

"ဦးဦး သားတို့ဖို့ မုန့်ပါလား"

"အေး ပါတယ်ကွ"

"သူဌေးလေး ဘာတွေ စားစရာ ပါလဲ၊ ကျုပ်တို့ ဝိုင်းသယ်ပေးမယ်"

"ပါပါတယ်ဗျာ ဟောဒီခြင်းတွေ ထဲမှာ အစုံပဲ၊ ကဲ သယ်ကြ သယ်ကြ"

"ဟာ သူဌေးလေး၊ ကျုပ်တို့ဖို့ တော့ ထုံးစံအတိုင်း ဟဲ ဟဲ သွေးပူလေးများတော့ မေ့ မထင်ဘူးနော ဟဲ ဟဲ"

"ဟား ဟား ဟား စိတ်ချ ကိုမဲခင်ဗျားတို့ဖို့ ဘယ်မေ့ပါ့မလဲ၊ ကျုပ်လူတွေ ဘာကြိုက်တတ်တယ်ဆိုတာ သိပါတယ်ဗျ"

"ဟေး ဒါမှ တို့ သူဌေးလေးကွ၊ ဟား ဟား ဟား"

"ကဲ ကဲ ဟေ့ မောင်ထွန်းနားပါစေဦးကွာ၊ မအေးရှိန်ရေ မင့်တူ ပါလာတာလေးတွေ အဆင်ပြေသလို ခွဲဝေစီမံပေးလိုက်ပါဦး၊ လာ မောင်ထွန်း လာ





www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ မင်းလာမယ်ဆိုလို့ ရထားတဲ့ ဆတ်သားခြောက် မီးဖုတ်လေးကို နှမ်းဆီရွှဲရွှဲလေးဆမ်းထားတာ လပွတ္တာစိုးဝင်းပင်လုံ လက်ဖက်ခြောက်ကျကျလေးခတ်ထားတဲ့ အဖန်ရေနွေးပူပူလေးနဲ့ မြည်းရင်း နားလိုက်ပါဦး"

ကိုထွန်းစိန်က ဝိုင်းဝန်းနှုတ်ဆက်သယ်ပိုးကူညီနေကြသောလူကြီးကလေးတစ်သိုက်ကို ရင်းနှီးစွာ ပြောဆိုရင်း ဦးထွန်းလှအိမ်ပေါ် တက်လျက် အိမ်ဦးခန်းတွင် ပြင်ထားသည့် ရေနွေးကြမ်းဝိုင်း၌ ထိုင်လိုက်သည်။

"ဘယ့်နှယ်လဲ ဦးလေး၊ သစ်တွေအတော်ရပြီလား"

"အေးကွ မင်းမှာထားတာထက်တောင် ပိုရနေသေးတယ်၊ သက်ဆိုင်ရာနဲ့ လိုအပ်တာတွေ အကုန်လုပ်ကိုင်ပြီးပြီကွ၊ မင်းရောက်လာရင် မျှောဖို့ပဲရှိတယ်၊ အားလုံး အသင့်ပြင်ဆင်ထားတယ်"

"ကောင်းတာပေါ့ အင်း ဒီတစ်ခေါက်တော့ ကျွန်တော်လဲ အေးအေးဆေးဆေး နှစ်ရက် သုံးရက်လောက်နေဖြစ်မယ်ထင်တယ်၊ နောက်ပြီးတော့ မိကျောင်းသိုက်တောထဲလဲ ဝင်ချင်တယ်ဦးလေး"

"ဟေ မောင်ထွန်းရဲ့၊ မင်းက မိကျောင်းသိုက်တောထဲ ဘာသွားလုပ်မှာလဲကွ"

"ကျွန်တော်လဲ တစ်ခါတစ်ရံ တောထဲမှာ အမဲလိုက်တာ လိုက်ပါချင်တယ် ဦးလေးရ၊ မြို့ပေါ်မှာ ဒီလုပ်ငန်းတွေနဲ့ပဲ တစ်နေ့ တစ်နေ့ နေ့တိုင်းလုံး ချာလည်လိုက်နေတာ၊ ကြာတော့ငြီးငွေ့လာတယ် ဒါကြောင့် စိတ်အပြောင်းအလဲဖြစ်အောင် တစ်ခါတလေ တောထဲမှာ အမဲလေး ဘာလေး လိုက်မလားလို့ပါ"

"ဪ အင်း အင်း အေးလေ၊ မင်းပြောတာလဲ ဟုတ်တာပဲ၊ အေးပေါ့ မင်း ဒီလောက်သွားချင်တဲ့ ဆန္ဒရှိနေရင်လဲ ဦးလေးကြည့် စီစဉ်ပေးမှာပေါ့ကွာ"

ဟု ဦးထွန်းလှက ချင့်ချင့်ချိန်ချိန်ဖြင့် ပြောသည်။ နာမည်ကြီး မိကျောင်းသိုက်တောအကြောင်းကို သူ ကောင်းကောင်းသိသည်။ သို့သော် သူ့ထုံးစံနှင့် သူ လိုက်နာဆောင်ရွက်လျှင် အန္တရာယ်မရှိနိုင်မည်မို့ ဦးထွန်းလှက တာဝန်ယူလိုက်ခြင်းဖြစ်သည်။

"ကဲ ဒီတူဝရီး စကားဝိုင်းသိမ်းကြတော့၊ ကလေးက ခရီးပန်းလာတာဆာလဲလာရှာမှာပေါ့၊ ကဲ ကိုထွန်း ရေချိုးအဒေါ် ထမင်းပွဲပြင်ထားမယ်၊ ဒီနေ့မှ တောသမားတွေလာပို့ထားတဲ့ တောဝက်သား ဝမ်းတွင်းသားဆီပြန် လျှာ၊ နှုတ်သီးနဲ့ နားရွက်သုပ်၊ အအီပြေအောင် ချဉ်ပေါင်ရွက်ဟင်းချို အဒေါ်ကိုယ်တိုင်လုပ်ထားတဲ့ ငါးငါးပိရည်ကျို ငရုတ်သီးထောင်းစပ်စပ် လယ်သရက်ကင်းတို့စရာနဲ့ ကိုထွန်း ထမင်းမြိန်မှာပါ"

"ဟား အဒေါ်ပြောပြတာနဲ့တင် ထမင်းဆာလာပြီ၊ ကဲ ဦးလေးရေ ညကျမှစကားဝိုင်းဆက်ကြတာပေါ့၊ကျွန်တော်တော့ ရေထဲဆင်းတော့မယ်"

ထိုည ထမင်းဝိုင်းက ဒေါ်အေးရှိန်လက်ရာကြောင့် ခေါင်းမဖော်တမ်းစားကောင်းလှသည်။ ကိုထွန်းစိန် အားရပါးရစားနေသည်ကို ကြည့်ပြီး ဒေါ်အေးရှိန်တစ်ယောက် ဝမ်းသာနေသည်။ ကိုထွန်းစိန်က ဒီလိုလူစားမျိုး။ အစားနှင့်စကားကို ဟန်မဆောင်တတ်။ ထမင်းဝိုင်း လက်စသတ်ပြီးသွားသည်နှင့် အိမ်ရှေ့ခန်း ဘုရားဆောင်ရှေ့မှာ ထန်းလျက်ဖြူဆုပ်၊ လက်ဖက်ချဉ်စပ်သုပ်၊ ငါးရံ့ခြောက်မီးဖုတ်ကို နှမ်းဆီဆမ်းထားသော အမြည်းနှင့် လပွတ္တာမြို့မှ ဝယ်လာသော နာမည်ကျော်စိုးဝင်း လက်ဖက်ခြောက်နံ့သင်းသင်း ခတ်ထားသည့် ရေနွေးကြမ်းဖြင့် ဝိုင်းဖွဲ့ကြသည်။

ကိုထွန်းစိန်က ရေနွေးကြမ်းကို မှုတ်သောက်ရင်း. . .

"ဒါနဲ့ ဦးလေး ဒီမိကျောင်းသိုက်တောထဲမှာ ဘာအကြောင်းနဲ့ဝင်ဝင်တင်ကြ မြောက်ကြရတဲ့ တစ်ပွဲစားတောပိုင် ဘရာကျော်အကြောင်း ပြောပြမယ်ဆို"

"အေး . . . ပြောရမှာပေါ့ကွာ၊ ဒီအဖြစ်အပျက်က ဒီဒေသမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေမယ့်လဲ ငါတို့မိကျောင်းအိုင် ဒေသတစ်ဝိုက်မှာတော့ ဒီနေ့တိုင် သားစဉ်မြေးဆက် မှတ်မှတ်ရရ ပြောနေကြတုန်းပဲကွ၊ အင်း . . . ဒီအကြောင်းကို ငါတို့အဖေက ငါ့ကို တစ်ဆင့်ပြောပြခဲ့တာပဲ၊ မောင်ထွန်းသိချင်တယ်ဆိုတော့လဲ ငါ သိထားသလောက် ပြောပြရမှာပေါ့၊ ဒီလိုကွ"

ဦးထွန်းလှက ဤဝတ္ထုအစ၌ဖော်ပြခဲ့သော တောပိုင်တစ်ပွဲစားအကိုးရာကျော်ခေါ် ဘရာကျော်အကြောင်းကို သူ့အဖေထံမှ ကြားသိထားခဲ့ရသည့်အတိုင်း ကိုထွန်းစိန်ကို စိကာပတ်ကုံးပြောပြနေသည်။ ဦးထွန်းလှ၏ ပြောပြချက်ကို ကိုထွန်းစိန်အပါအဝင် လက်ဖက်ရည်ကြမ်းဝိုင်း၌ ပါဝင်နားထောင်နေကြသူများ အားလုံးတို့က စိတ်ဝင်စားစွာဖြင့် အာရုံပြုနားထောင်နေကြသည်။

ထိုညက ကိုထွန်းစိန် တစ်ယောက် အိပ်မက်ထဲတွင် တောပိုင်ကြီးတစ်ပွဲစားဘရာကျော်နှင့် တွေ့ဆုံရသည်ဟု ထူးဆန်းစွာ မြင်မက်ရသည်။

နောက်တစ်နေ့တွင် ဦးထွန်းလှက သူရရှိထားသော သစ်များကို စာရင်းဇယားနှင့်တကွပြုစုပေးအပ်ခြင်း၊ရောက်ရှိပြီး သစ်လုံးများကို လုပ်သားများနှင့် ဖောင်တွဲခြင်း စသည့် လုပ်ငန်းများဖြင့် ဦးထွန်းလှရော ကိုထွန်းစိန်ပါ နှစ်ယောက်စလုံး မအားလပ်၊ အလုပ်ရှုပ်နေကြသည်။ ဒီတစ်ပတ်ရသော သစ်များက မှာထားသည်ထက် ပိုမိုသောကြောင့် သစ်ဖောင်ကို နှစ်ဆိုင်းခွဲကာ ဖွဲ့ရသည်။ ရေလေသင့်သည်နှင့် မျှောကြရမည် ဖြစ်သည်။

နောက်ထပ် တောဝင်ကာ သစ်ခုတ်ကြမည့် လုပ်သားများအတွက် စရိတ်စက ကြိုတင်ထုတ်ပေးခြင်းများ

www.burmeseclassic.com

ဖြင့် ထိုနေ့ တစ်နေ့လုံး အလုပ်များနေကြသည်။ လုပ်ငန်းက လေးပင်သော သစ်လုံးများဖြင့် လုပ်ကိုင်ကြရသော ကြောင့် ထင်သလို လွယ်လွယ်ကူကူမပြီးနိုင်။ ဒီလိုနှင့် ပြင်ရင်းဆင်ရင်း သုံးရက်ခန့် အချိန်ကုန်လွန်သွားရသည်။ လေးရက်မြောက်တော့မှပဲ လုပ်ငန်းများက လက်စသက်သွားသည်။ သစ်ဖောင်လည်း မျှောချထွက်ခွာသွားပြီဖြစ်သည်။ သစ်ဖောင်အဖြစ် ဦးစီး ကိုထွန်းစိန်နှင့် အတူနေသော စစ်ပြန်ကရင်အမျိုးသားကြီး ဦးရဲဆွေက ဦးဆောင်လိုက်ပါသွားသည်မို့ အစစအရာရာ စိတ်ချရသည့် အတွက် ကိုထွန်းစိန်က နေရစ်ခဲ့သည်။

လုပ်ငန်းများ အားလုံးပြီးစီး၍ အေးဆေးသော နောက်တစ်နေ့တွင် ကိုထွန်းစိန်က . . .

"ကဲ ဦးလေး အလုပ်တွေတော့ ပြီးသွားပြီ၊ ကျွန်တော် ပြောသားတဲ့ မိကျောင်းသိုက်တောထဲမှာ အမဲလိုက်သွားကြဖို့ စီစဉ်ပေးပေတော့"

"သြော် အေး အေး၊ အတော်ပဲကွ၊ အဆင်သင့်လိုက်တာ ရှာခံမုဆိုးငတောက်တူတို့ကို ဦးလေးကြုံပြောပြီးသားပါ၊ နက်ဖြန်မနက်ပိုင်းကျမှ သွားကြတာပေါ့"

"ဒါနဲ့ ဦးလေး ခွေးတွေကလဲ အမဲလိုက်ကောင်းကြတယ်လို့ ပြောပါလား"

"အေးကွ၊ ငါလဲ ဒီကောင်တွေ အားကိုးနဲ့ တစ်ခါတစ်ခါ တောတိုးပြီး ဟင်းစားလေး ဘာလေးရှာနေရတာ"

ထိုနေ့ ညစာကို ဒေါ်အေးရှိန် လက်ရာ ကြက်သားပဲကုလားဟင်းနှင့် မန်ကျည်းရွက်သုပ်က ထမင်းဝိုင်းကို စည်ကားစေသည်။ စားကောင်းကောင်းနှင့် ဝမ်းတင်းအောင်စားမိသော ကိုထွန်းစိန်တစ်ယောက် ထိုနေ့ည နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မိတော့သည်။

နောက်နေ့ နေနည်းနည်းမြင့်မှပင် ကိုထွန်းစိန် အိပ်ရာမှ နိုးလာသည်။

"ဟား ညက အဒေါ့်လက်ရာ ကြက်သားပဲကုလားဟင်းစားပြီး အိပ်ထည့်လိုက်တာ နေမြင့်မှပဲ နိုးလာတော့တယ်"

ကိုထွန်းစိန်မှာ ပြောပြီး ကိုယ်လက်သန့်စင်ရန် ရေဆိပ်သို့ ဆင်းသွားသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ထိုနေ့ မနက်စောစောစာကို ဒေါ်အေးရှိန် ပြင်ပေးသော ငါးရံ့ခြောက်ဖုတ်ဆီဆမ်း ပဲပြုတ်ဆီဆမ်းနှင့် ကောက်ညှင်းပြန်ပေါင်းတို့ကို အားရပါးရစားလိုက်သည်။ စားနေဆဲမှာပဲ ရှာခံမုဆိုး ကိုတောက်တူက တောဝင် ပစ္စည်းလက်နက်ကိရိယာတို့နှင့် ရောက်လာသည်။ ကိုထွန်းစိန်က ရေနွေးဝိုင်းမှ စားနေရင်း လှမ်းခေါ်သည်။

"ဟော ကိုတောက်တူတောင် ရောက်လာပါလား၊ လာ မုဆိုးကြီး တစ်ခါတည်း ဝင်စားလိုက်ဦး၊ ပြီးမှ သွားကြတာပေါ့"

"ကောင်းပါပြီ သူဌေးလေး၊ ဒေါ်အေးရှိန်လက်ရာ မစားရတာ ကြာပြီပေါ့"

ရှာခံမုဆိုး ကိုတောက်တူက ပါလာသော ဝန်စည်စလယ်များကို ချထားလိုက်ပြီး ကိုထွန်းစိန်တို့ ဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ စားရင်းသောက်ရင်း မိကျောင်းသိုက် တောအကြောင်းကို မုဆိုး ကိုတောက်တူက ပြောပြသမျှ ကိုထွန်းစိန်က စိတ်ဝင်စားစွာ နားထောင်သည်။

မကြာမီ စားသောက်ပြီးစီးကြသည်နှင့် ဦးထွန်းလှ မုဆိုးကို တောက်တူ၊ ကိုထွန်းစိန်နှင့် အလုပ်သမားတစ်ယောက်၊ ပေါင်းလေးယောက်သား ဦးထွန်းလှ ဘောက်တူဖြင့် မိကျောင်းသိုက်တောကြီးရှိရာသို့ ဦးထွန်းလှ၏ အမဲခွေးသုံးကောင်ပါတင်လျက် ထွက်ခွာသွားကြတော့သည်။

"ကျွိ . . ကျွိ . . ကျွိ . . ကျွိ"

ဘောက်တူဖြင့် လူလေးယောက် ခွေးသုံးကောင်တို့ကို တင်ကာ တစ်နာရီသာသာခန့် လှော်ခတ်လာရာ တဖြည်းဖြည်းနှင့် မိကျောင်းသိုက်တောကြီး အစပ်သို့ ဝင်ရောက်လာကြသည်။

"ဟေ့ ဟေ့ ဟိုရှေ့က တောစပ်မှာ ဆိုက်ကြမယ်၊ ဒီကပဲ တက်ကြမယ်"

ဦးထွန်းလှ၏ စကားကြောင့် ဘောက်တူခတ်သူက သူညွှန်ပြသော ချွန်းစပ်မှာ ဘောက်တူကို ကပ်လိုက်သည်။ ဘောက်တူကို ကမ်းစပ်၌ ကပ်လိုက်ပြီး ပါလာသော ဝန်စည်စလယ်များကိုယူကာ မိကျောင်းသိုက်တောကြီး အတွင်း ဝင်လိုက်ကြသည်။ အတော်ဝင်မိလာကြသောအခါ ရှေ့နားရှိ ကုန်းကမူလေး တစ်ခုပေါ်တွင် ပေါက်နေသော ကြီးမားသည့် သမ့်ပင်ကြီးတစ်ပင်အောက်၌ အရောက်တွင် ဦးထွန်းလှက ပါလာသော အရက်တစ်ပုလင်း၊ ကွမ်းတစ်ရာ၊ ဆေးပေါ့လိပ် မီးညှိပြီးသားတစ်လိပ်၊ ဝါးပြွန်တံဖြင့် လုပ်ထားသော ဘိန်းပြောင်းဖြင့် ပါလာသော ဘိန်းအနည်းငယ်ကို အသင့်ရှူနိုင်အောင် ပြုလုပ်ပေးထားပြီး သူတို့နှင့်ပါလာသော အမဲလိုက်သည့် ပစ္စည်းများအား သမ့်ပင်ကြီး ခြေရင်းတွင် ထောင်ထားလိုက်ကာ သူကိုယ်တိုင်လည်း သစ်ပင်ကြီး ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်လျက် အရက်ပုလင်းထဲမှ အရက်အနည်းငယ်ကို ကြွေပန်းကန်လုံး တစ်ခုတွင်းသို့ ထည့်လျက် လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်ထားရင်းမှ . . .

"အဘိုး အဘိုး . . . တစ်ပွဲစားတောပိုင်ကြီး အဘရာကျော်ခင်ဗျား၊ သားမြေးများ အဘိုးပိုင် ဒီတောကြီးထဲကိုဝင်ပြီး ဟင်းစားလေးများ ရှာကြမှာမို့ ထုံးစံမပျက် အဘိုးကြိုက်တတ်သော အသုံးအဆောင် စားသောက်ဖွယ်ရာများနဲ့ တင်မြှောက်ပသပါတယ်ခင်ဗျား၊ သားမြေးများကို ဟင်းစား ကျွေးစားသားကောင်လေးများ ပေးသနားပါခင်ဗျား၊ အမိုက်အမဲလေးများမို့ အမှားအယွင်းများရှိခဲ့ရင်လဲ သည်းခံခွင့်လွှတ်စောင့်ရှောက်ပေးပါခင်ဗျား"





www.burmeseclassic.com

www.burmeseclassic.com

ဟုတိုင်တည်ပြီး သူ့လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်ထားသော အရက်ပန်းကန်ကို သစ်ပင်ကြီး ခြေရင်းတွင် ချထားလိုက်သည်။ တစ်အောင့်မျှ ထိုင်ကြည့်နေကြစဉ် ထူးခြားသော ဖြစ်စဉ်တစ်ခုက ပေါ်လာသည်။ သစ်ပင်ခြေရင်းတွင် အသင့်ရှုနိုင်အောင် ပြင်ဆင်ပေးထားသော ဘိန်းပြောင်းမှ တစ်စုံတစ်ဦးက ရှူဖွာလိုက်သလို အငွေ့များ တထောင်းထောင်းထနေသည်ကိုလည်းကောင်း၊ မီးညှိထားသော ဆေးပေါ့လိပ်ကြီးမှာလည်း မီးများ ရဲခနဲ ရဲခနဲဖြင့် ဖင်ပိုင်းမှ အငွေ့များ တဖွားဖွားထွက်နေသည်ကိုလည်းကောင်း အံ့ဩဖွယ်ရာ တွေ့မြင်ကြရသည်။

"ဟား အောင်ပြီကွ၊ အောင်ပြီ မောင်ထွန်းရေ မင်းကတော့ ကံကောင်းတယ်ကွ၊ အဘိုးကိုယ်တိုင် သုံးဆောင်တယ်ကွ၊ တို့တော့ ကျိန်းသေ ဒီနေ့ အမဲရလိမ့်မယ်ကွ" ဟု ဦးထွန်းလှက ဝမ်းသာအားရပြောသည်။

ထို့နောက် ကိုထွန်းစိန်တို့ လူစုမိကျောင်းသိုက်တောကြီးထဲသို့ ဆက်လက်ဝင်ရောက်သွားကြသည်။ တဖြည်းဖြည်း တောတိုးလာကြရင်း တစ်နာရီခန့်အကြာ၌ ခင်တန်းမြောင်လေးတစ်ခု အစွန်တွင် မထင်မှတ်သော မြင်ကွင်းတစ်ခုကို ထူးဆန်းစွာ တွေ့မြင်လိုက်ကြရသည်။ လေးတိုင်စင်လေး တစ်ခုကို အမိုးအကာမပါဘဲ တွေ့မြင်ကြရသည်။

ပို၍အံ့ဩဖို့ကောင်းသည်က ထိုလေးတိုင်စင်အထက်မှာ ခင်းထားသော ဆင့်ဝါးအခင်းပေါ်မှာ လူတစ်ဦး ငုတ်တုတ်ထိုင်နေခြင်းပင် ဖြစ်သည်။ ထိုသူက ကိုထွန်းစိန်တို့ဘက်ကို စေ့စေ့ကြည့် ထိုင်နေခြင်းဖြစ်သည်။

ထိုလူကြီးမှာ ခန္ဓာကိုယ်အပေါ်ပိုင်း၌ အဝတ်မပါ နံရိုးပြိုင်းပြိုင်းထနေသော အသားမည်းမည်း ကျောပြောင်ပြောင်နှင့် အောက်ပိုင်းတွင် ပုဆိုးအနီကွက်ကျဲကြီးကို ဒူးအောက်ထိ တိုတိုဝတ်ထားသည်။ ထောင်ထားသော ဒူးနှစ်လုံးကြား၌ ခေါင်းကို တင်ထားသည်။ ရဲရဲနီပြူးကြောင်သော မျက်လုံးကြီးများဖြင့် ကိုထွန်းစိန်တို့ကို စူးစူးနစ်နစ်စိုက်ကြည့်နေသည်။ ခေါင်းတစ်ခုလုံးကား ဖွေးဖွေးလှုပ်နေသော ရှည်လျားသည့် ဆံပင်များဖြင့် ဖရိုဖရဲရှိနေသည်။ အံ့အားသင့်ငေးကြောင်ကြည့်နေသော ဦးထွန်းလှ သတိပြန် ဝင်လာပြီး ချက်ချင်းပင် . . .

"အဘိုးခင်ဗျား သားမြေးများကို ဟင်းစားလေးများ မစပါ ခင်ဗျား" ဟု ပြောလိုက်သောအခါ ထိုလေးတိုင်စင်အထက်မှ ပုဂ္ဂိုလ်ကြီးက သူ့ဘယ်လက်ကို ဘေးသို့ဆန့်တန်း ညွှန်ပြလျက် . . .

"အဲ ဒီ ကို သွား" ဟု အသံလေးလေးကြီးဖြင့် တစ်လုံးချင်း ပြောသည်။

ထိုပုဂ္ဂိုလ်ကြီး ညွှန်ပြရာဘက်သို့ ဦးထွန်းလှတို့အဖွဲ့က ထွက်သွားကြသော်လည်း ကိုထွန်းစိန်က လိုက်ပါမသွားဘဲ ထိုပုဂ္ဂိုလ်ကြီးကို စိတ်ဝင်စားစွာဖြင့် ငေးကြည့်ရင်း ကျန်ရစ်သည်။ ထိုပုဂ္ဂိုလ်ကြီးရှိရာ လေးတိုင်စင်နှင့် ကိုထွန်းစိန် ရပ်ကြည့်နေရာက လေးငါးလံခန့်သာ ဝေးသည်ဖြစ်ရာ ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ထိုပုဂ္ဂိုလ်ကြီးကလည်း ကိုထွန်းစိန်ကို စူးစူးစိုက်စိုက် ကြည့်နေသလို ကိုထွန်းစိန်ကလည်း နေရာမှ မရွေ့မိဘဲ ရပ်ကြည့်နေရာမှပင် မှင်တက်မိနေသလို မလှုပ်မယှက် ကြည့်နေမိသည်။

တစ်အောင့်ခန့် အကြာတွင် ဦးထွန်းလှတို့ ထွက်သွားသောအရပ်ဆီမှ ခွေးဟောင်သံသဲ့သဲ့ ကြားလိုက်ရတော့မှ ကိုထွန်းစိန် သတိပြန်ဝင်လာကာ ဦးထွန်းလှတို့ရှိရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ တစ်ခဏအကြာ ထိုဘက်မှ လူရောခွေးများပါ ပြန်ထွက်လာကြပြီး မုဆိုးကိုတောက်တူ ပခုံးထက်မှာ အချိန်တစ်ဆယ်ခန့်ရှိသော ဖွတ်ကြီးတစ်ကောင်ကို ထမ်းလာသည်ကို တွေ့ရသည်။ ဦးထွန်းလှက ကိုထွန်းစိန် အနားရောက်သည်တွင် . . .

"ဟ, ကိုထွန်းက နေရစ်ခဲ့တာကိုး မင်းကတော့ ကံကောင်းတယ်ကွ၊ ဒီမှာ မြီးရှည်ကြီး တစ်ကောင် ရလာတယ်ကွ၊ ကဲ လာပြန်ထွက်ကြမယ်" ဟု ဦးထွန်းလှက ဝမ်းသာအားရ ပြောသည်။

ကိုထွန်းစိန်က မုဆိုး ကိုတောက်တူ ထမ်းလာသော ဖွတ်ကြီးကိုကြည့်ပြီး ကျေးဇူးတင်ကြောင်းပြောရန် စောစောက လေးတိုင်စင်ထက်မှ ပုဂ္ဂိုလ်ကြီးရှိရာကို လှည့်ကြည့်လိုက်ရာ မယုံနိုင်စရာ စောစောကရှိနေခဲ့သော လေးတိုင်စင်ရော ထိုအပေါ်မှ ပုဂ္ဂိုလ်ကြီးပါ နေရာမှာ ဘာမှမရှိကြတော့။ ဦးထွန်းလှလည်း ကိုထွန်းစိန်ကြည့်ရာကို လိုက်ကြည့်မိရာသူလည်း အလွန်အံ့ဩသွားသည်။ သူတို့ မသွားခင်က ထင်ထင်ရှားရှား မျက်မြင်တွေ့ခဲ့ရသော လေးတိုင်စင်နှင့်အတူ ထိုပေါ်ရှိ အဘိုးတောပိုင်ကြီး ဘာရာကျော်ကိုပါ မတွေ့ရတော့ခြင်းဖြစ်သည်။

"လာ လာ ကိုထွန်း သွားကြမယ်၊ အဘိုးခင်ဗျား သားမြေးများက ကျေးဇူးတင်ပါတယ်၊ ချက်ပြုတ်ပြီးရင် အဘိုးအတွက် လာတင်မြှောက်ပသပါ့မယ် ခင်ဗျား"

ဟု တိုင်တည်ပြောကြားရင်း နာမည်ကျော် မိကျောင်းသိုက်တောကြီးအတွင်းမှ ထွက်လာခဲ့ကြတော့သည်။

ကိုထွန်းစိန်အဖို့တော့ မယုံနိုင်စရာ အံ့ဩဖွယ်ရာ ထူးဆန်းစွာသော ဤဖြစ်ရပ်ကို ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသောကြောင့် ဘယ်သောအခါမှ မမေ့ပျောက်နိုင် ရှိချေတော့မည် ဖြစ်တော့သည်။ ဤကဲ့သို့သော ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်ဆန်းများကို မယုံဘူး ဆိုကြလျှင်ဖြင့် မကြုံဖူးကြသေးလို့ပါဟု ဆိုရချေတော့မည်တည်း။

**❒ မိုးဟိန်းကျော်(လပွတ္တာ)**

(ယခုတိုင် သက်ရှိထင်ရှား ရှိနေသည့် ဖခင်ကြီးဦးထွန်းစိန်၏ ပြောပြချက်ကို ခံစားရေးဖွဲ့ တင်ပြပါသည်။)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး စီးလာသော ရန်ကုန်-အန်လျင်သွား ဘတ်စ်ကားကြီး ပန်းဆိုးတန်း မှတ်တိုင်အရောက်တွင် ခရီးသည်များ တိုးဝှေ့တက်လာကြသည်။ နုံးဆင်းချိန်၊ အလုပ်ဆင်းချိန်ဖြစ်၍ လူကျပ်လှသည်။

ကျွန်တော်တို့နှစ်ယောက်က ထိုင်ခုံရ၍ တော်သေးသည်။ နောက်မှ တက်လာသူများ ထိုင်ခုံမရဘဲ မတ်တတ်ရပ်၍စီးကြရသည်။ ပန်းဆိုးတန်းမှတ်တိုင်မှ ကားပြန်အထွက်တွင် နံဘေးမှသူငယ်ချင်းက မသိမသာလက်တို့၍ ကျွန်တော်တို့ ရှေ့တည့်တည့်တွင် ရပ်နေသော မိန်းကလေးကို ပြသည်။

ကျွန်တော် ကြည့်လိုက်မိသည်။ မိန်းကလေးက အပေါ်ဘက် လက်ကိုင်တန်းကို ကိုင်ပြီးရပ်နေသည်။ ခေတ်ပေါ်ဂျင်းဘောင်းဘီ တိုနံ့နံ့ကို ခါးပေါ်တင်ရုံသာ ဝတ်ထားသည်။

ဘောင်းဘီတိုက တင်ပေါ်သို့ ရောက်နေသည်။ ဝမ်းဗိုက်နှင့် ချက်များ ပေါ်နေသည်။ ယိုသူမရှက် မြင်သူရှက်ရမည့်ပုံစံမျိုး ဖြစ်နေသည်။ ဝတ်ထားသော အင်္ကျီမှာလည်း လည်ပင်းနေရာမှာ လိုနေသည်ထက် ပို၍ဟိုက်နေသဖြင့် အတွင်းခံအင်္ကျီကိုပင် တွေ့နေရသည်။ သူမ ခါးကို ကြည့်ပြီး မျက်နှာကို လှမ်းကြည့်မိလိုက်သည်။ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိမည် ထင်ရသည်။ ဆံပင်က ဇစ်တိုးရိုးယားပုံစံ ညှပ်ထားသည်။

ဆံပင်ကိုလည်း ရွှေရောင်ဆေး ဆိုးထားသေးသည်။ သတိထားကြည့်လိုက်မှ ကျွန်တော် တွေ့ဖူးသော မျက်နှာဖြစ်နေသည်။ လူကြီးပီပီ မျက်နှာလွှဲ၍ သူမပုံရိပ်ကို စဉ်းစားနေမိသည်။ သို့သော် မည်သည့် နေရာတွင် တွေ့ခဲ့သည်ကို တွေး၍ မရခဲ့ပါ။

ကျွန်တော်တို့ စီးလာသော ဘတ်စ်ကား မဟာဗန္ဓုလ တံတားကြီးပေါ်မှဆင်းပြီး ယမုံနာလမ်းမကြီးအတိုင်း ရှုခင်းသာဘက်သို့ ခရီးဆက်လာသည်။ မာန်ပြေမှတ်တိုင်အရောက်တွင် သူမကတစ်ဖက် လူလွတ်ရာဘက်သို့ ကပျာကယာ တိုးဝှေ့ပြီး နေရာရွှေ့သွားခဲ့သည်။

"ကျောင်းရှေ့၊ မီးသွေးဆိုင်၊ ငါးကွေ့မှတ်တိုင်ပါလား၊ မှတ်တိုင်ပါရင် ကြိုပြောပါ"

စပယ်ယာအော်သံ အဆုံးတွင် သူမက "ငါးကွေ့ပါတယ်"ဟု အော်လိုက်သည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ ငါပြတာ မင်း မြင်တယ် မဟုတ်လား"

"သူ့ခါးကို မြင်ရုံမကဘူး၊ မျက်နှာကိုလဲ မြင်ဖူးသလိုပဲ၊ ဒါပေမယ့် တွေးလို့မရဘူး ဖြစ်နေတယ်"

"မင်းကလဲ ဒီလောက်တောင် မှတ်ဉာဏ်တွေ ပျက်ယွင်းနေပြီလား၊ အဲဒီမိန်းကလေးဟာ ငယ်ငယ်တုန်းက မင်း စာပြပေးခဲ့တဲ့ လှလှကြည်လေ၊ ကိုတင်ဝင်း, မအေးကြည်တို့ သမီးလေ"

"ဟာ. . ဟုတ်တာပေါ့၊ မင်းပြောမှ အမှတ်ရတော့တယ်၊ ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် ပြောင်းလဲသွားရပါလိမ့်၊ အံ့ဩဖို့ ကောင်းလိုက်တာ၊ မြင်ဖူးတဲ့ မျက်နှာမို့ ကြည့်မိတာ၊ ငါ စာပြပေးခဲ့တဲ့ လှလှကြည်မှန်း ထင်ကို မထင်ခဲ့ဘူး"

"မဆန်းပါဘူးကွာ၊ ဒီခေတ် မိန်းကလေးတွေ သူလိုပုံစံဝတ်တာ ရိုးနေပါပြီကွာ"

"မဟုတ်သေးဘူး၊ ငါက လှလှကြည်နဲ့ နီးနီးကပ်ကပ်နေခဲ့တာ၊ သူ့အကြောင်းကောင်းကောင်းသိပါတယ်၊ဒီလောက် လုံခြုံမှုမရှိတဲ့ အဝတ်အစားမျိုး ဝတ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး"

"ဘာလို့ မထင်ခဲ့တာလဲ"

"ဌာနက ပေးတဲ့ လိုင်းခန်းမှာ သူတို့ မိသားစုနဲ့ အခန်းချင်း ကပ်ရက်နေခဲ့ကြတာ၊ အဲဒီတုန်းက ဒီကလေးမ ရှစ်တန်းပဲ ရှိသေးတာ၊ သင်္ချာနဲ့ အင်္ဂလိပ်စာ ဘာသာကို ငါက သင်ပေးခဲ့ရတာ၊ အဲဒီတုန်းကတော့ . . ."

လှလှကြည် အတိတ်က ဇာတ်ကြောင်းကို သူငယ်ချင်းအား စီကာပတ်ကုံး ပြောပြလိုက်သည်။

❑

တနင်္ဂနွေနေ့ ရုံးပိတ်ရက်တစ်ရက်တွင် ကျွန်တော့်ခြေရင်းခန်းမှ ကိုတင်ဝင်းတို့မိသားစု စကားသံများ ကြားလိုက်ရသည်။

"ဒီအင်္ကျီ သမီး မဝတ်ရဲဘူး မေမေ၊ လည်ပင်းက သိပ်ပြီးဟိုက်နေတယ်လေ"

"လာမယ့်နှစ် ကိုးတန်းတက်တော့မယ့်သူက ဒီအင်္ကျီ မဝတ်ရဲဘူးလား၊ သမီးက ခေတ်မမီလိုက်တာ"

"ရင်ဘတ်က သိပ်ဟိုက်နေလို့ သမီးမဝတ်ရဲတာပါ"

"ခက်တော့တာပဲ၊ မင်္ဂလာဆောင် သွားရမှာမို့ သမီးကို ဒီအင်္ကျီဝတ်ခိုင်းတာ၊ ပြီးတော့ အင်္ကျီနဲ့ လိုက်ဖက်မယ့် စကပ်ထဘီကိုလဲ ထုတ်ပေးထားတယ်၊ မေမေပေးတဲ့ အင်္ကျီနဲ့စကပ်ထဘီကိုပဲ ဝတ်ပါ သမီးရယ်"

"ဒီအင်္ကျီဝတ်ပြီး သမီးမှန်ထဲကြည့်ပြီးပြီ၊ သမီး မဝတ်မဝတ်ရဲဘူး မေမေ၊ အဲဒီအင်္ကျီတော့ လဲပြီးဝတ်ပါရစေ၊ မေမေရယ်နော်"

www.burmeseclassic.com

"ကဲကဲ. . . ဒါဆိုလဲ သမီးသဘောပဲ၊ ကြိုက်တဲ့အကျႌသာ ဝတ်ပေတော့၊ ကဲပါ မေမေ ရွေးပေးပါ့မယ်၊ ရော့ ဟောဒီ အကျႌတော့ သမီး ဝတ်ရဲပါတယ် "

"ဒါဆိုလဲ ဒီစကပ်ထဘီ ဝတ်လိုက်ဦး၊ စကပ်ထဘီက အသစ်ချုပ်ထားတာ"

"ဟာ. . ဒီမှာ ကြည့်ပါဦး၊ မေမေ့ စကာပ်ထဘီက ဒီလောက်ကျပ်နေတာ၊ ပြီးတော့ ဘေးမှာလဲ ခွဲထားသေးတယ်၊ ဒီလောက်ကျပ်နေရင် သမီး မဝတ်ချင်ဘူးမေမေ"

"လုပ်ပြန်ပြီ၊ ဘာဖြစ်လို့ မဝတ်ရဲ ဖြစ်ရပြန်တာလဲ"

"သိပ်ကျပ်တော့ တင်သားတွေက ပိုပြီးပေါ်နေတာ"

"သမီးက တင်သားပြည့်သူပဲလေ၊ မိန်းကလေးက တင်သားပြည့်မှ ပိုလှတာသမီးရဲ့၊ ယောကျ်ားမှာ ရင်၊ မိန်းမမှာ တင်လို့ ဆိုစကားရှိတယ်၊ တင်သားပေါ်တော့ သမီးအလှလဲပိုပြီး ပေါ်တာပေါ့၊ ဝတ်ပါ သမီးရယ် "

"မဟုတ်ဘူး မေမေ၊ တင်သားတွေ တင်းတင်းရင်းရင်း ပေါ်နေရုံမက မေမေ့စကပ်ထဘီက အသားပျော့တော့ အတွင်းခံ ဘောင်းဘီပုံလဲ ပေါ်နေတယ်၊ လမ်းသွားရင် ယောကျ်ားလေးတွေ ဝိုင်းကြည့်ကြမှာ သမီးရှက်တယ်၊ ဒီစကပ်ထဘီကိုလဲ မဝတ်ပါရစေနဲ့မေမေ "

"မလိုချင်ဘူး၊ သိပ်ကြေးထူတာပဲ၊ အကျႌလည်ပင်းဟိုက်တာ မဝတ်ရဲဘူးဆိုလို့ သမီးကြိုက်တဲ့ အကျႌဝတ်ပြီးပြီ၊ ခုတစ်ခါ စကပ်ထဘီကျပ်လို့ မဝတ်ချင်ပြန်ဘူးဆိုတော့ "

"သမီးမှ မဝတ်ရဲတာ မေမေရယ် "

တစ်ဖက်ခန်းမှ ကြားနေရသော အသံများကြောင့် ကျွန်တော် မနေသာတော့ပါ။ ကိုတင်ဝင်းတို့ အခန်းဘက်သို့ ကူးသွားလိုက်သည်။

"မအေးကြည်ရယ်၊ ကလေးမဝတ်ရဲတာကို ဘာလို့ ဖွတ်အတင်းဝတ်နေရတာလဲ "

"မဟုတ်ပါဘူး ကိုစိုးအောင်ရယ်၊မင်္ဂလာဆောင်သွားမို့ တစ်ခါတလေ ဝတ်ခိုင်းမိတာပါ၊ အောက်ထပ်ကသူ့အဖော်တွေလဲ မင်္ဂလာဆောင်အတူတူသွားကြမှာ၊ သူ့အဖော်တွေလဲ စကပ်ထဘီတွေပဲ ဝတ်ကြတာ "

"ဒါတော့ ဒါပေါ့ဗျာ၊ စကပ်ထဘီဝတ်မှ လှတာ မဟုတ်ပါဘူး၊ ကျွန်တော်တပည့်မလေးက လှပြီးသားပါဗျာ"

"ကောင်းပါပြီရှင်၊ သူကြိုက်တာ ဝတ်ပါစေတော့၊ ကဲ . . သမီး၊ အောက်ထပ်မှာ သူငယ်ချင်းတွေစောင့်နေလောက်ပြီ၊ သွားတော့"

"ကျေးဇူးပဲ ဦး၊ နို့မဟုတ်ရင် မေမေနဲ့ဆို မလွယ်ဘူး၊ စကပ်ထဘီကိုပဲ အတင်းဝတ်ခိုင်းနေတာ၊ ဦး လာပြောပေးလို့ မေမေ လက်လျှော့လိုက်တာ"

လှလှကြည်က သူကြိုက်သော အဝတ်ကို ဝတ်ပြီး မင်္ဂလာဆောင်သွားရန် ထွက်သွားသည်။

လှလှကြည် ထွက်သွားပြီးတော့မှ မအေးကြည်ကို ကျွန်တော် ပြောလိုက်သည်။

"မအေးကြည်ရဲ့သမီးက အဝတ်အစား ဝတ်တာ ခေတ်မဆန်ဘူး၊ ရိုးရိုးယဉ်ယဉ်လေးပဲ ဝတ်လေ့ရှိတာ၊ ခု သူဝတ်သွားတဲ့ ချိတ်ထဘီလဲ မင်္ဂလာဆောင်ပွဲမျိုးနဲ့ လိုက်ဖက်ပါတယ်ဗျာ၊ ကြည့်လို့လဲ လှသားပဲလေ"

"ကဲပါ၊ ကိုယ့်တပည့်ဘက်ကပဲ လိုက်ပြောမနေပါနဲ့၊ မင်္ဂလာဆောင်မှာဝတ်ဖို့ သူ့ရဲ့သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး ကျွန်မ ချုပ်ပေးထားခဲ့တာ၊ သူငယ်ချင်းတွေနဲ့ ဆင်တူဝတ်စေချင်လို့ပါ"

"လှလှကြည် အဝတ်အစား အသစ်အဆန်း မမက်တာ ခင်ဗျားတို့ ကျေးဇူးတင်ရမယ်၊ ပြီးတော့ ဒီလမ်းထဲမှာ ကြွခြေရှိတယ်၊ သိမ်မွေ့တယ်၊ ဆံပင်ရှည်ရှည်လေးနဲ့ ဆိုပြီး လူတိုင်းက ချီးမွမ်းနေကြတာ၊ တခြားမိန်းကလေးတွေက ကြွက်ကိုက်ထားတဲ့ ဆံပင်ပုံစံနဲ့ အရောင်အမျိုးမျိုးဆိုးနေကြတာ၊ ကလေးကို လမ်းကြောင်းမမှားစေချင်ပါနဲ့ဗျာ"

"နားလည်ပါပြီ ကိုစိုးအောင်ရယ် "

ကျွန်တော်လေ့လာသိရှိရသမျှ လှလှကြည်မှာ အရှက်အကြောက်ကြီးသူလေးလည်း ဖြစ်သည်။ ယနေ့ မိန်းကလေးများကဲ့သို့ ကိုယ်ကျပ် စကပ်ထဘီလည်း ဝတ်လေ့မရှိပါ။ လက်ပြတ်ချိုင်းပေါ် အကျႌလည်ဟိုက်များကိုလည်း ဝတ်သည်ကို မတွေ့ရပါ။ မိခင်ဖြစ်သူက သမီးကို ခေတ်မီစွာ ဝတ်စေချင်သည်။ အခြားမိန်းကလေးများနည်းတူ ခေတ်ပေါ်တီရှပ်တိုတို၊ ကိုယ်ကျပ် စကပ်ထဘီ၊ ဘောင်းဘီတိုများ ဝတ်စေချင်သည်။ သမီးကို ခေတ်မီစေချင်သည်။ သို့သော် လှလှကြည်လေးက သူ့မိခင်စိတ်ထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ မိခင် ဝတ်စေချင်သော အကျႌ၊ ထဘီများကို မကြိုက်ပါ။ ရှည်လျားနက်မှောင်နေသော သူ့ဆံပင်ကိုလည်း အမြတ်တနိုးရှိသူလေး ဖြစ်သည်။

ဘာသာတရားလည်း ကိုင်းရှိုင်းသူဖြစ်သည်။ ဝါတွင်းကာလ ရပ်ကွက်ရှိ ဝတ်ရွတ်အသင်းနှင့် အတူလိုက်ပါ၍ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်သည်ကို တွေ့ရသည်။ ဥပုသ်ရက်များတွင် လှလှကြည်ကို ယောဂီရောင်ဝတ်စုံလေးနှင့် တွေ့ရတတ်သည်။

ဤသို့ဖြင့် လှလှကြည် ဆယ်တန်းကျောင်းသူ ဖြစ်လာသည်။ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းဖြင့်သာ အချိန်ကုန်နေတော့သည်။ ဘာသာစုံကျူရှင် မတက်နိုင်၍ အင်္ဂလိပ်စာနှင့်သင်္ချာ နှစ်ဘာသာကိုသာ ကျူရှင်ယူသည်။ ဒီကြားထဲ မရှင်းလင်းသည့် အချက်များ ရှိလာပါက ကျွန်တော့်ကို လာမေးလေ့ရှိသည်။

ကျွန်တော်ကလည်း တတ်သမျှ မှတ်သမျှ သင်ကြားပြသပေးရသည်။ သူလေးကလည်း လိုလိုလားလား စာ...



www.burmeseclassic.com

www.burmeseclassic.com

ကြီးစားသင်ယူသည်။ စာမေးပွဲနီးကပ်လာ၍ ညဉ့်နက်သည်အထိ စာကျက်နေသည့်အသံ ကြားနေရသည်။ မကြာမီ လှလှကြည်တို့ ဆယ်တန်းစာမေးပွဲ ဖြေဆိုရတော့သည်။

စာမေးပွဲကြီးတွင်လည်း ကောင်းမွန်စွာ ဖြေဆိုနိုင်ကြောင်းသိရသည်။ စာမေးပွဲကြီး ဖြေဆိုပြီးစီးသွားပြီဖြစ်၍ စာမေးရန် အကြောင်းမရှိတော့သဖြင့် လှလှကြည်လည်း ကျွန်တော့်အိမ်သို့ ရောက်မလာတော့ပေ။

ဆယ်တန်း အောင်စာရင်းထွက်သောနေ့တွင် ကျွန်တော့်ဆီသို့ လှလှကြည် ရောက်လာသည်။ သူ့လက်ထဲတွင် မုန့်ထုပ်များပါလာသည်။

"လာ သမီး ဘာကိစ္စရှိလို့လဲ"

"သမီး ဆယ်တန်းအောင်တယ်၊ ဒါကြောင့် ဦးကို လာကန်တော့တာ"

"ဟေ. . ဟုတ်လား၊ ဝမ်းသာပါတယ် သမီး၊ ဂုဏ်ထူးကော ပါသေးလား"

"ဂုဏ်ထူး မပါပါဘူး၊ နှစ်ချင်းပေါက်အောင်တာကိုပဲ ဝမ်းသာလှပါပြီ"

ပြောပြောဆိုဆို လှလှကြည်က ကျွန်တော့်ကို ကန်တော့ပါသည်။

"သမီး နှစ်ချင်းပေါက်အောင်တာ ဦးရဲ့ကျေးဇူးလဲ ပါပါတယ်"

"သမီးကိုယ်တိုင် ကြိုးစားလို့ အောင်တာပါကွယ်၊ တက္ကသိုလ်ဆက်တက်ပေါ့၊ သမီး ဘယ်လိုဆုံးဖြတ်ထားလဲ"

"သမီးအောက်မှာ မောင်လေးနှစ်ယောက် ရှိသေးတယ်၊ သူတို့ကျောင်းစရိတ်လဲ စဉ်းစားရဦးမယ်၊ ဖေဖေ၊ မေမေတို့ကို အားနာတယ်၊ အလုပ်တစ်ခုခု ဝင်လုပ်ပြီး အဝေးသင်ပဲ တက်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်"

"မိဘတွေနဲ့ တိုင်ပင်လိုက်ပါဦးကွယ်"

ကျွန်တော့်ကို ကန်တော့ပြီး လှလှကြည် ပြန်သွားသည်။ မိဘမောင်နှမအပေါ် သိတတ်လွန်းသော သူမ၏ စိတ်ဓာတ်ကို ကျိတ်၍ ချီးမွမ်းနေမိသည်။

ဒီမိန်းကလေး တစ်နေ့တွင် ကြီးပွားတိုးတက်မည်ဟု ယုံကြည်နေမိသည်။

အောင်စာရင်းထွက်ပြီး မကြာမီ လေဘာကတ်ပြုလုပ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ထောက်ခံချက်များပြုလုပ်ခြင်း စသည့် အလုပ်လျှောက်လွှာကိစ္စများဖြင့် လှလှကြည် တစ်ယောက် အလုပ်ရှုပ်နေကြောင်း သိရသည်။ သတင်းစာ၊ စာစောင်များတွင် အလုပ်လျှောက်လွှာ ကြော်ငြာတွေ့လျှင် အပြေးအလွှား အလုပ်လျှောက်လွှာတင်ပါတော့သည်။ နောက်တစ်လခန့်အကြာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် အရောင်းစာရေးအလုပ် ရရှိကြောင်း သိရသည်။

"ဒါကုမ္ပဏီ ဝတ်စုံတဲ့၊ ဝတ်ရမယ်တဲ့"

"သမီးနဲ့ ကြည့်လို့ ကောင်းသားပဲ၊ လိုက်ပါတယ်၊ ဘာဖြစ်လို့လဲ"

"ဒီလိုဝတ်စုံမျိုး ဝတ်ရမယ်မှန်းသိရင် ဒီအလုပ် သမီး မလုပ်ပါဘူး၊ လက်မှတ်ထိုး၊ ဝန်ခံကတိတွေလုပ်ပြီးမှ သိရတာ၊ သမီး စကတ်တိုတိုမှ မဝတ်ရဲတာ"

"သူဆန်စားရမှ ဆိုသလိုပေါ့၊ ဝါသမီးက လှပြီးသားပဲလေ၊ ဒီဝတ်စုံနဲ့မှ ခေတ်မီသွားတော့တယ်၊ အလုပ်တစ်ခုရဖို့လွယ်တာမှတ်လို့၊ ဒီဝတ်စုံ သမီးနဲ့လိုက်ပါတယ်၊ ဒီကုမ္ပဏီမှာပဲ လုပ်ပါတော့ သမီးရယ်၊ မေမေတော့ သဘောကျတယ်"

"မေမေက သဘောကျနေ၊ သမီးကတော့ ဒီစကတ်တိုတိုနဲ့ ကားဂိတ် ဘယ်လိုသွားရမှန်း မသိတော့ဘူး"

"စကား ရှည်မနေနဲ့တော့ သမီး၊ မအေလုပ်သူက ကြည့်လို့ကောင်းပါတယ်လို့ ပြောနေတာ၊ ဘာဖြစ်လို့ ကလန်ကဆန် ပြောနေရတာလဲ၊ ကဲ ကဲ အလုပ်သွားမှာသွားတော့"

မိခင်ဖြစ်သူနှင့် စကားများသံကြားရပြီး လှလှကြည် ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။ အပေါ်အင်္ကျီ လက်ပြတ်ခရမ်းရောင် အောက်က ခေတ်ပေါ်စကပ်တိုတို ဒူးအထက်၊ အင်္ကျီနှင့်အရောင်တူ ဝမ်းဆက်ဝတ်ထားပြီး မျက်နှာမကြည်မသာဖြင့် အလုပ်သွားသည်ကို မြင်လိုက်ရသည်။ သူမ ဝတ်ထားသော စကပ်မှာ ဒူးဆစ်အထက် ပေါင်ရင်းအထိ တိုနံ့နံ့လေး ဖြစ်သည်။ လှလှကြည်ကဲ့သို့ အရှက်အကြောက်ကြီးသူ မိန်းကလေးအဖို့ မဝတ်ရဲသည်မှာ အဆန်းမဟုတ်ပေ။

မိခင်၏ စကားကို မပယ်ရှားလို၍သာ ကြိတ်မှိတ်သည်းခံပြီး ဝတ်နေရခြင်းဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းမိသည်။

နောက်တစ်နေ့ နံနက်အလုပ်သွားချိန်တွင် ယမန်နေ့က ဝတ်စုံကို လှလှကြည် ဝတ်ဆင်ထားခြင်း မရှိသည်ကို သတိထားမိလိုက်သည်။

ကျွန်တော် လှမ်းမေးလိုက်သည်။

"အလုပ်သွားတော့မလို့လား သမီး"

"ဩော်. . ဟုတ်ကဲ့ ဦး"

"မနေ့က ကုမ္ပဏီဝတ်စုံ ဝတ်မထားပါလား"

"ဖယ်ရီ မရသေးဘူး ဦးရဲ့၊ စကပ်ထဘီကျပ်ကျပ် တိုနံ့နံ့နဲ့ ဘတ်စ်ကားစီးရမှာ မဝံ့မရဲဖြစ်နေတယ်၊ ကုမ္ပဏီရောက်မှပဲ ဝတ်တော့မယ်"

"ဩော်. . ဟုတ်လား၊ ကဲ. . ကဲ သွားတော့"

"ဟုတ်ကဲ့ ဦး"

ပထမတစ်ပတ်အကြာတွင် လှလှကြည် အလုပ်သွား အလုပ်ပြန် ကုမ္ပဏီက သတ်မှတ်ပေးသော ဝတ်စုံမဝတ်ခဲ့ပါ။ နောက်ပိုင်းကုမ္ပဏီမှ ဖယ်ရီကား လာကြိုသည်။ ဖယ်ရီကား လာကြိုသည့်နေ့မှစ၍ ကုမ္ပဏီဝတ်စုံဖြင့် အလုပ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ လည်ပင်းတွင်လည်း ဝန်ထမ်းကတ် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ညနေအလုပ်မှ ပြန်လာစဉ်လည်း ထိုဝတ်စုံနှင့်ပင် ဖြစ်သည်။ လှလှကြည် ထိုဝတ်စုံနှင့် နေသားကျသွားပုံရသည်။ ဝတ်စုံကိစ္စ မိခင်နှင့်စကားများသံ မကြားရတော့ပါ။ ရသမျှလစာကို မိဘလက်ထဲအပ်သည်ဟု ကြားသိရသည်။

ယခု လှလှကြည် အဝေးသင်တက္ကသိုလ် ပထမနှစ်စာမေးပွဲပင် ဖြေပြီးသွားပြီဟု သိရသည်။ ကျွန်တော်လည်း ရာထူးတစ်ဆင့်တိုး ရာထူးဖြင့် နယ်ဘက်သို့ ပြောင်းရွှေ့ရသည်။ ကျွန်တော့်မိသားစုပါ ကျွန်တော်နှင့်အတူ လိုက်ပါပြောင်းရွှေ့လာသည်။ ထိုအချိန်မှစ၍ လှလှကြည်တို့ မိသားစုနှင့် ဝေးကွာခဲ့ရသည်။

❑

"လှလှကြည်ကို ခုလိုပုံစံမျိုးနဲ့ တွေ့လိုက်ရတော့ ငါ သိပ်ကို အံ့ဩမိတယ်ကွာ "

"မင်း ပြောခဲ့တဲ့အတိုင်းဆိုရင်တော့ မင်း အံ့ဩဆိုရင်လဲ အံ့ဩလောက်ပါတယ်၊ မင်းမတွေးတတ်ပေမယ့် ငါကတော့ တွေးမိတယ်၊ ဒီကောင်မလေး ခုလို ပြောင်းလဲသွားတာ သူ့အမေကြောင့်လို့ ငါထင်တယ်၊ ပြီးတော့ သူကျင်လည်တဲ့ပတ်ဝန်းကျင် အပေါ်မှာလဲ မူတည်တယ်"

"အံ့မယ်. . မင်းက လှလှကြည်အကြောင်း တော်တော်သိနေပါလား "

"သိဆို ငါလဲမင်းလိုပဲ သူတို့မိသားစုနဲ့ နီးနီးကပ်ကပ်နေခဲ့ရတာပဲလေ၊ အဲဒါကြောင့် ဒီကောင်မလေးမိသားစုအကြောင်း ပြည့်ပြည့်စုံစုံ သိတာ"

"ငါနဲ့ကွဲကွာသွားပြီးတဲ့ ကာလအတွင်းမှာ ဘယ်လိုဖြစ်ပြီး ခုလောက် ပြောင်းလဲသွားရပါလိမ့်၊ ကိုယ့်တပည့်လိုသမီးလို စာနာစိတ်နဲ့ ပြောတာပါကွာ"

"အေး ၊ မင်းက သူ့အဝတ်အစား၊ သူ့ပုံစံကို တွေ့ပြီးစာနာနေ၊ သူ့အကြောင်း မင်း ပြည့်ပြည့်စုံစုံသိရရင် မင်းဒီထက်ခံစားရဦးမယ်"

"ဟင်. . . ဟုတ်လား၊ ပြောစမ်းပါဦး၊ လှလှကြည်အကြောင်း ပြည့်ပြည့်စုံစုံ ပြောပါဦးကွာ"

"ကောင်မလေး ခုလို ပြောင်းလဲသွားတာ သူ့အမေကြောင့်လို့ ပြောနိုင်ပေမယ့် ပတ်ဝန်းကျင်လဲပါတယ်ကွ"

"ဘယ်လို ပတ်ဝန်းကျင်၊ ဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်း၊ မင်း သူ့ကိုစာပြပေးခဲ့တုန်းအချိန်က ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်း ဒါနဲ့ပဲထိတွေ့ရင်းနီးနေတာ၊ နောက် အလုပ် လုပ်တယ်၊ ပြီးတော့ သူ မဝတ်ချင်တဲ့ကုမ္ပဏီဝတ်စုံ စကပ်တိုနဲ့နဲ့ မအေက အတင်းဝတ်ခိုင်းတယ်၊ အဲဒီလိုဝတ်မှ ခေတ်မီတယ်လို့ သူ့အမေကထင်ခဲ့တာ"

" အဲဒီအထိ ငါ သိပါတယ် "

"နောက်တော့ မင်းပြောင်းရွှေ့သွားခဲ့တယ်၊ အလုပ်လုပ်ရင်း ကုမ္ပဏီက လုပ်ဖော်ကိုင်ဖက်တွေကလဲ ဒီဝတ်စုံလေးနဲ့သိပ်လှတယ်လို့ ပြောပြောနေကြတော့ သူ့စိတ်ထဲသာယာစိတ်လေး ဖြစ်လာတယ်၊ သူ့အလုပ်လုပ်တဲ့ ပတ်ဝန်းကျင်မှာအားလုံးဟာ ဒီပုံစံနဲ့ပဲလေ၊ ပတ်ဝန်းကျင်ရဲ့ အပြောမှာ သူပျော်မွေ့လာတယ်၊ ရှက်ရမှန်း မသိတော့ဘူး ဖြစ်သွားတယ်၊ အဲဒီအချိန်မှာ သူ့အဖေ ကိုတင်ဝင်းက အသောက်အစားနဲ့ဖြစ်နေပြီ၊ လစာနဲ့မလောက်ငတော့ဘူး၊ လှလှကြည်အောက်က မောင်နှစ်ယောက်ကလဲ အတန်းတွေ ကြီးလာပြီလေ၊ ကျောင်းစရိတ်ကလဲ ပိုလာပြီ၊ ကောင်မလေးက မိဘအပေါ်သိတတ်လွန်းတော့ ရသမျှလစာ၊ အပိုဆုကြေးအားလုံး အမေ့လက်ထဲအပ်တယ်၊ ဒီကြားထဲ ဘွဲ့တစ်ခုရအောင် ကြိုးစားခဲ့သေးတယ်"

"ဪ, ငါ့တပည့်မလေး လှလှကြည် ဘွဲ့တောင်ရခဲ့ပြီးပြီပဲ"

"သူက ဘွဲ့ရခဲ့ပေမယ့် လုပ်နေတဲ့ကုမ္ပဏီက လစာတိုးမပေးဘူး၊ ဒါနဲ့ နောက်ကုမ္ပဏီတစ်ခုကို ပြောင်းပြီးအလုပ်လုပ်တယ်၊ နောက်ပြောင်းလုပ်တဲ့ နေရာက လစာတိုးပေးတယ်၊ သူတို့မိသားစုလဲ ချောင်ချောင်လည်လည် ဖြစ်လာတယ်၊ မိသားစုကို သံယောဇဉ်ကြီးလွန်းတဲ့ မိန်းကလေးပေါ့ကွာ၊ မောင်လေးနှစ်ယောက် ကျောင်းစရိတ်၊ အဖေ့အရက်ဖိုး၊ အိမ်စရိတ်အားလုံးဟာ သူ့တာဝန် ဖြစ်လာတယ်"

"ဖြစ်နိုင်ပါတယ်၊ လှလှကြည်ဟာ မိဘကျေးဇူးသိတတ်တဲ့ မိန်းကလေးဆိုတာ ဟိုတုန်းကတည်းက ငါခန့်မှန်းမိခဲ့ပါတယ်"

"ဒါပေမဲ့ကွာ၊ သူ့လစာတစ်ခုတည်းနဲ့ မိသားစု စားဝတ်နေရေး၊ ကျောင်းစရိတ်၊ အဖေ့အရက်ဖိုး ဘယ်လို တတ်နိုင်ပါ့မလဲကွာ၊ နဂိုလှပြီးသား ရုပ်ရည်က ပြင်တတ်ဆင်တတ်လာတော့ ပိုပြီးလှလာတယ်၊ နောက်တော့ သူ့ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ တတွဲတွဲ ဖြစ်လာတယ်"

"အဲဒီလို သူဌေးနဲ့တွဲနေတာ သူ့မိဘတွေမသိဘူးလား"

"မသိဘဲ နေပါ့မလားကွာ၊ သူ့အဖေ ကိုတင်ဝင်းက မကြိုက်ပေမယ့် သူ့အမေ မအေးကြည်က လိုလိုလားလားဖြစ်နေတာ"

"ဒါနဲ့ စကားမစပ် ကိုတင်ဝင်းတို့ မိသားစု အခုဘယ်မှာနေကြလဲ၊ တင်ဝင်းလဲ ငါနဲ့ အသက်မှသိပ်မကွာတာ၊ သူလဲ ပင်စင်စားဖြစ်နေပြီပေါ့ "

"အရက်စွဲနေတော့ ဆေးပင်စင်နဲ့ ဌာနက အနားပေးလိုက်ပြီ၊ မင်းထက်တောင် ပင်စင်ယူတာစောမယ်ထင်တယ်၊ အခု ရှုခင်းသာဘက်က တိုက်ခန်းမှာနေတာ "

"အံ့မယ် တယ်ဟုတ်နေပါလား၊ အငှားတိုက်ခန်းထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"တိုက်ခန်း ငှားနေတာ မဟုတ်ဘူး၊ ကိုယ်ပိုင်တိုက်ခန်းကွ၊ သူ့သမီး ဝယ်ပေးတာလို့ သိရတယ်"

"ဘာ သမီးကတိုက်ခန်းဝယ်ပေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်ကွာ၊ တင်ဝင်းနဲ့တွေ့တုန်းက တင်ဝင်းကိုယ်တိုင် ငါ့ကို ပြောခဲ့တာ"

"မိဘမောင်နှမအပေါ် သိတတ်တာကိုတော့ ချီးမွမ်းပါတယ်၊ တိုက်ခန်း ဝယ်ပေးနိုင်လောက်အောင် သူ့လစာ ဘယ်လောက်တောင် ရနေလို့လဲ၊ ဘာတွေလုပ်နေလို့လဲ"

"ဒါတွေထားပါတော့ကွာ၊ တို့နှစ်ယောက် ရှေ့တည့်တည့်မှာလာရပ်နေတာတောင် တို့ကို မသိချင်ယောင်ဆောင်နေခဲ့တာ၊ လူချောင်တာနဲ့ တစ်ဖက်ကိုလှည့်သွားခဲ့တယ်လေ"

"အေးကွ မင်းပြောမှ ငါစဉ်းစားမိတော့တယ် ၊ ငါက ရုတ်တရက် မမှတ်မိပေမယ့် လူငယ်ဖြစ်တဲ့သူက မှတ်မိမှာပေါ့၊ ဒါနဲ့ ခုဘာအလုပ်လုပ်နေလဲ၊ အိမ်ထောင်ရက်သားကျရောပေါ့"

"သူ့သူဌေးနဲ့ ဘာလိုလို ကြားနေရတယ်၊အခု သူ့မိဘတွေနေတဲ့ တိုက်ခန်းဟာလဲ သူ့သူဌေး ဝယ်ပေးထားတာလို့ သိရတယ်၊ ဒီလောက်ပဲ ပြောပါရစေကွာ"

"ဘာ သူ့သူဌေးက သူ့မိဘတွေအတွက် တိုက်ခန်း ဝယ်ပေးတယ် ဟုတ်လား "

"ဟုတ်တယ်၊ ခုနက ကားပေါ်မှာတွေ့တာ သူ့မိဘတွေဆီ အလည်လာတာ ဖြစ်မယ်"

ကျွန်တော် စကားမဆက်နိုင်တော့ပါ။ ကျွန်တော့်ရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာတစ်ခု ခံစားလိုက်ရသည်။ နှမြောစိတ်နှင့်အတူ သူမကို လှမ်းကြည့်လိုက်မိသည်။

ထိုစဉ် ကျွန်တော်တို့ စီးလာသောဘတ်စ်ကား ရှုခင်းသာ ငါးကွေ့မှတ်တိုင်သို့ ရောက်လာပြီဖြစ်သည်။ ငါးကွေ့မှတ်တိုင် ကားရပ်နားစဉ် သူမ ကားပေါ်မှဆင်းသွားသည်။

ကျွန်တော်တို့ကို လှည့်၍ပင် မကြည့်တော့ပါ။ ခပ်သုတ်သုတ်လျှောက်ပြီး လမ်းထဲဝင်သွားသည်ကို တွေ့လိုက်ရသည်။ ဘတ်စ်ကားက ဆက်လက်ထွက်ခွာလာသည်။

ကျွန်တော်တို့ နှစ်ယောက်က သန်လျင်ရှိ အောင်ချမ်းသာရပ်ကွက်သို့ ခရီးဆက်ရမည် ဖြစ်သည်။

ကျွန်တော် သူမအကြောင်း တွေးနေမိစဉ် ဘတ်စ်ကားက သန်လျင်တံတား ပေါ်ရောက်လာသည်။ ပဲခူးမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက တိုးဝှေ့ထိတွေ့လာသည်။ လေနုအေးကြောင့် လူမှာလန်းဆန်းသလိုဖြစ်ခဲ့သော်လည်း ကျွန်တော့်ရင်ထဲတွင်မူ တစ်ခါတုန်းက တပည့်မလေးနှင့် ပတ်သက်၍ ပူလောင်နေခဲ့ပါသည်။

❒ မောင်မောင်မိုးအောင်




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

**လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။**

**တွေ့ချိန်** ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

**လိပ်စာ** ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း** → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈

www.burmeseclassic.com

ကိုကြီးရယ်. . .

ဇွန်ပန်းရုံ နံဘေးမှာ ရပ်ရင်း ကိုကြီးရဲ့ အရိပ်လေးရှိနေမယ့် အိမ်လေးဆီ ဖြူ ငေးမိပါတယ်။ ဒါပေမယ့် ဖြူ မဝင်တော့ဘူး။ ဖြူ ကိုကြီးကို နှုတ်မဆက်တော့ဘူး။

ခွင့်လွှတ်ပါ ကိုကြီးရယ်။ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးလိုက်ရတဲ့ ညီမဖြူကို ခွင့်လွှတ်ပါတော့လို့ ဖြူ တောင်းပန်လိုက်ပါတယ်။



www.burmeseclassic.com

ကိုကြီးရယ်. . . ။

တကယ်တော့လေ ဖြူ့ဘဝမှာ ကိုကြီးနဲ့ အရင်ဆုံစည်းခွင့် ရခဲ့တာပါ။ တွေ့တာမှ လူ့ဘဝထဲ ဝင်ဝင်ချင်း ကိုကြီးနဲ့ တွေ့ခွင့်ရခဲ့တာ။ ကိုကြီး မိဘတွေရဲ့ အိမ်နဲ့ ဖြူ့ ဘိုးဘွားတွေရဲ့ အိမ်က ခြံချင်းကပ်ရက်လေ။

ဖြူ့မေမေက ဘဏ် မန်နေဂျာ ဖေဖေနဲ့ လက်ထပ်ပြီး သျှောင်နောက် ဆံထုံးပါ ဖေဖေပြောင်းရွှေ့ရာ လိုက်ပါခဲ့တယ်။ ဖြူ့ကို မွေးတော့ မေမေက ဘွားဘွားအိမ်မှာ ပြန်မွေးတယ်။

ဖြူ့ကို မွေးတဲ့အချိန် ကိုကြီးက ဆယ့်သုံးနှစ်သားဖြစ်နေပါပြီ။ ဆယ်နှစ်အရွယ်ညီနဲ့ ရှစ်နှစ်အရွယ် ညီမရှိတဲ့ ကိုကြီးက မွေးခါစ ဖြူဖွေးဖွေး ကလေးလေးကို ချစ်မြတ်နိုးစွာ ချီပွေ့ရင်း ချစ်စရာလေး၊ ဖြူစင်နေတာပဲ ညီမလေးကို ဖြူစင်လို့ပဲ ခေါ်မယ်လို့ ပြောခဲ့တယ်။ ကြာသပတေးသမီးလေး အတွက် ကိုကြီး နှုတ်က ပေးခဲ့တဲ့ ဖြူစင်ဆိုတဲ့ နာမည်နဲ့ ဘဝမှာ ရှင်သန်ခဲ့ပါတယ်။

ဖေဖေ ပြောင်းသမျှ လိုက်ရတဲ့ ဖြူ့အတွက် နွေရာသီမှာ ဘိုးဘိုးတို့ ခြံကို လာလည်ခွင့်ရတာ မဟာအခွင့်အရေးပါ။ ကလေးနီးပြီး တစ်နှစ် တစ်ယောက် မွေးတတ်တဲ့ မေမေက ဖြူ လေးနှစ်သမီးမှာ နောက်ထပ် အငယ်နှစ်ယောက်မွေးပြီးပြီ။ အိမ်မှာ မျက်နှာသာပေးမခံရဘဲ လက်တိုလက်တောင်း လုပ်ပေးရတဲ့ ဖြူဟာ ဘိုးဘိုးတို့ အိမ်ရောက်ရင် တစ်ဦးတည်း ပြိုင်ဘက်မရှိ ဒိုလ်ပါ။ ဖြူ့ကို ဒိုင်ခံထိန်းသူက ကိုကြီးလေ။ ကိုကြီးညီ ကိုလေးက စတိုင်ကြီးနဲ့ ဖြူ့ကို အရေးစိုက်တာ မဟုတ်ဘူး။ ကိုကြီးညီမ မလေးကလည်း သူစိတ်ပါချင်သာ ဖြူ့ကို ခေါ်ဆော့တာ။ သူ့မှာ အဖော်ရှိရင် ဖြူ့ကို ဥပေက္ခာ။ ဖြူ့ကို ညာတာ မဟုတ်ဘူး။

ကိုကြီးသာ ဖြူ့ကို ချီပိုးရင်း ပွေ့ဖက်ရင်း၊ ကျောပိုးရင်း အလိုလိုက်ထိန်းကျောင်းခဲ့တာပါ။ ကိုကြီး ပြောပြခဲ့တဲ့ ပုံပြင်တွေက ဖြူ့နားထောင်လို့ မရိုးစရာ။ ကိုကြီးဆိုပြတဲ့ သီချင်းတွေက ဖြူ့နားဝမှာ နားဝင်ပီယံဖြစ်စရာ။ ကိုကြီးရင်ခွင်ဟာ မေမေပြီးရင် ဖြူ့အတွက် နွေးထွေးငြိမ်းချမ်းပြီး ပျော်ရွှင်မှုတွေ ပေးခဲ့ပါတယ်။

ဒါပေမယ့် ကိုကြီးရယ် ကံကြမ္မာက ကိုကြီးနဲ့ ဖြူ့ကို ဆုံစည်းခွင့် မပေးခဲ့ပါဘူး။ ကိုကြီးစိတ်ထဲမှာ ဖြူ့ကို သူ့ညီမအထွေးဆုံးလေးလိုသဘောထားခဲ့တယ်။ ဖြူ့ရင်ထဲမှာလည်း ကိုကြီးဟာ ဖြူ့အစ်ကိုအရင်းကြီးပဲ။ ဒီခံစားချက်တွေက ကိုကြီးနဲ့ ဖြူ့ကို တစ်သက်တာ ဝေးကွာစေခဲ့တာပါ။

✿

ကိုကြီးရယ်. . . ။

အတိတ်ကိုတွေးရင် ဖြူ အချိန်တွေကို နောက်ပြန်ဆွဲလှည့်ချင်တယ်။ ဖြူ့ဘဝရဲ့ ဖြူစင်တောက်ပနေတဲ့ နုနယ်ပျိုမျစ်ချိန်တွေဆီကိုပေါ့။

ဖြူ ခုနစ်တန်းနှစ်မှာ ဘိုးဘိုးနဲ့ ဘွားဘွား ရှေ့ဆင့် နောက်ဆင့် ဆုံးတယ်။ အိမ်ကို မေမေ့ညီမ အန်တီသက် အမွေရတယ်။ ဖြူ ကိုးတန်းနှစ်မှာ မေမေက ဖေဖေနောက် မလိုက်တော့ဘဲ ရန်ကုန်မှာပဲ အခြေချ အိမ်ဝယ်လိုက်တယ်။ အထက်တန်းကျောင်းသူ ဖြူဟာ စာကြိုးစားရင်း အလှအပတွေ စိတ်ဝင်စားရင်း မေမေ့အထည်ဆိုင်မှာ ကူရောင်းရင်း အပေါင်းအသင်းမိတ်ဆွေသစ်တွေကြားမှာ ပျော်လို့ ကိုကြီးကို မေ့ထားခဲ့တယ်။

ဆယ်တန်းအောင်ပြီး ပထမနှစ်မှာ ရန်ကုန်သား အောင်အောင်နဲ့ အပျော်အဖြစ် ရည်းစားထားခဲ့မိတဲ့ ဖြူ တစ်ဖွတ်ထိုးဆန်တဲ့ အောင်ရဲ့ အနိုင်ကျင့်မှုတွေကြောင့် အောင့်နောက် ခိုးရာလိုက်ခဲ့ရပါတယ်။

ယူခါစက ယောက်ျားရဲ့ ရင်ခွင်မှာ မေးတင်လို့ ယောက္ခမကြီးရဲ့ ပွက်လောရိုက်သံတွေကို နားပိတ်ထားရက်နိုင်ပေမယ့် ရက်က လကို ပြောင်းလာတာနဲ့အမျှ ဖြူ မပျော်တော့ပါဘူး။ မေမေနဲ့ ဖေဖေ့ကို တောင်းပန်ပြီး အိမ်ပေါ်ပြန်တက်ဖို့ တွေးမိချိန် ဖြူ့ ဝမ်းကြာတိုက်မှာ သူ့ရဲ့ သန္ဓေတည်နေခဲ့ပြီ။ သားကြီးကို ဖြူမွေးတော့ ဖုန်းသတင်း ရရချင်း မေမေ အပြေးအလွှားရောက်လာတယ်။ ယောက္ခမအိမ်မှာ ချို့ငဲ့စွာနေရတဲ့ ဖြူ့ကို မကြည့်ရက်တဲ့ မေမေက သမီးရော မြေးရော သမင်္ဘပါ အိမ်ကို ပြန်ခေါ်သွားခဲ့တယ်။

ကိုကြီးရယ်၊ မိဘအရိပ်ဟာ ဖြူ့အတွက် လုံခြုံအေးမြပေမယ့် အောင့်အတွက် နေလိုမ်းလို ပူလောင်တယ်။ အလုပ်လက်ကြောမတင်း၊ ယောကျ်ားပျင်း ကျောခင်းပြီး စီးကရက်လက်ကြားမချ။ အရက်နံ့ တဟောင်ဟောင်နဲ့ အောင့်ကို မေမေတို့က ကြည့်မရခဲ့ဘူး။ အောင့်ကို အရင်းအနှီး လုပ်ပေးမယ်၊ စီးပွားရေးတစ်ခုလုပ်ပါလို့ မေမေက ပြောတော့ ယောက္ခမက သူ့ကို နှိမ်တယ်တဲ့။ သား တစ်နှစ်မှာ အောင် အိမ်ပေါ်က ဆင်းသွားတယ်။

ဖြူ့ကို သူ့နောက်လိုက်ဖို့ ခေါ်ပါတယ်။ အလုပ်အကိုင်မရှိတဲ့ အားမကိုးလောက်တဲ့ လင်သားနောက်ကို တစ်နှစ်အရွယ်သားကို ပွေ့ပြီး လိုက်ရဲလောက်တဲ့သတ္တိ ဖြူ့မှာ မရှိဘူး။ ဖြူ့မိဘတွေကလည်း ခွင့်မပြုဘူး။ သူ့ကို ဘယ်သူကမှ မောင်းမချဘဲ ဆင်းသွားတာ။ ငါ့သမီး လိုက်သွားစရာမလိုဘူး။ သူပေါင်းချင်ရင် ဒီအိမ်ပေါ် အချိန်မရွေး လာပြန်နေလို့ရတယ်တဲ့။

အရက်ဝင်ရင် သွေးဆိုးတတ်တဲ့ အောင်က ညဥ့်နက်သန်းခေါင် ဖြူတို့ အိမ်ရှေ့က လာအော်တတ်တယ်။

“ဖြူစင့်ကျော်လင်းရေ မင်းလင် ရောက်နေပြီ၊ ဆင်းလာခဲ့ ငါ့မိန်းမနဲ့ ငါ့သားကို ငါ လာခေါ်တာ ဘယ်သူမှ ဂရုမစိုက်ဘူး”တဲ့။

တစ်ပတ်မှာ နှစ်ရက်လောက် အရှုက်ကွဲနေတော့ မေမေ သည်းမခံနိုင်တော့ဘူး။ လူပျိုလေး ဖြစ်လာတဲ့ ဖြူ့



www.burmeseclassic.com

www.burmeseclassic.com

မောင်လေးက ထွက်ရှိက်မယ် တကဲကဲမို့ မနည်းဆွဲထားရတာ။ မေမေက ဖြူ့ကို ဘွားဘွားတို့အိမ်ပြန်နေဖို့ ဆုံးဖြတ်တယ်။ အောင့်ကို မျက်ခြည်ဖြတ်ဖို့ပေါ့။

သားကြီးကိုပွေ့ရင်း ဝင်းရတနာမှန်လုံ အမြန်ယာဉ်နဲ့ ပြန်ခဲ့တဲ့ ဖြူ့ကို အန်တီသက်ကိုယ်စား ကားဂိတ်မှာ လာကြိုခဲ့သူက ကိုကြီးပါ။ အလဲလဲအကွဲကွဲ အိမ်ထောင်ရေးမှာ ကျရှုံးခဲ့တဲ့သူ့ရဲ့ ညီမထွေးလေး၊ ညီမဆိုးလေးကို နွေးထွေးခွင့်လွှတ်တဲ့ အပြုံးတွေနဲ့ပေါ့။ အသက်သုံးဆယ့်ရှစ်ထဲ ရောက်နေတဲ့ ကိုကြီးဟာ အခုထိ လူပျိုကြီးဘဝနဲ့ပဲ။ ကိုကြီးချစ်သူက ကိုကြီးကို ပစ်သွားတာတဲ့။

"ကောင်ကြီး လာပါဦး ဘဘကြီးဆီ၊ ချစ်စရာကြီးကွာ၊ ငါ့ညီမသားက ညီမလေးလို ဖွေးဥနေတာပဲ"

"ကိုကြီး ဘာလို့ မိန်းမ မယူတာလဲ၊ ကိုကြီးကို ဖြူကိုယ်တိုင် မိန်းမ ပေးစားမယ်"

"မလုပ်ပါနဲ့ ညီမရယ်၊ ညီမလေး ပြန်ရောက်လာတာကိုက ကိုကြီးဘဝအတွက် ပြည့်စုံပါပြီ"

ကိုကြီးက ဈေးထိပ်မှာ ခွေဆိုင်ထွက်တယ်။ မိုးလင်းခါစကတည်းက အန်တီသက်အိမ်ဘက်ကူးလာပြီး သားသားကို ပခုံးပေါ်ထမ်း၊ သူ့ဆိုင်ခေါ်သွားတယ်။ ချက်ပြုတ်ရေမိုးချိုးပြီးမှ ဖြူက လိုက်သွားပြီး သားသားကို ပြန်ခေါ်ရတယ်။ ဖြူချက်ထားတဲ့ ကောင်းနိုးရာရာလေးတွေ ချိုင့်နဲ့ ကိုကြီးစားဖို့ ထည့်သွားတယ်။ ဖြူ ပြင်ဆင်ပေးသမျှ ကိုကြီးက အားရပါးရ စားတတ်တယ်။ ဖြူတို့ သားအမိပြန်လာပြီး အိမ်မှာ သားသားကို သိပ်၊ ဖြူလည်း တရေးတစ်မောအိပ်နဲ့ ညနေ ကိုကြီးဆိုင်သိမ်းရင် စားစရာ တစ်မျိုးမျိုးကိုင်လို့ ဖြူတို့အိမ် အရင်ဝင်လာတတ်တယ်။ ခြံထဲက ဇွန်ပန်းရုံဘေးက ခုံတန်းလေးမှာ သုံးယောက်သား ထိုင်ရင်း စားသောက်ရယ်မောတယ်။

"သားကြီးရေ"

"ဗျာ အဘ"

သားကလည်း ကိုကြီးကို အရမ်းခင်တွယ်တယ်။ ငယ်ငယ်ကတည်းက ဖြူစင်ရိုးသားစွာ မောင်နှမအရင်းလို ချစ်ခဲ့တဲ့ ဖြူနဲ့ ကိုကြီးရဲ့ ဆက်ဆံရေးဟာ ပတ်ဝန်းကျင်မှာ ဂယက်ထနေတာ ဖြူ မသိခဲ့ဘူး။ ကိုကြီးရဲ့ ဆိုင်နီးချင်းတွေက အိမ်ထောင်ပျက် တစ်ခုလပ်မလေး ဖြူနဲ့ လူပျိုကြီး ကိုကြီးကို စကြ နောက်ကြတယ်။

ဒါကို မသိဘဲ ဖြူက စားစရာတွေ ချိုင့်လေးနဲ့ဆွဲလို့ သားသားခေါ်ဖို့ ကိုကြီးဆိုင် ရောက်သွားရင် မကြားတကြား သီချင်းတွေ ဆိုတယ်။

"ဆိုင်က ရောင်းတဲ့ ထမင်းနဲ့ ဟင်းဟာ မင်းချက်တဲ့ ဟင်းလောက် မကောင်းဘူး ××× မင်းလောက် ကိုယ့်အပေါ် ဘယ်သူမှ မကောင်းဘူး"

ကျောက်စိုင် ကျောက်သားတောင် နှံ့ပါများရင် လှုပ်တတ်တာပဲ။ ကိုကြီးရဲ့ မျက်ဝန်းတွေမှာ ဖြူ့အပေါ် ကရုဏာရိပ်အပြင် သံယောဇဉ်တွေပါ ပြည့်လျှံလာတာ ဖြူ့ရင်ထဲ ခံစားလာမိတယ်။ ဖြူ့ကိုယ်ဖြူ သတိထားမိချိန် ဖြူလည်း ကိုကြီးအပေါ် အစ်ကိုတစ်ယောက်ထက်မက အားကိုးတွယ်တာနေမိပြီဆိုတာ တုန်လှုပ်စွာ သိလိုက်တယ်။ သားသားက ကိုကြီးဆိုင်နီးချင်းတွေ သင်ပေးတဲ့အတိုင်း ကိုကြီးကို ဘဘဖေဖေတဲ့လေ။

ညနေတိုင်း ဖြူတို့ သားအမိနဲ့ ကိုကြီး ဇွန်ပန်းရုံဘေးက ခုံတန်းလေးမှာ ထိုင်တယ်။ အဲဒီအချိန်လေးဟာ ဇွန်ပန်းရနံ့မွှေးမွှေးနဲ့အတူ ကိုကြီးရဲ့ မေတ္တာရနံ့တွေက ဖြူ့ရင်မှာ သင်းလို့။ ဖွင့်မပြောဖြစ်ကြပေမယ့် ကိုကြီးရဲ့မျက်လုံးက လျှံကျနေတဲ့ မေတ္တာတွေကို ဖြူ ကျေနပ်စွာ ခံစားမိနေပါပြီ။ ဖြူလည်း ကိုကြီးကို. . .။

အန်တီသက် ပေးခိုင်းတဲ့ လူးဆေးဘူးပေးဖို့ ကိုကြီးတို့အိမ်ဘက် ကူးလာတဲ့ညနေဟာ ဖြူ့အတွက် အိပ်မက်က လန့်နိုးခဲ့တာပါ။

"သား ဖြူစင်ဟာ ငယ်ငယ်လေးကတည်းက မေမေတို့လဲ သမီးလေးတစ်ယောက်လို ချစ်ခဲ့တဲ့ ကလေးပါ ဒါပေမဲ့ တစ်ခုလပ် ကလေးတစ်ယောက်အမေ တစ်ယောက်ကို ချွေးမအဖြစ် လက်ခံလောက်အောင် မေမေ သဘောထား မကြီးနိုင်ဘူး"

"သားနဲ့ ဖြူက ရိုးရိုးသားသားပါ မေမေ၊ သား ဖြူ့ကို ညီမလေးအရင်းလို ချစ်တာ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကာလကတည်းကပါ"

"သားနဲ့ ဖြူ ဘယ်လိုပဲ ရိုးရိုးသားသားပါလို့ ပြောပြော မနက်မိုးလင်းကတည်းက ဟိုဘက်အိမ်ရောက်နေ၊ ကလေးထိန်းပြီး ညမိုးချုပ်တဲ့အထိ ဖြူတို့ သားအမိနဲ့ တတွဲတွဲဖြစ်နေတဲ့ သားကို ပတ်ဝန်းကျင်က ယုံမှာ မဟုတ်ဘူး၊ မေမေလဲ မယုံဘူး၊ သားရဲ့မျက်လုံးမှာ ဖြူတို့သားအမိအပေါ် ကရုဏာပိုတဲ့ အကြည့်တွေ ဖြူ့မျက်လုံးမှာ သားကို အားကိုးတကြီး ဖြစ်နေတဲ့ အရိပ်တွေ ပြည့်နေတယ်၊ တစ်ချိန်ချိန်မှာ သားနဲ့ ဖြူဟာ ဖွင့်ဟပေါက်ကွဲကြတော့မယ်"

"မေမေရယ် ဖြူဟာ သနားစရာပါ၊ သားကြီးကလဲ ဖခင်မေတ္တာ ငတ်မွတ်နေတာပါ"

"အဲဒီ ငတ်မွတ်နေတဲ့ ဖခင်မေတ္တာကို ငါ့သားလူပျိုကြီးက ပေးချင်လို့ မရဘူး၊ မေမေ ဘယ်လိုမှ ခွင့်မပြုဘူး"

ဘယ်လို ခြေလှမ်းမျိုးတွေနဲ့ ဖြူ ပြန်လာခဲ့မိမှန်း မသိဘူး၊ အိမ်ပြန်ရောက်တော့ အခန်းထဲဝင်ပြီး ငိုချပစ်လိုက်မိတယ်။ ညနေစောင်းမှာ ကိုကြီးက နှီးအေးထုပ်တွေကိုင်လို့ ဖြူတို့အိမ်ဘက် ရောက်မြဲ ရောက်လာတယ်။

"သားကြီးရေ"

"ဘဘဖေဖေ လာတယ်၊ ဟေး နှီးအေးတွေ ပါတယ်"

"မေမေကော"



www.burmeseclassic.com

www.burmeseclassic.com

"မေမေ ငိုနေတယ်၊ ဘာဘဖေဖေနဲ့ ရန်ဖြစ်ထားသလား"

"မေမေက ဘယ်မှာ ငိုနေတာလဲ"

"အခန်းထဲမှာ"

"သွားခေါ်ကွာ"

ကိုကြီးက မရမက ခေါ်နေတော့ ဖြူ သနပ်ခါးပါးပါးဖို့လို့ ခြံထဲဆင်းခဲ့ရတယ်။

"ငိုနေတယ်ဆို၊ ဘာဖြစ်လို့လဲ ဖြူ"

"မဟုတ်ပါဘူး ကိုကြီးရဲ့၊ ဖြူ ခေါင်းကိုက်လို့ အိပ်နေတာ"

"မညာနဲ့ကွာ၊ ကိုကြီး ထိန်းခဲ့တဲ့ ညီမလေးပါ၊ ညီမလေးမျက်နှာကို ကြည့်လိုက်တာနဲ့ တစ်ခုခုဖြစ်နေတာကို ကိုကြီး သိတယ်"

ဖြူ့ရဲ့ မျက်လုံးထဲအထိ အဖြေရှာနေတဲ့ ကိုကြီးရဲ့ မျက်လုံးတွေကို ရင်မဆိုင်ရဲလို့ ဖြူ့မျက်နှာလွှဲပေမယ့် ကိုကြီးက မရမက စေ့စေ့ကြည့်ရင်း မေးနေတယ်။

ခက်ပြီ ကိုကြီးရယ်။

ကိုကြီးရဲ့ပုံစံက တစ်ခုခုကို ဆုံးဖြတ်လိုက်သလိုမျိုး မျက်နှာတည်သွားပြီး ပြောတယ်။

"ဖြူ့ကို ကိုကြီးပြောစရာရှိတယ်၊ ခိုင်မာလေးနက်တဲ့ စကားပါ"

ဖြူအကြားချင်ဆုံးစကား၊ ဖြူ့ရင်ထဲက သိနေပြီးသားစကားကို ကိုကြီးက ဖွင့်ပြောတော့မယ်။ ဖြူ ကြားချင်ပေမယ့် မကြားရဲဘူး။

"ကိုကြီး ဖြူ ဒီနေ့ မသိချင်သေးဘူး စိတ်တွေ မကြည်လို့ နက်ဖြန်ညနေကျမှ ပြောပါ ကိုကြီးရယ်"

"ကောင်းပါပြီကွယ်၊ တစ်ဘဝစာအတွက် လေးနက်တဲ့ စကားကို ဖြူ့အတွက် နက်ဖြန်ညနေမှာ ပြောမယ်နော်"

ကိုကြီးရဲ့ ရင်ခွင်ဆီ ဖြူ ခိုးငေးမိတယ်။ ဖြူ ငယ်ငယ်က ခိုဝင်ဖူးခဲ့တဲ့ ရင်ခွင်။ ဖြူ့ရဲ့သားသားလေး ခိုလှုံနေတဲ့ ရင်ခွင်။ ဒီရင်ခွင်ဟာ အစွန်းအထင်းမရှိ ဖြူလို တစ်ခုလပ်မတစ်ယောက်နဲ့ မထိုက်တန်ပါဘူး။

ကိုကြီးရဲ့ ချစ်ရည်ရွှန်းနေတဲ့ အကြည့်တွေကို နာကျင်စွာ ခံယူရင်း လွန်ခဲ့တဲ့ငါးနှစ်လောက် အပျိုစင်ဘဝမှာ ဒီလိုခံစားချက်မျိုး မဖြစ်ခဲ့တဲ့ ကံကြမ္မာကို ကျိန်ဆဲနေမိတယ်။

အဲဒီညမှာ ဖြူ ဖုန်းခေါ်ဖြစ်တယ်။ ဖြူခေါ်တဲ့ ဖုန်းနံပါတ်ဟာ သားသားရဲ့ ဖခင်ဆီပါ။

"ဟဲလို အောင်လား၊ ဖြူပါ"

"ဖြူ မင်း ဘယ်က ဆက်နေတာလဲ၊ မင်းကွာ ရက်စက်လိုက်တာ၊ လုံးဝ ကိုယ်ယောင်ဖျောက်ထားတာ၊ မင်း မိဘအိမ်မှာလဲ မရှိ၊ ဘယ်လိုက်ရှာရမှန်း မသိ၊ ငါ့သားကော ငါ့သား"

"အောင် . . . ဖြူရော သားပါ အောင့်ဘဝထဲ ပြန်လာမယ်ဆိုရင် ဖြစ်မလား၊ အောင် လာခေါ်မလား"

"မေးရက်လိုက်တာ ဖြူရယ်၊ ဘယ်ကို လာခေါ်ရမလဲ၊ အခုပဲ လာမယ်"

"ဖြူ ပဲခူးယ်ကုန်းမှာ၊ ပြည်တော်သာရပ်ကွက်က အန်တီ ဒေါ်သက်သက်အိမ်မှာ"

"ကောင်းပြီ၊ အောင်အခုပဲ ညကားနဲ့ လိုက်ခဲ့မယ်"

ခွင့်လွှတ်ပါတော့ ကိုကြီးရယ်။ ကိုကြီးအတွက် ဖြူ့ ဆုံးဖြတ်ချက်ပါ။

✿

ကိုကြီးရယ်။

ညတွင်းချင်းလိုက်ခဲ့တဲ့ အောင် မနက် ၃ နာရီမှာ အန်တီသက်အိမ်ကို ရောက်လာတယ်။

အန်တီသက်ကို ကန်တော့ ခွင့်တောင်းပြီး မနက် ၄ နာရီခွဲကားနဲ့ ရန်ကုန်ပြန်ဖို့ ဖြူပြင်တယ်။ အန်တီသက်က တစ်ရက် နှစ်ရက်နေစေချင်တယ်။ ခရီးပန်းလာတဲ့ အောင်က နားချင်ပေမယ့် ဖြူ့နှလုံးသားက မဖြစ်နိုင်တော့လို့ ကိုကြီးနဲ့ ဝေးရာပြေးဖို့ ဆုံးဖြတ်လိုက်ရတယ်။

သားသားကို ပွေ့၊ ခရီးဆောင်အိတ်ကိုဆွဲလို့ အောင်က ရှေ့ကထွက်တော့ ဇွန်ပန်းရုံလေး နံဘေးက ကိုကြီးရှိနေမယ့် အိမ်လေးဆီ ဖြူ ငေးတယ်။

ငြိမ်းချမ်းစွာ ကိုကြီး အိပ်ပျော်နေပါစေတော့။

"မေမေ ဘာဘဖေဖေကို နှုတ်ဆက်ဖူးလား"

သားသားက မေးတော့ အောင့်တွန့်ခနဲဖြစ်ရင်း ဖြူ့ကို မေးတယ်။

"ဘယ်သူလဲ ဖြူ ဘာဘဖေဖေဆိုတာ"

"ဖြူ့အစ်ကို ဝမ်းကွဲပါ"

ခွင့်လွှတ်ပါ ကိုကြီးရယ်။ အောင့်ကို သဝန်မတိုစေဖို့ ဖြူ ညာခဲ့တယ်။

"ဘာဘဖေဖေ ခေါ်စရာ မလိုတော့ဘူး၊ ငါ့သားမှာ ဖေဖေရှိနေပြီ"

အောင်က ပိုင်ဆိုင်မှုပြ စကားဆိုရင်း သားသားကို တင်းတင်းပွေ့တယ်။

အောင့်နောက်က လိုက်ခဲ့တဲ့ ဖြူ့ ခြေလှမ်းတွေက ယိုင်နဲ့နဲ့။

ဖြူ့ရဲ့နှလုံးသားက ကိုကြီးဆီမှာ ကျန်ခဲ့ပြီ။ ကိုကြီး ပြောလာမယ့် စကားတွေကို မကြားရဲလို့ ဖြူလည်း ငြင်းဆန်နိုင်မယ့် အင်အားမရှိလို့ ဒီလို အောင့်ကို ဖုန်းဆက်ခေါ်ခဲ့တာပါ ကိုကြီးရယ်။

✿

ခွင့်လွှတ်ပါတော့ ကိုကြီးရယ်။

နှလုံးသားချင်း နားလည်ပါလျက် နီးပါလျက်နဲ့ ဘဝမှာ ဖြစ်သင့်ဖြစ်ထိုက်တာကို ဖြူ ဆုံးဖြတ်ပါရစေတော့။

❒ **သန္တာမြတ်သောင်း**





www.burmeseclassic.com

www.burmeseclassic.com




အသက်(၆၀)ကျော် ဆိုသော လူ့ဘဝသက်တမ်းသည် ရှည်လျားလွန်းလှသော ကာလတစ်ခု မဟုတ်သော်ငြားလည်း အခိုက်အတန့်အားဖြင့် အခက်အခဲများစွာကို ဖြတ်ကျော်လာခဲ့ရသော ကာလဟု ဆိုနိုင်ပါသည်။

ထိုဘဝ ထိုကာလများထဲတွင် တစ်သက်လုံးမေ့ပျောက်လို့မရ နှလုံးသားတွင် အမှတ်တရ ဖြစ်စေခဲ့သော အကြောင်းအရာ အပိုင်းအစ များစွာတို့လည်း လူတိုင်းတွင် ရှိခဲ့ကြဖူးမည်မှာ မလွဲပေ။

ထိုအမှတ်တရ အပိုင်းအစလေးများအပေါ်၌ စွဲမြဲစွာ ခံစားနေတတ်သူများမှာလည်း တစ်ခုမဟုတ် တစ်ခုသော အကြောင်းအရာသည် ထိုသူ၏ နှလုံးသားတစ်နေရာတွင် စွဲထင်ကျန်ရစ်ခဲ့မည်မှာလည်း အမှန်ပင်ဖြစ်ပေမည်။

ငယ်စဉ်ဘဝ လူငယ်လူရွယ်တို့ နှလုံးသားရေးရာ စိတ်လှုပ်ရှားခဲ့ရသော အရွယ်၊ ထိုမှတစ်ဆင့် အိမ်ထောင်ကျပြီး အိမ်ထောင့်တာဝန်ယူရင်း ကြုံတွေ့ရသော အခက်အခဲမျိုးစုံနှင့် ဘဝ၏ဆက်ထုံးဟုခေါ်သော ခံစားချက်၊ နာကြည်းချက် အဖုအထစ် အဆက်အထုံးများအား ကာလရှည်ကြာ ဖြတ်ကျော်လာရသောအခါ ထိုဆက်ထုံး အဖုအထစ်များသည်ပင်လျှင် အတိတ်ဟူသော ကာလတစ်ခု၌ ကျန်ရစ်ခဲ့တတ်ကြသည်။

www.burmeseclassic.com

တချို့တွင်မူ ထိုဆက်ထုံး အဖု အထစ်(သို့မဟုတ်)အတိတ်တို့မှာလည်း ဦးနှောက်နဲ့ နှလုံးသားတွင် ထင်ထင် ပေါ်ပေါ် မဟုတ်သော်ငြားလည်း သိမ်း ဆည်းသိုဝှက်စွာ နေရာယူလိုက်ပါလာ တတ်သည်လည်း ရှိပါသည်။

ဦးဖိုးမောင်တစ်ယောက် ငြိမ်းခဲ့ သည့်နှစ်က ဌာနဆိုင်ရာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီး ရွှေပြည်သာမြို့ ဝန်ထမ်းရပ်ကွက်တွင် မိသားစုများနှင့် အတူနေထိုင်လျက် ရှိနေသည်။

ဦးဖိုးမောင်မှာ အငြိမ်းစားတို့ သဘာဝ သိပေါင်းကျွမ်းပေါင်းနှင့် ကျောင်းနေဖက် သူငယ်ချင်းများကို မတွေ့တွေ့အောင် စုံစမ်းရှာဖွေသည်။

ကျောင်းတုန်းက သူငယ်ချင်း များနှင့် တွေ့သောအခါ လက်ဖက်ရည် ဆိုင်ထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ် ငယ်ကျိုးငယ်နာများ ပြောဆို ပျော်ရွှင် တတ်ကြပြီး လက်ရှိ အသက်အရွယ် ကိုပင် မေ့လျော့သွားတတ်မြဲဖြစ်သည်။

တစ်နေ့က အလယ်တန်းမှ တက္ကသိုလ်ထိ အတူနေလာခဲ့သော ဦးအောင်ကျော်ဦးနှင့် ဆုံတွေ့ကြရင်း စကားပြောဖြစ်ကြသည်။

"မင်းရဲ့ ငယ်ချစ်ဦး နှင်းပွင့်ဖြူရဲ့ ယောကျ်ားဆုံးလို့ လွန်ခဲ့တဲ့ ငါးနှစ် လောက်က ငါ ရောက်သွားတယ်ကွာ၊ သူက ဦးဦးဖျားဖျား မင်းကို သတိရတဲ့ အကြောင်း ပြောသေးတယ်၊ အဲဒီတုန်း က မင်းနဲ့ငါလဲ အဆက်အသွယ်မရှိ၊ မင်း ဘယ်ရောက်နေတယ်ဆိုတာ ငါလဲ သေသေချာချာ မသိလို့ တိတိကျကျ မပြောနိုင်ခဲ့ဘူးပေါ့ကွာ။

သူ့ခမျာ အခုထိ မင်းကိုတော့ သတိရနေတုန်းပဲသူငယ်ချင်း၊ အခုတော့ ရန်ကုန်မှာ သူ့သားနဲ့ အတူလာနေပြီး ချွေးမနဲ့ အဆင်မပြေလို့ အတော်စိတ် ဆင်းရဲနေရတယ် ကြားတယ်။

ငါနဲ့ မတွေ့တာတောင် အတော် ကြာသွားပြီ၊ သူ့ခမျာ အသက်ကြီးမှ အဝနဲ့ ထပ်တူထပ်မျှ သောကတွေ တစ်ပုံတစ်ပင်ကြီး ခံစားနေရတာ သနား ပါတယ်ကွာ"

ဦးဖိုးမောင်မှာ ကြားလိုက်ရ သောစကားကြောင့် ရင်ထဲတွင် အတော် ကလေး လှုပ်ခတ်ခံစားသွားခဲ့ရသည်။

သို့သော်လည်း ဒီအသက် ဒီအရွယ်မှာ ကိုယ်နဲ့လည်း ဘာမှမဆိုင် တော့။ ငယ်နုစဉ် သံယောဇဉ်နွယ်ယှက် ဖူးသည်ကလွဲပြီး ကိုယ့်ဘဝ ကိုယ့်လမ်း ကို လျှောက်လှမ်းခဲ့ကြသူများသာ ဖြစ် သည်ဟူ၍ စိတ်ကို အကြိမ်ကြိမ် ဖြေ လျှော့လာခဲ့ရသော်လည်း အိမ်ပြန် ရောက်သည်အထိ ငယ်ဘဝက ဖြစ်စဉ် အကြောင်းလျှာများကို မြင်ယောင် သတိရနေဆဲပင် ဖြစ်ပါသည်။

*

ဖိုးမောင်ငယ်စဉ်က စတုတ္ထတန်း အောင်မြင်ပြီး အနီးအနားတွင် အလယ် တန်းကျောင်း မရှိသဖြင့် ဝေးလံသော နယ်မြေရှိ အလယ်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားခဲ့ရသည်။ သွားရောက်ပညာသင်ကြားခဲ့ရသည် ဆို သော်လည်း တခြား ကျောင်းများလို ထမင်းလခပေးစားပြီး အမြန့်သား စာ သင်ခဲ့ရသည်တော့ မဟုတ်၊ မိဘများ၏ ဆရာသမား ဘုန်းတော်ကြီးကျောင်း တွင် ဆွမ်းကျန် ဟင်းကျန်များစားပြီး ချို့ငဲ့စွာ ကျောင်းတက်ခဲ့ရသော ဘဝပင် ဖြစ်သည်။

ထိုကဲ့သို့ ကျောင်းတက်ရင်း ဆရာတော်ကြီး၏ဒကာရင်း သမီးဖြစ်သူ နှင်းပွင့်ဖြူနှင့် ခင်မင်ရင်းနှီးခဲ့ကြသည်။ နှင်းပွင့်ဖြူနှင့် မောင်ဖိုးမောင်တို့မှာ အတန်းတူများဖြစ်ကြသဖြင့် စာတော် သော ဖိုးမောင်ထံ ကျောင်းသို့လာရင်း တစ်ခါတစ်ရံ သင်ခန်းစာများ ဆွေးနွေး လေ့ ရှိသည်။

တစ်နေ့သော မိုးနှောင်း ရာသီ တွင် မောင်ဖိုးမောင်တို့သူငယ်ချင်းတစ်စု ရေကူးကစားနေသော ဘုန်းကြီးကျောင်း နား ကြာရေကန်အနီးသို့ နှင်းပွင့်ဖြူ ရောက်ရှိလာပြီး သူငယ်ချင်းများ ရေကူး ကစားနေသည်ကိုကြည့်ရင်း ဖိုးမောင်ထံ စာမေးရန် စောင့်နေလေသည်။

ဖိုးမောင်ရေကူး ကစားရာမှ ပြန် တက်လာစဉ် ကြာရိုးတစ်ချောင်း ချိုးယူ လာခဲ့ပြီး ကြာရိုးကို ပုတီးဆစ်များ ပြု လုပ်ကာ နှင်းပွင့်ဖြူလည်ပင်းသို့ ဆွဲပေး လိုက်သည်။

နှင်းပွင့်ဖြူကလည်း လှပသော အပြုံးလေးနဲ့အတူ ခေါင်းငုံ့ပေးခဲ့၏။

ထိုစဉ် အောင်ကျော်ဦးနှင့် သူ ငယ်ချင်းများက . . .

"ဆဒ္ဒန်ဆင်မင်းက မယားကြီး သုဘဒ္ဒါဖို့ ကြာပန်းများ ဖွန်းပက်ပေး သလို ဖိုးမောင်က နှင်းပွင့်ဖြူအတွက် ကြာရိုးဆစ်ပုတီး ဆွဲပေးလိုက်ပြီဟေ့" လို့ပြောကာ လက်ခုပ်တီး သြဘာပေး လိုက်ကြသဖြင့် ဖိုးမောင်အတွက်တော့ တစ်သက်နဲ့ တစ်ကိုယ် ပထမဦးဆုံး ရင်ခုန်ခံစား စိတ်လှုပ်ရှားခဲ့ရသောနေ့ ပင် ဖြစ်လာခဲ့ရလေသည်။

ရင်ခုန်ခံစားရခြင်းနှင့်အတူ ဖိုး မောင်၏ နှလုံးသားတွင် နှင်းပွင့်ဖြူ၏ ကြည်ဖြူရွှင်ပျသော အပြုံးပန်းလေးကို စွဲငြိစွာ မြင်ယောင်ခံစားနေခဲ့ရသည်။ နှင်းပွင့်ဖြူမှာလည်း မိမိကဲ့သို့ ရင်ခုန် ခံစားနေရလေသည်လား တွေးရင်း ပျော်ရွှင်နေမိသည်မှာလည်း အမှန်ပင်။

ကျောင်း အတန်းလွှတ်ချိန်များ တွင် တစ်ဦးတည်းသာရှိသော မုန့်သည် ထံမှ ကျောင်းသားများ တရုန်းရုန်းဖြင့် ကျွဲသဲမုန့် ဝယ်ရသော အခါများတွင် လည်း နှင်းပွင့်ဖြူအတွက် ဖိုးမောင်က ဝင်ရောက် တန်းစီတိုးကာ အုန်းသီး ဖွေးဖွေးနှင့် ကျွဲသဲမုန့်ကို နှစ်ယောက် အတူ မျှဝေစားခဲ့ဖူးကြသည်။

ထိုကဲ့သို့ ငယ်ရွယ်စဉ် ဘဝက ရင်ခုန်ခဲ့ရသော သံယောဇဉ်ကြောင့် တစ်ယောက်နဲ့ တစ်ယောက် ခင်မင် ရင်းနှီးလာခဲ့ခြင်းလည်း ဖြစ်သည်။

တစ်နေ့တွင် ဆရာတော်ကြီးမှ နှင်းပွင့်ဖြူ၏ဖခင် ဦးမောင်နုအား သွား

www.burmeseclassic.com

ရောက်ခေါ် ယူခိုင်းသဖြင့် ဖိုးမောင် သူတို့အိမ်ကို ရောက်သွားခဲ့ရာ ဦးမောင်နုကို မတွေ့ရဘဲ နှင်းပွင့်ဖြူကိုသာ တွေ့ရသဖြင့် ဆရာတော်ကြီးမှ ဦးမောင်နုအား ခေါ်ခိုင်းကြောင်းပြောပြရာ ခဏထိုင်စောင့်ရန် ပြောသဖြင့် ဧည့်ခန်းတွင် ထိုင်စောင့်ရင်း နှင်းပွင့်ဖြူနဲ့အတူ စကားပြောနေကြစဉ် ဦးမောင်နု ရောက်ရှိလာပြီး ဖိုးမောင်အား မတူမတန်သလို မျက်နှာထားတင်းမာစွာဖြင့် သူ့သမီးနဲ့ စကားပြောဆိုနေသည်ကို မကျေနပ်သော အကြည့်မျိုး တစ်ချက်လှည့်ကြည့်ကာ. . .

"မင်း ဒီကို ဘာလာလုပ်တာလဲ၊ မတန်မရာ ဘုန်းကြီးကျောင်းနေတဲ့ ကောင်က ငါ့အိမ်ဧည့်ခန်းမှာ ထိုင်စရာလားကွ၊ အေး၊ ဆရာတော်ခေါ်ခိုင်းတယ်ဆိုရင် ငါလိုက်လာခဲ့မှာပေါ့၊ မင်းသွားနှင့်တော့"

ဦးမောင်နု၏ ရိုင်းပျသောစကားကြောင့် ဖိုးမောင် နှင်းပွင့်ဖြူထံသို့ တစ်ချက်လှမ်းကြည့်လိုက်မိပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ နှင်းပွင့်ဖြူ၏ မျက်နှာမှာ မသာမယာ ညိုးကျသွားသည်ကို မြင်တွေ့ခဲ့ရသဖြင့် ဖိုးမောင်မှာ ကိုယ်တိုင် အနိုင်ကျင့်အပြောခံရသည်ထက် နှင်းပွင့်ဖြူအတွက် ပို၍ပင် စိတ်မကောင်းဖြစ်လာခဲ့ရသည်။

ထိုကိစ္စကြောင့် နောက်နေ့များတွင် နှင်းပွင့်ဖြူကို အားနာနေမိသဖြင့် ခပ်စိမ်းစိမ်းနေခဲ့သေးသည်။

နှင်းပွင့်ဖြူမှာလည်း သူ့ဖခင်က မစာမနာ ရိုင်းပျစွာ ပြောဆိုလိုက်သဖြင့် ဖိုးမောင်အတွက် စိတ်မကောင်းဖြစ်ကာ အလွန်ပင် အားနာနေမိသည်။ နောက်နေ့ ကျောင်းရောက်သောအခါ ဖိုးမောင်အား တောင်းပန်စကား ပြောဆိုခဲ့ရသည်။ သို့ကြောင့်လည်း ဖိုးမောင်နဲ့ နှင်းပွင့်ဖြူတို့မှာ ယခင်ကထက်ပင် ပို၍ ခင်မင်လာခဲ့ကြသည်။

အမှန်တော့ သူတို့လို ငယ်ရွယ်သူနှစ်ဦးအနေဖြင့် အပြစ်ဆို ဘာမှမရှိ။ အရွယ်၏သဘာဝအရ ရင်ခုန်ခံစားခဲ့ကြသော်လည်း ဖြူစင်ရိုးသားစွာ ခင်မင်လျက် ရှိနေဆဲသာ ဖြစ်ပါသည်။ အချိန်ကာလတစ်ခု အတွင်းမှာ ဖိုးမောင်တို့သူငယ်ချင်းတစ်စု အလယ်တန်းကို အောင်မြင်ပြီး ရမ္မာဝတီမြို့ တန်းမြင့်ကျောင်းသို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ကျောင်းဖွင့်ပြီး တစ်လလောက်ကြာမှ ကတိုက်ကရိုက်ဖြင့် ရောက်ရှိလာသော နှင်းပွင့်ဖြူအား ဖိုးမောင်က ကျောင်းဝင်နောက်ကျနေသည့်အကြောင်းကို စိုးရိမ်စွာ မေးကြည့်မိသည်။

ထိုအခါ နှင်းပွင့်ဖြူက လေသံအေးဆေးစွာဖြင့်. . .

"အစ်မ ကလေးမီးဖွားနေလို့ အလုပ်မအားတာလဲပါတာပေါ့ဖိုးမောင်၊ နောက်တစ်ခု ရမ္မာဝတီမှာ ကျောင်းတက်ရင် မင်းနဲ့ငါ အတူတူ ပြန်ဆုံကြမှာကို မိဘတွေ စိတ်မချလို့ ကျောင်းဆက်မထားတော့ဘူးဆိုပြီး ပြောနေကြတယ်၊ အဲဒါကို ငါက ဆယ်တန်းအောင်အောင်တော့ ကျောင်းဆက်နေပါရစေဆိုပြီး တောင်းတောင်းပန်ပန်နဲ့ ကျောင်းတက်ဖို့ ထွက်လာခဲ့ရတာ" ဟု ပြောပြခဲ့သည်။

ရမ္မာဝတီမြို့ တန်းမြင့်ကျောင်းသို့ ရောက်ရှိပြီး ဖိုးမောင်နဲ့ နှင်းပွင့်ဖြူတို့မှာ အလယ်တန်းမှာတုန်းကလို တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးချင်းဆုံပြီး စိတ်ကူးယဉ်အိပ်မက်ထဲမှာ ရင်ခုန်ခံစားနေခဲ့ကြရာမှ သူငယ်ချင်းများ ဖြစ်ကြသော အောင်ကျော်ဦး၊ ချစ်ဦးမောင်၊ ဘဖြူအောင်တို့က မြှောက်ပေးတွန်းပို့ပေးမှုကြောင့် နှစ်ယောက်စလုံးမှာ မငြင်းရင်းရှိနေသဖြင့် ကန်စွန်းခင်းက ငြိကာ ချစ်သူဘဝ ရောက်ရှိခဲ့ကြသည်။

ချစ်သူတို့ဘဝဆိုသည်မှာ ဘယ်အပျော်ရွှင်ဆုံး အရာနှင့်မှ နှိုင်းစာလို့မရနိုင်။ သွားအတူ လာအတူ လွတ်လပ်ပျော်ရွှင်စွာ တပူးတွဲတွဲဖြင့် တစ်သက်မခွဲဘူးဆိုသော သစ္စာစကားကိုလည်း အထပ်ထပ်အခါခါ ပြောခဲ့ဖူးကြ၏။

ရမ္မာဝတီမြို့၏ ကျက်သရေဆောင် ကိုယ်ရံတောင်ဘုရားနှင့် တန်းရှင်ပြင်ဘုရား၊ မြို့လယ်ကောင်က အောင်စေတီမှာ ထပ်တူညီမျှတောင်းဆု ခြွေဖူးခဲ့ကြသည်မှာလည်း အကြိမ်ကြိမ်။ မြို့လယ်က တသွင်သွင်စီးဆင်းနေသော တန်းချောင်းမကြီး၏ ရေအလျဉ်ကို ရွှေတုံးတံတားပေါ်ကကြည့်ကာ အခါခါကြည်နူးသာယာခဲ့ဖူး၏။

အမှန်တော့ မိုးတွင်းကာလနှင့် ဒီရေအတက်အကျတွေမှာ တစ်ရှိန်ထိုးစီးဆင်းတတ်သော တန်းချောင်းရေအလျဉ်ဟာ ရွှေတုံးတံတားကြီးရဲ့ ကွန်ကရစ်တိုင်နဲ့ထိပြီး ရေပန်း ရေမွှားများ တဗွမ်းဗွမ်း ထသွားသည်ကို ကြည့်ပြီး နှင်းပွင့်ဖြူမှာ လက်ခုပ်လက်ဝါးတီးကာ ကလေးတစ်ယောက်လို ခုန်ပေါက် ပျော်ရွှင်ရင်း. . .

"ဟယ် လှလိုက်တာ ဖိုးမောင်ရယ်၊ ရေပန်းပွင့်ကြီးတွေ တွေ့လား၊ ဟာ ဟိုမှာလဲ အများကြီး၊ အများကြီးဆို အများကြီးပဲ ပျော်စရာကြီးပဲ ဖိုးမောင်"

တံတားအောက် တန်းချောင်းရေမှာ ခဏတဖြုတ်ဖြစ်ပေါ်လာရသော ရေမွှား ရေပန်း ရေပွက်များကို ကြည့်ကာ ပျော်ရွှင်မြူးကြွနေသော နှင်းပွင့်ဖြူကိုကြည့်ရင်း ဖိုးမောင်ကလည်း ချစ်သူ အလိုကျ အလိုက်သင့် ပြန်ပြောလိုက်ရသည်။

"ဟုတ်သားပဲ လှလိုက်တာ နှင်းရယ်၊ အားလုံး ကြည်နူးစရာတွေပဲ နော်"

ချစ်သူအလိုကျ ပြောလိုက်ရသော်လည်း ချောင်းရေ မြစ်ရေတို့ဟာ ပင်လယ်သို့ စီးဝင်ရသကဲ့သို့ ပင်လယ်ရေမှာလည်း သမုဒ္ဒရာသို့ စီးဝင်ကြရသည်မှာ သဘာဝတရားပင် ဖြစ်သည်။ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာသော ရေအလျဉ်သည် ခိုင်မာရင့်ကျက်သော ကျောက်ဆောင် ကျောက်ကမ်းပါးလို အရာဝတ္ထုတစ်ခုခုတို့နှင့် ထိတွေ့ပါက အစိတ်စိတ်အမြွှာမြွှာ ကွဲပြားသွားခဲ့ရပြီး ရေပန်း ရေပွက် ရေဝဲများ ဖြစ်သွားကာ

www.burmeseclassic.com

ထိုမှတစ်ဆင့် ဆက်လျှောက်ရမည့် ခရီးလမ်းအတိုင်း သမုဒ္ဒရာသို့ စီးဝင်ကြရသည်မှာလည်း သဘာဝတရားပင် ဖြစ်ပါသည်။

လူ့ဘဝဆိုသည်မှာလည်း တသွင်သွင် စီးဆင်းနေသော ချောင်းရေ မြစ်ရေနှင့်မခြား ခဏတာပေါင်းဆုံပြီး ခဏအကြာမှာပင် လမ်းခွဲကာ ခရီးဆက်နေကြရသည်။

လူ့ဘဝ ရေအလျဉ်မှာလည်း တွေ့ကြုံဆုံကွဲ ဖြစ်မြဲ ဓမ္မတာအတိုင်း ဖြစ်လာခဲ့ကြပြီး သဘာဝတရား၏ စေခိုင်းချက်နဲ့အညီ ကိုယ့်လမ်းကိုယ် လျှောက်ကြရမြဲသာဆိုသည့်အကြောင်းတရားများကို ငယ်ရွယ်သူများ ဖြစ်ကြသဖြင့် ဆင်ခြင်တွေးတောနိုင်ခြင်း မရှိ၊ မည်သို့မှုလည်း မစဉ်းစားခဲ့ကြ။ ပျော်ရွှင်ကြည်နူးစရာဟုသာ တွေးထင်မှတ်ယူထားခဲ့ကြသည်မှာ အဆန်းတော့ မဟုတ်။

*

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး ဖြေဆိုပြီးသွားပြီဖြစ်သဖြင့် ကျောင်းကြီးပိတ်ကာ ကိုယ့်ရွာကိုယ်ပြန်ရန် ပြင်ဆင်ကြရသည်။

ဖိုးမောင်နှင့် နှင်းပွင့်ဖြူတို့မှာ သူကတစ်နယ်၊ ကိုယ်ကတစ်ရွာ ခွဲခွာခါနီးမို့ ခေါင်းချင်းဆိုင်ကာ မမောနိုင် မပမ်းနိုင် တစ်ဦးကိုတစ်ဦး မှာကြားရင်း မျက်ရည်ကျခဲ့ရသည်မှာလည်း ချစ်သူတို့ သဘာဝပင် ဖြစ်သည်။

ရမ္မာဝတီနှင့် ကျောင်းကြီးကို ကျောခိုင်းကာ ကိုယ့် နယ်ကိုယ့်ရွာ ပြန်သွားကြပြီး နောက်တွင်လည်း ပျော်ရွှင်ကြည်နူးစွာဖြင့် အမှာတော် စာလွှာများ တစ်ယောက် တစ်လှည့်စီ ရေးသားနေခဲ့ကြသည်။ တစ်လပြီးတစ်လ ကုန်နှောင်းကာ မိုးဦးကျရာသီသို့ပင် ရောက်ရှိလာခဲ့ပေပြီ။ တစ်နေ့တွင် နှင်းပွင့်ဖြူထံမှ အံ့သြကြေကွဲဖွယ်ရာ စာတစ်စောင် ရောက်ရှိလာခဲ့သည်။

"ဖိုးမောင်၊ နင် ဒီစာကို ဖတ်ပြီး ငါ့ကိုရော လောကကြီးကိုပါ အံ့သြစိတ်နာသွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ငါ အိမ်ထောင်ပြုရတော့မယ် ဖိုးမောင်၊ မိဘများရဲ့ သမားရိုးကျ ပြဇာလွှမ်းမိုးမှုကို ဆွေမျိုးများကပါ လိုက်ပါအားဖြည့်နေကြလို့ ဘယ်လိုမှ ငြင်းပယ်လို့မရတဲ့အတွက် ငါ့ကို မေ့လိုက်ပါတော့ ဖိုးမောင်ရယ်။

မင်းကို မေ့ပစ်လိုက်ပါလို့ စာရေးပြောဆိုနေပေမယ့် ငါကိုယ်တိုင်က မင်းအပေါ် တစ်သက်လုံး မေ့ဖို့ကြိုးစားရင်တောင် ဖြစ်နိုင်မယ် မထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မင်း ကြာရိုးပုတီးလေးဆွဲပေးခဲ့တုန်းက ငါ့ရဲ့ရင်ခုန်သံတွေကို တွေးကြည့်ရင် အခုထိ ကြားနေတုန်းပဲ ဖိုးမောင်၊ အဲဒီက စခဲ့တဲ့ ငါနဲ့ မင်းရဲ့ သံယောဇဉ်ဟာ အချစ်ဆိုတဲ့ မေတ္တာနယ်ကို ရမ္မာဝတီပတ်ဝန်းကျင် တစ်ခုလုံးက အသိဆုံး ဖြစ်ပါလိမ့်မယ်။

အထူးသဖြင့် ရွှေတုံးတံတားကြီး အောက်က တန်းချောင်းရဲ့ ရေအလျဉ်နှင့် ကွဲဖြာသွားခဲ့ရတဲ့ ရေပန်းရေမြွှာ ရေဝဲတို့ရဲ့ အလှကို နှစ်ယောက်အတူ ကြည့်ရင်း ကြည်နူးခဲ့ရတာကိုလည်း တစ်သက် မမေ့နိုင်ပါဘူး၊ ဒါကြောင့် မင်းနဲ့ငါရဲ့ သံယောဇဉ်ချစ်ခရီးအစမှာ ရင်ခုန်ခံစားပြီး ပျော်ရွှင်တွယ်တာခဲ့ရသလို တွယ်တာမှုအဆုံးမှာ မျက်ရည်များစွာနဲ့ လမ်းခွဲကြရမှာပါ ဖိုးမောင်။

အဲဒါကြောင့် မင်းအတွက် ငါ ကိုယ်တိုင်သီကုံးထားတဲ့ အုန်းဆံနော်ဇာကုံးလေးကိုတော့ မင်းအတွက် အမှတ်တရအဖြစ် ထည့်ပေးလိုက်ပါတယ်၊ အမှန်တော့ မင်းက ကြာရိုးပုတီးဆွဲပေးခဲ့သလို ငါကလဲ အုန်းဆံနော်ဇာကုံးလေးကို အမှတ်တရ မင်းလည်ပင်းမှာ ဆွဲပေးပြီးခါမှ နှစ်ယောက်အတူ ကျောခိုင်းခွဲခွာချင်ပါတယ်၊ ဒါပေမဲ့ အခုတော့ အခုတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး ဖိုးမောင်၊ အခု ဒီစာရေးနေတုန်းမှာပဲ ငါ ငိုနေတယ် ဖိုးမောင်"

ဖိုးမောင် စာကို နှစ်ခေါက် သုံးခေါက်ပြန်ဖတ်ရင်း ရင်ထဲက ကြေကွဲစွာ ခံစားလာခဲ့ရသည်။ နှင်းပွင့်ဖြူရဲ့ ဆိုလိုရင်းကိုလည်း သဘောပေါက်မိသလို ရှိပါသည်။

မိဘဆွေမျိုးများ သဘောတူသော လူငယ်တစ်ဦးနှင့် အတင်းအကျပ် လက်ထပ်ပေးကြသည်ကို မိန်းကလေး တစ်ယောက်အနေဖြင့် မည်သို့မျှ ငြင်းဆန်နိုင်မည် မဟုတ်ကြောင်း ဖိုးမောင် ကောင်းစွာ သဘောပေါက်မိသည်နှင့် အတူ ရင်ထဲမှလည်း နာကြည်းခြင်း၊ ခံပြင်းခြင်းစသည့် ဝေဒနာများ စုပုံခံစားလိုက်ရလေသည်။

ဒွန်လလယ်လောက်တွင် ဆယ်တန်းစာမေးပွဲအောင်စာရင်းများ ထွက်လာသည်။ ဖိုးမောင်ရော နှင်းပွင့်ဖြူပါ အောင်မြင်ကြသည်။

သို့သော်လည်း ဘဝအတွက် အလိုအပ်ဆုံး ရည်မှန်းချက်ကို ဖြည့်စွမ်းဖော်ကျူးပေးနိုင်သော တက္ကသိုလ်ကြီး ရင်ခွင်မှာ ပြန်ဆုံနိုင်စရာ မရှိကြောင်းကိုတော့ ဖိုးမောင် ရင်နာစွာဖြင့် သိရှိထားပြီး ဖြစ်ပါသည်။

တကယ်ပဲ လမ်းခွဲခဲ့ရပြီလား နှင်းရယ်လို့ ရင်ထဲက တမ်းတကာ လွမ်းဆွေးခဲ့ရသည်မှာလည်း အမှန်ပါ။

ရန်ကုန်တက္ကသိုလ်ကြီး၏ ရင်ခွင် ပထမ စာသင်နှစ် ထက်ဝက်ကျိုးချိန် တစ်နေ့တွင် ရမ္မာဝတီ၏ သူငယ်ချင်း ညီအစ်ကိုများ ဆုံစည်းမိရာမှ စက်မှုတက္ကသိုလ်တက်နေသော အောင်ကျော်ဦးက . . .

"နှင်းပွင့်ဖြူအဖြစ်က ဒီလိုကွ ဖိုးမောင်ရဲ့၊ သူ့အစ်မ ဆုံးသွားတော့ တစ်နှစ် မပြည့်တပြည့် သားလေး တစ်ယောက်ကျန်ခဲ့တယ်၊ မိဘတွေက သူတို့ရဲ့ သမက်ကိုလဲ စီးပွားရေးလုပ်ငန်းမှာ ကျွမ်းကျင်ပြီး လုပ်တတ်ကိုင်တတ် ဖြစ်နေပြီဆိုတော့ သားတစ်ယောက်လိုပဲ ချစ်ကြတယ်၊ တခြားသူနဲ့ အိမ်ထောင်မပြုစေချင်ဘူး၊ အဲဒါကြောင့် သမီး



www.burmeseclassic.com

www.burmeseclassic.com

အငယ်ဆုံးနှင်းပွင့်ဖြူနဲ့ ထပ်ပြီးလက်ထပ်ပေးစားကြတယ်၊ ဒါမှလဲ သူတို့ရဲ့ သားအချစ် ခြေးအနှစ်ဆိုတဲ့ အချစ်ဆုံးမြေးကလေးဟာ သူစိမ်းတစ်ရံဆံတွေဆီ ရောက်မသွားဘဲ သူတို့နဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်အောင် စီစဉ်ခဲ့ကြတာတဲ့ကွာ"

"ဟင်, ငါက လူငယ်ချင်းနေရာချထားပေးတယ်လို့ ထင်နေခဲ့တာကွ၊ ဒါဆို နှင်းပွင့်ဖြူက အိမ်ထောင်လဲကျကလေးအမေလဲ ဖြစ်သွားခဲ့ရတာပေါ့၊ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ သနားပါတယ်ကွာ၊ ဒါနဲ့ သူ့ယောကျ်ား အသက်က ဘယ်လောက်ရှိနေပြီလဲကွာ"

"သူ့ယောကျ်ား အသက်ကလေးဆယ်နားနီးပြီ ထင်တယ်၊ နှင်းပွင့်ဖြူက အခုမှ ဆယ့်ခြောက်နှစ် ဆိုတော့ ထက်ဝက်မက ကွာမှာပေါ့ကွာ"

ဖိုးမောင်မှာ ဟန်ဆောင်ပန်ဆောင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရသော်လည်း မဆုံလိုက်ရသည့် နှင်းပွင့်ဖြူအတွက် ရင်ထဲက နှမြောမိသည်မှာလည်း အမှန်ပင် စီစဉ်ပေးခဲ့ကြသော မိဘဆွေမျိုးများ၏ အတွေးအခေါ်အယူအဆကိုလည်း စိတ်ထဲက မကျေမနပ်ဖြစ်ကာ နာကြည်းနေမိသည်။

သို့သော်လည်း နှင်းပွင့်ဖြူ၏ စာမှာ "မေ့လိုက်ပါတော့" ဟုဆိုခဲ့သော်လည်းအမှန်တော့မေ့နိုင်စရာအကြောင်းမရှိပါ။

ငယ်ရွယ်နုနယ်သော အလယ်တန်းကျောင်းသားဘဝကပင် နှင်းပွင့်ဖြူအပေါ် စွဲလမ်းကာ ခံစားခဲ့ရသော ရင်ခုန်သံများ၊ သူ၏အပြုံးလှလှလေးနဲ့ ချစ်မက်ဖွယ်ရာ ပြောဆိုခဲ့သော စကားသံများ မောင်ဖိုးမောင် တစ်ယောက် ယခုတိုင် ကြားမြင်နေရဆဲပါ။

ဖိုးမောင် တက္ကသိုလ်မှ ကျောင်းပြီးသွားသောအခါ ဌာနဆိုင်ရာဝန်ထမ်းအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ဝေးလံသော နယ်စွန် နယ်ဖျားဒေသတွင် တာဝန်ထမ်းဆောင်နေရသဖြင့် ကျောင်းတုန်းက သူငယ်ချင်းများနှင့် မဆုံဖြစ်။ တာဝန်ဖြင့် တစ်နှစ်ကျော် နှစ်နှစ်နီးမှ တစ်ခေါက်လောက် ရန်ကုန်သို့ ရောက်ရှိလာတတ်သည်။ ထိုသို့ရောက်ရှိလာခိုက်မှာ သူငယ်ချင်းများအား အပြေးအလွှား စုံစမ်းရှာဖွေရသည်။

ကိုယ့်မြို့ ကိုယ့်ရွာမှ သူငယ်ချင်းများနှင့် တစ်ခါက ချစ်ဖူးသူ နှင်းပွင့်ဖြူအကြောင်း သိချင် ကြားချင်သည်ကလည်း အမှန်ပင်။

တစ်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာသော အလယ်တန်းတက်ခဲ့စဉ်က ကျောင်းနေဖက် သူငယ်ချင်း၊ ယခု ရမ္မာဝတီတွင် ဥပဒေဝန်ထမ်းလုပ်နေသူ ဦးမောင်ရွှေနှင့် တွေ့ရပြီး ကျောင်းကဆရာများနှင့်သူငယ်ချင်းများအကြောင်း လှည့်ပတ်ပြီး အလျှင်မေးကြည့်မိသည်။

"သူငယ်ချင်းအချို့ တပ်ထဲဝင်သွားတယ်၊ တချို့က ဌာနဆိုင်ရာဝန်ထမ်း၊တချို့က စက်လှေသမားကုန်သည်ပွဲစား၊ တချို့က လယ်သမား ခြံသမား ဘဝမျိုးစုံပဲ သူငယ်ချင်း၊ ပြီးတော့ လေးတောင်ကျောင်းက တို့ရဲ့ အချစ်ဆုံးဆရာကြီးဦးသာကျော်က ရမ္မာဝတီမှာ မြို့နယ်တရားသူကြီးဥက္ကဋ္ဌ လုပ်နေတယ်။

တို့သူငယ်ချင်းတချို့လဲ မြို့နယ်အီးစီထဲမှာ ဝင်လုပ်နေကြတယ်ကွာ၊ နောက်တစ်ခု မင်းကို ပြောရဦးမယ်၊ မင်းနဲ့ ချစ်ခဲ့ကြတဲ့ နှင်းပွင့်ဖြူကတော့ သူ့ခဲအိုနဲ့ အိမ်ထောင်ကျပြီး လွန်ခဲ့တဲ့နှစ်က သူ့ယောကျ်ား အာရုံကြော အားနည်းရောဂါဆိုလား၊ လေဖြတ်တာ ဆိုလား ဖြစ်ပြီး အိပ်ရာထဲ လဲနေလေရဲ့၊ အင်္ဂလိပ်ဆေး၊ တိုင်းရင်းဆေးတွေလဲ စုံနေပြီ။

ရန်ကုန်မှာလဲ လာကုသေးတယ်၊ သက်သာတယ်တော့ မကြားမိဘူး၊ နှင်းပွင့်ဖြူက ငယ်ငယ်ရွယ်ရွယ် အသက်ကြီးသူနဲ့ အိမ်ထောင်ကျခါမှ သူ့ဘဝဒုက္ခပင်လယ် ဝေခဲ့ရတယ်၊ သနားပါတယ်ကွာ"

လွန်ခဲ့သော ၁၉၈၆ ခုနှစ်က ဦးမောင်ရွှေ ပြောခဲ့သော စကားကို ကြားယောင်လာမိရင်း ဦးဖိုးမောင်ရင်ထဲမှာ သိသိသာသာကြီး တိုးမြင့်ခံစားလာခဲ့ရသည်။

နှင်းပွင့်ဖြူအကြောင်း ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ကြားခဲ့ရသမျှ သူ့နှလုံးသားမှ သတိရ တမ်းတလာခဲ့ရခြင်းမှာ ဘာကြောင့်ပါလိမ့်။ ဦးဖိုးမောင် တစ်ယောက် မိမိကိုယ်ကိုယ် အကြိမ်ကြိမ် အခါခါ ဆန်းစစ်ကြည့်ခဲ့မိသည်။ လုံလောက်သေချာသော အဖြေက ထွက်မလာခဲ့။

ယခု နောက်ဆုံးအဖြေမှာ ဦးဖိုးမောင် နှလုံးသားမှ ထွက်စဉ်ကျလာသော အဖြေပင် ဖြစ်သည်။

ဦးဦးဖျားဖျား နှလုံးသားမှ ကြီးစွာသော သံယောဇဉ်ဖြင့် နှွယ်ယှက်ခဲ့ဖူးသော အချစ်ဦး၊ ချစ်ဦးသူ နှစ်ဦးစလုံး၏ နှလုံးသားတွင် အမှတ်တရ တမြည့်မြည့် စွဲထင်ကျန်နေခဲ့သော အချစ်၏ သင်္ကေတများနှင့် ချစ်ခြင်းမေတ္တာအပေါ် တူညီသော ခံစားချက်များ စသည်တို့ပင်လျှင် မဆုံဖြစ်သော်လည်း နှလုံးသားက ချစ်နေကြဆဲပင်ဖြစ်ကြောင်း။

ဦးဖိုးမောင် အတွေးများ ဖြန့်ကြက်နေရာမှ တစ်ခုခုကို သတိရ လာမိသည်။

သူ့နှလုံးသားတွင် နှစ်ပေါင်းများစွာ ဖြစ်တည်လာနေလာခဲ့သော အချစ်၏သင်္ကေတတစ်ခု သူ့လည်ပင်းသို့ မြတ်နိုးစွာ ဆွဲပေးခဲ့သော ကြာနီလည်ဆွဲ၊ မေ့လိုက်ပါတော့ ဟူ၍ သူ ရေးသားခဲ့သော နောက်ဆုံးစာနှင့်အတူ နော်ဇာပုတီးကုံးလေး ဤလည်ဆွဲ နှစ်ကုံးတို့သည် ဦးဖိုးမောင်၏ နှလုံးသားတွင် ဆက်ထုံး အဖုအထစ်များသဖွယ် အမြစ်တွယ်ကာ နေလာခဲ့ခြင်း ဖြစ်သည်။

သို့ကြောင့်လည်း မှတ်မှတ်ရရ ကြာမြင့်စွာ သိမ်းဆည်းထားခဲ့သော





www.burmeseclassic.com

www.burmeseclassic.com

ခရူစည်းတစ်ခုအား သေတ္တာထဲမှ ရှာဖွေ ဆွဲလိုက်သည်။

ပြီးမှ သူငယ်ချင်းအောင်ကျော်ဦးထံသို့ ချက်ချင်း ဖုန်းကောက်ဆက်လိုက်သည်။ နှင်းပွင့်ဖြူထံ သွားတွေ့မည်ဖြစ်ကြောင်း ပြောကြားလိုက်ပြီး အိမ်မှ ထွက်လာခဲ့သည်။

✻

"နင့်ကို အခုလို ပြန်တွေ့ရတော့ ငါ ငိုချင်တယ် ဖိုးမောင်၊ ဒါပေမဲ့ ငါ့မှာ ငိုစရာ မျက်ရည်မရှိတော့ဘူး၊ တို့ ဆယ်တန်းအောင်တဲ့ ၁၉၆၄ ခုနှစ် ဇွန်လ (. . )ရက်စွဲနဲ့ နင့်ဆီ ငါစာရေးလိုက်တယ် မဟုတ်လား၊ ငါ အိမ်ထောင်ပြုရတော့မယ်ဆိုတဲ့ အကြောင်းလေ။

အဲဒီမတိုင်ခင် မိဘဆွေမျိုးတွေ ဝိုင်းဝန်းနားချနေတုန်းကပင် ငါ ငိုနေခဲ့ရပြီ ဖိုးမောင်၊ ငါ မလွှဲသာအဆုံးမှာ ဘိတိကျကျ ဆုံးဖြတ်ပြီးမှ နင့်ဆီကို စာရေးလိုက်တာပါ။

ဒီစာနဲ့ပတ်သက်ပြီး ပြောရရင်တော့ နင် ငါ့ကို ကြာရှိးပုတီး ဆွဲပေးတုန်းက အောင်ကျော်ဦးနဲ့ သူငယ်ချင်းတွေ ပြောခဲ့ကြတဲ့ ဆဒ္ဒန်ဆင်မင်းက မယားကြီးသုဘဒ္ဒါကို ကြာပန်းပေးသလို ဖိုးမောင်က နှင်းပွင့်ဖြူကို ကြာရှိးပုတီး ဆွဲပေးလိုက်ပြီဟေ့လို့ ပြောခဲ့ကြတာ နင် မှတ်မိနေဦးမှာပေါ့။

အဲဒီမှာ ပြောချင်တာက အချစ်အတွက် နှလုံးသား ဒဏ်ရာရသွားသူက စူဠသုဘဒ္ဒါပါ၊ နှလုံးသားထဲက ချစ်ဒဏ်ရာ တစ်ပွေ့တစ်ပိုက်နဲ့ နာကြည်းခံစားခဲ့ရတဲ့ စူဠသုဘဒ္ဒါအပေါ် စာရေးဆရာ အချို့က မညာမတာ အမျိုးမျိုး စွဲချက်တင်ခဲ့ကြတယ်လေ၊ ကြည့်ပါဦး မုဆိုးတစ်ပိုင်း မိန်းမရိုင်းတဲ့။

အမှန်တော့ စူဠသုဘဒ္ဒါမှာ ချစ်သူနဲ့ ဘဝခြားပြီးတာတောင်မှ မျက်ရည်နဲ့မျက်ခွက် အသက်ဆုံးတဲ့အထိပါပဲ၊ အခုလဲ နင်က ငါ့အပေါ် စူဠသုဘဒ္ဒါလို မုဆိုးတစ်ပိုင်း မိန်းမရိုင်းလို့ စွဲချက်တင်နိုင်ပါတယ်၊ တစ်သက်လုံး စိတ်ထဲက နာကြည်းနေမယ်ဆိုလဲ ငါ ကျေနပ်ပါတယ် ဖိုးမောင်။

ဘာကြောင့်လဲ သိလား၊ ငါ့ဘဝမှာ နင်နဲ့မဆုံခဲ့ရလို့ ကျခဲ့ရတဲ့ မျက်ရည်၊ အရွယ်မတူသူကို လက်ထပ်ရပြီး ပျော်ရွှင်မှု ကင်းမဲ့ခဲ့ရလို့ ကျခဲ့ရတဲ့ မျက်ရည်၊ လေဖြတ်ပြီး အိပ်ရာထဲမှာ လဲနေတဲ့ လင်အို ယောကျ်ားကို နှစ်ပေါင်းများစွာ ပြုစုလာခဲ့ရလို့ ကျခဲ့ရတဲ့ မျက်ရည်။

ဒါတင်မကပါဘူး၊ လင်အိုကြီး သေဆုံးပြီးနောက်မှာ မိဘတွေ ကွယ်လွန်တုန်းကတောင် ငိုလို့မရခဲ့တဲ့အထိ ငါ့မျက်ရည်တွေ ခန်းခြောက်သွားခဲ့ရတယ် ဖိုးမောင်။

အဲဒါကြောင့် နောက်ထပ် နင့်ဆီ စာမရေးဖြစ်ခဲ့တာ တွေ့အောင်လဲ ငါ မကြိုးစားခဲ့တော့ဘူး၊ အခု နင်ရောက်လာတဲ့ အချိန်ထိ ငါ့ရင်မှာ သောကတွေ အပြည့်အလျှံ ပူလောင်နေဆဲပဲ ဖိုးမောင်၊ ဒါ့လောက်ဆိုရင် ငါ့ဘဝကို နင်သဘော ပေါက်နားလည်မှာပါ၊ နင် အခုလို လာလည်ဖော်ရတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ် ဖိုးမောင်ရယ်"

ဒေါ်နှင်းပွင့်ဖြူမှာ စကားပြောရင်း မျက်ဝန်းများ၏ ထောင့်စွန်းနေရာကို လက်ကိုင်ပဝါလေးဖြင့် တို့တို့နေသော်လည်း မျက်ရည်များ လျှံထွက်ကျလာသည်ကို မတွေ့ရပါ။

သူ ပြောသလို မျက်ရည်များ တကယ်ပင် ခန်းခြောက် သွားလေပြီလား။

သူမ၏ ရှည်လျားစွာ လွမ်းလွမ်းဆွေးဆွေး ကြေကွဲဖွယ်ရာ စကားများကြောင့် ဦးဖိုးမောင်ပင် ရင်ထဲက စူးနစ်စွာခံစားလာရပြီး မျက်ရည်မဝဲမိအောင် အတော်ပင် ထိန်းထားရသည်။

ဒေါ်နှင်းပွင့်ဖြူကို ကြည့်ရသည်မှာ ပိန်လှီခြောက်ခန်း စိတ်ရောကိုယ်ပါ ညှိုးနွမ်းအားငယ်လျက် လူ့ဘဝကြီးကိုပါ စိတ်နာနေပုံရသည်။

တစ်နေ့က အောင်ကျော်ဦး ပြောသလို သားနဲ့အတူ ရန်ကုန်မှာလာနေပြီး ချွေးမနဲ့ အဆင်မပြေကြောင်း ကြားသိခဲ့ရသည်။

ဟုတ်မှာပါ။

သားကလည်း သူ့သားအရင်း မဟုတ်၊ အစ်မ၏သား။ ချွေးမကလည်း သူစိမ်းသူဆိုတော့ အမှန်ပင် ဖြစ်ပါလိမ့်မည်ဟု တွေးမိရင်း ဒေါ်နှင်းပွင့်ဖြူ မျက်နှာကို သေသေချာချာ တစ်ချက် လှမ်းကြည့်လိုက်သည်။

ပြီးမှ. . .

"လူ့ဘဝဆိုတာ ဒီလိုပါပဲ နှင်းရယ်၊ ကံကြမ္မာရဲ့ အကြောင်းတရားဆိုတာ ဖြစ်ချင်သလို မဖြစ်ခဲ့ရပေမယ့် ဖြစ်လာရတဲ့ ဘဝကိုပဲ တို့တစ်တွေ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားကြရမှာပါ။

တို့အရွယ်တွေက အသက် ၆၀ ကျော်ခဲ့ပြီလေ နှင်း၊ မှတ်မှတ်ရရ ပြောရရင် ဆယ်ကျော်သက်ဘဝ ရွှေတုံးတံတားပေါ်က ကြည့်ကာ တံတားရဲ့ ကွန်ကရစ်တိုင်နဲ့ ထိပြီး ရေစီးလမ်းကြောင်းတွေ တစ်ခုပြီးတစ်ခု ကွဲပြားပြောင်းလဲသွားရတဲ့ ရေပွက် ရေပန်းတွေကြည့်ပြီး စိတ်ကူးယဉ်ကာ ကြည်နူးစရာလို့ ထင်ခဲ့ကြတယ်လေ။

အမှန်တော့ ဒီရေပန်း ရေပွက်တွေဟာ တို့အတွက် လူသားအားလုံးအတွက် သင်ခန်းစာတွေပဲ မဟုတ်လား။

တို့ငယ်ငယ်တုန်းက ကျောင်းမှာ သင်ရတဲ့ အနန္တသူရိယအမတ်ကြီးရဲ့ မျက်ဖြေလင်္ကာကိုပဲ သတိရကြည့်ပါဦး၊ သမုဒ္ဒရာရေ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာ တည်းတဲ့။

ဒီလို. . . သံဝေဂ သင်ခန်းစာ သဘောတရားတွေကို ငယ်တုန်း မသိခဲ့ပေမယ့် အခု အသက်အရွယ်ရလာမှ စီးမျောလာခဲ့ရတဲ့ လူ့ဘဝဆိုတာဟာ ရေစီးလမ်းကြောင်းပေါ်က ရေပွက် တစ်ခုလိုပါပဲလို့ သိလာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ထက်ခိုင်မာတဲ့ ကျောက်ဆောင်ကမ်းပါးနဲ့ ထိတွေ့ပြီး ကြေမွပျက်စီးသွားရတာဟာလဲ ခမ္မတာပါ အဲဒီလို ကြေမွပျက်စီးခဲ့ရတဲ့ ဒဏ်ရာနာကြည်းချက်တွေ ရင်မှာပွေ့ပြီးမသွားမဖြစ်တဲ့ ဘဝခရီးကို ဆက်သွားနေကြရတာပဲ မဟုတ်လား။

ကြေကွဲနာကြည်းဖွယ် ဒဏ်ရာဗရပွနဲ့ ခရီးဆက်နေရတာဟာ နှင်းပွင့်ဖြူ တစ်ယောက်တည်း မဟုတ်ပါဘူး ဖိုးမောင်လဲ အတူတူပါပဲ နှင်း။

အထူး ပြောချင်တာကတော့ စောစောက နှင်းပြောခဲ့သလို စူဠသုဘဒ္ဒါလို အချစ်မျိုးနဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းလို့ မပြောရက်သလို စွဲချက်လဲ မတင်ရက်ပါဘူး။

တစ်သက်လုံး စိတ်နာနေစရာလဲ မရှိပါဘူး၊ ဖိုးမောင်က ချစ်ခဲ့ပြီဆိုရင် ရာနှုန်းပြည့် ချစ်တတ်သူပါ၊ ဘယ်ခါမှ တန်ဖိုးလျော့မသွားပါဘူး၊

အဲဒါကြောင့် လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော် ရမ္မာဝတီမှာ ရှိခဲ့တုန်းက နှင်း အိမ်ထောင်မပြုခင်မှာ မေ့လိုက်ပါတော့လို့ ရေးလိုက်တဲ့ စာနဲ့အတူ အမှတ်တရပေးထားခဲ့တဲ့ အုန်းဆံနော်ဇာပုတီးကုံးလေးကို အခုထိ မြတ်မြတ်နိုးနိုး ယုယုယယ ရင်နဲ့အမျှ သိမ်းဆည်းလာခဲ့တာ အချစ်ကို တန်ဖိုးထားခဲ့လို့ပဲ နှင်း။

အဲဒီ တန်ဖိုးနဲ့အတူ ရရှိခဲ့တဲ့ နှလုံးသား ဒဏ်ရာဒဏ်ချက်တွေကိုလဲ တစ်ပါတည်း သိမ်းဆည်းသယ်ဆောင်ခဲ့ရတာပါ။

ဘာကြောင့် ပြောသလဲဆိုရင် ကိုယ့်ရဲ့ နုငယ်တဲ့နှလုံးသားဟာ ရမ္မာဝတီမှာ ချစ်ခဲ့ဖူးသလို ရမ္မာဝတီမှာပဲ မဆုံဖြစ်လို့ လွဲခဲ့ရတယ်၊ ပြီးတော့ ရရှိခဲ့တဲ့ နှလုံးသားဒဏ်ရာတွေနဲ့ ဘဝကို ဆက်လက်လျှောက်လှမ်းခဲ့တယ်။

နောက်ဆုံးတော့ ကိုယ့်နှလုံးသားမှာ အချစ်သင်္ကေတအဖြစ်နဲ့ မှတ်မှတ်ရရ ကျန်ခဲ့တာဟာ ဒီနော်ဇာကုံးလေးပါပဲနှင်း၊ ဘာပဲပြောပြော ပထမဦးဆုံး-အချစ်က နောက်ဆုံး အချိန်ထိ ကိုယ့်နှလုံးသားမှာ အမှတ်တရ ခံစားလာခဲ့ရတဲ့ ကြာရိုးလည်ဆွဲနဲ့ အုန်းဆံနော် ဇာကုံးလေးဟာ နှလုံးသားထဲက ဆက်ထုံးတစ်ခုပါပဲလို့ ပြောခဲ့ချင်ပါတယ် နှင်း"

ဦးဖိုးမောင်မှာ စကားပြောရင်း လက်ကိုင်အိတ်အတွင်းမှာ နော်ဇာပုတီးကုံးလေးကို ထုတ်ယူလိုက်ပြီး လက်ဝါးပေါ်တင်ကာ ဒေါ်နှင်းပွင့်ဖြူအား ပြသလိုက်သည်။

ဒေါ်နှင်းပွင့်ဖြူမှာလည်း ဦးဖိုးမောင်လက်ပေါ်က နော်ဇာကုံးလေးကို မြင်တွေ့လိုက်ရသည်နှင့် ကစားစရာအရုပ်ကလေး တွေ့သွားသော ကလေးတစ်ယောက်လို အံ့ဩဝမ်းသာပြုံးပျော်ရွှင်လန်းစွာဖြင့် 'ဟယ်' ဟူသော သံစဉ်လေးနှင့်အတူ အလှဆုံး အပြုံးပန်းလေးတစ်ပွင့် လွှင့်ခနဲ ထွက်စဉ်ကျသွားခဲ့ရသည်။ ထိုအပြုံးပန်း လှလှလေးကိုပင် ဦးဖိုးမောင် တစ်ယောက် ငယ်စဉ်က စွဲလမ်းရင်ခုန်ခဲ့ရသော ကြာရိုးပုတီး ဆွဲပေးစဉ် နုပျိုလန်းဆန်းစွာ ပြုံးပန်းလှလှလေးနဲ့ ထပ်တူထပ်မျှပင် ဖြစ်နေကြောင်း မြင်တွေ့ခံစားလိုက်ရလေသည်။

ဦးဖိုးမောင်တစ်ယောက် အပြန်လမ်းတွင် အသက်ခြောက်ဆယ်ကျော်ခါမှ ဆယ်ကျော်သက်တို့ နှလုံးသားစကားကို ပြောဆိုမိခဲ့သဖြင့် စိတ်ထဲက အားနာပါးနာ ဖြစ်နေမိသလို ဒေါ်နှင်းပွင့်ဖြူကလည်း ဦးဖိုးမောင်၏ အပြောအဆို အမူအရာကြောင့် ဟားတိုက်ရယ်မောလို့များ ကျန်နေလေသလား။

ဘယ်လိုပဲဖြစ်ဖြစ်လေ ကိုယ့်နှလုံးသားထဲက ခံစားချက် အထုံးအဆက် အရှိအတိုင်း ဖွင့်ပြောလိုက်ရသဖြင့် အားရကျေနပ်ကာ လူငယ်လေးတစ်ယောက်လို ရင်ထဲက ပေါ့ပါးသွက်လက်စွာဖြင့်။

❒ ကောင်းစံဟိန်း(ဖန်နေဝန်း)

သာယာ ကောင်းမွန်လှသော အချိန် ဖြစ်လေ၏။ ဆူးလေစေတီတော် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းတွင် အောင်သာအေးဆိုသူ လူငယ်နှင့် သူငယ်ချင်းနှစ်ယောက်တို့သည် ဘုရားဝတ်ပြုလျက် ရှိ၏။

(၁၀)မိနစ် ခန့်ကြာအောင် ယင်းတို့သုံးဦးစလုံးသည် ထိုတန်ဆောင်းတွင်း နေရာလွတ်နေရာတွင် ပြောင်းရွှေ့နေထိုင်ကြလေကုန်၏။

ယင်းတို့သည် ဤနေ့ ဤအချိန်တွင် ဤနေရာ၌ သူတော်မောင်မောင်ဆိုသူ ပုဂ္ဂိုလ်ကြီးအား ချိန်းဆိုထားသောကြောင့် စောင့်မျှော်နေကြခြင်းသာ ဖြစ်လေ၏။

သူတော်မောင်မောင် ဆိုသည့် ပုဂ္ဂိုလ်ကြီးကား အသက် ခြောက်ဆယ်ခန့်အရွယ်ရှိ အရပ်အမောင်းကောင်း၊ ဥပမိရုပ် ဘည်ခံ့ညားလျက် လောကီပညာရပ်တို့နှင့် လောကုတ္တရာတရားတို့အား လေ့လာလိုက်စား လေ့ကျင့်အားထုတ်နေသဲပုဂ္ဂိုလ် ဖြစ်လေ၏။ သူတတ်သိနားလည်သည့် အတိုင်းအတာဖြင့် လိုအပ်သူတို့၏ ဆန္ဒတို့ကို ဖြည့်ဆည်းကူညီမှုပေးသူ ဖြစ်လေ၏။ ယခုလည်း ထိုပုဂ္ဂိုလ်ကြီး ၁၈ ရန်ကုန်မြို့တော် တည်ဆောက်ခဲ့ပုံအကြောင်းကို နားထောင်မှတ်သားရန် သာရောက်၍ ကြိုဆိုကြခြင်း ဖြစ်လေ၏၊


၁၂မိနစ်ခန့်ကြာအောင် ယင်းတို့ ငေးမျှော်နေသည့် သူတော်မောင်မောင် သည် တောင်ဘက်စောင်းတန်း လှေကားရင်းဆီမှ တစ်လှမ်းချင်း ဖြေးဖြေးတည်ငြိမ်စွာဖြင့် ရင်ပြင်တော်ဘက်ဆီသို့တက်လာနေသည်ကိုမြင်လျှင် ရင်ပြင်တော်ပေါ်မှ အားလုံးသော ဆီးကြို၏။





www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏလင်းထက်

# မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးများအကြောင်း

သူတော်မောင်မောင်က အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်လျက် အာရုံခံတန်ဆောင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီးပူဇော်ကာ ၁၅ မိနစ်ခန့် တရားမှတ်ခြင်းပြုလေ၏။ ထို့နောက် ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့် အကဲခတ်ကာ . . .

"မောင်သာအေးတို့ ဟိုတစ်ပတ်ကပေးထားတဲ့ ရန်ကုန်မြို့ လမ်းတွေ သွယ်တန်းဖောက်လုပ်ခဲ့ပုံကို ပြောပြဖို့ လာခဲ့တာပဲ၊ ပြီးခဲ့တဲ့ အပတ်တွေက ရန်ကုန်မြို့ကွက်စတင်ချိန်ကစပြီးအဓိက လမ်းမကြီးငါးခုနဲ့ လမ်းကျယ်၊ လမ်းသတ်၊ လမ်းသွယ်တွေ ဖောက်လုပ်ထားပုံကို တော်တော်လေး ပြောပြခဲ့ပြီနော်၊ ခုတော့ အဓိကလမ်းငါးခုက ပြောပြဖို့ ကျန်နေတဲ့ မဟာဗန္ဓုလလမ်း (DALHOUSIE) နဲ့ အနော်ရထာလမ်း (FRASER) ဗိုလ်ချုပ်အောင်ဆန်းလမ်း (MONTGOMERE) ရဲ့ အကြောင်းပြောပြမယ်၊ လွတ်လွတ်လပ်လပ် ပြောကြ မေးကြ မြန်းကြနိုင်ဖို့ မဟာဗန္ဓုလလမ်းပန်းခြံထဲ သွားကြစို့ကွယ်"ဟုဆိုကာ ထိုနေရာမှ ထွက်ခွာကြလေ၏။

ပန်းခြံတွင်းအရိပ်ကောင်းသော သစ်ရိပ်အောက်ရှိ ခုံတန်းရှည်တွင် သူတော်မောင်မောင်က ထိုင်တယ်။ လူငယ်သုံးယောက်ကမြက်ခင်းပြင်ထက်၌ အကျအနပင်ထိုင်ကြလေ၏။ မှတ်သားရန် မှတ်စုကိုယ်ကိုလည်းဖွင့်လျက် ပြင်ထားကြကုန်၏။ မောင်သာမောင်က အသင့်ယူလာသော ရေသန့်ရေတစ်ဘူးနှင့် ရေစုပ်ယူသောက်ရန် ပိုက်ကို အသင့်ပြင်ထားပေးလေ၏။

သူတော်မောင်မောင်က . . .

"ဦးလေး ပြောပြနေတာက သိသမျှ လေ့လာထားသမျှထဲက မှတ်သားမိသမျှသာပဲမို့ လက်ရှိမှာ အခြေအနေ အချိန်အခါနဲ့အမျှ ပြောင်းလဲတိုးတက်မှုတွေကိုတော့ သက်ဆိုင်ရာ စာပေတွေမှာ ရှာဖတ်ကြဦး၊ နီးစပ်ကျွမ်းဝင်ရာလူ၊ ပုဂ္ဂိုလ်တွေထဲကလဲ လေ့လာဖြည့်ဆည်း မှတ်သားကြပေါ့ကွယ်။

အခြေအနေ ပြောင်းလဲတိုးတက်မှုတွေက မြန်ဆန်လွန်းလေတော့ ဝီရိယကောင်းကောင်းနဲ့ ရှာဖွေလေ့လာနိုင်ခါမှ တော်ကာကျမယ်၊ ခုတော့ မဟာဗန္ဓုလလမ်းမကြီးရဲ့ အကြောင်းကို ပြောပြမယ်။

ဒီလမ်းရဲ့ မူလအမည်ကတော့ 'လော့ဒါလဟိုစီ'လမ်းတဲ့၊ 'LORDDALHOUSIE' ဆိုတဲ့ အိန္ဒိယဘုရင်ခံချုပ်ဟာ တို့ရဲ့ မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်တဲ့ ကိစ္စတွေမှာ တက်တက်ကြွကြွ ဦးဆောင်ပါဝင်ခဲ့သူ ဖြစ်တယ်၊ နယ်ချဲ့ အင်္ဂလိပ်ရဲ့လက်အောက်ကို ရောက်နေရတဲ့ ရန်ကုန်မြို့ကွက်သစ်ကိုလဲ နာမည်





www.burmeseclassic.com

www.burmeseclassic.com

တွေ ရွေးချယ်သတ်မှတ်တဲ့အခါ အရက်သေစာသောက်စားမှုးယစ်ရင်းနဲ့ နာမည်ပေးခဲ့ပုံကိုလဲ "A History of Rangoon" စာအုပ်ကြီးရဲ့စာမျက်နှာ (၁၈၈) မှာ BR Pearn မှတ်တမ်းတင်ခဲ့တယ်။

ဒါကတော့ လော့ဒါလ်ဟိုစီဟာ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကျွမ်းဝင်သူတွေရဲ့ အမည်တွေနဲ့ လမ်းနာမည်တွေ ပေးခဲ့တာဖြစ်တယ်၊ သူနဲ့ ရင်းနှီးကျွမ်းဝင်သူတွေက ဒုတိယ အင်္ဂလိပ် - မြန်မာ (မကြေညာ)တဲ့ ကျူးကျော်စစ်၊ စစ်ပြေငြိမ်းချမ်းရေးစာချုပ်မရှိတဲ့ ကျူးကျော်စစ်၊ အင်္ဂလိပ်ပါလီမန်မှာ ရှက်ဖွယ်လိုလိစစ်ပွဲအဖြစ် မှတ်တမ်းတင် ထားရစ်ခဲ့တဲ့ ကျူးကျော်စစ်ကို ရှေ့တန်းကနေ ပါဝင်ခဲ့ကြသူတွေဖြစ်တဲ့ နယ်ချဲ့အင်္ဂလိပ် စစ်သင်္ဘော Prosper Pine ရဲ့ ကပ္ပတိန် BROOKIN၊ (ဘရုတ်ကင်း) လမ်းဟာ အခုတော့ ဘိုကလေးဈေးလမ်း၊ Champion စစ်သင်္ဘောက Capt Harold Lewis (လွှစ္စလမ်း) အခုအခါမှာတော့ ဆိပ်ကမ်းသာလမ်း၊ သူရဲ့ စကားပြန်ဖြစ်ခဲ့ပြီးတော့ ပဲခူးတိုင်းရဲ့ ပထမဦးဆုံး ကော်မရှင်နာဖြစ်လာခဲ့တဲ့ Capt Phayre (ဖယ်ယာလမ်း) အခုတော့ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရဲ့ ပထမဦးဆုံး အရေးပိုင် Major T, Spark (စပတ်လမ်း) ခုတော့ ဗိုလ်အောင်ကျော်လမ်း စတာတွေပေါ့ကွယ်၊ နယ်ချဲ့တွေရဲ့အကြီးအမှူး ဘုရင်ခံချုပ် လော့ဒါလ်ဟိုစီဟာ ရန်ကုန်မြို့မှာ အဲဒီလောက် လွှမ်းမိုးခဲ့တယ်။

ဒါလ်ဟိုစီလမ်းဟာ ခရစ်နှစ် ၁၈၅၃ ခုနှစ် အင်္ဂလိပ်မြို့ကွက်ကျမှသာ ဆူးလေစေတီတော် အဝိုင်းကို ဗဟိုပြုပြီး အသစ်ဖောက်လုပ်ခဲ့တဲ့ လမ်းမကြီးပဲ၊ မဟာဗန္ဓုလ လမ်းမကြီးရယ်လို့ ပြောင်းလဲလိုက်တာက လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် ဖြစ်တယ်။

မဟာဗန္ဓုလပန်းခြံ ဆိုတာကလည်း တစ်ချိန်တည်းမှာ ပြောင်းလိုက်တာဖြစ်တယ်၊ အရင်ကတော့ G-E Barr က အကြောင်းပြု မှည့်ခေါ်ထားတဲ့ 'ဘားလမ်း'ကိုလည်း ၁၉၈၉ ခုနှစ်ရောက်မှသာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် တည်နေရာနဲ့လည်း လိုက်လျောညီထွေ ဖြစ်ရလေအောင် 'မဟာဗန္ဓုလပန်းခြံလမ်း'ရယ်လို့ ပြောင်းလဲပေးခဲ့တာကွဲ့၊ မဟာဗန္ဓုလအမည်ကို ပြောင်းလဲခဲ့ရတာ သမိုင်းကြောင်းရှိတယ်လေ၊ သတိုးသီရိသုဓမ္မဘွဲ့ရ စစ်သူကြီး မဟာဗန္ဓုလဟာ နယ်ချဲ့အင်္ဂလိပ်တွေကို ချောက်ချားစေနိုင်သူဖြစ်တယ်၊ အင်္ဂလိပ်စစ်ဗိုလ်က တလေးတစား အရိုအသေအလေးပြုရသူလည်း ဖြစ်တယ်။

မင်းတို့ သင်ခဲ့ ကြားခဲ့ မှတ်တမ်းတွေ မြင်ခဲ့ဖူးကြမှာပါ၊ ကမ္ဘာကျော် စစ်သူကြီး ဟန်နီဘော ဆိုတာကော ကြားဖူးကြသလား။

အဲဒီပုဂ္ဂိုလ်ကလဲ ဆီးနှင်းဖုံးလွှမ်းနေတဲ့ Alps တောင်တန်းကို တပ်တွေနဲ့ ဖြတ်ကျော် ချီတက်နိုင်စွမ်းရှိသလို၊ တို့ရဲ့ စစ်သူကြီး မဟာဗန္ဓုလကလည်း မိုးတွင်းအခါကာလ မိုးလေပြင်းထန်နေတဲ့ကြားထဲမှာတောင် ရခိုင်ရိုးမကို တပ်တောင်တာ ဗိုလ်ထုနဲ့ အောင်မြင်စွာကျော်ဖြတ် ချီတက်နိုင်စွမ်း ရှိခဲ့တယ်။

မင်္ဂလာဒုံ ကျိုက္ကလော့တိုက်ပွဲမှာ အင်္ဂလိပ်စစ်တပ်က Major Even ရဲ့ တပ်ကို တပ်တစ်ခုလုံး ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းတိုက်ခိုက်နိုင်စွမ်းရှိသူဖြစ်တယ်လေ၊ ဒါကြောင့် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ 'မဟာဗန္ဓုလ' လမ်းအမည် ရွေးချယ် သတ်မှတ်ခဲ့တာကွဲ့"

သူတော်မောင်မောင် ခေတ္တနားသည်။ မောင်သာအေးက ရေသန့်ရေဘူးနှင့် ရေစုပ်ပိုက်တံကို ကမ်းပေးသည်။ သူတော်မောင်မောင်က ငုံသည်ဆိုရုံ စုပ်ယူသောက်သုံးသည်။

"နောက် လမ်းမကြီးတစ်ခုကတော့ အနော်ရထာလမ်းပေါ့ကွယ်၊ အဲဒီလမ်းမကြီးကတော့ အရှေ့ဘက်မှာ အောက်ပုဇွန်တောင် လမ်းမကြီးကနေ သိမ်ဖြူလမ်း (အရှေ့လမ်း ဂျူဒါအီဇကယ်) ကို အထက(၆) ဗိုလ်တထောင် (St Paul)ကျောင်းကို စတင် တည်ထောင်ခဲ့တဲ့ ရှိမင်ကက်သလစ်ဂိုဏ်းထောက် 'Bishop Paul Bigandet' ကို အကြောင်းပြုပြီး ဘီဂန်ဒက်လမ်း (သူ့ရဲ့ နေအိမ်ဟာ ဗိုလ်မြတ်ထွန်းလမ်း Creek) နဲ့ ဘီဂန်ဒက်လမ်းထောင့်မှာရှိခဲ့ဖူးတယ်။

ရန်ကုန်မြို့ကွက်သစ်ပုံစံကို ရေးဆွဲတင်ပြတဲ့ ဘင်္ဂါလီအင်ဂျင်နီယာတပ်က ဗိုလ်ဖရေဇာ (Lt. A Fraser Ban gal Enginner Cors) ကို အထိမ်းအမှတ်ပြုမှည့်ခေါ်ခဲ့တဲ့ ဖရေဇာ (Fraser) လမ်း၊ (သိမ်ဖြူလမ်း၊ ရွှေတိဂုံဘုရားလမ်း) အရှေ့အထိနဲ့ ရွှေတိဂုံဘုရားအနောက်ဘက်ကနေပြီး (၁)လမ်း၊ ရွာသစ်ချောင်းအထိကို ကျုံးမြောင်းကြီးလုပ်ထားခဲ့ပြီး ဒီရေအသွင်းအထုတ်နဲ့ မြို့ကွက်ကို သန့်ရှင်းရေးလုပ်ခဲ့တာ။

ဒါကို အကြောင်းပြုပြီ ကျုံးကြီးလမ်း (Candal Street) လို့ ခေါ်ခဲ့ကြတဲ့လမ်းရယ် စုစုပေါင်း လမ်းသုံးခု ပေါင်းထားတဲ့လမ်းကို အနော်ရထာလမ်းရယ်လို့ အမည်ပေးထားတာ၊ ဟိုးယခင် ခရစ်နှစ် ၁၈၅၃ ခုနှစ်က မြို့ကွက်အသစ် ကမ်းနားလမ်းရဲ့ မျက်နှာစာကို Open Space ထားခဲ့တယ်။

ကမ်းနားလမ်းရဲ့ ကျောဘက်မှာသာ အဆောက်အအုံတွေ ရှိစေခဲ့တယ်၊ Merchant(ကုန်သည်လမ်း)နဲ့Dalhousie (မဟာဗန္ဓုလမ်း) တို့ကိုသာ မြို့လမ်းအဖြစ် ထားခဲ့ပုံရတယ်"

သူတော်မောင်မောင်က ခေတ္တမျှနား၍ လက်ကျန် ရေသန့်ရေကို သောက်လိုက်သည်။

ထိုစဉ် မောင်သာမောင်က -

"ဘာကြောင့်များလဲ အဘ သူတော်ရယ်" ဟုမေးရာ . . .

"ဘာကြောင့်လဲ ဆိုတော့ အဲဒီလို မြို့ကွက်သစ် ရေးဆွဲချိန်ကနေပြီး တို့မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရပြီကာလအထိ ဆူးလေဘုရားလမ်းနဲ့ အနော်ရထာလမ်းထောင့်မှာ 'အာမေနီယံ' အုတ်ဂူသချိုင်း ရှိနေခဲ့လို့ကွဲ့။



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာဆရာကြီး ဦးသိမ်း ...င်က . . . 'အနော်ရထားလမ်းနဲ့ ...လေဘုရားလမ်းထောင့်မှာ The Ar-...nian Cemetry ဆိုတာ ရှိခဲ့တာကို ...လေဘုရားလမ်းက လုပ်တိုင်း' လို့ ...စဉ်ပေးပြီး ရန်ကုန်ရာဇဝင် သမိုင်း ...အုပ်ကြီးမှာ မှတ်တမ်းတင် ရေးသား ...ယ်ကွဲ့။

အခု တံတားအနောက်ဘက်က ...ခြိုယ် (ဖြတ်လမ်း)နဲ့ အများပြည်သူ ...သန့်စင်ခန်းရှိတဲ့ နေရာပေါ့ကွယ်၊ ... အဲ . . စာစောက မဟာဗန္ဓုလ ...အကြောင်းမှာ ပြောစရာ ကျန်ခဲ့ ...ယ်ကွဲ့၊ မှတ်လိုက်ကြဦးဟေ့။

ခရစ်နှစ် ၁၈၆၈ ခုနှစ်လောက် ... Recreation Centre ဖြစ်ခဲ့တဲ့ မဟာ ...ပန်းခြံဟာ အမည်လေးခု ရခဲ့လို့ ...nk Square, Fytche Square ...ရင်မ ပန်းခြံရယ်လို့ အမည်တွေ ရှိခဲ့ ...သေးတယ်ကွဲ့။

ကဲ, ဒီတစ်ခါတော့ ဗိုလ်ချုပ် ...အောင်ဆန်းလမ်းမကြီး(Mantgomere) ...အကြောင်းပြောမယ်၊ ဒီနေရာမှာ မှတ် ...ဖို့က Mantgomere ဆိုတဲ့အမည် ... ဒုတိယကမ္ဘာစစ်တုန်းကထင်ရှားတဲ့ ...စ်သူကြီး General Mantgomere ...တ်ဘူး၊ နယ်ချဲ့အင်္ဂလိပ်စစ်တပ်က ...စိတ်ကုဆရာဝန်Surgonတစ်ယောက် ...ဖြစ်တယ်၊ ရန်ကုန်မြို့ရဲ့ ကွက်သစ် ...တို့ ရေးဆွဲတင်ပြခဲ့သူလည်းဖြစ်တယ်။

အဲဒီအချိန် တုန်းက ဆူးလေ ...စေတီတော်ကို ဗဟိုပြုပြီး တည်ဆောက် ...ခဲ့တဲ့ ရန်ကုန်မြို့တော်ကွက်သစ်မှာ ဆူး ...လေအဝိုင်း Round about ကို အခြေ ...ပြုပြီးမှ လမ်းဆုံလမ်းခွတွေမှာ အဝိုင်း ...ကြီးတွေ တစ်ခုဆောက်ပြီး စိမ်းလန်း ...စိုပြည်စေဖို့ရယ် နိုင်ငံတော်ခေည့်သည် ...များ လာတဲ့အခါ နိုင်ငံတော်ရဲ့အလှနဲ့ ...ည့်သည်တော်ရဲ့ နိုင်ငံအလံကို လွှင့်ထူ ...ကြိုဆိုဖို့ရယ်နဲ့ ယာဉ်ကြောထိန်းသိမ်း ...ရေးကိုပါ အထောက်အကူ ဖြစ်စေခဲ့ ...တယ်။

ဒါတင်မကသေးဘူးလေ၊ တိုက်ခန်းတွေမှာ နေရလို့ မွန်းကျပ်ခံနေရတဲ့ သူတွေအဖို့လဲ အပန်းဖြေ အနားယူရာ စခန်းသာ ဖြစ်ခဲ့တဲ့ Continental Roundabout ကြီးဆိုရင် လွတ်လပ်ရေး ရပြီးစ အချိန်ထိ ဗိုလ်ချုပ်အောင်ဆန်း လမ်းရဲ့ Land Mark ဖြစ်ခဲ့ဖူးသေးတယ်။

နောက်ထပ် ထင်ရှားတဲ့ Land Mark တစ်ခုကတော့ တို့ အခုရန်ကုန် မီးရထားဘူတာကြီးလို့ ခေါ်နေကြတဲ့ ကွမ်းခြံဘူတာကြီးပဲကွဲ့။

မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ မီးရထား စတင်ပြေးဆွဲခဲ့တဲ့ ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ တည်ရှိခဲ့ပြီးဖြစ်တဲ့ အဲဒီဘူတာကြီးက ဗိုလ်ချုပ်အောင်ဆန်းလမ်း (Mantgo-mere)ကို မျက်နှာမူပြု တည်ဆောက်ထားတဲ့ ပထမဆုံး မီးရထားဘူတာကြီး ဖြစ်တယ်ကွဲ့၊ နာရီစင်ပါပါတဲ့ ဘူတာကြီးပေါ့ကွယ်။

၁၉၇၀ ပြည့်နှစ် ဝန်းကျင်မှာ နာရီစင်ကြီးဘေးက လူသွားစကြံနဲ့ ဆက်စပ်တည်ဆောက်ထားတဲ့ ပထမဆုံး ကားလမ်းကျော်တံတားကတော့ မြန်မာ့လေယာဉ်ထုတ်ကုန် MAPT ရုံးနဲ့ ဆက်သွယ်ပေးထားတဲ့ လူသွားစကြံ တံတား ဖြစ်တယ်လေ။

ခုတော့ ခံ့ညားထည်ဝါတဲ့ ပန်းဆိုးတန်း မီးရထား ခုံးကျော်တံတားကြီး အစားထိုး တည်ဆောက်ခဲ့ပြီပေါ့ကွဲ့၊ သည်လမ်းတွေနဲ့ စပ်သမျှ ဒီလောက်နဲ့ ပဲ ကျေနပ်ကြကွယ်"

သူတော်မောင်မောင်က ခေတ္တမှုနားး၏။

မောင်သာမောင်မှ ရေသန့်ရေပုလင်း ကမ်း၍ပေး၏။ သူတော်မောင်မောင်က တစ်စုပ် နှစ်စုပ်သောက်၏။

"အဘ သူတော်မောင်မောင်ဆီက ဗဟုသုတတွေအကြောင်း အမျိုးမျိုးက နေသိခဲ့ရတာ များလှပါပြီ၊ အဘ သူတော်ရဲ့ မိတ်ဆွေတွေကလဲ စာပေဘက်မှာ နှံ့စပ်သူများတယ်နော်၊ အဘကိုယ်တိုင်ကကော စာလေးဘာလေး ရေးပါလားဟင်"

သူတော် မောင်မောင်က ပြုံးယောင်သန်းသော မျက်နှာဖြင့် . . .

"တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ရေးဖြစ်လိမ့်မယ် ထင်ပါရဲ့၊ လောလောဆယ်မှာတော့ အလုပ်မ်းဝေးပါသေးတယ်၊ တခြားကိစ္စတွေကလဲ ဦးမှာက အများသားလားကွယ် "

ထိုအခါ မောင်သာမောင်က. .

"ဦးလေး သူတော် ခုဘယ်ကို ခရီးဆက်ဦးမှာလဲ၊ ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ကို ဆက်ဦးမှာလား၊ သားတို့ လိုက်ပို့မလို့ပါ၊ ခရီးမဆက်ခင်မှာတော့ မစ္စတာဘရောင်းမှာ ကော်ဖီလေး မုန့်လေးနဲ့ ဧည့်ခံပါရစေဦး ခင်ဗျာ"

သူတော်မောင်မောင်က အပြုံးဖြင့် ခေါင်းညိတ်၍ အဖြေပေးခဲ့သည်။ ယင်းတို့ လေးဦးသားသည် မစ္စတာဘရောင်းတွင် ကိုယ်စီ ကြိုက်နှစ်သက်ရာ မှာယူစားသောက်ကြလေ၏။ရောက်တတ်ရာရာတို့ကို လွတ်လပ်ပေါ့ပါးစွာ ပြောကြ ဆိုကြလေ၏။

စားသောက်ခြင်းကိစ္စ ပြီးစီးကြလေသော် သူတော်မောင်မောင်၏ ဆန္ဒအရ လေးဦးသားတို့သည် ခြေကျင်ခရီးဖြင့်ပင် ထွက်ခဲ့ကြရာ ၁၀ မိနစ်ခန့်ကြာသော် ဇင်မင်းမောင်လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ကြလေ၏။

ထိုတွင် သူတော်မောင်မောင်က လူငယ် သုံးယောက်စလုံးကို လက်ဆွဲနှုတ်ဆက်လေ၏။ ကလေးတို့ကလည်း နှုတ်ဆက်စကား ကိုယ်စီပြောကာ ပန်းဆိုးတန်း လမ်းမကြီးဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားကြလေ၏။ သူတော်မောင်မောင်ကမူ စာပေမိတ်ဆွေများ စုဝေးရာ ထိုဆိုင်အတွင်းသို့ ပေါ့ပါးသွက်လက်စွာ ရောက်သွားခဲ့ပါတော့သည်။

❑ ဝဏ္ဏလင်းထက်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအခန်းအနား ညစာစားပွဲ။ တောင်ငူမြို့၏ မြို့မျက်နှာဖုံး၊ ပွဲစားကြီး ဦးထင်ပေါ်နှင့် ဒေါ်မှာလာဝတီတို့၏ မင်္ဂလာအခမ်းအနား ညစာစားပွဲဖြစ်သည်။

ဦးထင်ပေါ်မှာ သားနှစ်ယောက် သမီးသုံးယောက်ရှိသည့် မုဆိုးဖိုကြီး၊ အသက် (၅၅) နှစ်။





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မာလာဝတီမှာ သားသမီးမရှိသည့် မုဆိုးမ၊ အသက်က (၄၀)နှစ်။ တစ်ကိုယ်တည်း ငွေတိုးပေး၊ တိုက်၊ ခြံ၊ ကား ဆိုင်ကယ် အပေါင်ခံစားနေသူ။

ဦးထင်ပေါ်၏သားအကြီး ကိုမြင့်ထင်မှာ အင်ဂျင်နီယာ။ ဆည်မြောင်းဌာန ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် တာဝန် ထမ်းဆောင်နေသည်။ အိမ်ထောင်မရှိ၊ လူပျိုကြီး။

ဒုတိယသား ကိုမိုးထင်မှာ အိမ်ထောင်ခဲ့ ဝိဇ္ဇာဘွဲ့ရ၊ ရွှေဆိုင်နှင့် ပန်းထိမ်လုပ်ငန်း လုပ်နေသူ။

တတိယသမီး မစံပယ်ထင်နှင့် စတုတ္ထသမီး မဂန္ဓမာထင်တို့မှာ ဘွဲ့ရပြီး ယင်းတို့၏ ကျောင်းနေဖက် ချစ်သူများနှင့် အိမ်ထောင်ပြုကာ သျှောင်နောက်ဆံထုံး ပါသွားကြသည်။

ပဉ္စမသမီး မပိတောက်ထင်ကား ဘွဲ့ရပြီးသော်လည်း အိမ်ထောင်မပြုသေး။ ဖခင်နှင့် အတူနေကာ ပွဲရုံလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ပေးနေသူဖြစ်သည်။

ဦးထင်ပေါ်ကား ပွဲရုံလုပ်ငန်းအပြင် တောင်ငူမှ ကေတုရတနာဆေးရုံတွင်လည်းကောင်း၊ ရန်ကုန်ရှိ မဟာတော်ဝင်ဆေးရုံတွင် လည်းကောင်း အစုရှယ်ယာများ အများဆုံးထည့်ဝင်မြှုပ်နှံထားသူ ဖြစ်သည်။

ယမန်နှစ်က ဇနီးသည် ကွယ်လွန်ပြီးသည်မှစ၍ အအိပ်အစားမမှန်သည်ကြောင့် ခေါင်းခဲ ရင်အောင့်ဖြစ်လာ၍ မဟာတော်ဝင်ဆေးရုံတွင် တက်ရောက်ပြီး အနားယူ၊ အထွေထွေဆေးစစ်ဆေးမှု၊ ကုသမှု ခံယူခဲ့သည်။

တစ်နေ့တွင် ယင်းဆေးရုံသို့ ဆီးချိုသွေးချို လာစစ်သည့် ဒေါ်မာလာဝတီနှင့် ဓာတ်လှေကားအတွင်း ဆုံမိရာမှ မိတ်ဖွဲ့ဖြစ်သွားကြသည်။

ဒေါ်မာလာဝတီမှာ လုံးကြီးပေါက်လှကိုယ်လုံးဖြင့် မျက်နှာပေါက်အချိုးကျလှသူဖြစ်ရာ ဦးထင်ပေါ်မှ စိတ်ဝင်စားသွားသည်။

"ဒေါ်မာလာဝတီ ကျွန်တော့်အခန်း လိုက်လည်ပါနော်၊ ဧည့်ခံပါရစေ"

"ဦးထင်ပေါ်နှယ် အခုမှ မိတ်ဆက်ပြီးသိကြတာကို၊ အလည်လိုက်ဖို့ စောပါသေးတယ်"

"ဩော်၊ ကျွန်တော် ရှေ့လောကြီးသွားလို့ပါ။ ကျွန်တော့်အခန်းဆိုတာ ဒီဆေးရုံအပေါ်ဆုံးထပ်က အထူးခန်းပါ၊ ဒေါ်မာလာဝတီ၊ ကျွန်တော်က ဒီမှာ အနားယူရင်း ဆေးလာစစ်တာပါ"

"ဟင်၊ ဦးထင်ပေါ်က ဘယ်မှာ နေတာပါလဲရှင်"

"ကျွန်တော် တောင်ငူမှာနေပါတယ် ဒေါ်မာလာဝတီ၊ ဒီဆေးရုံက ကျွန်တော့် ရှယ်ယာဆေးရုံပါ"

"ဩော် ဒီဆေးရုံပေါ်မှာပဲဆိုတော့ တကူးတကမှ မဟုတ်ဘဲ လိုက်ခဲ့ပါမယ်ရှင်"

ဒေါ်မာလာဝတီနှင့် ဦးထင်ပေါ်တို့ သူ့အကြောင်း ကိုယ့်အကြောင်း ပြောပြကြရင်းဖြင့် တရင်းတနှီးဖြစ်သွားကြတော့သည်။ ဒေါ်မာလာဝတီကလည်း ဦးထင်ပေါ်ကို ၎င်း၏နေအိမ်သို့ အလည်ခေါ်ပြီး စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံလေသည်။

တောင်ငူ သူဌေးဦးထင်ပေါ်နှင့် ဒေါ်မာလာဝတီ ရင်းနှီးမှုမှာ တစ်ခဏတာအတွင်း "မာလာ" နှင့် "အစ်ကိုကြီး" ဟူ၍ အပြန်အလှန် ခေါ်ကြသည်အထိ အကျွမ်းတဝင် ဖြစ်သွားကြသည်။

ဦးထင်ပေါ်မှာ တောင်ငူနှင့် ရန်ကုန်ကို အိမ်ဦးနှင့် ကြမ်းပြင်သဖွယ်သွားလာနေတော့သည်။

ဒေါ်မာလာဝတီကလည်း ရေပူ၊ ရေအေးရေနွေးမှစ၍ စားစရာ သောက်စရာ အမျိုးမျိုးတို့ကို တစ်မျိုးပြီး တစ်မျိုး မထပ်ရအောင် စီစဉ်ချက်ပြုတ်ကျွေးမွေးလေသည်။

အပြုအစု အညှာအခရာများဖြင့်လည်း ကိုယ်လုံးကိုအလှဆင်၍ ပြင်ဆင်ဧည့်ခံလေရာ ဦးထင်ပေါ်မှာ အစွဲကြီးစွဲလာမိသည့်အလျောက် လက်ထပ်ခွင့်တောင်းသည်အထိ ဖြစ်လာသည်။

"မာလာ့ဘက်က သားသမီးမရှိတော့ဘာမှပြောစရာမရှိပေမယ့် အစ်ကိုကြီးမှာက သားကြီး သမီးကြီးတွေနဲ့ဆိုတော့ သူတို့တစ်တွေရဲ့ သဘောထားကိုလဲ ယူဖို့လိုဦးမယ်လေ"

"အစ်ကိုကြီး သားသမီးတွေကလဲ သဘောတူကြမှာပါ မာလာရယ်၊ အစ်ကိုကြီးသဘော တစ်ခုပါပဲ"

"ဒီလိုလဲ တစ်ဖက်သတ်မပြောပါနဲ့ဦး အစ်ကိုကြီးရယ်၊ တော်ကြာ မာလာ့ကို သိုက်တူးသမားလို့ ပြောနေကြပါဦးမယ်"

"မာလာစိတ်ရှင်းအောင် အစ်ကိုကြီးလုပ်ပေးပါ့မယ်၊ကလေးတွေအားလုံးရဲ့ သဘောထား သိရအောင် မာလာ တောင်ငူကို လိုက်ခဲ့ပေါ့နော်"

ဦးထင်ပေါ်နှင့်အတူ ဒေါ်မာလာဝတီပါလာပြီး သမီးငယ် ပိတောက်ထင်နှင့် မိတ်ဆက်ပေးလိုက်သည်။

"သမီးလေး ပိတောက်က အစ်ကိုကြီး ပြောပြတာထက်တောင်လှတာပဲ" ဟု ဒေါ်မာလာဝတီက ဖက်လဲတကင်း ပွေ့ပိုက်နှုတ်ဆက်လိုက်သည်။

"ဩော် အဖေရဲ့ ဒေါ်မာလာဝတီ၊ အန်တီလဲ လှပါတယ်၊ ဒါကြောင့် အဖေက တန်းတန်းစွဲ ဖြစ်နေတာကိုး"

"အဲဒီလို မဟုတ်ဘူး သမီး၊ မာလာ့ရဲ့ အိမ်ထောင်ရှင်မကောင်း တစ်ဦးမှာရှိတဲ့ အရည်အသွေး စွမ်းရည်တွေကို သမီး လက်တွေ့အကဲခတ်လိုက်ပါဦး"

"အဖေတို့က ယူကြတော့မလို့လားဟင်"

"သမီးတို့ သဘောတူကြမှပါ၊ ဒါကြောင့် အနီးကပ်လေ့လာနိုင်အောင် မာလာ့ကို အဖေ ခေါ်လာတာ၊ အခုကတော့ အစမ်းအိမ်ရှင်မပေါ့ သမီးရယ်"

ဒေါ်မာလာဝတီက အချိုသာဆုံး အပြုံးနှင့် အနူးညံ့ဆုံးစကားများ သုံးပြီး ပိတောက်ထင်အား စည်းရုံးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်၏ ဝေယျာဝစ္စအားလုံးကို တာဝန်ယူလိုက်သည်။ မီးဖိုချောင်ကိုလည်း ဦးစီးစီမံသည်။ ဘုရားစင်မှအစ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးအဆုံး၊ အလုပ်သမားများ အိမ်ဖော်များနှင့် ကြပ်မတ်ခိုင်းစေ ပြုပြင်လေတော့သည်။

အထူးသဖြင့် ဦးထင်ပေါ်နှင့် ပီတောက်ထင်တို့အတွက် နံနက်စောစော အစာမှ ညအိပ်ရာဝင် အစာအထိ နေ့စဉ်ကိုယ်တိုင် စီမံပြင်ဆင်ကျွေးမွေးသည်။ မြန်မာအစားအစာ၊ အနောက်တိုင်းအစားအစာ၊ ယိုးဒယား အစားအစာ၊ အိန္ဒိယအစားအစာ၊ တရုတ်အစားအစာများကို မထပ်ရအောင် စီမံပေးသည်။

ဧည့်ခန်း၊ အိပ်ခန်းများကိုလည်း သန့်ရှင်းလှပ သေသပ်စွာ ပြုပြင်ပေးသည်။ ပီတောက်ထင်အားလည်း သမီးသမီးနှင့် နှုတ်ဖျားက မချတော့။

အလုပ်သွား၊ အလုပ်ပြန်၊ ညအိပ်ရာဝင်သည်အထိ မျက်စိအောက်မှ အပျောက် မခံနိုင်လောက်အောင် ချစ်ပြနေတော့ရာ ပီတောက်ထင်မှာ အမေအစားရပြီဟုပင် ပြန်လည်ချစ်ခင်မိလာတော့သည်။

"အဖေတို့ ဘယ်တော့လက်ထပ်ကြမှာလဲ ဟင်"

"သမီးသဘောတူရင်၊ သမီးရဲ့ အစ်ကို အစ်မတွေဆီ အသိပေးပြီး အားလုံးရဲ့ သဘောထားရမှ လက်ထပ်ကြမှာပါကွယ်"

"သမီး သဘောတူတယ်လေ၊ အစ်မတို့ဆီ သမီး အကြောင်းကြားစာရေးပို့လိုက်ပါမယ်၊ အန်တီနဲ့အတူ နေရတာ စိတ်ရော လူရော ချမ်းသာတာပဲ၊ အားလုံးလဲ သဘောတူကြမှာပါ အဖေရယ်"

ဤသို့ဖြင့် ဦးထင်ပေါ်နှင့် ဒေါ်မာလာဝတီတို့ သားသမီးများ စုံလင်စွာ မင်္ဂလာဧည့်ခံပွဲကို ကျင်းပနေခြင်းပင်။ မုဆိုးဖို မုဆိုးမသာဖြစ်၍ တရားသူကြီးရှေ့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးလိုက်ကြပြီး ဒေါ်မာလာဝတီ၏ ဆန္ဒအရ ညစာစားပွဲကြီးဖြင့် တောင်ငူမြို့၏ လူကုံထံအသိုင်းအဝိုင်းကို အသိအမှတ်ပြုခိုင်းခြင်းတည်း။

ညစာစားပွဲအတွင်း လက်ချင်းတွဲ၍ လိုက်လံဧည့်ခံ မိတ်ဆက်ပေးနေသည့် ဦးထင်ပေါ်တို့စုံတွဲအား ချီးကျူးအားကျ နှစ်သိမ့်စကားများဖြင့် ဂုဏ်ပြုကြလေသည်။

သားသမီးများကလည်း ပြုံးရွှင်သောမျက်နှာများဖြင့် ဖခင်၏ မင်္ဂလာဧည့်ခံပွဲတွင် ပါဝင် ဧည့်ခံပေးနေကြသည်။

ည ၁၀ နာရီကျော်မှပင် ဧည့်ခံပွဲပြီးဆုံးလေတော့သည်။ သားသမီးများအားလုံးကပင် ဒေါ်မာလာဝတီ၏ ကြင်နာမှု၊ ပြုစုမှု၊ ဖော်ရွေမှုအပြုံးများကြောင့် မနာလိုဝန်တိုစိတ် အလျှင်းမရှိကြ။

တစ်ပတ်ခန့်နေပြီး အသီးသီးပြန်သွားကြတော့သည်။

"သမီး နေ့လယ်စာ စောစောပြန်လာစားနော်၊ ဝက်တညင်းပေါင်းနဲ့ ဘဲဥဆေးစိမ်သုပ် လုပ်ထားတယ်"

"ကိုကို အချိုပွဲအတွက် ငှက်ပျောသီး အုန်းနို့ပေါင်း ပေါင်းထားမယ်နော်၊ အပြင်မှာ စားမလာနဲ့ဦး"

"ဒီနေ့ အန်တီလက်ရာ နတ်သုဒ္ဓါနဲ့ ဆိတ်သားပေါင်းကတော့ ရှယ်ပဲ၊ စားလို့တောင် မဝချင်ဘူး"

"ကိုကို အားရှိအောင် အိပ်ရာမဝင်ခင် ကြက်ဥနဲ့ ဘရမ်ဒီခေါက်ထားတာလေး သောက်လိုက်ဦးနော်၊ မနက်... ည ငှက်ပျောတဲ့၊ သီးမွှေး... ပါ ကုန်အောင်စားလိုက်နော်"

ဒေါ်မာလာဝတီ၏ အချက်အပြုတ်၊အစပ်အဟပ်၊အကြော်အလှော်၊ အချိုအချဉ်၊ အပြုအစုများ အတွင်း ဦးထင်ပေါ်တို့သားအဖနှစ်ဦး မိုတင်းရင်းဖြင့် စားကောင်း၊ အိပ်ကောင်း ရုပ်ခန္ဓာများ ပြောင်းလာတော့သည်။

"သမီးလေး မျက်နှာက ပြည့်ပြည့်ဖောင်းဖောင်းလေး ဖြစ်လာတော့ ပိုပြီး ချစ်စရာကောင်းနေတာပဲ... ကိုကို"

"ကိုကို့ အသားအရေတွေ... စိုပြည်ပြီး ဝလာတော့ ပိုပြီးခံ့လာတ... နော် သမီး"

သားအဖနှစ်ဦးသား ကျေနပ်... အပြုံးများဖြင့် တစ်ယောက်မျက်နှာ ... ယောက် ကြည့်ကာ ဒေါ်မာလာ... အား ကျေးဇူးတင်နေမိကြသည်။

အိမ်ခြံဝင်းမှာလည်း တော... ပြောင် လှပလာသလို မိမိတို့ကိုယ်... လည်း ဝဖြိုးလာကြသည်။

အိမ်ရှင်မကောင်း တစ်ဦး၏ ... ပြုစုမှု အစွမ်းပေတည်းဟု ချီးမွမ်း... ကြသည်။

ဦးထင်ပေါ်မှာ မကြာခဏ ... ကြောတက်၊ ခေါင်းလေး၊ အိပ်ငိုက်ခြ... သွေးချိန်လိုက်တိုင်း သွေးပေါင်ချိန် မြ... တက်နေတတ်သည်။ ဆရာဝန်၏ ညွှ... ကြားချက်ဖြင့် သွေးကျဆေးဆောင်တာ... စားနေရသည့် ဘဝသို့ တစ်နှစ်တာ... အတွင်း ရောက်ရှိသွားလေသည်။

မပီတောက်ထင်ကား ဗိုက်... ခေါက်ထွက်၊ ပါးစုန့်တက်ဖြင့် အကျီများ... ကျဉ်းကျပ်ကုန်၍ လစဉ် အသစ် အသ... ထပ်ထပ်ချုပ်နေရသည်။

လူငယ်ဖြစ်နေ၍ သွေးမတတ်... သော်လည်း အဆီများထွက်လာသဖြင့် အသွားအလာ လေးပင်လာတော့သည်။ သွေးထဲတွင် အဆီဓာတ်များ လွန်ကဲနေသဖြင့် အဆီအစိမ့် အစားအစာများကို ရှောင်ရန် ဆရာဝန်က အကြံပြုလာသည်။ ဒေါ်မာလာဝတီကမူ. . .

"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ တဲ့၊ ဘုရားကတောင် ဟောထားတာ၊ သတ္တဝါတွေမှာ အစာအဟာရပေါ်မှီပြီးမှ အသက်ရှင်ရတာလေ၊ ခန္ဓာရှိရင် ဝေဒနာဆိုတာ ဖြစ်လာမှာပဲ၊ အနာသိရင် ဆေးရှိပါတယ်၊ တိုးတက်နေတဲ့ ဒီခေတ်ကြီးမှာ အစွမ်းထက်တဲ့ဆေးတွေ ရှိနေတာပဲ၊ ကိုကိုနဲ့ သမီးတို့ ဘာ... ရှောင်မနေနဲ့ ဆေးနဲ့ ထိန်းလို့ရ...တာပဲ





www.burmeseclassic.com

www.burmeseclassic.com

ဟာကို အာဟာရပြတ်မှ မတ်တတ်က လဲကျကုန်မှာ၊ တောင်ဝှေးလဲရင် ဖိုးသူတော်က ထူနိုင်တယ်လေ၊ ဖိုးသူတော်လဲရင် တောင်ဝှေးက မထူနိုင်ဘူးလေ၊ မာလာက တောင်ဝှေးသက်သက်နော်"

ဦးထင်ပေါ်မှာ ဇနီးချော၏ ပြောစကားများကို ပျားသကာလိုချိုနေသည်ဖြစ်၍ သွေးကျဆေးကို အိတ်ကပ်ထဲဆောင်ကာ အစားမရှောင်ဘဲ ဒေါ်မာလာဝတီ ကျွေးသမျှ အားပါးတရသာ စားနေတော့သည်။

မပိတောက်ထင်မှာ အပျိုအရွယ် အသက်လည်းငယ်သေး သည်ဖြစ်ရာ လှချင်ပချင်သည်ဖြစ်၍ အဆီအဆိမ့် အစာများကို လျှော့စားလာသည်။

တစ်ဖက်ကလည်း ဝိတ်ကျအောင် ကေတုမတီ အမျိုးသမီးသီးသန့် အလှပြင်ခန်းမတွင် တစ်ပတ်(၄)ရက် စက်ကိရိယာများဖြင့် သွားကစားသည်။ ဗိုက်ကိုလည်း ခေတ်ပေါ် ဗိုက်ချပ်ဆေးလူး၍ ဗိုက်စည်းဝတ်ဆင်ကာ ပိန်အောင် ပြုပြင်လေသည်။ နွေ၊ မိုး၊ ဆောင်းရာသီများ ပြောင်း၍ တန်ခူးလသင်္ကြန်ပိတ်ရက်တွင် ကိုမြင့်ထင် ပြန်ရောက်လာသည်။ ဦးထင်ပေါ်နှင့် ဒေါ်မာလာဝတီတို့နှစ်ဦးက မန္တလေး၊ ပုဂံ၊ ပုပ္ပား၊ မုံရွာသို့ ဘုရားဖူး ထွက်သွားကြသဖြင့် နေအိမ်တွင် မောင်နှမနှစ်ဦး ကျန်ခဲ့သည်။

သင်္ကြန်ရက်အတွင်းဖြစ်၍ သားငါး မစုံလင်ဘဲ အိမ်ဖော်များ ချက်ကျွေးသလို စားကြရသည်။

"ကိုမြင့်ရယ် အန်တီမရှိတော့ ထမင်းဟင်းကောင်းကောင်း မစားရဘူး" ဟု ထမင်းစားဝိုင်းတွင် ပိတောက်ထင်မှ အစ်ကိုဖြစ်သူအား ညည်းတွားပြောဆိုလေသည်။

"ဟဲ့၊ ညီမလေးရဲ့၊ အိမ်ထမင်း အိမ်ဟင်းက အစ်ကိုတို့ အလုပ်ခွင်ဖိုကြီးချက်ထက်တော့ အများကြီးကောင်းပါတယ်ဟဲ့"

"အန်တီတို့လက်ရာတွေ စားပြီးရင် ကိုမြင့် လျှာလည်သွားမှာနော်၊ အဖေတို့ ပြန်ရောက်ပြီးမှ ကိုမြင့် အလုပ်ထဲ ပြန်သွားပါလား"

"နေပါစေညီမလေးရယ်၊ အစ်ကိုတို့ အလုပ်က အချိန်ကိုက်ပြီးအောင် လုပ်နေရတာလေ၊ နိုင်ငံတော်ရဲ့ စီမံကိန်းကြီးတွေဆိုတော့ အခွင့်အရေး ပိုယူလို့ မကောင်းဘူးလေ၊ နောက်ပြီး သင်္ကြန်ပိတ်ရက်က (၁၀)ရက်ကြီးတောင် ပေးထားတာ၊ အဖေ့ မိန်းမက အချက်အပြုတ်ကောင်းတယ်လို့တော့ အဖေ့ စာထဲမှာ ပါတာပဲ"

"တကယ်ပြောတာ ကိုမြင့်ရဲ့၊ ထမင်းဟင်းကော၊ သရေစာရော၊ မုန့်စောစောအစာ၊ ညအိပ်ရာဝင်ခါနီး အစာ၊ နေ့တိုင်း မထပ်ရအောင်ကို လုပ်ကျွေးတာ ကိုမြင့်ကို စားစေချင်လို့ပါ"

"အေး၊ ညီမလေး သိအောင် ပြောပြရဦးမယ်၊ လူကို ပြုပြင်ဖန်တီးနေတာ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်ဆိုပြီး အကြောင်းတရား လေးပါးရှိတယ်၊ အာဟာရတစ်ခုတည်းကို မှီခိုနေလို့ မရဘူးကွယ့်၊ ဒါကြောင့် တို့ ဗုဒ္ဓမြတ်စွာဘုရားရှင်က အတိုင်းအရှည်ကို သိ၍ စားသောက်ရမည် လို့ သတိပေးထားခဲ့တယ်၊ အတိုင်းအရှည်ဆိုတာ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ ကိုယ့်ခန္ဓာရယ်ကို ပြောတာ၊ ကံဆိုတာက အတိတ်ကံ၊ ပစ္စုပ္ပန်ကံတို့ရဲ့ ကုသိုလ်၊ အကုသိုလ်အကျိုးအဖြစ်တွေ၊ စိတ်ဆိုတာက သိစိတ်နဲ့ စေ့ဆော်တဲ့စိတ်ကို ပြောတာ၊ ဥတုဆိုတာက အပူနဲ့အအေးကို ပြောတာ၊ နွေ၊ မိုး၊ ဆောင်းပေါ့။

ကိုယ့်ခန္ဓာ ဆိုတာကတော့ ဒီ အတ္တဘောကို ပြောတာ၊ ဒီခန္ဓာမှာ ဘူတရုပ် (၄)ပါးဖြစ်တဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောနဲ့ ပသာဒရုပ် (၅)ပါးဖြစ်တဲ့ စက္ခု (မျက်စိ)၊ သောတ (နား)၊ ဃာန(အနံ့-နှာခေါင်း)၊ ဇိဝှါ (အရသာ-လျှာ)၊ ကာယ (ကိုယ်) တို့ကို ပြောတာ၊ အဲဒီ အပေါင်းအစုတွေဟာ ခန္ဓာလို့ခေါ်တဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါး [illegible] ဖန်တီးနေတာကွယ့်၊ အဲဒါ [illegible] တစ်ခုတည်းက ပြုပြင်ဖန်တီးနေတာ မဟုတ်ဘူးလေ"

"အဲဒါတွေတော့မသိဘူး ကိုမြင့်ရဲ့၊ စားလို့သောက်လို့ကောင်း၊ မကောင်းကိုပဲ ညီမလေးကသိတာ၊ စားလို့ကောင်းရင် များများစားမယ်၊ စားလို့မကောင်းရင်နည်းနည်းပဲစားမယ်၊ ဗိုက်မဝရင်စားလို့ ကောင်းတာ ရှာစားမယ်၊ အဲဒါပဲ"

"အေး၊ ဒါကြောင့် ရောဂါပွား၊ အသက်တို၊ မသေသင့်ပဲသေ၊ မနာသင့်ပဲနာ ဖြစ်နေကြရတာပေါ့၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဒကာရင်းဖြစ်တဲ့ ကောသလမင်းကြီးဟာ အစားကောင်းတွေချည်းပဲ တစ်ခါစားရင် ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်ကုန်အောင် စားတယ်တဲ့၊ ဆီဦးထောပတ်တွေနဲ့ အစားကြီးတဲ့ ဒဏ်ကြောင့် ကောသလမင်းကြီးရဲ့ ခန္ဓာကိုယ်ကြီး ဝဖြိုးလာလိုက်တာ မတ်တပ်တောင် မရပ်နိုင်တော့လောက်အောင် ဖြစ်လာတော့ ဘုရားရှင်ဆီ သွားတာတောင် အထမ်းအပိုး၊ အခြံတော်တွေနဲ့ သွားရတဲ့ အခြေအနေထိ ဖြစ်လာတယ်။

ဒကာရင်းဖြစ်နေတဲ့ ကောသလမင်းကြီးရဲ့ ဒုက္ခကို သနားကရုဏာထားတော်မူတဲ့ ဘုရားရှင်က စောစောက အစ်ကို ပြောတဲ့ အစားစားရာမှာ အတိုင်းအရှည်ကို သိပြီး စားတတ်အောင် တရားစကားနဲ့ ဆုံးမခဲ့ရတယ်၊ တစ်နပ်စားတိုင်း တစ်လုတ်စာ ထမင်းကို လျှော့စားခိုင်းတယ်။

အဲဒီလို ဘုရားရှင် ဆုံးမတဲ့အတိုင်း လိုက်နာပြီး ထမင်းတစ်နပ်မှာ တစ်လုတ်စာသာ လျှော့စားလာလိုက်တာ နှစ်ပေါက်လာတဲ့ အခါမှာတော့ ကောသလမင်းကြီးရဲ့ ခန္ဓာကိုယ်ကြီးဟာလဲ ဝိတ်တွေ လျှော့လျှော့လာပြီး သူ့ဟာသူ မတ်တတ်ရပ်၊ လမ်းလျှောက်သွားနိုင်တော့တဲ့အထိ ပိန်[illegible]ပြီး ကျန်းမာရေးလဲ တိုး[illegible]မှန်လာတယ်တဲ့၊ ညီမလေး[illegible] တွေလဲသုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုလဲ လျှော့စားလိုက်ရင် မော်ဒယ်ဂဲလ် လေးလို ပြန်လှသွားမှာပေါ့ ညီမလေးရဲ့"

"ကိုမြင့် အခုလို ရှင်းပြလိုက်မှ ညီမလေး သဘောပေါက်လာတယ်၊ အစားမလျှော့ဘဲ မဆင်ခြင်ဘဲ စားနေလို့ လေ့ကျင့်ခန်းတွေလုပ်၊ ဆေးတွေလူးလဲ ဝိတ်က ကျမလာတာ၊ တဖြည်းဖြည်း လေးလေးလာသလိုပဲဖြစ်နေတာ ကိုမြင့်ရဲ့၊ တော်သေးတယ်၊ အဖေ့လို သွေးတိုးရောဂါမဖြစ်လာသေးလို့၊ အဖေတို့ပြန်လာမှ ကိုမြင့် ရှင်းပြထားတာတွေ ပြန်ပြောပြပြီး အဖေ့ကိုလဲ အစားလျှော့ခိုင်းရမယ်၊ အန်တီကိုလဲ အဆီအဆိမ့် အစားအစာတွေ လုပ်မကျွေးတော့ဖို့ ပြောရမယ်"

သကြ်ာန်ရုံးပိတ်ရက် မကုန်မီ (၁) ရက်အလိုတွင် ကိုမြင့်ထင် အလုပ်ခွင်ရှိရာသို့ ပြန်သွားတော့သည်။ ဦးထင်ပေါ်တို့ လင်မယားလည်း နောက်တစ်ရက်တွင် ပြန်ရောက်လာကြသည်။

ပိတောက်ထင်ကလည်း အစ်ကိုကြီး ရှင်းပြသွားသည်များကို ဖခင်နှင့် မိထွေးတို့အား သေချာစွာ ပြန်လည်ပြောပြကာ ဒေါ်မာလာဝတီအားလည်း အဆီအဆိမ့်တွေ လုပ်မကျွေးတော့ရန် တောင်းပန်လိုက်သည်။

ပိတောက်ထင်နှင့် ဦးထင်ပေါ်တို့သည် အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဆီအဆိမ့်တို့ကို ရာသီနှင့်အကိုက် ချင့်ချိန်စားကြပြီးနောက် ထမင်းကိုလည်း နည်းနည်းချင်း လျှော့စားလာကြရာ နှစ်လ သုံးလအတွင်းမှာပင် ပိတောက်ထင်၏ ကိုယ်ရေစစ်ကျသွားသလို ဦးထင်ပေါ်လည်း သွေးမတိုးတော့ပေ။

ဆရာဝန်ကမူ သွေးကျဆေးအား ဆက်လက် ဆောင်ထားရန်နှင့် အစားမှား၍သွေးတက်လာလျှင် အမြန်သောက်ထားရန် ညွှန်ကြားလေသည်။ ရုတ်တရက် သွေးပေါင်ချိန် တစ်ရှိန်ထိုးတက်လာလျှင် ဦးနှောက်သွေးကြောပေါက်သွားတတ်သဖြင့် ဆေးကို အမြဲဆောင်ထားခိုင်းခြင်း ဖြစ်လေသည်။

ဒေါ်မာလာဝတီသည်လည်း မြန်မာ့အစားအစာချက်ပြုတ်နည်း စာအုပ်ကို ဝယ်ဖတ်၍ စာအုပ်ပါ မြန်မာဟင်းလျာများကိုသာ ချက်ပြုတ်ကျွေးလေသဖြင့် ဦးထင်ပေါ်နှင့် ပိတောက်ထင်တို့ နှစ်ဦး၏ စိတ်ကြိုက်ဖြစ်နေပြန်တော့သည်။

"မာလာရေ မနက်ဖြန်ကျရင် ကြော်စားဖို့ ဒီမှာ ခရုစည်သွတ်နှစ်ဘူး ဝယ်လာတယ်၊ ရော့ ရော့"

"ဟင်၊ အစ်ကိုကြီးကလဲ အိမ်မှာ တစ်ပတ်စာ ဟင်းချက်စရာ အသားရေငါးရောရှိနေတာပဲ၊ ဘာလဲ အစ်ကိုကြီး မာလာ့လက်ရာတွေကို မကြိုက်တော့လို့လား"

"မဟုတ်ပါဘူးကွယ်၊ မာလာ့လက်ရာဆို ဘာမဆို ကြိုက်ပြီးသား၊ သိလား၊ ဒါက မာလာလေး စားစေချင်လို့ ဝယ်လာတာ၊ ကိုရီးယားက လာတာတဲ့၊ ကမ္ဘာ့အကောင်းဆုံးအစားအစာထဲမှာပါတယ်လို့ဆိုတာပဲ၊ စက္ကူပတ်ပေါ်မှာ ခရုရုပ်ကလေးတွေပါတယ်၊ ကြည့်လိုက်ပါဦး"

"အင်း. . ဟုတ်တယ်နော်၊ မာလာတို့ဆီက ခရုစေတီလိုပဲနော် အစ်ကိုကြီး"

ဒေါ်မာလာဝတီက လက်ထဲမှ ခရုဆီသွတ် နှစ်ဘူးကို လှည့်ပတ်ကြည့်ပြီး ဟင်းချက်စရာများ ထည့်ထားသည့် ရေခဲသေတ္တာထဲ သွားထည့်ထားလိုက်သည်။

တန်ခူးလ၏ ပူပြင်းသော နွေကာလ တစ်ရက်တွင် ဦးထင်ပေါ်အလုပ်မှ နေ့လယ် ထမင်းစားပြန်လာသည်။ ဒေါ်မာလာဝတီမှ ကိုယ်တိုင်ပင် ထမင်းပွဲ ပြင်ကျွေးလေသည်။

"ဒီကနေ့ အစ်ကိုကြီးကြိုက်တဲ့ ဝက်သားနီချက်ကို အဆီမပါ၊ အသားချည်း၊ မရန်းပြားလေး ထည့်ချက်ထားတယ် အစ်ကိုကြီး"

"ကောင်းတာပေါ့ မာလာလေးရဲ့၊ ထမင်းမြိန်ဦးမှာပဲ"

"နောက်ပြီး အစ်ကိုကြီး ဝယ်လာပေးထားတဲ့ ခရုစည်သွတ်တစ်ဘူးကို ကြက်သွန်နီအကွင်းလိုက်နဲ့ ရောကြော်ထားတယ်၊ ဒီမှာ အစ်ကိုကြီး မြည်းဖို့ မာလာ နည်းနည်းဖယ်ထားတာ"

"အဲဒါ မာလာလေးအတွက်ပဲလေ၊ အစ်ကိုကြီးက အဆီအဆိမ့်တွေ ရှောင်နေတာဆိုတော့မစားတော့ပါဘူး"

"မာလာစားပြီးပြီ အစ်ကိုကြီးရဲ့၊ အရသာ သိပ်ကောင်းလွန်းလို့ အစ်ကိုကြီးမြည်းရအောင် နည်းနည်းဖယ်ထားတာပါ၊ ဒါလောက်ကလေးနဲ့တော့ ဘာမှ အဆီမတက်နိုင်ပါဘူး အစ်ကိုကြီးရဲ့"

"ဟုတ်ပါ့ဗျာ၊ အတော်ကောင်းတာပဲ ချိုဆိမ့်ပြီး လျှာရင်းမှာ စွဲသွားတာပဲ၊ ဝက်သားနီချက်ကလဲ ချဉ်တင်တင်လေးနဲ့ဆိုတော့ တွဲဖက်ညီသလို မာလာလေးရေ စားလို့တောင်မဝချင်ဘူး"

"မဝလဲတော် ဝလဲတော်တော့ အစ်ကိုကြီးရေ၊ အဲဒါအကုန်ပဲ မရှိတော့ဘူး"

ဦးထင်ပေါ်မှာ ထမင်းစားပြီး ဧည့်ခန်းတွင်ထိုင်လျက် ပန်းသီးနှင့် စပျစ်သီးတို့ကို စားနေစဉ် ရင်ထဲမှ အီသလိုလို ရှသလိုလို ဖြစ်လာသဖြင့် မိမိ အစားများသွား၍ ဖြစ်သည်ထင်ကာ ရေအိမ်သို့တက်ရန် အပေါ်ထပ် အိပ်ခန်းရှိရာသို့ တက်သွားလိုက်သည်။

ဦးထင်ပေါ် အိပ်ခန်းတွင်းရောက်သည့်အခါ ဗိုက်ထဲမှ ထိုးအောင့်လာသဖြင့် အိပ်ရာပေါ် တက်လှဲပြီး ဖက်လုံးကို ပိုက်၍နေလိုက်သည်။

"ဟင် အစ်ကိုကြီး ဘာဖြစ်လို့လဲ၊ ခုပဲ ထမင်းစားပြီးတယ် အိပ်တော့မလို့လား" ဟု ဒေါ်မာလာဝတီသည် အိပ်ခန်းတွင်းသို့ ဝင်လာရင်း ဦးထင်ပေါ်၏ မျက်နှာကို ကြည့်၍ မေးလိုက်သည်။

"ဗိုက်ထဲက ထိုးထိုးအောင့်လာလို့၊ ခဏလှဲနေတာပါ မာလာရယ်"

"အစာမကြေလို့ ဖြစ်မှာပေါ့ အစ်ကိုကြီးရယ်၊ မာလာ သံပရာရည် သွားဖျော်လိုက်မယ်၊ ခဏစောင့်နေနော်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မာလာဝတီသည် သံပရာရည်နှင့်အတူ ဆိုဒါမင့်လေဆေး နှစ်ပြားနှင့် ဘာစပရို အကိုက်အခဲပျောက်ဆေးတစ်ပြားတို့ကို ရော၍ အစိတ်စိတ်ချိုးလိုက်ပြီး ဦးထင်ပေါ်အား ပေးလိုက်သည်။

"ကဲ, အစ်ကိုကြီး လေလဲကြေအောင်၊ အစာလဲ မြန်မြန်ကြေအောင် ဆိုဒါမင့်နဲ့ သံပရာရည်သောက်လိုက်နော်၊ နောက်ပြီး ခဏလှဲနေလိုက်ပေါ့၊ ကောင်းသွားမှာပါ အစ်ကိုကြီးရဲ့"

ဟု ပြောပြတိုက်ကျွေးပြီး ဦးထင်ပေါ်၏ ကိုယ်တစ်ပိုင်း အပေါ်တွင် စောင်ပါးခြုံပေးကာ အောက်ထပ်သို့ ပြန်ဆင်းလာလိုက်သည်။ နေ့လယ် ၂ နာရီခန့်တွင် ပိတောက်ထင် ပြန်လာပြီး. . .

"အန်တီ အဖေ ဘယ်သွားနေလဲဟင်၊ သမီး ထမင်းစားဖို့ဟာ အဖေ့ကို စောင့်နေတာ၊ မလာနိုင်လို့ အခု ခဏ ပြေးလာလိုက်ရတယ်"

"ဩော်. . သမီးအဖေ ထမင်းစားပြီး အစာမကြေဖြစ်လို့ ဗိုက်ထဲ လေထိုးတာနဲ့ ဆေးသောက်ပြီး အိပ်ပျော်နေတယ် သမီးရဲ့"

"ဒါဖြင့်လဲ သမီး ထမင်းမြန်မြန်စားပြီး ပြန်သွားလိုက်တော့မယ်၊ အဖေ နိုးမှပဲ လာပါစေတော့ အန်တီ"

ပိတောက်ထင် ထမင်းအမြန်စားပြီး ပွဲရုံသို့ ပြန်သွားတော့သည်။ ညနေ ပွဲရုံပိတ်ပြီး ပိတောက်ထင် အိမ်ပြန်ရောက်သည်အထိ ဦးထင်ပေါ်မှာ အိပ်လျက်ပင် ရှိနေသည်။ ညစာ ထမင်းစားချိန်ရောက်သည်အထိ ဦးထင်ပေါ်မဆင်းလာ၍ ပိတောက်ထင်မှ. . .

"အန်တီ အဖေ အရင်က ဒီလောက်တစ်ခါမှ နေ့လယ်ဘက် အကြာကြီး မအိပ်ဖူးဘူး၊ နေများ မကောင်းဖြစ်လို့လား မသိဘူး၊ သွားနှိုးကြည့်ရအောင်နော်"

ဒေါ်မာလာဝတီနှင့် အတူ ပိတောက်ထင်တို့ အိမ်ပေါ်တက်သွားကြပြီး အိပ်ခန်းတွင်း ဝင်လိုက်သည်နှင့် ခုတင်ပေါ်တွင် ဦးထင်ပေါ်မှာ ကိုယ်တစ်ခြမ်းစောင်းလျက် လက်တစ်ဖက်မှာ ခုတင်ဘေးမှ ထွက်ကျနေသည်ကို တွေ့လိုက်ကြရသည်။

"ဟင် . . . အစ်ကိုကြီး"

ဟု ဒေါ်မာလာဝတီက ခေါ်လိုက်ကာ ပြေးသွားလိုက်ပြီး ဦးထင်ပေါ်၏ လက်ကိုကိုင်၍ ခုတင်ပေါ် လက်ပြန်တင်ပေးလိုက်သည်။ ပိတောက်ထင်မှလည်း. . .

"အဖေ ဘာဖြစ်တာလဲ အန်တီ"

ဟု ပြောကာ ခုတင်အနားသို့ ပြေးလာ၍ ဦးထင်ပေါ်၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အဖေ . . . အဖေ"

ဟူ၍ လှုပ်ပြီး နှိုးရာ ခေါ်မရတော့သဖြင့် ဦးထင်ပေါ်၏ လက်တစ်ဖက်ဆုပ်ထားသည်ကို ဖြေလိုက်ရာ သွေးကျဆေးပုလင်းငယ် ထွက်ကျလာသည်ကို တွေ့လိုက်ရသည်။

"အဖေ သွေးတက်ပြီး မေ့နေတာ ထင်တယ်အန်တီ၊ ဆရာဝန် အမြန်ခေါ်မှ ဖြစ်မယ်"

"လုပ်ပါဦး သမီးရယ်၊ အစ်ကိုကြီး ဘယ်အချိန်ကတည်းက ဖြစ်နေတာလဲ မသိဘူး၊ မြန်မြန်ဆရာဝန်ခေါ်ပါ သမီး၊ မြန်မြန်သွားခေါ်ပါ"

ပိတောက်ထင် အောက်ထပ် *အမြန်ပြေးဆင်းလာပြီး* ဆရာဝန်အား ဖုန်းဆက်ခေါ်လိုက်သည်။

ဦးထင်ပေါ်အား ကြည့်နေကျ ဆရာဝန်ရောက်လာသည့်အခါ သွေးကျဆေးပုလင်းအားပြ၍ အကျဉ်းချုပ် ဖြစ်စဉ်ကို ပြောပြီး အပေါ်ထပ်အိပ်ခန်းသို့ ဆရာဝန်ကို ခေါ်သွားပြလေသည်။

ဆရာဝန်မှ နားကြပ်ဖြင့် နှလုံးအားယောက်၍ နားထောင်ကာ ဦးထင်ပေါ်၏ မျက်စိများကို ဖွင့်ကြည့်ပြီးနောက် . . .

"စိတ်မကောင်းစရာပဲ သမီး၊ ဦးထင်ပေါ် အသက်မရှိတော့ဘူး"

"ဟင်, ဟုတ်ရဲ့လား ဆရာရယ်၊ ပွဲရုံမှာ သမီးနဲ့အတူ တစ်မနက်လုံး အကောင်းချည်းပဲဟာကို သေသေချာချာကြည့်ပါဦး ဆရာ"

"ဟုတ်ပါတယ် သမီး၊ ဦးထင်ပေါ်မှာ သွေးကိုးရောဂါရှိနေလို့ ဆရာ အမြဲသတိပေးနေတာလေ၊ သွေးတက်စာတွေ ရှောင်ပါ၊ သွေးကျဆေးကို ပုံမှန်စားနေပါလို့၊ တစ်နေ့ ဒီလိုဖြစ်မှာစိုးလို့၊ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးရှာတာပါ၊ သွေးတက်စာတွေစားပြီး သွေးကျဆေးကို ကြိုမသောက်လိုက်တာ ဖြစ်မှာ၊ ဒါကြောင့် ဆေးပုလင်းကို ကိုင်ရင်း အသက်ထွက်သွားရရှာတာပါပဲ သမီး"

"ကဲ, သမီး၊ အစ်ကိုကြီး ကိစ္စကို သမီးရဲ့ အစ်ကိုတွေ အစ်မတွေဆီကို အမြန်အကြောင်းကြားပါကွယ်၊ သားသမီးတွေ အားလုံးစုံမှ သမီးတို့ မောင်နှမတစ်တွေ တိုင်ပင်ပြီး သင်္ဂြိုဟ်ကြတာပေါ့နော်" ဟု ဒေါ်မာလာဝတီက မျက်ရည်များကို သုတ်ရင်းပြောလိုက်သည်။

"ဟုတ်ကဲ့. . အန်တီ၊ ဟုတ်ကဲ့ ဆရာ့ကို လိုက်ပို့လိုက်ဦးမယ်နော်"

ဆရာဝန် ပြန်သွားပြီးနောက် သတင်းကြားသည့် မိတ်ဆွေများ၊ ဆွေမျိုးများရောက်လာကြပြီး အသုဘအခမ်းအနားအတွက် ပွဲရုံမှ အလုပ်သမားများနှင့်အတူ ပြင်ဆင်ဆောင်ရွက်ကြသည်။

မဏ္ဍပ်ထိုးခြင်း၊ ခေါင်းတလားဝယ်ယူလာပြီး အလောင်းအား ပြင်ဆင်ကြသည်။ ရပ်ကွက်လူကြီးများ၊ မြို့မိမြို့ဖများလည်း ရောက်လာကြပြီး သားသမီးများ စုံလင်အောင် စောင့်မည်ဆိုကရက်ကြာကြာထား၍ရအောင်အလောင်းအား ရင်ခွဲ၍ ဝမ်းတွင်း ကလီစာများထုတ်ပြီး အနံ့မထွက်ရအောင် မီးသွေးနှင့် ဆားများသိပ်ထည့်ရန် အကြံပြုလာကြသည်။

"ကျွန်မကတော့ ရင်ခွဲလိုက်ချင်တာပါပဲ၊ ဒါမှ အစ်ကိုကြီးကို ရက်ကြာကြာထားလို့ ရမှာလေ" ဟု ဒေါ်မာလာဝတီကပါ ပြောလာသည်။

www.burmeseclassic.com

"ဟင်. . . ကျွန်မ ဖေဖေကို ဒီအတိုင်းပဲ ထားပါ၊ ရင်မခွဲပါနဲ့၊ သေပြီးတာတောင် အနှိပ်စက်ခံရသလို မလုပ်ချင်ပါဘူး"

ဟု ပိတောက်ထင်မှ ခါးခါးသီးသီး ငြင်းနေသဖြင့် နားလည်သူများမှ မပုပ်အောင် ဆေးသွင်း၍ရကြောင်း ဝင်၍ အကြံပေးလေသည်။

"ဒီလို လုပ်လို့ရရင် ဆေးပဲသွင်းပါမယ်၊ ရင်တော့ မခွဲပါနဲ့"

ဟု ပိတောက်ထင်က ပြောပြီး ဆေးသွင်း၍ ဦးထင်ပေါ်၏ ရုပ်အလောင်းကို ကောင်းမွန်စွာ ပြင်ဆင်ပြီး အခေါင်းမသွင်းဘဲ ထားလိုက်ကြတော့သည်။

သားသမီးများ စုံလင်စွာ ရောက်လာကြပြီးသည့်အခါ ဒေါ်မာလာဝတီက မီးသဂြိုဟ်ရန် ပြောသော်လည်း သဘောမတူကြဘဲ ဂူသွင်းရန် ဆုံးဖြတ်ကြကာ အကြီးဆုံးသားဖြစ်သည့် ကိုမြင့်ထင်၏ အစီအမံဖြင့် (၅)ရက်မြောက်နေ့တွင် ဂူသွင်းသဂြိုဟ်လိုက်ကြသည်။

ရက်လည် ဆွမ်းသွတ်ပြီးနောက် ဒေါ်မာလာဝတီမှ အမွေကိစ္စ စကားစ၍ မိသားစုအတွင်း အငြင်းအခုံဖြစ်ပွားလာလေတော့သည်။



"အန်တီရယ် သမီးမှာလဲ အားကိုးစရာဆိုလို့ အန်တီပဲရှိပါတယ်၊ အမွေမခွဲဘဲ သမီးနဲ့ပဲ အတူတူ ဆက်နေပါနော်၊ ဖေဖေ့ပွဲရုံလုပ်ငန်းကို သမီး ဆက်လုပ်ပေးပါမယ်၊ အန်တီ့ကို အမေတစ်ယောက်လိုပဲ သမီးက သံယောဇဉ်ရှိပါတယ် အန်တီရယ်"

"အစ်ကိုကြီး မရှိတော့မှတော့ ဒီမှာလဲ ဆက်မနေချင်တော့ပါဘူး၊ အစ်ကိုကြီးရဲ့ သေတမ်းစာပါအတိုင်း ဆေးရုံက ရှယ်ယာတွေရယ်၊ ဒီအိမ်နဲ့ ခြံရယ်၊ ကားရယ် အားလုံးပေးပါ၊ မရရင်တော့ တရားစွဲရမှာပဲ"

"ဒီလိုတော့ မလုပ်ပါနဲ့ အန်တီ၊ မြို့ပေါ်မှာ ကျွန်တော်တို့အရှက်ကွဲနေပါ့မယ်၊ အန်တီလိုချင်တယ်ဆိုရင် ရန်ကုန်ဆေးရုံက ရှယ်ယာတွေနဲ့ ကားကိုယူပါ၊ နောက်ပြီး ညီမလေး ပိတောက်ထင်ပြောသလိုပဲ အန်တီတို့ ဒီအိမ်မှာပဲ နှစ်ယောက်အတူနေကြပါလား၊ ရန်ကုန်ရှယ်ယာကလဲ မနည်းပါဘူး၊ သိန်းတစ်ထောင်ကျော်ပါတယ် အန်တီရယ်"

"မောင်မြင့်ထင်ပြောသလို မဖြစ်နိုင်ပါဘူး၊ အန်တီတို့က လူသိရှင်ကြား တရားဝင်ရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ထားကြတဲ့ အကြင်လင်မယားတွေကွယ့်၊ လင်သေရင် မယားပဲ ပိုင်ရမှာပေါ့၊ မင်းတို့ သားသမီးတွေဆိုတာ မိဘက ခွဲပေးမှ ရကြမှာလေ စဉ်းစားကြပေါ့"

ဒေါ်မာလာဝတီသည် ကိုမြင့်ထင်နှင့် မောင်နှမများ ဝိုင်းဝန်းတောင်းပန်နေသည့်ကြားမှ အဝတ်သေတ္တာဆွဲ၍ ရန်ကုန်သို့ ထွက်သွားတော့သည်။

ကိုမြင့်ထင်လည်း အစ်ကိုကြီး အဖအရာ စကားနှင့်အညီ မောင်နှမများကို နှစ်သိမ့်၍ ရင်းနှီးသည့် ရှေ့နေကြီးတစ်ဦးအား ခေါ်ကာ မောင်နှမများ အားလုံး ရှေ့တွင်ပင် ဒေါ်မာလာဝတီ၏ အမွေ တောင်းခြင်းကိစ္စကို တင်ပြ၍ ဥပဒေ အကြံဉာဏ်တောင်းခံလေသည်။

ရှေ့နေကြီးက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လက်ထက်ပွားပစ္စည်း ကိုသာ အမွေဆိုင်ကြောင်းနှင့် ဗုဒ္ဓဘာ[...] သာကိုးကွယ်သူအနေနှင့် သေတမ်း[...] ရေးသားခြင်းမှာ တရားမဝင်ကြော[...] ရှင်းပြလေသည်။

"ကဲ, ညီလေးနဲ့ ညီမလေး[...] ရှေ့နေကြီး ရှင်းပြသွားတာတွေ သိ[...] ကြပြီပဲ၊ အဲဒီတော့ တို့မောင်နှမ[...] အမွေဆက်ခွဲကြဦးမလား၊ ဒီအတို[...] ဆက်နေသွားကြမလား"

ဟုမေးရာ ဒေါ်မာလာဝတီ[...] ကိစ္စမှာမပြီးပြတ်သေးသည့်အထဲ မော[...] နှမတစ်တွေအမွေလုကြတယ်ဟု အ[...] ကဲ့ရဲ့ဖွယ် ဖြစ်နေမည်ကြောင့် ပိတော[...] ထင်က ပွဲရုံလုပ်ငန်းကို ဆက်လ[...] တာဝန်ယူ၊ ကိုမြင့်ထင်မှ ဒေါ်မာလာ[...] ဝတီကိစ္စ ပြီးပြေအောင် တာဝန်ယ[...] ဆောင်ရွက်ကြရန် ညှိနှိုင်းသဘော[...] လိုက်ကြသည်။

မောင်နှမတစ်စု စိတ်ဝမ်းမ[...] ဘဲ အရေးအကြောင်းရှိက ချက်ချ[...] လာကြရန် စိတ်စဉ်ပြီး အသီးသီးပြန်သွ[...] ကြတော့သည်။

ကိုမြင့်ထင်လည်း ရန်ကုန်[...] ချုပ်ရှိ လူကြီးများထံ သွားရောက်တ[...] ပြီး တောင်ငူပသီဆည် စီမံကိန်း[...] ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ[...] ပိတောက်ထင်နှင့်အတူ မောင်နှမ[...] တိုင်တိုင်ပင်ပင်ဖြင့် ဖခင်၏ လုပ်င[...] များကို အရှိန်မပျက် ဆက်လက်လု[...] ကိုင်နေကြသည်။

တစ်လကျော်ခန့် အကြာတွ[...] ဒေါ်မာလာဝတီ၏ ရှေ့နေထံမှ နို့[...] စာဖြင့် အမွေတောင်းခံလာလေတော့[...] သည်။ ကိုမြင့်ထင်မှ ရှေ့နေနှင့် တိုင်[...] ရာ ရန်ကုန်ရှိ တရားမမှု ကျွမ်းကျင်သ[...] ရှေ့နေကြီးဦးလှမြတ်ထံ သွားရော[...] တိုင်ပင်ပါရန် လမ်းညွှန်သဖြင့် အလု[...] ခွင့်ယူကာ ရန်ကုန်သို့ ဆင်းသွားလို[...] လေသည်။

ဗဟိုဘရားရုံးရှေ့နေကြီး ဦး[...] မြတ်နှင့်တွေ့ပြီး နို့တစ်စာကိုပြ[...] ရမ်းအကူအညီတောင်းခံလေ[...]



www.burmeseclassic.com

www.burmeseclassic.com

"ကိုမြင့်ထင်ရေ ခင်ဗျားရဲ့ မိထွေး ဒေါ်မာလာဝတီဆိုတာ ကျုပ်သိနေတဲ့ မိန်းကလေးဖြစ်မယ်ထင်တယ်၊ ဓာတ်ပုံ ရှိရင် ပြစမ်းပါဗျာ"

"ဒီမှာပါဆရာ၊ အဖေနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံပါ၊ လိုလိုမယ်မယ်ဆိုပြီး ယူလာတာပါ၊ သူ့တစ်ယောက်တည်း ပုံတော့ မပါလာဘူးဆရာ"

"အင်း၊ ဒီမိန်းကလေးပဲကိုး၊ အမှု အတွက်တော့ ဘာမှ စိတ်မပူပါနဲ့ဗျာ၊ သူ တောင်းထားတာတွေ မပေးရပါဘူး၊ ဒါပေမဲ့ ခင်ဗျား အဖေအတွက်တော့ စိတ်ပူရပြီဗျို့"

"ဟင်. . ဘာဖြစ်လို့လဲ ဆရာ၊ အဖေက သေသွားပြီပဲ"

"အဲဒီသေသွားရတဲ့ အကြောင်း ရင်းကို စိတ်ပူရတာဗျို့၊ ဒီမိန်းကလေးက င်းလုံးလေးဗျ၊ သူ့နာမည်အရင်းက လာတဲ့၊ ကမာရွတ်က ဆပ်ပြာစက် သူဌေးဦးဘာဝတီနဲ့ ရပြီးတော့မှ မာလာဝတီဖြစ်လာတာ၊ အဲဒီ ဦးဘာဝတီလဲ နဲ့ရပြီး သိပ်မကြာဘူး ရုတ်တရက် ယ်လွန်သွားတယ်၊ အလောင်းကို မီး ဂြိုဟ်လိုက်ပြီးတော့မှ အမွေတွေကို ဘာဝတီရဲ့ သေတမ်းစာနဲ့ အပိုင်သိမ်း သွားခဲ့တာ။

အဲဒီအမှုတုန်းက ဦးဘာဝတီရဲ့ သမီးတွေ လာငိုလို့ ကျုပ်လိုက်ခဲ့ သူ့အကြောင်း မကောင်းတာတွေ ပေမယ့် ဘာသာခြားတွေ ဖြစ်နေ သူနိုင်သွားခဲ့တယ်၊ ဒီမိန်းကလေး သခင်က ယောက်ျားနှစ်ယောက်ရခဲ့ ဒီလိုပဲ ရုတ်တရက်ကွယ်လွန်ခဲ့ကြ ချည်းပဲ ဖြစ်နေတယ်။

အလောင်းတွေ မီးသဂြိုဟ်လိုက် ဖြစ်လို့ မသင်္ကာပေမယ့် မဖော် နိုင်ခဲ့ကြဘူးဗျ၊ သူယူခဲ့တဲ့ လူတိုင်း မုဆိုးဖိုတွေချည်းပဲ ဖြစ်နေတယ်၊ ယောက်ျားတွေဆီက ရတာတွေနဲ့ နေတာပဲဗျ"

"ဒီလိုဆို ကျွန်တော့် ဖေ သေ သွားရိုးသားရိုး မဟုတ်ဘူးပေါ့နော်၊ ဘယ်လို လုပ်ရမလဲဆရာ၊ အဖေ့ကိုတော့ ဂူသွင်းထားပါတယ် ဆရာ"

"ကျုပ်ထင်တာ မလွဲရင်တော့ ဒီမိန်းကလေးရဲ့ လက်ချက်ပဲ ဖြစ်မှာပဲ၊ အလောင်းရှိနေသေးရင် စစ်ဆေးဖော်ထုတ်နိုင်ပါလိမ့်မယ်၊ ရဲဆီမှာ အမှုတိုင်ပြီး ရဲမှုခင်း အနေနဲ့ ဖော်ထုတ်ရမှာပေါ့ဗျာ"

"ကူညီပါဦး ဆရာရယ်၊ ကျွန်တော်လဲ သိပ်နားမလည်ဘူး၊ အစအဆုံး ဆရာ့ကိုပဲ အပ်ပါတယ်၊ ဆရာသတ်မှတ်တဲ့ ဉာဏ်ပူဇော်ခ ပေးပါ့မယ် ဆရာရယ်"

"ဒီကိစ္စက ရဲနဲ့ပဲ ဆိုင်တယ်ဗျ၊ ကျုပ်တို့က ဥပဒေအကြံဉာဏ်နဲ့ပဲ ဘေးက ပံ့ပိုးကူညီပေးနိုင်တာလေ"

"ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပေးပါ ဆရာရယ်၊ ကျွန်တော် ရှိခိုး တောင်းပန်ပါတယ်၊ အမှုအခင်းကိစ္စတွေ ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်တော် နားမလည်လို့ပါ ဆရာရယ်"

"ကဲဗျာ. . လာ၊ ကျုပ်မိတ်ဆွေ မှုခင်းတပ်ဖွဲ့က ဒုတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းရီဆီ သွားကြမယ်၊ ကျုပ်စိတ်ထဲ သံသယဖြစ်နေရင် လွဲခဲပါတယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်ရောပေါ့"

ဟုဆိုကာ အင်းစိန်ရှိ မှုခင်းတပ်ဖွဲ့သို့ ထွက်သွားကြပြီး ဒုတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းရီနှင့် တွေ့ခွင့်တောင်းခဲ့ဝင်တွေ့ကြလေသည်။

ရှေ့နေကြီးဦးမြတ်လှနှင့် ကိုမြင့်ထင်တို့မှ အကြောင်းစုံရှင်းလင်း တင်ပြပြီးနောက်. . .

"အဲဒီလိုဆိုတော့ ကိုမြတ်လှတို့က ဒေါ်မာလာဝတီအပေါ် သံသယရှိယုံပဲ ရှိသေးတာမို့ အရေးယူဖို့အတွက် ခိုင်လုံတဲ့ သက်သေအချက်အလက်တွေ ရှာရလိမ့်ဦးမယ်ဗျ"

"ဟုတ်တယ် သူငယ်ချင်း၊ ဦးဘာဝတီအမှုကို ကိုင်ရတုန်းက ဒီကလေးမ အကြောင်းတွေကို မသင်္ကာဖွယ် သိလာရပေမယ့် သက်သေနဲ့ အချက်အလက်တွေ ရှာမရတော့လို့ ဒီအတိုင်း လွှတ်လိုက်ရတာ၊ အခု ကိုမြင့်ထင်ရဲ့ ဖခင်ကိစ္စကတော့ ပူပူနွေးနွေး ရှိနေသေးတဲ့ အပြင် အလောင်းကောင်လဲ ဂူသွင်းထားတာဆိုတော့ ဖော်ထုတ်နိုင်မယ်လို့ ထင်တယ်လေ၊ အဲဒါ မှုခင်းပိုင်းဆိုင်ရာ ကိစ္စတွေဆိုတော့ သူငယ်ချင်းတို့ စီအိုင်ဒီက ကိုင်တွယ်ကူညီပေးဖို့ လာအကူအညီတောင်းတာပဲ သူငယ်ချင်း"

"ကိုမြတ်လှရေ. . ဒီလိုလုပ်ဗျာ၊ တောင်ဥက္ကလာရဲစခန်းမှာ သတင်းပြန်ပေးပြီး သေမှုသေခင်းဖွင့်ဗျာ၊ အလောင်းကို ပြန်ဖော်စစ်ရမယ်၊ ခင်ဗျား တွက်ဆသလို အတိုင်း ဟုတ်, မဟုတ်ဆိုတာ ပေါ်လာမှာပါ၊ အဲဒီတော့မှ တစ်ဆင့်တက်ကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းတယ် သူငယ်ချင်း၊ ဓမ္မတာအတိုင်း သေတာ ထင်ရှားရင် အမွေမှုကိုဆက်ဖြေရှင်းရမှာပေါ့၊ သဘာဝ ရိုးမဟုတ်တဲ့ သေခင်းမျိုးဖြစ်လာရင် ဆက်ဖော်ထုတ်ဖို့တော့ သူငယ်ချင်း ကူညီမှ ရမယ်နော်"

"စိတ်မပူပါနဲ့ ကိုမြတ်လှရယ်၊ ကျွန်တော့်ဆီက အမှုစစ်တစ်ဖွဲ့ပါ တစ်



www.burmeseclassic.com

ပါတည်း လွှတ်ပေးလိုက်မယ်၊ ကျေနပ်ပြီလား"

"ကျေးဇူးပဲ သူငယ်ချင်း"

ကိုမြင့်ထင်သည် စီအိုင်ဒီမှ အမှုစစ်အရာရှိ (၂)ဦးနှင့်အတူ ဒုရဲမှူးကြီး ဦးထွန်းရီ၏ စာနှင့် တောင်ငူသို့ပြန်၍ ရဲစခန်းတွင် အမှုတိုင်ကြားလေသည်။ သေမှုသေခင်း အမှုဖွင့်ပြီးနောက် နယ်မြေခံရဲစခန်းမှူးနှင့် စီအိုင်ဒီမှ အမှုစစ်အဖွဲ့တို့ ပူးပေါင်း၍ ဦးထင်ပေါ်၏ အလောင်းအား ပြန်လည်တူးဖော်စစ်ဆေးရန်အတွက် တရားရုံးနှင့်·အာဏာပိုင်အဖွဲ့အစည်းများထံ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်တောင်းခံခြင်း၊ မှုခင်းဆရာဝန်ကြီးနှင့် တွေ့ဆုံညှိနှိုင်း၍ ရက်ချိန်းရယူခြင်းများကို သိုသိပ်လျှင်မြန်စွာ ဆောင်ရွက်ကြသည်။

ချိန်းရက်တွင် နံနက် ၈ နာရီမှစ၍ ဦးထင်ပေါ်၏ အုတ်ဂူကို ဖောက်ဖျက်ပြီး အလောင်းအား မှုခင်း ဆရာဝန်ကြီးမှ အသေးစိတ် စစ်ဆေးလေသည်။

"ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်တွေမှာတော့ ဘာရောဂါလက္ခဏာမှ မတွေ့ရဘူးဗျ။ သွေးကြောတွေ ကပ်ကုန်တော့ သွေးကြောပေါက်တဲ့ လက္ခဏာကို ရှာလို့မရနိုင်တော့ဘူးဗျာ၊ ကြာလဲ ကြာသွားတာကိုး၊ ဒါပေမဲ့ ဦးနှောက်တွင်း သွေးယိုစီးမှု လက္ခဏာတော့ မတွေ့ရဘူးဗျ။ အစာအိမ်ကို ထုတ်ယူပြီး စစ်ဆေးရတော့မှာပဲ"

ဟု မှုခင်းဆရာဝန်ကြီးမှ ပြောလာသဖြင့် ကိုမြင့်ထင်မှ. . .

"ဆရာကြီး လိုအပ်သလိုသာ လုပ်ပါခင်ဗျာ၊ ကျွန်တော်တို့ သဘောတူပါတယ်" ဟု ဝင်ပြောလိုက်သည်။

"အစာအိမ်နဲ့ ကီလီစာတချို့ ဖြုတ်ယူသွားပြီး ဓာတ်ခွဲစစ်ဆေးပြီးမှပဲ ထင်မြင်ချက် ပေးနိုင်လိမ့်မယ်၊ အခုလောလောဆယ် ခန့်မှန်းချက်ကတော့ ဦးနှောက်သွေးကြောပေါက်တာ မဟုတ်ဘူးလောက်ဘဲ ပြောနိုင်တယ်ဗျာ၊ လူနာဆေးမှတ်တမ်းတွေ ရရင်တော့ ပိုပြီးကောင်းတာပေါ့ဗျာ"

ကိုမြင့်ထင်သည် မှုခင်းဆရာဝန်ကြီးထံပေးရန် ဖခင်၏ ဆေးကုသခဲ့သည့် မှတ်တမ်းများကို နေအိမ်တွင် ပြန်လည်ရှာရာ ဒေါ်မာလာဝတီ၏ ဗီရိုအတွင်းမှ ဆေးမှတ်တမ်းစာအုပ်နှင့် အစားအစာချက်နည်းများ၊ မုန့်လုပ်နည်းများ၊ ဆေးဝါး မိတ်ဆက်စာအုပ်များ၊ တွဲဖက် မစားသင့်သော အစားအစာများ ဖော်ပြထားသည့် ပုံပြစာရွက်ကိုပါတွေ့ရလေသည်။

ဖခင်၏ ဆေးကုသခဲ့သည့် မှတ်တမ်းစာအုပ်များကို ယူ၍ အမှုစစ်ရဲအရာရှိများထံမှတစ်ဆင့် မှုခင်းဆရာဝန်ကြီးထံ ပေးပို့စေခဲ့သည်။

နှစ်ပတ်ခန့်အကြာတွင် မှုခင်းဆရာဝန်ကြီးထံမှ စစ်ဆေးတွေ့ရှိမှုနှင့် သေဆုံးရခြင်းအကြောင်း ထင်မြင်ချက်တွင် "အစာအဆိပ်သင့်၍ သေဆုံးရခြင်း" ဖြစ်ကြောင်း ပြန်ကြားဆေးစာ ထင်မြင်ချက်ကို ရဲအရာရှိများမှ လက်ခံရရှိပြီး ကိုမြင့်ထင်ထံ အသိပေးလာလေသည်။

"မှုခင်းဆရာဝန်ကြီးရဲ့ စစ်ဆေးတွေ့ရှိချက်အရတော့ ဦးထင်ပေါ်ဟာ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးရတာ မဟုတ်ဘဲ အစာအဆိပ်သင့်ပြီး သေရတာဆိုတော့ မသေခင်က စားတဲ့ အစာအစာတွေကို သိဖို့လိုပြီဗျာ၊

နောက်ပြီး သဘောရိုးလား၊ လုပ်ကြံဖန်တီးမှုကြောင့် စားခဲ့တာလား ဆိုတာလဲ ဖော်ထုတ်ရပါမယ်၊ ဓာတုဗေဒစစ်ဆေးချက်အရ အစာအိမ်ထဲမှာ ဝက်သား၊ ခရု၊ အက်(စ်)ပရင်ပါဆေး၊ ဆိုဒီယမ်ပါ ဆေးအာနိသင်တွေ တွေ့ရတယ်လို့ ပြန်ကြားထားတော့ ကျွန်တော်တို့လေ့လာတဲ့ ဆရာဝန်ကြီးများထံ တွေ့ဆုံ မေးမြန်းချက်တွေအရ ဝက်သားနဲ့ ခရုဟာ ဓာတ်မတည့်တဲ့အတွက် ရောပြီးစားရင် အဆိပ်အတောက် ဖြစ်ပေါ်စေပါတယ်။

အက်(စ်)ပရင်နဲ့ သံပရာရည်[…] အက်ဆစ်ဓာတ်ပါတဲ့ အဖျော်ရည်[…] ရောသောက်မိရင်လဲ ဓာတ်ပြုပြီးအဆိ[…] သင့်စေပါတယ်၊ လူကို သေစေလော[…] သည်အထိ ပမာဏများရင် အစားအ[…] က အဆိပ်ဖြစ်သွားပြီး သေစေနိုင်[…] တယ်၊ ဒါကြောင့် ကိုမြင့်ထင်တို့ အိမ်[…] အိမ်သူအိမ်သား မိသားစုတွေအားလုံး[…] ကို တစ်ဦးချင်း ခွဲခြားစစ်ဆေးရပါမယ်[…]

ကျွန်တော်တို့ မင်းကြီးထံ အစီ[…] ရင်ခံတင်ပြတော့လဲ ဒုတပ်ဖွဲ့မှူးက အဲ[…] လိုပဲ ညွှန်ကြားလာခဲ့ပါတယ်၊ ကိုမြင့်ထင်အနေနဲ့ နားလည်ပေးနိုင်အောင် ကြိုတင် အသိပေးရခြင်း ဖြစ်ပါတယ်ဗျာ"

ဟု အမှုစစ်ရဲအရာရှိမှ ရှင်းပြ[…] အသိပေးပြီး ပိတောက်ထင်မှစ၍ အိမ်ဖော်များ၊ အလုပ်သမားများကို တစ်ပြိုင်နက် တစ်ဦးချင်းစီ ခွဲခြားထား၍ စစ်ကြောရေးဆောင်ရွက်ကြတော့သည်။

ပိတောက်ထင်ထံမှ ဦးထင်ပေါ် သေသည့်နေ့က နေအိမ်တွင် ဝက်သားနှင့် မရန်းပြားဟင်းချက်သည်ကိုလည်းကောင်း၊ အိမ်ဖော်များထံမှ ဝက်သားနှင့် ချက်နှင့် စည်သွတ်ခရုကြော်ကို ဒေါ်မာလာဝတီကိုယ်တိုင်ချက်၍ ဦးထင်ပေါ်အား နေ့လယ်ထမင်းစားချိန်တွင် ကျွေးသည်ကိုလည်းကောင်း၊ သံပရာရည်ဖျော်တိုက်သည်ကိုလည်းကောင်း စစ်ဆေး ပေါ်ပေါက်တော့သည်။

ရဲအရာရှိများလည်း ကိုမြင့်ထင်၏ ခွင့်ပြုချက်ဖြင့် နေအိမ်တွင် အခြားသဲလွန်စ၊ အထောက်အထားများကို ရှာဖွေရာ ဒေါ်မာလာဝတီ၏ ဗီရိုမှ ဘာစပရင်ဆေးပုလင်း၊ ဆိုဒါမင့်ဆေးပုလင်းနှင့် ထမင်းဟင်းမျိုးစုံချက်နည်းစာအုပ်၊ မုန့်မျိုးစုံလုပ်နည်း စာအုပ်နှင့် ပူးတွဲမစားသင့်သော အစားအစာများ ဖော်ပြထားသည့် ပုံပြကားချပ်တို့ကို တွေ့ရှိသိမ်းဆည်းကြလေသည်။

"အန်တီက စာအုပ်တွေကြည့်ပြီး ချက်ကျွေးနေတာကိုး၊ ခုမှပဲ သိရတော့





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒီနေ့က ကျွန်မ အိမ်ပြန် ထမင်းစားတော့ အဖေ့ကို မတွေ့လို့ မေးတာ အန်တီက အိပ်နေတယ်ပြော တာနဲ့ ပွဲရုံအမြန်ပြန်သွားခဲ့ရတယ်လေ၊ ညနေကျမှ အဖေ မနိုးသေးဘူးပြောလို့ တက်နှိုးလိုက်တာ၊ အိပ်ရင်း သွေးတိုး တက်ပြီး ဦးနှောက်သွေးကြောပြတ်သေ တာလို့ အဖေ့ဆရာဝန်ကလဲ ပြောတော့ ဘာသံသယမှ မဝင်ခဲ့ပါဘူးပေါ့ရှင်"

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ မောင်နှမတွေအားလုံးကလဲ အဖေ့မှာ သွေးတိုးရောဂါရှိနေတော့ ဒီလိုပဲ ထင်ခဲ့ ကြတာဗျ၊ အခုတော့ မတည့်တဲ့အစား အစာတွေကို တမင်ရွေးပြီး ကျွေးလိုက် လို့ အစာအဆိပ်သင့်ပြီး သေရတာ ဖြစ် နေတယ်၊ ဒီမိန်းမ အတော်အကြံပက် စက်တာပဲ၊ အဖေ့ပစ္စည်းတွေကို အပိုင် သိမ်းချင်လို့ နေမှာပါဗျာ"

"အခုတော့ ရိုးရိုးသားသားသေ တာ မဟုတ်ကြောင်း ထင်ရှားပါပြီ၊ ကျန် တဲ့ကိစ္စက လူသတ်မှုလား၊ လူသေမှု လားဆိုတာ ကွဲပြားအောင် ဆက်ဖော် ထုတ်ရပါဦးမယ်၊ ဒါကြောင့် ဒီကိစ္စတွေ ကို အပြင်လူတွေ မသိအောင် လျှို့ဝှက် ပေးထားပါဦး၊ ကျွန်တော်တို့ ရန်ကုန် ပြန်ပြီး ဒုတပ်ဖွဲ့မှူးရဲ့ အစီအမံနဲ့ ဆက် လက်ဖော်ထုတ်ပါ့မယ်"

ဟုရှင်းကာ အမှုစစ်ရဲအရာရှိ များ စီအိုင်ဒီသို့ ပြန်သွားကြသည်။

ဒုရဲမှူးကြီးထွန်းရီမှ အမှုစစ်အဖွဲ့ ၏ တင်ပြချက်၊ ဆေးစာထင်မြင်ချက်၊ စစ်ဆေးပေါ်ပေါက်ချက်၊ ဒေါ်မာလာ ဝတီ၏ ကိုယ်ရေးရာဇဝင်များကို လေ့ လာကြည့်ရှုပြီးနောက်. . .

"အင်း ဒီအမှုကတော့ လူသတ်မှု ပဲ ဖြစ်ဖို့များတယ်၊ ဒေါ်မာလာဝတီကို ဖမ်းပြီး ဘရိတ်ဒေါင်း(စဉ်ဆက်မပြတ် စစ်ဆေးခြင်း) လုပ်ရမှာပဲ"

ဟု သုံးသပ်ဆုံးဖြတ်လိုက်တော့ သည်။

နာရီ (၅၀)မျှ စစ်ကြောရေးလုပ် ပြီးသည့်အခါတွင်. . .

"ဆရာတို့ ကျွန်မကို တရေး လောက်အိပ်ခွင့်ပေးပါရှင်၊ ကျွန်မ အမှန် အတိုင်း ဝန်ခံပါတော့မယ်ရှင်"

ဟူ၍ ဒေါ်မာလာဝတီမှ အရှုံး ပေး၍ ဝန်ခံလေတော့သည်။

❑

မိုးကုတ်မြို့ ပိတ်စွယ်ရပ်နေ ဦးတင်အောင်၊ ဒေါ်ခင်တင့်တို့မှာ သမီး တစ်ဦးတည်း အဖတ်တင်သဖြင့် နတ် ပေးသည့် ရင်သွေးအဖြစ် မာလာဟု အမည်ပေးကာ ချစ်မဝဖြစ်နေကြသည်။ ဦးတင်အောင်မှာ မိုးကုတ်နှင့် မန္တလေး သွား ခရီးသည်တင်ကားလေးလိုင်းတွင် ယာဉ်မောင်းအဖြစ် လုပ်ကိုင်နေသူ ဖြစ် သည်။ ကားသမားဘဝ၊ အသောက် အစား မကင်းသော်လည်း ဇနီးနှင့် သမီး အတွက်မူ အလွန်သိတတ်လွန်းသူဖြစ် သည်။

သမီးဖြစ်သူ မာလာလေးအား အဝတ်အစားမှ အစ မညှိုးနွမ်းစေရ၊ လှလှပပဖြင့် ရသမျှ ဆင်ပေးလေသည်။ မိုးကုတ် ပတ္တမြားမြေဖွားလေးကား တစ်နေ့တခြား ပွင့်အာကြီးထွားလာ သည့် ပန်းပွင့်လေးပမာ အရွယ်ရလာ သည်နှင့်အမျှ မိန်းမလှလေး ဖြစ်လာ တော့သည်။

တစ်ဦးတည်းသော သမီးချော လေးဖြစ်၍ မိဘနှစ်ပါးက လိုလေသေး မရှိ ဖြည့်ဆည်းပေးနေသဖြင့် မာလာမှာ စာထက် အလှအပအပြင်အဆင်ဘက် တွင်သာ အားသန်နေပေသည်။ မာလာ (၈)တန်းအောင်၍ (၉) တန်းရောက် သည့်အခါ ဦးတင်အောင်မှ သမီး၏ ပညာရေးအတွက် စိတ်အေးရအောင် မန္တလေးမှ ဘော်ဒါကျောင်းဆောင် တစ်ခုသို့ ပြောင်း၍ ထားလိုက်သည်။ ဦးတင်အောင်က သမီးအပျိုချောလေး မျက်နှာမငယ်ရအောင် ကားမောင်းရင်း ကျောက်ပွဲစားလုပ်ကာ ရသမျှငွေကို သမီးဆီပို့ရင်း မိုးကုတ်ကျောက်တွင်း သူဌေးဂိုက်ဖမ်းနေလိုက်သည်။

ရုပ်ချော ငွေပေါသော မာလာ မှာ သူဌေးသမီးအလား ကျောင်းနေ သူငယ်ချင်းများအကြား ထင်ရှားလာ သလို ကျောင်းသားအများ၏ စိတ်ဝင် စားချဉ်းကပ်မှုများကိုလည်း ကြုံနေရ တော့သည်။ စော်ဘွားအနွယ်တော် ဘုရားငယ်ဆိုသူ၏ အချစ်ပန်းကို ဆင် မြန်းလိုက်ပြီးသည်နှင့် မာလာ၏ ဂုဏ် သတင်းသည်လည်း ကျောင်းပြင်ပသို့ ပင် ပျံ့လွင့် ကျော်ကြားသွားပြန်လေ သည်။

(၁၀)တန်းစာမေးပွဲ ဖြေဆိုရန် တစ်လခန့်အလိုတွင် ဦးတင်အောင်မှာ ကျောက်မှောင်ခို သယ်ဆောင်မှုဖြင့် ဖမ်း ဆီးခံရပြီး သတင်းစာများ၊ ဂျာနယ်များ တွင် ဓာတ်ပုံဖြင့်ဖော်ပြသည့် သတင်း များကြောင့် မာလာမှာ ကားဒရိုင်ဘာ တစ်ဦး၏ သမီးအဖြစ် သိမြင်ကုန်ကြ တော့သည်။

မာလာသည်လည်း (၁၀)တန်း စာမေးပွဲမဖြေတော့ဘဲ ကျောင်းထွက် ကာ မိုးကုတ်သို့ ပြန်တက်လာရတော့ သည်။ မိခင်နှင့်အတူ ဖခင်၏အမှုကိစ္စ လိုက်ပါဆောင်ရွက်ရင်း ချစ်သူ၏ စွန့် ပစ်ခြင်းကိုပါခံလိုက်ရသောအခါ ပစ္စည်း မဲ့ ကျောမွဲတို့၏ ဆင်းရဲခြင်းအပြစ်ကို နာကြည်းလျက် ချမ်းသာအောင် လုပ် မည်ဟု ဒေါသမနသစိတ်ဖြင့် ဆုံးဖြတ် ချက် ချလိုက်တော့သည်။

အောက်ကျောက်ဟုခေါ်သော မိုးကုတ်တွင်းထွက် ပတ္တမြား၊ နီလာ၊ ပြောင်ခေါင်းစိမ်း၊ ထောင်ကျောက်၊ သောင်းကျောက်များကို ကျောက်တွင်း များမှ လိုက်လံဝယ်ယူ၍ ကျောက်သွေး စက်တွင် အဝ်နှံ့ကာ ပြုပြင်ခြယ်သလျက် ကျောက်ပွဲစားများထံ ရောင်းချရင်း မန္တလေး၊ ရန်ကုန်တို့မှ မိုးကုတ်သို့ တက် ဝယ်လာကြသည့် ပွဲစားများနှင့် ဆက် သွယ်မိသည်။

မန္တလေး ဈေးကွက်တွင် ဖခင်၏ သတင်းပြန့်နေခဲ့သဖြင့် ရန်ကုန်သို့သာ တိုးချဲ့ဝင်ရောက်ရန် ဆုံးဖြတ်လျက်



www.burmeseclassic.com

www.burmeseclassic.com

အစဉ်းသဘောဖြင့် ကျောက်ပန်းချီများ၊ နဝရတ်လက်စွပ်၊ လော့ကက်ပုံချထားသည့် အောက်ကျောက်ငယ်များဖြင့် ရန်ကုန်ဆင်း၍ ရောင်းချရာ ရတနာဆိုင်အတော်များများပင် ဆက်သွယ်မိလျက် တစ်စတစ်စ အဆင်ပြေလာလေသည်။ ထောင်ကျောက်၊ သောင်းကျောက်များအဆင့်မှ သိန်းကျောက်များအထိ တိုးတက် ရောင်းဝယ်လာနိုင်သောအခါ ရတနာကုန်သည်ကြီးများနှင့်ပါ အဆက်အသွယ်ဖြစ်လာတော့သည်။

မာလာ၏ ငယ်သွေးအလှနှင့် မှန်ကန်သည့် အရောင်းအဝယ်အပေါ် ယုံကြည်ဆက် သွယ်လာကြသူများထဲမှ ရတနာကုန်သည် ဆိုင်ပိုင်ရှင်တစ်ဦးနှင့် အထူးရင်းနှီးကျွမ်းဝင်လာကြရာမှ လက်ထပ်ပေါင်းသင်းသည်အထိ ဖြစ်သွားတော့သည်။

"အဲဒီ ပထမ အိမ်ထောင်က တရုတ်လူမျိုးပါ၊ သူ့မှာ သားကြီး မယားကြီးတွေ ရှိနေလို့ ကျွန်မကို ကလေးမရအောင် သန္ဓေတားဆေးတွေ အမြဲထိုးပေးနေတော့ မြုံသွားတော့တာပါပဲရှင်၊ ကျွန်မနဲ့ ယူပြီး အတူတွဲလုပ်လာတာ စီးပွားလဲ အရမ်းတိုးတက်လာလို့ ကျွန်မကို ရန်ကုန်မှာ တိုက်ခန်းနဲ့ ထင်ထင်ပေါ်ပေါ်ပဲ ထားခဲ့ပါတယ်၊ ကျွန်မကလဲ မိခင်ကြီးကိုပါ ရန်ကုန်ပြောင်းခေါ်လိုက်ပြီး မိုးကုတ်နဲ့ အဆက်ဖြတ်လိုက်တာပါပဲရှင်၊ ကျွန်မ အဖေလဲ ရဲဘက်စခန်းမှာ ငှက်ဖျားရောဂါနဲ့ ဆုံးသွားခဲ့ပါတယ်၊ မိခင်ကြီးမှာလဲ ဖခင်ဆုံးပါးသွားတာရော၊ ကျွန်မ သူများ မယားငယ်ဖြစ်နေရတာရောကို စိတ်ထိခိုက်လို့ ရန်ကုန်ပြောင်းပြီး သုံးနှစ်လောက်မှာပဲ နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။

အိမ်ထောင်သက် ငါးနှစ်ပြည့်ပြီး တရုတ်နှစ်သစ်ကူးပွဲမှာ ကျွန်မ ခင်ပွန်းဟာ အရက်မူးလွန်လို့ ကားမောင်းရင်း ယာဉ်တိုက်မှု ဖြစ်သွားတယ်ရှင်၊ ဆေးရုံပေါ်မှာ တစ်ပတ်လောက်ပဲ ခံတယ်၊ ဆုံးပါးသွားပြန်တယ်၊ကျွန်မတစ်ယောက်တည်း မျက်စိသူငယ်ဘဝ ရောက်ခဲ့ရပြန်တာပေါ့ရှင်။

ဒါပေမဲ့ ခင်ပွန်းသည်ရဲ့ မယားကြီးနဲ့ ဆွေမျိုးတွေက ကျွန်မကို အမွေအဖြစ် တိုက်ခန်းနဲ့ ရွှေငွေ အတော်များများပဲ ပေးလာကြလို့ ကျွန်မ အခြေမပျက် ဆက်နေနိုင်ခဲ့ပါတယ်၊ အဲဒီမှာ ကျွန်မ သိလိုက်တာက လင်သေရင် မယား အမွေရတာပါလား ဆိုတာပါပဲရှင်။

ဒါကြောင့် ကျွန်မ ရတနာပွဲစားလုပ်နေရင်း အမွေများများ မြန်မြန်ရမယ့် နည်းလမ်းရှာတော့ ချမ်းသာတဲ့ တစ်ခုလပ် မုဆိုးဖိုတစ်ဦးကိုယူ မြန်မြန်ရောဂါရပြီး သေအောင် အဆီအဆိမ့်များများပါတဲ့ အစားအစာကောင်းတွေများများကျွေး၊ သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချိုရောဂါတွေ မြန်မြန်ဖြစ်အောင် အပြုအစု အယုအယတွေနဲ့ နေ့ရောညပါ ကာမဂုဏ် ခံစားစေရင်း ရောဂါတစ်ခုခုနဲ့ မြန်မြန်သေစေခြင်းနဲ့ အမွေတွေ ရယူခဲ့တာပါရှင်"

"ဒါနဲ့ ခင်ဗျားနာမည်က မာလာကနေ မာလာဝတီ ပြောင်းသွားရတာကကော ဘယ်လိုကြောင့်လဲဗျ"

"ဒီလိုပါဆရာ၊ ကျွန်မရဲ့ စတုတ္ထမြောက် ခင်ပွန်းဖြစ်သူက လှိုင်က ဆပ်ပြာစက်သူဌေး ဟိန္ဒူ ကုလားကပြား ဦးဘာဝတီပါ၊ သူနဲ့ ပေါင်းသင်းနေတုန်း ဧည့်ခံပွဲတစ်ခုမှာ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက ဆရာတစ်ဦးနဲ့ ဆုံဖြစ်ပါတယ်၊ အဲဒီ သမိုင်းဆရာက အသက်(၂၅)အရွယ်လူပျိုဖြစ်ပြီး မြန်မာတော်ဝင်နန်းစဉ်ရတနာများဆိုတဲ့ စာတမ်းကျမ်းပြုနေသူပါ။

သူနဲ့ စကားစပ်မိပြီး မိုးကုတ်က ပတ္တမြားငှမောက်အကြောင်း ပြောရင်းက ရင်းနှီးသွားပါတယ်၊ အဲဒီ ဆရာလေးက ကျွန်မရဲ့ငယ်ချစ်ဦး တော်ဘုရားငယ်ရဲ့သား ဖြစ်နေတယ်လေ၊ ကျွန်မလဲ ငယ်ချစ်ဦးအပေါ် ရှိထားခဲ့တဲ့ အာဃာတတွေ ပြန်ကြွလာတာနဲ့ သံယောဇဉ်တွယ်ငြိအောင် မသိမသာ အခွင့်အ တွေပေးပြီး ကလေးကို မုန့်ကြွေးပြီ ထားလိုက်တယ်ပေါ့ ဆရာ။

သူတို့ တော်ဝင်အသိုင်းအဝိုင်း ဝင်ဆံ့အောင် ကျွန်မ နာမည်ကို ခြေရာဖျောက်၊ ခင်ပွန်းကိုလဲ မြှောက် အနေနဲ့ တစ်ချက်ခုတ် သုံးချက်ပြတ် အောင် မာလာနာမည်ကနေ မာလာ ဝတီလို့ တရားဝင် ပြောင်းလဲခဲ့တာ ရှေးဘုရင်များ လက်ထက်က နန်းတွင်း သူများ၊ ကိုယ်လုပ်တော်များရဲ့ အမျိုး အဆက်အနွယ်အဖြစ် ထင်အောင်ပေါ့

"အဲဒါဆိုရင် ခင်ဗျားယောကျ်ား ဦးဘာဝတီ သေသွားပြီးတော့ အဲဒီဆရာ လေးနဲ့ မယူဘဲ ဘာဖြစ်လို့ ဦးထင်ပေါ် ကို ယူလိုက်တာလဲ"

"ဦးဘာဝတီနဲ့က တစ်နှစ်ကျော် ကျော်လေးပဲ ပေါင်းလိုက်ရတယ်ဆရာ သူ ကျမ်းပြုတာ (၃)နှစ်တောင်ကြာမှ ကျမ်းပြုပြီး ဒေါက်တာဘွဲ့ယူပြီးမှ လက် ထပ်ကြဖို့ စီစဉ်ထားကြတာ။

အဲဒီအချိန်မှာ ဦးထင်ပေါ်နဲ့ တွေ့တော့ သူ့မှာ သွေးတိုးရောဂါရှိမှန်း သိတာနဲ့ တစ်နှစ်အတွင်းလောက်မှာ ကိစ္စချောအောင် လုပ်နိုင်မှာမို့ ဒီသိုက် တူးလိုက်ဦးမယ်ဆိုပြီး ရန်ကုန်က ခြေရာ ဖျောက်လို့ တောင်ငူမှာ လိုက်နေ မူဖြစ်လိုက်တာပါ၊ တော်ဘုရားငယ် ကိုလဲ သိန်းငါးထောင်လော့က်နဲ့ ပေါင်း ပြီး သူ့သားကို ယူပြုလိုက်ချင်တာပေ အဲဒါကြောင့်ပါ ဆရာ"

"ဦးထင်ပေါ်ကိုကျတော့ ရောဂါ မြန်မြန်သေအောင် မလုပ်ဘဲ ဘာဖြစ် လို့ အဆိပ်ဖြစ်တဲ့ အစာတွေကျွေးပြီး သတ်လိုက်ရတာလဲဗျ"

"သူတို့ သားအဖနှစ်ဦးစလုံး ကျွန်မ အစားကောင်းတွေချည်းပဲ ကျွေး ခဲ့တာပါ၊ ဆရာဝန်နဲ့ ဦးထင်ပေါ် သား အကြီးတို့ ဝင်တားလိုက်ကြလို့ ကျွန်မ ကျွေးတဲ့ အဆီအဆိမ့် အစားကောင်း တွေ မစားကြတော့ဘဲ ဖြစ်သွားကြတာ ကိုး၊ ဒီတော့ အချိန်ကိုက်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

တည့်တဲ့ အစားအစာကို လှည့်ကျွေး
ိုက်ရတာပါ ဆရာ။

သားအဖနှစ်ဦးလုံး မစားမိဘဲ
မိးက လွတ်သွားလို့ အလောင်းကို
ေသဂြိုဟ်လိုက်နိုင်တာကြောင့် ကျွန်မ
တ်ချက် ပေါ်သွားရတာပါလေ”

“ဒါနဲ့ ခင်ဗျားက အဲဒီနည်းလမ်း
တွေကို ဘယ်လိုသိပြီး ကျွမ်းကျင်လာ
ာလဲ”

“ဒါကတော့ဆရာရယ် အစာလဲ
ဆေး ဆေးလဲအစာ ဆိုပြီး ပညာပေး
ေသားနေကြတာတွေ ဖတ်မိရင်း
စာလဲ အဆိပ်၊ အဆိပ်လဲ အစာဖြစ်
ိုင်တာတွေ သိလာတော့တာပါ။

အချက် အပြုတ် အကြော်
လှော် မီးဖိုချောင် စားတော်ကဲတွေရဲ့
တတ်ပညာနဲ့ ပေါင်းစပ်လိုက်တော့
ောင်းမြတ်တဲ့ အစားအစာဟာ လူ
တ်ရာမှာ အကောင်းဆုံးလက်နက်
ိလာရတော့တာပေါ့ ဆရာရယ်”

“ဒေါ်မာလာဝတီ၊ အခု ခင်ဗျား
ပြာခဲ့တာတွေက တကယ်အမှန်တွေ
ား၊ ခင်ဗျားရဲ့ အတ္တလောဘ စိတ်
ယဉ်တွေလားဗျာ”

“အမှန်တွေပါ . . ဆရာရယ်၊
င်ပေါ်က ကျွန်မရဲ့ မာယာအချစ်ကို
ပြစ်မမြင်ခဲ့တော့ ကျွန်မ ကျွေးတဲ့
သားနဲ့ ခရု သံပရာရည်နဲ့ ဘာစ်ပရို
လိုလိုချင်ချင်ပဲ စားလိုက်တဲ့အတွက်
ဆိပ်မိပြီး သေသွားရသလို အခု
မှာလဲ ငယ်ချစ်ဦး တော်ဘုရား
ရဲ့ အချစ်ဆိပ်ကြောင့် မျက်စိမှိတ်ပြီး
တ်က ဇာတ်ကြောင်းတွေကို ပိတ်
ိုက်ပါပြီရှင်”

“ဒေါ်မာလာရယ် ပြောပြီဆိုမှ
ရှင်းရှင်းလင်းလင်းပဲ ပြောလိုက်ပါ
ခင်ဗျားရဲ့ အချစ်ဆိပ်က ဘယ်လို
ဘယ်လိုဖြစ်သွားရတာလဲ ဘာ
ကြောင်းတွေလဲ ရှင်းအောင် ပြောပါ

“အင်း၊ ကျွန်မ နည်းနည်း မဟာ
ားတယ်၊ တော်ဘုရားငယ်ရဲ့ သား
ကို မာယာကျော့ကွင်းနဲ့ ငွေလမ်းခင်းပြီး
နင်းခြေပြမယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာ
ပြောပြပြီးပါပြီ။

ကျွန်မ ဘဝကံရဲ့ အကျိုးပေး
မကောင်းတော့ ကျွန်မရဲ့ အကြောင်း
တွေကို သူတို့သားအဖ သိသွားကြတယ်
လေ၊ အဲဒီမှာ ဒုတိယမို စွန့်ပစ်ခံထိလိုက်
ရပြန်တယ်။

ဒေါသစိတ်ကြောင့် မအိပ်နိုင်
မစားနိုင် ဖြစ်တယ်လို့ ထင်ခဲ့တဲ့ ကျွန်မရဲ့
ခံစားမှုကို သေသေချာချာ ဆန်းစစ်
လိုက်တော့ အချစ်ဦးရဲ့ သားကိုလဲ ယစ်
မူးစွာ နှလုံးသားထဲ စွဲနေမိလို့ အသည်း
ကွဲဝေဒနာ ဖြစ်နေတာ သိလာရပါတယ်
ရှင်။

ဒါကြောင့် အချစ်စိတ်ရဲ့ အဆိပ်
သင့်နေပြီဖြစ်တဲ့ ကျွန်မ ဘဝကိုလဲ ဆန္ဒ
အာယာတတွေကို အဆုံးသတ်လို့ ဘဝ
ကံကြမ္မာရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါ
တော့မယ်ဆိုပြီး နှလုံးအေးအောင် အရှုံး
ပေးလိုက်တာပါပဲရှင်”

ဤသို့ဖြင့် လူသေမှုမှ လူသတ်
မှုသို့ ပြောင်းလဲအရေးယူပြီး ရဲတပ်ဖွဲ့မှ
အမှုတွဲကို ပြည့်စုံစွာ တည်ဆောက်ခါ
ဒေါ်မာလာ တစ်ဖြစ်လဲ ဒေါ်မာလာ
ဝတီအား တရားစွဲတင်ပို့လိုက်ပါတော့
သည်။

(အချစ်စိတ် တဏှာကြောင့်
အဆိပ်သင့်နေကြရသည့် အစားကောင်း
များ စီမံကျွေးမွေး စားသောက်နေကြ
သော အိမ်ထောင်သည်များ သင်ခန်းစာ
ယူနိုင်ရန် ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်)

❒ စံကေတု





• • • • • • • • • • • • • •

“တရားဥပဒေ
ရောင်ခြည်သန်းလာပြီလား”

အမည်ဖြင့်

ရွှေနေ ဂိုမောင်စိုးသိန်း(ဗိုလ်ချုပ်ရွာ) ၏

စာအုပ်တစ်အုပ်

စိတ်ကူးသစ်စာပေမှ ထွက်လာသည်။

ဥပဒေနှင့် ဆက်နွယ်နေသော

ဆောင်းပါးဝတ္ထု(၁၀)ပုဒ်ပါသည်။

ဥပဒေနှင့် မကင်းသူများ၊

ဥပဒေပညာ လိုက်စားသူများအတွက်

ဥပဒေ၏ သုတ၊ ရသစုံကို

ခံစားတင်ပြထားပါသည်ဟု

စာရေးဆရာက ဆိုသည်။

တန်ဖိုးမှာ (၁၃၀၀) ကျပ်

ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



"ဘွားလေးမိ. . . ဘွားလေးမိ"

အိမ်ရှေ့မှ ခေါ်သံကြောင့် လှမ်းကြည့်လိုက်ရာ တူမဖြစ်သူ ဥမ္မာ၏ သမီးကြီး ကျွန်မ၏ မြေး မသီရိ။

"လာလေသမီး ဝင်လာခဲ့"

သီရိ အိမ်ပေါ်တက်လာ၍ ဖတ်လက်စစာအုပ်များကို ထပ်လိုက်မိသည်။

မြေးဖြစ်သူ သီရိမှာလည်း အလွန် စာဖတ်ဝါသနာ ပါသကဲ့သို့ စာရေးလည်းဝါသနာပါ၍ သူတက်နေသော အနောက်ပိုင်းတက္ကသိုလ် (၁၀) နှစ်ပြည့် အထူးထုတ် မဂ္ဂဇင်းတွင် သူငယ်ချင်း ခေါင်းစဉ်ဖြင့် ဝတ္ထုတို အရွေးခံဖော်ပြခြင်း ခံခဲ့ရသည်။

ထိုစဉ်က သီရိမှာ ပျော်မဆုံး၊ မော်မဆုံး မဂ္ဂဇင်းစာအုပ်ကိုင်၍ အပြေးအလွှား ကျွန်မဆီ ရောက်လာခဲ့သည်။ သီရိ၏ ဝတ္ထုတိုလေးလည်း ကောင်းပါသည်။ အရုပ်မလေးမှ ဇာတ်ကောင်မင်းသမီးလေးအပေါ် သူ၏ ခံစားချက်ကို သက်ရှိလူသားတစ်ဦးနှယ် ခံစားကြေကွဲရပုံများကို စာဖတ်သူ မသိအောင် လျှို့ဝှက်ထားပြီးမှ နောက်ဆုံးထိုကြေကွဲမှု မခံချိမခံသာဖြစ်မှုများမှာ အရုပ်မလေးဖြစ်ကြောင်း စာဖတ်သူကို အသိပေးထားသည်။ မိန်းကလေးများ အသွား အလာ အနေအထိုင် ဆင်ခြင်တတ်အောင်လည်း ပညာပေး ရေးသားထားသည်။

သူ့အရွယ်နှင့်သူ ဖြစ်ပေါ်ခံစားရေးသားနိုင်မှုကို ချီးကျူးရပေမည်။ ကျွန်မက "စာရေးဆရာ လင်မယား ဖြစ်တဲ့ ဘွားလေးမိတို့က ပေါက်ဖွားတဲ့ သားသမီးနှစ်ယောက်တောင် ဝတ္ထုတစ်ပုဒ်မှ မဂ္ဂဇင်းမှာ မဖော်ပြခံရသေးဘူး။ သီရိက တော်လိုက်တာ" လို့ ချီးကျူးတော့ သူပြုံးနေသည်။

ယနေ့လည်း ဘာပြောစရာရှိလို့ ရောက်လာတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

သီရိမျက်နှာ သိပ်မကောင်းလှ။

"ဘာဖြစ်လို့လဲ သီရိ"

"ဘွားလေးမိ၊ လူတချို့ကလေ စိတ်နေစိတ်ထား မကောင်းဘူးနော်၊ ဘွားလေးမိကသာ သမီးကို အားပေးတာ၊ တချို့ တီတီကျကျ ပြောရရင် အဖေ့ဘက်က ဆွေမျိုးတွေပေါ့ ဘွားလေးမိရယ် ဟင်း"

အရွယ်နှင့် မလိုက်အောင် စိတ်ခံစားမှုကို ထုတ်ပြော၍ သက်ပြင်းရှည်ကြီး မှုတ်ထုတ်နေသော သီရိကို ကျွန်မက...

"သူတို့က ဘာတွေပြောလို့လဲ သီရိရဲ့"

"သူတို့ကလေ သမီးကို နင်တခြားစာအုပ်က ကူးချတာလား၊ နင်တို့ကျောင်းက လူကြီးတွေ မျက်စိမှောက်ပြီး မှားထည့်လိုက်တာလားလို့ ပြောတယ်၊ တကယ်မခံချင်ဘူး ဘွားလေးမိ"

"သီရိ အနေနဲ့ ငယ်ရွယ်သူတို့သဘာဝ မခံချင်စိတ်တော့ ဖြစ်မိမှာပဲလေ၊ ဒါပေမဲ့ ဒါတွေကို ခေါင်းထဲမထားပါနဲ့ကွယ်၊ မဂ္ဂဇင်းမှာ တစ်ယောက်တည်းက ရွေးချယ်ပေးတာမှမဟုတ်တာ၊ ပါမောက္ခတွေ ကထိကတွေ နည်းပြတွေနဲ့ မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီရယ်လို့ သေချာစွာဖွဲ့စည်းပြီး တာဝန်ရှိသူတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖတ်ရှုစိစစ်ပြီးမှ ရွေးချယ်ကြတာ။

ဒါတွေကို နားမလည်လို့ ပြောချင်တာ ပြောတာပေါ့၊ ဘွားလေးမိတို့လို နားလည်တဲ့သူတွေ တစ်ပုံကြီးပါကွယ်၊ နားလည်တဲ့သူတွေက ဒီစကားကြားရင် ရယ်ပါလိမ့်မယ်"

"ဟုတ်တယ်နော် ဘွားလေးမိ၊ ဘွားလေးမိဆီရောက်မှပဲ သမီးရင်ထဲပေါ့သွားတယ် . . . ဟင်း"

သီရိက သက်ပြင်းရှည်ကြီး မှုတ်ထုတ်နေပြန်သည်။

"တစ်နည်းအားဖြင့် ပြောရရင် သမီးလို သူတို့ တက္ကသိုလ်ရောက်ချင်မှလဲရောက်ခဲ့မယ်၊ သမီးလို စာမူကို မဂ္ဂဇင်းမှာ ဖော်ပြခံရဖို့ဆိုတာ ဝေလာဝေးပေါ့၊ ဆွေမျိုးဆိုပေမယ့်လဲ မနာလိုဝန်တို မရှုဆိတ်နိုင်တဲ့ မကောင်းတဲ့ ဒုစရိုက်ကြီးမားသူတွေဆိုရင် ဆရာကြီး ပီမိုးနင်းပြောသလို အောင်မြင်ခြင်းသုခရဲ့ ရှင်းတွဲလမ်းကို သူတို့ဘယ်တော့မှ မြင်နိုင်မှာမဟုတ်ဘူး သီရိရဲ့၊ မှတ်ထားနော် သမီး"

"ဟုတ်ကဲ့ ဘွားလေးမိ၊ ဒါ ဘွားလေးမိ ဖတ်နေတဲ့စာတွေလား"

"ဟုတ်တယ်သီရိ၊ ဒီမှာ ပထမရွှေကျင်ဆရာတော်ဘုရားကြီး အဆုံးအမ ဩဝါဒစာပုဒ် ဖတ်ကြည့်ပါဦး"

သီရိက ကျွန်မ လှမ်းပေးသော စာရွက်ကိုယူ၍ အသံထွက်ဖတ်လိုက်သည်။

*စိတ်သည် တောမျောက်ကဲ့သို့ လော်လည်၏ အလိုမလိုက်ရာ။*

*ကာလကို လူမစားလျှင် လူကို ကာလစားသည်။*

*သည်းခံခြင်းလက်နက် ဆောင်လျှင် ဒေါသမီး မလောင်။*

"သိပ်ကောင်းတဲ့ စာတွေပဲနော် ဘွားလေးမိ"

"ဒါပေါ့ကွယ်၊ တစ်ခါတစ်ရံ အချိန်လေးရရင် ဘွားလေးမိတော့ ဆရာတော်ကြီးတွေ၊ ပညာရှိတွေရဲ့ အဆုံးအမ ဩဝါဒတွေဖတ်ပြီး မိမိစိတ်နှလုံးကို ပြုပြင်နေထိုင်လိုက်နာ ကျင့်ကြံရတာပေါ့"

"ဘွားလေးမိကတော့ လောကကြီးကို အမြဲအကောင်းမြင်နေသူပဲနော်"

"အကောင်းမြင်ရမှာပေါ့ သမီးရယ်၊ လောကကြီးက ကောင်းပါတယ်၊ တချို့လူတွေကသာ ဒီလောကကြီးကို အကျည်းတန် အရုပ်ဆိုးစေတာပါ။

စိတ်ကောင်း နှလုံးကောင်း ထားပြီး အကောင်းမြင်ပေးမှ စိတ်အေးချမ်းမှာလေ၊ သမီးက ငါ့ကို ဒီလိုအထင်သေးရလား၊ နှိမ်ချင်ရလားဆိုပြီး ဒေါသထွက်တယ်၊ သူတို့ကလဲ အမှန်ကို လက်မခံချင်ပဲ လောကို ဆန့်ကျင်တဲ့သူတွေဆိုတော့ သူတို့မှာလဲ မနာလို မရှုဆိတ်စိတ်တွေနဲ့ ပူလောင်နေမှာပဲ၊ ဒီမှာ ဘွားလေးမိ မှတ်ထားတဲ့စာ၊ တိုက်တိုက်ဆိုင်ဆိုင် ခေါင်းစဉ်က သည်းခံခြင်းတဲ့၊ ကဲ ဖတ်စမ်းပါဦး သမီးရယ်"

"ဟုတ်ကဲ့"

"ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကား အံ့ဩဖွယ်ကောင်းလေစွ၊ မိမိအပေါ် မဟုတ်မမှန်သောရဟန်းအား အနည်းငယ်မျှအမျက်ဒေါသမထွက်ရုံမက ထိုင်၍ပင် တောင်းပန်နေဘိတကား" ဟု အံ့ဩစွာ ချီး[illegible]ဂုဏ်ပြု စကားဆိုသည်။

မြတ်စွာဘုရားရှင်က. . .

"မဟာပထဝီ မြေကြီးကဲ့သို့ တည်တံ့ကြံ့ခိုင်သောစိတ်ရှိသည့် ပုဂ္ဂိုလ်သည် အကောင်းနှင့်ကြုံသည်ဖြစ်စေ၊ အဆိုးနှင့်ကြုံသည်ဖြစ်စေ တုန်လှုပ်ချောက်ချားခြင်း မရှိပေ"ဟု မိန့်တော်မူသည်။

"သိပ်မှတ်သားဖို့ ကောင်းတယ်နော် ဘွားလေးမိ"

"အဲဒါ တို့ဘုရားရှင်က လူတွေရဲ့ စိတ်ဓာတ်ကို ပြုပြင်ပေးတာလေ၊ ဘုရားတရား သံဃာနဲ့ ပညာရှိတွေနဲ့ ဝေးသူအဖို့တော့ ဘယ်သိပ်ါမလဲ၊ နားလည်ပါ့မလဲကွယ်၊ နားလည်အောင်လဲ မကြိုးစား အားမထုတ်ကြဘူးပေါ့"

"ဘွားလေးမိ ပြောဖူးတယ်လေ၊ ကိုယ့်အလုပ်ကိုသာ ကောင်းသထက်ကောင်းအောင် ကြိုးစားလုပ်ရင် အောင်မြင်မှာပဲတဲ့"

"ဒါပေါ့သီရိရဲ့၊ ဘာတွေဝေစရာရှိလဲ၊ အခုပဲ သီရိ မြတ်စွာဘုရားရှင်ရဲ့ ဆုံးမစကားကို ဖတ်လိုက်ရတယ် မဟုတ်လား၊ မဟာပထဝီမြေကြီးကဲ့သို့ တည်တံ့ကြံ့ခိုင်သော စိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်အဖို့ ဘယ်လိုကြုံကြုံ မတုန်လှုပ်ရဘူးလေ၊ ပြီးတော့ ခုံးတံတားလျှောက်စဉ် အရပ်တစ်ပါးကို မကြည့်နဲ့တဲ့၊ ချောက်သို့ကျလိမ့်မည်၊ သံသရာတံတားလျှောက်စဉ် သူတစ်ပါးအပြစ် မကြည့်နဲ့တဲ့၊ သံသရာချောက်သို့ကျလိမ့်မည်လို့ ပထမရွှေကျင်





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့ဖူးတာ မှတ်သားဖူးတယ်"

"ဘွားလေးမိပြောသလို သတ္တဝါတိုင်း သံသရာထဲ လျှောက်လှမ်းကြသူ အချင်းချင်း ကိုယ်လုပ်စရာရှိတာ မလုပ်ဘဲ သူများကို စောင်းမြောင်းအပြစ်ပြောနေရင်တော့ သံသရာချောက်ထဲ မရှုမလှ ကျသွားမှာပေါ့နော်"

"ဒါပေါ့ သီရိရဲ့"

"ဘွားလေးမိ သမီးစာမူခ ငွေတစ်သောင်းခွဲရတာကို ဖေဖေ့ရက်လည် ဆွမ်းကျွေးမှာ သံဃာငါးပါးကို တစ်ပါးသုံးထောင်ကျပ်စီ လှူလိုက်ရတယ်လေ၊ ဘွားလေးမိ သိတယ် မဟုတ်လား"

သီရိ မျက်ဝန်းတွေက မျက်ရည်တွေနှင့် ပြည့်လျှမ်းနေသော်လည်း မျက်လုံးတွေက ပြုံးနေသည်။ သူ၏ ပထမဆုံးစာမူခကို ဖခင်၏ ရက်လည် သပိတ်သွတ်တွင် သံဃာတော်အရှင်မြတ်များကို လှူဒါန်းလိုက်ရ၍လည်း ကျေနပ်ပီတိဖြစ်နေပုံရသည်။

"ဘွားလေးမိ သိတာပေါ့ . . ဒါကြောင့်လဲ သာဓုခေါ် ရပါတယ်၊ အဲဒါကိုက သမီး ဘယ်လောက် ကုသိုလ်ရလိုက်သလဲ၊ ကိုယ့်ကြိုးစားအားထုတ်မှု၊ ကိုယ့်ချွေးနဲ့စာကို ဖခင်ကို ရည်စူးပြီး အမွန်အမြတ်သံဃာတော်များကို ဆက်ကပ်လှူဒါန်းလိုက်ရတာ ဘယ်လောက်ကြီးမားတဲ့ ကုသိုလ်လဲ၊ ဒီကုသိုလ်ကို သမီးကို မနာလိုတဲ့သူတွေ ရပ့်မလား၊ သမီးကို လိုက်မီပါ့မလား၊ အမှန်တော့ မနာလိုဖြစ်တယ် ဆိုကတည်းက သူတို့တွေက ကိုယ့်ထက်နိမ့်ပါးတဲ့သူတွေပါ၊ ဆရာကြီးပီမိုးနင်းရဲ့ သုခချမ်းသာ စိတ်ပညာ စာအုပ်မှာ ရေးထားတဲ့ စာတစ်ပိုဒ်လောက်ကို ဘွားလေးမိ ပြောပြမယ်၊ မနာလိုမဖြစ်နှင့်၊ မနာလိုခြင်းသည် မိမိထက်သာမှုကို ကြောက်ခြင်းဖြစ်လေရာ သာမှုကိုကြောက်လျှင် မိမိအခြေအနေကို ဆုတ်ယုတ်နိမ့်ကျမည်ဟု ထင်မြင်ခြင်းပင် ဖြစ်လေသည်တဲ့၊ ကဲ ဘယ်လောက်ကောင်းတဲ့စကားလဲ သီရိ"

"ဟုတ်ကဲ့၊ ဘွားလေးမိနဲ့ စကားပြောရတာကောင်းတယ်၊ သမီး အခုစိတ်တွေ တော်တော်ပေါ့ပါးသွားပြီ၊ မေမေလဲ မျှော်နေတော့မယ်၊ သမီး ပြန်ပြီနော် ဘွားလေးမိ"

"အေးအေး . . သမီးသွားတော့"

ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားသော မြေးဖြစ်သူသီရိ၏ ကျောပြင်ကို ကြည့်ရင်း ကျွန်မ အတွေးနယ်ချဲ့မိသည်။ ပေခုံပေါ်တွင် ကြိမ်ဖန်များစွာ အထုခံရသော သံချောင်း၊ မီးပြင်းပြင်းဖြင့် ကြိမ်ဖန်များစွာ အထုခံရသော ရွှေပို၍ကောင်းမွန်ခိုင်ခံ့ တောက်ပသည်ချည်းပင်။

ထိုနည်းတူ လူ့လောကတွင်လည်း လူသားများအားလုံး ကြံ့ကြံ့ခံ အထုခံနိုင်သော သံချောင်း၊ မီးမြိုက်ခြင်းကို ကြံ့ကြံ့ခံသော ရွှေကဲ့သို့ မခံချင်စိတ်ဖြင့် ကြိုးစားအားထုတ်သင့်လှသည်။

ဖိနှိပ် အရာမသွင်းသည်ကို ခံလိုက်ရသည်နှင့် စိတ်ပျက်အားလျှော့စရာမလို၊ တုန်လှုပ်စရာမလို၊ လောကကြီးသည် အကောင်းချည်းမရှိ၊ အဆိုးလည်း ရှိ၏။ အချစ်ရှိသလို အမုန်းရှိ၏။ အပြုံးရှိသလို အငိုလည်းရှိ၏၊ အချိုရှိသလို အခါးလည်း ရှိ၏။

ထို့ကြောင့် သီရိတစ်ယောက် မည်သို့သော အခက်အခဲ အကျပ်အတည်းနှင့် ကြုံပါစေ အပြုံးမပျက်၊ အမုန်းမဖက် မခံချင်စိတ်ဖြင့် ကြိုးစား၍ အမြင့်ဆုံး အောင်မြင်ခြင်း ပန်းတိုင်ကို လက်လှမ်း၍ ဆွတ်ယူနိုင်ပါစေလို့သာ ရင်မှ ပြင်းပြစွာ ဆုတောင်းဆန္ဒပြုလိုက်မိ၏။

❖

"ရွှေမိရေ . . . ရွှေမိ"

သည်နေ့ ရုံးပိတ်ရက်ကြောင့် ထင်သည်။ ဝေဝေတစ်ယောက် သူငယ်ချင်း၏ နာမည်ခေါ်ရင်း အိမ်ပေါ်သို့ တက်လာသည်။

"ဟယ် ဝေဝေပါလား၊ ဝမ်းသာလိုက်တာ ဝေရယ်"

"အေး, ဝမ်းသာနေ၊ တကတဲ အိမ်ဘက်တောင် လှည့်မလာဘူး"

"ဩော် ဝေရယ်၊ ကျောင်းပိတ်ရက်ဆိုပေမဲ့ နေကပူ မနက်ဈေးပြေးရ ချက်ရ ပြုတ်ရမို့ ဝေတို့ အိမ်ဘက် မရောက်ဖြစ်တာပါ၊ ပြီးတော့ ရေးလက်စ ဝတ္ထုလေးတစ်ပုဒ်လဲ လက်စသတ်နေရတာနဲ့၊ ကဲပါ အိမ်ရောက်မှတော့ ထမင်းစားပြီးမှပြန်၊ ကိုယ် ကြက်သားဟင်းနဲ့ ချဉ်ပေါင်ကြော်၊ ပဲဝါလေးဟင်းချို ချက်ထားတယ်"

"အင်း ဝေလဲ ရွှေမိနဲ့ စကားမပြောရတာ ကြာပြီမို့ တမင် လာခဲ့တာပါ"

ဝေဝေက ပူအိုက်နေ၍ ခုံပေါ်မထိုင်ဘဲ သမံတလင်းပေါ် ထိုင်ချလိုက်၍ ဒေါ်မိက ကမန်းကတန်း ဖျာခင်းပေးလိုက်သည်။

"ဝေရေ ဘာလိုလိုနဲ့ ကိုတိုးကြီးဆုံးသွားတာတောင် နှစ်နှစ်ရှိပြီနော်၊ မိန်းမသူငယ်ချင်းတွေဆို သူ့ကာ သိပ်ခင်တတ်တာ၊ တွေ့တာနဲ့ မုန့်ကျွေး လက်ဖက်ရည်တိုက်တာ့တာပဲ"

ဝေဝေ့ခင်ပွန်း ကိုတိုးအကြောင်း ဒေါ်မိက ပြောတော့ ဝေဝေ့မျက်နှာက မှုန်မှိုင်းညှိုးငယ်သွားသည်။

"ရွှေမိ ဝေလေ သူဆုံးတာ နှစ်နှစ်ရှိပေမယ့် နေ့တိုင်းငိုမိတယ်၊ ရွှေမိ ယုံရဲ့လား ဟင်"

"ယုံပါတယ် ဝေရယ်၊ ဝေတို့လဲ အိမ်ထောင်သက် အနှစ်(၂၀)ကျော်ခဲ့တာပဲ၊ အင်မတန် ချစ်စရာကောင်းတဲ့ သားသမီးနှစ်ဦးလဲ ထွန်းကားခဲ့ပြီးတော့ ဖခင်ဖြစ်သူက ကောင်းကောင်းမွန်မွန် လုပ်ကျွေးခဲ့တဲ့သူပဲလေ၊ ဒီသံယောဇဉ်နှောင်ကြိုးက လွယ်လွယ်နဲ့ လျော့သွားပါ့မလား"

"ဟုတ်တယ်၊ သူက သဘောကောင်းတယ်၊ အလုပ်ကောင်းကောင်းလုပ် ရှာဖွေကျွေးမွေး အသောက်အစားကင်းတာလဲ ဝေသိပါတယ်၊ ဒါပေမယ့် သူက ဘာမကောင်းလဲ [illegible] ခဏခဏ





www.burmeseclassic.com

www.burmeseclassic.com

ပြောသလိုပေါ့၊ သူက အာကျယ်တယ်၊ လူရှေ့မရှောင် သူရှေ့မရှောင် မိန်းမကို ဆူတယ် ပူတယ်"

"ဒါကတော့ သူ့ဝသီပါ ဝေရယ်၊ ပြောပြီးတော့လဲ ပြီးတာပါပဲ၊ ကိုတိုးက ဝေ့ကို ချစ်ပါတယ်ကွယ်"

"အဲဒါ ပြောတာလေ ရွှေမိရဲ့ မနောစိတ်တိုက်တွန်းလို့ ပါးစပ်က ထွက်လာတာလေ၊ ဝေ မခံချင်ဆုံးပဲ၊ ဝေတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ ယူထားတာ မဟုတ်လား၊ ဘာလို့ နိုင့်ထက်စီးနင်း ပြောရမှာလဲ၊ ဟိုတစ်လောက သတင်းစာထဲမှာ မင်္ဂလာသက်တမ်း (၃၅)နှစ်ပြည့် အထိမ်းအမှတ်ဆုတောင်းစကားထဲမှာ သားတို့ သမီးတို့ သိနားလည်တဲ့ အရွယ်ကတည်းကစပြီး ယနေ့တိုင်အောင် တစ်ဦးပေါ်တစ်ဦး အနိုင်အထက် စကားကြမ်းကြမ်းပင် ပြောသံမကြားဖူးတဲ့ ဖေဖေနဲ့ မေမေတို့လို့ အစချီပြီး ဆုတောင်းစကားတွေ ပြောထားတာကို ဝေ ဖတ်လိုက်ရတော့ ဩော် သွားလေသူ ငါ့ယောကျ်ားနဲ့တော့ ကွာပါ့လို့ တွေးမိသေးတယ်၊ ရွှေမိ ဝေ အလုပ်သွားရင် မေမေက ငါ့သမီးကို စေတ္တာအမြဲပို့တယ်လို့ ပြောတယ်၊ အိမ်ထောင်ကျတော့လဲ သူ့အလုပ်တွေ ဝိုင်းကူလုပ်၊ ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေး၊ တလေးတစား ဆက်ဆံခဲ့တယ်၊

ဒါပေမယ့် တစ်ခါတစ်ရံ ဝေ့ကို လူရှေ့သူရှေ့မှာ အော်လား ငေါက်လား ဆက်ဆံပြီး အိမ်ခန်းထဲ နှစ်ယောက်တည်းရှိမှ တောင်းပန်ပါတယ် မိန်းမရယ်၊ ကိုယ် မှားသွားပါတယ်လို့ ပြောတာ ဝေ လက်မခံနိုင်ဘူး ရွှေမိ၊ ဝေက ဘယ်လို မိန်းမစားလဲ"

"ဟော . . . ပြောရင်းဆိုရင်း ယောကျ်ားအကြောင်း ရောက်သွားပြန်ပြီ ယောကျ်ားမကောင်းကြောင်းသာ ပြောတာ မျက်ရည်တွေကလဲ ဝဲလို့ပါလား ဝေရဲ့"

"တကယ်ပြောတာ ရွှေမိ"

ဝေက စကားမရပ်သေးဘဲ ငိုသံပါကြီးနှင့် ဆက်ပြောနေပြန်သည်။

"ဝေကလဲ မခံချင်တော့ လူရှေ့သူ့ရှေ့မှာ စကားကြမ်းကြမ်းတွေပြော၊ ကိုယ့်ထက် အသက်ကြီးပေမယ့်လဲ နင်နဲ့ ငါနဲ့ ပြောမိ၊ မေမေကတောင် အင်မတန်နူးညံ့တဲ့ ငါ့သမီး ဘယ်လိုဖြစ်သွားပါလိမ့်လို့တောင် ပြောသေးတယ်၊ ဆရာဝန်မလေး ယောကျ်ားလို ကိုယ်ထိလက်ရောက် စော်ကားလာရင်တော့ ဝေလဲ သတ်ပစ်မိမလားမသိဘူး၊ ဝေ လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေ အလကားဖြစ်ကုန်ပြီပေါ့၊

သူ အလုပ်က ပြန်လာခါနီးရင် မေမေ့မှာ ဘုရားလဲ မရှိခိုးနိုင်၊ ပုတီးလဲ မစိပ်နိုင်၊ ဟဲ့ သောက်ရေအိုးထဲ ရေရှိရဲ့လား၊ ရေနည်းတယ်ဆိုပြီး ရေခွက်ကြီး လွှင့်ပစ်ပြီး အော်ကြီးဟစ်ကျယ် ပြောနေဦးမယ်၊ တီဗွီက သီချင်းတွေလာနေရင်လဲ ပိတ်ထားလိုက်လေ၊ ကလေးတွေကို မင်းတို့ တစ်နေ့ တစ်နေ့ ဒါပဲ ထိုင်ကြည့်နေတယ်လို့ ပြောဦးမယ်၊ အိမ်ရှေ့မီးသီးကော ဖွင့်ထားရဲ့လား၊ ဖွင့်ဖို့မေ့နေရင် တစ်ခါ ဆူပူအော်ဟစ်နေဦးမယ်ဆိုပြီး မေမေ့မှာ သောကတွေ များနေတာ မြင်ရတော့ ဝေ လုံးဝစိတ်မချမ်းသာခဲ့ဘူး"

"ဝေရယ် ပြီးတာတွေလဲ ပြီးခဲ့ပါပြီ၊ ဒါတွေကို မေ့ထားလိုက်ပါတော့၊ တချို့ သူ့ထက် အဆပေါင်းများစွာ ဆိုးကြပါတယ်၊ ဝေတို့ ချစ်ခဲ့ ကြင်နာခဲ့တာတွေပဲ သတိရ တမ်းတနေပါတော့၊ ခွင့်လွှတ်လိုက်ပါ ဝေရယ်"

"သူ့ရုံးမှာ လူတွေအများကြီး ရှေ့မှာ ဝေ့ကို အော်ဟစ်ပြောဆိုတော့ ဝေက အိမ်ရောက်တော့လေ ရှင်သေရင် ကျုပ်ဘယ်တော့မှ မငိုဘူးလို့ ပြောခဲ့တာ ဝေ့ကတိတွေ တည်နေလိုက်တာ ရွှေမိရယ်၊ ဝေ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးလားဟင်၊ ဝေ အခုတော့ နေ့တိုင်း ငိုနေရပြီ သူငယ်ချင်းရယ် . . . ဟင့်ဟင့် ဟီး ဟီး"

ပြောရင်း ဆိုရင်း ဝေ တစ်ယောက် ဟီးချ၍ ငိုနေပါပကော။ ဒေါ်ရွှေမိ ဘယ်လို ချော့ရမှန်းမသိ။ ခန္ဓာ တည်ဆောက်ထားသော မည်သည့်ဘဝ တွင်မဆို ပရိဒေဝ၊ သောကနှင့် ဝေဒနာတွေ ပေါ်ပေါက်နေရပါလားဟုသာ သံဝေဂယူနေမိသည်။ ဒါကြောင့်လည်း ဤခန္ဓာကြီးအား ဘုရား အဆူဆူနဲ့ အရိယာသူတော်စင်ကြီးများ အပြီးတိုင် ရိတ်ဖြတ်ပယ်စွန့်ခဲ့တာ ဖြစ်မှာပေါ့။

ဝေဝေက ငိုလို့ဝမှ . . .

"ရွှေမိလဲ စိတ်တော်တော်ညစ်သွားမှာပဲနော်၊ ဝေလဲ အခုမှ ရင်ထဲ ပေါ့သွားတယ်"

ဒေါ်မိ စိတ်ထဲကမူ မနက်က မြေး၊ အခုသူငယ်ချင်း ဘာလိုလိုနှင့် မိမိ အိမ်နေရာလေးသည် နှစ်သိမ့်ဆွေးနွေးရာနေရာ၊ ပေါက်ကွဲသံစဉ် သီဆိုရာ နေရာလေး ဖြစ်နေပါပကော။

ဒါလဲ ကောင်းပါတယ်လေ။ လက်လှမ်းမီရာ လူသားတွေကို ကိုယ်တတ်နိုင်သမျှ အေးငြိမ်းနှစ်သိမ့်မှု ပေးနိုင်တာကလည်း လောကကြီးကို တစ်ထောင့်တစ်နေရာ က အကျိုးပြုခြင်းပဲ မဟုတ်လား။ ဒီလို နှလုံးမူလိုက်တော့ ဒေါ်ရွှေမိရင်ထဲ အေးချမ်းသွားသည်။

သံသရာမှာ ကျင်လည်ကြသူ အချင်းချင်း သံသရာခရီး ဖော်အချင်းချင်းယိုင်းပင်းကူညီကြရမှာပါပဲ။ သံသရာချောက်ထဲ တွန်းပို့လို့လဲ မဖြစ်၊ ကိုယ်လည်း အကျမခံနိုင်။ သတိသမ္ပဇဉ် ဆင်ခြင်တုံတရားထားပြီးသာ ကြုံတွေ့သမျှ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ဖို့ ဆိုလျှင် အနတ္တကို နှလုံးသွင်းပြီး အတ္တလက်နက်ကို များများစွန့်လွှတ်နိုင်လျှင်တော့ လူတိုင်း အေးချမ်းစွာ ရပ်တည်သွားနိုင်ပြီး သံသရာချောက်ထဲ ကျမည့် အရေးမှ လွတ်ကင်းနိုင်ပြီပေါ့။

နှလုံးစိတ်ဝမ်း
အေးချမ်းကြပါစေ။

❒ မိမိရီ(အင်းစိန်)



www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓံ     ဓမ္မံ     သံဃံ

## (မြိတ်) တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိုး

## သမားမှတ်ပုံတင်အမှတ် ခ/၆၀၃၂

## ကင်ဆာ မြစ်ပွားနှာအထူးကု (ပါရဂူဘွဲ့ရ)

## (အပွားမေတ္တာ)တိုင်းရင်းဆေးကုခန်း



ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာသော ဆေးပညာအမွေကို ဆက်ခံပြီး ရောဂါဝေဒနာခံစားနေရသည့် ခုနစ်ရက်သားသမီးများအား စေတနာမေတ္တာအရင်းခံပြီး ကယ်တင်ကုသပေးလျက်ရှိပါသည်။ ကီမိုသွင်းသည့်လူနာနှင့် ဓါတ်ရောင်ခြည်ပေးထားသည့်လူနာများလည်း ကုသနိုင်ပါသည်။ လူနာရှင်များအနေဖြင့် ဆေးကုသရာတွင် ဆရာနှင့်ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

### သက်သာပျောက်ကင်းနိုင်သော ရောဂါများ

သားအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ကျောက်ကပ်နှလုံး၊ အူမကြီးကင်ဆာ၊ ဆီးကျောက်တည်၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာ၊ စီပိုး၊ ဘီပိုး၊ လေးဘက်နာ၊ သားအိမ်နှင့်ပါတ်သက်၍ အဖြူဆင်းခြင်း၊ သွေးပုပ်ကျခြင်း၊ သားအိမ်ခေါင်းတွင်ဖြစ်တတ်သော ဂေါ်ဘီပန်းပွင့်ကဲ့သို့ဖြစ်ခြင်း၊ ကြွက်နို့ကဲ့သို့ဖြစ်ခြင်းများကို သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။

ဆေးခန်းဖွင့်ချိန် – နေ့စဉ်နံနက်(၇း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ (ပိတ်ရက်မရှိ)
ဆေးခန်းလိပ်စာ – အမှတ်(ခ) ၉/၄ ၊ ညောင်ပင်သာလမ်း၊ ဆုံရှည်ကုန်းကျေးရွာ ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လမ်းညွှန် – ၁၂၄၊ ၂၀၂၊ ၄၈(အထူး)၊ ၁၀၁၊ ၈၅၊ ၇၉၊ ၈၆ လော့်ကား ကားများစီး၍ သံဖြူဆိုင်မှတ်တိုင် ဆင်းပါ။
ဆက်သွယ်ရန်ဖုန်း – ၀၉–၄၉၃၁၉၃၆၈ ၊ ၀၉–၇၃၂၅၅၉၇၂၊ ၀၉–၃၁၀၈၂၆၀၇




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

# ဘိုဘို

ရွှေကံကူ

မြို့သာယာမှ....

အရှေ့နှင့်အနောက်





www.burmeseclassic.com

www.burmeseclassic.com

ဤဇာတ်လမ်း ဖြစ်ပေါ်ခဲ့သော အချိန်ကာလသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၁၉၆၀ ပြည့်နှစ်ဝန်းကျင် တော်လှန်ရေးကောင်စီခေတ် မတိုင်မီ ဖဆပလခေတ်အတွင်းက ဖြစ်ပါသည်။

ထိုအချိန်၌ မြေပြန့်ဒေသ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူတို့ ချုပ်ငြိမ်းသွား၍ နယ်မြေဒေသများ အေးချမ်းနေပြီဖြစ်သော်လည်း ဖဆပလအစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်နေရချိန်ဖြစ်၍ တိုင်းပြည်စီးပွားရေး တိုးတက်ရန်အတွက်လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး ကျန်းမာရေး အစရှိသည်တို့ကို ထိရောက်စွာ မဆောင်ရွက်နိုင်သေးသောအချိန်၊ နိုင်ငံအတွင်း၌ ပြည်သူတို့၏ ဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုသာ အလေးပေးဆောင်ရွက်နေရသော အချိန်ကာလ ဖြစ်ပါသည်။

ကျွန်တော်၏ ဇာတိ မြိုင်သာယာသည်ကား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်အတွင်း၌ တည်ရှိခဲ့၍ တပ်မတော်အစိုးရ လက်ထက်တွင် ပထဝီအနေအထားနှင့် လမ်းပန်း အနေအထားကိုမူတည်၍ ငါန်းဇွန်တစ်မြို့နယ်လုံးလိုပါ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းသို့ ရွှေ့ပြောင်းသွတ်သွင်းခဲ့သည်မှာ ယနေ့တိုင်အောင် ဖြစ်ပါသည်။

မြိုင်သာယာသည် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်ကတည်းက တိုက်နယ် (မြို့နယ်ခွဲ) အဆင့်အုပ်ချုပ်ရေးကို ထားရှိခဲ့ရာ တိုက်နယ်ဆေးရုံ၊ တိုက်နယ်ရဲစခန်း၊ စာတိုက်၊ဈေး၊ စာသင်ကျောင်းတို့ရှိခဲ့သော်လည်း ဆေးရုံတွင် ကွန်ပေါင်ဒါသာထားရှိ၍ ရဲစခန်းတွင် တစ်ဘား (ယခုခေတ်၌ဒုရဲအုပ်အဆင့်) ရှိသူအား ဌာနအုပ်အဖြစ် ထားရှိပါသည်။

စာသင်ကျောင်းမှာ အစိုးရကျောင်း မပေါ်ပေါက်သေး၍ အလွတ်သင်မူလတန်းကျောင်းသာ ရှိပါသည်။

ထိုစဉ်က ကျွန်တော်တို့၏ စာသင်ကျောင်းမှာ ယခုမြိုင်သာယာ စနေနွားပွဲဈေး နေရာရှိ ကွက်လပ်ကြီးတွင် ဖြစ်ပါသည်။ ကျောင်းသားတစ်ယောက်လျှင် တစ်လအတွက် ကျောင်းလခမှာ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှုန်းဖြစ်ပါ၏။

ထိုခေတ် ထိုအခါက ထိုမျှသော ပမာဏကိုပင် တတ်နိုင်သူနည်းပါးခြင်းနှင့် စာပေပညာ၏ တန်ဖိုးကို သိရှိမှုနည်းပါးသေး၍ ထိုကျောင်းတွင် မူလတန်းမှ စတုတ္ထတန်းအထိတိုင် ကျောင်းသား ကျောင်းသူ စုစုပေါင်းမှာ ၃၀ မျှပင် မပြည့်တတ်ပါ။ ကျွန်တော်သည် ထိုစဉ်က ခုနစ်နှစ်အရွယ်မျှသာ ရှိသေး၍ သူငယ်တန်းတွင် စတင်တက်ရောက်သင်ကြားနေချိန်ဖြစ်ပါသည်။ ကျွန်တော်တို့ သူငယ်တန်းမှာပင် ကျောင်းသားကျောင်းသူ ခုနစ်ယောက်မျှသာ ရှိပါသည်။

သူငယ်ချင်းများ အားလုံးကို မှတ်မိနေပါသေးသည်။ ကျွန်တော် အပါအဝင် ယောက်ျားလေး ငါးဦးမှာ နှာနီ (ကျော်သန့်)၊ မဂ္ဂနွား(ကျော်မောင်)၊ မူးသွတ်(သောင်းစိန်)၊ ဝွ(လှမြင့်)တို့ ဖြစ်၍ မိန်းကလေးနှစ်ဦးမှာ အမာတင်နှင့် မစန်းတို့ ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံးမှာ မြိုင်သာယာတွင် စားဝတ်နေရေး အဆင်ပြေချောင်လည်သော မိသားစုများတွင် ပါဝင်ကြပါသည်။ ကျွန်တော်တို့ သူငယ်ချင်းများ အားလုံးသည် တစ်ဦးနှင့်တစ်ဦး ညီအစ်ကို မောင်နှမအရင်းများသဖွယ် ချစ်ချစ်ခင်ခင် နေထိုင်ကြပါသည်။

ကျွန်တော်တို့ အတန်းများအားလုံးကို ဆရာကြီးသိန်းတစ်ဦးတည်းမှ သင်ကြားပေးပါသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် ကျွန်တော်တို့ကို စာသင်ကြားလျက်ရှိသည်မှာ ပရမ်းပတာနိုင်လှသည်ဟု ထင်စရာရှိပါ၏။

ဆရာကြီးသိန်းသည် ဆေးတံအိုကြီးကို အမြဲဖွာလျက် မြေကရာအိုးကြီးအနီးတွင်ချထားပြီး စာသင်လေ့ရှိပါသည်။

ဆရာကြီးကတော် ဒေါ်ရှင်မှာလည်း ဆောင်းရာသီမှလွဲ၍ ဖျင်လုံချည်အမည်းကြီးကို အမြဲရင်ရှားလျက် ကွမ်းများ အစဉ်မြုံ့လျက်ရှိကာ ဝါးခြမ်းပြားတစ်ချောင်းဖြင့် အတန်းထဲတွင် ပတ်လျက် ရှိပါ၏။

ကျွန်တော်တို့ အိပ်ငိုက်လျှင်၊ စကားများနေလျှင် ကျွန်တော်တို့နောက်မှ ကြမ်းပြင်ကို ဖြန်းခနဲ ချလိုက်လျှင် ကျွန်တော်တို့ လန့်ဖျပ်၍ သွားကြရပါသည်။ ကျောင်းဆင်းချိန်ရောက်မှ ထိုအကြောင်းများကို ပြန်လည်ပြောကြကာ ရယ်မောကြရပါသည်။

ကျွန်တော်တို့ခေတ်က မုန့်ပဲသရေစာများလည်း ရှားပါးလှပါသေးသည်။ ဆရာကတော် ရောင်းချသော ညောင်စေး၊ သဘော်သီးသုပ်တို့ကိုသာ ဝယ်စားကြရပါသည်။ ငါးပြားဖိုးဆိုလျှင် အများကြီး ရရှိပါသည်။ ကျွန်တော်တို့သည် ထိုသါဒပြားဖိုးနှင့်ပင် အဆာပြေ၍ ဗိုက်ဝပါသည်။

ကျွန်တော်တို့သည် အားလပ်ချိန်များ၌ မျောက်ပန်းလှန်ခြင်း၊ ကျီးသားရိုက်ခြင်း၊ ပေသီးပစ်ခြင်း အစရှိသော ကစားနည်းများဖြင့် ကစားလေ့ ရှိကြပြီး ရံဖန်ရံခါ မိန်းကလေးများနှင့် ရော၍ ထုပ်ဆီးထိုးတန်း၊ ခြေထောက်များဆင့်၍ အမြင့်ခုန်တမ်း၊ လိပ်ဥဝှက်တမ်းများ ပျော်ရွှင်စွာ ကစားလေ့ရှိကြပါသည်။ ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်သည်ဟူ၍ မရှိပါ။ ချစ်ချစ်ခင်ခင်ပင် နေထိုင်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြိုင်သာယာသည် တစ်ရွာတည်း မဟုတ်ပါ။ နှစ်ရွာဖြစ်ပါသည်။ ဤနေရာဒေသ၌ မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့်အပြင် မြေပြင်သည် ညီညာပြန့်ပြူးမှု မရှိပါ။ ကုန်းကမူများ၊ တောတောင်လျှိုမြောင်များ၊ ခင်တန်းများ ပေါများလှပြီး စမ်းချောင်းများ ပေါများလှပါသည်။

ကျွန်တော်တို့ အရှေ့မြိုင်သာယာသည် ကုန်းမြင့်ထက်တွင် တည်ရှိ၍ အနောက်မြိုင်သာယာသည် အောက်ချိုင့်လွင်ပြင်တွင် ရှိပါသည်။ ရွာနှစ်ရွာအကြား၌ မိုးစပ်တောင် စမ်းချောင်းကလေး ရစ်ခွေစီးဆင်းလျက် ရှိပါသည်။

စမ်းချောင်း၏ အကျယ်မှာ ပေ ၃၀ခန့်ရှိပြီး ရေအနက်မှာ ဒူးဆစ်ခန့်သာရှိသည်။ရေမှာကြည်လင်လျက် ရေထဲတွင်သွားလာလျက်ရှိသော ငါးများနှင့် ရေအောက်ကြမ်းပြင်မှ ကျောက်တုံး၊ ကျောက်ခဲများကိုပင် တွေ့မြင်၍ နေပါသည်။

နှစ်ရွာပေါင်းမှ ဤတစ်ကျောင်းသာရှိ၍ ထိုကျောင်းသား ကျောင်းသူများတွင် အနောက်ရွာမှ သုံးပုံတစ်ပုံခန့်ပါဝင်သဖြင့် ကျွန်တော်တို့၏ သူငယ်ချင်းများထဲတွင် အနောက်မြိုင်သာယာရွာသူ၊ ရွာသားများ ပါဝင်နေပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ဒုတိယတန်းနှစ်သို့ ရောက်ရှိလာသည်။ ထိုနှစ်တွင် အနောက်မြိုင်သာယာသို့ ထူးဆန်းသော လူတစ်ဦး ရောက်ရှိလာပါသည်။ "ကိုလူ" ဟုအမည်ရပြီး မျက်နှာပြားပြားကိုယ်ထည်တောင့်တောင့်၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးစစနှင့် အနီးစပ်ဆုံး ဥပမာပြုရလျှင် ယခုခေတ် ရုပ်ရှင်မင်းသား ကိုဝင်းဦးနှင့် တူလှသည်ဟု ဆိုရပါမည်။

ထိုလူသည် အနေအထိုင် အေးဆေး၍ စကားပြော ကောင်းလှကာ ဗဟုသုတ ပြည့်စုံ ကြွယ်ဝလှပါသည်။ ကမ္ဘာ့နိုင်ငံများ အကြောင်းကို များစွာ ပြောနိုင်သူဖြစ်၏။ ဘယ်အရပ် ဘယ်ဒေသကဟု ဇာတိကို မသိရ။ ဘယ်လို ဘယ်အကြောင်းနှင့် ရောက်ရှိလာသည်ဟုလည်း မသိရ။

အနောက်မြိုင်သာယာသို့ အသိအကျွမ်း မရှိဘဲ ဝတ္ထုဆန်ဆန်ရောက်ရှိလာ၍ ဘုန်းတော်ကြီး ကျောင်းတွင် တည်းခိုနေထိုင်ပါသည်။

ထိုလူ၏ အားနည်းချက်မှာ အရက်ကို နှစ်ခြိုက်စွာစွဲလမ်းခြင်းဖြစ်၍ ရွာထဲမှ ဒေါ်ပွားအီ၏ အရက်ဖိုသို့ နေ့စဉ် အရက်သွားသောက်လေ့ ရှိပါသည်။

ကြာသော် ဒေါ်ပွားအီ၏ သမီး မနီနှင့် အကြောင်းပါသွားပါတော့သည်။ မနီသည် အရုပ်ဆိုးအကျည်းတန်လှပါသည်။ အသားမည်းမည်း၊ ဆံပင်ကျဲကျဲ၊ သွားခေါခေါနှင့် ထန်းပလပ်ခြောက်ထောင်ထားသကဲ့သို့ ပြားချပ်ချပ် ပိန်ရှည်ရှည် ဖြစ်ပါသည်။

မည်သို့မျှ ကြည့်ပျော်ရှုပျော်ရှိသော ရုပ်ရည်မျိုး မဟုတ်ပါ။ မြိုင်သာယာ အရှေ့အနောက် နှစ်ရွာစလုံးတွင် မနီကို ကြိုက်သူမရှိ။ နိပါတ်တော်ထဲမှ ပဥ္စပါပီမိန်းကလေးကဲ့သို့ ကာလသားတိုင်း ခေါင်းခါခံရသူ ဖြစ်ပါ၏။

မနီနှင့်ထိုလူ ညားသောအခါ အချို့မိန်းကလေးများက မနာလိုသဖြင့် ထိုလူနှင့် မတူဘူး၊ မတန်ဘူးဟု ပြောကြပါသေး၏။ အချို့လူကြီးများကတော့ ထိုလူဟာ သူ့ဘဝရပ်တည်ချက်အတွက် မီနီကို ယူလိုက်ခြင်း ဖြစ်သည်ဟု ပြောကြပါသည်။ ကျွန်တော်တို့ကတော့ နားမလည်ပါ။ အချို့ကလည်း ထိုလူသည် မြို့ကြီးသား ကြေးရတတ် အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ ခေတ်ပညာတတ်မြောက်သူ ဖြစ်ပေလိမ့်မည်။ ၎င်းတွင် ဘဝနာကြည်းချက်တစ်ခုခုကြောင့်လည်းကောင်း၊ နိုင်ငံရေးနှင့် လူမှုရေးပြဿနာ တစ်ခုခုအတွက်လည်းကောင်း ၎င်း၏ ဇာတိမြို့ရွာကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာပြီး တောခေါင်ချောင်ကျ၍ မည်သည့်မြို့ကြီးပြကြီးများနှင့် ကူးလူးဆက်ဆံမှုမရှိသော ဤမြိုင်သာယာသို့ လာရောက်ဇာတ်မြှုပ်နေထိုင်ခြင်း ဖြစ်သည်ဟု ထင်ကြေးပေးကြပါသည်။

မည်သို့ပင် ဆိုစေကာမူ ကိုလူသည် ခပ်အေးအေး ခပ်ပြုံးပြုံးဖြင့် အရက်သောက်နိုင်သော်လည်း မူးသည်ဟူ၍မရှိ။ လူတိုင်းကို ယဉ်ကျေးစွာဖြင့် ဆက်ဆံပါသည်။

မနီနှင့် အိမ်ထောင်မကျမီ ဘုန်းတော်ကြီးကျောင်းသို့ ရောက်စမှာပင် ဘုန်းတော်ကြီးကျောင်းမှ ကိုရင်များ၊ ကျောင်းသားများ၊ ရွာထဲမှ ကလေးများကို အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာတို့ကို အခမဲ့ သင်ကြားပြသပေးခဲ့ပါသည်။

ကိုလူသည် ကလေးများကို မရိုက်၊ မငေါက်။ ချော့မော့၍ ကလေး၏ စရိုက်ကိုလိုက်၍ ဆွဲဆောင်သင်ကြားပြသပေးသဖြင့် ကလေးများသည် ကျောင်းပျော်၍ စာတတ်ကြပါသည်။ ထိုအခါ ကလေးများလောကတွင် ကိုလူအမည်ပျောက်၍ ဆရာလူ ဟူသော အမည် ရောက်ရှိလာပါသည်။

မနီနှင့် အိမ်ထောင်ကျပြီးသည့်နောက်တွင် ရွာအရှေ့ဘက် ချောင်းစောင်းတွင် (ချောင်းမြေဖြစ်၍ မည်သူမှ မပိုင်ပါ။ နေလိုသူ နေနိုင်ပါသည်။ သို့သော် မကြာခဏ ချောင်းရေစီးကြောင်း ပြောင်းလဲလေ့ရှိကာ ရေတိုက်စားပြီး ကမ်းပါးပြိုလေ့ရှိသဖြင့် နေမည့်သူ မရှိပါ။) တဲကြီးထိုး၍ နေထိုင်ပါသည်။

ကိုလူသည်လည်း အိမ်ထောင်သည် ဖြစ်သွားပြီဖြစ်၍ ကျောင်းသားတစ်ယောက်လျှင် ဆန်တစ်ပြည် ငွေတစ်မတ်နှုန်းဖြင့်ပင် (တစ်လတွက် ဖြစ်ပါသည်)လက်ခံ၍သင်ကြားပေးပါသည်။

ထိုအချိန်မှစ၍ ကလေးများကသာမဟုတ်တော့ဘဲ လူတိုင်းမှပင် ဆရာလူဟု ပြောင်းလဲ ခေါ်ဝေါ်လာကြပြီ ဖြစ်ပါသည်။ ချောင်းစောင်းတွင် အိမ်ဆောက်မည်ဟု ပြင်ဆင်လျက် ရှိစဉ် လူများက . . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာလူ ကျုပ်တို့ အိမ်ဝိုင်းတွေ ကျယ်ပါတယ်၊ လာဆောက်လှည့်ပါ၊ ဒီနေရာက ချောင်းရေတက်လာရင် စိတ်မချရဘူး"ဟု ဆိုကြလျှင် . . .

"အဲဒီအတွက် မပူကြပါနဲ့၊ ကျုပ်မှာ နည်းလမ်းရှိပါတယ်၊ ချောင်းရေကို ကြောက်ရပါဘူး၊ ဒီရွာမှာ ဒီထက်ကောင်းတဲ့နေရာ မရှိဘူး၊ ဒီနေရာက လေကောင်းလေသန့်ရတယ်၊ ရေလဲ နီးတယ်၊ ဒီထက်အဆင်ပြေတာ ဘယ်နေရာရှိမှာလဲ၊ ကြက်မွေးလို့လဲ ရတယ်၊ ဘဲမွေးလို့လဲ ရတယ်" ဟု ပြန်လည်ပြောကြားလျှင် ရွာသားတို့သည် ဆရာလူအား ဘာမျှ ထပ်၍ မပြောကြတော့သော်လည်း ကွယ်ရာတွင်မူ . . .

"ဆရာလူ ဒီချောင်းအကြောင်း မသိသေးလို့ ပေါ့သေးသေးထင်နေတာ၊ မိုးရာသီရောက်ရင် သိပါလိမ့်မယ်၊ မိုးစပ်တောင်မှာ မိုးညို့လို့ကတော့ ချောင်းထဲ မြင်းဖြတ်ပြေးတောင် မလွတ်ဘူး၊ ချောင်းရေစီးကြောင်းက တစ်နှစ်တစ်ခါ ပြောင်းနေတာ ဆရာလူ တဲကြီးတော့ ဘယ်နေ့ ချောင်းရေထဲပါသွားတယ် ကြားရမလားပေါ့"

"ဟုတ်တယ်ဟေ့၊ မိုးတွင်းရောက်လို့ကတော့ တို့ကလေးတွေ ကျောင်းမထည့်ရဲပေါင်ကွာ" ဟု အချင်းချင်း အပြန်အလှန် ပြောကြသည်။

ဆရာလူသည် ၎င်း၏ နေအိမ်အထက် ချောင်းကွေ့မှစ၍ ၎င်း၏ နေအိမ်အောက်ဘက်နားထိ ကျူပင်များကို ချောင်းစပ်တစ်လျှောက် လိုက်၍စိုက်ပါသည်။ ရေစပ်ဖြစ်၍ ကျူပင်များမှာ မြစ်ထွန်းကြီးထွားလွယ်လှရာ မိုးရာသီမတိုင်မီမှာပင် ကျူရုံကြီးများဖြစ်လာပါသည်။

ထိုနှစ်က မိုးရာသီချောင်းရေကျချိန်တွင် တောင်ကျရေတို့သည် အမှိုက်များ၊ ဒိုက်များဖြင့် တစ်ဟုန်ထိုး စီးဆင်းရာတွင် ပထမရေဦးသည် ကျူရုံများကိုရိုက်သော်လည်း အမှိုက်နှင့် ဒိုက်တို့သည် ကျူရုံများတွင် ကပ်ငြိ၍ ချောင်းကျရေတွင်ပါလာသော သဲနှင့်နုန်းတို့သည် ထိုဒိုက်များတွင် ထပ်၍တင်ပြန်လေရာ ပထမတစ်ရေမှာပင် ထိုနေရာ၌ ကန်သင်းဖို့သကဲ့သို့ ဖြစ်သွား၍ ရေများကျော်မလာတော့ဘဲ ရှိပါသည်။ ထိုနှစ်မိုးတွင်းကုန်သည်နှင့် ထိုနေရာသည် တာအောင်သဖွယ် ဖြစ်သွားပါသည်။

ထို့ကြောင့် ထိုနေရာကို ရေတိုက်စားလျှင် ကမ်းပါးပြိုရန် အကြောင်းမရှိတော့ပါ။ ထိုအခါ ရွာသားများက. . .

"တော်တော် ဉာဏ်ကောင်းတဲ့ ဆရာလူပဲ၊ ငါတို့ဖြင့် တစ်သက်လုံး နေလာကြတာ ကမ်းပါးပြိုတာကို မကာကွယ်နိုင်ကြဘူး၊ တော်လိုက်တဲ့ ဆရာလူ" ဟု ချီးမွမ်းကြပါသည်။

ဆရာလူ၏ ကျောင်းဖွင့်သည်နှင့် အနောက်မြိုင်သာယာမှ ကျောင်းသား၊ ကျောင်းသူများ မြိုင်သာယာနှင့် နီးသောအောက်ရိုး၊ ထနောင်းပင်စသော ရွာများမှပင် ဆရာလူ၏ ကျောင်းသို့ အပ်နှံကြ၍ ကျောင်းသား ဦးရေများပြားကာ ပျော်စရာကောင်းသည်၊ စာတတ်သည်၊ ဆရာလူက မရိုက်နှက်ပါဟူသော သတင်းများကြားရသောအခါကျွန်တော်တို့လည်း ဆရာလူ၏ကျောင်းသို့ ပြောင်းရွှေ့ နေလိုစိတ်များ ဖြစ်ပေါ်နေမိကြပါသည်။

ဆရာကြီးသိန်းသည် အရိုက်ကြမ်းလှသည့်အပြင် ဆရာကြီးကတော်ကိုလည်းကြောက်ရ၍ ကလေးသဘာဝဉ်ကျောင်းမှာ မနေလိုခြင်းလည်း ဖြစ်ပါသည်။

ထိုသို့ဖြင့် ဒုတိယတန်းနှစ်ကုန်ခါနီးသို့ရောက်ရှိချိန်တွင် မမျှော်လင့်ဘဲ ဆရာကြီးသိန်းသည် ရုတ်တရက် လေဖြတ်သွားပါသည်။

ထိုအခါ ကျောင်းပိတ်ရက်များကုန်ဆုံးခါနီးသည့်တိုင် ပြန်လည်ကျန်းမာလာခြင်းမရှိတော့ပါ။ ထိုအခါ ဆရာသိန်းသည် ကျောင်းသားမိဘများကို ခေါ်ယူ၍ မိမိသည် ယခုနှစ်တွင် စာသင်ကြားနိုင်ခြင်း ရှိမည် မဟုတ်တော့၍ ကလေးများကို ဆရာလူ၏ကျောင်းသို့ ပြောင်းရွှေ့အပ်နှံကြရန် ပြောကြားပါသည်။

ထို့ကြောင့်ပင် ကျွန်တော်တို့ ကျောင်းသားများအားလုံး ဆရာကြီးသိန်းကို ကျောင်းထွက်နှုတ်ဆက်သည့် အနေဖြင့် သွားရောက်ကန်တော့ကြပါသည်။ ထိုအခါ ဆရာကြီးသိန်းသည် လေဖြတ်ခံရသော ဝေဒနာကြောင့် စကားမပီသတော့ဘဲ ပါးစပ်ရွဲ့လျက် လျှာလေးအာလေးဖြင့် "ငါ့တပည့်တွေ ဉာဏ်ပညာ ထူးချွန်ထက်မြက်ကြပါစေ ကြီးပွားတိုးတက်ကြပါစေ"ဟု ဆုများပေးရာ ကျွန်တော်တို့အားလုံး ဝမ်းနည်းလွန်း၍ ငိုကြွေးမိကြပါသည်။

ယခုအချိန်တွင်သာ ဆရာကြီးသိန်း ပြန်လည် ကျန်းမာလာမည်ဆိုပါက ကျွန်တော်တို့သည် ဆရာလူ၏ ကျောင်းသို့ မပြောင်းလိုကြတော့ပါ။ ဆရာကြီးသိန်းကျောင်းမှာပင် ဆက်လက် နေလိုသော စိတ်များ ဖြစ်ပေါ်၍ နေမိကြပါသည်။

ထိုနေ့က အိမ်သို့ ပြန်လည်ရောက်ရှိလာသည့်တိုင် ကျွန်တော့်ရင်ထဲတွင် နာကျင်၍နေမိပါသည်။ ဆရာကြီးနှင့် ဆရာကတော်တို့ကို သနားလွန်းသောကြောင့် ဖြစ်ပါသည်။

ကျောင်းဖွင့်သည်နှင့် ကျွန်တော်တို့အားလုံး ဆရာလူ၏ ကျောင်းသို့ ရောက်ရှိသွားကြပါသည်။ အနောက်မြိုင်သာယာမှ သူငယ်ချင်းများနှင့် ပြန်လည်ဆုံတွေ့ရ၍ ပျော်ရွှင်မိပါသည်။

ကျောင်းတက်သည်နှင့် ဆရာလူ ရောက်ရှိလာပါသည်။

"မင်္ဂလာပါ ဆရာလူ"

"အေး မင်္ဂလာပါပဲကွာ၊ အေး မင်္ဂလာဆိုတာ ပါးစပ်ကတွင် ဆိုရုံနဲ့ တကယ့်မင်္ဂလာ မဖြစ်ဘူးကွ၊ မင်္ဂလာဖြစ်အောင်နေမှ မင်္ဂလာဖြစ်မယ်၊ မင်းတို့က ကျောင်းသားတွေဆိုတော့ မင်းတို့ရဲ့ မင်္ဂလာက စာတော်ရမယ်၊ စာတတ်ရမယ်၊ တော်အောင်တတ်အောင်





www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားရမယ်၊ ငါကတော့ ကျောင်းဆရာဆိုတော့ မင်းတို့ကို တတ်အောင် သင်ကြားပေးနိုင်ရမယ်၊ ဒါမှ မင်းတို့နဲ့ ငါနဲ့ နေ့စဉ် နှုတ်ဆက်တဲ့အခါ အပြန်တကယ့်မင်္ဂလာအစစ်နဲ့ မင်္ဂလာပါလို့ နှုတ်ဆက်နိုင်ကြမှာ။

အဲဒီတော့ မင်းတို့ အလုပ်က ဘာလဲ၊ မသိရင်မေးရမယ်၊ မတတ်ရင် သင်ရမယ်၊ သိပြီ တတ်ပြီဆိုရင် မမေ့မလျော့အောင် ကျွမ်းကျင်ပိုင်နိုင်အောင် အထပ်ထပ်အခါခါ ကျက်မှတ်လေ့ကျင့်ရမယ်ကွ၊ မင်းတို့ ငါကို ကြောက်ဖို့မလိုဘူး၊ မသိရင်မေး၊ မင်းတို့ ဘယ်လောက်မေးမေး ငါ စိတ်မဆိုးဘူး၊ မရိုက်ဘူး၊ မသိမှာမတတ်မှာကိုဘဲ မင်းတို့ ကြောက်ကြရမယ်၊ ကြားရဲ့လား"

"ကြားပါတယ် ဆရာလူ"

"ဒီနေ့တော့ ဒါလောက်ပဲ ပြောတော့မယ် စာသင်လိုက်ကြစို့" ဟူ၍ ဆရာလူမှ စကားစဖြတ်လိုက်ပါသည်။

ကျွန်တော်တို့အားလုံး ဆရာလူကို သဘောကျသွားကြသဖြင့် အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အဓိပ္ပာယ်ဖြင့် ပြုံးပြနေမိကြပါသည်။

ဆရာလူ စာသင်သည်မှာလည်း ရှင်းလင်း ပြတ်သားလှသည့်အပြင် စာသင်သည်နှင့်မတူပါ။ မရောက်ဖူးသော ဒေသတစ်ခုသို့ လေ့လာရေးခရီး ထွက်ကြရသကဲ့သို့ ငြီးငွေ့မှုမရှိ စိတ်ဝင်စားဖွယ်အတိ ဖြစ်ကြရတာ စာသင်ချိန် မည်သို့ကုန်ဆုံးလိုက်မှန်းပင် မသိလိုက်ကြရ။ ပျော်ရွှင်ဖွယ် ကောင်းလှသည့် အပြင် သင်ခန်းစာများကိုလည်း မပင်မပန်း ခေါင်းထဲတွင် စွဲသွားအောင် မှတ်မိ၍သွားပါသည်။

သို့သော် ဆရာလူ၏ အားနည်းချက်မှာ အရက်ကို ညနေတိုင်းသောက်တတ်ခြင်းဖြစ်၍ စာသင်ချိန်မှာပင် အရက်သောက်ထားသည်ဖြစ်ရာ ဣန္ဒြေပျက်အောင် မူးမနေသော်လည်း နှုတ်သွက်လျှာသွက် ရှိလှပါ၏။

ကျောင်းဆင်းချိန် ရောက်လျှင် "မင်္ဂလာပါ"ဟူ၍အပြန်အလှန်နှုတ်ဆက်ပြီးလျှင် "ကဲ၊ အားလုံးလိုက်ပို့ကြပေ့" ဟုဆိုကာ "ဆရာလူ ဆရာလူ အရက်သောက်တဲ့ ဆရာလူ၊ ဆရာလူ အရက်တွေမူး၊ ဘယ်သူကမှ မကြောက်ဘူး"

ထိုသို့ရှေ့မှ အသံနေအသံထားဖြင့် ချပေးပါသည်။ ကျွန်တော်တို့ ကျောင်းသားများက ဟိန်း၍နေအောင် သံပြိုင်လိုက်ကာ အော်၍ ဆိုကြပါသည်။ ငါးခေါက်မျှ ရှေ့မှချပေးပြီးနောက်တွင် ကျွန်တော်တို့ကို အလွတ်ဆိုစေပါသည်။

"ဆရာလူ ဆရာလူ အရက်သောက်တဲ့ ဆရာလူ၊ ဆရာလူ အရက်တွေမူး၊ ဘယ်သူကမှ မကြောက်ဘူး"

"ဟား ဟား ဟား ငါ့တပည့်တွေက တော်တယ်ဟေ့"

"ကဲ ဒါလောက်ဆိုရပါပြီကွာ၊ မင်းတို့ပြန်နိုင်ပါပြီ"

ဟုဆိုလျှင် ကျွန်တော်တို့သည် ဟေးခနဲ သံပြိုင်အော်ကြပြီး ခှောင်းထဲမှ အလုအယက် တိုးခွေ့တက် ကြသော အခါ . . .

"ဟေ့ ဟေ့ ကျောင်းသားတွေဆိုတာ ခြံထဲကနွားတွေထွက်သလို ပရမ်းပတာ မထွက်ရဘူးကွ၊ တစ်ယောက်ချင်း တန်းစီ ထွက်ကြရတယ်၊ ဒါမှ မင်္ဂလာရှိမှာပေ့"ဟု ပြောပါသည်။

ထိုနေ့မှစ၍ ကျွန်တော်တို့သည် ကျောင်းဆင်းလျှင် စနစ်တကျ တန်းစီ၍ ငြိမ်သက်စွာ ထွက် ခွာကြပါတော့သည်။

တစ်နေ့တွင် ကျွန်တော်တို့ ကျောင်းသားများကိုခေါ်၍ . . .

"ယောက်ျားလေးတွေ ဆိုတာ ဘောလုံးကန်တတ်ရတယ်ကွ၊ ဘောလုံးကန်တဲ့အခါ အားကစားစိတ်ဓာတ် မွေးကြရမယ်၊ တစ်ကိုယ်ကောင်း မဆန်ရဘူး၊ စည်းလုံးညီညွတ်ပြီး အားလုံး ကြိုးစားကြရင် အောင်မြင်မှု ရရှိမယ်" ဟုဆို၍ ဘောလုံးကန်နည်းကို စနစ်တကျ သင်ကြားပြသပေးပါသည်။

"တစ်ဖက်ပြိုင်ဘက် အသင်းကို မညစ်ရဘူး၊ မှန်တဲ့နည်းလမ်းနဲ့ အနိုင်ရအောင်ကြိုးစားရမယ်၊ အရည်အချင်းနဲ့ စွမ်းရည်ပြည့်ဝ သာလွန်နေကြရမယ်၊ ညစ်ပတ်ပြီး မသမာတဲ့နည်းနဲ့ အနိုင်ယူရင် တစ်ပွဲတစ်လေသာ အနိုင်ရလိမ့်မယ်၊ ပွဲကြည့်ပရိသတ်ရဲ့ အားပေးနဲ့ မေတ္တာကိုလဲ မရရှိနိုင်ဘူး၊ အရည်အချင်းနဲ့နိုင်မှာသာ အမြဲတမ်း အနိုင်ရလိမ့်မယ်" ဟု ဆုံးမပါသည်။

မကြာမီ မြို့င်သာယာ၏ ရွာ တောင်ဘက် ရွှေဘုံသာ ကျောင်း၏ အနောက်ဘက်တွင် ဘောလုံးကွင်းကြီး ဖော်ထုတ်ပါသည်။ ဆရာလူသည် လူငယ် လူရွယ်များကို နည်းပြအဖြစ် ဆောင်ရွက်တာ စိတ်ရှည်ရှည်သင်ကြား ပြသပေးပါသည်။

ထို့နောက် အရှေ့မြို့င်သာယာ တွင်လည်း ဘောလုံးအသင်း တည် ထောင်စေကာ လာရောက်ပြသပေး သည်။ မကြာမီ မြို့င်သာယာ တစ်နယ် လုံးရှိ ကျေးရွာများတွင်မှာပါ ဘောလုံး အသင်းများပေါ်ပေါက်၍ လာပါသည်

လူငယ်လူရွယ်ထု အကြားတွင် အားကစားစိတ်ဓာတ်များ နိုးကြားတ ကြွ၍လာပါသည်။ ဆရာလူ၏ စွမ်း ဆောင်မှုကြောင့် အရှေ့ မြို့င်သာယာ မြို့မ လူငယ်အသင်းဆိုလျှင် ငါန်း မြို့နယ် ပြိုင်ပွဲမှာပင် တက်ရောက်ဗိုလ် ခဲ့ရသည့်အပြင် ကိုနေဝင်း ဆိုလျှ (စစ်ကိုင်းတိုင်းဒေသကြီး) လက်ရွေး ဘောလုံးသမားအဆင့်အထိပင် တ လှမ်းနိုင်ခဲ့ကြပါသည်။

ဆရာလူ၏ ကျောင်းကို တ သည်မှာ ကျွန်တော်တို့ ပျော်ရွှင်ကြ သည်။ ဆရာလူသည် စာသင်ချိန်တွ စာသင်၊ ကစားချိန်မှာ ကစားပေ တစ်ခါတစ်ရံတွင် ကမ္ဘာ့သူရဲကောင်း နှင့် မြန်မာနိုင်ငံမှ သူရဲကောင်း အကြောင်းကို ပြောပြလေ့ရှိရာ တော်တို့မှာ နားထောင်၍မဝနိုင် ရှိကြရပါသည်။



လပြည့်ဝန်းမဂ္ဂဇင်း (ဖေ‌ဖော်ဘာလ၊ ၂၀

www.burmeseclassic.com

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းကို မကြာမကြာ ပြောလေ့ရှိပြီး ထိုသို့ပြောသည့်အခါတိုင်း "ဗိုလ်ချုပ်အောင်ဆန်းရဲ့အကြောင်းကို မကြာမကြာ ပြောရတာက ဗိုလ်ချုပ်အောင်ဆန်းဟာ မင်းတို့ရဲ့ ခေတ်နဲ့ အနီးဆုံးဆိုတော့၊ မင်းတို့မျက်စိထဲမှာ ထင်လွယ်၊ မြင်လွယ်မယ်၊ ပြီးတော့ ပုံပြင်မဆန်ဘူး၊ မင်းတို့ အတုယူစရာတွေ အများကြီးရှိနိုင်တယ်"ဟု ပြောပါသည်။

ဆရာလူသည် ငွေရေးကြေးနဲ့ ရေးကို အမိက မထားပါ။ ကျောင်းလခတို ဆန်တစ်ပြည် ငွေတစ်မတ်သာ သတ်မှတ်ထားရှိသော်လည်း မည်သူ့ကိုမျှ လခနှင့် ပတ်သက်၍ ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ ထိုအကြောင်းအရာနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြောပါ။

ဇနီးမနီကိုလည်း မပြောစေရပါ။ အရှေ့ရွာမှ ပြောင်းလာသော ကျောင်းသားဟောင်းများနှင့် ကျောင်းသားသစ်များ၏ လစာများကို ဆရာလူမှ လက်ခံပါ။ဆရာကြီးသိန်းထံသို့သာ ကျောင်းသားမိဘများ ကိုယ်တိုင် သွားရောက်ပေးပို့စေပါသည်။

ထိုအခါ ရွာသားများက . .

"ဆရာကြီးသိန်းတော့ လေဖြတ်ပြီး စာမသင်နိုင်တော့လို့ စားရေးတော့ ဒုက္ခရောက်ပြီ ထင်ထားတာ တော်ပါသေးရဲ့၊ အခုတော့ ကိုယ်တိုင်ကျောင်းဖွင့်တုန်းကထက်တောင် ပိုရသေး"ဟု ပြောကြပါသည်။

ကျွန်တော်တို့လည်း ကျောင်းသွားရသည်မှာ ပျော်ရွှင်ပါသည်။ အရှေ့မြို့သာယာသည် ကုန်းမြင့်ထက်တွင် ရှိ၍ ချောင်းဆင်းကမ်းပါးနေရာများတွင် ခင်တရွတ်တွန်း၍ လျှောစီးရသည်မှာလည်း ပျော်စရာကောင်းလှသကဲ့သို့ ချောင်းရိုး သဲသောင်ပြင်ကျယ်ကျယ်ကြီးတွင် ပြေးလွှားဆော့ကစားခြင်း ကျွမ်းထိုးခြင်း၊ သဲအစိုများဖြင့် အိမ်ဆောက်တမ်းကစားခြင်းတို့မှာလည်း ပျော်စရာကောင်းလှပါသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့သည် လူစုခွဲ၍ သဲအိုးများကို လုံး၍ပစ်ပေါက်ကာ သဲစစ်တိုက်တမ်း ကစားကြပါသည်။ ထိုအခါ သဲမြို့ရိုးများ၊ သဲကတုတ်ကျင်းများပြုလုပ်၍ ကစားကြပါသည်။ ပျော်စရာကောင်းလှပါ၏။ ထို့နောက် ကျွန်တော်တို့သည် ချောင်းထဲတွင် ရေချိုးပြီးမှ အိမ်ပြန်ကြပါသည်။ ကျောင်းဆင်းချိန်တိုင်း ကျွန်တော်တို့သည် သဲသောင်ပြင်တွင် ဆော့ကစားပြီးမှ ပြန်သည်ကို ဆရာလူ သိရှိသည်ဖြစ်၍ . . .

"ကျောင်းသား အကြီးတွေက အငယ်တွေကို ညှာတာပြီး ကူညီကြ၊ အိမ်အပြန် မိုးမချုပ်ကြစေနဲ့ ကျောင်းသားငယ်တွေကို စုခေါ်၊ လူစုံမှ တစ်စုတစ်ဝေးတည်း ပြန်ကြ၊ကျောင်းသားကြီးတွေက နောက်ဆုံးက လိုက်ကြ" ဟု ဆုံးမပါသည်။

ဤသို့ဖြင့် တစ်မိုးကုန်ဆုံး၍ ဆောင်းဦးသို့ ရောက်ရှိလာပါသည်။ ထိုနေ့က ဆရာလူသည် ရွာသားလေးငါးဦးခန့်နှင့် စကားပြောလျက်ရှိပါသည်။ ဆရာလူမှ ကျွန်တော်နှင့် နှာနီကျော်သန်းကို စာအုပ်စင်ရှင်းလင်းရန် ခိုင်းစေထားသဖြင့် ဆရာလူ၏ စကားသံများကို ကြားသိနေရခြင်း ဖြစ်ပါသည်။

"ဒီကနေ့ ခင်ဗျားတို့ကို ခေါ်ရတာကတော့ ဒီသဲသောင်ပြင်ကြီးကနေ ငွေရအောင် လုပ်ဖို့ရာ ပြောပြမလို့"

"ဆရာလူက ဘယ်လိုလုပ်မှာတုံးဗျ"

"ဒီအပေါ်မှာ ကြက်သွန်၊ မုန်ညှင်း၊ ပန်းမုန်လာ၊ နံနံ၊ ငရုတ်စိုက်မယ်လေဗျာ"

"ဟာ, မဖြစ်နိုင်တာဗျာ၊ ဘယ်လိုမြေဆီ မြေသြဇာမှ မရှိတဲ့ သဲထဲမှာ ဘယ်လိုလုပ် အပင်ပေါက်နိုင်မှာလဲဗျ" ဟု ရွာသားများက ပြောပြောဆိုဆို ရယ်မောကြပါသည်။

ထိုအခါ ဆရာလူက အသေးစိတ်ရှင်းပြပါသည်။ သို့သော် ရွာသားများသည် ခေါင်းညိတ်လက်ခံလိုက်ကြသော်လည်း ဘဝင်ကျဟန်မတူပါ။

အပြန်တွင် . . .

"ဆရာလူ ကျန်တဲ့နေရာတော့ တော်ပါတယ်ကွာ၊ ကိုင်းတောင်သူ လုပ်ငန်းတော့ ဘာနားလည်မှာတုံးကွ"

"ဟုတ်တယ်ကွ၊ သူပြောသလိုသာ သဲပြင်ပေါ်မှာ စိုက်လို့ ရမယ်ဆိုရင် ရှေးကတည်းက စိုက်ခဲ့ကြမှာပေါ့ကွာ"

"ဘယ်တုံးကမှ ဘယ်သူမှမလုပ်ခဲ့တာ၊ ငါတို့ကိုတော့ အရူးထင်ကြတော့မှာပဲ" ဟု ပြောဆိုသွားကြပါသည်။

သို့သော် ရွာသားတို့သည် ဆရာလူကို မလွန်ဆန်လိုသဖြင့် နောက်တစ်နေ့တွင် လှည်း ၄-၅စီးဖြင့် တစ်နေကုန် နောက်ချေးများတိုက်၍ သောင်ပြင်ပေါ်တွင် လေးကွက်ကျားပုံကြပါသည်။

နောက်တစ်နေ့တွင် ထွန်များဖြင့် သောင်ပြင်ပေါ်မောင်းကြပါသည်။သဲပြင်ပေါ်မှာ ထွန်ရခြင်းဖြစ်၍ နွားများလည်း မပင်ပန်း၊ လွယ်ကူလှပါ၏။

ထို့နောက် သောင်ပြင်၏ထောင့်များတွင် လက်ယက်တွင်းများ တူးစေပါသည်။ ထို့နောက်ဘောင်များ လေးကွက်ညီဖော်စေပါသည်။ သဲပေါ်တွင်ဖြစ်၍ ရေတွင်းတူးခြင်း၊ ဘောင်ဖော်ခြင်း တို့မှာလည်း လွယ်ကူလျင်မြန်စွာပင် ပြီးစီးသွားပါသည်။

သို့သော် ရေတွင်းမှာမူ သဲများဖြစ်၍ ပြိုလွယ်သောကြောင့် တောင်ဝါးများဖြင့် ခွေရက်လုပ်၍ ချစေပါသည်။ ကျွန်တော်တို့ဒေသတွင် တောင်ရိုးဝါးများ ပေါများလှသဖြင့် အဆင်ပြေလှပါသည်။ ရေတွင်းများတွင် မောင်းများပါဆင်လိုက်သဖြင့် ရေငင်ရသည်မှာလည်း လွယ်ကူလှပါသည်။

တစ်ပတ်ခန့် ဘောင်လိုင်းများ၊ အကြား မြောင်းများအတွင်းသို့ရေငင်၍ လောင်းစေ၍ တစ်နေရာတွင် ပျိုးခင်းပြုလုပ်ထားရှိစေလိုက်ပါသည်။ မကြာမီ ပျိုးခင်းများ ညို့၍ တက်လာပါသည်။ ပျိုးသက် တစ်လခန့်တွင် ဘောင်များ

www.burmeseclassic.com

ပေါ်၌ ကြီးတန်း၍ စိုက်ပျိုးစေပါသည်။ မကြာမကြာ လိုင်းများအတွင်းသို့ ရေသွင်းစေပါသည်။ သဲများဖြစ်၍ ဘောင်များပေါ် ရေလိုက်၍ လောင်းစရာမလိုပါ။ အောက်ခြေမှာ ရေသွင်းလိုက်သည်နှင့် သဲများမှ စုပ်ယူသဖြင့် ဘောင်များအားလုံး အစိုဓာတ်လွှမ်းသွားပါသည်။ ကြက်သွန်ပင်များသည် ကြီးထွားနူန်းလျှင်မြန်လှပါ၏။ မျက်စိအောက်မှာပင် တစ်နေ့တခြား တရိပ်ရိပ်တက်၍လာပါသည်။

ကျွန်တော်တို့သည် ကြက်သွန်ပင်များကို မမြင်ဖူးသဖြင့် အထူးအဆန်းဖြစ်ကာ ကြည့်မဝနိုင်အောင်ရှိပါသည်။

ဖူးတံများထွက်၍ အပွင့်များပွင့်လာသောအခါ ပို၍လှပါသည်။ ထိုအခါ ရွာသူရွာသားတို့သည်လည်း ကြက်သွန်ခင်းကို လာရောက်ဝိုင်းဝန်းကြည့်ရှုကြကာ အံ့သြမဆုံး ဖြစ်နေကြပါသည်။

"ဖိုးနီနဲ့ ဘိုသိုးတို့တော့ ပွပြီဟေ့"

"မယုံတစ်ဝက် ယုံတစ်ဝက်၊ မစိုက်ချင် စိုက်ချင်နဲ့ ဆရာလူကို အားနာလို့ စိုက်ရတဲ့ ကောင်တွေ အခုတော့ လေချွန်(ပျော်ရွှင်)နေကြပြီ၊ ငါတို့လဲ လာမယ့်နှစ်စိုက်မှပဲ၊ တစ်ခဏကလေးနဲ့ ငွေရလွယ်လိုက်တာ ဒီကောင်တွေ မယားတွေတော့ နားတောင်းဆင်နိုင်ပြီ" ဟူ၍ တစ်ယောက်တစ်မျိုးပြောဆိုကြပါသည်။

အရှေ့မြိုင်သာယာမှ လူများလည်း လာရောက်ကြည့်ရှု၍ အားကျနေကြပါသည်။

ကြက်သွန်များ တူးဖော်ချိန်၌ အထွက်နှုန်းကောင်းလှသဖြင့် လှည်းပေါ်တွင် ရိုင်(ဖျာရှည်)များပတ်၍ တင်ကြရပါသည်။ ကြက်သွန်စိုက်သူများက ဆရာလူအား ကျေးဇူးတင်လှသဖြင့် ကြက်သွန်ဥများ ပေးကြရာ ဆရာလူသည် ကျွန်တော်တို့ ကျောင်းသားများအား ကြီးငယ်မဟူ အညီအမျှခွဲပေးရာ ကျောင်းသားတစ်ဦးလျှင် တစ်ပိဿာခန့်ပင် ရရှိကြပါသည်။

ဤသို့ဖြင့် တစ်နှစ်တစ်ရာသီ ကုန်ဆုံး၍ တစ်ဆောင်းသစ်လာခဲ့ပြန်ပါသည်။ ထိုအချိန်မှာပင် သောင်လုပွဲများစတင်ပေါ်ပေါက်လာပါတော့သည်။

ချောင်း ရေစီးကြောင်းသည်လည်း တစ်နှစ်တစ်ကြိမ်ပြောင်းလဲလျက်ရှိရာ အရှေ့မြိုင်သာယာ၏ နယ်နိမိတ်ကို ရေပြင်ဖြင့် ရှေးယခင်ကတည်းက သတ်မှတ်ခဲ့ကြသော်လည်း ထိုစဉ်က အသုံးမဝင်သော သဲသောင်ပြင်များဖြစ်၍ မည်သူကမျှ အလိုမရှိကြသဖြင့် မည်သည့်ပြဿနာမျှ မပေါ်ပေါက်ခဲ့သော်လည်း ယခုမူ သဲသောင်ပြင်များသည် တန်ဖိုးရှိသော ကြက်သွန်စိုက်ပျိုးမြေများဖြစ်လာ၍ ယာသမားတိုင်းက အလိုရှိလျက်နေရာ ရေစီးကြောင်းပြောင်းလဲခြင်းကို လက်မခံကြတော့ဘဲ သူ့ရွာဘက်က ငါ့ရွာဘက်ကဟူ၍ အငြင်းပွားကာ ပဋိပက္ခ အသွင်ဆောင်လာပြီး နောက်ဆုံးတွင် အခြေအနေတင်းမာလာကာ ရိုက်ပွဲများ ဖြစ်ပွားသည်အထိ ဆိုးရွား၍လာပါတော့သည်။

လူကြီးချင်း ရွာချင်းဖြစ်ကြသောအခါ ထိုရန်ပွဲသည် ကျွန်တော်တို့ ကလေးများထံသို့ပါ ကူးစက်လာ၍ ကျွန်တော်တို့ကျောင်းသားများပါ စိတ်ဝမ်းကွဲ လာရပြီး ကျောင်းပိတ်လိုက်ရသည်အထိ ဖြစ်လာပါသည်။ လူကျူးလူရိုက်၊ ခွေးကျူးခွေးရိုက်ဟု မြိုင်သာယာ နှစ်ရွာသည်အရှေ့နှင့်အနောက်ဆန့်ကျင်ဘက်လုံးလုံး ဖြစ်သွားခဲ့ရပါတော့သည်။

ဆရာလူသည်လည်း ရွာနှစ်ရွာမှ လူကြီးများကို သွားရောက်တွေ့ဆုံ၍ ရှင်းပြားစေ့ပေးသော်လည်း စေ့စပ်ပြန်ဖြေ၍မရသဖြင့် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းလျက် ရှိပါ၏။

"ခင်ဗျားတို့ သူ့ဘက်ကိုယ့်ဘက် ခွဲမနေကြပါနဲ့ ချောင်းရိုးတစ်ရိုးလုံး ရွာနှစ်ရွာ တစ်နှစ်စီ အလှည့်ကျ လုပ်ကြပါ" ဟု ပြော၍လည်း မရ။

"နှစ်ရွာ စုပေါင်းပြီး လုပ်ကြပါ၊ ပြီးမှ အညီအမျှခွဲဝေယူကြပါ" ဟုဆိုသော်လည်း မရသဖြင့် နောက်ဆုံးတွင် "ခင်ဗျားတို့ သားသမီးတွေရဲ့ ပညာရေးကို ငဲ့ကြပါ"ဟု ဆိုသော်လည်း လက်မခံကြသဖြင့် ဆရာလူ လက်မှိုင်ချရပါတော့သည်။

ကျွန်တော်တို့လည်း ကျောင်းမသွားရသဖြင့် ပျင်းရိလျက်ရှိပါသည်။ ထိုအချိန်မှာပင် ရွာနှစ်ရွာလုံးတွင် အဖျားအနာများ ထူပြောလာကြပြီး အသေအပျောက်များရှိလာရာ လူတို့ထိတ်လန့်တုန်လှုပ်စပြုလာကြပါ၏။

နှစ်ရွာတစ်ရွာအဖြစ် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရာ ကျွန်တော့်ဦးကြီးဦးကံအေးဆိုလျှင် အနောက်ရွာသူဒေါ်အေးကြွယ်နှင့် အကြောင်းပါလျက်ရှိသည့်နည်းတူ၊ ထိုကဲ့သို့ အရှေ့ရွာအနောက်ရွာ အပြန်အလှန် အကြောင်းပါသူများလည်း ရှိနေရာ ဆွေမျိုးသားချင်းများရှိနေကြသော်လည်း သောင်လုသောပဋိပက္ခကြောင့် သာရေး၊ နာရေးရှိသော်မှ မသွားရဲ မလာရဲ ဖြစ်နေကြရကာ အခက်တွေ့လျက်နေကြရပါသည်။

ထိုအချိန်မှာပင် ရွာနှစ်ရွာ၏ မြောက်ဘက်ချောင်းရိုးတစ်ဖက်တစ်ချက်စီတွင်ရှိသော သချိုင်းများအတွင်းမှ ထူးဆန်းကြောက်မက်ဖွယ်များ ပေါ်ပေါက်၍လာပါသည်။

ထိုအရာသည်ကား သချိုင်းများအနီး ချောင်းရိုး တစ်ဖက်တစ်ချက်စီမှ လ,သာသော ညများတွင် မီးလုံးကြီးများထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

"အဲဒါ သရဲမီးပဲ "

"ဒါကြောင့် ရွာသားတွေနာဖျားပြီး သေကျေပျက်စီးနေကြရတာ"ဟု လူကြီးများက ပြောပါသည်။

ကျွန်တော်တို့ ကလေးများဆိုလျှင် ညအခါ အိမ်ပြင်သို့ပင် မထွက်ရဲကြပါ။ ကြောက်ရွံ့ထိတ်လန့်၍ နေကြရပါသည်။

ရွာမှ လူများက နတ်ကတော်အမေသိန်းကို သွားရောက်မေးမြန်းသောအခါ ခေါ်စာပစ်ကြရမည်ဟု ပြော





www.burmeseclassic.com

www.burmeseclassic.com

သဖြင့် တစ်ရွာလုံးတစ်အိမ်မကျန် နေဝင်မိုးချုပ်တွင် ရွာအနောက်စီးရိုးအပြင်သို့ ခေါစာများ သွား၍ ပစ်ကြပါသည်။ သို့သော် သရဲမီးများကကွယ်ပျောက်မသွားပါ။ ညတိုင်း လသာသာ၌ ပေါ်ပေါက်လျက်ပင် ရှိနေပါသေးသည်။

နောက်ဆုံးတွင် တောရွာသားတို့သည် ကြံရာမရဘဲ အစစအရာရာ ဗဟုသုတပြည့်စုံနှံ့စပ်သော ဆရာလူထံသို့ သွားရောက် မေးမြန်းကြရပါတော့သည်။

"ခင်ဗျားတို့ ကျုပ်ပြောတာကို ယုံကြည်မယ်၊ လိုက်နာမယ်ဆိုရင် ဒီအကြောင်းအရာရဲ့ အဖြစ်မှန်ကို ပြောပြမယ်၊ နို့မို့ရင်တော့ ကျုပ်လဲ လေကုန်အာညောင်းပဲ ရှိမှာမို့ မပြောတော့ပါဘူး" ဟု ဈေးကိုင်တောင်းဆိုလိုက်ပါသည်။

"ဆရာလူ ပြောတာ လိုက်နာပါ့မယ်"ဟု ရွာသားများက ဝိုင်း၍ ဝန်ခံကတိပြုကြပါသည်။

ထိုအခါမှ ဆရာလူသည် လေးနက်တည်ငြိမ်စွာဖြင့် . . .

"တကယ်တော့ ညညမှာ မြင်တွေ့နေရတဲ့ မီးလုံးတွေဟာ သရဲမီး မဟုတ်ဘူးဗျ၊ ချောင်းစောင့်နတ်က မြိုင်သာယာ နှစ်ရွာ မညီညွတ် မသင့်မတင့် ဖြစ်နေကြလို့ စိတ်ဆိုးနေတာ၊ အဲဒါကို သိအောင်လို့ မီးလုံးတွေ ပြနေတာ"

ထိုအခါ ရွာသားများမှာ . . .

"ဒါဆိုရင် ချောင်းစောင့်နတ်ကြီး ကျေနပ်သွားအောင် စိတ်ပြေအောင် ဘာတွေ တင်,ရ သ,ရမယ်ဆိုတာ မေးပေးပါဦး ဘာမဆိုတင်ပါ့မယ်"ဟု ဆိုကြလျှင် . . .

"အဲဒါတွေ ဘာမှ မလိုအပ်ဘူး၊ ချောင်းစောင့်နတ်ကြီး မြင်လိုတွေ့လိုတာက ခင်ဗျားတို့ မြိုင်သာယာ နှစ်ရွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြတာကိုပဲ တွေ့မြင်ချင်တာ၊ အဲဒါဆိုရင် ချောင်းစောင့်တဲ့ နတ်မင်းကြီးက ခင်ဗျားတို့ နှစ်ရွာလုံးကို စောင့်ရှောက်ပါလိမ့်မယ်၊ ကဲ, ခင်ဗျားတို့မေးလို့ ကျုပ်ကတော့ ဖြေပြီးပြီ၊ လိုက်နာတာ မလိုက်နာတာကတော့ ခင်ဗျားတို့ အပိုင်းပဲ၊ ခင်ဗျားတို့လဲ အချိန်ရှိတုန်း ပြန်ပြီး တိုင်ပင်ချေကြ၊ သွားကြတော့" ဟူ၍ ဆရာလူမှ ရွာသားများကို ပြန်လွှတ်လိုက်ပါသည်။

ထိုအကြောင်းအရာသည် ရွာနှစ်ရွာအတွင်းသို့ တစ်မုဟုတ်ချင်းပျံ့နှံ့သွားပါသည်။



"ဒါဖြစ်နိုင်တယ်၊ မြတ်စွာဘုရားလက်ထက်တုန်းကတောင် ဆွေတော်မျိုးတော်တွေ အချင်းချင်း နှစ်နိုင်ငံ ရေလုတဲ့ ပြဿနာနဲ့ စစ်ခင်းမလို ဖြစ်ခဲ့ကြသေးတာပဲ။

တကယ်ဆို ခါးလယ်က ချောင်းဖြတ်စီးနေလို့သာ နှစ်ရွာ ဖြစ်နေရတာ အမှန်တော့ တစ်ရွာတည်းပါပဲ၊ ဆရာလူ ပြောသလို ငါတို့တစ်တွေ သင့်သင့်တင့်တင့် နေကြရင်ကောင်းမယ်၊ အခု တို့တစ်တွေ မသင့်တင့်ကြတော့ ကျောင်းသားတွေလဲ နစ်နာတယ်၊ ရွာသူရွာသားတွေလဲ စိတ်ဆင်းရဲနေကြရတယ်" ဟု ဦးကြီးရိုစိန်မှ ပြောပါသည်။

ညနေပိုင်းတွင် အရှေ့ရွာသူကြီး ဘကြီးအောင်ကြီးနှင့် အနောက်ရွာသူကြီး ဦးချစ်ဆွေတို့ တွေ့ဆုံ ဆွေးနွေးကြပါသည်။

သောင်ပြင် အရှေ့ကိစ္စကို တိုင်ပင်ဆွေးနွေးကြပြီ။

"ကျုပ်တို့ဘက်က မှားခဲ့တာတွေ လွန်ခဲ့တာတွေအတွက် တစ်ရွာလုံးကိုယ်စား ကျုပ်ကပဲ တောင်းပန်ပါတယ် သူကြီး"

"ကျုပ်တို့ရွာဘက်က ပဲ မှားခဲ့တာပါဘဲဗျာ၊ အဲဒီအတွက် အားလုံးရဲ့ ကိုယ်စား ကျုပ်ကလဲ ပြန်တောင်းပန်ပါတယ်၊ ကျုပ်တို့ဘက်က ကျေအေး ပါတယ်"

"ကျုပ်တို့တွေဘက်ကလဲ ကျေအေးပါတယ်ဗျာ၊ ဘယ်လိုမှ မအောက်မေ့ပါဘူး" ဟု အပြန်အလှန် ပြောကြားပါသည်။

"ဒါဆိုလဲ ရာသီရှိတုန်း မနက်ဖြန် ရွာ နှစ်ရွာ ပေါင်းစည်းပြီး စုပေါင်းထွန်ယက်ကြတာပေါ့၊ ဒီနှစ်ထွက်သမျှ ကြက်သွန်တွေကိုလဲ ဆရာလူ စာသင်ခန်း တိုးချဲ့ဖို့ လှူလိုက်ကြရအောင်လား၊ ဘယ်လို သဘောရသလဲ" ဟူ၍ သူကြီး ဦးချစ်ဆွေမှ ပြောပါသည်။ အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာ သူကြီးနှစ်ဦး၏ ဆွေးနွေးပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။

ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့၍ ရွာနှစ်ရွာလုံး ဝမ်းသာပျော်ရွှင်လျက်ရှိကြပါသည်။

တစ်လခန့်မျှ အကူးအသန်းပြတ်တောက်ခဲ့ရသော ရွာနှစ်ရွာသည် သူကြီးနှစ်ဦး၏ တွေ့ဆုံပွဲပြီးသည်နှင့် အတိုးချ၍ ကူးကြ သန်းကြ မေးကြ





www.burmeseclassic.com

www.burmeseclassic.com

မြန်းကြနှင့် စိုပြည်သက်ဝင်၍ လာပါတော့သည်။

မနက်ဖြန်တွင် ကျောင်းလည်း ဖွင့်လှစ်တော့မည်ဆို၍ ကျွန်တော်တို့လည်း ပျော်ရွှင်နေကြပါသည်။ ညနေပိုင်းတွင် သူကြီးသည် မောင်းထု၍ . . .

"ရွာသားများကို စုဝေးစေပြီး မနက်ဖြန် လှည်းနွားရှိသော အိမ်ထောင်စုများက လှည်း၊ နွား၊ ထွန်၊ နောက်ချေးများ ယူဆောင်ခဲ့ကြရမည်။ လှည်းနွားမရှိသူများက ဓား၊ ပေါက်ပြား၊ တောင်းများယူဆောင်၍ လာကြရမည်။ သူကြီးအိမ်ရှေ့လမ်းတွင် စုဝေးစေပြီးမှ ချောင်းထဲသို့ သွားကြရမည်"ဟုပြောကြားပါသည်။

နံနက်အစောကြီး ရွာတောင်ဖျား ဦးသာဂျမ်းအိမ်မှ ဓာတ်စက်ဖွင့်သံကြားရပါသည်။ တစ်ရွာလုံးနိုးထလာ၍ ခေါ်သံ၊ အော်သံ၊ မေးသံ၊ ထူးသံ၊ ပြောသံ၊ ဆိုသံတို့ဖြင့် ဆူညံ၍လာပါသည်။

ကျွန်တော်တို့လည်း ကျောင်းမတက်ရသည်မှာ ကြာပြီ ဖြစ်သောကြောင့် ဤယနေ့တွင် ပထမဦးဆုံး ကျောင်းတက်ကြရမည်ဖြစ်ရာ နိုးကြားတက်ကြွ၍ နေကြပါသည်။

ခါတိုင်းနေ့ထက် စောစောစီးစီးပင် ကျွန်တော်တို့အားလုံး မတိုင်ပင်ကြရဘဲ အိမ်မှထွက်လာခဲ့ကြပါတော့သည်။

ချောင်းရိုးအတွင်းသို့ မရောက်မီမှာပင် ချောင်းရိုးအတွင်းမှ လူသံများ ဆူညံစွာ ထွက်ပေါ်၍နေသည်ကို ကြားနေကြရပါသည်။

သောင်ခုံများတွင် လူများဖွေးလျက်ရှိပါသည်။ အချို့ကလည်း တေးသီချင်းများ သီဆိုလျက်ရှိကြပြီး နောက်ချေးချသည့် လှည်းကချ၊ ထွန်သူများကထွန်၊ ရေတွင်းတူးသူက တူး၊ ခွေရက်သူကရက်၊ ဘောင်ဖော်သူများက ဖော်၍ ပျော်ရွှင်စွာလုပ်အားပေးနေကြသည်မှာ ကြည်နူးဖွယ် ကောင်းလှပါသည်။

ချောင်းရိုးတွင်း သနပ်ပင်တွင် လော်စပီကာကြီးချိတ်၍ ဦးသာဂျမ်း၏ ဓာတ်စက်မှ ပြည်လှဖေ၏ နတ်သျှင်နောင် သီချင်းကို ဖွင့်လျက်ရှိပါသည်။

ကျောင်းသို့ ရောက်သောအခါ အနောက်ရွာမှ ကျောင်းသား ကျောင်းသူများလည်း ကျွန်တော်တို့ကဲ့သို့ ဝီရိယထားကာ ရောက်နှင့်နေသည်ကို တွေ့ရပါသည်။ လူကြီးချင်း ပြေလည်သွားကြပြီဖြစ်ရာ ကျွန်တော်တို့ ကလေးများ အဖို့ရာမူ ဆိုဖွယ်ရာ မရှိပါပြီ။

"ဟေး . . . သူငယ်ချင်းတို့"

ကျွန်တော်က အနောက် ရွာသားများကို ဝမ်းသာအားရ နှုတ်ဆက်လိုက်ရာ . . .

"ဟာ, အေးမင်းစံကြီး မတွေ့ရတာကြာပြီ ဝမ်းသာလိုက်တာ၊ ဘောလုံးမကန်ရတာ ကြာပြီဟေ့" ဟုပြောကြပါသည်။

ကျွန်တော်တို့ ချောင်းကလေးမှာ သောင်ပြင်တွင် လုပ်အားပေးနေကြသူများကို အပေါ်စီးမှ လှမ်းမြင်နေရပါသည်။ အရှေ့ရွာ၊ အနောက်ရွာ ကာလသားများ၊ အပျိုမလေးများပါဝင်ကြရာ အချင်းချင်း အပြန်အလှန် နောက်ပြောင်ကျီစယ်လျက် ပျော်ရွှင်၍နေကြပါ၏။ နေမွန်းတည့်ချိန်တွင် အသံချဲ့စက်မှ "အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာမှ လုပ်အားပေး ရွာသူရွာသားများခင်ဗျား၊ ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်များ စားသုံးရင်း အနားယူကြပါရန် ကြေညာအပ်ပါတယ်" ဟု ဘကြီးကျော်အေးမှ ကြေညာပါသည်။ ထိုအခါ လုပ်အားပေးနေကြသူများသည် ၎င်းတို့လုပ်လက်စ အလုပ်များကို ရပ်နား၍ သနပ်ပင်ကြီး၏ အရိပ်ဆီသို့ တပျော်တပါးကြီးထွက်သွားကြပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့လည်း နေ့လယ်စာစားရန် ကျောင်းဆင်းတော့မည်ဖြစ်၍ သံချောင်းခေါက်သံထွက်ပေါ်လာရာ စာအုပ်များ၊ ကျောက်သင်ပုန်းများကို သိမ်းဆည်းပြီး ဆရာလူကို နှုတ်ဆက်ရန် မတ်တတ်ရပ်လိုက်ကြပါသည်။

"တပည့်တို့ အခုမြင်တွေ့နေရတာကို သမဝါယမစနစ်လို့ ခေါ်တယ်ကွ၊ မျှတစွာ ဝီရိယ လုပ်အားစိုက်ထုတ်ခြင်းပေါ့ကွာ၊ ရရှိလာတဲ့ အကျိုးအမြတ်ကိုလဲ အညီအမျှ ခွဲဝေခံစားရတဲ့ စနစ်ပေါ့၊ အဲဒီတော့ ပင်ပန်းမှုလဲ မရှိသလို၊ အောင်မြင်မှုလဲ ရရှိတာပေါ့ကွာ၊ တို့နိုင်ငံမှာ မကြာခင် လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ကျဆုံးပြီး သမဝါယမပြည်သူပိုင်ခေတ်ကို ရောက်လာတော့မယ်၊ ကဲ . . ကဲ . . မင်္ဂလာပါကွာ"ဟု နှုတ်ဆက်ကာ စာသင်တန်းကို ရုပ်သိမ်းလိုက်ပါသည်။

ကျွန်တော်သည် ထိုစဉ်အခါက ဆရာလူ စကားများကို သိပ်ပြီး နားမလည်ပါ။ အရွယ်ရောက်လာသောအခါမှ ထိုစဉ်ကတော်လှန်ရေးကောင်စီဗိုလ်ချုပ်ကြီးနေဝင်း အစိုးရတက်လာခဲ့ပြီး နိုင်ငံခြားသားများ ပိုင်ဆိုင်သောစက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းကြီးများကို ပြည်သူပိုင် သိမ်းလိုက်ပြီး သမဝါယမစနစ်ကို ဖော်ဆောင်ကာ ကျင့်သုံးမည့်အကြောင်းကို ကြိုတင်ဟောကိန်းထုတ်ပြောကြားခြင်း ဖြစ်ကြောင်း သိရှိနားလည်ခဲ့ရပါတော့သည်။

အထက်ပါ အကြောင်းကို ပြန်လည် ကောက်ယူရလျှင် ထိုညမှစ၍ ချောင်းရိုးအောက်ဘက်ဆီမှ သရဲမီးထွက်ပေါ်ခြင်းများလည်း ကွယ်ပျောက်၍သွားသဖြင့် အားလုံး အံ့ဩဝမ်းသာဖြစ်ကြရပါသည်။

အဖျားအနာများလည်း တဖြည်းဖြည်း လျော့နည်းလာ၍ ပိုပြီး အံ့ဩဝမ်းသာကြရပါသည်။

ထိုနှစ် ကြက်သွန်များသိမ်းချိန်၌ ကြက်သွန်ဥများ ထောင်ပုံ ရာပုံ ရရှိပါသည်။ ရိတ်သိမ်းချိန်တွင်လည်း နှစ်ရွာလုံးမှ လုပ်အားပေးများဖြင့် တပျော်တပါးပင်ဖြစ်ပါသည်။ သဲပေါ်တွင် စိုက်ပျိုးထားရှိခြင်း ဖြစ်၍ နုတ်ရသည်မှာလည်း လွယ်ကူပြီး ဆေးကြောရသည်မှာလည်း လွယ်ကူလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးသာဂျမ်း၏ ဓာတ်စက်ဖွင့်ပါသေးသည်။ ညနေစောင်း၍ ကြက်သွန်များ ရေဆေးစုပုံပြီး လှည်းများပေါ်သို့ တင်ဆောင်နေသော အချိန်တွင် ဆရာလူသည် ဓာတ်စက်ရှိရာသို့ ထွက်ခွာသွားပါသည်။

ထိုအချိန်၌ သောင်ပြင်အနှံ့ ချောင်းရိုးတစ်လျှောက်တွင် လုပ်အားပေးများသာမက ရွာလုံးကျွတ်မျှ လာရောက်ကြည့်ရှုကြခြင်း ဖြစ်၍ လူစုံတက်စုံ ရှိနေပါသည်။ ထိုအချိန်တွင် ဘကြီးကျော်အေး၏ အသံဓာတ်စက်မှ ထွက်ပေါ်လာပါသည်။

"လုပ်အားပေးများနှင့် တကွ အရှေ့မြိုင်သာယာ၊ အနောက်မြိုင်သာယာမှ ရွာသူရွာသားများ အားလုံးတို့ ဆရာလူမှ စကားအနည်းငယ် ပြောဆိုစရာရှိပါ၍ ခေတ္တနားစိုက်ထောင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား"

ထိုကြော်ငြာသံ ထွက်ပေါ်လာသည်နှင့် ရွာသားတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ရောက်ရှိလာသော နေရာမှာပင် လုပ်လက်စ အလုပ်တို့ကို ရပ်နားလိုက်ပြီး ထိုင်ချလိုက်ကြကာ သနပ်ပင်ကြီးဘက်သို့ မျက်နှာမူ၍ နားစိုက်၍ထောင်ကြပါသည်။

ကျွန်တော်တို့လည်း ငြိမ်သက်၍ နေလိုက်ကြပါသည်။

"အရှေ့ မြိုင်သာယာနှင့် . . အနောက် မြိုင်သာယာမှ ရွာသူရွာသားများ ပထမဆုံးရွာသူ ရွာသားအားလုံးတို့ ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်၊ စည်းလုံးညီညာ အောင်ကြောင်းများဆိုသလိုပါပဲ အခု ရွာနှစ်ရွာ ချစ်ချစ်ခင်ခင် ညီညွတ်ကြတော့ အောင်မြင်မှုဆိုတဲ့ အသီးအပွင့်တွေကို ရရှိခံစားကြရတာဟာ လက်တွေ့ပါပဲ။

အခုလို မိုက်နဲ့ ပြောရတာကတော့ ရွာသူရွာသားတွေကို တောင်းပန်စရာရှိလို့ပါပဲ၊ အဲဒါကတော့ ချောင်းရိုးထဲက သရဲမီးကိစ္စပါ။

သရဲမီးကို ကျွန်တော် ပြုလုပ်ဖန်တီးတာတော့ မဟုတ်ပါဘူး။ သဘာဝတရားရဲ့ လျှို့ဝှက်ချက်တစ်ခုပါပဲ၊ နုန်းမြေနဲ့ ကျွတ်တီးမြေမြူစေးတွေ ရှိတတ်တဲ့နေရာတွေမှာ မိုးရေကြောင့် ရေအိုင်ငယ်ကလေးတွေ ဖြစ်နေတဲ့အခါမှာ လ, ကလဲ သာမယ်၊ ဆီးနှင်းကလဲ ကျနေမယ်ဆိုရင် အဲဒီရေအိုင်ထဲက ရေကို ဖားကြောင့်ပဲဖြစ်ဖြစ် ပုစွန်ကြောင့်ပဲဖြစ်ဖြစ် လှုပ်ခတ်ဂယက်ထစေရင် လရောင်အလင်းပြန်မှုကြောင့် ရေရဲ့အရိပ်တွေနဲ့ အဝေးကကြည့်ရင် မီးလုံးတွေတက်နေတယ်လို့ ထင်ရလေ့ရှိပါတယ်။

ခါတိုင်းနှစ်တွေမှာ မတွေ့ရတာက ဆောင်းရာသီမှာ အဲဒီရေချိုင့်တွေထဲ ရေမရှိလို့ပါ။ ဒီနှစ်က နောက်မိုး တစ်မိုးက ရာသီလွန် ရွာချလိုက်တာကြောင့် အဲဒီချိုင့်ခွက်ထဲ ဆောင်းရာသီမှာ ရေတွေရောက်နေရတာ ဖြစ်ပါတယ်၊ ဘာလို့ အဖျားအနာ ထူပြောကြရတာလဲဆိုရင် ရာသီလွန်မိုးကြောင့်ပါပဲ။

ဘာကြောင့် ပထမဆုံးနေ့မှာပဲ သရဲမီး ပျောက်သွားရသလဲဆိုရင် အဲဒီနေ့ ညနေမှာ အဲဒီရေအိုင်တွေထဲကို အမှိုက်တွေ သွားသွန်ပြီး ရေပြင်ကို ဖုံးအုပ်လိုက်လို့ပါ။

တကယ်တော့ ရေချိုင့်ကလေးတွေဟာ အနက်တစ်ထွာ၊ အကျယ်တစ်တောင်လောက်သာရှိတဲ့ အိုင်ကလေးတွေပါ၊ ဒီလို ထွက်ပေါ်လာခြင်းဟာ သက်တံနဲ့ ပုံစံတူပေမယ့်၊ ဒါကတော့ နုန်းမြေနဲ့ ကျက်တီးမြေ အမျိုးအစားတွေမှာမှ အနည်ထိုင်ပြီး ဖြစ်လေ့ရှိတာမို့ ဖြစ်ခဲတတ်ပါတယ်။

ချောင်းစောင့်နတ် လုပ်တာလဲ မဟုတ်ပါဘူး၊ ကျုပ်ဟာ အချိန်ကိုက်ဖြစ်ပေါ်လာတဲ့ ဒီအကွက်ကို အသုံးချပြီး ရွာနှစ်ရွာ သင့်မြတ်ရေးအတွက် အသုံးချပြီး လိမ်ညာပြောမိပါတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ်၊

ကျုပ်ပြောလိုတာကတော့ ဒါပါပဲခင်ဗျာ" ဟုဆိုကာ ဆရာလူ၏ စကားပြီးဆုံးသွားသလျှင် [illegible] များအားလုံး [illegible] ပြီး အတန်ကြာမှ . . .

"ဆရာလူကို ခွင့်လွှတ်ပါတယ်"

"ကျုပ်တို့က အပြစ်မယူပါဘူး၊ ကျေနပ်ပါတယ်"

ဟု နေရာအနှံ့မှ ရွာသားများ၏ အသံများ ထွက်ပေါ်လာပါသည်။

ဤနှစ်တွင် ကြက်သွန်တို့ များပြားလှသဖြင့် ဆရာလူက ကျောင်းဆောက်ရန် ဤမျှမလိုအပ်ပါဟုဆိုကာ ရွာသားများကို ထက်ဝက်ခွဲပြီး ဝေငှယူစေပါသည်။

ထိုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ရွာနှစ်ရွာ စုပေါင်း၍ စိုက်ပျိုးကြကာ အညီအမျှ ခွဲဝေယူခဲ့ကြသည်မှာ ဤယနေ့တိုင် ဖြစ်ပါ၏။

နှစ်စဉ် ဆောင်းရာသီ ရောက်တိုင်း ရွာနှစ်ရွာကြား ချောင်းရိုး တစ်လျှောက်တွင် ညိုမှောင်လျက်ရှိသော ကြက်သွန်စိုက်ခင်းကြီးကို တစ်မျှော်တစ်ခေါ် လှပစွာ မြင်တွေ့နေကြရမြဲ ဖြစ်ပါ၏။

ဆရာလူနှင့်တကွ ထိုခေတ်ထိုအခါက ရှေးလူကြီးများကို အောက်မေ့တသစွာဖြင့် ဂါရဝပြုရင်း ဤဝတ္ထုကို ရေးသားတင်ဆက်ရခြင်း ဖြစ်ပါသည်။

❒ ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



ကိုဘညွန့် အိပ်ရာထဲ ဝင်အိပ်ခဲ့သည်မှာ ကြာခဲ့ပြီ။ မျက်လုံးကိုမှိတ်၍ အိပ်ကြည့်သည့်တိုင် အိပ်မပျော်။ အတွေးတစ်ချက်က ခေါင်းထဲမှာ ရောက်နေသည်။ ဒီအတွေးကို မေ့ပျောက်ရန် ကြိုးစားကြည့်သည်။ ပျောက်မသွား၊ ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဇနီးသည်ကို အမှတ်ရလိုက်ပြန်သည်။

"မကြည်သာ ခုနေရှိရင် သိပ်ကောင်းမှာပဲ"

ဇနီးသည် မကြည်အေးကို တမ်းတရင်း ဘယ်ညာ လူးလှိမ့်လိုက်သည်။ စောစောက အတွေးက ပြန်လည်စိုးမိုးလာသည်မို့ ကိုဘညွန့် အိပ်ရာက ထထွက်လာလိုက်သည်။ အိမ်ရှေ့ခန်းရှိ ကုလားထိုင်တွင်ထိုင်ရင်း တိုင်ကပ်နာရီကိုလှမ်းကြည့်မိသည်။ ည ၁နာရီ ရှိသေပြီ။ ယောင်ယောင်မှားမှား မတ်တတ်ထရပ်ရင်း အိမ်ရှေ့တံခါးပေါက်သို့ ထွက်လာမိသည်။ စိတ်တွေက ဂနာမငြိမ်။

တံခါးချက်ကိုပွင့်ကာ အိမ်အပြင်သို့ ထွက်လိုက်သည်။ အပြင်ဘက်မှာ မည်းမည်းမှောင်နေသည်။ အိမ်ရှေ့လမ်းမပေါ်မှာ သွားသူလာသူ ကင်းမဲ့ကာ ခြောက်သွေ့နေသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းမိုးထား၍ သ...

www.burmeseclassic.com

ရွက် ကြွေသံ တဖြောက်ဖြောက်ကို ကြားနေရသည်။

"ဒီအချိန်ကြီး ငါဘယ်ကိုသွားပြီး ဘယ်လိုရှာမလဲ၊ သူက ဘယ်သွားမှန်းမှ ငါမသိတာ၊ မနက်ကျမှ သူ့အပေါင်းအသင်းတွေကို မေးစမ်းပြီး ရှာဖွေတာ ကောင်းပါတယ် . . . ဟင်း"

ကိုဘညွန့် သူ့အတွေးကို သက်ပြင်းချရင်း အဆုံးသတ်ကာ အိမ်ထဲသို့ ပြန်ဝင်လိုက်သည်။ ကုလားထိုင်မှာ ပြန်ထိုင်စဉ် ဖခင်ဖြစ်သူ ဦးထွန်းရင်၏ ချောင်းဟန့်သံကို ကြားရသည်။ မကြာမီ ဖခင်ဦးထွန်းရင်တစ်ယောက် ကိုဘညွန့် ထိုင်နေရာသို့ ရောက်လာသည်။

"ငါ့သား ဒီအချိန်ကြီး မအိပ်သေးဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော် နည်းနည်း အိုက်စပ်စပ်ကြီးဖြစ်ပြီး အိပ်မပျော်တာနဲ့ ဒီမှာ ခဏလာထိုင်နေတာပါ၊ အဖေ တစ်ရေးနိုးလာတာလား"

"အေး အဖေ တစ်ရေးနိုးလာတာ၊ အိပ်မက်ကလဲ မက်လိုက်သေးတယ်၊ အဲဒီအိပ်မက်က ငါ့သားအကြောင်းဖြစ်နေလို့ မင်းအိပ်ရာ သွားကြည့်တော့ တွေ့တာနဲ့ ဒီရောက်လာတာ၊ မနက်ကို ငါ့သား အလုပ်သွားရမှာ မဟုတ်လား၊ အိပ်တော့လေ အချိန်မရှိတော့ဘူး၊ အင်း မင်းလဲ မင်းသားအတွက် တစ်ဒုက္ခပဲ၊ ကဲ သွားအိပ်ချေတော့"

"ဟုတ်ကဲ့ အဖေ"

ကိုဘညွန့် ဖခင်၏ စကားကို နားထောင်ကာ ထိုင်ရာမှထ၍ အိပ်ရာထဲသို့ ပြန်ဝင်ခဲ့သည်။ မျက်စိကို မှိတ်လိုက်ပြီး အိပ်ပျော်ဖို့ကြိုးစားကြည့်သည်။ အတွေးထဲမှာ သားငယ်နေအောင်၏ မျက်နှာပေါ်လာသည်။ ပြီး သားငယ်နေအောင် အကြောင်းများက တစ်စစီ တစ်စစီ အစီအရီ ပေါ်လာသည်။ •

●

"မကြည် မင်းသားက မင်းနဲ့တူ သို့နဲ့ တူတယ်၊ တော်တော်ခေါင်းမာတဲ့ကောင်၊ ဒီကောင်က ပြန်မပြော နားမထောင်၊ သူ လုပ်ချင်တာဆိုရင် ဇွတ်လုပ်တတ်တယ်၊ မင်းသားကို ကြည့်ပြောထားဦး၊ စာမေးပွဲ ကျနေဦးမယ်"

"တော်ကလဲလေ ပြောလိုက်ရင် တစ်ခါမှ အကောင်းမြင်စိတ် မပါဘူး၊ မကောင်းတာကိုပဲ ကြည့်ပြီး ပြောတတ်တယ်၊ ကောင်းတဲ့အကွက်လေးတွေလဲ ရှိပါသေးတယ်၊ ပြီးတော့ မကြည်သား မကြည်သားနဲ့ ဒီကလေးက ကျွန်မ တစ်ယောက်တည်း မွေးထားတဲ့ သားမဟုတ်ဘူးရှင့်၊ ရှင်နဲ့ နှစ်ယောက်မွေးထားတဲ့ ရှင့်သားဆိုတာကိုလည်း ထည့်တွက်ဦး၊ တကတဲ မပြောလိုက်ချင်ဘူး"

"မပြောချင်လဲ မပြောနဲ့ပေါ့၊ ငါက ကိုယ့်သားသမီး ပျက်စီးသွားမှာ စိုးလို့ သတိပေးနေရတာ၊ ငါတို့မှာ သားသမီးဆိုလို့ ဒီကောင် တစ်ကောင်ပဲရှိတာ သိပြီလား"

သားအကြောင်းနှင့် ဆက်စပ်ပြီး တမလွန်ရောက် ချစ်ဇနီးမကြည်အေး အကြောင်းတွေကပါ အတွေးထဲမှာ ပြန်ထင်ယောင် ကြားယောင်လာသည်။ ဇနီးသည် မကြည်အေး ဆုံးပါးသွားသည်မှာ သုံးနှစ်ခန့်သာ ရှိသေးသည်။ ဆုံးသွားရသည့်အကြောင်းရင်းကလည်း ဖျတ်ခနဲ ဘုတ်ခနဲ မြန်လွန်းလိုက်သည့် ဖြစ်ခြင်း၊ ကွမ်းစားပြီး သီးသွား၍ ရေသောက်လိုက်စဉ် အသက်ရှူပိတ်ပြီး ချက်ချင်းဆုံးပါးသွားခဲ့ရရှာသည်။ ယုံချင်စရာပင် မရှိ။ သို့သော် မကြည်အေး သေဆုံးသွားသည်မှာတော့ တကယ့်အမှန်အကန်ပင် ဖြစ်သည်။

မကြည်အေး ဆုံးပါးသွားချိန်က သားငယ်နေအောင်က ဆယ်တန်းဖြေထားဆဲကာလ၊ အသက်က တစ်ဆယ့်ခုနစ်နှစ်၊ မကြည်အေး သေဆုံးပြီး ဆယ်တန်း အောင်စာရင်း ထွက်လာတော့ သားငယ်နေအောင် ဆယ်တန်းအောင်ခဲ့သည်။ မိခင် မကြည်အေး သိမသွားရ။ မကြည်အေးသာရှိဦးမည်ဆိုလျှင် မည်မျှ ဝမ်းသာလိုက်မည်မသိ။ ခုတော့ မကြည်အေး ကိုယ်စားပါ ပေါင်းစပ်၍ ကိုဘညွန့် သားငယ် စာမေးပွဲအောင်သည့်အပေါ် နှစ်ပျော်ပျော်ခဲ့ရသည်။

"ဒါမှ ငါ့သားကွ၊ ဒါမှ ကိုဘညွန့် မကြည်အေးတို့ရဲ့သား စစ်စစ်ကွ"

သားငယ်နေအောင်ခမျာ ဆယ်တန်းစာမေးပွဲ အောင်သည့်အတွက် မည်မျှပျော်မည်ကို မသိသော်လည်း ဖခင်ကိုဘညွန့်မှာတော့ကြက်သီးတဖြန်းဖြန်းထရသည်ထိ ဝမ်းသာကြည်နူးကာ မကြည်အေးကိုပါ ပြေးသတိရမိ၍ မျက်ရည်လည်ရသည်ထိ ပျော်ခဲ့ရသည်။

ကိုဘညွန့်က ဆယ်တန်းကို (ခ) အဆင့်ဖြင့်သာ အောင်ခဲ့သူဖြစ်သည်။ လွတ်လွတ်ကျွတ်ကျွတ် အောင်ခဲ့သူ မဟုတ်။

ယခု သားငယ်ကား ဆယ်တန်းကို နှစ်ချင်းပေါက် လွတ်လွတ်ကျွတ်ကျွတ် အောင်ခဲ့သူဖြစ်သည်။

ဒီအတွက် သားငယ်ကို စိတ်ထဲမှ ချီးကျူးဂုဏ်ပြုနေမိသည်။ ရှေ့ဆက်၍ သားငယ်လိုချင်တာမှန်သမျှ ရရှိအောင် ကိုဘညွန့် စွမ်းဆောင်ပေးဖို့ စိတ်ထဲမှာ ဆုံးဖြတ်ချက်ချနေမိသည်။

အတွေးမဆုံးသေး သားငယ်က သူ့အတွေးကို လှုပ်နှိုးလိုက်သည်။

"အဖေ သား အဖေတို့ပြောတဲ့အတိုင်း နှစ်ချင်းပေါက် အောင်အောင်ကြိုးစားခဲ့တယ်နော်၊ သားဆယ်တန်းအောင်ရင် သားလုပ်ချင်တာကို ခွင့်ပြုမယ်လို့ ပြောခဲ့တာ တကယ်လား"

သားငယ် နေအောင် စကားကြောင့် ကိုဘညွန့် သားငယ်ကို မျက်ခုံးပင့်၍ ကြည့်လိုက်သည်။ ပြီး တစ်ခုခုကို လေးလေးနက်နက် စဉ်းစားပြီးမှ သားငယ်ကို ပြန်ပြောလိုက်သည်။

"အေးလေ အဖေတို့ပြောခဲ့တာ မှန်တယ်၊ ဒါပေမဲ့ တစ်ခုတော့ ခြွင်းချက်ရှိတာပေါ့ကွာ၊ ငါ့သားအတွက် အေးဥပဒ်အန္တရာယ်ဖြစ်မဲ့ ကိစ္စမျိုး မကောင်းတဲ့လမ်းက လွဲရင်တော့ ကျန်တာကို အဖေ ခွင့်ပြုနိုင်ပါတယ်၊ ကဲ ဆိုပါဦး



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ် ငါ့သားက ဘာများ လိုချင်လို့လဲ ဟင် ပြောလေ"

"သား အဆိုတော် လုပ်ချင်တယ်"

"ဘာ ဘာပြောတယ်"

သားငယ် နေအောင် စကားကြောင့် ကိုဘညွန့် ရုတ်တရက်ထအော် လိုက်မိသည်။ ပြီးမှ သူ့စိတ်ကို သူထိန်းကာ သားငယ်ကို တစ်ချက်ပြန်ကြည့်လိုက်ပြီး သားငယ်ပခုံးကို လှမ်းပုတ်ကာ လေအေးဖြင့် နှစ်သိမ့်စကားဆိုလိုက်သည်။

"အေးလေ ငါ့သားက အနုပညာသမား အဆိုတော်ဖြစ်ချင်တယ် ဆိုတော့လဲ ခွင့်ပြုရမှာပေါ့၊ ဒါပေမဲ့ စည်းကမ်းတကျ ကြိုးစားဖို့တော့ လိုတယ်နော်၊ လွတ်လပ်မှုဆိုတာ တန်ဖိုးမထားတတ်ရင် အမှားနဲ့ ကြုံရတတ်တယ်၊ ငါ့သား ကြိုးစားပေါ့"

ကိုဘညွန့် သားငယ်နေအောင်ကို ဤမျှသာဆုံးမသွန်သင်ကာ အလိုက်အထိုက် ကြည့်နေခဲ့ရသည်။ နေအောင်က ထိုခွင့်ပြုချက်ရပြီးသည့် နေ့ကစ၍ ဂစ်တာတစ်လက်ပိုက်ကာ အပေါင်းအသင်းများနှင့် သွားလာနေသည်။ တစ်ခါတစ်ရံ ကိုဘညွန့်အိမ်မှာ သားငယ်တစ်ယောက် သူ့အပေါင်းအသင်းများနှင့် ဂစ်တာတီးကာ ဝိုင်းဖွဲ့၍ သီချင်းသီဆိုတတ်သကဲ့သို့ တစ်ခါတစ်ရံ သူ့အပေါင်းအသင်းများ၏ အိမ်သို့ ဂစ်တာပိုက်၍ လိုက်သွားသည်များလည်းရှိသည်။

ဒီလိုနှင့် နေအောင် အဝေးသင်တက္ကသိုလ်ပထမနှစ် ကျရှုံးသွားသည်။ ဒုတိယနှစ် ဆက်တက်သည်။ ဒီကြားထဲ ဂစ်တာတစ်လက်နှင့် အလုပ်ရှုပ်နေသည်မှာ အိမ်ကို အိပ်ချိန်မှပင် ပြန်ရောက်တော့သည်။ ကိုဘညွန့်မှာ အလုပ်တစ်ဖက်ဆင်းနေရ၍ ရုံးပိတ်ရက်ကျမှ အိမ်မှာကပ်နိုင်သည်။ အိမ်မှာ အမြဲရှိနေသူက ကိုဘညွန့်ဖခင် ဦးထွန်းရင်သာ ဖြစ်သည်။

ဦးထွန်းရင်က မြေးဖြစ်သူ နေအောင်ကို ပြောဆို ဆုံးမလေ့ရှိသော်လည်း နေအောင်ကား ပြန်မပြော နားမထောင် ဆိုသည့်အတိုင်း ခြေခါခါ လက်ခါခါဖြင့် အဘိုးစကားမဆုံးသေး ဂစ်တာပိုက်၍ ထွက်သွားတတ်သည် ချည်းပင်ဖြစ်သည်။ ထို့ကြောင့် သားဖြစ်သူ ကိုဘညွန့်နှင့် ဆုံသည့်အခါ သားကို သာလျှင် ပြောဆိုရတော့သည်။

"သားအချစ် မြေးအနှစ်ဆိုတဲ့ စကား ငါ့သား ကြားဖူးမှာပါ၊ အေး မင်းသားကို အဲဒီလို မပြောမဆိုဘဲနဲ့တော့ ပစ်မထားသင့်ဘူး၊ ဆုံးမသင့်တာ ဆုံးမရမှာပေါ့၊ အေး အဖေက ငါ့သားကို ချစ်ခဲ့သလိုမျိုး မင်းသားကိုလဲ မင်းချစ်တယ်ဆိုတာ အဖေသိပါတယ်၊ ဒါပေမဲ့ အချစ်ခံရတဲ့သူက အချစ်ရဲ့ တန်ဖိုးမေတ္တာကို နားလည်ဖို့ သိပ်ခက်တယ် သား၊ အဲဒါကြောင့် မင်းရဲ့ မိဘမေတ္တာ ချစ်ခြင်းကို မင်းသားသိအောင် အေးအေးဆေးဆေး ဆုံးမပေါ့ သားရယ်"

ဖခင် ဦးထွန်းရင် သတိပေးမှ ကိုဘညွန့် သားငယ်နေအောင်အပေါ် လျစ်လျူပြုခဲ့သည်များကို ပြန်တွေးသိလာသည်။

ထို့ကြောင့် ညမထွက်ရ အမိန့်ကို ဦးစွာထုတ်ပြန်လိုက်သည်။ ပထမ အစတော့ နေအောင်က ထိုထုတ်ပြန်ချက်ကို လိုက်နာဆောင်ရွက်ခဲ့သည်။

သို့ရာတွင် အလုပ်များသော ကိုဘညွန့်အတွက် အိမ်မှာ နေရသည့် အချိန်မှာ အိပ်ချိန်သာဖြစ်သောကြောင့် အိမ်မှာ အမြဲနေသော နေအောင်၏ လုပ်ကွက်ကသာလျှင် လွတ်လပ်သော စီမံကိန်း ဖြစ်ခဲ့ရသည်။

အဘိုးဦးထွန်းရင်က နေအောင်ကို ဆုံးမသော်လည်း နေအောင်က အသက်အရွယ်ကြီးပြီဖြစ်သည့် အဘိုး ဦးထွန်းရင်ကို ကြောက်ရွံ့ပုံမပြ၊ လေးစားရိုသေခြင်း ရှိသေးခြင်းကိုပင် အဘိုး ဦးထွန်းရင်က ကျေနပ်နေရရှာသည်။ သို့သော် နေအောင် လှည့်ကွက်ကို အဘိုး ဦးထွန်းရင် အမြဲခံနေရသည်သာ။ သ
လိုနှင့် နေအောင် ဒုတိယအကြ
အဝေးသင်တက္ကသိုလ်စာမေးပွဲကျ
သည်။

"မင်းကို ငါနောက်ဆုံးမေး
မင်း ကျောင်းတက်နေဦးမှာလား၊ အ
မဟုတ် ဂစ်တာတီးပြီး သီချင်းပဲ ဆ
ဆိုနေတော့မှာလား၊ ဘာလဲကွ အခု
မေးပွဲနှစ်နှစ်ကျပြီ မင်းလုပ်တဲ့ အနုပည
ဘက်မှာကော မင်းဘယ်လော
ခရီးပေါက်ရောက်နေပြီလဲ၊ ဘ
လောက်လူသိနေပြီလဲ၊ မင်း
လူတွေက အရာသွင်းပြီလား၊ ဘာ
တိုးတက်လာသလဲ ပြောပြစမ်း၊ ဒီပုံ
နဲ့တော့ ငါ မင်းကို လျှော့ရဲရဲ မထားနိုင်
တော့ဘူး၊ အဲဒီတော့ ဂစ်တာတီး သီချင်း
ဆိုတာကို လျှော့ပါ၊ ဒီနှစ် စာမေး
အောင်အောင် ပြန်ဖြေပါ၊ အသွား
အလာ အနေအထိုင် ဆင်ခြင်ပါ၊ ညဘိုင်
ဘယ်ကိုမှ မသွားရဘူး၊ အေး ဒီနှစ်
စာမေးပွဲ ထပ်ကျရင်တော့ မင်းကို ငါ
ကျောင်းဆက်မထားနိုင်တော့ဘူး၊ အဲဒါ
ပဲ"

ကိုဘညွန့်က နောက်ဆုံး ဝ
တိန်အဖြစ် နေအောင်ကို ဆုံးမတာ
မိမိ၏ အလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ရ
ပြန်သည်။ သို့ရာတွင် နောက်ပိုင်း
ကိုဘညွန့်အလုပ်မှ အိမ်သို့ စောစောပြ
လေ့ရှိပြီး နေအောင်ကို ထိန်းထိန်းသိမ်း
သိမ်းကိုင်တွယ်ခဲ့သည်။ နေအောင်
လည်း ခါတိုင်းထက် အပျော်အဝါး
လျှော့ပါးလာသည်။ ကိုဘညွန့်စိတ်ထဲ
သားငယ်ကို မသိမသာ အကဲခတ်ကြည့်
ရင်း ဝမ်းသာကြည်နူးခဲ့သည်။

သို့သော် မနေ့က ညနေပိုင်းက
ကိုဘညွန့် အိမ်အပြန်နောက်ကျသည်
အိမ်သို့ ညကိုးနာရီကျော်မှ ပြန်ရောက်
သည်။ အိမ်ရောက်တော့ ဖခင်ဦးထွန်း
ရင်ပင် အိပ်ပျော်နေလေပြီ။ နေအောင်
အားမတွေ့။ ကိုဘညွန့်စိတ်ထဲ အနည်း
ငယ်တိုသွားရသည်။ ထို့ကြောင့် သား
ငယ်နေအောင်အလာကို စိတ်တိုဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ဆောင့်နေလိုက်သည်။ ည ၁၀ နာရီထိုးမှ နေအောင် ဂစ်တာပိုက်ကာ ပြန်ရောက်လာသည်။ ဖခင်ကိုဘညွန့်ကို မြင်တော့ နေအောင်အံ့သြသွားသည်။ခြေထောက်ကို ဖွဖွနင်း၍ ဖခင်ရှေ့မှ ခါးကိုကိုင်း၍ ဖြတ်လျှောက်စဉ်. . .

"ဖြန်း"

ကိုဘညွန့် လက်တစ်ဖက်က နေအောင်၏ ကျောပြင်ကို ရိုက်ချလိုက်သည်။ ကိုဘညွန့် ရိုက်ချက်ကြောင့် နေအောင် ခေါင်းငိုက်စိုက် ကျသကဲ့သို့ ဖြစ်သွားရသည်။ နေအောင်က ဖခင်မျက်စဖူး အရိုက်ထူးသည်ကို အံ့သြစွာဖြင့် ကိုဘညွန့်ကို ပြန်ငေးကြည့်သည်။

"ဟေ့ကောင် မင်းကို ဘယ်နှခါပြောထားရမလဲ၊ ညဘက်ဆို ဘယ်ကိုမှ သွားပါနဲ့ဆိုတာ မင်းမသိတာလား။ ငါ့ကို ဂရုမစိုက်တာလား၊ အလကားနေ အလေလိုက်ဖို့ပဲ တတ်တယ်၊ ကြည့်စမ်း မင်းတစ်ကိုယ်လုံး အရက်နံ့တွေ၊ ဘာလဲ မင်းအရက်ပါသောက်လာသလား ဟင် ဟေ့ကောင် ငါ့ကို ပြောစမ်း"

ကိုဘညွန့်က ဒေါသဖြစ်ကာ နေအောင်၏ပခုံးကို လှမ်းကိုင်လှုပ်ရင်း ဒေါတ်သီးဖြင့် ရွယ်ကာ အော်ပြောလိုက်သည်။

"ကျွန်တော် အရက်မသောက်ဘူး သူများ သောက်တဲ့ အရက်ခွက် ကျွန်တော့်ကိုယ်ပေါ် မှောက်ကျတာ"

"ဒီလောက်တောင် ဖြစ်လှတဲ့ သွား ကဲကွာ ကဲကွာ"

"ဘုန်း. . ဘုန်း"

ကိုဘညွန့် စိတ်တိုစွာဖြင့် နေအောင်၏ ဂစ်တာကိုယူကာ ရိုက်ချိုးပစ်လိုက်သည်။ ဂစ်တာ အစိပ်စိပ်အမွှာမွှာ ဖြစ်သွားသည်။

နေအောင်တစ်ယောက် သူ၏ ဂစ်တာ ကျိုးပဲ့သွားသဖြင့် စိတ်ဆိုးသွားသည့်အလား ဖခင်ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် စိတ်တိုနေမသော ကိုဘညွန့် ဒေါသ ပိုဖြစ်သွားရသည်။

မိဘတွေဟာ
ဆင်းရဲချင် ဆင်းရဲမယ်၊
ချမ်းသာချင် ချမ်းသာမယ်၊
ဒါပေမဲ့ သူတို့ သားသမီးတွေ
အပေါ်မှာတော့
ဘယ်သောအခါမှ
အချစ်မလျော့ကြဘူး၊

"ဟေ့ကောင် မင်းက ဘာလဲ ငါ့ကို မကျေနပ်လို့ ကြည့်တာလား၊ ငါ့ကို ဘာလုပ်ချင်လို့လဲ၊ ခုထွက်သွား၊ မင်း ငါ့အိမ်က အခုထွက်သွားစမ်း၊ မင်းကို ငါ့အိမ်မှာ မထားဘူး၊ မိဘစကား နားမထောင်တဲ့ သား အိမ်မှာထားလဲ အပိုပဲ၊ ဟေ့ကောင် ခု ငါ့မျက်စိရှေ့က ထွက်သွား၊ ငါ ထွက်သွားလို့ ပြောနေတယ်နော်"

ကိုဘညွန့်က နေအောင်၏ ကျောပြင်ကို တွန်းလွှတ်ကာ ပြောနေသဖြင့် နေအောင် ဘာမျှပြန်မပြောတော့ဘဲ အိမ်ထဲမှ ထွက်သွားလိုက်သည်။ ကိုဘညွန့်နှင့် သားငယ် နေအောင်တို့ စကားများ ပြောဆိုနေသံကြောင့် ကိုဘညွန့်ဖခင် ဦးထွန်းရင် အိပ်ရာမှ နိုးလာသည်။

"ဘညွန့် သား မင်းဘာဖြစ်လို့ မင်းသားကို ဒီအချိန်ကြီးမှာ အိမ်ပေါ်က ဆင်းသွားခိုင်းရတာလဲ၊ ကလေးတော့ ဒုက္ခရောက်တော့မှာပဲ၊ မင်းကွာ သားသမီးဆိုတာ ဘယ်မှာ ပစ်ရိုးရှိလို့လဲ၊ မှားနေရင် ဆုံးမ၊ မှန်နေရင် ချီးကျူး လမ်းကောင်းကို ရွေးချယ်တည့်မတ်ပေးရမှာ မိဘတွေရဲ့ ဝတ္တရားလေ၊ တကယ်တော့ အခုလို မင်း ဒေါသတွေ ဖြစ်နေရတာ မင်းသားကို မင်းအရမ်းချစ်လို့ဆိုတာ မင်း နားလည်၊ ကြားလား သွား မင်းသားကို လိုက်ခေါ်"

"မခေါ်တော့ပါဘူး အဖေရာ၊ ကျွန်တော် လိုက်ခေါ်ရင် ဒီကောင် ရောင့်တက်လိမ့်မယ်၊ သူဟာသူ ပြန်လာပါလိမ့်မယ်၊ အဖေ စိတ်မပူပါနဲ့၊ ကျွန်တော်လဲ အိပ်တော့မယ်"

သည်လိုနှင့် ကိုဘညွန့် အိပ်ယာထဲ ဝင်ခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ။ အိပ်မရ၍ အပြင်ဆို တစ်ခါထွက်ခဲ့သည်။ ဂဏှာမငြိမ်သော စိတ်အတွေးက သားငယ်ကို စိတ်ပူနေမိခြင်းပင်။ ပထမအစက စိတ်တိုတိုဖြင့် ဒေါသတကြီး ပြုခဲ့မိသောအကြောင်းက စိတ်အနည်ထိုင်သွားသောအခါတွင် အတွေးပူဖြစ်လာသည်။

"အင်း ငါ့သားက ဒီအိမ်ကနေ ဘယ်ကိုမှ ညဥ့်အိပ်ညဥ့်နေ မသွားဖူးတာဆိုတော့ သူဘယ်ကိုများ သွားမလဲ၊ သူ့မှာ သူ့ကို လက်ခံမယ့် အပေါင်းအသင်းတွေကောရှိရဲ့လား၊ ဒါမှမဟုတ် အချိန်မတော်ပတ်တရောင် ရဲတွေ ဘာတွေနဲ့များတွေ့ပြီး ပြဿနာဖြစ်သွားမလား၊ သူမြတ်နိုးတဲ့ ဂစ်တာကို ငါရိုက်ချိုးပစ်လိုက်လို့ သူ ငါ့ကို စိတ်နာသွားမလား၊ နောက်နေ့ကျရင်ကော သူ့အိမ်ကို ပြန်လာပါ့မလား၊ ငါ ဘာလုပ်ရမလဲ"

ကိုဘညွန့် အတွေးများ ဖြာဝေကာ မျက်လုံးစဉ်းလာသည်။ ထိုအချိန် မနီးမဝေး ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံကြားရသည်။

"တောက် တောက် တောက် တောက်"

အုန်းမောင်းခေါက်သံကြောင့် ကိုဘညွန့် အသံလာရာသို့ စိတ်ရောက်သွားသဖြင့် ယခင် အတွေးဟောင်းပျောက်သွားကာ မရှေးမနှောင်းမှာပင် ကိုဘညွန့် အိပ်ပျော်သွားတော့သည်။

ကိုဘညွန့် အိပ်ရာက နိုးလာတော့ နံနက် ၇ နာရီထိုးပြီ ဖြစ်သည်။ ဖခင်ဦးထွန်းရင် တစ်ယောက် ဘုရားရှိခိုးပြီး၍ ဧည့်ခန်းမ၌ ထိုင်ကာ ပရိတ်ရွတ်နေသည်။ ကိုဘညွန့် ဖခင်အနီးသို့သွား၍ ဟိုဒီကြည့်ကာ မေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"အဖေ ဟိုကောင် ပြန်လာသေးလား"

ဖခင်ဦးထွန်းရင်က ပရိတ်ရွတ်နေသောကြောင့် ခေါင်းခါပြသည်။ ကိုဘညွန့်အိမ်ထဲသို့ ခေတ္တဝင်သွားပြီး အဝတ်အစားလဲကာ အိမ်အပြင်ထွက်ရန် ဧည့်ခန်းကို ဖြတ်လျှောက်စဉ် ဖခင်ဦးထွန်းရင်က လှမ်းခေါ်လိုက်သည်။

"သားရေ ဒီကို ခဏလာပါဦး"

"အဖေ ဘာပြောချင်လို့လဲဟင်၊ သား ဘာလုပ်ပေးရမလဲ"

ဖခင်ဦးထွန်းရင်အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။ ဦးထွန်းရင်က ကုလားထိုင်နောက်ကျောကို မှီထိုင်ရင်း ကိုဘညွန့်ကို ကြည့်ကာ အေးအေးဆေးဆေး ပြောပြသည်။

"ငါ့သား မိဘနေရာ ရောက်လာပြီဆိုတော့ မိဘတွေရဲ့ သားသမီးအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာကို နားလည်ပြီပေါ့နော်၊ အေး မိန့်ဖမှာ တချို့က မိခင်ကသာ သားသမီးတွေအပေါ် အချစ်ပိုကြတယ်လို့ ဆိုတယ်၊ တချို့ကတော့ ဗိမ္ဗိသာရမင်းကြီးကို စံထားပြီး ဖခင်တွေကလဲ သားသမီးတွေအပေါ် အချစ်ပိုကြတယ်လို့ ဆိုတယ်။

ဘယ်သူတွေ ဘာပဲပြောပြော အဖေကတော့ ကမ္ဘာပေါ်မှာရှိကြတဲ့ အမိတိုင်းအဖတိုင်း သားသမီးအပေါ်မှာ ချစ်တာချင်း အတူတူပါပဲလို့ ပြောချင်တယ်၊ မိဘတွေဟာ ဆင်းရဲချင် ဆင်းရဲမယ်၊ ချမ်းသာချင် ချမ်းသာမယ်၊ ဒါပေမဲ့ သူတို့ သားသမီးတွေအပေါ်မှာတော့ ဘယ်သောအခါမှ အချစ်မလျော့ကြဘူး၊ အဖေ့ရဲ့ အဖေကလဲ အဖေ့ကို အချစ်ဆုံးဆိုပြီး မွေးခဲ့ ကျွေးခဲ့ ပေးခဲ့တာပဲလေ၊ အဖေကလဲ ငါ့သားကို အချစ်ဆုံးဆိုပြီး မွေးခဲ့ ကျွေးခဲ့ ပေးခဲ့တာပဲလေ။

အခု ငါ့သား အလှည့်ရောက်လာပြီ၊ ငါ့သားကလဲ မင်းသားလေးကို မွေးခဲ့ ကျွေးခဲ့ ပေးခဲ့တာပဲ မဟုတ်လား၊ ခုမှ သူ့ကို ဘာဖြစ်လို့ လွှတ်ပစ်မှာလဲ သူ မရှိရင် မင်း မနေနိုင်ဘူး ဆိုတာ အဖေ သိပါတယ်၊ အဲဒါ မင်း သူ့ကို ချစ်လို့ပဲ။

အဲဒီလို မင်း သူ့ကို ချစ်တာ သူသိသွားရင် မင်းဖြစ်စေချင်တာတွေကို သူလုပ်ပေးလိမ့်မယ်၊ ငါ့သားက သူသဘောပေါက်အောင် အေးအေးဆေးဆေး ပြောပြမှပေါ့၊ ကဲ မနက်စောစောကပဲ မြေးရဲ့ သူငယ်ချင်း တစ်ယောက်ရောက်လာပြီး မင်းသားရှိနေတဲ့ လိပ်စာလာပေးသွားတယ်၊ မင်း သွားလိုက်ခေါ်လိုက်၊ ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ အဖေ"

ကိုဘညွန့်ရင်ထဲ ချက်ချင်း ဝမ်းသာသွားမိသည်။ သားငယ်နေအောင်ရှိနေသည့် နေရပ်လိပ်စာကို ယူပြီး ကိုဘညွန့်အိမ်မှ အမြန်ထွက်လာလိုက်သည်။

မှတ်တိုင်မှာ ကားစောင့်ရသည်ကိုပင် တစ်ကမ္ဘာကြာသည်ထင်မိသည်။ သားငယ်ကို တွေ့ချင်သည့် စိတ်က စိုးမိုးနေ၍ ချက်ချင်းပင် သားငယ်ရှိရာကို ရောက်သွားချင်နေမိသည်။

လိပ်စာပါအတိုင်း ကားပေါ်မှ ဆင်းပြီးလမ်းလျှောက်ရပြန်တော့လည်း ကိုဘညွန့် ခြေထောက်များက အပြေးသမားတစ်ယောက်နှယ် မြန်ဆန်လွန်းနေသည်။

လမ်းလျှောက်နေရင်းမှ စိုးရိမ်သောက စိတ်တစ်ခုက အတွေးမှာ လာငြိသည်။

"လိပ်စာထဲကအတိုင်း ဒီအိမ်မှာကော သားက ရှိနေပါ့မလား၊ ငါလာတာနောက်ကျလို့ တခြားကို ထွက်များသွားလေမလား"

ပူပန်စိတ်ကြောင့် လိပ်စာထဲက အိမ်ကို ကျော်သွားသည်။ မျက်နှာချင်းဆိုင်မှလာသူ လူတစ်ယောက်ကို မေးလိုက်မှ လိပ်စာထဲကအိမ်မှာ နောက်မှာ ကျန်ရစ်ခဲ့ကြောင်း သိရသည်။ နောက်ပြန်လှည့်လျှောက်လိုက်သည်။

"ဒါ မောင်သင်းမြတ် အိမ်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ် ဦး၊ ဦးက နေအောင်ရဲ့ဖခင် မဟုတ်လား"

ကိုဘညွန့် ခေါင်းညိတ်ပြကာ အိမ်အတွင်းသို့ မျက်လုံးဝေ့ကာ အကဲခတ်ကြည့်လိုက်သည်။

အိမ်ဧည့်ခန်းမမှာ ထိုင်နေသည့် သားငယ်နေအောင်က ဖခင်ကို တွေ့၍ ထိုင်ရာမှ ထလာသည်။

ကိုဘညွန့်အိမ်ပေါ်သို့ လှမ်းတက်ရင်းမှ . . .

"သား သားအဖေနဲ့ အိမ်ပြန်လိုက်ခဲ့နော်၊ အဖေ့ကို စိတ်မဆိုးနဲ့နော်၊ အဖေက ငါ့သားမရှိရင် မနေတတ်ဘူးကွ၊ အဖေ့စကား နားထောင်နော်"

ကိုဘညွန့် စကားကို မနားတမ်းပြောရင်း သားငယ်နေအောင်၏ ပခုံးကို သူ့လက်နှစ်ဖက်ဖြင့် သိုင်းဖက်ကာ ရင်ခွင်ထဲမှာ သွင်းထားလိုက်သည်။

ကိုဘညွန့် မျက်လုံးအိမ်ထဲမှ မျက်ရည်စများ ဝေ့ဝဲထွက်ကျလာသည်။ ဝမ်းသာ ကြည်နူးချမ်းမြေ့မှုမှ ယိုစီးကျလာသော မျက်ရည်စတို့အတွက် ကိုဘညွန့် သူ့ကိုယ်သူ ဂုဏ်ယူနေမိသည်။

သို့သော် သားငယ်နေအောင်ကတော့ကိုဘညွန့်၏မျက်ရည်သင်္ကေတ နက်ရှိုင်းမှုကို သိပုံမပေါ်။

သို့ရာတွင် တစ်နေ့ သူဖခင်ဘဝရောက်ချိန်မှာတော့ အချစ်ဆုံးများ၏ ရာဇဝင်ကို နေအောင်ကိုယ်တိုင် ခံစားရလိမ့်မည်ကိုကား ကိုဘညွန့် ကောင်းကောင်း သိနေရှာသည်။

လောလောဆယ်မှာတော့ ဖခင်၏ နွေးထွေးမှုကိုရရှိ၍ ကြက်သီးတဖြန်းဖြန်းထကာ နေအောင် အပျော်ကြီးပျော်နေရှာပါသည်။

❐ ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com



၁

မှတ်မှတ်ရရ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ကရင်ပြည်နယ်၏အဖျား တစ်ဖက်နိုင်ငံ၏ စပ်ကြားနယ်မြေဖြစ်သည့် သောင်းရင်းမြစ်၏ ကျောက်ဆောင် ကမ်းပါးထိပ်တွင် ဂငယ်ပုံသဏ္ဍာန် ကျောက်တောင်ကုန်းမြင့် တည်ရှိပါသည်။ ထိုနေရာတွင် သောင်းကျန်းသူများ တည်ဆောက်ထားသည့် အခိုင်အမာစခန်း ကြီး ရှိနေပါသည်။ ထိုရန်သူစခန်းအား တိုက်ခိုက်ချေမှုန်း သိမ်းပိုက်ရန်အတွက် ပြည်သူ့တပ်မတော်၊ တပ်ရင်း တပ်ဖွဲ့အသီးသီးတို့သည် ကြိုတင်သတ်မှတ်ထား သည့် စုရပ်နေရာများမှ တိုက်ပွဲခေါ်သံ အစပျိုးနေသော အချိန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကရင်ပြည်နယ်၏ သဘာဝအလှတရားအား မည်သို့ ပင်စာဖွဲ့ကာမူ ပြီးပြည့်စုံနိုင်မည်မဟုတ်ဟု ထင်မိပါသည်။

သဘာဝ တောတောင်များနှင့်အတူ နက်ရှိုင်းသော ချောက်ကမ်းပါးများ ၊ လှိုမြောင်စိမ့်စမ်းနှင့် ညှိမှိုင်းအုပ်ဆိုင်း လျက်ရှိသည့် သစ်တောသစ်ပင်တို့အပြင် ကြီးထွားမြင့်မား လွန်းသည့် သက်ရင့်ကျွန်းပင်ကြီးများက ရတနာပြည်နယ် ကြီးအဖြစ် ဖော်ညွှန်းပြနေကြောင်းကို အတွေးဝင်နေစဉ်. .

"ဗိုလ်ကြီး. . တပ်ရင်းမှူးက ဗိုလ်ကြီးကို စက်ပေါ် တက်ပါတဲ့"

ကျွန်တော့်တပည့် ရဲဘော်လွန်းဇေမှ လာရောက် သတင်းပို့ခြင်း ဖြစ်ပါသည်။ (ဆက်သွယ်ရေးစနစ် စကားပြော စက်ဖြင့် ကျွန်ုပ်အား ညွှန်ကြားအမိန့်ပေးမည်ကို စက်ပေါ် တက်ပါဟု ဆိုခြင်းဖြစ်ပါသည်။)

တပ်ရင်းမှူးကိုယ်တိုင် ဆက်သွယ်ရေးစက်ဖြင့် ကျွန်ုပ် အား တိုက်ရိုက်ပြောမည်ဆိုကတည်းက ကြီးလေးသည့်တာဝန် တစ်ရပ် ညွှန်ကြားပေးအပ်တော့မည်ကို သဘောပေါက်ပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေးစက်ရှိရာသို့ ရောက်ပြီး အသင့်ရှိနေ သော စကားပြောခွက်အားကိုင်လျက်. . .

"ခရုမင်းသားလင်းယုန် စပယ်ပေါ် ရထားဆိုက်ပါပြီ၊ (၉၆)ပါသူရိန် ဒါပဲ"

"အံ့ပွား လင်းယုန်လား ဒါပဲ"

"မာလာတယော သူရိန် ဒါပဲ"

"ဒင်္ဂါး ရရင်သုံးပါ ဒါပဲ"

"အားလုံး ရထား (၉၆)ပါ ဒါပဲ"

လိုရင်းတိုရှင်း ပြောခဲ့ပြီး ဖြစ်ပါသည်။ ဆက်သွယ် ရေးစက်ဖြင့် စကားပြောဆိုသည့် အသုံးအနှုန်းများသည် လျှို့ဝှက်အမည်သညာ ဖြစ်သော်လည်း နားလည်သဘော ပေါက်ပြီးဖြစ်၍ တိုက်ပွဲကြီးတစ်ခု ဆင်နွှဲတော့မည်ကို အံ့ပွား သိပြီး ဖြစ်သည်။

"အံ့ပွား"ဟူသော အမည်ဝှက် (စကားဝှက်)သည် တပ်ခွဲမှူး တာဝန်ထမ်းဆောင်နေသူ ကျွန်တော် ဗိုလ်ကြီး အောင်ပွင့်၏ သီးခြား အမည်ဝှက်သာ ဖြစ်သည်။

တိုက်ပွဲတွေနှင့် ရင်းနှီးပြီး တန်ဖိုးကြီးမား ရင့်ကျက်ခဲ့ ရခြင်းနှင့်အတူ သေတွင်းမှ အကြိမ်ကြိမ် လွတ်မြောက်အောင် မြင်ခြင်းများကိုတင်စားလျက် ကျွန်ုပ် အောင်ပွင့်အား "အံ့ပွား" ဟူ၍ သညာတွင်ခဲ့သည်ကား တပ်ရင်းတစ်ရင်းလုံးအပြင် တပ်မဌာနချုပ်နှင့် အခြားတပ်ရင်းမှ သူငယ်ချင်း ရောင်းရင်း များပင် သိနေကြသော အမည်ဝှက်ပင်ဖြစ်တော့သည်။

မနက်ဖြန် တိုက်ပွဲဝင်ရပါမည်။ ရန်သူကို ရင်ဆိုင် တိုက်ပွဲဝင်ရမည့် ပြည်သူ့တပ်မတော်သားကောင်းတို့အတွက် ဆန္ဒတွေပြည့်ပါတော့မည်။ ဒါပေမယ့် အခု တိုက်ရမည့် နည်းက အင်နှင့်အားနှင့် တိုက်ရမည့်နည်းမျိုး မဟုတ်သည့် ကွန်မန်ဒိုနည်း ဖြစ်၏။

ကွန်မန်ဒိုနည်းဆိုတာ သီးခြား ဖွဲ့စည်းပြီး အထူး တာဝန် ပေးအပ်ခံရသူများဖြစ်၍ ရဲဝံ့စွန့်စား သတ္တိရှိသူဖြစ်ပြီး အတွေ့အကြုံနှင့် တိုက်ရည်ခိုက်ရည်ရှိသူ၊ ပါးရည်နပ်ရည် ရှိသူ စသည် ထိုသို့သော ပြည်သားကောင်း အင်အား(၂၅) ယောက်ဖြင့် တိုက်ပွဲဝင် ထိုးဖောက်ရမည့် ကွန်မန်ဒိုနည်း ဖြစ်ပါ သည်။

ကျွန်ုပ်၏ တပ်ခွဲအမည်ဝှက်က "လင်းယုန်" ဖြစ်၏။ တပ်ခွဲတွင် အားကိုးယုံကြည်ရသည့် တိုက်စွမ်းရည်နှင့်အတွေ့ အကြုံရှိပြီးသူ ဗိုလ်ကြီးတင်ရွှေ (ရွှေဘ)ဟု အမည်တွင်၏။ နောက်တစ်ဦးက ဗိုလ်ကြီးမျိုးလွင် (ဖိုက်တာ) နှင့် ဗိုလ်ကြီး ရဲထွဋ်တို့ ဖြစ်ကြ၏။(ယခု ဘယ်ရောက်ဘယ်ပေါက်၍ဘာ တာဝန်တွေထမ်းနေသည်ကို မသိတော့ပါပြီ)။

ထိုညီသုံးယောက်နှင့် ခံစစ်စခန်း၏ ကျည်လွတ်မြေ၏ အောက်ခြေတောတွင်း၌ စုဖွဲ့စေပြီး တပ်စုအလိုက် အကြပ် ကြီး၊ အကြပ်၊ စစ်သည်တို့၏ တစ်ဦးချင်းအလိုက်မျက်နှာတို စူးစိုက်ကြည့်လိုက်ချိန်တွင် တည်ငြိမ်သော မျက်နှာများက ပေးအပ်မည့် အမိန့်ကို ခံယူရန် အသင့်ရှိကြောင်း ပေါ်လွင် နေ၏။

ကျွန်ုပ် ချောင်းတစ်ချက်ဟန့်လျက် . . .

"အားလုံးကို လိုရင်းပဲ ပြောပြမယ်"ဟု ပြောလိုက် ချိန်မှာပင် မျက်လုံးများက ကျွန်ုပ်အား စိုက်ကြည့်ကြပြီဖြစ်၏။

"ငါတို့ တိုက်ပွဲဝင်ရမယ်၊ အရေးအကြီးဆုံး တိုက်ပွဲ ထဲမှာ ငါနဲ့အတူ တိုက်ပွဲဝင်ရမယ့် ရဲဘော် နှစ်ဆယ်ကျော် လိုတယ်၊ မင်းတို့ရဲ့ ဗိုလ်ကြီးတင်ရွှေ (ရွှေဘ) ကြီးလဲပါမယ် ကဲ. . တိုက်ရဲ စွန့်စားရဲတဲ့သူတွေ ရှေ့ကိုထွက်ကွာ"ဟု ပြော လိုက်ရာ အားလုံးစစ်သည်များ ရှေ့ကို တိုးထွက်လာကြသဖြင့် နောက်မှာ ရပ်ကျန်နေသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရပါ ချေ။

အားလုံးတိုက်ပွဲဝင်ကြမည့် သဘောပင်ဖြစ်၏။ သူတို့ စိတ်ဓာတ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တပ်ခွဲတွင် ရှိသည့် အရာရှိ စစ်သည်တို့၏ ရဲဘော်ရဲဘက်စိတ်ကို ကျွန်တော် အသိဆုံးဖြစ်ပါမည်။ တိုက်ပွဲ များနှင့်ရင်းနှီးအကျွမ်းဝင်ခဲ့ရပြီး တန်ဖိုးကြီးမားခဲ့ရသည့်ပြည်သူ့ တပ်မတော်သားဘဝတွင် နှစ်များစွာ အတူတွဲ၍ အသက်ပေး တိုက်ပွဲဝင်ခဲ့ပြီးသူတွေ ဖြစ်ခြင်းကြောင့် ကျွန်တော့်ရဲဘော်တွေ အကြောင်း ကျွန်တော်အသိဆုံးဟု ပြောနိုင်ခြင်း ဖြစ်ပါသည်။

အင်အားလိုချင်တာ (၂၅)ယောက်တည်း။ အခုပုံစံက တပ်ခွဲတစ်ခွဲလုံး အင်အားဖြစ်နေ၏။ အမိန့်ကို နာခံတတ်ပြီး တိုက်ပွဲဝင်လိုကြသည့် သံမဏိစိတ်ဓာတ်နှင့် အားမာန်များကို မြင်တွေ့ရသဖြင့် တပ်ခွဲမှူးဖြစ်သည့် ကျွန်တော့်ရင်ထဲ





www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဖော်ပြရမှန်း မသိလောက်အောင် ကြည်နူးပီတိ ဖြစ်ရမြန်ပါသည်။

မျက်စိလေးမှေးမှိတ်ပြီး ရှက်ပြုံးလေးနှင့် . . .

"မောင့်အတွက် ရှော့. . အင့် ပါးပြင်"ဟု ချစ်သူ၏ လိုက်လျောကြည်ဖြူမှုထက် နှိုင်းယှဉ်၍ မရနိုင်လောက်သည့် ကြည်နူးပီတိမျိုး ဖြစ်ပါသည်။

စွန့်လွှတ်ရဲရဲ တိုက်ပွဲထဲမှာ ရှော့အင့်ပါးပြင်က သုံးစား၍ မရ။ တစ်ဦးနှင့်တစ်ဦး အသက်ပေးတိုက်ပွဲဝင်ရမည့် ရဲဘော်သာလျှင် အပြန်အလှန်ဖေးမမည့် တကယ့်သူရဲကောင်းဖြစ်သည်နှင့်အညီ တပ်ခွဲထဲမှ သူရဲကောင်း(၂၅)ဦး ရွေးထုတ်ရပါတော့မည်။ ထိုအချိန်တွင် . . .

"ကျွန်တော့်ကို တိုက်ခွင့်ပေးပါ ဗိုလ်ကြီး" ဟု တင်ပြသူများကား တပ်ကြပ်ကြီးဖိုးသိန်းနှင့် အကြပ်တပ်သားအားလုံး နီးပါးဖြစ်၍ သီးခြားရွေးချယ်ခဲ့ရာ အင်အား (၂၅) ယောက် ပြည့်ခဲ့ပါပြီ။ မနက်ဖြန် တိုက်ပွဲဝင်ကြမည့် တိုင်းရင်းသားညီအစ်ကို တိုက်ဖော်တိုက်ဖက် ရဲဘော်ရဲဘက်များ ဖြစ်နေပါတော့သည်။

"ကျန်နေတဲ့ အားလုံး အကြပ်စစ်သည်တွေလဲ အခုတိုက်ပွဲမှာ မပါဝင်ရပေမယ့် အခြားတစ်နေရာမှာ သေချာပေါက်တိုက်ပွဲဝင်ရမှာ မလွဲဘူး။ ပြင်ဆင်ထားကြ"

"ဘာမေးစရာ ရှိလဲ"

"မရှိဘူး"ဆို၍ အနားပေး အားမွေးခိုင်းရပါတော့သည်။ ကွန်မန်ဒိုနည်းဖြင့် တိုက်ပွဲဝင်ကြရမည့် ကျွန်တော်အပါအဝင် စစ်သည်များအနေဖြင့် ဒီတိုက်ပွဲကြီးတွင် ဘယ်လိုဘယ်ပုံစံပေါ်ထွက်လာမည်ကို ဘယ်သူမှ ကြိုမသိနိုင်သော်လည်း တစ်ဦးနှင့်တစ်ဦး အမိန့်နာခံလျက် သစ္စာလေးချက် ဦးထိပ်ရွက်ထားသည့် ပြည်သူပြည်သားတို့၏ မွေးဖွားခဲ့သော သားကောင်းများပီပီ အသက်စွန့်၍ တိုက်ပွဲဝင်ကြမှာတော့ သေချာပါတော့သည်။

ကကြိုးတန်ဆာများ ဆင်ယင်ထားလျက်ကောင်းကင်ယံသို့ ပျံတက်တော့မည့် နတ်မြင်းပျံအလား မနက်ဖြန် တိုက်ပွဲဝင်ကြတော့မည်။ သူ့မြေဆိုတာတစ်ပေမျှပင်မလိုချင်၊ တို့မြေဆိုကလည်း တစ်လက်မလေးတောင် မပေးနိုင်သည့် စိတ်ဓာတ်မျိုးပင် ဖြစ်၏။

ထိုစိတ်ဓာတ်သည် အမျိုးလည်းစစ်၊ အမျိုးကိုလည်းချစ်၊ ကိုယ့်နိုင်ငံအတွက်ဆိုလျှင်လည်း အသက်ပေးပြီးချစ်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင် ဖခင်များနှင့် နောင်တော်ကြီးများနည်းတူ မြန်ချစ်ပြည်သား ပြည်သူ့တပ်မတော်သားတို့၏ မနက်ဖြန်တိုက်ပွဲသည် မတိုက်ခင်ကပင် အောင်ပွဲတစ်ဝက် ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

"အစ်ကိုကြီး ယင်းမာပင်ရောက်ပြီဗျို့၊ အောက်ဆင်းပြီး တစ်ခုခုစားရအောင်" ဟု ညီတော်၏ သတိပေးမှုကြောင့် အတိတ်အတွေးများ ပစ္စုပ္ပန်သို့ ပြန်ရောက်လာပြီး လတ်ရှိနေပြည်တော်ဝန်ကြီးဌာန၏လက်အောက် လုပ်ငန်းဌာနတွင် တာဝန်ထမ်းဆောင်ရင်း အထက်ဌာန၏တာဝန်ပေးချက်ဖြင့် ( DE ) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး (Department Enquiry) ကိစ္စဖြင့် နေပြည်တော်မှ ရန်ကုန်၊ ရန်ကုန်မှ ဟဲဟိုး-ရွှေညောင်၊ တောင်ကြီး၊ ထိုမှ နမ့်ဆန်မြို့များအထိ ခရီးဆက် စစ်ဆေးခဲ့ပြီး၍ ယခု တောင်ကြီးမှ ရန်ကုန်သို့ အပြန်ခရီး ဟီးနိုးအမြန်ယာဉ်ပေါ်တွင် ရှိနေခြင်းပင် ဖြစ်ပါသည်။

ယာဉ်ပေါ်မှဆင်း၍ အအေးသောက်ကြပြီး ကားပြန်ထွက်ခဲ့ရာ ပျဉ်းမနားမြို့သို့မဝင်မီ ကားလမ်းကြီး၏ ဘယ်ဘက်ရှိ ကွန်ကရစ် ခင်းထားသည့် စစ်ရေးပြ ကွင်းအကျယ်ကြီးကို ရောင်စုံမီးအလင်းများဖြင့် ဖော်ညွှန်းလျက် သမိုင်းဝင် ဘုရင်မင်းမြတ်တို့၏ ခံ့ထည်ရုပ်တုကြီးများကိုလည်း ဝင့်ကြွားပုံဖော်သည့် တပ်မတော်နေ့ စစ်ရေးပြပွဲ ကျင်းပရေး ဆောင်ရွက်မှုများကို ည ၈ နာရီခန့် ကားပေါ်မှ မြင်တွေ့နေရပါသည်။ အနေနီးပြီး ဂုဏ်မပြုနိုင်သည့် ပွဲဟုပင် ဆိုရပါမည်။

ကျွန်တော် နေပြည်တော်ဝန်ကြီးဌာနသို့ ဗွေဇော်ဦး ပြောင်းရွှေ့ စီစဉ်ရသူဖြစ်၍ မှတ်သားမှုအရ (၆-၁၁-၂၀၀၅) ရက်နေ့ ဖြစ်၏။ ယခု စစ်ရေးပြ အခမ်းအနားသည် ၂၀၀၆ ခုနှစ် မတ်လ(၂၇)ရက်နေ့ နေပြည်တော်တွင် ဦးဆုံးကျင်းပသည့် အခမ်းအနား ဖြစ်ပါသည်။ ယခင် ရန်ကုန်တွင်ကျင်းပမြဲဖြစ်၏။

ဒီနေ့သည် မတ်လ(၂၆)ရက်နေ့ ဖြစ်၍ မနက်ဖြန် စစ်ကြောင်းကြီးများအလိုက် ချီတင်စစ်ရေးပြကြမည့် ပွဲကြီးသို့ ကျွန်တော် ဂုဏ်ပြုနိုင်ခြင်း မရှိတော့ပါချေ။

ရန်ကုန်မြို့၊ ဝန်ကြီးဌာနလက်အောက်၊ လုပ်ငန်းရုံးချုပ်တွင် တာဝန်ထမ်းဆောင်စဉ်က သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သော မတ်လ (၂၇)ရက်နေ့မျိုးဆိုလျှင် မိုးစင်စင်မလင်းတတ်သေးသည့်အချိန်၊ ဦးဝိစာရ လမ်းတစ်လျှောက် စစ်ကြောင်းချီ တပ်မတော်သားများကို ပန်းကုံးဆက်မည့် ပြည်သူ ပြည်သားတို့နှင့်အတူ ရောနှော၍ တစ်နေရာမှ ကျွန်တော် ဂုဏ်ပြုနေကျဖြစ်ပါသည်။

အားမာန်အပြည့်ဖြင့် တစ်ခဲနက် ပေါ်ထွက်လာသည့် စစ်မိန့်သံများ၊ ရဲစိတ်ရဲမာန်တက်ကြွသည့် ဘင်ခရာသံများနှင့်အတူ စစ်သီချင်းသံများက ဘဝင်ညံမျှ ထွက်ပေါ်လာသည်ကား . . .

"တို့ဗမာတွေ ရဲစွမ်းပြမည် အာဇာနည်ပီပီ၊ တို့ရဲဘော်များ အားလုံးညီညီ၊ သက်စွန့်ကာတိုက်မည်၊ မျိုးရိုးနဲ့ရာဇဝင် မော်ကွန်းတည်၊ သူရဲကောင်းများ ထွန်းကားသည်"

သီချင်းသံများနှင့်အတူ ညီညာသည့် ခြေလှမ်းများကြောင့် ရင်သပ်ရှုမော၊ ကြက်သီးမွေးညင်း ထဖွယ်ပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားရေးဇာတိမာန်ကို နှိုးဆွကိုင်လှုပ်သလိုမျိုး ရင်ထဲမှာ တလှပ်လှပ် ကြည်နူးပီတိများ ရိုက်ခတ်ခံစားရပြန်ပါသည်။

ကျွန်တော် အကြိုက်ဆုံးသော စစ်သီချင်းတစ်ပုဒ်ကို သံပြိုင်ဟစ်ကျွေးသံကား. . .

“ နိုင်ငံတော်ကို ချစ်တဲ့ သားကောင်းစစ်သည်တော် နိုင်ငံတော်အတွက်ဆို အသက်နဲ့လဲလို့ပျော်၊ လွတ်လပ်သော နိုင်ငံတော် မြဲခိုင်ဖို့ တာဝန်နော်၊ ပြည်ထောင်စု ငါတို့ငါတို့မြန်ပြည်ပေါ်၊ တစ်လက်မ အထိမခံ အပြုတ်နှံမယ်တို့ရဲဘော်”

စစ်ကြောင်းများ ဝေးသည်ထက် ဝေးသွားခဲ့ပါပြီ။ စစ်တေးသံများက လေထုအတွင်း ပဲ့တင်ထပ်လျက် ပျံ့လွင့်နေဆဲရှိသေးသည်။ ထိုပျံ့လွင့်မှုနှင့်အတူ စီးမျောလိုက်ပါရင်း အတွေးက ဝင်ရောက်လာပြန်၏။

လွတ်လပ်လိုမှုအတွက် တော်လှန်ရေးကြီး ဆင်နွှဲခဲ့ကြရာတွင် တပ်မတော်ခေါင်းဆောင်များနှင့်အကြပ်စစ်သည် ရဲဘော်များနှင့်အတူ ပြည်သူပြည်သားမျိုးချစ်များ၏အသက်သွေးတွေ အများကြီး ပေးဆပ်ခဲ့ရပြီး ဖြစ်ပါသည်။

လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ရင်း သွေးတွေလည်း ပင်လယ်ဝေခဲ့ပြီး ဖြစ်၏။ အရိုးတွေလည်း တောင်လိုပုံခဲ့ပြီး ဖြစ်၏။ ထိုသို့ ရင်းနှီးပေးဆပ်ပြီးမှ ရခဲ့သည့်လွတ်လပ်ရေး၏ တန်ဖိုးကို နားလည်သဘောပေါက်ရန် လိုပါမည်။ တန်ဖိုးကို သိပါမှ တန်ဖိုးကို နားလည်မည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

နိုင်ငံ့ဖခင်ခေါင်းဆောင်ကြီးများ မျိုးစေ့ချပေးခဲ့သည့် တပ်မတော်သည် စဉ်ဆက်မပြတ် ပြည်သူချစ်သော တပ်မတော်၊ တပ်မတော်ချစ်သော ပြည်သူအဖြစ် ပြည်သူ့ဘက်က ရပ်တည်ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ အတွေးများ မည်မျှကြာအောင် လွင့်မျောနေမိသည်ကို မသိနိုင်တော့ပါ။

“ မင်္ဂလာဒုံ ခရီးသည်များဆင်းနိုင်ပါပြီ” ဟု အသံနှင့်အတူ . “ကျွန်တော် ဒီမှာဆင်းမယ် အစ်ကိုကြီး” ဟုပြော၍ ဗိုလ်မှူးဝေဦး (ငြိမ်း)လည်း ဆင်းသွားတော့သည်။

သည်ကားကြီးသည် မကြာမတင်မှာ အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ရှိ၍ ခရီးဆုံးဖြစ်ပါသည်။ ကျွန်တော်သည်လည်း လုပ်ငန်းကိစ္စဖြင့် ရန်ကုန်တွင် နှစ်ရက်နေပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် ခရီးဆုံးဂိတ်ထိ သွားရပါဦးမည်။ မကြာမီလပိုင်းအတွင်း သက်ပြည့်ဖြင့်ဝန်ထမ်းဘဝ ခရီးဆုံးရမည် ဖြစ်ပါသည်။

လူသားမှန်သမျှ မျိုးနွယ်ဆက်များဖြင့် မျိုးဆက်သစ်လျှက် အမျိုးအနွယ်ကို ထိန်းသိမ်းရပါသည်။ ဝန်ထမ်းလည်း ဝန်ထမ်းအလျောက် ဖြစ်၏။ ထို့နည်းတူ ပြည်သူ့တပ်မတော်သည် ပြည်သူပြည်သားတည်းဟူသော မျိုးနွယ်ပေါင်းတစ်ရာကျော်တို့၏ ရင်နှစ်သည်းခြာ သားကောင်းရတနာများဖြင့် စည်းလုံးညီညွတ်စွာတည်ဆောက်ခဲ့သည့် ပြည်သူ့တပ်မတော်ပီသစွာဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့ကို အသက်စွန့်သယ်ပိုးရင်းကမ္ဘာကြီးတည်နေသမျှ မြန်မာနိုင်ငံကို ကာကွယ်ဖို့အတွက် သစ္စာအဓိဋ္ဌာန်နှင့်အတူ စဉ်ဆက်မပြတ် ချီတက်နေဦးမည့် ခရီးဆုံးမရှိသည့် ပြည်သူ့တပ်မတော်ဟု ခိုင်မာစွာ ယုံကြည်မိပါတော့သည်။

၂၀၁၂ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ တော်လှန်ရေးနေ့၊ တစ်နည်းအားဖြင့် “တပ်မတော်နေ့” ရောက်ပြန်ဦးတော့မည်။ကိုယ်တိုင်သွားရောက်၍ ဂုဏ်ပြုနိုင်စွမ်း မရှိတော့ပါပြီ။ နှလုံးသားရင်ထဲကလှိုက်လဲသော အပြုံးများဖြင့်သာ ဂုဏ်ပြုနိုင်ပါတော့သည်။

စာတိုပေစလေး မစို့မပို့ ရေးမိချိန်ကာလအတွင်း ၁၉၉၉ ခုနှစ်တွင်၊ ကျွန်တော် ရေးသားသည့် “သက်နှင်းသစ္စာ တိုင်တည်ပါသည်”နှင့် အခြားကဗျာများ စာအုပ်(၁၀၀)အား တပ်မတော်နေ့ဂုဏ်ပြုခြင်း အထိမ်းအမှတ်အနေဖြင့် တပ်မတော်စစ်ရုံးတွင်အုပ်ရေ(၁၀၀)၊ မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် အုပ်ရေ(၁၀၀)၊ အမှတ်(၂)စစ်ဆေးရုံကြီးသို့ ဗိုလ်မှူးကြီး သိန်းစိုး၊ ဆေးသိုလှောင်တပ်မှူးနှင့်အတူ အုပ်ရေ(၁၀၀)ဂုဏ်ပြုခဲ့ရပါသည်။

အခွင့်အခါသင့်သည်ဟုပင်ဆိုရပါမည်။ “ဂန္ထဝင်ပုံရိပ်” နှင့်အခြားကဗျာများစာအုပ်(၃၀၀)ကို တပ်မတော်နေ့ဂုဏ်ပြုခြင်းအထိမ်းအမှတ်ဖြင့် နေပြည်တော်တွင် ပထမဦးဆုံး ကျင်းပသည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌထံသို့ ပေးအပ်ဂုဏ်ပြုခဲ့ပြီးဖြစ်ပါသည်။

(တပ်မတော်နေ့အတွက် မိမိနိုင်စွမ်းသမျှ စာပေဖြင့် ဂုဏ်ပြုခြင်းသာဖြစ်ပါသည်။ ကိုယ်ရည်သွေးလိုခြင်းမဟုတ်ပါကြောင်း ရိုးသားစွာဝန်ခံပါသည်)။

အခုတော့ တပ်မတော်သားဘဝ အငြိမ်းစား၊ နယ်ဘက်ဝန်ထမ်းဘဝအငြိမ်းစား၊ နိုင်ငံတာဝန်ထမ်းဆောင်မှုများ ကျေပွန်ပြီးမြောက်ခဲ့ပြီဖြစ်၍ ပင်စင်စားအငြိမ်းစား သက်ကျားအိုစစ်ပြန်ကြီးဟုလည်း ဆိုနိုင်မည်ထင်ပါသည်။

သက်ကျားအိုသော်လည်း စိတ်က နုပျိုဆဲဖြစ်၍ တပ်မတော်သားဘဝ အတိတ်၏ပုံရိပ်များက မနေ့ကလိုမျိုး ပြန်လည်မြင်လျက် ခံစားတမ်းတ၍ လွမ်းမိခြင်းတို့ကြောင့် “လည်ပြန်အလွမ်းနှင့် ဂုဏ်ပြုလက်ဆောင်”အနေဖြင့် ရေးသား ဂုဏ်ပြုခြင်းသာဖြစ်ပါကြောင်းဟုဆိုလျှင် ။


၂၀၁၂ - ခုနှစ်၊ မတ်လ(၂၇) “တပ်မတော်နေ့”နှင့် ခမရ(-)မှ တိုက်ဖော်တိုက်ဖက် သွေးသောက်တို့အား ဂုဏ်ပြုပါသည်။

❒ အံ့ပွား(စလေ)



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်တို့မိသားစု ကျွန်တော်တို့ရွာကို ရောက်လာတာ သိပ်မကြာသေးပါဘူး။ မကြာသေးဘူးဆိုပေမယ့် နှစ်နှစ်ကျော်ကျော်လောက်တော့ ရှိပြီပေါ့။ ကျွန်တော်တို့ရွာက ရှမ်းပြည်နယ် တောင်ပိုင်း၊ ရပ်စောက်မြို့နယ်ထဲမှာရှိတဲ့ လယ်တော်ရွာပါ။ အများအားဖြင့်တော့ မနုတိုင်းရင်းသားတွေနေထိုင်ကြတယ်။ ဗမာတွေကတော့ မရှိသလောက်ကို ရှားပါတယ်။ ရွာကမြို့နှင့်လည်း သိပ်မဝေးလှဘူး။ အိမ်ခြေ ၈၀ ကျော်ရှိတဲ့ မကြီးမငယ် ရွာလေးတစ်ရွာပေါ့။

မြင့်ဆောင်တို့မိသားစု ကျွန်တော်တို့ရွာကို ရောက်လာခဲ့ပုံက ဒီလိုပါ။ ကျွန်တော်တို့ရွာက နွေရာသီဆို အလှူပွဲတွေပေါ်တယ်။ ကိုယ့်သား၊ သူ့သား အပြိုင်အဆိုင် လှူကြတာပါ။ ကိုယ့်ရွာမို့ ပြောရဦးမယ်။ အလှူဆိုလို့ ကုသိုလ်ရဖို့တစ်ခုတည်းလှူကြတာ မဟုတ်ဘူး။ သူ့ထက်ငါ ပိုလှူနိုင်ရမယ်ဆိုတဲ့ မာနစိတ်၊ ပြိုင်ဆိုင်ချင်တဲ့စိတ်က အရင်ပဲဆိုပါတော့လေ။ ပုထုဇဉ်တွေပဲ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ဘယ်လိုပဲပြောပြော ယှဉ်ပြိုင်လှူကြတာတော့ အစဉ်လာလို ဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ရွာက ကလေးတွေ နွေရာသီကျောင်းပိတ်ပြီဆိုတာနှင့် ရှင်ပြုအလှူပွဲက မပြတ်ဘူး။

ရှေ့ကပြောခဲ့သလို သူ့ထက်ငါ အပြိုင်အဆိုင်လှူကြတာဆိုတော့ အလှူပွဲက စည်မှစည်။ ဝက်သားတုံးတွေကလည်း တစ်ပွဲထက်တစ်ပွဲ ပြိုင်ကြရင်း ကြီးကြီးလာလို့ ဟင်းတောင် မန္တက်ရဲလောက်အောင်ပါပဲ။

မြင့်ဆောင်တို့လင်မယားက ကျွန်တော်တို့ရွာရဲ့အလှူပွဲတိုင်းကို ရေခဲချောင်း လာရောင်းတယ်။ လူကများ၊ ဈေးသည်က မရှိဆိုတော့ မြင့်ဆောင်တို့ ရေခဲပုံးက တစ်ပုံးဆို ခဏနဲ့ကုန်တာ။



www.burmeseclassic.com

www.burmeseclassic.com

မြင့်ဆောင်တို့လင်မယား ရောင်းကောင်းမှန်း သိသွားတော့ နောက်ပွဲတွေမှာ ရေခဲတင်မကဘူး၊ မြို့က မုန့်ထုပ်သေးသေးလေးတွေနဲ့ ကလေးကစားစရာ အရုပ်တွေပါ ရောင်းလာတယ်။ ဈေးကလည်း ကြီးလိုက်တာ ပြောမနေပါနဲ့။ မုန့်ထုပ် ၅၀ တန်ကို ၁၀၀ ရောင်းတာ။ အမြတ်က ထက်ဝက်ကြေး ရတော့ သူတို့ဟန်ကျလို့ပေါ့။ နောက်တော့ ပွဲမရှိလည်း ရွာကို စက်ဘီးနှင့်လာပြီး လှည့်ရောင်းတော့တာပဲ။

ရွာမှာကလည်း ဈေးဆိုင်က ၁ ဆိုင်ပဲရှိတာကိုး။ အဲဒီဆိုင်ကလည်း ဝယ်ချင်တာ မေးလိုက်ရင် မရှိတာကများများပဲ။ မြင့်ဆောင်တို့ နယ်လှည့်ရောင်းတဲ့ ဈေးခြင်းတောင်းထဲမှာတော့ တစ်ခါတလေ ကံကောင်းရင် ဟင်းချက်စရာလေးတွေပါ ပါလာတတ်တယ်။ ရွာကလူတွေကလည်း အလွယ်တကူပဲ ဝယ်အားပေးကြတော့ မြင့်ဆောင်တို့ လင်မယားနှင့် တစ်ရွာလုံးက ရင်းနှီးခဲ့ကြတာပေါ့။

မြင့်ဆောင်တို့ လင်မယားက မြို့မှာ အိမ်သေးသေး တစ်လုံးငှားပြီး နေကြတယ်။ မြို့မှာဆိုပေမယ့် ချောင်ကျကျ ဆင်းရဲသား ရပ်ကွက်ထဲမှာပါ။ မြင့်ဆောင်မှာ ကလေး သုံးယောက်ဆိုတော့ အမြတ် ဘယ်လောက်တင်ပြီး ဈေးလှည့်ရောင်းလဲ အဆင်မပြေပါဘူး။ ဒါတောင် ဇနီးသည်ရဲ့ ဗိုက်ထဲမှာ နောက်ဆက်တွဲ ရင်သွေးလေးက ကိန်းအောင်းနေပြီ။ မြင့်ဆောင်ကလည်း အသောက်အစား အတော်မက်တဲ့ သူပါ။ တွေ့ရာ အရက်ဝိုင်းမရှောင် တစ်ပွဲတစ်လမ်း အကဲစမ်းသွားတတ်တာချည်းပဲ။

ရွာမှာ ဈေးရောင်းပြီးရင်လည်း အိမ်ကိုတန်းတန်းမတ်မတ် မပြန်ဘူး။ ရွာရဲ့အရက်ဆိုင်ရှေ့မှာ သူ့ရဲ့အရိုးထည်ပဲရှိတဲ့ ဟိုးရှေးရှေးက စက်ဘီးအိုကြီးကို ရပ်ပြီး အရက်ဝင်သောက်၊ ရေချိန်ကိုက်မှ ပြန်တတ်သူပါ။ သူ့မိန်းမ ရွှေမိကလည်း တားမယ်တော့ မထင်နဲ့။ သူ့ယောကျ်ား မြင့်ဆောင် အရက်သောက်ပြီးတဲ့အချိန်ထိ ထိုင်စောင့်တာ။

တကယ်လည်း ရှေ့သွားနောက်လိုက် ညီပါပေတယ်။ အသွင်တူလို့ အိမ်သူဖြစ်တာပေါ့။ တစ်ခါကဆိုရင် မြင့်ဆောင် မူးပြီး စက်ဘီး မစီးနိုင်တော့လို့ ရွှေမိက တင်ပြီးစီးရလေရဲ့။ စက်ဘီးကလည်း ဧရာမ ယောကျ်ားစက်ဘီး အမြင့်ကြီး။ နောက်ကထိုင်ခုံမှာ ဝါးနဲ့တန်းပြီး ရေခဲပုံးကို ဘယ်တစ်ပုံး ညာတစ်ပုံး ချိတ်လို့။ အဲဒီပေါ်မှာမှ လူတစ်ယောက်စာ ရအောင် စီးတယ်။ ရှေ့က လက်ကိုင်မှာကလည်း ဘယ်ရော၊ ညာရော ခြင်းတောင်းစုတ်ကြီးနှစ်လုံး ချိတ်ထားသေးတယ်။ ခြင်းတောင်းကလည်း အဖာအစပ် ဇရဖျစ်နဲ့ လက်ကိုင်ကိုတောင် သံကြိုးနဲ့ တွယ်ထားရတယ်။

မြင့်ဆောင်ရဲ့ ပုံစံက အရုပ်ပုပု၊ အသားမည်းမည်း ခပ်ဝဝပဲ။ ရွှေမိကတော့ ပိန်ပိန်မြင့်မြင့်၊ အသားမည်းတာကတော့ နှစ်ယောက်စလုံး အတူတူပဲ။ ရွှေမိကတော့ သူ့ရဲ့ နေလောင်ထားတဲ့ နီကြင့်ကြင့်ဆံပင်ကို သားရေကွင်းနဲ့တွဲပြီး အမြဲတမ်း စည်းထားတတ်တယ်။ သူတို့နှစ်ယောက်စလုံးက မြန်မာလူမျိုး၊ အညာသားစစ်တွေပါ။ အသက်ကတော့ နှစ်ယောက်စလုံးက ၃၅ ကျော်ကျော်လေးတွေပါ။

မြင့်ဆောင်က ကျွန်တော်တို့ရွာထဲက အရက်သမားမှန်သမျှ သူ့ဘော်ဒါချည်းပဲ။ သူ ကိုယ်တိုင်ကလည်း ရွာမှာ အတော် ပျော်ပါတယ်။ တစ်ခါတလေ ဈေးလာရောင်းတာ မဟုတ်ဘဲ ရွာကို တမင်အရက်လာသောက်တယ်။

မိုးရာသီရောက်တော့ မြင့်ဆောင်တို့ မိသားစုစားဝတ်နေရေး အဆင်မပြေတော့ဘူး။ သူတို့ရဲ့ပင်တိုင်အရောင်းဖြစ်တဲ့ ရေခဲချောင်းကလည်း ရောင်းလို့ မရတော့တာမို့ အခက်တွေ့ရတာပေါ့။ မိုးရာသီ ရွာလမ်းက ရွှံ့ဗွက်တွေက စက်ဘီး စီးမရတာမို့ တခြားအရောင်းတွေ လှည့်ရောင်းဖို့ ဆိုတာကလည်း ထင်သလောက် အဆင်မပြေပါဘူး။ အရင်နှစ်တွေက ဇနီးသည်နဲ့ နှစ်ယောက်သား ရုန်းကန်ရှာဖွေတော့ မိသားစုကို ထမင်းမငတ်အောင် ထိန်းနိုင်ခဲ့ပါတယ်။ အခုနှစ်မှာတော့ ဇနီးသည်ကလည်း နေ့စေ့လစေ့နဲ့မို့ မကူနိုင်တော့ မြင့်ဆောင်တစ်ယောက်တည်း ဒုက္ခလှလှတွေ့ရတော့တာပေါ့။

မြို့မှာနေတော့ အစစအရာရာ ငွေလမ်းခင်းရတာ ချည်းမဟုတ်လား။ အိမ်လခက ပေးစရာလို၊ ကလေးတကျောင်းမှာ စာအုပ်၊ခဲတံ လိုပြန်တော့ မြင့်ဆောင်မှာအကြွေးတွေဝိုင်းလို့ပါ။ သူ့အရက်ဖိုးကလည်း တစ်နေ့တစ်နေ့ မသေးဘဲကိုး။ မြင့်ဆောင်က ညနေ နေညိုချိန် ရောက်ရင် အရက်မသောက်ဘဲ မနေနိုင်ဘူး။

မြင့်ဆောင်က အလုပ်တော့မရွေးဘူး။ ကြုံရာကျပန်းလုပ်နိုင်ပါတယ်။ ဒါပေမယ့် မြို့ကသေးတော့ အလုပ်က သိပ်မရှိပြန်ဘူး။ ဒီလိုနှင့် အားအားရှိ ကျွန်တော်တို့ရွာက သူ့ရဲ့ အရက်ရောင်းရင်းကြီးတွေဆီ စုန်ဆင်းလာတတ်တယ်။

အရက်သောက်ရင်း မိသားစုစားဝတ်နေရေး အဆင်မပြေတဲ့အကြောင်း ရင်ဖွင့်ရတာ မမောနိုင်အောင်ပဲ။ အရက်ဝမ်းထဲစဝင်ကတည်းက ပြောလိုက်တာ မူးပြီး စကားလုံးတွေ ဝါးလာတဲ့အထိ ဆိုပါတော့။ နောက်ဆုံးမှာတော့ သူ့ရဲ့အရက်ရောင်းရင်းကြီး ကျွန်တော်တို့ ရွာသားတိုးမောင်က. .

“ကိုမြင့်ဆောင်ရယ် ခင်ဗျား ဒီလောက်ထိ ဒုက္ခရောက်နေရင်လဲ ကျုပ်ကူညီမယ်ဗျာ၊ ခင်ဗျား ကျုပ်တို့ရွာကို ပြောင်းလာ၊ ကျုပ်ခြံအစွန်မှာ အိမ်ဆောက်နေဗျာ ဟုတ်ပြီလား”

တိုးမောင်ရဲ့ စကားကြားတော့ မြင့်ဆောင် ဝမ်းသာလွန်းလို့ အရက်ရှိန်တောင် ပြေမတတ်ဖြစ်သွားတယ်။ အဲဒီနောက် သိပ်မကြာဘူး၊ မြင့်ဆောင်တို့မိသားစု ကျွန်တော်တို့ရွာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပဲ။

ကလေးတွေ တစ်ပြုံကြီးနဲ့ တိုးမောင်ရဲ့ခြံအစွန်မှာ တစ်ဖက်ယပ်တဲလေးထိုးပြီး နေကြတယ်။ အဲဒီ တဲလေးကို



www.burmeseclassic.com

www.burmeseclassic.com

တည်း တိုးမောင်တို့အဖွဲ့ကပဲ ပိုင်းကူထိုးပေးထားကြတယ်။ မြင့်ဆောင်ကတော့ တိုးမောင်တို့အဖွဲ့ကို ကျေးဇူးတင်လို့မဆုံး တော့ပါဘူး။

ရွာကို ပြောင်းလာပြီး နှစ်ပတ်လောက်အကြာမှာပဲ နီးသည်က ကလေးမွေးတော့ မြင့်ဆောင် တစ်ယောက် ကလေး သုံးယောက်အဖေကနေ ကလေး လေးယောက် အဖေအဖြစ် ရာထူးတက်ခဲ့တယ်။ အခုမွေးတဲ့ကလေးက သမီး လေး။ အရင်အကြီး သုံးယောက်က ယောကျ်ားလေးဆိုတော့ တစ်ယောက်တည်းပါတဲ့ အငယ်ဆုံးသမီးလေးကို မြင့်ဆောင် တို့လင်မယား ချစ်လိုက်ကြတာ လွန်ရော။

ကျွန်တော်တို့ရွာက မိုးရာသီ လယ်လုပ်ချိန်တွေမှာ အလုပ်က တအားပေါတော့ ကျပန်းလုပ်နိုင်တဲ့ မြင့်ဆောင် အတွက် အဆင်ပြေလှပါတယ်။ မြင့်ဆောင်က အလုပ်မရွေး တော့ ရွာမှာဆို အတော်အားကိုးရပါတယ်။ သူများမလုပ်တဲ့ အလုပ်ကို မြင့်ဆောင် အကုန်လုပ်တယ်။ နေ့စားလုပ်ရုံတင် တောဘူး၊ သူများအိမ်မှာ နွားချေးကျုံး၊ ဝက်စာကျွေးတာတွေ ထည်းလုပ်တယ်။ ပိုက်ဆံသာပေး၊ မြင့်ဆောင်မလုပ်တဲ့ အလုပ် မရှိဘူး။ လူသေလို့ မသာကျင်း တူးခိုင်းရင်တောင် မြင့်ဆောင် တူးတယ်။

အလှူပွဲတွေ၊ လုပ်အားပေးတွေမှာလည်း မြင့်ဆောင် က ဒိုင်ခံလုပ်တတ်တယ်။ ဒါကြောင့်လည်း မြင့်ဆောင်က ရွာမှာ အားကိုးရတာပေါ့။ အရက်သောက်တတ်တာ တစ်ခု လွဲရင် မြင့်ဆောင်က လူကောင်းတစ်ယောက်ပါ။

ဒီလိုနဲ့ မြင့်ဆောင်တို့မိသားစု ကျွန်တော်တို့ရွာကို ရောက်လာတာ တစ်နှစ်တောင်ကျော်လာပါပြီ။ ကျွန်တော်တို့ ရွာကလူတွေက လယ်ကြီး၊ ခြံကြီးတွေရှိတော့ အတော်ကို ချောင်လည်ကြတယ်။

ဆန်ဝယ်စားစရာမလို၊ ဆီဝယ်စားစရာ မလိုဆိုတော့ အဲဒီလူတွေကို မြင့်ဆောင် အားကျလာတာပေါ့။ မြင့်ဆောင် ဘဝက လက်လုပ်မှ ဝမ်းလုပ်ရတဲ့ ဘဝလေ။ တစ်နေ့အလုပ် မလုပ်ရင် နောက်တစ်နေ့ ဝမ်းရေးက အခက်သား။

အဲဒီတော့ မြင့်ဆောင် တစ်ယောက် သူ့မိသားစု စားဝတ်နေရေး အဆင်ပြေအောင် ခြံလုပ်ချင်တဲ့ စိတ်တွေ ပြင်းပြလာတယ်။ ဒီလိုနှင့် သူ့အိမ်ဘေးက နတ်မြေဖြစ်တဲ့ မြက်ရိုင်းတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီး ခြံလုပ်ဖို့စတင် တော့တယ်။ သူ့ရဲ့နေအိမ်က ရွာရဲ့မြောက်ဘက်အစွန်ဆုံးမှာ ရှိတဲ့ တိုးမောင်ရဲ့ ခြံအစွန်မှာလေ။ တိုးမောင်ခြံရဲ့ မြောက် ဘက်တောကြီးက ရွာနတ်စင်ရဲ့ မြေဖြစ်လို့ ဘယ်သူမှ မလုပ် စားကြဘူး။ အကျယ်ကတော့ ၁၅ ဧကကျော်ကျော် ရှိမယ် ထင်တယ်။

ရွာရဲ့နတ်စင်က အဲဒီတောရဲ့ အလယ်မှာရှိတယ်။ တောက ကြီးတယ်ဆိုပေမယ့် အပြင်ဘက် အစပ်မှာတော့ မြက်ရိုင်းပင်တွေပဲ ရှိတယ်။ မြင့်ဆောင် အဲဒီ မြက်ရိုင်းတော ကြီးကို ခြံလုပ်ဖို့ ခုတ်ထွင်ရှင်းလင်းတာ ရက်မှလသို့ပြောင်း ခဲ့တယ်။

အလုပ်အားတဲ့အချိန်မှ ရှင်းလင်းရတာ ဖြစ်လို့ သိပ် မတွင်လှဘူး။ ဒီတောကို ရှင်းလင်းပြီး ခြံလုပ်မယ်လုပ်တော့ ရွာကလူတွေ စိုးရိမ်ကြတာပေါ့။ နတ်မြေဆိုတာ မလုပ်စား ကောင်းဘူးဆိုတာ လူတိုင်းသိကြတယ်လေ။ ဒါကြောင့်လည်း ကျွန်တော်တို့ ရွာက ဘယ်သူမှ မလုပ်စားရဲတာပေါ့။

မြင့်ဆောင် ခြံကို ခုတ်ထွင် ရှင်းလင်းစ ကတည်းက ရွာက လူကြီးတွေ မြင့်ဆောင်ကို ဆက်မလုပ်ဖို့ သွားတားကြတယ်။

"မြင့်ဆောင်၊ မင်းခုတ်ထွင်နေတဲ့ မြေက နတ်ပိုင်တဲ့ မြေကွ၊ မလုပ်စားကောင်းဘူး ခိုက်တတ်တယ်"

မြင့်ဆောင်က ဘယ်လက်ခံပါ့မလဲ။

သူက ဒီနေရာမှာတော့ လူခွစာပါ။

"ခင်ဗျားတို့ကလဲ တယ်လဲအယူသီးတာကိုး‌ဗျ၊ နတ်က သူ့ဟာသူ တောလယ်မှာနေတာ၊ ကျုပ်လုပ်နေတဲ့ နေရာနဲ့ အဝေးကြီးပါဗျ"

"ဘယ်သူမဆို ကိုယ်ပိုင်တဲ့မြေကို ယူရင် မကြိုက်ကြ ဘူးကွ၊ ဆက်မလုပ်ပါနဲ့ မြင့်ဆောင်ရာ. . ထားလိုက်ပါကွ၊ မင်း ခြံ တကယ်လိုချင်ရင် တစ်နှစ်၊ နှစ်နှစ်လောက် ကြိုးစားရင် ဖြစ်ပါတယ်ကွ"

"ဟာဗျာ . . ကျုပ်လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးမှ နောက်ပြန်မဆုတ်ချင်ပါဘူး၊ ရပါတယ်ဗျာ၊ ခင်ဗျားတို့ မစိုး ရိမ်ကြပါနဲ့၊ ဘာမှ မဖြစ်လောက်ပါဘူး"

မြင့်ဆောင်တစ်ယောက် ဘယ်လိုမှ ပြောလို့မရပါဘူး။ လူကြီးတွေကလည်း ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်နေ ရတဲ့ မြင့်ဆောင်ကို သနားတော့ အပြင်းအထန်လည်း မတား ရက်ကြဘူးပေါ့။ ဒါပေမယ့် မြင့်ဆောင်တို့မိသားစု ဒုက္ခရောက် မှာကိုတော့ ဘယ်သူမှ မလိုလားကြပါဘူး။

ဒီလိုနဲ့ မြင့်ဆောင်တစ်ယောက် ခြံကို ခုတ်ထွင် ရှင်း လင်းတာ နှစ်လလောက် အကြာမှာတော့ ခြံသုံးဧကကျော် ကျော် ရလိုက်တယ်။ အိမ်ကိုလည်း အဲဒီခြံထဲရွှေ့လိုက်တယ်။ သူ့ခြံနဲ့သူ ဖြစ်သွားတာပေါ့။

ကျွန်တော်တို့ ရွာက မြင့်ဆောင် ခုတ်ထွင်ရှင်းလင်း ထားတဲ့ နတ်မြေက လူနေဖို့မပြောနဲ့ အညစ်အကြေး တစ်ခုခု စွန့်ပစ်မိရင်တောင် ဒုက္ခရောက်တတ်တာ။ ဒါကို မြင့်ဆောင် တို့မိသားစုက အိမ်ဆောက်နေတော့ ကျွန်တော်တို့မှာ သူ့ အစား ရင်လေးမိပါရဲ့။ မြင့်ဆောင် အဲဒီမြေတွေကို ခြံစည်းရိုး ခတ်ပြီး မိုးဦးကျတာနဲ့ စတင်စိုက်ပျိုးဖို့ ထွန်ယက်တော့တယ်။ မြေက အရင်ကတည်းက မြေကောင်းဖြစ်လို့ မြင့်ဆောင် ပြောင်းစိုက်တာ အတော်ကို ကောင်းပါတယ်။ အဖူးကြီးတွေ နဲ့စိမ်းစိုနေတဲ့ ပြောင်းခင်းကို ကြည့်ပြီး မြင့်ဆောင် အားအင်



www.burmeseclassic.com

www.burmeseclassic.com

တွေ တက်ကြွခဲ့တယ်။ မြင့်ဆောင် ခြံလုပ်ပြီး အပင်တွေစိုက် ပြီးသွားတော့ ရွာထဲက နတ်ဆရာတွေက မြေပိုင်နတ်ကို ပူဇော်ပသပြီး မြေကို ပေးသနားရန်တောင်းဆိုဖို့ မြင့်ဆောင်ကို နားချကြတယ်။

မြင့်ဆောင်က လက်မခံပါဘူး။ သူက လက်တွေ့ သမား။ ကိုယ်တိုင်ကြုံမှ ယုံချင်သူ။ ရှင်းရှင်းပြောရရင် နတ်တွေ ရှိတယ်ဆိုတာကိုတောင် သူမယုံဘူး။ နတ်တွေကို ဘယ်သူ မြင်ဖူးတာမှတ်လို့။ ကိုယ်လုပ်လို့ရထားတဲ့ မြေကိုပဲ အလကား နေရင် နတ်တွေကို ပူဇော်ရမယ်ဆိုတော့ မြင့်ဆောင်ပိုပြီး တော့တောင် မလုပ်နိုင်သေး။ အဲဒီတော့ သူ နတ်ဆရာတွေ ကို ပြန်ပြောလိုက်တယ်။

“နတ်တွေကို ပူဇော်ပသရမယ့်အစား ကျုပ်အရက်ပဲ ဝယ်သောက်တော့မယ်၊ ဘယ်နတ်ကိုမှ မပူဇော်နိုင်ဘူး၊ ကျုပ် ခက်ခက်ခဲခဲ ခုတ်ထွင်ရှင်းလင်းတာ ကျုပ်မြေပဲဗျ၊ ဘာနတ် မြေမှ မဟုတ်ဘူး”

မြင့်ဆောင်က ဒီလို ပြောလွှတ်လိုက်တော့ နတ်ဆရာ တွေကလည်း ဘယ်တတ်နိုင်တော့ပါမလဲ။ ပြောမရတဲ့ မြင့် ဆောင်ကို အားလုံးက လက်လျှော့ထားလိုက်ရတာပဲပေါ့။ တစ်ခုသော ညတစ်ညမှာပေါ့။ မြင့်ဆောင်တို့ရဲ့ အငယ်ဆုံး သမီးလေးက ညသန်းခေါင်ကျော်မှာ ငယ်သံပါအောင် ထငို တယ်။

ဒီရွာရောက်မှ မွေးထားတဲ့ သူ့သမီးလေးက ယခုဆို နှစ်နှစ်ကျော်ကျော်၊ သုံးနှစ်နီးပါး ရှိပြီ။ စကားမပီတပီ ပြော တတ်စ ချစ်စရာ အရွယ်ပေါ့။ ကလေးက တစ်စုံတစ်ခုကို တွေ့ပြီး ကြောက်လန့်တကြား ငိုနေတဲ့ပုံပါ။ သူ့ကို တစ်စုံ တစ်ယောက်က ခြောက်လှန့်နေတဲ့ပုံပဲ။

မြင့်ဆောင်က ထုံးစံအတိုင်း ညနေက သောက်ထား တဲ့ အရက်ရှိန်က မပြေသေးတော့ ထရမ်းပါလေရော။ ပါးစပ် ကလည်း သူ့ကလေးကို နတ်က ခြောက်လှန့်နေတာလို့ထင်ပြီး ထွေရာလေးပါး ညစ်ညမ်းတဲ့ စကားလုံးတွေနဲ့ ပုတ်ခတ် ပြောဆိုတယ်။ ကလေးကတော့ ငိုနေလိုက်တာ လိပ်ပြာလွင့် မတတ်ပဲ။ အချိန်အတော်ကြာထိ မတိတ်ဘူး။ မြင့်ဆောင်တို့ တစ်အိမ်သားလုံး ယောက်ယက်ခတ်ကုန်ကြတာပေါ့။

ကြာတော့ ကလေးက ငိုရတာမောပြီး အိပ်ပျော်သွား တယ်။ ရွှေမိကတော့ မိန်းမသားပီပီ တကယ်များ နတ်ခြောက် လှန့်နေတာလား ဆိုပြီး တစ်ညလုံး အိပ်မပျော်တော့ဘူး။ မြင့်ဆောင်ကတော့ နတ်တွေကို ထဆဲဆိုပြီး ပြန်အိပ်သွား လေရဲ့။ ရွှေမိတစ်ယောက် အတွေးပေါင်းများစွာ နယ်ချဲ့ရင်း လင်းကြက်တွန်ချိန်မှ တစ်ရေးအိပ်ပျော်သွားတယ်။

နောက်နေ့ ညတွေမှာရော ရွှေမိရဲ့သမီးလေးက သန်း ခေါင်ကျော်ချိန်မှာ ထငိုပြန်တယ်။ ညတိုင်းလိုလို ထငိုနေတော့ ကလေးက တဖြည်းဖြည်း ပိန်လာတာပေါ့။

ရွှေမိကသူ့ သမီး ဘာကြောင့် ငိုတယ်ဆိုတာ မသိ ပေမယ့် နတ်မြေမှာ ကျူးကျော်နေလို့ ဖြစ်တာများလားလို့ စိတ်ထဲက ထင်လာတယ်။ ခင်ပွန်းသည် မြင့်ဆောင်ကို ပြော ကြည့်ပြန်တော့လည်း မြင့်ဆောင်က စိတ်မဝင်စား။

“မိန်းမ . . မင်းရဲ့ အရည်မရ အဖတ်မရ စကား တွေ လာမပြောနဲ့၊ နားငြီးတယ်”လို့သာ ပြန်ပြောတတ်တော့ ရွှေမိတစ်ယောက်တည်း တောင်တွေးမြောက်တွေးနှင့် စိတ် ညစ်ရတော့တာပေါ့။ ကျန်တဲ့ ရွှေမိရဲ့ ကလေးအကြီး သုံး ယောက်ကတော့ ဘာမှ မသိရှာပါဘူး။

မြင့်ဆောင် ခြံထဲမှာ စိုက်ထားတဲ့ ပြောင်းဖူးတွေတ လည်း အဖူးတွေကြီးပြီး ကောင်းလှပေမယ့် အနည်းငယ် ခြောက်စပြုလာတာနဲ့ ကြွက်တွေ ဖျက်လိုက်တာ သီးနှံသိမ်း ချိန်မှာတော့ အနည်းငယ်ပဲ ရလိုက်တယ်။ မြင့်ဆောင်ကတော့ စိတ်မပျက်ပါဘူး။ နောက်သီးနှံတစ်မျိုး ထပ်စိုက်ဖို့ ပြင်ဆင် ပြန်တယ်။

တစ်ခုသော နံနက်ခင်းမှာတော့ မြင့်ဆောင်တို့ရဲ့ တဲသာသာ အိမ်ထဲကို ပြင်းထန်တဲ့ ဂယက်တစ်ခု ဝင်တိုက် ခဲ့တယ်။ မြင့်ဆောင်ရဲ့သမီးလေးဟာ ညစဉ်ညတိုင်း ထငိုနေ ရာမှ တငွေ့ငွေ့ဖျားရင်း နောက်ဆုံးမှာ ဆုံးပါးသွားခဲ့တယ်။ မနက်မိုးသောက်ချိန်မှာ ဆုံးပါးသွားတဲ့ သမီးလေးကိုကြည့် ပြီး ရွှေမိ ရင်ကွဲမတတ် ခံစားခဲ့ရတယ်။

မြင့်ဆောင်ကတော့ စိတ်ညစ်ညစ်နဲ့ သောက်လိုက် တဲ့အရက် နေ့မနားညမနားပဲ။ မြင့်ဆောင် သူ့သမီးကို သိပ် ချစ်မှန်း ကျွန်တော်တို့ တစ်ရွာလုံးက သိကြတော့ မြင့်ဆောင် ကို နားလည်ပေးကြတယ်။ ရွာက လူကြီးတွေကတော့ မြင့် ဆောင်ကို နတ်မြေမှာ ကျူးကျော်နေလို့ ခိုက်တာလို့ ပြော ချင်ကြပေမယ့် မြင့်ဆောင် မကြိုက်မှန်းသိလို့ ဘယ်သူမှ မပြောခဲ့ကြပါဘူး။

ရွှေမိကိုတော့ အရိပ်အမြွက်သဘောနဲ့ ပြောပြခဲ့ကြ တယ်။ ရွှေမိက မြင့်ဆောင်ကို နတ်မြေမှာနေလို့ ခိုက်တာ ထင်တယ်လို့ ပြောလိုက်တာ မြင့်ဆောင် ဘာလုပ်တယ်ထင် လဲ။ ရွာနတ်စင်ကို သွားရိုက်ဖြိုမယ်လုပ်လို့ အားလုံးက ဝိုင်းဆွဲ ထားရတယ်။

မြင့်ဆောင်က အရက်သမားပီပီ ဘာမှ မစဉ်းစား တတ်ဘူး။ လုပ်သင့်၊ မလုပ်သင့်လည်း မဝေခွဲတတ်တော့ ခက် တာပေါ့။

ကျွန်တော်တို့ရွာက မြင့်ဆောင်ကို လူကောင်း လူ တော်တစ်ယောက်လို့ သတ်မှတ်ထားကြပေမယ့် အခုလိုကျ တော့ မြင့်ဆောင်က တကယ့်ကို လူ့ခွစာပါ။

မြင့်ဆောင်မှာ ကောင်းတဲ့အကျင့်က မယားမှတ် မှတ်၊ သားမှတ်မှတ် ရှာကျွေးတာနဲ့ လူမှုရေးသိတတ်တာနဲ့ သားမယားကိုတော့ တအားချစ်တဲ့ မြင့်ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်နှင့် သဟဇာတ မြောက်အောင်လည်း မြင့်ဆောင် နေတတ်ပါတယ်။ ဒီလိုနေရာမှာ ပြောရခက်တဲ့ မြင့်ဆောင်ကို ကျွန်တော်တို့ အလွန်အံ့ဩခဲ့ပါတယ်။

ဒီလိုနဲ့ မြင့်ဆောင်သမီးလေးဆုံးတာ တစ်လတောင် ကြာသေးမယ်မထင်ဘူး။ မြင့်ဆောင်ရဲ့ သားအကြီးဆုံးပါ ဆုံးပါလေရော။ တောထဲမှာ ပိုးထိပြီး ဆုံးသွားတာပါ။ ဟင်းရွက်ခူးသွားမယ်ဆိုပြီး သွားလိုက်တာ ညနေ မှောင်စပျိုးချိန်ထိ ပြန်မရောက်တာနဲ့ မြင့်ဆောင်လိုက်ရှာတာ ရွာနတ်စင်ရဲ့ တောအစပ်မှာ ပိုးထိပြီးဆုံးနေတဲ့ သားကြီးကို မြင့်ဆောင် ကိုယ်တိုင် တွေ့ခဲ့ရတာပါ။

ပိုးထိတာ အချိန်လွန်နေပြီဆိုတော့ ဆေးရုံပို့ဖို့လည်း မမီတော့ဘူး။ သားအကြီးဆုံးက ၁၃ နှစ်ကျော်ပါပြီ။ တိုလီထွာလီ ခိုင်းလို့ရတဲ့အချိန်မှ ဆုံးသွားတာဆိုတော့ မြင့်ဆောင် အလွန်နှမြောခဲ့တာပေါ့။ ရွှေမိကတော့ တစ်ပူပေါ် တစ်ပူဆင့်ပြီး သားသမီးဖောနှင့် ရူးသွားလို့ ဆေးဆရာတွေနဲ့ တုနေရတယ်။ မြင့်ဆောင်ကတော့ ထုံးစံအတိုင်း အရက်နှင့် စိတ်ကို ဖြေခဲ့တယ်။ နေ့နှင့်ည အရက်ဆိုင်မှာပဲ အချိန်ကုန်ခဲ့တာပေါ့။

နတ်မြေမှာ ပြောင်းရွှေ့နေထိုင်ပြီးမှ ဖြစ်ခဲ့တဲ့အတွက် မြင့်ဆောင်စိတ်ထဲမှာ နတ်မြေမှာ ကျူးကျော်နေထိုင်ရင် ခိုက်တတ်တယ်လို့ သတိပေးခဲ့တဲ့ လူကြီးတွေရဲ့ စကားကို နောက်ကျိနေတဲ့ ခေါင်းထဲကနေ လက်ခံချင်သလို ဖြစ်လာတယ်။ သူ့သားကိုလည်း နတ်မြေခိုက်တာလို့ပဲ သူယူဆခဲ့တယ်။

နတ်မြေကို ပြောင်းရွှေ့နေထိုင်ခဲ့တာ သူ့အတွက် ဘာအကျိုးမှ မရှိခဲ့တဲ့အပြင် သူ့ရဲ့ရတနာလေးတွေ ဖြစ်တဲ့ သားနှင့်သမီးပါ မြင့်ဆောင် ဆုံးရှုံးခဲ့ရတယ်။

သူ့ဇနီး ရွှေမိကလည်း ဘယ်လို ဆေးဆရာတွေနဲ့ပဲ ကုကု ထူးခြားမှု မရှိလာဘူး။ သွက်သွက်ခါ မရူးပေမယ့် ဆည်ယည်လေးရူးသွားခဲ့တာတော့ အမှန်ပဲ။

နောက်ဆုံးတော့ မြင့်ဆောင်တစ်ယောက် ရွာသူကြီးဖြစ်တဲ့ ကျွန်တော့်အဖေဆီကို နောင်တ တရား တစ်ပွေ့တစ်ပိုက်နဲ့ ရောက်လာခဲ့တော့တာပါပဲ။

"သူကြီးရယ် . . ကျုပ်မှားသွားခဲ့ပြီဗျာ၊ နတ်မြေကို နေရင်ခိုက်တတ်တယ် ဆိုတာ အစက ကျုပ် လက်မခံခဲ့ဘူး၊ အခုတော့ ကျုပ်အသုံးမကျလို့ သားသမီးနှစ်ယောက်ဆုံးရှုံးရတဲ့အပြင် ကျုပ်ဇနီးပါ အရူးတစ်ယောက် ဖြစ်သွားခဲ့ပြီ သူကြီးရာ"

မြင့်ဆောင် ပြောရင်း မျက်ရည်တွေစီးကျလာတယ်။ ကျွန်တော်တို့လည်း မြင့်ဆောင်နည်းတူ ခံစားခဲ့ရတာပါပဲ။ အခုလို ဖြစ်သွားတော့ ကျွန်တော်တို့လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။

"ကျုပ်အရင်လို ရေခဲချောင်း ရောင်းရတဲ့ ဘဝကိုပဲ ပြန်လိုချင်မိတယ် သူကြီးရယ်၊ အဲဒီတုန်းက ကျုပ်တို့မိသားစုဟာ ဆင်းရဲပေမယ့် စိတ်ချမ်းသာရတယ်ဗျ။ အခုတော့ လူလဲဆင်းရဲ စိတ်လဲဆင်းရဲနဲ့၊ ကျုပ် နတ်မြေမှာ ထပ်မနေတော့ပါဘူး သူကြီးရယ်၊ ဒီရွာမှာလဲ မနေချင်တော့ပါဘူး၊ ကျန်တဲ့ ကျုပ်သားနှစ်ယောက် ဘာမှမဖြစ်ခင် ကျုပ် အရင်နေခဲ့တဲ့ မြို့က အိမ်သေးသေးလေးမှာပဲ ပြန်ငှားနေတော့မယ် သူကြီး၊ ကျုပ် အရက်လဲ မသောက်တော့ဘဲ ကျုပ်သားနဲ့ မယားကို ကျုပ်အတတ်နိုင်ဆုံး ပြည့်စုံအောင် ရှာကျွေးသွားမှာပါ သူကြီးရာ၊ ကျုပ် ကတိပေးပါတယ်ဗျာ"

"အင်း . . အခုလို အမြင်မှန်ရသွားတော့လဲ ကောင်းပါတယ် မြင့်ဆောင်ရာ၊ ရှေးတုန်းက အယူအဆတွေဆိုတာ အကုန်အစင် မပယ်ကောင်းဘူးကွ၊ နတ်မြေမှာ မနေကောင်းဘူးဆိုတာ မင်းသိပြီပဲ၊ မင်းတို့ အဲဒီနေရာမှာ မနေတော့ရင်လဲ သူတို့ကလဲ မင်းတို့ကို ထပ်ပြီးနှောင့်ယှက်တော့မှာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ပါ သူကြီး၊ ကျုပ်မနက်ဖြန်ပဲ မြို့ကို ပြောင်းဖို့ စီစဉ်ပြီးပါပြီ"

"အင်း, ကောင်းပါတယ် မြင့်ဆောင်ရယ်၊ ကောင်းပါတယ်ကွယ်"

မြင့်ဆောင် ကျွန်တော်တို့အိမ်လာပြီး နောက်တစ်နေ့မှာ ရွာကနေ ပြောင်းသွားခဲ့တယ်။ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ငွေကြေးလေး ထောက်ပံ့ပေးလိုက်ပါတယ်။

နောက်တစ်နှစ် နွေရာသီရောက်တော့ မြင့်ဆောင် ကျွန်တော်တို့ရွာကို အရင်လို ရေခဲချောင်း လာရောင်းပါတယ်။ သူ့ဇနီး ရွှေမိကတော့ အရင်လို ပုံမှန်ပြန်ဖြစ်သွားပြီဆိုပဲ။

ကျွန်တော်တို့လည်း သူ့အစား ဝမ်းသာပေးပါတယ်။ မြင့်ဆောင် ပြောင်းလဲသွားတာတစ်ခုက ရေခဲချောင်းရောင်းပြီးရင် အရက်ဆိုင် မဝင်တော့ဘူး။ အိမ်ကိုပဲ တန်းတန်းမတ်မတ်ပဲ ပြန်တော့တယ်။

မြင့်ဆောင်တို့ မိသားစုနေခဲ့တဲ့ နတ်မြေကတော့ တဖြည်းဖြည်း မြက်ရိုင်းပင်တွေ ပေါက်လာပြီး အရင်လိုပြန်ဖြစ်ဖို့ နည်းနည်းပဲ လိုပါတော့တယ်။

❒ သီလေးငယ်(လယ်တော်)



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ခွားတောင်စွယ်က နေရောင်ခြည်ဟာ တဖေး ချောင်းရိုးလေးအပေါ်ကို ဖြာကျလာတာနဲ့ လမုပင်အုပ်ထဲက ငြိမ်နေရတဲ့ ကျူပ်ဟာ ရေစပ်ကို ပြန်ဆင်းလာမယ့် ပျားတွေကို ချောင်းနေရတာပါ။

ပျားတွေက ရေသယ်လာရင်းနဲ့ ပတ်ဝန်းကျင်ကို စူးစမ်းပြီးမှ ဆင်းလာကြတာပါ။ ရေသယ်ပြီး ပျံတက်သွားမှ ကျူပ်က တောက်လျှောက်လိုက်ကြည့်ရတာလေ။

သူတို့ နောက်ကို လိုက်ရတာလည်း လွယ်တဲ့အလုပ် မဟုတ်ပါဘူး။ သူ့ပျားအုံကို တည့်တည့် ပျံသွားရင်တော့ လိုက်ရကျိုးနပ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို မျက်ခြည်ပြတ်သွားပြီဆိုရင်တော့ အဲဒီနေ့ဟာ အရှုံးပါပဲ။ ဒါပေမယ့် ကျုပ် ကံကောင်းပါတယ်။ ကညင်ပင်ပေါ်က ပျားအုံကြီးဆီ လမ်းပြပေးသလိုပါပဲ။

ကညင်ပင်ကြီးပေါ်က ပျားအုံကြီးရဲ့ အမြင့်ကို စိတ်နဲ့ တွက်ချက်လိုက်ပြီး ပါလာတဲ့ဓားနဲ့ အပင်ရင်းမှာ ကြက်ခြေခတ် အမှတ်အသား လုပ်လိုက်ပါတယ်။ အပင်ကြီးကို ဝါးငုတ်(သပ်)ရိုက်တက်ရမှာဆိုတော့ အမြင့်နဲ့ရိုက်ရမယ့် အချောင်းရေပါ တွက်ချက်ရပါတယ်။ အမှတ်အသား လုပ်ရတာကလည်း ပျားမုဆိုးချင်း နားလည်မှုသင်္ကေတ တစ်ခုပါ။ ကျုပ် လာဖွပ်ရမယ့် ရက်ကိုပါ တွက်လိုက်ပါတယ်။

ပျားမုဆိုးဆိုတာ ပျားအုံတွေ့တဲ့နေ့ဟာကံကောင်းတဲ့နေ့ဆိုတော့ အပြန်မှာ လုပ်ဖော်ကိုင်ဖက် မုဆိုးဆီဝင်ပြီး တစ်ခွက် တစ်ဖလား ဝင်မော့လိုက်တာ နေစောင်းမှ လူစုခွဲလိုက်ကြတယ်လေ။ ကျုပ်အိမ်ကို ပြန်တဲ့လမ်းကလည်း ဘုန်းကြီးကျောင်းဘေးက ဖြတ်ပြန်ရမှာလေ။

ဒါနဲ့ ကိုယ်ကိုမယိုင်အောင်ထိန်းရင်း ဘုန်းကြီးကျောင်းဘက်ကို လှည့်မကြည့်ဘဲ လမ်းကို အာရုံစိုက်လိုက်ပါတယ်။ ဟောဗျာ ကျုပ်ရှေ့မှာ ရဟန်းတစ်ပါး ရပ်နေလေရဲ့။ ကျုပ်စိတ်ကို ငြိမ်အောင်ထိန်းလိုက်ပြီး လက်အုပ်ချီလိုက်မိပါတယ်။

"ဒကာကြီး အိမ်ပြန်   :"

"တင်ပ့ါ ဘုရား"

"အင်း. . ဒကာကြီးလဲ အသက်မငယ်တော့ဘူး၊ လုပ်နေတဲ့အလုပ်ကလဲ မိစ္ဆာဇီဝအလုပ် ဒကာကြီး၊ အသောက်အစားလေးက ရှိနေပြန်တော့ ကုသိုလ်၊ အကုသိုလ် ဘယ်ခွဲနိုင်ပ့ါမလဲ၊ ကဲကဲ ဒကာကြီးလဲ ပြန်တော့ ဘုန်းကြီးလဲ ကြွလိုက်ဦးမယ်"

"တင်ပ့ါဘုရား"

ကျုပ်ကဗျာ တစ်ပိုင်းချထားတဲ့ အရှိန်တောင် ဘယ်ရောက်သွားမှန်းမသိပါဘူး။ ဘုန်းကြီးရှေ့မှာ ရပ်နေတဲ့ ကျုပ်ဟာ တစ်ခါမှ ဒီလိုမဖြစ်ပါဘူး။ ကျုပ်စိတ်တွေ တန်လှုပ်ချောက်ချားပြီး ကတုန်ကယင်ကြီး ဖြစ်နေလိုက်တာ၊ ဆရာတော်ပြောတဲ့ ကုသိုလ် အကုသိုလ် ခွဲခြားဖို့က ကျုပ် ငယ်စဉ်ကတည်းက ဘုရားသွားကျောင်းတက်ဆိုတာ ကျုပ်စိတ်ဝင်စားခဲ့တာ မဟုတ်ဘူးလေ။

အိမ်က မိန်းမသာ ဆွမ်းကပ်ဆွမ်းလောင်းလုပ်နေတာပဲ သိတာလေ။ ကျုပ်မိဘတွေ ဘာဘာသာကိုးကွယ်တယ်ဆိုတာ မသိခဲ့တာလည်း ကျုပ်အပြစ်မဟုတ်ပါဘူး။ ကျုပ်ကို မွေးစားခဲ့တဲ့ ဦးကြီးပြောတာက ကျုပ်ကို မွေးပြီး အဖေရော အမေပါ ရှေ့ဆင့်နောက်ဆင့် ကူးဆက်ရောဂါနဲ့ ဆုံးသွားကြတာတဲ့။ ဦးကြီးလက်ပေါ်မှာ ကြီးပြင်းလာရတဲ့ ကျုပ်လည်း ဦးကြီးရဲ့ ပျားမုဆိုးအတတ်တွေသင်ယူပြီး ဒီအလုပ်ကိုပဲ ဇောက်ချလုပ်ခဲ့တာ နည်းတဲ့နှစ်လား၊ အိမ်ရောက်မှ ဆရာတော်ပြောတဲ့ကိစ္စ မိန်းမကို မေးကြည့်ရမှာပဲ။

အိမ်ပြန်ရောက်တော့ ကျုပ် ဘယ်လောက်ပဲမူးမူး ဝတ္တရားမပျက် ထမင်းဝိုင်းပြင်ဆင်ပေးပါတယ်။

မိန်းမက ဒီနေ့ ငြိမ်ချက်သား ကောင်းနေပုံကို ထူးဆန်းသလိုကြည့်နေတော့ ကျုပ်ကို ဆရာတော်ပြောလိုက်တဲ့ ကုသိုလ်နဲ့ အကုသိုလ်ကို မေးကြည့်လိုက်တော့ ကျုပ်မိန်းမက သေချာရှင်းပြပါတယ်။

မိစ္ဆာဇီဝ ဆိုတာ မကောင်းတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုရတာဖြစ်ပြီး သမ္မာဇီဝဆိုတာ ကောင်းတဲ့ အသက်မွေးဝမ်းကျောင်း လုပ်တာကို ရှင်းပြတော့ ကျုပ် ရေးတေးတေးလေး သဘော ပေါက်လာပါတယ်။ သူတစ်ပါးရဲ့ အသက်ကို သတ်ဖြတ်တဲ့ ပါဏာတိပါတ ကံဟာလည်း ဒီဘဝမှာရော နောက်ဘဝမှာပါ တုံ့ပြန် ခံရတယ်လို့ ရှင်းပြတော့ ကျုပ် ကျောရိုးထဲကစိမ့်ဂြိုးကြောက်စိတ်ဝင်လာပါတယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ ဘုန်းကြီးတွေရဲ့ အဆုံးအမနဲ့အညီ အကုသိုလ်အလုပ်ကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုကို မပြတ်မြဲလုပ်ရင်း ဒီဘဝမှာရော နောက်ဘဝတွေမှာပါ ကိုယ်စိတ်နှစ်ပါးစလုံး စိတ်ချမ်းသာတဲ့ ဘဝကို ပိုင်ဆိုင်ကြမှာတဲ့။

အင်း,သူပြောပြရှင်းပြမှပဲ ကျုပ်ဟာ ဘာသာမဲ့တစ်ဦးဆိုတာ သိလိုက်ရပါတယ်။ ကျုပ်သားလေးကို ရှင်ပြုဖို့ သူ့အဘိုးအဘွားတွေ လာတိုင်ပင်တော့ ကျုပ် စိတ်မဝင်စားခဲ့ပါဘူး။ မိန်းမပြောတဲ့ အလှူအတန်းဆိုတာ ရှာလို့ ဖွေလို့ရမှ လှူရမှာ မဟုတ်လား။

ကျုပ်တွေ့ခဲ့တဲ့ ပျားအုံကြီးကို သွားဖွပ်ရင်တော့ သူတို့ပြောတဲ့ အလှူလေး ပေးလို့ရတာပေါ့။

*

ဒီမနက်က ကျုပ်ပျားသွားဖွပ်မယ့်နေ့လေ။ ပျားရည်တွေရရင်တော့ စောစောပြန်ဖို့ ကိုယ်စိတ်ကူးနဲ့ကိုယ် ဆိုတော့ ထွက်လာခဲ့တဲ့အချိန်ဟာ နေတောင် တော်တော်မြင့်နေတာနဲ့ လှည်းလမ်းဘေးက အရိပ်ထဲကို ဝင်လိုက်ပြီး ထမင်းစားဖို့ ထမင်းထုတ်ကိုယူနေတုန်း ရဟန်းတစ်ပါးဟာ နေပူကျဲကျဲအောက်မှာ လှည်းလမ်းအတိုင်း ခတ်သုတ်သုတ်ကြွလာတော့ ကျုပ်လည်း ကပျာကယာ ရဟန်းရှေ့ထွက်ပြီး ဦးချလိုက်ပါတယ်။

"အရှင်ဘုရား ဘယ်ကို ကြွဖို့လဲဘုရား"

"သြော်, အရှေ့နားက ရွာလေးကိုကြွဖို့ပါ၊ နေလဲ မနည်းမြင့်နေတော့ နားနားနေနေ သွားရမှာပေါ့"

"ဒါဆိုရင် အရှင်ဘုရား ဆွမ်းကိစ္စ ပြီးပါပြီလား ဘုရား"

"ပင့်တဲ့ရွာကိုရောက်မှပဲ ဆွမ်းဘုဉ်းပေးရမှာပေါ့၊ ဒကာကြီး ဝေးတော့ လဲဝေးပါသေးဘယ်"

ကျုပ်ဗျာ ရင်ထဲမှာ ဘစ်ဆို့ဆို့ကြီးဖြစ်သွားလိုက်တာ ရဟန်းတွေဟာ



www.burmeseclassic.com

www.burmeseclassic.com

ဒကာ၊ ဒကာမတွေရဲ့ အပင့်အလျှောက် ရောက်ရင် ဘယ်လောက်ဝေးဝေးကြွရတဲ့ ဒုက္ခဟာ ကျုပ်ရင်ထဲမှာ ထိခိုက်မိတာတော့ အမှန်ပဲလေ။

"အရှင်ဘုရား၊ နေလဲ အတော်မြင့်နေတော့ တပည့်တော်မှာပါတဲ့ ဆွမ်းကို ကပ်ခွင့်ပြုပါဘုရား"

"ကောင်းပါပြီ ဒကာကြီး"

ကျုပ်ဘဝမှာ ဘယ်တုန်းကမှ အလှူအတန်း မလုပ်ခဲ့ပါဘူး။ ဒီနေ့မှ ကိုယ်ကိုယ်တိုင် ရဟန်းတစ်ပါးကို ဆွမ်းကပ်ခွင့်ရတဲ့ သဒ္ဓါပီတိဟာ ကျုပ်ရင်တစ်ခုလုံးကို ကြည်နူးဆွတ်ပျံ့နေမိပါတယ်။ ဆွမ်းစားပြီးသွားတဲ့ ဘုန်းကြီးကလည်း ကြုံကြိုက်လို့ ကာလဒါနနဲ့ အလှူပြုလုပ်ရတာဟာ ကုသိုလ်ထူးကို ရပါတယ် ဒကာကြီးလို့ ဆုတွေပေးပြီး ကြွသွားလေရဲ့။

*

ကျုပ် အမှတ်အသားလုပ်ထားတဲ့ ကညင်ပင်ကြီးကလည်း အရည်ပြည့်နေတဲ့ ပျားအုံကြီးက ကျုပ်ကို ကြိုဆိုနေလေရဲ့။ အပင်အောက်ရောက်တာနဲ့ အဆင်သင့်ထည့်လာတဲ့ ပစ္စည်းတွေကို စစ်လိုက်ပြီး အပင်ကို ရိုက်တက်ရမယ့် ဝါးငုတ်တုတ်လေးတွေကို ကိုယ်နဲ့မကွာထားပြီး အပင်ခြေကနေ တစ်ချောင်းစီ ရိုက်လိုက်၊ ရိုက်ပြီးသား ငုတ်ပေါ်ကို ဆွဲတက်လိုက်နဲ့ အပင်အမြင့်ဟာ ပေ (၃၀)ဆိုရင် ဝါးငုတ်အချောင်း (၉၀) ဆိုတာ ကျုပ်တွက်ချက်မှုနဲ့ ကွက်တိပဲလေ။ ဒါနဲ့ ကျုပ်နောက်ငုတ်တစ်ချောင်း ထပ်အရိုက်မှာ ကျုပ် ခြေနင်းထားတဲ့ငုတ်ကျိုးသွားတာ ဟန်ချက်ပျက်ပြီး အပင်ကြီးပေါ်က ထိုးကျလာတာဗျာ မြေကြီးနဲ့ ကျုပ်ခန္ဓာကိုယ် ထိချက်က ဝုန်းဆိုတဲ့ အသံကြီးကြားပြီး ကျုပ် အမြင်အာရုံတွေ အမှောင်ကျသွားပါပြီ။

ကျုပ် သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မိန်းမနဲ့ ကလေးက ငိုနေလေရဲ့။ ဘေးက လူတွေကလည်း သတိမရတာ ငါးရက်ရှိပြီဆိုတော့ ကျုပ်ကို သေစာရင်းသွင်းထားတာတဲ့။ ဒါနဲ့ ကျုပ်ကိုတွေ့တဲ့သူတွေက လှည်းတစ်စီးနဲ့ လာပြန်ပို့ကြတာတဲ့။

ဟုတ်ပြီ၊ ကျုပ် မှတ်မိပြီ။ အပင်ကြီးပေါ်က ကျပြီး သတိမေ့သွားတဲ့ အချိန် အခိုက်အတန့်လေးကို ကျုပ်ပြန်ပြောရတာပဲလေ။

ကျုပ်အပင်ပေါ်ကနေ မြေကြီးပေါ်ကို ပြုတ်ကျတာနဲ့ လူကောင်နီနီကြီး နှစ်ကောင်က ကျုပ်ကို တစ်ဖက်တစ်ချက်စီ ကိုင်ပြီးဆွဲသွားလိုက်တာဗျာ၊ လေထဲမှာ လွင့်သလိုခံစားရတယ်လေ။ အော်သံဟစ်သံတွေထွက်ပြီး မီးလျှံတွေ တောက်နေတဲ့ တွင်းကြီးနားဆီ ရောက်တော့၊ ဘာမပြောညာမပြောနဲ့ ကျုပ်ကို မပြီး တွင်းထဲပစ်ချလိုက်တယ်။ ပြန်ပြန်တက်လာတာ သုံးကြိမ်ပြည့်သွားတော့ ကျုပ်ကို ဆွဲခေါ်သွားပြန်လေရော။

ကျုပ် ဂူလိုလိုအဆောက်အအုံထဲ ရောက်သွားပြန်တော့ သူတို့ရဲ့အကြီးအကဲဖြစ်ပုံရတဲ့ လူကြီးတစ်ယောက်က ခုံပေါ်မှာထိုင်နေရင်း ကျုပ်ကိုကြည့်ပြီး ဘာလို့ခေါ်လာတာလဲလို့ မေးတော့ ကျုပ်ကို ရောရုဝတွင်းထဲပစ်ချတာ မကျဘဲ ပြန်ပြန်တက်လာလို့ ခေါ်ခဲ့တာပါလို့ပြောတယ်။

ကျုပ်ကို သေချာကြည့်ပြီး . . .

"မင်း ဒီနေရာကို မရောက်ခင် ဘာကုသိုလ်ကောင်းမှု လုပ်ခဲ့လဲ" လို့ မေးတော့ "ကျုပ် ဘာမှ မလုပ်ခဲ့ဘူး"လို့ ဖြေပေမယ့် ဒီလူကြီးက ဘဝင်မကျဖြစ်နေပြန်ပါတယ်။

"သေချာ စဉ်းစားပြီးမှ ဖြေစမ်းကွာ"လို့ ကျုပ်ကိုထပ်မေးပြန်လေရော။ ဟုတ်ပြီ ကျုပ် စဉ်းစားမိလိုက်တာက

"ရဟန်းတစ်ပါးကို ဆွမ်းကပ်ခဲ့ပါတယ်" လို့ပြောတော့ လူနီနီကြီး နှစ်ယောက်က ကျုပ်ကို ဇွတ်ခနဲမ,ပြီး ခေါ်လာတာ ကျုပ် အိမ်ကိုရောက်တော့ အိပ်ရာထဲမှာ ကျုပ် ခန္ဓာကိုယ်ကိုတွေ့တော့ သူတို့နှစ်ယောက် တွန်းလိုက်တာပဲ သိလိုက်တယ်ဗျာ။ ကျုပ်ရဲ့ အခိုက်အတန့်လေးနဲ့ ဖြစ်ပျက်ပုံကိုပြောပြတော့ လူတွေ မယုံကြည်ကြပြန်ဘူး။ ကျုပ်သတိမေ့နေတာ ငါးရက်ဆိုတော့ မနက်ဖြန်ဆို ကျုပ်ကို မြေမြှုပ်သင်္ဂြိုလ်ဖို့တောင် တိုင်ပင်နေကြပြီတဲ့။

ကျုပ်မေ့နေရာမှာ သတိပြန်ရတာ ရပ်ကွက်ထဲမှာ တကယ်ထူးခြားတဲ့ သတင်းဖြစ်နေတော့ ဆရာတော်လည်း ကြားလို့ ထင်ပါရဲ့၊ အိမ်ပေါ်ကိုကြွလာတော့ ကျုပ်လည်း ဦးသုံးကြိမ်ချပြီး လျှောက်ထားလိုက်ပါတယ်။

"တပည့်တော်ဟာ ဘယ်ဘာသာဝင်မှ မဟုတ်ပါဘူးဘုရား၊ ဒါကြောင့် တပည့်တော်ကို ဗုဒ္ဓဘာသာဝင်အဖြစ် ဝင်ခွင့်ပြုပေးဖို့ လျှောက်ထား အပ်ပါတယ် ဘုရား"

ကြည်နူးချမ်းမြေ့စွာ ပြုံးလိုက်တဲ့ ဆရာတော်ဟာ ကျုပ်ကိုကြည့်လိုက်ပြီး

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဟာ မေတ္တာတရားကို အခြေခံထားပါတယ်၊ ဒကာကြီး ဘယ်လို ပုဂ္ဂိုလ်မျိုးမဆို ဗုဒ္ဓဘာသာဝင်အဖြစ် လက်ခံပေးပါတယ်၊ ဒကာကြီး ကျောင်းမှာလာပြီး သရဏဂုံသုံးပါးကို တည်ဆောက်ပြီးသွားရင် ဗုဒ္ဓဘာသာဝင် ဖြစ်သွားပါပြီ၊ သာဓု သာဓု သာဓု"

ဆရာတော်ရဲ့ ဩဝါဒဟာ ကျုပ်ရင်ထဲမှာ အေးချမ်းလိုက်တာ ကျုပ်သိလိုက်ပါပြီ။ သူတို့ပြောပြောနေတဲ့ ငရဲဆိုတာ ကိုယ်တိုင် ရောက်ခဲ့တာပဲလေ။ အလှူအတန်းဆိုတာ ဘာမသိညာမသိနဲ့ ရဟန်းတစ်ပါးကို ဆွမ်းကပ်လိုက်တဲ့ အကျိုးဟာ အခု ကျုပ်ကိုယ်တိုင် မိသားစုဆီကို ပြန်ရောက်လာတာ ကျုပ် လုံးဝ ယုံကြည်သွားပြီဗျာ။


ဒါကြောင့် ကျုပ်အတွက် မနက်ဖြန်ဟာ ဆရာတော်ရဲ့ခြေအစုံကို ဦးခိုက်ပြီး သရဏဂုံသုံးပါးကို တည်လိုက်ပါတော့မယ်။ ဩော်, မေ့သွားလို့ ကျုပ်နာမည် ပျားမုဆိုး ဘတိုး ပါဗျာ။

❒ **စောမှိုင်းဝေ(ကြာအင်းဆိပ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com




အလိန်လည်ကျေးရွာ ဆိပ်ကမ်းမှ သင်္ဘောခွာစပြုနေပြီ ဖြစ်သည်။ အလိန်လည်-ရန်ကုန် ပြေးဆွဲနေသော အောင်မိုးဆန်းမော်တော်ပေါ်မှ သင်္ဘောသားများ ဦးကြိုးပဲ့ကြိုး ဖြုတ်သူဖြုတ်၊ ကျောက်ဆူး နုတ်သူနုတ်နှင့် အလုပ်ရှုပ်နေကြသည်။

"ဟေ့. . . မောင်စောနိုင်ရေ သင်္ဘော ထွက်တော့မယ်၊ မြန်မြန်လုပ်ဟေ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကိုကြီးစိန်ရေ ကျွန်တော် ဒီမှာ ကုန်မှာနေတာ မပြီးသေးလို့ စောင့်နေတာ"

"အေးအေး မင်းပြီးရင်ထွက်မယ်၊ ဟေ့ လူစုံနေပြီ၊ မြန်မြန်တင်းလာတော့"



www.burmeseclassic.com

www.burmeseclassic.com

ရွာလယ် ကုန်စုံဆိုင်တွေက မှာသော ပစ္စည်းစာရင်းနှင့် ကျသင့်ငွေများကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် မှတ်သားယူငင်လာပြီး ကမ်းနားဆိပ်သို့ ခပ်သုတ်သုတ်ဆင်းလာခဲ့တော့သည်။

"ဟာ. . . ဒီသင်္ဘောစာရေးက ကြာမှဖြင့်ကွာ"

ကျွန်တော် ကုန်းပေါင်ပေါ်မှ သင်္ဘောပေါ်ဆီသို့ အပြေးတက်လိုက်သည်။ ကျွန်တော် တက်ပြီးရော ဦးကြိုး၊ ပွဲကြိုးများ ဖြုတ်၊ ကျောက်ဆူးတင်ပြီး ကမ်းမှခွာ၍ စတင်ထွက်ခွာတော့သည်။

စစ်ပွိုင့်စစ် ခြောက်လုံးထိုး အင်ဂျင်စက်သံသည် ဆူညံစွာ ပေါ်လာပြီး သင်္ဘောသည် ရှေ့သို့ ပြေးထွက်သွားတော့သည်။

စက်သံ ဆူညံလှသဖြင့် အသံကို မြှင့်၍ ပြောရသည်။

"ဦးကြီးလှ၊ ဘယ်သွားမလို့လဲ၊ ရန်ကုန်လား"

"မဟုတ်ပါဘူး၊ ငါ ထန်းတပင်သွားမလို့၊ ထန်းတပင်မှာ လယ်အတွက် ဓာတ်မြေဩဇာ သွားထုတ်ရမယ်"

"ဦးကြီးလှလယ်တွေ ဒီနှစ် တော်တော်ကောင်းတယ်နော်"

"အေးကွာ၊ ဒီနှစ်တော့ အဆင်ပြေမယ်ထင်ပါတယ်၊မနှစ်ကစပါးဈေးကလဲကျ၊နောက်မိုးကလဲမရွာတော့၊ နောက်စိုက်တွေ ဒုက္ခရောက်ကုန်တော့တာပေါ့၊ အရင်းရအောင် မနည်းကို လုပ်ရတယ်၊ နောက်ပြီး အစိုးရဗိုင်ကို အမတော်ကြေးအတွက် စပါးရောင်းရသေးတယ်၊ မနှစ်က ဝမ်းစာနဲ့ မျိုးစပါး မနည်းချန်ရတယ်"

"အို့ ဦးကြီးလှတို့ကမှ အရင်းရသေးတယ်၊ ဒေါ်မြရင်တို့ ဆိုရင် ဝမ်းစာတောင် မနည်းလုပ်ရတယ် ပြောတယ်"

"ဒီနှစ်မှာ ဒေါ်မြရင်တို့ မင်းရွာမှာ မျိုးစပါး သွားဝယ်ရတယ်ပြောတယ်၊ လက်ငင်း မဝယ်နိုင်လို့ စပါးပေါ်မှပေးဝယ်လာခဲ့ရတယ်၊ ရောင်းတဲ့သူတွေကလဲ ဒေါ်မြရင်ရဲ့ တူတွေမို့လို့ အကြွေးရောင်းလိုက်တာ"

"အေးကွာ၊ တို့လယ်သမားတွေ စားရတော့လဲ ငါးပိရည်၊ လယ်ထွက်ဟင်းနဲ့တို့စရာ၊ ပဲဟင်းနဲ့ပဲ စားရပြီး လုပ်ရတာကတော့ မတန်တဆပေါ့"

"ကိုအေးမြင့်. . ဝက် ဘယ်နှကောင် သွားရောင်းမှာလဲ"

"စာရေးလေးရာ ငါးကောင်ပါ၊ ရန်ကုန်ရောက်လို့ ဝက်ဖိုးရှင်းပြီးရင် တန်ဆာခပေးပါ့မယ်"

"ရပါတယ်. . ကိုအေးမြင့်ရယ်၊ အပြန်မှပဲ ပေါင်းပေးပါ"

မော်တော်ငယ်၏ နောက်ဘက်စက်ခန်းဘေးတွင် ငါးစည်ပိုင်းများ၊ ဝက်များ၊ ကြက်ခြင်းများနှင့် ပြည့်နေသည်။ သင်္ဘောငယ်ပဲ့ပိုင်းတွင် စက်သံမှာ ဆူညံလှသည်။

၁၉၇၅ ခုနှစ်ဝန်းကျင်လောက်က ဖြစ်သည်။

ရန်ကုန်နှင့် အလိန်လည်ရွာသို့ ပြေးဆွဲနေသော လိုင်းကောင်၊ ပါစင်ကျယ် လူစီးကုန်တင်သင်္ဘော ဖြစ်သည်။ သင်္ဘောမှာ အလျားပေ ၁၅၀ပေ၊ အနံ ၁၅ပေ ရှိသော သစ်သား ကိုယ်ထည် တစ်ထပ်သင်္ဘော ဖြစ်သည်။ အစိမ်း၊ အဝါ၊အနီရောင်များ ခြယ်သထားသည်။

ကျွန်တော်တို့သင်္ဘော ကွဲခတ်၊ သောင်ရွာပျက်၊ ယခုအခေါ် ရတနာကျွန်းကျော်လာတော့ သင်္ဘောချောင်းကျေးရွာ၊ ပန်းတောကျေးရွာ၊ ညောင်အင်ကုန်းကျေးရွာ၊ကုန်းကလေးကျေးရွာများမှ စီးမည့်လူများ၊ ကုန်ပစ္စည်းများ၊ ဆန်အိတ်များကို တစ်ရွာဝင် တစ်ရွာထွက် တင်လိုက်၊ ချလိုက်နှင့် ထွက်လာခဲ့သည်။ သင်္ဘောပေါ်တွင် လူ လေးငါးဆယ်လောက် ပါလာသည်။ သင်္ဘောပေါ်တွင် လူများ ကုန်များနှင့် ပြည့်ကျပ်နေသည်။

သင်္ဘောစက်သံ တဒီးဒီး အသံကလည်း ဆူညံသော စကားပြောသံများကို ဖုံးလွှမ်းနေသည်။ မိုးရာသီ ဖြစ်သဖြင့် မြစ်အတွင်းရှိ ရေများသည် ရေတရက်နှင့်ဆိုင်သဖြင့် ကမ်းလုံးပြည့် ဖြစ်နေသည်။ကုန်းကလေးကျေးရွာကိုကျော်လာတော့ မြစ်နှစ်ပေါက် ဖြစ်နေသော အလယ်ကျွန်းကြီးကို ကုန်းကလေး ရွာဘက်မြစ်ပေါက်မှ ရေကြောင်းနက်သဖြင့် ဖြတ်မောင်းလာသည်။

ကျွန်းကြီးသောင်ပြင်တွင် မယ်ညိုငှက်များ၊ တင်ကျီးငှက်များ၊ ငှက်ကြီးဝံပိုများ၊ ဗျိုင်းနှင့် ဗျိုင်းအောက်များ အုပ်လိုက်ကျနေသည်။

ထိုအချိန်တွင် သင်္ဘောပဲ့ပိုင်းမှ အသံများ ကြားလိုက်ရသည်။

"ဖန်း. . ဖန်း. . ဖန်း"

"ဖောင်း. . ဖောင်း. . ဖောင်း"

ပွိုင့်တူးတူး လေသေနတ်သံလေးငါးခြောက်ချက် ကြားရသည်။

သင်္ဘောသည် စက်ရှိန် နှေးသွားပြီး သင်္ဘောနောက်တွင် ချည်ထားသော လှေကလေးဖြင့် လေသေနတ် မှန်ထားသော ငှက်ကြီးဝံပိုနှင့် မယ်ညို စိမ်းပြာရောင်ငှက်ငါးကောင် သွားကောက်ယူလာခဲ့သည်။

သင်္ဘောပေါ်တွင် ထန်းတပင်မြို့သို့ လိုက်ပါမည့် တပ်မတော်သားနှစ်ယောက် သုံးယောက် ပါလာသဖြင့် ပွိုင့်တူးတူး သေနတ်ဖြင့် ငှက်ပစ်ဖမ်းခြင်း ဖြစ်သည်။

ကျွန်းကြီး၏ လမ်းတွင်လည်း ငါးဖမ်းသော တဲအိမ်များ၊ ငါးလှန်းသော စင်များ၊ ယင်းလိပ်များ၊ ပိုက်များ၊ ပိုတ်ကွန်များကို တွေ့နေရသည်။

ငါးဖမ်းသော တဲအိမ်မှ လှေကလေးတစ်စင်းထွက်လာပြီး ငါးတစ်စည်၊ ပုစွန်က ခြင်းကျားနှင့် အပြည့်တင်လာသည်။ ဘေးကပ်ပြီး သင်္ဘောပေါ် တင်လိုက်သည်။

သင်္ဘောသားလေး အောင်မြင့်က ဝိုင်းဆွဲတင်နေသည်။ ရေဘဲလေးဆယ့်ငါးကောင် ပါလာသည်။

"ကိုမြဝင်း၊ ဘာတွေလဲ"

"ငါးရံ့. . ငါးခူတွေပါ၊ ငါးသလောက်တွေလဲ ပါတယ်၊ ပုစွန်ဆိတ်ထဲ အချိန် ၁၅ လောက် ရှိမယ် ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com

ငါးတွေက မနက်က ပိုက်ဖော်လို့ရတာ၊ ရေဘဲ ၁၅ကောင်ကလဲ သုတ်ကိုင်းမှာ မိနေလို့ ရန်ကုန် သွားရောင်းမလို့ ”

“ကျွန်တော့်ကို ရေဘဲသုံးကောင် လောက် ရောင်းပါလား၊ ဒီနေ့ ဟင်းရံ မရသေးဘူး”

“ဦးမောင်မြ ဒီမှာ ရေဘဲဆီပြန် ချက်မှာ၊ လာ. . . ယူ”

“ဘယ်လောက်လဲ ကိုမြဝင်း”

“တစ်ဆယ်ပဲပေးပါ စာရေးလေး ရာ”

“မလျှော့တော့ဘူးလား၊ ကိုမြ ဝင်းရဲ့”

“ကဲဗျာ ရှစ်ကျပ်ပဲပေးတော့နော် စာရေးလေးမို့ လျှော့ရောင်းတာ”

“စာရေးလေး၊ ခုန တပ်သား တွေက မယ်ညိုတစ်ကောင် ပေးထား တယ်”

“ဒါဆိုရင် ရောချက်လိုက်ဗျာ၊ မနက်က သာယာကုန်းရွာ ဈေးသည် ဆီက ဝယ်ထားတဲ့ ငါးရံ့ကြီးတော့ တာ တပေါ်ဟင်းချက်ဗျာ၊ ရေဘဲဟင်းဆီပြန် နဲ့ဆို ထမင်းတော့ စားကောင်းဦးမယ်”

“စာရေးလေး၊ တာတပေါ်ဟင်း အတွက် အချဉ်လိုသေးတယ်”

“ကျွန်တော်မနေ့က တောင်ပိုင်း ကျွန်တော့်ဦးလေးခြံထဲက ရှောက်သီး နှစ်လုံးတောင်ခူးလာတယ်၊ သုပ်စားဖို့ ဆိုပြီး ဦးခန်းထဲမှာထားတယ်၊ သွားယူ လိုက်၊ ပြီးတော့ ပုစွန်ဆိတ် အစိမ်း ထောင်းတစ်ခွက်ပါ လုပ်ဗျာ၊ ကျွန်တော့် လူတွေ အားရှိအောင်”

တာတပေါ်ဟင်းသည် ကရင် နှင့်မြန်မာလူမျိုးများ ကြိုက်နှစ်သက် သော ချဉ်,ချို, စပ် ဟင်းရည်သောက် တစ်မျိုး ဖြစ်သည်။

ငါးရံ့တစ်ကောင်လုံးကို အူနှုတ်၊ အကြေးထိုးပြီး ငံပြာရည် အချိုရည် ဆီ၊ ဆားများထည့်ပြီး ရေများများနှင့် ပြုတ်ရသည်။ ပွက်ပွက် ဆူလာလျှင် ဟင်းကို အငန်အပေါ့ အလေးမြည်းပြီး အသင့်ထောင်းထားသော ငရုတ်သီး ခြောက်နှင့် ငရုတ်သီးစိမ်းထောင်းပြီး သားများကို ခတ်လိုက်ရသည်။ ငရုတ် သီးတွင် ကြက်သွန်ဖြူ ကြက်သွန်နီနှင့် ရောထောင်းရသည်။

မီးဖိုပေါ်မှ ချလျှင် ရှောက်သီးကို သင့်တော်ရုံ ညှစ်ထည့်လိုက်ရသည်။ ချိုချဉ်စပ်ပြီး မွှေးနေသော အရည် သောက် ဟင်းကို ရရှိသည်။

ပုစွန်ဆိတ် အစိမ်းထောင်းကျ တော့ ပုစွန်ဆိတ်များကို သင့်ရုံလောက် ငရုတ်ဆုံတွင် ထည့်ထောင်းရသည်။ ထောင်းပြီးလျှင် ငရုတ်သီး၊ ကြက်သွန် ဖြူ၊ ကြက်သွန်နီ ထောင်းနှင့် နယ်ရ သည်။ ငံပြာရည်ထည့်၊ ဆီချက်၊ မြေပဲ ဆန်ကြော်ထောင်း ကြက်သွန် ဆီချက် များများထည့်ပြီး ရှောက်ရည် ညှစ်ထည့် လိုက်ရသည်။စပ်ချိုဆိမ့် အရသာရှိသော တောလေ့ရိုးရာ ဟင်းတစ်ခွက်ရသည်။

အဲဒီနေ့က သဘော်သားတွေ ခေါင်းမဖော်နိုင်အောင် စားကြသည်။ အလုပ်ကြမ်းသမားများလည်း ဖြစ်သဖြင့် စားချက်ကလည်း ကြမ်းသည်၊ အလုပ် လုပ်ရင်လည်း မခိုမကတ် အင်နှင့်အား နှင့်လုပ်ကြသည်။

ထိုနေ့က ထမင်းနှစ်အိုး၊ ဆန် နှစ်ပြည် ချက်ရသည်။ တပ်မတော်သား သုံးယောက်ပါ ခေါ်ကျွေးလိုက်သည်။ ဝက်ကုန်သည် ကိုအေးမြင့်နှင့် ငါးကုန် သည် ကိုမြဝင်းတို့ပါ ဝင်ကြိတ်ကြသည်။ ဘောလည် ငါးပိရည်ချိုနှင့် လယ်ပတူ၊ တင်မွှန်း၊ ရေထိကရုံး၊ ကဇော့သီး အတို့ အမြုပ် တို့ဖြင့် စားကြရသဖြင့် ထမင်း မြိန်လှသည်။ နတ်သုဓာ ထမင်းဝိုင်းပင် ဖြစ်တော့သည်။

ကျွန်တော်တို့ သဘော်သည် လမုတန်းကြီးရွာတွင် လူများ၊ ကုန်များ တင်ကြသည်။ သဘော်ပေါ်မှ ဆင်းမည့် သူများလည်း ကုန်းပေါင်ပေါ်မှ ဆင်း သွားကြသည်။

သဘော်ဦးခန်းသည် စက်ခန်း ရှေ့ ဆလင်ကြီး၏ နောက်ခန်း နံရံမှ စသည်။ အကျယ်အဝန်းသည် ပေ ၁၀× ၁၅ ပေ ကျယ်ဝန်းသည်။ စာရေးလေး နေသော အခန်းလေးဖက်နံရံမှ စက်ခန်း နံရံအထိ အကျယ်အဝန်းဖြစ်သည်။

ပေ ၂၀× ၁၅ ပေ အကျယ်တွင် ဝါးချောဖျာများ ခင်းထားသည်။ ထို နေရာတွင် သဘော်စီး ခရီးသည်များ ထိုင်ကြသည်။ စက်ခန်းအရောက်တွင် သဘော်၏ တစ်ဖက်တစ်ချက်မှ အတက် အဆင်းပေါက်ကို တစ်ဖက်လ ျင် ၁၀ ပေ စီဖောက်ထားသည်။ အလယ်တွင် ကုန် ပေါက်ရှိသည်။ ကုန်များ၊ ဆန်အိတ် များကို သဘော်အောက် ဝမ်းထဲသ႔ ထည့်သည့်အပေါက် ရှိသည်။

ကုန်ပေါက်ကို ၆×၂ သစ်သား များဖြင့် အရှင်ခင်းထားသည်။ လိုအပ် လျှင် ဖွင့်လို့ရအောင် အရှင်လုပ်ထား ခြင်း ဖြစ်သည်။ အတက်အဆင်းပေါက် တွင် လူတက်လူဆင်း လုပ်သော ကုန်း ပေါင်ပေါ် သစ်သားကြားတွင် အထပ် ကလေးများ ဖြစ်အောင် ၂×၁ သစ်သား လေးများ ဖြတ်ပြီး ရိုက်ထားသည့် သစ် သားချောင်းကို လှေကားအဖြစ် အသုံး ပြုသည်။ အပေါက်နှစ်ဖက်အလယ်တွင် ချထားသည်။

သဘော်ပေါ်တွင် ရန်ကုန်မြို့သို့ ဈေးဝယ်ရန်၊ ကျောင်းတက်ရန် ကိစ္စ အမျိုးမျိုးသော အကြောင်းများဖြင့် သွား ကြသည့် သူများထဲတွင် လှပျိုဖြူ အလှ ပဂေးများ ပါဝင်သည်။

အပျိုတွေချောတဲ့ လှိုင်ဘော လည်ဆိုတဲ့ အတိုင်း ဘောလည်ရွာ မဟုတ်ပေမယ့် ဘောလည်ကျွန်း ဝေစုမှ ရွာတွေ ဖြစ်ကြသော အလိန်လည်၊ ပန်းတော၊ ချောင်းဝ၊ လမုတန်းကြီး၊ လမု တန်းလေး၊ ညောင်အင်းကုန်း၊ ကုန်းက လေးမှ မိန်းကလေးများသည် ရန်ကုန် သူများ ရှုံးလောက်အောင်ချောမောလှပ သူများထွက်သော ရွာများဖြစ်သည်။

ယခု သဘော်ပေါ်တွင်လည်း အချောအလှတွေ များစွာ ပါလာသည်။ ကောင်လေးများက ထိုကောင်မလေး များကို ငေးကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း စာရေးလေး မောင်စောနိုင်၏ ချစ်သူ ညောင်အင်းကုန်းရွာသူလေး နှင်းဝေဝေလွင်ပါလာသည်။

လုပဝိုင်းစက်သော မျက်နှာ၊ ဖြူဖွေးသော အသားအရေ၊ သွယ်လျ မြင့်မားသော အရပ်ကြောင့် မိန်းမပျိုကလေးများထဲတွင် အလွန်လှပ တင့်တယ်နေသည်။

"နှင်း. . မောင်တို့နဲ့ ထမင်းဝင်စားပါလား"

"အာ. . မောင်ကလဲ သူများတွေက ဟိုထင် ဒီထင် ထင်ချင်နေရတဲ့အထဲ မလုပ်ပါနဲ့ မောင်ရယ်၊ ထန်းတပင်ရောက်မှပဲ ဝယ်စားတော့မယ်"

လမုတန်းလေးရွာမှ လွန်လာတော့ မြစ်သုံးဆိုင်ပေါ်က် ရောက်လာသည်။ ရှေ့တွင် ထန်းတပင်မြို့ ဆိပ်ကမ်းကပ်တော့မည်ဖြစ်သည်။ သင်္ဘောသည် ထန်းတပင်မြို့ဆိပ်ကမ်းကပ်တော့ သင်္ဘောဘေးသို့ လှေကလေးများလာကပ်ကြသည်။ ဈေးသည်လှေကလေးများဖြစ်သည်။

"ထမင်းထုပ်ရမယ်၊ ကြက်သား၊ ဝက်သား၊ ငါးသလောက်ပေါင်း၊ ငါးသလောက်ဥကျော်နဲ့ရမယ်"

"ခေါက်ဆွဲသုပ်ရမယ်၊ ကြာဆံသုပ်ရမယ်၊ အောင်ဗလကြော် ရမယ်၊ ပဲကပ်ကြော်ရမယ်၊ မုန့်ကြိုးလိမ်ရမယ်"

ဈေးသည်လေးများက ဆူညံစွာ အော်ဟစ်နေကြသည်။

"အစ်မ ကျွန်မကို ကြက်သားဟင်းနဲ့ ထမင်းတစ်ထုပ်ပေးပါ"

"ကြာဆံသုပ်တစ်ထုပ်၊ ခေါက်ဆွဲသုပ်တစ်ထုပ်ပါ ပေးပါ အစ်မ"

"မောင်မောင်၊ ခေါက်ဆွဲစားမှာလား၊ ကြာဆံစားမှာလား"

"အာ, နှင်းကလဲ မောင် ထမင်းစားပြီးပြီလေ"

"ဟင့်အင်း . . မရဘူး၊ မောင်နှင်းကို ချစ်ရင် စားရမယ်"

"ကဲကဲ ပေး၊ မောင် ခေါက်ဆွဲပဲစားမယ်"

သင်္ဘောဦးခန်း ဆလင်ကြီးဦးမောင်ဝင်းအခန်းရှေ့တွင် သင်္ဘောဦးနှင့် ဆလင်ကြီးအခန်းကြားတွင် ၁၀ ပေလောက် နေရာလွတ်နေသေးသည်။ သင်္ဘောကြီးချည်သော ဘုံလုံတိုင် နှစ်ခုတွဲ တစ်ခုရှိသည်။ ကျောက်ဆူးနှင့် ကြိုးများလည်း အစုံလိုက်ရှိနေသည်။ ကျန်လွတ်နေသော နေရာတွင် သစ်သားထိုင်ခုံလေး နှစ်ခုချ၍ မောင်စောနိုင်နှင့် နှင်းတို့သည် ခရီးသည်အခန်းမှ စားစရာများ ဝယ်ယူလာပြီး လာထိုင်လိုက်ကြသည်။

"နှင်း မကောင်းဘူးကွာ၊ မောင်ဗိုက်အရမ်းတင်းသွားပြီ"

"အာ, မောင်ကလဲ ခေါက်ဆွဲသုပ်က နည်းနည်းလေးကို၊ ရှော့ရှော့နှင်းမှာ အစာကြေဆေးပါတယ်"

"ဒါနဲ့ နှင်း၊ ကုန်တွေဝယ်ပြီးရင် မနက် ပြန်လိုက်မှာလား"

"ဟင့်အင်း. . မောင်၊ ကျွန်မ မနက်ဖြန် မပြန်သေးဘူး၊ အဒေါ်တို့အိမ်မှာအလှူရှိတယ်၊ အလှူမှာ ဝိုင်းလုပ်ပေးရဦးမယ်၊ ကုန်တွေတော့ အင်းစိန်သင်္ဘောဆိပ်မှာ မောင်တို့သင်္ဘော လာဆိုက်ရင် ကုန်တွေ တင်ပေးလိုက်မယ်၊ ရွာမှာ အမေ လာကြိုလိမ့်မယ်"

"နှင်း. . မောင်တို့ နောက်နှစ်လောက်ကြရင် လက်ထပ်ကြရအောင်နော်"

"အင်းပါ မောင်ရဲ့၊ မောင် ဘာတွေ စိုးရိမ်နေတာလဲ၊ အမေတောင် သဘောတူပြီးပြီပဲဟာ"

"မောင် နှင်းနဲ့ဝေးရမှာ သိပ်စိုးရိမ်တာပဲ နှင်းရယ်"

"နှင်းတို့ အမျိုးတွေက မောင်နဲ့နှင်းကိုသဘောမတူကြဘူး မဟုတ်လား"

"နှင်းရဲ့ဒေါ်လေးက နှင်း သိုက်ကလာတယ်၊ ယောကျ်ားယူရင် သေမယ်၊ ဒါကြောင့် မောင်ရင် ငါ့တူမလေးနဲ့ မယူပါနဲ့၊ ငါ့တူမလေးကို ငါတို့ဆီက ပြန်ခေါ်သွားမှာ စိုးလို့ပါကွယ်လို့ မောင့်ကို လာပြောတယ်"

"အို. . . မောင်ကလဲ မေမေတောင် သဘောတူပြီးလို့ လာမယ့်နှစ်မှာပဲ ယူကြတော့မှာပဲဟာ၊ စိုးရိမ်မနေစမ်းပါနဲ့"

အဝေးကမိုးကောင်းကင် ထဲတွင် တိမ်စိုင်တိမ်လိပ်တွေ တိမ်တောင်ဖြူဖြူကြီးတွေ အလိပ်လိုက် အခွေလိုက်နှင့် ကြည့်ကောင်းလှသည်။

မြစ်ပြင်ကျယ်ကြီးကို ဖြတ်၍ တိုက်လာသော လေအေးအေးသည်တွင် မိုးရနံ့များ သင်းပျံ့စွာပါလာသည်။

စောနိုင် ချစ်သူနှင်းဝေဝေလွင်၏ ဝိုင်းစက်ချောမောသော မျက်နှာလေးကို ငေးကြည့်နေသည်။

"အာ. . . မောင်ကလဲ၊ သိပ်မကြည့်နဲ့ကွာ၊ နှင်းရှက်တယ်"

"မောင်ချစ်သူက တအားလှလို့ပါ နှင်းရယ်"

"အလကား အပိုတွေ၊ အသစ်မတွေ့သေးလို့ မဟုတ်လား၊ မောင်တို့ယောကျ်ားတွေက ငါးစိမ်းမြင်ရင် ငါးကင် ပစ်ချင်ကြတာများ"

"ယုံပါ နှင်းရယ်၊ မောင် နှင်းကိုအသည်းထဲကစွဲနေအောင် ချစ်တာပါ"

"အစ်ကို ဝါးတစ်ရာရောက်တော့မယ်၊ ကျွန်မတို့ အထဲဝင်ကြရအောင်နော်"

နှင်းပြောလို့ ကြည့်လိုက်တော့ ကလိန်သောင်ကို ကျော်လာပြီး ဝါးတစ်ရာရွာကို လှမ်းမြင်နေရသည်။

ကျွန်တော်နှင့် နှင်းဝေဝေလွင်လည်း သင်္ဘောထဲသို့ပြန်ဝင်လာခဲ့သည်။ ဝါးတစ်ရာရွာ ရောက်တော့ သင်္ဘောပေါ်မှ လူတချို့မှာ ဆင်းသွားကြသည်။ ဝါးတစ်ရာရွာမှ လူနှင့် ကုန်ပစ္စည်းများ သင်္ဘောပေါ် ထပ်ရောက်လာသည်။

မိနစ် သုံးဆယ်လောက် မောင်းပြီးတော့ အင်းစိန်သံရည်ကျိုစက်ကြီးကို လှမ်းမြင်နေရသည်။ သံရည်ကျိုစက်၏ မီးခိုးများက ကောင်းကင်ဟင်းလင်းပြင်ထဲသို့လွင့်မျောနေကြသည်။ နောက်မိနစ်သုံးဆယ်ခန့် ကြာတော့ မောင်း





www.burmeseclassic.com

www.burmeseclassic.com

ဆိပ်ကမ်းသို့ ရောက်လာတော့သည်။ သင်္ဘောပေါ်မှ လူများ ဆင်းသွားကြသည်။

နှင်းဝေဝေလွင်လည်း သင်္ဘောပေါ်မှ ဆင်းတော့သည်။ သင်္ဘောပေါ်မှ ဆန်များ၊ကုန်များ တချို့တဝက် အင်းစိန်တွင်ချကြသည်။ ကြက်ခြင်းများလည်း အင်းစိန်တွင် ချခဲ့သည်။

သင်္ဘောရပ်သည်မှာ ကြာသဖြင့် မောင်စောနိုင်သည် နှင်းဝေဝေလွင်ကို ကုန်းပေါ်အထိ လိုက်ပို့ခဲ့သည်။

လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး လက်ဖက်ရည်မှာသောက်ပြီး နှင်းဝေဝေလွင်က အအေးသောက်သည်။

သင်္ဘောပေါ်မှာတော့ ကြည့်မြင်တိုင် ဆိပ်ကမ်းသို့ လိုက်မည့်သူ အနည်းငယ်နှင့် ကုန်များ၊ ဝက်များ၊ ဆန်များကို ကြည့်မြင်တိုင်သို့ ပို့ရဦးမည် ဖြစ်သည်။

"နှင်း. . မောင်သွားတော့မယ် သင်္ဘောစောင့်နေလိမ့်မယ်"

"အင်း၊ မောင်၊ နှင်းလဲ သွားတော့မယ်နော်၊ ဪ, မောင် ညဘက်တွေမှာ ညဉ့်နက်အောင် မနေနဲ့နော်၊ ကျန်းမာရေးလဲ ဂရုစိုက်နော်"

"အင်းပါ နှင်းရဲ့၊ ကဲ မောင်သွားတော့မယ်"

မောင်စောနိုင် သင်္ဘောပေါ် ရောက်သည့်အခါ သင်္ဘော ထွက်လာခဲ့သည်။ ဆင်မလိုက်ရောက်တော့ ဝက်များ ချသည်။

"စာရေးလေး တန်ဆာခတော့ နောက်မှ ယူတော့နော်"

"အာ, ရပါတယ်ဆိုမှ၊ ကိုအေး မြင့်ကလဲ အပြန်ဟင်းရံသာ ယူလာခဲ့"

ဝက်များချပြီး သင်္ဘောဆက်ထွက်လာခဲ့ရာ တစ်အောင့်အကြာတွင် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။

သင်္ဘောကို ကြည့်မြင်တိုင် ဆိပ်ကမ်းတွင် ဆိုက်ကပ်လိုက်သည်။ ယိုအချိန်က ကြည့်မြင်တိုင် ဆိပ်ကမ်းတွင် ငါးဈေးကြီး မရှိသေးပါ။ ပါလာသော ဆန်အိတ်များကို ဆန်ဝယ်သော ဆိုင်များမှ လာယူသွားကြသည်။

ရွာမှ မှာလိုက်သော ကုန်စာရင်းများကို ကြည့်မြင်တိုင်တွင်ရှိသော ကုန်ခြောက်ဆိုင်ကြီးများသို့ ပို့ပေးလိုက်ရသည်။ညနေလောက်တွင် ကုန်စုံဆိုင်ကြီးများက မှာထားသော စာရင်းအတိုင်း သင်္ဘောပေါ်သို့ ကုန်လာတင်ကြသည်ကို စာရင်းနှင့်တကွ လက်ခံရသည်။

နောက်နေ့ နံနက်တွင် ကြည့်မြင်တိုင်မှ ထွက်လာတော့ လူအနည်းငယ်ပင် ပါလာသည်။

အင်းစိန် ရောက်တော့ ဖနာရီ ထိုးပြီးပြီ ဖြစ်သည်။ အင်းစိန်မှ လူများ ကုန်ပစ္စည်းများ သင်္ဘောပေါ်သို့ ရောက်လာသည်။ လူအယောက် လေးဆယ် ကျော်ပါလာသည်။

ဝါးတစ်ရာရွာ၊ ကလိန် ရွာတို့ကို ကျော်လာပြီး ထန်းတပင် ရောက်လာသည်။ ထန်းတပင်မြို့တွင် လူအဆင်း၊ အတက် ပြုလုပ်ပြီး ဆက်လက် ထွက်ခွာလာကြသည်။

လမုတန်းလေးရွာ၊ လမုတန်းကြီးရွာဆိပ်မှ ထွက်လာတော့ လေပြင်းများ တိုက်လာသည်။ မိုးဦးလေဦး ဖြစ်သဖြင့် လေပြင်းများ ရုတ်တရက် တိုက်ခတ်လာခြင်း ဖြစ်သည်။

ဆလင်ကြီး ဦးမောင်ဝင်းလည်း သင်္ဘောတက်မကို သတိထား ထိန်း၍ လှိုင်းလိပ်များကို ဦးတိုက်ပြီး မောင်းလာခဲ့သည်။ လမုတန်းကြီးရွာ အလွန် အလယ်ကျွန်းကြီးနား ရောက်တော့ မြစ်နှစ်ပေါက်နား ရောက်လာသည်။

မြစ်ပေါက်ဝ တစ်ဖက်သည် ရေတိမ်ပြီး သောင်များရှိသည်။ ကျန်မြစ်ပေါက်ဝ တစ်ဖက်မှာ ရေနက်ပြီး ရေစီးကြောင်း ရှိသည်။

လေသည် သင်္ဘော ညာဘက်မှ ပြင်းထန်စွာ တိုက်နေသဖြင့် သောင်ပြင်ဘက်သို့ သင်္ဘောကို တွန်းပို့နေသလိုပင် ဖြစ်သည်။

ဆလင်ကြီးလည်း သင်္ဘောကို စက်ကုန်ဖွင့်ပြီး မောင်းတက်လာသည်။ ရေကလည်း ရေပြင်ကျယ်ကြီးဖြစ်သဖြင့် လှိုင်းခေါင်းဖြူကြီးများ တလိပ်လိပ် ထနေသည်။ သင်္ဘောသည် လှိုင်းထဲတွင် ယိမ်းထိုးနေသည်။

ထိုအချိန်တွင် ပြင်းစွာတိုက်နေသောလေနီကြမ်းလည်းအရှေ့သို့ရောက်သွားသဖြင့် လေလည်း ရုတ်တရက် ရပ်သွားတော့သည်။

သင်္ဘောသည် ရုတ်တရက် လေပြင်းလေပုန်း ဆောင့်ထိုးလိုက်သဖြင့် ရေစီးကြောင်း သင်္ဘောလမ်းကြောင်းမှ ပြောင်းသွားပြီး ကျွန်း၏ထိပ်တည့်တည့် သောင်ပြင်ထိပ်နား ရောက်သွားသည်။

သင်္ဘောမောင်းနေရင်း ငြိမ့်ခနဲ ဖြစ်သွားကာသောင်တင်သွားတော့သည်။ ရေကလည်း ကျစပြုပြီ ဖြစ်သဖြင့် သင်္ဘောက ရေတက်မှပင် ပြန်ထွက်၍ ရမည် ဖြစ်သည်။

ထိုအချိန်တွင် ရေအောက်သောင်ပြင်ပေါ်မှ ငုတ်နှင့်ဟိုက်မိသဖြင့် သင်္ဘောကိုယ်ထည်တွင် အလျားငလက်မ အနံ ၁ လက်မ အပေါက် ဖြစ်သွားသည်။ အပေါက်မှ ရေများပန်းပြီး သင်္ဘောအတွင်းသို့ ဝင်လာသည်။

သင်္ဘောသားများက အပေါက်ကိုသစ်သား အဝတ်စများဖြင့် ရိုက်သွင်းပိတ်သော်လည်း ရေများက ပန်းထွက်နေပါသည်။ သင်္ဘောဝမ်းဗိုက်ထဲမှ ကုန်များကို ကုန်းပတ်ပေါ်သို့ ရေမစိုအောင် တင်ထားရသည်။

သင်္ဘောထဲတွင် ရေများမှာ များလာသဖြင့် သင်္ဘောသားလေး တင်လှိုင် ရေတုံကင်နှင့် စုပ်ထုတ်နေသော်လည်း မနိုင်သဖြင့် သင်္ဘောသားများ စက်ခန်း၏ နောက်ဘက်ကုန်းပတ်ပေါ်မှ နေ၍ လေးထောင့်သံပုံးဖြင့် ရေများကို ခပ်ထုတ်ကြရသည်။

မကြာမီ ရေတက်လာလျှင် စိုးရိမ်ရပါသည်။ သင်္ဘောပေါ်မှ ခရီးသည်များ စိုးရိမ်စိတ်များ ဝင်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်ကြမှာလဲ လုပ်ကြပါဦး၊ ရေတက်လာနေပြီး သဘော်နစ်သွားရင် အကုန်သေကုန်မယ်"

"ဟဲ့ဟဲ့ ကလေးတွေ အမေ့နားလာနေ"

"ဇော်ယာတွေ မပါဘူးလား"

ဇော်ယာခေါ် သက်ကယ်ဘောများကို ဆလင်ကြီးက ခရီးသည်များကို တစ်ယောက်တစ်ခုစီ ဝေပေးနေသည်။

"မကြောက်ကြပါနဲ့၊ အားလုံး အဆင်ပြေသွားမှာပါ၊ မောင်စိုးတင်ရေဖွဲ့တွေ ပါလားဟေ့"

"ဟုတ်ကဲ့ ဆလင်ကြီး ဖွဲ့အိတ်ပါလာပါတယ်"

"ဟေ့ကောင် မောင်အေးမင်း ဖွဲ့လွှတ်စမ်းကွာ"

မောင်အေးက ခါးတွင်ကြိုးချည်၍ ဖွဲ့အိတ်မှ ဖွဲ့များကို အဆုပ်လိုက်ယူပြီး ရေထဲဆင်းသွားပြီး ဖွဲ့လွှတ်လိုက်သည်။ မောင်အေး ပြန်တက်လာပြီး မကြာမီပင် ဝင်နေသောရေများတန့်သွားသည်။ ရေမှာ တန့်သွားသော်လည်း အနည်းငယ်တော့ ဝင်နေသေးသည်။ သဘော်ထဲတွင် မူလဝင်ထားသော ရေများ အလွန်များနေသဖြင့် စိုးရိမ်ရသေးသည်။

"လူလေးတို့ ရေတွေ အကုန်ထုတ်ပစ်လို့ မရသေးဘူးလားကွယ့်"

"ဟုတ်ကဲ့ အဘ၊ ထုတ်တော့ ထုတ်နေတုန်းပဲ၊ အခု ရေမဝင်ပေမယ့် သဘော် မောင်းသွားရင် ရေတွေ ပြန်ဝင်လာမှာ စိုးရတယ်၊ စက်နဲ့ ပက်လို့ရပေမယ့် အဝင်များမှာ စိုးရတယ်"

"ကဲကဲ မင်းတို့ယုံကြည်ရင်တော့ ခရီးသည်တွေရဲ့ အခက်အခဲကို အဘတတ်တဲ့ပညာနဲ့ ကူညီချင်တယ်ကွယ့်"

"ဟုတ်ကဲ့၊ အဘတတ်နိုင်ရင် ကူညီစေချင်ပါတယ်"

"လူလေး မင်းတို့မှာ သပြေပန်းရှိလား"

"ရှိပါတယ် အဘ၊ မနက်ကမှ အင်းစိန်ကမ်းနားက ဝယ်လာတာ"

သဘော်ပေါ်က ဘုရားစင်တွင် သောက်တော်ရေကပ်၊ ဆီမီးထွန်း၊ အမွှေးနံ့သာများ ထွန်းပြီး ပန်းအိုးတွင် သပြေပန်းများ ကပ်လိုက်သည်။ ပရိတ်များ၊ ပဋ္ဌာန်းများ ရွတ်ဆိုပြီး သဘော်ကို စောင့်ရှောက်သော ပုဂ္ဂိုလ်များ၊ မြစ်ကို စောင့်ရှောက်သော မြစ်စောင့်နတ်မင်းကြီးနှင့် ကျွန်းကြီးကို စောင့်ရှောက်သော ကျွန်းစောင့်နတ်မင်းကြီးကိုပါ မေတ္တာပို့အမျှပေးဝေလိုက်သည်။

"အားလုံးကို မေတ္တာပို့ပေးပြီးပါပြီ၊ ကျွန်ုပ်တို့၏ အခက်အခဲကိုလဲ ကူညီဖြေရှင်းပေးစေချင်ပါတယ်"

ထိုအချိန်တွင် ကျွန်းကြီးပေါ်ရှိ တောအတွင်းမှ ငှက်အော်သံများကြားလိုက်ရပြီး မည်းမည်းအကောင်များ ထပျံသွားပါသည်။

ဘုရားသောက်တော်ရေကို စွန့်ပြီး သဘော်ဝမ်းဗိုက်အတွင်း ရေများထဲသို့ သွန်ချလိုက်ပါသည်။ နာရီဝက်ခန့်အကြာတွင် သဘော်အတွင်းမှ ရေများသည် သူ့အလိုလို ဝဲကတော့ထိုးပြီး သဘော်အပြင်သို့ ထွက်ကုန်သည်။

တစ်နာရီခန့်အကြာ၌ သဘော်အတွင်းမှ ရေများမရှိတော့ဘဲ ဝမ်းဗိုက်အောက်ခြေ သစ်သားများ သဘော်ဧရာ သစ်သားချောင်းကြီးကိုပါ တွေ့ရတော့သည်။

ရေပန်းထွက်နေသော နေရာမှလည်း ရေလုံးဝ မထွက်တော့ပါ။ ရေတက်လာသဖြင့် စက်နှိုးပြီး ထွက်လာတော့သည်။

သုံးနာရီလောက်မှ ထွက်လာသဖြင့် အလိန်လည်ရွာသို့ မှောင်ခါနီးမှ ပင်ရောက်လာတော့သည်။ လာရောက်ကြိုသူများ၏ မာတ်မီးရောင်တဝင်းဝင်းနှင့် သဘော်ဆိပ်တွင် စည်ကားနေပါတော့သည်။ ကုန်များကိုတော့ နံနက်လင်းမှ ချရမည် ဖြစ်သည်။

မနက် လွန်းတင်မှာ ဖြစ်သည့်အတွက် သဘော် ပြန်မထွက်တော့ပါ။ အပေါ်အဖြူ၊ အောက်အဖြူဝတ်ထားပြီး ခေါင်းပေါင်းအဖြူပေါင်းထားသော အဘသည် အသက် ခုနစ်ဆယ်ဝန်းကျင်လောက် ရှိသည်။ အဘသည် သဘော်ပေါ်တွင် ညအိပ်သွားသည်။ တစ်ညလုံး တရားထိုင်နေပါသည်။

နံနက် ၄ နာရီလောက်တွင် သဘော်ပေါ်မှ ဆင်းသွားပါတော့သည်။ မနက် ၇ နာရီလောက်တွင် ရွာအတွင်းသို့ဝင်ရန် အဘတည်းခိုသည့် အိမ်ကိုလိုက်စုံစမ်းရာ တစ်ရွာလုံး မည်သည့် အိမ်မျှ မရှိပါ။ အိမ်ခြေ ၇၀၀ လောက်ရှိသော ရွာဖြစ်သဖြင့် ရွာသားများသည် ရွာသို့ ဧည့်သည်လာလျှင် သိပါသည်။

အဘသည် ဘယ်သို့ထွက်သွားမှန်းမသိပါ။ မည်သည့်မြို့ မည်သည့်ရွာမှ သဘော်ပေါ်သို့ တက်လာမှန်းမသိပါ။

ဤအဘသည် သာမန်လူသား မဟုတ်နိုင်ဘူး ဆိုတာ စာရေးလေး မောင်စောနိုင်တစ်ယောက် သဘော်ဦးတွင် ထိုင်ပြီး စဉ်းစားနေမိသည်။

ဤလောကကြီးတွင် ထူးဆန်းသောအရာများ ရှိသလို ထူးဆန်းသော လူများလည်း လူ့လောကထဲတွင် အများအပြားပင် ရှိနေနိုင်သည်။

ဒုက္ခရောက်သူများကို ကူညီကယ်တင်ပေးသော အဘကဲ့သို့သူတော်ကောင်း လူထူးဆန်းများနှင့် တွေ့ကာ ပညာရပ်များပင် သင်ယူလိုက်ချင်ပါသည်။ ဤလောကတွင်ရှိသော ဒုက္ခရောက်နေသူများကို အဘကဲ့သို့ ကူညီကယ်တင်ပေးလိုက်ချင်သည်။

(သတ္တဝါများ ကျန်းမာချမ်းသာကျပါစေ)

❒ **ကိုဆောင်ဦး**

**(အလိန်လည်ကျေးရွာ)**



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးနံ့ရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာ ရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲ ရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့ တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉-၇၃၀၆၁၆၇၃ ၊ ၀၉-၅၁၉၉၃၆၈၊ ၀၉-၇၃၂၄၄၈၆၀၊ ၀၉-၇၃၂၄၄၇၁၇၊ ၀၁-၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com



# ကံပွင့် ကံကောင်းလိုကြလျှင်

ခင်းတိုတို

လူတိုင်းလူတိုင်းလိုပင် ချမ်းသာကြွယ်ဝလိုသည့်စိတ် ရှိကြသည်ချည်းပင်ဖြစ်ပါသည်။ ထိုသို့ ဆန္ဒရှိကြသည့်အလျောက် ကံပွင့်ကံကောင်းပါမည်ဟု ညွှန်းဆိုကြသည့် ဂါထာတော်များကို ရွတ်ဖတ်ကြခြင်း၊ ကံပွင့်ကံကောင်းနိုင်သည်ဆိုသော ညွှန်းဆိုချက်များကို ပြုမူဆောင်ရွက်ကြခြင်းတို့ ပြုလေ့ရှိသည်။

သတ္တဝါတို့ တွေ့ကြုံခံစားရသည့် ချမ်းသာဆင်းရဲနှင့် ချမ်းသာဆင်းရဲမဟုတ်သည့် တရားတို့သည် ရှေးက ပြုခဲ့ဖူးသောအကြောင်း(အတိတ်ကံ) ကြောင့်သာလျှင် ဖြစ်ပါသည်ဟု ပြောလေ့ ယူလေ့ရှိသော သမဏ၊ ဗြာဟ္မဏ ရဟန်း ပုဏ္ဏားတို့ကို မြတ်စွာဘုရားက ယင်းသို့ ဟောပြောယူဆလေ့ရှိသည်ဆိုသည်မှာ ဟုတ်ပါသလားဟု မေးတော်မူ၏။ သမဏ၊ ဗြာဟ္မဏ ရဟန်းတို့ကလည်း မှန်ပါသည်ဟုဝန်ခံလျှောက်တင်ကြသည်။

ထိုအခါ မြတ်စွာဘုရားက ကံကိုချည်း လွဲမချသင့်ပုံကို ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ အတိတ်ကံကြောင့်ဟုသာဆိုခဲ့ကြပါလျှင် လူ့အသက်ကိုသတ်လေ့ရှိသောသူတို့သည် ရှေးက ဖြစ်ခဲ့ဖူးသောအကြောင်းအတိတ်ကံကြောင့်သာ သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

သူ့ဥစ္စာ ခိုးလေ့ရှိသောသူတို့သည် ရှေးက ပြုခဲ့ဖူးသောအကြောင်းအတိတ်ကံကြောင့်သာ သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

မမြတ်သော မေထုန်အကျင့်ကို ကျင့်သောသူတို့သည် ရှေးက အတိတ်ကံကြောင့်သာ ကျင့်ခြင်း ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ လိမ်လည်ပြောဆိုလေ့ရှိသောသူတို့လည်း အတိတ်ကံကြောင့်သာ ပြောဆိုရလိမ့်မည်။ ကုန်းတိုက်သောသူ၊ ရုန့်ရင်းကြမ်းတမ်းသော စကားကိုပြောသူ၊ သူတစ်ပါးစည်းစိမ်ကို တပ်မက်သောသူ၊ သူတစ်ပါးကို ပျက်စီးလိုစိတ်ရှိသောသူ၊ မှားသော အယူဝါဒရှိသောသူတို့သည်လည်း ရှေးကပြုဖူးသော(အတိတ်ကံ) ကြောင့်သာ ဖြစ်ခြင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ရှေးကပြုခဲ့ဖူးသော အတိတ်ကံကိုသာ အခိုင်အမြဲ စွဲလမ်းယုံကြည်ထားသူတို့အား ဤအမှုကိုပြုလုပ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအမှုကို မပြုလုပ်သင့်ဟု လုပ်သင့်သောအလုပ်ကိုလုပ်ရန်မလုပ်သင့်သော အလုပ်ကို ရှောင်ရန် ဟူသောအချက်သည်လည်း ရှိတော့မည်မဟုတ်ပေ။

ထိုသို့ ပြုလုပ်သင့်၊ မပြုလုပ်သင့်ကို မှန်ကန်စွာ အခိုင်အမာ ဆုံးဖြတ်ပိုင်းခြားမှု မရှိခဲ့လျှင် သတိထားပြီး စောင့်စည်းမှုမရှိဘဲ သီးခြားဖြစ်နေသူအတွက် လူကောင်းသူကောင်းဟုဆိုစရာ သမဏဝါဒ ရှိတော့မည်မဟုတ်ပေ။

လူကောင်းသူကောင်းသည် ရှေးက ပြုခဲ့သောအကြောင်းကြောင့် ဖြစ်ရသကဲ့သို့ မကောင်းသောသူသည်လည်း ရှေးကပြုခဲ့သော အကြောင်းကြောင့် ဖြစ်ရသကဲ့သို့ မကောင်းသောသူသည်လည်း ရှေးကပြုခဲ့သော အကြောင်းကြောင့် ဖြစ်ရသည်ဟု ဆိုဖွယ်ရှိတော့သည်ဟု မိန့်တော်မူကာ ကံကိုချည်း လွှဲမချသင့်ကြောင်း ညွှန်ပြထုတ်ဖော်ဟောကြားတော်မူခဲ့သည်။

ကံ ဆိုသည်မှာ အလုပ်ပင် ဖြစ်သည် ကောင်းသောအလုပ်ကို လုပ်သူတို့အဖို့ ကောင်းသောအကျိုးကို ခံစားကြရမည် ဖြစ်သကဲ့သို့ မကောင်းသောအလုပ်ကိုလုပ်မိသူတို့အဖို့ မကောင်းကျိုး(ဆိုးကျိုး)ကိုသာ ခံစားကြရမည် ဖြစ်သည်။ အလုပ်နှင့်ပတ်သက်၍ တန်ပြန်သက်ရောက်မှုများ ဖြစ်လေ့ရှိသည့် သဘောတရားကို မြတ်စွာဘုရားရှိသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ ဘီတင်းသုံးတော်မူစဉ် ရာဟုလာအား တရားဟောတော်မူရင်း ဤသို့မေးတော်မူခဲ့ပါသည်။

"ချစ်သား ရာဟုလာ ကြေးမုံမှန်သည် အဘယ်အကျိုးရှိသနည်း"

ထိုအမေးကို ရာဟုလာက -

"ကြေးမုံမှန်သည် မျက်နှာရှေ့၌ရှိသော အပြစ်ကို ကြည့်ရှုရန် အကျိုးရှိပါသည်" ဟုဖြေသည်။

ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆက်မိန့်တော်မူရာတွင် ဤနည်းအတူတူပင် အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ဆင်ခြင်၍ အလုပ်ကိုလုပ်ရမည်။ ဆင်ခြင်၍ ဆင်ခြင်၍ စိတ်ဖြင့် ကြံစည်ရမည်။ သင်သည် အလုပ်တစ်ခုကိုပြုလုပ်မည်ရှိသောအခါ လုပ်ဆောင်မည့်အလုပ်သည် မိမိဆင်းရဲခြင်း ဖြစ်မည်လော၊ မိမိ၏ဒုက္ခကို ပွားစေသလော ဆင်ခြင်၍ ထိုအလုပ်သည် မိမိရော အများအတွက်ပါ အကျိုးမရှိသည့်အလုပ်ဟုဆင်ခြင်မိပါက မပြုအပ် မလုပ်အပ်ပါ။

ထိုအလုပ်သည် မိမိအတွက်လည်းကောင်း၊ သူတစ်ပါးအတွက်လည်းကောင်း ကုသိုလ်ဖြစ်စေသည်။ ချမ်းသာသုခကိုပွားစေသည်။ ဆင်းရဲခြင်း၊ ဒုက္ခရောက်စေခြင်းမရှိဟု ဆင်ခြင်မိပါက ထိုအလုပ်ကို လုပ်အပ်သည် ပြုအပ်သည်။

ထိုသို့ပြုအပ်သည့်တို့ကို ဆောင်ရွက်ပြီးစီးသွားပါကလည်း ဆောင်ရွက်မှုကြောင့်ရလာသည့် အကျိုးသက်ရောက်မှုသည် အကောင်းများကို ဖြစ်ပေါ်လာစေပါသလား၊ အဆိုးများကို ဖြစ်ပေါ်လာစေပါသလားဟု ထပ်မံသုံးသပ် ဆင်ခြင်ရမည်။ ဆင်ခြင်၍ ရလာသောအဖြေသည် မိမိနှင့်အများအတွက် ကောင်းကျိုးချမ်းသာ အကျိုးရှိသည်ဟု ထွက်လာခဲ့ပါလျှင် ဝမ်းမြောက်ဝမ်းသာဖြင့် နေ့စဉ်မပြတ် ဆက်လက် ဆောင်ရွက်သင့်ပေသည်။

ဆိုးကျိုးဖြစ်စေ၊ ဆင်းရဲခြင်းအထိ ဒုက္ခရောက်ခြင်းကို ဖြစ်စေသည့်အလုပ်မျိုးဟု ဆင်ခြင်မိပါက မြတ်စွာဘုရားထံ၌ဖြစ်စေ၊ ပညာရှိပုဂ္ဂိုလ်တို့ထံတွင်ဖြစ်စေ အတိအလင်း ဖွင့်ဟပြောကြား၍ နောင်မပြုမိအောင် ရှောင်ကြဉ်စောင့်စည်းရမည်ဟု ဘုရားရှင်က လမ်းညွှန်ဟောကြားပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသည့်အတိုင်း အမှုကိစ္စတစ်ခုကိုပြုလုပ်တော့မည်ဆိုပါက အကောင်းနှင့် အဆိုးတို့သက်ရောက်လာမည့် အတိုင်းအတာကို ဆင်ဆင်ခြင်ခြင် ပြုလုပ်သင့်ကြပြီး ဆောင်ရွက်မှုများ ပြီးစီးသည့်အခါတိုင်းတွင်လည်းသက်ရောက်လာသည့်အကျိုးသည် မိမိအတွက်နှင့် အများအတွက် ဆိုးကျိုးလော ကောင်းကျိုးလော ဆိုသည်ကို ဆင်ခြင်သုံးသပ်ကြည့်ရမည်။

ကောင်းကျိုး ဖြစ်ပေါ်လာသည် ဆိုပါက ပညာရှိပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ အကြံဉာဏ်ယူကာ နောင်ဆက်လုပ်ခြင်း မပြုတော့ဘဲ ဆိုးကျိုးပေးမည့် လုပ်ဆောင်ချက်များကို ဖယ်ရှားကာ သင်ခန်းစာယူကြရမည်ပင် ဖြစ်ပါသည်။

အလုပ်ကောင်း(ကောင်းမှုများ) ပြုလုပ်ပါက ကံကောင်းမည် ဖြစ်ပြီး အလုပ်(မကောင်းမှုလုပ်ခြင်းများ)ပြုလုပ်မိပါက ကံဆိုးမည်သာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ မိန့်ဆိုတော်မူသည့်အတိုင်း(အတိတ်ကံ)ကံကိုချည်း လွှဲမချသင့်ကြဘဲ မကောင်းသောအလုပ်တို့ကို မပြုလုပ်ကြဘဲ ကောင်းသောအလုပ်(ကုသိုလ်)ဖြစ်အောင် ဆင်ခြင်၍ အလုပ်ကို လုပ်ကြခြင်းဖြင့် ကံကောင်းလာနိုင်ကြမည် ဖြစ်ပါသည်။ ကံသည် အလုပ်သာဖြစ်၍ အလုပ်ကောင်းလျှင် ကံကောင်းကြပါလိမ့်မည်။

အတိတ်ကံမကောင်းဟု ဆိုကာ ဒုက္ခပင်လယ်အတွင်း အနစ်ခံနေကြမည့်အစား ကောင်းသောအလုပ်များ လုပ်ကြခြင်းဖြင့် ကောင်းသောကံများ ဖွံ့ဖြိုးကာ အတိတ်ကံမကောင်းမှုများ ဖိစီးထားမှု ပပျောက်သွားအောင် ကြိုးစားသင့်ကြပါသည်။

အချုပ်အားဖြင့်မူ ဉ၊ ဗြောင်း၊ ဂါထာ၊ အင်းအိုင်၊ လက်ဖွဲ့အစီအမံများနှင့် အတိတ်ကံကိုသာ အားကိုးမနေကြဘဲ လက်ရှိအချိန်တွင် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံသုံးပါးကို ကောင်းစွာ အသုံးချအားထုတ်ခြင်းဖြင့် ကံပွင့်ကံကောင်းအောင် ပြုလုပ်ကြရမည် ဖြစ်ပါသတည်း။

❒ မင်းကိုကို

ကိုးကား

မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော်
ဘိက္ခုဝဂ်၊ ရာဟုလောဝါဒသုတ်
တိကအင်္ဂုတ္တိုရ် ပါဠိတော်



www.burmeseclassic.com

www.burmeseclassic.com



# ပစ္စုပ္ပန်ဒီမိုကရေစီ

## သတိုးနွယ်

တစ်ခါက တောအုပ်ကြီးတစ်ခု အတွင်းမှာ ငုံးငှက်ပေါင်းများစွာ နေထိုင်ပါသည်။ အဲဒီတောအုပ်ကို မုဆိုး တစ်ယောက်ဟာလည်း ရောက်လာပြီး ငုံးအသံကို အတုပြုကာ ငုံးတွေ စုဝေးလာသည်နှင့် ငုံးတွေအပေါ်ကို ပိုက်ကွန်ပစ်ကာ ဖမ်းလေ၏။

ပိုက်ကွန်အတွင်းမိသော ငုံးငှက်တွေကို တောင်းအတွင်းကို ပြောင်းထည့်ပြီး အရှင်လိုချင်သူကို အရှင်၊ အသေလိုချင်သူကို အသေရောင်းချကာ အသက်မွေး၏။

တစ်နေ့တော့ ငုံးငှက်အပေါင်းရဲ့အကြီးအကဲက ငုံးငှက်တွေကို ခေါ်ပြီး . . .

“ဒီမုဆိုးဟာ ငါတို့ကို ဒုက္ခ လာပေးနေတယ်၊ ဒီအတိုင်းဆိုပါက တို့မျိုးနွယ်တွေဟာ ပျက်စီးကုန်လိမ့်မယ်၊ ဒါကြောင့် ဒီနေ့ကစပြီး မုဆိုးဟာ သင်တို့၏အပေါ် ကွန်ကိုပစ်သော် တစ်ကောင်တစ်ကောင်စီ ကွန်ပေါက်တစ်ခုတစ်ခုစီ၌ ဦးခေါင်းကိုထားပြီး ကွန်ကိုချီကာ ဆူးပေါ်၌ ပစ်ချပါလေ၊ ဤသို့ပစ်ချပြီးလျှင် အပေါက်ကြားမှ ပြေးကြလော့”ဟု အကြီးအကဲပီသစွာ လမ်းညွှန်ပေး၏။

တကယ်တမ်းအားဖြင့် ခေါင်းဆောင်ဆိုတာ အခက်အခဲတစ်စုံတစ်ရာဖြစ်လျှင် အကောင်းဆုံး နည်းလမ်းဖြင့် ဖြေရှင်းပေးနိုင်ရပါမည်။

တချို့ ခေါင်းဆောင်တွေဟာ ပြဿနာကြုံတွေ့ပါက မဖြေရှင်း၊ ဖြေရှင်းသော်လည်း အကောင်းဆုံး နည်းလမ်း မဟုတ်။ ‘စေတနာ’ ဟူသော စကားကို အသုံးပြုသော်လည်း တကယ့်လက်တွေ့ဘဝမှာတော့ မည်ကဲ့သို့မျှ မထူးခြားပေ။ ခေါင်းဆောင်ကောင်းဆိုတာ မိမိရဲ့တပည့်အပေါ် ထားသော



www.burmeseclassic.com

www.burmeseclassic.com

...တနာကို သုံးသပ်ပြီး မိမိရဲ့အရေးပါ ...ရာရောက်မှုကို အကောင်းဆုံးနည်း ...ဖြင့် ဆုံးဖြတ်ပြရပါသည်။

အခုလည်း ငုံးငှက်ခေါင်းဆောင် ...ဟာ မိမိရဲ့အရေးပါမှုကို အကောင်း ...နည်းဖြင့် ဆုံးဖြတ်လိုက်၏။

နောက်ရက်များ၌ မုဆိုးကြီးဟာ ...ကွက်တွေကို ပိုက်ကွန်ဖြင့်ပစ်သော် ငုံး ...တွေဟာ ပိုက်ကွန်ကိုချီကာ ပြေး ...ကြ၏။

မုဆိုးကြီးဟာ ပိုက်ကွန်နောက် ...ရင်း ဆူးပုံကြားမှာ ပိုက်ကွန်ရဲ့ ...တွေကို ဖြေရင်း အချိန်ကုန်ခဲ့ရ ၏။ ...တ်ကား တစ်ကောင်မျှ မရပေ။

အရင်က ငုံးငှက်များစွာ ရသ ... အိမ်အပြန် မျက်နှာပန်းလှသော ...တစ်ယောက် တစ်ရက်ပြီးတစ်ရက် ...တ် တွေမပါဘဲ အိမ်ပြန်ရက်တွေများ ...တော့ မယားဖြစ်သူက "နောက်ထပ် ...ယောင်ယ် တစ်ယောက်များ ရှိနေပြီ ..."ဟုပင် မေးမြန်းခံရ၏။

မုဆိုးကတော့ သူ့မိန်းမအား ...အကြောင်းစုံ ရှင်းပြကာ. . .

"ဘာမှမပူပါနဲ့ မိန်းမ၊ အဲဒီငုံးငှက် ...ဟာ အမြဲတမ်းမညီညွတ်နိုင်ပါဘူး"

ဒီလိုနဲ့ တစ်ရက်ကျတော့ ငုံးတစ် ...ကောင်ဟာ ကျက်စားရာအရပ်သို့ ဆင်း ...သောအခါ အခြားသော ငုံးတစ် ...ကောင်၏ဦးခေါင်းကို အမှတ်တမဲ့ နင်း ...သွား၏။

အနင်းခံရသော ငုံးက. . .

"ဘယ်သူက ငါ့ခေါင်းကိုနင်းတာ ...လဲ"

"အမှတ်တမဲ့မို့ နင်းမိသွားတာပါ၊ ...မဆိုးပါနဲ့"

နင်းမိသော ငုံးငှက်က တောင်း ...သော်လည်း အနင်းခံရသော ငုံးငှက် ...က ခွင့်မလွှတ်ပေ။

ဒီလိုနဲ့ တစ်ကောင့် တစ်ကောင် ...ရန် ဖြစ်ကြလေ၏။

ဒီအကြောင်းကို ခေါင်းဆောင် ...ကြီး သိသောအခါ . . .

"ခိုက်ရန်ဖြစ်ရင် စည်းလုံးမှုပြိုကွဲနိုင်တယ်၊ ဒီတော့ မစည်းလုံး မညီညွတ်တဲ့နေရာမှာ နေရင် ဒုက္ခရောက်လိမ့်မယ်"ဟုပြောကာ အခြားသော အရပ်တစ်ခုကို ပြောင်းရွှေ့ဖို့ ပြောသည့်အခါ တချို့ငုံးတွေက လိုက်သွားပေမယ့် တချို့ငုံးငှက်တွေက လိုက်မသွားပါဘူး။

တစ်ရက်ကျတော့ မုဆိုးဟာ ရောက်လာပြီး ပိုက်ကွန်ဖြင့် ငုံးငှက်အပေါင်းအား ဖမ်းအုပ်လိုက်၏။

ဖမ်းအုပ်ခြင်း ခံရလေသောအခါ အခြားသော ငုံးငှက်တွေက ပိုက်ကွန်ကို ချီဖို့ ကြိုးစားပေမယ့် သူတို့နှစ်ကောင်ရဲ့ အဖွဲ့တွေက သူချီ၊ ငါချီနှင့် ပြောဆိုရင်း မုဆိုးရဲ့ဖမ်းဆီးခြင်းကို ခံသွားရပါတော့သည်။ ဒါမညီညွတ်ခြင်း အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတာပဲဖြစ်ပါသည်။ ညီညွတ်ခြင်းမရှိပါက မည်သည့်အရာမှလည်း ရှိမလာနိုင်ပေ။

လူဟာ အပေါင်းအသင်း ပတ်ဝန်းကျင်ဖြင့်နေသည့်အတွက် ညီညွတ်မှုရှိစေဖို့ တစ်ဦးကိုတစ်ဦး သည်းခံရမည်၊ အနစ်နာခံရမည်၊ မိမိကိုယ်ကျိုးတစ်ခုကို သာမကြည့်ရအကောင်းမြင်တတ်ရမည်။ (ယောနိသော မနသိကာရ)ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများနှင့် အဆင်ပြေစွာ နေတတ်ရပါမည်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာ ဒီမိုကရေစီစနစ်ဖြင့် မနေဖူးသောကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ အားလုံးညီညွတ်မှုရှိစွာဖြင့် သွားရပါမည်။

ဘာကြောင့်လဲ ဆိုတော့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်သည့်အခါ မူလရှိနေသော အနေအထား(အုပ်ချုပ်သူအဖွဲ့အစည်း၏ဥပဒေနှင့်ရပ်တည်မှု၊ အုပ်ချုပ်ခံလူတန်းစား၏ဥပဒေကြားမှာ လိုက်လျောညီထွေနေမှုစသော)နှင့် ဒီမိုကရေစီ နိုင်ငံတစ်ခု၏ ရှိသင့်သော အနေအထား၊ မိမိတို့ သတ်မှတ်ထားသော စံနှုန်းဒီမိုကရေစီကြားမှာ ကွာဟချက်တွေ ရှိလာနိုင်ပါသည်။

ကွာဟချက်တွေ သိပ်ကြီးမားပါက လက်တွေ့လျှောက်လှမ်းတဲ့အခါ အခက်အခဲတွေ ကြီးမားနိုင်ပါသည်။

ကွာဟချက်တွေဘယ်လောက်ပင်ရှိနေပါစေ၊ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သောပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုအလုပ်အကျွေးပြုသောစနစ်ကိုပုံဖော်ရပါမည်။

ထိုသို့ ပုံဖော်ရာ၌ . . .

၁။ နိုင်ငံရေးအရဝါဒ၊

၂။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ၊

၃။ တရားဥပဒေစိုးမိုးရေး၊

၄။ လူမှုအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊

၅။ လွတ်လပ်၍ အစွဲကင်းသော မီဒီယာ၊

၆။ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြည်သူအများ ပါဝင်ဆောင်ရွက်မှု၊

၇။ ဒီမိုကရေစီ မူဘောင်အတွင်းမှ စစ်ဘက်နှင့် အရပ်ဘက်ဆက်ဆံရေး၊

၈။ စီးပွားရေးပြုပြင်ပြောင်းလဲမှု

ဆိုသော အချက်အလက်တွေက'ကွာဟချက်'တွေဖြစ်ပါက ထိုအရာတွေစနစ်တကျဖြည့်ဆည်း ပေးရပါမည်။ ထိုသို့ ဖြည့်ဆည်းတဲ့အခါမှာ 'အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံ' လူသားတွေဟာ 'သင်ကြားလိုက်နာခြင်း၊ ရရှိခြင်း' နည်းဖြင့် မြန်မာနိုင်ငံရေးကို ပြုလုပ်ရပါမည်။

ထိုနည်းကို စာပေ၌'ပရိယတ္တိ၊ ပဋိပတ္တိ၊ပဋိဝေဓ'ဟူသောထေရဝါဒသာသနာ၌ နည်းစနစ် ဖြစ်၏။

ပရိယတ္တိ = သင်ကြားသင်ယူခြင်း၊

ပဋိပတ္တိ = ကျင့်သုံးလိုက်နာခြင်း၊

ပဋိဝေဓ = ရရှိခံစားခြင်း၊

ပရိယတ္တိ = ပဋိပတ္တိ = ပဋိဝေဓ

သင်မှသိ = သိမှကျင့် - ကျင့်မှရ။

ဘာကြောင့် ဒီလိုပြောရသလဲ ဆိုပါက မြန်မာလူမျိုးအများစုဟာ နိုင်ငံရေးဆိုပါက စိတ်ပါဝင်စားမှုအားနည်းကြပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

ရေးကို ကြောက်လန့်မှုဖြင့် တွဲစပ်မြင်ကြပါသည်။

ဒါကြောင့် 'သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ'ဆိုသော နည်းဖြင့်သွားခြင်းဟာ အုပ်ချုပ်သူရော၊ အုပ်ချုပ်ခံသူရော၊ အုပ်ချုပ်ခံ လူတန်းစား နှစ်ရပ်စလုံးအတွက် အကောင်းဆုံး ဖြစ်လာပါလိမ့်မယ်။

သည်အတွက် နိုင်ငံရေး ကျွမ်းကျင်သူတွေ၊ လက်ရှိအာဏာဖြင့်တည်ရှိနေသူတွေ၊ သတင်းမီဒီယာသမားတွေဟာ 'သာသနာနည်း'ဖြင့် သွားတဲ့အခါ 'စီးနေတဲ့ရေ အမြဲသန့်ရှင်းသည်' (The Water is Pure Thaf Flows) ဟူသော စကားအတိုင်း ညီညွတ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရပါမည်။

ထိုကဲ့သို့မဟုတ်ပါက လူတစ်ဦးတစ်ဖွဲ့၏ လက်အောက်မှာ နိုင်ငံတော်ကျရောက်နေပါမည်။ အပြန်အလှန် ခွဲခြားစစ်ဆေးမှု မရှိ၊ သတိပေးမှု မရှိ၊ မျက်စိပိတ်၊ နားပိတ် ဘဝတွေဖြင့် လှေကြီးထိုး၊ ရိုးရိုးလှော်ဘဝတွေကို ပြန်သွားနေရပါမည်။

ထိုကာလတွေကို ပြန်ကြည့်ပါက . . .

၁။ နိုင်ငံရေး ဦးစီးဦးဆောင်နိုင်သည့် အရည်ချင်း အရည်အသွေး ရှိသူ လူတော်လူကောင်းများရှားပါးမှု၊

၂ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စုဖွဲ့မှု၊ အဆောက်အအုံများအတွင်း အားနည်းယိုယွင်းမှု၊

၃။ ပြည်သူလူထု၏ နိုင်ငံရေး အသိအမြင်၊ လူနေမှု အဆင့်အတန်း၊ ပညာတတ်မြောက်မှု၊ စားဝတ်နေရေး ဖူလုံမှု စသည့် ဘဝအဆင့်အတန်း နိမ့်ကျမှု၊

၄။ နိုင်ငံရေးပါတီ၊ အစုအဖွဲ့၊အင်အားစုများအကြား စည်းလုံး ညီညွတ်မှု အားနည်းယိုယွင်းပြီး အချင်းချင်း အာဏာလုအားပြိုင်တိုင်ခိုက်နေမှု၊

၅။ ပြည်တွင်းလုံခြုံရေး မတည်ငြိမ်မှု၊

၆။ ပြည်ပမှ နှိပ်စက်ခြိမ်းခြောက်မှု၊

၇။ တရားဥပဒေ မစိုးမိုးနိုင်မှုဟူသော ယေဘုယျ ပြဿနာတွေဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ လက်ရှိ မြန်မာနိုင်ငံရေးဟာ ပြုပြင်ပြောင်းလဲမှုတွေဖြင့် သွားနေသော်လည်း မြန်မာနိုင်ငံသားတို့၏ အရိုးစွဲနေသော 'စိတ်မချခြင်း' ဟူသောအကြောင်းတရားတွေကိုလည်း အစွဲကင်းအောင် ပြုလုပ်ရမှာဖြစ်သလို ဆင်းရဲမွဲတေမှု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ပြည်ထောင်စု တည်ထောင်ခြင်း၊ သတင်းစီးဆင်းမှု အားနည်းခြင်း၊ ပညာမတတ်ခြင်း၊ ကျန်းမာရေး လိုအပ်ခြင်း စသောပြဿနာရပ်တွေကိုလည်း တဖြည်းဖြည်းကုစားရဦးမှာ ဖြစ်ပါသည်။

ပြဿနာဟု ဆိုရာ၌ ပန်းတိုင်ကြီးမားပါက ပြဿနာနှင့် အခက်အခဲဟာလည်း ကြီးမားလေ့ရှိပါသည်။

ပြဿနာများကို ဖြေရှင်းဖို့ မိမိလိုရာဘဝတွေကို ရောက်ရှိစေဖို့ ဆိုပါက ဗုဒ္ဓဒေသနာတော် 'စက်လေးပါး' လိုအပ်ပါသည်။

အဲဒီစက်လေးပါးကတော့ . . .

၁။ အကြောင်းအကျိုး အကောင်းအဆိုးကိုခွဲခြားသိသော ပညာရှင်များကို ဆရာတင်ခြင်း၊

**(ပဏ္ဍိတာနုဥ္ပသေဝနစက်)**

၂။ သင့်လျော်တဲ့ နေရာမှာ သင့်လျော်သောလုပ်ငန်း၊ သင့်တင့်သောအရပ်မှာ သင့်တင့်သောလူ၊ 'လူမှန်နေရာမှန်'ရွေးချယ် တာဝန်ပေးကာ ပြုလုပ်ခြင်း၊

**(ပတိရူပဒေသဝါသစက်)**

၃။ ကောင်းသောအရာတွေကို မဖြစ်မနေ ထွဲ လုံ့လ ကြိုးစွာဖြင့် လုပ်ဆောင်ခြင်း၊

**(အတ္တ သမ္မာပဏိဓိစက်)**

၄။ ဤ အကြောင်းသုံးပါးကြောင့် လုပ်ငန်း တိုးတက်ထူးချွန်အောင် မြင်လာအောင် ဆောင်ရွက်ပေးသော ယခင်ကလုပ်ဆောင်မှု၊

**(ပုဗ္ဗေစကတပုညတာစက်)**

ဤ အကြောင်းတရားလေးပါး (သမ္ဗတ္တိ)ဖြင့် ကိုက်ညီအောင် ပြုလုပ် မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုတွေဟာ လည်း ရရှိလာမှာဖြစ်ပါသည်။ ပြဿ တွေလည်း ပြေလည်သွားပါလိမ့်မည်

သည်လေးပါးဖြင့် ဒီမိုက နိုင်ငံကို ထူထောင်ရမည်ဟု ဆို နံပါတ်(၄)အကြောင်းတရားဟာအတိ ကာလကိုအခြေခံသည့်အတွက် ပစ္စု ဘဝ၌ ပြုလုပ်ဆောင်ရွက်၍ မရ

တစ်ခုရှိတာက ပစ္စုပ္ပန်ဆော ရွက်ချက်မှန်သမျှဟာ အတိတ်ကာ ဖြစ်သည့်အတွက် ပစ္စုပ္ပန်ကောင်း အောင် ဆောင်ရွက်ခြင်းဟာပင်အတိ ကာလနှင့်အနာဂတ်ကာလကိုအကော ဆုံးအထောက်အပံ့ ဖြစ်စေတာကို လုံးဝ မမေ့သင့်ပေ။

နောင်တ ကင်းဝေးရာအ တာ တကယ်တမ်းအားဖြင့်တော့ ပ ဘဝကောင်းမွန်အောင်လုပ်ခြင်းပင် ပါသည်။

ပညာရှိဟာ သူတစ်ပါးရဲ့အ ကနေတစ်ဆင့် မိမိအမှားမဖြစ်အေ သင်ခန်းစာယူသည်၊ပညာနည်းတဲ့ တော့ မိမိကိုယ်တိုင်မှားမှ သင်ခန်း သည်။ လုံးဝ ပညာမရှိတဲ့သူတ ကိုယ်တိုင်မှားမှာတောင် လုံးဝ မ သလို သင်ခန်းစာလည်း မယူပါ

ပစ္စုပ္ပန်ဘဝကို အကောင် ဖြစ်အောင် ဘာကြောင့် တည်ထေ သလဲ ဆိုပါက မြန်မာဒီမိုကရေစီ ကူးပြောင်းမှုဟာ အသစ်စက်စက် သလို ပစ္စုပ္ပန်ထက် အရေးကြီး အရာလည်း မရှိလို့ပါပဲ။

❐ သ

<u>ကျမ်းကိုး</u>

၁။ ဒီမိုကရေစီအကြောင်း သိ စရာများ - ကိုကိုလှိုင်

၂။ သမ္မောဒမာနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# မိုနာလီဇာ၏ နောက်ဆုံးပဟေဠိ

## လှမ်းထက်



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ထုတ်ဝေသော ဒေးလီမေးလ် သတင်းစာကြီးတွင် စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော အောက်ပါ သတင်းတစ်ပုဒ်ကို ဖတ်ရှုကြရသော သတင်းစာဖတ် ပရိသတ်ကြီးမှာ တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ဒေးလီမေးလ် သတင်းစာကြီးမှာ အင်္ဂလန်နိုင်ငံတွင် ထုတ်ဝေသော သတင်းစာများတွင် ဝါရင့်သတင်းစာကြီး တစ်စောင်ဖြစ်ပြီး အတော်အသင့် ဩဇာတိက္ကမ ကြီးမားသော သတင်းစာကြီးတစ်စောင်ဖြစ်သည်။ စောင်ရေအများဆုံး ထုတ်ဝေရသော သတင်းစာကြီးတစ်စောင်တွင်လည်း ပါဝင်သဖြင့် စာဖတ်ပရိသတ် လေးစားရသော သတင်းစာကြီးလည်း ဖြစ်၏။ ထိုသတင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"နာမည်ကျော် မိုနာလီဇာ ပန်းချီကားအတွက် ဟန်ပြပေးခဲ့သူ မိုနာလီဇာ၏ အရိုးစုကို ရှာဖွေတွေ့ရှိရခြင်း"

လန်ဒန် ဇူလိုင် ၁၉

အီတလီနိုင်ငံ ဖလောရင့်စ်မြို့ ခရစ်ယာန်သီလရှင်ကျောင်းတစ်ကျောင်း၏ ကြမ်းပြင်အောက်ဘက်မှ လူအရိုးစုတစ်စုကို ခရစ်ယာန်သီလရှင်ကျောင်း ပြင်ဆင်သူ အင်ဂျင်နီယာနှင့် အလုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ရသည်ဟု သတင်းရရှိခဲ့သည်။

ထိုလူအရိုးစု တစ်စုမှာ အီတလီနွယ်ဖွား ကမ္ဘာကျော်ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ ရေးဆွဲခဲ့သော မိုနာလီဇာ ခေါ် အပြုံးပိုင်ရှင် ပန်းချီကားအတွက် ဟန်ပြခဲ့သူ ကိုယ်ဟန်ပြမယ်တစ်ဦး၏ အရိုးစုဖြစ်သည်ဟု ရှေးဟောင်းယဉ်ကျေးမှုသုတေသီတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သတင်းရရှိကြောင်း၊ ယင်းခရစ်ယာန် သီလရှင်ကျောင်းမှာ ခရစ်နှစ် ၅၀၀ မှ ခရစ်နှစ် ၁၅၀၀ နှစ် အပိုင်းအခြားအတွင်း တည်ဆောက်ခဲ့သော ခရစ်ယာန်သီလရှင်ကျောင်း ဖြစ်သည်ဟူ၍လည်း အီတလီနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အတည်ပြုပြောကြားခဲ့သည်ဟုလည်း သိရ၏။

ထိုသီလရှင်ကျောင်းဖြစ်သော စိန့်အာဆူလာဖလောရင့်စ်ကျောင်း တည်နေရာသည် လီဆာဂါရာဒီနီဆိုသူ ကိုယ်ဟန်ပြမယ်၏ ရုပ်အလောင်းကို မြေမြှုပ်သဂြိုဟ်သော နေရာဖြစ်ကြောင်း၊ ဂါရာဒီနီသည် အီတလီနိုင်ငံ ဖလောရင့်မြို့မှ ပိုးကုန်သည်ကြီး ဖရန်ဆက်စကိုစ်ဒိုကွန်ဒီ၏ ဇနီးဖြစ်ကြောင်းကို အီတလီနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီသည် အထက်ဖော်ပြပါ သမိုင်းအဆက်ဆက် အနုပညာရှင်များနှင့် သမိုင်းသုတေသီများ အငြင်းပွားပြီး ပွားဆဲ ဖြစ်ခဲ့သော မိုနာလီဇာ အမည်ရှိ ပန်းချီကားကို ရေးဆွဲခဲ့ရာတွင် အထက်ဖော်ပြပါ ဂါရာဒီနီက ကိုယ်ဟန်ပြမယ်အဖြစ် သရုပ်ဆောင်ခဲ့ကြောင်း၊ အီတလီနိုင်ငံတွင် မိုနာလီဇာကို လာဂိုကွန်ဒိုအဖြစ် လူအများက သိရှိကြကြောင်းကို သုတေသီများက အတည်ပြုပြောကြားခဲ့သည်ဟု သိရ၏။

သတင်းမှတ်တမ်းများအရ အီတလီနိုင်ငံမှ ရှေးဟောင်းသုတေသန အဖွဲ့တစ်ဖွဲ့သည် ဖလောရင့်စ်မြို့ရှိ အထက်ဖော်ပြပါ ခရစ်ယာန်သီလရှင်ကျောင်းတွင် လွန်ခဲ့သောနှစ်ကစတင်၍ တူးဖော်မှုများ ပြုလုပ်ခဲ့သည်ဟု သတင်းရရှိသည်။

နာမည်ကျော် မိုနာလီဇာ ပန်းချီကားတွင် သရုပ်ဖော်ရေးဆွဲထားသော အပြုံးရှင်အမျိုးသမီးသည် လီဆာဂါရာဒီနီဖြစ်ကြောင်း သမိုင်းသုတေသီအများက ယူဆခဲ့ကြသည်။

လီဆာဂါရာဒီနီသည် ခင်ပွန်းသည် ပိုးကုန်သည်ကြီး ကွယ်လွန်ခဲ့ပြီးနောက် ခရစ်ယာန်သီလရှင် တစ်ဦးအဖြစ် ကွယ်လွန်သည်အထိ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်သွားခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရကြောင်း၊ ဂါရာဒီနီသည်

www.burmeseclassic.com

ထိုသီလရှင်ကျောင်းတော်မှာပင် ခရစ်နှစ် ၁၅၄၂ ခု ဇူလိုင်လ ၁၅ ရက်နေ့က ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုခရစ်ယာန် သီလရှင်ကျောင်း၏ မှတ်တမ်းအရ သူကွယ်လွန်ချိန်တွင် အသက် (၆၃)နှစ်သာ ရှိသေးသည်ဟု သတင်းရရှိခဲ့သည်။

အထက်ဖော်ပြပါ သတင်းကိုပင် အင်္ဂလန်နိုင်ငံ ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်နှင့် စီအင်အင်ရုပ်သံလွှင့် အစီအစဉ်များမှ ထုတ်လွှင့်သွားခဲ့ရာ သမိုင်းအဆက်ဆက် အနုပညာရှင်များ သမိုင်းသုတေသန ပညာရှင်များအတွင်း အငြင်းပွားပြီး ပွားဆဲဖြစ်ခဲ့ရသော ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ၏ မိုနာလီဇာ ပန်းချီကားနှင့် ပတ်သက်သော ပဟေဠိမှာ အသစ်တစ်ဖန် ပြန်လည်ပေါ်လာခဲ့ရသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့မှ ထုတ်ဝေသော လာမွန်ဒေ သတင်းစာကြီးကမူ အထက်ဖော်ပြပါ သတင်းများ ထွက်ပေါ်လာပြီးသည့်နောက် ပါရီမြို့ရှိ လုဗ်ဗွားပြတိုက်ကြီး ပန်းချီပြခန်းတွင် ပြသထားသော မိုနာလီဇာ ပန်းချီကားကြီးအား လာရောက်ကြည့်ရှုသူ ပရိသတ်သည် မကြုံစဖူး များပြားလာခဲ့ပြီး ထိုပန်းချီကားကို ပုံတူရေးဆွဲသည့် တက်သစ်စပန်းချီဆရာများမှာလည်း ခါတိုင်းထက် များလာသည်ဟု ရေးသားဖော်ပြခဲ့သည်။

မှန်ပါသည်။ ပါရီမြို့ အမျိုးသားပြတိုက်တွင် နှစ်ပေါင်းများစွာ ပြသထားသော မိုနာလီဇာပန်းချီကားကြီးမှာ ပြန်လည်ဆန်းသစ်လာသည်ဟု ဆိုရမည်ဖြစ်တော့၏။

လုဗ်ဗွားပြတိုက် အာဏာပိုင်အဖွဲ့သည် သူတို့ပြတိုက်ကြီးတွင် ပြသထားသော အခြားပန်းချီကျော်များ၏ ပန်းချီကားများထက် ယင်းမိုနာလီဇာပန်းချီကားကို အထူးဂုဏ်ယူ ပြသထားခဲ့သည်သာမက လုံခြုံရေးကို အထူးတင်းကျပ်ထားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် ပထမကမ္ဘာစစ်ကြီး မဖြစ်ပွားမီ သုံးနှစ်ခန့်ဖြစ်သော ၁၉၁၁ ခုနှစ် ဩဂုတ်လအတွင်းက ယင်း အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သော မိုနာလီဇာ ပန်းချီကားကြီး ပျောက်ဆုံးသွားခဲ့ရဖူးသည်။ ထိုပန်းချီကားကို ခိုးယူသွားခဲ့သူမှာ အီတလီအမျိုးသား ဗင်ဆင်ပီရုပ်ဂိုရာ ဆိုသူဖြစ်သည်။

၁၉၁၁ ခုနှစ် ဩဂုတ်လအတွင်း လုဗ်ဗွားပြတိုက်ကြီးမှ ပြတိုက်တာဝန်ခံများသည် ပန်းချီကားများ ထားရှိသည့်ပြခန်းအား ခေတ္တပိတ်ထားခဲ့ပြီး ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်ခဲ့သည်။ ဤသို့ ပြင်ဆင်မှု ပြုလုပ်ရာတွင် ပြတိုက်ကြီးမှ တာဝန်ရှိသူများ၊ လုံခြုံရေးဝန်ထမ်းများပါ အနီးကပ်ကြီးကြပ်၍ အလုပ်သမားများနှင့် သန့်ရှင်းခြင်း၊ မွမ်းမံခြင်းများ ပြုလုပ်ခဲ့ကြသည်။ သို့သော် ဤသို့ ပြင်ဆင်မှုလုပ်ငန်း ပြီးဆုံး၍ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြတိုက်ကြီးအား ပြန်လည်ဖွင့်လှစ်သောနေ့တွင်မူ မိုနာလီဇာ ပန်းချီကားကြီးမှာ အံ့ဩဖွယ် သူ့ရဲ ပျောက်ဆုံးသွားခဲ့ရသည်။

ပြတိုက်မှူးကြီးသည် ထိုစဉ်က ကမ္ဘာ့မှုခင်းလောကတွင် ပြင်သစ်နိုင်ငံ၏ စကော့တလန်ယာဒ်ဟု နာမည်ကျော်နေသော ပါရီမြို့ရှိ အမျိုးသား ဆူရီတေ စုံထောက်အဖွဲ့အား အကြောင်းကြားခဲ့ရာ ကမ္ဘာ့မှုခင်းသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော အမျိုးသား ဆူရီတေ စုံထောက်အဖွဲ့မှ စုံထောက်ကျော်များသည် လုဗ်ဗွားပြတိုက်သို့ အပြေးအလွှား ရောက်ရှိလာခဲ့ကြ၏။ ပြတိုက်မှ တာဝန်ရှိသူများကို စစ်ဆေးကြသည်။ ပြည်တွင်းမှ မီးရထား၊ သင်္ဘော၊ လေဆိပ်များအားလုံးအား အစောင့်အကြပ်များ ချထားပြီး သင်္ကာမကင်းဖွယ် တွေ့ရှိသူများကို စုံစမ်းစစ်ဆေးခြင်း ပြုခဲ့ကြ၏။

ပါရီ ဒုစရိုက်လောကမှ လက်စလက်န ရှိသူများရဲ့သတင်းပေးများအား ခေါ်ယူစစ်ဆေးခဲ့ကြသည်သာမက ပြင်သစ်နိုင်ငံ ပြတိုက်များ၊ ပန်းချီအရောင်းပြခန်းများ၊ ကိုယ်ပိုင်ပြတိုက်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ပန်းချီကား အရောင်းအဝယ်ပြုသူများကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုခဲ့ကြ၏။

နာမည်ကျော် သတင်းစာကြီးများဖြစ်သော လာမွန်ဒေ၊ လာပင်တင်နှင့် လာဖီဂါရို သတင်းစာကြီးများကမူ မိမိတို့ အစီအစဉ်ဖြင့် အလွတ်စုံထောက်များ ငှားရမ်း၍ မိုနာလီဇာ ပန်းချီကား ပျောက်ဆုံးမှုကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ သတင်းမဂ္ဂဇင်းများနှင့် အသံလွှင့် အစီအစဉ်များမှလည်း မိုနာလီဇာ ပန်းချီကားကြီး ပျောက်ဆုံးရမှုသည် အမျိုးသား အမွေအနှစ် တစ်ခု ဆုံးရှုံးရခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောဆို ရေးသားခဲ့ကြသဖြင့် ပွဲဆူလာခဲ့သည်။

ပါရီမြို့မှ ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီး တစ်စောင်ဖြစ်သော လာဖီဂါရို သတင်းစာကြီးကမူ မကြာမီ ပါရီမြို့တော်၏ သမိုင်းဝင် အဆောက်အအုံတစ်ခုဖြစ်သော နော်တာဒိန် ဘုရားရှိခိုးကျောင်းကြီးကိုပင် ဒုစရိုက်သမားများက ခိုးယူကြတော့မည်ဟု သရော်ခဲ့သည်။

ပြင်သစ်နိုင်ငံ သမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော အမျိုးသား ဆူရီတေ စုံထောက်အဖွဲ့နှင့် ပါရီရဲအဖွဲ့ အတို့ အရှက်ရစေတော့သည်။ ပါရီရဲအဖွဲ့ကလည်း မိုနာလီဇာပန်းချီကား ပျောက်ဆုံးမှုနှင့် ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်ထိုက်တန်တန် ဆုငွေချီးမြှင့်မည်ဟု ကြေညာချက်ထုတ်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင် သမိုင်းအဆက်ဆက် ထူးခြားသည့် အိမ်သုံးစကားပုံတစ်ခု ရှိခဲ့ဖူးသည်။ လူတစ်ဦးတစ်ယောက်သည် တစ်စုံတစ်ခုကို ပြုလုပ်ရာ၌ မဖြစ်နိုင်ဟုယူဆလျှင် "မိုနာလီဇာပန်းချီကားကြီးကို ခိုးယူသလို ဖြစ်မှာပေါ့"ဟု ဆိုသော စကားပုံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အစ်ပွဲသယ်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများသည် လုဗ်ဗွားပြတိုက်ကြီးတွင် မိုနာလီဇာ ပန်းချီကားအား ဒုစရိုက်သမားများ ခိုးယူခြင်း မပြုလုပ်နိုင်စေရန် လုံခြုံရေးကို စနစ်တကျ တင်းကျပ်ထားသောကြောင့် ဖြစ်သည်။ သို့သော် ယခုအခါ မိုနာလီဇာ ပန်းချီကားမှာ အစောင့်အကြပ် တင်းကျပ်ထားခဲ့သည့် လုံခြုံသောအခန်းတွင်းမှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရပြီဖြစ်၏။

ပါရီ အမျိုးသား ဆူရီတေ စုံထောက်အဖွဲ့ကြီးသည် အမေရိကန်ပြည်ထောင်စုမှ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးသို့လည်းကောင်း၊ အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီးသို့လည်းကောင်း မိုနာလီဇာ ပန်းချီကားကြီး ပျောက်ဆုံးရမှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန် နိုင်ငံတို့မှ လက်စလက်နရှိသော ဒုစရိုက်သမားများအား စောင့်ကြည့်ရန် မေတ္တာရပ်ခံခဲ့သည်။

နယ်နိမိတ်ချင်း ဆက်နေသော ဂျာမနီနိုင်ငံ အစိုးရအားလည်း မိုနာလီဇာပန်းချီကား ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းထောက်လှမ်းပေးရန် အကူအညီတောင်းခံခဲ့သည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့၏။

ပြင်သစ်အစိုးရအဖွဲ့ကလည်း မိုနာလီဇာ ပန်းချီကား ပျောက်ဆုံးမှုကို စုံစမ်းစစ်ဆေးရန် တရားရေးဌာနမှ နာမည်ကျော် ဂျူရီလူကြီး ဟင်နရီဒူရော ခေါင်းဆောင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ရဲနှင့်စုံထောက်တို့ကလည်း ပြင်သစ်နိုင်ငံ နယ်နိမိတ်နှင့် ဆက်စပ်လျက်ရှိသော နယ်နိမိတ်များ အားလုံးအား ပိတ်ဆို့ ပိုက်စိပ်တိုက် ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း အကြောင်းမထူးခဲ့ပေ။

နိုင်ငံအချို့မှစောင့်ကြည့်အကဲခတ်သူများသည် ဂျာမနီနိုင်ငံမှ ကိုင်ဇာဘုရင် အစိုးရသည် ပြင်သစ်အစိုးရအား နိုင်ငံရေးအကျပ်အတည်း ဖြစ်စေရန် မိုနာလီဇာပန်းချီကားကို ခိုးယူစေခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြ၏။

၁၉၁၃ ခုနှစ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ သို့သော် မိုနာလီဇာ ပန်းချီကားကြီး၏ သတင်းအစအနကို ရှေရှိခဲ့။ အမေရိကန်ပြည်ထောင်စု အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့မှ စုံထောက်များသည် အမေရိကန်ပြည်ထောင်စုမှ ပန်းချီကားစုဆောင်းရာတွင် ဝါသနာကြီးကြသော သန်းကြွယ်သူဌေးကြီးများ၏ ကိုယ်ပိုင်ပန်းချီပြခန်းများကို ဝင်ရောက်ရှာဖွေရာ မိုနာလီဇာ ပန်းချီကားအတု ပန်းချီကားခြောက်ကားအား တွေ့ရသဖြင့် မိုနာလီဇာပန်းချီကားအား အချောင်ရလိုသော ဝိသမလောဘဖြင့် လူမသိ သူမသိ တိတ်တဆိတ် ဝယ်ယူခဲ့ကြသူများသည် ဒေါ်လာသိန်းချီ၍ ဆုံးရှုံးနစ်နာရသည်ဟု ဆိုခဲ့ကြသည်။

ပြင်သစ်အစိုးရမှ တာဝန်ရှိသူများနှင့် အမျိုးသား ဆူရီတေ စုံထောက်အဖွဲ့မှ တာဝန်ရှိသူများသည် ဒေါ်လာ သန်းကျော်တန်ဖိုးထိုက်တန်သည့် ပန်းချီကားကြီးဖြစ်သော အပြုံးရှင် မိုနာလီဇာကို တွေ့ရတော့မည်မဟုတ်ဟု လက်လျှော့ခဲ့ကြ၏။

ဤကဲ့သို့ အပြုံးရှင်ပန်းချီကားကြီး ပျောက်ဆုံးပြီး ၂၈ လ ကြာမြင့်သောအခါ အီတလီနိုင်ငံ ဖလောရင့်မြို့တွင် နေထိုင်သူ ပန်းချီကားအရောင်းဆိုင် ဖွင့်ထားသော အယ်လ်ဖရိုဒီကယ်ရီထံ စာတိုက်မှ စာတစ်စောင်ရရှိခဲ့သည်။

ထိုစာကို ရေးသူမှာ သူနှင့် တစ်ကြိမ်တစ်ခါမှ သိကျွမ်းဖူးသူတစ်ယောက် မဟုတ်ပေ။

ထိုသူက သူ့ထံတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ လုဗ်ဗွားပြတိုက်မှ ပျောက်ဆုံးနေသော အပြုံးရှင် မိုနာလီဇာပန်းချီကား ရှိနေကြောင်း၊ အီတလီပြည်သား ပန်းချီကျော်တစ်ဦး ရေးထားသော ပန်းချီကားကို အီတလီအမျိုးသားတစ်ဦးက ပိုင်ဆိုင်သင့်သည်ဟု ယူဆသဖြင့် လျှို့ဝှက်စွာ ထိန်းသိမ်းထားသော မိုနာလီဇာပန်းချီကားကို မလျော်သောဈေးဖြင့် ရောင်းချလိုကြောင်း စကားကမ်းလှမ်းခဲ့သည်။

ဤတွင် ပန်းချီကားရောင်းဝယ်သူ အယ်လ်ဖရိုဒီကယ်ရီသည် ချက်ချင်း အီတလီ ရဲအဖွဲ့မှ တာဝန်ရှိသူများနှင့် အစီအစဉ်ပြုလုပ်၍ ရုပ်ဖျက်ကာ ပန်းချီကားရောင်းသူကို စောင့်ခဲ့ကြသည်။

နောက်ဆုံးတွင် ပန်းချီကားရောင်းဝယ်သူ ကယ်ရီ၏ အကူအညီနှင့် အီတလီအမျိုးသား ဗင်ဆင်ဆိုပီရယ်ဆိုသူအား အပြုံးရှင် မိုနာလီဇာ ပန်းချီကားကြီးနှင့်အတူ လက်ပူးလက်ကြပ် မိခဲ့သည်။ ဗင်ဆင်ဆိုပီရယ်ကလည်း ပါရီမြို့ လုဗ်ဗွားပြတိုက်မှ မည်သို့မည်ပုံ ခိုးယူခဲ့ပုံကို အီတလီရဲတို့ထံ ဖြောင့်ချက်ပေးခဲ့၏။

အီတလီအစိုးရသည် အပြုံးရှင် မိုနာလီဇာ ပန်းချီကားကို ၁၉၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြင်သစ်အစိုးရအား လွှဲပြောင်းပေးခဲ့သည်။ ကမ္ဘာကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချားစေခဲ့သော ၂၈ လကြာ ပျောက်ဆုံးခဲ့ရသည့် အပြုံးရှင် ခေါ် မိုနာလီဇာ ပန်းချီကားကြီးကို အီတလီအမျိုးသား ပန်းချီကျော် လီယိုနာဒိုဒါဗင်ချီသည် ခရစ်နှစ် ၁၅၀၃ ခုမှ ၁၅၀၇ ခုနှစ်အထိ လေးနှစ်တိတိ အချိန်ကြာမြင့်အောင် ရေးဆွဲခဲ့ရသည်ဟု မှတ်တမ်းများအရ သိရ၍ အပြုံးရှင်မိုနာလီဇာမှာ အီတလီနိုင်ငံ ဖလောရင့်မြို့အနီးရှိ ဗင်ဒီမြို့ကလေးတွင် ခရစ်နှစ် ၁၄၅၂ ခုနှစ်တွင် ဖွားမြင်ခဲ့သည်ဟု ဆိုသည်။ သူသည် ဖလောရင့်မြို့မှ ပိုးကုန်သည်ကြီးတစ်ဦး၏ တတိယမြောက် ဇနီးဖြစ်သည်ဟု သိရ၏။ ပိုးကုန်သည်ကြီးမှာ သူမထက် အသက်ကြောက်ဝက်မျှ ကြီးသူ ဖြစ်၏။

မိုနာလီဇာသည် သားကလေး ရုတ်တရက် ကွယ်လွန်ခဲ့ရာမှ ဝမ်းနည်းပူဆွေးနေစဉ် အဖြာဖြာ ကြုံတွေ့လာရသည်။ ခင်ပွန်းသည် ပိုးကုန်သည်ကြီးကလည်း လူရှင်တော်များ

www.burmeseclassic.com

ငှားရမ်း၍ မိုနာလီဇာကို ပျော်ရွှင်လာအောင်၊ ပြုံးလာအောင် ပြုလုပ်စေခဲ့သော်လည်း မအောင်မြင်ခဲ့။ မိုနာလီဇာသည် ပြုံးခြင်း မပြုခဲ့ဟု ဆိုသည်။

၁၅၀၅ ခုနှစ်တွင် ပန်းချီကျော် လီယိုနာဒိုဒါဗင်ချီအား မိုနာလီဇာ၏ ခင်ပွန်းဖြစ်သူ ပိုးကုန်သည်ကြီးသည် ခေါ်ယူ၍ သူ့ဇနီးပုံတူကို ရေးဆွဲစေခဲ့၏။ လီယိုနာဒါဒိုဗင်ချီနှင့် ပိုးကုန်သည်ကြီးတို့ ဆက်ဆံရေး မပြေပြစ်သဖြင့် ဒါဗင်ချီသည် ဆွဲလက်စ မိုနာလီဇာ၏ ပုံတူကို ဆက်လက်ရေးဆွဲခြင်းမပြုတော့ဘဲ ပြင်သစ်နိုင်ငံသို့ ထွက်သွားခဲ့ပြီး ထိုပန်းချီကားကို အပြီးသတ် ရေးဆွဲခဲ့ရာ ပြင်သစ်နိုင်ငံ ပထမမြောက် ဖရန်စစ်ဘုရင်က ထိုစဉ်က ဒေါ်လာငွေ ၅၀၀၀၀ ပေး၍ ဝယ်ယူခဲ့သည်ဟု သိရ၏။

မှတ်တမ်းများအရ ပန်းချီကျော် လီယိုနာဒိုဒါဗင်ချီသည် အပြုံးရှင် မိုနာလီဇာပန်းချီကားကို နှစ်ကား ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။တစ်ကားအား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြင်သစ်ဘုရင် ပထမမြောက် ဖရန်စစ်အား ရောင်းချခဲ့ရာ ထိုအပြုံးရှင် မိုနာလီဇာမှာ ပါရီလုဗ်ပြတိုက်တွင်းရှိပြီး အခြားအပြုံးရှင် မိုနာလီဇာ ပန်းချီကားမှာ ဆွစ်ဇာလန်နိုင်ငံမှ သန်းကြွယ်သူဌေးကြီး ဒေါက်တာဟင်နရီအက်ဖ်ပူလစ်ဇာ လက်တွင် ရှိသည်ဟုဆိုသည်။

ယခုအခါ ထိုပန်းချီကားမှာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ရှိ အမည်မဖော်လိုသူတစ်ဦး ပိုင်ဆိုင်သည့် ကိုယ်ပိုင်ပန်းချီပြတိုက်တွင် ရှိသည်ဟု ဆိုကြပါကြောင်း။

❐ ရှေ့မီးထက်

Ref: (1) Where is The Mona Lisa By Colin Wilson
(2) Internet

# ကျစွာမင်းကြီး ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာမန္တန်

ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)

ကျစွာမင်းကြီးသည် နေ့စဉ်မပြတ် အောက်ပါမန္တန် သုံးဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသည်။

(၁) ဗုဒ္ဓသ ဗုဒ္ဓဉာဏဥ္စ၊ အဋ္ဌာရသ အာဝေဏိကံ။
ပူဇေ ဒသဗလံ ဉာဏံ၊ စတုဝေသာရဇ္ဇ မုတ္တမံ။

(၂) ဝိသုဒ္ဓ ကရုဏာ ဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။
ဓမ္မံ သဒ္ဓမ္မ သမ္ဘူတံ၊ နိတ္တာ သံဃံ နိရင်္ဂဏံ။

(၃) ဥပေမိ ဗုဒ္ဓဉရဏံ၊ ဓမ္မဥ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝေဟိ၊ ဂစ္ဆာမိ သရဏံ အဟံ။

ဗုဒ္ဓသ - တစ်ဆယ့်လေးပါးကုန်သော၊ ဗုဒ္ဓဉာဏဥ္စ - မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော်ကိုလည်းကောင်း၊ အဋ္ဌာရသ - တစ်ဆယ့်ရှစ်ပါးကုန်သော၊ အာဝေဏိကံ - အသီးဖြစ်သော၊ မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကိုလည်းကောင်း၊ ဥတ္တမံ - မြတ်စွာသော၊ စတုဝေသာရဇ္ဇံ - လေးပါးသော ဝေသာရဇ္ဇ ဉာဏ်တော်ကိုလည်းကောင်း၊ ဒသဗလံ - ဆယ်ပါးသော ကာယဗလ ဉာဏဗလ အစရှိသော၊ ဉာဏံ - မြတ်စွာဘုရားသခင်၏ ဉာဏ်တော်ကိုလည်းကောင်း၊ ပူဇေ - နေ့ညဉ့်မပြတ် မှတ်၍ပူဇော်ပါ၏။

အဟံ - အကျွန်ုပ်သည်၊ ဝိသုဒ္ဓကရုဏာဉာဏံ - ဝါသနာနှင့်တကွသော အလုံးစုံသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်သော မြတ်စွာဘုရား သန္တာန်တော်၌တည်သော မဟာကရုဏာ သဗ္ဗညုတဉာဏ် ရှိတော်မူထသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ နတွာ - နမာမိ ရှိခိုးပါ၏၊ နတွာ - ရှိခိုးပြီး၍၊ သမ္ဗုဒ္ဓပူဇိတံ - မြတ်စွာဘုရားသည် ပူဇော်အပ်တော်မူထသော၊ ဓမ္မဥ္စ - ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း၊ နတွာ - နမာမိ ရှိခိုးပါ၏၊ နတွာ - ရှိခိုးပြီး၍၊ သဒ္ဓမ္မသမ္ဘူတံ - သူတော်ကောင်းတို့၏ တရားကြောင့် အရိယာသာဝက အဖြစ်ဖြင့် ဖြစ်တော်မူထသော၊ နိရင်္ဂဏံ - ကိလေသာမရှိထသော၊ သံဃဉ္စ - ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့လည်း၊ နတွာ - နမာမိ ရှိခိုးပါ၏။

ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ခြင်းသို့၊ ဥပေမိ - ရောက်ပါ၏၊ အနုတ္တရံ - မိမိထက် အမွန်လွန်သော တရားမရှိသော၊ ဓမ္မဥ္စာပိ - ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ နရဒေဝေဟိ - လူ နတ်အပေါင်းတို့သည်၊ ပူဇိတံသော သံဃဥ္စာပိ - ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ နရဒေဝေဟိ - လူ နတ်အပေါင်းတို့သည်၊ ပူဇိတံသော သံဃဥ္စာပိ - သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ - ကိုးကွယ်ခြင်းသို့၊ ဥပေမိ - ရောက်ပါ၏၊ အဟံ - ငါသည်၊ တံ - သုံးပါးသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ခြင်းသို့၊ ဂစ္ဆာမိ - ရောက်၏။

ကျစွာမင်းကြီးသည် ဤမန္တန်သုံးဂါထာကို အမြဲရွတ်ဖတ် သရဇ္ဈာယ်သောကြောင့် ဘေးရန်လည်းကင်းသည်၊ ဘုန်းတန်ခိုးလည်းကြီးမားသည်၊ အတိုင်းတိုင်းအပြည်ပြည်က လက်ဆောင်ပဏ္ဏာများလည်း ဆက်သခြင်း ခံရလေသည်။

❐ ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# အစတော့ကောင်းလျက် တေးသံနှင့်ကဲ

ခိုင်ဇော်(ဒသသန)



၁၉၄၁ ခုနှစ်က မိုးပ်ဂီးစ်မင်္ဂလာဆောင်ပွဲတွင် တွေ့ရသော ဖရင့်ခ်မိသားစုဝင်များ။ အော်တို အလယ်လူအား သူ့ဝဲဘက်ရှိ သမီးဖြစ်သူ အန်း၊ မားဂေါ့တ် တို့နှင့်အတူတွေ့ရပုံ။

(အန်းဖရင့်၏ ဆွတ်ပျံ့ဖွယ် နေ့စဉ်မှတ်တမ်းနှင့် အိပ်ခန်းလေးသည် သူမ ရေးသားထားခဲ့သလိုပင် လူမျိုးကြီးဝါဒနှင့် မုန်းတီးမှုများကို ဆန့်ကျင် ထိုးနှက်သော အင်အားတစ်ရပ်အဖြစ် ထမ်းရွက်နေဆဲပင်။)

ကျွန်တော်သည် အန်းဖရင့်၏ ကျဉ်းမြောင်းလှသော အိပ်ခန်းအတွင်းရှိ ၁၉၃၀ပြည့်နှစ်များဆီက လူကြိုက်များခဲ့သည့် ဟောလီဝုဒ် ရုပ်ရှင်သရုပ်ဆောင် နော်(မ်)မာရှီးယားရားနှင့် ဂရီတာဂါဘိုးတို့၏ ဝါရော်ရော် မဂ္ဂဇင်းဓာတ်ပုံများ ရှေ့ဘက်တွင် ရပ်လျက်ရှိသည်။

အမ်စတာဒမ်မြို့တွင် မကြာမီက ပြန်လည် ပြုပြင်ထားသော အန်းဖရင့် ဂေဟာသို့ နှစ်စဉ်လာရောက်လည်ပတ်ကြသည့် တစ်သန်းနီးပါးခန့်သည်တွေ အတွင်း အသက်ဆယ်နှစ်ရှိ သမီးငယ်နှင့်အတူ ကျွန်တော်တို့ပါဝင်ခဲ့ကြသည်။

ဟောလီဝုဒ်သို့ ရောက်လိုလှသော ဆယ်ကျော်သက်လေး အန်းဖရင့်သည် ရုပ်ရှင်သရုပ်ဆောင်တွေအပေါ် ရူးသွပ်ကာ သဘောကျခဲ့ရပုံအကြောင်း ကျွန်တော်တို့ စတင်သိရှိရတော့သည်။

နာဇီတို့အုပ်စိုးနေစဉ် (၂၅)လတာ ကာလအတွင်း လေးထပ်မျှရှိသော ရုံးခန်းအဆောက်အအုံဖြစ်သည့် ဤနေရာလေးရှိ လျှို့ဝှက်တိုးချဲ့ဆောင်တွင် အန်း တစ်ယောက် နေ့စဉ်မှတ်တမ်း ရေးသားခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ ဆယ်သန်းမကသော စာဖတ်သူများအဖို့ရာ သူကလေး၏ကြိုးပမ်းမှုများ၊ ကြောက်ရွံ့ထိတ်လန့်မှုများ၊ ငြီးငွေ့မှုများနှင့် တစ်ခါတစ်ရံ ရယ်ရွှင်ဖွယ်ကောင်းသည့် အတွေ့အကြုံများအပေါ် အမှတ်တရ ဖြစ်စေခဲ့သည်။

အန်းတစ်ယောက် သူ့စာရေးစားပွဲပေါ်တွင် အက္ခရာသင်္ချာများနှင့် နပန်းလုံးနေရပြီး ပြဋ္ဌာန်းစာအုပ်နှင့် အတော်အတန်ပင် အဆင်မပြေဖြစ်နေရသမို့ စိတ်ရှုပ်စရာကောင်းသည့် စာအုပ်ကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲပစ်ဖို့ အသင့်ဖြစ်နေခဲ့ပုံကိုပင် ကျွန်တော် တွေးတောနေမိပြန်သည်။

အလွန်ပင် မုန်းတီးစရာဖြစ်သည့် နေ့စဉ်မှတ်တမ်း ရေးသားမှုကို ခေါင်းမဖော်နိုင်လောက်အောင် လုပ်မြဲလုပ်နေခြင်းက အန်းကို အထိတ်တလန့်ဖြစ်စေ၍ [illegible] တည်းသော ငြိမ်းချမ်းမှု[illegible] ကို ယူဆောင်သွားရလိမ့်မည် [illegible] သာတည်း။

ဂျူးလူမျိုး မုန်းတီးရေးဝါဒ ဒီရေမြင့်မားလာချိန်တွင် နာဇီတို့လက်မှ လွတ်မြောက်ရန် ၁၉၃၃ ခုနှစ်၌ ဖရင့်မိသားစုများ ဖရင့်ဖွတ်မြို့မှ အမ်စတာဒမ်မြို့သို့ ထွက်ပြေးခဲ့ကြသည်။ သူတို့ထိုမြို့သို့ရောက်ရှိပြီး ပုန်းခိုနေကြစဉ် ၁၉၄၂ ခုနှစ်တွင်ပင် အမ်စတာဒမ်မှ ဂျူးလူမျိုးများမှာ ပိုလန်နိုင်ငံရှိ အလုပ်စခန်းများသို့ မောင်းထုတ်ခံကြရပြန်သည်။ အထပ်ခိုးများ၊ မြေအောက်ခန်းများနှင့် တင်းကုပ်များအတွင်း ပုန်းအောင်းနေကြသည့် ဒတ်ချ် ဂျူးလူမျိုး ၂၅၀၀၀ ဦးအတွင်း ဖရင့်ခ်မိသားစုများလည်း ပါဝင်ခဲ့ကြသည်။

အော်တိုသည် ပြည့်သိပ်ကျဉ်းကျပ်မှုကင်းသည့် စံပြပုန်းခိုရာနေရာကို တီထွင်လုပ်ကိုင်နေကျဖြစ်သည်။ သူကသူ၏ရုံးဝန်ထမ်း လေးဦးကို အစားအသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများ ယူဆောင်လာပေးကြရန် မေတ္တာရပ်ခံခဲ့သည်။ ၎င်းဝန်ထမ်းလေးဦးကလည်း ၎င်းတို့အသက်ကိုပင် စွန့်လွှတ်ထားကြသူများပီပီ တုံ့ဆိုင်းခြင်းမရှိဘဲ သဘောတူ လက်ခံခဲ့ကြသည်။

တိုးချဲ့အဆောင်ကို တစ်နှစ်တာမျှ အော်တိုတစ်ယောက် လျှို့ဝှက်စွာ စီစဉ်ဆောင်ရွက်နေစဉ် ၁၉၄၂ ခု ဇူလိုင်လ ၅ ရက်နေ့တွင် အသက်(၁၆)နှစ်ရှိ အန်းအစ်မဖြစ်သူ မာဂေါ်အား ဂျာမန်အလုပ်စခန်းသို့ ပို့ဆောင်ရန် သတင်းပို့ဖို့ အမိန့်ထုတ်ပြန်ခံရသည်။ ၎င်းနေ့မတိုင်မီ အစောပိုင်းရက်များအတွင်းကပင် ဖရင့်ခ်မိသားစုတို့မှာ တိုးချဲ့ဆောင်၌ ရောက်ရှိခိုကိုးနေခဲ့ကြသည်။

တစ်ပတ်အကြာတွင် အော်တိုနှင့်လုပ်ငန်းတူ လုပ်ဖော်ဖြစ်သူ ဟာန်းစ်ဗင်ပဲဲစ် သူ့ဇနီး ဩဂတ်စတီးနှင့် အသက် (၁၅)နှစ်အရွယ် သားဖြစ်သူ ပီတာတို့






www.burmeseclassic.com

www.burmeseclassic.com





အန်းမှာ ဥရောပမင်းမျိုးမင်းနွယ်မိသားစု မျိုးဆက်ပြရုပ်ပုံကားချပ် ရေးဆွဲခြင်းဖြင့် အချိန်ဖြုန်းတတ်သည်။

လည်း ပူးပေါင်း ပါဝင်လာကြသည်။ မိသားစုမိတ်ဆွေ သက်လတ်ပိုင်း သွားဆရာဝန် ဖရစ်(ဇ်)ပက်ဖာ တစ်ယောက်ကမူ နိုဝင်ဘာလတွင် ရောက်ရှိလာခဲ့သည်။

အန်းမိဘများသည် သူမ (၁၃) နှစ်မြောက်မွေးနေ့တွင် သိုးမွေးဖြင့် အနီနှင့်အဖြူရောင်အကွက်ပါ နေ့စဉ်မှတ်တမ်းစာအုပ်ကို ဇွန်လ(၁၂)ရက်နေ့တွင် ပေးခဲ့သည်။ သူမ ဦးဆုံးရေးသားချက်မှာ မည်သူတစ်ဦးတစ်ယောက်ကို တစ်လုံးတစ်ပါဒမျှ မပြောပြခဲ့ဖူးသည့် အတွင်းစကားတို့ကို ရေးသားရန် မျှော်မှန်းထားခဲ့သည်။ ဤနေ့စဉ်မှတ်တမ်းကိုရေးသားပြည့်စွက်ပြီးနောက် ၁၉၄၄ ခု ဩဂုတ်လ ၁ ရက်နေ့ မတိုင်မီအထိ ကျောင်းစာလေ့ကျင့်ခန်းများအား ကမ္ပည်းတင်ထားခဲ့ပုံများကို ပြန်ပြောင်းတွေးတောကာ ဆက်လက်ရေးသားခဲ့သည်။

ဒတ်ချ်ဘာသာဖြင့် ရေးသားရာတွင် သူမ၏ အတွင်းရေးကျကျ လိုအင်ဆန္ဒများနှင့် အကြောက်တရားများကို ဖွင့်ဟ ဝန်ခံထားလေသည်။ သူမမှာ ပုန်းအောင်နေသော နေရာလေးအား ရှာဖွေတွေ့ရှိသွားမည်ကို ကြောက်ရွံ့ထိတ်လန့်နေရသဖြင့် ပူပန်သောကများနှင့် စိတ်ဓာတ်ကျဆင်းမှုများကို ချုပ်ထိန်းရန် စိတ်ငြိမ်ဆေးများလည်း မှီဝဲနေရပြန်သည်။

"ကျွန်မလေ အိမ်ထဲမှာ တစ်ခန်းပြီး တစ်ခန်း လှည့်လည်သွားလာပြီး လှေကားထစ်တွေ အပေါ်တက်လိုက်ပြီးတော့ အောက်ပြန်ဆင်းလိုက်နဲ့ အတောင်တွေ အနုတ်ခံထားရတဲ့ တေးသီငှက်ကလေးတစ်ကောင် မှောင်မည်းမည်း လှောင်ချိုင့်ထဲမှာ သူ့ကိုယ်လေးနဲ့ သံတိုင်တွေကို ပစ်တိုက်နေသလိုပဲ ခံစားရတယ် "

သူမ ၁၉၄၃ ခု အောက်တိုဘာလတွင် ရေးသားခဲ့လေသည်။

"ကျွန်မ စက်ဘီးလဲစီးချင်တယ်၊ ကချင် ခုန်ချင်တယ်၊ ပြီးတော့ ပျော်မွှေ့နူးနယ်မှုကို ခံစားရပြီး ကျွန်မလဲ လွတ်လပ်သူတစ်ဦးအဖြစ် ပြင်ပလောကကြီးကိုကြည့်ရှုလိုတဲ့ တောင့်တမှုကို ဖြစ်မိတယ်၊ ကျွန်မအနေနဲ့ ဂျူးလူမျိုးဖြစ်ခြင်း မဖြစ်ခြင်းအပေါ် လူတွေအနေနဲ့ ပူပန်မနေကြပါလားလို့ အံ့အားသင့်မိတယ်၊ ပြီးတော့ ကျွန်မကို အစားအသောက်တချို့နဲ့ ရိုးစင်းတဲ့ပျော်ရွှင်မှုတွေ အလွန်အမင်း လိုအပ်နေတဲ့ ဆယ်ကျော်သက်



အန်း၏အိပ်ခန်း





www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ယောက်အနေနဲ့ ရှမြင်ကြစေရုံ လေးပါပဲ"

အန်းသည် နှုတ်သီးကောင်း လျှာပါးဖြစ်တတ်သူ၊ ရွှင်ရွှင်ပျပျနှင့် မြူးကြွပြီး ကိုယ်တွေ့ကြုံမှုယုံကတတ်သူ၊ မိန်းကောင်ပေါက်မလေး တစ်ဦးအဖြစ် မမောမပန်းဖွေရှာလုံးပန်းနေတော့သည်။ အခက်အခဲ အကျပ်အတည်း များစွာ ရှိသော်ငြားလည်း သူမအား အချိန်တိုင်း လိုလို မြူးရယ်ရွှင်ပျ စွန့်စားဝံ့သူလေး အဖြစ် ဖုံးကွယ်နေတတ်သည်။

"ဘာဖြစ်လို့ ကျွန်မက စိတ်ပျက်အားလျော့နေရမှာလဲ"

သူမက ရေးသားခဲ့သည်။နေ့စဉ်မှတ်တမ်း နိဂုံးပိုင်းတွင်ကား သင့်အနေဖြင့် အန်းအပေါ် ချစ်ခင်မြတ်နိုးသွားပြီး သူကလေး၏ အမြော်အမြင်ရှိမှုကို လေးစားသွားရပေလိမ့်မည်။ ထို့အပြင် ပါရမီထူးကဲသူ သမီးလေးတစ်ယောက်၊ နှမလေးတစ်ယောက် သို့မဟုတ် သူငယ်ချင်းတစ်ယောက်ပမာ အလွန်အကြူး ဆုံးရှုံးလိုက်ရသဖြင့် ဝမ်းနည်းပက်လက် ဖြစ်ရပေဦးမည်သာတည်း။

မိမိကိုယ်တိုင်ပင် မီးလောင်တိုက် အသွင်းခံလိုက်ရခြင်းမှ လွတ်မြောက်လာသူ အီတလီ စာရေးဆရာတစ်ဦးဖြစ်သည့် ပရိုင်မိုလီဗိုင်း (Primo Levi) တစ်ခါက ရေးသားခဲ့ရာတွင် . . .

"လူလွတ်တစ်ဦးဖြစ်သူ အန်းဖရင့်စ်ကသာလျှင် မရေမတွက်နိုင်သော အခြားသူများထက် ကျွန်ုပ်တို့ကို စိတ်ပိုမိုလှုပ်ရှားစေခဲ့ရာ၌ သူမ ခံစားရသမျှ အရှိအတိုင်းပင် ရေးသားဖော်ပြခြင်း ပေမို့ သူမ အမြင်ရှုထောင့်လေးများမှာ လောင်းရိပ်များအဖြစ် ဆက်လက် ကျန်ရစ်နေဦးမည်သာတည်း"

❀

အန်းတစ်ယောက် မကြာမဏ ဆိုသလိုပင် ထွက်ပြောတတ်လေသည်။

"လောလောဆယ်မှာတော့ အကပညာနှင့် ဘဲလေးအကကိုပဲ အရူးထ လေ့ကျင့်နေပြီး ညနေတိုင်း ကကြိုးကကွက်တွေကို ဝီရိယရှိရှိ လေ့ကျင့်နေရတယ်"

၁၉၄၄ခု ဇန္နဝါရီတွင် သူမ ရေးသားခဲ့လေသည်။

"စာအုပ်တွေနဲ့ စာပေဖတ်ရှုခြင်းတွင်လည်း အရူးအမူးပါပဲ"

ထိုကဲ့သို့ပင် သူမရေးသားထားခဲ့သည့် အန်းသည် ဒဏ္ဍာရီနှင့်ဇီဝပညာတို့ကို မြတ်နိုးသဖြင့်ဥရောပမင်းမျိုးမင်းနွယ်မိသားစုတို့၏ မျိုးဆက်ပြရုပ်ပုံကားချပ် ရေးဆွဲခြင်းဖြင့် အချိန်ဖြုန်းတတ်သည်။ မိုဇက်တေးဂီတကို ရေဒီယိုမှ နားဆင်တတ်လေသည်။

"သူ့တေးသွားတွေက ကျွန်မအသည်း နှလုံးအတွင်း နက်နက်ရှိုင်းရှိုင်းပဲ ဝင်ရောက်သွားကြတယ်"

သူမမှာ မိခင်ဖြစ်သူ အီဒစ်တ် (Edith)နှင့် မကြာခဏဆိုသလို ရန်ဖြစ်လေ့ရှိသည်။ မိခင်က သူမအား အပြစ်တင်သည့်အခါတိုင်း အန်းက ဒေါသူပုန်ထတတ်ပြီး သူမအား ကြိုးတင်းတင်းတပ် လေးညို့မှ ပစ်လိုက်သော မြားမှန်သလို အခံရခက်သည်ဟုဆိုတတ်သည်။

နောက်ဆုံးတွင်မူ အန်းသည် အချို့ချို့သော တာဝန်ဝတ္တရားများကို လက်ခံလာရပြီး "မိုက်ရိုင်း လူဝါးဝ၍ စက်ဆုပ်စရာကောင်းသည်" ဟူ၍ သူမ ဘာသာပင် အပြစ်တင်တတ်လေသည်။

ဖခင်ဖြစ်သူ အော်တို၏ သတိပေးချက်ဖြစ်သည့် ပီတာအပေါ် လွန်လွန်းသော ခဏပန်းအချစ် ဆက်လက်မလုပ်ရန် ပြောဆိုတတ်မှုများ ရှိသော်လည်း ဖခင်အပေါ်တွင်မူ ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် ရှိဆဲပင်တည်း။

တိုးချဲ့ဆောင်တွင် ကျန်ရှိနေသေးသည့်သူများကဲ့သို့ပင် အန်းသည်လည်း တစ်နေ့တာစီမံကိန်းအဖြစ် အိမ်ရှေ့တံခါး၌ပင် ရုတ်တရက် စိတ်လွတ်ကိုယ်လွတ်ပေါ် ထွက်လာခြင်းဖြင့် အချိန်တွေ ကုန်ဆုံးတတ်လေသည်။

"လန်ဒန်နှင့် ပါရီမြို့တို့တွင် တစ်နှစ်တာမျှ ဘာသာစကားနှင့် အနုပညာသမိုင်း လေ့လာသင်ယူခြင်း" **များကို အိပ်မက်မက်၍ ကုန်လွန်တတ်လေသည်။**

အန်းသည် သူမ နေ့စဉ်မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေလိုသောရည်မှန်းချက် ကနဦး၌ မရှိခဲ့ပါချေ။ သို့သော်လည်း ပြည်နှင်ဒဏ်ပေးခံရသူ ဒတ်(ချ်) ပညာရေးဝန်ကြီးက ၁၉၄၄ ခုနှစ် မတ်လတွင် ဂျာမန်တို့ သိမ်းပိုက်ထားစဉ်ကာလအတွင်း သာမန်အရပ်သူအရပ်သားတို့ အနေဖြင့် ရိုးရှင်းသော စာပေများ ရေးသားရန် လှိုက်လှဲစွာမေတ္တာရပ်ခံခဲ့သည်။

အန်းတစ်ယောက်မှာမူ အလွန်ပင် ပျော်ယာခတ်ပြီး သူမ ရေးသားချက်များကို စတင်ပြင်ဆင်၍ ရေးသားခဲ့လေသည်။ သူမသည် ပုန်းခိုနေသူများကို နာမည်ဝှက်များပေးထားပြီး ကောင်းစဉ်ရေမရ အရေးအသားများကိုလည်း ဖြတ်ညှပ်ညှိပစ်ခြင်း၊ ကလေးကလားဆန်သော အရေးအသား ဖြုလရမ်းကား တစ်ကိုယ်တော် လေကြောရှည်ခြင်းများကို ပုံနှိပ် ထုတ်ဝေနိုင်မည့် ပြောင်မြောက်သော ဇာတ်လမ်းအဖြစ်သို့ ပြောင်းလဲရေးဖွဲ့လိုက်လေသည်။

သူမ နောက်ဆုံးရေးသားချက်တွင် အန်းသည် သူမ ပင်ကိုစရိုက်ကို အမိအရဖမ်းမိစေရေးအတွက် အပြင်းအထန် ကြိုးပမ်းရလေသည်။ ၎င်းကို သူမက "နှစ်ကိုယ့်တစ်စိတ်ခွဲထားခြင်း" အဖြစ် လက်ခံခဲ့သည်။

"ကျွန်မခံစားရတဲ့အတိုင်း ကျွန်မပြောနေတာမဟုတ်ဘူး၊ ဘယ်အတွက်ကြောင့်များ ကျွန်မက ယောကျ်ားလေးတွေကို ရူးသွပ်တတ်သူ သို့တည်းမဟုတ် စိတ်ကစားတတ်သူ၊ ငါသိ ငါတတ်သူ၊ အချစ်ဝတ္ထုတွေပဲဖတ်ရှုတတ်သူ တစ်ယောက်အနေနဲ့ နာမည် သတင်းကြီးနေရသလဲ ဆိုတာကိုပဲ"

သူမက ရေးသားခဲ့လေသည်။

ဖြစ်လိုရာဖြစ်စေသော သဘောထားတတ်သူ အန်းက ရယ်ကာမောကာဖြင့် ပေါ့ပေါ့တန်တန် တုံ့ပြန်တတ်ပြီး





www.burmeseclassic.com

www.burmeseclassic.com

သူမ ပခုံးများကိုတွန့်ကာ စိတ်တိုမှုပင် မရှိဟန်ဆောင်တတ်လေသည်။ တိတ်တိတ်ဆိတ်ဆိတ် နေတတ်သည့် အန်းတစ်ယောက် ဆန့်ကျင်ဘက်နည်းလမ်းများနှင့်သာ တုံ့ပြန်ပြုမူတတ်လေသည်။

အဆိုပါစကားလုံးများ ရေးသားပြီး သုံးရက်အကြာတွင် ရုံးခန်းလေးအတွင်း လျှို့ဝှက်စွာပုန်းခိုနေကြသူများ ဖမ်းဆီးခံလိုက်ကြရသည်။ ထို့ပြင် အန်း၏ နေ့စဉ်မှတ်တမ်းလေးမှာလည်း ကြမ်းပြင်ပေါ်တွင် အပိုင်းပိုင်း အပြတ်ပြတ် ကြဲပြန့်နေတော့သည်။

❁

ကျွန်တော်နှင့် သမီးငယ်တို့မှာ သုံးလွှာရှိ ရုံးခန်းလေးအတွင်းသို့ မတ်စောက်စောက် လှေကားထစ်များမှ တက်ရောက်လာကြရာ မှီတွယ်ထားသော စာအုပ်စင်ကို တိုးဝှေ့ဖြတ်သန်းမိပြီး စတုရန်း ၇၇၅ ပေမျှ ကျယ်ဝန်း လျှို့ဝှက်တိုးခို့ဆောင်လေးထဲရောက်ရှိသွားတော့သည်။

အိပ်ခန်းအတွင်း၌မူ မားဂေါ့သည် သူမ မိဘများနှင့်အတူ မျှဝေနေထိုင်ရပြီး အီဒစ်(တ်)၏ ဘုရားရှိခိုးသည့် စာအုပ်ငယ်မှာ သူမ အော်သိုဒေါ့(တ်) (Orthodox) ဘာသာအပေါ် သက်ဝင်ယုံကြည်မှုရှိကြောင်း သက်သေတစ်ရပ် အဖြစ် ခင်းကျင်းပြသနေတော့သည်။

ဖတ်ရှုပါများ၍ ဖွတ်ဖွတ်ကြေနေသော ဒစ်ကင်စာပေ ထုတ်ဝေရေးမှ တော့(စ်)၏ "ပုံကြမ်းကောက်ကြောင်းများ" စာအုပ်မှာလည်း အနီးအနားတွင် မလှုပ်မယှက် ငြိမ်သက်နေသည်။

အန်းနှင့်သွားဆရာဝန် ဖရစ်(ဇ်)တို့၏ အခန်းထောင့်အနီးတွင် ရေချိုးခန်းရှိလေသည်။ မည်သို့ပင်ဖြစ်စေကာမူ အဆောင်လေးအတွင်း နေထိုင်သူများမှာ ထိုရေချိုးခန်းလေးကို အမြဲလိုပင် သုံးစွဲနိုင်ခြင်း မရှိကြပါချေ။ တစ်နေ့တာကာလအတွင်း တစ်ချိန်ချိန်မှာတော့ အထူးသဖြင့် အောက်ထပ်မှကုန်လှောင်ရုံစောင့်များ ရှိနေခိုက်တွင်မူ လုံးဝဥဿုံ တိတ်ဆိတ်ငြိမ်သက်မှုကြီး စိုးနေချိန်၌ အပေါ်ထပ်တွင် နေထိုင်သူများ၏ အသံဗလံတွေကို ကြားနိုင်လေသည်။

"ရေကျသံ၊ အိမ်သာရေဆွဲချသံ၊ အနီးအပါးမှာ လမ်းလျှောက်သံ ဘယ်လို အသံဗလံမျိုးမှ ကြားလို့မဖြစ်ပါပေ" အန်းက ရေးသားခဲ့သည်။

ညနေခင်းများနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် အဆောင်နေသူများသည် လူသူကင်းမဲ့သော အဆောက်အအုံအတွင်းဆီသို့ ၎င်းတို့ နေထိုင်ကြသည့် လျှို့ဝှက်ဆောင်လေးမှ လွတ်ထွက်လာကြသည်။ ကခုန်ခြင်းနှင့် ကိုယ်ကာယ အလှလေ့ကျင့်ခန်းများအပြင် တူးမြောင်းကို အပေါ်စီးမှ တွေ့မြင်နိုင်သော ရုံးရှေ့ခန်း၏ အမှောင်ထုတွင်းရှိ စည်ပိုင်းတစ်ခုအတွင်း အန်းနှင့်မာဂေါ့တို့ ရေချိုးကြသည်။

အများနားနေခန်းကို မီးဖိုချောင်အဖြစ် ပေါင်းစပ်သုံးစွဲကြသည်။ ဗင်ပဲ(စ်) အိပ်ခန်းသည် လေးလွှာတွင်ရှိသည့် ဘေးချင်းထပ်အခန်းကား အထပ်ခိုးလှေကားအောက်မှ အခန်းငယ်သာတည်း။ ထိုအခန်းလေးအတွင်း အသက် (၁၅)နှစ် ပြည့်ခါနီး အန်းကို(၁၇)နှစ်ရှိ ပီတာက ပွဲဦးထွက် အနမ်းမိုးရွာခဲ့သည်။ အချိန်ကာလမှာ ၁၉၄၄ ခု ဧပြီလ ဖြစ်သည်။ ထိုစဉ်မှစ၍ အန်း၏ ဒူပေနာ ပေခံသော အကောင်းမြင်ဝါဒမှာလည်း ယုတ်လျော့ကျဆင်းလာသည်ဟု ထင်မှတ်ရလေသည်။ ယင်းအား ဆက်လက်၍ ပြောင်းလဲပြုပြင်နေသော်လည်း . .

"လူတွေဟာ နှလုံးသားတွင်းမှာတော့ တကယ့်ကို ကောင်းမွန်နေကြတုန်းပဲလို့ ကျွန်မ ယုံကြည်နေဆဲပါ"

ထိုသို့ပင် ရေးသားခဲ့သည်။

"ကမ္ဘာ လောကကြီးဟာ တဖြည်းဖြည်းနဲ့ အပယ်ခံဘဝ ရောက်သွားပြီလို့ ထင်ရတယ်"

နမ်းရှုပ်မှု ဖြစ်ပွားပြီးနောက် လေးလ မရှိမီတွင် နာဇီတို့ကို တစ်စုံတစ်ယောက်ကသတင်းပေးလိုက်သည်။

ဖမ်းဆီးခံကြရပြီးနောက် ဒေသဆိုင်ရာအကျဉ်းစခန်းတစ်ခုသို့အဆောင်နေသူ လူရှစ်ဦးအား မောင်းထုတ်လိုက်ကြသည်။ ယင်းနောက် ဟော်လန်အရှေ့မြောက်ရှိ ယာယီစခန်းသို့ ပို့ဆောင်ခံကြရပြန်သည်။ စက်တင်ဘာလတွင်မူ သူတို့သည် အုပ်စုလိုက်ပင် အော့ဇဝစ် (Auschwitz)သို့သွားသော နောက်ဆုံးရထားဖြင့် လိုက်ပါသွားကြလေသည်။

အန်းသည် သူမ၏ (၁၆)နှစ်မြောက် မွေးနေ့ မရောက်မီ လပိုင်းအလိုတွင် ဘာဂန်ဘဲလ်စင် (Bergan-Belsen) ရှိ အလုပ်စခန်း၌ ငန်းဖျားရောဂါဖြင့် အနိစ္စရောက်ခဲ့ရလေသည်။ သူတို့ပုန်းခိုခဲ့သော အိမ်အထပ်ခိုး အရှေ့ဘက်တွင် အန်း၏ နေ့စဉ်မှတ်တမ်းအား ကိုးကားချက်များနှင့်အတူ ယှဉ်တွဲခင်းကျင်းပြသထားလေသည်။

"လူတစ်ဦးအဖြစ် ပီသလိုပါက သင်သည် ပင်ကိုအစွမ်းအစရှိရမည်သာပင်"

ယင်းမှတ်ချက်အား သူမ၏ သင်္ချိုင်းကမ္ပည်းစာသားအဖြစ် သုံးစွဲခဲ့လေသည်။

မိသားစုများ ဖမ်းဆီးခံကြရပြီးနောက် သူတို့ကို ကူညီဖေးမခဲ့သူ ဝန်ထမ်း လေးဦးအနက် တစ်ဦးဖြစ်သူ မီးပ်ဂီးစ်(MiepGies) သည် ကျောင်းစာအုပ်များနှင့်အတူ နေ့စဉ်မှတ်တမ်းကို စုစည်းရာတွင် ပြုတ်ထွက်နေခဲ့သော အန်း၏ ပြုပြင်ရေးသားချက်ပါ စာရွက်များကိုပင် ရရှိခဲ့သည်။ မည်သူမျှ မဖတ်ရသေးသော စာရွက်စာတမ်းတို့ကို အန်းက စာရေးစားပွဲအတွင်း သော့ခတ်သိမ်းဆည်းထားခဲ့သည်။

၁၉၄၅ခု ဇွန်လ ၃ ရက်၌ အမ်စတာဒမ်သို့ အော်တို ပြန်လည်ရောက်ရှိလာမှသာ အီဒစ်(တ်)၊ အန်းနှင့် မာဂေါ့တို့ သေဆုံးခဲ့ကြောင်း သိရှိရတော့သည်။ ဂီး(စ်)ကလည်း အန်း၏ နေ့စဉ်မှတ်တမ်းကို အော်တိုထံ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မူရင်းမှတ်တမ်းပါ အရေးအသားများနှင့် ပြုပြင် ရေးသားချက်များကို အော်တိုက လက်နှိပ်စက်ရိုက်ရန် စာမူကြမ်းအဖြစ် ရေးဆွဲလိုက်သည်။ မိခင်ဖြစ်သူအပေါ် နှင့်သီးသော ဝေဖန်ချက်များ၊ ပီတာနှင့် အန်းတို့၏ အရွှးအမူး စွဲလမ်းမှုအပြစ်ပုံ စာကြောင်းအချို့ကို အော်တိုက ဖယ်ထုတ်ပစ်ခဲ့သည်။

စာမူကြမ်း ဖတ်ရှုရသူမိတ်ဆွေတို့မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကာ ထုတ်ဝေသူတစ်ဦး ရှာဖွေရန် အော်တိုအား သတိပေးနိုးဆော်ကြသည်။ စာနာထောက်ထားတတ်သူ သမိုင်းပညာရှင်တစ်ဦးက စာမူကြမ်းကို အရှိန်အဝါရှိသော သတင်းစာတိုက်သို့ ပေးအပ်ခဲ့ပြီး ဒတ်(ချ်)ထုတ်ဝေသူ တစ်ဦးအား စာအုပ်အဖြစ်တာဝန်ယူလုပ်ကိုင်ပေးရန် ၁၉၄၇ ခုနှစ် ဖွန်လဲ့နိုးဆော်လိုက်သည် ထိုသို့လုပ်ဆောင်ခြင်းကား အုတ်အော်သောင်းတင်း ချက်ချင်းလက်ငင်း ဖြစ်ပေါ်စေတော့သည်။ ထိုစဉ်မှအစပြုကာ နေ့စဉ်မှတ်တမ်းလေးမှာ ဘာသာစကားပေါင်း(၆၀)ဖြင့် အစောင်ရေသန်း(၃၀) ကျော် ရောင်းချနိုင်ခဲ့လေသည်။

အန်း၏ စာပေလက်ရာများကို နယ်သာလန် စစ်မှတ်တမ်းများ သိပ္ပံသို့ ပေးပို့ပြီး နောင်လာနောက်သားတို့အတွက် အော်တို ထားရစ်ခဲ့လေသည်။ ၂၀၀၁ ခု မတ်လတွင်ခေတ်နှင့်လျော်ညီစွာ ဒတ်(ချ်)ဘာသာဖြင့် ထုတ်ဝေလိုက်သည်။ ဤတစ်ကြိမ်တွင် မူရင်းစာအုပ်မှ အော်တိုဖြုတ်ပစ်ခဲ့သော စာရွက်ငါးရွက်တိုလည်း ပြန်လည်ထည့်သွင်းထားခဲ့ရာ သူမ မိဘတို့၏ အိမ်ထောင်ရေးသည် အချစ်ကြောင့် မဟုတ်ပါဘဲ အဆင်ပြေသလိုသာ လက်ထပ်ခဲ့ကြောင်း အန်း ထင်မြင်ချက်ကိုပင် ထည့်သွင်းပါဝင်စေခဲ့သည်။

၁၉၈၀ ပြည့်နှစ်၌ သူ မကွယ်လွန်မီ အော်တိုက ပြောဆိုရာတွင်. . .

"အန်း နေ့စဉ်မှတ်တမ်းလေးဟာ လူမျိုးကြီးဝါဒနှင့်ဂျူးမုန်းတီးရေးဝါဒတို့ကို ဆန့်ကျင်တော်လှန်ရာမှာ သက်သေအထောက်အထား ခပ်ဆန်ဆန်တစ်ခုအနေနဲ့ တိုးတက်မှုရှိသောကဏ္ဍ အဖြစ်သဘော တွေ့ရှုမြင်နိုင်ပြီး အဆင့်မြင့်မားတဲ့ ခံနိုင်ရည်ရှိမှုအတွက်လဲ ဖြစ်ပါတယ်"

ယနေ့ကာလတွင်မူ အန်းဖရင့်စ်ဂေဟာ (Anne Frank House) ဝန်ထမ်းအဖွဲ့ရာ လူမျိုးရေး တိုက်ခိုက်မှုနှင့် လေကြောရှည်သည့် လူမျိုးရေးဝါဒ ဖြန့်မှုများကို အင်တာနက်ကွန်ရက် ချိတ်ဆက်၍ ခြေရာကောက်လျက်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့ ဂျူးများအပေါ် မီးလောင်တိုက်သွင်းခဲ့ခြင်းကို အထောက်အထား ထူးထူးကဲကဲ မှတ်တမ်းတင်ထားခဲ့သော်ငြားလည်းလက်ယာစွန်းရောက်အုပ်စုအများအပြားကမူ ပုံကြီးချဲ့ခြင်းသာဟု ငြင်းချက်ထုတ်ကြသည်။

ထို့ကြောင့်ပင် အန်း၏ နေ့စဉ်မှတ်တမ်းမှာ အဓိကပစ်မှတ် ဖြစ်လာတော့သည်။ အကယ်၍ နေ့စဉ်မှတ်တမ်းမှာ အလိမ်အညာ အတုမျှသာ ဆိုပါက ဂျူးများ မီးလောင်တိုက် အသွင်းခံရမှုများမှာလည်း အဓိပ္ပာယ်ကင်းမဲ့သော ဒဏ္ဍာရီတစ်ခုသာ ဖြစ်သွားပေလိမ့်မည်။

ထုံးစံအတိုင်းပင် ပြန်လည်ပြင်ဆင်ရေးသမားတို့က နေ့စဉ်မှတ်တမ်းမှာ အန်း မဟုတ်ဘဲ သူ့ဖခင် အော်တိုက စစ်ကြီးပြီးသွားမှသာ ရေးသားခဲ့ခြင်းဟု ဆုပ်ကိုင်ထားကြသည်။

၁၉၈၁ ခုနှစ်တွင် ဒတ်(ချ်)အစိုးရက အန်း၏လက်ရေးမူ၊ မှင်၊ စက္ကူ နှင့် ကော်တို့ကို ဓာတ်ခွဲခန်းဖြင့် စစ်ဆေးခွဲခြမ်းစိတ်ဖြာခဲ့ရာ ယင်းမှာ အစစ်အမှန်သာဖြစ်ကြောင်း ထွက်ပေါ်လာခဲ့သည်။

မကြာသေးမီ နှစ်နှစ်အတွင်းက ဘယ်(လ်)ဂျီယမ်အုပ်စုတစ်ခုမှ နေ့စဉ်မှတ်တမ်းသည် လိမ့်လုံးညာလုံးတစ်ခု အဖြစ် တံဆိပ်ခတ်နှိပ်ကာ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကိုလည်း အန်းဖရင့်(စ်)ဂေဟာမှ ပိတ်ပင်တားဆီးခဲ့ရသည်။

"နေ့စဉ်မှတ်တမ်း စစ်မှန်မှု အပေါ် စိန်ခေါ် အကဲစမ်းနေတဲ့ ဆန့်ကျင်ဘက် အုပ်စုတွေကို တိုက်ပွဲဆင်နွှဲရာမှ ကျွန်တော်တို့ပဲ အနိုင်ရရှိခဲ့ပါတယ်၊ ဆက်လက်ပြီးတော့လည်း ခိုင်ခိုင်မာမာ ဆန့်ကျင်သွားမှာပါ"

အမှုဆောင် ညွှန်ကြားရေးမှူး ဟန်း(စ်)ဝက်(စ်)ထရာ (Hans Westra) က တင်းတင်းမာမာပင် ဆိုလိုက်သည်။

ဤကဲ့သို့သော သည်းခံခြင်းတရားအပေါ် သန္နိဋ္ဌာန်ချပြီးသား ထုချေချက်နှင့်ပတ်သက်၍ ကျွန်တော်သည် အန်းဖရင့်(စ်)၏ပဲ့တင်သံကိုကြားယောင်နေမိတော့သည်။

"ဂျူးလူမျိုးသက်သက် မဟုတ်ဘဲ ကျွန်မတို့လည်း လူသားတွေဖြစ်တယ်ဆိုတာ ထပ်မံပေါ်ထွက်လာမယ့် အချိန် ကျိန်းသေရောက်လာဦးမှာပါ "

သူမက ၁၉၄၄ ခု ဧပြီလတွင် ရေးသားခဲ့လေသည်။

"ကျွန်မတို့ဟာ ဘယ်တော့မှ ဒတ်(ချ်)စစ်စစ်တွေ ဖြစ်မလာနိုင်သလို အင်္ဂလိပ်စစ်စစ်တွေလည်း ဖြစ်မလာပါဘူး"

❒ ခိုင်ဇော်(ဒဿန)

Ref; 2003 June ထုတ် R.D မဂ္ဂဇင်းမှ Richard Covington ၏ "Songbird Without Wings" ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နပိုလီယံနှင့် သူ၏ပေဒင်ဆရာ

## တော်မြှင့်(ဂုဏ်မျှား)



နပိုလီယံ ကေရာင်

ပြင်သစ် တော်လှန်ရေးကြီး မတိုင်မီ နှစ်အနည်းငယ် ကြာသော ကာလ ဖြစ်ပါသည်။ သာယာသောနေ့ တစ်နေ့တွင် ကော်ပိုရယ် ခေါ် တပ်ရယ် ခေါ် တပ်ကြပ်လူငယ်တစ်ဦးသည် ပဲရစ်မြို့ရှိ ဒီအယ်အာဖိုက်လမ်းတစ်လျှောက် မေးမြန်းရှာဖွေနေမိသည်။ သူက လိပ်စာ အတိုင်း တစ်အိမ်ချင်း ရှာဖွေပါသော်လည်း ရှာမတွေ့ဘဲ အချည်းနှီး ဖြစ်နေပါသည်။ နောက်ဆုံးတွင် အဆောက်အအုံအား သန့်ရှင်းရေးလုပ်ပေးရသော အလုပ်သမားတစ်ဦးနှင့် တွေ့ဆုံပါသည်။ ထိုလူက တပ်ကြပ်လူငယ်အား ကရုဏာ သက်သွားပုံပါသည်။

"ခင်ဗျား ဘယ်သူ့ကိုရှာနေတာလဲ " ဟု မေးပါသည်။

"ကျွန်တော်က အက်ဘီ (ဘုန်းတော်ကြီး) ဒီလာကလစ် ဆိုတဲ့ လူကြီး တစ်ယောက်ကို ရှာနေတာပါ" ဟု ကော်ပိုရယ်လေးက ဖြေသည်။

"အို. . . ဒါဆိုရင် နက္ခတ်တွေ တွက်ပြီး ကံကြမ္မာဖတ်တဲ့ အက်ဘီ ဖြစ်မယ်၊ ဒီကနေ တံခါးသုံးပေါက်ကျော်ရင် လှေကားအတိုင်း တက်သွားပါ၊ ဆဋ္ဌမ ထပ်မှာရှိတဲ့ အထပ်ခိုးပေါ်မှာ သူ့ကို တွေ့ရလိမ့်မယ်"

ကော်ပိုရယ်က ကျေးဇူးတင်ကြောင်းပြောပြီး သူရှာနေသော အိမ်ကို ဆက်သွားပါသည်။ ထို့နောက် ခနော်ခနဲ့ နိုင်လှသော လှေကားထစ်များကို နင်း၍ ဆဋ္ဌမထပ်အထိ တဖြည်းဖြည်း တက်သွားပါသည်။ အထပ်ခိုးပေါ် ရောက်သောအခါ တံခါးပွင့်လျက်ရှိသည်ကို တွေ့ရပါသည်။ အခန်းထဲတွင် ဖုန်ဖွေးရှည်လျားသော ဆံပင်များရှိပြီး ဘုန်းတော်ကြီးကဲ့သို့ ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦးကိုတွေ့ရပါသည်။ အဘိုးအို၏ အသွင်သဏ္ဌာန်မှာ နွမ်းပါးပုံရသော်လည်း တည်ကြည်ဖြောင့်မတ်ပုံရပါသည်။ သူသည် စားပွဲပေါ်ရှိ နက္ခတ္တဗေဒနည်းစနစ်ဖြင့် တွက်ချက်ထားသော ဇာတာတစ်စောင်ကို စူးစိုက်စွာလေ့လာနေပါသည်။

ကော်ပိုရယ်လေးသည် သူ့အိတ်ကပ်ထဲမှ ပိုက်ဆံများကိုထုတ်၍ရေတွက်ကြည့်ပါသည်။ ပါလာသမျှမှာ ပြင်သစ်နိုင်ငံသုံး ဒင်္ဂါးစေ့ဆယ်စေ့သာ ဖြစ်ပါသည်။ သူက ရှေ့ဖြစ်ဟောသူ ပေဒင်ဆရာစိတ်ကျေနပ်လောက်သည့်ပမာဏကို မေးနိုင်မည်မဟုတ်ဟု ခံစားမိပါသည်။ ထို့ကြောင့် စိတ်ပျက်ပျက်နှင့် လှည့်ထွက်ခဲ့ပါသည်။ သို့ရာတွင် သူ့ခြေထောက်က တံခါး၏ အောက်ခြေမှ ကျိုးပဲ့နေသော သစ်သားဘောင်နှင့် ခိုက်မိသွားပါသည်။

အသံလာရာဆီသို့ အက်ဘီက မော့ကြည့်လိုက်သည်။ သူက တစ်ခဏအတွင်းကြည့်သည်ကို အကဲခတ်လိုက်ပြီးနောက် လက်ဝှေ့ယမ်းပြလိုက်သည်။

"လူကလေးက အဘနဲ့ဆွေးနွေးဖို့ လာတာလား၊ ဆုတောင်းပဌနာပြုဖို့အတွက်လာတာလား"ဟုမေးလေသည်။

"ဆွေးနွေးချင်လို့ပါ" လူငယ်က ပြန်ဖြေပါသည်။

"ဒါပေမဲ့ ကျွန်တော့်မှာ ပိုက်ဆံ လုံလုံလောက်လောက်မပါလို့ လှည့်ပြန်တာပါ"

သို့ရာတွင် အက်ဘီက ညှိုးသည်၏ လူရည်လူသွေးကို သတိပြုမိသွားပါသည်။

"လူကလေးရဲ့ မျက်နှာပေါ်က တစ်စုံတစ်ရာကိုတော့ စိတ်ဝင်စားမိတယ်၊ ဝင်ခဲ့ပါ၊ ငွေကြေးဟာ အဘရဲ့ ဆုလာဘ် အမြဲတမ်း မဟုတ်ပါဘူး"

နှစ်ဦးသား စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ပြီးသောအခါ အက်ဘီသည် သူစစ်ဆေးနေသော ဇာတာကို ဘေးသို့ဖယ်လိုက်ပါသည်။ ထိုဇာတာမှာ အခြားမဟုတ်ပါ။ ပြင်သစ်နိုင်ငံတော်၏ ဇာတာပင် ဖြစ်ပါသည်။

"လူကလေးရဲ့လက်တွေကို ကြည့်ပါရစေဦး"ဟု အက်ဘီက ပြောပါသည်။





www.burmeseclassic.com

www.burmeseclassic.com




ရိတ်သိမ်းသူ

"ကံကြမ္မာဟာ ဂြိုဟ် နက္ခတ်တွေမှာ ပြဋ္ဌာန်းထားသလို လက်ဝါးပြင်မှာလဲ အမှတ်သင်္ကေတတွေ ရေးထားခဲ့တယ်"

ညာဘက်လက်ဝါးပြင်မှ အမှတ်အသားများကို စာရွက်ဖြူပေါ်တွင် မှတ်စု ရေးလိုက်ပါသည်။

ထို့နောက် လူငယ်ဘက်လှည့်ပြီး မွေးဖွားရာဒေသ၊ မွေးသက္ကရာဇ်နှင့် မွေးဖွားချိန် အနီးစပ်ဆုံး နာရီ၊ မိနစ် စသည်တို့ကို မေးပါသည်။

သူ၏ နာမည်ကို နပိုလီယံ ဗျူအိုနာပတ် "NAPOLEONE BUO-NAPARTE" ဟု ပေါင်းပြပါသည်။ သူက ကောဆီကာကျွန်းတွင် ၁၇၆၉ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်၊ နံနက် ၁၁ နာရီ မိနစ် ၃၀ ၌ မွေးဖွားကြောင်း ပြောပြပါသည်။

အက်ဘီသည် နက္ခတ္တဗေဒဆိုင်ရာ တွက်ချက်မှုများကို ကာဗလာ သင်္ကေတများ (KABALA SIGNS) အဖြစ် ပြောင်းလဲလိုက်ပါသည်။

ထို့နောက် သူက . . .

"ပထမဦးဆုံး လူကလေးရဲ့ နာမည် အီတလီစာလုံးပေါင်းကို ပြင်သစ်လို နပိုလီယံဘိုနာပတ် "NAPO-LEON BONAPARTE"လို့ ပြောင်းဖို့ အကြံပေးချင်တယ်၊ အဲဒါဆိုရင် ကာဗလာ သင်္ကေတအရ ရိတ်သိမ်းသူ (REAPER) ဖြစ်လာမယ်၊ ဒါမှလဲ မွေးနက္ခတ်နဲ့ အကျိုးသက်ရောက်မှုချင်း လိုက်လျောညီထွေဖြစ်လာမယ်၊ အဲဒီ သင်္ကေတဟာ သင်္ချာဗေဒအရ ဂဏန်း (၁၃)ကို ကိုယ်စားပြုတယ်၊

(၁၃) ဂဏန်းရဲ့ နိမိတ်ပုံဟာ လူသားတွေကို တံစဉ်နဲ့ ရိတ်သိမ်းနေတဲ့ သေမင်းပဲ၊ ပြုပြင်ပြောင်းလဲခြင်းနဲ့ ချေမှုန်းခြင်းကို အောင်မြင်စေတဲ့ အမှတ်အသားသင်္ကေတပဲ၊ ဒါပေမဲ့ အဲဒီစွမ်းအားကို မှားမှားယွင်းယွင်း တလွဲသုံးမယ်ဆိုရင်တော့ ကာယကံရှင် ကိုယ်တိုင်ပြိုလဲ ပျက်စီးစေနိုင်တယ်" ဟု ပြောပါသည်။

"ကဲ၊ နာမည်ပြောင်းမယ်မဟုတ်လား" ဟု အက်ဘီက တစ်ဆက်တည်း မေးပါသည်။

"ဟုတ်ကဲ့ ခင်ဗျာ" လူငယ်က ပြောသည်။

"ခုချိန်ကစပြီး ပြောင်းပါ့မယ်"

"လူကလေးဟာ ကျွန်းကလေး တစ်ကျွန်းပေါ်မှာ မွေးတယ်" အက်ဘီက ဆက်ဟောပြန်သည်။

"ပြီးတော့ လူကလေးရဲ့ကံကြမ္မာ အလိုအရလဲ မွေးရပ်မြေနဲ့ အလွန်ဝေးတဲ့ ကျွန်းလေးတစ်ကျွန်းပေါ်မှာပဲ သေဆုံးရလိမ့်မယ်၊ အဘရဲ့ အာရုံထဲမှာတော့ ပင်လယ်ပြင်မှာကျောက်ဆောင်ကလေး တစ်ခုလိုပဲ မြင်နေတယ်၊ အဲဒီ မွေးဖွားခြင်းနဲ့ သေခြင်းအကြား လူ့ဘဝမှာတော့ ရည်မှန်းချက် ကြီးမားတဲ့အလျောက် ဩဇာအာဏာ ပြည့်စုံပြီး အမြင့်ဆုံး ပန်းတိုင်ကို ရောက်လိမ့်မယ်၊ အခုချိန်ကနေ နောက် လေးနှစ်ကြာရင် လူကလေးဟာ ကော်ပိုရယ်ဘဝကကျော်ပြီး တပ်မဟာကြီးတွေကို အုပ်ချုပ်ကွပ်ကဲရတဲ့ အဆင့်ကို ရောက်လိမ့်မယ်၊ အသက် (၂၇)နှစ်မှာတော့ မဖြစ်မနေ ကြိုးစားမှုတွေကြောင့် ဘဝမှာ ထူးခြားတဲ့ ပြောင်းလဲမှုကြီး ဖြစ်လာလိမ့်မယ်၊

၁၈၀၀ ပြည့်နှစ်ကို သင်္ချာဗေဒအရ တစ်လုံးတည်းရအောင် ပေါင်းရင် ကိုးဂဏန်းရတယ်၊ အဲဒီဂဏန်းဟာ အင်္ဂါဂြိုဟ်ကို ကိုယ်စားပြုတယ်၊ ဇာတာမှာ ကြာသပတေးဂြိုဟ်ပြီးရင် ဒုတိယ အားအရှိဆုံးဂြိုဟ်ပဲ၊ ဒါကြောင့် အဲဒီကာလ ရောက်ရင် မိမိကြိုးစားအားထုတ်မှုနဲ့ ဩဇာအာဏာ တည်ဆောက်နိုင်မယ်၊ အဲဒီကာလနောက်ပိုင်းမှာ လူကလေး မမီတဲ့အမြင့်ဆိုတာ မရှိတော့ဘူး၊

ဒါပေမဲ့ လူကလေးရဲ့ နာမည် ဂဏန်း (၁၃) ကိုတော့ သတိပြုရမယ်၊ စွမ်းအားတွေကို တလွဲသုံးရင်တော့ ကာယကံရှင်ကို လျှော့ကျပျက်စီးစေနိုင်တယ်"

အက်ဘီ ဟောပြောချက်များ မှန်ခဲ့ပါသည်။ အသက်(၂၇)နှစ်အရွယ်တွင် မိမိကံဇာတာကို အကျိုးပေးသည်ဟုဆိုရလောက်သော မင်းသမီး ဂျိုဆက်မင်းနှင့် လက်ထပ်ခဲ့ပါသည်။ ၁၈၀၀ ပြည့်နှစ်တွင် သူသည် အာဏာရှင် တစ်ဦးနှင့်ညီမျှသော ကောင်စီအဓိပတိ ဖြစ်လာပါသည်။ ၎င်းနောက် ဧကရာဇ်ဘုရင် ဖြစ်လာပါသည်။

နပိုလီယံသည် ဧကရာဇ်ဘုရင် ဖြစ်လာသောအခါ ရာဇဝင်မှတ်တမ်းဝင်သော လုပ်ဆောင်ချက် တစ်ခုမှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော အက်ဘီကို တွေ့အောင်ရှာခဲ့ပါသည်။ ထို့နောက် ဗာဆေးလက်စ် မြို့တော်ဝင်ရပ်ကွက်တွင် အိမ်ကြီးအိမ်ကောင်း တစ်လုံး ဆောက်လုပ်ပေးခဲ့ပြီး အက်ဘီ၏နောက်ဆုံးနေ့ရက်အထိ ပင်စင်ခေါ် အငြိမ်းစားလစာငွေ ပေးခဲ့ပါသည်။

သို့ရာတွင် အက်ဘီ၏ ဘဝနောက်ဆုံးမြင်ကွင်းမှာ သောကပွေစရာ ဖြစ်ပြီး အလွန်စာနာ သနားစရာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ၁၈၁၄ ခုနှစ်တွင် နပိုလီယံ၏ ဇာတာကို စစ်ဆေးကြည့်သော အခါ လာမည့် ဇွန်လနောက်ပိုင်းတွင် နပိုလီယံ၏ ကျဆုံးကိန်းကို ကြိုတင်သိမြင်ခဲ့ပါသည်။

ချက်ချင်းပင် အက်ဘီသည် သူ့အား ကျေးဇူးပြုခဲ့သူအား သွားရောက်တွေ့ဆုံရန် ကြိုးပမ်းပါတော့သည်။

၁၈၁၄ ခုနှစ်အတွင်း နပိုလီယံ ရပ်နားခဲ့သော စစ်စခန်း တစ်ခုချင်းကို ကျော်ဖြတ်ပြီး နပိုလီယံ၏ စစ်တပ်နောက်သို့ ခြေကျင်ခရီးဖြင့် အမီလိုက်ခဲ့ပါသည်။ အခြေအနေမှာ မျှော်လင့်ချက် နည်းပါးလွန်းသော်လည်း နပိုလီယံအား နောက်ဆုံးအကြိမ် သတိပေးနိုင်ရန် စွန့်စွန့်စားစား ဆက်လက်သွားခဲ့ပါသည်။

ဇွန်လ၊ ၁၄ ရက်တွင် ဖြစ်ပွားသော ဝါးတားလူးစစ်ပွဲမတိုင်မီ ညတွင် သူသည် ဧကရာဇ်ဘုရင်၏ စစ်စခန်းသို့ ရောက်ရှိခဲ့ပါသည်။

သို့ရာတွင် နပိုလီယံ၏ သက်တော်စောင့်များက သူ့အားတားမြစ်ခဲ့ပြီး အရူးတစ်ယောက် အထင်ဖြင့် သူ့အား မောင်းထုတ်ခဲ့ကြပါသည်။

ရက်အနည်းငယ် ကြာသောအခါ နပိုလီယံ စစ်ရှုံး၍ ပဲရစ်သို့ ဆုတ်ခွာလာစဉ် အလွန်အိုမင်းရင့်ရော်နေပြီဖြစ်သော အက်ဘီအလောင်းကို စစ်မြေပြင်အနီး ကျင်းတစ်ကျင်းထဲတွင် တွေ့လိုက်ရပါသည်။

သူ့လက်ထဲတွင်မူ စာရွက်လိပ်တစ်လိပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲ ဖြစ်ပါသည်။

ထိုစာလိပ်မှာ သူ့အသစ် တွက်ချက်ထားသော သူ့ကျေးဇူးရှင် နပိုလီယံ၏ ဇာတာပင် ဖြစ်ပေတော့သည်။

❒ တော်မြိုင် (ဖြတ်ဖျား)

## ရတနာကပေးနိုင်သော သိဒ္ဓိစွမ်းအားများ

**ရတနာတို့၏သိဒ္ဓိစွမ်းအား**

အမိ ပထဝီမြေကြီးထဲမှ တူးဖော်ရရှိသော ကျောက်မျက်ရတနာများ၌ လွန်စွာထူးခြားပြီး မမြင်မတွေ့နိုင်သည့် သိဒ္ဓိစွမ်းအား ဂုဏ်သတ္တိ တန်ခိုးများ ရှိနေသည်ဟူသော ယုံကြည်မှု အယူအဆများကို ခေတ်အဆက်ဆက်က လူသားတိုင်း၏ ဝိညာဉ်နှလုံးသားထဲ အစဉ်ထာဝရ နက်နက်ရှိုင်းရှိုင်း စွဲမြဲခဲ့ယူလျက်ရှိ၏။ ထို့ပြင် လူသားတို့၏ အမြတ်နိုးဆုံးပစ္စည်း ရတနာလည်း ဖြစ်သည်။

သို့ဖြစ်၍ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၊ ဘဝဇာတ်ခုံအမျိုးမျိုး၌ လှုပ်ရှားနေကြသူများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးလောကသားများ၊ စစ်ဘက်နယ်ဘက်နှင့် နိုင်ငံ့ဝန်ထမ်းများ၊ နယ်မြေပေါင်းစုံမှ ထင်ရှားသော ပုဂ္ဂိုလ်များ၊ ရှုထောင့်စုံမှ သာမန်လက်လုပ်လက်စား အစရှိသော အယုတ် အလတ် အမြတ် မရွေးလူသားအားလုံးတို့သည် ကျောက်ရတနာ တစ်မျိုးမျိုးကို ယုံကြည်မှု၏ အတွင်းစိတ်သန္တာန်ဖြင့် ဆောင်ထားကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီးဖြစ်၏။ လူသားတည်ရှိသမျှ ဆက်လက်ဆောင်ထားကြဦးမည်မှာ မလွဲပါ။

ကျောက်မျက်ရတနာများကို လူသားတို့က အလှအပ လက်ဝတ်ရတနာအဖြစ်လည်းကောင်း၊ ကျော်စောကီတ္တိအတွက် လည်းကောင်း၊ လူချစ်လူခင်ပေါများစေရန် ပိယသိဒ္ဓိအဖြစ်နှင့်လည်းကောင်း၊ မကောင်းသောဘေးအန္တရာယ် အတားအဆီးအနှောင့်အယှက်မှ ကင်းဝေးလွတ်ငြိမ်းစေရေးအတွက် လည်းကောင်း၊ စီးပွားဥစ္စာ လာဘ်သပ်ပကာရပေါများစေရေးအတွက်လည်းကောင်း၊ ဝတ်ဆင်ဆောင်ထားလေ့ ရှိကြ၏။

**ရတနာဝတ်ဆင်ခြင်း**

ရတနာဝတ်ဆင်ခြင်း ဓလေ့သည် ရှေးဘီစီ ၅၀၀၀ ခန့်ကတည်းက စတင်ထွန်းကားလာခဲ့ခြင်း ဖြစ်သည်ဟူ၏။ အနောက်တိုင်းနိုင်ငံများတွင် စိန်သည် ရတနာတို့၏ဘုရင်ဖြစ်ပြီး အရှေ့တိုင်းနိုင်ငံများတွင်မူ ပတ္တမြားသည် ရတနာအားလုံးတို့၏ မကိုဋ်သရဖူ ဖြစ်သည်။ မြန်မာလူမျိုးတို့ အမြတ်နိုးဆုံး ဝတ်ဆင်ကြသော ရတနာများသည် ရှေးအိန္ဒိယနိုင်ငံမှ ဆင်းသက်လာသော အယူအဆဖြစ်သည့် နဝရတ်လက်စွပ်တွင် ပါဝင်သော အမိပတိ ရတနာကိုးပါး ဖြစ်၏။ ရှေးခေတ် အိန္ဒိယနိုင်ငံဘုရင်များလည်း ဝတ်ဆင်ခဲ့ကြသည်။

အမိပတိ ရတနာကိုးပါးတို့မှာ - ၁။ ပတ္တမြား-ဘုန်းတောက် ၂။ မြကျောက်-အေးချမ်း ၃။ စိန်စွမ်း-ဂုဏ်ရောင် ၄။ ကြောင်ကား-သိဒ္ဓိ ၅။ မဏိနီလာ-မေတ္တာကံချုပ် ၆။ ဂေါ်မုတ်-ခွန်အား ၇။ ဥဿဖရား-ကျန်းမာ ၈။ သန္တာ-ကြီးကဲ ၉။ ပုလဲ-ကျက်သရေ ကိုးဂုဏ်ဝေသည် ဟူ၍ ဖြစ်လေသည်။

ယင်းရတနာများထဲတွင် စိန်ဖြူသည် အလုံးစုံသော သိဒ္ဓိစွမ်းအားကို ပေးနိုင်သည်။ စိန်နီသည် ရောဂါဘယများမှ ကင်းဝေးစေနိုင်သည်။ စိန်ဝါသည် ဉစ္စာဓနကို တိုးပွားစေနိုင်သည်။ စိန်နက်သည် အရွယ်ကို ကျန်းမာနုပျို ခိုင်မြဲစေနိုင်သည်။ မည်သည့်စိန်မျိုးဖြစ်စေ အထက်ပါ ကောင်းကျိုးများကို ပေးစွမ်းနိုင်ပါသည်။

➔➔



www.burmeseclassic.com

www.burmeseclassic.com

# ရတနာကာကပေးနိုင်သော
# သိဒ္ဓိစွမ်းအားများ

**အောင်တုန်းမြင့်(ကချင်မြေ)**



ပုလဲ သည် လဂ္ဂဏ်ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံခညောင်းစေနိုင်သည်။ စိတ်နှလုံးကို ပျော်ရွှင်ချမ်းမြေ့စေနိုင်သည်။ အရောင်အဆင်းကို လှပတင့်တယ်စေနိုင်ပြီး အမျိုးမျိုးသော ရောဂါဘယတို့မှ ကင်းပစေနိုင်သည်။

မြကျောက် သည် ဘဝကို သာယာအေးချမ်းစေနိုင်၏။ အပူသောကများကို ငြိမ်းအေးစေနိုင်ပြီး စိတ်နှလုံးချမ်းမြေ့စေနိုင်၏။ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းစေပြီး ဩဇာအာဏာကို တိုးပွားစေ၏။ ကောင်းကျိုးချမ်းသာများကို ဖြစ်စေနိုင်သည်။

ကြောင်ကျောက်. . သည် အတတ်ပညာ၊အသိပညာ တိုးပွားစေပြီး လောကီ၊ လောကုတ္တရာ ပညာများကိုရရှိစေနိုင်၏။ဝိဇ္ဇာပညာရပ်များကို ပွားစေနိုင်ပြီး သိဒ္ဓိစွမ်းအားများကို ရရှိစေနိုင်၏။ ကြောင်ကျောက်ကို ဝတ်ဆင်ထား၍ ဝိပဿနာ သမထတရားများ ကျင့်ကြံအားထုတ်လျှင် ဉာဏ်စဉ်ပွင့်၍ တရားထူး ရလွယ်စေနိုင်သည်။

ဂေါမိတ် သည် ကျန်းမာပြီး ခွန်အား ကြီးမားစေနိုင်၏။ နုပျိုကာ အရွယ်တင်စေ၍ အသက်ကို ရှည်စေနိုင်၏။ နှုတ်ကိုမြိန်စေ၍ အစာကို ကြေလွယ်စေနိုင်၏။ သလိပ် သည်းခြေနာကို နိုင်၏။ ကိုယ်ရေကိုယ်ဝါကို ကောင်းစေပြီး အသားအရေများကို နုပျိုလှပစေ၏။

ပတ္တမြား သည် ဘုန်းကျက်သရေ ထွန်းတောက်စေနိုင်ပြီး ရန်သူအပေါင်းတို့ကို ချေမှုန်းအောင်မြင်စေနိုင်သည်။ အလုံးစုံသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံစေပြီး လုံ့လစွမ်းအားကို တိုးပွားစေနိုင်ပါသည်။

နီလာ သည် ရတနာအပေါင်းတို့၏အချုပ် မိခင်ရတနာဖြစ်ပြီး မေတ္တာဓာတ်ကို ခိုင်မြဲအမွှန်ရှည်စေနိုင်သည်။ နှန်းစကို တိုစေနိုင်ပြီး ချစ်စကို ရှည်စေနိုင်သည်။ အချစ်မေတ္တာ ပေါင်းကူးတံတား ဖြစ်စေနိုင်ပါသည်။

ဥဿဖရား သည် ဝမ်းမီးကို တောက်စေပြီး အစာကို ကြေလွယ်စေနိုင်သည်။ အားနှင့်လုံ့လကို တိုးပွားစေနိုင်သည်။ အရွယ်တင်စေပြီး နုပျိုကျန်းမာ အသက်ရှည်စေနိုင်သည်။ ဇွဖေါးသော ရောဂါအပေါင်းတို့မှ ကာကွယ်ပေးနိုင်သည်။

သန္တာ သည် မြင့်မြတ်သော အကြီးအကဲဖြစ်စေနိုင်ပြီး ရာထူးဌာနန္တရ တိုးတက်ခိုင်မြဲစေနိုင်သည်။ ရောက်ရာအရပ်၌ လူချစ်လူခင် ပေါများစေပြီး အကြီးအမှူးဖြစ်စေနိုင်သည်။ ရှူးသွပ်နာ၊ အဆီခဲနာများမှ ကင်းစေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပျက်သောလေကို ငြိမ်းစေပြီး လုံ့လနှင့် ခွန်အားကို တိုးပွားစေနိုင်သည်။

နဝရတ်ကိုးပါးတွင် မပါဝင်သော်လည်း မြန်မာလူမျိုးတို့ နှစ်သက်မြတ်နိုးအသုံးများသော ကျောက်မျက်များမှာ ၁။ ကျောက်စိမ်း ၂။ မဟူရာကျောက် ၃။ ပယင်းကျောက် ၄။ သလင်းကျောက် ၅။ အညှံ့ပန်းကျောက်များ ဖြစ်လေ၏။ နဝရတ်ကိုးပါးကျောက်များကဲ့သို့ အသုံးများသောကျောက် ဖြစ်သည်။

**ကျောက်စိမ်း** သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေနိုင်သော မင်္ဂလာအဆောင်အယောင်ပစ္စည်း ဖြစ်လေ၏။ ဝတ်ဆင်သူများကို အလှကြွယ် ပန်သင့်စေနိုင်ပြီး မင်္ဂလာရှိစေနိုင်၏။ တရုတ်လူမျိုးတို့၏ အမြတ်ငါးပါး ရတနာလည်း ဖြစ်၏။ အကျိုးစီးပွားဝင်စေနိုင်သော ကျောက်လည်း ဖြစ်သည်။

**မဟူရာ**သည် အဆိပ်အပင်းကို အလွန်နိုင်သောကျောက် ဖြစ်၏။ စုန်း၊ အောက်လမ်းမိစ္ဆာ၊ နာနာဘာဝ၊ ဝိနာဘာဝ၊ အန္တရာယ်အယှက်ရန်မှ ကာကွယ်ပေးနိုင်၏။ မကောင်းသော အင်းတိုက်၊ နတ်တိုက်၊ စမတိုက်၊ ဂါထာမန္တန်တိုက်နှင့် ဘူးသွင်း ဘေးသွင်းအတိုက်အခိုက်ရန်အပေါင်းမှ လွတ်ငြိမ်းစေနိုင်ပါသည်။

**ပယင်းကျောက်** များသည် သက်ရှိရုပ်ကြွင်းများမှ သန္ဓေတည်လာသော ကျောက်မျိုးဖြစ်သည်။ သက်ရှိရုပ်ကြွင်းများနှင့် သစ်ပင်တို့မှ ထွက်သော အစေးများနှင့် အမြုတေပြု၍ ကျောက်မျက်တန်းဝင် ရတနာတစ်ပါး ဖြစ်လာသည့်OGANICအသွင်ပြောင်းကျောက် ဖြစ်၏။ မဟူရာဖလား ခေါ် OPAL ရွှဲကျောက်မျိုးနှင့် ခပ်ဆင်ဆင်တူပြီး အင်္ဂလိပ်ဘာသာဖြင့် AMBERဟူသော အမည်နှင့် ရောင်းဝယ်ကြသည်။

မြန်မာနိုင်ငံ ကချင်ပြည်နယ် ဟူးကောင်းတောင်တွင် ပယင်းအမြောက်အမြားတူးဖော်ရရှိနိုင်ပြီး မြန်မာ့ပယင်းကို ကမ္ဘာ့ ရတနာဈေးကွက်များတွင် BURMITE ဘားမိုက် ဟူသောအမည်နှင့် လူသိများလာကြလေ၏။ အရောင်မျိုးစုံရှိသော်လည်း ရွှေရောင်၊ နီညိုရောင်နှင့်အဝါရောင်များသည် လူကြိုက်များပြီး ဈေးကွက်ထဲတွင် အနုတ်အသိမ်းအများဆုံးဖြစ်၏။ ဆေးဝါးအဖြစ်နှင့် အဆောင်လက်ဖွဲ့အဖြစ် အများဆုံးအသုံးပြုကြသည်။

ပယင်းကျောက်သည် ဆေးစွမ်းထက်သော ရတနာဖြစ်ပြီး မျက်စိရောဂါ၊ အိပ်မပျော်ဝေဒနာ၊ စိတ္တဇစွဲရောဂါများကို ကုစားပေးနိုင်၏။ မကောင်းသော စုန်း၊ အောက်လမ်း၊ ပယောဂများကို ဖယ်ရှားပေးနိုင်၏။ အစွမ်းထက်သော ရှုဆေးအဖြစ် ဖော်ထုတ်အသုံးပြုနိုင်၏။ ဆံပင်သန်ဆေးပေါက်ဆေးအဖြစ်အသုံးပြုကြပြီး အလွန်အဖိုးထိုက်တန်သော မင်းခမ်းမင်းနားသုံး အမွှေးဆီ၊ အမွှေးတိုင်များပြုလုပ်၍ ဂုဏ်ယူအသုံးပြုတတ်ကြသည်။

ရှေးက မင်းဧကရာဇ်တို့သည် ပယင်းကျောက်များကို လက်ဝတ်လက်စား၊ နားတောင်းရတနာ၊ နန်းစဉ်ပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြ၏။ ယခုခေတ်တိုင်အောင် ကချင်နှင့် အခြားတိုင်းရင်းသားများ၏ အမြတ်ရတနာ ဖြစ်သည်။

**သလင်းကျောက်** များသည် SILICON DIOXIDE ဆီလီကွန်ဒိုင်အောက်ဆိုဒ် ဖြစ်လေ၏။ သလင်းဖြူများသည် ဂရိဘာသာစကား KRYSTALLOS မှ ဆင်းသက်လာပြီး CRYSTAL ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ခြင်း ဖြစ်၏။ သလင်းကျောက်မျက်များတွင် အရောင်မျိုးစုံရှိပြီး တစ်ရောင်ကို အမည်တစ်မျိုးဖြင့် မှည့်ခေါ် ဆိုကြ၏။

သလင်းကျောက် များသည် အစိမ်းတစ္ဆေ စုန်းကဝေ မကောင်းသော နာနာဘာဝများကို အလွန်နိုင်သဖြင့် အဆောင်လက်ဖွဲ့များအဖြစ် အသုံးပြုကြ၏။ သွေးမသန့်သောရောဂါ၊ အပူနှင့် ပတ်သက်သည့်ရောဂါ၊ စိတ်နှင့်သက်ဆိုင်သောရောဂါဝေဒနာ၊ ကိုယ်တွင်း ကိုယ်ပ ရောဂါအမျိုးမျိုးကို ကင်းဝေ[illegible] နိုင်၏။ ပယောဂ အတိုက်အခိုက်များ[illegible] ကာကွယ်ပေးနိုင်ပြီး ထုံကျဉ်ကိုက်ခဲ[illegible] အဆစ်အမြစ်နာ၊ ဖောရောင်နာများ[illegible] သက်သာပျောက်ကင်းစေနိုင်သည်။

**အညှံ့ပန်းကျောက်** များသည် လက်ဝတ်ရတနာအဖြစ်လည်းကောင်း၊ ကျန်းမာရေးအတွက် ဆေးဓာတ်ပစ္စည်း အဖြစ်လည်းကောင်း၊ မကောင်းသော ဘေးဘယာအမျိုးမျိုးမှ ကာကွယ်ပေးနိုင်[illegible] သော အဆောင်အဖြစ်လည်းကောင်း[illegible] အလွန်အသုံးတည့်လှ၏။ ဝတ်ဆင်ထား[illegible] သူများကို လှပ ပန်သင့်စေပြီး ကျန်းမာ[illegible] နုပျို အသက်ရှည်စေနိုင်၏။ အညှံ့ပန်း[illegible] ကျောက်များသည် နတ်သွေးကျောက်[illegible] ဖြစ်သဖြင့် အဆောင်ကောင်းကျောက်[illegible] ဖြစ်လေသည်။

သို့ဖြစ်၍ လူသားတို့သည် မိမိ[illegible] နှစ်သက်သော လှရာရာ ကျောက်မျက်[illegible] ရတနာ တစ်မျိုးမျိုးကို နေ့ကိုက် နံကိုက်[illegible] ဝတ်ဆင်ထားကြခြင်းဖြင့် အမျိုးမျိုး[illegible] အထူးထူးသော ကောင်းကျိုးများနှင့် ပြည့်စုံစေနိုင်မည် ဖြစ်ပါသည်။

**နဝရတ်လက်စွပ်ဝတ်ဆင်ခြင်း**

NINE DEAREST STON[illegible] ခေါ် နဝရတ်ကိုးပါးဝင် ကျောက်မျက်[illegible] ရတနာတို့သည်ကျောက်မျက်တစ်ခုချင်း[illegible] ၏ သိဒ္ဓိတန်ခိုး စွမ်းအားများ စုစည်း[illegible] ပေါင်းစပ်ပါဝင်နေသောကြောင့် အလွ[illegible] ကြီးမားသော ဣဒ္ဓိပါဒ်ဂုဏ်သတ္တိထူး[illegible] ဖြစ်စေ၏။

သို့ဖြစ်၍ ရတနာကိုးပါးတို့[illegible] နည်းလမ်းနှင့်အညီ စီရင်ပြုလုပ်ထား[illegible] သော NINE PRECIOUS RING ခေါ်[illegible] နဝရတ်လက်စွပ်ကို ခုနစ်ရက်သားသမီး[illegible] မည်သူမဆို ဝတ်ဆင်ဆောင်ထား[illegible] ခြင်းဖြင့် အလိုဆန္ဒမှန်သမျှ ပြည့်ဝ[illegible] နိုင်၏။

မကောင်းသော ရောဂါ[illegible] အန္တရာယ်ဆိုးကျိုးများ ကင်းဝေ[illegible] ကောင်းသော သုခချမ်းသာများ[illegible] ပြည့်စုံစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နဝရတ်လက်စွပ်ကို ဝတ်ဆင်သောအခါ မဟာရက်မြတ်ရာဇာ မင်္ဂလာအခါကောင်း ရွေးချယ်၍ အနန္တော အနန္တငါးပါးကို ပဏာမပြု ရှိခိုးပူဇော် ကန်တော့ပြီးမှ မြကျောက်ကို အတွင်းဘက်၊ စိန်ကို အပြင်ထား၍ ဝတ်ဆင်ရမည်။

ထိုသို့ မြင့်မြတ်သော ရတနာကိုးပါးဖြင့် စီရင်အပ်သော နဝရတ် လက်စွပ်ကို ယုံယုံကြည်ကြည် ကိုယ်နှင့်မခွာ ဝတ်ဆင်ထားပါက မင်္ဂလာရှိစေခြင်း၊ ကျက်သရေရှိစေခြင်း၊ အသက်ရှည်ကျန်းမာ ခွန်အားကြီးစေခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းစေခြင်းများကို ဖြစ်စေပြီး လူချစ် နတ်ချစ်စေနိုင်သည်။

နဝရတ်လက်စွပ် ဝတ်ဆင်ထားပါက မသန့်သောပစ္စည်းများကို မကိုင်တွယ်မိရန်နှင့် မသန့်ရှင်းသောနေရာ ကြိုးတန်းဝါးတန်းများအောက် လျှိုသွားငုံ့သွားခြင်းများကို ရှောင်ကြဉ်ရမည်။ မသန့်သော၊ သနသော နေရာများတွင် မနေမိရန် သတိထားရမည်။ နဝရတ်လက်စွပ်ကိုအသုံးမလိုသည့်အခါ ဘုရားစင်တွင် ကလပ်ခွက်နှင့် ပူဇော်ထားပြီး သိဒ္ဓိတင်ပေးရမည်။ မကြာခဏ တရော်ကင်ပွန်းများနှင့် ဆေးကြောသန့်စင်ပေးရပါမည်။

နဝရတ်လက်စွပ်ကို ယောကျ်ားဘယ်ညာဝတ်ဆင်နိုင်ပြီး မိန်းမများ လက်ယာဘက်တွင် ဝတ်ဆင်ထားရမည်။ ကိုယ်လက်မသန့်ရှင်းသည့်အခါများတွင် မဝတ်ဆင်ဘဲ ခေတ္တသိမ်းဆည်းထားသင့်ပါသည်။

အနောက်တိုင်းများတွင် ရတနာခုနစ်ပါးဖြင့် စီရင်ဝတ်ဆင်ကြ၏။ ယင်းရတနာခုနစ်ပါးကို့မှာ ၁။ စိန် ၂။ ပတ္တမြား ၃။ မြကျောက် ၄။ ဂေါ်မိတ် ၅။ မဏိနီလာ ၆။ ဥဿဖရား ၇။ ကြောင်ကျောက် ဟူ၍ ခုနစ်ပါး ဖြစ်လေ၏။ လက်စွပ်နှင့် အထည်အလှ ဒီဇိုင်းအမျိုးမျိုး ပြုလုပ် ဝတ်ဆင်ကြ၏။ ယင်းကို DEAREST SEVEN ဟုခေါ်ကြသည်။

**နေ့နံနှင့် ဝတ်ဆင်ခြင်း**

ကျောက်မျက် ရတနာများကို နေ့နံအလိုက် ရွေးချယ်ဝတ်ဆင်ကြခြင်းဖြင့် ကောင်းကျိုးထူးစေနိုင်ပါသည်။ ထိုသို့ရွေးချယ်ဝတ်ဆင်ကြရာ၌ အရှေ့တိုင်း အယူအဆနှင့် အနောက်တိုင်း အယူအဆ အနည်းအကျဉ်းမတူ ကွဲပြားမှု ရှိကတ်၏။ လူမျိုး တစ်မျိုးနှင့် တစ်မျိုးလည်း ခြားနားမှုရှိကတ်ပါသည်။

မြန်မာ့လောကီပညာရှင်တို့၏ နေ့နံအလိုက် ဝတ်ဆင်ဆောင်ထားရမည့် ရတနာများမှာ တနင်္ဂနွေသားသမီး ပတ္တမြား၊တနင်္လာသားသမီး ပုလဲ၊ အင်္ဂါသားသမီး အနီရောင် သန္တာ၊ ဗုဒ္ဓဟူးသားသမီး အစိမ်းရောင် မြကျောက်၊ ကြာသပတေးသားသမီး ဥဿဖရား ကျောက်၊သောကြာသားသမီး အကြည်ရောင်စိန်၊ စနေသားသမီး အပြာရောင် နီလာ၊ ရာဟုသားသမီး ဂေါ်မိတ်၊ ကိတ်သားသမီးအတွက် ကြောင်ကျောက် ဟူ၍ ဖြစ်လေသည်။

အနောက်တိုင်း ပညာရှင်တို့၏ အယူအဆ ယုံကြည်မှုမှာ . . .

တနင်္ဂနွေသားသမီးများ အတွက် နေကျောက် SUNSTONE၊ တနင်္လာအတွက် အကြည်ရောင်သလင်းROCK CRYST၊ အင်္ဂါအတွက် သွေးကျောက် BLOOD STONE (သို့) နီလာဂေါ်ကြိုး STAR SAPPHIRE၊ ဗုဒ္ဓဟူးအတွက် ခရမ်းစွဲကျောက် AMETHYST (သို့) ပတ္တမြားဂေါ်ကြိုး STAR RUBY၊ ကြာသပတေးအတွက်ကာနေလီယံကျောက် CARNELIAN (သို့) ကြောင်ကျောက် CAT' EYE၊ သောကြာအတွက် မြကျောက် EMERALD (သို့) သုံးပန်လှ ALEXANDRITE၊ စနေအတွက် တားကွိုက်(စ်) TURQUOISE (သို့) လာဗရာဒိုလိုက် LABRADORITE ဟူ၍ ဖြစ်လေ၏။ အနောက်တိုင်းလောကီ အယူအဆ၌ ရာဟုနှင့် ကိတ်ဂြိုဟ်ကို ထည့်သွင်းအသုံးပြုခြင်း မပြုလုပ်ကြပါ ပယ်၏။

**လအလိုက်ဝတ်ဆင်ခြင်း**

လနှင့်ရာသီအလိုက် ရတနာ ဝတ်ဆင်ရလျှင် တန်ခူး မိဿရာသီ အနီရောင် သန္တာ၊ ကဆုန် ပြိဿရာသီ စိန်၊ နယုန် မေထုန်ရာသီ အစိမ်းရည် မြကျောက်၊ ဝါဆို ကရကဋ်ရာသီ ပုလဲ (သို့) ကျောက်စိမ်း၊ ဝါခေါင် သိဟ်ရာသီ ပတ္တမြား၊ တော်သလင်း ကန်ရာသီ စိမ်းပြာရောင်မြ (သို့) စိမ်းပြာရောင် နီလာ၊ သီတင်းကျွတ် တူရာသီ အဖြူရောင် သလင်းကျောက်၊ တန်ဆောင်မုန်း ဗြိစ္ဆာရာသီ အနီရောင် ဥဒေါင်း (ပဒဲကျောက်)၊ နတ်တော်လ မနုဿရာသီ ဥဿဖရား (သို့) အဝါရောင်ကျောက်၊ ပြာသို မကာရရာသီ ကုမ္ဘနီလာ (သို့) နီလာအပြာရင့်ရောင်၊ တပေါင်းလ မိန်ရာသီ အဖြူရောင်နီလာ ဟူ၍ အရှေ့တိုင်း လောကီပညာရှင်များက သတ်မှတ်ပေးထားကြသည်။

ကမ္ဘာသုံး ပြက္ခဒိန်လနှင့်အညီ အကျိုးပေးရတနာဝတ်ဆင်ရလျှင် (စနစ်သစ်) ဇန်နဝါရီလ GARNET ဥဒေါင်းကျောက်၊ ဖေဖော်ဝါရီလ AMETHYST ခရမ်းစွဲကျောက်၊ မတ်လ AQUAMARINE စိမ်းပြာရောင်ကျောက် (သလင်းစိမ်းပြာ)၊ ဧပြီလ DIAMOND စိန်၊ မေလ EMRALD မြကျောက်၊ ဇွန်လ PEARL ပုလဲ၊ ဇူလိုင်လ RUBY ပတ္တမြား၊ ဩဂုတ်လ PERIDOTပြောင်ခေါင်စိမ်းကျောက်၊ စက်တင်ဘာလ SAPPHIRE နီလာပြာ၊ အောက်တိုဘာလ OPAL ရောင်စုံအိုပယ်ကျောက်၊ နိုဝင်ဘာလTOPAZဥဿဖရားကျောက်၊ ဒီဇင်ဘာလTURQUOISE တားကွိုက်ကျောက်(သို့) ZIRCON ဂေါ်မိတ် အစရှိသော ရတနာများ ဖြစ်လေသည်။

ခုနစ်ရက် သားသမီးများသည် မိမိတို့ မွေးနေ့၊ မွေးလနှင့်အညီ အကျိုးဖြစ်ထွန်းစေနိုင်မည့် ရတနာတစ်မျိုးမျိုးကို ရွေးချယ်ဝတ်ဆင်နိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

❒ အောင်ထွန်းမြင့်(ကချင်မြေ)




www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကျကမ္ဘာ

## နေရောင်ခြည်အောက်က ဗုဒ္ဓပူဇနိယပွဲတော်



လွန်ခဲ့သည့်နှစ် ၂၅၀၀ ကျော်က ပွင့်တော်မူသော ဂေါတမဗုဒ္ဓ၏ သာသနာတော်သည် ကမ္ဘာတစ်လွှား ပျံ့နှံ့ထင်ရှားစေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်မြောက်ဘက်ကုန်းမြင့်ဒေသသည် မဟာယာန ဗုဒ္ဓသာသနာ ထွန်းကားပြီး ဗုဒ္ဓ၏ကျင့်စဉ်ကို လိုက်နာဆောင်ရွက်ခြင်း၊ အဆုံးအမခံယူခြင်းများ ပြုကြပေသည်။ လာဆာမြို့ရှိ 2HAI BANG ဗုဒ္ဓကျောင်းတော်သည် ၁၇ ရာစုကတည်းကရှိခဲ့ပြီး ထိုပွဲတော်ကို တခမ်းတနား ကျင်းပလေ့ရှိကြသည်။ နှစ်စဉ်ကျင်းပမှုတွင် ပဓာနကျမှုကို ဖော်ဆောင်ပြီး ဝိပဿနာကျင့်စဉ်များအပြီး နေရောင်ခြည်အောက်တွင် အခမ်းအနား ကျင်းပခြင်းဖြစ်သည်။




## ရေကန်အသင့် ကြာအတင့် အလှတွင် အယဉ်ဆင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် နန်ချောင်းမြို့တွင်ရှိသော ရေအိုင်ကြီး၏ ကြာပန်းအလှကို တွေ့ရပေသည်။ တင့်တယ်သော အလှမြင်ကွင်းကို မြတ်နိုးသည့် ခရီးသွားတစ်ဦးက ဓာတ်ပုံအရိုက်ခံနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အီဖယ်လ် မျှော်စင်နှင့် မီးရောင်စုံ အလှအပ

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ယင်းတို့၏ အမျိုးသားနေ့ကို ခမ်းနားစွာ ကျင်းပခဲ့သည်။ ပဲရစ်မြို့၏ ကမ္ဘာကျော် အီဖယ်လ်မျှော်စင်ကို ညအခါ မီးရောင်စုံထွန်းညှိထားရာ လှပဝေဆာစွာ တွေ့ရပေသည်။ ပြင်သစ်နိုင်ငံအနေဖြင့် အာဖရိက ၁၃ နိုင်ငံနှင့် အယ်လ်မိုင်ဒါ အစွန်းရောက် အကြမ်းဖက်သမားများ၏လုပ်ရပ် ပဋိပက္ခရှိချိန်ဖြစ်သော်လည်း နိုင်ငံ၏ အမျိုးသားနေ့ အလှအပကို ဖော်ဆောင်ခြင်းဖြစ်သည်။

❒ မောင်ကောင်းယဉ်

# ကနေဒါနိုင်ငံသူ




နိုင်ငံတကာမှာ အဆိုကျော်တစ်ယောက်အဖြစ် ထိပ်ဆုံးဆယ်ယောက်ထဲမှာ တစ်၊ နှစ်၊ သုံး နေရာကို ရရှိထားနိုင်တဲ့ အရည်အချင်းဟာ တကယ်ကို ရှာမှရှားပါပဲ။ အဲဒီလို ရှားရှားပါးပါး နေရာယူထားနိုင်သူဟာ AVRIL (RAMONA) LAVIGNE ဖြစ်ပါတယ်။ သူမဟာ အသက် (၂၈)နှစ်အရွယ်မှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းနိုင်တာ အံ့ဩစရာပါ။ အထူးသဖြင့် ကနေဒါနိုင်ငံသူ ဖြစ်ပါတယ်။ ဘယ်လေဗီလာမှာ မွေးဖွားခဲ့ပြီး ဂီတာ၊ ပီယာနိုနဲ့ ဒရမ် စတဲ့ ဂီတာပစ္စည်းတွေကိုလည်း သူမအနေနဲ့ ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်စွမ်း ရှိပါသတဲ့။ သူမဟာ ရုပ်ရည်နဲ့ ကိုယ်လုံးအလှအပ အချိုးအစား ကျနပြေပြစ်သူ ဖြစ်တဲ့အပြင် အဆိုကျော်၊ သီချင်းရေးသူ၊ ဖက်ရှင်ဒီဇိုင်နာ အဖြစ်နဲ့ပါ အောင်မြင်သူဖြစ်ပါတယ်။ သူမရဲ့ WEBSITE ကို ဆက်သွယ်ချင်ရင် WWW. AVRILLAVIGNE. COM ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## မုဆိုးသူကြွယ်များ




တစ်ချိန်က မြေပြင်ပေါ်မှာ ခွန်အားအကြီးဆုံး တိရစ္ဆာန်က ဆင်လို့ အများက အသိအမှတ်ပြုခဲ့ကြတယ်။ အဲဒီလို ဆင်ကြီးတွေကို သူ့လောက် ခွန်အားမကြီးပေမယ့် အသိဉာဏ်စွမ်းအင် မြင့်မားတဲ့လူတွေက အနိုင်အစေ အဖြစ် မညှာမတာ အသုံးချနိုင်ခဲ့ကြပါတယ်။ တချို့ အမဲပစ်မုဆိုးတွေဆိုရင် အဲဒီဆင်ကြီးတွေကို မစာနာ မထောက်ထားဘဲ ရက်စက်စွာ သတ်ဖြတ်ပြီး အစွယ်တွေ သာမက အရိုးတွေကိုပါ ရောင်းချခဲ့ကြတယ်။ အစကဆို ရင် ဆင်ကြီးတွေဟာ အင်မတန်နက်ရှိုင်းတဲ့ တောအုပ်ကြီး တွေထဲမှာ သူတို့ဘာသာ ရှာဖွေစားသောက်ပြီး စိတ်အေး ချမ်းသာ နေခဲ့ကြပါတယ်။ ဒါပေမဲ့ လူသားတွေဟာ ဆင် တွေရဲ့ အမူအကျင့် စရိုက်တွေကို လေ့လာပြီး ဖမ်းဆီးခိုင်း စေ သတ်ဖြတ်ရုံနဲ့ အားမရလို့ ဆင်တွေကို ဒဏ်ရာ အကြီး အကျယ် ရရုံသာ ပစ်ခတ်ကြတယ်။ အဲဒီသေလုမြောပါး အသည်းအသန် ဒဏ်ရာရသွားတဲ့ဆင်ကို တခြားဆင်တွေ က သူတို့ရဲ့လျှို့ဝှက် ဆင်သင်္ချိုင်းထိ တွဲခေါ်သွားတဲ့အခါမှာ လူသားမုဆိုးတွေက ဆင်စွယ်ရတနာသိုက်ကို နောက် ယောင်ခံလိုက်ကြလို့ သူကြွယ်တွေ ဖြစ်သွားကြတယ်။

## သရုပ်ဆောင် အမေနဲ့သမီး




လွန်ခဲ့သော ဩဂုတ်လ ဒုတိယ ရက်သတ္တပတ်အတွင်းက ဒစ္စနေ၏ D23 EXPO သို့ ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ပရိုဂျူဆာဖြစ်သူ အင်ဂျလီနာဂျိုလီ တက်ရောက်သည်။ ထိုဆွေးနွေးပွဲတွင် သူမအနေနှင့် မကြာမီ တင်ဆက်ပြသတော့မည့် MALEFICENT ရုပ်ရှင်ဇာတ်ကားအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ သူမက "ကျွန်မကိုယ်တိုင်ကလဲ SLEEPING BEAUTY ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ကောင်ဖြစ်တဲ့ မယ်လ်ဖီး ဆင့်ရဲ့ ပရိသတ်တစ်ယောက်ဖြစ်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။ ၁၉၅၉ ခုနှစ်အတွင်းက ဒစ္စနေရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ် ဖြန့်ချိခဲ့သော SLEEPING BEAUTY ဇာတ်ကားကို ပြန်လည် ရိုက်ကူးရာတွင် အင်ဂျလီနာဂျိုလီက ပဓာနသရုပ်ဆောင်အဖြစ် သရုပ်ဆောင် ပါဝင်မည်ဖြစ်ပြီး သူမ၏ သမီးဖြစ်သူ ဗီဗီယန်နီကို AURORA မင်းသမီး၏ ငယ်စဉ်ဘဝတွင် ဇာတ်ကောင်အဖြစ် ပါဝင် သရုပ်ဆောင်ထားစေသည်။ MALEFICENT ရုပ်ရှင်ဇာတ်ကားကို ၂၀၁၄ ခုနှစ် ဇူလိုင်လထဲတွင် ဖြန့်ချိရုံတင်[...]မည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com




## ပရိသတ် ရွေးချယ်သူများ

ကိုရီးယား မင်းသား၊ မင်းသမီးတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံ ကိုရီးယားစီးရီး ရုပ်ရှင်ကြည့်ပရိသတ်တွေဟာ တစ်ချိန်က ဂျွန်စောနဲ့ အွန်စောတို့ကို စွဲစွဲလမ်းလမ်း နှစ်သက်မက်မောစွာ ကြည့်ရှုအားပေးခဲ့ကြတယ်။ မကြည့်ရမနေနိုင်လောက်အောင် တမ်းတမ်းစွဲဖြစ်လို့ အဲဒီရုပ်သံစီးရီး ပြချိန်ရောက်ပြီလား ဆိုမှဖြင့် ထမင်းမစားနိုင်၊ အလုပ်မလုပ်နိုင်၊ ကျောင်းစာမကျက်နိုင် ဖြစ်ကုန်ကြတယ်။ ရာဇဝင်တွင်မယ့် သူရဲကောင်း စီးရီးထဲက ဂျူမုံအဖြစ် ပါဝင်သူကို သဲသဲလှုပ်အားပေးကြပြန်တယ်။ သူတို့ တောင်ကိုရီးယားနိုင်ငံမှာတော့ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် မင်းသားနဲ့မင်းသမီးအဖြစ် တောင်ကိုရီးယား ရုပ်ရှင်ကြည့်ပရိသတ်များက မဲဆန္ဒပေးပြီး ရွေးချယ်ခဲ့ရာမှာ အိုင်းရစ် IRIS ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်မင်းသား လီဗြောင်ဟွန်းနဲ့ သရုပ်ဆောင်မင်းသမီး ချိုင်ဆောင်ဝှမ်း တို့ကို မဲအများဆုံးပေးပြီး ရွေးချယ်ခဲ့ကြပါသတဲ့။

## ပြဿနာ ကား





ဟောလိဝုဒ်ရုပ်ရှင်လောကကို ကြွက်သားကြီးတွေပြပြီး သရုပ်ဆောင်မင်းသားဘဝကိုရောက်ရှိခဲ့တာ အာနိုး ဖြစ်ပါတယ်။ သူဟာ အသက် (၂၀) အရွယ် ငယ်ရွယ်နုပျိုစဉ်ကတည်းက မောင်စကြဝဠာ၊ မောင်ကမ္ဘာ၊ အိုလံပီယာမောင် ဆိုတဲ့ ကာယဗလနဲ့ ပတ်သက်တဲ့ ဆုတွေရပြီးတော့ အက်ရှင်ကားတွေမှာ သရုပ်ဆောင်ပရိုဂျူဆာအဖြစ် အောင်မြင်ခဲ့ပါတယ်။ နောက်တော့ TERMINATOR ဇာတ်လမ်းတွဲတွေကြောင့် သန်းကြွယ်သူဌေးဘဝကို ရောက်ခဲ့ပါတယ်။ သူ့ဇနီးကတော့ အမေရိကန် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ (လုပ်ကြံခံရသူ)ရဲ့ ညီမဖြစ်ပါတယ်။ အာနိုးဟာ ခန္ဓာကိုယ်ကြီးထွားသလို ကြီးမားတောင့်တင်းတဲ့ ကားတွေကိုသာ ဝယ်ယူစုဆောင်းလေ့ရှိပါသတဲ့။ နောက်ဆုံးသတင်းအရ မကြာသေးမီက အာနိုးဟာ အလေးချိန် ငါးတန်ရှိတဲ့ MARCEDES ကားအမျိုးအစားတစ်စီး ဝယ်လိုက်ပါတယ်။ အဲဒီကားဟာ ယူအက်စ်ဒေါ်လာ ၂၅၀၀၀၀ (နှစ်သိန်းငါးသောင်း) တန်ဖြစ်ပြီး အမေရိကန်နိုင်ငံအတွင်းက လမ်းတွေပေါ်မှာ တရားဝင်သွားလာခွင့် မရှိသေးပါဘူး။ အဲဒီကားဟာ အင်မတန်ကြီးမားလွန်းလို့ တစ်နာရီ မိုင် ၆၀ ထက်ပိုပြီး မောင်းလို့မရတဲ့အတွက် ပြဿနာ ဖြစ်နေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## သေချာပေါက်



လွန်ခဲ့တဲ့ နှစ်အနည်းငယ်က အီတလီနိုင်ငံရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ရုပ်ရှင်ဇာတ်ကား ထူးချွန်ဆုကို GOMORRA ဇာတ်ကားက ဆွတ်ခူးသွားခဲ့ပါတယ်။ ထူးခြားတာက အဲဒီဇာတ်လမ်းဟာ လူနေမှုဘဝ မတူညီတဲ့ ဇာတ်ကောင်လေးဦးကို အခြေခံပြီး ရိုက်ကူးထားပါတယ်။ တကယ်တော့ အီတလီနိုင်ငံရဲ့ ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းကို အခြေခံခဲ့တာပါ။ အီတလီနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်အတော်ကြာကတည်းက မာဖီးယားဂိုဏ်းအခြေစိုက်တဲ့နိုင်ငံ ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ဇာတ်ကားကို ထူးချွန်ဆု မပေးမီက အီတလီနိုင်ငံထုတ် CHIC မဂ္ဂဇင်းရဲ့ ကန်နာဗာရိုးကို ဘယ်ဇာတ်ကား ထူးချွန်ဆုရမလဲလို့ မေးတဲ့အခါမှာ "GOMORRA ဇာတ်ကားပဲ ရမယ်" လို့ သေချာပေါက် ပြောခဲ့ပါတယ်။ ဒါဟာ ကန်နာဗာရိုးအတွက် သူဟာ မာဖီးယားဂိုဏ်းဝင်လား၊ ဒါမှမဟုတ် မိန်းမလျာတစ်ယောက်လား ဆိုတဲ့အချက်ကို ငြင်းပယ်ရာ ရောက်ပါသတဲ့။ တကယ်တော့ အီတလီနိုင်ငံရဲ့ ဘောလုံးအသင်းခေါင်းဆောင်ဟာ မာဖီးယားဂိုဏ်းနဲ့ ဆက်နွယ်နေတဲ့ မိန်းမလျာတစ်ယောက်ဖြစ်ပြီး GOMORRA ဇာတ်ကားကလည်း အီတလီနိုင်ငံက မိန်းမလျာတွေအကြောင်းကို အသားပေး ဖော်ပြထားတာ ဖြစ်ပါတယ်။

## ဖြစ်ရိုးဖြစ်စဉ်



"ဇောရိုးစွန့်စားခန်း" ရုပ်ရှင်ဇာတ်ကားနဲ့ အောင်မြင်ကျော်ကြားလာတဲ့ မင်းသမီးချော ကက်သရင်းဇီတာဂျုံးစ်ဟာ ရုပ်ရှင်ကြည့်ပရိသတ်ရဲ့ နှစ်သက်စွဲလမ်းခြင်းခံရသူအဖြစ်နဲ့သာမက သူမနဲ့ အတူတွဲပြီး ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ပါဝင်သရုပ်ဆောင်ခဲ့ကြရတဲ့ မင်းသားတိုင်းရဲ့ စွဲမက်ခြင်းကိုလည်း ခံရသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူမထက် အသက်(၂၅)နှစ် ပိုပြီးကြီးတဲ့ မိုက်ကယ်ဒေါက်ကလပ်နဲ့ တရားဝင် လက်ထပ်ခဲ့ကြပါတယ်။ အခုဆိုရင် ကက်သရင်းဇီတာဂျုံးစ်ဟာ အသက် (၄၃)နှစ် ရှိပေမယ့် မက်မောစရာ ဖြစ်နေဆဲပါပဲ။ သူမရဲ့ လင်ယောကျ်ား မိုက်ကယ်ဒေါက်ကလပ်ကတော့ အသက် (၆၈)နှစ် ရှိနေပါပြီ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကတည်းက လည်ချောင်းကင်ဆာရောဂါကြောင့် ဒုက္ခမင်းရှုပ်တွေနေပါပြီ။ ဒါကြောင့် သူတို့စုံတွဲရဲ့ အိမ်ထောင်ရေးဟာ အမှန်တကယ် အက်သံပေါ်နေပြီး မကြာမီ ကွာရှင်းပြတ်စဲတော့မှာပါလို့ ရုပ်ရှင်မီဒီယာတွေမှာ ဖော်ပြနေကြပါတယ်။



www.burmeseclassic.com


www.burmeseclassic.com



## အောက်ခြေနှင့် ထိတွေ့ခြင်း

ရှေးရှေးတုန်းက ဆိုတဲ့စကားကို အစချီ နိဒါန်းပျိုးပြီး ဘိုးစဉ်ဘောင်ဆက် လူကြီးသူမတွေ ပြောခဲ့ဖူးတဲ့ ဒဏ္ဍာရီတွေထဲမှာ ရှင်ဘုရင်တွေဟာ တိုင်းပြည်မှာ အမှန်တကယ် ဖြစ်ပျက်နေတာတွေကို ဂဃနဏ သိချင်ကြတဲ့အခါမှာ သူဆင်းရဲအသွင်သဏ္ဍာန်ပုံဖျက်ပြီး တိုင်းနိုင်ငံရဲ့ အစွန်အဖျား ကျေးလက် ဇနပုဒ်တွေပါမကျန် စနည်းနာ ထွက်လေ့ရှိသတဲ့။ မျက်မှောက်ခေတ်မှာတော့ အဲဒီလို ဘုရင်တွေ လုံးဝမရှိတော့ပါဘူး။ ဒါပေမဲ့ နော်ဝေနိုင်ငံက ဝန်ကြီးချုပ် ယန်စတောက်တန်ဟာ မဲဆန္ဒရှင် မိဘပြည်သူတွေရဲ့ သဘောထားအမှန်ကို ဖော်ထုတ်နိုင်ဖို့အတွက် နေ့တစ်နေ့ရဲ့ မွန်းလွဲချိန်တစ်ချိန်မှာ တက္ကစီကား ဒရိုင်ဘာအဖြစ်နဲ့ စနည်းနာ ထွက်ခဲ့ပါသတဲ့။ "ပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ကြားသိဖို့က ကျွန်ုပ်အတွက် အရေးကြီးပါတယ်၊ ပြည်သူတွေရဲ့ သဘောထားတွေ၊ အတွေးတွေကို အများအားဖြင့် အငှားတက္ကစီကားပေါ်မှာ ပြောလေ့ပြောထ ရှိပါတယ်" လို့ရှင်းပြပြီး ဗီဒီယိုဖိုင်တစ်ခုကို FACEBOOK, TWITTER နဲ့ YOU TUBE တွေမှာ တင်ပြခဲ့ပါတယ်။ ပုံထဲမှာ တွေ့ရတာက ရုပ်ဖျက်ဖို့ မျက်မှန်နက်တပ်ဆင်ပြီး အော်စလိုမြို့တွင်းမှာ တက္ကစီကားမောင်းနေတဲ့ နော်ဝေ ဝန်ကြီးချုပ် ယန်စတောက်တန် ဖြစ်ပါတယ်။

## တန်ရာတန်ကြေး



ONLINE အဖွဲ့အစည်းသည် နိုင်ငံတကာရှိ ထူးခြားဆန်းကြယ်သော အမှတ်တရ သမိုင်းဝင်ပစ္စည်းများ နာမည်ကျော် ထင်ရှားကျော်ကြားသူများနှင့် ပတ်သက်သော စာအုပ်စာတမ်း (လက်ရေးမူ)များ စသည်တို့ကို လေလံတင် ရောင်းချရာတွင် အီးဘေး E BAY သည် နှစ်ဆယ်ရာစုနှစ်၏ အကျော်ကြားဆုံး ရူပဗေဒပညာရှင် အိုင်းစတိုင်းကိုယ်တိုင် ရေးသားထားသော လက်ရေးစာမူကို ဒေါ်လာသုံးသန်းဖြင့် စတင်၍ လေလံတင် ရောင်းချထားမည်ဖြစ်ကြောင်း သိရသည်။ ထိုလက်ရေးစာမူကို အိုင်းစတိုင်းသည် ၁၉၅၄ ခုနှစ်တွင် ရေးသားခဲ့ခြင်းဖြစ်ပြီး ဘာသာတရားများအပေါ်၌ သူထားရှိသည့် အမြင်ကို ပြည့်စုံစွာ သုံးသပ်ရေးသားထားခြင်းဖြစ်သည်။ ထိုအီးဘေး အဖွဲ့အစည်းအနေနှင့် အမြင့်ဆုံးရရှိသော စျေးနှုန်းဖြင့် ရောင်းချလိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြစ်ဒဏ်



မကြာသေးမီက အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်မှာ မာတင်အီဗန်နစ် (အသက် ၃၁ နှစ်)ဟာ သူ့ကိုယ်သူ ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဌာန်မျိုးဖြစ်အောင် ပြင်ဆင်ဖီးလိမ်းခြယ်မှုန်း ဝတ်စားဆင်ယင်လေ့ ရှိပါသတဲ့။ အဲဒီမာတင်ဟာ မဖွယ်မရာ ဓာတ်ပုံတွေကို ရိုက်ကူးပြီး သူ့ရဲ့ FACEBOOK စာမျက်နှာပေါ်မှာ ကိုယ်တိုင်ရေးဆွဲ ပြသခဲ့ပါတယ်။ သူဟာ THE CORE OF YOUR NIGHTMARES တီးဝိုင်းအဖွဲ့မှ ဒရမ်တီးသမား ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့ FACEBOOK မှာ ကလေးသူငယ်တွေကို လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနဲ့ အပြာဓာတ်ပုံများ ထုတ်လုပ်ပြီး အင်တာနက်ပေါ် တင်မှုတွေကြောင့် သက်ဆိုင်ရာပြည်နယ်မှ စွဲချက်တင်ပြီး ဖမ်းဆီးခဲ့ပါတယ်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားခဲ့ပါက မာတင်အီဗန်နစ်ကို ထောင်ဒဏ် နှစ်(၃၀)နဲ့ ငွေဒဏ် ယူအက်စ်ဒေါ်လာ နှစ်သိန်းငါးသောင်း ပြစ်ဒဏ်စီရင်ချမှတ်ခြင်း ခံရမှာ ဖြစ်ပါတယ်။

Photo:AFP



## ပြည်သူ့ဒုက္ခများ

လွန်ခဲ့သော ဩဂုတ်လ ဒုတိယပတ်ထဲတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံက ဗဟိုအာဖရိက သမ္မတနိုင်ငံ အခြေအနေသည် ထိုနိုင်ငံနှင့် ဒေသတွင်းကို အလွန်အမင်း ခြိမ်းခြောက်နေသည် ဟူ၍ သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ရသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဗဟိုအာဖရိက သမ္မတနိုင်ငံ ညွှန့်ပေါင်း အစိုးရတွင် ပါဝင်သော SELEKA သူပုန်များအပေါ် ပိတ်ဆို့အရေးယူရန် အတွက် ထောက်ခံထားကြောင်း မကြာသေးမီက အစီရင်ခံစာတွင် ထုတ်ပြန်ကြေညာ၍ အာဖရိကနိုင်ငံစုံတပ်ဖွဲ့ FOMAC မှ ကင်းလှည့်နေကြရသည်။ ယင်းကဲ့သို့ ကြေညာ၍ အရေးယူရခြင်းမှာ ထိုနိုင်ငံတွင်း၌ လူ့အခွင့်အရေး အခြေအနေ တိုးတက်လာစေရန် ဖိအားပေးမှု တစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဖြစ်သူ ဘာဘကာဂါယီက ပြောကြားခဲ့သည်။ မတ်လနောက်ပိုင်းမှစ၍ SELEKA နှင့် ဆက်နွယ်သော သူပုန်အဖွဲ့၏ လက်ချက်ကြောင့် လူသတ်မှုအကြိမ် ၄၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း၊ အကြောင်းမဲ့ ဖမ်းဆီးတိန်းသိမ်းခြင်း၊ အမျိုးသမီးများနှင့် ကလေးများအပေါ်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်။ လူနှစ်သိန်းကျော် အိုးအိမ်မဲ့ခဲ့ပြီး လူခြောက်သောင်းခန့်မှာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခဲ့ကြရသည်။

❐ ဖိုးရွှေလေမင်း



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ

**သုတေသီ ဆရာငြိမ်း**

ငွေကုန်ကြေးကျသက်သာ၍ မည်သို့မျှ အပန်းမကြီးဘဲ လက်တွေ့အသုံးချပါက အသုံးကျစေနိုင်သော မြန်မာ့ရိုးရာဆေးနည်းအချို့ကို သုတေသနပြု လေ့လာလျက် စာရှုသူတို့အကျိုးငှာ ရေးသားတင်ပြလိုက်ပါ၏။

### လေငန်းစွဲ၍ ခြေ၊ လက်၊ ခေါင်းတို့ တုန်နေလျှင်

လေငန်းဝေဒနာစွဲ၍ လေငန်းစွဲကာ ခြေတို့၊ လက်တို့၊ ဦးခေါင်းတို့ တုန်တုန်ယင်ယင် ဖြစ်နေပါက မည်သို့ပြုလုပ်ရမည်နည်း။ မခက်ပါ။ ရှိန်းခို တစ်ကျပ်သား၊ ကျပ်ခိုး တစ်ကျပ်သား၊ ထန်းနို့ပြာ တစ်ကျပ်သား၊ ကြက်သွန်ဥနီ သုံးဥတို့ကို ရောကြိတ်ပါ။ ပြီးနောက် ရေနံနှင့်ရောစပ်လျက် မီးကျီးခဲပေါ်တင်ကာ ချက်ပါ။ တစ်ပွက် နှစ်ပွက်မျှ ဆူလာလျှင် မီးကျီးခဲပေါ်မှ ဆေးအိုးကိုချပြီး ခပ်နွေးနွေးဖြစ်လာပါက ဆေးကို လိုရာသို့သပ်လျက် ဆွဲချပေးပါ။ နေ့စဉ် နှစ်ကြိမ် သုံးကြိမ်ခန့် လိမ်းပေးပါက လပိုင်းအတွင်း သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### မခံမရပ်နိုင်အောင် ခေါင်းကိုက်လျှင်

နေပူထဲသွားလာရသဖြင့် မမျှော်လင့်ဘဲ မခံမရပ်နိုင်လောက်အောင် ခေါင်းကိုက်ဝေဒနာ ခံစားနေရပါက မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။ မခက်ပါ။ ကြက်သွန်နီဥ တစ်ဥကိုယူ၍ ထက်ခြမ်းခွဲပါ။ ခွဲခြမ်းအပြားလိုက် နှစ်ခြမ်းအား တစ်ခြမ်းစီကို နားထင်တစ်ဖက်တစ်ချက်စီ၌ ကပ်ထားပေးပါက မိနစ်ပိုင်းအတွင်း ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ဝက်သက်ပေါက်၍ ကိုယ်ပူလျှင်

ကလေးများ ဝက်သက်ပေါက်၍ ကိုယ်တွေ အလွန်အမင်း ပူနေခဲ့လျှင် သက်သာပျောက်ကင်းအောင် မည်သို့ပြုလုပ်ရပါမည်နည်း။ မခက်ပါ။ ဝက်ချေးပနဲပင် (တံမြက်စည်းလုပ်ရသော အပင်ဖြစ်၍ တံမြက်စည်းပင်ဟူ၍လည်း ခေါ်ကြသည်။) အား ပဉ္စငါးပါးပါအောင် တစ်ပင်လုံးနုတ်ပါ။ ထို့နောက် ရေဖြင့် စင်ကြယ်စွာဆေးပြီး ရေဖြင့်ပင် သုံးခွက်တစ်ခွက်တင် ကျိုကာ တိုက်ပေးပါ။ ကိုယ်ပူကျသွားပြီး ဝက်သက်များ ညှိုးခြောက်ကာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### လေမသက်၍ အနေခက်လျှင်

ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ထားသော လူ့ခန္ဓာကိုယ်၌ တစ်ပါးဖြစ်သည့် လေချုပ်ခြင်း၊ လေပွခြင်း၊ လေမလည်၊ လေမသက်ခြင်းတို့ ဖြစ်ပေါ်ခံစားနေရပါက မည်သို့ပြုလုပ်ရပါမည်နည်း။ မခက်ပါ။ သဘော်ရွက် (မနုမရင့်) သုံးရွက်ခန့်ကို ခူး၍ ရေစင်စင်ဆေးပါ။ ပြီးနောက် ခပ်ပါးပါးကလေးလှီးကာ လက်ဖက်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ၊ နှမ်းလှော်တို့နှင့် သုပ်စားပေးပါ။ လေမသက်၍ အနေခက်သောဝေဒနာတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### သွားကျဉ်၊ သွားကိုက်၊ သွားပိုးထိုးလျှင်

အစားအသောက် မဆင်ခြင်မှုကြောင့်လည်းကောင်း၊ ခံတွင်းသန့်ရှင်းမှုမရှိ၍လည်းကောင်း သွားကျဉ်ခြင်း၊ သွားကိုက်ခြင်း၊ သွားနာခြင်း၊ သွားပိုးထိုးခြင်းတို့ ဖြစ်ခဲ့လျှင် သက်သာပျောက်ကင်းအောင် မည်သို့ပြုလုပ်ရပါမည်နည်း။

မခက်ပါ။ သဘော်ရွက်အစို့ နှစ်ရွက်ကို အလက်ပါ ချိုးဖဲ့လျက် အိုးကင်းအပူပေါ်တင်ကာ အခြောက်ဖြစ်အောင် လုပ်ပြီး အမှုန့်ဖြစ်အောင် ကြိတ်ပါ။ အမှုန့်များ ရလာလျှင် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့နှစ်ကြိမ်သွားတိုက်ပေးပါက ခံစားနေရသော သွားဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ကလေးများ ကိုယ်ပူပြီးတက်လျှင်

ကလေးများ ကိုယ်ပူကြီးပြီး တက်ချက်နေပါက အတက်ကျအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

မခက်ပါ။ ခွေးသေးပန်းရွက်၊ ကွမ်းရွက်၊ ကြောင်ပန်းရွက်တို့အား ရေစင်ကြယ်စွာ ဆေးကြောပြီး သတ္တုရည်





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ရအောင် ညှစ်ချပါ။ ရလာသောသတ္တုရည်အား ကိုယ်ပူပြီး တက်နေသော ကလေးငယ်အား တစ်ကိုယ်လုံးလိမ်းကျံပေးပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တိုက်ပေးပါ။ ကိုယ်ပူလည်းကျ အတက်လည်း ကျသွားပါလိမ့်မည်။

### ကြွပ်တွေပေါက်၍ ယားယံလျှင်

တစ်ကိုယ်ရေသန့်ရှင်းမှု ကင်းမဲ့သည့် အမျိုးသားအချို့၌ မမြင်ကွယ်ရာ အင်္ဂါ၌ ကြွပ်ဆိုသည့် အရေပြားဝေဒနာ စွဲကပ်တတ်ပါသည်။ လူကြားထဲ ကုတ်ရ, ဖွဲ့ရသည်မှာ ရှက်ဖွယ်လိလိဖြစ်ပါ၏။ ထိုသို့ ကြွပ်တွေပေါက်နေလျှင် မည်သို့ပြုလုပ်ရပါမည်နည်း။ မခက်ပါ။ မန်ကျည်းသီးမှည့်ခုံညင်းဒိုးသာသာခန့်၊ သကြားဇွန်းကြီး နှစ်ဇွန်း၊ ဆားမန်ကျည်းသီးစေ့တစ်စေ့ခန့်တို့အား ရေအေးဖြင့်ရောစ်၍ စိမ်ထားပါ။ ပျော်ဝင်အောင် မွှေ၍ပေးပါ။ ဆေးသုံးမျိုးစလုံး ပျော်ဝင်သွားပါက မန်ကျည်းသီးဖတ်များကို ဖယ်ထုတ်လျက် မွန်းလွဲ တစ်နာရီခန့်အကြာတွင် သောက်ပါ။ တွယ်ကပ်နေသည့် ကြွပ်များမှာ ဆေးအာနိသင်ကြောင့် ပျော့ပျောင်းလာပြီး အလိပ်လိုက်, အဖတ်လိုက် ကွာကျသွားပါလိမ့်မည်။

### လေပူထ၍၊ လေချဉ်တွေတက်ကာ ဗိုက်တက်နေလျှင်

ကောက်ညှင်းကဲ့သို့သော ကြေလွယ်ခဲသည့် အစာများ စားသောက်ပြီး လေပူတွေထ၊ လေချဉ်တွေတက်ခဲ့သည်ရှိသော် မည်သို့သက်သာအောင် လုပ်ရပါမည်နည်း။

မခက်ပါ။ ငုဝါမြစ်ကို ရအောင်ရှာပါ။ ရလျှင် ငုမြစ်လက်တစ်ညှိုးခန့်ကို ရေစင်အောင်ဆေးလျက် ဓားဖြင့်ပါးပါးလှီးပါ။ ရလာသော ငုမြစ်ဖတ်ကလေးများကို နွားနို့ထဲထည့်ကာ ပြုတ်ပါ၊ ကျိုပါ။ ပြီးနောက် ထိုအရည်အား သောက်သုံးပေးပါ။ လေပူထ၍ လေချဉ်တွေတက်ပြီး ဗိုက်တက်နေခြင်းများ သက်သာသွားလျက် လေထိုး၊ လေအောင့်၊ လေနာရောဂါများပင် အမြစ်ပြတ်စေနိုင်ပါသည်။

### ကိုယ်ဝန်တည်စ ဗိုက်အန်လျှင်

အမျိုးသမီးများ ကိုယ်ဝန်တည်ခါစ၌ ဗိုက်အန်တတ်ပါသည်။ သဘာဝနိယာမဟု ဆိုသော်ငြား ဗိုက်အန်သူအနေဖြင့် မသက်မသာ ခံစားရပါ၏။ ထိုသို့ခံစားရပါက သက်သာပျောက်ကင်းအောင် မည်သို့ ပြုလုပ်ရပါမည်နည်း။ မခက်ပါ။ ဥသျှစ်သီးမှည့်ကို ဆန်ဆေးရည်ထဲ ခြစ်ထည့်ပါ။ ပြီးနောက် သကြားသင့်ရုံရောထည့်ပြီး ဖျော်ရည်ဖြစ်အောင် မွှေပေးပါ။ ဖျော်ရည်ရလာလျှင် သောက်ပေးပါ။ ဗိုက်အန်ဖြစ်ပေါ်လာသော ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### သွေးချို၊ ဆီးချို ပျောက်ကင်းလိုလျှင်

သွေးချို၊ ဆီးချို ဝေဒနာ ခံစားနေရသူများအဖို့ ဝေဒနာကြောင့် ငွေကြေးကုန်ကျကာ စိတ်ထောင်းကိုယ်ကြေ ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ သွေးချို၊ ဆီးချို ပျောက်ကင်းလိုပါက မည်သို့ဆောင်ရွက်ရပါမည်နည်း။

မခက်ပါ။ နနွင်းခါး(၁၀)ကျပ်သား၊ ရှိန်းခို(၂)ကျပ်သား၊ သိန္ဓောဆား(၂)ကျပ်သား၊ စုစုပေါင်း ဆေးအချိန်(၁၄)ကျပ်သားတို့ကို ရေနှင့်ရောစပ်ပါ။ သမအောင် မွှေပါ။ ဆီးသီးလုံးခန့်လုံး၍ ရပြီဆိုလျှင် ရေမလိုတော့ပါ။ လုံးပြီးသား ဆေးတို့ကို နေရိပ်ထဲတွင် ခြောက်သွေ့အောင်လှန်းပါ။ ခြောက်လျှင် လေလုံသည့် ဖန်ပုလင်းထဲထည့်ကာ အဖုံးကို တင်းကျပ်စွာပိတ်ပြီး နေရိပ်၌ထားပါ။ နံနက်တစ်လုံး၊ ညတစ်လုံး ရေအေးဖြင့် မှိုဝဲသုံးဆောင်ပါက သွေးချို၊ ဆီးချို ဝေဒနာများ အမြစ်ပြတ် ပျောက်ကင်းသွားပါလိမ့်မည်။

### သံထည်ပစ္စည်းများနှင့် ထိရှမိလျှင်

သံထည်ပစ္စည်းများနှင့် ထိခိုက်ရှနာမှုများရှိခဲ့ပါက အချိန်မီမကုသလျှင် အနာရင်းပါလိမ့်မည်။ အခန့်မသင့်ပါလျှင် မေးခိုင်ပိုးဝင်၍ အသက်အန္တရာယ် ထိခိုက်တတ်သည်။ ထိုသို့မဖြစ်စေရန် မည်သို့ ပြုလုပ်ပါမည်နည်း။ မခက်ပါ။ မီးဖိုထဲမှ မီးကျီးခဲရဲရဲတို့ကို ယူဆောင်ပြီး ကျောက်ပျဉ်၊ ကျောက်ပြားသန့်သန့်ပေါ်တွင် အမှုန့်ဖြစ်အောင် ကြိတ်ပါ။ အမှုန့်များဖြစ်လာပါက ထိုအမှုန့်များကို ထိခိုက်ရှနာဒဏ်ရာများတွင် သိပ်ပေးပါ။ အနာမရင်းပါ။ သွေးထွက်ပါက လျင်မြန်စွာတိတ်ပြီး မကြာခင် ပျောက်ကင်းသွားပါလိမ့်မည်။

### ဝမ်းကိုက်သွေးပါ ခံစားနေရလျှင်

ဝမ်းသွားရာ၌ သာမန်ဝမ်းသွားခြင်းမျိုး မဟုတ်ဘဲ အကျိအချွဲများကျကာ တော်ရုံနှင့် အိမ်သာမှ မထနိုင်ဘဲ ခြေဖဝါးများ၊ ဒူးဆစ်များကိုက်ခဲပြီး သွေးတစက်စက်ပါသော ဝမ်းကိုက်ဝေဒနာသည် ကြောက်စရာကောင်းလှ၏။ ထိုသို့ ခံစားနေရပါက မည်သို့ပြုလုပ်မည်နည်း။ မခက်ပါ။ ကြက်ဆူပင် အနီမျိုး၏ မနုမရင့် အရွက်တစ်ရွက်ကိုခူးကာ မနက်အိပ်ရာထချိန်၌ ဝါးစားလိုက်ပါ။ သက်သာသွားပါလိမ့်မည်။

❒ သုတေသီ ဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အသက်ရှည်ရာ အနာမဲ့ရေးအတွက် သိထားသင့်သော ဗီတာမင်များအကြောင်း

သမုဒယ

အသက်ရှည်၍ အနာမဲ့စေရေးအတွက် နေ့စဉ် စားသုံးနေကြသော အစားအစာများကို လေ့လာသောအခါ ဆေးဝါးများ သို့မဟုတ် ဗီတာမင်များ ပါဝင်နေသည်ကို တွေ့ရမှာဖြစ်၏။

ထိုအစားအစာများကို သတိပြုဆင်ခြင် စားသုံးခြင်းဖြင့် အစာမှသည် အာဟာရဓာတ်သို့ ကူးပြောင်းကာ အထောက်အကူပြုနေမှုများကို သတိထားသင့်ပါသည်။

ထို့ကြောင့် အစာလည်းဆေး ဆေးလည်းအစာအဖြစ် စားသုံးသင့်သည့် အစားအစာများကို မည်သည့်ဓာတ်ကို ဖြည့်ဆည်းနေသည်ကို လေ့လာ၍ သိခဲ့ရသော ဗီတာမင်များကို လေ့လာသင့်ပါသည်။ ထိုအခါ . . .

### ဗီတာမင် အေတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ
* အသည်း၊ ဥနှစ်၊ မလိုင်ပြည့်နို့များ၊ ထောပတ်
* ဒန့်သလွန်ရွက်၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ ကင်းမုံရွက်
* သရက်သီးမှည့်၊ သင်္ဘောသီးမှည့်၊ ရွှေဖရုံသီး
* ကန်စွန်းဥ၊ မုန်လာဥအနီ

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ
* ညအခါ မျက်စိမမြင်ခြင်း၊ မျက်ခမ်းစပ်၍ မျက်စိကွယ်ခြင်းကို ကာကွယ်၏။

(၃) ဖြစ်နိုင်ခြေရှိသော အာနိသင်များမှာ
* ရင်သား၊ အဆုတ်၊ အူမကြီး၊ သားအိမ်တို့အား ကင် ဆာဖြစ်ခြင်းကို လျော့နည်းစေ၏။
* နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို လျော့နည်းစေ၏။
* ကြွက်သားများ ယိုယွင်းပျက်စီးခြင်းကို နှောင့်နှေးစေ၏။

### ဗီတာမင် ဘီတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ
* ဆန်လုံးညို၊ ပဲပင်ပေါက်၊ ပဲမျိုးစုံနှင့် ထမင်းရည်
* အသားငါးများ
* အခွံမာအသီးများ
* အရွက်များ

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ
* သွေးအားနည်းခြင်း၊ အရေပြားနာနှင့် အာရုံကြော ထိခိုက်ခြင်းကို ကာကွယ်၏။

(၃) ဖြစ်နိုင်ချေရှိသော အာနိသင်များမှာ
* သန္ဓေသားတွင် အာရုံကြောတည်နေခြင်း ပုံမှန်မဖြစ်ခြင်းကို ကာကွယ်ခြင်း။

### ဗီတာမင် စီတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ
* ဆီးဖြူသီး၊ ခရမ်းချဉ်သီး၊ ဖန်ခါးသီး၊ သံပရာသီး၊ စတော်ဘယ်ရီသီး
* ဝရုတ်ကောင်းစိမ်း၊ ဂေါ်ဖီစိမ်းနှင့် အသီးအရွက်စိမ်းများ၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ မန်ကျည်းရွက်များ

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ
* သွေးယိုစီးသောရောဂါ၊ သွားမခိုင်ခြင်းနှင့် သွေးထွက်ခြင်းကို ကာကွယ်တားဆီး၏။

(၃) ဖြစ်နိုင်ခြေရှိသော အာနိသင်များမှာ
* ကင်ဆာနှင့် နှလုံးရောဂါ ဖြစ်နိုင်ချေကို လျော့နည်းစေ၏။
* အသက်ကြီးသူများတွင် မျက်လုံးကြွက်သား ယိုယွင်းခြင်းကို နှောင့်နှေးစေ၏။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ဗီတာမင် ဒီတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ

* အရိုးပါ ငါးကလေးများ
* အသည်း၊ ဥနှစ်၊ အဆီပါသောငါးများ
* နို့အမျိုးမျိုး

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ

* အရိုးဖွံ့ဖြိုးမှု ပုံမမှန်ခြင်းကို ကာကွယ်၏။

(၃) ဖြစ်နိုင်ခြေရှိသော အာနိသင်များမှာ

* အရိုးနှင့်ယှဉ်သော ရောဂါများကို ကာကွယ်၏။
* အရိုးပွခြင်းကို ကာကွယ်၏။
* ကျောက်ကပ်ရောဂါကို ကာကွယ်၏။

ဗီတာမင် အီးတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ

* အခွံမာသီးများ
* ကောက်နှံစေ့၊ နေကြာစေ့၊ ဝါစေ့၊ အစေ့အဆန်များ
* ငါးကြီးဆီ
* ဟင်းသီးဟင်းရွက်များ

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ

* လမစေ့မီမွေးဖွားသော ကလေးများ မျက်လုံး ဖွံ့ဖြိုးမှု မမှန်ခြင်းကို ကာကွယ်၏။
* သွေးအားနည်းရောဂါကို ကာကွယ်၏။

(၃) ဖြစ်နိုင်ခြေရှိသော အာနိသင်များမှာ

* နှလုံးရောဂါကြောင့်ဖြစ်သော ရင်ဘတ်အောင့်ခြင်းနှင့် နှလုံးရောဂါကြွခြင်းကို လျော့နည်းစေ၏။
* ကြွက်သား ယိုယွင်းခြင်းကို ကာကွယ်၏။
* ကိုယ်တွင်းအင်္ဂါများ၌ အကျိတ်အိတ် ဖွံ့ဖြိုးဖြစ်ပေါ်စေသော ရောဂါရှိသူများ၏ ကျောရိုးအာရုံကြောမကြီး ထိခိုက်ခြင်းကို ကာကွယ်၏။

ဗီတာမင် ကေတွင်

(၁) အပြည့်အဝပါသော အစားအစာများမှာ

* ပြောင်းဖူး၊ ပဲပုပ်စေ့နှင့် ပဲပုပ်စေ့အဆီ
* အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ ကောက်နှံများ
* အသည်းအမျိုးမျိုး
* အသားအမျိုးမျိုး
* သစ်သီးဝလံများ
* နို့နှင့် နို့ထွက်ပစ္စည်းများ

(၂) ရရှိဖော်ထုတ်ပြီး အာနိသင်များမှာ

* သွေးထွက်လွန်ခြင်းများကို ကာကွယ်၏။

(၃) ဖြစ်နိုင်ခြေရှိသော အာနိသင်များမှာ

* ခန္ဓာကိုယ်၏ သွေးလှည့်ပတ်မှုကို မှန်ကန်စေနိုင်သော စနစ်ကို ဖြစ်ပေါ်စေ၏။

ဤသို့အားဖြင့် ဗီတာမင်များနှင့် ဆက်နွှယ်သော အကျိုးပြုမှု၊ ပါဝင်မှုများကို လေ့လာတွေ့ရှိရသည်နှင့် ကောင်းကျိုးကို အကြောင်းပြု၍ မှီဝဲစားသုံးသင့်သော ယှဉ်တွဲဖော်ပြပါ ဗီတာမင်ပါ အာဟာရ ဆေးဝါးများကို လွန်ကဲစွာ စားသုံးမိခြင်းဖြင့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သောကြောင့် သတိထား ဆင်ခြင်နိုင်ကြစေရန် ဖော်ပြအပ်ပါသည်။

* ဗီတာမင်အေကို လွန်ကဲစွာ စားသုံးမိလျှင် အသည်းပျက်စီးခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အမြင်အာရုံဝါးခြင်း၊ ခေါင်းကိုက်ခြင်း ဝေဒနာများကို ခံစားရမှာ ဖြစ်ပါသည်။
* ဗီတာမင်ဘီကို လွန်ကဲစွာ စားသုံးမိလျှင် ပါးစပ်နှင့် လက်များ ထုံလာခြင်း၊ လမ်းလျှောက်ရ ခက်ခဲခြင်းများနှင့် ကြုံဆုံရတတ်ပါသည်။
* ဗီတာမင်စီကို လွန်ကဲစွာစားသုံးမိလျှင် ဝမ်းဗိုက်နာခြင်း နှင့် ဝမ်းလျှောခြင်းကို ဖြစ်စေနိုင်ပါသည်။
* ဗီတာမင်ဒီကို လွန်ကဲစွာစားသုံးမိလျှင် နှလုံးကြွက်သားများ လုပ်ငန်းလုပ်ဆောင်မှု နှေးကွေးလာစေပါသည်။
* ဗီတာမင်အီးကို လွန်ကဲစွာစားသုံးမိလျှင် သွေးအားနည်းသော ဝေဒနာကို ခံစားရစေပါသည်။
* ဗီတာမင်ကေကို လွန်ကဲစွာစားသုံးမိလျှင် ဝမ်းတွင်းပူသော ဝေဒနာကို ခံစားရတတ်ပါသည်။

ဗီတာမင်ဟု ခေါ်သော ဆေးဝါးများသည် အာဟာရဓာတ်ကို စုံလင်ပြည့်ဝစွာ ပေးနိုင်မှု အားနည်းပြီး ဗီတာမင်ပါသော အစားအစာများကသာ မိမိတို့အတွက် ပြည့်မီသော ကျန်းမာရေးကို စောင့်ရှောက်ရာရောက်ကြောင်းကိုလည်း ထပ်ဆင့်မှတ်သား သိရှိရပါသည်။ အစာနှင့်ဆေး သင့်စွာ စားသုံးကြလျှင် လူသားတိုင်း ကျန်းမာသန်စွမ်းနေကြမှာ ဖြစ်ပါသည်။

❒ သ



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရှေ့တမာ အိမ်နောက် ခံတက်

နှင်းသီရိကျက်သရေ

"အိမ်ရှေ့တမာ အိမ်နောက် ခံတက် စီးပွားတက်" ဆိုတဲ့ ဆိုရိုးစကားလေးရှိပါသည်။ အယူအဆ အမျိုးမျိုးနဲ့ တမာပင်နဲ့ ခံတက်ပင်တွေကို ဂရုတစိုက် စိုက်ပျိုးထားသူများ ရှိကြသလို စိုက်ပျိုးပင်အဖြစ်နဲ့ စီးပွားဖြစ်စိုက်ကြသူများလည်း ရှိကြပါသည်။

တမာလို့ ဆိုလိုက်တာနဲ့ အညာ တမာချဉ်ကိုတန်းမြင်မိတတ်ကြပါသည်။ ငါး ငါးပိရည်ဖျော်ကောင်းကောင်းလေး တစ်ခွက်နဲ့ တမာချဉ်ကို ထမင်းဖြူနဲ့ ဘူးမြုပ်စားရုံနဲ့ ထမင်းစားမြိန်စေပါသည်။

တမာချဉ်သာ ထမင်းစားမြိန်တာ မဟုတ်ပါဘူး။ တမာပင်တစ်ပင်လုံးက ဆေးဖက်ဝင်နေပါသည်။ ဗဟုသုတအနေနဲ့ ပြောပြရလျှင် တမာရွက်နုလေးများကို ပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေ တို့စရာအဖြစ် မြှုပ်စားပေးပါက အရေပြားရောဂါ၊ တုပ်ကွေးရောဂါ၊ ကိုက်ခဲထုံကျဉ်ရောဂါ၊ သွေးဖောက်ပြန်သောရောဂါ၊ သွေးသားယားယံခြင်းရောဂါတွေကို ကာကွယ်ပေးပြီး ထမင်းစားဝင်စေပါသည်။

ခန္ဓာကိုယ်အနံ့ ဝဲများ၊ အဖုအပိမ့်ထခြင်းများ၊ ကိုယ်သားကိုယ်ရေ ယားယံခြင်းများ ဖြစ်ပါက တမာရွက်ပြုတ်ရည်နွေးနွေးကို ရေချိုးပေးပါက သက်သာပျောက်ကင်းစေပါသည်။

ထို့အပြင် အမျိုးသမီးများအနေဖြင့် သားဆက်ခြားလိုပါကလည်း တမာခေါက်ဖြစ်စေ၊ တမာသီးခြောက်ဖြစ်စေ ရရာကို အခြောက်လှန်း အမှုန့်ပြုလုပ်ပြီး ညအိပ်ရာဝင်ခါနီးမှာ တစ်ခါသောက် နှစ်ပဲသားခန့်ကို တစ်လဝန်းကျင် နေ့စဉ်သောက်သုံးပေးနိုင်ပါသည်။

အမျိုးသားများ သောက်ပေးပါကလည်း အမောအပန်းခံနိုင်ပြီး သားဆက်ခြားခြင်းကို အထောက်အကူပြုပေးပါသည်။

တမာရွက်များကို ရေစင်အောင်ဆေး၊ ဆန်ကာဖြင့်စစ်ပြီး နေရိပ်များအရွက်များ ခြောက်သွေ့ကြွပ်ရွသည်အထိ လှန်းပြီး ကြေညက်စွာထောင်းပါ။ ရလာသော အမှုန့်များကို ဆားသင့်ရုံထည့်ပြီး သိမ်းထားပါ။ သွားနာ သွားကိုက်သည့်အခါ ထိုအမှုန့်ကို သိပ်ပေးပါ။ သွားတိုက်ပါ။

ဆားမထည့်ထားသော တမာမှုန့်များကို နှမ်းဆီစစ်စစ်နှင့်ဖျော်ကာ ဝဲစို၊ ဝဲခြောက်၊ နှင်းခူ၊ ရေယုန်၊ ပွေးကွက်၊ ပြည်တည်နာများကို ပွတ်သုတ်လိမ်းပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

သွားပိုးစား၊ သွားဖုံးရောင်၊ ခံတွင်းအနံ့ဆိုး ထွက်ခြင်းမှ ကာကွယ်လိုပါက တမာရွက်ခြောက်မှုန့်များကို သိန္ဓောဆားဆတူရော၍ တစ်နေ့ နှစ်ကြိမ် သွားတိုက်ပေးပါ။

တမာခေါက်ပြုတ်ရည်ဖြစ်စေ၊ တမာရွက်ပြုတ်ရည်ဖြစ်စေ၊ တမာမှုန့်ကို ရေနွေးဖြင့် ရောစပ်၍ဖြစ်စေ စသည်တို့ကို အနာများအား ဆေးကြောရာတွင် ဖန်ရည်အဖြစ် အသုံးပြုနိုင်ပါသည်။

အသုံးပြုနည်းများစွာဖြင့် တမာပင်က လူသားတို့အတွက် အသုံးဝင်နေသလို ခံတက်ပင်သည်လည်း ဆေးဖက်ဝင်အပင် ဖြစ်နေပြန်ပါသည်။

ခံတက်ရွက်များကိုလည်း ချဉ်ဖတ်ပြုလုပ်ပြီး စားသုံးလေ့ရှိကြပါသည်။ ခံတက်ချဉ်သည်လည်း အတို့အမြှုပ်အဖြစ် စားသုံးပါက ထမင်းစားမြိန်စေသလို လေထိုးလေအောင့်ရောဂါကိုပါ သက်သာပျောက်ကင်းစေပါသည်။

ခံတက်ရွက်ကို သုပ်စားခြင်း၊ ပြုတ်သောက်ခြင်းတို့ဖြင့် ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောတက်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ လေထိုး လေအောင့်ခြင်း၊ အပူဝမ်းလျှော ဝမ်းပျက်ခြင်းတို့ကို သက်သာစေပါသည်။

ခံတက်ရွက် ပြုတ်ရည်သည် ကလေးများတွင် ဖြစ်တတ်သော ဝက်သက်ရောဂါ၊အံပူနာရောဂါ၊ရေကျောက်ရောဂါများအတွက် ကြိုတင်ကာကွယ်ရာတွင် အသုံးဝင်ပါသည်။

ခံတက်ရွက်များကို ထုထောင်းပြီး ညှစ်၍ရသောအရည်နှင့် ကွမ်းရွက်ညှစ်ရည်တို့ကို ဆတူရောကာ ထောပတ်သင့်ရုံထည့်သောက်ပါက အဆစ်ရောင်ရောဂါကို သက်သာစေပါသည်။

ခံတက်ရွက်ညှစ်ရည်ကို မီးဖိုပေါ်တွင် ခပ်နွေးနွေးတင်ပြီး ကိုက်ခဲနာကျင်သောနေရာကို သေချာလိမ်းပေးပါက ကိုက်ခဲခြင်းဝေဒနာကို လျော့ပါးသက်သာစေပါသည်။

ခံတက်ပင်သည်လည်း တမာပင်ကဲ့သို့ အခြားသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းအောင် အသုံးပြုနည်းများစွာဖြင့် လူသားတို့အတွက် အကျိုးပြုနေပါသည်။

ထို့ကြောင့် "အိမ်ရှေ့တမာ နောက်ဖေးခံတက် စီးပွားတက်"ဆိုသည့် လောကီအစီအရင်ကိုယုံကြည်ပြီး တမာပင်နှင့် ခံတက်ပင် စိုက်ထားသူများဖြစ်စေ၊ တမာ၊ ခံတက်ကို အချဉ်၊ အပြုတ်လုပ်ပြီး တို့စရာအဖြစ် စားသုံးခြင်းကို ကြိုက်နှစ်သက်သူများဖြစ်စေ ရောဂါဝေဒနာဖြစ်လာပါက ငွေကုန်ကြေးကျနည်းပါးစွာဖြင့် တမာနှင့် ခံတက်ကို အကျိုးရှိစွာ အသုံးချနိုင်စေဖို့အတွက် ရေးသားတင်ပြလိုက်ရပါသည်။

❒ နှင်းသီရိကျက်သရေ





www.burmeseclassic.com

www.burmeseclassic.com



# နှနင်းနက်ပြာ နှင့် သူငယ်နာရောဂါအဖြာဖြာ ကုသနည်း

ဦးမင်းဇော်(ဗြဟ္မစိုး)

ဤကမ္ဘာမြေ လောကကြီးတွင် ဆေးဖက်မဝင်သော သစ်ပင်သည် နတ္ထိ မရှိဟု တေဒဂ်ဘွဲ့ထူးရ သမားတော်ကြီး 'ဆရာဇီဝက' က အတိအလင်း မိန့်ဆိုခဲ့ပါသည်။

ရုက္ခအပင် မျိုးစိတ်မျိုးကွဲများ၏ ဆေးစွမ်းအာနိသင်ကြောင်းရင်း ဇာစ်မြစ်တို့ကို မသိကြ၍သာ အသုံးမချနိုင်ခြင်းများသာ ရှိပေမည်။ ဆေးဖက်မဝင်သည့် အပင်ဟူ၍တော့ မရှိပါ။

သို့ဖြစ်၍ တောကြီးမျက်မည်း တောတောင်ထဲတွင် အလျှမ်းဝေးစွာ ပေါက်ရောက်နေသော အပင်ရုက္ခများကို မသိကြလျှင်တောင်မှ မိမိတို့နှင့် အလွန်နီးစပ်စွာ တွေ့မြင်ပေါက်ရောက်နေကြသော အနီးပတ်ဝန်းကျင်ရှိ အပင်ရုက္ခများ၏ အကြောင်းရင်း ဇာစ်မြစ် ဆေးစွမ်းအာနိသင်တို့ကို တွတ်နိုင်သလောက် ဗဟုသုတ ပွားများလေ့လာရှာဖွေထားကြလျှင် မိမိ၏မိသားစုနှင့် တကွ နီးစပ်ပတ်သက်ရာ လူသားများကို မိမိတတ်နိုင်သည့်ဘက်မှ အကျိုးကျေးဇူးပြုနိုင်ကြပေမည်။

ထိုသို့ မိမိတို့အနီးပတ်ဝန်းကျင်တွင် တွေ့မြင်ပေါက်ရောက်နေကြသည့် ဆေးဖက်ဝင်သစ်ပင်များ၏ ဆေးစွမ်းအာနိသင်နှင့် လက်တွေ့အသုံးချပုံများကို စာဖတ်သူပရိသတ်ကြီး ဗဟုသုတပွားများပြီး လေ့လာမှတ်ယူပြီး လက်တွေ့အသုံးပြုနိုင်စေရန် စေတနာထား၍ ဤမဂ္ဂဇင်းကြီးမှတစ်ဆင့် လစဉ်အတတ်နိုင်ဆုံး ရေးသားတင်ပြပေးသွားပါမည်ဟု အသိပေးပန်ကြားလိုက်ပါသည်။

ကျွန်ုပ်တို့ အနီးပတ်ဝန်းကျင်တွင် နေ့စဉ်မြင်တွေ့နေရသည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သော နနွင်းနက်ပြာ (ခေါ်) ဂမုန်းတိမ်ပြာ အပင်၏ လက်တွေ့အသုံးပြုပုံအကြောင်းကို ပထမဦးစွာ တင်ပြပေးပါမည်။

နနွင်းနက်ပြာ ခေါ် ဂမုန်းတိမ်ပြာအပင်သည် အချို့သောအိမ်များတွင် သီးသန့်စိုက်ပျိုးထားကြသည်ကို တွေ့မြင်နိုင်ပါသည်။

သို့သော် သူ၏မူလမှာ အလေ့ကျပေါက်ရောက်သည်လည်းရှိပါသည်။ ယခုလို မိုးဦးကျကာလဆိုလျှင် တစ်နှစ်လုံး အပူဒဏ်ကြောင့် အပင်မှအရွက်များကျ၍ မြေကြီးအတွင်းမှ ဂမုန်းတိမ်ပြာဥတွင် အစာရေစာ စုဆောင်းထားပြီး မိုးလေးတစ်ဖြိုက် နှစ်ဖြိုက် ရွာလိုက်သည်နှင့် ၎င်းဥများမှ အစို့ အညှောက်များ ထွက်လာပြီး အရွက်ဖားကြီးများ အပြိုင်ထွက်လေ့ရှိပါသည်။

၎င်းသည် နနွင်းမျိုးရင်းဝင်အပင်မျိုးဖြစ်ပြီး ၎င်း၏ဥသည် ကျားနနွင်းဥနှင့် သဏ္ဌာန်တူပါသည်။ ၎င်းဥ၏ခေါင်းတွင် အမွေးမှင်များ များစွာရှိပါသည်။ ဥနှင့်အရွက်တွင် ပူရှိန်ရှိန်ရနံ့မွှေး၍ အခိုးအရှိန်ရှိသည့် အပင်မျိုးဖြစ်ပါသည်။

၎င်း၏ အရွက်သည် နနွင်းပင်အရွက်နှင့် တူသော်လည်း အရွက်၏ အလယ်တွင်အပြာရောင်အစင်းကြောင်း ထင်ရှားစွာရှိ၍ အရွက်၏ကျောပြင်သည် နီပြာရောင်ရှိပါသည်။

အချို့က နနွင်းနက်ပြာဟု ခေါ်ကြပါသည်။ ဂမုန်းတိမ်ပြာဥ၏ အတွင်းသားမှာ ခရမ်းပြာနုရောင် ထင်ရှားစွာရှိပါသည်။ ဆေးစွမ်းအာနိသင်မှာ နနွင်းပင်နှင့် အလားတူသော်လည်း ၎င်း၏ ထူးခြားစွမ်းရည်မှာ ဥသွာကိုယ်ငွေ့ထိန်းအားကောင်းပြီး ကလေးသူငယ်နာကျဗဟုံးရောဂါနှင့် သူငယ်နာရောဂါ အထွေထွေ၊ မျက်စိထိခိုက်ဒဏ်နာတို့တွင် ထူးခြားစွာ အစွမ်းထက်မြက်သည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုရသည့် အပိုင်းသည် ၎င်း၏ ဥအမြစ်ပိုင်းကို သုံးရပါသည်။ အရွက်ကိုလည်း ပြုတ်၍ ပေါင်းခွေး အောင်းဆေးအနေဖြင့် အသုံးချနိုင်ပါသည်။ ချွေးပုပ်များကို ထွက်စေ၍ ကိုယ်ရနံ့ကို ကောင်းမွန်စေပါသည်။ အသားအရေ ကြည်လင်ဝင်းပစေပါသည်။

**ရောဂါအလိုက် အသုံးပြုပုံများ**

(၁) ကလေးသူငယ်နာ ရောဂါများ

(က) သူငယ်နာ ကျဗဟိုးရောဂါ နှင့် သူငယ်နာ အကြောဆွဲရောဂါများတွင် ဂမုန်းတိမ်ပြာဥကို ကျားရိုးနှင့် ရောသွေး၍ ရောဂါအနုအရင့်၊ ကလေး အရွယ်ကို ချင့်ချိန်၍ ဆေးသွေးရည် ကော်ဖီဇွန်း တစ်ဇွန်း၊ နှစ်ဇွန်းခန့် တစ်နေ့ နှစ်ကြိမ် တိုက်ပေးရပါသည်။ တစ်ပတ်၊ ဆယ်ရက်ခန့် တိုက်ပေးနိုင်သည်။

(ခ) သူငယ်နာ ကျောပူခေါင်းပူ စွဲ၍ မကြာခဏ ဖျားနာခဲ့သော် ၎င်း၏ ဥကိုသွေး၍ ဆားလေးငါးပွင့်ခတ်ကာ ကလေး၏လျှာကို တစ်နေ့ နှစ်ကြိမ်ပွတ်ပေးပါ။ ၎င်းအရွက်ကိုပြုတ်၍ ထိုပြုတ်ရည်ပူပူနှင့် ရေကိုရောစပ်၍ ခပ်နွေးနွေး ကြက်သီးနွေးလေး ကလေးကို ရေချိုးပေးပါ။

(ဂ) ကလေးသူငယ်များ အပူကြီး၍ ဖျားပြီးတက်ခဲ့သော် ကရမက် ကောင်းကောင်းနှင့် ဂမုန်းတိမ်ပြာဥကို နှစ်မျိုးရောသွေး၍ အုပ်ဆေးအနေဖြင့် လိမ်းပေးနိုင်သည်။

ဆေးလိမ်းပုံမှာ ကိုယ်အပူကြီး နေသောကလေး သို့မဟုတ် တက်နေသောကလေးကို ၎င်းဆေးနှစ်မျိုး ရောသွေးထားသော ဆေးရည်များကို ပထမဦးဆုံး ကလေး၏နဖူးကို လူးပေးပါ။ ပြီးလျှင် ဒုတိယအဆင့် နဖူးနှင့် ကလေး၏ ချိုင်းနှစ်ဖက်ကို ဆေးရည်ရွှဲရွှဲလူးပေးပြီး ငါးမိနစ် ထပ်စောင့်ပါ။ ပြီးမှ ကလေး၏နဖူးမှစ၍ တစ်ကိုယ်လုံးကို ဆေးရည် ရွှဲရွှဲလိမ်းပေးလိုက်လျှင် ကလေးသည် အပူအမြန်ဆုံး လျော့ကျလာပြီး သတိပြန်ရလာမည် ဖြစ်သည်။ သတိရလာလျှင် ဂမုန်းတိမ်ပြာဥကိုသွေး၍ ဆားလေးငါးပွင့်ခတ်ပြီး လျှာကို ပွတ်ပေးပါ။ ဤသို့ ဆေးရည်ကို အဆင့်လိုက်လိမ်းပေးရခြင်းမှာ ကလေးတွင် ဖျား၍ အပူဓာတ်သည် ခန္ဓာကိုယ်တွင်းတွင် စုဝင်နေသည့်အတွက် စစချင်း ဆေးရည်ကို တစ်ကိုယ်လုံး လူးပေးလိုက်လျှင် အပူနှင့် ဆေး၏ အအေးဓာတ် ဝိရောဓိဖြစ်ပြီး ကလေး၏ဦးနှောက်တွင် ဒဏ်ဖြစ်တတ်သည်။

သို့ပါ၍ ပထမဦးစွာ ကလေး၏ နဖူးတွင် ဆေးကိုစတင်၍လူးပေးလိုက်ခြင်းဖြင့် ကလေး၏ဦးနှောက်ပိုင်းတွင် ရှိသော အပူငွေ့ အပူဓာတ်များ စတင်၍ ထွက်ခွာခွင့်ပြုလိုက်သလို ဖြစ်သောကြောင့် စတင်၍ အပူထွက်လာပြီး တစ်ခဏချင်း နဖူးတွင်လူးထားသော ဆေးရည်များ ခြောက်သွေ့သွားသည်ကို တွေ့ရမည်။ ငါးမိနစ်စောင့်ပြီးမှ ဒုတိယ၊ တတိယ စသည် အဆင့်ဆင့် ကလေး၏ကိုယ်မှ အပူဓာတ်ကို အဆင့်လိုက် လျှော့ချသွားသောကြောင့် ကလေးတွင် အပူအအေး ဝိရောဓိဒဏ်မခံရဘဲ ချမ်းသာရာ ရသွားမည်ဖြစ်သည်။

[ဤအချက်သည် အလွန်အနုစိတ် အရေးကြီးသောကြောင့် စေတနာထား၍ အသေးစိတ်တင်ပြပေးလိုက်ပါသည်။]

(ဃ) သူငယ်နာ နို့မြွှေ နို့ငန်းခေါ်သော အမေ၏နို့ရည်ဖြင့် ဓာတ်မသင့်၍ ကလေးသည် နို့ပြန်အန်များခြင်း၊ ဝမ်းမကြာခဏပျက်ခြင်း၊ ဝမ်းဗိုက်တွင် လေပွ၍ အမြဲတမ်း ဝမ်းဗိုက်တင်းပြောင်နေပြီး ကလေးသည် တအီအီဖြစ်နေခြင်း စသည့် အခြေအနေမျိုးတွင် ကွမ်းရွက်ကို သုံးရွက်ထပ်၍ ကတော့ချွန်လုပ်ပြီး ၎င်းအထဲကို ဆားအပြည့်သိပ်ထည့်၍ မီးကျီးခဲရဲရဲပေါ်မှာတင်၍ ကွမ်းရွက်ဆားမီးဖုတ် လုပ်ပါ။ ၎င်းကို အမှုန့်ကြိတ်၍ လေလုံအောင်ထားပါ။

ပထမနည်းမှာ . . .

ဂမုန်းတိမ်ပြာဥကို သွေး၍ အထက်ပါကွမ်းရွက်ဆားမီးဖုတ် အနည်းငယ် ရောစပ်၍ ကလေးကို လျှာပွတ်ပေးပါ။ ခွံ့ပေးပါ။ တစ်နေ့ နှစ်ကြိမ်ခန့် တိုက်ပါ။

ဒုတိယနည်းမှာ . . .

(၁) ဂမုန်းတိမ်ပြာဥအစို ဒိ
(၂) လင်းနေဥအစို ဒိ
(၃) ကြောင်ပန်းရွက်အစို ဒိ
(၄) စမုံနက်လှော် ဒိ
(၅) ကွမ်းရွက်ဆားမီးဖုတ် ဒိ

၎င်းဆေးငါးပါးကို အညက်ကြိတ်၍ အတောင့်လုပ်၍ နေခြောက်အောင်လှန်းထားပါ။ လေလုံစွာ သိမ်းထားပါ။ ၎င်းဆေးတောင့်ကို သွေး၍ တစ်နေ့သုံးကြိမ် မန်ကျည်းတစ်စေ့ခန့် တိုက်ပေးပါ။

အထက်ပါ ပထမနည်း၊ ဒုတိယနည်းပါ ဆေးများကို သူငယ်နာလေပြင်ကျရောဂါ၊ သူငယ်နာဝမ်းပျက်ရောဂါများကိုလည်း ကုသပေးနိုင်ပါသည်။

(င) ကလေးသူငယ်နာ မျက်ကြောလိုက်၊ မျက်စိစွေ၊ မျက်စိအထက်လှန်ကြည့်သည့် ရောဂါများကို ဂမုန်းတိမ်ပြာဥ၊ နံ့သာဖြူ၊ ကရမက် သုံးမျိုးရောသွေး၍ ကလေး၏မျက်လုံးကိုကွင်း၍ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါ။

(စ) ကလေးသူငယ် အညှော်ဝင် အညှော်မိခဲ့သော် ဂမုန်းတိမ်ပြာဥ၊ နံ့သာဖြူ၊ ဇာသီး သုံးမျိုးရောသွေး၍ ကလေး၏နှာခေါင်းဝ၊ နားပေါက်ဝတို့ကို ပွတ်လိမ်း၍ အနံ့ပေးရှုပါ။

(ဆ) ကလေးသူငယ်နာ ချွဲပူထ၍ ချွဲကျပ်ခဲ့သော် ဂမုန်းတိမ်ပြာဥ၊ ဇာသီး၊ နွမ်းဆိ ရောသွေး၍ ရင်ဘတ်နှင့် ကျောဘက်တို့ကို လိမ်းပေးပါ။

အထက်ဖော်ပြပါ တင်ပြချက်တို့သည် ဂမုန်းတိမ်ပြာဥအစွမ်းဖြင့် ကလေးသူငယ်နာရောဂါ အမျိုးမျိုးကို လက်တွေ့အသုံးပြုနိုင်သည့် နည်းများ ဖြစ်ပါသည်။

❒ ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



# သက်ရှည်ကျန်းမာနည်းလမ်းတွေ

ဆန်းဝင်း
(ဓနာဝိဝရ)

### ဖြေလျှော့နား၍ အသက်ရှည်ပါ

အသက်ရှည်ရှည် နေချင်သူများ၊ အရွယ်နုပျိုစေချင်သူများ၊ လုပ်ငန်းခွင်တွင် မမောမပန်း ရွှင်ရွှင်လန်းလန်း ကိုယ်စွမ်း ဉာဏ်စွမ်း စိုက်ထုတ်ချင်သူများ ဖြေလျှော့နားနေခြင်းများကို လိုက်နာပြုကျင့်ဖို့ လိုပါသည်။ ဖြေလျှော့နားနေနည်းသည် စိတ်နှင့်ခန္ဓာ (ရုပ်)ဆိုင်ရာ ကောင်းကျိုးများကို ရယူဆောင်ကြဉ်းပေးမည့် နည်းလမ်းကောင်းများ ဖြစ်ပါသည်။ ဤနည်းလမ်းကို ခေတ်မီတိုးတက်သော နိုင်ငံများမှ လူများသည် လက်တွေ့လိုက်နာ ကျင့်သုံးကြပါသည်။ စိတ်နှင့်ခန္ဓာဆိုင်ရာ အကျိုးတရားများကို ခံစားရရှိပါသည်။

### ဖြေလျှော့နည်း (၂) နည်း

* အမှုကိစ္စတစ်စုံတရာကို ဆောင်ရွက်နေစဉ်အတွင်း အလိုက်သင့် ဖြေလျှော့နားနေနည်း။

* လုံးဝငြိမ်သက်ပြီး ဖြေလျှော့နားနေနည်း ဟူ၍ (၂)မျိုး ရှိပါသည်။

(က) အမှုကိစ္စတစ်စုံတစ်ရာကို အားစိုက်ပြုလုပ်ရာ၌ သက်ဆိုင်ရာကြွက်သားများသည် တောင့်တင်းလျက်ရှိပေရာ အလုပ်ပြီးသွားသောအခါ မူလပုံမှန်အတိုင်း အနေအထားသို့ ကြွက်သားများ ပြန်လည်ဖြေလျှော့သွားခြင်းကို ဆိုလိုပါသည်။ တစ်စုံတစ်ခုကို အားစိုက်ပြုလုပ်ရာ သက်ဆိုင်ရာကြွက်သားများသည် လိုအပ်၍ တင်းရင်းသွားသော်လည်း မလိုအပ်သော ကြွက်သားများသည် ကျန်လိုအပ်သော ကြွက်သားများကို ဖြေလျှော့နိုင်ပါသည်။ ဤအချက်ကို သတိပြုပြီး မသက်ဆိုင်သော ကြွက်သားများကို ဖြေလျှော့ထားရပါသည်။

(ခ) ငြိမ်သက်ဖြေလျှော့နားခြင်း ဆိုသည်မှာ အမှုကိစ္စတစ်စုံတရာ လုပ်ဆောင်ရန် လုံးဝအားမထုတ်ဘဲ ဖြေလျှော့နားခြင်းပင် ဖြစ်၏။ ငြိမ်သက်ဖြေလျှော့နားခြင်းကို လဲလျောင်းလျက်အနေအထား၊ ထိုင်လျက်အနေအထားတို့ဖြင့် ပြုလုပ်နိုင်သည်။ လုံးဝငြိမ်သက်ဖြေလျှော့နားခြင်း၏အဆုံး၌ အိပ်ပျော်သွားမည် ဖြစ်ပါသည်။

ဖြေလျှော့နားခြင်း ဆိုသည်မှာ အားထုတ်ပြုလုပ်ရန်မဟုတ်၊ အားစိုက်ကြိုးစားရန်မဟုတ်၊ စိတ်နှင့်ခန္ဓာကိုယ်အား စိတ်လျှော့လျက် အသက်ရှူရှိုက်ခြင်းလိုပင် လွယ်ကူပါသည်။ အသက်ရှူရှိုက်သူတိုင်း ဖြေလျှော့တတ်သည်။ ဖြေလျှော့နားနေခြင်းပြုစဉ် စိတ်ကိုလည်း အနားပေးထားရမည်။ စဉ်းစားတွေးခေါ်မှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။ ဖြေလျှော့သည့် အင်္ဂါအစိတ်အပိုင်းနှင့်အတူ စိတ်ကို ဖြေလျှော့နားရမည်။ အာရုံစူးစိုက်ရန် မကြိုးစားရ။ ဖြေလျှော့နားခြင်း ဟူသည် ကြိုးစားအားထုတ်မှုလျှော့ပါးခြင်းဖြစ်ပြီး ကြိုးစားအားထုတ်မှု မပြုခြင်းပင်ဖြစ်ပေသည်။ ဤသို့ ဖြေလျှော့အနားယူခြင်းဖြင့် ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာမှုကိုရရှိ၍ ခန္ဓာကိုယ်အကြောအချင်များ ပျော့ပျောင်းစေပါသည်။

### စိတ်ရှည်လျှင် အသက်ရှည်မည်

လူတို့ အသက်ရှည်ရန်အတွက် စိတ်ဓာတ်သည် အရေးကြီး၏။ ဒေါသထွက်နေသောစိတ်ကြောင့် ခန္ဓာမှပစ္စည်းများ ရင့်ရော်ပျက်စီး၏။ ရုတ်တရက် ဒေါသထွက်ပါက နှလုံးသွေးခုန်နှုန်းရပ်၍ ရုတ်တရက် သေဆုံးနိုင်ပါသည်။ အခြားရောဂါများလည်း ရနိုင်သဖြင့် ရုတ်တရက် ဒေါသမထွက်နိုင်အောင် အလေ့အကျင့်ပြု၍သတိထားထိန်းသိမ်းသင့်ပါသည်။ ဗြဟ္မစိုရ်တရား လေးပါးဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့အား သိအောင် ကြိုးစားဆင်ခြင်၍ မေတ္တာစိတ် အမြဲထားပါ။ မေတ္တာစိတ်ဖြင့် အစဉ်ပြုံးနေပါ။ မရွယ်မကျဘဲ အရွယ်တင်၍ လူတိုင်းချစ်ခင်လေးစားကြပါမည်။ မေတ္တာပို့၍ အစဉ်ပြုံးခြင်းဖြင့် ဒေးကာနက်ဂျီပြုလုပ်သည့်အတိုင်းလုပ်ငန်းဆောင်တာများ အောင်မြင်ပါမည်။ တဖြည်းဖြည်း ဒေါသတရားပါးသွားမည်။

ဒေါသတရားကြောင့် ယခု ဘဝရော နောင်ဘဝအတွက်ပါ မကောင်းမှုများကို တွေ့မြင်နိုင်သည့်အတွက် ဒေါသတရားမထားရန် အကောင်းဆုံးဖြစ်ပါသည်။ မည်သည့်ဘာသာကမှအားမပေးပါ။ မေတ္တာသာလျှင်အားပေးကြကုန်၏။

ခန္ဓာကိုယ်ကျန်းမာသူသည် စိတ်ပါ ကျန်းမာသူ ချမ်းသာသူ ဖြစ်ပါသည်။ စိတ်ဓာတ်ခက်ထန်ခြင်း၊ ဝန်တိုခြင်း၊ သဝန်ကြောင်ခြင်းမရှိလျှင် အသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

စေပါသည်။ ဒေါသ ခက်ထန်လျှင် အသက်တိုစေပါသည်။ မြတ်စွာဘုရားက "စိတ်သည် လောကကို ဆောင်၏" ဟု "စိတ္တေန နီယတေလောကော" ပါဠိစကားဖြင့်ဟောတော်မူ၏။ စိတ်ကြောင့် ရုပ်ပြောင်းစေသကဲ့သို့ ရုပ်ကြောင့်လည်း စိတ်ပြောင်းစေပါသည်။ လောကတွင် စည်းစိမ်ချမ်းသာ စိန်၊ ရွှေရတနာ မည်မျှ ပေါ်ကြွယ်ဝစေကာမူ စိတ်အလိုမကျဘဲ ရှိတတ်သဖြင့် ရသမျှနှင့်ရောင့်ရဲပြီး စိတ်ချမ်းသာအောင် နေတတ်သူများသည် ချမ်းသာ၏။ မေတ္တာတရားနည်းပါးလျှင် အေးချမ်းမှုနည်းပါး၍ မေတ္တာတရားများလျှင် အေးချမ်းမှုများပါမည်။ လူအားလုံးအား မုန်းချစ်မခွဲခြားဘဲ တစ်သားတည်း ချမ်းသာစေလိုသောစိတ်ဖြင့် မေတ္တာပွားမည်ဆိုပါက ထာဝရ အေးချမ်းသာယာမှုကို ရနိုင်ပါသည်။

**ရယ်မောပျော်ရွှင် စိတ်ကြည်လင်**

အသက်ရှည်ခြင်း၊ အနာကင်းခြင်းနှင့် စိတ်နှလုံးပျော်ရွှင်အေးမြ ကြည်လင်ခြင်းတို့ကို လူတိုင်းအလိုရှိကြ၊ မျှော်လင့် တောင့်တကြသည်။ ထိုလူများအတွက် နည်းလမ်းကို ခေတ်မီ ဆေးပညာရှင်နှင့် စိတ်ပါရဂူများက သုတေသနပြု၍ စူးစမ်းလေ့လာကြပါသည်။ ထိုပညာရှင်ကြီးများ၏ အတွေ့အခေါ် အတွေ့အကြုံများအရ လူသားတစ်ဦး၏ ဦးနှောက်သည် ရယ်မောခြင်းနှင့် ပတ်သက် သက်ဆိုင်နေပါ၍ စိတ်ပါလက်ပါ အားရပါးရ ရယ်မောလိုက်ပါသည့်အခါ ဦးနှောက်တွင် မည်သို့ဖြစ်ပေါ်ပုံကိုအမျိုးမျိုး စမ်းသပ်စစ်ဆေးမိပါသည်။

စိတ်လေးလံ ထိုင်းမှိုင်းနေခြင်း၊ ဦးနှောက်မကြည်လင် မရွှင်ပျဖြစ်ရခြင်းနှင့် စိတ်သောကရောက်လွယ် ပူပင်စရာ အကြောင်းများရှိနေသည့်အခါ ရယ်မောဖွယ်ရာများကို ဖတ်ရှုကြားနာ တွေ့မြင်ခံစားရပြီး အားရပါးရ စိတ်ပါ လက်ပါ ရယ်မောလိုက်ပါက အလိုအလျောက် စိတ်လက်ပျော်ရွှင် ကြည်လင်သန့်စင်သွားကြောင်း စမ်းသပ်တွေ့ရှိရပါသည်။ ရောဂါများကိုပင် လျော့ပါးသက်သာစေပါသည်။ အကြောင်းက ရယ်မောလိုက်သည့်အခါ အကြောပေါင်းများစွာကို လှုပ်နှိုးလိုက်သည့်ပမာ တဆတ်ဆတ် လှုပ်ရှားစေသောကြောင့် ဖြစ်ပါသည်။

ကျန်းမာရေး လေ့ကျင့်သူများသည် နေရာမရွေးဘဲ မပြေးရုံအနည်းငယ် ခုန်ဆွခုန်ဆွလုပ်သည့်လေ့ကျင့်ခန်း ပြုလုပ်သည်နှင့်တူပါသည်။ ရယ်မောခြင်းသည် ကျန်းမာရေးအတွက် ထူးခြားစွာ အကျိုးပြုသည်သာမက အသက်ရှည်စေသည်ကိုပါ အထောက်အကူပြုပါသည်။ ကိုယ်စိတ်နှစ်ဖြာ ကြည်လင်လန်းဆန်းလိုပါက အပြစ်ကင်းစွာ ရယ်မောပါဟု စိတ်ပညာပါရဂူများက ဆိုပါသည်။ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးကိုသာမက အရယ်ရုပ်သွားသည့်အခါ ကိုယ်ခန္ဓာအတွင်းရှိ အကြောမျှင်များတင်းရာမှ တဖြည်းဖြည်း လျော့ပါးသွားစေသောကြောင့် အေးချမ်းသက်သာစွာ အနားယူရသည့် ခံစားမှုတစ်ရပ် အလိုအလျောက် ဖြစ်စေပါသည်။

ကျန်းမာရေး လေ့ကျင့်ခန်းများ နေ့စဉ်မှန်မှန် မပြုလုပ်နိုင်ပါက အခါအခွင့်သင့်တိုင်း အားရပါးရရယ်မောခြင်း ပြုမည်ဆိုပါက အသက်ရှည်ကျန်းမာ စိတ်ကြည်လင်ရွှင်လန်းစေပါသည်။ ရုပ်ဆင်းသဏ္ဌာန်လည်း ကြည်လင်သန့်ရှင်း ကိုယ်တွင်းကိုယ်ပ ဝေဒနာများလည်း လျော့ပါးသက်သာစေနိုင်ကြောင်း စိတ်ပညာနှင့် ဆေးသိပ္ပံပညာရှင်တို့က ဆိုလေသည်။ စိတ်ဆိုးဒေါသဖြစ်ခြင်းသည် ကျန်းမာရေးကို အလွန်ထိခိုက်စေပါသည်။ နိုင်ငံတကာက လက်ခံသည့် နည်းသစ်တစ်မျိုးပေါ်နေသည်။ လူသားများက လွဲလျှင် ဘယ်သတ္တဝါမျှ ပြုံး၊ ရယ်ခြင်းမရှိဟု ဖြစ်လေသည်။ လူသားသာလျှင် ဒီစွမ်းအင်ကို ရရှိနိုင်ပေသည်။

သို့သော် ထိုစွမ်းရည်အား အသုံးမချတတ်ပေ။ ရှေးစကားတစ်ခွန်း ရှိခဲ့ဖူးသည်။ "တစ်ခါရယ်လျှင် ဆယ်နှစ် ငယ်၏" အသက်အရွယ် ငယ်သွားသည်ဟု မဆိုပါ။ စိတ်တတ်ငယ်ရွယ်နုပျိုသွားခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် အမြဲပြုံးနေပါ။ အမြဲကျန်းမာနေမည် ဖြစ်၏။ ရယ်မောခြင်း၏ အကျိုးသက်ရောက်မှုကား အလွန်ကြီးမားပါသည်။ ရယ်မောခြင်းသည် ကျန်းမာခြင်း၏ သင်္ကေတဖြစ်လေသည်။ "ဟား ဟား ဟား" ဟု ရယ်မောလိုက်သည်နှင့် တွန့်နေသော ပါးရေများပျောက်သွားနိုင်ပါသည်။ ရယ်မောခြင်းကြောင့် ခေါင်းတစ်ခြမ်းကိုက်ခြင်း မဖြစ်နိုင်ပါ။ နောက်ကျောတက်ခြင်း မဖြစ်နိုင်ပါ။ ရယ်မောလိုက်သော အချိန်အတွင်း၌ သွေးလမ်း လေလမ်းများ ပွင့်လင်းသွားသောကြောင့်ဖြစ်၏။

အမြဲတမ်းရယ်နေလျှင် အသက်ရှူလမ်းကြောင်း အစာလမ်းကြောင်းများ အလွန်ကောင်းပါသည်။ ဝမ်းဗိုက်ကြွက်သားများ လှုပ်ရှားခွင့် များများရသောကြောင့် ဝမ်းချုပ်ခြင်း ကင်းဝေးစေပါသည်။ အဆစ်အမြစ်ကိုက်ခဲလျှင်လည်း ၎င်းအဆစ်အမြစ်ကို ဖိနှိပ်ပြီး ရယ်မောပေးရပါမည်။ နာကျင်မှုများပျောက်ကင်းပါမည်။ အရယ်သန်သော အဘွားကြီးများက မရယ်တတ်သော အဘွားကြီးများထက် ပျမ်းမျှခြောက်နှစ်ခွဲပို၍သက်တမ်းရှည်ကြသည်။ ထို့ကြောင့် ရယ်စရာရှိလျှင် အားရပါးရ လွတ်လပ်စွာ ရယ်မောပေးပါ။ တရုတ်လူမျိုးတို့တွင် စကားပုံတစ်ခုရှိပါသည်။

"တစ်နေ့ပျော်ရွှင်လိုလျှင် အရက်သောက်ပါ။ တစ်လ ပျော်ရွှင်လိုလျှင် မိန်းမယူပါ။ တစ်သက်လုံး ပျော်ရွှင်လိုလျှင် သစ်ပင်စိုက်ပါ" ဟု ဆိုသည်။

ထို့ကြောင့် တစ်သက်တာ ပျော်ရွှင်နိုင်ရေးအတွက် သစ်ပင်ပန်းပင် စိုက်ပျိုးလျက် ပျော်ရွှင်ကြည်နူးမှုများကို ရယူကြပါ။ မုချ အသက် ၇၀-၈၀ ကျော်လွန်၍ အသက် ၁၀၀ ထိ ကျန်းမာစွာ နေနိုင်ပါမည်ဖြစ်ကြောင်းရှာဖွေစုဆောင်း ရေးသားရပါတော့သတည်း။

❒ ဆန်းဝင်း (အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ရောဂါအစ အစာမကြေခြင်းက...



**ရောဂါအစ အစာမကြေခြင်းက**

လူတို့သည် နေ့စဉ်နှင့်အမျှ အစားအစာများကို ခန္ဓာကိုယ်တည်တံ့ခိုင်မြဲရေးအတွက် စားသောက်ကြရပါသည်။ ထိုသို့ အစားအသောက်များ စားသောက်သည့်အခါ အစာကြေညက်ခြင်းအကြောင်း (၈)ပါး ရှိ၏။

(၁) ဆာမှစားခြင်း
(၂) ညက်ညက်ဝါးစားခြင်း
(၃) အစာကို အဝမစားဘဲ ၄,၅ လုတ်လျှော့စားခြင်း
(၄) ကြေညက်လွယ်သော အစားအစာများကို စားခြင်း
(၅) အတိုင်းအရှည်ကြည့်၍ စားခြင်း
(၆) အထပ်ထပ် မစားခြင်း
(၇) ဝါယောဓာတ် (လေဓာတ်) ညီညွတ်စေခြင်း
(၈) ဣရိယာပုထ် မျှတစေခြင်း

ယင်းအချက် (၈)ချက်ကို လိုက်နာပါက အစာအိမ်နှင့်ပတ်သက်သော ရောဂါ မဖြစ်နိုင်ဟု ဆိုပါသည်။

အစားအစာများကို အထပ်ထပ်စားခြင်းများ၊ မာသောအစားအစာများ စားသောက်ခြင်းသည် အစာမကြေခြင်း အစာအိမ်အချဉ်ပေါက်ခြင်းရောဂါများ ဖြစ်တတ်ပါသည်။ ၎င်းရောဂါအား ဆေးကုသရခက်၏။ လူဦးရေ(၃၀)လျှင် (၁၀)ဦးသာ ပျောက်ကင်းနိုင်၏။ လူတို့၏ အသက်တိုမှု ရှည်မှုသည် အစာအိမ်၌ တည်နေ၏။

အသက်ရှည်နေကြရသော နိုင်ငံများရှိ လူများသည် အစားအစာကို စနစ်တကျစားကြ၏။ မြန်မာများသည် အစားအစာတွင်စည်းကမ်းမထားအလွန်အကျွံစားသောက်၍ အသက်တိုကြရသည်။

"အဇီရဏ္ဏံ = အစာမကြေခြင်းသည်၊သဗ္ဗရောဂါနံ=အလုံးစုံသောအနာရောဂါများ၏၊ မူလံ=အကြောင်းရင်းမူလတည်း" ဟူ၍ ဆေးပညာရှိကြီးများ ဆိုထားကြပါသည်။ ထို့ကြောင့် အစာအာဟာရများကို ကြေညက်အောင်စားသောက်နိုင်ရန်နှင့် မာသော၊ အစာမကြေနိုင်သော အစားအစာများကို ရှောင်လျက် ကြေလွယ်ညက်လွယ်သော အစားအစာများကိုစားသုံးကြရန် သတိယှဉ်ဖို့ လိုအပ်ပါသည်။

**အနာရောဂါ မရှိခြင်း၊ အနာရောဂါဖြစ်ခြင်း သဘော**

ကံ၊စိတ်၊ဥတု၊အာဟာရ တည်းဟူသော အကြောင်းတရား လေးပါး



www.burmeseclassic.com

www.burmeseclassic.com

သော သမုဒ္ဒာန်တို့သည်ပေါင်း၍ အညီ အညွတ်ပြုပြင်ခဲ့ပါလျှင် သီတဥဏှ အပူ အအေးမျှတ၍ အနာရောဂါ မရှိနိုင်ပါ။

အကြောင်းသမုဒ္ဒာန် (၄) ပါးတို့သည် မညီမမျှဖြစ်ကြပါလျှင် ဓာတ်ကြီး (၅)ပါးတို့သည် မငြိမ်မသက် လှုပ်ရှား ချက်ကြောင့် အနာရောဂါ ရရှိကြပါသည်။

### ဓာတ်ကြီး (၅) ပါး

(၁) ပထဝီဓာတ်=အရသာအားဖြင့် ချိုစိမ့်သောအရသာ ရှိ၏။

(၂) အာပေါဓာတ်=အရသာအား ဖြင့် ဖန်သောအရသာ ရှိ၏။

(၃) တေဇောဓာတ်=အပူ၊ အအေး (၂)မျိုးရှိ၏။ အရသာ(၆)ပါးမှ လွတ်၍ကာယပသာဒနှင့်ထိတွေ့မှ ပူခြင်း၊ အေးခြင်းကိုသိရ၏။

(၄) ဝါယောဓာတ်= အရသာအား ဖြင့် ခါးငန်သောအရသာ ရှိ၏။

(၅) အာကာသဓာတ်=အရသာ အား ဖြင့် ချဉ်စပ်သောအရသာ ရှိ၏။

တေဇောဓာတ်သည်အကြောင်း ဓာတ်ဖြစ်၏။ ပထဝီ၊ အာပေါ၊ ဝါယော၊ အာကာသဓာတ်များသည် အကျိုး ဓာတ်များ ဖြစ်ကြပါသည်။

အရသာ(၆)ပါးရှိသော အာဟာ ရများကို မျှမျှတတ သင့်တင့်အောင်စား သုံးမှီဝဲပါက ခန္ဓာကိုယ်အတွက် လိုအပ် သည့် အာဟာရများ ရရှိစေပြီး ရောဂါ ဝေဒနာများကိုလည်း ကာကွယ်တားဆီး ပေးပါသည်။ ဟန်ဆေးလွန်ဘေးဆိုသည့် စကားအတိုင်း အရသာများကို မမျှမတ တစ်မျိုးတည်းကိုသာ အလွန်အကျူး စားမိပါက ကောင်းကျိုးထက် ဆိုးကျိုးကို ပေးပါသည်။ အဝအတွေ့အကြိုက်အရ မိမိနှင့် မတည့်သည့် အစားအသောက် အရသာများကို ရှောင်၍ တည့်သည့် အစားအစာ အရသာများကို ရွေးချယ် စားသောက်ပါက အသက်ရှည် ကျန်းမာ သည့် နည်းလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့က အစားအသောက်နှင့်ပတ်သက်၍ စား သောက်သည့် ပမာဏကို (၁၀) ပုံတွင် (၇) ပုံမျှသာစားသောက်ပါက တစ်သက် လုံး အစာအိမ်ရောဂါမရနိုင်ဟု ကြေငြာ ထားပါသည်။

### အာဟာရဓာတ် လိုအပ်မှု၊ ချို့တဲ့မှု နှင့် လွန်ကဲမှုတို့ကြောင့် ဖြစ်ပေါ် သော ရောဂါများ

ဗီတာမင်များသည် လူတို့၏ ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးနှင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပုံမှန် အတိုင်း အလုပ်လုပ်နိုင်ရေးအတွက် ပမာဏအနည်းငယ်မျှ လိုအပ်သော ဓာတ်များ ဖြစ်ပါသည်။ အစားအစာ တိုင်းတွင် ဗီတာမင်ဓာတ်များအားလုံး လုံလုံလောက်လောက် မျှတစွာပါဝင်မှု မရှိသဖြင့် အစားအစာ အမျိုးမျိုးကို စားသုံးရန် လိုအပ်ပါသည်။ ဗီတာမင် ဓာတ် တစ်ခုခု လုံလောက်မှုမရှိပါက ရောဂါများဖြစ်နိုင်ပါသည်။

တချို့ဗီတာမင်များမှာ များလွန်း လျှင်လည်း ကျန်းမာရေး ထိခိုက်စေ နိုင်ပါသည်။

### ဗီတာမင် အေ

အစိမ်းရင့်ရောင် ဟင်းသီးဟင်း ရွက်များ၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်ရှိသော သစ်သီးများ၊ ငါး၊ အသား၊ ဥ၊ နို့ စသည့် ဗီတာမင်အေ ကြွယ်ဝသော အစားအစာများဖြစ်ကြပါ သည်။ ဗီတာမင်အေချို့တဲ့လျှင် ကြက် မျက်သင့်ရောဂါဖြစ်ခြင်း၊ မျက်စိကွယ် ခြင်း၊ ခလေးငယ်အစာလမ်းကြောင်းတို့မှ ရောဂါပိုးများ လွယ်ကူစွာဝင်ရောက်နိုင် ခြင်း (အဆုတ်ရောင်၊ ဝမ်းလျှောရောဂါ) တို့ ဖြစ်စေနိုင်ပါသည်။

ဗီတာမင်အေဓာတ်သည် ယခု အခါ ကင်ဆာရောဂါ ဖြစ်စေခြင်းမှ ကာကွယ်စေနိုင်သော ဂုဏ်သတ္တိရှိခြင်း၊ ရောဂါပိုး ဝင်ရောက်ခြင်းမှ အတော် အတန်ကာကွယ်ပေးခြင်း စသည့်ဂုဏ် သတ္တိများကြောင့် ဗီတာမင်အေဓာတ် ပါဝင်သော အားဆေးများကို ပုံမှန်စား သုံးလာတတ်ကြပါသည်။

### ဗီတာမင် ဒီ

ငါး၏အသည်းမှ ထုတ်ယူသော အဆီ၊ တိရစ္ဆာန်အသည်းနှင့်ထောပတ် ကြက်ဥ စသည်တို့မှ လည်းကောင်း၊ ဗီတာမင်ဒီကို နေရောင်ခြည်မှလည်း ရရှိနိုင်ပါ၍ လူတို့တွင် နေရောင်ခြည် လုံလောက်စွာရရှိပါက ဗီတာမင်ဒီချို့တဲ့ ရောဂါမှကာကွယ်နိုင်ပါသည်။

ဗီတာမင်ဒီ ချို့(၄)လျှင် အရိုး ပျော့ရောဂါ ဖြစ်စေနိုင်ပါသည်။ ၎င်း ဓာတ်လွန်ကဲပါကလည်း ကျန်းမာရေး ထိခိုက်နိုင်ပါသည်။ နေရောင်ခြည် လုံလောက်စွာရနေပါက ဗီတာမင်ဒီ မချို့တဲ့နိုင်ပါ။

### ဗီတာမင်အီး/အေ

၎င်းဓာတ်များသည် အစား အစာများတိုင်းနီးပါးတွင် လုံလောက်စွာ ပါရှိတတ်ခြင်း၊ ဗီတာမင်အေကို လူ့ခန္ဓာ ကိုယ်၏အူတွင်းမှ တည်ဆောက်ပေးနိုင် ခြင်းတို့ကြောင့် ၎င်းဗီတာမင်ချို့တဲ့သော ရောဂါများ တွေ့ရခဲပါသည်။ ယခုအခါ တွင် ဗီတာမင်အီးကို ပုံမှန်လိုအပ်သည် ထက် ပိုမိုစားသုံးပါက ဇရာကြောင့် ဇီဝ ကမ္မ ပြောင်းလဲမှုများကို သက်သာစေ ခြင်း၊ ရောဂါပိုးများ ဝင်ရောက်ခြင်းမှ ပိုမို ခံနိုင်ရည်ရှိခြင်း စသည့် အကျိုးကျေးဇူး များကို သုတေသန စမ်းသပ်ချက်များမှ တွေ့ရှိရပါသည်။

### ဗီတာမင် ဘီ (၁)

၎င်းဓာတ်ကြွယ်ဝသော အစား အစာများမှာ ဆန်လုံးညို၊ ပဲအမျိုးမျိုး၊ တိရစ္ဆာန်တို့၏အသည်း စသည်တို့ဖြစ် ပါသည်။ ကြက်ဥ၊ နွားနို့၊ ဟင်းသီးဟင်း ရွက်များတွင် အသင့်အတင့် ပါရှိပါ သည်။

၎င်းသည် ရေတွင်ပျော်ဝင်သည့် ဓာတ်များဖြစ်သည့်အတွက် ဆန်ကို ရေဖြင့် အကြိမ်များစွာပွတ်၍ ဆေး ကြောခြင်း၊ ဆန်များကို ဖြူအောင်ကြိတ် ခြင်းနှင့် ထမင်းရည်ငှဲ့၍ ချက်ခြင်းတို့ ကြောင့် ဆန်တွင်ပါဝင်သော ဗီတာမင် ဘီ(၁)ဓာတ်များ များစွာ ဆုံးရှုံးတတ်

www.burmeseclassic.com

ပါသည်။ ဗီတာမင်ဘီ(၁)ဓာတ် ချို့တဲ့လျှင် အာရုံကြောများ အားနည်းခြင်း၊ ထုံနာကျင်နာဖြစ်ခြင်းနှင့် နှလုံးရောဂါတို့ ဖြစ်နိုင်ပါသည်။

မိခင်တွင် ၎င်းဓာတ်ချို့တဲ့ပါက နို့စို့ကလေးများတွင်လည်း ချို့တဲ့၍ သေဆုံးသည်အထိ ဖြစ်တတ်ပါသည်။

## ဗီတာမင် ဘီ (၂)

ယင်းဓာတ်သည် နွားနို့ ကြက်ဥ၊ အသည်းတို့တွင် ကြွယ်ဝပါသည်။ ဟင်းသီးဟင်းရွက်၊ ပဲနှင့် ဆန်လုံးညိုတို့တွင် အသင့်အတင့်ပါရှိပြီး ဆန်ဖြူတွင်ပါဝင်မှု နည်းပါးသည်။ ၎င်းဓာတ်ချို့တဲ့လျှင် ကျီးကန်းပါးစပ်၊ လျှာနှင့် နှုတ်ခမ်းတွင် အသားအရေကွဲအက်ခြင်း၊ နာခြင်းတို့ ဖြစ်စေတတ်ပါသည်။

## ဒိုင်ယာစင်

ယင်းဓာတ်ကြွယ်ဝသော အစားအစာများမှာ နို့၊ အသည်းနှင့်ပဲတို့ဖြစ်ပါသည်။ ယင်းဓာတ်အလွန်အမင်း ချို့တဲ့လျှင် အရေပြားရောဂါတစ်မျိုးဖြစ်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဦးနှောက်နှင့် ပတ်သက်သော ဝေဒနာများလည်း ဖြစ်စေနိုင်ပါသည်။

## ဗီတာမင် ဘီ(၁. ၂)

ယင်းဓာတ်ကို တိရစ္ဆာန်မှရသော အစားအစာများတွင် တွေ့ရှိရပါသည်။ သို့သော်ဟင်းသီးဟင်းများကို ချဉ်ပတ်စိမ်လိုက်သောအခါ ပိုးမွှားတို့မှ ဗီတာမင် ဘီ (၁. ၂) ကို ထုတ်လုပ်သဖြင့် ချဉ်ဖတ်တို့တွင် ယင်းဓာတ်များပါရှိပါသည်။ ၎င်းဓာတ်သည် သွေးနီဥထုတ်လုပ်မှုအတွက် အရေးကြီး၍ ၎င်းဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါ ဖြစ်တတ်ပါသည်။ ဦးနှောက် အာရုံကြောနှင့် ဆိုင်သော ဝေဒနာများလည်း ရတတ်ပါသည်။

## ဖောလစ်အက်ဆစ်

အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များတွင်ယင်းဓာတ်ကြွယ်ဝပါသည်။ ၎င်းဓာတ်သည်လည်း သွေးနီဥများ ထုတ်လုပ်မှုအတွက် လိုအပ်ပါ၍ ချို့တဲ့လျှင် သွေးအားနည်းရောဂါ ဖြစ်စေတတ်ပြီး ကိုယ်ဝန်ဆောင် မိခင်များတွင် ယင်းဓာတ်လိုအပ်မှု ပိုမိုလိုအပ်ပါသည်။

## ဗီတာမင် စီ

ယင်းဓာတ်ကြွယ်ဝသော အစားအစာများမှာ ဟင်းသီးဟင်းရွက်များ (ကန်စွန်း၊ ချဉ်ပေါင်၊ ဒန့်သလွန်) အရည်ရွှမ်းသောအသီးများ (ရှောက်၊ သံပရာ၊ လိမ္မော်၊ ကျွဲကော၊ ဆီးဖြူ၊ မာလကာသီး) စသည်တို့ ဖြစ်ပါသည်။ ဗီတာမင်စီသည် အပူကြောင့် အလွယ်တကူပျက်စီးနိုင်သော ဓာတ်တစ်မျိုးဖြစ်ပြီး အစားအသောက်များကို ချက်ပြုတ်ရာတွင် ၅၀ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်းအထိ ပျက်စီးနိုင်ပါသည်။ ထို့ကြောင့် ချက်ပြုတ်စရာမလိုဘဲ စားသောက်နိုင်သော သစ်သီးများ၊ ဟင်းသီးဟင်းရွက်များစားသောက်ခြင်းဖြင့် ဗီတာမင်စီကို အလွယ်တကူရရှိနိုင်ပါသည်။

ဗီတာမင်စီ ချို့တဲ့လျှင် သွားဖုံးများပွလာပြီး သွေးမကြာခဏထွက်ခြင်း၊ အရေပြားပေါ်တွင် သွေးထွက်ခြင်း၊ အားနည်းခြင်း၊ မောပန်းခြင်းများ ဖြစ်တတ်ပါသည်။

ဗီတာမင်စီဓာတ်ကို လူတို့တွင် ကိုယ် စိတ် ဖိစီးမှုရလာလျှင် လိုအပ်မှုများလာ၍ တုပ်ကွေး၊ နာစေး၊ ချောင်းဆိုး အစရှိသည်တို့ဖြစ်ပွားသည့် ရာသီများတွင် ဗီတာမင်ဓာတ် ပိုမိုသောက်သုံးကြပါသည်။ ၎င်းဓာတ်သည်လည်း ဗီတာမင်အေနှင့် အီးတို့ကဲ့သို့ ဇရာကြောင့် ပြောင်းလဲမှုများဒဏ်မှ အတန်အသင့် ကာကွယ်နိုင်သည်ဟု ယူဆ၍ လူအများ ဗီတာမင်စီဆေးများ သောက်ကြပါသည်။

## သတ္တုဓာတ်များ

လူအတွက်လိုအပ်သော သတ္တုဓာတ်များမှာ ဆိုဒီယမ်ဓာတ် (ဆားဓာတ်) (Sodium)၊ ပိုတက်ဆီယမ်ဓာတ် (Potassium)၊ ထုံးဓာတ် (Calcium)၊ ဖလိုရင်းဓာတ် (Fluorine)၊ သွပ်ဓာတ် (Zinc)၊ ကြေးနီဓာတ်(Copper)၊ သံဓာတ် (Iron)၊ မီးစုန်းဓာတ် (Phosphorus)၊ အိုင်အိုဒင်းဓာတ် (Iodine) စသည်တို့ဖြစ်ပါသည်။ ဆိုဒီယမ်နှင့် ပိုတက်ဆီယမ်ဓာတ်များကို အစားသောက်များမှ လုံလောက်စွာရရှိနိုင်ပါသည်။ ချွေးထွက်များသည့် အလုပ်အကိုင်လုပ်ကိုင်ရသည့် လူများ ဝမ်းလျှောသူများတွင် ကိုယ်ထဲမှ ရေနှင့် ယင်းဓာတ်များ ဆုံးရှုံးမှုဖြစ်နိုင်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များတွင် ပိုမိုဆိုးရွားသဖြင့် အသက်အန္တရာယ်ရနိုင်မှု ပိုများပါသည်။

## ထုံးဓာတ်

ထုံးဓာတ်သည် ခန္ဓာကိုယ်တွင် အရိုးနှင့်သွားများ တည်ဆောက်ရန်အတွက်လိုအပ်ပါသည်။ ကြွက်သားများကျုံ့ခြင်း၊ ဆန့်ခြင်းနှင့် သွေးခဲစေခြင်းတို့၌ အရေးပါပေသည်။ ထုံးဓာတ်ကြွယ်ဝသော အစားအစာများမှာ နွားနို့ အရိုးပါဝါးစားနိုင်သည့်ငါးကလေးများ၊ အခွံပါစားသုံးနိုင်သည့် ပုစွန်ကလေးများနှင့် မှျင်ငပိတို့ ဖြစ်ပါသည်။

## သံဓာတ်

သွေးနီဥများတွင် သံဓာတ်ပါဝင်သဖြင့် သံဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသည်။ သွေးနီဥများသည် အသက်ရှူသွင်းလိုက်သော အောက်ဆီဂျင်ဓာတ်ကို အဆုတ်မှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးကို ပို့ဆောင်သည့်တာဝန်ဝတ္တရားများကို ဆောင်ရွက်ပါသည်။

သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါဖြစ်နိုင်ပါသည်။ သွေးအားနည်းလျှင် ဖြူဖပ်ဖြူရော်ဖြစ်ခြင်း၊ မောပန်းလွယ်ခြင်း၊ ခွန်အားစိုက်ထုတ်၍ ပင်ပင်ပန်းပန်းမလုပ်နိုင်ခြင်း၊ မူးဝေခြင်း စသည်တို့ဖြစ်စေနိုင်ပါသည်။ သံဓာတ်ချို့တဲ့သည့် သွေးအားနည်းရောဂါသည် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များတွင် အဖြစ်များတတ်ပါသည်။

ကလေးများတွင် သံဓာတ်ချို့တဲ့ပါက အသိဉာဏ် ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သံဓာတ်ကြွယ်ဝသော အစားအစာများမှာ၊ တိရစ္ဆာန်တို့၏ သွေးများ၊ အသည်းနှင့် အသားတို့ ဖြစ်ပါသည်။ စိမ်းလန်းသော ဟင်းသီးဟင်းရွက်အချို့တွင် ဥပမာ- ဟင်းနုနယ်၊ ဆူးပုပ်ရွက် စသည်တို့တွင် သံဓာတ်ကြွယ်ဝပါသည်။ ဆန်နှင့်ဟင်းသီးဟင်းရွက်တို့တွင် ပါဝင်သော သံဓာတ်မှာ အူမှ ထုတ်ယူမှု အလွန်နည်းပြီး၊ သွေးနှင့်အသားတို့တွင် ပါဝင်သောသံဓာတ်ကို အူမှပိုမိုထုတ်ယူနိုင်ပါသည်။

မြန်မာတို့၏ အစားများတွင် ဟင်းသီးဟင်းရွက်များမှရသောသံဓာတ်များ ပို၍ပါခြင်း၊ သံဓာတ်စုပ်ယူမှုကို လျော့နည်းစေသော ရေနွေးကြမ်းကို ထမင်းစားစဉ်နှင့် ထမင်းစားပြီးခါစတွင် သောက်တတ်သော အလေ့အကျင့်ကြောင့် လည်းကောင်း၊ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါများ အဖြစ်များသည်ကို တွေ့ရပါသည်။

သံဓာတ်စုပ်ယူမှု ပိုကောင်းစေရန် အချဉ်ဓာတ်ပါသော (ချဉ်ရည်ဟင်း၊ ဘင်ပွန်းချဉ်၊ ချဉ်ပေါင်ရွက်) စသည့် အစားအစာများ ထည့်သွင်းစားသုံးသင့်ပါသည်။ ရေနွေးကြမ်းကို ထမင်းစားစဉ်၊ စားပြီးခါစ သောက်ခြင်းမှလည်း ရှောင်ကြဉ်သင့်ပါသည်။

### အိုင်အိုဒင်းဓာတ်

ပင်လယ်မှထွက်သော ပင်လယ်ငါး ပုစွန်နှင့် ကျောက်ပွင့်တို့သည် အိုင်အိုဒင်းဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ပါသည်။ ကုန်းတွင်းတွင်စိုက်ပျိုးထားသော အစားအစာများတွင် အိုင်အိုဒင်းဓာတ် ကြွယ်ဝမှုသည် ၎င်းပတ်ဝန်းကျင်မြေကြီးတွင် အိုင်အိုဒင်းပါဝင်မှုနှုန်းပေါ်တွင် မူတည်နေပါသည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့လျှင် (လည်ပင်းကြီးခြင်း၊ ကလေးသူငယ်များ ဆွံ့အ နားမကြား၊ အသိဉာဏ်ဖွံ့ဖြိုးမှု နှေးခြင်း) စသည်တို့ ဖြစ်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် တောင်တန်းဒေသများရှိသော ချင်း၊ ကချင်၊ ရှမ်း၊ ကယားတို့တွင် အိုင်အိုဒင်းဓာတ် ချို့တဲ့သည့် ရောဂါများကို တွေ့ရှိရပါသည်။

ရေလွှမ်းမိုးသောဒေသများ ဖြစ်သည့် ဟသ်ာတ၊ မြန်အောင်၊ မိုးညို ဘောလယ် (ရန်ကုန်တိုင်း)ဒေသရှိ ရွာများတွင်လည်း အိုင်အိုဒင်းချို့တဲ့ရောဂါများကို များပြားစွာ တွေ့ရှိရပါသည်။ အိုင်အိုဒင်းဓာတ် ချို့တဲ့မှုကို ကာကွယ်ရန်မှာ အိုင်အိုဒင်းဓာတ် ဖြည့်တင်းထားသော ဆားများစားသုံးခြင်း၊ အိုင်အိုဒင်းပါဝင်သောဆီကို အသားဆေးထိုးခြင်း၊ သောက်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ နိုင်ငံတော်မှလည်း အိုင်အိုဒင်းဓာတ်ချို့တဲ့သော ရောဂါများ ကာကွယ်ရေးအတွက် မြန်မာတစ်နိုင်ငံလုံး ထွက်ရှိသော ဆားများတွင် အိုင်အိုဒင်းပါဝင်ရေး လုပ်ငန်းကြီး လုပ်ဆောင်လျက်ရှိပါသည်။

အထက်ပါ အာဟာရဓာတ်များနှင့်ပတ်သက်ပြီး အာဟာရဓာတ်ချို့တဲ့မှု လွန်ကဲမှုများကြောင့် ဖြစ်နိုင်သော ရောဂါဝေဒနာများကို သီးသန့်ဖော်ပြပါဦးမည်။

### ရေဓာတ်

လူ့ခန္ဓာကိုယ်တွင် ရေဓာတ်သည်လည်း အရေးကြီး၏။ နံနက်အိပ်ရာထမှာ ဘာမှ မစားမီ ရေတစ်ဖန်ခွက်အနည်းဆုံး နေ့စဉ်သောက်ရန် လိုအပ်ပါသည်။ ရေသည် အာပေါဓာတ်ဖြစ်၍ နှလုံးကိုအေးမြစေပါသည်။ သွေးများကို ထပ်မံအားဖြည့်ပေးပြီး အူတွင်းကိုလည်း သန့်ရှင်းစေသည့်အပြင် အူလမ်းကြောင်းအတွင်း လှုပ်ရှားနေသည်ကိုလည်း မှန်ကန်အောင် လုပ်ပေးပါသည်။ ဝမ်းကိုမှန်မှန်သွားစေပါသည်။

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်နံနက်ဆိုတာထက် ရေကမသုံးတတ်လျှင်ဘေး၊ စဉ်းစားတတ်လျှင်ဆေး၊ ဘေးဖြစ်တာက ခဏတာ၊ ဆေးဖြစ်တာက နှစ်တစ်ရာ"

ဆိုသည့်အတိုင်း လူတိုင်းကို အသက်ရှည်ဖို့ လမ်းပြပေးပါသည်။

ရေကို ပုံမှန်သောက်ပေးခြင်းဖြင့် ကျောက်ကပ်၊ နှလုံးများ သန့်ရှင်းခြင်း၊ သွေးကြောများ ပုံမှန်ကောင်းမွန်စေပါသည်။ ရေကို လျော့သောက်ခြင်း၊ ရေသောက်နည်းခြင်းများသည် ဆီးကို အနည်ထိုင်ကျောက်တည်ခြင်း၊ ဆီးဝမ်း မမှန်ခြင်း၊ သွေးပျစ်၍ နှလုံးသွေးကြောပိတ်ခြင်း၊ သွေးတိုးခြင်း၊ အသားအရည်ခြောက်ကပ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားစေပါသည်။

ရေသောက်ခြင်းဖြင့် ရောဂါပျောက်ကင်းစေခြင်းများကိုလည်း ဂျပန်ကုထုံးနည်းတွင် စနစ်တကျဖော်ပြထားပါသည်။

ထို့ကြောင့် ရေကို စနစ်တကျ အလေးထား သောက်ပေးခြင်းအားဖြင့် ရောဂါကြီးများကို ကြိုတင်ကာကွယ်သည့်သဘောဖြစ်ပါသောကြောင့်ယနေ့မှစ၍ ရေကို များများသောက်ပေးဖို့ လိုအပ်ပါသည်။

ထို့ကြောင့် မိရိုးဖလာချည်း အသုံးမပြုဘဲ စာပေများကို ဖတ်ရှုလေ့လာ၍ ပညာရှိကြီးများ နှစ်ရှည်လများ အဆင့်ဆင့်ကာလရှည်စွာ လေ့လာတွေ့ရှိချက်များအား မှတ်သားဆောင်ရွက်လျက် ကျန်းမာရေးကို ကောင်းမွန်အောင် ကြိုးစားလိုက်နာ ဆောင်ရွက်သင့်ပါကြောင်း ရှာဖွေစုဆောင်း၍ တင်ပြရပါတော့သတည်း။

❒ သုန္ဒာစိုး (ရွှေရင်အေး)



www.burmeseclassic.com

www.burmeseclassic.com

# သက်ရှည်ကျန်းမာရေး လမ်းလျှောက်ရေး

ဒေါ်ဂျူလိုင်ဝင်း



...တို့ရဲ့ ကျန်းမာရေးက အရေးကြီးကြောင်းကို ဂေါတမမြတ်စွာဘုရားက "အာရောဂျ ပရမံလာဘံ" ကျန်းမာရေးဟာ ဆုလာဘ်ကြီးတစ်ပါး ဟောထားလို့ လူတိုင်းက ကျန်းမာကြံ့ခိုင်တဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ဖို့အရေးကြီးလှပါတယ်။

လူ့ဘဝမှာ စားဝတ်နေရေးပြီးလျှင် ကျန်းမာရေးက ပိုလို့အရေးကြီးပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်၊ စားနိုင်မယ်။ လူ့ဘောင်လောကမှာ နေနိုင်မယ် ဖြစ်ပါတယ်။ ကျန်းမာအသက်ရှည်ဖို့ ရောဂါကင်းအောင်၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ သွေးပျစ်ခဲတာ၊ သွေးထဲမှာ အဆီမြင့်တာ၊ အရိုးပွတာ၊ တုတ်ပြီး သွေးကြောပြတ်၊ လေဖြတ်တာတွေ မဖြစ်ဖို့အတွက် ကိုယ်လက်လှုပ်ရှားလုပ်၊ အားကစားလေ့ကျင့်ပြီး လမ်းများများလျှောက်ပေးဖို့ အရေးကြီးပါတယ်။

မြန်မာလူမျိုး ၃၀ ရာခိုင်နှုန်းလောက်က လမ်းလျှောက်ရမှာကို ပျင်းနေကြပြီး မိမိရဲ့ခြေအစုံကို ကိုယ်တိုင်ချုပ်ထားပြီး (လမ်းမလျှောက်ဘဲ နေကြလို့) ...ကြီး မရောဂါပေါင်းစုံဝင်ကာ အသက်တိုနေကြရပါတယ်။ ကိုယ်လက်လှုပ်ရှားမှု အလွန်နည်းကြလို့ ရောဂါ ထူထ... လာကြပြီး မြန်မာလူမျိုးတွေရဲ့ သက်တမ်းက အမျိုးသား (၅၅)နှစ်၊ အမျိုးသမီးက (၅၈) နှစ်ပဲ ရပါတယ်။ ပျင်းရိလို့၊ ဓာတုဗေဒအစာတွေကို စားကြလို့ အကြေ... စောကြရတာပါ။

ဂျပန်လူမျိုးတွေထက် အသက် (၂၀) ပိုတိုပါတယ်။ ကျန်းမာရေးကို မလိုက်စား၊ နေထိုင်စားသောက်မှု... မမှန်၊ ဓာတ်မြေဩဇာနှင့် စိုက်ထားတဲ့ အသီးအနှံတွေကို စားကြ၍ (သဘာဝ အတိုင်း သြဂဲနစ်မြေဩဇာနှင့် အမှိုက်ဆွေး၊ နွားချေးဖြင့်စိုက်သော အသီးအနှံ ကို မစားကြလို့) ထို့အပြင် ရယ်ဒီမိတ် မုန့်ထုပ်များ၊ စည်သွတ်ဘူးများ၊ အချိုရည်ဘူးများ၊ ဟမ်ဘာဂါ၊ ဂျေဒိုးနပ်မုန့် များ၊ ထုံချိုင်းများ၊ ငါးအူချောင်း၊ ကြက် အူချောင်း၊ အကြော်အလှော် သရေစာ များ၊ ငါးပိ၊ ငါးချဉ်၊ ချဉ်ဖတ်များ၊ ဝက် အူချောင်းများ၊ First food များ ခေါက်ဆွဲခြောက်ထုပ်များ... သာ စားကြပြီး မလှုပ်ရှား ဘဲ နေလို့ အသက်တို... တာပါ။ ကိုယ်လက်လှုပ်ရှား မှုနည်းတဲ့အတွက် ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီးက လူတွေရဲ့သေဆုံးမှု... နှစ်ဆကျော်တက်လာကြောင်းကို သ... ပေးထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး... ၂၀၂၀ ကျရင် တစ်ကမ္ဘာလုံး ရောဂါ... ရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကူးစက်မှုကြော... မဟုတ်ဘဲ ကား၊ ရထားစီးပြီး ထိုင်နေ... လို့ ကျန်းမာရေးမလိုက်စားလို့သာ ... တိုး၊ နှလုံး၊ ဆီးချို၊ အရိုးပွ၊ အဝလွန်... လေဖြတ်ရောဂါတွေနဲ့၊ အူကင်ဆာ... ရင်သားကင်ဆာ၊ သွေးကြောပိတ်၊ ... ပိတ်ရောဂါတွေနဲ့ သေဆုံးရတဲ့ ... ကသာ ပိုများမယ်လို့ ဟော... တယ်။





www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် ဂရိဒဿနပညာရှင် ပလေတိုကလည်း လူတွေက ဇိမ်ခံမှသာ ရောဂါဖြစ်တယ်လို့ ပြောထားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်က အမေရိကန်သမ္မတ ကနေဒီကလည်း . . .

"လူတွေက ကိုယ်တိုင် အားကစားကို လိုက်ပြီး လှုပ်ရှားရမှာထက် သူများ အားကစားလုပ်နေကြတာကို ထိုင်ပြီးကြည့်နေတဲ့အကျင့်က ပိုနေကြပါတယ်" လို့ ပြောခဲ့ပါတယ်။

လူ့အသက်က လှုပ်ရှားမှုအပေါ်မှာ မူတည်ပါတယ်။ လှုပ်ရှားနေလျှင် အသက်ရှည်ပြီး အထိုင်များလျှင် သေတတ်ပါသည်။ လွန်ခဲ့တဲ့နှစ်အချို့ အချို့လောက်က ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲဟာ သူ့နိုင်ငံသားတွေကို မဝလာအောင် ထိန်းချုပ်ထားဖို့ အဆီချဖို့အတွက် လေ့ကျင့်ခန်းများများလုပ်၊ လမ်းကိုလျှောက်ပေးဖို့ တိုက်တွန်းပညာပေးလှုံ့ဆော်မှုတွေကို ငွေများများ အကုန်ခံပြီး ဆော်ဩတိုက်တွန်းခဲ့ပါတယ်။

လုပ်ငန်းခွင်၊ ရုံး၊ Supermarket များကို လမ်းလျှောက်သွားဖို့နှင့် ကုန်တိုက်များကို လှေကားဖြင့်သာတက်ဖို့ ...ဘာပြော ပညာပေးခဲ့ပါတယ်။

ခြေလက်လှုပ်ရှားမှု မရှိလျှင် ...သည်းအဆီဖုံး၊ နှလုံးပတ်သွေးကြော ... သွေးဆဲလ်မှာ ကိုလက်စထရောမြင့်၊ ...ွေးအဆီတိုး၊ အရိုးပွ၊ နာတာရှည် ...ဂါဖြစ်လာပါလိမ့်မယ်။ နေ့စဉ်ကိုယ် ...က်လှုပ်ရှားကစားပေးပြီး လမ်းမှန်မှန် ...ျှောက်ခဲ့ရင် ကိုယ်အလေးချိန် ထိန်း ...နိုင်ခြင်း၊ သွေးတိုး၊ ဆီးချို၊ လေဖြတ်၊ ...ကင်ဆာ၊ ရင်သားကင်ဆာ၊ အရိုးပွ ...င့် စိတ်ဖိစီးမှုနှင့် ဗိုက်ရွှဲခြင်းများ ...တော့ဘဲ ကျန်းမာနုပျိုအသက်ရှည် ...မည်။

နိုင်ငံခြားကလူတွေက မြန်မာ ...တွေထက်ပိုပြီး အားကစားလိုက် ...ပါတယ်။ ကစားနည်းမျိုးစုံကို ...တယ်။ ပြေးတယ်။ ရေကူးတယ်။ ခရီးကြမ်းသွားကြပါတယ်၊ မြန်မာတွေထက် နိုင်ငံခြားသားတွေက ပိုမိုသန်မာထွားကျိုင်းပါတယ်၊ ကျန်းမာရေးအသိရှိလို့ပါ။ လူ့ဘဝမှာ လှုပ်ရှားလုပ်ကိုင်နေကြတဲ့ တောသူတောင်သားတွေက ကိုယ်ကာယကြံ့ခိုင်သန်စွမ်းနေပါတယ်။ အလုပ်ကြမ်းလုပ်တဲ့သူတွေက ရင်အုပ်ကြီးကြီး၊ လက်မောင်းကြီးကြီးနဲ့ သန်စွမ်းနေတာကို တွေ့နိုင်ပါတယ်၊ ထိုင်ပြီး စာရေးလုပ်၊ ကွန်ပျူတာဝန်ထမ်း၊ ရုံးဝန်ထမ်းတွေ ဗိုက်ရွှဲဝတုတ်ပြီး ရောဂါဝင်နေကြပါတယ်။ လှုပ်ရှားမှ အသက်ရှည်တယ်ဆိုတာကို မေ့နေကြပါတယ်။

သိပ္ပံပညာရှင်တွေက အိမ်မွေးယုန်နှင့်တောယုန်ကို နှိုင်းယှဉ်ပြီး သုတေသနလုပ်ကြည့်ပြီး လေ့လာတဲ့အခါ တွေ့ရှိချက်က တောယုန်ရဲ့နှလုံး... အိမ်မွေးယုန်ထက် အရွယ်ပိုကြီးရုံမက ...အားလည်း ပိုကောင်းနေတယ်။ နေရတဲ့သက်တမ်းချင်းလည်း သိသာစွာကွာခြားနေပါတယ်။ အိမ်မွေးယုန်ရဲ့ သက်တမ်းက ၄-၅ နှစ်သာရှိပြီး တောယုန်ရဲ့သက်တမ်းက ၁၅ နှစ်အထိ ရှိပါတယ်။

အကြောင်းရင်းမြစ်ကို ရှာဖွေလိုက်တော့ တောယုန်ဟာ အစဉ်သဖြင့် ပြေးလွှားခုန်ပေါက် လှုပ်ရှားနေပြီး (သဘာဝအတိုင်းပေါက်တဲ့ အပင်၊ ဥ၊ အရွက်)ကိုစားပြီး လှုပ်ရှားနေလို့ ဖြစ်ပါတယ်။ အိမ်မွေးယုန်က ဇိမ်နဲ့ငြိမ်ကုပ်ပြီး (လေကောင်းလေသန့်မရ၊ လူလုပ်အစာစားလို့) နေနေလို့ပါပဲ။ ဒီတော့ တောယုန်နဲ့ နှလုံး၊ အဆုတ်စွမ်းရည်ချင်း ကွာခြားပြီး အိမ်ယုန်က အသက်တိုပါတယ်။

ဒီတော့ လူတွေလည်း သက်သောင့်သက်သာ ဇိမ်ကျကျ ငြိမ်ကုပ်နေနည်းကို စွန့်ပြီး(အဲယားကွန်းနှင့် ဆိုဖာပေါ် ထိုင်ပြီး TV ကြည့်နေတဲ့အလုပ်ကို စွန့်ပြီး) လှုပ်ရှားလမ်းလျှောက်ပေးပါ။ လူရဲ့အသက်က လှုပ်ရှားနေမှ အသက်ရှည်တယ်။ ကိုယ်လက်လှုပ်ရှားမှုက အကောင်းဆုံးဆေးဝါး ဖြစ်တယ်။ မရှိအောက် မသိတာခက်ဆိုပြီး ထမင်းနှင့် ချဉ်ရည်ဟင်းကိုသာမစားဘဲ ထမင်းစားရင် အသားများများ၊ ဟင်းများများစားဖို့ အရေးကြီးပါတယ်။ ဓာတုဗေဒ အစာတွေ မစားဘဲ အဆီအစိမ့်ကို လျှော့စားပါ။ သင် မစားဘဲနှင့်လည်း မနေပါနှင့်။

လမ်းလျှောက်ခြင်းသည်လည်း ထိရောက်မှုအရှိဆုံးဖြစ်ကြောင်းကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသာမက ဩဇာတိက္ကမကြီးတဲ့ ပညာရှင်တွေကလည်း ထောက်ပြထားပါတယ်။ လမ်းလျှောက်ပေးရင် ကြွက်သားများသန်မာ၊ နှလုံး၊ အဆုတ်အားကောင်း၊ အဆစ်ရောင်တာ သက်သာတယ်။ သွေးသားအဆီမြင့်ဟာ သက်သာတယ်။ သွေးကြောကျဉ်းတာ ပျောက်တယ်။ သွေးခဲမှု မဖြစ်ပါ။ ကြွက်သားအားကောင်းပြီး၊ ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်းတာကို သက်သာစေတယ်။

လမ်းလျှောက်ပေးလျှင် လူ၏ သွေးရည်ထဲမှ ဟီမိုဂလိုဗင်တွေကို အောက်ဆီဂျင် ပိုမိုရရှိစေနိုင်ပါတယ်။ နှလုံးရောဂါသည်များ ဆီးချို၊ သွေးချို၊ အသည်းအဆီဖုံးရောဂါသည်များသူငယ်ချင်းနှင့် ပျော်ရွှင်စွာ ဖြည်းညင်းစွာ တစ်နာရီခန့် လမ်းလျှောက်ပေးပါလျှင် ထပ်မတိုးတော့ဘဲ ရောဂါသက်သာပြီး ကျန်းမာ အသက်ရှည်ပါလိမ့်မည်။

ထိုင်နေခဲ့လျှင် ဝဖိုင့်မှုဖြစ်လာပြီး၊ ဝဖိုင့်မှုကြောင့် သွေးတွင်းသွေးရည်ကြည်ထဲက ကိုလက်စထရောနှင့် ထရိုင်ဆိုင်ဂလစ်ဆရောတွေအပြင် သွေးလွှတ်ကြောကို မာဆတ်စေတဲ့ လစ်ပိုပရိုတင်းတွေကိုလည်း ကျစေနိုင်ပါတယ်။

ထိုမှတစ်ဆင့် (လမ်းလျှောက်ပေးလျှင်) သွေးလွှတ်ကြော ပြုတ်ထ မာဆတ်မှုမဖြစ်အောင်ကာကွယ်ပေးတယ်။ ၎င်းကိုကာကွယ်ပေးတဲ့ ဓာတ်သိပ်သည်းအမြင့် လစ်ပိုပရိုတင်း HDL ကို တိုးပွားစေပါတယ်။ အဲဒါက ထရိုင်ဆိုင်ဂလစ်ဆရောကြောင့်ဖြစ်တဲ့၊ သွေးပျစ်ခဲမှုနှင့် နှလုံးပတ်သွေးကြောနာကို ကာကွယ်ပေးပါတယ်။ သွေးအဆီမြင့်တဲ့ လူနာ၊





www.burmeseclassic.com

www.burmeseclassic.com

သွေးကြောကျဉ်းလူနာဆိုလျှင် လမ်းကို တဖြည်းဖြည်းနှင့် တိုးတိုးပြီး ဝေးဝေး မြန်မြန် လျှောက်ပေးပါ။

သွေးချို၊ ဆီးချို မဖြစ်အောင် လမ်းလျှောက်ရပါမည်။ ဆီးချိုကို လူအချို့က ကြောက်စရာလို့ မထင်ကြပါ။ အထိုင်များပြီး အဆီအစိမ့် အချိုတွေသာစားလို့ ကိုယ်တွင်းသွေးပျစ်ခဲလာပြီး ကိုယ်တွင်း အင်ဆူလင်အစွမ်းသတ္တိများ ကျဆင်းလာပြီး ဆီးချိုဖြစ်လာသည်။

ပထမဆီးချို ၁ ဖြစ်ပြီးလျှင် ဒုတိယ အမျိုးအစားဆီးချို ဖြစ်လာပါလိမ့်မယ်။ ပထမက ထိုင်နေလို့ အချိုစားလို့ပါ။ ဆီးချို သွေးချို မြင့်လွန်းလို့ ဖြစ်ပေါ်လာတဲ့ ရောဂါတွေက သင့်ထံမှာ သွေးခဲ သွေးဖတ်ပိတ်ဆို့တာ၊ သွေးလွတ်ကြောမာတာက ဆီးချိုရောဂါရဲ့ ဆင့်ပွားရောဂါလက္ခဏာတွေပါပဲ။ သင့်မှာ ဆီးချို၊ သွေးချိုရလာပြီဆို သိပ်မစိုးရိမ်ပါနဲ့။ ရောဂါကို ထိန်းချုပ်ထားလို့ရပါတယ်။ ဒါကတော့ နေ့စဉ် ခြေလှမ်း ၆၀၀၀ ကျော်ရအောင် တစ်နာရီခန့် ဆက်တိုက် လမ်းလျှောက်ပေးဖို့ပါပဲ။ ဆီးချိုရောဂါတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို တားဆီးပေးတယ်။အချို၊ အဆီ၊ အဆိမ့် လျှော့စားပြီး လေ့ကျင့်ခန်းလုပ်၊ လမ်းများများလျှောက်ဖို့ပါ။

သွေးချိုဓာတ် မြင့်နေသူများဟာ နေ့စဉ် သင့်တင့်စွာ လမ်းလျှောက်ပေးမယ်။ အစားအသောက်ကိုလည်း ဂရုစိုက် ဆင်ခြင်မယ်ဆိုရင် ဆီးချိုရောဂါအဆင့်အထိ ဖြစ်လာနိုင်ခြေမှာ ၄၀ ရာခိုင်နှုန်း လျှော့ချနိုင်ပါတယ်။ တစ်ပတ်မှာနှစ်ကြိမ်ထက်ပိုပြီး ချွေးထွက်အောင် လှုပ်ရှားမှုပြုသူ၊ အမျိုးသား အမျိုးသမီးတွေမှာ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့် လျော့ကျနေပါတယ်။ ဆီးချိုရောဂါ ပိုမြင့်လျှင် ကျောက်ကပ်ကို ထိခိုက်လာပြီး ကျောက်ကပ်နာဖြစ်၊ ဆီးဆိပ်သင့်တဲ့ဆီးမှာ ယူရီးယားမြင့်လာပြီး သွေးပေါင်တက်မြင့်ပြီး သွေးတိုးလာလျှင် ရောဂါကိုထိန်းချုပ် သက်သာဖို့အတွက် လေကောင်းလေသန့်ရတဲ့ ဥယျာဉ်၊ ပန်းခြံထဲမှာ လမ်းများများ လျှောက်ပေးလျှင် သက်သာပါတယ်။ လမ်းလျှောက်တာ လွယ်ကူလွန်းတဲ့ လှုပ်ရှားမှုဖြစ်ပြီး ကောင်းချက်က သင့်ကိုယ်တွင်း ဆဲလ်ထဲက အင်ဆူလင်ပမာဏကို တိုးစေတယ်။

အဲဒီအင်ဆူလင်ဟာ သွေးထဲက အချိုဓာတ်တွေကို ဆဲလ်တွေထဲ ဝင်ရောက်ဖို့တွန်းပေးနိုင်တယ်။ ဆဲလ်တွေဆိုတာကလည်း သကြားဓာတ်တွေ ရောက်ရှိသင့်တဲ့ နေရာအမှန် ဖြစ်ပါတယ်။ အမြဲတမ်း လမ်းလျှောက်တဲ့ အကျင့်ရှိသူမှာ အင်ဆူလင်ဟာ ခန္ဓာကိုယ်အပေါ် လွယ်လင့်တကူ အကျိုးသက်ရောက်တယ်။ အင်ဆူလင်ရဲ့ပေါင်းစည်းအား ပိုမြင့်နေတတ်တယ်။ သွေးထဲက အင်ဆူလင်လျော့ကျလာပေမယ့် ဂလူးကို့စ်ပျော်ဝင်နှုန်း မပြောင်းတဲ့အနေအထား ဖြစ်လာတယ်။

လမ်းလျှောက်ခြင်းဖြင့် ကိုယ်တွင်းမျှခြေ ထိန်းညှိမှုစနစ်ရဲ့ စွမ်းအားက တက်လာလို့ သွေးအချိုဓာတ်ရဲ့ အတက်အကျကို အပြောင်းအလဲ မကြီးဘဲ ရှိတတ်တယ်။ ဒါ့အပြင် လှုပ်ရှားတိုင်း အင်စစ်တွေကို အသုံးချနိုင်အားလည်း မြင့်လာလို့ သွေးအဆီချရေးအတွက် အကျိုးရှိပြန်တယ်။

ဆီးချိုသမားအဖို့ အင်ဆူလင်ရဲ့ ကိုယ်တွင်းသက်ရောက်မှု စွမ်းအားကို မြင့်တင်လိုလျှင် တစ်ပတ်ကို ၃ ကြိမ်ထက်မနည်း လမ်းလျှောက်လေ့ကျင့်ပါ။ လမ်းများများလျှောက်ပေးလျှင် ဆီးချို သက်သာရုံမက ပန်းနာရင်ကျပ်သည်များ လေကောင်းလေသန့်ရတဲ့ နေရာမှာ လမ်းမှန်မှန်ဖြည်းဖြည်း မိနစ် ၆၀ နေ့တိုင်းလမ်းလျှောက်ခဲ့လျှင် သန်မာတဲ့ အဆုတ်ကိုပိုင်ပြီး ပန်းနာရင်ကျပ် မထသလောက်ဖြစ်ပြီး သက်သာသွားပါလိမ့်မယ်။

လမ်းလျှောက်လျှင် ဝဖို့လည်း သက်သာပြီး သွေးတွင် အဆီကျပြီး၊ ကျောက်ကပ်ရဲ့လုပ်ငန်း ပုံမှန်ဖြစ်စေပြီး ကြာကြာလျှောက်လေ အဆီများများကျလေဖြစ်ပြီး ကျန်းမာရေးကောင်းလာပါလိမ့်မည်။

နှလုံးရောဂါသည် အသက်ငယ်သူများလည်း ဖြစ်လာကြပါတယ်။ ထိုင်နေပြီး အဆီများတဲ့မုန့်၊ အကြော်များစားလို့ ကိုယ်လက်မလှုပ်ရှားလို့ ဖြစ်တာပါ။ နှလုံးရောဂါသည်တွေက ခန္ဓာကိုယ်ခံနိုင်ပါ့မလားဆိုပြီး စိုးရိမ်ပြီး ထိုင်နေကြပါတယ်။ ဒါကမမှန်ပါ။ လမ်းကို မြန်မြန်မလျှောက်ဘဲတဖြည်းဖြည်းလျှောက်ပြီး တိုးတိုးပြီး များများလျှောက်ပေးပါ။ လမ်းလျှောက်လေ့ရှိသူများမှာ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးနှုန်း ၆၉ ရာခိုင်နှုန်း၊ သေဆုံးနှုန်း ၇၃ ရာခိုင်နှုန်း လျော့နည်းနေကြောင်းတို တွေ့ရပါတယ်။

အဲဒါကြောင့် သက်ရှည်ကျန်းမာဖို့ ထိုင်မနေဘဲ လမ်းလျှောက်ပေးပါ။ လမ်းလျှောက်လျှင် နှလုံးအဆုတ်အားကောင်းလာပြီး ခန္ဓာကိုယ်ကြံ့ခိုင်လာပြီး ပန်းနာရင်ကျပ်ရောဂါ၊ ဆီးချိုရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ အရိုးပွရောဂါ၊ ကင်ဆာရောဂါများ လျော့ကျသက်သာစေပါတယ်။ နှလုံးရောဂါသည်များ လမ်းလျှောက်ပေးရုံနဲ့ ၆၉ ရာခိုင်နှုန်း သက်သာပါတယ်။

အသည်းအဆီဖုံးလျှင် အဆီနှံ့ပြီး ပရိုတင်းဓာတ်မြင့်တဲ့ငါး၊ ပုဇွန် များများစားပါ။ ဟင်းသီးဟင်းရွက်၊ ကြက်နားရွက်မှိုနက်က အဆီချနိုင်စွမ်းရှိလို့ မကြာခဏစားပြီး အဆီပြိုကွဲရေးအတွက် အကျိုးသက်ရောက်ဖို့ လမ်းများများ လျှောက်ပါ။ အသည်းအဆီဖုံးတာကို မကုသရင် အသည်းခြောက်လာတတ်ပါတယ်။

အရိုးပွတာက သက်ကြီးရွယ်အိုတွေမှာ အဖြစ်များပါတယ်။ ငယ်ငယ်ကတည်းက လမ်းမလျှောက်ခဲ့လို့ (ကယ်လ်စီယမ် ဓာတ်နည်းလို့ နို့မသောက် အရိုးပွနာဖြစ်ရတဲ့ အကြောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

ကာလကြာရှည်စွာ လှုပ်လှုပ်ရှားရှား မရှိမှုကြောင့် ဖြစ်ပါတယ်။ လူငယ်တွေလည်း တစ်နေကုန်ထိုင်နေရင် ဖြစ်ပါတယ်။ အရိုးပွနာနှင့် အဆစ်ရောင်နာတွေကို ကာကွယ်ဖို့ ကိုယ်လက်လှုပ်ရှားပေးပြီး ကား၊ ဆိုက္ကားမစီးဘဲ လမ်းများများ လျှောက်ပေးရပါမည်။

ကယ်လ်စီယမ် ဓာတ်ရအောင် (အရိုးမပွအောင်) နွားနို့ကို မနက် တစ်ခွက်၊ ညတစ်ခွက် အမြဲသောက်ရပါမည်။ မနက်စောစော နေရောင်ခံရပါမည်။

လမ်းလျှောက်ခြင်းဖြင့် ကင်ဆာရောဂါမဖြစ်အောင်နှင့် ဖြစ်သမျှတွေထဲမှာ သုံးပုံတစ်ပုံကို ပျောက်အောင် ကုသနိုင်ကြောင်းနှင့်၊ ကျန်သုံးပုံတစ်ပုံကို ဖြစ်မှန်းကို နောက်ကျမှသိလျှင်လည်း အသက်ပိုရှင်နိုင်အောင်၊ နာကျင်မှု သက်သာအောင် လမ်းလျှောက်ခြင်းတို့ဖြင့် သက်သာနိုင်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၁ ကတည်းက ဖော်ပြထားပါတယ်။

ကင်ဆာရောဂါဖြစ်လျှင် လမ်းလျှောက်ပေးက သက်သာပါတယ်။ အမျိုးသားများ နေ့စဉ် တစ်နာရီနီးပါး ကာယလုပ်လမ်းလျှောက်ခဲ့လျှင် မလုပ်သူများထက် ဆီးကျိတ်ဂလင်းကင်ဆာဖြစ်နိုင်ခြေ ၄၇ ရာခိုင်နှုန်းမှ ၄၈ ရာခိုင်နှုန်းအထိ လျော့ကျနေကြောင်းကို စစ်တမ်းအရ တွေ့ရပါတယ်။

အမျိုးသမီး ကိုယ်ဝန်ဆောင်များလည်း လမ်းလျှောက်လေ့ကျင့်ထားခဲ့လျှင် အဆုတ်၊ နှလုံး စွမ်းရည်မြင့်မားလာပြီး သွေးလှည့်ပတ်မှု ကောင်းပါတယ်။ စွမ်းရည်နှင့် ကိုယ်ခံအားတွေ တိုးပွားမှုကြောင့် ရောဂါ ခုခံနိုင်စွမ်းပိုလာတယ်။ ကြွက်သားတွေကို အား သန်စေတယ်။ ခါးနှင့်ဗိုက်ပိုင်းကြွက်သားတွေ ဖွံ့ဖြိုးလာမှုကြောင့် သဘာဝနည်းဖြင့် သားဖွားရာမှာ လွယ်ကူအဆင်ပြေပါတယ်။ နေ့စဉ် လမ်းလျှောက်လေ့ကျင့်မှုမက အစားအသောက်၊ အနေအအိပ်တွေနှင့် စိတ်ကျန်းမာရေးကို အလေးထားပေးပြီး လမ်းများများလျှောက်၊ သင့်တင့်လျောက်ပတ်တဲ့ လှုပ်ရှားမှု လုပ်ခဲ့လျှင် ကျန်းမာပြီး ဉာဏ်ရည်မြင့်သောရင်သွေးငယ်ကို မွေးဖွားပိုင်ဆိုင်ဖို့က အသေအချာပဲ ဖြစ်ပါသည်။

ထို့ကြောင့် ကျား၊ မ တိုင်းအရွယ်တင်နုပျို ကျန်းမာအသက်ရှည်လိုလျှင် ကိုယ်လက်လှုပ်ရှားပေး၊ လမ်းလျှောက်ပေးပါ။ အသက် ၆၀ ကျော်သူများ လမ်းလျှောက်ပေးလျှင် အာရုံစူးစိုက်မှု ၁၁ ရာခိုင်နှုန်း တိုးတက်လာပါသည်။ လမ်းလျှောက်ခြင်းကြောင့် အရပ်ပိုမြင့်နိုင်တယ်။ လမ်းလျှောက်ခြင်းကြောင့် မှတ်ဉာဏ်ပိုကောင်းနိုင်တယ်။ လမ်းလျှောက်ခြင်းကြောင့် နှလုံး၊အဆုတ်အားကောင်းနိုင်တယ်။ ကြာကြာကောင်းကောင်း အိပ်ပျော်နိုင်တယ်။ မောပန်းနွမ်းနယ်တာ ပျောက်တယ်။

လမ်းလျှောက်ခြင်းကြောင့် ကိုယ်ခံစွမ်းအား ရနိုင်တယ်၊ ကြံ့ခိုင်တယ်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရဲ့ ချဉ်ငန်ဓာတ် PH တန်ဖိုးကို မျှတစေတယ်။ အစာကိုကြေစေတယ်။ ဗိုက်ရွဲတာ၊ ခေါင်းကိုက်တာ၊ ဇက်ကြောတက်တာ ပျောက်ပါတယ်။

တရုတ်နိုင်ငံမှာ ၂၀၀၇ ခုနှစ်က အရွယ်ရောက်သူတစ်ဦးဟာ နေ့စဉ် ခြေလှမ်း ၆၀၀၀ လှမ်းရတာနဲ့ညီမျှတဲ့ လှုပ်ရှားမှု၊ လမ်းလျှောက်မှုကို လုပ်ရမယ်လို့ အစိုးရက စည်းကမ်းဥပဒေထုတ်ပြီး တိုက်တွန်းထားပါတယ်။

အင်္ဂလန်နိုင်ငံမှာတော့ အသက် ၁၈ နှစ်ပြည့်လျှင် ဝါကင်းရှူး လမ်းလျှောက်ဖိနပ် အစိုးရက အခမဲ့ထုတ်ပေးပြီး ပြည်သူကို လမ်းလျှောက်စေပါတယ်။ ကိုယ်လက်မလှုပ်ရှားဘဲ နေခဲ့လျှင် ဆေးလိပ်သောက်သလိုမျိုး သွေးကြောတွေ ကျုံ့နိုင်ပါတယ်။

ဂျာမနီ၊ ဩစတေးလျ၊ ပီရူး နိုင်ငံတွေမှာ အစိုးရက လမ်းလျှောက်ဖို့ ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ဗြိတိသျှလူမျိုး **ဇီဝဗေဒပညာရှင် (ဘာရာလီတက်)**က လမ်းလျှောက်တာသည် အကောင်းဆုံး ဇီဝကမ္မလှုပ်ရှားမှုဖြစ်ကြောင်း ပြောထားပါတယ်။

ကမ္ဘာ့ အိုလံပစ် အားကစားပွဲ စတင်ကျင်းပခဲ့တဲ့ ရှေးဂရိနိုင်ငံက ပင်လယ် ကျောက်ကမ်းပါးယံအပေါ်မှာ (ရှေးခေတ်ကတည်းက) စာတမ်းထွင်းထားတာ ရှိတယ်။ အဲဒါက . . .

***သင် ကျန်းမာလိုသလား၊ ပြေးပါ။ သင် ဉာဏ်ကောင်းချင်သလား၊ ပြေးပါ။ သင် လှပကျန်းမာလိုသလား၊ ပြေးပါ။***

လမ်းလျှောက်ခြင်း၊ ပြေးခြင်းက အသက်ရှည်ဆေးဖြစ်ပါတယ်။ကော်လာပြာ၊ ရုံးဝန်ထမ်း၊ ကွန်ပျူတာစာရေးတွေ၊ မဂ္ဂဇင်းအယ်ဒီတာတွေ၊ အမြင်အာရုံကြော၊ ဦးနှောက်၊ လည်ရိုးဆစ်တွေမှာ အမြဲဝန်ပိ ဒဏ်သင့်နေလို့၊ သွေးတိုး၊ နှလုံး၊ သွေးကြောနာ၊ အစာအိမ်၊ အူသိမ် အနာပေါက်၊ သွေးလှည့်ပတ်၊ အစာခြေ စတဲ့ ရောဂါများ မဖြစ်အောင် ကိုယ်လက် လှုပ်ရှားပေးပြီး လမ်းများများ လျှောက်ပေးရန် အထူးလိုအပ်ပါသည်။

ထို့ကြောင့် ကျန်းမာအသက်ရှည်ပြီး သင်၏မိဘ၊ ဇနီးသားသမီး၊ ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် နှစ် ၂၀ လောက်စောပြီး လူ့လောကမှ ထာဝရ မထွက်ခွာသွားရအောင် လေ့ကျင့်ခန်းလုပ်၊ အားကစားလိုက်စား၊ လမ်းများများလျှောက်ပေးဖို့ အထူးအရေးကြီးပါတယ်။

လူ့လောကမှာ ကျန်းမာအသက်ရှည်ပြီး၊ သားရေး၊ သမီးရေး၊ မိတ်ဆွေများနှင့် ပျော်ရွှင်စွာ ရပ်ရေး၊ ရွာရေး လူမှုရေးလုပ်ဖို့ အသက်ရှည်ဖို့ လိုပါတယ်။

ကျန်းမာအသက်ရာကျော်ရှည်ပါစေ။


❒ နေဂျူးလိုင်ဝမ်း





www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသားများနှင့် ဂေါက်(ဒူလာ) ရောဂါ

ရီရီငွေး

ဂေါက်ရောဂါ ခေါ် ဒူလာရောဂါသည် အဆစ်နာရောဂါအမျိုးအစားတွင် ပါဝင်ပါသည်။ အထူးသဖြင့် အမျိုးသားလူလတ်ပိုင်းအရွယ် (၄၀-၅၅)နှစ်အတွင်း အများဆုံးဖြစ်ပွားလေ့ရှိပြီး ကမ္ဘာတစ်ဝန်းရှိ ဤရောဂါဖြစ်ပွားနှုန်းမှာ လူလတ်ပိုင်း အမျိုးသားများတွင် ၃၅ ရာခိုင်နှုန်းခန့်ရှိပြီး သွေးဆုံးပြီးအမျိုးသမီးများတွင်လည်း ရှားရှားပါးပါး ၁၀ ရာခိုင်နှုန်းခန့် ဖြစ်တတ်ကြောင်း သုတေသီများက တင်ပြထားပါသည်။

### ဂေါက်ရောဂါ ဖြစ်ပွားပုံ

ဂေါက်ရောဂါဖြစ်ပွားပုံမှာ သွေးထဲတွင် ယူရစ်အက်စစ် (Urie acid) ဓာတ် လွန်ကဲခြင်းကြောင့်ဖြစ်ပါသည်။ ယူရစ်အက်စစ်သည် ပရိုတင်းခြေဖျက်ရာတွင် ထွက်ပေါ်လာသည့် ပစ္စည်းဖြစ်ပြီး ဆီးနှင့်အတူ ခန္ဓာကိုယ်အပြင်ဘက်သို့ စွန့်ပစ်ခံရပါသည်။

အကြောင်း အမျိုးမျိုးကြောင့် သွေးထဲတွင် ယူရစ်အက်စစ် များလာပြီး ပုံဆောင်ခဲအသွင်သို့ ပြောင်းလဲသွားကာ အရိုးအဆစ်များတွင် စုပုံလာခြင်းကြောင့် ဂေါက်ရောဂါ (ခေါ်) ဒူလာရောဂါ ဖြစ်လာပါသည်။

ဤသို့ ယူရစ်အက်စစ်ပုံဆောင်ခဲများ စုပုံလာရာတွင် ခြေမအဆစ်၊ ခြေကျင်းဝတ်အဆစ်၊ ဒူးခေါင်းအဆစ်နှင့် တံတောင်ဆစ်များတွင် အဖြစ်များပါသည်။ ၎င်းရောဂါသည် အဆစ်တစ်ခုသို့မဟုတ် နှစ်ခုလောက်တွင် ဖြစ်တတ်ပါသည်။ အကယ်၍ အဆစ်တစ်ခုတည်း၌သာဖြစ်လျှင် ပိုးကြောင့်ဖြစ်သောအဆစ်နာနှင့် မှားနိုင်သဖြင့် ဓာတ်ခွဲခန်းတွင် သွေးစစ်ရန် လိုအပ်ပါသည်။ ထို့အပြင် အဆစ်ထဲက အရည်ကို စုပ်ယူစစ်ဆေးကြည့်လျှင် ပုံဆောင်ခဲများကိုတွေ့ရှိပါက ဂေါက်ရောဂါဖြစ်ကြောင်း သိနိုင်ပါသည်။

### ရောဂါလက္ခဏာများ

* ရောဂါဖြစ်ခါစ၌ အရိုး အဆစ်နေရာများ ရုတ်တရက် အလွန်အမင်း နာကျင်လာခြင်း။
* အရိုးအဆစ်နေရာတွင် ဖောင်းမို့ပြီး ရောင်ရမ်းလာခြင်း။
* ဤသို့ အဆစ်ရောင်နေချိန်တွင် လှုပ်ရှားမှုပြုပါကအလွန်နာကျင်ကိုက်ခဲခြင်း။
* အရိုးအဆစ်များ မာတောင့်သကဲ့သို့ဖြစ်ကာ အချိုးအဆက်များ မမှန်ကန်ခြင်း တို့ဖြစ်လာပါသည်။

ရောဂါဖြစ်စတွင် ဆေးကုသမှုခံယူပါက အလွယ်တကူ သက်သာပျောက်ကင်းနိုင်သော်လည်း ကုသမှုမခံယူတဲ့အတွက် ရောဂါရင့်လာပါက ပုံဆောင်ခဲများက အဆစ်ပတ်ဝန်းကျင်ရှိ တစ်ရှူးများနှင့် ကျောက်ကပ်ထဲသို့ ဝင်ရောက်ကာ ခဲသွားတတ်သည့်အတွက် ရောဂါပိုဆိုးလာပါသည်။ ထိုအခြေအနေသို့ ရောက်ရှိပါက ကုသရန်မလွယ်ကူတော့ပေ။

### ယူရစ်အက်စစ် ဘာကြောင့်များလာရသလဲ

ယူရစ်အက်စစ်များသည် သွေးထဲ၌ များပြားစွာရောက်ရှိရန် အကြောင်းနှစ်မျိုး ရှိပါသည်။

### ခန္ဓာကိုယ်မှ ယူရစ်အက်စစ် ထုတ်လုပ်မှုများခြင်း

ဤသို့ ယူရစ်အက်စစ် ထုတ်လုပ်မှု များရခြင်းအကြောင်းရင်းမှာ ကင်ဆာရောဂါရှင်များသည် ကလာပ်စည်းကွဲခြင်း၊ [illegible]များလာခြင်းတို့ကြောင့်လည်းကောင်း၊ ဓာတ်ရောင်ခြည်ကင်





www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကင်ဆာဆေး ထိုးခြင်းကြောင့်လည်းကောင်း ဆဲလ်များကွဲထွက်သဖြင့် ယူရစ်အက်စစ် ထုတ်လုပ်မှုများရခြင်း ဖြစ်ပါသည်။

### ကျောက်ကပ်မှ ယူရစ်အက်စစ် စွန့်ထုတ်မှုနည်းခြင်း

အကြောင်း အမျိုးမျိုးကြောင့် ကျောက်ကပ်ရောဂါ ခံစားနေရသူများနှင့် ကျောက်ကပ် ကောင်းစွာအလုပ်မလုပ်သော လူများ၌ ယူရစ်အက်စစ်ကို ကောင်းစွာ မစွန့်ထုတ်နိုင်ခြင်းကြောင့်လည်း ခန္ဓာကိုယ်တွင်း၌ ယူရစ်အက်စစ်များရခြင်း ဖြစ်ပါသည်။

### ဂေါက်ရောဂါအတွက် စမ်းသပ်စစ်ဆေးချက်

(၁) **သွေးစစ်ဆေးခြင်း (Blood for Urie acid)**

သွေးစစ်ဆေးခြင်းတွင် သွေးထဲ၌ ယူရစ်အက်စစ် ပမာဏ မည်မျှပါဝင်သည်ကို စမ်းသပ်စစ်ဆေးခြင်း ဖြစ်ပါသည်။ ယူရစ်အက်စစ်သည် သွေးထဲ၌ သာမန်ရှိရမည်ထက် များပြားခြင်းရှိမရှိကို စစ်ဆေး အဖြေရှာရမည်။

(၂) **အစ်ထဲမှ အရည်ကို စုပ်ယူ၍ စစ်ဆေးခြင်း**

လူနာ၏ အဆစ်ထဲမှအရည်ကို တစ်ခါသုံးအပ်ဖြင့် စုပ်ယူပြီး ထိုအရည်ကို စစ်ဆေးရမည်။ ထိုအရည်ထဲတွင် ယူရစ်အက်စစ် ပုံဆောင်ခဲ ရှိ၊ မရှိကို ရှာဖွေရမည်။ ထိုသို့စစ်ဆေးရာတွင် သွေးထဲ၌ ယူရစ်အက်စစ် များပြားနေလျှင်သော်လည်းကောင်း၊ အဆစ်ထဲရှိ အရည်ထဲတွင် ပုံဆောင်ခဲများကို တွေ့ရှိရလျှင်သော်လည်းကောင်း ထိုလူနာသည် ဂေါက်ရောဂါဖြစ်နိုင်ချေ များပြားကြောင်း သိနိုင်ပါသည်။

### ရောဂါအတွက် ကုသချက်

ရောဂါဖြစ်ပွားသူသည် ဆရာဝန်ကြီးများနှင့် ပြသပြီး ကုသမှုခံယူသင့်ပါသည်။ ဆရာဝန်ကြီးများသည် လူနာအား ရောင်ရမ်းခြင်းနှင့် နာကျင်ကိုက်ခဲခြင်းမှ သက်သာစေသည့် ဆေးဝါးများဖြင့် ကုသပေးပါသည်။

* အသုံးများသော ဆေးများမှာ Colchicins, NSAID စသော အကိုက်အခဲနှင့် ရောင်ရမ်းနာပျောက်ဆေးများ။

* စတီးရွိုက်ဆေးများ

* အထူးသဖြင့် ဂေါက်ရောဂါကာကွယ်ဆေးအဖြစ် အေလိုပျူရီနော ဆေးကို အသုံးပြုပါသည်။

* အေလိုပျူရီနော ဆေးသည် ယူရစ်အက်စစ် ပုံဆောင်ခဲများကို စားသွားပြီးရေတွင်ပျော်ဝင်နိုင်သည့်အတွက် ဆီးနှင့်အတူ ခန္ဓာကိုယ်အပြင်ဘက်သို့ စွန့်ထုတ်ပါသည်။ အထက်ပါဆေးသည် ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း သောက်သုံးရမည့်ဆေး ဖြစ်သည်။ ဤဆေးတွင် ပါဝင်သည့်အလေးချိန်နှင့် တစ်နေ့လျှင် မည်မျှသောက်သုံးရမည်ကို ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်းသောက်ရမည်။မိမိသဘောနှင့် သောက်သုံးခြင်းမပြုရန် သတိပေး တားမြစ်ထားပါသည်။

### ဂေါက်ရောဂါရှင်များ စားသောက်သင့်သည့်အစားအစာ

* ရေ သို့မဟုတ် သစ်သီးဖျော်ရည်များများသောက်သုံးသင့်ပါသည်။ ရေဓာတ် ခန်းခြောက်ခြင်းသည် ထိုရောဂါကို ပိုမိုဆိုးရွားစေပါသည်။ သစ်သီးဖျော်ရည်များ သောက်သုံးရာတွင် အသင့်ဖျော်စပ်ရန် ပြုလုပ်ထားသည့် ဖျော်ရည်အဆီများ၊ သံဘူးများ သောက်ခြင်းထက် လတ်ဆတ်သောသစ်သီးကို ကိုယ်တိုင်ဖျော်သောက်ခြင်းသည် ပိုပြီးထိရောက်စေပါသည်။ ဖျော်ရည်အဆီနှင့် ဘူးများ၊ အသင့်သောက်ရန် ပြုလုပ်ထားသော ဖျော်ရည်များကို လျှော့သောက်သင့်ပါသည်။ လတ်ဆတ်သောသစ်သီးဖြစ်သည့် လိမ္မော်သီး၊ ရှောက်ချိုသီး၊ သံပရာသီး ကိုယ်တိုင်ဖျော်ရည်ကို တစ်နေ့လျှင် သုံးခွက်ခန့် သောက်သုံးသင့်ပါသည်။

* ရေသောက်သုံးမှုနှင့် ပတ်သက်၍ ကမ္ဘာ့အစားအသောက် ကွပ်ကဲရေးအဖွဲ့မှ အကြံပြုချက်အရ ဂေါက်ရောဂါရှိသူများသည် တစ်နေ့လျှင် သောက်ရေ သန့် နှစ်ပုလင်း၊ သုံးပုလင်းအထိသောက်သင့်ကြောင်း အကြံပြုထားပါသည်။

* လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ ဟင်းနုနယ်၊ ဂေါ်ဖီထုပ်၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ တိုဟူး၊ နို့၊ ကြက်ဥ၊ ငါးများကို စားသုံးသင့်ပါသည်။

* ဗီတာမင်စီနှင့် ဖောလစ်အက်စစ်ဓာတ် ပါဝင်သော အစားအစာများကို စားသုံးသင့်ပါသည်။ ဗီတာမင်စီဓာတ်သည် သွေးကြောတွင်း၌ ယူရစ်အက်စစ်ကို ဆီးထဲသို့ရောက်အောင် ပို့ဆောင်စေပြီး အပြင်သို့စွန့်ထုတ်ခြင်းကို အားပေးပါသည်။

ဗီတာမင်စီဓာတ် ပါဝင်သော သစ်သီးများမှာ သံပရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ရှောက်ပန်းသီး တို့ဖြစ်ပါသည်။ လတ်ဆတ်သော အသီးများကို အရည်ညှစ်၍ ဖျော်ရည်အဖြစ် သောက်သုံးခြင်းဖြင့် ဗီတာမင်စီကို ရရှိစေနိုင်ပါသည်။

* ဖောလစ်အက်စစ်ဓာတ်သည် သွေးထဲရှိ ယူရစ်အက်စစ်ပမာဏကို ထိန်းချုပ်ပေးနိုင်ပါသည်။ ဖောလစ်အက်စစ်ဓာတ် ပြည့်ဝစွာပါဝင်သော အစာများမှာ အစိမ်းရောင်ဟင်းသီးဟင်းရွက်၊ ပေါင်မုန့်ကြမ်း၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများ၊ ဖောလစ်အက်စစ် ဆေးပြားများ (ဖောလစ်အက်စစ်ဆေးပြားကို သောက်မည်ဆိုလျှင် တစ်နေ့တစ်လုံး သောက်သင့်ပါသည်။)

* မပြည့်ဝဆီဖြစ်သည့် သံလွင်ဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီနှင့် နှမ်းဆီတို့ကို စားသုံးသင့်ပါသည်။

* ရေကန်စွန်း၊ တရုတ်နံနံ၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီ၊ ဆလပ်ရွက်။

* နာနတ်သီး၊ စပျစ်သီး၊ ချယ်ရီသီး၊ ဂရိတ်ဖရုနှင့် သောပတ်သီး။



www.burmeseclassic.com

www.burmeseclassic.com

### မသင့်တင့်သည့်အစားအစာများ

* မြေတွင်းအောင်းသည့် သတ္တဝါများဖြစ်သည့် ဖားသား၊ ကြွက်သား၊ မြွေသား၊ ငါးရှဉ့်၊ ပုရစ် စသည့်အသားများ မစားသင့်ပါ။

* ပြူရင်း (Purine)ဓာတ် အများအပြား ပါဝင်သည့် အသည်းအမြစ်၊ ကျောက်ကပ်၊ ဦးနှောက်နှင့် ဝမ်းတွင်းသားများ။

* ငါးသေတ္တာငါး၊ ငါးသလောက်၊ ခုံး၊ ခရု စသော ပင်လယ်စာများ။

* အဆီနှင့်တွဲနေသော အမဲသား၊ ဝက်သား။

* တိရစ္ဆာန်မှရသော အဆီများနှင့် ထောပတ်ဆီ၊ ပြည့်ဝဆီအုပ်စုတွင်ပါဝင်သော ဆီများ (ဥပမာ-စားအုန်းဆီ)

* ခဲဆိပ်သည် ကျောက်ကပ်၏ ယူရစ်အက်စစ် စွန့်ထုတ်မှုကို အဟန့်အတားပေးစေသဖြင့်အရောင်လှအောင် ခဲဖြင့်ပတ်ထားသည့် ပုစွန်ခြောက်၊ ငါးခြောက်နှင့် ခဲဆိပ်ပါသည့် ဝိုင်အရက်များ သောက်ခြင်းကြောင့် ရောဂါပိုမိုဖြစ်ပွားစေပါသည်။

* အရက်နှင့်ဆေးလိပ် သောက်သုံးသူများတွင် ရောဂါပိုအဖြစ်များသဖြင့် အရက်နှင့်ဆေးလိပ် ရှောင်ကြဉ်ရမည်။

* ယူရစ်အက်စစ်ဓာတ် များပြားစွာပါဝင်သည့် ပုစွန်နှင့် ပင်လယ်အစားအစာများကို မစားသင့်ပါ။

* အဆီအစိမ့်များသော အစားအစာများ။

* သွေးဆုံးပြီးသော အမျိုးသမီးများသည် ယူရစ်အက်စစ်များသော အစားအစာများကို မစားသင့်ပါ။ အဘယ်ကြောင့်ဆိုသော် သွေးဆုံးပြီးသော အမျိုးသမီးများတွင် အီစထရိုဂျင်ဟော်မုန်း အားနည်းသွားသဖြင့် ယူရစ်အက်စစ်စွန့်ထုတ်မှု အားနည်းသွားသည့်အတွက် ယူရစ်အက်စစ်များ သွေးထဲသို့ ရောက်စေနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

* သွေးတိုးရောဂါ ရှိသူများသည် ကျောက်ကပ်အားနည်းလာပါက စွန့်ထုတ်မှု အားနည်းကာ သွေးထဲတွင် ယူရစ်အက်စစ် များလာတတ်ပါသည်။ ထို့ကြောင့် သွေးမတိုးအောင် တားဆီးကာကွယ်ထားပါ။

* ဆီးချိုရောဂါ ရှိသူများသည်လည်း ဂေါက်ရောဂါ ဖြစ်ပွားနိုင်ဖွယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အင်ဆူလင်သည် ကျောက်ကပ်၏ ယူရစ်အက်စစ် ပြန်စုပ်ခြင်းကို အားပေးပါသည်။ ဆီးချိုရောဂါ ရှိသူများသည် အင်ဆူလင်ဓာတ် နည်းသွားသဖြင့် စုပ်ယူခြင်းကို ကောင်းစွာမဆောင်ရွက်နိုင်ပါ။

* အဝလွန်ခြင်းသည် ဂေါက်ရောဂါဖြစ်မှုအတွက် အဓိကကျသည့်ရောဂါဖြစ်သည်။ ဆီနှင့်ကြော်ထားသည့်အစားအစာများသည် အဝလွန်မှုကို အားပေးပါသည်။ ကစီဓာတ်၊ အသားဓာတ်နှင့် အဆီဓာတ်ကို မျှတညီညွတ်အောင် စားခြင်းဖြင့် ခန္ဓာကိုယ်၏ အဝလွန်မှုကို ထိန်းသိမ်းထားပါ။

အချုပ်ဆိုရသော် ဂေါက်ရောဂါသည် အဆစ်အမြစ်ရောဂါများအနက် အလွန်အမင်း နာကျင်ကိုက်ခဲပြီး လမ်းမလျှောက်နိုင်အောင် အန္တရာယ်ကြီးမားသည့်ရောဂါ ဖြစ်ပါသည်။ အဆစ်နေရာများတွင် ယူရစ်အက်စစ် ပုံဆောင်ခဲများစုပုံနေသည့်အတွက် အဖုကြီးဖြစ်နေတတ်ပါသည်။ ဤအဆင့်သည် ရောဂါရင့်သည့် အခြေအနေဖြစ်သဖြင့် အထူးဂရုစိုက်ကုသရမည်။ ထိုအဆင့်သို့ရောက်လျှင် မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲခြင်း ဝေဒနာဆိုးကြီးကို ခံစားရမည်ဖြစ်၍ မဖြစ်မီကပင် ကြိုတင်ကာကွယ်သင့်ပေသည်။ အဓိကအချက်အနေနှင့် အဝလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်နှင့်ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ယူရစ်အက်စစ်များသည့် အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် ရှောင်သုံးရှောင်ကို ရှောင်ပါက ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပေသည်။

❒ ရိုရိုဇွေး


### စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထားး၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

### အထူးသတိပြုရန်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ။ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။



အဖြူအမည်း

တစ်မျက်နှာ

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

မျက်နှာဝက်

ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

### ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း

(၁၇×၁၀)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၅၀၆၆၁၈




www.burmeseclassic.com

www.burmeseclassic.com




တိုးခ

# ကိုဘန္ဓုရဲ့ ကံဆန်းပည်း

သူ့ရဲ့ နမော်နမဲ့ဖြစ်ရပ်များဟာ ရယ်တဲ့အခါလည်းရယ်ရ၊ ပြုံးတဲ့အခါလည်းပြုံးရ၊ ဒေါသဖြစ်တဲ့အခါလည်း ဖြစ်ရ၊ သနားကရုဏာ ဖြစ်ရတဲ့အခါလည်း ဖြစ်ရလေ့ရှိတဲ့ ကိုဘန္ဓုဆိုတဲ့လူဟာ အသက်ခြောက်ဆယ်ကျော်အရွယ် ရောက်လာလို့ ဦးဘန္ဓုဖြစ်လာခဲ့ပါပြီ။

အရွယ်သာ အိုမင်းလာခဲ့တာ သူ့မှာ ပျိုမျစ်ဆဲပဲ ရှိနေတဲ့ အရာတစ်ခုကတော့ သူ့ရဲ့ နမော်နမဲ့အဖြစ်လေးတွေပါပဲ။

ဦးဘန္ဓုရဲ့ ဘဝမှာ နမော်နမဲ့အဖြစ်လေးတွေသာမကဘဲ လူ့လောကမှာ ဖြစ်တတ်ပျက်တတ်တဲ့ တချို့ အဖြစ်အပျက်လေးတွေကလည်း နမော်နမဲ့အဖြစ်မဟုတ်ပေမယ့် သဘာဝကျစွာ ပြုံးရ ရယ်ရပါတယ်။

တစ်ခါတလေမှာ စာနာစိတ်နဲ့ ကရုဏာသက်စရာလည်း ဖြစ်ရပါတယ်။

ဦးဘန္ဓု အသက်(၆၀) ပြည့်သွားလို့ နိုင်ငံတော်က အငြိမ်းစား ပေးလိုက်ပေမယ့် မိသားစုက အငြိမ်းစား မပေးသေးလို့ စားဝတ်နေရေး အခြေအနေအရ သူပင်စင်ယူခဲ့တဲ့ စက်ရုံမှာပဲ တစ်နေ့ ထောင့်တစ်ရာကျပ်နဲ့ နေ့စား ဘွိုင်လာမောင်း ဆက်လုပ်နေရတယ်။

အငြိမ်းစားမယူခင်က သူလုပ်ရတဲ့ အလုပ်က ကိုယ့်စက်ရုံအတွက် လိုအပ်တဲ့ စာရေးကိရိယာကအစ ကုန်ကြမ်းပစ္စည်းအဆုံး လိုအပ်တာတွေ ရရှိဖို့ ရုံးပြင်ကနား ဌာနပေါင်းစုံ၊ စက်ရုံပေါင်းစုံ ဝင်ထွက်သွားလာရတဲ့ အလုပ်ပါ။ လူပင်ပန်း စိတ်ပင်ပန်းနဲ့ နှစ်ရှည်လများ လုပ်ခဲ့ရတာပါ။

ကိုယ့်စက်ရုံမှာ ကိုယ့်ရာထူးနဲ့ကိုယ် ဘယ်လောက်ပဲ





www.burmeseclassic.com

www.burmeseclassic.com

ထောင်ထောင် ထောင်ထောင် နေနေ သူများဌာန သွားရပြီဆို လူစင်စစ်ကနေ ကြက်မ ဖြစ်သွားရတော့တာ။

စကားပုံတစ်ခု ရှိတယ်လေ။ “ကိုယ့်ရွာမှာ ကြက်ဖ၊ သူများရွာကျ တော့ ကြက်မတဲ့”။ (နိုင်ငံခြားသွားပြီး အလုပ်လုပ်တဲ့ ကျား၊ မတွေ အဲဒီစကား ပုံကြီး မြန်မာပြည်မှာပဲ ထားခဲ့ကြပါဗျာ။ စာရေးသူ) သူများဌာန ဝင်ရပြီဆိုတာနဲ့ ကိုယ့်မိခင်ဌာနကိစ္စ အဆင်ပြေချောမွေ့ အောင်လို့ ပါးစပ်ကို နားရွက်မှာချိတ်ပြီး စိတ်မပါဘဲ သွားဖြဲပြရ၊ လက်ဖက်ရည် တိုက်ရ လုပ်ခဲ့ရတာ။

ခုတော့ အဲဒီဘဝကနေ ကျွတ် လွတ်ငြိမ်းချမ်းသွားပါပြီ။ အပြင်ဌာန တွေနဲ့ ဘာအကြောင်းနဲ့မှ ပတ်သက်စရာ မရှိတော့ပါဘူး။

ဒါပေမယ့် ဘယ်ဘဝက အကျိုး ပေးတွေ ပါလာခဲ့လည်း မသိပါဘူး။ သူလုပ်ခဲ့ရတဲ့ အလုပ်တွေဟာ စိတ်ဖိစီး မှုတွေ အမြဲရှိနေတဲ့ အလုပ်တွေချည်း ပါပဲ။ နေ့စားဘဝနဲ့ ဘွိုင်လာမောင်း တော့လည်း ဘွိုင်လာတွေမှာ ဖြစ်ပျက် တတ်တဲ့ အန္တရာယ်တွေအတွက် စိုးရိမ် ကြောင့်ကြရတဲ့ စိတ်ဖိစီးမှုကတော့ ရှိနေ တာပါပဲ။ ဦးဘန္တဲ့မှာ ငြိမ်းအေးချမ်းသာ တဲ့ဘဝကို မရရှိသေးပါဘူး။

တစ်ခုတော့ ရှိပါတယ်။ ဘွိုင် လာမောင်း အလုပ်က ဂရုစိုက်မှုမပြတ် ရှိနေရင် အန္တရာယ်ဖြစ်ခဲပါတယ်။ အရင် ဌာနဆိုင်ရာတွေကို ဝင်ထွက်ပတ်သက် နေရတဲ့ အလုပ်လောက်တော့ သောက ပွား ဗျာများမနေရပါဘူး။ ခုတော့ အဲဒီ အလုပ်က အနားရခဲ့ပြီမို့ ဦးဘန္တဲ့အပေါ် ကောင်းခဲ့သော မကောင်းခဲ့သော ဌာန အားလုံးကို ဦးဘန္တဲ့ တာတော့လုပ်ခဲ့ပြီမို့ ဘာအကြောင်းနဲ့မှ ပတ်သက်စရာ မရှိ တော့ပါဘူး။

❑

ဦးဘန္တဲ့တစ်ယောက် သို့ကလို ပင်စင်လခလေးထုတ်၊ စားဝတ်နေရေး အတွက် အလုပ်တွေလုပ်နေတဲ့ကြား ကပဲ ပိုက်ဆံကုန်ရမယ့် ကျန်းမာရေး ကိစ္စ၊ မိသားစုကိစ္စ ကြုံလာတဲ့အခါ ဦးဘန္တဲ့ခမျာ တောင်ပြေး မြောက်ပြေး ဟိုဆွဲ ဒီဆွဲ လုပ်ရတော့တာပါပဲ။ ငွေ ကြေးကိစ္စ ပြောပါတယ်။

တစ်နေ့ ဦးဘန္တဲ့ နေ့လယ် ၂ နာရီမှာ အလုပ်ဝင်ပါတယ်။ အဝင်ဂိတ် အချိန်မှူး စာရေးမလေးဆီမှာ အလုပ် တက် လက်မှတ်ထိုးတဲ့အခါ စာရေးမ လေး မြမြသန်းက သတင်းထူးတစ်ခု ပြောလာတယ်။

“ဦးကို ကုမ္ပဏီယူနီဖောင်းဝတ် ထားတဲ့ စာရေးမလေးနှစ်ယောက် နေ့ လယ် ၁၂ နာရီလောက်ကလာရှာတယ်၊ ဦးနဲ့ တွေ့ချင်လို့တဲ့”

“ဟုတ်လား၊ ဘယ်ကုမ္ပဏီကတဲ့ လဲ၊ ငါနဲ့ပတ်သက်စရာ ဘယ်ကုမ္ပဏီမှ လဲ မရှိပါဘူး၊ ဘာကိစ္စလို့ ပြောလဲ၊ ယူနီ ဖောင်းက ဘာအရောင်လဲ၊ ဌာနဆိုင်ရာ ယူနီဖောင်းတော့ မဟုတ်ပါဘူးနော်”

“ဘယ်ကုမ္ပဏီက ဆိုတာလဲ ပြောမသွားဘူး၊ ဘာကိစ္စဆိုတာကိုလဲ ပြောမသွားပါဘူး၊ ယူနီဖောင်းကတော့ အပြာနုရောင် ထဘီလေးတွေနဲ့၊ ဌာန ဆိုင်ရာ ဝန်ထမ်းပုံစံတော့မဟုတ်ပါဘူး”

ကုမ္ပဏီနဲ့ ဌာနဆိုင်ရာ ကွဲကွဲ ပြားပြားသိရအောင် ဦးဘန္တဲ့ မေးလိုက် တာဖြစ်ပေမယ့် ဘယ်ဌာနဆိုင်ရာနဲ့မှ ပတ်သက်စရာ မရှိတော့တာကိုတော့ ဦးဘန္တဲ့ သူ့ကိုယ်သူ အသိပါ။ စာရေးမ လေးက ဆက်ပြောပါတယ်။

“ကျွန်မက ဦးဘန္တဲ့ ၂ နာရီဆို ရောက်လာပါလိမ့်မယ်၊ စောင့်ပါလား ဆိုတော့ မစောင့်တော့ပါဘူး၊ ဦးကို ကန်လမ်းကရုံးကို လာတွေ့ပါလို့ပဲ မှာ သွားပါတယ်၊ ဒီမှာ ကျွန်မ မှတ်ထား တယ်”

စာရေးမလေး မြမြသန်းက သူ ရေးမှတ်ထားတဲ့ စာရွက်လေး ထုတ်ပေး ပါတယ်။

ဦးဘန္တဲ့ ယူကြည့်လိုက်တော့ စာရွက်မှာ ရေးထားတာက . . .

“ကန်လမ်းက ရုံးကို လာတွေ့ပါ”
နီနီပတ္တမြား

လို့ ဖြစ်ပါတယ်။

စာကို ဖတ်ပြီး ဦးဘန္တဲ့ တစ် ယောက် ဦးနှောက်စားသွားတယ်။ နီနီ ပတ္တမြားဆိုတာလည်း သူ မသိ။ ဘာ ကုမ္ပဏီဆိုတာလည်း သူမသိ။ ဒို့ပြင် ဘာမှပြောမသွား၊ မှာမသွားဘူး ဆိုတော့ သူ ဘယ်မှာ ဘယ်သူ့ကို သွားတွေ့ရမှာ လဲ။ ကန်လမ်းဆိုတာကိုတော့ ဦးဘန္တဲ့ သိပါတယ်။ သူနေတဲ့ ရပ်ကွက်နားတင် ပါ။ အင်းလျားကန်ကို မြေးမလေးဖြစ်သူ ဆုလာဘ်ထူးနဲ့ လမ်းလျှောက်သွားရင် အဲဒီလမ်းကသွားနေကျ။ အင်းလျားကန် တံတားဖြူထိပ်ကနေ လှိုင်မြို့နယ် (၁၀) ရပ်ကွက်ဆီ ဝင်တဲ့ ကားလမ်းသွယ်။ ကန်လမ်းတစ်လျှောက်လုံး ကုမ္ပဏီတွေ လိုက်မေးရတော့မယ့် အဖြစ်။ ဦးဘန္တဲ့က မြမြသန်းကို အပြစ်တင်ပါတယ်။

“မြမြသန်းရယ် ကုမ္ပဏီနာမည် လေးတော့ မေးထားလိုက်ရောပေါ့၊ လာ ပြောတဲ့ ကလေးမတွေကလဲ ဘာလို့များ ပြောမသွားတာလဲ၊ ဘာမှ မပြောသွား ကြတော့ ငါက ဘယ်ကိုသွားလို့ ဘယ် သူနဲ့ တွေ့ရမလဲ”

ဦးဘန္တဲ့ ခေါင်းကုတ်ပြီး လျှောက် စဉ်းစားကြည့်တဲ့အခါ ဝမ်းသာမျှော်လင့် စရာ ကိစ္စတစ်ခုကို သွားတွေးမိတယ်။ ဦးဘန္တဲ့ဟာ မဟာရန်ကုန်က တပ်မတော် ပြခန်းမှာ ပြသလေ့ရှိတဲ့ ကုန်စည်ပြပွဲ တွေကို ပြပွဲတိုင်းလို ဘာတစ်ခုမှ ဝယ် တာမဟုတ်ဘဲ ဗဟုသုတအဖြစ် မလွတ် တမ်းသွားကြည့်လေ့ရှိတယ်။ အလကား ပေးတဲ့ လက်ဆောင်ပစ္စည်းတွေယူတယ်။ ကံစမ်းမဲပေးရင် ဝင်ကံစမ်းတယ်။

မကြာသေးခင်က ကွန်ပျူတာ ပြပွဲတစ်ခုမှာ ကံစမ်းမဲသဘောမျိုး တံဆိပ်လေးကပ်ပေးပြီး သူ့လိပ်စာလေး ယူထားလေတော့ အဲဒီကွန်ပျူတာကုမ္ပ ဏီက ကံစမ်းမဲပေါက်လို့များ လာပြီး အကြောင်းကြားတာလားလို့ တွေးမိပြင်း ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"အတော်ပဲ လကုန်ခါနီး ငွေလိုနေတုန်း ချေးငှားထားတဲ့ အကြွေးတွေအတွက် အတိုးပေးဖို့ ပိုက်ဆံလိုနေတုန်း ကံစမ်းမဲပေါက်ပြီး ကွန်ပျူတာ လက်တော့ တစ်ခုခုများရခဲ့ရင် အဆင်ပြေတာပဲ၊ ငါ့ကံတော့ ကောင်းလာပြီနဲ့တူတယ်"

လို့ အကောင်းဘက်ကို တွေးတောကာ ဝမ်းသာသွားတယ်။ သူတွေးမိသလို စာရေးမလေးနဲ့ အနားကရှိသူတွေကို ပြောပါတယ်။

"ငါ ကံစမ်းမဲပေါက်လို့ ကုမ္ပဏီက ငါပေးထားတဲ့ လိပ်စာအတိုင်း ဒီကို လာပြီး အကြောင်းကြားတာလား မသိဘူး၊ တစ်လောက တပ်မတော်ခန်းမမှာ ပြတဲ့ ကွန်ပျူတာပြပွဲတစ်ခုမှာ ကံစမ်းမဲပေးလို့ ငါ့လိပ်စာပေးခဲ့တယ်၊ အဲဒါဖြစ်ချင် ဖြစ်နေမှာ၊ မဲပေါက်တာဆိုရင် လက်တော့တို့ ကွန်ပျူတာတို့ရမှာ၊ အဲဒါ လာထုတ်ဖို့များလား မသိဘူး၊ ဟုတ်နေရင်တော့ ပွတာပဲ၊ နီနီပတ္တမြားရှိတဲ့ကုမ္ပဏီကို ကန်လမ်းမှာ လိုက်ရှာကြည့်ဦးမယ်၊ သူတို့ဘက်က အကြောင်းကြားပြီး ကိုယ်က မသွားရင် ရစရာရှိတာလေး မရဘဲ ဖြစ်သွားဦးမယ်"

"သွားရှာသင့်တာပေါ့ ဦးရယ်၊ ကန်လမ်းက ဒီနားလေးတင်ပဲ၊ ဟုတ်နေချင်တော့ ဟန်ကျတာပေါ့၊ ဟုတ်ပါစေ"

စာရေးမလေး မြမြသန်းကလည်း အားပေးထောက်ခံစကားပြောလေတော့ ဦးဘနွဲ့ တက်ကြွလန်းဆန်းသွားတယ်။

ကံစမ်းမဲ ပေါက်တဲ့ကိစ္စသာဆိုရင် သူခေါင်းခဲနေတဲ့ ငွေရေးကြေးရေးကိစ္စ အားလုံးအဆင်ပြေပြီပေါ့။ ကွန်ပျူတာလက်တော့သာ ရလိုက်ရင် ပြန်ထုတ်မယ်ဆိုတဲ့ အတွေးနဲ့ ဦးဘနွဲ့ စိတ်ထဲမှာ ပျော်နေရှာတယ်။ ဦးဘနွဲ့ တစ်ခုသော ကွန်ပျူတာကုမ္ပဏီနဲ့ ကုမ္ပဏီစာရေးမလေး နီနီပတ္တမြားကို ရှာပုံတော်ဆင်နွှဲရပါဦးမယ်။

□

အကြောင်းကြားတဲ့ ကုမ္ပဏီကတော့ အကြောင်းကြားလာပြီ။ ကိုယ့်ဘက်က မလစ်ဟင်းရအောင်၊ ရသင့်တာ ရအောင် လာအကြောင်းကြားတဲ့ ကုမ္ပဏီနဲ့ နီနီပတ္တမြားကို ရှာဖွေဖို့ ဦးဘနွဲ့ လုပ်ဆောင်ပါတယ်။

သူ့ကို ဂျူတီလွှဲပေးဖို့စောင့်နေတဲ့ မိတ်ဆွေကို မေတ္တာရပ်ခံ အကူအညီတောင်းပါတယ်။

"ကိုစောဂျိုင်းရေ ကျွန်တော့်ကို နာရီဝက်လောက် ဆက်ပြီး ဘွိုင်လာတာဝန် ယူထားပေးပါဗျာ၊ ကျွန်တော့်ကို ကုမ္ပဏီက မိန်းကလေးနှစ်ယောက် လာရှာပြီး ကန်လမ်းက ကုမ္ပဏီရုံးကို လာတွေ့ဖို့ မှာသွားတယ် ပြောတယ်၊ တပ်မတော်ခန်းမမှာ ပြပွဲတွေသွားကြည့်တုန်းက ပေးထားခဲ့တဲ့ ကံစမ်းမဲတစ်ခုခုများ မဲပေါက်နေလို့ လာအကြောင်းကြားတာလား မသိဘူး၊ ကျွန်တော် မသွားလို့ရှိရင် မလာတော့ဘူး အောက်မေ့ပြီး ကိုယ့်ဘက်က ရစရာရှိတာ ဆုံးရှုံးသွားဦးမယ်၊ အခု ကျွန်တော် အဲဒီ ကုမ္ပဏီကိုသွားရှာချင်လို့ ကူညီပါဦးဗျာ"

"ရပါတယ်ဗျာ၊ သွားပါ၊ ဒါနဲ့ ဘာကုမ္ပဏီလဲဗျ"

"အဲဒါ ပြဿနာတက်နေတာပေါ့ဗျာ၊ လာတဲ့ ကလေးမလေးတွေက ကန်လမ်းက ရုံးကို လာခဲ့ပါ၊ နီနီပတ္တမြားဆိုတာပဲ ပြောသွားကြတော့၊ ဘယ်ရုံးမှန်းလဲမသိ၊ လူလဲမသိနဲ့ ဂွကျနေတာပေါ့၊ အဲဒါကြောင့် ခုချက်ချင်းပဲ သွားရှာချင်လို့ပါ၊ တော်တော်လိုကြတယ်ဗျာ၊ ပြည့်ပြည့်စုံစုံတော့ ပြောသွားသင့်တာပေါ့၊ ဘာဖြစ်လို့ ပြောမသွားရတာလဲ မသိဘူး"

"အေးဗျာ နော်၊ ကုမ္ပဏီနာမည်တော့ ပြောသွားသင့်တာပေါ့၊ ကံစမ်းမဲပေါက်တာဆိုရင်တော့ ကျွေးရမယ်နော်"

"စိတ်ချ ကိုစောဂျိုင်းရေ၊ ကံစမ်းမဲပေါက်လို့ကတော့ ဒံပေါက်ဗျာ . . . ဒံပေါက်"

ဦးဘနွဲ့ကြီး ပြုံးဖြီးဖြီးနဲ့ မေးသမျှလူကို ဒီအကြောင်းပြောလို့ သူ့စက်ဘီးလေးဆွဲပြီး ကန်လမ်းဆီကို ခရီးနှင်ပါတော့တယ်။

နီနီပတ္တမြားဆိုတဲ့ စာရေးမလေးရှိတဲ့ ကုမ္ပဏီကို ရှာပုံတော်ဖွင့်ပါပြီ။

ဦးဘနွဲ့ လှိုင် (၁၀)ရပ်ကွက် ကန်လမ်းအစကနေ အင်းလျားကန်ဘောင်ထိပ် ကန်လမ်းအဆုံးအထိ လမ်းတစ်လျှောက်မှာရှိတဲ့ ကုမ္ပဏီတွေမှန်သမျှ တစ်ရုံးဝင် တစ်ရုံးထွက်နဲ့ နီနီပတ္တမြားဆိုတဲ့ စာရေးမလေးကို မေးမြန်းစုံစမ်းပါတယ်။ ရှာရတဲ့အကျိုးအကြောင်းကိုလည်း ဖွင့်ဟပြောပြပါတယ်။ တစ်စုံတစ်ရာများ ကြောင်းကျိုးဆက်စပ်ပြီး အဖြေပေါ်လာမလားလို့ပါ။

ကုမ္ပဏီအားလုံးက နီနီပတ္တမြားဆိုတဲ့ ရုံးဝန်ထမ်းမိန်းကလေး မရှိဘူးပြောကြတော့ ဦးဘနွဲ့ စိတ်မောလူမော ဖြစ်သွားပါတယ်။

အချိန်ကလည်း မိနစ်လေးဆယ်လောက် ကုန်သွားတော့ အလုပ်ပြန်ဝင်ဖို့ သင့်နေပါပြီ။ ဦးဘနွဲ့ နောက်ကြောင်းပြန်လှည့်ပါတယ်။

အပြန်လမ်းမှာရှိနေတဲ့ နောက်ဆုံး သူဝင်စုံစမ်းတဲ့ စာအုပ်ကုမ္ပဏီက စာရေးမလေးကတော့ လမ်းညွှန်မှု တစ်ခု ပေးလိုက်ပါတယ်။

"အင်းစိန်လမ်းမကြီး ဘူတာရုံ လမ်းမှတ်တိုင်ကို ထွက်တဲ့လမ်းသွယ်ဟာလဲ ကန်လမ်းပဲခေါ်ပါတယ်၊ အဲဒီမှာလဲ ကုမ္ပဏီတွေရှိတယ်၊ ရှာကြည့်ဦးပေါ့"

ဆိုတော့မှ အဲဒီလမ်းကို သူမေ့နေတာ သတိရတယ်။ ဒါပေမဲ့ အလုပ်ပြန်ဝင်ရတော့မှာဆိုတော့ မရှာဖွေ မစုံစမ်းတော့ဘူး။

ညနေ အိမ်က တစ်ခေါက်ထွက်ပြီး စိတ်အေးလက်အေး ရှာမယ်လို့ စိတ်မှာတွေးပြီး ဦးဘနွဲ့ အလုပ်ထဲ ပြန်ဝင်လို့ တာဝန်ကို လွှဲပြောင်းယူလိုက်ပါတယ်။

□



www.burmeseclassic.com

www.burmeseclassic.com

ဦးဘန္တဲ့ အလုပ်ထဲ ပြန်ရောက်တော့လည်း နီးစပ်ရာမိတ်ဆွေတွေကို ကုမ္ပဏီကံစမ်းမဲများ ပေါက်နေသလားဆိုတဲ့ သူ့ရဲ့ပဟေဠိဆန်တဲ့ ရှာမတွေ့လို့ အားမလိုအားမရဖြစ်ရတဲ့ ဇာတ်လမ်းကို ပြောပြမိလေရဲ့။ သူဖွင့်တာနဲ့ပဲ တော်တော်ပွနေပါပြီ။ မိတ်ဆွေတွေကလည်း စိတ်ဝင်စားကြ၊ ဝမ်းသာကြနဲ့ပါပဲ။

အလုပ်ဆင်းလို့ အိမ်ပြန်ရောက်တော့လည်း ဒီအကြောင်းကို မိသားစုကို ပြောပြပြီး မျှော်လင့်ဝမ်းသာ ဖြစ်နေကြပါတယ်။ ကျော်ဟိန်းသီချင်းလိုပဲ "မီးတောက်နေတယ်၊ ရေလိုနေတယ်"လေ။ ကြွေးဆိုတဲ့ မီးနဲ့ ရေဆိုတဲ့ ငွေပါ။

ညနေစာ စားပြီးတဲ့အခါ ဦးဘန္တဲ့ ဇနီးသည်သောက်တဲ့ သွေးချို ဆီးချိုဆေးဝယ်ရအောင် စက်ဘီးလေးစီးလို့ ဘူတာရုံလမ်း မှတ်တိုင်နားက ဆေးဆိုင်ဆီကို သွားပါတယ်။

နေ့လယ်က မပြီးပြတ်သေးခဲ့တဲ့ ကုမ္ပဏီကံစမ်းမဲကိစ္စလည်း စုံစမ်းမှုတွေ့ရအောင် ဘူတာရုံလမ်း မှတ်တိုင်ဆီ ဦးတည်တဲ့ကန်လမ်းအစကနေ စက်ဘီးကိုနင်းလို့ ကုမ္ပဏီဆိုင်းဘုတ်တွေကို ဘယ်ညာရှာကြည့်သွားတယ်။

ကုမ္ပဏီဆိုင်းဘုတ်က သိပ်မရှိလှပါဘူး။ ကန်လမ်းဆုံးခါနီးလို့ အင်းစိန်လမ်းမကြီးမရောက်ခင် လမ်းရဲ့ဘယ်ဘက်ခြမ်းမှာ ဌာနဆိုင်ရာ ဆိုင်းဘုတ်တစ်ခုကို အကြည့်ရောက်သွားတဲ့အခါမှာတော့ သူ့ရင်ဝကို အလုံးကြီးတစ်လုံး ဗိုင်းခနဲ ဝင်ဆောင့်ပါတော့တယ်။

သူကိုယ်သူ ဌာနဆိုင်ရာတွေနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်နေပြီဆိုပြီး လုံးဝမစဉ်းစားမိတဲ့ ဌာနဆိုင်ရာတစ်ခု ဖြစ်နေပါတယ်။ အဲဒီဌာနဆိုင်ရာကလည်း အမြဲသူနဲ့ မကင်းရာမကင်းကြောင်း ဖြစ်နေတာ။

ဦးဘန္တဲ့ စိတ်မှာ . . .

"ဟုတ်ပါပြီ၊ ဒါပဲ ဖြစ်မှာပါ၊ သေချာပါတယ်၊ ဒီမှာ မနီရှိတယ်၊ သူတို့ ယူနီဖောင်းတွေကလဲ ထာဝီအပြာနုတွေ"လို့ တွေးပြီး ဝမ်းနည်းစိတ်ပျက် စိတ်ဓာတ်တွေကျဖြစ်သွားပါတော့တယ်။

ဦးဘန္တဲ့မြင်လိုက်တဲ့ ဌာနဆိုင်ရာ ဆိုင်းဘုတ်ကတော့ "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ကမာရွတ်ရုံးခွဲ" ဆိုတဲ့ ဆိုင်းဘုတ်ကြီးပါ။

မနီဆိုတာက ဒီဌာနနဲ့ တာဝန်ခံအရာရှိ၊ သူနဲ့လည်း သိကျွမ်းခင်မင်ပါတယ်။ ခင်မင်သိကျွမ်းပုံကလည်း သူ့စက်ရုံက မိတ်ဆွေတစ်ယောက်နဲ့ ဆက်စပ်ပြီး ခင်မင်ခဲ့တာ။ နာမည်အပြည့်အစုံ မသိခဲ့ဘူး။

နီနီပတ္တမြားဆိုတာ သူပဲ ဖြစ်မှာပဲ။ စာရေးမလေးတွေကို သူလွှတ်လိုက်တာပဲဖြစ်မယ်။ ဦးဘန္တဲ့ကတော့ မနီလို့ပဲ သိထားခဲ့တော့ လွဲရှာပြီပေါ့၊ ဒီလိုတွေ ဆက်စပ်တွေးတောပြီး . . .

"ငါ့ကံစမ်းမဲ အိပ်မက်လေးတော့ သွားပါပြီ၊ သေပြီဆရာတော့ ဖြစ်ပြီနဲ့ တူတယ်" လို့ စိတ်ဓာတ်တွေ ကျနေပါတော့တယ်။

စိတ်ဓာတ်ကျရတဲ့ အကြောင်းကလည်း ရှိပါတယ်။

ဦးဘန္တဲ့ အဲဒီဆိုင်မှာ မရှိအစာ ရှိတန်အားဆိုတဲ့ စကားပုံအတိုင်း သူ့ဇနီးသည်ရဲ့ တစ်ကျပ်သားလောက်ရှိတဲ့ ရွှေဆွဲကြိုးကို လေးသိန်းနဲ့ပေါင်နှံထားတယ်။ ကိုရင်သွားယူလိုက်၊ လိုရင်သွားယူလိုက်နဲ့ လေးသိန်းထိ ကြွေးတင်လာတာ။ ဇနီးသည်မှာ တန်ဆာအဖြစ် ဆင်ရ ဝတ်ရတယ်ကို မရှိပါဘူး။ ငွေကြေးမပြည့်စုံတော့ အစာချည်းပဲ လုပ်နေရရှာတာ။

အဲဒီချေးငွေ လေးသိန်းအတွက် အတိုးသုံးလစာ ငွေသုံးသောင်းခြောက်ထောင် ပေးသွင်းဖို့ရက်ကလည်း ရောက်နေပြီ။

ဒီအတွက် ဦးနှောက်ခြောက်နေချိန်မှာ ကုမ္ပဏီကံစမ်းမဲ ပေါက်သလိုလိုမို့ ဝမ်းသာရွှင်လန်း ဖြစ်နေရာကနေ အဖြေမှန် အဖြစ်မှန် ပေါ်လာသလောက်ရှိလို့ ဦးဘန္တဲ့ စိတ်ဓာတ်တွေ အဝီစိအထိ ရောက်သွားခဲ့ရပါပြီ။ မနက်ဖြန်ကျရင် မနီကို သွားတွေ့ရတော့မှာပါ။

အဲဒီည ဦးဘန္တဲ့ ကောင်းကောင်း အိပ်မပျော်ရှာပါဘူး။ ဆိုင်မှာပေါင်ထားတဲ့ပစ္စည်း ဘာပြဿနာပေါ်လို့လဲ၊ ရွှေမစစ်လို့လား၊ ဒါလည်း မဖြစ်နိုင်ပါဘူး။ စပေါင်ကတည်းက သေသေချာချာ စစ်ဆေးပြီးမှ ငွေချေးတာပဲ။ ဘာအရေးပေါ်ကိစ္စ ဖြစ်ပြီလဲ၊ ချက်ချင်းပဲရွေးခိုင်းအတိုးသတ်ခိုင်းမလို့လား။ စတဲ့ လားပေါင်းများစွာနဲ့ သောကတွေပွေ့ဖက်လို့ ဦးဘန္တဲ့ မိုးလင်းခဲ့ရပါတယ်။

❑

မနက် ၁၀ နာရီအချိန်လောက်မှာ သူ့အတွေးစိတ်ကူးထဲ လုံးဝမပါခဲ့တဲ့ ကန်လမ်းက အသေးစားချေးငွေရုံးကို လေးလံတဲ့စိတ်တွေနဲ့ ရောက်သွားခဲ့ပါတယ်။

ဆိုင်တာဝန်ခံအရာရှိ မနီနဲ့ စာရေးမလေးတွေက ဦးဘန္တဲ့ကို တွေ့တော့ မနီက. . .

"ဟော ရောက်လာပြီ၊ မနေ့က ကလေးမလေးတွေ လွှတ်လိုက်တာ မတွေ့ခဲ့ကြလို့ ဂိတ်က စာရေးမလေးကိုပဲ မှာထားခဲ့ကြတယ် ပြောတယ်"

"ဟုတ်လား၊ ဦးက မနီဆီက လွှတ်လိုက်တာလို့ လုံးဝမထင်ဘူး၊ ဂိတ်က စာရေးမလေးကလဲ ကုမ္ပဏီဝန်ထမ်းတွေနဲ့ တူတယ်ပြောလို့ ကန်လမ်းတစ်လျှောက် ကုမ္ပဏီတွေ လိုက်ရှာလိုက်ရတာ၊ နောက်ဆုံးတော့ မနီလွှတ်လိုက်တာ ဖြစ်နေတာကိုး၊ မနီရဲ့ နာမည်ရင်းက နီနီပတ္တမြားလား"

"ဟုတ်တယ်လေ"

"အေး၊ ကောင်းပါလေရော၊ အဲဒီမှာလွဲတာပဲ၊ ဦးက မနီရယ်လို့ပဲ သိထားခဲ့တာကိုး၊ ကြုံလဲကြုံတတ်ပါ့ မနီရယ်"

အစချီလို့ သူမေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို ပြောပြပါတယ်။

စာရေးမလေး တစ်ယောက်က အားတုံ့အားနာ မျက်နှာနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရတယ် ဦးရယ်၊ ကျွန်မတို့ကလဲ ဦးရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး ဘယ်ရုံးက ဆိုတာကို မပြောသွားတာပါ၊ ဦးလဲ လူတွေအကြောင်းသိမှာပါ၊ ကိုယ့်မှာသာ ရွှေတစ်ရွှေးသားမရှိတာ၊ သူများအပေါင်ဆိုင်သွားတယ်ဆို မေးငေါ့ကဲ့ရဲ့ချင်တတ်ကြတယ်လေ"

"အေး ဒါတော့ဟုတ်တယ်၊ ဘာကြောင့် ရုံးနာမည် မပြောသွားတာလဲဆိုတာ နောက်မှတွေးမိပြီး သဘောပေါက်သွားတာပါ၊ ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ဒါနဲ့ ခေါ်တွေ့ရတဲ့ကိစ္စကို ပြောပါဦး၊ အတိုးသတ် လက်မှတ်လဲဖို့ကိစ္စလား"

"ကိစ္စက ဒီလိုပါ၊ ကျွန်မတို့ဆိုင်ကို ဖြုတ်သိမ်းပြောင်းရွှေ့တော့မှာမို့လို့ ဒီမှာပစ္စည်းထားကြတဲ့ ပစ္စည်းရှင်တွေကို နောက်လ ၁၀ ရက်နေ့ နောက်ဆုံးထားပြီး ရွေးယူကြဖို့ အထက်ကညွှန်ကြားလာပါတယ်၊ ဒါကြောင့်နီးစပ်ရာအားလုံးကို လိုက်အကြောင်းကြားတာပါ"

မနီစကားကို ကြားလိုက်ရတဲ့အခါမှာ ဦးဘခွဲ့မျက်နှာဟာ ဆီးရွက်ကိုကျော်လွန်ပြီး ဒန့်သလွန်ရွက်လောက်ကို ဖြစ်သွားပါတယ်။ စိတ်ပျက်လက်ပျက်နဲ့ စိတ်ဓာတ်အကျကြီး ကျရှာပါတယ်။ အကြွေးတွေကြောင့် နဂိုက ပူနေတဲ့ခေါင်း မီးထတောက်ပါပြီ။

ချက်ချင်းကြီး ဒီပစ္စည်းရွေးထုတ်ဖို့ ငွေလေးသိန်းခွဲနီးပါးကို သူ ဘယ်ကမှ ရှာဖွေရနိုင်မယ့်လမ်း မမြင်ပါဘူး။

အားကိုးလောက်တဲ့ တောင့်တောင့်တင်းတင်း မိတ်ဆွေဆိုတာလည်း သူ့ပတ်ဝန်းကျင်မှာမရှိ၊ ငွေတိုးပေးပြီး ချေးငှားမယ် ဆိုသည့်တိုင် ဦးဘခွဲ့ရဲ့ ပြန်ဆပ်နိုင်ရေးအနေအထားအရ ယုံယုံကြည်ကြည် ချေးငှားမယ့်သူ ရှိမယ်မဟုတ်ပါ။

ဘယ်လို ဖြေရှင်းရမှန်း မသိတော့အောင် အကျပ်ရိုက် ဦးနှောက်ခြောက်သွားပါတယ်။ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ မနီထံမှာ အကြံဉာဏ်တောင်းပါတယ်။

"ဒီပစ္စည်းရွေးထုတ်ဖို့တော့ အခုလောလောဆယ် ဘယ်လိုမှ ရှာလို့ ဖွေလို့ မလွယ်ဘူးဖြစ်နေတယ်၊ ဒီတော့ ဘယ်လိုလုပ်ရင် အဆင်ပြေနိုင်မလဲ၊ ဦးကို ကူညီအကြံလေးပေးပါဦး"

"ဒါဖြင့်ရင်လဲ ကျွန်မတို့ ဒီကိစ္စ ပြေလည်အောင် လိုက်ကူညီပါ့မယ်၊ ဒီလိုလုပ်. . ."

သိက္ခမ်းခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့အလျောက် မနီ ခေါ် နီနီပတ္တမြားကိုယ်တိုင် သူ့စာရေးမလေးတစ်ယောက်နဲ့ လိုက်ပြီး ဦးဘခွဲ့ရဲ့ အကျပ်အတည်းပြဿနာကို ကူညီဖြေရှင်းပေးပါတယ်။

မနီ အကြံဉာဏ်ပေး ကူညီဖြေရှင်းပေးတဲ့အတိုင်း ဦးဘခွဲ့ လုပ်ဆောင်လိုက်ရပုံကတော့ ဒီလိုပါ။

နီနီပတ္တမြားတို့ကိုယ်တိုင် လိုက်ပါကူညီပြီး ဦးဘခွဲ့ရဲ့ ရွှေဆွဲကြိုးကို အနီးအနားက ပုဂ္ဂလိက အပေါင်ဆိုင်မှာ ငွေငါးသိန်းရှစ်သောင်းနဲ့ အပေါင်ထားလိုက်ပါတယ်။ မနီတို့ဆီက ချေးယူထားတဲ့ ငွေလေးသိန်းနဲ့ ကျသင့်တဲ့အတိုးငွေကို ပေးဆပ်ပြီးတဲ့ အခါမှာတော့ ဦးဘခွဲ့ရဲ့ ရင်ဝမှာ ဆို့တစ်နေတဲ့ ဘာလုံးကြီးမှန်းမသိတဲ့ အလုံးကြီးပြိုကွဲကျဆင်းသွားပါပြီ။ မနီတို့ကိုလည်း ကျေးဇူးကမ္ဘာ တင်ပါတယ်။ ဒီလို သူမလုပ်တတ်ဘူးလေ။

ဆွဲကြိုးတန်ဖိုး တွက်ချက်ပြီး ရနိုင်သမျှ ငွေအားလုံးကို ချေးယူလိုက်လို့ ဦးဘခွဲ့လက်ထဲမှာ ငွေတစ်သိန်းကျော်ကျော် အရေးပေါ် သုံးစရာ ကျန်ခဲ့ပေမယ့် အကြွေးဆိုတဲ့ မီးကြီးကတော့ လည်ပင်းကိုကျော်ပြီး ငယ်ထိပ်တက်လောင်နေပါပြီ။

အဲဒီ မီးတောက်ကြီးကို ငြိမ်းသတ်နိုင်ဖို့ ရေဆိုတဲ့ ငွေကို ဘယ်က ဘယ်လိုရပုံမလဲဆိုတာ ဦးဘခွဲ့ စိတ်ကူးတွေးတောလို့ မရအောင်ပါပဲ။

ဟိုစကားပုံလေးအတိုင်း နောက်ဆုံးမရှိတော့လည်း အစာပဲပေါ်လို့ တွေးတောဖြေသိမ့်ပါတယ်။

နောက်နေ့ ဝမ်းသာပေးချင်ကြတဲ့ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေတွေက . . .

"မနေ့က ကံစမ်းမဲပေါက်လို့ ကုမ္ပဏီလိုက်ရှာတဲ့ကိစ္စ အဆင်ပြေလား၊ ရှာတွေ့လား" မေးကြရင် လူမသိ သူမသိ ရှက်ရတဲ့သူ့အဖြစ်ကို ဖုံးကွယ်ရအောင် "မတွေ့ပါဘူးကွာ" ပဲ ပြန်ပြောဖို့ စဉ်းစားထားပါတယ်။

အမှန်ပြောဖို့ဆိုတာက ကိုယ့်ကိုယ်ကိုယ် ရှက်စရာ သနားစရာ အဖြစ်တစ်ခုပေမယ့် တစ်ပါးသူကျတော့ ရယ်စရာဖြစ်မှာ အသေအချာပဲ မဟုတ်လား။

ငွေကြေးကျပ်တည်း လိုအပ်နေတုန်းအချိန်မှာ ဆင်တူယူနီဖောင်းနဲ့ အသေးစားချေးငွေရုံး (အပေါင်ဆိုင်) စာရေးမလေးတွေက "ရုံးလာတွေ့ပါ" မှာခဲ့တာကို ကွန်ပျူတာကုမ္ပဏီက ကံစမ်းမဲပေါက်လို့ လာအကြောင်းကြားတယ်ထင်၊ ကိုယ်လိုရာကိုယ်ဆွဲတွေး၊ ငါ့ကံလေးတော့ ဖြူလာပြီ၊ ဆန်းလာပြီ အောက်မေ့လို့ ဝမ်းတွေသာ၊ တက်ကြွရွှင်လန်းနေရှာတဲ့ ဦးဘခွဲ့ရဲ့ ဆန်းပြားတဲ့ကံကတော့ အဖြူမဟုတ်ဘဲ အမည်းကြီးဖြစ်ခဲ့ရှာပါတယ်။

ဦးဘခွဲ့ရဲ့ "ကံဆန်းမည်း" မျိုးများ မပေါက်ကြပါစေနဲ့ဗျာ။

(ဘဝအခက်အခဲ ဟူသမျှ ရိုးသားသမှု အကြောင်းပြု၍ ကျော်နင်းဖြေရှင်းနိုင်ကြပါစေကုန်။)

❒ ထိုးခ



www.burmeseclassic.com

www.burmeseclassic.com

# သောက်တလွဲ ကျောက်ခဲ



## ကိုရွှေတောသား

နွားအို နောက်ကျသားလို့ ဆိုရမလားမသိ။ အမှန်တကယ်ပါပဲ၊ ကိုညွန့်တင်နဲ့ မခင်နုင်းတို့ လင်မယားဟာ အသက်(၄၀)နားကပ်ပါမှ ရှားတောင့်ရှားပါး ကံပေါ်ပြီး သားကလေး တစ်ယောက် ရခဲ့တယ်။ လင်မယား နှစ်ယောက်စလုံး ပျော်လိုက်ကြတာ။ သူတကာတွေရဲ့ တီးတိုး တီးတိုးနဲ့ . . .

"ဒီလင်မယား အိမ်ထောင်ကျတာ ၁၅ နှစ်လောက်ရှိပြီ၊ ခုထိ ဘယ်အူဝဲမှ ထွက်မလာဘူး၊ မဟုတ်မှလွဲရော တစ်ယောက်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်စလုံး မြုံနေတာနဲ့တူတယ်"

ဆိုတဲ့ အမနာပစကားလုံးတွေဒဏ်က လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ပြီမဟုတ်လား။ ပြီးတော့ အူဝဲကလေး ရလာတော့ အမြဲတမ်း ကိုယ့်ဘက်က ဂိုးသွင်းခွင့်ရနေမယ့် ယောကျ်ားကလေး။ နောက် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးဖွင့်ဖို့ရာ သာသနာ့အမွေခံ ဖြစ်ရဦးမယ်ဆိုတော့ လင်မယားနှစ်ယောက်စလုံး မိုးမမြင် လေမမြင် ပျော်ကြမယ်ဆိုတာ အပြစ်မဆိုတဲ့အပြင် သဘာဝတောင် ကျပါသေးတယ်။ ကြီးတောင့်ကြီးမား အရွယ်တွေရောက်ပါမှ ရှားတောင့်ရှားပါး ရလာတဲ့ သားရတနာလေးဆိုတော့ လင်မယား နှစ်ယောက်စလုံး ချစ်လိုက်တာမှ၊ ဂရုစိုက်လိုက်တာမှ သည်းသည်းလှုပ်ပေပဲပေါ့။

ကလေးက မွေးလာကတည်းက သိပ်ပြီးတော့ ပေါင်က မပြည့်တတ်ဘူး။ ဒီတော့ ခဏခဏဆိုသလို ချူချာတယ်။ ဒီတော့ ဗေဒင်ယတြာတွေ တတ်ကျွမ်းရုံမက ရောဂါဝေဒနာပေါင်းစုံကိုပါကုသတဲ့ ဗိန္ဒောဓာတ်ဆရာ ဦးအောင်ကြီးကို လက်စွဲထားရတယ်။

"မပူပါနဲ့ မောင်ညွန့်တင်၊ မင်းသားက ငယ်သေးလို့ပါ၊ ကြီးလာရင် မတ်နေမှာဗျာ၊ လဲအောင် မနည်းကို လှဲရမယ့်ကောင်၊ ဒါထက် မင်းသားကို နာမည်ပေးပြီးပလား"

"မပေးရသေးဘူး ဆရာ"

"ဟ. . . လေးငါးလ ရောက်နေတာတောင်ကွာ"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော့်ခယ်မတွေကသူတို့စိတ်ကြိုက်ကိုရှီးယားမင်းသားနာမည်တွေ ရွေးနေတာ၊ တစ်ယောက်နဲ့ တစ်ယောက် အကြိုက်မညီသေးလို့တဲ့ ခင်ဗျ"

"အဲဒါ ခက်တာပေါ့ကွ၊ မအေကျော် ဒွေးတော်လွန်း၊ ဖအေကျော်ပြီး ပထွေးတွေလွှမ်းနေကြလို့ မဖြစ်သင့်တာတွေ ဖြစ်နေကြတာပဲ၊ မင်းတို့ ငါတို့ဟာ မြန်မာပြည်သားတွေလေကွာ"

"ဟုတ်ပါတယ် ဆရာကြီးရယ်"

"ကိုင်း. . . ဒါဖြင့် လတ်တလောမင်းတို့သားကလေး ချူချာနေတာတွေ ရပ်တန့်ပြီး မာမာချာချာဖြစ်စေဖို့ ငါနာမည်ပေးလိုက်မယ်၊ ကဲ ကျောက်ခဲလို့ မှတ်ပေတော့"

ဒီလိုနဲ့ပဲ ကျောက်ခဲလို့ မိဘတွေက နာမည်ပေးလိုက်ကြတယ်။ အဲ. . . ပညတ်သွားရာ ဓာတ်သက်ပါသလားတော့ မပြောတတ်ဘူး၊ အဲဒီကလေးက ချူချူချာချာ တရှောင်ရှောင်မဖြစ်တော့ဘူး။ ကျန်းမာရေး ဒေါင်ဒေါင်မြည်လာခဲ့တော့တယ်။

❑

နှစ်လတာရှည် ခါရာသီရွေ့ (အဲ) ကာလတွေကြာညောင်းလာခဲ့တာ ခုဆို ကျောက်ခဲတစ်ယောက် ရပ်ကွက်ထဲက မူလတန်းကျောင်းကလေးတောင် တက်ခွင့်ရရှာပေါ့။ အိမ်ထောင်စုဇယားမှာ ကျောင်းဝင်မှတ်ပုံတင်မှာ 'ကျောက်ခဲ'လို့ နာမည်ရေးထိုးထားပေမယ့် ရပ်ကွက်ထဲမှာတော့ ဘယ်သူဘယ်ဝါမှ 'ကျောက်ခဲ' လို့ မခေါ်ကြဘူး။

အံမယ် ရပ်ကွက်ထဲတင် ဘယ်ကမလဲ၊ ကျောင်းကဆရာမတွေတောင်မှ ကျောက်ခဲလို့ ခေါ်ရမှာကို မေ့နေကြတယ်ဆိုပဲ။ ဒါဖြင့် ကျောက်ခဲကို ဘယ်လိုခေါ်ကြသလဲ။ ရိုင်းတယ်လို့ မထင်ကြပါနဲ့။ အများတကာပေးတဲ့ အနွတ္တသညာဟာ သူနဲ့ အင်မတန်လိုက်ဖက်ပြီး ကာရန်နဘေလည်း ကိုက်ညီနေလို့ပါ။

"သောက်တလွဲ" တဲ့။

အဲဒီနာမည်ကို ပြောလိုက်လို့တော့ ကျောက်ခဲမှန်း တစ်ရပ်ကွက်လုံး





www.burmeseclassic.com

www.burmeseclassic.com

ကလေးကအစ ခွေးကအဆုံး သိနေကြတယ်လို့ ဆိုရမှာပါ။

သူပြောသမျှ၊ သူဆိုသမျှ၊ သူလုပ်သမျှတွေဟာ ကနဦးတုန်းက ဟုတ်မလိုလိုနဲ့ နောက်ဆုံးကျတော့ တလွဲလွဲတချော်ချော်တွေ ဖြစ်သွားတတ်တာချည်းမို့ သူနဲ့အပ်စပ်တဲ့ နာမည်ကိုရသွားခြင်းပါပဲ။ ဒီအတွက် သာဓကအနည်းငယ်ဆောင်ဖို့တော့လိုလိမ့်မယ်ထင်တယ်။

အဲ. . . ကြားဖြတ်ပြီးတော့ လိုအပ်မယ်ထင်တဲ့ အကြောင်းကိစ္စလေးတွေကို ပြောပြထားရဦးမယ်။

သောက်တလွဲ အဲ. . ကျောက်ခဲ၊ အို သောက်တလွဲပဲ ထားလိုက်ပါတော့။ သင်းရဲ့ ကျေးဇူးကြီးပေ တို့ဖေဖေဖြစ်တဲ့ ကိုညွန့်တင်ဆိုတာ စာပေတိုက်တစ်တိုက်မှာ စာပြင်ဆရာ လုပ်ပါတယ်။ အလုပ်တိုက်မှာ စာပြင်တဲ့အပြင် တခြားတိုက်တွေကပါ စာအုပ်တွေအပ်တဲ့အတွက် ငွေပိုငွေလျှံရအောင် အိမ်ကိုယူလာပြီး စာပြင်(ပရုဖ်ဖတ်)လေ့ရှိပါတယ်။ ဘေးနားမှာလည်း ရေနွေးကြမ်းအိုးနဲ့ လက်ဖက်ခွက်နဲ့ဆိုတော့ သောက်တလွဲလည်း ဝိုင်းပြီး အားပေးရအောင် အနီးမှာရှိနေတတ်တာပေါ့လေ။ သူ့အဖေ စာပြင်နေတာတွေကို ထိုင်ကြည့်ပြီး တစ်ချက်တစ်ချက် မေးလိုက်တာများ ပီတာဖခင်ကိုညွန့်တင်ခမျာ ဘာဖြေလို့ဖြေရမှန်းတောင် မသိလောက်အောင် ဖြစ်သွားပါတော့တယ်။

"ဗျို့ အဖေ၊ ဇာတိပွဲလိုသီးလို့ ဆိုတော့ ဇာတိပွဲသီးဆိုတာ ရှိလို့လားဗျ" တဲ့။ ဒါတင် ဘယ်ကဦးမှာတဲ့လဲ။

"အင်း. . . စပါးလင် ဆိုတော့ စပါးမယားလဲ ရှိဦးမှာပေါ့နော်" တဲ့။

သူ့အဖေ ကိုညွန့်တင်ကတော့ တဟဲဟဲနဲ့ ရယ်လို့ကို မဆုံးတော့ဘူး။ ဒီကောင် အိုင်ကျူတော်တော်မြင့်တယ်လို့တောင် မှတ်ချက်ချလိုက်သေး။

သောက်တလွဲနဲ့ ပတ်သက်ရင် အတော်ကလေး ခေါင်းစားရတာက သူ့အမေ မခင်နှင်းပါပဲ။ တစ်ခါက အစာသိပ်မကြေချင်တော့လှုက်ဆားလိုလျက်ရအောင် လမ်းထိပ်က ကုန်စုံဆိုင်မှာ ၂၇ ပါးဆေးတစ်ထုပ် သွားဝယ်ခိုင်းပါတယ်။ ဒီကောင် ဖင်တော့အပေါ့သား။

"ပေး. . . ပိုက်ဆံ" ဆိုပြီး ကုန်စုံဆိုင်ရှိရာသွားလို့ ဆေးထုပ်ဝယ်လာပြီး သူ့အမေလက်ထဲ ထည့်ပါတယ်။ ဝယ်ခိုင်းလိုက်တာက (၂၇)ပါးဆေး တစ်ထုပ်တည်း။ အဲ. . . သူ့အမေလက်ထဲ ထည့်တာက သုံးထုပ်တောင်။

"ဟဲ့. . . ဘယ်လိုဖြစ်ရတာလဲ၊ ငါမှာတာက တစ်ထုပ်၊ ဝယ်လာတာက သုံးထုပ်၊ ဟင် နင့်ဟာက ကိုးပါးဆေးထုပ်တွေပဲဟာ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ အမေမှာတဲ့ ၂၇ ပါးဆေးဟာ ကုန်နေတယ်ဗျ၊ ဒီတော့ ကိုးပါးဆေး သုံးထုပ် ဝယ်လာတာပေါ့၊ ကိုးသုံးလီ ၂၇ မဟုတ်လားအမေရာ"

မခင်နှင်းမှာတော့ ပါးစပ်လေး အဟောင်းသား။ သောက်တလွဲတို့ လုပ်ချလိုက်ပြီဆိုရင် အဲသလိုချည်း။

❑

ဒါက အိမ်မှာတင် ဖြစ်ခဲ့တာ၊ ကျောင်းမှာမဟုတ်သေးဘူး။

တစ်နေ့ ကျောင်းမှာ ပထဝီဆရာမက မြန်မာပြည်မြေပုံဆွဲပြီး မြန်မာပြည်ထဲမှာ ထင်ရှားတဲ့မြစ်ကြီးလေးခုဖြစ်တဲ့ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် စတာတွေကို ကျောက်သင်ပုန်းကြီးပေါ်မှာ ရောင်စုံမြေဖြူတွေနဲ့ဆွဲပြီး ရှင်းပြပေးနေတယ်။

အဲဒီတုန်းမှာ ပညာရေးဌာနက စစ်ဆေးရေးအဖွဲ့ဟာ တစ်တန်းဝင် တစ်တန်းထွက် ပညာရေးအခြေအနေတွေ ဝင်ရောက်အကဲခတ်ရင်း သောက်တလွဲတို့အတန်းထဲ ဝင်လာတယ်။

လူကြီးတစ်ဦးက ပထဝီဆရာမကို . . .

"ဩော်. . . ဆရာမက မြန်မာပြည်မြေပုံဆွဲပြီး မြစ်တွေအကြောင်းသင်ပေးနေတာကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ကျွန်တော် ကလေးတွေကို မေးကြည့်ချင်တယ်"

"မေးပါ ဆရာကြီး၊ မေးပါ"

ဒီတော့ ပညာရေးဌာနလူကြီးက အတန်းသားတွေဘက် မျက်နှာမူပြီး. .

"သားတို့ သမီးတို့ကို ဆရာကြီး မေးမယ်နော်၊ မြန်မာပြည်ဆိုတာ သားတို့ သမီးတို့ ဆရာကြီးတို့ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံတော်ပဲကွဲ့၊ ဒီ တို့နိုင်ငံတော်မှာ စိုက်ပျိုးရေးအတွက်၊ သွားလာရေးအတွက် ကူထောက်ပေးနေတဲ့ မြစ်တွေဆိုတာ ရှိတယ်၊ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး၊ အဲဒီမှာ ဆရာကြီး မေးချင်တာက တို့ရဲ့မြန်မာပြည်ထဲမှာ အတိုဆုံးမြစ် တစ်မြစ်ရှိတယ်၊ အဲဒါကို ဖြေပေးဖို့ပါပဲ၊ ကိုင်း ဟိုထောင့်က သားငယ် ဖြေပေးပါဦးကွယ်"

ဆရာကြီးညွှန်ပြပြီး အဖြေပေးခိုင်းတာက သောက်တလွဲမှ သောက်တလွဲ။ ဆရာကြီးတော့ မသိဘူး၊ ပထဝီဆရာမရဲ့ရင်ထဲမှာတော့ လျှောင်လှုပ်နေပြီ။ သောက်တလွဲဟာ ထိုင်နေရာကထ လက်ကလေးနှစ်ဖက်ပိုက်လို့ ပြီးတာနဲ့ ရင်ကော့ပြီး ဖြေလိုက်ပါတယ်။ အဖြေအဆုံးမှာတော့ တစ်တန်းလုံး တဝါးဝါးနဲ့ ဝါးရှည်ကြီးကို ဖြစ်လို့။ သောက်တလွဲ ဘာဖြေလိုက်လဲ သိလား။

"ပဲမြစ်" ပါတဲ့ခင်ဗျာ။

❑

သောက်တလွဲတို့ လုပ်ချလိုက်ပုံတွေကတော့ လောကဓာတ်တစ်ခွင်မှာ ပြောစမှတ်တွင်လောက်အောင် အရာရာနဲ့ အကြောင်းကြောင်းချည်းပါပဲ။ လူပျိုပေါက် ရောက်တဲ့အခါမှာလည်း အချိုးက ပြောင်းလာတယ်မရှိပါဘူး။

တစ်ခါမှာတော့ သူ့အဖေ ကိုညွန့်တင်တစ်ယောက် အိမ်မှာ ဝတ္ထုစာမူကို စာပြင်နေတုန်း ထုတ်ဝေသူတစ်ယောက်နဲ့စာရေးဆရာတစ်ယောက် ရောက်လာတယ်၊ စာပြင်တဲ့နေရာမှာ သူ့အဖေကိုညွန့်တင်ဟာ စာရေးဆရာ





www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးရန်အောင်ရဲ့လက်ထွက် တပည့်ကောင်းတစ်ယောက်ဖြစ်တာမို့ အလုပ်လာအပ်ကြတာပါ။ ဧည့်သည်လာရင် အိမ်ရှင်ဆိုတာ ဝတ္တရားကျေပွန်ရမယ်ဆိုတဲ့အတိုင်း ကိုညွန့်တင်လည်း ပုဏ္ဏားကွယ်လေးမှာ ဝတ္ထုဖတ်နေတဲ့သူ့သားကို လှမ်းခေါ်ပါတယ်။

"သားရေ လာပါဦးကွာ၊ ဒီမှာ အဖေ့မိတ်ဆွေတွေ ရောက်လာလို့ ဧည့်ခံရအောင် ဘဲကင်တစ်စိတ်နဲ့ ဘီယာလေးလုံး သွားဝယ်ခဲ့ကွာ၊ စက်ဘီးနဲ့သွားဒါမှ မြန်မှာ" ဆိုပြီး ပိုက်ဆံပေးလိုက်ပါတယ်။ နဂိုဗီဇကိုက အင်မတန်ဖင်ပေါ့တဲ့သူဆိုတော့ ခြေရင်းမှာထောင်ထားတဲ့ စက်ဘီးကိုယူပြီး ထွက်ခဲ့တာပေါ့။

အိမ်မှာတော့ လောလောဆယ် ရေနွေးကြမ်း၊ လက်ဖက်သုပ်တွေနဲ့ ဧည့်သည်တွေကို ဧည့်ခံရင်း ကိုညွန့်တင်လည်း စကားကောင်းနေခဲ့ပါတယ်။

၁၅ မိနစ်လည်း ပြန်မလာ၊ မိနစ် ၂၀ လည်း ပြန်မရောက်၊ နာရီဝက်ကျော်တဲ့အထိ အရိပ်အယောင် မမြင်ရသေးတော့ ကိုညွန့်တင် လည်တဆန့်ဆန့်ဖြစ်နေသလို ဘီယာသောက်ချင်တဲ့ ဧည့်သည်တွေလည်း မရိုးမရွ ဖြစ်နေကြတာပေါ့။ တကယ်ဆို မိနစ် ၂၀ လောက်နဲ့ ပြန်လာနိုင်တဲ့ဥစ္စာ။ ရပ်ကွက်ထိပ်က စတိုးဆိုင်ကြီးတွေမှာ ဘီယာတွေရောင်းသလို စားသောက်ဆိုင်၊ ထမင်းပေါင်းဆိုင်တွေမှာလည်း ဘဲကင်အကောင်တွေက ချိတ်နဲ့တန်းလန်းချည်း။

ဒါ့ဖြင့် ဘာဖြစ်လို့ ပြန်မရောက်သေးတာလဲ။ လမ်းမှာ တစ်ခုခုဖြစ်လို့လား၊ ဒါလည်း မဟုတ်နိုင်ဘူး။ လမ်းကလည်း ကားအသွားအလာ ရှင်းတာနဲ့ အမျှ စက်ဘီးကိုလည်း ကျွမ်းကျွမ်းကျင်ကျင် စီးတတ်နေတဲ့ဥစ္စာ။

အဲ. . . တစ်နာရီ မပြည့်တပြည့်မှာတော့ သောက်တလွဲဟာ ချွေးတွေသံတွေ တရွှဲရွှဲ မောကြီးပန်းကြီးနဲ့ ပြန်ရောက်လာတယ်။ လက်ထဲမှာ ဘာအထုပ်မှမပါ၊ လက်ချည်းသက်သက်။

"ဟကောင် အဖေမှာလိုက်တဲ့ ဘဲကင်တစ်စိတ်နဲ့ ဘီယာလေးလုံး ဘယ်မလဲ"

အဲဒီမှာ သောက်တလွဲရဲ့ အဖြေကြောင့် ဧည့်သည်တွေခမျာ ရှက်ရယ်ရယ်လိုက်ကြသလို ဖခင်ကိုညွန့်တင်ခမျာလည်းသားတော်မောင်ရဲ့လုပ်ရပ်ကြောင့် မျက်နှာဘယ်ထားရမှန်းတောင် မသိတော့ဘူး။

"သားလဲ စတိုးဆိုင်တွေ နှံ့နေတာပဲ အဖေရာ၊ ဟိုဘက်ရပ်ကွက်တွေတောင် ရောက်ပါတယ်၊ ဆိုင်တွေမှာ ရှိကြတဲ့ ဘီယာတွေဆိုတာက ကျောက်ဆူးတံဆိပ်တို့၊ ဆင်တံဆိပ်တို့ချည်းပဲ၊ အဖေ မှာလိုက်တဲ့ ဘဲကင်တံဆိပ်နဲ့ ဘီယာတော့ မတွေ့ဘူး အဖေ၊ အဲဒါကြောင့် သားဝယ်မလာတာ" တဲ့ ခင်ဗျ။

ဒါဆိုရင် . . . ကျောက်ခဲဟာ ကျောက်ခဲမဖြစ်သင့်ဘဲ သောက်တလွဲဖြစ်သွားတာ မှန်ပေတာပေါ့နော်။

❑

ဒီလိုနဲ့ပဲ ဇာတ်လိုက်ကျော်ကြီး သောက်တလွဲတစ်ယောက် အထက်တန်းကျောင်းသားဘဝ လွန်မြောက်လို့ တက္ကသိုလ်တောင် ရောက်ခဲ့ပြန်ပါပြီ။ ဒီအရွယ်ရောက်လာတော့လည်း အမြီးပေါက်ချင်တယ်လို့ ဆိုရမလား။ ဒါမှမဟုတ် နှလုံးသားလှုပ်ရှားစ နှုတ်ဖျားကအချစ်ကို တမ်းတတတ်လာတယ်လို့ ဆိုရမလား။ သောက်တလွဲ တစ်ယောက်မိန်းမလိုချင်စိတ်တွေ ရှုပိုးထိုးနေခဲ့ပါပြီ။ ကိုယ်တိုင်လည်း အဖြစ်မရှိ၊ အကြောင်းသိတဲ့ မိန်းကလေးတွေဆိုတာ သောက်တလွဲနဲ့ ဖူးစာဆုံလို့ကတော့ ငါတို့ဘဝတွေလည်း သောက်တလွဲတွေ ဖြစ်ကုန်ကြတော့မှာပဲဆိုပြီး ဝေါင်ဝေါင်ကရှေးလို့ ဝေးဝေးကရှောင်ကြပါလေရော။

ဒါကို အပွေးမြင် အပင်သိတဲ့ မိဘနှစ်ပါးက . . .

"ငါ့သား မင်း ဘာမှမပူနဲ့၊ လာမယ့်လကျရင် ရမည်းသင်းက အဖေတို့မိတ်ဆွေတွေ အိမ်ကိုလာတည်းကြမယ်၊ ရန်ကုန်ဘုရားဖူးပေါ့ကွာ၊ အဲဒီမှာ အဖေ့ငယ်သူငယ်ချင်း ဦးစိုးအောင်ရဲ့သမီး သက်ဖူးငုံဆိုတာ ပါလာလိမ့်မယ်၊ သူတို့က ပွဲရုံပိုင်ရှင်သူဌေးတွေ၊ စီးပွားရေးလဲကောင်းတယ်၊ ငါ့သားနဲ့ နေရာချထားပေးဖို့ စကားခံရှိထားတယ်" လို့ ပြောလိုက်ရင်ပဲ သောက်တလွဲဖြစ်နေလိုက်ပုံက မီးခဲပေါ် ဖင်ခုထိုင်မိတဲ့ မျောက်နဲ့တောင် မခြားတော့ဘူး။

"ဟင်. . . ဟုတ်လား၊ ဒါထက် အဲဒီ သက်ဖူးငုံဆိုတာ လှလားဟင်၊ ချောကောချောရဲ့လားဟင်"

"ကဲပါ မခင်နှင်းရယ်၊ မင်းသားကို ကလေးမဓာတ်ပုံ ပြလိုက်ပါဦး"

သောက်တလွဲတစ်ယောက် သူ့အမေပြတဲ့ ဓာတ်ပုံကြီးကို မြင်လိုက်ရရော တံတွေးတွေ တဂွပ်ဂွပ်နဲ့ မျိုချနေတော့တယ်။

"အမယ်လေးလေး လှချက်ကတော့ ကမ်းကိုကုန်ရောပဲ၊ ကျေးဇူးကြီးပါပေ့၊ ဆပ်လို့မကုန်နိုင်လောက်အောင် ကျေးဇူးကြီးပါပေ့ အဖေနဲ့ အမေတို့ရယ်" ဆိုပြီး ကုန်းကုန်းဦးချနေတော့တယ်။

ဒီတုန်းမှာ သူ့အမေ မခင်နှင်းရဲ့ သတိပေးစကားက သောက်တလွဲရဲ့ရင်ကို ဒိုင်းခနဲဝင်ဆောင့်သွားစေခဲ့တယ်။

"သားကို အမေတို့ တစ်ခုတော့ သတိပေးထားရဦးမယ်၊ မင်း မနက်တိုင်း အိပ်ရာထဲ သေးပေါက်တတ်တဲ့အကျင့်ကို သတိထားပါတော့၊ မတော်လို့များ ကလေးမ သားအကျင့်ကိုသိသွားရင် လက်ခံလိမ့်မယ် မထင်ဘူးနော်"

"ဟုတ်. . . ဟုတ်ကဲ့ပါ အမေ"

အဲဒီမှာတင် သောက်တလွဲတစ်ယောက် အကြီးအကျယ် ဒုက္ခရောက်ရပြီ။ ဘာကြောင့်ဆို နောက်တစ်ပတ်လောက်ကြာရင် သက်ဖူးငုံတို့ အိမ်ကိုရောက်လာကြမယ်မဟုတ်လား။ ဒီတော့ အိပ်ရာထဲ သေးပါတတ်တဲ့ အကျင့်ကို ဖျောက်ဖို့ရာအတွက် ဗိန္ဒောဆရာ ဦးအောင်ကြီးဆီသွားပြီး ဆရာကတော်ဒေါ်လှရီကို ထဘီတစ်ကွင်းလာဘ်ထိုးလို့



www.burmeseclassic.com

www.burmeseclassic.com

အကူအညီတောင်းရတယ်ပေါ့။ ဗိန္ဒောဆရာ ဦးအောင်ကြီးက ညဘက်အိပ်ရာဝင်ခါနီး မီးဖိုချောင်ရှိရာသွားပြီး "ရှင်စဖိုညှ" ရယ်လို့ တောင်းပန် ကန်တော့ခိုင်းပါတယ်။ ဒါလည်း မနက်ကျတော့ အိပ်ရာထဲ ပန်းပြီးသားပဲ။

ဒီတော့ နောက်တစ်နည်းအနေနဲ့ အိပ်ရာမဝင်ခင် ကုန်စင်အောင်ပေါက်စေပြီးမှ အိပ်ရာဝင်စေပါတယ်။ ဒါလည်း မထူးပါဘူး။ မနက်လင်းတော့ ပုဆိုးတစ်ကွင်းလုံး သကြိန်ကျထားသလိုပါပဲ။

"မင်းဟာက မဟုတ်သေးဘူး ထင်တယ် သောက်တလွဲရာ၊ ဒီတော့ မင်းငယ်ပါထိပ်ကို ကြိုးချည်ပြီး အိပ်ရာဝင်စမ်း"

အဲဒီလိုလုပ်မှ ပိုဆိုးပါတယ်။ မနက် လင်းခါနီး ဆီးကြောတွေကတင်း ငယ်ပါထိပ်က မခံမရပ်နိုင်တော့တာမို့ ကြိုးလည်းဖြေလိုက်ရော ဆည်တစ်ခု ဖောက်ချလိုက်သလိုပါပဲ။ သောက်တလွဲခမျာ သေသာသေလိုက်ချင်တော့တယ်။ မနက်ဖြန်ဆို သက်ဖူးငုံတို့ အိမ်ကို ရောက်လာတော့မယ်။

ဒီအချိန်မှာ မိုးပေါ်က သိကြားမင်း ဆင်းသက်လာသလို အတန်ကြာကွဲကွာနေတဲ့ ငယ်ပေါင်းသူငယ်ချင်း ကျွဲသိုးနဲ့ လက်ဖက်ရည်ဆိုင်မှာဆုံတော့ သူ့အခက်အခဲကို ပြောပြလိုက်တယ်။

"ဟကောင် သောက်တလွဲ ဘာမှမပူနဲ့တော့၊ မင်းရဲ့ပြဿနာ ဒီမှာတင်ပြီးသွားပြီ မှတ်လိုက်တော့"

လို့ဆိုပြီး သူသွားလေရာဆောင်လေ့ရှိတဲ့ အထုပ်တစ်ထုပ်ကို ပေးလိုက်တယ်။ ဖွင့်ကြည့်တော့ ကွန်ဒုံးတွေ။

"ညအိပ်ရာဝင်တဲ့အခါ စွပ်ပြီးအိပ်၊ မနက်လင်းရင် ပြန်ဖြုတ်၊ အိုမကေရင် ငါ့ကိုပြောချင်သလိုပြော" တဲ့။

ဒီအချိန် ရေနစ်နေသူအဖို့ ပျဉ်တစ်ချပ်၊ ဝါးတစ်လုံး မပြောနဲ့၊ ကောက်ရိုးတစ်မျှင်ဆိုတာလည်း အားကိုးစရာတစ်ခု မဟုတ်ပေဘူးလား။ အံ့ဩဖို့ကောင်း၊ ကျေးဇူးတင်ဖို့ ကောင်းလိုက်တာ။ ဗိန္ဒောဆရာ ဦးအောင်ကြီး ပေးတဲ့နည်းတွေ တစ်ခုမှ အဆင်မပြေခဲ့ပေမယ့် ကျွဲသိုးပေးတဲ့နည်းကျမှ အဆင်ပြေတော့ ဘယ်ပြောကောင်းမလဲ၊ သောက်တလွဲတို့ ပျော်နေလိုက်ပုံများ။

သက်ဖူးငုံတို့မိသားစု ရောက်လာတော့ အောင်မယ်လေးလေးနော် သောက်တလွဲတို့အဖြစ်က နွားပြာကြီးအောက်သွားမရှိတဲ့ ပုံစံမျိုး။

ချောကလည်းချော၊ လှကလည်းလှ၊ ဘော်ဒီဆိုတာကလည်း 'သားသားတို့အကြိုက်မွှန်းလိုက်' ဆိုတာမျိုး။ အနေအထိုင်သိမ်မွေ့၊ အပြောအဆိုယဉ်ကျေး၊ အိမ်ရောက်တာနဲ့ တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်တော့တာ။ ကိုညွန့်တင်နဲ့ မခင်နှင်းဆို ပြုံးပြုံးကြီးနဲ့ ခေါင်းတညိတ်ညိတ်။ မျက်လုံးရွှဲကြီးတွေနဲ့ ရင်ဆိုင်လိုက်ရတိုင်း သောက်တလွဲမှာတော့ ရင်တဖိုဖို။ အဖေတို့ အမေတို့ရေ သားတော့ ကောင်းစားတော့မယ်ဗျ။ နှစ်ဖက်မိဘတွေက သဘောတူထားကြလေတော့ အနာဂတ်ခရီးလမ်းဆိုတာ ပန်းတွေခင်းလို့။ အဲ, ပန်းဆိုလို့ မပန်းမိအောင် သတိတော့အထူးတလည်ထားရဦးမှာပ။ ညဘက် အိပ်ရာဝင်တော့ကာ သောက်တလွဲရဲ့အိပ်ရာဟာ ဘုရားခန်းရှေ့မှာ ရောက်နေတယ်။ ရောက်ဆိုသူ့အခန်းကို သက်ဖူးငုံတို့ သားအမိအတွက် နေရာချထားပေးတာကိုး။

ဒီတော့ ညအိပ်ရာဝင်တဲ့အခါ ခြင်ထောင်ထဲဝင်တာနဲ့ သူငယ်ချင်းရဲ့ ညွှန်ကြားမှုအတိုင်း လုပ်ဆောင်လိုက်ပါတယ်။ မနက်မိုးလင်းတော့ တော်သေးရဲ့၊ ရွဲရွဲမစိုတော့ဘူး။ ဒါပေမဲ့ ဆီးကသွားချင်နေတယ်။ ဒါကြောင့် ကျေးဇူးရှင်အစွပ်ကလေးကိုချွတ်ပြီး ကမန်းကတန်းရေအိမ်ရှိရာ ဝင်ပြေးတော့တယ်။ အဲဒီမှာတင် ရှုံးရှုံးသာမက ဝမ်းကပါ ရစ်လာလို့ ဆယ်မိနစ်လောက် ရှင်းထုတ်လိုက်ရတယ်။ သန့်ရှင်းပြီးတဲ့အခါ အိမ်ရှေ့ကို ပြန်လာတော့ သူ့အိပ်ရာဟာ သိမ်းဆည်းပြီးနေပါပြီ။

ဘာကြောင့်ရယ်တော့ မသိဘူး။ သောက်တလွဲ ကျောင်းကပြန်လာတော့ သက်ဖူးငုံတို့မိသားစုကို အိမ်မှာမတွေ့ရတော့ဘူး။

"ဘာကြောင့်ရယ်တော့မသိဘူး သားရယ်၊ မိန်းကလေးက ပြန်မယ်ချည်း အတင်းလုပ်လို့ သူတို့မိသားစု ငေါက်ခနဲ ထပြန်သွားကြတာ၊ ကိုစိုးအောင်တို့မလဲ ဒီတစ်ဦးတည်းသော သမီးကလေးကို ဖူးဖူးမှုတ်ထားကြတာဆိုတော့ သမီးက ဘာပြောပြော ငြင်းကြတာမဟုတ်ဘူး"

"အဲ . . . မိန်းကလေးက မင်းလာရင် ပေးလိုက်ပါဆိုလို့ စာတစ်စောင်ပေးခဲ့တယ်ကွယ် ရော့"

ဖခင်ကိုညွန့်တင်က စာအိတ်ကလေးတစ်အိတ် ပေးတယ်။ သောက်တလွဲလည်း စာအိတ်ကို ကမန်းကတန်း ဖွင့်ဖတ်လိုက်တယ်။

*ကိုကျော်ကဲ*

*ရှင်ဟာ လူပျိုစစ်မယ့်သူမဟုတ်ဘူးဆိုတာ သိလိုက်ပြီ။ ကျွန်မဟာ ရှင့်ကို ပထမ အထင်ကြီးပါတယ်။ ခုမကြီးတော့ပါဘူး။ ရှင်နဲ့လည်း လက်မထပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သိချင်ရင် အမှိုက်ပုံးထဲမှာ ရှာကြည့်လိုက်ပါ။*

စာဖတ်ပြီးတာနဲ့ ကမန်းကတန်း အမှိုက်ပုံးရှိရာသွားပြီး ကြည့်လိုက်တယ်။ ဟောဗျာ. . . ဒါ သက်ဖူးငုံ သန့်ရှင်းရေးလုပ်ရင်း သူ့အိပ်ရာက တွေ့သွားတာ။

"သွားပြီ အဖေတို့ အမေတို့ရယ်၊ သွားပါပြီ၊ သားဘဝမှာ တလွဲတချော်တွေချည်းပဲ၊ အခုလဲပဲ လွဲပြန်ပါပြီကောဗျာ အဲ ငဲ ငဲ. . ."

ရင်ဘတ်ကို တဒုန်းဒုန်းထုရင်း ငိုချင်းချနေတဲ့ သားတော်မောင်သောက်တလွဲကိုကြည့်ရင်း ကိုညွန့်တင် မခင်နှင်းတို့ လင်မယားမှာတော့ မျက်လုံးတွေ အပြူးသား။

မြို့မေတ္တာခံယူမယ့်. . .

❒ ကိုရွှေတောသား





www.burmeseclassic.com

www.burmeseclassic.com

# ကလေးရဲ့ အဖြေစကားကြောင့်

## ဟန်သီဇင်



ဒီနေ့တော့ လေအန်ကုန်းသွားမှ ဖြစ်မည်။ ရေးထားသည့်စာမူတွေ ပေးမှ။ စာမူမပါသည့်လ ခင်တို့ စာရေးဆရာမ ဘိုင်ကျသည်။ ရေးပြီးသမျှ စာမူတွေ ဖိုင်အိတ်ထဲထည့်၊ ယူသင့်တာ မကျန်ရအောင်ထည့်၊ မနက်ခင်း အဆာပြေစားပြီး ရန်ကုန်မြို့ လမ်း(၄၀)ထိပ် လေအန်ကုန်းသို့ ချီတက်ရတော့သည်။

ခင် ရောက်တော့ ဂုရုကြီး ဆရာနန္ဒာမိုးကြယ်နှင့် ဆရာအချို့ ရောက်နေကြပြီ။ ခင်လည်း စာပေဗိမာန်နားက ဘိန်းမုန့်ထုပ်ကလေး ဝယ်လာပြီး ဒါနပြုလိုက်သည်။ ခဏအကြာမှာ သမုဒ္ဒရာဝေ ရောက်လာသည်။ မျက်နှာမရွှင်မပျနှင့်။ ဒါကို အလိုက်မသိစွာ ခင်က လှမ်းပြောမိသည်။

"မဝေ လက်ဖက်ရည်တစ်အိုးမှာတိုက်"

ခင်တို့ လေအန်ကုန်းဓလေ့မှာ တစ်ဦးချင်း သီးသန့် ဝယ်မသောက်ကြ။ လက်ဖက်ရည်ပျစ်ပျစ် ချိုချိုမွှေးမွှေး စိမ့်စိမ့် တစ်ထောင်တန်မှာကာ အိုးနှင့်ဖျော်ပြီး လာချပေးသည်။ စားပွဲပေါ် ရောက်တာနှင့် ရေနွေးပူပူထပ်ရောပြီး အကြမ်းပန်းကန်ကြီးနှင့် ထည့်ပေးကာ ဝေမျှသောက်ကြသည်။ ဆယ်ဦး မျှသောက်လို့ရသည်။ ခင်တို့ လေအန်ကုန်း လက်ဖက်ရည်လေး သောက်ချင်စဖွယ် အရသာရှိကြောင်း ရှင်းပြခြင်း ဖြစ်ပါသည်။

"ငါ ဒီနေ့ ဈေးဦးမပေါက်သေးဘူး"

မျက်နှာမဲ့ယုံမက လက်ပါ ခါပြနေသည့် သမုဒ္ဒရာဝေ၏ အဖြေစကားကြောင့် စာရေးဆရာကြီးတွေ ပြောလက်စ စကားများ ရပ်ကုန်သည်အထိ တိတ်ဆိတ်သွားသည်။ တွေးတောကုန်ကြသည်။

အသက်ကလည်း (၆၅)၊ သွားကလည်း မစုံလင်၊ အပျိုသိုးကြီး ဘွားတော်စာရင်းဝင်၏ စကားဝါကျသည် ဟိုလူလိုလို ဒီလူလိုလို။ တစ်ခါတစ်ရံ ပြောချင်ရာ ပြောချလာသော မဝေ၏ ရိုးတိုးရွတွ စကားကြောင့် ရယ်စရာတွေ ဖြစ်ကုန်တော့သည်။

"ဘယ်ဂျာနယ်၊ ဘယ်စာအုပ်မှာမှ စာမူမပါလို့ဆိုပြီး ပြောပါလား၊ ဈေးဦးမပေါက်လို့ဆိုတော့ စဉ်းစားစရာတွေ ဖြစ်ကုန်ပြီနော်"

"ဟေ . . . ငါပြောတဲ့စကားက စဉ်းစားစရာ ဟုတ်လား"

သူ့ဘာသာသူ တွေးပြီး ရယ်တော့သည်။ ခင်တို့ သမုဒ္ဒရာဝေကြောင့် ရယ်မောရ၍မှ မဆုံးသေး . . .

"ဗြဲ . . . အဲ အဲ. . ."

"ဗြဲ . . . အဲ အဲ. . ."

ကျယ်လောင်သော ကလေးတစ်ယောက် ငိုသံကြောင့် အားလုံး လှည့်ကြည့်ရာ ဗေဒင်ဆရာဂိုက်နှင့် သေတ္တာအမည်းကြီး တစ်ဖက်ကဆွဲပြီး တစ်ဖက်က လေးငါးနှစ်အရွယ် ကလေးမငယ်လေး ဆရာ၏ ဘောင်းဘီစကို ဆွဲကာ စာရေးဆရာကြီး မောင်မောင်မိုးမှော် ရောက်လာတော့သည်။

ဆရာ့မှာ သားသမီးမရှိတာ သိသဖြင့် တူမလေးလား၊ အမျိုးအဆွေထဲက မြေးမလေးလားဟု ထင်မှတ်ကြပါသည်။ ကလေးကလည်း အငိုမရပ်ပါ။ အားလုံး ဝိုင်းချော့ကြသည်၊ မရပါ။ ကလေးအကြိုက် မုန့်ပြေးဝယ်ကာ ကျွေးလိုက်သည်။ ခဏတာ အငိုရပ်ပြီး ဆက်ငိုရှာသည်။ ထို့ကြောင့် . . .

"ဆရာ . . . ဒီလောက်ငိုတဲ့ ကလေးကို ဘာလို့ခေါ်လာရတာလဲ"

သမုဒ္ဒရာဝေက အဆိုတင်သွင်းကာ ပြောလေမှ . . .

"ငါ ခေါ်ချင်လို့ ခေါ်လာတာ မဟုတ်ဘူးဟဲ့"

"ဟင်. . . ဆရာခေါ်လာလို့ ပါလာတာလေ"

အမေးနှင့်အဖြေ ဝါကျလွဲလေတော့သည်။

"ငါ ဘတ်စ်ကားပေါ်ကအဆင်း စာအုပ်တိုက်အနားမှာ ဒီကလေးမလေးက ရှိက်ကြီးတငင်နဲ့ လူကြီးနဲ့ကွဲပြီး လမ်းပျောက်နေတဲ့ပုံပဲ၊ တော်ကြာ လူကုန်ကူးဂိုဏ်းနဲ့တွေ့ရင် ဒုက္ခရောက်မှာစိုးလို့ ခေါ်လာတာ"

"ဒါဖြင့် ဆရာ ဒီကလေးမကို အိမ်ခေါ်သွားမှာလား၊ သက်ဆိုင်ရာကို အပ်နှံမှာလား"

ဆရာ ဦးပေတုံးကြီးပင် မနေနိုင်တော့။ ဝင်မေးရသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လဲ ခေါ်လာပြီးမှ ဘာဆက်လုပ်ရမှန်းမသိဘူး ဖြစ်နေတယ်"

ဆရာမိုးမှောင် အာရုံစားကာ ခေါင်းတကုတ်ကုတ် ဖြစ်နေပေမယ့် ကလေးမလေးကတော့ ဆရာ၊ ဆရာမတွေ ကျွေးသော မုန့်တွေကို ငိုရင်း အားရပါးရ ဆွဲနေတော့သည်။

"ဆရာ"

"ဟေ. . . ဘာလဲဟ"

နမော်နမဲ့ခင် လှမ်းခေါ်သဖြင့် ဆရာမိုးမှောင် လန့်နေတာ အမှန်ပင်။

"ဆရာ မှန်မှန်ပြောနော်၊ ဆရာကတော်နဲ့ ဆရာတို့မှာ ကလေးမရှိဘူးလေ"

"အေးလေ"

"ဒီကလေးက ဆရာ ကိုရီးယားဇာတ်လမ်းရိုက်ပြီး မွေးလာတဲ့ကလေးလား"

"ဟဲ့. . . နမော်နမဲ့ခင် နင့်ပါးစပ်ပိတ်၊ ဒီစကား ငါ့မိန်းမကြားသွားရင် နင်တရားခံပဲ"

"ဒါဆို တကယ်ဟုတ်နေတယ်ပေါ့"

"ဟာ. . . နင်ဟာလေ ပြောလေ ဆိုးလေပဲ"

လေအန်ကုန်းဝိုင်းမှာ ကလေးတစ်ယောက် ပါလာသည်။ ပြဿနာစကား မပြီးဆုံးခင်မှာ . . .

"ဟိုမှာ ဟိုမှာ. . . တွေ့ပြီ"

အမျိုးသမီးတစ်ယောက်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး လက်ညှိုးထိုးကာရောက်လာကြသည်။ ကလေးမနှင့် မျက်နှာချင်းဆင်ပုံရသည်။ ကလေးပျောက်သဖြင့် ရဲစခန်းတိုင်ကာ လိုက်ရှာကြခြင်း ဖြစ်သည်။ နဂိုကမှ လေအန်ကုန်းအုပ်စုကို ကြည့်ကွက် ကြည့်ကွက်ရှိရသည့်အထဲ လက်ညှိုးကြီးထိုးကာ အော်ကာ ရဲသားနှင့်ရောက်လာသည်ဆိုတော့ စိတ်ဝင်စားကြကာ ဝိုင်းကြည့်နေကြသည်။

"ဆရာမိုးမှောင် ပြဿနာကမီးလောင်တော့မယ် ထင်တယ်"

"ဘာဖြစ်စရာရှိလဲ၊ ငါက ကူညီတဲ့လူပဲဟာ"

သမုဒ္ဒရာဝေ လက်ကုတ်ပြောနေဆဲမှာ . . .

"သမီး. . သမီးလေးရယ် အမေဖြင့် ရင်ပူလိုက်ရတာ၊ ဘယ်ကဘယ်လိုဒီကိုရောက်နေတာလဲ၊ မေမေက ဘယ်သူခေါ်ခေါ် မလိုက်နဲ့လို့မှာထားတာ၊ ဟိုဘက်လှည့် ဈေးဝယ်တုန်း ခဏလေးမှာ လှည့်ကြည့်တော့ မရှိတော့ဘူး"

"မေ့ သမီးက ရပ်နေတာပါ၊ လူကြီးတစ်ယောက်ကလေ အရုပ်ဆိုးဆိုး လူမိုက်ပုံစံနဲ့ သမီးကို အော်ငေါက်ခေါ်သွားတော့ သမီးက ကြောက်ပြီးလိုက်သွားရတာ"

ကလေးမလေး စကားကြောင့် ပါလာသော ရဲအရာရှိလည်း စိတ်ဝင်စားသွားကာ . . .

"သမီးလေးကို ခေါ်သွားတဲ့လူက ဘယ်လိုရုပ်မျိုးလဲ၊ ဒီမှာရှိသမျှလူတွေထဲမှာ ရှိသလား"

ရဲအရာရှိ အမေးစကားကြောင့် ကလေးမခမျာ ခပ်တွေတွေစဉ်းစားပြီး နှုတ်ခမ်းကို ခပ်တင်းတင်း စေ့လိုက်ရင်း လေအန်ကုန်းတစ်ဖွဲ့လုံး ရှိရှိသမျှ တစ်ဦးချင်း မျက်နှာကို စိုက်ကြည့်လို့နေသည်။ ဆရာတွေမှာလည်း နေရင်း ထိုင်ရင်း ဆရာမိုးမှောင် ခေါ်လာသည့် ကလေးပြဿနာကြောင့် အချောင်တရားခံ ဖြစ်ရတော့မည်မို့ ရင်တထိတ်ထိတ်။

ဒါကို မနေနိုင် မထိုင်နိုင် ဆရာမိုးမှောင်က. . .

"ဟဲ့ ကလေးမ ပြောလိုက်လေ၊ အဲဒီလူဟာ ဘယ်လိုပုံစံလဲဆိုတာ၊ ဘာလိုက်ကြည့်နေတာလဲ" ဟူ၍ ဝင်အော်ငေါက်မေးပြန်ရာ ကလေးမသည် ဆရာမိုးမှောင်အား ခပ်စိမ်းစိမ်းစိုက်ကြည့်ကာ လက်ညှိုးထိုး၍ . . .

"အဲဒီဦးလေးကြီး အဲဒီဦးလေးကြီး" ဟု ပြောလေတော့သည်။

"အောင်မယ်လေးဗျာ၊ ဒီကလေးဒုက္ခရောက်မှာစိုးလို့ ကယ်လာတာပါ၊ ကျုပ်က စာရေးဆရာပါ၊ နိုင်ငံတော်က ပေးတဲ့ စာပေဆုတွေ အများကြီးရထားတဲ့ စာရေးဆရာပါဗျာ၊ ကလေးသူခိုးမဟုတ်ရပါဘူး၊ မယုံရင် ကျုပ်ကလေးကို ခေါ်လာတဲ့အနီးက စာအုပ်ဆိုင်ကဆိုင်ရှင်ကို သေသေချာချာပြောပြီးမှ ခေါ်လာတာ၊ သက်သေရှိပါတယ်ဗျာ"

ဆရာမိုးမှောင် မျက်နှာကြီး တစ်ခုလုံး ပို၍ မိုးမှောင်ကျလေတော့သည်။ ဒါကို ရိပ်မိသော ခင်က ဟိုးလမ်းတစ်ဖက် ကားဂိတ်ရှိ စာပေတိုက်ပိုင်ရှင်ကို ဖုန်းဆက်ခေါ်ထားသဖြင့် ရောက်ချလာပြီး ဝင်ရှင်းပြရသည်။ ပြီးတော့ သူ့စာအုပ်တိုက်မှာ CCTV ရှိသဖြင့် ထိုဖြစ်ရပ်အမှန်သိရန် ဒီကလေးမအား ဆရာမိုးမှောင် သက်ဆိုင်ရာ ပို့ပေးရန် ခေါ်ယူသွားမည့်အကြောင်း ဆိုင်မှာ ပြောဆိုခဲ့သော မှတ်တမ်းရှိ၍ အချုပ်မခံရခြင်းဖြစ်ပါသည်။ ပြဿနာအားလုံးရှင်းသွားလေမှ . . .

"အင်း . . . ဒီတစ်ခါတော့ နမော်နမဲ့ခင် တော်သွားပြန်ရောဒါပေမဲ့ ဒီအကြောင်းကို မရေးပါနဲ့ဟာ၊ နင်တို့အစ်မသိရင် ငါ လေအန်ကုန်းမလာရဘဲ နေလိမ့်မယ်"

"ဒီလို စကားလာပိတ်လို့ ဘယ်ရမလဲ၊ ဆရာ့စာမူခထဲက လေအန်ကုန်းတစ်ဖွဲ့လုံးကို လက်ဖက်ရည်တိုက်ဖူးတယ်ရှိအောင် တိုက်ရင်တော့ မရေးပါဘူးလေ"

"အဲ. . . အဲဒါကတော့ . . ."

ဆရာမိုးမှောင် စကားတွေထစ်ကုန်၏။

"ရပါတယ်လေ၊ ဒီလိုဆိုတော့လဲ ဆရာမောင်သာယာလက်ထဲ စာမူဝကွက်အပ်လိုက်လေသတည်းပေါ့. . . အဟင်း ဟင်း ဟင်း"

* * *

ခင်တို့ လေအန်ကုန်းမှာ ဒီလိုကိစ္စလေးတွေလည်း ရှိတတ်ကြောင်း ဖော်ကောင်လုပ်ရတော့သည်။

❒ တန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျာ . . . ကျွန်တော်ကတော့ သတို့သားဖခင်လဲဖြစ်၊ ဘိသိက်ဆရာလဲဖြစ်တဲ့ ပုရောဟိတ် ထွန်းဆိုင်ပါ။ မိုးပေါ်မှာ သိကြားလူ့ပြည်မှာ ထွန်းဆိုင်ပါ၊ ယခု မင်္ဂလာပွဲမှာ ဘိသိက်မြှောက်ရတဲ့ ချီးမြှင့်တဲ့အတွက် အထူးဝမ်းသာမိပါတယ်။ ယခု သတို့သားနဲ့ သတို့သမီးတို့ အာဝါဟ ဝိဝါဟ မင်္ဂလာသဘင် ဆင်ယင်ကျင်းပမှာဖြစ်ပါတယ်၊ ရွှေလက်ခုပ် တီးတော်မူကြပါ"

"ဝေး ဟေး ဟေး . . . ဖောင်း ဖောင်း"

"ဒါကြောင့် အောင်ကြောင်းဝေဖြာ အောင်စေရာတည်း၊ အောင်ပါစေကြောင်း၊ အောင်ဆုတောင်း၍ အောင်ကြပါစေ၊ မေတ္တာဝေသား၊ ကြွလာအမင်းမင်း ပရိသတ်များတို့ ကျန်းမာ၍ ချမ်းသာကြပါစေသား ဟား ဟား ဟား ဟား၊ ကျွန်တော် မောင်ထွန်းဆိုင်က မေတ္တာရှေ့ထား ဟား ဟား ဟား"

"ကဲ စက်ဆရာ စိန်ဖိုးတိုးရေ မင်္ဂလာသတို့သားနှင့်သတို့သမီး မောင်နှံတို့ ရွှေနှင့်တပ်ပြီး စိန်စီရအောင် ရတီစိန်ထိန်ထိန်ဝင်းသလို မင်္ဂလာနှင်းလက်စွပ်ဝတ်မှာမို့ မရပ်မသွားဘဲ မင်္ဂလာဓာတ်ပြားလေး အပ်သွားပေး တင်ဆက်လိုက်ပါဦး ခင်ဗျာ"

"ရှဲ ရှဲ ရှဲ ရှဲ ××× မင်္ဂလာရယ်တဲ့ မဏ္ဍိုင်လေ ××× ဟေ ဟေ ဟေ"

"ဟ ကြည့်လုပ်ကြပါဗျာ၊ နတ်သီချင်းကြီး ဖြစ်နေပြီ"

"ဟုတ်တယ်ဗျ၊ နတ်မဝင်ရသေးလို့နဲ့ တူတယ်"

"ကဲ နတ်ပင့်ဖို့ ပင့်ပြီးတော့ မင်္ဂလာမောင်နှံလဲ လူ့ရော နတ်ပါ လက်ထပ်လိုက်တာပေါ့၊ မင်္ဂလာ ဆိုတာ မင်္ဂလာပါယံ နုနာတတိ စိန္တယံတိ မင်္ဂလာ ဆိုတဲ့အတွက် မကောင်းမှုတွေ ဖယ်ပြီး ကောင်းမှုတွေ ကြွယ်ရမယ်တဲ့၊ မယားဝတ် လင့်ဝတ် အဲဒါတွေတော့ ထားတော့ အားလုံးလဲ အိမ်ထောင်ကျဖူးတော့ သိမှာပါဗျာ၊ ရှည်မနေတော့ပါဘူး၊ မင်္ဂလာ(၁၂)ပါးဆိုတာ ရှိတယ်၊ အဲဒါလဲ ထားလိုက်ဦး၊ အရေးကြီးတာက မင်္ဂလာဆောင်နှင်း အထမြောက်ဖို့ပဲ ကျွန်တာတော့ အဖေ၊ အမေတွေက ဆုံးမရမှာဗျ၊ ခုတစ်ခါတော့ မင်္ဂလာအခမ်းအနားကို သိမ်းတော့မှာမို့ စက်ဆရာ စိန်ဖိုးတိုးက အောင်ပါစေသီချင်းနဲ့ ရွှေနားတော်သွင်းနိုင်ဖို့ ခုချက်ချင်း စက်ဖွင့်ခြင်းပြုလိုက်ပါတော့ဗျာ၊ မင်္ဂလာအခမ်းအနားကြီးလဲ အောင်မြင်ပြီမို့ လက်ခုပ်သြဘာပေးလိုက်ကြပါစို့ . . . ဝေး ဟေး ဟေး"

"ရှဲ ရှဲ ရှဲ ××× ချော် ကြမ္မာကံယွင်း ပြုရက်ခြင်းကြောင့် (ကိုယ်ချင်းရယ်မှ မစာနာ)၂ သေ ×××"

"ဟော့လူတွေ စက်ဆရာ ဓာတ်ပြား မှားနေတယ် ကြည့်လုပ်ပါ။ ရပ်ပါ ဒုက္ခဖြစ်တော့မယ်၊ ဟာ ဘယ်သူက လက်ကမြင်းပြီး လဲသွားတယ် မသိဘူး"

"ဒီမှာ ဘိသိက်ဆရာ၊ ခင်ဗျား ကိုယ့်သားမို့ ခုလို သည်းခံတာ၊ နောက်မို့ဆို ခင်ဗျား မသာပေါ်သွားမယ်၊ ဒီလိုပါ၊ စက်ဆရာက စိတ်နောက်ပြီး ရှုနေပါတယ်၊ ကျွန်တော်ကတော့ ပုရောဟိတ်ပါ"

"ခုထိ လာသေးတယ်၊ တယ်သေကုန်တော့မှာပဲ"

"သည်းခံ၍ နားသောတ ဆင်တော်မူကြပါ ခင်ဗျာ"

"ဟား ဟား ဟား ဟား ဝါး"

"ကဲ ခု မင်္ဂလာပွဲကြီး အောင်မြင်သွားပြီအကြောင်း ထပ်လောင်းပြီး ပဏ္ဏာပြုရစေတော့ အသူရိန်ဆိုတာ လကို ဖမ်းသလို ပဉ္စသိခ် နတ်စောင်းတီးသလိုပ ငွေခရုနဲ့ ဇေယျတု သခါ အောင်စေရာပါ အောင်စေကြောင်း အောင်ဇေယျတု အောင်ဇေယျတု လက်ဆောင်တေးထပ်ကလေးနဲ့ မှတ်တမ်းတင်ခွင့်ပြုပါတော့. .

"ဤမင်္ဂလာ တူယှဉ်ဖြာသား ××× သတို့သားခမျာက ညောင်းတတ်ညာတတ် အကြောတက်တတ်၍ ××× ညောင်းတယ်မှ ညောင်းတယ်တဲ့ ××× ကြွေးပြန်တော့ ဝက်သနီဆီပြန် လက်

## ဘိသိက်ဆရာ
## ပုရောဟိတ်ထွန်းဆိုင်

မင်းတိုင်ပင်(မြရောင်မြေ)





www.burmeseclassic.com

www.burmeseclassic.com

သီးဆံ ××× တစ်လုတ်သွင်းရင်ဖြင့် ဒီဆိမ့်ကာ ကောင်းလှလို့ ဒီတယ်တဲ့မှ ဒီတယ် ××× လေး လေ့ ဟေး ဟေး"

"ဒီဘိသိက်ဆရာတော့ ခဲ မလောက် ဖြစ်တော့မယ်"

"ဘာတွေဆိုမှန်းလဲ မသိပါဘူးကွာ၊ တစ်ခါမှ မကြားဖူးဘူး"

"ဖြစ်စဉ်ကို ကျွန်တော် တေးထပ်ဖွဲ့ထားတာပါဗျာ၊ နားထောင်ကြည့်ပါဦး"

"တော်ပါတော့ဗျာ နားငြီးလို့ပါ"

"ဩော် ရာသီကအိုက် ချွေးက လိုက်လို့ ကျလိုက်တဲ့ မျက်ရည်တွေ ××× တူနှစ်ကိုယ် တူယှဉ်အိပ်ရင်တော့ ဒုလာ ပင် ပြန်ကာဝင်ရချည့် ××× သတို့သမီး မှာတော့ စုဘူးသာဖြစ်ရမှာမို့ အိုက်လှချည်ရဲ့မှ ပူလှချည် ××× ရေဇတ်ရင် ရေကိုသောက်တော့ အေးရှာပြီရယ်တဲ့မှ အေးရှာပြီ ××× လေး ဟေး ဟေး ဟေ"

"ဟေ့ မင်းတို့ ဘိသိက်ဆရာက ဖြစ်စဉ်တွေချည်း ပြောနေတယ်"

"တော်တော့ဟေ့ အားနာပါဦး"

"ကဲ ပရိသတ်မင်းများ တေးထပ်ကို ရေမှတ်စေနိုင်ဖို့ နောက်ထပ်တော့ နောက်ကြောင်း မပြန်ပါရစေနဲ့ဗျာ၊ မောလို့ပါ မောလို့"

"ကောင်းပါ့ဗျာ၊ ကောင်းပါ့ နားငြီးသက်သာတာပေါ့"

"ကဲ သတို့သားနဲ့ သတို့သမီး က လူကြီးမိဘတွေကို ကန်တော့ကြတော့ ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ၊ ဟေ့ ရှိခိုးပါကွ ဆိုမှပဲ၊ ရှိခိုးပူဇော် ဖူးမြော်မာန် လျှော့ ကန်တော့ပါ၏၊ ကန်တော့ ရသော အကျိုး ဒါလဲ ကန်တော့တာပဲ၊ အဲဒါ အရှည်ကန်တော့နည်းပါ၊ ဟုတ်ပြီ ဟုတ်ပြီ သာဓု သာဓု သာဓု၊ ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

"အဲဒါမှ ဘိသိက်ဆရာကွ၊ တော်တယ် ဘယ်ဘိသိက်ဆရာနဲ့မှ မတူဘူး၊ ဒါကြောင့် ပုရောဟိတ်ထွန်းဆိုင် ဆိုတာလေ နောက်လဲ အားပေးကြပါ"

"ပေးမယ် ပေးမယ် အုတ်ခဲနဲ့ ပုစွန်ကျစ်စာခဲ"

"အဲဒီလောက် ဂုဏ်ပြုတာ အထူး ဝမ်းသာပါတယ် ဟဲ ဟဲ ဟဲ ဟဲ၊ ဟေး ဟေး ဟေး ဟေ ဝါး ဝါး ဝါး"

×××

"ဗျို့ ဦးထွန်းဆိုင်၊ မင်္ဂလာဆောင် အဆင်ပြေရဲ့လား"

"ဟာဆန်နီ မင်းကွာ၊ ခွေးပြေး ဝက်ပြေး မပြေးရရုံတမယ်ရယ်၊ ဟို ဖိုးတိုးပေါ့ကွာ ဓာတ်ပြားတွေ မှားဖွင့်လို့ ငါလဲကွာ တောင်းပန်ရတာပေါ့၊ ကိုယ့်သား မင်္ဂလာဆောင်မို့ပေါ့ကွာ"

"ခင်ဗျားကတော့ ဖြစ်လိုက်ရင် အဆန်းပဲ"

"ဆန်းမှ လူတွေက သဘောကျတာကွ၊ မင်းမှတ်ထား ငါ့ဘဝမှာ အားလုံး အဆန်းကြယ်တွေကြီးပဲ"

"ကဲ သတို့သားကော ဘယ်သွားလဲဗျ"

"ရှိပါကွာ ပင်ပန်းလို့ ဖိမ်ခံလေရဲ့ အသစ်စက်စက်ကိုကွ၊ ဟိုလေ ရွှေမန်းတင်မောင်ဆိုတဲ့ အသစ်စက်စက်မှ ချစ်လျက်သာ နေချင်ကြတယ်×××ဟို လောကစံရယ်ဆန်းကြယ်လွန်းလှတယ် ××× မချစ်ရင် မနေနိုင်ဘူးကွယ်တဲ့ ××× ချစ်တာကိုးကွ ချစ်တာ"

"ဟုတ်ပါ့ဗျာ ဒါကြောင့် အသစ်စက်စက်ကလေးနဲ့ တွဲကျတာကိုးဗျ၊ ဟိုသီချင်းထဲကလိုဗျာ 'တစ်နာရီ မလစ်ဘူး အချစ်ထူးလှတဲ့ လှတဲ့ ကေသွယ် ××× မင်းဘဝ ရေရေလယ်လယ် ဘယ်ကလာသလဲ ××× မောင်သီချင်တယ်'တဲ့"

"ဟေ့ ဆန်နီ ဒါကြောင့် မင်းကိုလေ ပွင့်သစ်စလို့ နာမည် တတ်တာကိုး"

"မင်းသမီး ယောက်ျားဖြစ်လိုက်ချင်ရဲ့ မင်းတို့လေးတွေရုပ်ရည် ထွက်ရာလမ်း မောင် မပြင်နိုင်တယ် ××× အိပ်မက်ထဲဝယ် စွဲကာလွဲကာ ချစ်လို့နေကြတယ်×××ဘော်လောက်ပြီ ထင်တယ်"

"တော်ရင်လဲ တော်ကွာ၊ မင်းက သီချင်းနဲ့ဆိုတော့ ငါကလဲ တော်သတဲ့တော်ပေါ့ကွာ ဟား ဟား ဟား ဟား"

"ကဲ ဒီည ကျွန်တော်တို့ကို သတို့သားက ဧည့်ခံရမှာဗျ"

"အေး မင်းတို့က တယ်ပျော်ချင်ကြတာကို၊ ပျော်ကြ ပျော်ကြပါ၊ ငါ့မှာတော့ ဟိုနွားအိုတစ်ရှဉ်း မျက်စောင်းထိုးနေပြီ၊ ရှိစု မဲ့စုလေးကွာ"

"ကဲ စိတ်မကောင်းစရာတွေ မတွေးနဲ့၊ လူဆိုတာ တစ်နေ့မိုးလင်း တစ်နေ့မိုးချုပ်ဗျ"

"ကဲကွာ ဆန်နီ၊ မင်းတရားချနေပြန်ပြီ၊ ပိဋကတ်အိုးရေ"

"ကိုထွန်းဆိုင် ရှုပ် ဘာတွေ ပြောနေတာလဲ"

"ကဲ မဒီရေ ဒီည ဆန်နီတို့အဖွဲ့က စားဖို့ သောက်ဖို့ မင်းဟာပေးလိုက်"

"ဘာရှင့်၊ ကျွန်မဟာတော့ မပေးဘူး၊ ရှင့်ဟာပဲ ပေး"

"ကဲ ဦးထွန်းဆိုင် ခင်ဗျားတို့ လင်မယား ရန်မဖြစ်ကြပါနဲ့ ပြန်ပါ့မယ်ဗျာ"

"အဖေရေ ကိုဆန်နီ၊ ည ကျွန်တော် ဧည့်ခံမယ် လာခဲ့ပါ"

"ဩော် သတို့သားကြီး၊ ပိန်တောင်သွားတယ်၊ ပိုလဲ လှတယ်၊ မင်းတို့ မင်္ဂလာဆောင်မှာ ငါတော့ကွာ ဝက်သားကလဲ ကောင်း၊ ဘိသိက်ဆရာကလဲ ဧရာဝတီတိုင်းတစ်ခွင် လှည့်ရှာတောင် တွေ့မှာပါဗျာလို့ မဟုတ်ဘူးလား"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့၊ မင်းက ချီးမွမ်းတတ်တယ်၊ ငါကလဲ မင်းလို အမှန်ဝေဖန်တဲ့ လူမှကွ ကျန်လူတွေနဲ့ ပေါင်းလို့ မရဘူး"

"ဘာရှင့် ကျွန်မကို ပေါင်းလို့ မရဘူးလား ပြော"

"ကဲပါ ဘိသိက်ဆရာကတော်ရယ်၊ မခွဲမခွာ အမြဲပါနေတဲ့ အသည်းညာလေး စောညွန့်မှ စောညွန့်ပါကွယ့် ဟား ဟား ဟား"

❒ မင်းထိုက်ဝင် (မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# မြနန်းရှင် ကယ်ပေလို့

မောင်မောင်မိုးအောင်

တစ်ပတ်လျှင် နှစ်ရက် အင်္ဂါနေ့နှင့် သောကြာနေ့တိုင်း ကျွန်တော်တို့ စာရေးသူများ လေအန်ကုန်းတွင် ဆုံနေကျဖြစ်သည်။

စာရေးသူများ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ အယ်ဒီတာများ ဆုံနေကျ 'လေအန်ကုန်း'ဟုခေါ်သော နေရာသည် ယခင်က ပန်းဆိုးတန်း စာပေဗိမာန် အဆောက်အအုံအနီးရှိ ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ရှေ့ အုတ်ခုံနေရာလေး ဖြစ်သည်။

ယခု ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်သည် လက်ဖက်ရည် မရောင်းတော့သဖြင့် လေအန်ကုန်းကို လမ်း ၄၀ ထိပ် ညောင်ပင်ကြီးရှိ သီဟဓာတ်ပုံဆိုင်အနီးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုနေရာသည်လည်း သီဟဓာတ်ပုံဆိုင်နံဘေး လက်ဖက်ရည်ဆိုင်ရှေ့နေရာ ဖြစ်သည်။

အထူးသဖြင့် မဂ္ဂဇင်းများ ထွက်ရှိလာသော လဆန်းရက်များတွင် ပို၍လူစုံသည်။

ကျွန်တော်လည်း ခရီးသွားနေ၍ လဆန်း ၁၃ ရက်ကျော်မှ လေအန်ကုန်းသို့ ရောက်ရှိသွားခဲ့သည်။ရောက်ရောက်ချင်းပင် စာရေးဖော်တစ်ဦးဖြစ်သည့် ဆရာမမြမဥ္ဇူဝေကသတင်းပို့လာသည်။

"ဒီလ အစ်ကို့ဝတ္ထုတွေ သုံးလေးအုပ် ရှာတွေ့တယ်၊ ဒို့ကျေးရွာဂျာနယ်မှာလဲ ကဗျာပါသေးတယ်၊ စာမူခတွေ ထုတ်ပြီးပြီလား"

"မထုတ်ရသေးဘူး၊ ငါ ခရီးသွားနေလို့၊ မနေ့ကမှ ပြန်ရောက်တာ"

ဆရာမ မြမဥ္ဇူဝေသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါး သွယ်လျလျနှင့် အပျိုကြီး ဖြစ်သည်။ ကျွန်တော်တို့နောက်ပြောင်သမျှ သည်းခံသူဖြစ်သည်။ ကျွန်တော်နှင့် ဆရာစိုးဝေတို့က သူ့ကို ပါလေရာမြမဥ္ဇူဝေဟု အမည်ပေးထားသည်။ ရေးအားကောင်းသူလည်း ဖြစ်

www.burmeseclassic.com

သည်။ သူ၏စာမူဖြစ်သော ဘုရားစေတီသမိုင်းအတော်များများ မဂ္ဂဇင်းများတွင် လစဉ် တွေ့နေရသည်။ နောက်ထပ်ထွက်လာသော အပတ်စဉ်ထုတ်ဂျာနယ်များတွင်လည်း သူ့လက်ရာများ တွေ့ရသည်။ သူ့စာမူများကို မဂ္ဂဇင်းတိုင်းတွင် ပါစေချင်သူဖြစ်သလို ပါအောင်လည်း ကြိုးစားသူဖြစ်သည်။ ထိုအကြောင်းများကြောင့် ပါလေရာ မြမဥ္ဇူဝေ ဟု အမည်ပေးထားခြင်း ဖြစ်သည်။

"အစ်ကို ဘယ်သွားနေတာလဲ"

"မော်လမြိုင်က ညီမတွေဆီ သွားနေတာပါ။ အမွေဆိုင်အိမ်ကိစ္စ ဖြေရှင်းစရာရှိလို့ နှစ်ပတ်လောက်ကြာသွားတယ်"

"နဘယ်မဂ္ဂဇင်းမှာ အစ်ကို့ဝတ္ထုစာမူပါတယ်၊ စာမူခသွားထုတ်လိုက်ပါဦး"

အပျိုကြီးက မျက်နှာပြုံးစိစိဖြင့် ကျွန်တော့်ကို ပြောလာသည်။

"နဘယ်မဂ္ဂဇင်းမှာ ဝတ္ထုပါတာ သေချာရဲ့လား"

"ဩော်. . ပါပါတယ်ဆို၊ အစ်ကို့ညီမ ဟန်သီဇင်လဲ ပါတယ်"

အပျိုကြီးမြမဥ္ဇူဝေစကား မဆုံးမီမှာပင် ဆရာမဟန်သီဇင်က ကျွန်တော့်ကိုပြောလိုက်သည်။

"အစ်ကိုဆရာ သွားရင် ကျွန်မစာမူပါ ထုတ်ခဲ့ပေးပါလား"

"ဆောင်းပါးလား၊ ဝတ္ထုလား၊ ဘာကလောင်နာမည်နဲ့လဲ"

ဆရာမဟန်သီဇင်မှာ မြနန်းရှင် ကလောင်အမည်ခွဲဖြင့် ဂမ္ဘီရဝတ္ထုများ၊ ဘုရားစေတီသမိုင်းများ၊ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ၊ ကျင့်စဉ်များ ရေးသားအောင်မြင်နေသူလည်း ဖြစ်သည်။ ကျွန်တော်နှင့် နှမအရင်းသဖွယ် ခင်မင်နေသူလည်း ဖြစ်သည်။

"ဆောင်းပါးပါ၊ မြနန်းရှင်ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးထားတာ"

"အေး. . . သိပြီ၊ ငါသွားတော့ နင့်အတွက်ပါ ထုတ်ခဲ့မယ်"

အပျိုကြီးမြမဥ္ဇူဝေတို့ ထခုံတဲ့သို့ စာမူကိစ္စ နောက်ပြောင်နေတုန်း သူတတစ်ဖန် ပြန်လည်နောက်ပြောင်သည်ထင်၍ နဘယ်မဂ္ဂဇင်းတွင် ကျွန်တော့်ဝတ္ထုပါသည်ကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။

"အပျိုကြီး၊ ငါ့ကို နောက်တာလား၊ ဒါမှမဟုတ် နင်တို့နှစ်ယောက်ပေါင်းပြီး ကြံစည်တာလား သိရအောင် နဘယ်မဂ္ဂဇင်း မာတိကာသွားလှန်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ပညာရွှေတောင်စာအုပ်တိုက်ဘက်သို့ ကျွန်တော် ထွက်လာခဲ့သည်။ ပညာရွှေတောင် စာအုပ်တိုက်မှာ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်တွင် တည်ရှိ၍ ကျွန်တော်တို့ ထိုင်နေရာ လေအန်ကုန်းနှင့် အနီးလေးသာဖြစ်သည်။ ပညာရွှေတောင် စာအုပ်တိုက်တွင် နဘယ်မဂ္ဂဇင်း မတွေ့တော့ပါ။ ရောင်းကုန်သွားပြီဖြစ်ကြောင်း သိရသည်။ မြမဥ္ဇူဝေ ပြောသည့်အတိုင်း သူရဋ္ဌမဂ္ဂဇင်းနှင့် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းများတွင် ကျွန်တော့်ဝတ္ထုစာမူများ တွေ့ရသည်။ သူရဋ္ဌမဂ္ဂဇင်း စာမူခထုတ်ပြီး လေအန်ကုန်းသို့ ပြန်လာခဲ့သည်။

"နဘယ်မဂ္ဂဇင်းက ရောင်းကောင်းလိုက်တာ၊ ကုန်သွားပြီတဲ့"

"အစ်ကို့ဝတ္ထု ပါပါတယ်၊ နဘယ်တိုက် သွားလိုက်ပါ"

"အေးပါ၊ နင်တို့ ဒီလောက် အသေအချာပြောနေမှတော့ ငါ သွားလိုက်ပါ့မယ်"

"အစ်ကိုဆရာ သွားရင် ကျွန်မစာမူခပါ ထုတ်ခဲ့ဖို့ မမေ့နဲ့နော်"

"အေးပါ ဟန်သီဇင်ရယ်၊ ငါ ထုတ်ခဲ့ပါ့မယ်"

"မြနန်းရှင်ကလောင်အမည်နဲ့ ပါတာနော်၊ မြနန်းရှင်လို့သာ ပြောလိုက်ပါ၊ ဆရာမောင်သွေးချွန် သိပါတယ်"

"အေးပါ မြနန်းရှင်ရယ်၊ ဒါပေမဲ့ ဒီအတိုင်းတော့ မရဘူး၊ လက်ဖက်ရည် တိုက်ရမယ်"

"အစ်ကိုဆရာ လက်ဖက်ရည် ကြိုက်တာ သိပါတယ် ပြန်လာရင် ရှယ် ချိုဆိမ့်တစ်ခွက် တိုက်ပါ့မယ်၊ ဒီလေအန် ကုန်းမှာပဲ စောင့်နေတော့မယ်"

"အေးပါ၊ ဒီကပဲစောင့်နေ၊ ငါ သွားပြီ"

နဘယ်မဂ္ဂဇင်းတိုက်ရှိရာ ၃၉ လမ်းအထက်သို့ ကျွန်တော်သွားမည် ပြုစဉ် ရေးဖော် အောင်သာကျော်က. .

"ငါလဲလိုက်မယ် မိုးအောင်၊ ငါ့ဆောင်းပါး ပါတယ်၊ အတူတူသွားကြမယ်"

"အတော်ပဲ ငါတစ်ယောက်တည်းဖြစ်နေတာ၊ အဖော်ရတာပေါ့၊ သွားကြစို့"

၃၉ လမ်း အထက်ဘလောက်ရှိ နဘယ်မဂ္ဂဇင်းတိုက်သို့ ကျွန်တော်တို့ ရောက်သွားချိန်တွင် ဆရာမောင်သွေးချွန်ကို စားပွဲတွင် အဆင်သင့်တွေ့ရသည်။ ကျွန်တော်တို့ကို တွေ့သည်နှင့်-

"လာလာ ထိုင်ကြပါ"

ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်နှင့် ဆရာမောင်သွေးချွန်က အံဆွဲကိုဖွင့်ပြီး စာမူခထည့်ထားသောစာအိတ်များ ထုတ်ယူလိုက်သည်။ စာအုပ်နှင့်အတူ စာမူခစာအိတ်တစ်အိတ် ဆရာအောင်သာကျော်ကို ကမ်းပေးလိုက်သည်။ စာမူခထုတ်ပြီးသည်နှင့် ဆရာအောင်သာကျော်က . . .

"ငါ့စာမူခ ထုတ်ပြီးပြီ၊ သွားစရာရှိလို့ မင်းကို မစောင့်တော့ဘူး"

"အေးပါ၊ သွားလေ၊ ငါ စာမူခထုတ်ပြီးရင် လေအန်ကုန်းပြန်ရမယ်၊ ဟိုမှာ စောင့်နေကြတယ်"

အောင်သာကျော်က ပြုံးစိစိဖြင့် ထွက်သွားတော့သည်။အောင်သာကျော် ထွက်သွားပြီး ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ဆရာမိုးအောင်ရော ကိစ္စရှိလား၊ စာမူပေးမလို့လား၊ ပေးလေ"

"စာမူခလေး ထုတ်မလို့ပါ"

"ဘယ်သူ့စာမူခ ထုတ်မလဲ"





www.burmeseclassic.com

www.burmeseclassic.com

ဆရာမောင်သွေးချွန်၏ အမေးစကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဆရာမောင်သွေးချွန်မှာ အယ်ဒီတာလုပ်သက် ရင့်သူဖြစ်သည်။ ယခုလထုတ် နဘယ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် စာမူများအား အတိအကျ အားလုံးသိထားသူဖြစ်သည်။ စာမူပါသူများအား သူ့စားပွဲရှေ့ရောက်သည်နှင့် စာမူခတန်း၍ထုတ်ပေးလေ့ရှိသည်။ မေးမြန်းနေလေ့ မရှိပါ။

ယခု ဆရာမောင်သွေးချွန်က ဘယ်သူ့စာမူခ ထုတ်မလဲဟု ကျွန်တော့်ကိုမေးလာသည်။ ကျွန်တော် ရိပ်မိလိုက်ပါပြီ။ ယခုလထုတ် နဘယ်မဂ္ဂဇင်းတွင် ကျွန်တော့်စာမူ မပါ၍ ယခုကဲ့သို့ မေးလိုက်ခြင်းဖြစ်ကြောင်း သိလိုက်ရပါပြီ။ အပျိုကြီးမြမဥ္ဇူဝေ၊ ဟန်သီဇင်၊ အောင်သာကျော်တို့ စုပေါင်း၍ ကျွန်တော့်ကို ပညာပေးလိုက်ကြခြင်းဖြစ်ကြောင်း သိလိုက်ရပြီ။

ကျွန်တော် ထိုသို့ တွေးတောနေစဉ် . . .

"ဆရာမိုးအောင်က စာမူလဲ ပေးတာမဟုတ်ဘူး၊ ဘယ်သူ့စာမူခ ထုတ်မလဲ ဆရာ"

ကျွန်တော် အရှက်ကွဲ ရယ်စရာအဖြစ်တော့ မခံနိုင်ပါ။ ချက်ချင်း ပြန်ဖြေလိုက်သည်။

"ဆရာမ မြနန်းရှင်အတွက်ထုတ်ဖို့ပါ၊ ကျွန်တော့်ကို မှာလိုက်လို့ပါ၊ လွှဲစာတော့ မပေးလိုက်ဘူး"

"ဪ . . . ရပါတယ်၊ ယူသွားပါ"

ပြောပြောဆိုဆို ဆရာမောင်သွေးချွန်က မြနန်းရှင်အတွက် စာအုပ်နှင့်စာမူခ ထုတ်ပေးသည်။ ကျွန်တော် အရှက်ပြေ လှမ်းယူလိုက်သည်။ပြီးသည်နှင့် မာတိကာကိုအမြန်ဖတ်လိုက်သည်။ ကျွန်တော့်ကလောင်အမည် မတွေ့ရပါ။ အပျိုကြီးမြမဥ္ဇူဝေတို့ အုပ်စု ကျွန်တော့်ကို ပညာပေးလိုက်ကြခြင်းဖြစ်ကြောင်း သိလိုက်ပါပြီ။

သို့သော် ကျွန်တော် အရှက်မရခဲ့ပါ။ ရေးဖော်ညီမ မြနန်းရှင်ကယ်တင်ခဲ့သဖြင့် ကျွန်တော် သက်သာခွင့်ရခဲ့သည်။ စာမူမပါဘဲ စာမူခလာထုတ်သူ မဖြစ်ခဲ့ပါ။ သူတို့ထင်သလို အရှက်မရခဲ့ပါ။ အရှက်မရခဲ့သော်လည်း ရှက်ရှက်နှင့်ပင် ဆရာမောင်သွေးချွန်ကို နှုတ်ဆက်ပြီး ထရန်ပြင်လိုက်သည်။

"ဆရာ့စာမူ ရှေ့လပါမယ်နော် ဆရာ"

"ဪ . . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

အပျိုကြီးမြမဥ္ဇူဝေတို့ အုပ်စု ပညာပြလိုက်သည်ကို ခံလိုက်ရသဖြင့် ဒေါသစိတ်ဖြင့် လေအန်ကုန်းသို့ ပြန်ခဲ့သည်။ လေအန်ကုန်းတွင် မြမဥ္ဇူဝေ၊ ဟန်သီဇင်၊ အောင်သာကျော်တို့ကို တွေ့လိုက်ရသည်။ ပြုံးစိစိဖြင့် ကျွန်တော့်ကို ကြည့်နေကြသည်။ ဟန်သီဇင်ကို စာအုပ်နှင့် စာမူခ လှမ်းပေးလိုက်သည်။

ဟန်သီဇင်က . . .

"နေပူထဲသွားရတာ မောလာတယ်ထင်တယ်၊ မျက်နှာလဲ မကောင်းပါလား၊ လက်ဖက်ရည် မှာပေးရမလား"

ဟန်သီဇင်က မသိသလို ကျွန်တော့်ကို ပြောလာသည်။

"မမှာနဲ့တော့၊ မသောက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ ဆရာလဲ စာမူခ ထုတ်ခဲ့လို့လား"

ဟန်သီဇင်အမေးကို မြမဥ္ဇူဝေက လှမ်းပြီးဖြေလိုက်သည်။

"ဟန်သီဇင်ရယ် သိရက်သားနဲ့ မေးနေပြန်ပြီ၊ တို့တွေ ခုလိုပုံစံနဲ့ ခံခဲ့ရတာ အကြိမ်မနည်းတော့ဘူး၊ ဒီတစ်ခါ သူ့အလှည့်ပေါ့၊ အစကို ရှက်လာတယ် မဟုတ်လား၊ မျက်နှာမှာ ပေါ်နေတယ်၊ စာမူခထုတ်မယ်လို့ပြောတော့ ဆရာမောင်သွေးချွန် ဘာပြောလိုက်လဲ"

"ဒီမှာအပျိုကြီးရဲ့ နင်တို့ထင်ထားသလို ငါ အရှက်မရခဲ့ပါဘူး၊ စာမူဖော်ပြမခံရဘဲ စာမူခ သွားထုတ်တဲ့သူလဲ မဖြစ်ခဲ့ဘူး၊ ငါ့ရဲ့တစ်ကာ့ပွတ္တိဉာဏ်က နင်တို့ထင်သလောက် မညံ့ပါဘူး သိရဲ့လား"

"ပြောပါဦး၊ စာမူခထုတ်မယ် ပြောတော့ ဆရာမောင်သွေးချွန်က ဘာပြောလိုက်လဲ၊ ဘယ်လို တစ်ကာ့ပွတ္တိဉာဏ်ကို သုံးခဲ့တာလဲ"

"ဆရာမောင်သွေးချွန် မေးတော့ ငါလဲ ခပ်တည်တည်နဲ့ စာမူခထုတ်မလို့ပါလို့ ပြောလိုက်တာပေါ့၊ ငါ့စာမူ မပါတာ ဆရာမောင်သွေးချွန်က သိထားတယ်လေ၊ ဘယ်သူ့စာမူခ ထုတ်မလဲလို့ မေးတာပေါ့"

"ဒီတော့ အစ်ကို ဘယ်လိုဖြေလိုက်လဲ"

"ဘယ်ရမလဲ၊ အရှက်ပြေပေါ့၊ ဆရာမမြနန်းရှင်အတွက် ထုတ်ဖို့ပါလို့ ချက်ချင်းဖြေလိုက်တာပေါ့၊ ကံကောင်းလို့ အရှက်ရတော့မလို့"

"ဒါဆို ငါတို့အစ်ကို အရှက်မရခဲ့ဘူးပေါ့၊ ကျွန်မတုန်းကတော့ အရှက်ရခဲ့တာလေ"

"နင်တို့ ငါ့ကိုဝိုင်းပြီး ပညာပေးလိုက်ပေမယ့် မြနန်းရှင် ကယ်ခဲ့လို့ ငါ ဘာအရှက်ရတာမှ မဖြစ်ခဲ့ဘူး၊ နင်တို့ နုပါသေးတယ်နော်"

မြနန်းရှင်ကယ်တင်ခဲ့၍ ကျွန်တော် အရှက်မရခဲ့သည့်အဖြစ်ကို အပျိုကြီး မြမဥ္ဇူဝေက မကျေမနပ်ဖြစ်နေပုံရသည်။ ဟန်သီဇင်ကလည်း ပြုံးနေပါသည်။

"အစ်ကိုဆရာ အရှက်တရမဖြစ်ခဲ့တာ ကျွန်မ မြနန်းရှင် ကယ်ခဲ့လို့ပေါ့နော်"

"ဟုတ်ပါ့ ငါ့ညီမရယ်၊ ငါ့ညီမ မြနန်းရှင်ကယ်တင်ခဲ့လို့ ငါ အရှက်မရခဲ့တာပါ၊ ကျေးဇူးတင်ပါတယ် မြနန်းရှင်ရယ်"

❒ မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်အစွမ်း အံ့မခန်း

**အောင်လံထူဆရာဟိန်း**

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကြီးမြတ်လှသော ကျေးဇူးဂုဏ်အင်္ဂါ ကိုးပါးဖြင့် ဖွဲ့စည်းထားသော ဂါထာတော်အား ဂုဏ်တော်ကိုးပါးဟု ခေါ်ပါသည်။ "အရဟံ" အစ "ဘဂဝါ" အဆုံးရှိသော ၎င်းဂါထာတော်မြတ်အား ဗုဒ္ဓဘာသာဝင် မှန်သမျှ မသိသူမရှိချေ။ နှုတ်တွင် အာဂုံဆောင်ထားကြပြီး ပါဠိလိုအပြင် အနက်အဓိပ္ပာယ်များကိုပါ သိရှိထားကြသည်။

ဂုဏ်တော်ကိုးပါး၏ စွမ်းအားသည် အတိုင်းအဆမရှိ အကျိုးထူးရှိလှပါသည်။ ဂမ္ဘီရဆိုင်ရာ စာအုပ်၊ မဂ္ဂဇင်း အစောင်စောင်တို့၌ ယတြာ၊ အစီအရင် ဆောင်းပါးများ ပါရှိကြရာ ၎င်းဂုဏ်တော်ကိုးပါးအား ရွတ်ပွားရခြင်း၊ ပုတီးစိပ်ခြင်း အမျိုးမျိုးအပြင် အင်းအိုင်လက်ဖွဲ့များတွင်လည်း အနှီးဂါထာ၊ သိဒ္ဓိတင်ဂါထာအဖြစ်လည်း အသုံးပြုကြသည်ကို ဖတ်ရှုနေရသည်။

အချို့လည်း ဂုဏ်တော်ကိုးပါးအနက် တစ်ပါးပါးကို အားပြုကာ ဝိဇ္ဇာပညာရပ်ဆိုင်ရာ စမစာလုံးများနှင့် ပေါင်းစပ်ကာ ရွတ်ဆိုခြင်း၊ ဂမ္ဘီရပညာရပ်များနှင့် ဉာဏ်ယှဉ်ကာ အသုံးပြုနေကြသည်။ ထိုသို့ ဂုဏ်တော်ကိုးပါး ဂါထာတော်မြတ်အား အသုံးပြုနေကြသော်လည်း လောကီကိစ္စရပ်များတွင် ဂုဏ်တော်တစ်ပါးချင်းစီ၏ သတ္တိထူးအား တိတိကျကျ ဖော်ပြထားခြင်းမရှိကြချေ။

ထို့ကြောင့် သိသူဖော်စား၊ မသိသူကျော်သွား မဖြစ်ရလေအောင် ဂုဏ်တော်တစ်ပါးချင်းစီ၏ အသုံးဝင်ပုံ စွမ်းပကားကို ဖော်ပြပေးပါမည်။

အောက်ပါအတိုင်း ဂုဏ်တော်ကိုးပါး၏ အစွမ်းသတ္တိများအား သိရှိပြီးနောက် မိမိတို့အလိုဆန္ဒများအလျောက် အသုံးပြုချင်ပါက ဂါထာတစ်ပုဒ်လုံးဖြစ်စေ၊ ဂုဏ်တော် တစ်ပါးပါးကိုဖြစ်စေ ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင်ရေး၍ ဆောင်ခြင်း၊ ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းပေးခြင်း၊ ပုတီးအမျိုးမျိုးဖြင့် စိပ်ပေးခြင်း စသည်ဖြင့် မိမိစိတ်ကြိုက် အသုံးပြုနိုင်ပါသည်။

ဂုဏ်တော်၏ စွမ်းပကားအရလည်း ဧကန်မုချ ထူးခြားမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

| စဉ် | ဂုဏ်တော် | ဂုဏ်တော်အစွမ်း |
|---|---|---|
| ၁ | အရဟံ | အန္တရာယ်ကင်း၊ လာဘ်ရွှင်၊ ရိုသေလေးစားခြင်းခံရ |
| ၂ | သမ္မာသမ္ဗုဒ္ဓေါ | အကြံကောင်း၊ ဉာဏ်ကောင်းပေါ်စေခြင်း၊ ပညာရည်မြင့်မားခြင်း |
| ၃ | ဝိဇ္ဇာစရဏသမ္ပန္နော | အတတ်ပညာရရှိခြင်း၊ စာမေးပွဲ အင်တာဗျူးများ ဖြေဆိုအောင်မြင်ခြင်း |
| ၄ | သုဂတော | မိမိပြောသမျှ အောင်မြင်ခြင်း၊ ချစ်ခင်သူဝိုင်းဝိုင်းလည်ခြင်း |
| ၅ | လောကဝိဒူ | ပညာရှင်၊ ပညာရှိဖြစ်ခြင်း၊ ထင်ရှားကျော်ကြားခြင်း |
| ၆ | အနုတ္တရောပုရိသဒမ္မသာရထိ | လူချွန်လူကောင်းဖြစ်ခြင်း၊ အကြီးအကဲဖြစ်ခြင်း၊ တရားသဖြင့် အနိုင်ရရှိခြင်း၊ သူတစ်ပါးနှိပ်စက်ခြင်းမှ ကင်းရှင်းခြင်း |
| ၇ | သတ္ထာဒေဝမနုဿာနံ | ဆရာသမားဖြစ်ခြင်း၊ ဩဇာညောင်းခြင်း၊ သူတစ်ပါးဆန္ဒအား ဖြည့်စွမ်းကယ်ဆယ်ပေးနိုင်ခြင်း |
| ၈ | ဗုဒ္ဓေါ | အမှုအခင်း၊ အတိုက်အခံ ပြေလည်အောင်မြင်ခြင်း |
| ၉ | ဘဂဝါ | ဘုန်းတန်ခိုးကြီးခြင်း၊ အသက်ရှည်ခြင်း၊ သူတစ်ပါးတို့ အန်တုဖက်ပြိုင် မပြုနိုင်ခြင်း |

❒ အောင်လံထူ ဆရာဟိန်း



www.burmeseclassic.com

www.burmeseclassic.com






ကာတွန်း ★ လင်းထူးဇော်





ကာတွန်း ★ လင်းထူးဇော်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## ကိုယ်တော်လည်းပါတယ်



တစ်ခါက ရွာနှင့်အတော်လေး အလှမ်းဝေးသော တောအုပ်လေးတစ်ခုတွင် တောထွက်ဦးဇင်းကြီး တစ်ပါးနှင့် ဖိုးသူတော်တစ်ပါးတို့သည် နှစ်ဦးသဘောတူ တိုင်ပင်ကာ ကျောင်းလေးဆောက်၍ တောရဆောက်တည်ပြီး သီတင်းသုံးနေထိုင်ကြလေသည်။

တစ်နေ့တွင် သူတို့ တဲကျောင်းလေးသို့ တောကြက်မလေးတစ်ကောင် လမ်းမှား၍ ရောက်လာလေသည်။ ဦးဇင်းကြီးနှင့် ဖိုးသူတော်တို့လည်း ဆွမ်းကျန်လေးများ ကျွေးမွေးသဖြင့် တောကြက်မလေးသည် ကျောင်းမှာပင်နေပြီး တောထဲသို့ လုံးဝမပြန်တော့ပေ။



တစ်နေ့သောအခါတွင် ကြက်မလေးသည် ကတော် ကတော်နှင့် အော်နေရာမှ ခဏအကြာ ငြိမ်သက်သွားလေသည်။ ညနေစောင်းသောအခါ ဦးဇင်းကြီးသည် ထုံးစံအတိုင်း ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်း၍ သန့်ရှင်းသောအခါ မမျှော်လင့်ဘဲ ခြံထောင့်တစ်နေရာ အမှိုက်ပုံမှ ကြက်ဥတစ်လုံးကို တွေ့သွားလေသည်။

ထိုအခါ ဦးဇင်းကြီးသည် ကြက်ဥကို ကောက်ယူလိုက်ပြီး ဒေါသလည်း အလွန်ထွက်ကာ ဖိုးသူတော်အား လှမ်းခေါ်လိုက်သည်။

"ဖိုးသူတော် ဒီတဲကျောင်းမှာ ပုရိသဆိုလို့ မင်းနဲ့ငါပဲ ရှိတယ်၊ ကြက်က မာတုကာကြက်မ၊ အဲလေ ကြက်မဆိုတာ ကြက်ဣတ္ထိယ၊ အဲ ဣတ္ထိယအမျိုးအနွယ် ဖြစ်တယ်၊ ခု ကြက်မမှာ ဥတစ်လုံး ဥနေပြီ၊ ဒါ နင့်လက်ချက် မဟုတ်လား" ဟုမေးရာ ဖိုးသူတော်လည်း ပျာပျာသလဲဖြင့် . . .

"တပည့်တော်နဲ့ မပတ်သက်ပါဘုရား၊ ဘုရားပေးပေး ကျိန်းပေးပေး သစ္စာဆိုဝံ့ပါတယ် ဘုရား" ဟု လျှောက်တင်လေသည်။

ထိုအခါ ဦးဇင်းကြီးက . . .



"ဟဲ့ . . . သူတော် မင်းသာ မဟုတ်ဘူးပြောတယ်၊ ဟောဒီမှာကြည့် ကြက်ဥအရောင်က အဖြူရောင်၊ နင်ဝတ်တာ အဖြူရောင်မို့ ကြက်ဥလဲ အဖြူရောင် ဖြစ်တာပေါ့၊ တကယ်လို့သာ နင်မဟုတ်ရင် တခြားအရောင် ဖြစ်နေမှာပေါ့၊ နင် ဘာငြင်းချင်သေးလဲ၊ သူတော်ကောင်းအလုပ် လုပ်ချင်လို့ လူသူဝေးတဲ့ အရပ်မှာ တောရဆောက်တည် ကျင့်ကြံအားထုတ်နေတာ၊ နင်မို့ လုပ်ရက်လေတယ်၊ ပြီးတော့ လူလူချင်းလဲမဟုတ်၊ ကြက်နဲ့မှ သွားပြီးဖြစ်ရတယ်လေ၊ ငါ . . ." ဟု ဒေါသတကြီးဖြင့် တောင်ဝှေးကိုယူ၍ ရိုက်မည်ပြုလေ၏။

ထိုအခါ သူတော်က . . .

"အရှင်ဘုရား . . . အရှင်ဘုရားနဲ့ တပည့်တော် ဟောဒီတောရကျောင်းမှာ တရားတစ်ချိန်တည်း သဘောတူ ကျင့်ကြံအားထုတ်ခဲ့တာပါ ဘုရား၊ တပည့်တော်မှာ ဒီစိတ်မျိုး တစ်ခါမှ မတစ်ခါဖူးပါဘူး ဘုရား"

"ဟ . . . တစ်ခါမှ မတစ်ခါဘူးသာ ပြောတယ်၊ ခုနက ကြက်မလေးကလဲ ခြံထောင့်မှာ သူတော် သူတော်နဲ့ အော်ခေါ်နေတာ ငါ ကြားတယ်၊ ဘာဖြစ်ပါ

www.burmeseclassic.com

# ဖိုးရယ်ရယ်ဟာ ဟာသများ



လိမ့်လို့ သွားကြည့်တော့ ဥပြီးနေပြီ၊ ဥအရောင်ကလဲ အဖြူရောင်၊ ဒီတော့ အရိယာအလုပ် မဟုတ်တာလုပ်တဲ့ မင်းကို ကျောင်းမှာ မထားနိုင်ဘူး၊ ဒီကျောင်းကနေ ထွက်သွားတော့၊ မင်းရဲ့ ကြက်တုကာမလဲ ခေါ်သွား၊ ရော့ မင်းကြက်ဥ" ဟု ပြောကာ ဖိုးသူတော်လက်ထဲထည့်၍ ကျောင်းထဲ ပြန်ဝင်သွားသည်။

ဖိုးသူတော်လည်း သူဘာမှမသိရဘဲ တစ်ဖက်သတ် စွပ်စွဲကာ ကျောင်းမှ နှင်ထုတ်ခံရသည့်အတွက် ဝမ်းလည်းနည်း၊ ယူကျုံးမရဖြစ်ပြီး . . .

"ငါ ကျောင်းကထွက်ရတာ နင့်ကြောင့်"

ဟု ပါးစပ်ကပြောပြီး ကြက်ဥကို ညှစ်လိုက်ရာ ကြက်ဥကွဲသွားပြီး ဒ ထဲမှ အနှစ်များ လက်ပေါ်သို့ ကျလာလေသည်။

ထိုအခါမှ ကြက်ဥအနှစ်ရောင်သည် အဝါရောင်၊ အသေအချာ ကြည့်ပြီးနောက် . . .

"ဦးဇင်းကြီး ဒီမှာလာကြည့်ပါဦး ဘုရား၊ အပြင်ကသာ အဖြူရောင်၊ အတွင်းက အဝါရောင်ဖြစ်နေတာ မြင်တယ် မဟုတ်လား ဘုရား၊ ဒီတော့ ဒီကိစ္စမှာ ကိုယ်တော်လဲပါတယ်" ဟု ပြောလိုက်လေသတည်း။

❐ ကဗ္ဗိယမောင်ဝိုင်း

## မှတ်ထားကွ စနေသား



တစ်ခါက ရွာတစ်ရွာတွင် ရွာဦးကျောင်းဆရာတော်၏ တူဖြစ်သူ ဖိုးထူး ဆိုသော အလုပ်အကိုင်မရှိသည့် လူငယ်တစ်ဦးရှိသည်။ ကျောင်းတွင် နေထိုင်သော်လည်း အလုပ်ကို လက်ကြောတင်းအောင် လုပ်သူ မဟုတ်ပေ။

သို့သော် ထိုရွာရှိ သူကြီးသမီးဖြစ်သူ ကွမ်းတောင်ကိုင် ခင်မိအား တစ်ဖက်သက် ပိုးပန်းနေသူဖြစ်သည်။

တစ်နေ့ ခင်မိ ရေခပ်သွားစဉ် ဖိုးထူးက နောက်မှ မယောင်မလည်ဖြင့် လိုက်သွားပြီး လူလစ်သောအခါ ခင်မိအား ရည်းစားစကား ပြောသည်။

ထိုအခါ ခင်မိက . . .

"ဟဲ့ ဖိုးထူး၊ နင့်လို မုဆိုးမသား တစ်ကောင်ကြွက်၊ အလုပ်မရှိ အကိုင်မရှိတဲ့ ကျောင်းကပ်နေရတဲ့ ကောင်ကများ ငါ့လို ကွမ်းတောင်ကိုင် သူကြီးသမီးကို ချစ်စကားပြောတာ အံ့ပါရဲ့တော်၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ နင်မို့ ပြောရဲတယ်" ဟု ကက်ကက်လန်အောင် ရန်တွေ့တော့သည်။



ထိုအခါ ဖိုးထူးက . . .

"ငါက ချစ်လို့ ချစ်တယ်ပြောမိတာ နင်ဒီလောက်တောင် ရန်မတွေ့သင့်ပါဘူး ခင်မိရာ" ဟု လေပြေဖြင့် တောင်းပန်သည်။ ခင်မိက . . .

"ဟဲ့တော် ရန်တွေ့ရမယ်၊ နင်နဲ့ငါက တူလို့လား၊ တန်လို့လားဟဲ့၊ တစ်ရွာလုံးမှာရှိတဲ့ ကာလသားတွေ ဘယ်သူမှ ရဲရဲမကြည့်ဝံ့တဲ့ ငါ့လို သူကြီးသမီးကို နင်လို ထမင်းကျန်စား ဟင်းကျန်စားကောင်က ရည်းစားစကား ပြောတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

အေး နင်တစ်ခါ ပြောရဲပြောကြည့်၊ ထိတ်တုံးထဲဝင်ရအောင် ငါ့အဘကို တိုင်မယ် သိလား" ဟု ကြိမ်းလေသည်။

ထိုအခါ ဖိုးထူးက ဒေါသဖြစ်လာပြီး ခင်မိကို စေ့စေ့ကြည့်ရင်း . . .

"ဟေ့ ခင်မိ၊ နင် တစ်နေ့ ငါ့အကြောင်းသိရမယ်၊ ငါ အခု ပိုက်ဆံရှာသွားမယ်၊ ငါ ရွာပြန်လာတဲ့တစ်နေ့ နင် ငါ့ကို ဒူးထောက်ပြီး ရှိခိုးစေရမယ်၊ ဖိုးထူးတဲ့ကွ" ဟုပြောကာ ရွာမှထွက်သွားလေသည်။

ခြောက်လခန့်ကြာသောအခါ ဖိုးထူး ရွာသို့ ပြန်လာသည်။ ထိုအချိန်တွင် သူကြီးအိမ်၌ ဆွမ်းကျွေးမင်္ဂလာ ပြုလုပ်နေချိန်ဖြစ်ပြီး ရွာဦးကျောင်းဆရာတော်နှင့် ကျောင်းရှိ သံဃာတော်အားလုံး ဆွမ်းကပ်ရန် ပင့်လျှောက်ထားချိန်ဖြစ်သည်။

နံနက်ဆွမ်းစားချိန်တွင် ရွာဦးကျောင်းဆရာတော်နှင့် သံဃာကုန် ဆွမ်းစားကြွလာသဖြင့် သူကြီးနှင့် အိမ်သားများလည်း ထွက်ကြို၍ ဆရာတော်နှင့် သံဃာတော်များကို ပုဆစ်ဒူးထောက် ရှိသေစွာ ကန်တော့ကြသည်။

ဆရာတော်နှင့်အဟူ နောက်ဆုံးမှ ပါလာသူက ဖိုးထူးခေါ် ဦးဇင်းလေး ရှင်တေဇနိယ ဖြစ်သည်။ ဦးဇင်းလေး (ဖိုးထူး)သည် သူ့အား ရိုသေစွာရှိခိုးနေသော ခင်မိအနားသို့ ကပ်သွားပြီး နှစ်ကိုယ်ကြား လေသံဖြင့် ပြောလိုက်သည်ကား . .

"ခင်မိ၊ နင် ငါ့ကို ဒူးထောက်ပြီး ရှိခိုးနေရပြီမဟုတ်လား၊ ကဲ . . . အခုတော့ ငါ့အကြောင်း သိပြီမဟုတ်လား၊ အဟီး. . ." ဟူသတည်း။

❒ ထဝ္ပိယမောင်ဝိုင်း

## ဘယ်သူသိကြားလဲ



တစ်နေ့မှာ စိတ်ကျန်းမာရေး အထူးကုတဲ့ ဆေးရုံတစ်ရုံကို ဧည့်သည်တစ်ဦး လေ့လာဖို့ ရောက်လာပါတယ်။

အဲဒီလို လာရောက်လေ့လာရင်း ဆေးရုံဝင်းရဲ့ တစ်နေရာကိုရောက်တော့ လူသုံးဦး အငြင်းအခုံ ဖြစ်နေကြတာကို တွေ့ရပါတယ်။

ဘာတွေများ ငြင်းခုံနေကြသလဲဆိုတာ သိချင်လို့ နားစွင့်ကြည့်တော့ ဘယ်သူက သိကြားမင်း ဖြစ်တယ်ဆိုတာကို ငြင်းနေကြတာပဲ ဖြစ်ပါတယ်။ သူဟာ ဝေဒနာရှင်တွေရဲ့ ဘဝကို တွေးပြီး အတော့်ကိုစိတ်မကောင်းဖြစ်သွားရတယ်။

ဒါနဲ့ပဲ ဆက်လျှောက်လာရင်း ဆေးရုံရှေ့နားရောက်တော့ ဆရာဝန်နဲ့တူတဲ့ လူတစ်ယောက်ကို တွေ့လို့ အဲဒီအကြောင်း ပြောပြလိုက်မိတယ်။

"လူနာတွေဘဝက သနားစရာ ကောင်းလိုက်တာ ဒေါက်တာရယ်၊ ဟိုနားက ဝေဒနာရှင်တွေဆိုရင် သူတို့ကိုယ်သူတို့ သိကြားမင်းဆိုပြီး ငြင်းခုံရန်ဖြစ်နေလိုက်ကြတာဗျာ"

သူက အဲဒီလို ပြောလိုက်တော့ ဆရာဝန်နဲ့တူတဲ့လူက ပြန်ပြောတယ်။

သူ့စကားအဆုံးမှာ လေ့လာသူဆရာလည်း တစ်ချိုးတည်း ထွက်ပြေးရတော့တာပါပဲ။

သူ ဘာပြောလိုက်လဲဆိုတော့ . . .

"ဟုတ်ပါ့ဗျာ၊ အလကားနေရင်း သိကြားမင်းရောဂါ ထနေကြတာလေ၊ သိကြားမင်း အရူးတွေပေါ့၊ တကယ်တော့ သိကြားမင်းအစစ်က ကျုပ်ဗျ၊ ဒီကောင်တွေက အရူးတွေ" တဲ့ဗျာ။

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




စိတ်ကျန်းမာရေး ဆေးရုံမှာ တာဝန်ကျတဲ့ ဆရာဝန်ဟာ မနက်စောစော ဆေးရုံဝင်းအတွင်း လိုက်လံစစ်ဆေးကြည့်ရှုတော့ ဝေဒနာရှင်တစ်ဦးဟာ အလွန်ဝမ်းသာနေတဲ့ပုံကို တွေ့လိုက်ရသတဲ့။ ဒါနဲ့ပဲ ဆရာဝန်ဟာ အံ့ဩသွားပြီး ဝေဒနာရှင်ကို မေးလိုက်တယ်။

"ဒီလောက်တောင် ဝမ်းသာပျော်ရွှင်နေရအောင် ဘာတွေ ပျော်စရာ တွေ့ခဲ့လို့လဲကွ"

"ဟာ . . . ပျော်တာပေါ့ ဒေါက်တာရယ်၊ ကျွန်တော့် ခုတင်ဘေးက ကောင်ကို သိတယ်မဟုတ်လား၊ ဂျင်မီလေ"

"အေးလေ၊ အဲဒါ ဘာဖြစ်လဲ"

"သူ့ကို ကျွန်တော် စခဲ့တာခင်ဗျ"

"ဘယ်လိုများ စခဲ့လို့ပါလိမ့်"

"ဟား ဟား . . . သူအိပ်ပျော်နေတုန်း သူ့ခေါင်းကို ဖြတ်ပြီး ရေချိုးခန်းထဲ သွားထည့်ခဲ့တာဗျ၊ ဟီ ဟီ အခုလောက်ဆိုရင် ဂျင်မီဆိုတဲ့ ငတိတော့ သူ့ခေါင်းပျောက်လို့ လိုက်ရှာနေလောက်ပြီ၊ ပျော်စရာကြီး" "ဟေ . . ."




တစ်နေ့မှာ စိတ်ကျန်းမာရေးကုတဲ့ ဆေးရုံကို လာရောက်လေ့လာ စစ်ဆေးကြပါတယ်။ ဆရာဝန်ဟာ သီးသန့်နေရာမှာ ထားရှိတဲ့ ဝေဒနာရှင်သုံးယောက်ရဲ့ ရောဂါအခြေအနေကို သိလိုတဲ့အတွက် သူတို့ကို စမ်းသပ်ပါတယ်။ သူ့စမ်းသပ်ပုံက ဒီလိုဗျ။ သူတို့သုံးယောက်အတွက် ထမင်းစား စားပွဲပေါ်မှာ ပန်းကန်တစ်ချပ်စီ ချပေးပြီး ခေါက်ဆွဲစားတဲ့ တူတစ်စုံစီ ပေးထားပါသတဲ့။ ပြီးမှ ဘာမှထည့်မထားတဲ့ ပန်းကန်လွတ်တွေကို လက်ညှိုးထိုးပြပြီး . . .

"စားကြ" လို့ ပြောလိုက်ပါတယ်။

ဆရာဝန်ရဲ့ စကားအဆုံးမှာ ဝေဒနာရှင်နှစ်ဦးဟာ ဘာမှမရှိတဲ့ ပန်းကန်ထဲကို တူနဲ့ညှပ်ပြီး ခေါက်ဆွဲတွေကို အားပါးတရ စားဟန်ပြုကြပါတယ်။ ကျန်တဲ့ တစ်ယောက်ကတော့ ဘာမှမလုပ်ဘဲ တူကိုကိုင်ပြီး ထိုင်နေတာတွေ့တော့ ဆရာဝန်က ကောက်ချက်ချတယ်။

"ခေါက်ဆွဲစားနေတဲ့ ငတိနှစ်ယောက်က ရောဂါအခြေအနေ မသက်သာသေးဘူး၊ မစားတဲ့လူကတော့ လူသာမန်တွေလို အထင်မှိုး ရောက်နေပြီ ထင်တယ်"

ဆရာဝန်ဟာ သူ့ထင်မြင်ချက် မှန်၊ မမှန် သိအောင် စားဘဲ ထိုင်နေတဲ့ ဝေဒနာရှင်ကို မေးလိုက်တယ်။

"ဟေ့လူ ခေါက်ဆွဲတွေ ဘာလို့မစားတာလဲ၊ ဟိုလူတွေတောင် စားနေကြပြီ" ဆိုတော့ ဒီပုဂ္ဂိုလ်လေးက ဘာပြန်ပြောတယ်ထင်လဲ။

"ခေါက်ဆွဲတွေက ပူနေသေးလို့ အေးအောင်စောင့်နေတာပါ" တဲ့။

ဒါနဲ့ပဲ ဆရာဝန်ခင်ဗျာ သူ့အထူးလူနာကို ရက်အကန့်အသတ်မရှိ ဆေးရုံမှာ ဆက်ထားဖို့ မှတ်ချက်ရေးသွင်းပေးသွားခဲ့ပါသတဲ့။

❒ စောနိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com

# လှူဝင်စားဆရာတော် အရှင်ကောသလ္လ နှင့် မဟာသရဏဂုံ ပုတီးစိပ်အဓိဋ္ဌာန်

ရွှေချိုအောင်(ပေလီ)



လှူဝင်စားဆရာတော် အရှင်ကောသလ္လ (ဂဝေသီ)

စာရေးသူတို့၏ ဒွါရာဝတီ သံတွဲမြို့ရှိ ဒွါရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် ဒွါရာဝတီမြို့သစ် တည်ရှိပါသည်။ သံတွဲ - တောင်ကုတ် ကားလမ်းအတိုင်း အရှေ့ဘက်သို့ ဒွါရာဝတီ မြို့တော်ဦးတံတားကို ဖြတ်ကျော်ပြီးလျှင် သံတွဲ-တောင်ကုတ် ကားဂိတ်၊ ကုန်စည်ပို့ဆောင်ရေး (အဝေးပြေးဂိတ်ဟောင်း) ဂိတ်နှင့် K.T.A အအေးခန်းစက်ရုံအလွန် ကားလမ်းဘေး ညာဘက်ခြမ်းတွင် သံတွဲမြို့ ဗျာဒိတ်တော်ရ ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဟူသည့် ဆိုင်း ဘုတ်တစ်ခု ရှိပါသည်။

ငင်းဆိုင်းဘုတ်လမ်းအတိုင်း တည့်တည့်သွားလျှင် နှစ် ဖာလုံခန့်အကွာ၌ လမ်းခွဆုံတစ်ခုကို တွေ့ရှိရမည်ဖြစ်သည်။ ကတ္တရာခင်းထားသည့် ရွှေဆံတော်ဘုရားလမ်း လက်ဝဲဘက် သို့ မချိုးကွေ့ဘဲ တောင်ဘက်တည့်တည့် မြေသားလမ်း အတိုင်း ဆက်၍သွားပါက ရွှေအလင်္ကာလမ်းသစ်ကို တွေ့ရှိ ရမည် ဖြစ်သည်။ ထိုရွှေအလင်္ကာလမ်း၏ လက်ယာဘက်တွင် အံတော်ရွာ မဟာအောင်မြေကျောင်းတိုက် တည်ရှိပါသည်။

သံတွဲမြို့ အံတော်ရွာရှိ မဟာအောင်မြေကျောင်း ဆရာတော် ဦးကောသလ္လမှာ စာရေးသူနှင့် ဆရာရင်း၊ ဒကာ ရင်းအဖြစ် အလွန်ရင်းနှီးကြပါသည်။ ဆရာတော်သည် နိုင် ဇော်သန့်၊ ပန်းညို ကလောင်အမည်များဖြင့် စာပေအရေး အသား ကောင်းသလို ဂဝေသီ အမည်ဖြင့် ရှေးဟောင်းဘုရား သမိုင်းများ၊ သမိုင်းသုတေသီအဖြစ် သုတေသနဆောင်းပါး များ၊ ဝတ္ထုတိုပေါင်းချုပ် စာအုပ်များကိုလည်း ရေးသားနေ သည့် ဆရာတော်တစ်ပါးလည်း ဖြစ်ပေသည်။

ဆရာတော်၏ ကျောင်းတွင် သံတွဲမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ 'ရွှေအလင်္ကာ စာကြည့်တိုက်' ကို ဖွင့်လှစ် ထားရှိရာ စာပေရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆရာတော် ကျောင်းသို့ စာရေးသူ အကြိမ်ကြိမ်ရောက်ရှိနေပါသည်။ ဆရာတော်၏ ကျောင်းဝင်းတွင် 'ဝိဇယသိမ်ကျောင်း' တော် တည်ရှိရာ သိမ်ကျောင်းတော်အတွင်းရှိ စံပယ်နေသည့် ဆေး ပေါင်းခ ရှေးဟောင်းမဟာကျိန် ရုပ်ပွားတော်မြတ်ကိုလည်း အကြိမ်ကြိမ် ဖူးမြော်ခွင့် ရရှိခဲ့ပါသည်။ ဆရာတော်မှာလည်း လှူဝင်စားဆရာတော်ဖြစ်ကြောင်း ရင်းနှီးစွာ မေးမြန်းသိရှိခွင့်




ဆရာတော် နှင့် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ မဟာအောင်မြေကျောင်းတိုက်

ရသဖြင့် ဤဆောင်းပါးအား ရေးသားပူဇော် တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

**ဆရာတော်၏ ထေရုပ္ပတ္တိနှင့် မွေးရပ်ဇာတိမြေ**

ဆရာတော် ဦးကောသလ္လ အလောင်းအလျာကို သံတွဲမြို့ ဒွါရာဝတီမြစ် မြောက်ဘက်ခြမ်းရှိ သရော်တောကျေးရွာတွင် ဖခင်ဦးချစ်ဖေနှင့် မိခင်ဒေါ်အောင်စိန်ဖြူ (ခ) ဒေါ်လုံးလေးတို့မှ ၁၃၂၂ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်၊ တနင်္လာနေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ မွေးချင်းသုံးဦးအနက် အငယ်ဆုံး သားရတနာဖြစ်ပေသည်။

ငယ်စဉ်ကပင် ကိုရင် ဝတ်ပြီးနောက် သရော်တောကျောင်းဆရာတော် ဦးပန္နဝံသထံတွင် ပညာသင်ကြားခဲ့သည်။ သံတွဲမြို့ မဟာဗောဓိဆရာတော် ဦးဣန္ဒက (အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ) ထံတွင် စာပေဆက်လက်သင်ကြားရင်း ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ သရော်တော် မူလဓမ္မာစရိယဆရာတော်၊ ဗောဓိကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဣန္ဒက ဆရာတော်ထံတွင် ပရိယတ္တိစာပေများကို သင်ကြားခဲ့သည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် ဦးဇောတိပါလနှင့် ဦးသိရိန္ဒ ဆရာတော်ထံတွင်လည်းကောင်း၊ မန္တလေးမြို့ အနောက် ခင်မကန်တိုက် ဆရာတော်ထံတွင် ပရိယတ္တိစာပေများကို ဆက်လက်သင်ကြားတော်မူခဲ့လေသည်။ ၁၉၈၈ ခုနှစ်တွင် အံတော်ရွာ၌ အံတော်ကျောင်းသစ်၊ မဟာအောင်မြေကျောင်းတိုက် သာသနာကို စတင်ထူထောင်၍ ယနေ့တိုင် တပည့်ဒကာ၊ ဒကာမများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက် စေတီပုထိုးများကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခြင်း၊ စာပေးရေးသားခြင်းတို့ဖြင့် သီတင်းသုံးနေထိုင်တော်မူလျက် ရှိနေပါသည်။

**လူဝင်စားဆရာတော် ရှင်ကောသလ္လ**

တစ်နေ့တွင် စာပေရေးရာကိစ္စများကို ဆွေးနွေးနေကြရာမှ ဆရာတော်သည် လူဝင်စားဆရာတော်ဖြစ်ကြောင်း သိရှိခွင့်ရခဲ့ပါသည်။ ထို့ကြောင့် စာရေးသူမှာ လွန်စွာစိတ်ဝင်စားသွားပြီး ယခုကဲ့သို့ ရေးသားတင်ပြလိုက်ရပါသည်။ ဆရာတော်သည် ယခင်ဘဝဟောင်းက အံတော်ရွာသူ ဒေါ်ငွေသုန်ဝင်စား၍ ယောက်ျားဘဝ ပြန်ဖြစ်ခဲ့ရလေသည်။ ဆရာတော်၏ ဖခင်မှာ သရောတောရွာသားဖြစ်၍ မိခင်မှာမူ အံတော်ရွာသူ ဖြစ်လေသည်။

လူဝင်စား ဆရာတော်လောင်းလျာကို သရော်တောရွာတွင် မွေးဖွားခဲ့လေသည်။ ဆရာတော်သည် ငါးနှစ်သားအရွယ်အထိ အံတော်ရွာသို့ လုံးဝမရောက်ဖူးခဲ့ချေ။ ဆရာတော်အိမ်နားရှိ သရော်တောရွာရှိ မြစ်ကမ်းနံဘေးတွင် အလွန်အရိပ်ကောင်းသည့် ခက်လက်ဝေဆာစွာနှင့် ညောင်ပင်ကြီးတစ်ပင်ရှိရာ ထိုညောင်ပင်ကြီးအောက်မှ လှမ်းမျှော်ကြည့်လိုက်လျှင် အလွန်လှပသည့် ရှုမျှော်ခင်းများနှင့် ရွှေဆံတော်၊ ရွှေနံတော်၊ ရွှေအံတော် စေတီသုံးဆူကို ဖူးမြော်ရလေသည်။

အံတော်ရွာသားများသည် လှေဖြင့် ငါးရှာရန်လာကြရင်း သရော်တောရွာသို့ ရောက်ရှိလာကြရာ လူဝင်စားကလေးက မှတ်မိသိရှိနေလေသည်။ ငါးရှာလာသည့် လူများကို လှေဦးက ဘယ်သူ၊ ပဲ့မှာထိုင်နေတာက ဘယ်သူ ဘယ်ဝါစသဖြင့် အတိအကျ သိနေလေသည်။ လူနာမည်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြောနိုင်သဖြင့် မိခင်ဖြစ်သူက တအံ့တသြ ဖြစ်ရလေသည်။ ထိုသူများက ကလေးငယ်လေးက ထိုသို့ပြောသဖြင့် လူဝင်စား အမှန်စင်စစ်ဖြစ်မည်ဟု ရိပ်စားသိရှိလာလေသည်။

လူဝင်စားကလေးကလည်း အံတော်ရွာသို့ အလည်သွားရန် မိခင်ဖြစ်သူအား မကြာခဏ ပူဆာလေသည်။ လူဝင်စားကလေးမှာ အံတော်ရွာက ယခင်ဘဝမှ ဒေါ်ငွေသုန်ဝင်စားလေရာ ခင်ပွန်းသည်ဖြစ်သူမှာ ငါးရှာရင်း လှေမှောက်ပြီး ရေနစ်၍ ကွယ်လွန်ခဲ့ရလေသည်။ ဒေါ်ငွေသုန်သည် မုဆိုးမဘဝဖြင့် ကြံခင်းခုတ်၍ ပင်ပန်းဆင်းရဲစွာ ဘဝကိုရင်ဆိုင်ရုန်းကန်နေရရှာသည်။

သားသမီး လေးယောက်ရှိရာ အကြီးဆုံးသမီးမှာ ဒေါ်ပိုးစိန်ဖြစ်၍ ဒုတိယသမီးမှာ ဒေါ်အောင်စိန်ဖြူဖြစ်၍ နောင်တွင် ဆရာတော်၏ လူဝင်စားမိခင် ဖြစ်လေသည်။ တတိယသမီးမှာ ဒေါ်အပုကြီးဖြစ်၍ စတုတ္ထသမီးမှာ ဒေါ်တင်ရွှေဖြစ်လေသည်။ လူဝင်စားဖြစ်လာမည့် ဒေါ်ငွေသုန်မှာ အသက်(၄၅)နှစ်အရွယ်တွင် ဖျားနာ၍ ကွယ်လွန်ခဲ့လေသည်။ ဒေါ်ငွေသုန် ကွယ်လွန်ပြီးနောက် ဒေါ်အောင်စိန်ဖြူ (ခ) ဒေါ်လုံးလေးထံတွင် ယောကျ်ားလေးဘဝဖြင့် ပြန်လည်ဝင်စားကာ လူ့ဘဝသို့ ပြန်ရောက်ရှိခဲ့လေသည်။

လူဝင်စားကလေးသည် ယခင်ဘဝဟောင်း ဒေါ်ငွေသုန်ဘဝမှ ဆွေမျိုးများ၊ မိတ်ဆွေများ၏ နာမည်နှင့် အသုံးအဆောင်ပစ္စည်းများကို မှတ်မိနေလေသည်။ ကွယ်လွန်ချိန်နှင့် လူဝင်စားပြန်ဖြစ်ချိန်မှာ (၁၅)နှစ်ကာလမျှ ကြာခဲ့လေသည်။ လူဝင်စားကလေးသည် ထိုကြားကာလကိုမူ မည်သို့မည်ပုံဖြစ်ခဲ့သည်ကို မမှတ်မိခဲ့ချေ။ ယခု လူဝင်စားဘဝတွင် မိခင်ဖြစ်သူ ဒေါ်အောင်စိန်ဖြူ ကွယ်လွန်ခဲ့သည်မှာ (၁၇)နှစ်မျှ ရှိခဲ့ပြီဖြစ်သည်။ ခမည်းတော်ကြီးမှာ ရဟန်းဘဝဖြင့် သက်ရှိထင်ရှား ရှိနေပါသေးသည်။

လူဝင်စားဘဝတွင် မောင်နှမသုံးဦးရှိ၍ အကြီးဆုံးမှာ ဦးကြဲဖေ ဖြစ်လေသည်။ ဦးကြဲဖေမှာ ယခု ဒွါရာဝတီမြို့သစ်တွင် နေထိုင်လျက်ရှိသည်။ ဒေါ်ညီမျှန်မှာ သမီးအလတ်ဖြစ်၍ သရော်တောရွာတွင် နေထိုင်ကာ ကွယ်လွန်သွားပြီ ဖြစ်သည်။

လူဝင်စားကလေးသည် ဘဝဟောင်းက အကြောင်းများကို ပြောဆိုပြီးသည့်အခါတွင် စိတ်ရောလူပါ နွမ်းကြေသွားပြီး ရက်သတ္တပတ် နှစ်ပတ်ကြာသည်အထိ အပြင်းဖျားလေတော့သည်။

ထိုအခါ မိဘဆွေမျိုးများက စိုးရိမ်လာပြီး နောင်တွင် မပြောစေရန် လှေကားအောက်တွင် မီးနေသည့် ထဘီဖြင့် လူဝင်စားကလေး၏ ဦးခေါင်းကို လွှမ်းခြုံခြင်း၊ ခွေးစားခွက်ထဲတွင် ကြက်ဥအဆန်ချောင်များကို ထည့်ကျွေးခြင်း စသည်ဖြင့် ပြုလုပ်ကြလေတော့သည်။

ထိုသို့ ပြုလုပ်မိသဖြင့် လူဝင်စားကလေး ၏ မိဘများမှာ နောင်တွင် စီးပွားရေးမပြေမလည်ဖြစ်ကာ ဆင်းရဲသွားခဲ့ကြရသည်ဟု ဆရာတော်က မိန့်ကြားပါသည်။ ထို့ကြောင့် မိဘများအနေဖြင့် လူဝင်စား သားသမီးများကို ထိုသို့မဆင်မခြင် မလုပ်သင့်ကြောင်း ပြောကြားပါသည်။

**ဆရာတော်၏ မဟာသရဏဂုံ အဓိဋ္ဌာန်**

လူဝင်စားဆရာတော် ဦးကောသလ္လသည် ရှေးဟောင်းစေတီပုထိုးများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဘုရားသမိုင်း စာအုပ်များကို ရေးသားပြုစုခြင်း၊ ရခိုင်စာပေသမိုင်း ရှေးဟောင်း ကျောက်စာ ပေစာများကို လေ့လာ၍ သမိုင်းသုတေသီအဖြစ် ဆောင်းပါးများရေးသားခြင်း၊ စာအုပ်များရေးသားထုတ်ဝေခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဆရာတော်သည် စရဏအကျင့်အနေဖြင့် မဟာသရဏဂုံ အဓိဋ္ဌာန် ပုတီးစိပ်ကို ကျင့်ကြံပွားများ အားထုတ်တော်မူခဲ့သည်။ ထိုကျင့်စဉ်မှာ ခုနစ်ရက်၊ ကိုးရက်အားဖြင့် အဓိဋ္ဌာန်အပိုင်းအခြားတစ်ခု သတ်မှတ်၍ တစ်နေ့တွင် အချိန်မှန် (၅)ကမ္ဘာ ပုတီးစိပ်ပါမည်ဟု အဓိဋ္ဌာန်တင်ရလေသည်။ ဣရိယာပုတ် လေးမျိုးစလုံးဖြင့် သင့်သလို စိပ်နိုင်ပါသည်။ ခရီးသွားစဉ်လည်း မပျက်မကွက် စိပ်ရပါသည်။ ကျင့်စဉ်မှာ သဝေမပါ ကိုးဂါထာသာဖြစ်ပါသည်။ ပုတီးတစ်လုံးချင်းချ၍ စိပ်သွားလျှင် ပုတီးလုံးရေ ၈၆၄ လုံး၊ သရဏဂုံ ကိုးခေါက် ပုတီး ရှစ်ပတ် အတိအကျ ဖြစ်လေသည်။ အမှားအယွင်းမရှိ စိပ်နိုင်ပါက (၁)ကမ္ဘာ ပြီးစီးပါသည်။

တစ်နေ့လျှင် (၅)ကမ္ဘာ စိပ်ရသဖြင့် ပုတီးပတ်ရေအားဖြင့် ၄၀၊ သရဏဂုံ ၄၅ ခေါက် ရရှိပါက ပြီးစီးခြင်းသို့ ရောက်ရှိပါသည်။

ဆရာတော်သည် ဤပုတီးစိပ်နည်းကို ကျင့်ကြံခဲ့ရာ ထူးခြားသည့် ဖြစ်ရပ်ဆန်းကြယ်မှုများကို ကိုယ်တိုင်တွေ့ကြုံခဲ့ရကြောင်း စာရေးသူအား ပြောပြခဲ့ပါသည်။

ဆရာတော်သည် သံတွဲမြို့ ရွှေအံတော်စေတီတော် သမိုင်း စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီးနောက် သံတွဲမြို့ ပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီပုထိုးများသမိုင်းကို ထပ်မံပြုစုရန် လိုအပ်သည့် သမိုင်းအချက်အလက်နှင့် ကျောက်စာ အထောက်အထားများ ရှာဖွေလေ့လာရန် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ခရီးထွက်ရန် စီစဉ်လေသည်။ ထိုစဉ်က သံတွဲမှ စစ်တွေသို့ လေကြောင်းခရီးဖြင့်သာ သွားနိုင်ပြီး ကျန်ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး ခရီးစဉ်မှာ ရေကြောင်းဖြင့်သာ သွားလာနိုင်သဖြင့် သွားလာရေးမှာ လွယ်ကူချောမွေ့မှု မရှိဘဲ အလွန်ခက်ခဲ ကြန့်ကြာလေ့ရှိသည်။ အဆင်မသင့်လျှင် တစ်လခန့်လည်း ကြန့်ကြာတတ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏ ပစ္စည်းလေးပါး ဒါယိကာမကြီး၏ ပင့်လျှောက်ထားသည့် အလှူမှာ မူလက ကဆုန်လဟု သတ်မှတ်ထားရာမှ အဆင်မပြေသဖြင့် ရှေ့သို့ ရက်ပြန်တိုးလာရာ တန်ခူးလသို့ ကျရောက်ပြန်လေသည်။ မိမိအား အလေးထား ပင့်လျှောက်ထားသဖြင့် ဆရာတော်အနေဖြင့် ထိုအလှူပွဲကို ငဲ့ကွက်ရသဖြင့် ခရီးစဉ်ကာလ တစ်လအစား ခုနစ်ရက်သာ အချိန်ရလေတော့သည်။ ထိုအခါ ခရီးစတင်သည့်ရက်မှ အစပြုကာ ခုနစ်ရက်အဓိဋ္ဌာန်ဖြင့် မဟာသရဏဂုံကျင့်စဉ် အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ချက် ချလေတော့သည်။ ခရီးသွားရင်း မဟာသရဏဂုံကျင့်စဉ်ကို ပုတီးစိပ်ရခြင်းဖြစ်သည်။ သံတွဲမှ စစ်တွေသို့ လေယာဉ်ဖြင့် သွားခဲ့သည်။ စစ်တွေမှ ပုဏ္ဏားကျွန်း၊ ကျောက်တော်မြောက် ထိုမှတစ်ဖန် စစ်တွေအထိ သဘော်ခရီးဖြင့် စုန်ဆန်သွားလာကာ လေ့လာစရာများအားလုံးကိုလည်း နှံ့စပ်အဆင်ပြေ ချောမွေ့စေခဲ့သည်။

အဓိဋ္ဌာန်ဝင်ရက် ခြောက်ရက်မြောက်နေ့တွင် စစ်တွေမြို့၌ သံတွဲပြန်ရန် လေယာဉ်လက်မှတ် ဝယ်ပြီးချိန်မှစတင်၍ လေကြီးမိုးကြီးကျရောက်လာကာ လေပြင်းတိုက်ခတ်လျက် မိုးသည်းထန်စွာ ရွာသွန်းလာလေတော့သည်။ နောက်တစ်နေ့တွင် အဓိဋ္ဌာန် ခုနစ်ရက် စေ့မြောက်တော့မည် ဖြစ်သည်။

လေယာဉ်ကွင်းချိန်း နံနက် ၈နာရီတွင် လေယာဉ်ဆင်းသက်မည်ဖြစ်၍ လေဆိပ်တွင် စောင့်ဆိုင်းနေမိသည်။ ရာသီဥတုက အလွန်အမင်း ဆိုးရွားနေရာ လေယာဉ်ဆင်းရန် အခက်အခဲ ရှိနေလေသည်။ လေယာဉ်ကွင်း တာဝန်ရှိသူတို့က ခရီးသည်များအား ခရီးစဉ်ကြောင်း ကြေညာလေသည်။ သံတွဲခရီးစဉ် ဖျက်သိမ်းပြီး ကျောက်ဖြူမှ ရန်ကုန်သို့ တိုက်ရိုက်ခရီးစဉ် ပြောင်းလေသည်။ ထိုအစီအစဉ်ကို ဆရာတော်ကြားသည့်အခါ ယနေ့ သံတွဲမြို့သို့ ပြန်မရောက်နိုင်တော့ဟုဆိုကာ စိတ်အပျက်ကြီး ပျက်သွားလေတော့သည်။ ဆရာတော်၏ ပစ္စည်းလေးပါး ဒါယိကာမကြီး၏ အလှူကို မကြွရောက်နိုင်တော့ဟုဆိုကာ များစွာစိတ်ပျက်သွားလေသည်။

သို့သော်လည်း အဓိဋ္ဌာန်ပုတီးစိပ်ကို ဆက်လက်၍ မပျက်မကွက်စိပ်နေလေသည်။ နေ့လယ် ၁၂ နာရီတွင် ရန်ကုန်မှ လေယာဉ်ဆင်းသက်လာတော့သည်။ များမကြာမီ လေယာဉ်မှူးများနှင့် လေယာဉ်ကွင်း တာဝန်ခံများမှ ညှိနှိုင်း၍ ရာသီဥတု အခြေအနေအရ သံတွဲခရီးစဉ်ပျံမည်ဟု အစီအစဉ် ထွက်လာပြန်လေသည်။

ဤသို့ဖြင့် ဆရာတော်မှာ ကံကောင်းလျော်စွာ လေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းခွင့် ရခဲ့လေသည်။ မနက်ဖြန် အလှူပွဲသို့ ကြွရောက်နိုင်မည် ဖြစ်သဖြင့်လည်း ဝမ်းသာနေမိလေသည်။ လေယာဉ်သည် စစ်တွေလေယာဉ်ကွင်းမှ ပျံတက်ခဲ့ပြီးနောက် ဆယ်မိနစ်ခန့်အကြာတွင် ရာသီဥတုက ပြန်လည်ဖောက်ပြန်လာပါသည်။ လေရောမိုးပါ ပြင်းထန်လာမှုကြောင့် လေယာဉ်မှူးများက လေယာဉ်ကို မိုးလေလွတ်ကင်းရန် ထက်ကောင်းကင်အမြင့်သို့ ဦးမော့မောင်းနှင်ရန် ကြိုးစားနေလေသည်။ သို့သော် လေယာဉ်က ဖောက်မထွက်ဖြစ်ဘဲ မကြာခဏဆိုသလို အောက်ဘက်သို့ ငြိမ့်ခနဲ အေးခနဲ နှလုံးသိမ့်သိမ့်တုန် ခံစားရလျက် အောက်ဘက်ဆီသို့ ပြုတ်ပြုတ်ကျခဲ့လေသည်။ လေယာဉ်ခရီးစဉ်ပါ ခရီးသည်များ မူးဝေအော့အန်ကာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။ ငိုသူငို၊ ဘုရားတသူတနှင့် အလန့်တကြားဖြစ်ကုန်ကြတော့သည်။

ဆရာတော်သည် အသိတစ်ခု ဖျတ်ခနဲဝင်လာပြီးနောက် မြောက်ဦးမြို့ ဇန္ဒုလကျောင်းတိုက်မှ ပင့်ဆောင်လာခဲ့သည့် မြတ်စွာဘုရားသခင်၏ အရိုးတော်ဓာတ် အဆူ(၉၀)ကို ဦးခေါင်းထက်တွင် ပင့်တင်ကာ ရွက်နေလိုက်ပြီးနောက် လေယာဉ်ပေါ်ပါ ခရီးသည်အားလုံးအား . . .

"လေယာဉ်ပေါ်ပါ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ဒီခုဦးဇင်းပင့်ဆောင်ထားတဲ့ ဘုရားဓာတ်တော်တစ်ဆူဟာ ဘုရားတစ်ဆူ ဖြစ်တော်မူတယ်၊ ယခု ဓာတ်တော် အဆူ ၉၀ တည်ရှိတဲ့အတွက် ဒီလေယာဉ်ပေါ်မှာ ဘုရားအဆူ ၉၀ သီတင်းသုံးနေတယ်လို့ မှတ်ယူအာရုံပြုပြီး ကန်တော့ကြပါ၊ အန္တရာယ်ကင်းဖို့လဲ ဆုတောင်းပေးကြပါ" ဟု နှိုးဆော်တိုက်တွန်းလိုက်လေသည်။

လေယာဉ်ပေါ်ပါ ဗုဒ္ဓဘာသာဝင် ခရီးသည်အပေါင်းတို့သည် ချက်ချင်းသတိရကာ ဓာတ်တော်များရှိရာဘက်သို့ လက်အုပ်ချီ၍ ရှိခိုးပူဇော် ကန်တော့ကြလေသည်။ နောက်ထပ် ငါးမိနစ်ခန့် ကြာသွားသည့်အခါ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် မိုးလေများ တဖြည်းဖြည်းငြိမ်သက်လာကာ မကြာမီ သံတွဲမြို့ မဇင်ရွာ ငပလီလေဆိပ်သို့ လေယာဉ်ကြီးသည် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ခဲ့လေတော့သည်။

လေယာဉ်စီးခရီးသည်အားလုံးသည် လေယာဉ်ပေါ်မှ ကွင်းထဲသို့ အဆင်း၌ ဆရာတော်အား ကြည်ညိုလေးစား၍ မဆုံးကြတော့ပေ။ ဘာသာခြားဖြစ်နေသည့် သံတွဲမြို့တွင် တာဝန်ကျသည့် သံတွဲဆေးရုံအုပ် ဆရာဝန်ကြီးကမူ ဆရာတော်အား ကျေးဇူးတင်လွန်းသဖြင့် ဆရာတော်၏ကျောင်းအထိပင် သူ၏ကိုယ်[illegible]ကားဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့လေသည်။

ဆရာတော်မှာလည်း နောက်တစ်နေ့တွင် အလှူရှင် ဒါယိကာမကြီး၏ အလှူတွင် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားခွင့် ရရှိခဲ့လေတော့သည်။ ဤကား မဟာသရဏဂုံ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ကျင့်စဉ်ကြောင့် ခရီးတို ခုနစ်ရက်အတွင်း ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် လိုရာဆန္ဒကိစ္စရပ်များ ပြီးမြောက်နိုင်ခြင်း ဖြစ်သည်ဟု ဆရာတော်က ယုံကြည်မိလေသည်။





www.burmeseclassic.com

www.burmeseclassic.com

သရာတော်၏ မဟာသရဏဂုံ ပုတီးစိပ်နည်းမှာ..

* ဗုံ၊ ဒ္ဓံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈
ပုတီးလုံးရေ ၈ လုံး ရလေသည်။
ဗုံ၊ ဒ္ဓံ၊ ဓ၊ မ္မံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀
ပုတီးလုံးရေ ၁၀ လုံး ရလေသည်။
ဗုံ၊ ဒ္ဓံ၊ သံ၊ ဃံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀
ပုတီးလုံးရေ ၁၀ လုံး ရလေသည်။
စုစုပေါင်း ၂၈ လုံးရသည်။

* ဒု၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂
ပုတီးလုံးရေ ၁၂ လုံး ရလေသည်။
ဒု၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ ဓ၊ မ္မံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄
ပုတီးလုံးရေ ၁၄ လုံး ရလေသည်။
ဒု၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ သံ၊ ဃံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄
ပုတီးလုံးရေ ၁၄ လုံး ရလေသည်။
စုစုပေါင်း ၄၀ လုံးရသည်။

* တ၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂
ပုတီးလုံးရေ ၁၂ လုံး ရလေသည်။
တ၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ ဓ၊ မ္မံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄
ပုတီးလုံးရေ ၁၄ လုံး ရလေသည်။
တ၊ တိ၊ ယ၊ မ္ပိ၊ ဗုံ၊ ဒ္ဓံ၊ သံ၊ ဃံ၊ သာ၊ ရ၊ ဏံ၊ ဂ၊ စ္ဆာ၊ မိ
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄
ပုတီးလုံးရေ ၁၄ လုံး ရလေသည်
စုစုပေါင်း ၄၀ လုံးရသည်။

| | | | |
|---|---|---|---|
| ထို့ကြောင့် | ပထမပိုဒ် | - | ၂၈ လုံး |
| | ဒုတိယပို[illegible] | [illegible] | လုံး |
| | တတိယပိုဒ် | - | ၄၀ လုံး |
| | စုစုပေါင်း | - | ၁၀၈ လုံး |

ဤသို့စိပ်ပါက စုစုပေါင်း ပုတီးလုံးရေ ၁၀၈ လုံး ပုတီးတစ်ပတ် ဖြစ်လေသည်။ ယုံကြည်လျှင် သရဏဂုံ မဟာအဓိ[illegible]န်ပုတီးစိပ်က အကျိုးပေးပါလိမ့်မည်။ လှူဝင်စားဆရာတော် ဦးကောသလ္လ၊ ဟုဆိုသုတေသီ ဂဝေသီ၏ မဟာသရဏဂုံ အဓိဋ္ဌာန်ပုတီးစိပ်ဖြင့် အားလုံးကောင်းကျိုးလိုရာဆန္ဒ [illegible]ပါစေ။

❒ ရွှေမျိုးအောင် [illegible]

# ကြွန်တော့်ရုံးရှာ
# လူတို့သတိထားရမည့် နိမိတ်များ

ဆရာမင်းကျော်(မြန်မာ့ရိုးရာ)

- ကြက်မ,တွန်ရင် ကြက်ရှင်မှာ အန္တရာယ်ရှိတယ်။ ဘုန်းကြီးကျောင်းသို့ လွှတ်ပေးပါ။
- နွားငယ်လေးတွန်ရင် နွားရှင် အကြီးအကဲဖြစ်မယ်။
- မြွေနဲ့ဖား၊ ကြောင်နဲ့ကြွက်၊ ကျားနဲ့ဝက်၊ ကျီးနဲ့ဇီးကွက် စတဲ့ မသင့်မြတ်တဲ့ သတ္တဝါများ သင့်မြတ်နေတာကို မြင်ရင် နီးဝေးမဟူ အချင်းချင်း သင့်မြတ်မယ်။
- တောတိရစ္ဆာန်အရိုင်းတွေ ရွာထဲဝင်ရင် ရွာရဲ့ အကြီးအကဲ အပြောင်းအလဲ မြန်မယ်။
- ကိုးကွယ်တဲ့ ဘုရားရုပ်တု ချွေးထွက်ရင်၊ မျက်တောင်လှုပ်ရင်၊ နှာခေါင်းလှုပ်ရင်၊ နှုတ်ခမ်းတော်လှုပ်တာ ကို မြင်လျှင် ကိုးကွယ်သူ အန္တရာယ်ဖြစ်မယ်။
  တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး ကိုးကွယ်တဲ့ ဘုရားရုပ်တုတော်တွေ ဖြစ်ရင် အဲဒီရွာ၊ မြို့နယ်ကြီး အန္တရာယ်ဖြစ်မယ်။
- ခြံဝင်းအတွင်းက အဓိကရ သစ်ပင်ကြီးများ အလိုလို ခြောက်သွေ့သွားရင်၊ လေမလာဘဲ လဲပြိုရင် ခြံဝင်းပိုင်ရှင် ဥပဒ်ဖြစ်မယ်။
  တစ်ရွာလုံးနဲ့ဆိုင်တဲ့ အဓိကရသစ်ပင်ကြီးများ ခြောက်သွေ့သွားရင်၊ လဲပြိုရင် အန္တရာယ်ဥပဒ် ပေးမယ်။
- တိရစ္ဆာန် ခေါင်းနှစ်ခု ကိုယ်နှစ်ခု၊ ခြေမပေါက်ရတဲ့ ခြေပေါက်၊ လက်မပေါက်ရတဲ့နေရာ လက်ပေါက်ရင် ဆိုင်ရာသူများ ပျက်စီးမယ်။
- လူက ဘီလူးမွေးတာ၊ ဆင်မွေးတာ စတဲ့ ဖြစ်မြဲမဟုတ် မွေးရင် ရန်အန္တရာယ်ဖြစ်မယ်။
- ဆင်မ မုန်ယိုရင်၊ ဆင်ထီးလို အစွယ်ရှည်ရှည်ပေါက်ရင် ထိုမြို့ရွာ ရန်အန္တရာယ် များစေမယ်။
- အုန်း၊ ငှက်ပျော၊ နာနတ် စတဲ့အသီးမှာ သီးရိုးသီးစဉ် ထက်လွန်ပြီး ဆန်းကြယ်စွာသီးရင် ထိုနယ် ချောက်ချားရမယ်။
- လူရိုးကို နွားစားရင်၊ စပါးကို ခွေးစားရင် ငတ်မွတ်မယ်။
- တိရစ္ဆာန်များ ဇာတ်တူသားစားရင် အစားအစာ ကုန်ပစ္စည်း ရှားမယ်။
- မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း၊ ကြောင် ပေါ်များရင် အစားအစာ ကုန်ပစ္စည်း ရှားမယ်။
- ပိုးဟပ်၊ ကြမ်းပိုး ပေါ်များရင်၊ သန်းကြီး ခေါ် ကို[illegible] [illegible]န်းများ ပေါ်ရင် ပြည်ရွာနယ်အားလုံး ပျက်စီးမယ်[illegible]

❒ ဆရာမင်းကျော်[illegible]




www.burmeseclassic.com

www.burmeseclassic.com

# အဖေကြီး သံသိပ္ပ (ငါးခူတောင်)

## ချီးမြှင့်သော ပုတီးစိပ်အဓိဋ္ဌာန် နှင့် မေတ္တာပို့

ဂမ္ဘီရ ဆရာလှမျိုး



အဖေကြီးသံသိပ္ပ၏ ဘုရားကျောင်းဆောင်နှင့် ဓာတ်နန်းတော်




လွန်ခဲ့သော နှစ်နှစ်ခန့်က စာရေးသူသည် ခမ္မမိတ်ဆွေတစ်ဦးနှင့် ရန်ကုန်မြို့ မြေနီကုန်းဘက်ရှိ အာရှတော်ဝင်အဘူးကုဆေးရုံသို့ ရောက်ရှိသွားပါသည်။ ထိုဆေးရုံတွင် တက်ရောက်အနားယူနေသော ဆရာတော်ကြီး ဦးဉာဏောအား ဖူးမြော်ကန်တော့ရန် ရောက်ရှိသွားခြင်း ဖြစ်ပါသည်။ ဆရာတော်အား ဖူးမြော်ရန် လူများအဆက်မပြတ် လာရောက်ကြသည်ကို တွေ့မြင်ရသည်။ အချိန်မှာ ည ၈ နာရီရှိနေပေပြီ။

အမျိုးသားနှစ်ဦး၊ အမျိုးသမီးကြီးတစ်ဦးတို့သည် မိန်းမပျိုတစ်ဦးအား ထိန်းပြီး ရောက်လာသည်။

အမျိုးသမီးကြီးမှ ဆရာတော်အနီးရှိ ကပ္ပိယတစ်ဦးအား . . .

"ကလေးမ ဘယ်လိုဖြစ်တယ် မသိဘူး၊ တဝိုင်ဝိုင် တရယ်ရယ်ဖြစ်နေတယ်၊ ပါးစပ်ကလဲ ပြောချင်ရာတွေ လျှောက်ပြောနေလို့ ဆရာတော်ဆီ ခေါ်လာတာပါ"

ဆရာတော်ကြီးသည် ခုတင်ပေါ်တွင် မှိန်းနေသော်လည်း ထိုအမျိုးသမီးပြောတာကို ကြားနေ၊ နားထောင်နေသည်။ ထို့နောက် . . .

"အပေါ်ထပ်မှာ သံသိပ္ပရှိတယ်၊ အဲဒီကို ခေါ်သွားကြ" ဟု မိန့်ဆိုသံ ကြားလိုက်ရပါသည်။

www.burmeseclassic.com



အဖေကြီးသံသိပ္ပကို ၂၀၁၃ ခုနှစ်ဆန်းတွင် တွေ့မြင်ရပုံ

ထိုသူများလည်း မိန်းကလေးကို ဘယ်ညာထိန်း၍ အပေါ်ထပ် တွဲခေါ်သွားကြသည်။ ၁၅ မိနစ်ခန့်အကြာတွင် ပြန်ဆင်းလာကြသည်။ မိန်းကလေးမှာ ရောက်လာသောပုံစံနှင့်မတူတော့ပေ။ ပုံမှန် အနေအထားဖြစ်နေပြီ။ ဆရာတော်ကြီးကို ဦးချကန်တော့ကာ ပြန်သွားကြသည်။

ထိုညက အဖေကြီး သံသိပ္ပ မေတ္တာဖြင့် ကုပေးလိုက်လို့ သက်သာသွားသည်ဟု သိရသော်လည်း စာရေးသူတို့ အပေါ်ထပ် မတက်ဖြစ်ခဲ့ပေ။

နောက်တစ်လခန့်အကြာတွင် ရွှေဘုန်းပွင့်မှ ဗေဒင်ဆရာ ဦးဆန်းဦး၏ တပည့်မနှစ်ဦး လှည်းကူး ငါးဆူတောင် အဖေကြီးသံသိပ္ပထံတွင် အဓိဋ္ဌာန် ကိုးရက် သွားဝင်မည်ဟု သိရသည်။ သက်သတ်လွတ်စားပြီး ပုတီးစိပ် မေတ္တာပို့ရကြောင်း ကြားသိရသည်။ သူတို့အဖွဲ့ ကားတစ်စီး စီစဉ်သွားကြသည်။ နောက်တစ်ခေါက်သွားလျှင် လိုက်လိုကြောင်း ကြိုပြောထားသော်လည်း သူတို့ထပ်မံသွားသောအခါ မလိုက်ဖြစ်ခဲ့ပေ။

အဖေကြီးသံသိပ္ပလည်း အသက်ရာကျော်ရှိနေပြီဟု သိရသည်။ အငှားယာဉ်မောင်းသူတစ်ဦး ကားဦးခေါင်းခန်းတွင် အဖေကြီးသံသိပ္ပပုံ ပူဇော်ထားသည်။ ကားအန္တရာယ်ကင်းပြီး ကားဆွဲ ကားမောင်းရတာ အဆင်ပြေသည်ဟု သိရသည်။

သန်လျင် နံ့သာကုန်းဘက် ရောက်သောအခါ ရွှေနံ့သာမိုးကုတ်ဓမ္မရိပ်သာတွင် ရှေးဟောင်းစေတီတစ်ဆူ ဖူးတွေ့ရသည်။ မုခ်ဦးတွင် အဖေကြီးသံသိပ္ပနှင့် တပည့်များ ပြုပြင်မွမ်းမံသည်ဟု ကမ္ပည်းစာတမ်း ဖတ်ရသည်။ အဖေကြီးသံသိပ္ပသည် ရှေးဟောင်းဘုရားစေတီပျက်များ မွမ်းမံပြင်ဆင်ပြီး စေတီအသစ်များလည်း တည်ထားကိုးကွယ်ကြောင်း၊ မြန်မာပြည်အနှံ့ ဘုရားစေတီပေါင်း မြောက်မြားစွာ တည်ထားပြီး သာသနာပြုလျက်ရှိကြောင်း ဓမ္မမိတ်ဆွေတစ်ဦးမှ ပြောပြပါသည်။ အဖေကြီးသံသိပ္ပ၏ ဂုဏ်သတင်းကြားနေ ချင့် တစ်ခေါက်တစ်ခါ တွေ့ကြုံဖူးမြော်ခွင့် ရလိုသောဆန္ဒ ဖြစ်ပေါ်နေမိသည်။ ရသေ့ကြီး ဦးခန္တီကဲ့သို့ ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်သည်။

၂၀၁၃ ခုနှစ် ဦးပိုင်းတွင် ဓမ္မမိတ်ဆွေဖြစ်သူ ဦးမောင်ဆွေမှ ဖုန်းလှမ်းဆက်သည်။ "မနက်ဖြန် အဖေကြီး သံသိပ္ပဆီ သွားမယ်၊ ဆရာလိုက်နိုင်မလား" ဟု မေးသည်။ အလုပ်ကိစ္စဖျက်ပြီး ရက်ရွှေ့ကာ လိုက်နိုင်ကြောင်းပြောပြီး သူ၏ကားနှင့် သွားရန် စီစဉ်လိုက်သည်။

အဖေကြီး၏ တပည့်သားတစ်ဦးဖြစ်သူ သာကေတ (၉)ရပ်ကွက်မှ ကိုမောင်ဝင်းမှ အဖေကြီးထံ ဖုန်းလှမ်းဆက်သည်။ ယခုလောလောဆယ် အောဝမ်းခြံရှိ တိုက်အိမ်တစ်အိမ်တွင် ခေတ္တယာယီ တည်းခိုသီတင်းသုံးနေသည်ဟု အဖြေရ၍ ထိုအိမ်သို့ အရင်ဝင်ပြီးမှ လှည်းကူးဆက်သွားမည်ဟု ပြောဆိုစီစဉ်ကြသည်။

အောဝမ်းခြံရှိ လုံးချင်းတိုက်အိမ်ဝင်း ရောက်သောအခါ အပေါ်ထပ်သို့ တက်ရသည်။ ထိုအိမ်အပေါ်ထပ်တွင် ဘုရားခန်း ကျောင်းဆောင်နှင့်တွဲ၍ အဖေကြီးအတွက် သီးသန့်အခန်းတစ်ခန်း စီစဉ်ပေးထားသည်။ အပေါက်ဝမှ ယောဂီဝတ်အမျိုးသမီးတစ်ဦး ဆီးကြိုသည်။ ဒရင်းဘတ်ပေါ်တွင် အပေါ်အောက် အညိုရောင်ဝတ်စုံ ပတ်ထားသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရသည်။ အသားအရေမှာ ဖြူဝင်းနေပြီး အနည်းငယ်ရှည်သော မုတ်ဆိတ်ဖြူ နောက်သို့လှန်ဖြီးထားသော ဆံပင်၊ ကြည်လင်သော မျက်လုံးတို့ဖြင့် လှမ်းကြည့်နေသော ပုဂ္ဂိုလ်မှာ အဖေကြီးသံသိပ္ပဟု အလိုလိုသိလိုက်၏။ ထိုပုဂ္ဂိုလ်၏ မျက်နှာမှာ ကြည်လင်ပြီး မေတ္တာဓာတ်ပြည့်ဝနေသည်။ အကြည်ဓာတ်၊ အကြည်ကလပ်နှင့် တွေ့ရသည်မှာ အသက်ရာကျော်ဟု မထင်ရပေ။

ဦးမောင်အေးတို့ အဖွဲ့မှ ငှက်ပျောသီး၊ ပန်းသီး၊ အချိုရည်ဘူး၊ ပါလာသောမုန့်တို့ လှူဒါန်းကြသည်။ ဆန်အိတ်ကိုတော့ တောင်ပေါ်ရောက်မှ လှူမည်ဟု ပြောသည်။ ပစ္စည်းတွေကို အလှူခံတော်မူပြီး မေတ္တာပို့ ဆုပေးပါသည်။ အသံမှာ အနည်းငယ်တုန်နေသော်လည်း၊ သွားအပြည့်အစုံမရှိ၍ လေသံပါနေသော်လည်း အာရုံစိုက် နားထောင်ပါက အားလုံးနားလည်သည်။

ထို့နောက် ဘူးတစ်ဘူးယူ၍ အဖုံးဖွင့်ကာ ကွမ်းတစ်ယာစီ ကျွေးသည်။ ဓာတ်မတ်ခွက်ဖြင့် ရေအနည်းငယ်စီ တိုက်သည်။ လက်ကိုင်၍ စားခြင်း၊ ယူခြင်း မပြုရပေ။ အဖေကြီးလက်နှင့်ကိုင်၍ ပါးစပ်ဟခိုင်းသည်။ ရေတိုက်သော ဓာတ်မတ်ခွက်မှာ နှစ်ပေါင်းကြာသော်လည်း အရောင်ပျက်၊ အရောင်ပြောင်းသွားခြင်း၊ ညစ်ပေခြင်း လုံးဝမရှိဟုဆိုသည်။ ဓာတ်သားကို ပြုလုပ်ထားသော ရေခွက်ဖြစ်သည်။ ထိုကွမ်းယာနှင့် ရေသောက်ပြီးပါက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာသန်းဆန်းစေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်ဝင်းနှင့် ကိုမောင်အေးတို့သည် ပါလာသော ရေသန့်ဘူး၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို သိဒ္ဓိတင်ခိုင်းသည်။ စာရေးသူကတော့ "ဒဏ္ဍာရီမဟုတ်သော ဂန္ဓာရီ" စာအုပ်ကို သိဒ္ဓိတင်စေသည်။

သိဒ္ဓိတင်ခြင်းမှာ ဘယ်လိုထူးခြားသလဲဟု မေးကြည့်သောအခါ ဇာတ်အဖွဲ့တစ်ဖွဲ့ဆိုလျှင် အဖေကြီးထံမှာ အမွှေးတိုင်တစ်ထုပ် အထုပ်ကြီးယူလာပြီး သိဒ္ဓိတင်ပေးသည်။ ဇာတ်ပွဲကတိုင်း ထိုအမွှေးတိုင် စတင်ထွန်းရာ ဇာတ်ရုံသို့ လူမပြတ်ဝင်ကြောင်း၊ ပွဲကြည့်ပရိသတ်များကြောင်း သိရှိရပါသည်။

စာရေးသူတို့အား အိမ်ရှင်မှ သက်သတ်လွတ် ကြာဆံချက် ကျွေးမွေးဧည့်ခံသည်။ စာရေးသူလည်း စားပြီးသောအခါ အဖေကြီးအား ဓာတ်ပုံရိုက်ခွင့်ပြုရန် ခွင့်တောင်းလိုက်သည်။ အဖေကြီး သံသိပ္ပံမှ မျက်မှန်တပ်ပြီး ဆေးတံကိုင်ထားသည်။ အနီးရှိတပည့်များမှ ကြည့်ချင်ဖွယ် တင့်တယ်မှုဖြစ်အောင် ဆောင်ရွက်ပေးသည်။ အသက်ရာကျော်နေ၍ ယခင်လို ခါးဆန့်၍ မထိုင်နိုင်တော့ပေ။ အဆင်ပြေသော အနေအထား ဟန်ပန်ကိုသာ ဓာတ်ပုံရိုက်လိုက်ပါသည်။

အသက်အတိအကျ မပြောသော်လည်း တပည့်တစ်ဦးက ဆေးရုံမှာမေးတုန်းက (၁၁၁)နှစ်ဟု ပြောပါသည်။ ရာကျော်သည်မှာတော့ သေချာပါသည်။ ဇာတာတွင် အသက်(၁၂၀) ရှည်စေသော်ဟု ရေးလေ့ရှိသည်။ အဖေကြီး သံသိပ္ပံသည် အသက် (၁၂၀)နီးပါး ရှိနေပြီဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ အသက်ရှည်ရှည် နေထိုင်ပြီး သာသနာလုပ်ငန်း လုပ်ဆောင်နိုင်၊ ပြောဟောနိုင်တာ ဝမ်းသာစရာပင် မဟုတ်ပါလား။ ဓာတ်ပုံရိုက်ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ကြသည်။ ကင်မရာမပါသူလည်း ဖုန်းကင်မရာဖြင့် ရိုက်ကြသည်။

စာရေးသူမှ ထပ်ဆင့်တက်ကာ အဖေကြီးသံသိပ္ပံအား ပုတီးစိပ်နည်း ချီးမြှင့်ပေးပါရန် တောင်းဆိုသည်။ ယောဂီတစ်ဦးက "အဖေကြီး ဘဝဇာတ်လမ်းရေးရရင် အရှည်ကြီးပဲ၊ ရေးမကုန် ပြောမကုန်ပါဘူး၊ အခုထိ ဘယ်သူမှ ရေးခွင့်မပြုဘူး" ဟု ဖြေသည်။

စာရေးသူမှ ဘဝဇာတ်ကြောင်း ရေးမှာမဟုတ်ပါ၊ ခုနစ်ရက်သားသမီးများ အကျိုးရှိစေမည့် ပုတီးစိပ်နည်း ရေးမှာပါဟုပြောလိုက်သည်။ အဖေကြီးက ခေါင်းညိတ်ပြီး ခွင့်ပြုတော်မူပါသည်။ ပုတီးစိပ်နည်းစာရွက် တစ်ယောက်တစ်ရွက်နှင့် ဓာတ်ပုံတစ်ပုံစီ ချီးမြှင့်ပါသည်။

ဗုဒ္ဓဝါဒ ဝိမုတ္တိ သာသနာတော်




မင်္ဂလာမောင်းတော်
မင်္ဂလာကြေးစည်တော်
ဘုရားဝတ်တက်ပါ။
တရားထိုင်ပါ။
ပုတီးစိပ်ပါ။
မေတ္တာပို့ပါ။ အမျှဝေပါ။

အဖေကြီးသံသိပ္ပံဓာတ်ပုံတွင်လည်း ပုတီးစိပ်နည်း ရေးထားသည်။

## ပုတီးစိပ်နည်း

၁၀၈ လုံး ပုတီးဖြင့်စိပ်ပါ။
အရဟံ - ဏာဘရံ (ပုတီး သုံးပတ်)
အရဟံ - မေတ္တာ (ပုတီး သုံးပတ်)
အရဟံ - သစ္စာ (ပုတီး သုံးပတ်)
အရဟံ - မင်္ဂလာ (ပုတီး သုံးပတ်)
စုစုပေါင်း ၁၂ ပတ်တိတိ စိပ်ပါ။
ပုတီးမစိပ်ခင် ဘုရားရှိခိုးပါ။

## ဘုရားရှိခိုးဂုဏ်တော်

ကမ္မာယဓမ္မာနု ဓမ္မပဋိပတ္တိယာ = ဤလောကုတ္တရာတရား ကိုးပါး အားလျော်စွာသော ဤကျင့်ဝတ် ပဋိပတ် (အကျင့်မြတ်) ဖြင့်၊

ဗုဒ္ဓံ = မြတ်စွာဘုရားကို၊ ပူဇေမိ = ပူဇော်ကန်တော့ပါ၏ အရှင်မြတ်စွာဘုရား။

ဓမ္မံ = တရားတော်အရှင်သူမြတ် အပေါင်းတို့ကို၊ ပူဇေမိ = ပူဇော်ကန်တော့ပါ၏ အရှင်မြတ်စွာဘုရား။

သံဃံ = သံဃာတော်အရှင်သူမြတ် အပေါင်းတို့ကို၊ ပူဇေမိ = ပူဇော်ကန်တော့ပါ၏ အရှင်မြတ်စွာဘုရား။
မာတာပိတု = အမိနှင့်အဖ ကျေးဇူးရှင် ဂုဏ်တော်အပေါင်းတို့ကို၊ ပူဇေမိ = ပူဇော်ကန်တော့ပါ၏ အရှင်မြတ်စွာဘုရား။

အာစရိယ = ဆရာသခင် ကျေးဇူးရှင်ဂုဏ်တော် အပေါင်းတို့ကို၊ ပူဇေမိ = ပူဇော်ကန်တော့ပါ၏ အရှင်မြတ်စွာဘုရား။

ဗုဒ္ဓေါ မေ သီသကေ တိဋ္ဌာတု နိစ္စံ၊
ဓမ္မော မေ သီသကေ တိဋ္ဌာတု နိစ္စံ၊
သံဃော မေ သီသကေ တိဋ္ဌာတု နိစ္စံ၊
မာတာပီတုဂုဏော မေ သီသကေ တိဋ္ဌာတု နိစ္စံ၊
အာစရိယဂုဏော မေ သီသကေ တိဋ္ဌာတု နိစ္စံ။

## တရားထိုင်နည်း

ဝင်လေ - ဇကော ဗုဒ္ဓေါ
ထွက်လေ - ဇကော ဓမ္မော



www.burmeseclassic.com

www.burmeseclassic.com

### မေတ္တာပို့နည်း

ဂင်္ဂါဝါဠု သဲစုမက ပွင့်သွားကုန်ကြသော မြတ်စွာဘုရားရှင် မိသားစုအပေါင်း ကျန်မာ ချမ်းသာကြပါစေ။ နေမင်းအရှင်၊ လမင်းသခင်တို့၏ မိသားစုအပေါင်းတို့လည်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ အပေါင်းတို့၏ မိသားစုများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

လေးကျွန်းသားတို့၏ မိသားစုအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

တစ်လုတ်စားဖူး သူကျေးဇူး၊ အရိပ်ခိုဖူး သူကျေးဇူး၊ ကျေးဇူးရှင်အပေါင်းတို့၏ မိသားစုများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

အခြား မေတ္တာပို့နည်းများလည်း ရှိသည်။

တနင်္ဂနွေ ပါရမီရှင်တွေ အေးချမ်းကင်းလို့ ရှင်းပါစေ၊ အောင်မြေနင်းလို့ လင်းပါစေ၊ သိဒ္ဓိဆောင်လို့ အောင်ပါစေ၊ အဖေဘုရား ဘုံသီပွဲရဲ့ မေတ္တာတော်ရေ တစ်ကမ္ဘာလုံး အေးမခ၊ အေးမြကြပါစေ။

ခုနစ်နေ့ ခုနစ်ရက် သားသမီးများအတွက် မေတ္တာပို့ပေးသည်။ အရပ်ရှစ်မျက်နှာ ကိုးလေးတိုင်း မေတ္တာပို့သည်။ အရှေ့အရပ်မှာနေ။ လူတိုင်း လူရွှင်ပြည့် ရှိရှိသမျှ သတ္တဝါတို့မှာ ကိုယ်ရောစိတ်ပါ ချမ်းသာ၍သာ ဆင်းရဲမရှိ အတိသုခံလိုရာပြည်လို့ ချမ်းသာခြင်းလက်ငင်း ရပါစေ သောင်စေ။

မေတ္တာပို့ခြင်း၊ အရပ်ရှစ်မျက်နှာ ပဋ္ဌာန်း ၂၄ ပစ္စည်းဖြင့် စည်းချ၊ ပုတီးစိပ်၊ တရားထိုင် စသည် ဒါန၊ သီလ၊ ဘာဝနာတရားပြုလုပ်ပြီးပါက ရေစက်ချရမည်။ အမျှအတန်း ဝေရမည်။

### အမျှဝေနည်း

ကိုယ်စောင့်နတ်၊ မြေစောင့်နတ်၊ တောင်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောတောင်ရေမြေ သမုဒ္ဒရာစောင့်နတ်၊ ယခုဘဝ တော်စပ်ဖူးသော ဒေမိအဖများနှင့် အနန္တမှ တော်စပ်ခဲ့ဖူးသော မိဘ၊ လေးကျွန်းစကြာ စေတီပုထိုးတို့မှာ စောင့်ကြပ်လျက်ရှိသော ပုဂ္ဂိုလ်အပေါင်းတို့ကိုလည်း အမျှပေးဝေပါ။

ပုတီး ၁၂ ပတ်၊ ၁၂ ရက် အမိဋ္ဌာန် ဝင်ကြည့်ပါ။ ကောင်းကျိုးခံစားရမည်။ အရေးကြုံလျှင် သံသိပ္ပံအဖေကြီးကို တမ်းတလိုက်ပါ။

❒ ဂမ္ဘီရ ဆရာလှမျိုး


## ဒီမျိုးပြဿနာ ကြုံနေလား၊ ကိုယ်တိုင်စားလုပ်ပေးလို့ ရတယ်

- အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေး ပြဿနာတွေကြောင့် စိတ်ဆင်းရဲသောက ကြုံနေရတဲ့ ကိုယ့်ချစ်သူ (သို့) သားသမီး (သို့) ခင်ပွန်းအတွက် အဲဒီပြဿနာတွေ အဆင်ပြေစွာ အမြန်ဆုံးပြီးပြတ်ကင်းရှင်းပြီး စိတ်ချမ်းသာလာစေဖို့။
- အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲ၊ အကျပ်အတည်း၊ အမှုအခင်း၊ အချုပ်အနှောင်၊ ထောင်တန်းကိစ္စမျိုး ကြုံတွေ့နေရတဲ့ ကိုယ့်ချစ်သူ၊ ခင်ပွန်း၊ သားသမီးကို အဲဒီကိစ္စတွေထဲက အမြန်ဆုံး ရုန်းထွက်ကျော်လွှား လွတ်မြောက်ပျော်ရွှင်စေချင်သလား။

(ဂမ္ဘီရပညာ ယတြာအစီအရင် နည်းလမ်းကောင်းများ ရှိပါတယ်။)

**ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )** ဝိတ်ရက် မရှိပါ။


**လက္ခဏာဗေဒင်ယတြာအစီအရင်**

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊
(၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁




www.burmeseclassic.com

www.burmeseclassic.com




## Children, Gender of

## သားယောကျ်ား (သို့) သမီးမိန်းကလေး ခွဲခြားခြင်း

နှလုံးလမ်းကြောင်း၏ အဆုံးနှင့် လက်သန်းအောက်ခြေရင်းရှိ အိမ်ထောင်ပြုရေးလမ်းကြောင်း (Affection Line) ပေါ်မှ ဒေါင်လိုက်ဖြစ်နေသည့် လမ်းကြောင်းကလေးများကို သားသမီးလမ်းကြောင်းများဟု မှတ်ယူနိုင်သည်။

ထိုအရေးအကြောင်းများထဲမှ ဖြောင့်တန်း၍ စောက်နက်သည့် လမ်းကြောင်းများကို ယောကျ်ားကလေးများအဖြစ်လည်းကောင်း၊ တိုပြီး စောက်နက်သည့် လမ်းကြောင်းများကို မိန်းကလေးများအဖြစ် လည်းကောင်း မှတ်ယူနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## Circle
## စက်ဝိုင်း

လက်ဝါးပြင်ပေါ်တွင် စက်ဝိုင်းသည် အလွန်ထူးခြားပြီး တွေ့ရခဲသော အမှတ်အသားဖြစ်သည်။ လက်ဝါးပြင်ပေါ်ရှိ တည်နေရာကိုလိုက်ပြီး ဟောပြောရသည်။

## Circle on fingers
## လက်ချောင်းများပေါ်မှစက်ဝိုင်း

လက်ချောင်းများပေါ်တွင် စက်ဝိုင်းသင်္ကေတရှိသူများသည် မိမိတို့အစပြုပြီးသည့် အလုပ်တစ်ခုခုကို ပြီးဆုံးအောင် လုပ်ကိုင်လိုစိတ် အစဉ်အမြဲ ထက်သန်နေတတ်သည်။

## Circles, Signs from
## နေရာအလိုက် စက်ဝိုင်းအမှတ်အသားများ

(၁) ဂြိုဟ်ခုံများတွင် စက်ဝိုင်းသင်္ကေတရှိခြင်းက အောင်မြင်မှုကို ပြသ၏။

(၂) အရေးကြောင်းများပေါ်တွင် စက်ဝိုင်းသင်္ကေတတစ်ခု ရှိခြင်းက ကံမကောင်းခြင်းကိုပြ၏။

## Clairvoyance
## အကြားအမြင်ရခြင်း

(၁) ကောင်းသော အဖြတ်ကြက်ခြေခတ် လမ်းကြောင်းငယ်များ များစွာရှိခြင်း၊

(၂) တနင်္လာဂြိုဟ်ခုံ မို့မောက်ခြင်း၊

(၃) စနေဂြိုဟ်ခုံပေါ်တွင် လမ်းကြောင်းငယ်များ ရှိခြင်း၊

(၄) လက်အနေအထား နူးညံ့ခြင်း၊

(၅) လက်ချောင်းများ တိုတောင်းချောမွေ့ခြင်း၊


(၆) လက်မသေးငယ်ခြင်း၊

(၇) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့စိုက်ဆင်းနေခြင်း၊

(၈) နှလုံးလမ်းကြောင်း အားမကောင်းခြင်း၊

(၉) ထိုးထွင်းသိမြင်လမ်းကြောင်း ရှင်းရှင်းလင်းလင်းရှိခြင်း၊

(၁၀) အသည်းလမ်းကြောင်း ခေါ် ကျန်းမာရေးလမ်းကြောင်း၏အစတွင် ကျွန်းဖြစ်နေခြင်း။



## Closed Fist
## လက်သီးဆုပ်ထားသည့် အနေအထား

လက်သီးဆုပ်ထားသည့် အနေအထားသည် စိတ်ပိုင်းဖြတ်နိုင်စွမ်း ကြီးမားပုံကို ပြလေသည်။ ၎င်းသည် အရေးပါသည့် အင်အားသိုမှီး တည်ရှိနေသည်ကိုလည်းပြ၏။

လက်သီးဆုပ်သည် နောက်ဆုံး စိတ်ကို ဆုံးဖြတ်နိုင်စွမ်းရှိမှုကို ပြ၏။

## Clubbed Thumb
## တင်းပုတ်လက်မ (လူသတ်သမားလက်မ)

တင်းပုတ်သင်္ကေတ လက်မမှာ ပထမအဆစ်သည် ထူထဲလုံးဝန်းနေသည် သို့မဟုတ် ထူထဲကာ လက်သည်းတို့၍ အရေပြားကြမ်းနေသည်။ ထူထဲခြင်း၊ ကြမ်းတမ်းခြင်းနှင့် ကြမ်းကြုတ်သည့် တစ်ယူသန်မှုတို့ကြောင့် ၎င်းကို လူသတ်သမားလက်မဟု ခေါ်၏။



၎င်းတို့သည် ရိုင်းစိုင်းကြမ်းတမ်းသော အရည်အချင်းအပြည့်အဝရှိခြင်း၊ ကြောက်မက်ဖွယ်ခေါင်းမာမှုနှင့် စိတ်ကြမ်း၍ ပြင်းထန်ခြင်းတို့ကြောင့် လူသတ်သည်အထိ ရာဇဝတ်မှု ကျူးလွန်တတ်သည်။

## Coarseness
## လူကြမ်း, စိတ်ကြမ်း ရှိခြင်း

လူသေတစ်ယောက်ပမာ လေးလံ၍ လျော့လျော့ရဲရဲဖြစ်နေသည့် လက်များရှိနေခြင်းသည် ကြမ်းတမ်းမှုနှင့် စိတ်ထား လေးလံထိုင်းမှိုင်းမှုတို့ကိုပြ၏။

## Colour of Hand
## လက်၏အရောင်အသွေး

(၁) အလွန်ဖြူနေသည့်လက်သည် သွေးအမျိုးအစား ညံ့ခြင်းနှင့် သားနုရည်လွန်ကဲခြင်းကိုပြ၏၊

(၂) ဝါကြင့်ကြင့် အရောင်အသွေးရှိသည့် လက်သည် အနည်းနှင့်အများဆိုသလို အသည်းရောဂါ ပြင်းထန်သည့် အနေအထားကိုပြ၏၊

(၃) နီမြန်းသည့်လက်သည် သွေးများ အလွန်ပြည့်လျှမ်းနေခြင်းကို ပြ၏၊

(၄) အလွန်နီမြန်းသည့်လက်သည် လေသင်တုန်း (သွေးချာပါဒ) ဖြစ်တတ်ခြင်းကို ပြ၏။

www.burmeseclassic.com

## Colour of Lines, Indications from
## လမ်းကြောင်းများ၏ အရောင်ကို ညွှန်ပြချက်များ

(၁) နှင်းဆီရောင်သန်းနေသည့် လမ်းကြောင်းများသည် ကျန်းမာခြင်းနှင့် အကောင်းမြင်ဝါဒ ရှိခြင်း၊

(၂) နီမြန်းနေသည့် လမ်းကြောင်းများသည် စိတ်ဓာတ် ပြင်းထန်ခြင်း၊

(၃) အဝါရောင်လမ်းကြောင်းများသည် ဝမ်းနည်းနေသည့် စိတ်ရှိခြင်း၊

(၄) ဖျော့တော့သည့် လမ်းကြောင်းများသည် လိမ်လည် တတ်သည့် မလေ့စရိုက်ရှိခြင်း။

## Colour of the Palm
## လက်ဝါးပြင်၏အရောင်

(၁) ဖျော့တော့သောအရောင်ရှိပါက- တစ်ကိုယ်ကောင်း ကြံတတ်ပြီး ကိုယ်ကျိုးကိုကြည့်၍ အကြင်နာတရား ကင်းခြင်း၊

(၂) ဝါကျင့်ကျင့်အရောင်ရှိပါက- နာမကျန်းဖြစ်ခြင်း၊ စိတ် မရွှင်ခြင်း၊ သုန်သုန်မှုန်မှုန်ဖြစ်ခြင်း၊

(၃) ပန်းရောင်ဖျော့ဖျော့ရှိပါက- ရွှင်လန်းတက်ကြွ၍ စိတ် ထက်သန်ခြင်း၊ မျှော်လင့်ချက်များဖြင့် ကြိုးစားနေ တတ်ခြင်း။

(၄) အနီရောင်သန်းနေပါက - ကြံ့ခိုင် သန်မာခြင်းနှင့် အမျက်ထွက်လွယ်ခြင်း။

## Combativeness
## ရန်လိုတတ်မှု

(၁) ကြာဂံနယ်တွင် ကြီးမားသည့် ကြက်ခြေတစ်ခုရှိခြင်း၊

(၂) အရေးအကြောင်းများသည် ရှိသင့်သည့် အရောင် ထက် ပို၍ နီမြန်းနေခြင်း၊

(၃) အင်္ဂါ(အဖို)ဂြိုဟ်ခုံ မို့မောက်ခြင်း၊

(၄) အမွေးအမှင် များစွာရှိခြင်း၊

(၅) လက်သည်းများ ဖြက်ကျယ်ပြီးတိုခြင်း၊

(၆) လက်ချောင်းများတို၍ ချောမွတ်ခြင်း၊

(၇) လေးထောင့်လက်ဖြစ်ခြင်း၊

(၈) လက်ချောင်းထိပ်ဖျားများ လေးထောင့်စပ်စပ်ဖြစ်ခြင်း။

## Commercial Artist
## ချမ်းသာသော စီးပွားရေးပန်းချီဆရာ

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံသည် တနင်္ဂနွေဂြိုဟ်ခုံနှင့် ဆတူရှိခြင်း၊

(၂) ဖြက်ကျယ်လက်(Spatulate Hand)တွင် ဉာဏ်စွမ်း လမ်းကြောင်း ဖြောင့်တန်းနေခြင်း၊

(၃) လေးထောင့်လက် (Square Hand)တွင် ဉာဏ်စွမ်း လမ်းကြောင်း စိုက်ဆင်းနေခြင်း၊

(၄) အောင်မြင်ရေးလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် အဆုံးသတ်ခြင်း၊

(၅) လက်ချောင်းထိပ်များ လေးထောင့်စပ်စပ်ရှိခြင်း။

## Commercialization of Art
## အနုပညာကို စီးပွားရေးအနေဖြင့် လုပ်ကိုင်ခြင်း

လက်သူကြွယ် လက်ချောင်းနှင့် လက်သ န်း လက် ချောင်းတို့ကြားတွင် စကြာသင်္ကေတ အမှတ်အသားရှိခြင်း။

## Compass of Hand
## လက်၏ သံလိုက်အိမ်မြှောင်

ဦးခေါင်းလမ်းကြောင်းခေါ် ဉာဏ်စွမ်းလမ်းကြောင်း သည် လက်ဝါးပြင်ပေါ်တွင် ကန့်လန့်ဖြတ်တည်ရှိနေပြီး လမ်း ညွှန် သံလိုက်အိမ်မြှောင်နှင့်တူ၏။

ဉာဏ်စွမ်းလမ်းကြောင်းသည် ကန့်လန့်ဖြတ် တည် နေတတ်မည် ဖြစ်သော်လည်း အပေါ်သို့ ကော့တက်နေတတ် ခြင်း သို့မဟုတ် အောက်ဘက်သို့ ကွေးဆင်းနေတတ်ခြင်းမျိုး များ ရှိနေတတ်မည်ဖြစ်သည်။

၎င်းဉာဏ်စွမ်းလမ်းကြောင်း ဖြစ်တည်မှုအပေါ် မူတည်၍ ထိုသူ၏ စိတ်နေသဘာဝကို ဟောပြောရမည် ဖြစ် သည်။

ရိုးသားကြိုးစား, ဖြောင့်မတ်မှန်ကန်သူတို့၏ ဉာဏ် လမ်းကြောင်းနှင့် သူခိုး၊ ဓားပြ၊ သူပုန်သူကန်၊ လူသတ်သမား တို့၏ဉာဏ်လမ်းကြောင်းတို့သည် ပုံသဏ္ဌာန်နှင့် အနေအထား များအားလုံး ကွဲပြားခြားနားနေမည် ဖြစ်သည်။



မြန်မာပညာရှိ ဗေဒင်ပညာရှင် ဦးဂုဏ်ဘဏ်၏ လက်ဗွေပုံ



www.burmeseclassic.com

www.burmeseclassic.com

### Composer of Music
### တေးဂီတပညာရှင်

(၁) ဗုဒ္ဓဟူးဖြိုဟ်ခုံ အားကောင်းခြင်း။
(၂) လက်ချောင်းထိပ်များ လေးထောင့်စပ်စပ်ဖြစ်ခြင်း။
(၃) တနင်္လာဂြိုဟ်ခုံ အနေအထားကောင်းခြင်း။
(၄) ဉာဏ်လမ်းကြောင်းခွဲများ ပါရှိခြင်း။

### Concentration, Lack of
### အာရုံစူးစိုက်မှုမရှိခြင်း

(၁) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အဖျက်လမ်းကြောင်းများ ရှိခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်းမကောင်းဘဲ ငိုက်ဆင်းနေခြင်း။
(၃) တနင်္လာဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ ကြီးမားကျယ်ပြန့်နေခြင်း။
(၄) ကြာသပတေးဂြိုဟ်ခုံ၊ အင်္ဂါဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံများ ထူးခြားမှုမရှိခြင်း။
(၅) လက်ချောင်းများ တိုး၍ ချောမွတ်ခြင်း။
(၆) လက်ဖဝါးပြင် နူးညံ့ခြင်း။
(၇) လက်မတို၍ အားပျော့ခြင်း။

### Concentration, Power of
### အာရုံစူးစိုက်နိုင်စွမ်းရှိခြင်း

(၁) တနင်္လာဂြိုဟ်ခုံ၌ ထူးခြားမှုရှိခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်းရှည်၍ ဖြောင့်တန်းခြင်း။
(၃) ဂြိုဟ်ခုံများ အနေအထားကောင်းခြင်း။
(၄) လက်ချောင်းများတွင် အဆစ်များထင်ရှားခြင်း။
(၅) လက်မရှည်၍ အားကောင်းခြင်း။

### Confused Lines
### အရေးအကြောင်းများ ရှုပ်ထွေးနေခြင်း

လက်ဖဝါးပြင်ပေါ်မှ အရေးအကြောင်းများ ရှုပ်ထွေးနေခြင်းသည် စိတ်မရှင်းလင်းခြင်းနှင့် ဖောက်ပြန်မှု ဝဝပြည့်သနာစုံ ရှိနေခြင်းကို ပြ၏။ လက်တွင် အရေးအကြောင်းများ သံဆန်ခါ ကွက်ကဲ့သို့ ရောယှက်နေခြင်းသည် ဘဝစီမံကိန်းများ ဖရိုဖရဲဖြစ်နေခြင်းကို ပြဆိုနေခြင်း ဖြစ်၏။

### Congenital Potentialities
### အိမ်ထောင်သုခပြည့်ဝအောင်စွမ်းဆောင်နိုင်မှုများ

ညာလက်ကို ဘယ်လက်နှင့် ယှဉ်ကြည့်ရမည်။ တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှုရှိသည်ကို အမျိုးသားများနှင့် ပတ်သက်၍ (အိမ်ထောင်သုခစွမ်းဆောင်နိုင်မှုကို) ညာလက်နှင့် ဖော်ထုတ်နိုင်ပေသည်။ အမျိုးသမီးများနှင့်ပတ်သက်၍ ဘယ်လက်ကို အဓိကထား၍ ကြည့်ရ၏။

### Conquests of Love
### အချစ်ရေးတွင် အောင်မြင်မှုရရှိခြင်း

နှလုံးလမ်းကြောင်းပေါ်တွင် အဖြူစက်များရှိခြင်း။

### Constancy
### တစ်ခုခုကို စွဲစွဲမြဲမြဲ လုပ်ကိုင်လေ့ရှိခြင်း

(၁) ပူပန်မှုဆိုင်ရာ သောကလမ်းကြောင်း (Worry Lines) အချို့ရှိခြင်း။
(၂) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်မှု မရှိခြင်း။
(၃) သောကြာဂြိုဟ်ခုံ အသင့်အတင့် အားကောင်းခြင်း။
(၄) ဉာဏ်စွမ်းလမ်းကြောင်း ရှည်၍ဖြောင့်ခြင်း။
(၅) နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ အောက်တွင် ခွသဏ္ဌာန်ဖြစ်နေခြင်း။
(၆) လက်မ၏ ပထမအဆစ် ခိုင်ခံ့ခြင်း။
(၇) အင်္ဂါ(အမ)ဂြိုဟ်ခုံ မို့မောက်ခြင်း။

### Constitutional Brain Trouble
### ဦးနှောက်ဖွဲ့စည်းမှု ယိုယွင်းခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း မရှိခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်းအစတွင် ကျွန်းခံနေခြင်း။

### Constitution, Strong
### ကိုယ်/စိတ် ကြံ့ခိုင်သည့်အနေအထား

(၁) ကျန်းမာရေးလမ်းကြောင်း အထူးကောင်းမွန်ခြင်း။
(၂) ဂြိုဟ်ခုံများ အားကောင်းသန့်ရှင်းခြင်း။
(၃) သောကလမ်းကြောင်းများ မရှိခြင်း။
(၄) အသက်လမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းများရှင်း၍ အားကောင်းခြင်း။
(၅) လက်ဝါးပြင် ထုထဲ၍နူးညံ့ခြင်း။
(၆) လက်သည်းများ အနေအထားလှပ၍ အရောင်အသွေးကောင်းခြင်း။
(၇) အသားအရေသည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် အရောင်စုံ အစက်အပြောက်လေးများ ရှိနေခြင်း။

### Constitution, Weak
### ကိုယ်ခွေ့ဓာတ်ခံအားနည်းခြင်း(ဓာတ်ခံမကောင်းခြင်း)

(၁) ကျန်းမာရေးလမ်းကြောင်း အလွန်ညံ့ခြင်း။
(၂) အသက်လမ်းကြောင်းပေါ်တွင် အဆင်းလမ်းခွဲများ ရှိခြင်း။





www.burmeseclassic.com

www.burmeseclassic.com

(၃) အသက်လမ်းကြောင်းပေါ်တွင် သံကြိုးကွင်းဆက်သင်္ကေတ ဖြစ်နေခြင်း၊
(၄) လက်သည်းများရှည်၍ ပါးပြီးကြွပ်ဆတ်ခြင်း၊
(၅) လက်အနေအထားပါး၍ သေးခြင်း။

## Consumption, Tendency to
## အဆုတ်ရောဂါဖြစ်ရန်ရှိခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကျွန်းများရှိခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကျွန်းများရှိခြင်း၊
(၃) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၄) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများစွာရှိခြင်း၊
(၅) လက်သည်းများ ရှည်၍ပါးခြင်း၊ ကြွပ်ဆတ်ပြီး ကုန်းကွေး၍ အစင်းများရှိခြင်း၊
(၆) လက်ဝါးပြင် အလွန်ပါးလှပ်လှပ်ဖြစ်နေခြင်း၊
(၇) လက်ချောင်းများ၏ အဆစ်ရှည်ခြင်း။

## Convent Career
## ဘာသာရေးနှင့်ဆိုင်သည့် အသက်မွေးဝမ်းကြောင်းဖြင့် ရပ်တည်မှု

(၁) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ဆန်ခါကွက်ရှိခြင်း၊
(၂) သောကြာဂြိုဟ်ခုံပေါ်တွင် လေးထောင့်ကွက်ရှိခြင်း။

## Conventionality, Excessive
## ရှေးဆန်မှုလွန်ကဲခြင်း

(၁) စတုဂံလွင်ပြင် ကျဉ်းမြောင်းခြင်း၊
(၂) နှလုံးလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်းဘက်သို့ ဦးတည်ကွေးကောက်သွားခြင်း၊
(၃) အသက်လမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းသည် အနည်းငယ်ထိ၍စခြင်း၊
(၄) လက်မ၏ပထမအဆစ် ရှည်လျားတောင့်တင်းခြင်း၊
(၅) လက်ချောင်းများခိုင်မာ၍ အတွင်းသို့ညွတ်နေခြင်း၊
(၆) လက်ချောင်းများ၏ အောက်ပိုင်းနှစ်ဆစ်တွင် အမွှေးအမှင်များရှိခြင်း။

## Coquetry မြူဆွယ်ခြင်း

(၁) အင်္ဂါဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၂) နှလုံးလမ်းကြောင်းတွင် သံကြိုးကွင်းဆက်များရှိခြင်း။

## Corruptibility
## အကျင့်ပျက်လာဘ်စားလိုစိတ်ရှိမှုကိုပြခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း တိုခြင်း၊

(၂) နှလုံးလမ်းကြောင်း လှိုင်းထနေခြင်း (သို့) ၎င်းတွင် ကြယ်သင်္ကေတပေါ်နေခြင်း၊
(၃) လက်ချောင်းများ ကုန်းကော့နေခြင်း၊
(၄) သောကြာခါးပတ် အားကောင်းခြင်း။

## Courage
## ရဲစွမ်းသတ္တိ

(၁) လက်ဖဝါးပြင် ခိုင်ခံ့ခြင်း၊ တင်းတင်းရင်းရင်းရှိခြင်း၊
(၂) လက်ချောင်းများ သာမန်ထက်ရှည်ခြင်း၊
(၃) သောကြာဂြိုဟ်ခုံနှင့်ကြာသပတေးဂြိုဟ်ခုံတို့ ပြည့်ဖြိုးကောင်းမွန်ခြင်း၊
(၄) အရေးအကြောင်းများ နက်ရှိုင်း၍နီမြန်းနေခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်း ဖြောင့်တန်းရှင်းလင်းခြင်း၊
(၆) လက်မ၏ပထမအဆစ် သာမန်ထက် ရှည်လျားခြင်
(၇) နှလုံးလမ်းကြောင်း ရှည်လျားခြင်း၊
(၈) နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံမှ အစပြုနေခြင်း၊
(၉) ဂြိုဟ်ခုံများ ကြီးမားပြီးခိုင်ခံ့ခြင်း၊
(၁၀) အင်္ဂါလွင်ပြင် ကျယ်ပြန့်ခြင်း။

## Cowardice
## သရဲဘောကြောင်ခြင်း (သတ္တိမရှိခြင်း)

(၁) တြိဂံလွင်ပြင် သေးငယ်ပြီး အတွင်းဘက်သို့ကွေးဝင်သည့် အရေးအကြောင်းများ များစွာရှိခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံတို့ ကျယ်ပြန့်နေခြင်း (သို့)အရောင်အသွေးမကောင်းခြင်း၊
(၃) အင်္ဂါဂြိုဟ်ခုံ၊ ကြာသပတေးဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံများ ပေါ်လွင်မှု မရှိခြင်း၊
(၄) လက်ချောင်းများရှေ့သို့ ကိုင်းညွတ်နေခြင်း၊
(၅) လက်သည်းများရှည်၍ ပါးကာ သေးသွယ်ကျဉ်းမြောင်းခြင်း၊
(၆) လက်များတုတ်ပြီး ပျော့အိနေခြင်း၊
(၇) လက်များတွင် အမွှေးအမှင် မရှိခြင်း။

## Crank, The Qualities of
## သူမတူ တစ်မူထူးခြားသူ

(၁) လက်များ လေးထောင့်စပ်စပ်ဖြစ်ခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်း ခပ်လျှောလျှောဖြစ်ခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကွေးကောက်သည့် အရေးအကြောင်းတစ်ခု ပေါ်နေခြင်း။

(ဆက်ရန်)

❑ ဆရာဦးခင်မောင်ဖြ



www.burmeseclassic.com

www.burmeseclassic.com

## မဟာရန်ကုန်မှာ မဟာဖြစ်ချင်သူတွေအတွက်

# မဟာကျင့်စဉ်တော်ကြီး



နုတ်မျက်စိ ဆရာအောင်စိုး (မော်လမြိုင်)

နေရာကား ဆယ်မိုင်ကုန်း ငပလီစားသောက်ဆိုင်၊ ဒကာခံသူက ကျွန်တော့်သူငယ်ချင်း ကိုမြင့်ဆွေ၊ ကိုမြင့်ဆွေနှင့် ကျွန်တော်က မော်လမြိုင် ကောလိပ်ကျောင်းသားဘဝ (၁၉၇၅-၇၉)ခုနှစ်ထိ အတွဲများတဲ့ အကြောင်းတွေ ရှိပါတယ်။ သူက ခြေလက္ခဏာ လေ့လာသလို ကျွန်တော်က လက္ခဏာပညာ လေ့လာဆဲကာလပေါ့။ သူက တည်ငြိမ်သလောက် ကျွန်တော်တို့အဖွဲ့က ပန်းချီဆွဲလိုက်၊ ကာတွန်းရေးလိုက်၊ ဘောလုံးကန်ချိန်မှာ ဘောလုံးကန်နှင့် သူကတော့ ပုတီးစိပ်နေပြီဖြစ်သည်။ သူက ဓာတုဗေဒအဓိကကျောင်းသား ဖြစ်သော်ငြားလည်း ရုက္ခဗေဒကျောင်းသားဖြစ်တဲ့ ကျွန်တော်၊ ကိုထွန်းတင်၊ ကိုမျိုးညွန့် (သံဖြူဇရပ်)နှင့် စိတ်တူ သဘောတူ အခင်မင် ပိုခဲ့ရပါတယ်။

ကောလိပ်နှင့်နီးသော တောင်ဝိုင်းဘုရားသို့ ကျွန်တော်တို့နှစ်ယောက် ပုတီးစိပ် သွားဖြစ်ပါတယ်။ အဲဒီအချိန်က ကောလိပ်ကျောင်းသားတွေ ပုတီးစိပ်တာ ထူးဆန်းချက်တစ်ရပ်အဖြစ် မြင်တဲ့အချိန်ပေါ့။

ဒါနဲ့ ကျွန်တော်တို့ကို ခေါ်ကျွေးမွေးတဲ့အကြောင်းလေး တင်ပြပါရစေ။ သူ သိန်းဆုပေါက်လို့ ကျွေးရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်နှစ် ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့ နေရာမှာ အိမ်တစ်လုံးဝယ်လို့ အိမ်တက်မင်္ဂလာကိုလည်း ချီးမြှင့်ခဲ့ရသေး။ ဒီကြားထဲ သူ့ရဲ့အင်္ဂါနဲ့ လုပ်ငန်းကို ထပ်မံတိုးချဲ့တဲ့ သတင်း ကြားမိသေးရဲ့။ ထူးခြားတာပေါ့နော်။ ဒါကို သိပ်သိချင်နေတဲ့ ကိုထွန်းတင် (အညာ မြေထွန်းတင့်)ကပဲ -

"ကဲ. . . ကိုမြင့်ဆွေ အခုလို ကားတွေ တိုက်တွေ ဆိုင်တွေနဲ့ ကြီးပွားနေလိုက်တာ၊ ဇာတ္တအဆောင်ကောင်း ရှိနေမလားဘဲနော်၊ ပြောစမ်းပါဦး"

ကိုမြင့်ဆွေက လိမ္မော်အချိုရည်ကို အသာအယာ သောက်ရင်း သူ့ဗီဇအတိုင်း ပြုံးပြုံးချိုချိုနှင့် ကြည်သာသော အသံဖြင့် . . .

"ဒီလို ဒီလို ကိုထွန်းတင့်နဲ့ ကိုအောင်စိုးတို့တွေ ကျောင်းပြီးလို့ နှစ်နှစ်အကြာ ၁၉၈၁ ခုနှစ်ပေါ့ကွာ၊ အိမ်ရဲ့ လုပ်ငန်းကို တို့မော်လမြိုင်အောက်ဈေးမှာလုပ်ရင်း အမေတို့ကိုးကွယ်တဲ့ ဘုန်းကြီးတစ်ပါးနဲ့ ရင်းနှီးစွာ ဆည်းကပ်ကိုးကွယ်ခွင့် ရခဲ့တယ်၊ ရန်ကုန်ပြောင်းရွှေ့ဖို့ စီစဉ်တော့ ဆရာတော်ကြီးကို လျှောက်တင်ပြီး ရှိခိုးပြီး ပြန်အလာမှာ ဆရာတော်ကြီးလဲ ထူးထူးခြားခြား လေဆိပ်အထိ လိုက်ပို့တယ်ကွာ၊ အေး ငါလဲ ထူးခြားတယ်ဆိုပြီး ရင်တထိတ်ထိတ်နဲ့ ပျော်လဲဖျော်အားလဲရှိပေါ့၊ ငါလဲ လေယာဉ်ပေါ်တက်ခါနီး ဆရာတော်ကလူရှင်းတဲ့နေရာခေါ်ပြီး . . .

'ငါ့သား မင်းအလုပ်သွားလုပ်ရမှာက ရန်ကုန်၊ ရန်ကုန်ဆိုတာ မြို့တော်၊ ဒီတော့ မဟာရန်ကုန်ပေါ့၊ အေး မဟာရန်ကုန်မှာ မဟာဖြစ်ချင်ရင် အောင်ပွဲထူချင်ရင် ဟောဒီ မဟာကျင့်စဉ်တော်ကြီးကို ကျင့်ပေတော့' လို့ ကျင့်စဉ်စာရွက် ကမ်းပေးလိုက်တယ်၊ တိုတိုပြောရရင် ငါ ရန်ကုန်ရောက်ကတည်းက တစ်သဝေမတိမ်း ကျင့်ကြံခဲ့လို့ အခုလို အခြေအနေမျိုး ရောက်တယ်လို့ တစ်ထစ်ချ ယုံကြည်တယ်"

ကိုထွန်းတင့်နှင့် ကိုမျိုးညွန့်မှ . . .

"ကဲ ဒါဖြင့် အဲဒီကျင့်စဉ်ကြီး တို့တွေ ကျင့်ခွင့်မရအူးလား ဘောစိခင်ဗျား"

"ပေးပါ့မယ်၊ ပေးပါ့မယ်၊ အောင်မယ် ငါနဲ့အောင်မြေဘုရားမှာ နှစ်ယောက်သား ပုတီးသွားစိပ်တဲ့အခါင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကောင်တို့၊ ဘိုးတော်ယောင်တို့ ပြောခဲ့တာ မှတ်မိသေးလား ဟင်း. . ."

ကိုမျိုးညွန့်မှ . . . "စိတ်မဆိုးပါနဲ့ ဆရာကြီးရယ်၊ အမိုက်မဲလေးတွေမို့ ခွင့်လွှတ်ပေးပါ" ဆိုသည်။

"ကဲ ဒီဆိုင်နေရာမျိုးမှာ မပေးဘူး၊ ရွှေတိဂုံဘုရားကြီး ရောက်မှ ဒါနပြုမယ်" ဆိုသဖြင့် ကိုမြင့်ဆွေရဲ့ တန်ဖိုးကြီးသောကားဟု သတ်မှတ်ရမည်ဖြစ်သော ခဲရောင်အိမ်စီးကားပေါ်သို့တက်ကာ လေးယောက်သား ရွှေတိဂုံဘုရားဆီသို့ ချီတက်ကြပါတော့သည်။ ရွှေတိဂုံဘုရား ဘိုးဘိုးအောင်တန်ဆောင်းသို့ ရောက်သော် . . .

"ကဲ မင်းတို့လိုချင်တဲ့ ကျင့်စဉ်တော်ကြီး၊ ငါ့ရဲ့မှတ်စုထဲမှာ လိုက်ကူးပေတော့" ဟုဆိုရာ အောက်ပါကျင့်စဉ်တော်ကြီးတွင် ပါဝင်သော မဟာဂါထာတော်ကြီးများ တွေ့ရပါတော့သည်။

(၁) မဟာသရဏဂုံတော်ကြီး (၂) မဟာပဋ္ဌာန်းတော်ကြီး (၃) မဟာသမယသုတ်တော်ကြီး (၄) မဟာဝေဒဗ္ဗမန္တန်တော်ကြီး (၅) မဟာပထဝီဇယမန္တန်တော်ကြီး တို့ဖြစ်သည်။

မရွတ်ဖတ်မီ ဘုရားမှာ ဆီမီး၊ အမွှေးတိုင်၊ ရေတော်၊ ဆွမ်းတော်တို့ကို ဆက်ကပ်ပြီး ဘုရားရှိခိုး၊ ငါးပါးသီလစောင့်တည်ကာ မေတ္တာသုတ် ကိုးခေါက်ရွတ်ဆိုပြီးမှ အထက်ပါကျင့်စဉ်တော်ကြီးပါ ဘုရားရှိခိုးကို နံနက်အပြီး ပူဇော်ရန်ဖြစ်ပါသည်။ ရွတ်ဖတ်ပူဇော်ပြီးပါက ၃၁ ဘုံသား အားလုံးတို့အား အမျှဝေရန်နှင့် အထူးသဖြင့် မဟာရန်ကုန်ကို စောင့်ရှောက်နေသော မြို့စောင့်နတ်များ၊ နေရာအသီးသီး၊ ကျောင်းကန်ဇရပ်၊ ထူးမြတ်သောနေရာတို့တွင်လည်းကောင်း၊ မြို့ ရပ်ကွက်၊ လမ်း၊ တံတား၊ ဈေး၊ ရုံး အသီးသီးတို့တွင် စောင့်နေသော နတ်များအား အမျှပေးဝေရန် ဖြစ်ပါသည်။ ထူးခြားမှု၊ တိုးတက်မှုများ ရလာပါက မဟာပါသော ဘုရား၊ စေတီ၊ ကျောင်းနှင့် အရှင်မြတ်တို့အား လှူဒါန်းရန် ဖြစ်ပါသည်။

ကျွန်တော့်မှာ . . .

"ကိုမြင့်ဆွေ လယ်တီဆရာတော်ဘုရားရဲ့ မဟာသရဏဂုံ ဂုဏ်တော်ကြီးကို ရွတ်ဖတ်တာ အနည်းဆုံး မိနစ် ၄၀ ကြာတယ်နော်၊ ငါ ရွတ်ဖူးတယ်၊ မဟာပဋ္ဌာန်းဆိုတာ ရွှေတိဂုံ မဟာပဋ္ဌာန်းစာအုပ်ကို ဆိုလိုတာလား"

"ဟုတ်ပါတယ် ကိုအောင်စိုး၊ နို့မဟုတ်ရင် ပဋ္ဌာန်းအကျယ် ပစ္စယုဒ္ဒေသကိုလဲ ပူဇော်နိုင်တယ်"

"မဟာသမယသုတ် တစ်မျိုးတည်းနော်၊ ကျန်တဲ့ ခြောက်သုတ်ကော ရွတ်ဖို့လိုလား"

"မလိုပါဘူး၊ ငါတို့ ဆရာတော်ကြီးက မဟာသမယသုတ်တော်ကြီး တစ်မျိုးတည်းကို ရွတ်ခိုင်းခဲ့တာ"

"မဟာသမယသုတ်ဆိုရင်လဲ ၁၅ မိနစ်နဲ့ မိနစ် ၂၀ လောက် ကြာတယ်နော်၊ ငါရွတ်နေကျ"

ကိုထွန်းတင်မှ . . .

"ကိုမြင့်ဆွေရေ မဟာဝေဒဗ္ဗမန္တန်တော်တော့ သိပါပြီ၊ နောက်ဆုံးမှာ ပထဝီဇယမန္တန်ကို ဘာလို့ မဟာပထဝီဇယမန္တန်လို့ တင်စားတာလဲ၊ လင်းစမ်းပါဦး ဆရာကြီး"

"ကဲ ပြောနေ ကြာတော့၊ အခုမြောက်စောင်းတန်းကို ဆင်းသွား၊ စာအုပ်ဆိုင်တွေ့မယ်၊ မင်း အဲဒီမှာ သီရိရွှေစင်ဝတ်ရွတ်စဉ်ကိုဝယ်၊ အဲဒီစာအုပ်ရဲ့ စာမျက်နှာ ၂၄၁ နဲ့ ၂၄၃ မှာ မဟာပထဝီဇယမန္တန်တော်လို့ ပုံနှိပ်ထားတာ တွေ့ရမယ်၊ ကဲ. . . ပိုသေချာအောင် ငါ့မှာရှိတဲ့ မင်းလပြည့် စီစဉ်တဲ့ ၄၇ သုတ် မန္တန်ပေါင်းချုပ် စာအုပ်ထဲမှာ ရော့ စာမျက်နှာ ၂၆၅ မှာကြည့် တွေ့လား၊ မဟာပထဝီဇယမန္တန်"

"ကျေနပ်ပါပြီ ဆရာကြီးရာ၊ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားရအောင်ပါ"

ကိုမြင့်ဆွေမှ . . .

"ဘယ်အရာမှ အလွယ်တကူမရနိုင်ဘူး၊ ပိုကောင်းလေ ပိုခက်လေပဲ၊ ဇွဲရှိရမယ်၊ စေတနာရှိရမယ်၊ မြတ်စွာဘုရားကို သဒ္ဓါတရားရှိရမယ်၊ ယုံကြည်မှုရှိရမယ်၊ မျှော်လင့်ချက်ထားပြီး မရွတ်ရဘူး၊ အဲဒီမန္တန်တွေရွတ်ရင် စိတ်ထဲမှာ ကြည်နူးမှုတွေ ခံစားလာရမယ်၊ လောဘစိတ်တော့ လျှော့သမျှလျှော့ပေါ့ဟာ" ဟု အေးချိုသောစကားသံဖြင့် လမ်းညွှန်နေတော့သည်။

"ကိုအောင်စိုးလဲ ဗေဒင်ဆရာတစ်ဆူ ဖြစ်နေပြီပဲ၊ ရာထူးကိစ္စတွေ၊ အတိုက်အခိုက်၊ အရောင်းအဝယ်၊ ငွေကြေးကိစ္စတွေ၊ လူမှုရေးအရှုပ်အထွေးတွေ၊ အမှုအခင်းကိစ္စ၊ တက်လမ်းမမြင် လမ်းမထွင်တဲ့သူတွေ ဒီကျင့်စဉ်တော်တွေနဲ့ အဓိဋ္ဌာန်ဝင်ခိုင်းပါ ဆရာရယ်၊ ကိုယ်တွေ့နော် ကိုယ်တွေ့"

ညနေစောင်းချိန် . . .

"ကဲ ကဲ ကိုယ့်သူငယ်ချင်းတွေ ပြန်ကြစို့၊ အားလုံး ဝမ်းလဲဝ ကုသိုလ်လဲရပြီ မဟုတ်လား၊ ထူးခြားအဖြစ်တွေနှင့် ပြန်ဆုံပါရစေ" ဟု ကိုမြင့်ဆွေနှင့် လမ်းခွဲနှုတ်ဆက်ရင်း ကိုမြင့်ဆွေကပဲ . . .

"ကိုအောင်စိုးကိုပဲ တိုးတိုးပြောပါရစေ၊ ညပိုင်း ဘုရားဝတ်တက်ချိန်မှာ ကျိုးဃံလေးထပ် ဆရာတော်ဘုရားကြီးရဲ့ အစိန္တေယျ ဘုရားရှိခိုးကြီးရယ်၊ သမ္ဗုဒ္ဓေ ၃၇ ခေါက်၊ ဒိဝါတပတိဂါထာ တစ်ပတ်စိပ်ပါ"

ထိုအကြောင်းပြောရင်း သူ၏ ခဲရောင်ကားလှလှလေးသည် ကျွန်တော်တို့ ရပ်နေရာ သွေးဆေးကန်မှတ်တိုင်မှ တစ်ဆင့် တဖြည်းဖြည်း အာဇာနည်လမ်းအတိုင်း ဦးဝိစာရလမ်းချိုးဝင်ကာ ထွက်ခွာသွားလေတော့သတည်း။

မှတ်ချက် - ကိုမြင့်ဆွေမှာ နာမည်လွှဲဖြစ်ပြီး ဆရာတော်ကြီး၏ ဘွဲ့တော်နှင့် ကျောင်းကို တင်ပြခွင့်မရခဲ့ပေ။

ချမ်းသာပါစေ။

❒ နက်မြတ်စိ ဆရာအောင်စိုး(ဓာတ်ဆေးမြိုင်)



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာအစွမ်းထက်သော မီဘာနှစ်ပါးလက်စွပ်

## အောင်ဘုန်းမြင့်(ကချင်မြေ)

**လိပ်ပြာချုပ်ကြိုး**

ရှေးသမိုင်းခေတ်ဦးက လူသားတို့သည် လိပ်ပြာချုပ်ကြိုးမျှင်တစ်ချောင်းနှင့် မိမိတို့၏ခန္ဓာကိုယ်ကို သိုင်းဖြုံရစ်ပတ် ချည်နှောင်ထားခြင်းဖြင့် ခန္ဓာကိုယ်အတွင်းမှ ဝိညာဉ်လိပ်ပြာထွက်မသွားနိုင်ဟု ယုံကြည်ခဲ့ကြသည်ဟု ဆိုသည်။

ထို့အတူပင် ယောကျ်ားတစ်ဦးသည် မိမိပိုင်ဇနီးမယားကို လက်၊ ခါး၊ ခြေ တစ်နေရာရာတွင် လိပ်ပြာချုပ်ကြိုးမျှင်ဖြင့် စတီသဘောချည်နှောင်ထားပေးခြင်းဖြင့် ထိုဇနီးမယား၏ မေတ္တာဝိညာဉ်ကို အစဉ်ထာဝရ သစ္စာခိုင်မြဲအောင် စိုးမိုးထားနိုင်သည်ဟု ယုံကြည်ခဲ့ကြ၏။ လိပ်ပြာကြိုး၊ ဝိညာဉ်ကြိုး၊ လက်ဖွဲ့ကြိုးဟူ၍လည်း အမျိုးမျိုးမှည့်ခေါ်တတ်ကြသည်။

နောင်အခါ၌ လိပ်ပြာချုပ်ကြိုးအစား ရွှေထည်၊ ငွေထည်၊ ကြေးထည်နှင့် သတ္တုတစ်မျိုးမျိုးဖြင့် ဝိုင်းစက်သောလက်စွပ်ပြုလုပ်၍ လိပ်ပြာချုပ်ကြိုးအဖြစ် ဝတ်ဆင်ရသော ဓလေ့သို့ ပြောင်းလဲထွန်းကားလာခဲ့ခြင်း ဖြစ်ပါသည်။

လိပ်ပြာချုပ် စတီလက်စွပ်ကို ဝတ်ဆင်ထားခြင်းဖြင့် ချစ်သူပိုင်ရှင်ရှိသည်(သို့) ကာမပိုင်အိမ်ထောင်ရှိသည်ဟူသောအထိမ်းအမှတ်ကို ဖြစ်စေသည်ဟူ၏။ သို့ဖြစ်၍ ရာစုနှစ်ပေါင်းများစွာအတွင်း လက်စွပ်သည် ကတိစကားများ၏သင်္ကေတယုံကြည်မှု၏အထိမ်းအမှတ်နှင့် စေ့စပ်ကြောင်းလမ်းပွဲများအတွက် အသုံးပြုရသောပစ္စည်း ဖြစ်လာခဲ့သည်။

ထို့နောက် ဒုတိယလက်စွပ်တစ်ကွင်းမှာ သတို့သားဖြစ်သူက အစဉ်သစ္စာရှိသော ခင်ပွန်းယောကျ်ားအဖြစ် ထာဝရ ကာကွယ်စောင့်ရှောက်ပါမည်ဟူသော အဓိဋ္ဌာန်ဖြင့် ထပ်မံဝတ်ဆင်ကတိပြုထားရသည်ဟု ဆိုသည်။

အနောက်နိုင်ငံများတွင် စိန်လက်စွပ်ကို ထိမ်းမြားလက်ထပ်လက်စွပ်အဖြစ် လဲလှယ်ဝတ်ဆင်ကြခြင်းမှာ စိန်သည် ခိုင်မာ၍ အစဉ်ပြောင်းလဲ ယိမ်းယိုင်ခြင်းမရှိဘဲအမြဲလင်းလက်တောက်ပနေပြီး ရောင်စဉ်ခုနစ်သွယ်ယှက်ဖြာနေခြင်းကို အောင်အတိတ် အောင်နိမိတ်ယူ၍ မိမိတို့၏ ချစ်စိတ် ချစ်ရေး ချစ်ရောင်များ ဖြာထွက်ရှင်သန်စေနိုင်သည်ဟူသောယုံကြည်မှုဖြင့် ဝတ်ဆင်ကြခြင်းဖြစ်လေ၏။

အချို့သော ပုဂ္ဂိုလ်များက နှစ်ထပ်လက်စွပ် စီရင်ဝတ်ဆင်ကြခြင်းမှာ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားတို့ကို တွဲဖက်ထားသော ဒွိစုံတွဲသဘောကို ဆောင်စေပြီး အရာရာတိုင်း၌ စုံလင်ပြည့်စုံစေနိုင်လိမ့်မည်ဟူ၍ ဝတ်ဆင်ဆောင်ထားကြခြင်း ဖြစ်သည်။

မြန်မာတို့သည် အမြတ်ရတနာကိုးပါးဖြင့် စီခြယ်ထားသော နဝရတ်လက်စွပ်ကို ဝတ်ဆင်ကာကွယ်ထားခြင်းဖြင့် အမျိုးမျိုးသော ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးစေ၍ အလုံးစုံသော သုတ်ချမ်းသာ အဖြာဖြာတို့နှင့် ပြည့်စုံစေနိုင်မည်ဟု ယုံကြည်ကြ၏။ လက်စွပ်ဝတ်ဆင်သည့်အခါ အများ

www.burmeseclassic.com

အားဖြင့် ဘယ်ဘက်လက်တွင် ဝတ်ဆင်တတ်ကြပြီး လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းတွင် ဝတ်ဆင်လေ့ ရှိကြ၏။ မိန်းမဘယ်လက်၊ ယောကျ်ားညာလက် ဝတ်ဆင်ရသော ဓလေ့ထုံးစံမျိုးလည်းရှိပါသည်။

**လက်စွပ်ဓလေ့ ယုံကြည်မှု**

လူတို့သည် လက်စွပ်ကို ယုံကြည်မှုတစ်မျိုးမျိုးပေါ် အခြေခံ၍လည်းကောင်း၊ အဖိုးတန်ကျောက်မျက်ရတနာများဖြင့် စီခြယ်၍ ဂုဏ်ပကာသနအဖြစ်လည်းကောင်း၊ ဖန်စီဒီဇိုင်းတွင်၍ အလှအပပစ္စည်းဆန်းအဖြစ်လည်းကောင်း၊ ကတိသစ္စာ အထိမ်းအမှတ်ပစ္စည်းအဖြစ်လည်းကောင်း၊ သိဒ္ဓိအစွမ်းထက်မြက်သော အဆောင်လက်ဖွဲ့ပစ္စည်းအဖြစ်လည်းကောင်း ဝတ်ဆင်တတ်ကြ၏။

လက်စွပ်များကိုအသုံးပြုသည့် အနေအထားပေါ်မူတည်၍ အမျိုးမျိုးသတ်မှတ်ခေါ်ဝေါ်ကြ၏။

၁။ စေ့စပ်ကြောင်းလမ်းပွဲလက်စွပ်၊
၂။ ထိမ်းမြားမင်္ဂလာလက်စွပ်၊
၃။ ကတိသစ္စာအဓိဋ္ဌာန်လက်စွပ်၊
၄။ အောင်မြင်မှုအတွက် အထိမ်းအမှတ်လက်စွပ်၊
၅။ အမှတ်တရလက်စွပ်၊
၆။ အမျိုးဂုဏ် ဇာတိဂုဏ် ရာထူးအစဉ်အလာဂုဏ်ကို စောင့်ထိန်းသောလက်စွပ်၊
၇။ ဘုရင့်ကိုယ်စား အမှတ်တံဆိပ်တော် လက်စွပ်၊
၈။ မိသားစုဂုဏ်ကို ထိန်းသိမ်းပေးသော ဆွေစဉ်မျိုးဆက် အမွေလက်စွပ်၊
၉။ ငွေကြေးနေအခြေခံသော အဖိုးတန်ကျောက်မျက်ရတနာလက်စွပ်၊
၁၀။ ဘာသာရေး ကိုးကွယ်မှုဆိုင်ရာ အထွတ်အမြတ်လက်စွပ်၊
၁၁။ ဓာတ်ယတြာအဆောင်လက်စွပ်၊
၁၂။ အသက်လိပ်ပြာချုပ် လက်စွပ်၊
၁၃။ ဂါထာမန္တန်လက်စွပ်၊
၁၄။ မြတ်နိုးဖွယ်ရာ ဖက်ရှင်လက်စွပ် စသည်ဖြင့် ဖြစ်လေသည်။

ဟီးဘရူးခေါ် ရာဟူဒီခေါ် အစ္စရေးလူမျိုးတို့၏ လက်စွပ်ဝတ်ဆင်ခြင်း ဓလေ့သည် ခရစ်ယာန်ဘာသာဝင်တို့ ထက် စော၍ ပေါ်ထွန်းခဲ့သည်ဟုဆိုသည်။ ဟီးဘရူးအီဂျစ်နှင့် အိန္ဒိယလူမျိုးများသည် လက်စွပ်ဝတ်ဆင်ခြင်းကို လက်ချောင်းများတွင်သာမက နှာခေါင်း၊ နားဖျား၊ ခြေချောင်းများ၌ပါမကျန် နားကွင်း၊ နားဆွဲ၊ နားပြား၊ ခြေစွပ်များအဖြစ် လှသည်ထက် လှပအောင် အမျိုးမျိုး အဖုံဖုံ စီမံတီထွင်ဝတ်ဆင်ခဲ့ကြသည်။ လက်စွပ်သည် လူတိုင်းအတွက် အဖော်မွန်ကောင်းလည်း ဖြစ်ပါသည်။

ခရစ်ယာန်ဘာသာဝင်တို့သည် ခရစ်တော် မပေါ်ပေါက်မီကတည်းက ဝတ်ဆင်ခဲ့ကြသော်လည်း အေဒီ ၈ ရာစုနှစ်၏ နောက်ပိုင်းရောက်မှ မင်္ဂလာလက်ထပ်လက်စွပ်အဖြစ် စတင်အသိအမှတ်ပြု သုံးစွဲလာခဲ့ကြသည်ဟု သိရပါသည်။

ရှေးသမိုင်းဦးက လူသားတို့သည် အိမ်ထောင်မပြုရသေးသော လူလွတ်များကို မပြည့်စုံသေးသော လူတစ်ခြမ်းအဖြစ်သာ အသိအမှတ်ပြုကြပြီး အိမ်ထောင်ပြုနိုင်သူများကိုမှ ပြီးပြည့်စုံသော လူတစ်ဦးအဖြစ် ဂုဏ်ယူလက်ခံသတ်မှတ်ကြ၏။ သို့ဖြစ်သောကြောင့် အိမ်ထောင်ပြုပြီးသူတိုင်းသည် ဘဝ၏ ပြီးပြည့်စုံသောလူတစ်ဦးအဖြစ် ဂုဏ်ယူလက်ခံ သတ်မှတ်ကြ၏။ သို့ဖြစ်သောကြောင့် အိမ်ထောင်ပြုပြီးသူတိုင်းသည် ဘဝ၏ပြီးပြည့်စုံမှုကို ထာဝရတည်မြဲနေစေရန် ပြီးပြည့်စုံခြင်း၏ သင်္ကေတဖြစ်သောလက်စွပ်ကို ကိုယ်နှင့်မကွာ ဝတ်ဆင်ကြခြင်း ဖြစ်ပါသည်။

လက်စွပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာကြရာ၌ လူ့ဘဝ၏ သုခချမ်းသာနှင့် သစ္စာတရားများသည် စက်ဝိုင်းတစ်ခုကဲ့သို့ လှည့်ပတ်သံသရာလည်၍ သွားနေရသဖြင့် ထာဝရကုန်ခန်းပြီးဆုံးသွားခြင်းမရှိနိုင်ဘဲ အစဉ်နုပျိုရှင်သန်နေနိုင်မည့် အောင်နိမိတ်ကိုဆောင်သည်ဟူ၍ ဖြစ်လေ၏။ လက်စွပ်ကို မြင့်မြတ်သော ဝိညာဉ်ပစ္စည်းတစ်ခုအဖြစ် အထွတ်အမြတ်ထား ဝတ်ဆင်ဆောင်ထားခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒကြာညောင်း အခွန့်ရှည်ခဲ့ပြီ ဖြစ်ပါသည်။

**အဖနှင့်ဆိုင်သောလက်စွပ်**

ပတ္တမြားရတနာသည် တနင်္ဂနွေဂြိုဟ်မင်းကို ကိုယ်စားပြုထားသော ရတနာဖြစ်သောကြောင့် ဩဇာတိက္ကမ တန်ခိုးအာဏာစက်ကို ကိုယ်စားပြု၏။ မင်းဧကရာဇ်တို့၏ အုပ်ပေါင်းသရဖူများနှင့် ရာဇမကိုဋ်များ၏ ချက်ဗဟိုများတွင် ပတ္တမြားကိုသာ ဦးစားပေး တပ်ဆင်ရသည်ဖြစ်၍ ရတနာအပေါင်းတို့၏ ထွတ်ခေါင် ရတနာမြတ် ဖြစ်လေ၏။

သို့ဖြစ်၍ ပတ္တမြားကျောက်မျက်သည် အကြီးအကဲနှင့်စပ်ဆိုင်သော အဖရတနာ ဖြစ်လေသည်။ ပတ္တမြားကို အောင်မြင်ခြင်း၏ဘုန်းကံတန်ခိုးအရာ၌ထား၍လည်းကောင်း၊ အကြီးအမှူး အဖအရာ၌ထား၍လည်းကောင်း၊ ရတနာအပေါင်းတို့၏မင်းဧကရာဇ်အချပ်နေရာတွင်ထား၍လည်းကောင်း အမြတ်ဆုံး အမြင့်ဆုံး နေရာတွင်ထား၍ နိမိတ်ကောက်ရသော ရတနာဖြစ်လေ၏။

အဖနှင့်တူသော ပတ္တမြားရတနာကို အဖအရာထား၍ လက်စွပ်စီရင်ဝတ်ကြခြင်းဖြင့် ဘေးရန်အတားအဆီးမှန်သမျှတို့မှ လွတ်ငြိမ်းချမ်းသာရကြ၍ ဘုန်းကံတန်ခိုးအာဏာစက်နှင့် ပြည့်စုံစေနိုင်ပါလိမ့်မည်။

**အမိနှင့်တူသောလက်စွပ်**

ထက်အာကာ ကောင်းကင်ဘုံမှ သစ္စာနှင့်မေတ္တာတရားကို တည်တံ့ခိုင်မြဲစေသည့်အပြာရောင် မိခင်ဓာတ်ရောင်ခြည်များသည် အပြာရောင် နီလာကျောက်များကို စိုးမိုးထားလေ၏။ ထိုနီလာကျောက်မျက်ရတနာများသည် ဖြူစင်သောလမင်းစန္ဒာကို ကိုယ်စားပြု၍ မိခင်မေတ္တာတရား၏ သင်္ကေတရတနာ ဖြစ်လေသည်။ အမိမြေမှ သဘာဝအလျောက် ဖန်ဆင်းအပြုဘော



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တည်လာသော ကျောက်မျက်ရတနာများအနက် မိခင် ရတနာမဏိ နီလာသည် ရတနာ အားလုံးတို့၏ အသက်ဝိညာဉ်ရတနာဖြစ်သည် ဟူ၏။

နီလာသည် မေတ္တာဓာတ်ကို အစဉ်ပွားများတိုးပွားစေနိုင်သောကြောင့် လူနတ်ဗြဟ္မာအပေါင်းတို့၏ ချစ်ခင်မေတ္တာကို ရရှိနိုင်၏။ အချစ်ရေး၊ မေတ္တာရေးနှင့် နှလုံးသားရေးရာများ၌ အဆင်ပြေချောမွေ့စေနိုင်ပြီး အိမ်ထောင်ရေးကို အစဉ်သာယာခိုင်မြဲ အတွန့်ရှည်စေပါလိမ့်မည်။

ထို့ကြောင့် မဏိနီလာသည် အမိ၏ မေတ္တာအေးရိပ်မျိုးကိုပေးစွမ်းနိုင်သည့် ကျောက်မျက်ရတနာ ဖြစ်လာပြီး အမိ၏ ကိုယ်စားသင်္ကေတ ကျောက်ဖြစ်၍နေပေတော့၏။ သို့ဖြစ်၍ မိခင်မေတ္တာ ကိန်းဝပ်ခိုလှုံနေသော နီလာကျောက်ကို လက်စွပ်စီမံပြုလုပ်၍ ယုံယုံကြည်ကြည် ဝတ်ဆင်ဆောင်ထားကြခြင်းဖြင့် ချစ်သူများကြား မေတ္တာပွားများခိုင်မြဲစေပါလိမ့်မည်။ အိမ်ထောင်သည်များအတွက် သက်ဆုံးတိုင်စိတ်တူကိုယ်တူ အတူတကွ နေနှင့်လပမာ ပေါင်းသင်းနေထိုင်သွားနိုင်မည်။

လူမှုဆက်ဆံရေး နယ်ပယ်များ၌ ချစ်စကိုရှည်စေပြီး မုန်းစကို ပယ်ပျောက်စေနိုင်၍ အများ၏ ချစ်ခင်လေးစားပဏာမပြုခြင်းကို ခံယူနိုင်ကြ၍ နေရာတိုင်း၌ သူတော်စင်သူတော်ကောင်းများနှင့် မျက်နှာပန်းလှလှ အဆင့်မြင့်မြင့် နေထိုင်သွားရပါလိမ့်မည်။

**မိဘနှစ်ပါးလက်စွပ်**

သိဒ္ဓိဂုဏ်ဒြပ်နှင့် ပြည့်စုံသော ဖခင်ရတနာ ပတ္တမြားနှင့် အလုံးစုံသော မေတ္တာတရား စုဝေးကိန်းဝပ်နေသည့် မိခင်ရတနာ နီလာကျောက်မျက်နှစ်ပါးဖြင့် စီမံထားသော ပတ္တမြားနီလာ လက်စွပ်သည် မိဘနှစ်ပါးလက်စွပ် မည်၏။

အဖနှင့်တူသော ပတ္တမြားသည် ဘုန်းတန်ခိုးအာဏာစက်နှင့် ပြည့်စုံစေပြီး မိခင်မေတ္တာရှင် မဏိနီလာသည် ပညာပါရမီကံနှင့် ဥစ္စာနေကံကိုပြည့်စုံစေ၍ အေးမြသောမေတ္တာရိပ်နှင့် ငြိမ်းချမ်းသာယာသောဘဝကို ဖန်တီးပေးနိုင်ပါလိမ့်မည်။

သို့ဖြစ်၍ မိဘနှစ်ပါးနှင့် သက်ဆိုင်သော ပတ္တမြားနီလာ ကျောက်မျက်ရတနာနှစ်ပါးကို ဂုဏ်ချင်းယှဉ်၍ လက်စွပ်စီမံ ပြုလုပ်ဝတ်ဆင် ဆောင်ထားကြခြင်းသည် မိဖနှစ်ပါးတို့၏မေတ္တာ ရွှေထီးရွှေနန်း အရိပ်အာဝါသ၌ လုံခြုံစွာ ခိုလှုံနေခြင်း ဖြစ်ပေတော့သည်။

နေ့နံမရွေး ခုနစ်ရက်သားသမီးများသည် ပတ္တမြား၊ နီလာ မိဘနှစ်ပါးလက်စွပ်ကို ဝတ်ဆင်ဆောင်ထားကြခြင်းဖြင့် . . .

၁။ မိဘ နှစ်ပါး၏ ဂုဏ်ကျေးဇူးကြောင့် ဒုက္ခဆင်းရဲ ကပ်ဘေး ရောဂါဘယအပေါင်းတို့မှ ကင်းဝေးနိုင်၏။

၂။ ခပင်းသော မမြင်မတွေ့နိုင်သည့် ဘေးအန္တရာယ် အနှောင့်အယှက် ဆူးပြောင့်ခလုတ် အတားအဆီးများနှင့် ရန်စွယ်မှန်သမျှတို့မှ လွတ်ငြိမ်းချမ်းသာ ရစေနိုင်၏။

၃။ အလုပ်စီးပွား တိုးတက်အောင်မြင်၍ ရွှေမရှား ငွေမရှား နေထိုင်ရမည်ဖြစ်၏။

၄။ လူနတ် ချစ်ခင်၍ ကျန်းမာ အသက်ရှည်စွာနေထိုင်နိုင်ပြီး ပယောဂသောက ကင်းဝေးနိုင်၏။

၅။ ဘုရားကျောင်းကန်ဇရပ် တည်ဆောက်ကာ လှူဒါန်းနိုင်ကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများ ဖြစ်နိုင်၏။

၆။ မလိုသောဆိုးကျိုးများ ကင်းပ၍ လိုသောကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံဝေဖြောနိုင်၏။

ထို့အပြင် ဘဝတွင် သူတော်ကောင်း သူတော်စင် သူတော်မြတ်တို့နှင့် အတူ အဆင့်မြင့်မြင့် နေထိုင်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြရလိမ့်မည်။

❒ အောင်ဘုန်းမြင့် (ထချင်မြေ)

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ ဘာသာရေး ဆောင်းပါးများ ဂန္ထဝင်ဝတ္ထုများ မှဆိုးဝတ္ထုများ ရသဝတ္ထုများ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
မိုးမိုးတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်၊

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့တွင် လေထန်ကုန်း ရှိသည်။ လေအန်ကုန်း ရှိသည်။ လေကန်ကုန်း မရှိပါ။

မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့တွင် လေကန်ကုန်း ရှိပါသည်။

ရန်ကုန်မြို့ရှိ လေထန်ကုန်း၊ လေအန်ကုန်းဆိုသော လက်ဖက်ရည်ဆိုင်များတွင် ကာတွန်းဆရာ၊ ကဗျာဆရာ၊ စာရေးဆရာများနှင့် ထုတ်ဝေသူ အယ်ဒီတာများသာ ရှိ၏။ စာပေအကြောင်းများသာ ရှိသည်။ အခြားလူများ မဆိုစလောက်သာ ရှိတတ်၏။




# ဗီဒညီသိလျှပ် မေဓင်ဓေဟာဝါ

## မိုးအောင် (ချောင်းဆုံ)

ဘီလူးကျွန်း ချောင်းဆုံမြို့ တိုးချဲ့ရပ်ကွက်ထိပ်ရှိ လေကန်ကုန်း လက်ဖက်ရည်ဆိုင်က ထိုသို့ သီးခြားမဟုတ်ပေ။ လေကန်ကုန်းတွင် စာရေးဆရာ၊ ကဗျာဆရာများ ရှိ၏။ လက်သမားနှင့် ပန်းရန်ဆရာများလည်း ရှိ၏။ ရော်ဘာခြံစိုက်သမားများ ရှိသလို ရော်ဘာခြံပိုင်ရှင်များလည်း ရှိ၏။ ယောက်မကို လှော်တက်ဖြစ်အောင် ပြောတတ်သူ ရှိ၏။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်သူ ရှိ၏။ မိမိရှုထောင့်မှ အကောင်းအကန် အပိုင်ငြင်းတတ်သူ ရှိ၏။ ပစောက်မြင်နေသူကို ဂငယ်မြင်သူက ဖိုက်သည်။ ဒီကြားထဲမှာ "တစ်"မြင်သူက ဖျန်ဖြေသလိုနှင့် ဒိုင်လုပ်သည်။ ထော်လော်ကန့်လန့်ဖြင့် မြေမြင်သူက တစ်မျိုး။ တစ်ခါတလေ ကကြီးသမားက ယပလက်သမားကို မဆီမဆိုင် ထောင့်ကန်ဘော သွင်းထည့်၏။ ဘလိုင်းဝင်ခွပ်သည်။

လေကန်ကုန်းတွင် လက်ဖက်ရည် သောက်လျှင် နောက်တစ်နေ့ မလာရလျှင် မနေနိုင်ပါ။ တစ်လောကလုံး၏ ထူးခြားဖြစ်စဉ်များကို အတင်းစုံ သတင်းစုံ ကြားရမည်။ ဘီလူးကျွန်းရှိ ဘယ်ကျေးရွာ ဘာဖြစ်နေသည်ကို သိချင်ပါသလား။ ကြားရပေမည်။ ကမ္ဘာကြီး ဘာဖြစ်နေသနည်း။ လေကန်ကုန်းတွင် ဂျာနယ်မရှိသော်လည်း အပတ်စဉ် ဂျာနယ်စုံ ဖတ်ထားသူရှိသည်။ ပြောချင်လွန်းလို့ကို လေကန်ကုန်းလာခြင်း ဖြစ်သည်။ မီးတောင်ပေါက်ကွဲသည့်သတင်း၊ မီးလောင်သည့်သတင်းမှစပြီး အိမ်တွင် မီးမွှေးပြီး (ဘုရားကြီးကုန်းဈေးမသွားနိုင်သဖြင့်) ထမင်းအိုးတစ်လုံးတည်၍ အီပွန်းအသုပ်နှင့် ထမင်းစားရသည့် သတင်းအထိ အစုံကြားရပေလိမ့်မည်။

ဆိုင်ရှင်ကလည်း မဆိုးပါ။ ရေနွေးခွက်ဘူး နည်းနည်းလေးစောင်းသည်နှင့် အသစ်ရောက်လာတတ်သည်။ ဆိုင်ရှင်ကိုဗိုလ်ဗိုလ်လည်း လေကန်ကုန်း အဖွဲ့ဝင်ဖြစ်သည်။ သူလည်းပဲ ခေသူမဟုတ်ပါ။ မည်သည့်အကြောင်းအရာကိုမဆို သိနေနှင့်သည်။ ဆိုင်ရှင်ပေပဲလေ။ ဆိုင်ရှင် ကိုဗိုလ်ဗိုလ်၏ မူပိုင်စကားလုံးများ၊ အမြဲလိုလို ကြားနေရသည်များကို ကောက်နုတ် ဖော်ပြရသော် . . .

"ဝါသနာပါလို့ လက်ဖက်ရည်ရောင်းနေတာ၊ ငတ်လို့မဟုတ်ဘူး၊ တတ်လို့ သိလား၊ ကျွန်တော့်လက်ဖက်ရည်က နောက်ဆုံးတစ်စက်ကျန်တဲ့အထိ အရသာရှိစေရမယ်၊ အဲ လက်ဖက်ရည်သောက်ပြီးရင် ရေနွေးကြမ်းသောက်ကြည့်ဦး၊ ဘယ်က လက်ဖက်ခြောက် ထင်လို့လဲ၊ ကျွန်တော့်မိန်းမ ကိုယ်တိုင် လားရှိုးအထိ သွားဝယ်ထားတဲ့ လက်ဖက်ခြောက်ဗျ"

အမှန်က ဆိုင်ရှင်ကတော်မှာ ပြင်ဦးလွင်ရှိ ဆွေမျိုးများထံ အလည်အပတ်သွားရင်း စံပယ်ပန်းရန်နှံသင်းနေသော လက်ဖက်ခြောက် ဝယ်လာခဲ့ခြင်း ဖြစ်သည်။ သိထားသူက တုတ်ဖော် မပြောပေ။ အကြွေးသောက်ထားသဖြင့် ရန်သူဖြစ်သွားလျှင် လက်ဖက်ရည် ငတ်ပေတော့မည်။

❑

ဒီနေ့ မနက်တွင်လည်း ခါတိုင်းကဲ့သို့ လူစည်ကားနေ၏။ သားဖွားဆရာမ ဒေါ်မြင့်နှင့် အပျိုတစ်ယောက် တား



www.burmeseclassic.com

www.burmeseclassic.com

ဆေးထိုးရန် ရက်တွက်နေကြ၏။ ကိုသန်းစိုးတို့ လင်မယားနှင့် ကိုဖိုးထောင်က ရွှေနတ်တောင်သွားပြီး နတ်ကန်တော့ရန် ပြောဆိုနေ၏။ ကိုသန်းအောင်တို့ဝိုင်းမှာ တိုက်အိမ်တစ်လုံး ဆောက်ရန် ပုတ်ပြတ်မည်မှုယူကြောင်း၊ လက်ရာသေသပ် လှပပြီး မြန်ဆန်မှုကို အပြည့်အဝတာဝန်ယူကြောင်း၊ လက်သမား ပန်းရန်အကြမ်းသမား သားပေါက်များကို လေကန်ပြီး သိန်းထောင်နဲ့ချီပြီး စကားပြောနေ၏။ အပြန် ဆိုင်ကယ်ဆီ မလောက်မည်စိုး၍ ဓာတ်ဆီတစ်ပုလင်း အကြွေးယူသွား၏။ ခုနစ်ရက်တစ်ပတ် ပိုက်ဆံရှင်းရက် မရောက်သေးသည်ထင်။ အပြင်ဝိုင်း တစ်ဝိုင်းတွင်မတော့ နတ်မှော်ကျေးရွာ မီးလောင်သောအကြောင်းတွေ ပြောနေကြ၏။ ဓာတ်ဆီနှင့် ဘုရားမီးတွင်သာ အပြစ်ရှိသည်၊ လူတွင် အပြစ်မရှိသည့်အကြောင်း။

စာရေးသူဝိုင်းတွင် သတင်းဆောင်းပါး ဆရာမင်းဟံသာ၊ စာရေးဆရာ ကိုရဲ (ကွမ်းသဲ)နှင့်ဆရာချွန်တို့ လေးဦးရှိသည်။ လေကာန်ကုန်းတွင် ရေနွေးကြမ်း အများဆုံးကုန်တတ်သော ဝိုင်းဖြစ်၏။ အကြာကြီးကြာတတ်သော ဝိုင်းလည်း ဖြစ်သည်။

"ကိုရဲက သေသေချာချာ ရှင်းလာတာကိုး၊ ဘယ်သွားမလို့လဲ"

"ကိုရဲက ဒီလိုပဲ သပ်သပ်ရပ်ရပ်နဲ့ သန့်သန့်ရှင်းရှင်းပဲ နေတတ်တာ ဆရာရဲ့၊ သူက ခြသေ့်ပဲဟာ"

ကိုရဲ မည်သို့မျှ ပြန်မဖြေမီ စာရေးသူက ဝင်ဖြေလိုက်သဖြင့် ဆရာချွန်က လှည့်ကြည့်သည်။ ဆရာချွန်အကြည့်များတွင် စာရေးသူအား ဒီဗေဒင်ဆရာ ဝင်ရှုပ်ပြန်ပြီဟူသော အဓိပ္ပာယ်ကို မြင်နေရ၏။ ပြီးလျှင် ဆိုင်အဖြင်သို့ ကြည့်ရင်း-

"အင်း. . . ကိုကျော်မြင့်တစ်ယောက် ဆိုင်မလာတာ ကြာပြီနော်"

"မလာဆို နေမကောင်းဖြစ်နေတာ နေမှာပေါ့၊ သူက မြင်းပဲဟာ"

စာရေးသူကို ဆရာချွန် ကြည့်ပြန်သည်။ မျက်မှောင်လည်း ကြုတ်ထား၏။ အမြဲတမ်း စွေစောင်းစောင်းထိုင်တတ်သော ဆရာချွန်မှာ စာရေးသူ၏ ရှေ့တည့်တည့် ပြောင်းထိုင်လာ၏။

"ဆရာ ကိုကျော်မြင့်အိမ်ကို ရောက်ခဲ့ပြီးပြီမို့လား"

"မရောက်ပါဘူး၊ သူ့နာမည်အရ ဗေဒင်ဟောလိုက်တာပါ၊ သူက မြင်းနာမည်လေ၊ မြင်းဆိုတဲ့ အမျိုးက လှုပ်လှုပ်ရှားရှားနဲ့ အမြဲတမ်း ခရီးသွားနေတတ်တဲ့ အမျိုးဗျ၊ အိပ်ရင်တောင် မတ်တတ်အိပ်တတ်တာ၊ အိပ်နေရင်းနဲ့ စိတ်က ခရီးထွက်ချင် ထွက်နေဦးမှာ၊ တခြားခရီးထွက်မယ်လို့ မပြောဖူးတော့ ဒီမြင်း ငြိမ်နေရင် နေမကောင်းဖြစ်လို့ပဲ"

"ပိုင်လိုက်ချေလား ဗေဒင်ဆရာရယ်၊ အထောက်အထားလေး ပြပါဦး"

ဆရာချွန်က အဲဒီလိုလူမျိုး ဖြစ်သည်။ အထောက်အထား ခိုင်လုံမှ လက်သင့်ခံတတ်သည်။ တစ်လောကလည်း သူ့ဝတ္ထုတိုတစ်ပုဒ်ထဲတွင် ဂျပန်စစ်ဗိုလ်ချုပ် နှစ်ယောက်တို့ ချောင်းဆုံမှ မျိုးချစ်ရဲဘော်တစ်စုက တိုက်ပွဲဖြစ်ရင်း လက်ရဖမ်းမိကာ သတ်ပစ်လိုက်ကြောင်း၊ အသေးစိတ် သိရှိလိုပါက ဘုရားကြီးကုန်း ဥက္ကဋ္ဌထံတွင် သွားရောက်မေးမြန်းနိုင်ပါကြောင်း၊ ဂျပန်စစ်ဗိုလ်ချုပ် နှစ်ယောက်ကို မီးရှို့ပြီး အရိုးပြာများကို ဝင်းဂလုံဘုရား တောင်ဘက်မုခ်အနီးတွင် မြှုပ်နှံထားကြောင်း အခိုင်အမာ ထည့်ရေးလိုက်သည်။ ဘုရားကြီး ဥက္ကဋ္ဌကလည်း ရေနဂါးစားသောက်ဆိုင်တွင် ဘီယာတစ်ခွက် တိုက်လျှင် အရိုးအိုးကို လိုက်ပြပေးမည်ဟု ကြေညာသည်။ ဘီယာတစ်ခွက်ဖိုး နှမြောသွားကြ၍ ဒီလောက်တိကျခိုင်မာနေမှတော့ တကယ်ဟုတ်လို့နေမှာပေါ့ ဖြစ်ကုန်၏။ တချို့က ချောင်းဆုံ မျိုးချစ်ရဲဘော်ထဲတွင် ခရိုက်သစ်ရွာမှ ကြွက်နီအဘိုးလည်းပါကြောင်း ဖြစ်ကုန်၏။ ဖွရင်း ဖွရင်းနှင့် ပွကုန်၏။ ဆရာချွန်က အဲဒီလို စာရေးဆရာဖြစ်၏။

ဆရာချွန်ကို စောင်းငဲ့ကြည့်ပြီး အိတ်ထဲမှ ဘောပင်နှင့် စာရွက်ထုတ်ကာ ဇယားကွက်တစ်ခုကို ဆွဲပြလိုက်သည်။

"ဆရာက ဆရာ့ကို မေ့နေပြီထင်တယ်၊ အခု ဆရာက လပြည့်ဝန်းမဂ္ဂဇင်းမှာ 'နာမည်သိရင် ဗေဒင်ဟောပါ' အမည်နဲ့ ဆောင်းပါးရှင်တစ်ယောက်ပါ ဆရာရယ်၊ အလွယ်ဆုံး အထိရောက်ဆုံး တွက်နည်းလေးတစ်ခုကို ဆောင်းပါးတစ်ပုဒ် ရေးခဲ့တာ ကြာပြီ ဆရာ"

ဆရာချင်းထပ်ပြီး ပြောဆိုနေသံကြောင့် အခြားဝိုင်းများက ကြည့်နေကြသည်။ အခြားဝိုင်းမှ လူများသည် စာရေးသူတို့ဝိုင်းကို ဘေးမဲ့ပေးထားသည်လား ဒါမှမဟုတ် အင်္ဂလိပ်မှ ပြောင်းလာသော ဂြိုဟ်သားများပမာ သဘောထားသည်လား မပြောတတ်ပါ။ ခဏသာကြည့်ပြီး ပြောလက်စ အကြောင်းအရာကို ဆက်ပြောနေကြပြန်၏။

စာရေးသူလည်း ရေးဆွဲပြီးသော ဇယားကွက်များကို ဆရာချွန်ရှေ့သို့ ချပြလိုက်၏။

| | | |
|---|---|---|
| က ခ ဂ ဃ င | - | ၅ |
| စ ဆ ဇ ဈ ည | - | ၆ |
| ဋ ဌ ဍ ဎ ဏ | - | ၄ |
| တ ထ ဒ ဓ န | - | ၇ |
| ပ ဖ ဗ ဘ မ | - | ၁ |
| ယ ရ လ ဝ | - | ၃ |
| သ ဟ | - | ၂ |
| အ | - | ၈ |

"သက်ဆိုင်ရာ ဗျည်းစာလုံးဘေးက နံပါတ်အတိုင်း ပေါင်းပြီးရင် ၅ ထက်ပိုရင်ချေ၊ ခုနကပြောတဲ့ ကျော်မြင့်ကို

www.burmeseclassic.com

ကြည့် ကဆိုတဲ့ ကျော်က ၅၊ မြင့်ဆိုတဲ့ မတ ၁ ဆိုတော့ ပေါင်း ၆ ရတယ်၊ ဒါကြောင့် မြင်းလို့ပြောတာ၊ ၆ ရရင် မြင်းပေါ့ ဆရာရဲ့"

"ဒါဆို အဟော ၈ မျိုးရှိမှာပေါ့"

"မှန်တယ်ဆရာ၊ ဆရာ ပြောပြမယ်၊ နားထောင်"

စာရေးသူ၏ အိတ်ထဲ ဗေဒင်ကျမ်းတစ်ခုကိုထုတ်ပြီး လှန်လှောရှာဖွေရင်း ဆရာချွန်အား တစ်ခုချင်းဖတ်ပြလိုက်၏။

**တစ်ကြွင်း - တံခွန်အမည်**

အောင်မြင်ကျော်ကြားမည်။ နားလည်သဘောပေါက်လွယ်ကူပြီး ဖြတ်ထိုးဉာဏ်ကောင်းမည်။ လူတွေက အမြင်ကတ်မည်။ လူအများကို အုပ်ချုပ်ရမည်။ အထွတ်အထိပ်သို့ရောက်မည်။ မြင့်မြတ်မည်။ သူများစကား နားယောင်တတ်မည်။ နာမည်ကျော်တဲ့ အလုပ်ကို လုပ်မည်။ အလုပ်တွေ အများကြီးရှိမည်။

**နှစ်ကြွင်း - ဒူမအမည်** (အရိပ်အမည်းလို့လည်း ခေါ်သည်)

အနိုးအငွေ့လို့လည်း ခေါ်သည်။ ဩဇာအာဏာတည်မည်။ ဘဝမှာတိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားမည်။ ဘာမဆို စနစ်ကျမည်။ လုပ်ချင်တဲ့အလုပ်ကို မရမကမဖြစ်မနေလုပ်မည်။ နာမည်ရှင်အပေါ် ဦးဆောင်ကွပ်ကဲပြီး ဆရာလုပ်သူ အမြဲရှိနေတတ်မည်။ ဆရာသမားကောင်းရှိမည်။

**သုံးကြွင်း - ခြသေ့်အမည်**

လူသိများပြီး ကျော်ကြားမည်။ ဦးဆောင်ကွပ်ကဲဆရာလုပ်မည်။ ဒေါသထွက်လျှင် ထိန်းမရတတ်။ အလှအပ ကြိုက်မည်။ ကိုယ်တိုင်လှပစွာ နေတတ်မည်။ လွတ်လပ်စွာ နေမည်။ သန့်ရှင်းသပ်ရပ်မည်။ နေရာ မရ,ရအောင် အမြဲကြိုးစားနေတတ်မည်။ ဗိုလ်ကျမည်။ ထင်ပေါ်ကျော်ကြားပြီး တန်ခိုးကြီးမည်။ အပေါ်ဆုံး၊ အမြင့်ဆုံးထိပ်ကို ရောက်ပြီးမှ ပြန်ကျဆင်းမည်။

**လေးကြွင်း - ခွေးအမည်**

တက်တော့ချက်ချင်း ဆင်းတော့ချက်ချင်း ဆိုသလို အတက်အကျ မြန်မည်။ ရန်သူပေါမည်။ စိတ်ချယုံကြည်ရသူဖြစ်မည်။ စိတ်ကူးယဉ်တတ်မည်။ ဘဝမှာ အတိုက်အခံများမည်။ မာနကြီးမည်။

**ငါးကြွင်း - နွားအမည်**

လူသိများမည်။ အများက အသုံးချတာကို ခံရမည်။ အများအတွက် အနစ်နာခံမည်။ အခွင့်အရေးကောင်း တွေ့မည်။ ရန်သူက မထင်မှတ်ချိန်မှာ တိုက်ခိုက်မည်။ သက်တူရွယ်တူတွေထက် လူပင်ပန်းမှုဒဏ်၊ စိတ်ပင်ပန်းမှုဒဏ်ကို ပိုပြီး ခံစားနိုင်မည်။ ဘာသာတရား လေးစားမည်။ ပေးကမ်းစွန့်ကြဲတတ်မည်။ အလှူအတန်း ဝါသနာပါမည်။ ဘဝမှာ ပေးဆပ်ရတာ များမည်။

**ခြောက်ကြွင်း - မြင်းအမည်**

လုပ်ရှားမှု များမည်။ အလုပ်အမျိုးမျိုးလုပ်ရမည်။ ဘဝ၏ အတက်အကျ စိတ်မချရ။ သေးငယ်သောကိစ္စ ပြဿနာကြောင့် ဘဝမှာ ကျဆင်းမည်။ စပ်စုတတ်မည်။ အမြဲ အလုပ်ရှုပ်နေတတ်မည်။ အတိုက်အခံ များမည်။

**ခုနစ်ကြွင်း - ဆင်အမည်**

အကြံကြီးမည်။ ဝမ်းထဲမှာ ကြိတ်ကြံနေတတ်မည်။ သို့သော် အောင်မြင်မှုနည်းမည်။ တစ်ပါးသူများ ကူညီမအောင်မြင်မည်။ ဇိမ်ခံတတ်မည်။ ရေရှည်စီမံကိန်းချပြီး လုပ်ရတဲ့လုပ်ငန်းတွေမှာ အောင်မြင်မည်။ လေးနက်တည်ကြည်မည်။ ခိုင်မာတဲ့အလုပ်တွေ လုပ်တတ်မည်။

**ရှစ်ကြွင်း - ကျီးအမည်**

ဖြတ်ထိုးဉာဏ် ကောင်းပြီး မျက်စိရှင်မည်။ ငုပ်လ်ုက်ပေါ်လိုက်ဖြစ်မည်။ ကိုယ့်အကြံအစည်ကို သူများသုံးပြီး လုပ်တတ်မည်။ အချိန်မရွေး ဆန္ဒစောနေတတ်မည်။ ဆရာသမား၊ လူကြီးသူမအတွက် အနစ်နာခံတတ်မည်။ အမျိုးကို ချစ်မည်။ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်း များမည်။

❑

အားရကျေနပ်ဟန် မတူသော ပုံစံဖြင့် ပေစောင်းစောင်းနှင့် ဆရာချွန်ကြည့်၏။

"ဒီ့ထက် အကျယ်အဟောရှိသေးတယ်၊ ဘယ်နှခုအကြွင်းနဲ့ ပေါင်းရင် ဖြစ်မယ်၊ ဘာအလုပ်အကိုင် ဘယ်လိုစီးပွားရေးမျိုး လုပ်ရမယ်ဆိုတာတွေ ကိုယ့်နာမည် ပိုပြီးကံပွင့်စေဖို့ ဓာတ်ရိုက်ဓာတ်ဆင်တွေ၊ ဘယ်လူကြီးနဲ့တွေ့ရင် ဘာတွေ လုပ်ဆောင်ရမယ် ဆိုတာတွေ အများကြီးရှိသေးတယ်၊ အဲဒါတွေကိုတော့ ဆရာ့အိမ်မှာသိမ်းထားတဲ့ ကျမ်းတွေကို ဆရာ့အိမ်ကို ဆရာလိုက်လေ့လာပေတော့၊ နော် ဆရာချွန်"

"စာဖတ်သူလဲ သိချင်မှာပေါ့"

"မဂ္ဂဇင်းစာမျက်နှာလဲ ငဲ့ရသေးတယ် ဆရာရဲ့၊ သိချင်တဲ့ ဝါသနာရှင်တွေကတော့ စာရေးဆက်သွယ်ပါ၊ အခမဲ့ ပြန်ပို့ပေးပါ့မယ်လို့"

❑ မိုးအောင်(ချောင်းဆုံ)

**ကိုးကား**

* ဆရာကြီးဦးတင်အောင်(ရန်ကင်း)၏ မှတ်တမ်းများ
* ဆရာကြီးဒဂုန်၏ သဃောဒယသရဒွေး ဗေဒင်ကျမ်း
* သဃောဒယသရဒွေး (ငါးစောင်တွဲ) ဟရာဏာသီမူ (မူရင်းကျမ်း)
* ကိုယ်တွေ့မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဝေယံဦး

## မိမိတို့အိမ်၏ ဥယျာဉ်အတွင်းမှာ ဒီသစ်ပင်တွေ ရှောင်ပါ

စာရေးသူ၏ တပည့်မ နန်းစုခိုင်ကို လွန်ခဲ့သော (၆)နှစ်ခန့်က စာရေးသူ၏ ရန်ကင်းတိုက်ခန်းရှိရာသို့ အလည်လာစဉ် အတွေးပုံရိပ်ကို ပြန်လည်မြင်ယောင်နေမိသည်။

"ဆရာ့ဆီ လာမယ် လာမယ်နဲ့ မရောက်ဖြစ်ဘူး၊ ဆရာကောနေကောင်းလား"

"နေကောင်းလို့ ဗေဒင်ဟောခန်းမှာ ထိုင်နေတာ မတွေ့ဘူးလား"

"ဟာ . . . ဆရာကလဲ တွေ့တာနဲ့ ဘုတောပြန်ပြီ"

"သမီး မလာတာကြာပြီ၊ လာရင်လဲ ဟိုမေးဒီမေးနဲ့ ပြန်ပြီ၊ ကိုယ့်ဆရာသမား နေကောင်းရဲ့လား၊ ဘယ်လိုနေသလဲ မေးဖော်တောင်မရဘူး"

"ဆရာကလဲနော်၊ အပြစ်ပဲပြောနေ၊ သမီးမှာက အိမ်ထောင်နဲ့ဆိုတော့ အိမ်မှုကိစ္စတွေလုပ်ရတာတစ်မျိုး၊ ဗေဒင်ကြည့်သူတွေလာရင် ဗေဒင်ဟောရတာတစ်မျိုး၊ နားရတယ် မရှိဘူး၊ ဆရာလာရင်လဲ သမီး ဗေဒင်ဟောနေတဲ့အချိန်နဲ့ တိုးပြန်ရော မဟုတ်လား"

"ကောင်းပါတယ်၊ သမီးက မကြာခင် နေပြည်တော်ဘက်သွားပြီး ဗေဒင်ဟောမှာဆိုတော့ ဝေးလေကောင်းလေပဲ၊ ရန်ကုန်မှာဆို သူ့ကို သွားကြည့်ရတာ ခဏခဏပဲ၊ သမီးက ချူချာလွန်းတယ်"

"ဒါများ ဘာခက်တာမှတ်လို့ ဆရာရယ်၊ ဆရာ့ဆီ မကြာခဏ ဖုန်းဆက်မယ်လေ"

"ဖုန်း ခဏခဏဆက်တာက အရေးမကြီးဘူး၊ ဖုန်းခကုန်တယ်၊ ဒီကဆက်လဲ ဖုန်းခပေးရတယ်၊ ဟိုကဆက်လဲ ဖုန်းခကုန်တယ်၊ ငွေရှာရတာ ဘယ်လောက်ခက်သလဲ"

"အဲဒါ သမီးကငြီးရမှာဆရာရဲ့၊ သမီးကမိသားစုနဲ့ ဆရာကတစ်ယောက်ထဲ၊ ဆရာ့ညီမ ဒေါ်အေးအေးမူကလဲ ကြည့်နေတာပဲ၊ ပြီးတော့ ဗေဒင်ဟောခတွေရယ်၊ ဆရာက စာရေးတော့ စာမူခတွေနဲ့ ထောနေတာ မဟုတ်လား"

"စာမူက အခု (၄) ပုဒ်ပဲပါသေးတယ်၊ ထောမယ်၊ စာရေးတာ ဘယ်လောက် ပင်ပန်းလဲ၊ ဝါသနာအရမို့ ရေးတာ၊ တစ်ကိုယ်လုံး အကြောတက်နေတာ ကြည့်တော့"

"ဆရာ့တပည့်ကသိလို့ ထွန်းရွှေဝါလိမ်းဆေးရယ်၊ ကေသီပန်ဆေးပရုတ်ဆီ ဝယ်လာတယ်၊ ဒီမှာ ဆရာ၊ ဒါက ဆရာ့အတွက်အားဆေး PROVIMIN"

"အင်း၊ အလိုက်တော့သိသား"

"ဆရာ့တပည့်က ဆရာ့အပေါ်မကောင်းလို့လား"

"နည်းနည်းတော့ ကောင်းပါတယ်"

"အင်း. . . ပြောရော့မယ်"

"ကဲ. . . စကားတွေ သိပ်မများနဲ့၊ ဘာမေးမှာလဲ၊ ဘာပြောချင်တာလဲ"

"မေးရမယ်ဆရာ၊ မေးရမယ်၊ ဟိုလေ. . . ဟို. . ."

"ရပြီ၊ ဒီလောက်ဆို နားလည်တယ်"

"ဆရာကလဲ၊ ဒီက အကောင်းမေးမယ့်ဟာကို"

"မေးမယ့်ဟာကို ဟိုလေ. . . ဟိုဆိုလို့ ရွဲ့ပြောလိုက်တာပဲ"

"နားထောင်ပေးပါ ဆရာရယ်၊ ဒီလိုဆရာရဲ့၊ ကိုယ်နေတဲ့ အိမ်ခြံဝင်းအတွင်းမှာ မစိုက်ပျိုးသင့်တဲ့ သစ်ပင်စိုက်ရင် ခိုက်တယ်၊ စိုက်ပျိုးသင့်တဲ့ သစ်ပင်စိုက်ရင် စီးပွားတက်၊ ဘေးဥပဒ်ကင်းတယ်လို့ သမီးကြားဖူးတယ်၊ အဲဒါဗေဒင်ပညာမှာရှိလားဆရာ"

"ရှိတယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"ပြောပြပါလား ဆရာရယ်၊ သမီးသိချင်တယ်"

"အဝေးခြသေ့်ဟောက်၊ အနီးဆင်ငွေ့ပြန် ဆိုတာ သိလား"

"သိပါတယ် ဆရာ"

"အေး. . . အဲဒါပဲ၊ မိမိတို့ဥပစာခြံတွင်းမှာ မစိုက်ပျိုးသင့်တာတွေ"

"ဟာ. . . ဒီလိုနဲ့ ဘယ်သိပ့်မလဲ ဆရာရဲ့"

"စကားများများပြောရင် မောမယ်၊ ဒီတော့ ဆရာ့မှတ်စုစာအုပ် ပေးလိုက်မယ်၊ အဲဒါကူးရေးပြီးပြန်ပေး"

"ကိုယ့်အိမ်ခြံအတွင်းမှာ စိုက်ပျိုးသင့်တဲ့ သစ်ပင်အကြောင်းတွေကော ဆရာ"

"တယ်စကားများတာပဲ၊ အိမ်ရောက်တဲ့အခါဖတ်ကြည့်၊ ပြီးရင် လာပြန်ပေးဦး၊ နေပြည်တော် ယူမသွားနဲ့၊ သစ္စာရှိကြေးနော်"

"ယူမသွားပါဘူး ဆရာရယ်၊ ပြန်လာပေးမှာပါ၊ ဆရာကလဲ ဖြစ်နေလိုက်တာ"

"ပညာဆိုတာ ဆရာနဲ့အတူရှိနေရတယ်၊ မေ့ရင် ပြန်ကြည့်ရတယ်ဟ"

"ဟုတ်ပါပြီတဲ့ ဆရာရယ်၊ သမီးပြန်လာပေးမယ်၊ ကတိပေးတယ်၊ ဆရာလည်းသမီးကြောင့် ပင်ပန်းနေပြီ၊ လက်ဖက်ရည်ဆိုင်သွားရအောင်လား"

"ဒီအစီအစဉ် သိပ်ကောင်းတယ်"

စာရေးသူလည်း ဗေဒင်ဟောခန်းတံခါးကို ခဏပိတ်ရင်း နှစ်ယောက်သား လက်ဖက်ရည်ဆိုင်သို့ ထွက်လာသောပုံရိပ်ကို စာရေးသူမှာ မြင်ယောင်နေမိပါတော့သည်။

စာဖတ်ပရိသတ်များလည်း မိမိတို့အိမ်၏ ဥပစာခြံအတွင်း မည်သည့်သစ်ပင်အမျိုးအစားကို စိုက်မယ်၊ မည်သည့်သစ်ပင်မျိုးကို မစိုက်ဘူးဆိုသည်ကို နားလည်သဘောပေါက်စေရန် မစိုက်ပျိုးသင့်သော သစ်ပင် အမျိုးအစားအကြောင်းကို ရွေးချယ်တင်ပြပါမည်။

ရှေးကကျမ်းအလိုအရ အဝေးခြသေ့်ဟောက်အဖွင့်နှင့် အနီးဆင်ငွေ့ပြန်အဖွင့်ဆိုထားပါသည်။ ရှေးဦးစွာ အဝေးခြသေ့်အဖွင့်အကြောင်းကို တင်ပြပေးပါမည်။ မည်သည့်နေ့သားသမီးမဆို မိမိတို့ မွေးနေ့နှင့် သက်ဆိုင်ရာဖြစ်တဲ့ ဗြိုရန်းဓာတ်ခိုက်အပင်များကို အိမ်၊ တိုက်များရဲ့ ဥပစာအရံ အတွင်းဘက်ရန်ကျသော အရပ်များ၌ စိုက်မိကြပါက ဓာတ်အားလျော့စွာ ပျက်စီးတတ်တဲ့ သဘာဝမျိုး ရှိနေပါသည်။

ဥပမာ - တနင်္ဂနွေ သားသမီးများမှာ မိမိတို့ ဥပစာခြံအတွင်း အရှေ့တောင်ထောင့်ဘက်မှာ ဩဇာပင်၊ ဆီးပင်၊ ညောင်ပင်၊ မြေဇာပင် စသည်တို့ မစိုက်ကောင်း။

တနင်္လာသားသမီးများမှာ မိမိတို့ ဥပစာခြံအတွင်း အနောက်ဘက်မှာ ကန့်ကလာပင်၊ ကလိန်ပင်၊ ခရေပင်၊ လိန်ပင်၊ ဝါပင် စသည်တို့မစိုက်ကောင်း။

အင်္ဂါသားသမီးများမှာ မိမိတို့ ဥပစာခြံအတွင်း အရှေ့မြောက်ဘက်မှာ သဘော်ပင်၊ သဖန်းပင်၊ သပြုပင်၊ သပြေပင်၊ စံပယ်ပင် စသည်တို့ မစိုက်ကောင်း။

ဗုဒ္ဓဟူးသားသမီးများမှာ မိမိတို့ ဥပစာခြံအတွင်း အနောက်မြောက်ဘက်မှာ သံသုတ်ပင်၊ သီးပင်၊ သံသေပင်၊ သီဟိုဠ်ပင် စသည်တို့မစိုက်ကောင်း။

ကြာသာပတေးသားသမီးများမှာ မိမိတို့ဥပစာခြံအတွင်း အရှေ့ဘက်မှာ တည်ပင်၊ ပိတောက်ပင်၊ ပိန္နဲပင်၊ ဗာဒံပင် စသည်တို့ မစိုက်ကောင်း။

သောကြာသားသမီးများမှာ မိမိတို့ဥပစာခြံအတွင်း အနောက်တောင်ဘက်မှာ သစ်အယ်ပင်၊ အင်ပင်၊ အုန်းပင် စသည်တို့မစိုက်ကောင်း။

စနေသားသမီးများမှာ မိမိတို့ ဥပစာခြံအတွင်း မြောက်ဘက်မှာ ဒေါက်ခွပင်၊ ကြခတ်ပင်၊ ကံ့ကော်ပင်၊ ခံပင်၊ ကျည်းပင် စသည်တို့ကို မစိုက်ကောင်းပါ။

အကယ်၍ စိုက်ပျိုးမိပါက မိမိတို့ရှာဖွေထားသော ဥစ္စာပစ္စည်းများမှာ အဖတ်မတင်ဘဲ ပျက်စီးစေတတ်ပါသည်။

ဆက်လက်ပြီး အနီးဆင်ငွေ့ပြန် အဖွင့်အကြောင်း တင်ပြပေးချင်ပါသည်။

ဥပမာ - တနင်္ဂနွေ သားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း၌ တောင်ဘက်မှာ ကလိန်ပင်၊ ဝါပင်၊ ရဲယိုပင် စသည်တို့မစိုက်ကောင်း။

တနင်္လာသားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း၌ ပေါက်ပန်းဖြူပင်၊ ပျဉ်းမရွက်ပင် စသည်တို့ကို မစိုက်ကောင်း။

အင်္ဂါသားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း၌ အနောက်မြောက်ဘက်၌ ဖက်သန်းပင်၊ သီးပင်၊ သံသတ်ပင်၊ သီဟိုဠ်ပင် စသည်တို့မစိုက်ကောင်း။

ဗုဒ္ဓဟူးသားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း၌ မြောက်ဘက်မှာ ထိန်ပင်၊ နှော့ပင်၊ တည်ပင်စသည်တို့မစိုက်ကောင်း။

ကြာသာပတေး သားသမီးများသည် မိမိတို့အိမ် ဥပစာခြံအတွင်း၌ အနောက်တောင်ဘက်မှာ အင်ပင်၊ အုန်းပင်၊ သစ်အယ်ပင် စသည်တို့မစိုက်ကောင်း။

သောကြာသားသမီးများသည် မိမိတို့ဥပစာခြံအတွင်း၌ အရှေ့ဘက်မှာ ကျည်းပင်၊ ခံပင်၊ ကံ့ကော်ပင်၊ မန်ကျည်းပင် စသည်တို့မစိုက်ကောင်း။

စနေသားသမီးများသည် မိမိတို့ ဥပစာခြံအတွင်း၌ အနောက်ဘက်မှာ ညောင်ပင်၊ ဆီးပင်၊ စကားစိမ်းပင်၊ စစ်ပင် စသည်တို့မစိုက်ကောင်း။

အညွှန်း - (စတုရန်းဓာတ်ခိုက်ပင်နှင့် အတွင်းရန်ကျသောအရပ်ကိုဆိုလိုသည်။)


မှတ်ချက် - နေပြည်တော် ပညာအိမ်ရာတွင် ဗေဒင်ဟောနေသော တပည့်မနန်းစုခိုင်အတွက် အမှတ်တရ။

❐ ဆရာဝေထွဋ်ဦး

www.burmeseclassic.com

# မဟာမြတ်မုနိရေတော်ဆရာတော်၏ ကြေးပုတီး

ဆရာကြီး ဦးအောင်မြင့်



ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ဓာတ်ပုံနှင့် ကျွန်ုပ်ကို စွန့်လှူပေးခဲ့သည့် ကြေးပုတီးပုံ

BURMESE CLASSIC .com

**ဗောဓိ ဗောဓံ သဗ္ဗညုတံ အရဟံ၊**

**သမ္မာသမ္ဗုဒ္ဓေါ အစိန္တေယျော**

**အပ္ပမေယျော၊**

**ဗောဓိ ဗုဒ္ဓေါ မဟာသေဋ္ဌော။**

ပျံလွန်တော်မူခဲ့ပြီးဖြစ်သော မန္တလေးမြို့ မဟာမြတ်မုနိ ရေတော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် ကျွန်ုပ်သည် လွန်ခဲ့သော ၁၀ နှစ်၊ ၁၅ နှစ်ခန့်က လွန်စွာရင်းနှီးကျွမ်းဝင်ခဲ့ဖူးပါသည်။ နေ့စဉ် နံနက်စောစောတိုင်း မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်မှ မျက်နှာသစ်၊ သွားတိုက် စသည့် ဝေယျာဝစ္စများ ပြုလုပ်သည့် အနီးကပ်ဓာတ်ပုံများ ရိုက်ကူးခွင့်လည်း ကျွန်ုပ် ရရှိခဲ့ဖူးသည်။ ယခု ဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သော ပုံတော်မှာ ဆရာတော်မှ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကို သွားတိုက်ဝေယျာဝစ္စ ဆောင်ရွက်ပေးနေပုံ ဖြစ်ပါသည်။

ရေတော်ကျောင်း ဘုရားခန်းတွင် ကျွန်ုပ်က သန့်ရှင်းရေး ဆောင်ရွက်ပေးနေသော တစ်နေ့မှာ . . .

"ကြီးပွားတိုးတက်ချင်ရင် ကြေးပုတီးဆောင်ထားပြီး မနက်၊ ည ပုတီးမှန်မှန်စိပ်ကွဲ့" ဟု ဆရာတော်မှာ မိန့်ကြားရင်း ဆရာတော်၏ ကြေးပုတီးတစ်ကုံး ကျွန်ုပ်ကို လက်ဆောင်အဖြစ် ပေးလိုက်သည်။ ထို့ပြင် ပုတီးစိပ်ရန် ဂါထာတော်အချို့ကိုပါ ချီးမြှင့်ပေးပါသည်။ ထိုဂါထာတော်များအနက်မှ ကြေးပုတီးနှင့် ကြီးပွားတိုးတက်စေသော ဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗောဓိ ဗောဓံ သဗ္ဗညုတံ အရဟံ
သမ္မာသမ္ဗုဒ္ဓေါ အစိန္တေယျော အပ္ပမေယျော
ဗောဓိ ဗုဒ္ဓေါ မဟာသေဋ္ဌော။

ဤဂါထာတော် တစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံး ချရသည်။ နေ့စဉ် မနက်ပိုင်း ပုတီးသုံးပတ်၊ ညပိုင်း ပုတီးသုံးပတ်



www.burmeseclassic.com

www.burmeseclassic.com

မပျက်မကွက် မှန်မှန်စိပ်ခြင်းကို ရက်ပေါင်း ၃၀ ဆက်တိုက် စိပ်ပြီး သုံးရက်နား၊ နောက်တစ်ကြိမ် ရက်ပေါင်း ၃၀ ဆက်တိုက်စိပ်ပြီးမှ သုံးရက်နား စသဖြင့် ရက်ပေါင်း ၃၀ အကြိမ်များများစိပ်နိုင်လေ ပိုကောင်းလေဖြစ်သည်။ ဘုန်းကံမြင့်မားကြီးပွားတိုးတက် ချမ်းသာဘေးကင်း လျင်မြန်စွာ အကျိုးထူးပေးကြောင်း ကျွန်ုပ်ကိုယ်တွေ့ ဖြစ်ပေသည်။

မည်သည့်မွေးနေ့သားသမီးမဆို မိမိတို့မွေးနေ့နံနက်ပိုင်းမှ စတင်စိပ်နိုင်သည်။ အိမ်ဘုရားစင်ရှေ့ ဘုရားခန်းအတွင်းမှာစိပ်ခြင်းသည် ပိုကောင်းသည်။

ပုတီးမစိပ်မီ သောက်တော်ရေ၊ အလင်းတိုင်၊ အမွှေးတိုင် စသည် လှူဒါန်းနိုင်ပါသည်။ မည်သည့်နေ့သားသမီးမဆို ကြေးပုတီးနှင့် စိပ်နိုင်သည်။

ကြေးပုတီး = က + ပ + တ

ကြီးပွားတိုး = က + ပ + တ


တနင်္လာ + ကြာသပတေး + စနေ = တနင်္လာ + ကြာသပတေး + စနေ

ကြာသပတေးနှင့် တနင်္ဂနွေ သားသမီးများအတွက် ပို၍အကျိုးပေး ကောင်းပါသည်။

---

# ဈေးဦးအမြန်ဆုံးပေါက်၍ ဈေးဦးပေါက်ကောင်းဖို့

ဆရာကြီးဦးအောင်မြင့်



လက်ခေါ်ခေါင်းလောင်းပုံ

ဆိုင်လုပ်ငန်းအမျိုးမျိုးမှာ နေ့စဉ် ဈေးဦးအမြန်ဆုံးပေါက်ဖို့နဲ့ ဈေးဦးပေါက်ကောင်းဖို့ဆိုတာ ဆိုင်လုပ်ငန်းလုပ်သူတိုင်း အလိုရှိကြမှာပါ။ တချို့ဆိုင်တွေဆိုရင် တစ်နေကုန်နေလို့မှ ဈေးဦးမပေါက်တာမျိုး ရှိတယ်။ တချို့လည်း မနက်ဆိုင်ဖွင့်ချိန်ကစပြီး တစ်နေကုန် ဈေးဦးမပေါက်ဘဲ ဆိုင်ပိတ်ချိန်ရောက်မှ ဈေးဦးပေါက်တာလည်း ရှိတယ်။ တချို့ကတော့ ဈေးဦးတော့ ပေါက်ပါရဲ့၊ တန်ဖိုး မဖြစ်စလောက် နည်းနည်းပါးပါးပဲ။

ရန်ကုန်မြို့လယ်က ကျွန်ုပ်အသိမိတ်ဆွေ ဆိုင်မှာတော့ မနက်ပိုင်း ဆိုင်စဖွင့်တယ်ဆိုတာနဲ့ မကြာခင်မှာပဲ ဈေးဦးပေါက်တယ်။ တန်ဖိုးများများဖြစ်လို့ ဈေးဦးပေါက်လည်း ကောင်းတယ်။ ဘာကြောင့်လဲဆိုတာ လေ့လာကြည့်တော့မှ ထူးခြားချက်ကို တွေ့ရတယ်။ ဆိုင်ကောင်တာ စားပွဲမှာ ခေါင်းလောင်းတစ်လုံးထားပြီး အဲဒီခေါင်းလောင်းလေးကို ဆိုင်စဖွင့်တာနဲ့ လှုပ်ပေးတယ်။ တစ်နေကုန် မကြာမကြာ လှုပ်ပေးတာ တွေ့ရပါတယ်။ သူ့ကို မေးကြည့်တော့ ဒီလိုပြန်ပြောပြပါတယ်။

ကြေးခေါင်းလောင်းပေါ်မှာ "ဈေးဦးအမြန်ဆုံးပေါက်၊ ဈေးဦးပေါက်ကောင်း၊ ငွေဝင်ကောင်း" အစရှိသဖြင့် ကိုယ်လိုရာ ရေးထားရတယ်။ နေ့စဉ် မနက်ဆိုင်ဖွင့်ချိန်တိုင်း အဲဒီခေါင်းလောင်းကို ညာလက်မှာကိုင်ပြီး ရှင်သီဝလိ ဆယ်ဂါထာကို ရွတ်ပွားပူဇော်ပေးရတယ်။ ပြီးမှ ဆိုင်ရှင်ရဲ့ ဂြိုဟ်သက်အလိုက် ခေါင်းလောင်းကို လှုပ်ပေးရတယ်။

| နေ့သား | (ဂြိုဟ်သက်) ခေါင်းလောင်းလှုပ်ရန် အချက် |
|---|---|
| တနင်္ဂနွေ | ၆ ချက် |
| တနင်္လာ | ၁၅ ချက် |
| အင်္ဂါ | ၈ ချက် |
| ဗုဒ္ဓဟူး | ၁၇ ချက် |
| ကြာသပတေး | ၁၉ ချက် |
| သောကြာ | ၂၁ ချက် |
| စနေ | ၁၀ ချက် |
| ရာဟု (ဗုဒ္ဓဟူး ညနေ) | ၁၂ ချက် |

ဆိုင်ဖွင့်ချိန်မှ ဆိုင်ပိတ်သိမ်းချိန်အထိ မကြာမကြာ လှုပ်ပေးရတယ်။ ဈေးဦးအမြန်ဆုံးပေါက်ပြီး ဈေးဦးပေါက်

www.burmeseclassic.com

ကောင်းပါစေ၊ ငွေဝင်ကောင်းပါစေ၊ ငွေဝင်လာဘ်ရှင် ဖြစ်ပါစေ၊ လူဝင်များ စည်ကားပါစေ၊ ဈေးရောင်းကောင်းပါစေ အစရှိသဖြင့် ကိုယ်တိုင်အတွက် လိုအပ်သလို နှုတ်ကလည်း အသံထွက်ဆုတောင်းပေးရတယ်။

**ရွှတ်ဖွားပူဇော်ပေးရန် ရှင်သီဝလိဂါထာတော်**

၁။ သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊ သဗ္ဗေဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊ ယေ ယေ ပဿန္တု မံ ပီယံ၊
တေ တေ ပဿန္တု ပရမံ၊ ဇနပဒါ ပူဇယန္တု။

၃။ သီဝလိ နာမ ထေရေန၊ မမ သီသေ ဌပေတွာန၊
ဇမ္ဗူဒီပ မဏ္ဍလေန၊ ဇယောမန္တာ သုခါဝဟံ။

၄။ သီဝလိ စ မဟာနာမံ၊ ဣန္ဒာဒေဝါ သဗြဟ္မဏာ၊
မနုဿပူရိသောက္ကတ္ထိ၊ မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊ နာနာ ဒေတိ ဝရံ ဝရံ၊
က္ကဒမ္ဗိ ပူဇိတံ ဒေတိ၊ မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ၊ အနာမယံ ဘဝ ဘဝေ၊
တဝ ရုက္ခေ ဒေဝ မိတာ၊ သဗ္ဗကောဓံ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊ သဒါဟောန္တု ပီယံ မမ။

၈။ သီဝလိ စ မဟာထေရော၊ ယေ ယေ ပဿန္တု မံ
ပိယံ၊
တေ တေ ပဿန္တု မံ ပိယံ၊ ဇနပဒါ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတွာန၊
မန္တိတေ န ဇယော မန္တံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာထေရော၊ ဒေဝ မနုဿ ပူဇိတော၊
သော ရဟော ပစ္စယာဒိနံ၊ မဟာလာဘံ ကရောတု
မေ။

ဂမ္ဘီရပညာရပ်နဲ့ ဆက်စပ်ကြည့်တဲ့အခါ . . .

လာဘ်ခေါ် = လ + ခ = ဗုဒ္ဓဟူး + တနင်္လာ

ခေါင်းလောင်း = ခ + လ = တနင်္လာ + ဗုဒ္ဓဟူး

ဓာတ်တူ နံတူ ကက်ကင်းမိနေတာကို တွေ့ရတယ်။ ဒါကြောင့် ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင် ဟောခန်းမှာ လက်တွေ့သုံးကြည့်ပါတယ်။ အမှန်တကယ် အကျိုးထူးကြောင်း ထောက်ခံလိုက်ရပါတယ်။

မည်သည့်ဆိုင်၊ မည်သည့်လုပ်ငန်းမှာမဆို လက်တွေ့သုံးကြည့်ပါ။ ဖွဲ့ရှိဖို့တော့ လိုမယ်။ ထုံသွားအောင် အချိန်နည်းနည်းပေးဖို့ လိုအပ်လို့ပါ။

❒ ဆရာကြီးဦးအောင်မြိုင်

BURMESE CLASSIC .com


# အိမ်ထောင်ကျပြီးခါစ စုံတွဲများ ကြိုတင်ရင်ခုန်စေဖို့

✿ ကလေး ရနိုင်သလား/မြန်နိုင်သလား ✿ ပထမဆုံးကလေးဟာ ယောကျ်ားလေးလား/မိန်းကလေးလား ✿ အမြွှာကလေး မွေးရကိန်းရှိသလား ✿ မွေးဖွားရ လွယ်ကူမလား/ ခက်ခဲမလား/ခွဲစိပ်မွေးရကိန်းရှိလား ✿ သားသမီး နည်းမလား/များမလား ✿ ကလေး ဘယ်တော့ ရနိုင်မလဲ ✿ ကလေးဘယ်တော့ယူသင့်လဲ ✿ သားများမလား/သမီးများမလား ✿ သားယောကျ်ားချည်းသာ မွေးတတ်လား ✿ သမီးမိန်းကလေးချည်းသာ မွေးတတ်လား ✿ သမီးသားတို့ရဲ့ အကျိုးခံစားရနိုင်သလား (အမိကအားဖြင့် အမျိုးသမီး၏ မွေးသက္ကရာဇ် အပြည့်အစုံတွင် မွေးဖွားချိန် မိနစ်ပိုင်းအထိ သိရှိသူများသာ လာခဲ့ပါ။ လက္ခဏာနှင့် ဗေဒင်ပညာ တွဲစပ်ပြီး အနီးစပ်ဆုံး မှန်ကန်တိကျအောင် ဟောပေးနိုင်သည်။)

**ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )**

**လက္ခဏာဗေဒင်ပညာသုတေသီ**

✿ ယုံကြည်အားကိုးမှသာ လာခဲ့ပါ ✿

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားအပြည့်ရှိသဖြင့် ဇာတာရှင်အဖို့ ကံကြမ္မာပွင့်လာပြီဖြစ်၏။ ယခုလကစပြီး ဘဝတစ်သက်တာအတွက် လုပ်ငန်းကြီးများ စတင်အခြေချရန် သင့်သောကာလဖြစ်၏။ မူလနေရာက ပြောင်း၍ နေရာသစ်တွင် ပိုပြီးအကျိုးဖြစ်ထွန်းကိန်းရှိ၏။ စပ်တူလုပ်ငန်းများ၊ ရှယ်ယာလုပ်ငန်းများနှင့် အကျိုးဆောင်လုပ်ငန်းများဖြင့် ရှင်သန်မည်။ မြေဝင်ကိန်းရှိပြီး ရွှေထွက်ကိန်းရှိ၏။ ခရီးသွားလာရေးလုပ်ငန်း ရှောင်သင့်၏။ ဝန်ထမ်းများ မူလနေရာတွင် ရာထူးတက်ကိန်းရှိ၏။ ကျောင်းသားများ အပျော်မကြူးသင့်။

ယတြာ - စေတီပုထိုးများတွင် အဓိကရ ဒါန တစ်ခုခုပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး မသင်္ကာဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - သွေးတိုးရောဂါနှင့် နား၊ နှာ ခေါင်းတွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း သဲခင်း၊ တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့သည် ညံ့၏။

**မှတ်ချက်။** ထာဝရ ကံကောင်းမနေတာကို သဘောပေါက်ပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ကောင်းအားအပြည့်ရှိလာသဖြင့် ယခင်လများက အဆင်မပြေမှုများ အရှိန်အဟုန်မြင့်စွာဖြင့် တိုးတက်ကောင်းမွန်လာမည်ဖြစ်၏။ ထင်ပေါ်ကျော်ကြားခြင်း၊ အများခေါင်းဆောင်အဖြစ် တာဝန်ပေးခံရခြင်း စသော အများ၏အားကိုးမှု ခံရမည်။ ဩဇာရှိမည်။ သွားလာရေး ခရီးသွားလုပ်ငန်း၊ ပြည်တွင်းပြည်ပသွားလာမှုလုပ်ငန်းများ အမှတ်မထင် လုပ်ကိုင်ရတတ်၏။ ပစ္စည်းပျောက်တတ်၏။ သူခိုးကပ်တတ်၏။ ငယ်သူများ သဘောမတူသူနှင့် လက်ထပ်ရတတ်၏။ ဝန်ထမ်းများ နာမည်ကောင်းလက်မှတ် ရမည်။ ကျောင်းသားများ ဂုဏ်ထူးရနိုင်သည်။

ယတြာ - သာသနိကအဆောက်အအုံ၏ လှေကား ပြင်ပါ။ ဆေးသုတ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ကတောက်ကဆတ် အနည်းငယ်ရှိမည်။

(ဂ) **ကျန်းမာရေး** - ငှက်ဖျားရောဂါ ကပ်ငြိတတ်၏။

ယတြာ - ဆွမ်း၊ ဆီ၊ ဆား ရှစ်ဇွန်း ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

**မှတ်ချက်။** လောဘကို ထိန်းပါ။

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများနေ၏။ အနေအထိုင် အပြောအဆို ဆင်ခြင်ပါ။ ပြဿနာဟောင်းများ ပေါ် ပေါက်တတ်ပြီး လုပ်ငန်းတွင် အပြိုင်ရှိ၏။ အကြံတူ ရန်သူများ ပေါ်မည်။ မိမိ၏ရည်မှန်းချက် မပျောက်ဖို့ သတိပြုပါ။ ထီမဆိုစလောက်ပေါက်မည်။ ဆွေမျိုး အကြီးအကဲ၊ လူမျိုးခြားများ မ,စကိန်းရှိ၏။ ခရီးဝေး မသွားသင့်။ အလုပ်တိုးတက်မှု မရှိသော်လည်း ဆုတ် ယုတ်မှု မရှိနိုင်ပါ။ ရွှေအဝင်မခံသင့်ပါ။ လူငယ်များ အတွက် သောကရှိ၏။ ဝန်ထမ်းများ စည်းကမ်းပျက် သူ ဖြစ်တတ်၏။ ကျောင်းသားများ လမ်းမှားရောက် တတ်၏။

ယတြာ - ဘိုးဘွားရိပ်သာတွင် ဒါနတစ်ခုခု လုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အချင်းချင်း အထင် မှားတတ်၏။


(ဂ) **ကျန်းမာရေး** - အရေပြား၊ သွေး၊ အဆိပ်သင့်တတ် ၏။

ယတြာ - ရောဂါသည်များကို ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်း ပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** အရာရာ ခန္တီစိတ် မွေးပါ။



## ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိဌာန နှစ်ပါး စလုံး၏ ဆိုးအားအရှိန်သည် မပြေသေးသဖြင့် ယခင် လထက် သက်သာရာရသော်လည်း နာမည်ဖျက်ခံရ တတ်၏။ မကောင်းသတင်းများ အလွှင့်ခံရတတ်၏။ ဂေဂါလူအချို့၏ ပယောဂကြောင့် လုပ်ငန်းတွင် အဆင်မပြေမှုအချို့ ရှိနိုင်၏။ ကြာသပတေးနံ ဝင်ကိန်း ရှိလာ၍ အင်္ဂါနံ ထွက်ကိန်းရှိ၏။ ဝန်ထမ်းများ သတိ

ရှိရှိ လုပ်ငန်းဆောင်ရွက်ပါ။ မှားယွင်းတတ်၏။ ကျောင်း သား၊ ကျောင်းသူများ ရည်ရွယ်ချက်မပြည့်မီ အိမ် ထောင်ကျတတ်၏။

ယတြာ - ဆေးပျက်နေသော၊ ပျက်စီးနေသော ဆိုင်းဘုတ်၊ စာတန်းများ အသစ်ပြင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တာဝန်အရ ခွဲခွာ နေရကိန်းရှိ၏။


(ဂ) **ကျန်းမာရေး** - အသဲပျက်ခြင်း၊ သွေးပျက်ခြင်း၊ မီးယပ် အမျိုးသမီးရောဂါများ ဖြစ်တတ်၏။

ယတြာ - ဘုရား ရွှေသင်္ကန်း ကပ်လှူပူဇော်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

**မှတ်ချက်။** ပဋ္ဌာန်းဒေသနာကို ပူဇော်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - ယခင်လနည်းတူ ယခုလတွင်လည်း မူလနှင့် ပဝတ္တိ ဌာနနှစ်ပါး၏ စွမ်းအားကြောင့် ကံ ကောင်းနေဆဲဖြစ်၏။ ရွှေဘုံပေါ် စံရကိန်းကြီးသဖြင့် လာဘ်လာဘများ ဝင်လာမစဲ တဖွဲဖွဲဖြစ်မည်။ ရသမျှကို အလှူဒါနဖြင့် ကံဆက်ပေးပါ။ မင်းစိုးရာဇာ မ,စကိန်း ရှိ၏။ အုပ်ချုပ်ရေး လုပ်ငန်းများအတွက် တာဝန်ပေး ခံရတတ်၏။ အနုပညာလုပ်ငန်း မသင့်လျော်ပါ။ အုပ် ချုပ်ရေးလုပ်ငန်းဖြင့် အကျိုးပေးမည်။ ဝန်ထမ်းများ တာဝန်ပိုဆောင်ရွက်ရကိန်းရှိ၏။ ကျောင်းသားများ မြင်းကောင်းခွာလိပ် ဖြစ်တတ်၏။

ယတြာ - အမြိတ္တစုတ် ရက်များတွင် ဘုရားရောင် တော်ဖွင့်ပါ။ (သို့) ပဋ္ဌာန်းပူဇော်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာရှိတတ်၏။အချစ်ကြီး၍ အမျက်ကြီးတတ်၏။

(ဂ) **ကျန်းမာရေး** - ခန္ဓာအတွင်း ကျောက်တည်တတ်၏။

ယတြာ - ဒူးရင်းသီး ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်း ပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** စိတ်ဓာတ်ကို ခိုင်ခံ့အောင်ပြုပြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိနှစ်ပါး၏ ဆိုးကျိုးများသည် ဘဝကို ပျက်စီးတတ်အောင် ဖန်တီးတတ်ရာ သတိရှိသင့်၏။ အပျော်အပါး လိုက်စားခြင်း၊ အရက်သေစာ သောက်စားခြင်းများကြောင့် မှားယွင်းတတ်၏။ ဥပဒေနှင့်မကင်းသော စီးပွားလုပ်ငန်း အကြံအစည်လုပ်ရန် စဉ်းစားမှုမပြုသင့်။ ကြီးသူကို မပြစ်မှားသင့်၊ လုပ်ငန်းအကြံအစည်များ ရပ်တန့်နေတတ်၏။ ရန်သူမျိုးငါးပါးဘေးနှင့် ကြုံတတ်၏။ အမွေလုခံရတတ်၏။ ငွေကြေး ဆုံးရှုံးတတ်၏။ ကြာသပတေးသားသမီး တစ်စုံတစ်ဦးနှင့် တွဲဖက်အကြံယူပါ။ သက်သာရာရမည်ဖြစ်၏။ ဝန်ထမ်းများ အစွပ်စွဲခံရသဖြင့် စုံစမ်းစစ်ဆေးမှု ခံရတတ်၏။ ကျောင်းသားများ အပျော်လွန်မှုကြောင့် အသက်အန္တရာယ်ရှိ၏။

ယတြာ - မွေးဖွားခါနီး ကိုယ်ဝန်ဆောင်ကို ဒါနတစ်ခုခုပြုပေးပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ရောင်ရမ်းခြင်း၊ ဖျဉ်းစွဲခြင်းရောဂါ ကပ်ငြိတတ်၏။

ယတြာ - သကြား တစ်ဆယ်သားထုပ်ဖြင့် သီလရှင် (၁၀)ပါးကို လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** တောင်တက်သမားကဲ့သို့ ကျင့်ကြံပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် ယခင်လနည်းတူ မူလနှင့် ပဝတ္တိ နှစ်ပါးစလုံး၏ ကောင်းအားသည် အပြည့်အဝ ရှိနေသဖြင့် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းကိန်းနှင့် ကြုံမည်။ လက်ညှိုးညွှန်ရာ ရေဖြစ် ဟူသော စာဆိုနှင့်အညီ လုပ်သမျှ ထိထိမိမိရှိမည်။ လုပ်ငန်းကြီးများ တိုးချဲ့လုပ်ရခြင်း၊ လုပ်ငန်းခွဲများ ပေါ်ပေါက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ခြေဆန့်နိုင်ခြင်း စသော ကောင်းသော ရလဒ်များနှင့် ကြုံမည်။ ဘဝင်လေမဟပ်ဖို့ သတိထားပါ။ ထင်ပေါ်ကျော်ကြားမည်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက် သွယ်ခွင့်ရမည်။ အတိတ်ဘဝကံကောင်းကြောင့် ပစ္စည်း တိုးတက်ကိန်းရှိမည်။ ဝန်ထမ်းများ ရာထူးတက်ကိန်း ရှိသလို တာဝန်များပြားမည်။ ကျောင်းသားများ ရည်မှန်းချက် ပြည့်မည်။

ယတြာ - ရဟန်းဆောင် ယပ်တောင်လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မျက်နှာပွင့်မည်။

(ဂ) **ကျန်းမာရေး** - ဆေး၊ အစာ အဆိပ်သင့်တတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့တို့ အကျိုးပြု၍ (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ ညံ့၏။

**မှတ်ချက်။** ဘဝ မမေ့တတ်သူ ဖြစ်ပါစေ။


ဓမ္မတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ

ဦးညွန့်မြိုင် (ကြို့ပင်ကောက်)

တိုက်-အမှတ် (  ) (၅)လွှာ အီး ၁၆၇ လမ်း။

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၁၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက် ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*






www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် ဒီဇင်ဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းသစ်တစ်ခုကို စတင်အခြေချ လုပ်ကိုင်လိုသောဆန္ဒ ဖြစ်ပေါ်ပါက အမြန်ဆုံးအကောင်အထည်ဖော်လိုက်ပါ။ ကူညီမည့်သူ၊ ထောက်ပံ့မည့်သူလည်း သူ့အလိုလို ပေါ်လာလိမ့်မည်။ အထူးသဖြင့် အိုးအိမ်ခြံမြေနှင့်ပတ်သက်၍ ကြိုက်တာ လုပ်နိုင်ပါသည်။ အဆင်ပြေ အောင်မြင်ဖြစ်ထွန်းနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဝင်ငွေကောင်းသလို, ထွက်ငွေလည်း ကောင်းနေမည်။ အိုးအိမ်ပြောင်းရွှေ့နေထိုင်ရခြင်း၊ ဆွေမျိုးသားချင်းများအပေါ် ကူညီထောက်ပံ့ရခြင်းများ ရှိမည်။ ပြည်ပတွင် အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက အခြေအနေ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာခြင်း၊ သတင်းကောင်းကြားရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ဘာသာခြားချစ်သူကြောင့် အဆင်မပြေဖြစ်ရတတ်မည်။ တစ်ယောက်နှင့်တစ်ယောက် အထင်မြင်လွဲမှားမှုများ ရှိနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အကြောတင်၊ အကြောကပ်ခြင်း၊ ခြေလက်တို့တွင် ထိခိုက်ဒဏ်ရာ အနာတရ ဖြစ်တတ်မည်။ မကာရ ရာသီဖွားများ ယခုလအတွင်း ထီထိုးမည်ဆိုပါက (၅၊ ၁၊ ၉၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းများကို စိတ်ရောကိုယ်ပါ စိတ်ဝင်တစား လုပ်ကိုင်နိုင်သလို တစ်ဖက်တွင်လည်း ဘာသာရေးအလုပ်များကို ထူးထူးခြားခြား စိတ်ဝင်တစား လုပ်ကိုင်နေတတ်မည်။ သင့်အနေဖြင့် မည်သည့်အရေးကြီးသော လုပ်ငန်းကိစ္စအတွက်ကိုမဆို အငှါးသားသမီး၊ တနယ်သားသမီးများနှင့် တိုင်ပင်လုပ်ကိုင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်ကောင်းခံခြင်းများ ပြုပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ ပြဿနာအရှုပ်အရှင်းများ ပေါ်ပေါက်တတ်သည်။ မိမိအလုပ်တာဝန်များမှလွဲ၍ အခြားကိစ္စများအပေါ် အာရုံမထားပါနှင့်။ မိမိ၏စိတ်မြန်ခြင်း၊ အားနာတတ်ခြင်းတို့အပေါ် အခွင့်ကောင်းယူခြင်းကို ခံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးတွင် စီးပွားဝင်ငွေကောင်းသော်လည်း မိမိအိမ်ထောင်ဖက်နှင့် အကြောင်းတစ်ခုခုကြောင့် ခွဲခွာနေရတတ်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိရည်ရွယ်မျှော်လင့်ထားသည်များ မိမိဆန္ဒအတိုင်း ဖြစ်လာနိုင်သည်။ ကုံရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၉၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ် ဒုက္ခပေးတတ်ခြင်း၊ နှလုံးအားနည်းခြင်းများ ဖြစ်တတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ငိုရမလို၊ ရယ်ရမလို ဖြစ်နေလိမ့်မည်။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ယခုကာလအတွင်း အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက မိမိနှင့် သင့်တော်မည့်လုပ်ငန်းတစ်ခုခု အဆင်ပြေရရှိနိုင်မည်။ မိမိကံကုသိုလ်ကောင်းမှုအတွက် မိမိ၏ လုံ့လဝီရိယနှင့် ကြိုးစားမှုအပေါ် အဓိကမူတည်ပါသည်။ အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ အမျိုးမျိုးသော အလှအပဆိုင်ရာ ပြုပြင်ရေးလုပ်ငန်းများဖြင့် အထူးအကျိုးပေးနိုင်မည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးများ၏ ကူညီစောင့်ရှောက်မှုကို ခံရတတ်မည်။ ရရှိလာသော အခွင့်အရေးများကို လက်လွှတ်မခံပါနှင့်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ရန်တကျက်ကျက်ဖြစ်ရတတ်သည်။ မကြာခဏ ခရီးများထွက်ပေးသင့်သည်။ အချစ်ရေးတွင် လူပျိုကြီး၊ အပျိုကြီးများ အမြန်ဆုံးစုံလိမ့်မည်။ ကျန်းမာရေးမှာ အစာအိမ်နှင့် ဆီး၊ ကျောက်ဆိုင်ရာဝေဒနာများ ခံစားရတတ်မည်။ အစားအစာ[illegible] မှန်မှန်စားသောက်ခြင်း၊ သန့်ရှင်းသောရေ[illegible] များများ

www.burmeseclassic.com

ရှုရှိုက်ခြင်းများ ပြုပေးပါ။ မိန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၅၊ ၂)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ ပညာရေး လိုက်စားသူဖြစ်ပါက အစစ အဆင်မပြေခြင်း၊ မိမိမျှော်လင့်ထားချက်များ လွဲချော်သွားခြင်းများ ရှိနိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားမပေးသင့်ပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း ပြည်ပရောက် မိသားစုဝင်များ ပြန်လည်ရောက်ရှိလာမည်။ သင့်အိမ်တွင် ဆွေမျိုးများနှင့် စည်စည်ကားကားဖြစ်နေမည်။ ထို့ကြောင့်လည်း အလှူအတန်း ကုသိုလ်များ ထူးထူးခြားခြား ပြုရလိမ့်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ရွှေထည်၊ ငွေထည်အရည်စိမ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေကောင်းမည်။ ဝန်ထမ်းဖြစ်ပါက ကြီးကြီးမားမားပြောင်းလဲမှုများရှိမည်။ ကောင်းသောပြောင်းလဲမှုများဖြစ်မည်။ အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ အိုးအိမ်ဝယ်ယူပိုင်ဆိုင်ရခြင်း၊ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ရခြင်းများရှိမည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက(၇၊ ၀၊ ၉၊ ၂) ဂဏန်းများပါသော ထီကို ထိုးပါ။ ငယ်ရွယ်သူများ အချစ်ရေးကံ ကောင်းနေမည်။ မိမိချစ်သူနှင့် တစ်အိုးတစ်အိမ်ထူထောင်ရခြင်း၊ လူကြီးအသိအမှတ်ပြု စေ့စပ်ကြောင်းလမ်းရခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင် အသားဝါခြင်း၊ ဆီးကျဉ်၊ ဆီးကိုက် ဆီးမကောင်းခြင်းများဖြစ်တတ်သည်။သင့်အနေဖြင့် ကျန်းမာရေးကောင်းစေမှုကို အထောက်အပံ့ဖြစ်စေရန် အတွက် ကျောက်နီ(သို့) ပတ္တမြားလေးတစ်လုံးကို မိမိနှင့်အတူ ဆောင်ထားပေးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း သင်ရည်ရွယ်ကြံစည်ထားသောလုပ်ငန်းကိစ္စများကို ဤလအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၇၊ ၁၂၊ ၁၇၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀)ရက်များနှင့်တိုက်ဆိုင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ပါ။ စီးပွားရေးလုပ်ငန်းအနေဖြင့်ပစ္စည်းများသိုလှောင်ရောင်းချခြင်းလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူများ စီးပွားဝင်ငွေကောင်းနေမည်။ သို့သော် မိတ်ကောင်းဆွေကောင်းများ တိုးပွားလာသလို အပြိုင်အဆိုင်၊ အတိုက်အခံများနှင့်လည်း ထိပ်တိုက်ရင်ဆိုင်ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သား၊ တပည့်လက်သားများအတွက် စိတ်မောဖွယ်ရာအကြောင်း ရှိမည်။ ငွေကြေးအကုန်အကျခံရမှုများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် စိတ်မချဘဲဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ ပူညံပူညံဖြစ်နေတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက အချိန်အခါမဟုတ် အိမ်ပြင်ထွက်ခြင်း၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်သွားလာခြင်းမှ မမျှော်လင့်ဘဲ ရန်ပြဿနာပေါ်တတ်သည်ကို အထူးသတိထားပါ။ ပြိဿရာသီဖွားများ ထီထိုး၊ ကံစမ်းမည်ဆိုပါက (၁၊ ၈၊ ၅၊ ၃) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။ ကျန်းမာရေးမှာ ခါးနာ၊ ခါးကိုက်ခြင်း၊ အထိုင်အထခက်ခြင်းများ ရှိမည်။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ယခုကာလအတွင်း ငွေပိုငွေလျှံများ စုဆောင်းမိခြင်း၊ လာဘ်လာဘဝင်ခြင်းများရှိမည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ဆေးနှင့် ဆေးဝါးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ငန်းများမှ ဝင်ငွေကောင်းနေမည်။ သို့သော် အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးများ၏ အရေးကိစ္စများကြောင့် လင်မယားချင်း ရန်ပြဿနာကြီးထွားတတ်မည်ကို အထူးသတိထားသင့်သည်။ သင့်အိမ်တွင် စနေသားသမီး ညဥ့်အိပ်ညဥ့်နေလာခြင်းမျိုးဖြစ်ပါက ဤကာလအတွင်း ရောင်းလိုက်နိုင်လျှင် ကောင်းမည်။ ဝန်ထမ်းဖြစ်ပါက မိမိမျှော်လင့်နေသောသတင်းကောင်းများ ကြားရမည်။ ထို့အပြင် ဝင်ငွေတိုးခြင်း၊ လစာတိုးခြင်းများလည်း ရှိနိုင်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုးများရှိနေမည်။ စီးပွားရေးကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စကြောင့်သော်လည်းကောင်း ခေတ္တအနေဝေးရခြင်းများရှိမည်။ ပညာရေးလိုက်စားသူ ဖြစ်ပါက ပညာရေးထူးချွန်အောင်မြင်မှုများ ရှိမည်။ ဆရာသမားများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရမည်။ ကျန်းမာရေးမှာ သွားဖုံးရောင်ခြင်း၊ သွားနာ၊သွားကိုက်ခြင်း၊ အံဆုံးပေါက်ခြင်းများ ဖြစ်တတ်မည်။ မေထုန်ရာသီဖွားများအနေဖြင့် ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၃၊ ၇ )ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

အဓိကစီးပွားရေးလုပ်ငန်းအနေဖြင့် ရေခြားမြေခြားနှင့် ကူးသန်းရောင်းဝယ်လုပ်ကိုင်ခြင်းမှ စီးပွားဝင်ငွေ အထူးကောင်းမည်။ တစ်နည်းနည်းဖြင့် ဝင်ငွေနှစ်မျိုး သုံးမျိုးရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအခြေအနေထက် အဆင့်မြင့်သော အခြေအနေသို့ ပြောင်းလဲရမှုများရှိမည်။ အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်ရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ သဝန်တိုမှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရမည်။ ထို့အပြင် မိမိ မိသားစုအတွင်းမှ ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသူရှိပါက အကြောင်းတစ်ခုခုကြောင့် ပြန်လာရမှုများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ သာယာပျော်ရွှင်ရမှုများရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အားပေးကူညီမှုကြောင့် အစစ အရာရာ အဆင်ပြေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရုတ်တရက် သွေးပေါင်ကျခြင်း၊ ကိုယ်ခံအားနည်းခြင်း၊ သွေးအားနည်းခြင်း ဆေးရုံ ဆေးခန်းသို့ မကြာခဏ ရောက်ရတတ်ခြင်းရှိမည်။ ကျန်းမာရေးချူချာမှုကြောင့် ငွေကုန်ကြေးကျများရတတ်မည်။ ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေရန် စိမ်းပြာရောင် ကျောက်ကလေးတစ်လုံးကို ဆောင်ထားပေးပါ။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၇၊ ၂၊ ၃၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈)ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး ခရီးထွက်ခြင်း၊ စီးပွားရေးလုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အရေးကြီးသော ငွေကြေးကိစ္စများ ဆောင်ရွက်ခြင်း ပြုသင့်သည်။ ထီထိုးမည်ဆိုပါကလည်း အထက်ပါရက်နှင့်တိုက်ဆိုင်ပြီး (၄၊ ၁၊ ၅၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။ သိဟ်ရာသီဖွားများ အနေဖြင့် မိမိ၏အပြောကြောင့် တစ်ဖက်လူ၏ အငြိုးအတေးပြုခြင်းကို ခံရတတ်မည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် မိမိဝါသနာပါရာ ကိုယ်ပိုင်လုပ်ငန်းမျိုး လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုများရရှိပြီး စီးပွားဝင်ငွေ သိသိသာသာ ကောင်းလာလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအနေအထားအတိုင်း မြဲနေမည်။ တစ်စုံတစ်ရာ အပြောင်းအလဲပြုလုပ်ရန် အချိန်အခါကောင်းကို စောင့်ဆိုင်းသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက စိတ်တူ သဘောတူ အိမ်ထောင်ဖက်ကြောင့် အိမ်တွင်းရေး အေးချမ်းသာယာမည်။ ရည်ရွယ်ထားသော ခရီးဝေးများလည်း ထွက်ဖြစ်လိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မကြာခဏ ဗိုက်နာဗိုက်အောင့်ခြင်းများ ဖြစ်တတ်မည်။ ငယ်ရွယ်သူ ချစ်သူရှိပြီးသူများ အကြောင်းအမျိုးမျိုးကြောင့် ချစ်သူနှင့် အနေဝေးရတတ်သည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ဤကာလအတွင်း လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှ စီးပွားဝင်ငွေကောင်းနေမည်။ စီးပွားရေးနှင့်ပတ်သက်သော ပြည်ပခရီးများလည်း သွားရနိုင်မည်။ ကြီးကြီးမားမား အပြောင်းအလဲ တစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ စိုးရိမ်စရာမလိုဘဲ ကောင်းသောအပြောင်းအလဲများသာ ဖြစ်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ကိုင်နေရသော တာဝန်များ များပြားသလို ဝင်ငွေနှင့် လာဘ်လာဘလည်း ပေါများနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုဝင်ဦးရေ တိုးပွားနိုင်မည်။ မိဘကျေးဇူးဆပ်နိုင်ခြင်း၊ အလှူအတန်းကုသိုလ် ပြုနိုင်ခြင်းများရှိမည်။ သို့သော် ဤကာလအတွင်း အမှုဖြစ်တတ်ခြင်း၊ အမှုပတ်ခြင်းများ ရှိနေသဖြင့် တစ်ပါးသူအတွက် ငွေချေးငှားပေးခြင်း၊ တာဝန်ယူပေးခြင်း၊ အာမခံပေးခြင်း၊ လက်မှတ်ရေးထိုးပေးခြင်းကိစ္စများကို အထူးရှောင်ပါ။ အလုပ်အကိုင်ရှာဖွေနေသူများဖြစ်ပါက ဤလ၏ နောက်ဆုံးပတ်အတွင်း သတင်းကောင်းများ ကြားရနိုင်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ကြားလူအနှောင့်အယှက် ရှိမည်။ တစ်ပါးသူ ပြောစကားကို အလွယ်တကူမယုံသင့်ပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ လည်ပင်းဆိုင်ရာ အဆုတ်ဆိုင်ရာဝေဒနာများ ဖြစ် ပေါ်တတ်မည်။ ကန်ရာသီဖွား ထီထိုးမည်ဆိုပါက (၈၊ ၀၊ ၂၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## LIBRA
## တူရာသီ



(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ကြီးမားသောလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်ရခြင်း၊ အဆောက်အအုံအုတ်မြစ်ချခြင်း၊ ယာဉ်ကားရောင်းဝယ်ခြင်းများကို လုပ်ကိုင်ရတတ်မည်။ လက်ရှိလုပ်ကိုင်နေသော စီးပွားရေးသည် ဆွေမျိုး ညီအစ်ကိုမောင်နှမများ၏ အကူအညီပေးမှုကြောင့် ပို၍ အဆင်ပြေအောင်မြင်နိုင်မည်။ ယခုကာလအတွင်း ဘာသာတရားကို အလေးထားလုပ်ကိုင်ခြင်းဖြင့် မိမိအပေါ်ကျရောက်နေသော အတိုက်အခိုက်များ သူ့အလိုလို ပြေပျောက်သွားနိုင်မည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအား ဖူးတွေ့ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ စာမေးပွဲများ ဖြေဆိုရခြင်း၊ သင်တန်းတက်ရတတ်ခြင်းများ ရှိနေမည်။ တူရာသီဖွားများ ထီထိုးကံစမ်းခြင်းပြုမည်ဆိုပါက (၁၊ ၅၊ ၃၊ ၆) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်း လေဖျန်းခြင်းများ ဖြစ်ပေါ်ခံစားရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် မိမိနှင့် အသက်အလွန်ကွာဟသူနှင့် သံယောဇဉ်တွယ်တတ်မည်။ ပညာရေး လိုက်စားသူဖြစ်ပါက အကြောင်းတစ်ခုခုကြောင့် မိမိရည်ရွယ်ချက်နှင့် လွဲချော်ရမှုများ ဖြစ်တတ်သည်။

## SCORPIO
## ဗြိစ္ဆာရာသီ



(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေကောင်းမည်။ စာပေ၊ အနုပညာဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေ အသင့်အတင့်ရှိမည်။ ဤကာလအတွင်း မိမိရည်ရွယ်ထားချက်များ အကောင်အထည်ပေါ်လာရန်အတွက် ကြိုးစား ရုန်းကန်ရတတ်သည်။ ကြိုးစားသလောက်လည်း အောင်မြင်မှုများ ရနိုင်မည်။ ဝန်ထမ်းဖြစ်ပါက မတက်မဖြစ် သင်တန်းတက်ရခြင်း၊ ရာထူးတိုး ပြောင်းရွှေ့ရခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် အလိုမကျမှုများ ရှိနေတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်မည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာသင်ကြားရေးကိစ္စအောင်မြင်မည်။ လျှို့ဝှက်နက်နဲသော ပညာအမွေအနှစ်များလည်း ရရှိတတ်မည်။ အလုပ်အကိုင်ရှာဖွေမှုနှင့်ပတ်သက်၍ အင်္ဂါသားပုဂ္ဂိုလ် အကြီးအကဲတို့ထံမှ အကူအညီများတောင်းခံသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာမကြေရောဂါ၊ အူအတက်ပေါက်ခြင်းများ ဖြစ်တတ်သည်။ အနေအထိုင်၊ အစားအသောက်တို့တွင် သတိရှိပါစေ။ ဗြိစ္ဆာရာသီဖွားများအနေဖြင့် ထီထိုးမည်ဆိုပါက (၇၊ ၄၊ ၀၊ ၆) ဂဏန်းများပါသော ထီကိုထိုးပါ။

## SAGITTARIUS
## ဓနုရာသီ



(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများသည် ယခုကာလအတွင်း ငွေကြေးကိစ္စများ အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်မည်။ အထူးသဖြင့် ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းဝယ်ခြင်း၊ ရေနှင့်ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းဖြင့် ဝင်ငွေပိုမိုကောင်းနေတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏အိမ်ထောင်ဖက်နှင့်အတူ မိသားစုလုံး ဘုရားဖူးခရီးထွက်ခြင်း၊ အလှူအတန်းကုသိုလ် ပြုရခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အပြင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်လိုသောဆန္ဒများဖြစ်ပေါ်ပြီး ကိုယ်ကိုင် အကောင်အထည်ဖော်နိုင်လိမ့်မည်။ ကျန်းမာရေးမှာ မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းထန်သော ထိခိုက်မှုရမှုအတွက် အထူးသတိထား ရန်လိုမည်။ အစွန်အဖျားနေရာများသို့ သွားခြင်း၊ တက်ခြင်းများကို ရှောင်ပါ။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးစန်းပွင့်မည်။ ရောက်ရာအရပ်တွင် ချစ်သူ ပိုင်ရှိုင်းလည်နေတတ်မည်။ အလုပ်အကိုင်ရှာဖွေနေသူဖြစ်ပါက ဤလ၏ ပထမပတ်အတွင်း သတင်းကောင်းများကြားရတတ်ခြင်း၊ လုပ်ငန်းခွင် ဝင်ရတတ်ခြင်းများ ရှိမည်။ ဓနုရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၂၊ ၅၊ ၀၊ ၇) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုဆရာ)
အမှတ်(၂၇)ရွှေကုန်းပွင့်ဘုရားရှေ့လမ်း(၉)ရပ်ကွက်၊
မြောက်ဥက္ကလာပ၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၁၃၈၂၄၊ ၀၉-၄၂၀၀၈၈၅၆၃



www.burmeseclassic.com